www.burmeseclassic.com

ရာဇာဓိရာဇ
ဘုရားတော်မိုဘုန်း

ဝိုင်ပန်းလှ

www.burmeseclassic.com

www.burmeseclassic.com

ကုလားပိုကြီး

အရေးတော်ပုံကျမ်း

နိုင်ပန်းလှ

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

ရာဇာဓိရာဇ်အရေးတော်ပုံကျမ်း

နိုင်ပန်းလှ

မြဝတီစာစဉ်(၁၂)

ပုံနှိပ်ခြင်း - တတိယအကြိမ်

(၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ)

အုပ်ရေ - ၅၀၀

တန်ဖိုး -

ထုတ်ဝေသူ - ဒုတိယဗိုလ်မှူးကြီးကျော်ကျော်ဦး

ပုံနှိပ်သူ - မြဝတီစာပေတိုက်

စီစဉ်သူ - ဗိုလ်ကြီးအောင်မိုးမြင့်

ဖုန်း - ၀၁-၅၅၉၂၇၃

ပန်းချီ - ဝဏ္ဏဟန်၊ မင်းစံချိန်

မြဝတီစာပေတိုက်၊ အမှတ်(၁၅)တပ်မြေ၊ ၁၅ ရပ်ကွက်၊ ဘောက်ထော်၊
ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် စာတည်းမှူးချုပ်
ဒုတိယဗိုလ်မှူးကြီးကျော်ကျော်ဦးက ပုံနှိပ်သူမှတ်ပုံတင်အမှတ် (၀၇၄၂၅)ဖြင့် ပုံနှိပ်၍
ထုတ်ဝေသူမှတ်ပုံတင်အမှတ်(၀၃၇၅၅)ဖြင့် ဖြန့်ချိထုတ်ဝေသည်။

www.burmeseclassic.com

www.burmeseclassic.com

THE GUARDIAN DAILY, RANGOON, NOVEMBER 19,1977

THe Struggle of Rajadharit

By C.T. Aung

THE history of Thaton-Hanthawaddy was recorded in two volumes in ancient Mon literature. Banya Dala, the Mon Minisiter of Bayinnaung, who ascended the throne of Hanthawaddy in A.D.1553, translated the first volume from King Magadu to Rajadharit into Burmese and named it "The Struggle of Rajadharit". So says the Preface to the book of the same name which has just been publish by well known scholar Nai Pan Hla.

He says that there are nine editions of the work in Burmese. The present one is based on a book in Mon printed in 1910 found at Paklat, a village near Bangkok, Thailand. Comparisons have also been made with Mon palm-leaf manuscripts, burmese translation by Banya Data, the Glass Palace Chronicle and the History of Burma by U Kala.

It is indeed necessary that such an important account as the life of Rajadharit be as authentic as possible. According to Nai Pan Hla, Mon and Burmese versions differ occasionally as to who died earlier-Minkaung or Rajadharit, for instance. It is to climinate, as far as possible, the discrepancies between fiction and fact that the present translation has been made.

BURMESE CLASSIC .com

Salient points of the book are:

Ramanyadesa, the home of the Mons, consisted of 96 towns in three provinces, namely 32 each in Bassein, Hanthawaddy and Martaban. Thaton was known in olden times as Suvannabhumi. Fiftynine kings ruled over Thaton from Siharaja to Manuha. From the time the latter was taken to Pagan by Anawrahta in 1057 Ramanyadesa fell under the Kingdom of Pagan. Hanthawaddy (pegu) had 17 kings from Thamala-Wimala to Tissa.

Magudu, who assumed the title of King Wareru, established the Kingdom of Martaban in 1287 by revolting against Pagan. Banya U succeeded to the throne in 1348. Due to a revolt against him by Laukphya, Governor of Myaungmya, he with drew to Donwun, near Thaton, where his son Banya Nwe was born. The capital was shifted to Pegu in 1369.

When Banya U was seriously ill his sister. The Maha Devi, and General Thamein Maru, with who she was rumoured to be having an affair, were holding sway in Pegu. Hearing that the Maha Devi, his own aunt, and Thamein Maru, his brother-in-law, were plotting to kill him, Prince Banya Nwe' and his followers took refuge in Dagon (present-day Rangoon). On the death of his father in 1383 and after a bitter struggle, he overpowered his enemies and ascended the throne of Hanthawaddy under the title of Rajadharit. While at Dagon he pick up a beautiful commoner and made her his Chief Queen. Hearing of this, Princess Talamaydaw, his first wife with whom he got a son, committed suicide.

Rajadharit ruled over Pegu from 1383 to 1420. He was a model of valour and perseverance.

In their Forewords Nai Aung Htut, Chairman of Mon State People's Council, Dr. Than Tun, Professor of History, and Daw Than Swe, Professor of Burmese, stress the importance of authenticity in the study of history and literature. With this book Nai Pan Hla has certainly succeeded in contributing towards the promotion of Burmese literature and the study of Mon Burmese relations during feudal times.

www.burmeseclassic.com

www.burmeseclassic.com

TO

THE ACADEMIC COUNCIL, PACIFIC WESTERN UNIVERSITY, LOS ANGELES, USA

DEMONSTRATION OF PROFESSIONAL EXPERTISE(BOOK NO.3) FOR Ph.D. DEGREE WITH A MAJOR IN CULTURAL ANTHROPOLOGY WITH EMPHASIS ON MON LANGUAGE AND CULTURE

SUBMITTED BY NAI PAN HLA, ID NO,15888, SEPT.20,1991

The title of the book is "THE STRUGGLE OF RAJADHIRAJ". It is in Burmese language, published in 1977 in Rangoon. It was one of the best sellers in Burma. I intend reprint on my return to Burma. My work in Mon version of this book was published in 1958 by the Burma Research Society in Rangoon.

It is a historcal work on the struggle of a famous Mon king of Pegu (Hamasavati) Dynasty well known as RAJADHIRAJ (King of Kings) flourished in the 14th century. At the time he was a grown up prince, he was called BAN YAN WE' and married to his half sister TALAMAYDAW. Once his father, the king BANYA U was seriously sick and the king's sister MAHA DEVI, the governor of DAGON(RANGOON) was called to Pegu to rule on behalf of the king. Maha Devi had an affair with Thamein Maru, a son-in-law of the king. Because of the plot of kill him by his aunt Maha Devi and his brother-in-law Thamein Maru, Banya Nwe went underground and organized thirty comrades and made his station at Dagon. First of all, he killed all of sevurity guards of his aunty's force there and challednged from brother-in-law Thamein Maru. Thamein Maru came out with a strong force from Pegu to capture Banya Nwe'. They frought the battle very madly. Finally, Thamein Maru made a retreat and withdrew back to Pegu. Benya Nwe' forces were so strong and chased his brother-in-law and caught him alive. At the time Banya Nwe' was about to capture the kingdom, his father the king Banya U passed away and the entered the city. But the chief minister AMAT DANE opened the gate only half-door.

Banya Nwe' became king with the title of RAJADHIRAJ and immediately raised a question to the chief minister AMAT DANE as to why he opened the gate only half-door for him. The chief minister explained that he served only the the crown-king. The time the prince entered the city, the king was laying in state. Therefore, he opened only half-door for the prince. From now on he would serve the same way he had served his father. Then Rajadhiraj forgave him. After becoming king of Pegu, Rajadhiraj had to face with the revolts of his governors. The most powerful governor was Lauk Phya of Myaungmya city who had 16 wives with a lot of sons. One of them named BYIN NEW' was very good in fighting who challenged the king. Rajadhiraj accepted the challenge and engaged to fight a single combat on elephant back. It was an extraordinary combat. Both of them fought very cleverly with their own tactics. Finally the king won and the opponent committed suicide. After suppressing all the Mon rebels, the Mon kings waged war with the Myanmar king of Ava in upper Burma. Rajadhiraj forces marched upto Ava and alternately the Myanmar king Bayin Min Gaung came down to lower Burma. The Mon/ Burmese war lasted almost 40 years without victory on any side. In the long history of Burma, this part is most remarkable historical events which had played by both Mon and Myanmar heroes.

Out of five struggles in the history of Burma, this struggle is regarded as the most interesting historical book. All readers appreciate it.

Nai Pan Hla

www.burmeseclassic.com

www.burmeseclassic.com

ဒေါက်တာနိုင်ပန်းလှ ကိုယ်ရေးအကျဉ်း



ဒေါက်တာနိုင်ပန်းလှ
B.Sc(Hons)Ph.D,
LL.D(Pacific Western Un.)
L.A.USA

BURMESE CLASSIC .com

ဒေါက်တာနိုင်ပန်းလှကို ၁၂၈၄ ခုနှစ်၊ တန်ခူးလဆန်း ၄ ရက်၊ အင်္ဂါနေ့ (၂၀-၃-၁၉၂၃) နေ့တွင် ကျိုင်းမြစ်ကမ်းပေါ်ရှိ ကော့ဗိန်း(အိုးသည်ကုန်း)ရွာ၌ ဖခင်ဖြစ်သူ ရွာသူကြီး၊ လှေသူကြီး လယ်ပိုင်ရှင် ဦးကြွေ+ဒေါ်ချိုတို့မှ ဖွားမြင်ခဲ့သည်။ မွေးချင်း ၇ ယောက်အနက် စတုတ္ထမြောက်သားဖြစ်သည်။

ငယ်စဉ်က ဖခင်တည်ထောင်ခဲ့သော ရွာဘုန်းကြီးကျောင်းတွင် မွန်၊ မြန်မာ၊ အင်္ဂလိပ်စာများကို ဆရာတော်ဦးဝိသုဒ္ဓထံတွင် စတင် သင်ကြားခဲ့သည်။

ရွာရှိ အစိုးရအလယ်တန်းကျောင်းမှ စတုတ္ထတန်းအောင်မြင်ပြီး မော်လမြိုင် ကရင်ကေဘီအမ် အထကတွင် ဆက်လက်ပညာသင်ရာ ၁၉၃၉-၄၀ ပြည့်နှစ်တွင် သတ္တမတန်းအောင်သည်။

ထိုနှစ်မှာ ရန်ကုန်သန်းခေါင်စာရင်းရုံးတွင် စတင်အမှုထမ်းသည်။ မကြာခင် မိဘ များ ပြန်ခေါ်၍ မော်လမြိုင်အစိုးရအထက်တန်းကျောင်းတွင် အဋ္ဌမတန်းမှာ ပညာ ဆက်လက်သင်ယူခဲ့သည်။

ထိုနှစ်မှာ စစ်ဖြစ်လာ၍ ကော့ဗိန်းတွင်ပြန်နေရသည်။ ရွာတွင် အင်္ဂလိပ်စာကို ဒေါက်တာသန်းမြင့်ထံသင်ကြားရင်း ရွာရှိကလေးများအတွက် မွန်အမျိုးသားကျောင်း တည်ထောင်ပေးကာ အင်္ဂလိပ်၊ မြန်မာ၊ မွန်စာပေများကို သင်ကြားပေးသည်။

၁၉၄၆-ခုနှစ် စစ်ကြီးအပြီးတွင် ရန်ကုန်သို့ တပည့်လေးယောက်ကို စရိတ်ခံ ခေါ်ယူကာ အပြီးအပိုင် ပြောင်းနေသည်။

www.burmeseclassic.com

www.burmeseclassic.com

ရန်ကုန်မြို့၊ မြို့မအထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းတွင် ၃ လကြာ ပညာသင်ကြားခဲ့သည်။

ထို့နောက် ဓာတုဗေဒမင်းကြီးရုံး၊ ဓာတ်ခွဲခန်းလက်ထောက်နှင့် ဒုတိယစာရေးအဖြစ် အမှုထမ်းရင်း နိုင်ငံရေးမပါသော ရာမည မွန်အသင်းချုပ်တွင် အကျိုးဆောင်အတွင်းရေးမှူး အဖြစ် ဥက္ကဋ္ဌဦးချစ်သောင်း(ဓာတုဗေဒမင်းကြီး)နှင့်အတူ ဆောင်ရွက်သည်။

၁၉၅၃ ခုနှစ်မှာ ယဉ်ကျေးမှုဝန်ကြီးဌာနတွင် မွန်ယဉ်ကျေးမှုအထက်တန်းအရာရှိ အဖြစ် ရာထူးဝန်အဖွဲ့မှ ရွေးချယ်ခြင်း ခံခဲ့ရသည်။

၁၉၅၈ ခုနှစ်တွင် U.S.A ရှိ Harvard တက္ကသိုလ် အပြည်ပြည်ဆိုင်ရာ နှီးနှော ဖလှယ်ပွဲသို့ သုံးလကြာ တက်ရောက်ခဲ့ပြီး ကမ္ဘာတစ်ပတ် လှည့်လည်ခဲ့သည်။

၁၉၆၇ ခုနှစ်တွင် တရုတ်ပြည်သို့ ရွှေဟောင်းသုတေသနအဖွဲ့ဝင်အဖြစ် သွားရောက်လေ့လာခဲ့သည်။

၁၉၈၆ ခုနှစ်၊ ဇွန်လ ၃ ရက်နေ့မှစ၍ အငြိမ်းစားယူခဲ့သည်။ အမိနိုင်ငံ၏တာဝန်ကို အနှစ် ၄၀ ကျော် ထမ်းဆောင်ခဲ့သည်။

၁၉၈၈ ခုနှစ်တွင် ဂျပန်နိုင်ငံ၊ ကျိုတိုတက္ကသိုလ်၏ ဖိတ်ကြားချက်ဖြင့် ဧည့်ပါမောက္ခ ပညာရှင်အဖြစ် စတင်အမှုထမ်းသည်။ ၁-၁၀-၈၉ မှစ၍ တိုကျိုတက္ကသိုလ်နှင့် တိုကျို အပြည်ပြည်ဆိုင်ရာ ခရစ်ယာန်တက္ကသိုလ်များတွင် ဧည့်ပါမောက္ခအဖြစ် အမှုထမ်းရင်း အင်္ဂလိပ်ဘာသာဖြင့် စာအုပ် ၄ အုပ် ပုံနှိပ်ထုတ်ဝေခဲ့သည်။

နှစ်စဉ်ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ တက္ကသိုလ်များသို့ တက်ရောက်ကာ သုတေသနစာတမ်းများ တင်ပြခဲ့သည်။

၁၉၉၁ ခုနှစ်တွင် အမေရိကန်ပြည် L.A. မြို့ရှိ အနောက်ပစိဖိတ်တက္ကသိုလ်သို့ ပါရဂူဘွဲ့ ကျမ်းပြုကျောင်းသားအမှတ်(၁၅၈၈၈)အဖြစ် ဝင်ခွင့်ရပြီး ယဉ်ကျေးမှုမနုဿဗေဒ အဓိက B.Sc နှင့် Ph.D ဘွဲ့များကို ဂုဏ်ထူးဖြင့် ဆွတ်ခူးနိုင်ခဲ့သည်။

၁၉၉၂ ခုနှစ်တွင် မွန်ဓမ္မသတ် ၁၁ မျိုးကို စာအုပ်အဖြစ် အင်္ဂလိပ်လို ရေးသားတင်ပြ၍ ဥပဒေပါရဂူ LL.D ဘွဲ့ကို ချီးမြှင့်ခြင်း ခံရသည်။ အသက် ၆၉ နှစ်ကျမှ ဘွဲ့များကို ဆက်တိုက်ရရှိခဲ့ခြင်းဖြစ်သည်။

၁-၄-၉၄ မှစပြီး အိုကီနာဝါကျွန်း Meio တက္ကသိုလ်သစ်တွင် အမြဲတမ်းပါမောက္ခအဖြစ် အရှေ့တောင်အာရှယဉ်ကျေးမှုနှင့် သမိုင်းဘာသာရပ်များကို အင်္ဂလိပ်ဘာသာဖြင့် သင်ပြရန် တာဝန်ယူခဲ့သည်။

မွန်-မြန်မာ ယဉ်ကျေးမှုနှင့် သမိုင်းဆိုင်ရာများကို ကမ္ဘာသိအောင် အခါအခွင့်သင့်တိုင်း ရေးသားတင်ပြခဲ့သည့် ဆရာကြီးဒေါက်တာနိုင်ပန်းလှသည် ၂၀၁၀ ပြည့်နှစ်၊ ဇွန်လ ၁၈ ရက်တွင် ကွယ်လွန်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

ရာဇာဓိရာဇ်အရေးတော်ပုံကျမ်း

BURMESE CLASSIC .com

မာတိကာ

၁။ သမိုင်းပါမောက္ခ ဒေါက်တာသန်းထွန်း၏ အမှာစကား ...

၂။ မြန်မာစာပါမောက္ခ ဒေါသန်းဆွေ၏ အမှာစာ ...

၃။ ဒေါခင်နှင်းယု၏ အမှာစာ ...

၄။ ကျမ်းဦးစကား ... ၉

၅။ ဝါရီရွှေဘွဲ့ခံ မဂၢဳးမင်း (သက္ကရာဇ် ၆၄၉-၆၆၈ ခုနှစ်)... ... ၁၃

၆။ ဂၢဳးအောက်မှ ရာဇပလ္လင်ထက်သို့ တက်ရသည့် အထမ်းသမား... ... ၁၃

၇။ တောင်လွဲသဲတောင်ပြင် စားသောက်ပွဲ... ... ၂၀

၈။ ယောက္ခမကို အခမမန်း လှည့်စားပုံ... ... ၂၇

၉။ ဝါရီရွှေမင်း ဆင်ဖြူရှင်ဖြစ်ရပုံ... ... ၃၃

၁၀။ မြေးတော်လက်ချက်ဖြင့် ဝါရီရွှေမင်း အသက်ထွက်ရပုံ... ... ၃၇

၁၁။ စောရမ်းပရကွတ်ဘွဲ့ခံ ခွန်လောမင်း (၆၆၈-၆၇၂ ခုနှစ်)... ... ၃၇

၁၂။ စောသင်မောင်ဘွဲ့ခံ စောအောမင်း (၆၇၂-၆၈၅ ခုနှစ်)... ... ၃၉

၁၃။ ဗညားရဲဒယ်ဘွဲ့ခံ စောဇိပ်မင်း (၆၈၅-၆၉၂ ခုနှစ်)... ... ၄၀

၁၄။ ဇိပ်ပွန်မင်း (၆၉၂ ခုနှစ်။ နန်းစံ ၇ ရက်)... ... ၄၃

၁၅။ စောအဲကံကောင်းမင်း (၆၉၂ ခုနှစ်။ နန်းစံသက် ၄၉ ရက်)... ... ၄၄

၁၆။ ဗညားအဲလောမင်း (၆၉၂-၇၁၀ ခုနှစ်)... ... ၄၅

၁၇။ ဗညားဦးမင်း (၇၁၀-၇၄၅ ခုနှစ်)... ... ၄၇

၁၈။ ဗြတ်လိုင်းသူ မွေးမဂူသောက်ကို ဗညားဦး ကောက်ယူခြင်း... ... ၄၇

၁၉။ ရာဇာဓိရာဇ် (အပသုံပိုင်စက် ခေါ် ဗညားနွဲ့) ဖွားမြင်ခြင်း... ... ၅၁

၂၀။ လောက်ဖြား၏မယား ၁၆ ယောက်နှင့် သားသမီး ၇၀ စာရင်း... ... ၅၃

၂၁။ မွန်မြန်မာ ကေရာဇ်မင်းနှစ်ပါး နယ်ခြားတွင်
ချစ်ကြည်ရေး တွေ့ဆုံခန်း... ... ၆၇

၂၂။ တလမေဒေါအား ဗညားနွဲ့ ဒဂုန်သို့ ခိုးယူခြင်း... ... ၇၁

၂၃။ ဗောလောကျန်းဒေါမင်းသား ဖွားမြင်ခြင်း... ... ၇၄

၂၄။ မဟာဒေဝီနှင့် သမိန်မရူးတို့၏ နန်းတွင်းအရှုပ်တော်ပုံ... ... ၇၆

၂၅။ ဗညားနွဲ့နှင့် သမိန်မရူးတို့ သွေးသောက်ခန်း... ... ၇၇

၂၆။ ရှင်လူထွက် မွန်ပညာရှိ မင်းကန်စီ... ... ၈၅

၂၇။ ဗညားနွဲ့အတွက် မဟာသာမိ မှာကြားသည့် ကျင့်စဉ်များ... ... ၈၈

www.burmeseclassic.com

www.burmeseclassic.com

အမှတ်စဉ်	အကြောင်းအရာ		စာမျက်နှာ
၂၈။	ဆင်ဖြူရှင်ဗညားဦးနာ၍ နတ်ကနားပေးခြင်း...	...	၉၂
၂၉။	မြို့တံခါးများမှ မွန်သားချော သီချင်းများ...	...	၉၇
၃၀။	ဗညားနွဲ့နှင့် ရဲဘော်သုံးကျိပ်တို့ တွေ့ဆုံခြင်း...	...	၁၀၄
၃၁။	ဒဂုန်သို့ မင်းသားဗညားနွဲ့ခွာခြင်း...	...	၁၀၆
၃၂။	ဆီသည်မ မွေမနိုတ်ကို ဗညားနွဲ့ကြိုက်၍ ကောက်ယူခြင်း...	...	၁၁၇
၃၃။	မဟာဒေဝီအား ဗညားဦး အာဏာလွှဲခြင်း...	...	၁၁၈
၃၄။	ဗညားနွဲ့ ရှိုက်၍ငိုခြင်း...	...	၁၂၁
၃၅။	မွန်စနည်းတဘောင် သီချင်းများ...	...	၁၂၄
၃၆။	မဟာဒေဝီက စစ်ဗိုလ်မ သုံးယောက်တို့အား စနည်းတဘောင်များနာစေပုံ...	...	၁၃၂
၃၇။	တလမေဒေါ ပါးလိုက်သည့် မွေမနိုတ်အတွက် ဆီအိုးတစ်လုံးနှင့် ချိန်ခွင်တစ်စုံ...	...	၁၃၄
၃၈။	အလိမ္မာနှစ်ထပ်တွန့်နှင့် ဉာဏ်ကွန့်သည့် ဗညားနွဲ့၏စာချွန်တော်	...	၁၃၉
၃၉။	သဃ်ရာဇာနှင့် ဗညားနွဲ့တို့ တိုင်ပင်၍ လေးဖက် လေးတန် ဝန်းရံထားသည့် ရန်သူများကို အလိမ္မာဉာဏ်ဖြင့် အနိုင်ယူပုံ...	...	၁၄၉
၄၀။	ဗညားနွဲ့၏ စာချွန်တော်ကြောင့် လောက်ဖြားတပ်ခွာသွားခြင်း	...	၁၆၂
၄၁။	သမိန်မရူးတပ်ကို ဗညားနွဲ့ဝင်တိုက်ခြင်း...	...	၁၇၁
၄၂။	ရေအိမ်မှဆင်းကာ သမိန်မရူးကိုယ်လွတ်ပြေးခြင်း...	...	၁၇၃
၄၃။	ဗညားဦးမင်း နတ်ရွာစံခြင်း...	...	၁၇၈
၄၄။	'ရန်အောင်မြင်'ဘုရားတည်ပြီး ဗညားနွဲ့အောင်မြေနှင်းပုံ...	...	၁၈၁
၄၅။	'ငါ့မျက်စိမှာ ငြောင့်စူးဝင်နေဆဲပဲ'ဟုဆိုကာ သမိန်မရူးအား ကွပ်မျက်စေခြင်း...	...	၁၈၂
၄၆။	ဗညားနွဲ့ 'ရာဇာဓိရာဇ်'ဘွဲ့ဖြင့် နန်းသိမ်းပွဲခံယူခြင်း...	...	၁၈၃
၄၇။	'ထီးဖြူဆောင်းသည့်မင်းကိုသာ သစ္စာခံ၍ခစားသည်'ဟုရာဇာဓိရာဇ်အား ဥပမာနှင့် အမတ်ဒိန် လျှောက်တင်သည့်အကြောင်း...	...	၁၇၁
၄၈။	မင်းကြီးစွာစော်ကဲထံ လောက်ဖြားကုန်းချောစာရေးခြင်း...	...	၁၈၇
၄၉။	ပန်းကျော်တိုက်ပွဲ...	...	၁၈၉
၅၀။	မှော်ဘီတိုက်ပွဲ...	...	၁၉၃
၅၁။	မုတ္တမနှင့် မော်လမြိုင်တိုက်ပွဲ...	...	၁၉၈
၅၂။	မသဲလုံခေါ် မွန်သူရဲကောင်း လင်္ဂန်းအိန်ဓားစွမ်း...	...	၂၀၁
၅၃။	ရာဇာဓိရာဇ်သည် မိဖုရားထက် သူရဲကောင်းအားပိုချစ်ကြောင်း သက်သေ	...	၂၀၃
၅၄။	ပန်းလိုင်မြစ်ဝရေကြောင်းတိုက်ပွဲ...	...	၂၁၀
၅၅။	မြောင်းမြတွင် ဗညားနွဲ့နှင့်မပစ်နွဲ့(ဗျည်းနွဲ့)တို့ဆင်စီးချင်းတိုက်ပွဲ	...	၂၁၃

www.burmeseclassic.com

www.burmeseclassic.com

အမှတ်စဉ်	အကြောင်းအရာ		စာမျက်နှာ
၅၆။	မင်းသားဗောလောကျန်းဒေါ ဆုတောင်းခန်း...	...	၂၂၂
၅၇။	ကူထွတ်တိုက်ပွဲ...	...	၂၂၅
၅၈။	မွန်အမတ်ကြီးမဟာသမွန် လျှောက်ထားချက်ဖြင့် မွန်မြန်မာ စစ်ပြေငြိမ်းခြင်း...	...	၂၂၆
၅၉။	အင်းဝတွင် ဘုရင်မင်းခေါင်နန်းတက်ခြင်း...	...	၂၃၂
၆၀။	ရာဇာဓိရာဇ်၏သမီးတော် တလမေကျော်ကို ဘုရင်မင်းခေါင်၏သား သိဟသူနှင့်ပေးစားခြင်း...	...	၂၃၄
၆၁။	အင်းဝသို့ရာဇာဓိရာဇ်စစ်ချီပုံ...	...	၂၃၅
၆၂။	ပင်းယစကြိုသူမြတ်နှင့်ရာဇာဓိရာဇ်တို့ အပြန်အလှန်စကား စစ်ထိုးကြပုံ...	...	၂၃၉
၆၃။	ပင်းယစကြိုသူမြတ်မိန့်ဆိုသည့် စစ်သေနင်္ဂဗျူဟာ(၄)ပါး...	...	၂၄၅
၆၄။	ရာဇာဓိရာဇ်မိန့်ဆိုသည့် စစ်သေနင်္ဂဗျူဟာ(၈)ပါး...	...	၂၄၇
၆၅။	ရွှေကြက်ယက်ဘုရားတွင် ရာဇာဓိရာဇ်ဘုရားကျောင်းဆောင် ဆောက်လုပ်လှူဒါန်းခြင်း...	...	၂၅၂
၆၆။	ပညာရှိအမတ်ဒိန်မဏီရွတ် မိန့်ဆိုသည့် ခန္ဓီတရား	...	၂၅၄
၆၇။	နဝင်းမြို့တိုက်ပွဲ...	...	၂၆၁
၆၈။	ပြည်ရွှေဆံတော်(မြသီတင်း)ဘုရားတွင် မွန်နှင့်မြန်မာ မင်းနှစ်ပါးသစ္စာပြုခြင်း...	...	၂၆၈
၆၉။	ဘုရင်မင်းခေါင်၏နှမတော်မင်းလှမြတ်နှင့် ရာဇာဓိရာဇ်တို့၏ ထိမ်းမြားမင်္ဂလာပွဲ...	...	၂၆၉
၇၀။	ဘုရင်မင်းခေါင်၏ညီတော်ရှင်သိဒ္ဓတ် ယောက်ဖတော်ရာဇာဓိရာဇ် ထံခိုလှုံခြင်း...	...	၂၇၁
၇၁။	သံတွဲမြို့နှင့် ရခိုင်မြို့တိုက်ပွဲ...	...	၂၇၅
၇၂။	ပဲခူးတပ်သားများ ရှမ်းတို့ကို အနိုင်ယူပုံ...	...	၂၈၃
၇၃။	အမတ်ဒိန်မဏီရွတ်ချေပသော 'သူ့သမီးငါယူ'ဆိုသည့် ပုံပမာ	...	၂၈၉
၇၄။	မွန်မြန်မာသူရဲကောင်းများ သစ္စာပြုရန် အစီအစဉ်ပျက်ရပုံ...	...	၂၉၂
၇၅။	ဘုရင်မင်းခေါင်၏ ပတ္တမြားကျောက်စိမ်းကို လဝွန်းအိန်ယူခဲ့ပုံ...	...	၃၀၀
၇၆။	ရာဇာဓိရာဇ်ကြုံဝါးခြင်း...	...	၃၀၉
၇၇။	ရာဇာဓိရာဇ်နှင့် ဘုရင်မင်းခေါင်တို့ ဆင်စီးချင်းတိုက်ပွဲ...	...	၃၁၁
၇၈။	မင်းရဲကျော်စွာ ဟံသာဝတီသို့စစ်ချီခြင်း...	...	၃၁၃
၇၉။	သူရဲကောင်းအမတ်ကြီး သမိန်ဇောဇ္ဈ၏ နောက်ဆုံးညဝါဒ...	...	၃၂၄
၈၀။	လဝွန်းအိန်နှင့် စုက္ကတေးသို့ လှေစီးချင်းတိုက်ပွဲ...	...	၃၃၀
၈၁။	'ကွမ်းတစ်ရာ ရေတစ်မူတ်'နှင့် လဝွန်းအိန်၏ အရေးစကား...	...	၃၃၂
၈၂။	ဘုရင်မင်းခေါင်နှင့် သမိန်ဗရမ်း တွေ့ဆုံခန်း...	...	၃၃၅

www.burmeseclassic.com

www.burmeseclassic.com

အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ
၈၃။	သမိန်ဗရမ်းကို မင်းရဲကျော်စွာ ဖမ်းမိပုံ...	... ၃၃၉
၈၄။	ရာဇာဓိရာဇ်သည် သိဒ္ဓိသေနမ (သစ်တသုံ) ဘွဲ့ခံယူခြင်း...	... ၃၄၄
၈၅။	သူရဲကောင်း အဲမွန်ဒယာ တစ်စခန်းထခြင်း...	... ၃၄၄
၈၆။	လူသေဟန်ဆောင်သော သူရဲကောင်း အဲမွန်ဒယာ...	... ၃၅၁
၈၇။	ရာဇာဓိရာဇ်နှင့် မင်းရဲကျော်စွာတို့ ဆင်စီးချင်းတိုက်ပွဲ...	... ၃၆၂
၈၈။	အနာသည်းနေသော မင်းရဲကျော်စွာအား ရာဇာဓိရာဇ်က သားရင်းပမာ ရင်နှင့်ဖွယ် နှစ်သိမ့်စကား မိန့်ကြားပုံ...	... ၃၆၅
၈၉။	သမိန်အဝမင်းသီရိခေါ် အင်းဝနံနိုင်မင်းကြီး...	... ၃၇၂
၉၀။	ပြင်သစ်သင်္ဘောမာလိန်မှူး၏ အမြောက်လက်နက်...	... ၃၇၂
၉၁။	လကျိုက်သန်းခေါ် သာမဏသန်းခေါ် မသန်း'မဲ့စန်း'၏ဓားစွမ်း	... ၃၈၁
၉၂။	တရုတ်သူရဲကောင်း ကာမဏီ...	... ၃၈၃
၉၃။	သူရဲကောင်း သမိန်ဗရမ်း မြင်းရွေးပုံ...	... ၃၈၉
၉၄။	သမိန်ဗရမ်းနှင့် ကာမဏီတို့ မြင်းစီးချင်းတိုက်ပွဲ...	... ၃၉၅
၉၅။	သမိန်ဗရမ်းအား ရာဇဓိတာ သမီးကညာပေး၍ အိမ်ရှေ့စံ မဟာဥပရာဇာအဖြစ် ဘုရင်မင်းခေါင် ချီးမြှင့်ပုံ...	... ၄၀၀
၉၆။	ဟံသာဝတီ ပဲခူးသို့ သမိန်ဗရမ်း ပြန်ပြေးခဲ့ရပုံ...	... ၄၁၀
၉၇။	မြန်မာမင်းသမီးအတွက် ထားရစ်ခဲ့သည့် သမိန်ဗရမ်း၏စာတစ်စောင်...	... ၄၁၃
၉၈။	ရာဇာဓိရာဇ် နတ်ရွာစံခန်း...	... ၄၁၅
၉၉။	သားတော်ကြီး ဗညားကျန်း 'သုဒေါဓမ္မရာဇာဓိရာဇ်'ဘွဲ့ခံယူခြင်း	... ၄၁၇
၁၀၀။	ရာဇာဓိရာဇ် နတ်ရွာစံသဖြင့် ဘုရင်မင်းခေါင် ငိုတော်မူပုံ...	... ၄၂၁
၁၀၁။	ဧကရာဇ်မင်းတို့၏ ကျော်စောမှုရှိရန်မှာ အချင်းချင်းစစ်ခင်း ကစားခြင်း၌ တည်ကြောင်း ဘုရင်မင်းခေါင် မိန့်ကြားပုံ...	... ၄၂၁
၁၀၂။	ဘုရင်မင်းခေါင် အနာသည်း၍ နတ်ရွာစံခြင်း...	... ၄၂၃
၁၀၃။	သူရဲကောင်း သမိန်ဗရမ်း၏ နောက်ဆုံးခရီး...	... ၄၂၅
၁၀၄။	သမိန်ဗရမ်း၏သားတော် 'ရာမရာဇဝံသမင်း'အင်းဝပြည်တွင် နန်းတက်ခြင်း...	... ၄၂၇
၁၀၅။	ရာဇာဓိရာဇ်အရေးတော်ပုံကျမ်း နိဂုံး...	... ၄၂၈
၁၀၆။	အမည်ဝေါဟာရ အညွှန်းနှင့် မှတ်ချက်များ...	... ၄၃၃

www.burmeseclassic.com

www.burmeseclassic.com

ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်၊ သမိုင်းဌာန၊ မန္တလေး

"အမှာစကား"

သမိုင်းလေ့လာတဲ့လူတိုင်း အထောက်အထားစုံအောင် ရချင်တယ်။ မွန်ဗမာ ဆက်ဆံရေးမှာ မွန် အထောက်အထားတွေ သိပ်ရချင်တယ်။ ဘာပြုလို့လဲဆိုတော့ တချို့အရေးကြီးတဲ့ကိစ္စတွေကို မွန်ကတစ်မျိုး ဗမာကတစ်မျိုး ပြောနေကြလို့ပါပဲ။ ဥပမာ ရာဇာဓိရာဇ်နဲ့ မင်းခေါင် ဘယ်သူက အရင်နတ်ရွာစံသလဲ။ ဓမ္မစေတီနဲ့ ပုသိမ်စာ အားပြိုင်ကြတော့ ပုသိမ်စာဟာ တိုက်ပွဲမှာကျဆုံးတာလား၊ အဆိပ်သင့်ပြီးကွယ်လွန်တာလား။ အလောင်းမင်းတရား နတ်ရွာစံပုံနဲ့ နတ်ရွာစံတဲ့ နေရာရပ်ရွာဟာ မွန်အမှတ်အသားကတစ်မျိုး၊ ဗမာအမှတ်အသားက တစ်ဖုံစီ ဖြစ်နေတယ်။

ဒီလို ပြဿနာပေါ်တိုင်း မှတ်တမ်း အထောက်အထားများလေ၊ စဉ်းစားပြီး ကောက်ချက်ချရတာ လွယ်လေဖြစ်မယ်။ ဒါမှမဟုတ်လို့ အထောက်အထားနည်းနေရင် ဆုံးဖြတ်လို့မရနိုင်တော့ဘူးဖြစ်မယ်။ ဆိုချင်တာက မွန်အမှတ်အသား ပေါ်ထွက်လာတိုင်း ဗမာသမိုင်းလေ့လာသူတွေ ဝမ်းသာကြပါတယ်။ ဆရာနိုင်ပန်းလုက အခုတစ်အုပ်ရေးထုတ်လိုက်တော့ ကျွန်တော်တို့အားလုံး သူ့ကိုကျေးဇူးတင်ကြပါတယ်။

ဘာသာပြန်တဲ့ကိစ္စကိုစစ်ဆေးကြည့်တဲ့အခါ-

(၁) ဘာသာပြန်သူဟာကျမ်းစာအုပ်ရဲ့ မူရင်းဘာသာစကားကိုလည်း ကောင်းကောင်းတတ်ကျွမ်းရမယ်။ ပြန်ဆိုယူတဲ့ ဘာသာစကားမှာလည်း ပိုင်နိုင်ရမယ်။

(၂) ပြန်ဆိုတဲ့ အကြောင်းကိစ္စကိုလည်း ပိုင်နိုင်ရမယ်။

မွန်ဘာသာနဲ့ရေးထားတဲ့ ရာဇာဓိရာဇ်အရေးတော်ပုံတစ်ကျမ်းကို ဆရာနိုင်ပန်းလုက တည်းဖြတ်ပြီး နိဒါန်းမှတ်ချက်တွေနဲ့ ၁၉၅၈-ခုနှစ်မှာ မြန်မာနိုင်ငံ သုတေသနအသင်းစာစဉ်တစ်စောင် ပုံနှိပ်ထွက်ပေါ်လာတော့ ကျွန်တော်တို့အားလုံး ဝမ်းသာကြတယ်။ ဒါပေမဲ့ ကျွန်တော်တို့အဖို့ နားလည်ဖို့ ခက်ခဲနေပြန်တယ်။ မွန်ဘာသာ နည်းနည်းသင်ဖူးတာနဲ့ မွန်အဘိဓာန် ရှိနေတာကို အားကိုးပြီး ဖတ်ပေမယ့်လည်း သိပ်မတွင်းနက်။ ကိုယ်နားလည်တာ မှန်မှုမှန်ရဲလားလို့ စိတ်မချဘူး။

ဒီတော့ ဆရာနိုင်ပန်းလုကိုပဲ မြန်မာလို ပြန်ပေးပါဦးလို့ တောင်းပန်ခဲ့ရပြန်တယ်။ သူလည်း ချက်ချင်းလိုက်လျောပါတယ်။ ဘာသာပြန်ပြီးပြီလို့ သူပြောတာ နှစ်နဲ့

www.burmeseclassic.com

ကြာပြီ။ ပုံနှိပ်ထုတ်ဝေရေးကို လက်ဖျစ်တစ်တွက်နဲ့ပြီးမယ်ဆိုရင် ဟိုအရင်ဆယ်နှစ်ကပဲ ဒီစာအုပ်ကို ကျွန်တော်တို့ အသုံးချနိုင်မယ်ပေါ့။

အခု ဆယ်နှစ် စောင့်ရပြန်တော့လည်း စောင့်ရကျိုး နပ်ပါတယ်။ မြန်မာ့သမိုင်း လေ့လာသူတွေအပြင် တက္ကသိုလ် သမိုင်းအဓိက ကျောင်းသား ကျောင်းသူတွေ အတွက်ပါ အင်မတန် အထောက်အကူဖြစ်မယ့် စာအုပ်ဖြစ်လို့ ကျွန်တော်ဝမ်းသာအား‌ရ ဒီစာအုပ်ကို ကြိုဆိုသလို သမိုင်းသုတေသီနဲ့ လေ့လာသူ တက္ကသိုလ်ကျောင်းသား ကျောင်းသူတွေပါ ကြိုဆိုကြမယ်။ ဝမ်းသာအား‌ရ ဒီစာအုပ်ကို လေ့လာဖတ်ရှု ကိုးကား ကြမယ်လို့ ယူဆပါတယ်။

ပါဠိကျမ်း၊ သင်္ကရိုက်ကျမ်း၊ ဥရောပဘာသာတွေနဲ့ ရေးတဲ့ကျမ်း၊ တရုတ်၊ ဂျပန်ဘာသာတွေနဲ့ ကျမ်းအတော်များများကို မြန်မာလို ဘာသာပြန်ပြီး ပုံနှိပ်ထုတ်ဝေတာ ခဏခဏတွေ့ရဖူးပါပြီ။ မွန်ကျမ်းကို မြန်မာလိုပြန်တာ ရှာပါဆိုရင် အလွန်အလွန် ရှား ပါတယ်။ မရှိသလောက်ပါဘဲလို့ ပြောရမယ်။

ဒါပေမဲ့ "ရာဇာဓိရာဇ်အရေးတော်ပုံကျမ်း"ကို မြန်မာလိုပြန်တာ နှစ်ခါရှိပြီလို့ ပြောရင် အံ့သြကြမယ်။ ဟုတ်ပါတယ်။ အခု ဆရာနိုင်ပန်းလှ မြန်မာလိုပြန်တဲ့ကျမ်းဟာ "ရာဇာဓိရာဇ်အရေးတော်ပုံကျမ်း"ပါပဲ။

ကျမ်းရင်းကလည်း ကောင်းတယ်။ ဘာသာပြန်ပုံလည်းကောင်းတယ်။ ဒါကြောင့် ကျွန်တော်တို့အတွက် အား‌ကိုးစရာ "ရာဇာဓိရာဇ်အရေးတော်ပုံကျမ်း"တစ်စောင်ပေါ်ထွက် လာပြီလို့ ဆိုနိုင်ပါတယ်။

၆ စက်တင်ဘာ ၁၉၇၇
ကွန်သာယာ
တက္ကသိုလ်နယ်မြေ
မန္တလေး

(ဒေါက်တာသန်းထွန်း)
သမိုင်းပါမောက္ခ
ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်
မန္တလေး

www.burmeseclassic.com

www.burmeseclassic.com

ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်၊ မြန်မာစာဌာန၊ မန္တလေး
"အမှာစာ"

ကျွန်မသည် အခြေခံပညာ အလယ်တန်းနှင့်အထက်တန်းတို့တွင် ရာဇာဓိရာဇ် အရေးတော်ပုံ ကောက်နုတ်ချက်များကို ကျောင်းသူအဖြစ် သင်ယူခဲ့ရစဉ်က၊ ပိုမိုရေလည်ပြည့်စုံအောင် သိလိုစိတ် နိုးကြွလာကာ၊ ရာဇာဓိရာဇ် အရေးတော်ပုံကျမ်း တစ်စောင်လုံးကို ရှာဖွေဖတ်ရှုမိပါသည်။

တက္ကသိုလ်တွင် တတိယနှစ်ဝိဇ္ဇာ၊ အဓိကမြန်မာစာ ယူသူများအား ရာဇာဓိရာဇ် အရေးတော်ပုံကျမ်းကို ကိုယ်တိုင်သင်ကြားပေးရသော အခါတွင်မူ၊ ကျမ်းမှာ ပထမတန်းစား၊ ကျမ်းမွန်၊ ကျမ်းကောင်း မှန်သော်လည်း မူကွဲ မူမှားများရှိနေ၍ ရတတ်သမျှမူများကို တိုက်ဆိုင်ကြည့်ရှုရပါတော့သည်။

၁၉၆၈-ခု၊ တတိယအကြိမ်မြောက် မြန်မာနိုင်ငံ သုတေသန ဆွေးနွေးပွဲတွင် ရှေးဟောင်းသုတေသန ဦးစီးဌာန၊ ကမ္ဘည်းကျောက်စာဌာနခွဲမှူး ဆရာနိုင်ပန်းလှက ရာဇာဓိရာဇ်အရေးတော်ပုံကျမ်း မွန်-မြန်မာ နှစ်ဘာသာနှိုင်းယှဉ်လေ့လာချက် သုတေသနစာတမ်း ပထမပိုင်းကို ဖတ်ကြားခဲ့ပါသည်။ အချိန်ရှိသရွေ့ သုတေသနလုပ်ငန်းဖြင့် မွေ့လျော်နေနိုင်သော မွန်ပညာရှင်တစ်ဦးက မွန်-မြန်မာပြန် ကျမ်းတစ်စောင်နှင့် ပတ်သက်ပြီး ပြုစုထားသောစာတမ်းကို စိတ်ဝင်စားစွာ တက်ရောက်နာကြားခဲ့ရသဖြင့် အထူးတလည် ဝမ်းသာအားရမိပါသည်။

ထိုသုတေသနစာတမ်း ဆွေးနွေးပွဲတွင် စာတမ်းဖတ်သူ ဆရာနိုင်ပန်းလှက ရနိုင်သမျှ မွန်-မြန်မာမူများနှင့် တိုက်ဆိုင်ညှိနှိုင်း ပြုစုထားသော "ရာဇာဓိရာဇ်အရေးတော်ပုံကျမ်း မြန်မာပြန်" ဖယောင်းလက်နှိပ်စက် မင်ကူးမူကိုပါ တွေ့မြင်ဖတ်ရှုရပြန်သော် ဤ "ရာဇာဓိရာဇ်အရေးတော်ပုံကျမ်း"ပုံနှိပ်မူသည် လျင်မြန်စွာဖြစ်ပေါ်လာလျှင် အလွန်ကောင်းလေစွဟု တောင့်တမိပါသည်။

ယခုဆရာနိုင်ပန်းလှ၏ "ရာဇာဓိရာဇ်အရေးတော်ပုံကျမ်း"ကို ပုံနှိပ်နေပြီဟု သိရသောအခါ များစွာ ဝမ်းမြောက်ရပါသည်။ အဘယ်ကြောင့်ဆိုသော် သတိပြုဖွယ်၊ သုံးသပ်ဖွယ်၊ နည်းယူဖွယ်၊ စစ်ရေး၊ အုပ်ချုပ်ရေး၊ လူမှုရေးဆိုင်ရာ တကယ့်အဖြစ်မှန်၊ လူ့သဘာဝ အဖွဲ့များနှင့် ပြည့်လျှမ်းနေသော တက္ကသိုလ်များတွင် အသုံးပြုသင်ကြားနေသည့် ရာဇာဓိရာဇ် အရေးတော်ပုံကျမ်း တစ်စောင်အတွက် မူကောင်းမူသန့် ရရှိတော့မည်ကြောင့်ဖြစ်ပါသည်။

(ဒေါ်သန်းဆွေ)
မြန်မာစာပါမောက္ခ
ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်၊ မန္တလေး

၁၈-၆-၇၆။

www.burmeseclassic.com

www.burmeseclassic.com

ခင်နှင်းယုဏ် အမှာစာ

မွန်ဘာသာ ရာဇာဓိရာဇ် အရေးတော်ပုံကျမ်းကို ပထမ မြန်မာဘာသာသို့ ပြန်ဆိုသူမှာ ဘုရင့်နောင်လက်ထက် အမတ်ကြီး ဗညားဒလ ဖြစ်သည်။ ၁၉၅၃ ခုနှစ်တွင် ထိုင်းနိုင်ငံမှ ဆရာနိုင်ပန်းလှ စုဆောင်းခဲ့သော မွန်မူ ရာဇာဓိရာဇ် အရေးတော်ပုံကျမ်းကို ၁၉၅၈ ခုနှစ်က မြန်မာနိုင်ငံ သုတေသနအသင်းမှ ပုံနှိပ်ထုတ်ဝေခဲ့ပါသည်။ ယင်းကျမ်းကို-

ဒုတိယ မြန်မာဘာသာသို့ ပြန်ဆိုသူမှာ ဆရာနိုင်ပန်းလှ ဖြစ်၍ ၁၉၇၇ နှစ်မှာ ထုတ်ဝေဖြစ်ခဲ့ပါသည်။

ပထမ ဘာသာပြန်နှင့် ဒုတိယဘာသာပြန်ကို ယှဉ်၍ ဖတ်ရှုလျှင် ကွဲလွဲချက်များကို လည်းကောင်း၊ ပထမ ဘာသာပြန်တွင် မပါရှိသည်ကို ဒုတိယ ဘာသာပြန်စာအုပ်တွင် လည်းကောင်း ရှာဖွေတွေ့ရှိနိုင်ပါသည်။

ရာဇာဓိရာဇ် အရေးတော်ပုံကျမ်း ဘာသာပြန်နှစ်ခုလုံးတွင် ကျွန်မ သတိထားဖတ်ရှုမိသော အချက်တစ်ချက် ရှိသည်။ ထိုအချက်မှာ မွန်သူရဲကောင်း သမိန်ဗရမ်း၏ ပြည်ထောင်စုစိတ်ဓာတ်ပင် ဖြစ်သည်။

မွန်သူရဲကောင်း သမိန်ဗရမ်းသည် အင်းဝဘုရင်မင်းခေါင် လက်ထဲတွင် ဖမ်းဆီးချုပ်နှောင်ခံနေရစဉ် ဖြစ်သည်။

ထိုအချိန်မှာ တရုတ်ဧကရာဇ်က သူ၏ တာတာသူရဲကောင်း ကာမဏီနှင့် ယှဉ်ပြိုင်ကာ မြင်းစီးချင်း စစ်ထိုးဝံ့သော သူရဲကောင်းကို ရှာဖွေကြည့်ရှုလိုသောကြောင့် အင်းဝသို့ အလုံးအရင်းနှင့် စစ်ချီလာသည်။

အင်းဝဘုရင်မင်းခေါင်ထံ သဝဏ်လွှာပါး၍ အကြောင်းကြားသည်။ သူ၏ သူရဲကောင်း ကာမဏီနှင့် မြင်းစီးချင်း စစ်ထိုးဝံ့သော သူရဲကောင်းကို အလိုရှိပါသည်။ အင်းဝသူရဲကောင်းက စစ်ထိုးရာတွင် အနိုင်ရရှိပါက တရုတ်တို့ တပ်ခေါက်ပြန်မည်။ ကာမဏီ နိုင်ပါက အင်းဝပြည်ကို သိမ်းယူမည်ဟူ၍ ဖြစ်သည်။

အင်းဝဘုရင်သည် ကာမဏီကို စစ်ထိုးဝံ့သော သူရဲကောင်းကို အင်းဝတွင် ကြေညာမောင်းခတ်၍ ရှာသည်။ တစ်စုံတစ်ယောက်မှ ထွက်မလာပေ။

ထောင်တွင်းမှ သမိန်ဗရမ်းသည် အစောင့်များထံမှ ထိုသတင်းကို ကြားလျှင် သူ စဉ်းစားသည်။

"အင်းဝမြို့သည် ပဲခူးသို့ချီရန် လမ်းစဖြစ်၏။ အင်းဝသည် ဟံသာဝတီ၏ မုခ်ဝနှင့် လည်း တူသည်၊ ယခု စိန့်ပြည် ဧကရာဇ်မင်းသည် သူရဲကောင်းချင်း မြင်းစီး၍ စစ်ထိုးသည်ကို ရှုစားလိုသော ဆန္ဒဖြင့် စစ်ချီလာခြင်း ဖြစ်သည်။ ကာမဏီကို ခံဝံ့သူ၊ အင်းဝတွင် မရှိပါက သူ့ဆန္ဒပြည့်ဝမည် မဟုတ်။ အင်းဝကို ရပြီးသော် ဟံသာဝတီသို့ ဆက်လက်ချီပေဦးမည်။ ငါ့မှာလည်း ထောင်တွင်းမှာ ကြာမြင့်စွာ နေခဲ့ရပြီ။ အင်းဝ ပျက်သော် ဟံသာဝတီသို့ ငါ ပြန်ရောက်ဖို့ မရှိတော့ပြီ။ သည်စစ်ကို ငါ လာဝန်ခံတိုက်မှ တော်တော့မည်။ တရုတ်စစ်ကို ဟံသာဝတီသို့ မစုန်စေတော့ပြီ"

ထိုသို့ စဉ်းစားပြီး "သူကိုယ်တိုင် မြင်းစီး၍ ကာမဏီအား စစ်ထိုးသည်အကြောင်း" အစောင့်များမှတစ်ဆင့် ဘုရင်မင်းခေါင်ကို လျှောက်ထားစေသည်။

www.burmeseclassic.com

www.burmeseclassic.com

အစောင့်များကို သမိန်ဗရမ်း ပြောသောစကားမှာ အဖိုးတန်လှသည်။ အင်းဝသားတို့ အပေါ် သမိန်ဗရမ်း ထားရှိသော ကြီးမားမွန်မြတ်သည့် စေတနာမှာ ထင်ရှားလှသည်။ သမိန်ဗရမ်းက အစောင့်များအား အောက်ပါအတိုင်း ပြောခဲ့သည်။

"ယခု ကာမဏီအား အနိုင်ယူ စစ်ထိုးဖို့ ငါ တာဝန်ယူသည်မှာ ယဿပတ္တိကို လို၍ မဟုတ်၊ အင်းဝနိုင်ငံကြီး တည်တံ့ခိုင်မြဲ၍ ကိတ္တိယသကျော်စောခြင်းနှင့် ပြည့်စုံစေလိုသည်။ မြို့သူမြို့သား၊ ရဟန်းပုဏ္ဏားများအား ချမ်းသာသုခနှင့် ပြည့်စုံစေလို၍ ဖြစ်သည်"

သမိန်ဗရမ်း၏ အတွေးအခေါ်နှင့် စကားလုံးတို့သည် မြန်မာနိုင်ငံကြီး စည်းလုံးရေးအတွက် မော်ကွန်းတင်ထိုက်သော စကားလုံးများ ဖြစ်သည်။

သမိန်ဗရမ်းသည် အမြော်အမြင်ကြီးသူ ဖြစ်သည်။ သူ့အား ဘုရင်မင်းခေါင်က ဖမ်းဆီးချုပ်နှောင်ထားသော်လည်း မွန်-မြန်မာ ပြည်ထောင်စုသား ဟူသော စိတ်ဓာတ်ကို သူမမေ့။

တရုတ်တို့သာ အင်းဝကို ခြေကုပ်ရလျှင် ဟံသာဝတီလည်း မလွတ်၊ မြန်မာတစ်ပြည်လုံး တရုတ်ခြေဖဝါးအောက် ရောက်မည်ကို တွေးခေါ်နိုင်စွမ်း ရှိသည်။ ထို့ကြောင့် အာဃာတကို မေ့ပျောက်၍ အင်းဝဘုရင်၏ သူရဲကောင်းအဖြစ် ခံယူကာ ကာမဏီစစ်သူကြီးနှင့် တစ်ဦးချင်း မြင်းစီး၍ စစ်ထိုးခဲ့သည်။ ကာမဏီအား အနိုင်ရယူခြင်းဖြင့် မြန်မာတစ်ပြည်လုံးအား တရုတ်တို့ ဘေးရန်မှ ကယ်တင်ခဲ့သည်။

မြန်မာ့မြေကို တစ်လက်မမျှ တိုင်းတစ်ပါးသားတို့ ခြေကုပ်ရယူခွင့် မပြုနိုင်အောင် သမိန်ဗရမ်း ကာကွယ်ခဲ့သည်။

လက်ရှိ မြန်မာပြည်ကြီးသည် တိုင်းရင်းသားလူမျိုးများ စုပေါင်းနေထိုင်သော ပြည်ထောင်စုကြီး ဖြစ်သည်။

မော်ကွန်းထိုးထိုက်သော တန်ဖိုးရှိလှသည့် သမိန်ဗရမ်း၏ စိတ်ဓာတ် မြန်မာပြည်ထောင်စုသားတိုင်း နှလုံးသွင်းသင့်သည်။

သမိန်ဗရမ်း၏ အစောင့်များအား ပြောသော စကားသည် ပထမ မြန်မာမူတွင် မပါဟု ဆရာနိုင်ပန်းလှက မှတ်ချက်ရေးခဲ့သည်။

ဆရာနိုင်ပန်းလှ၏ ဘာသာပြန်တွင်မှ သမိန်ဗရမ်း၏ စကားလုံးများကို ဖတ်ရှုရသည်ကိုက ပြည်ထောင်စုသားများအတွက် တန်ဖိုးရှိလှပါသည်။

ထိုအချက်တစ်ချက်တည်းနှင့် ၁၉၉၁ ခုနှစ်က ဒေါက်တာဘွဲ့ ဆွတ်ခူးခဲ့သော စာရေးသူအတွက် ယခု ဒုတိယအကြိမ် ထုတ်ဝေရကျိုးနပ်သည်ဟု ကျွန်မ ထင်မြင်မိပါသည်။ L.A ရှိ အမေရိကန်တက္ကသိုလ်တွင် Ph.D ဒီဂရီအတွက် စာရေးသူ တင်ပြသည့် ကျမ်းများအနက် ဤကျမ်းလည်း ပါဝင်ကြောင်း သိရ၍ ပိုပြီးတန်ဖိုးထားပါသည်။

*

ချမ်းမြေ့ရွှင်လန်းပါစေ။

ခင်နှင်းယု

၂၅-၇-၉၅

www.burmeseclassic.com

www.burmeseclassic.com

ကျမ်းဦးစကား

မြန်မာနိုင်ငံတွင် အရေးတော်ပုံကျမ်း ငါးစောင်ရှိသည့်အနက် ရာဇာဓိရာဇ် အရေးတော်ပုံကျမ်းကို ဟံသာဝတီတွင် သက္ကရာဇ် ၉၁၅ ခုနှစ်က နန်းတက်သည့် ဆင်ဖြူရှင် ဘုရင့်နောင် ကျော်ထင်နော်ရထာ လက်ထက် မွန်ဝန်ကြီး ဗညားဒလသည် ရှေးဟောင်း မွန်ဘာသာမှ မြန်မာပြန်ဆိုရေးသားခဲ့သည်ဟု ပိဋကတ်သမိုင်း၊ မြန်မာစာ ညွှန့်ပေါင်းကျမ်းနှင့် မြန်မာစာပေသမိုင်းစာအုပ်များတွင် ဖော်ပြကြသည်။

ရှေးဟောင်းမွန်စာပေတွင် ရာဇာဓိရာဇ် အရေးတော်ပုံကျမ်းဟူ၍ မရှိပါ။ မွန်ဘာသာ အားဖြင့် သထုံ၊ ဟံသာဝတီ ရာဇဝင်ကျမ်း ပထမတွဲနှင့် ဒုတိယတွဲဟူ၍ ရှိပါသည်။ ပထမတွဲကို ဥပ္ပန္နသုဝဏ္ဏဘုမ္မိအာရမ္ဘကထာ၊ သုဓမ္မဝတီသီဟရာဇာဓိရာဇဝံသကျမ်းဟူ၍ ခေါ်ပါသည်။ ယင်းကျမ်း ပထမပိုင်းတွင်ရှိသော သထုံရာဇဝင်ကိုကျော်လွှား၍ မုတ္တမနှင့် ဟံသာဝတီမင်း "မဂဒူး" မင်းဆက်မှစ၍ "ရာဇာဓိရာဇ်ဘုရင်" အဆုံးထိကို မြန်မာ ပြန်ဆိုပြီး "ရာဇာဓိရာဇ် အရေးတော်ပုံကျမ်း"ဟု ဗညားဒလက အမည်ပေးခဲ့ခြင်း ဖြစ်ပါသည်။

ဗညားဒလ၏ ရာဇာဓိရာဇ်အရေးတော်ပုံကျမ်း မူကွဲများမှာ အောက်ပါအတိုင်း ၉ မူ တွေ့ရပါသည်။

(၁) ၁၁၉-ခုနှစ် (၁၁၁၉-ခုနှစ် ?) တွင် ရေးကူးသည့် တောင်တွင်းကြီး ၉-ကြောင်းပေမူ။ သမိုင်းကော်မရှင် စာကြည့်တိုက်၊ ရန်ကုန်မြို့။

(၂) ၁၁၅-ခုနှစ် (၁၁၅၀-ခုနှစ် ?)တွင် ရေးကူးသည့် လက်ရေးမူ (ဗားနတ် ပိဋကတ်တိုက်) အမျိုးသားစာကြည့်တိုက်၊ ရန်ကုန်မြို့။

(၃) ၁၁၉၃-ခုနှစ်တွင် ရေးကူးသည့် ၉-ကြောင်း ပေမူ၊ ကမ္ဘာဗဒ္ဒ တက္ကသိုလ် စာကြည့်တိုက်၊ ရန်ကုန်မြို့။

(၄) ၁၂၁၁-ခုနှစ်တွင် ရေးကူးသည့် ၁၁-ကြောင်း ပေမူ၊ အမျိုးသားစာကြည့် တိုက်၊ ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com

(၅) ၁၂၃၉-၄၁ ခုနှစ်အတွက် ရေးကူးသည့် ၁၀ကြောင်း ပေမူ။ ဦးဖိုးသိး ပိဋကတ်တိုက်၊ သထုံမြို့။

(၆) ၁၂၈၄ ခုနှစ်တွင် အသျှင်နိရောဓ တည်းဖြတ်သည့် သုမင်္ဂလပုံနှိပ်တိုက်မူ၊ မန္တလေးမြို့။

(၇) ၁၂၈၅ ခုနှစ်တွင် ဦးဘီ၊ ဦးသိန်း (မော်ဘီဆရာသိန်း)နှင့် ဦးဘကျော် တည်းဖြတ်သည့် သုဓမ္မဝတီပုံနှိပ်တိုက်မူ၊ ရန်ကုန်မြို့။

(၈) ၁၉၆၇ ခုနှစ်တွင် ပုံနှိပ်သည့် မြန်မာမင်းများ အရေးတော်ပုံ၊ နံ့သာတိုက်မူ၊ ရန်ကုန်မြို့။

(၉) ၁၉၆၇ ခုနှစ်တွင် ပုံနှိပ်သည့် ရာဇာဓိရာဇ်အရေးတော်ပုံ၊ ဇွဲစာပေမူ၊ ရန်ကုန်မြို့။

အထက်ပါ မြန်မာဘာသာမူများကို မွန်ဘာသာမူနှင့် တိုက်ဆိုင်ညှိနှိုင်းကြည့်ရာ မြန်မာပေမူများနှင့် မွန်မူ ကွဲလွဲချက်နည်းသော်လည်း မြန်မာပုံနှိပ်မူများတွင် မွန်မူနှင့် များစွာ ကွဲလွဲနေသည်ကို တွေ့ရပါသည်။ ဥဒါဟရဏ်ဆောင်ရသော် သုဓမ္မဝတီမူ စာမျက်နှာ ၁၇၂၊ နံ့သာတိုက်မူ စာမျက်နှာ ၁၅၄ နှင့် ဇွဲစာပေမူ စာမျက်နှာ ၂၄ တို့၌ "မိုးဒေါကို ဒဂုန်မြို့ကို စားစေပြီးလျှင် ညီတော် မင်းလက်ျာနှင့် ထီမံးမြား၏" ဟူ၍ တညီတညွတ်တည်း ပြဆိုကြ၏။ ယင်းအကြောင်းကို မွန်ဘာသာမူရင်း၌ "မွေ့ဒေါကို ညီတော်မင်းလက််ာအား ပေးစား၏။ ညီတော် မင်းလက််ာမှာ သမိန်ညီကောင်သိန် အမည်ခံ၍ ပဲခူးကို စား၏။ အမတ်ကြီး သံဒေါ၏သား ဗုန်လံကို ဗြထဗိုက်ဟူသော ဘွဲ့ပေး၍ အစ်မတော် မဟာဒေဝီနှင့် စုံဖက်စေသည်။ ဒဂုန်မြို့ကို စားစေသည်"ဟု လာ၏။ မြန်မာပေမူတွင် မွန်နှင့်အညီ လာရှိပါသည်။ ယင်းအချက်ကိုထောက်လျှင် မြန်မာ ပုံနှိပ်မူများ၌ စာကျနေသဖြင့် မှားယွင်း ချွတ်ချော်နေကြောင်း ထင်ရှားသည်။

ထို့ပြင် မြန်မာမူ၌ မစုံမလင် မရှင်းမလင်းသော စာပေ ဝေါဟာရတွေလည်း များစွာရှိသည်။ ဥပမာ၊ မြန်မာမူများတွင် "ဗြတ်လိုင်းသူသွေး၊ မွေးမဂူရပ်၊ လှခေါင်ချုပ်ကို၊ လက်အုပ်ချီ၏လေ၊ ချီ၏လေ..."ဟူ၍ ဆိုသည်ကို မွန်ဘာသာမူ၌- "ရုပ်ရည်အလွန်ချောမောလှပသည့် ဗြတ်လိုင်းရွာသူ လှပျိုဖြူကို ကန်တော့ပွဲ ဆီမီး ပန်းမန်တို့ဖြင့် ကြာဖူးသဖွယ် လက်အုပ်ချီ၍ မုတ္တမခရီးသို့ ကြိုဆိုခဲ့ပါသည်။ ဗြတ်လိုင်းသူ သမီးပျိုကလေး အလှပဂေးကို အရှင်မင်းကြီး ချစ်ခင်လေးမြတ်သဖြင့် တစ်ပင့်တိုင်နန်းလယ်တွင် စံပယ်စေသည်။ ဗြတ်လိုင်းသူ သမီးပျိုလှခေါင်ချုပ်၏ ရုပ်အဆင်းမှာ ကြော့ရှင်း၍

www.burmeseclassic.com

အလွန်ချစ်ဖွယ်ကောင်းသည့်အတိုင်း ဘွဲ့အမည်နာမ ချီးမြှင့်ရန်သာ ရှိတော့သည်" ဟူ၍ စုံလင်ရှင်းလင်းစွာလာသည်။ အခြား နမူနာတစ်ခုကိုပြရလျှင် မြန်မာမူများ၌ "ဒေါင်းမ အိုလျက်၊ သစ်ပင်ထက်၌၊ တက်၍ဉသော၊ မိန်းမအိုလျက်၊ ကြောက်ရွက် မရှု၊ သူ့လင် လုသော"ဟူ၍ မစုံမလင်တွေ့ရပါသည်။ မွန်မူတွင်-

"ဗျိုင်းမအိုလျက်၊ သစ်ပင်ထက်သို့ တက်၍ဉကာ တအာအာနှင့် ကျူးရင့် ကြွေးကြော်သည်။ မိန်းမအိုလျက်၊ ကြောက်ရွက်မရှု၊ ကာမေသုနှင့် နောင်ရေးအမှု၊ မစ္စာတရားကို မစဉ်းစား မဆင်ခြင်၊ သူ့လင်ခိုးလျက် ကိုယ်နှင့် နှောယှက်သည့် အရိုး တော်ကြီး"ဟူ၍ လာပါသည်။

ရာဇဝင်သမိုင်းကြောင်းဘက်တွင်လည်း ကွဲလွဲချက် များစွာရှိသည်။ ဥပမာ တစ်ခုကိုပြရသော်- "မင်းရဲကျော်စွာသည် ဟံသာဝတီ ပဲခူးမြို့ကို ဝန်းရံထားသဖြင့် ရာဇာဓိရာဇ်သည် သန်လျင်မှနေ၍ ပဲခူးမြို့ရှိ သားတော်ဗညားကျန်းထံ အဲမွန်ဒယာကို စေလွှတ်သည်"ဟု မွန်မူတွင်ဆိုသည်ကို မြန်မာမူများ၌ "မင်းရဲကျော်စွာသည် ဒလ(တွံတေး) မြို့ကို ဝန်းရံထားသဖြင့် ရာဇာဓိရာဇ်သည် ပဲခူးမှနေ၍ သားတော် ဗညားဒလရှိရာ ဒလမြို့သို့ အဲမွန်ဒယာကို စေလွှတ်သည်"ဟု ဆိုသဖြင့် လွန်စွာကွဲလွဲပါသည်။ မွန်မူ တွင် ရာဇာဓိရာဇ်လွန်သဖြင့် ဘုရင်မင်းခေါင် ဝိုသည်ဟုဆို၍ မြန်မာမူတွင် ဘုရင် မင်းခေါင်လွန်သဖြင့် ရာဇာဓိရာဇ်ဝိုသည်ဟုဆိုရာ ပြောင်းပြန် ဖြစ်နေပါသည်။ အလားတူ ကွဲလွဲချက်များစွာရှိသေးသည်။

ဤကျမ်းကို ၁၉၅၅ ခုနှစ်က မြန်မာနိုင်ငံသမိုင်း ကော်မရှင် ပထမဥက္ကဋ္ဌ ကွယ်လွန်သူ စည်သူဦးကောင်း၏ မေတ္တာရပ်ခံချက်အရ ကျွန်တော်ပြန်ဆိုရေးသား ပေးခဲ့ဖူးသည်။ ယခုတစ်ဖန် မွန်ဘာသာ၌ လာရှိသည့် ရာဇာဓိရာဇ် အရေးတော်ပုံကျမ်းကို မြန်မာမူများနှင့် ညှိနှိုင်း၍ ပြန်ဆိုတင်ပြသင့်ကြောင်းကို လက်ရှိ မြန်မာနိုင်ငံသမိုင်း ကော်မရှင် ဥက္ကဋ္ဌ ဦးသိန်းဟန်(ဆရာဇော်ဂျီ)၊ တက္ကသိုလ်အဘိဓာန်နှင့် ဘာသာပြန် ဌာနမှူး ဦးဝန်(ဆရာမင်းသုဝဏ်)၊ အလယ်ခေတ်ဆိုင်ရာ သမိုင်းကော်မရှင် ကျမ်းပြု အရာရှိ ဗိုလ်မှူးဗရှင်၊ မြန်မာနိုင်ငံတော်လှန်ရေးအစိုးရ၊ ဥက္ကဋ္ဌရုံး၊ ဒုတိယအတွင်းဝန် ဦးဝင်းဖေ၊ ယဉ်ကျေးမှုဗိဓာန်၊ ညွှန်ကြားရေးဝန် ဦးသန်းထွတ်စသော ပညာရှင် ပုဂ္ဂိုလ် ကြီးများသည် ကျွန်တော်အား တိုက်တွန်းခဲ့ကြသည်အလျောက် ဤကျမ်းကို တစ်နှစ် နီးပါး အချိန်ယူကာ နေ့ညမဟူ မအိပ်မနေ ဆော်ဖန်၍ ပြန်ဆိုရေးသားတင်ပြ အပ်ပါ သည်။

ဤကျမ်းကို ပြန်ဆိုရေးသားရာ၌ ၁၂၇၂-ခုနှစ်တွင် ပုံနှိပ်သည့် ယိုးဒယားပြည် ဘန်ကောက်အနီး ပတ်လတ်ရွာမှ ရခဲ့သော ပတ်လတ် ပုံနှိပ်မှု မွန်ဘာသာကို အခြေ

www.burmeseclassic.com

www.burmeseclassic.com

ပြုပါသည်။ မွန်ဘာသာပေမူနှင့်လည်း ညှိနှိုင်းပါသည်။ မွန်မူကို မြန်မာပြန်ရာတွင် ဗညားဒလ၏ ရာဇာဓိရာဇ်အရေးတော်ပုံ မြန်မာပေမူနှင့် ပုံနှိပ်မူများ၊ မြန်မာစာပေ ညွှန့်ပေါင်းကျမ်း၊ မှန်နန်း၊ ဦးကုလားစသော မြန်မာရာဇဝင်ကျမ်းများနှင့်လည်း ညှိနှိုင်း တိုက်ဆိုင်၍ မှိုင်မှိုင်းသင့်သည်ကို မှိုင်မှိုင်းပါသည်။

ခက်ခဲသော ဝေါဟာရများနှင့်ပတ်သက်၍ မွန်၊ မြန်မာ၊ သက္ကတနှင့် ပါဠိအဘိဓာန် ကျမ်းများကို အစဉ်လက်ကိုင်ထားလျက် မှိုင်မှိုင်းပါသည်။ ထူးခြားသော အောက်ခြေ မှတ်ချက်များ၊ နောက်ဆက်တွဲ အမည်ဝေါဟာရ အညွှန်းနှင့် မှတ်ချက်အကျဉ်းတို့ကို သုတေသီများ အလွယ်တကူ လေ့လာနိုင်ရန် ဖော်ပြလိုက်ပါသည်။

အခက်အခဲအမျိုးမျိုးကြားမှ ဤစာအုပ်ကို ပုံနှိပ်ထုတ်ဝေနိုင်ရန် ဝိုင်းဝန်းကူညီ အားပေးကြသည့် မွန်နှင့် မြန်မာမိတ်ဆွေများအား လှိုက်လဲစွာကျေးဇူးတင်ရှိကြောင်း ဖော်ပြအပ်ပါသည်။

စေတနာမွန်ဖြင့် အပတ်တကုတ် ကြိုးစားအားထုတ်၍ ပြန်ဆိုထားသည့် ဤကျမ်းသည် မြန်မာစာပေနှင့် မွန်မြန်မာ ရာဇဝင်သမိုင်းဘက်တွင် အကျိုးပြုနိုင်ပါစေ သတည်း။

နိုင်ပန်းလှ
၂၁-၁၁-၆၈
၄၈-စတီးဝပ်လမ်း၊
ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com

ရာဇာဓိရာဇ်အရေးတော်ပုံကျမ်း

မဂဒူးဘဝ

မဂဒူးသည် သက္ကရာဇ် ၆၁၄ ခုနှစ်၊ တန်ခူးလဆုတ် ၄ ရက်၊ ကြာသပတေးနေ့တွင် တကော့ဝန်း[၁] ၌ မထင်ရှားသော ဆင်းရဲသား လယ်သမားမိဘနှစ်ပါးတို့မှ မီးရှူးသန့်စင်ဖွားမြင်လေသည်။

မဂဒူး၏အတိတ်ဘဝ တစ်ခုသည်ကား သုမဏ္ဏ မည်သော ဘီလူးကြီးဖြစ်သည်။ ရှေးအခါက အရှင်ဂေါတမမြတ်စွာဘုရားသည် တန်ခိုးတော်ဖြင့် ကောင်းကင်ခရီးမှ ဒေသစာရီကြွချီလာ၏။ သုဝဏ္ဏဘုမ္မိ သထုံပြည်သို့ရောက်လျှင် မွန်ဘုရင် သီရိမာသောက မင်းမှစ၍ ပြည်သူတို့ကို တရားဓမ္မဟောကြားတော်မူသည်။ မင်းနှင့်တကွ ပြည်သူအပေါင်းတို့သည် မြတ်စွာဘုရားအား ကြည်ညိုသဒ္ဓါ ပွားများကြသဖြင့် ၇ ရက်တိုင်တိုင် အလှူကြီးပေး၍ တရားနာကြကုန်၏။

မြတ်စွာဘုရားသည် သထုံမှတစ်ဖန် ဒေသစာရီဆက်ပြန်ရာ ဘီလူးတို့နေသည့် မုတ္တမ[၂] သို့ရောက်လျှင် အစတွင် ဘီလူးတို့ ရန်ပြုမည် ကြံကြကုန်၏။ သို့သော် မြတ်စွာဘုရား၏ မေတ္တာဓာတ်ကြောင့် ဘီလူးတို့မှာ နလုံးနူးညှတ်လာကြ၏။ ထိုအခါ သုမဏမည်သော ဘီလူးကြီးသည် မြတ်စွာဘုရားအား ပင့်ဖိတ်၍ ဖြူစင်သော ကျောက်ဖျာကို ခင်းပေး၏။ အင်ဖက်များဖြင့် နေကာပေး၏။ ချိုသောသစ်သီးတို့ဖြင့် ယမကာပြု၍ ကပ်လှူ၏။ မွေးကြိုင်သောပန်းတို့ဖြင့် ပူဇော်၏။ မြတ်စွာဘုရားလည်း ဉာဏ်တော်ဖြင့် ရှုသော်–

၁။ တကအ်ဝါန် (တကော့ဝန်း) မြေနီကျောက်၊ ဂဝံကျောက်ကုန်းမြေ။

၂။ မုတ်တမအ် (မုတ္တမ) = ကျောက်စွန်း၊ တောင်စွန်း (တမအ်သီးလျှောက်မြင်းမိုရ်တောင်။ တမအ်ဟူသည် တောင်ဖြစ်သည်။ မူလအနက်မှာ ကျောက်ဖြစ်သည်)။

www.burmeseclassic.com

www.burmeseclassic.com

"ဤသုမဏာဘီလူးသည် ငါ့အားပြုရသော ကုသိုလ်ကောင်းမှုကြောင့် ငါ၏ သာသနာ ၁၈၂၅ ခုနှစ်ရောက်လျှင် မုတ္တမအရပ်တွင် ဆင်ဖြူရှင်မင်းဖြစ်လိမ့်မည်"ဟု ဗျာဒိတ်ပေးလေသည်။ ဘုရားဗျာဒိတ်တော်အတိုင်း သုမဏာဘီလူးသည် သံသရာ၌ ဘဝပေါင်းများစွာ ကျင်လည်ပြီးနောက် တကော့ဝန်းတွင် လူ့ဘဝတွင် ရရှိတော့သည်။

BURMESE CLASSIC .com

မဂဒူးသည် လူလားမြောက်၍ အရွယ်သို့ရောက်သော ကာလတွင် ပုဂံပြည့်ရှင် နရပတိစည်သူမင်းသည် လေ့စကြာဖြင့် တိုင်းကားပြည်ရွာများသို့ ခရီးလှည့်၏။ မုတ္တမသို့ ရောက်သော် အလိမ္မာဟူသောကျွန်ကို မြို့စားအဖြစ်ထား၍ ပုဂံပြည်သို့ ပြန်တော်မူသည်။

မဂဒူးငယ်စဉ်က သူ၏မိဘများသည် ရိုးသားစွာဖြင့် လယ်ယာကိုလုပ်ကိုင်ကြ၏။ သူ၏မိဘတို့သည် လယ်ကွက်တွင် ကောက်စိုက်နေကြစဉ် လယ်ကန်သင်းရိုးထက်၌ ဂဒူး[၁] တစ်ခုကို ပက်လက်လှန်ထားကာ ကလေးငယ်ကိုသိပ်၍ အခြား ဂဒူးတစ်ခုဖြင့် အုပ်ထားလေ၏။

ကျီးတစ်ကောင်သည် ဂဒူးဖြင့်အုပ်ထားသော ကလေးကိုအစားအစာထင်မှတ်၍ အနီးသို့ ချဉ်းကပ်လာ၏။ ထိုအခါ ကလေးကိုအုပ်ထားသော ဂဒူးသည် ကျီးကိုလိုက်ထိုးလေ၏။ ထိုအခြင်းအရာကိုမြင်ရသဖြင့် မိဘများက သားငယ်ကို "မဂဒူး"ဟု အမည်ပေးလိုက်လေ၏။ နောင်သောအခါ မဂဒူး၏ဖခင်သည် ကုန်းလမ်းခရီးဖြင့် ကုန်ကူးသန်းရောင်းဝယ်မှုအလုပ်ကို လုပ်ကိုင်ပြန်သည်။ အထမ်းသမားများကို ငှားရမ်းကာ တကော့ဝန်းမှ သောက္ကတဲမြို့[၂] သို့ မကြာခဏသွား၍ ကုန်ပစ္စည်းများကို ရောင်းဝယ်ဖောက်ကားလေ့ရှိသည်။ မဂဒူးတွင် အမိတူ အဖတူ မွေးချင်း ၃ ဖော်ရှိ၏။ ၎င်းတို့၏အမည်များမှာ (၁) မဂဒူး၊ (၂) မဂဒါနှင့် (၃) နမ နှင်းဥရိုင်တို့ဖြစ်လေသည်။

မဂဒူးသည် ကြီးပြင်း၍ အရွယ်ရောက်လာသောအခါ ဖခင်အိုး၏ နေရာတွင် ကုန်သည်အလုပ်ကို တာဝန်ယူဆောင်ရွက်ရလေသည်။ မဂဒူးဦးစီးသော အထမ်းသည် သုံးကျိပ်တို့သည် ကုန်စည်များကို ထမ်းပိုးဖြင့်ထမ်း၍ ခြေကျင်ဖြင့် သောက္ကတဲမြို့သို့ သွားရလေ၏။ ယင်းသို့ အစဉ်အတိုင်းသွားကြရာ ပြာတောင်း[၃] (ပြာတံငါ)တောင် ခြေရင်းသို့ ရောက်ကြသောအခါ အထမ်းသမား တစ်ယောက် နာဖျားခဲ့၏၊ ထို နာသော သူ၏ဝန်ကို ခေါင်းဆောင်ဖြစ်သူ မဂဒူးကိုယ်တိုင် ထမ်းရလေ၏။ ပြာတောင်းတောင်ထိပ်

၁။ ခမောက်ရှည်ကို မွန်ဘာသာဖြင့် ဂဒူးဟုခေါ်သည်။ မဂဒူး = မောင်ဂဒူး။
၂။ မွန်ဘာသာတွင် သုခေါဒါယဟု ရေးသည်။
၃။ မြန်မာပေမူ၌ ဘုရားတောင်ဟု တွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com

သို့ ဆိုက်ရောက်ကြလျှင် အခါမဟုတ်မူဘဲ၊ မိုးကြိုးသည်းထန်စွာ ရွာ၏။ လေပြင်းတိုက်ခတ်၍ လျှပ်စီးများလက်၏။ မဂဒူးပခုံးထက်ရှိ ထမ်းပိုးကို မိုးကြိုးပစ်သဖြင့် ထက်ပိုင်းပြတ်ပြီး ဝန်စည်များသည် ချောက်ကမ်းပါးသို့ ကျလေ၏။ မဂဒူးလည်း ရုတ်တရက်မေ့မြောသွားရာမှ သတိရ၍ အရှေ့သို့ကြည့်သော် လျှပ်စီးလက်သည့် အလင်းရောင်များကို မြင်ရ၏။ အနောက်သို့လှည့်ကြည့်ပြန်လျှင် တောင်ထိပ်တွင် ရွှေပြာသာဒ်တစ်ဆောင်သည် လျှပ်စီးရောင်ဖြင့် မျက်စိတွင် ပေါ်ထင်လာ၏။ ထိုနိမိတ်ကိုမြင်လျှင် "ငါသည် ဘုန်းကြီးမွာရှင် တစ်ယောက်ပင်"ဟု နှလုံးပိုက်၏။

အထမ်းသမားများမှာ ဘေးအန္တရာယ်မရှိ၊ နေလည်း တောင်ကွယ်တော့မည် ဖြစ်သောကြောင့် စခန်းချရန် နေရာရှာကြ၏။ နိဂုံးရွာကြီးတစ်ရွာကို တွေ့လျှင် ရပ်နားကြ၏။ ထိုရွာတွင် ရဟန်းပုဏ္ဏားပညာရှိပေါများ၏။ စောဗန္ဓွမ်း[၁] (စဝါန်ဒေါမ်) အမည်ရှိသော နိမိတ်ဖတ်ဆရာသည် နိမိတ်ဖတ်ရာတွင် အလွန်မှန်ကန်သည်ဟု ကြားရ၏။ မဂဒူးလည်း လက်ဆောင်ပဏ္ဏာများယူ၍ စောဗန္ဓွမ်းထံ သွားလေ၏။

မိမိ၏ဖြစ်ရပ်နိမိတ်များကို ပြောပြလျှင် စောဗန္ဓွမ်းက "သည်နိမိတ်ကြီးလှ၏။ မင်းအရပ်နှင့်ညီသော ငွေပုံကိုပူဇော်မှ နိမိတ်ကို ငါဖတ်ရန်တန်မည်" ဟု ဆို၏။ ထိုအခါ မဂဒူးသည် အခက်အခဲနှင့်ကြုံရလေ၏။ "ငါ့တွင် ငွေ ၃၀ ကျပ်သာရှိ၏။ ငါ့အရပ်နှင့်ညီသော ငွေပုံပေးရမည်ဆိုပါကလား:"ဟု စိတ်တွင်စဉ်းစားကာ အနီးအနားပတ်ဝန်းကျင်ကိုကြည့်၏။ ခြတောင်ပို့တစ်ခုကိုမြင်၍ မိမိအရပ်နှင့် အညီဖြစ်သော တောင်ပို့ထက်တွင် ငွေ ၃၀ ကျပ်ကိုတင်လျက် "ကျွန်ုပ်အရပ်နှင့် ညီသော ငွေပုံကို ပူဇော်ပါပြီ၊ နိမိတ်ကိုဖတ်ပါ"ဟု မဂဒူးဆို၏။ စောဗန္ဓွမ်းလည်း အလွန်ဝမ်းမြောက်၍ "ဤပုဂ္ဂိုလ်သည် ပညာရှိ၏။ စိတ်ကူးဉာဏ်ဖြင့် လျင်မြန်စွာ ကြံဆတတ်၏။ သူ့နိမိတ်နှင့်အညီ ဘုန်းကြီးလိမ့်မည်၊ နိမိတ်အတိုင်း အမှန်ကိုငါဟောပြရမည်"ဟု စိတ်တွင်ဆို၍ မဂဒူးအား ဤသို့ပြော၏။ "ယနေ့မှစပြီး ပခုံးဖြင့် ထမ်းပိုးကို မင်းမထမ်းရတော့ပါ။ ရှေ့အဖို့ မင်းကုန်သည် မလုပ်ပါနှင့်၊ အကြီးဆုံးသော သတ္တဝါကို ခစားပါလေ၊ အရှေ့ဘက်က အရဏ်တက်လာသကဲ့သို့ မြင်ရသောအလင်းရောင်၏ နိမိတ်မှာ အရှေ့အရပ်က မင်းဧကရာဇ်သည် မင်းကိုဘုန်းစည်းစိမ် စီစဉ်ပေးလိမ့်မည်။ အနောက်ဘက်က မြင်ရသော ပြာသာဒ် နိမိတ်မှာကား အရှေ့အရပ်မှ မင်းဧကရာဇ်ကို အမှီပြု၍ အနောက်အရပ်တွင် ဘုန်းတန်ခိုးကြီးသော မင်းတစ်ပါး အမှန်ဖြစ်ရလိမ့်မည်" ယင်း နိမိတ်စကားကိုကြားလျှင် မဂဒူးလည်း အလွန်ဝမ်းမြောက်၍ နိမိတ်ဆရာ စောဗန္ဓွမ်းကို ဦးသုံးကြိမ်ခိုက်ပြီး သွားလေ၏။ မိမိ၏ငယ်သား

၁။ မြန်မာပေမူ၌ စောပဏ္ဍိတ်ဟု ရေးသည်။

www.burmeseclassic.com

www.burmeseclassic.com

၃၀ တို့နှင့်သောက္ကတဲမြို့သို့ ခရီးဆက်၍ ရောက်သောအခါ ကုန်စည်များကို ရောင်းချလိုက်ပြီး ငယ်သားများကို တကော့ဝန်းသို့ ပြန်စေ၏။

မဂဒူးမှာကား နိမိတ်အတိုင်းဖြစ်ရန် သောက္ကတဲမြို့တွင် နေ၍ကြ၏။ "မင်းဧကရာဇ်အမတ် သေနာပတိများကို ခစားရန် ငါ့မှာသူနှင့်တူအောင် အဝတ်အစား မရှိသဖြင့် ခစား၍မဖြစ်သေး၊ အကြီးဆုံးသော သတ္တဝါကို ခစားလေဟု ဆရာဆိုသည်၊ လူတွင် အကြီးဆုံးမှာ မင်းဧကရာဇ်ဖြစ်သလို တိရစ္ဆာန်တွင် အကြီးဆုံးမှာ ဆင်ပင်ဖြစ်သည်။ ထို့ကြောင့် သောက္ကတဲမင်း၏ဆင်ကဲကို ငါခစားမှတော်မည်" ဟု စဉ်းစားဆုံးဖြတ်၍ ဆင်ကဲထံဝင်ရောက်ခစားလေ၏။ ဆင်ကဲနှင့်နေစဉ် မဂဒူးသည် ထက်ကြွလုံလဝိရိယဖြင့် လျင်မြန်ပေါ့ပါးစွာ နေ့ညမပူဆင်ကို အစာကျွေး၏။ အမြဲပင် စောစောထ၍ ဆင်ချေးကျုံးခြင်း၊ အမှိုက်လှည်းခြင်း အမှုကိုပြု၏။ ဆင်ကဲမြင်လျှင် မဂဒူးကို ချစ်ခင်သနား၍ အစားအစာ၊ အဝတ်အစားနှင့် သုံးစွဲရန် ငွေများမပြတ်ပေး၏။

တစ်နေ့သဋ္ဌ သောက္ကတဲမင်းသည် ဆင်တော်ကိုရှုရန်ထွက်၏။ မဂဒူး၏ လုံ့လဝိရိယထက်ကြွမှုကိုမြင်လျှင် "ဤသူငယ်ကား ဘယ်သူနည်း" ဟု ဆင်ကဲကိုမေး၏။

"အကျွန်ုပ်ထံ ခစားလာသော မွန်လုလင်ဖြစ်ပါသည်ဘုရား" ဟု ဆင်ကဲလျှောက်ထား၏။ "သူ့ကို အဝတ်အစားမည္သို့စေနှင့် မပြတ်ပေးကမ်းပါ" ဟု မိန့်၏၊ ထို့နောက် ပြည့်ရှင်မင်း ငုံသည့်လက်ဖက်ကိုထုတ်၍ ခံတွင်းဆေးတော်မူ၏။ ခံတွင်းမှ ရေကိုထွေးလိုက်ရာ ကြွေပေါက်တစ်လုံးပေါ်လာသည်ကို မြင်သဖြင့် မဂဒူးအားကောက်ယူထားရန် လက်ဖြင့်ညွှန်ပေ၏။ မဂဒူးလည်း မင်းကိုရိုသေစွာ ဦးခိုက်၍ ကြွေပေါက်ကို ကောက်ယူကာ လုံချည်စဖြင့် ချည်ထား၏။

ပြည့်ရှင်မင်းသည် မင်္ဂလာနန်းတော်သို့ ပြန်သည်ရှိသော် မဂဒူးကြ၏။ "ဤကြွေပေါက်ငယ်တစ်လုံးကို ငါ့အားခေါ်၍ ပေးတော်မူသည်မှာ ငါ့လုပ်ရည်ကြံရည်အစွမ်းအစကို စမ်းတော်မူခြင်းဖြစ်မည်" ဟု အတွေးရောက်ပြီး ဈေးသို့ထွက်သွားလေ၏။ ကြွေပေါက်တစ်လုံးဖြင့် ဟင်းနုနယ်စေ့များကိုဝယ်လိုကြောင်း ပြောသဖြင့် ဈေးသည်မိန်းမကြီးကရယ်၍ "ကြွေပေါက်တစ်လုံးဖြင့် ဟင်းနုနယ်စေ့ကို မည်မျှဟူ၍ ငါမသေးတတ်ပါ။ ဟင်းနုနယ်စေ့ကို မင်းလက်ညှိုး တစ်ချောင်းတည်းဖြင့်နှိုက်၍ တင်ပေးမှကို ယူချေ" ဆို၏။ မဂဒူးလည်း "ယူမည်" ဟုဆို၍ လက်ညှိုးတစ်ချောင်းလုံး စွပ်စိုအောင် ငုံပြီးမှ ဟင်းနုနယ်စေ့ကို ထိုးယူသဖြင့် အများပင်ရ၏။ ဈေးသည်လည်း "ဤမွန်လုလင်သည် ဉာဏ်ပညာ ထက်မြက်လှသည်၊ နောင်ကိုကြီးပွားချမ်းသာမည်သူ ဖြစ်မည်" ဟု မဂဒူးအား ချီးမွမ်း၏။

www.burmeseclassic.com

www.burmeseclassic.com

မဂဒူး[၁] လည်း မိမိနေရာသို့ ပြန်ရောက်လျှင် မြေကိုတူးဆွ၍ ဆင်ချေးဖြင့် ရောကာ မီးမြို့က်၏။ မြေသြဇာကောင်းမွန်အောင်ပြုပြီး ရေလောင်း၏။ ထို့နောက် ဟင်းနုနယ်စေ့ကို ပျိုး၍ ညနံနက်ရေသွန်းသဖြင့် ပေါက်လတ်သော် အချို့မှာ အနှီ၊ အချို့မှာ အဖြူရောင်တို့ဖြင့် ဟင်းနုနယ်ပင်များသည် အလွန်ဖွံ့ဖြိုးလှသည်။ နောင် ပြည့်ရှင်မင်းသည် ဆင်တော်ကိုကြည့်ရန် လာပြန်လျှင် အလွန်ဖွံ့.ဖွံ့.ထွားထွားဖြစ်သည့် ဟင်းနုနယ်ပင်များကိုရွေး၍ ဆေးကြောပြီး မင်းကိုဆက်သလေ၏။ ပြည့်ရှင်မင်းလည်း "ဤ ဟင်းနုနယ်ပင်များကို အဘယ်ကရပါသနည်း"ဟု မေး၏။ "ယခင် အရှင်မင်းကြီး ကြွလာစဉ်က ခဲတွင်းဆေး၍ ပေါ်လာသော ကြွေပေါက်ကို ကျွန်တော်မျိုးအား သနား ခဲ့ပါသည်၊ ထိုကြွေပေါက်ဖြင့် ဟင်းနုနယ်စေ့များကိုဝယ်၍ စိုက်ပျိုးပါသည် ဘုရား" ဟု လျှောက်၏။

ကြားတော်မူလျှင် အတိတ်ဘဝက ကုသိုလ်ကံတို့ကြောင့် မျက်နှာမြင် ချစ်ခင် ပါစေ၊ အသံကြား သနားပါစေဆိုသည်နှင့်အညီ မဂဒူးကို ချီးမွမ်းတော်မူ၏။ "ဤ မွန်လုလင်ငယ်သည် လုံ့လဝီရိယနှင့် ပြည့်စုံပေသည်။ ငါ့အပါးတွင် ထားလိုသည်။ ငါ့အား ပေးလော့"ဟု ဆင်ကဲကို တောင်းလေ၏။ ဆင်ကဲလည်း "အရှင်မင်းကြီး၏ ခြေတော်ရင်းတွင် ခစားရန် ဤမွန်လုလင်ငယ်ကို ဆက်သပါသည်ဘုရား" ဟု မဂဒူး လက်ကိုဆွဲ၍ ဆက်သလေ၏။ ပြည့်ရှင်မင်းလည်း မဂဒူးအား ခေါ်ဆောင်၍ စားတော်ကဲထဲ အပ်ထားလေ၏။ မဂဒူးသည် နေ့ညမဟူ လုံ့လဝီရိယတို့ဖြင့် မအိပ်မနေ အလုပ်ကို စီရင်ဆောင်ဖန်၏။ သွက်လက်ချက်ချာ လျင်မြန်ဖျတ်လတ်လှသဖြင့် ပြည့်ရှင်မင်း၏ နှစ်ခြိုက်ယုံကြည်မှုကိုရ၍ နန်းတော်အတွင်းအပြင်ကို ကြီးစိုးရသော ဝင်းမှူးအဖြစ် ခန့်ထားခြင်းခံရ၏။

မဂဒူးသည် ဝင်းမှူးဖြစ်ရလျှင် နေ့မှု၊ ညမှု မအိပ်မစက် စိစစ်၏။ တစ်စမျှ မလစ်ဟင်းရလေအောင် စီရင်၏။ သတိဝီရိယ လုံ့လထက္ကြမ္မတွင် အရည်အချင်းထူး သောကြောင့် မဂဒူးအား "စောဦခုံရည်" (စံဦန်ဥာဲရော်) ဟူသော အမည်ကို ပေးသနား တော်မူ၏။ သောက္ကတဲမင်းသည် စောဦခုံရည်အား မိမိသားအရင်းပမာ ချစ်ခင်၏။ စောဦခုံရည်လည်း မိမိအရှင်သခင်၏ ကျေးဇူးတော်ကို တုံ့ပြန်သည့် အနေဖြင့် မအိပ်မနေ၊ ပျင်းရိငိုက်မျဉ်းခြင်း အလျဉ်းမရှိဘဲ၊ ညမျက်စိကို နေ့မျက်စိ[၂] ပြု၍

၁။ မွန်ဘာသာတွင် ယောကျ်ားအမည်ကို (မ)တပ်၍ခေါ်လေ့ရှိ၏။ မြန်မာတွင် ဖ၊ အဖ၊ မျိုးစေ့ ဟုအနက်ရှိ၏။ မြန်မာအမည်တွင် (ဂ)ကပ်၍ ငမည်း၊ ငနောက်ဟူ၍ ခေါ်သလိုနှင့် ခပ်ဆင်ဆင်ဖြစ်သည်။

၂။ မြန်မာစာပေမူတွင်၊ မအိပ်မနေ ဆော်ဖန်၏ဟု ဆို၏။

www.burmeseclassic.com

www.burmeseclassic.com

အမှုတော်ကို ကျေပွန်စွာ ထမ်းဆောင်သဖြင့် မင်းကြီးသည် ၎င်းအား အလွန်နှစ်သက်တော်မူ၏။

များမကြာမီ အကြောင်းတစ်ခု ဖန်လာတော့၏။ "ကုလား၀ေါမင်းသည် အင်အား များစွာဖြင့် သောက္ကတဲမင်း၏ ကျေးစွန်နယ်ဖျားကို ထိပါးဖျက်ဆီးလာသည်။ ပြည့်ရှင် မင်းကြီး အလျင်အမြန်ချီပါမှ သူ့သုံ့ပန်းအဖြစ်မှ ကျွန်ုပ်တို့ လွတ်မြောက်နိုင်မည်။ စစ်ကူအရောက်နေးသော် သူ့လက်တွင်းသို့ ကျွန်ုပ်တို့ ရောက်ကုန်ကြတော့မည်"ဟု နယ်ခြားစောင့်တပ်မင်းထံမှ အရေးတကြီး စာတစ်စောင်ရောက်လာသည်။ သို့နှင့် သောက္ကတဲမင်းသည်လည်း အလုံးအရင်း ဆင်မြင်းများနှင့် ရေကြောင်း၊ ကြည်းကြောင်း တို့ဖြင့် အပြင်းချီတော်မူ၏။ မဂဒူးကို စိတ်ချယုံကြည်သဖြင့် ဝင်းမှူးအဖြစ် နန်းတော်အတွင်းအပြင်ကိုစောင့်ရန် တာ၀န်ခံဗိုလ်အဖြစ် ထားခဲ့၏။ မဂဒူးသည် ပြည့်ရှင်မင်း၏ အမိန့်အတိုင်း နန်းတော်အတွင်းအပြင် အမှုကိစ္စများကို တစ်စမျှ မလစ်ဟင်းရလေအောင် သတိဝိရိယကြီးစွာဖြင့် ကွပ်ကဲစီရင်၏။

ဘုရင့်ထံမှ အခွင့်အရေးအာဏာ အပြည့်အစုံရရှိပြီး ရှမ်းတို့ကို ကွပ်ကဲရသော စောဦခုရည်သည် နန်းတွင်းသို့ ဝင်ထွက်ရဖန်များလျှင် သောက္ကတဲမင်း၏ သမီးတော် မေနှင်းသွယ်တာ (မေဏင်သော်ဘာ)နှင့် အကျွမ်းဝင်၍ ချင်ခင်ရည်ငံကြလေ၏။ ယင်း သတင်းပျံ့နှံ့၍ လူသိသူသိဖြစ်ကုန်လေသည်။ ထိုအခါ စောဦခုရည်၏ သူငယ်ချင်း စောဦလောင်ဇာသည် မဂဒူး၏ အကျိုးကိုလိုလား၍ သတိပေးစကားပြောသည်မှာ– "မင်းသမီးနှင့် ဤသို့ချစ်ခင်ရည်ငံကြသည့် သတင်းကို ငါတို့သခင်ကြားရသည့် တစ်နေ့တွင် နင်အသက်ချမ်းသာတော့မည်မဟုတ်၊ ယခုလိုနေ၍မသင့်"

ထိုစကားကိုကြားလျှင် မဂဒူးသည် ရာဒေဏ်ကို ကြောက်ရွံ့လာ၏။ "ကြာလျှင် ငါ့အဖို့ပို၍ ခက်ပေတော့မည်"ဟု ဆင်ခြင်မိ၏။ ထို့နောက် မင်းသမီးမေနှင်းသွယ်တာနှင့် တွေ့ဖြီး အကျိုးသင့်အကြောင်းသင့် ချော့မော့ပြောဆို၏။ နှစ်ကိုယ်တစ်စိတ်ဖြစ်သောအခါ ထွက်ပြေးရန်တိုင်ပင်၏။ မင်းသမီးကလည်း သဘောတူ၍ "ဆင်မခြေလျင်[၁] နှင့် ငါ့ကို တင်၍ လွတ်အောင်ပြေးပါတော့"ဟု ဆိုသဖြင့် မဂဒူးလည်း ယူသင့်ယူထိုက်သော ရွှေငွေရတနာ ဥစ္စာပစ္စည်းများကို ဆင်ထက်တင်လျက် ယုံကြည်စိတ်ချရသည့် သူရဲသုံးကျိပ်နှင့် ရှမ်း တစ်ရာ[၂] ကျော်တို့ကိုခေါ်၍ မင်းသမီးမေနှင်းသွယ်တာအား ဆင်မခြေလျင်ထက်တွင် တင်ဆောင်ကာ သောက္ကတဲမြို့မှ ထွက်ပြေးလေ၏။ ပိုက်၀ါမည်သော စိမ့်တောလွင်ပြင်စခန်းသို့ ရောက်လျှင် ခြေရာဖျောက်၍ တကော့၀န်းသို့ ပြေးလေ၏။

၁။ လျင်မြန်စွာ သွားနိုင်သောဆင်မ။ ဆင်မယဉ်သာ။ ဆင်မရေကန်ဟူ၍လည်း ရှိသည်။

၂။ မြန်မာပေမူတွင် ဒိုင်းကိုင် ၇ကျိပ်နှင့် ရှမ်း ၂၀၀ကျော်ဟုဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com

မင်းသမီး မေနှင်းသွယ်တာကို မဂဒူး ခိုးပြေးသည့်အကြောင်းကို မြို့စောင့် အကြီးအကဲတို့ထံမှတစ်ဆင့် သောက္ကတဲမင်း "ဗြဟ္မောင်" ကြားသိလျှင် အလွန်ဒေါသ ထွက်၏။ "မဂဒူးကိုမိအောင်လိုက်ဖမ်းကြ"ဟု အမိန့်ထုတ်၏။ သို့သော် မဂဒူးကိုလိုက်၍ မမိနိုင်တော့ပေ။ ရှမ်းပြည် [၁] အပြင်ဘက်သို့ မဂဒူးရောက်နှင့်ပြီးဖြစ်သည်။ မဂဒူးလည်း အခြံအရံများနှင့် အလောတကြီးပြေးခဲ့ရာ လမ်းမှားလိုက်မိသဖြင့် မုသမု(မုဟ်သူ) ဆိပ်သို့ ရောက်သွား၏။ ထိုအရပ်တွင် ၂ ရက်မျှအနားယူပြီးမှ မိဘရပ်ဌာန်ဖြစ်သော တကော့ဝန်းသို့ အရောက်ပြန်လေ၏။ ယခင်က အထမ်းသမားသုံးကျိပ်တို့လည်း ကျွန်ခံလာကြ၏။ များမကြာမီ မဂဒူးသည် တကော့ဝန်းတွင် မြို့တည်၍ မင်းတစ်ပါးအဖြစ်နေသည်။ တကော့ဝန်းကို မြို့တစ်မြို့အဖြစ် တည်လိုက်သဖြင့် ဒုန်ဝန်း(ဥငှင်ဝါန်) [၂] ဟု ခေါ်ကြ သည်။

ဒုန်ဝန်းတွင် တည်တံ့စွာနေရာတကျဖြစ်သော် မဂဒူးသည် တန်ခိုးအင်အား ကြီးမားလာရေးအတွက် ပညာရှိများနှင့် တိုင်ပင်ဆွေးနွေး၏။ "ငါသည် ဘုန်းလက်ရုံး ကြီးသော အလိမ္မာမင်းနှင့် ပရိယာယ်ဖြင့် မိတ်ဖွဲ့ပြီး မုတ္တမမြို့ကို သိမ်းယူမည်" ဟု မဂဒူးကြံ၏။ ထို့နောက် လက်ဆောင်ပဏ္ဏာအဖြစ် ရွှေဖလားနှင့် ပုဆိုးကောင်းများကို အလိမ္မာမင်းထံဆက်စေ၏။ နမတော်နှင်းဥရိုင် (ဇောင်ဥရိုန်)ကိုလည်း မကြာမီဆက်သ ပါမည်ဟု မှာလိုက်၏။ အလိမ္မာမင်းလည်း ဝမ်းသာ၍ လက်ဆောင်ပဏ္ဏာများကို ပြန်ပို့၏။ သံသယကင်း၍ တစ်ဦးနှင့် တစ်ဦး ကြည်ဖြူစွာဆက်ဆံကြ၏။ တမန်အဆက် အသွယ်များ မပြတ်လပ်တော့ပေ။ ထို့ကြောင့် ဒုန်ဝန်းနှင့် မုတ္တမတို့တွင် မီးဖိုချောင် မီးမငြိမ်း [၃] တော့ပေ။ မြို့နှစ်မြို့မှာ တစ်မြို့တည်းကဲ့သို့ဖြစ်၍ ပြည်ထဲသာယာ၏။ တစ်ပြည်နှင့် တစ်ပြည် ရွှေလမ်းငွေလမ်းပေါက်၍ အေးချမ်းသည်။

မဂဒူးက နမတော်နှင်းဥရိုင်ကို ဆက်သမည်ဆိုသဖြင့် အလိမ္မာမင်းသည် နှင်းဥရိုင်ကိုမြင်လိုစေဖြင့် မိကျောင်းလေ ၂၀ [၄] စီရင်၍ ကွန်ပစ်မင်္ဂလာထွက်သည်။ တကော့ဝန်းကမ်းခြေသို့ အရောက်ဆန်လာသည်။ ထိုသတင်းကို ကြားသိရလျှင် မဂဒူးသည် နမတော် နှင်းဥရိုင်ကို အထိန်းအချို အခြွေအရံ မိန်းမပျိုများစွာနှင့်အတူ

၁။ ရှမ်းပြည်ဟုဆိုရာ၌ ယိုးဒယားပြည်ကို ဆိုလိုသည်။

၂။ ဒုန်ဝန်း = ဂဝံကျောက်မြို့။

၃။ သံတမန်ဧည့်သည်များကို အမြဲမပြတ် ချက်ကျွေးရသဖြင့် မီးဖိုတွင် မီးမငြိမ်းဟု ဆိုလိုသည်။ မြန်မာပေမူတွင် မီးမသေ ရေမပြတ်စေပါဟု ရေးသည်။

၄။ မြန်မာပေမူတွင် တံငါများနှင့် လှေငယ်တစ်စင်းနှင့် ကွန်ပစ်မည်ခန့်၏ ဟုရေးသည်။

www.burmeseclassic.com

www.burmeseclassic.com

သဲသောင်ပြင်သို့လွှတ်၍ ရေကစားစေသည်။ အလိမ္မာမင်းလည်း နင်းဥရိုင်ကို မြင်လျှင် မြင်ခြင်း ကြိုက်နှစ်သက်၍ လွန်စွာတပ်မက်သည်။

အလိမ္မာမင်း[၁] သည် မုတ္တမသို့ပြန်ရောက်လျှင် နင်းဥရိုင်ကို စွဲလမ်းနေသဖြင့် မဂဒူးထံ လက်ဆောင်ပဏ္ဏာများပို့ပြန်သည်။ "အဆွေတော်၏ နှမတော် နင်းဥရိုင်ကို ကျွန်ုပ်အား ဆက်သမည်ဆိုသည်မှာ မည်သည့်နေ့ရက်တွင် ဆက်သပါမည်နည်း" ဟု မေးစေ၏။ မဂဒူးလည်း မိမိအကြံအောင်နိုင်ရေးအတွက် အမိနှင့်တကွ နှမတော် နင်းဥရိုင်ကို အလိမ္မာမင်းထံ ပို့ရလေ၏။ ထို့နောက် တောင်လွဲ သဲသောင်ပြင်တွင် မင်္ဂလာပွဲကျင်းပ၍ အောင်သေအောင်သားစားကာ ပျော်ပါးစွာ သီဆိုတီးမှုတ် ကခုန်ကြရန် ချိန်းဆိုကြ၏။ ထိုအခါ အလိမ္မာမင်းသည် ကျွန်များကို ခေါ်၍ဆို၏။ "မဂဒူးသည် သစ္စာမဲ့သူဖြစ်သည်။ သောက္ကတဲမင်းထံ ခစားစဉ်က သင်းကို ဝင်းမှူးအဖြစ် အာဏာပေးထားပါလျက် မင်း၏ဂုဏ်ကျေးဇူးတော်ကို မထောက်ဘဲ၊ ပစ္စည်းဥစ္စာများနှင့်တကွ သမီးတော် မေနှင်းသွယ်တာကိုပါ ခိုးယူထွက်ပြေးခဲ့သည်။ ယခုလည်း ငါ့ကိုသင်းနှမပေးသည်မှာ စေတနာရိုးမဟုတ်၊ နောင်အခွင့်သာလျှင် ငါ့ကိုမုချ သင်းသတ်ဦးမည်။ သင်းနှမကိုလည်း ငါရစေ၊ သင်းကိုလည်း သေစေရမည်။ အောင်သေအောင်သားစားမည့် မင်္ဂလာပွဲညတွင် မှောင်လျှင် ဓားမြှောင်ကိုယ်စီဆောင်ထားကြ၊ စားသောက်မူးယစ်၍ ကခုန်ကြသောအခါ မဂဒူးကိုမိအောင် ဖမ်းကြစေ" ဟု မိန့်ဆိုပြီး တောင်လွဲသဲပြင်တွင် မဏ္ဍပ်ကနားကြီး တစ်ဆောင်ဆောက်စေ၏။ မဏ္ဍပ်တွင် မျက်နှာကြက်အမိုးနှင့်တကွ ကန့်လန့်ကာများဖြင့် မိုးကာ၍ ခေါင်းအုံးမွေ့ရာများ၊ မှီအုံးများစုံလင်စွာခင်းကျင်းစေ၏။ အမွေးနုံသာ မီးတိုင်များကို မဏ္ဍပ်တိုင်အသီးသီးတွင် ထွန်းညှိထား၏။ တံခွန်၊ကုက္ကား၊ကြဲပင်၊ငှက်ပျောပင်များစိုက်၍ လှပတင့်တယ်စွာ ပြုပြင်စီမံထားစေ၏။

အလိမ္မာမင်းသည် မင်္ဂလာပွဲညတွင် မဂဒူးအား သတ်ရန် လျှို့ဝှက်စွာ ကြံစည်ထားသည့် သတင်းကို မဂဒူးအမိနှင့် နင်းဥရိုင်တို့သိရလျှင် မဂဒူးထံ အကြောင်းကြားလေ၏။ မဂဒူးလည်း အမိနှင့် နှမထံမှ လျှို့ဝှက်သတင်းများကို အားလုံးကြားရပြီးလျှင် ကျွန်များကိုခေါ်၍ သစ္စာပြုစေပြီး ညွှန်ကြား၏။ "ငါနှင့် အလိမ္မာမင်းတို့ ချိန်းဆိုထားသည့် မင်္ဂလာပွဲတွင် မင်းတို့ သောက်ယောင်သာပြုကြ၊ အရက်ကိုငုံ၍ သူတို့မသိအောင် ထွေးပစ်ကြ၊ မင်းတို့မူးဟန်ပြုကြ၊ သူ့ကျွန်တွေ ယစ်ကြလျှင် "မဇ"ဟု ငါဆိုမည်။ ထိုအခါ မင်းတို့အားလုံး သောက်စားမှုကို ရပ်လိုက်ကြ၊ "မုန်ဇုန်"ဟုငါဆိုလျှင် ထမင်းစားကြ။ "မပ်ဇပ်"ဟု ငါဆိုလျှင် ချက်ချင်း ထခုတ်ကြကုန်"ဟု စကားအချက် ၃ ခွန်းကို ဆို၏။

၁။ အလိမ္မာမင်းသည် ပုဂံပြည်ကို ပုန်စားသော မုတ္တမမြို့စားဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

မင်္ဂလာပွဲနေ့တွင် အရက်အိုးများကို ညီစွာစီထားကြ၏။ မဂဒူးသည် မင်းဖြစ်ရမည့် အချိန်တန်သဖြင့် သခင်နှင့် ကျွန်များညီ၍ တစ်စိတ်တစ်ဝမ်းတည်း ဖြစ်ကြ၏။ မဂဒူးနှင့် ကျွန်များသည် မဏ္ဍပ်ကနားသို့ရောက်ကြလျှင် အလိမ္မာမင်း၏ အလာကိုသာ စောင့်မျှော်နေကြ၏။ မဂဒူးအား အလိမ္မာမင်းလုပ်ကြံရန် စီစဉ်ထားသည့် အချိန်မှာ ညမှောင်သည့်အခါ ဖြစ်၏။ အလိမ္မာမင်းအား မဂဒူးသတ်မည့်အချိန်မှာ နေဝင်ရိတရော၊ ဒီရေတက်၍ ကမ်းထက်ဝက်ရောက်ချိန်ဖြစ်၏။

မဂဒူးသည် မဏ္ဍပ်ကနားသို့ ရောက်နှင့်ပြီဖြစ်၍ အချိန်တန်လျှင် အလိမ္မာမင်းသည် ဘုရင့်အဝတ်တန်ဆာ အဆောင်အယောင်များဖြင့် ကောင်းစွာဆင်ယင်ကာ သူရဲသူခက်များနှင့်တကွ ဆင်စီး၍ မုတ္တမမြို့မှ ထွက်ခဲ့လေ၏။ တောင်လွဲသဲသောင်ပြင်သို့ ရောက်လျှင် ဆင်ထက်မှသက်၍ မဂဒူးရှိရာ မဏ္ဍပ်ကနားကြီးအတွင်းသို့ဝင်၍ အတူထိုင်ကြ၏။

ချစ်ခင်ရင်းနှီးစွာ စကားပြောဆိုကာ စားသောက်ကြ၏။ တစ်ဦးနှင့်တစ်ဦး အောင်မြင်စေကြောင်း ဆုတောင်း၍ သစ္စာအဓိဋ္ဌာန်ပြုကြ၏။ ပန်းနှင့် အမွှေးအကြိုင်များဖြင့် အပြန်အလှန် ထုတ်ပေးကြ၏။ အချို့ပန်းများကို ဦးခေါင်းတွင်လည်းကောင်း၊ အချို့ကို နားတွင်လည်းကောင်း ပန်ဆင်ကြ၏။ ဤအောင်သေအောင်သား စားသောက်ပွဲတွင် သခင်နှင့် ကျွန်များသည် ပျော်ရွှင်စွာရောနှော၍ သောက်စားကြ၏။ သီဆို တီးမှုတ်ကခုန်ကြ၏။ မဂဒူး၏ကျွန်များသည် သခင်၏ ညွှန်ကြားချက်အတိုင်း အရက်ကိုငုံပြီး လူမမြင်အောင် ထွေးပစ်ကြ၏။ နည်းနည်းသောက်၍ များများမူးဟန်ပြုကြ၏။ အလိမ္မာမင်း၏ ကျွန်သူရဲ သူခက်များကို အရက်ခပ်ပေးကြသည်။ အချင်းချင်း လက်တွဲ၍ သီဆိုကခုန်ကြသည်။ ယင်းသို့ မင်းနှစ်ပါး၏ အောင်သေအောင်သားစားသည့် မင်္ဂလာပွဲကို ကျင်းပကြရာတွင် အချိန်မှာတရွေ့ရွေ့ ကုန်မှန်းမသိကုန်ခဲ့လေသည်။

နေမွန်းယိမ်းပြီး ညနေစောင်းတွင် ဒီရေတက်လာ၍ ကမ်းထက်ဝက်မျှရှိလတ်သော် အလိမ္မာမင်း၏ကျွန်များသည် အလွန်အကျွံ မူးယစ်နေကြ၏။ မဏ္ဍပ်ကနားရှိရာ သဲသောင်ပြင်ကြီးနှင့် ကမ်းခြေအကြားတွင် ဒီရေရောက်၍ ချောင်းအမောက်[၁] ပမာ ရေလျှံနေ၏။ ရေအနက်မှာလည်း ဆင်တစ်ရပ်မြုပ်လောက်ရှိသည်။ နေလည်းဝင်လုပြီဖြစ်၍ အချိန်တန်လတ်သော် "မဇ"ဟု အမှတ်မထင် မဂဒူးဆိုလိုက်၏။ မဂဒူး၏ ကျွန်များလည်း သောက်စားခြင်းကို ရပ်လိုက်ကြ၏။ "မုန်ဇုန်"ဟု မဂဒူး ဆိုပြန်လျှင် ထမင်းစားကြကုန်၏။ "မပဓပ်"ဟု ဆိုသောအခါ ဓားဆွဲ၍ထခုတ်ကြလေ၏။ မဂဒူး၏ သူရဲ(၇၀)တို့၏ လက်ချက်ဖြင့် မူးယစ်နေသော အလိမ္မာမင်း၏ ကျွန်သူရဲသူခက်များ သေကုန်ကြ၏။

၁။ ချောင်းအမောက် (ခေ့ဝ်ကြောင့်) = ရေလျှံသောချောင်း။

www.burmeseclassic.com

www.burmeseclassic.com

အလိမ္မာမင်းမှာမူ ဆင်မတစ်စီးထက်သို့ ခုန်တက်၍ ကိုယ်လွတ်ပြေးလေ၏။ သောင်ပြင်အမောက်[၁]ပေါ်မှ ဆင်းပြေး၍ ချောင်းအမောက်ကိုကူးသောအခါ ဆင်ဝမ်းမြှုပ်နေသဖြင့် လျင်မြန်စွာ မပြေးသာတော့ပေ။ မဂဒူး၏သူရဲများ မီလာလျှင် အလိမ္မာမင်းကို ထိုနေရာတွင်ပင် ခုတ်သတ်လိုက်ကြ၏။ တောင်လွဲ သဲသောင်ပြင်တွင် အလိမ္မာမင်း၏ အလောင်းကောင်ကို မြှုပ်သဖြင့် အလိမ္မာသဲပြင်ဟု တွင်ပြန်သည်။

သက္ကရာဇ် ၆၄၃ [၂]–ခုနှစ်တွင် မဂဒူးသည် အလိမ္မာမင်းကိုအောင်မြင်၍ မုတ္တမကို ရသည်။ မုတ္တမမြို့၏ အလယ်ဗဟိုတွင် တန်ဆောင်းကြီးတစ်ဆောင် ဆောက်လုပ်သည်။ ဗေဒင်တတ်သော ပညာရှိ ရဟန်း ပုဏ္ဏားဟူးရားတို့နှင့် တွေ့ဆုံဆွေးနွေးသည်။ ညီညွတ်ကြလျှင် ခမ္မသတ်တစ်စောင်ပြု၏။ "ဤခမ္မသတ်သည် ကမ္ဘာတည်သရွေ့ တည်ပါစေသတည်း" ဟု မဂဒူးဆုတောင်း၏။ မဂဒူး ခမ္မသတ်ဟုတွင်ရာမှ နောင်တွင် ဝါရိရူးအမည်ခံသဖြင့် ဝါရိရူးခမ္မသတ်ဟု တွင်ပြန်သည်။

မဂဒူးသည် မုတ္တမမြို့ကို အသစ်တည်ရန် စီရင်၏။ မှူးမတ် သေနာပတိများ၊ ရဟန်း ပုဏ္ဏား ဟူးရားများနှင့် တိုင်ပင်သည်။ မြို့တည်မည့်နေရာကို မြေညှိရန် တောရှင်းကြရာ ကျားတစ်ကောင်ရလေ၏။ ဓဂိုး ဆရာမဟာသာမိ၊ ဆရာ ဝါကရောနှင့် ဆရာကာဝေါင်တို့ကို ခေါ်၍ နိမိတ်ဖတ်စေ၏။ ပညာရှိ ၃–ဦးတို့ ဆင်ခြင်စဉ်းစား၍ ဖတ်ကြားသည်မှာ "ကျားဟု အဓိပ္ပာယ်ရသော (ကွ)အက္ခရာဟူရာဌ် (က)သည် တနလ်ံနံ (လ)သည် ရာဟုန်၊ တနလ်ံနံနှင့် ရာဟုန် ပေါင်းစပ်သော် (ကွ) ကျား ဖြစ်၏။ တနလ်ံနံတွင် ရာဟုန် လာဖက်သဖြင့် တနလ်ံနံသည် သာမယျဖြစ်၍ ရာဟုန်သည် ပါပဖြစ်သည်။ ပါပသည် သာမယျနှင့် လာ၍စပ်သဖြင့် ယခုတည်သည့်မြို့တွင် ရန်စစ်အနည်းငယ်ရှိမည်။ သို့သော် ကျားဟူသည်မှာ သတ္တဝါတို့၏ မင်းဖြစ်၍ ဤမြို့သည် တန်ခိုးကြီးပေလိမ့်မည်–"

နောက်တစ်ကြိမ် စပါးကြီးမြွေတစ်ကောင် ရပြန်၏။ "စပါးကြီးမြွေ အနက်ရသော (ကွန်) အက္ခရာတွင် တနလ်ံနှင့် ရာဟုန်ပေါင်းစပ်ပြီး စနေနံ (န)သည် အသတ်ဖြစ်၏။ စပါးကြီးမြွေမှာ အဆိပ်မရှိသော သတ္တဝါဖြစ်သဖြင့် ဤမြို့သည် သဘော်ဆိပ်မြို့ဖြစ်ပြီး သူဌေးသူကြွယ်ပေါများမည်"ဟု နိမိတ်ဖတ်ကြ၏။ နောက်တစ်ဖန် ဥများကိုဝပ်နေသော ဒေါင်းမတစ်ကောင်ကို ရပြန်၏။ "ဒေါင်းဟု အနက်ရသော (မြာက်) အက္ခရာတွင် "မ"မှာ ကြာသပတေးနံ။ ရ မှာ ရာဟုန်၊ တနလ်ံ (က)သည် အသတ်ဖြစ်၏။ ရာဟုန်ဆိုသည်မှာ ဆင်နံလည်းဖြစ်၏။ ဒေါင်းဥမှာ အဖြူရောင်ဖြစ်သဖြင့် ရှေ့အဖို့တွင် ဆင်ဖြူတစ်စီးရရှိမည်။ ကြာသပတေးနှင့် တနလ်ံနံတို့မှာ သာမယျဖြစ်၍ မဟာမိတ်တစ်ဦးထံမှ ဆင်ဖြူကိုရရှိလိမ့်မည်"ဟု နိမိတ်ဖတ်ကြ၏။

၁။ သောင်ပြင်အမောက် (ဒ္ဒောဝ်တ္တိ) = မိုမောက်သောသောင်ပြင်။
(မွန်ဘာသာ ဒ္ဒောဝ် ဟူသည် တံခွန်၊ အမောက်ဟုအနက်ရှိသည်။)

၂။ မြန်မာပေမူတွင် ၆၄၈–ခုနှစ်ဟုဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com

မဂဒူးလည်း နိမိတ်များကိုကြား၍ အလွန်ဝမ်းမြောက်ပြီး နိမိတ်ဆရာများကို ဆုလာဘ်များစွာ ချီးမြှင့်၏။ ထိုနောက် မဂဒူးက "ငါတို့ မင်းဧကရာဇ်သည် စစ်ကို ရှောင်ရာသလော၊ ရန်စစ်လာလျှင် ဉာဏ်ပညာဖြင့် စီရင်နိုင်ရမည်။ ဆင်ဖြူရှင်ဖြစ်ရမည် ဆိုသည်ကို ငါအလွန်ကျေနပ်သည်။ ငါ၏ဘွဲ့တော်ကို သောက္ကတဲမင်းထံတောင်းမည်"ဟု မိန့်ကြား၏။

ထို့နောက် သောက္ကတဲမင်းထံ လက်ဆောင်ပဏ္ဏာများစီရင်၍ လိုက်ဂီအမတ်အား သဝဏ်လွှာနှင့် စေလွှတ်လိုက်၏။ သဝဏ်လွှာတွင် "ကျွန်တော်မျိုး စောဦခုရည် ခြေတော်ဦးခိုက်၍ ရှိခိုးလျှောက်ကြားအပ်ပါသည်။ ကျွန်တော်မျိုးသည် အရှင်မင်းကြီး၏ ရွှေဖဝါးတော်အောက်က ကျွန်ဖြစ်ပါသည်။ ကျွန်တော်မျိုးအား အရှင်မင်းကြီး ကရဏာ ထား၍ အခွင့်အာဏာများ ပေးထားခဲ့သည်ကို ကျွန်တော်မျိုး မဆင်ခြင်မိဘဲ အမိန့်တော်နှင့် မညီသော အမှုကို ပြုမိချေသည်။ အရှင်မင်းကြီး၏ ရာဇဒဏ် သင့်မည်စိုး၍ ကျွန်တော်မျိုး ထွက်ပြေးတိမ်းရှောင်ခဲ့ရပါသည်။ ကျွန်တော်မျိုးတို့ နှစ်ဦးစလုံးတို့သည် အရှင်မင်းကြီး၏ ပါရမီအဟုန်ကြောင့် မိဘရပ်ထံဖြစ်သော တကောဝန်းသို့ ဘေးအန္တရာယ်မရှိဘဲ ချောမောစွာ ဆိုက်ရောက်ကြပါသည်၊ ကျွန်တော်မျိုးတို့၏ အပြစ်များကို တစ်ကြိမ်တစ်ခါ ခွင့်လွှတ် ပါရန် အရှင်မင်းကြီး၏ ရွှေစက်တော်အစုံကို အဝေးမှနေ၍ ကျွန်တော်မျိုးတို့ ၂ဦးစလုံးက ကန်တော့ တောင်းပန်လိုက်ပါသည်။ အရှင်မင်းကြီး၏ ဘုန်းတန်ခိုးတော်ကြောင့် ကျွန်တော်မျိုးသည် မုတ္တမမြို့တွင် အလိမ္မာမင်းကို အောင်မြင်ခဲ့ပါသည်။ မုတ္တမမြို့ကို တည်၍ နန်းသစ်ဆောက်ပြီးလျှင် သောက္ကတဲထီးဖြူကို ကျွန်တော်မျိုး မှီခိုလိုပါသည်။ အရှင်မင်းကြီး၏ ရွှေဖဝါးတော်အောက်တွင် ကျက်သရေမင်္ဂလာဖြစ်ရန် ကျွန်တော်မျိုးအား မင်းမြောက်တန်ဆာငါးပါးနှင့် ဘွဲ့အမည်တို့ကို ချီးမြှင့်ပါရန်နှင့် ကျွန်တော်မျိုးအား ရာဇဘိသေကခံယူခြင်းကို ခွင့်ပြုပါရန် တောင်းခံပါသည်။ ကျွန်တော်မျိုးအား မေတ္တာ ကရုဏာရှေ့ထား၍ တောင်းဆိုသည့်အခွင့်အာဏာများကို ပေးသနားပါရန် လျှောက်ထား တောင်းပန်အပ်ပါသည်"

လိုက်ဂီအမတ်သည် ရွှေပန်း၊ ငွေပန်း အစရှိသော လက်ဆောင်ပဏ္ဏာများနှင့် ယင်းသဝဏ်လွှာကို သောက္ကတဲမင်းထံ သွားရောက်ဆက်သလေ၏။ ပြည့်ရှင်မင်းလည်း အလွန်ဝမ်းမြောက်၍ မှူးမတ်သေနာပတိများကိုခေါ်၍ မိန့်၏၊ "ယခင်က မဂဒူးကို ငါခြေတော်ရင်းတွင် ခစားစေ၍ ငါပြုစုခဲ့သည်။ ဝင်းမှူးအဖြစ် ငါယုံကြည်၍ ခန့်ထား ခဲ့သည်။ ငါသမီးနှင့်ရည်ငံပြီး ငါရာဇဒဏ်ကို ကြောက်သဖြင့် တိမ်းရှောင်သွားခြင်း ဖြစ်သည်။ ငါသမီးလည်း သူနှင့်အတူ ရှိနေသဖြင့် သူသည် ငါ့ သမက်ပင်ဖြစ်သည်။ မိဘတို့မည်သည် သားသမီးတို့ကို ပြုပြင်ပေးရမည့် ဝတ္တရားရှိသည်။ မဂဒူးသည်

www.burmeseclassic.com

www.burmeseclassic.com

ဘုန်းရှိသူ ကုသိုလ်ရှင်တစ်ဦးဖြစ်၍ မုတ္တမတွင် မင်းဖြစ်ရပြန်သည်။ မဂဒူးနှင့် သင့်တင့်လျောက်ပတ်သော ဘွဲ့အမည်တစ်ခုကို ငါချီးမြှင့်ရမည်။ မဂဒူး၏ မိဘမျိုးနွယ်မှာ သာမန်လယ်သမား ကုန်သည်ကလေးမျှသာ ဖြစ်သည်။ မင်းမျိုးမင်းနွယ် မဟုတ်စေကာမူ ယခု ထူးချွန်၍ မင်းတစ်ပါးဖြစ်ရသည်။ မိုးပေါ်က ကျလာသော မိုးကျွေကိုယ်ပင် ဖြစ်သည်။ ငါလည်း ကောင်းကင်ပြင်က ထွန်းတောက်သူဖြစ်သည်။ မဂဒူးသည် ငါ့အရိပ်ကို ခိုလှုံခဲ့သူလည်းဖြစ်သည်။ ငါ၏ ဘွဲ့အမည်မှာ ဗြဂျောင်ဖြစ်သဖြင့် ငါ့သမီးနှင့် စုံဖက်သော မဂဒူးကို ဗညားဝါရူး ဟူသော ယိုးဒယားဘာသာဘွဲ့ အမည်ဖြင့် ငါချီးမြှင့်မည်။ မဂဒူးသည် ငါကဲ့သို့ မိုးကျွေကိုယ်မင်းပင် ဖြစ်တော့သည်"ဟု မိန့်ကြားပြီး ရွှေပြားတွင် "ဗညားဝါရူး"ဟူသော ဘွဲ့တံဆိပ်တော်ကို ခတ်စေ၍ မင်းမြောက်တန်ဆာ ငါးပါးဖြစ်သော (၁) မကိုင်္ဍသရဖူ၊ (၂) ပိုးခါးပန်းကြိုး၊ လက်ကျပ်နှင့် ရွှေစလွယ်၊ (၃) ထီးဖြူ၊ (၄) ရတနာစီထားသော သန်လျက်၊ (၅) ကျောက်စီ ရွှေခြေနင်းတို့ကို လည်းကောင်း၊ ရွှေဖရဲသီးပုံ ခေါင်းအုံး၊ မိုအုံး၊ သားမြီးယပ်၊ အနားကွပ်ဖျာစသော ရာဇဘိသေက ခံယူရာတွင် လိုအပ်သည့် တန်ဆာများကိုလည်းကောင်း လိုက်ဂိအမတ်လက်သို့ အပ်လိုက်လေသည်။ ထို့နောက် လိုက်ဂိအမတ်အား အမှာစကားပါးလိုက်သည်မှာ- "အမတ်ကြီး၊ မုတ္တမမင်း ဗညားဝါရူး၌ရှိသော အပြစ်များကို ငါခွင့်လွှတ်သည်။ ဘိသိက်ခံပြီး မင်းပြု သောအခါ မင်းကျင့်တရား ၁၀ပါးနှင့်အညီ အုပ်စိုးရမည်၊ သမာဓိရှိရမည်၊ ရွှေ၊ငွေ၊လာဘ်လာဘကို မမြင်ဘဲ၊ တရားမျှတစွာ ပြည်သူပြည်သားတို့၏ အမှုကိစ္စများကို ဆုံးဖြတ်ရမည်။ လူသတ္တဝါအပေါင်းတို့ကို အစဉ်သဖြင့် စောင့်ရှောက်၍ သနားကြင်နာစွာ အုပ်စိုးရမည်။ အခွန်ဘဏ္ဍာများကို ရှေးမင်းများ၏ ပဝေသဏီ အစဉ်အလာအတိုင်း ကောက်ခံရမည်။ ဗုဒ္ဓမြတ်စွာဘုရား၏ သာသနာတော်ကိုလည်း ထွန်းလင်းတောက်ပစေရန် ချီးမြှင့်ရမည်။ သို့မှသာလျှင် မင်းကောင်းမင်းမြတ်ဖြစ်မည်ဆိုသည်ကို မဂဒူးအား ငါက အမှာစကား ပါးလိုက်ကြောင်းကို တစ်ဆင့်တင်လျှောက်ပါ"ဟု မိန့်၍ မိမိ၏ အမတ် တစ်ယောက်ကိုလည်း လိုက်ဂိအမတ်နှင့်အတူ ထည့်လိုက်လေသည်။

လိုက်ဂိအမတ်သည် မုတ္တမသို့ပြန်ရောက်လျှင် မင်းမြောက်တန်ဆာများနှင့် လက်ဆောင်ပစ္စည်းများကို မဂဒူးအားဆက်သပြီး သောက္ကတဲမင်း ဗြဂျောင်၏ အမှာစကားများကို တစ်လုံးမကျန်အောင် တင်လျှောက်လေ၏။

မဂဒူးလည်း ဗညားဝါရူးဘွဲ့ ရွှေပြားနှင့် မင်းမြောက်တန်ဆာငါးပါးတို့ကို လက်ခံယူပြီး သောက္ကတဲမင်းအား ရည်စူး၍ အဝေးမှဦးခိုက်ကန်တော့လေ၏။ သောက္ကတဲမင်း ဗြဂျောင်၏ မှာကြားချက်အားလုံးကို အစဉ်လိုက်နာကျင့်သုံးမည်ဖြစ်ကြောင်း ကတိသစ္စာ ပြုလေသည်။

www.burmeseclassic.com

www.burmeseclassic.com

သက္ကရာဇ် ၆၄၈[၁] ခုနှစ် တန်ခူးလဆုတ် ၆-ရက် ကြာသပတေးနေ့ မကာရလင်၊ နက္ခတ် ၂၁လုံး ယှဉ်သည့်အခါတွင် နန်းတော်၏ကြင့်နှိုးတိုင်ထူရန် စီရင်၏။ ခဂိုးမဟာသာမိက အခါပေးသည်။

ထိုအခါ ပဋိသန္ဓေ ရှစ်လရှိသော မိန်းမတစ်ယောက်သည် လင်ကိုမာန်ပြု၍ အိမ်မှ ထွက်လာ၏။ ကြင့်နှိုးတိုင်ထူရန် တွင်းအပါးသို့ရောက်လာလျှင် အခါရောက်ပြီဟု ဆရာဆိုသဖြင့် အခါစောင့်သူများက ထိုမိန်းမကို တွင်းသို့တွန်းချ၍ ကြင့်နှိုးတိုင် ထူကြ၏။ မိန်းမကိုယ်ဝန်ကွဲ၍ သွေးများသည် တွင်းပေါ်သို့စဉ်တက်ရာတွင် မြွေ ရှစ်ကောင်ပါလာ၏။ မြွေ ၇ကောင်မှာ ထိုနေရာတွင်ပင်သေ၏။ မြွေတစ်ကောင်မှာ ထိုနေရာမှ အနောက်သို့သွား၍ သေလေ၏။ ပညာရှိနိမိတ်ဆရာတို့မြင်လျှင် "ဤမြို့တွင်း ၈-ဆက် အုပ်စိုးမည်။ ၇-ဆက်မှာ ဤမြို့တွင်းကဲ့ကုန်မည်။ နောက်ဆုံး တစ်ဆက်သည် ဤမြို့တွင်းဖြစ်သော်လည်း နောင်တွင် အနောက်အရပ်သို့ ပြောင်းရွှေ့လျက် မင်းပြုမည်။ အနောက်အရပ်တွင်ပင် အနိစ္စရောက်လိမ့်မည်"ဟု နိမိတ်ဖတ်ကြကုန်၏။

ရွှေနန်းတော်ကို အပြီးတိုင်တည်ဆောက်ပြီးနောက် သက္ကရာဇ် ၆၄၉-ခုနှစ် (တပို့တွဲလပြည့် ကြာသပတေးနေ့ ဖြစ်ဟန်ရှိသည်) တွင် မဂဒူးသည် ဗညားဝါရူးဘွဲ့ဖြင့် မုတ္တမတွင် ရာဇဘိသေက ခံယူ၏။ ဆူးငြောင့်ခလုတ်များဖြစ်သော ရန်သူအပေါင်းတို့ကို ကုန်စင်အောင်ဖြိုခွင်းပြီး မင်းကျင့်တရားနှင့်အညီ စိုးစံ၍ ပြည်သူတို့၏ စီးပွားချမ်းသာမှုကို ဆောင်၏။ မုတ္တမမြို့သည် စည်ပင်သာယာဝပြော၍ စည်ကားလှသည်။ ဗညားဝါရူးဟု မူလကခေါ်လာရာမှ နောင်တွင် "ဝါရီရူး"ဟု မွန်တို့က ခေါ်ကြသည်။

မုတ္တမမြို့၏ အရှေ့မြောက်ထောင့်တွင် ကမ္မလာနိမည်သော မြို့တစ်မြို့ရှိ၏။ ကမ္မလာနိမင်းမှာ တောကစားထွက်နေသည်ဟု ကြားရသဖြင့် ဝါရီရူးမင်းသည် ဗိုလ်ပါအလုံးအရင်းနှင့်တကွ ကမ္မလာနိမြို့သို့ အပြင်းချီပြီး ကမ္မလာနိမင်း၏ သမီးတော်နှင့် အမတ်သူရဲ၊ ဆင်၊ မြင်း ရှိသမျှကို သိမ်းယူလိုက်၏။

ကမ္မလာနိမင်းလည်း တောကစားရာမှပြန်ရောက်သော် မိမိ၏သမီးနှင့် ကျွန်များကို ဝါရီရူးမင်းသိမ်းယူသွားကြောင်း သိရလျှင် အလွန်ဒေါသကြီးစွာဖြင့် သူရဲသူခက် ဗိုလ်ပါများနှင့် မုတ္တမကိုသွားရောက် ဝန်းရံလေ၏။

၁။ မြန်မာမူတွင် သက္ကရာဇ် ၆၄၉-ခု တပို့တွဲလပြည့် ကြာသပတေးနေ့၊ မကာရလင်၊ လင်္ကတ်စန်း၊ နက္ခတ် ၂၁-လုံး အခါဟု ဆိုသည်။

၂။ ကမ္မလာနိသည် ရှမ်းမင်းတစ်ပါး ဖြစ်ဟန်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com

ဝါရီရူးမင်းလည်း မှူးမတ်သေနာပတိများကို စုရုံး၍ မိန့်ဆို၏။ "ကမ္မလာနိမင်းသည် ဒေါသအမျက်ကြီးစွာဖြင့် ယခုစစ်ချီလာ၍ ငါတို့ကို ဝန်းရံထားခြင်းဖြစ်သည်။ သင်တို့ထွက်မတိုက်ကြရဘဲ၊ ဥပါယ်တံမျဉ်ဖြင့် သူ့ကိုငါအနိုင်ယူမည်။ သင်တို့ကို မပင်ပန်းစေရပါ။ အခက်အခဲနှင့် မကြုံစေရပါ"ဟုဆိုပြီး လက်ဆောင်ပဏ္ဏာများနှင့် အဆိပ်ခတ်ထားသော အရက်ကောင်းများကို စီရင်လျက် ကမ္မလာနိမင်းထံ ဆက်သရန် သေနာပတိများကို စေလွှတ်၏။

အမှာစကားဖြင့်လည်း ဤသို့ပါးလိုက်၏။ "အရှင်မင်းကြီး၏ သမီးတော်ကို ကျွန်ုပ်ဆောင်ယူခဲ့သည်မှာ ကျွန်အဖြစ်ထားသည် မဟုတ်ပါ။ ရွှေနန်းပြာသာဒ်ပေါ်တွင် ပုဏ္ဏားရှစ်ယောက်တို့က လက်ယာရစ် ခရသင်းရေဖြင့် သွန်းလောင်း၍ ဂါထာမန္တန်များ ရွတ်ဖတ်ပြီး အဂ္ဂမဟေသီမိဖုရားကြီးအရာတွင် စံစားစေခြင်းဖြစ်ပါသည်။ မင်းသမီးနှင့် အတူပါလာသော အရှင်မင်းကြီး၏ကျွန်များနှင့် ဆင်မြင်းတို့ကို အရှင်မင်းကြီးထံအရောက် ပြန်ပို့ပေးမည်ဖြစ်ပါသည်"

သေနာပတိတို့သည် ကမ္မလာနိမင်းထံ အခစားဝင်၍ နှုးညံ့သိမ်မွေ့စွာ ယင်း အမှာစကားများကို တင်လျှောက်ကြပြီး လက်ဆောင်ပဏ္ဏာများကို ဆက်သ၏။ ကမ္မလာနိမင်းလည်း အမျက်ပြေ၍ လက်ဆောင်ပစ္စည်းများကို လက်ခံလိုက်၏။ ရှမ်းတို့သည် အရက်ကောင်းကို ကြိုက်နှစ်သက်ကြသဖြင့် သဲသယကင်းစွာဖြင့် ဆက်သသော အရက်လက်ဆောင်များကို မင်းနှင့်တကွ ငယ်သားများပါ ဝေငှ၍ သုံးဆောင်ကြ၏။ ပျော်ပါးစွာသောက်စား၍ မကြာမီပင် အဆိပ်မိသဖြင့် ကမ္မလာနိမင်းနှင့်တကွ စစ်သည် ဗိုလ်ပါများစွာသေကြလေ၏။ မသေဘဲကျန်သော စစ်သည်တပ်သားများနှင့် ဆင်မြင်း လက်နက် ကိရိယာတန်ဆာများကို ဝါရီရူးမင်းကိုယ်တိုင်ထွက်၍ သိမ်းယူ၏။ သို့နှင့် မုတ္တမမြို့တွင် အင်အားများစွာ တိုးတက်ခဲ့လေသည်။

ထိုခေတ်တွင် ပဲခူး[၁]သည် ပုဂံပြည်လက်အောက်ခံဖြစ်၍ အခွန်တော်ဆက်ရ၏။ ပုဂံတွင် အချိန်အပိုင်းအခြားဖြင့် တာဝန်ထမ်းဆောင်ရသော ပဲခူးသားတို့သည် တာဝန်ပြီးသောအခါ ပဲခူးသို့ပြန်ခွင့် ရကြလေ၏။ ပဲခူးသူ မွေ့လျော်၏သား အခမမန်းသည် ရှင်သာမဏေဘဝနှင့်နေစဉ် ကျောက်ပြားတစ်ခုတွင် အမြဲအပေါ့သွားလေ့ရှိ၏။ တစ်နေ့တွင် ကျောက်ပြားပေါက်သွားသည်ကို ဆရာတော်အား ပြောပြ၏။ ဆရာတော်က "မောင်ရှင်သည် ဘုန်းရှင်ဖြစ်မည့် လက္ခဏာပါသည်။ အနာဂတ်တွင် အကြီးအကဲဖြစ်ရလိမ့်မည်"ဟု နိမိတ်ဖတ်၏။ အခမမန်းလည်း နိမိတ်ကောင်းရသဖြင့် လူထွက်ပြီးလျှင် မတယော်၏သမီးကို တောင်းခံလေ၏။ မတယော်က ပုဂံတွင်

၁။ ပဲခူး။ မွန်ဘာသာတွင် – ဗဂေါဝ် (ဗဂိုး) = လှပသည်ဟူသောအနက်ရ၏။

www.burmeseclassic.com

ငါ့ကိုယ်စား တာဝန်ထမ်းဆောင်ပေးလျှင် သမက်အဖြစ်လက်ခံမည်"ဟု ဆို၏။ အခမမန်းလည်း "တာဝန်ယူပါမည်"ဟု ကတိပြု၏။ မတယောက်လည်း နှုတ်ကတိကို မယုံကြည်သဖြင့် စာချုပ်တစ်စောင်ရေးရန် ပြော၏။ အခမမန်းလည်း စာချုပ်ကို ဤသို့ ရေး၏။ "ယောကျ်မအမှုထမ်းလျှင် သမက် အိမ်စောင့်ရမည်။ သမက် အိမ်စောင့်လျှင် ယောကျ်မအမှုထမ်းရမည်" ယင်းစာချုပ်ကို သုံးကြိမ်ဖတ်ပြ၏။ လူအများက စာချုပ်၏ အနက်အဓိပ္ပာယ်ကို သေချာစွာ မတွေးကြဘဲ ယောကျ်မတစ်ကြိမ်၊ သမက်တစ်ကြိမ် အမှုထမ်းရမည်ဟုသာ ထင်ကြ၏။

မတယောက်လည်း စာချုပ်ကိုသိမ်းထား၍ အခမမန်းကို သမီးနှင့် ပေးစား၏။ ထိုနောက် သမက်ကို အိမ်စောင့်ထား၍ မတယောက်သည် ပုဂံပြည်သို့ သွား၍ အမှုထမ်းလေ၏။ တာဝန်ဝတ္တရားပြီးဆုံးသောအခါ မတယောက်သည် ပဲခူးသို့ပြန်လာ၏။ နောင်အမှုထမ်းဆောင်ရမည့် အလှည့်ရောက်ပြန်သော် ပုဂံသို့သွား၍ အမှုထမ်းဆောင်ရန် သမက်ကိုပြော၏။ အခမမန်းက စာချုပ်ကိုဖွင့်ကြည့်ရန် ယောကျ်မကိုပြန်ပြော၏။ မတယောက်လည်း မိမိ သမက်သည် အိမ်ကမခွာလိုသေး၍ ထိုသို့ပြောသည်ထင်ပြီး သမက်ကိုငဲ့ညှာသည့်အနေဖြင့် မိမိ ပုဂံသို့အမှုထမ်းရန်သွားလေ၏။ ယင်းသို့ ၄ ကြိမ်မြောက်သောအခါ သမက်ပြောသည့်အတိုင်း စာချုပ်ကိုဖွင့်ဖတ်လေ၏။ သေချာစွာဖတ်ကြည့်တော့မှ သမက်က အမြဲအိမ်စောင့်၍ ယောကျ်မသာ အစဉ်အမှုထမ်း သွားရမည်ဖြစ်ကြောင်းကို နားလည်တော့သည်။ အခမမန်းလည်း ယောကျ်မကို ထိုမျှလှည့်စားရသည်ကို ကျေနပ်လောက်ပြီဟု စိတ်တွင်ဆို၍ အမှုထမ်းဆောင်ရန် ယောကျ်မကိုယ်စား မိမိပင်လျှင် ပုဂံသို့သွားကာ တာဝန်ယူတော့မည်ဟုဆိုပြီး မယားကို စားနပ်ရိက္ခာ ပြုပြင်စေ၏။ ထိုညတွင် အခမမန်း အိပ်မက်ဆန်းတစ်ခု မြင်မက်သည်မှာ ပုဂံနှင့် ပဲခူးကို ခြေတစ်ဖက်စီနင်းထားရာမှ ပဲခူးကို နှစ်ဖက်စလုံးနင်းပြန်၏။ ထိုနောက် လန့်နိုး၍ နံနက်မိုးသောက်လျှင် ပညာရှိ နိမိတ်ဆရာအား အိပ်မက်ကို ပြောပြ၏။ ပဲခူးကို အုပ်စိုးရမည့် နိမိတ်ဖြစ်ကြောင်း ဆရာဆိုသဖြင့် အခမမန်းလည်း အလွန်ဝမ်းမြောက်၏။ အခမမန်းသည် ပုဂံပြည်သို့ တာဝန်အရ အမှုထမ်းရန် ရောက်ရှိသောအခါ ဘုရင်၏ လှေတော်ကို လှော်ခတ်ရစ်၏။ အခမမန်းသည် ဝတ္တရားဆောင်ရွက်ရာ၌ လုံ့လဝီရိယ အလွန်ကောင်း၏။ စောစောထခြင်း။ အိပ်ရာမှနိုးလွယ်ခြင်း။ မအိပ်မစက် ဝတ္တရားကို ဆောင်ရွက်တတ်ခြင်း။ ရိုးသားဖြောင့်မတ်ခြင်းစသော အရည်အချင်းများနှင့် ပြည့်စုံသဖြင့် ဘုရင်ကိုယ်တိုင် သူ့ကို ချီးကျူးရ၏။ လှေတော်ကိုလှော်ခတ်ရာတွင် လှော်တက်ကျိုးအောင် အားထုတ်၍ လှော်ခတ်လေ့ရှိသဖြင့် ပုဂံပြည့်ရှင်မင်းက အခမမန်းအား ဆုလာဘ်များစွာ ချီးမြှင့်၏။ ထို့နောက် ဝတ္တရားကုန်ဆုံး၍ ပဲခူးသို့ပြန်ရောက်လျှင် ပဲခူးတွင် ရာဖြတ်အရာရှိအဖြစ် ခန့်ထားလိုက်၏။ အခမမန်းသည် ပဲခူးတွင် ကုန်သည်များထံမှ အခွန်ကောက်ခံခြင်း၊ ကုန်စည်အမှုအခင်းများကို ဆုံးဖြတ်ခြင်း စသည်များကို ဆောင်ရွက်ရသော အာဏာများ

www.burmeseclassic.com

ရလာလျှင် စိတ်ကြီးဝင်လာတော့၏။ ယောကျ်မနှင့်လည်းကောင်း၊ သြဇာရှိသော မြို့မျက်နှာဖုံး ခေါင်းဆောင်များနှင့်လည်းကောင်း သင့်တင့် ညီညွတ်အောင် ပေါင်းသင်းဆက်ဆံ၏။ ထိုနောက် ပဲခူးတွင် မြို့ပြကျူးမြောင်း ခံတပ်များကို ခိုင်ခံ့စွာတည်ဆောက်လေ၏။

သက္ကရာဇ် ၆၄၇ ခုနှစ်တွင် အခမမန်းသည် ပဲခူးတွင် မင်းလုပ်၍ ပုဂံကို ပုန်စားလေ၏။ ထိုသတင်းကိုကြားရလျှင် ပုဂံပြည့်ရှင်မင်းသည် ဒေါသအမျက်ထွက် တော်မူသဖြင့် သမက်တော် စေတသူကြီးကိုလွှတ်၍ ပဲခူးကို တိုက်ခိုက်စေသည်။ စေတသူကြီး စစ်ချီလာသည်ကို ကြားရလျှင် အခမမန်းသည်မြို့ပြကျူးမြောင်းစီရင်၍ မပြီးသေးသဖြင့် အချိန်ရနိုင်ရန် ပရိယာယ်ဆင်၏။ စေတသူကြီး၏ စစ်သည်ကို ပဲခူးသို့အရောက်နေးစေဖို့ ဖြားယောင်းရန် မိမိ၏ ယောကျ်မအား ကျောကွဲအောင် ရိုက်နှက်စေပြီး စေတသူကြီးထံ ကြိုတင်လွှတ်လိုက်၏။ ယောကျ်မဖြစ်သူ မတယောက်လည်း ဒဏ်ရာကြီးစွာခံစားရသကဲ့သို့ ပရိယာယ်ပြု၍သွားလေ၏။

မတယောက်ကို စေတသူကြီးမြင်လျှင် "အဘယ်ကြောင့် သည်အန္တရာယ်ကို ခံစားရပါသနည်း" ဟု မေး၏။ "ကျွန်တော်မျိုးသည် အခမမန်း၏ ယောကျ်မဖြစ်ပါသည်။ ပုဂံကို ပုန်စားသည့်အပြုအမူကို မနှစ်သက်၍ တားမိသဖြင့် ကျွန်တော်မျိုးအား ဤမျှ နှိပ်စက် ညှဉ်းဆဲပါသည်။ ကျွန်တော်မျိုးသေဘေးမှ လွတ်အောင်ထွက်ပြေးခဲ့ရပါသည်။ ကျွန်တော်မျိုးကိုကယ်ပါ" ဟု ငိုယို၍ဆို၏။ စေတသူကြီးလည်း "သည်ကိစ္စထားပါဦး၊ ပဲခူးကို အမြန်ဆုံးရောက်ဖို့ ငါ့ကို မင်းလမ်းပြပါ" ဟုဆို၏။ "ကျွန်တော်မျိုး တာဝန်ထားပါ" ဟု မတယောက်ဆိုပြီး လမ်းဖြောင့်က မသွားဘဲ၊ ခရုကဏန်းရှာသော တောထူသည့် လမ်းကခေါ်ဆောင် သွားလေ၏။ ထိုကြောင့် လမ်းတွင်နှစ်ညမျှကြာပြီးမှ ပဲခူးသို့ ရောက်လေ၏။ အခမမန်းလည်း စေတသူကြီးဝင်လာမည့် ပဲခူးအရှေ့တံခါးနှင့် မျက်နှာချင်းဆိုင်ဖြစ်သော တန်ဆောင်းအတွင်းတွင် ဘုရင်ရုပ်နှင့် သားမြီးယပ်ကိုင်သော ကျွန်ရုပ် ၄ ရုပ်တို့ကို ထုလုပ်ထားလေ၏။ စေတသူကြီးသည် အရှေ့တံခါးမှဝင်လာရာ တန်ဆောင်းသို့ရောက်သော် ဘုရင်ရုပ်ကိုမြင်လျှင် လေးနှင့်ပစ်၏။ ဒေါသကြီး၍ လက်သည်းပင်ကွဲ၏။ ထိုအခါ အခမမန်းဝင်လာပြီး ကျွန်ခံဟန်ပြု၍ဆို၏။ "ဤအရုပ်သည် အရှင်မင်းကြီးကို ရည်စူး၍ ကျွန်တော်မျိုး ထုလုပ်ထားသည်။ အရှင်မင်းကြီးကို ကြိုဆိုပါသည်" ဟု ဆိုပြီး လက်ဆောင်ပဏ္ဏာများနှင့် အဆိပ်ရည် စိမ်ထားသော ဆတ်သားခြောက်ကို ဆက်သ၏။ စေတသူကြီးလည်း မိမိအား အမှန်တကယ် ကျွန်ခံ၍ ဆက်သည်ထင်သဖြင့် သဲသယကင်းစွာဖြင့် လက်ခံ၏။ စေတသူကြီးမှာလည်း ဆတ်သားကို အလွန်မက်မောသူဖြစ်သဖြင့် ဆက်သားခြောက်ကိုရလျှင် မီးဖုတ်စေ၍ အရက်နှင့် မြည်းကြ၏။ ၎င်းညပင် အဆိပ်တက်၍ စေတသူကြီးသေလေ၏။ မသေဘဲကျန်ရှိသူများက စေတသူကြီးကို မီးသင်္ဂြိုဟ်၍ အရိုးကိုမြှုပ်ကာ "မင်းကြီးနေတော့ ကျွန်ုပ်တို့သူကြီးတော့မည်" ဟုဆို၍ ကန်တော့ကြပြီးနောက် ပုဂံသို့ ပြန်ကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com

ထိုအချိန်မှစ၍ ပဲခူးအရှေ့တံခါးကို "နေတော့တံခါး" ဟူ၍လည်းကောင်း၊ "နေရစ်တံခါး" ဟူ၍လည်းကောင်း ခေါ်ဆိုကြ၏။

စေတသူကြီး၏ တပ်သားများပုဂံသို့ ပြန်ရောက်လျှင် ပုဂံမင်းအား သမက်တော် စေတသူကြီး ကျဆုံးခဲ့ကြောင်းကို တင်လျှောက်ကြ၏။ ပုဂံမင်းလည်း ညီတော်မင်းချစ်သာကို ပဲခူးသို့လွှတ်၍ တိုက်ခိုက်စေပြန်၏။ အခမမန်းကို မတိုက်နိုင်သဖြင့် ပုဂံသို့ပြန်လှည့်ရလေ၏။ ထို့နောက် ပဲခူးကို ဆက်မတိုက်ဘဲထားလိုက်၏။ အခမမန်းသည် ပဲခူးတွင် (၇)နှစ် မင်းမူပြီးသော် စီးတော်မူသော ဆင်လွန်၏။ ဆင်၏ဂုဏ်ကျေးဇူးကြီးမားသဖြင့် ကောင်းစွာမြေမြှုပ်သင်္ဂြိုဟ်ပြီး အစွယ်တို့ကို လှေပေါင်းမိုးတွင်လည်းကောင်း၊ လက်စွပ်ကွင်း၍လည်းကောင်း အသုံးပြု၏။

တစ်နေ့သ၌ အခမမန်း[၁]၏ ယောက်ဖတော် လက္ခယာဗျူသည် ပျဉ်ထောင်အိမ်သစ်တစ်ဆောင် ဆောက်လုပ်ပြီး၍ အိမ်တက်မင်္ဂလာ အခမ်းအနား ကျင်းပ၏။ ထို အခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပါရန် ယောက်ဖတော် အခမမန်းကို ဖိတ်ကြားလေ၏။ အခမမန်းသည် ယောက်ဖတော်ကို မြှောက်စားသည့်အနေဖြင့် တက်ရောက်လာ၏။ လက္ခယာဗျူသည် လက်ဆောင်ပစ္စာများကို စီရင်ထားသော်လည်း ယောက်ဖတော်ကို မျက်နှာမပြဘဲနေ၏။ အခမမန်းလည်း သဲ့သဲ့ဖြစ်၍ "ယောက်ဖတော်၏ အိမ်သည် ငါ့အိမ်နှင့်မတူ" ဟုဆို၍ ရုတ်တရက် ပြန်ထွက်သွားလေ၏။ မိဖုရားလည်း "အဘယ်ကြောင့် ထွက်သွားရသနည်း" ဟု ၂ ကြိမ်၊ ၃ ကြိမ် မေးသော်လည်း အခမမန်း ပြန်မပြောချေ။ ထိုအကြောင်းကို လက္ခယာဗျူကြားလျှင် "အခမမန်းသည် ငါ့ကိုစိတ်မျက်နေပြီ။ ငါကြာကြာနေ၍ရမည်မဟုတ်" ဟု စိတ်တွင်ဆို၍ ကျွန်များကို လက်နက်ဝှက်စေပြီး အခမမန်းရှိရာသို့ သွားကြလေ၏။

လက္ခယာဗျူနှင့် ကျွန်များလက်နက်နှင့်တကွ တက်လာသည်ကို မြင်လျှင် အခမမန်းမှာ ကြောက်ရွံ့ထိတ်လန့်တုန်လှုပ်၏။ "သွေးသောက်၊ ယောက်ဖတော်၊ မင်းနှင့်ငါ အတူတကွ ကြီးပြင်းလာသူဖြစ်ကြသည်။ ငါ့အသက်ကို ချမ်းသာပေးပါ" ဟု တောင်းပန်သော်လည်း မရပေ။ လက္ခယာဗျူလက်ချက်ဖြင့် အခမမန်းသေရလေ၏။ ပဲခူးတွင် လက္ခယာဗျူမင်းလုပ်ပြန်၏။ လက္ခယာဗျူကို အမတ် မတယောက် မနှစ်သက်သဖြင့် သမက်တော် အချဲ့မွန်(အချောဟ်မန်)ကို ခေါ်လိုက်ရာ အချဲ့မွန်လည်း ကျိုက်မွေ့ခေါင်(ကျာ်မျောခိုင်) ကို အပေါင်းပါ လူတစ်ထောင်ဖြင့် တည်ဆောက်နေရာမှ ဘုရားမပြီးသေးသော်လည်း ပြန်လာရ၏။ အမတ် မတယောက်၏ အစီအမံဖြင့် လက္ခယာဗျူကို အချဲ့မွန်ဖမ်း၍သတ်ပြန်၏။ ပဲခူးတွင် လက္ခယာဗျူသည် ရှစ်ရက်သာမင်းလုပ်ရ၏။ အချဲ့မွန် သည် တရဖျား (တရာဗညာ) အမည်ခံ၍ ပဲခူးကို အုပ်စိုးပြန်၏။

၁။ မြန်မာမူတွင် အခမမန်းနှင့် လက္ခယာဗျူအကြောင်း မပါရှိပါ။

www.burmeseclassic.com

www.burmeseclassic.com

ပဲခူးတွင် တရဖျားမင်းပြုစဉ် မုတ္တမတွင် ဝါရီရူးမင်းအုပ်စိုးသည်။ မင်းနှစ်ပါး တို့သည် တမန်များစေလွှတ်၍ မိတ်ဖွဲ့ကြသည်။ တရဖျား၏သမီး ရှင်စောလှကို ဝါရီရူးထံဆက်၏။ ဝါရီရူး၏သမီး မေနှင်းသိန်ဒျာကို တရဖျားထံဆက်သ၏။ မင်းနှစ်ပါးတို့မှာ အချင်းချင်း သမီးပေးစားကြပြီး မိတ်ဖွဲ့ကြ၏။ တစ်မြို့နှင့်တစ်မြို့ ရွှေလမ်းငွေလမ်းဖောက်ကြ၍ တစ်ဦး၏ ရန်စစ်ကို တစ်ဦးကကူညီရမည်ဟု ကတိသစ္စာပြုကြ၏။

ထိုကာလတွင် ပုဂံပြည်ကို နရသီဟပတေ့ တရုတ်ပြေးမင်းအုပ်စိုး၏။ နရသီဟပတေ့သည် အမတ်ကြီး ရာဇသင်္ကြိုကို တပ်မင်းခန့်၍ ဒလမြို့ကိုလုပ်ကြံစေ၏။ တူတော်မင်းချစ်စောကို ဝါတနောသို့စေ၍ ဝန်းရံစေ၏။ ထိုအခါ တရဖျားသည် ကြောက်ရွံ့သဖြင့် မုတ္တမင်း ဝါရီရူးထံ စစ်ကူတောင်းလေ၏။ ဝါရီရူးမင်းလည်း အင်အားကြီးမားစွာဖြင့် ပဲခူးသို့စစ်ကူရန် ချီတက်လေ၏။ ထိုနှစ်တွင် ကပ်ဆိုက်၍ လူများစွာတို့သည် မျှစ်နှင့် ကျွေးဥများကို စားသောက်ရလေ၏။ ပဲခူးတွင် ဝါရီရူးနှင့် တရဖျား မင်းနှစ်ပါးတို့ ပူးပေါင်းကြ၍ ဝါတနောကိုတိုက်ကြ၏။ မင်းချစ်စော မခံနိုင်၍ ခွာသဖြင့် ဝါတနောကို ရ၏။ ဒလသို့ချီတက်ပြန်ရာ ရာဇသင်္ကြိသည် မခံနိုင်၍ ဆုတ်ပြေးလေ၏။ ဒလကိုရပြီး ဟင်္သာတကို ချီပြန်၏။ ဟင်္သာတစား ငပေါက်ဖြူ မခံနိုင်၍ တိမ်းရှောင်သဖြင့် ဟင်္သာတကို ရပြန်၏။ ဟင်္သာတမှ ပြန်လှည့်ပြီး သထုံ[၁]ကို တိုက်ပြန်၏။ သထုံစား ငမြတ်နော်ကိုမိ၍ သတ်၏။ တရဖျားနှင့် ဝါရီရူးမင်းနှစ်ပါးတို့ ညီညွတ်ကြ၍ မွန်ပြည်ကျေးရွာ မြို့ပြ နယ်ပယ်တို့တွင် မြန်မာတို့ ကြေးစားထားသမျှကို တိုက်ခိုက်အောင်မြင်လိုက်ကြ၏။

မွန်နယ်ပယ်ရှိ မြို့ရွာများကို တိုက်ခိုက်အောင်မြင်ပြီးနောက် တရဖျားနှင့် ဝါရီရူးမင်းနှစ်ပါးတို့သည် စစ်တပ်ကိုရပ်သိမ်း၍ မွေ့လှာခေါင် (မျောလှာခိုင်–အင်းလျားကြီး) လမ်းကြောင်းဖြင့် ပြန်လာကြ၏။ မွေ့လှာခေါင်တွင် စခန်းချစဉ် တရဖျားက အကောက်ကြံလို၍ ဥပါယ်ဖြင့်

"အဆွေတော် ဝါရီရူးမင်းနှင့် အဆွေတော်၏ သူရဲများက ကူညီ၍ ဤမျှကျွန်ုပ်အောင်မြင်နိုင်ခြင်းဖြစ်ပါသည်။ အဆွေတော်နှင့် သူရဲကောင်းများကို ကျွန်ုပ် ပြုစုဆည်ခံကျွေးမွေးလိုပါသည်။ မဟာမိတ်ကြီးအဖြစ် ကျွန်ုပ်တို့မင်းနှစ်ပါး အောင်ပွဲခံ၍ ပျော်ရွှင်စေလိုပါသည်"ဟုဆို၏။

၁။ မြန်မာမူတွင် သထုံကို ကျွန်းသတိုဟုရေး၏။ ဟင်္သာတအနီးတွင် သထုံဟု ခေါ်သော မြို့တစ်မြို့ ရှိခဲ့ဟန်တူ၏။

www.burmeseclassic.com

www.burmeseclassic.com

ဝါရီရူးမင်းလည်း တရဖျားကိုယုံကြည်ပြီး စေတနာကောင်းဖြင့်ဆိုသည်ဟု မှတ်သဖြင့် ယင်းစခန်းတွင်ပင် တပ်ချ၍ စောင့်နေလေ၏။ တရဖျားသည် ပဲခူးမြို့တွင်းသို့ ဝင်ပြီး ရှိသမျှ ရသမျှ သူရဲသူခက် ကုလားတာရီ ဗရင်ဂျီများပါမကျန် သေနတ်ကိုင်များ စုရုံးကာ စစ်အင်္ဂါကြီးဖြင့် ဆင်စီး၍ထွက်လာ၏။ မွေ့လှာခေါင်စခန်းနှင့် နီးလာလျှင် တောမီးရှို့ကြလေ၏။

မွေ့လှာခေါင်စခန်း[၁]တွင် တရဖျား၏ ဧည့်ခံပွဲကို စောင့်မျှော်နေသော ဝါရီရူးမင်းသည် တောမီးကိုမြင်လျှင် လွင်ပြင်ဘက်သို့ ထွက်ခွာကြ၏။ ရဲတံခွန်အလံတို့ဖြင့် တရဖျားစစ်ချီလာသည်ကို အဝေးမှမြင်ရပြန်လျှင်

"တရဖျား သစ္စာဖျက်၍ ငါ့ကို တိုက်ခိုက်သတ်ဖြတ်ရန်လာပြီ"ဟု ဆိုပြီး ရွှေရေတခေါင်း[၂]ဖြင့် မြေသို့ရေသွန်းကာ

"စကြဝဠာတစ်သောင်းတွင်ရှိသည့် ဤပထဝီမြေကြီးကို စောင့်ကြကုန်သော နတ်ကောင်းနတ်မြတ်အပေါင်းတို့ကို ကျွန်ုပ်သက်သေအဖြစ် ထားပါရစေ၊ ကျွန်ုပ်နှင့် တရဖျားတို့သည် မိတ်ကောင်းမိတ်မြတ်အဖြစ် ကတိသစ္စာထားခဲ့ကြပါသည်။ တရဖျား၏ ရန်စစ်များကို ကျွန်ုပ်လာ၍ကူခြင်းဖြစ်သည်။ အရပ်လေးမျက်နှာစလုံးတွင်ရှိသော ရန်သူဟူသမျှတို့ကို တွန်းလှန်ပေးခဲ့ပြီးဖြစ်ပါသည်။ တရဖျားသည် ပဲခူးတွင် ချမ်းသာစွာ စိုးစံနိုင်ပါလျက် ကျွန်ုပ်၏ ကျေးဇူးကိုမျှမထောက်၊ မိတ် ၁၀-ပါး တရားပျက်ပြားကာ ကျွန်ုပ်၏ပျက်စီးမှုအတွက် အကောက်ကြေရန်လာသည်ဖြစ်ပါမူ ကျွန်ုပ်၏ ပျက်စီးမှုသည် သူ့အား တန်ပြန်ဖြစ်ပါစေသတည်း"ဟု တိုင်တည်၍ အဓိဋ္ဌာန်ပြု၏။

ထိုနောက် ဝါရီရူးမင်းသည် တရဖျားစစ် ဆိုက်ရောက်လာလျှင်လာခြင်းပင် တရဖျားနှင့် ဆင်စီးချင်း တိုက်ခိုက်ကြလေသည်။ ထိုအခါ ဝါရီရူး၏သူရဲ့ ကော့မူတ်ရွာသား[၃] သည် တရဖျား၏ ဆင်စွယ်ဖုံးနှင့် နှုတ်ခမ်းဝအကြားကို မှိန်းဖြင့်ထိုးလိုက်၏။ ဆင်လည်းနာကျင်၍ ပြေးလေ၏။ တရဖျားပြေးလျှင် ငယ်သားများလည်း ပြေးကြ၏။ ဝါရီရူးသည် ကော့မူတ်ရွာသားကို ဆုမပေးခင်၍ ပိုးလက်ကိုင်ပဝါကို ပစ်ပေး၏။ တရဖျားလည်း ကျိုက်ပွန်တော[၄]တွင်းသို့ ပြေးဝင်လေ၏။

၁။ မြန်မာမူတွင် မိုးကောင်းစခန်းဟုရေးသည်။
၂။ မြန်မာတွင် ရွှေဖလား။
၃။ မြန်မာတွင် ကောမူသောက်။
၄။ မြန်မာတွင် ကျတ်ပေါတော။

www.burmeseclassic.com

www.burmeseclassic.com

ဝါရိရူး၏ သူရဲများလိုက်၍ တရဖျားကိုမိခဲ့လေ၏။ တရဖျားကို သတ်မည်ပြုရာ သံဃာများ မေတ္တာရပ်သဖြင့် အသက်ကို ချမ်းသာပေး၍ သားမယားနှင့်တကွ မုတ္တမသို့ ခေါ်ဆောင်၏။ သမီးတော်၏ မျက်နှာထောက်၍ တရဖျား၏ အသက်ကို ဝါရိရူး လွှတ်ခြင်းဖြစ်သည်။ တရဖျားအစား ပဲခူးကိုစားရန် လိုက်ဂီအမတ်အား ခန့်ထားလိုက်၏။ တရဖျား၏ဆင်ကို ထိုးသော ကော့မှုတ်ရွာသား သူရဲကို ထပစ်ဗိုလ်အမတ် (အမာတ် ထပေက်ဗို = ဗိုလ်ထုဖျက်အမတ်) ဘွဲ့နှင့် သိန်းခိုစည်တို့ကို ပေးသနား၏။ ထပစ်ဗိုလ်အမတ်၏ မိဘရွာမှ သိန်းခိုစည် (သီဟိုဠ်စည်)ကို တီးလျှင် စည်သံကြားသရွေ့ အရပ်လေးမျက်နှာစလုံးကို ၎င်းအား အပိုင်စားစေလေ၏။ မုတ္တမသို့ အခွန်အကောက်ဆက်သခြင်းမှ လွတ်ကင်းစေ၏။

ဝါရိရူးမင်းသည် မုတ္တမသို့ ပြန်လည်ဆိုက်ရောက်၍ များမကြာမီပင် တရဖျားသည် ယောကျ်ားမဖြစ်သူ ဝါရိရူးမင်းအားလုပ်ကြံရန် အားထုတ်ပြန်၏။ ဝါရိရူးမင်း မြို့လှည့်သောအခါတွင် မီးဖောက်ဖြင့် ပစ်သတ်ရန် ကြံစည်ထား၏။ ထိုအကြံကို မယားဖြစ်သူ မေနှင်းသိန်ဒေါကာက ခမည်းတော်အားပြောကြားသဖြင့် ဝါရိရူးမင်းမှာ အလွန်ဒေါသဖြစ်၏။

"ပဲခူးအနီးတွင် ငါ့အား သစ္စာဖောက်၍သတ်ရန် ကြံပြီးပြီ။ ထိုအခါကပင် သေတန်သော်လည်း သံဃာတို့ မေတ္တာရပ်သဖြင့် သူ့အသက်ကို ငါ လွှတ်သည်။ ငါ့သမီး မျက်နှာထောက်၍ ငါနှင့်အတူထားသည်။ ယခု ငါ့အား ပြစ်မှားရန် ကြံပြန်သည်။ သူ့ကိုထား၍မဖြစ်တော့"ဟုဆို၍ လူသတ်သမား ပါးကွက်အာဏာသားလက်သို့ အပ်လိုက်၏။ သမီးဖြစ်သူ တောင်းပန်၍လည်း ချမ်းသာမပေးတော့ပေ။ သမီးဖြစ်သူ မေနှင်းသိန်ဒေါသည် လင်ဖြစ်သူ တရဖျားအား ချစ်လွန်းသဖြင့် မိမိဆံနှင့် လင်၏ဆံဆက်၍နေ၏။ သူသတ်တို့လည်း မသတ်ဝံ့။

"အရှင့်သမီးတော်ဆံနှင့် တရဖျားဆံ ဆက်၍ နေသည်ဖြစ်သောကြောင့် ကျွန်တော်မျိုးတို့ မဆွဲဝံ့ပါ"ဟု လျှောက်၏။

ဝါရိရူးမင်းလည်း "ငါ့သမီးဆံကိုလွှတ်စေ၊ သင်းဆံရင်းက ဖြတ်၍ဆွဲထုတ်ပါ။ တရဖျားကို နောက်ထပ် ငါမမြင်လို"ဟု မိန့်၏။ သူသတ်တို့လည်း အမိန့်အတိုင်း တရဖျားဆံရင်းကဖြတ်၍ ကွပ်လေ၏။ မေနှင်းသိန်ဒေါတွင် တရဖျားနှင့်ရသော သား ၂-ယောက်ရှိ၏။ ရှင်ကြီး ရှင်ငယ်ဟု ဘိုးတော်ကချစ်၍ အမည်ပေးထား၏။ အဖကိုသတ်ပြီးသော်လည်း သား ၂-ယောက်မှာ မြေးတော်ဖြစ်၍ ချစ်သဖြင့် အပါးတွင် ခစားစေ၏။

ဝါရိရူးမင်းသည် ဆင်ဖြူရှင်ဖြစ်ရမည်ဟု မြတ်စွာဘုရား ဗျာဒိတ်တော်ထားခဲ့သည့် အလျောက် မုတ္တမတွင် ဝါရိရူးမင်း ၆-နှစ်မျှ မင်းပြုပြီးသော် သက္ကရာဇ်-၆၅၅-ခုနှစ်တွင် ဆင်ဖြူရှင်မင်း ဖြစ်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com

ဆင်ဖြူတော် ရရှိခြင်းအကြောင်းမှာ သောက္ကတဲမင်းတွင် ဆင်ဖြူပေါက်တစ်စီး ရှိလေ၏။ ဆင်ဖြူပေါက်၏ အမိကား ဆင်ကွမျိုး[1]ဖြစ်၍ အဖကား ဆဒ္ဒန်မျိုးဖြစ်သည်။

ဆင်ဖြူတော်၏ အဆင်းကား ဝါဂွမ်းကဲ့သို့လည်းကောင်း၊ ကြာဖြူကဲ့သို့လည်းကောင်း ဖြူဆွတ်၏။ အစွယ်ကား ခေါင်ရန်းပွင့် အဆင်းနှင့်တူ၏။ ခံတွင်းကား ကျီးအာသီးမှည့် အဆင်းကဲ့သို့လည်းကောင်း၊ ချိပ်ရည်ဆိုးသော အဆင်းကဲ့သို့လည်းကောင်း နီ၏။ မျက်လုံးနှစ်ဖက်မှာ ပတ္တမြားအဆင်းနှင့်တူ၏။ ခြေသည်း လက်သည်းများမှာ ငွေပြား[2] နှင့်တူ၏။

ဤဆင်ဖြူတော်ကို ဝါရိရူးမင်း ရရှိပုံမှာ ဤသို့ဖြစ်ပါသည်။ ဆင်ဖြူတော်သည် အသက် ၁၉-နှစ်ရှိလျှင် သောက္ကတဲမင်းအား အိပ်မက်ပေးလေ၏။

"အရှင်မင်းကြီးထံ၌ ငါနေရန် မသင့်တော်တော့ပြီ။ နေသော် အရှင်မင်းကြီးအား ဥပဒ် ဖြစ်စေလိမ့်မည်" သောက္ကတဲမင်းလည်း မိုးသောက်လတ်သော် မှူးမတ်များကို ခေါ်၍ အိပ်မက်ကို ပြောပြတိုင်ပင်ပြီး "ဆင်မင်းနေလိုသောအရပ်ကို သိရအောင် စီရင်စေ"ဟု မိန့်၏။

မင်းနှင့် မှူးမတ်တို့ တိုင်ပင်၍ မြက်လေးထုံးကိုယူကာ ဇင်းမယ်မြက်တစ်ထုံး၊ လဝွန်ဗီဒျာမြက်တစ်ထုံး၊ အယုဒ္ဓယမြက်တစ်ထုံး၊ မုတ္တမမြက်တစ်ထုံးဟု အမှတ်ပြုထား၏။ "ဆင်မင်းနေလိုသည့် မြက်ကိုစားပါစေ"ဟု အဓိဋ္ဌာန်ပြု၍ပေး၏။

ဆင်မင်းလည်း မြက်သုံးထုံးကို နှာမောင်းဖြင့် တွန်းပစ်လိုက်ပြီး မုတ္တမမြက်ထုံးကို စားလေ၏။ သောက္ကတဲမင်းမြင်လျှင် အလွန်ဝမ်းသာအား‌ရ၏။

"မုတ္တမမြက်ကိုစားသည်၊ မုတ္တမစား မဂဓူးမှာ ငါ့ သမက်ဖြစ်သည်။ ငါ့ လက်အောက်ခံလည်းဖြစ်သည်။ ဆင်မင်းနေလိုက ပို့ပေးမည်။ နောင်လည်း ဆင်မင်းကို ငါတို့ပြန်ယူနိုင်သည် မဟုတ်လော"ဟု မိန့်၍ ဝါရိရူးမင်းထံ ရာဇသံစာရေးသည်မှာ-

"သောက္ကတဲပြည့်ရှင်ဗြဟ္မာမင်း ကြားရောက်အပ်သော မုတ္တမစား သမက်တော် ဝါရိရူးမင်း၊ ငါ၏ ကျက်သရေဆောင် ဆင်ဖြူတော်သည် မုတ္တမတွင် သွားရောက် နေလိုသည်ဖြစ်၍ အဆောတလျင် လာရောက်ကြိုလှည့်စေလိုသည်"

၁။ မြန်မာပေမူတွင် အမိကားကဟု ဆိုသည်ကို အမိနှင့်တကွဟု ပုံနှိပ်မူတွင် မှား၍ တည်းဖြတ်ခဲ့သည်။

၂။ မြန်မာမူတွင် ဟသံပဒါး ဟုဆို၏။

www.burmeseclassic.com

www.burmeseclassic.com

ထိုရာဇသံစာကိုရလျှင် ဝါရီရွှေမင်းသည် စကြဝတေးမင်းဖြစ်ရသကဲ့သို့ ဝမ်းမြောက်၏။ ရဟန်းရှစ်ပါး၊ ပုဏ္ဏားရှစ်ယောက်၊ ပြည့်ဝမ်းများဖြစ်သော သူဌေး သူကြွယ်များနှင့် အပျိုလူပျိုများကို စုရုံး၍ အတီးအမှုတ် အကအခုန် စုံလင်စွာဖြင့်စီရင်၏။ တူရိယာဘက်တွင် တံပိုးခရာအဖြောင့်၊ တံပိုးခရာအကောက်တို့ကိုလည်း မှုတ်စေကာ ဆင်ဖြူတော်ကို အကြိုလွှတ်လေ၏။

သောက္ကတဲမင်းသည် ဆင်ဖြူတော်အား ပို့ဆောင်ရန် လူ ၅၀၀-စုရုံးထား၏။ ဆင်ဖြူတော်သွားမည့် လမ်းတစ်လျှောက်ကို ဓား၊ ပုဆိန်၊တူးရွင်းတို့ဖြင့် တောကိုရှင်းလင်းခုတ်ထွင် စေသည်။ ဆင်ဖြူတော် စခန်းချမည့်နေရာတိုင်းတွင် မိုးကာရန် မျက်နှာကြက်နှင့် ကန့်လန့်ကာတို့ကို ဆောင်ယူစေသည်။ ဆင်ဖြူတော်ကိုကြိုရန် မုတ္တမသား၊တို့လည်း လက်ဆောင်ပဏ္ဏာများနှင့်တကွ သောက္ကတဲမင်းထံ ရောက်လာကြလျှင် ဆင်ဖြူတော်ကို မုတ္တမသို့ ဆောင်ယူစေ၏။

ယင်းသို့ဆောင်ယူရာ၌ သုခမိန်လေးယောက်ကို အရပ်လေးမျက်နှာတွင် နေစေ၍ ပရိတ်ရွတ်စေ၏။ ဆင်ဖြူတော်၏အမိကို ဗလို့[1] (ဗိုအိ)ဆိပ်အထိ လိုက်ပို့စေသည်။ ထိုဆိပ်သို့ရောက်လျှင် ဆင်ဖြူတော်၏ မယ်တော်ကို ပြန်ယူခဲ့ရမည်ဟု လိုက်ပို့သူတို့အား သောက္ကတဲမင်းက မှာလိုက်၏။

ယင်းသို့ အစဉ်အတိုင်းသွားကြရာ ဗလို့ဆိပ်သို့ရောက်ကြလျှင် ဖောင်ဖြင့် စောင့်ကြိုနေသော မုတ္တမသား၊တို့သည် အတီးအမှုတ် အကအခုန်တို့ဖြင့် သဘင်ကြီးစွာ ခံကြသည်မှာ ညအချိန်ကိုပင် နေ့ဟုထင်ရ၏။ ဆင်ဖြူတော်နှင့်တကွ အမိကို ငှက်ပျော၊ ကြဲကျွေးကြ၏။ ဆင်ဖြူတော်ကို တင်ဆောင်မည့် ဖောင်ကြီးကို တံခွန်အလံများ၊ ပန်းများဖြင့် တင့်တယ်စွာ မွမ်းမံထား၏။ အမွှေးတိုင်များလည်း ထွန်းထား၏။ ဖောင်ထက်သို့ သက်ချိန်တန်လျှင် ဆင်ဖြူတော်သည် အမိကိုတွန်း၍ ဆင်းစေပြီးမှ မိမိသက်လေ၏။ ဆင်ဖြူတော်ကိုပို့သော သောက္ကတဲသား ၅၀၀တို့မြင်ကြလျှင်-

ဆင်မင်းသည် မယ်တော်ကိုယူ၍ သွားခဲ့သော် ငါတို့ကို ဒဏ်ပေးသည်နှင့် တူတော့သည်တကား"ဟု ဆိုကြသည်ကို ဆင်ဖြူကြားလျှင် ငွေအဆင်းနှင့်တူသော နှာမောင်းကို အမိ၏ ကုန်းထက်တင်၍ ငိ၏။ မျက်ရည်ပေါက်များမှာ မိုးသီးမိုးပေါက်များ ကျသကဲ့သို့ပင်ဖြစ်သည်။

၁။ မြန်မာမှုတွင် ပြည်ဆိပ်ဟု ဆို၏။

www.burmeseclassic.com

www.burmeseclassic.com

ထို့နောက် အမိကိုတွန်း၍ ကမ်းထက်သို့ တက်စေ၏။ ဆင်ဖြူတော်လည်း လက်နှစ်ဖက်ထောက်၍ အမိကို ဦးသုံးကြိမ်ညွှတ်၏။ ဆင်မင်း သားအမိတို့မှာ မျက်ရည်ပေါက်များကျလျက် ပူဆွေးကြသည်ကိုမြင်သော သောက္ကတဲသားတို့သည် နှလုံးမသာ၍ သည်းစွာငိုကြ၏။ ပန်းပေါက်ပေါက်ဖြင့်လည်း ပူဇော်ကြကုန်၏။ ဆင်မင်း၏ မယ်တော်ကို သောက္ကတဲသို့ ပြန်ယူဆောင်ခွင့်ရသဖြင့် သက်သာရာရကြပြန်၏။ မုတ္တမမှ ဆင်ကိုကြိုသူများလည်း သောက္ကတဲမှ ဆင်ကိုပို့လာသူ ၅၀၀တို့အား ဝါရိရူးမင်းထံမှ ပေးခဲ့သော ဆုလာဘ်များကို ဝေငှကြ၏။

ထို့နောက် သောက္ကတဲသားတို့သည် ဆင်မင်း၏အမိကို ပြန်လည်ခေါ်ဆောင်သွားကြ၏။ မုတ္တမသားတို့သည် ဆင်ဖြူတော်ကိုတင်သောဖောင်ကို လှေရံများစွာနှင့် မုတ္တမသို့ စုန်လေ၏။

သက္ကရာဇ် ၆၅၅[၁]-ခုနှစ်အချိန်ကောင်း အခါကောင်းတွင် မုတ္တမသို့ ဆင်ဖြူတော် ဆိုက်ရောက်လာသည်။ ဝါရိရူးမင်းသည် ဆင်ဖြူရှင်ဖြစ်ရသဖြင့် ဝမ်းသာ၍မဆုံးပေ။ သူဌေးသူကြွယ် ပြည့်ဝမ်းတို့လည်း ဆင်ဖြူတော်ကို စုစုရုံးရုံးဖြင့် ကြိုဆိုကြ၏။ ကြိုဆိုပွဲမှာ အခါကြီးရက်ကြီးတွင် ကျင်းပသော ရာသီပွဲတော်ကြီးသမျှ စည်ကားလှ၏။ ဆင်ဖြူရှင် ဝါရိရူးမင်းသည် ရွှင်လန်းဝမ်းမြောက်လှသဖြင့် ၇-ရက်တိုင်တိုင် ပွဲသဘင်ကြီး ဆင်ယင်ကျင်းပ၏။

မင်္ဂလာပရိတ်တော်များ ရွတ်ဖတ်သရဇ္ဈာယ်စေ၍ ဆင်ဖြူတော်ကို ပြည်သူတို့အား အပူဇော်ခံ၏။

မုတ္တမတွင် ဝါရိရူးမင်းသည် ဆင်ဖြူတော်ကို ရရှိသည့်သတင်းကို ကြားရသော တစ်ပြည်ထောင်မှ ငေါဒေါမင်းသည် လောဘဖော ပြင်းထန်စွာဖြင့် ဆင်ဖြူတော်ကို တိုက်ယူရန် ဗိုလ်ခြေတစ်သိန်း ရှစ်သောင်း[၂]ကျော်နှင့် စစ်ချီလာ၏။

ဆင်တပ်၊ မြင်းတပ် မြောက်မြားစွာဖြင့် မုတ္တမကို ငေါဒေါမင်းလာရောက်ဝန်းရံထားသည်ကို သိရလျှင် ဝါရိရူးမင်းနှင့် မှူးမတ်ဗိုလ်ပါ ရဟန်း ပုဏ္ဏား သူဌေးသူကြွယ်တို့မှာ ကြောက်ရွံ့ထိတ်လန့်ကြ၏။ တိုင်းသူပြည်သားတို့လည်း ဆင်ဖြူတော်အတွက် စိုးရိမ်ပူပန်၍ ငိုကြွေးကြကုန်၏။ ဝါရိရူးမင်းသည် မှူးမတ်များနှင့် တိုင်ပင်ဆွေးနွေး၍ အကြံထုတ်၏။

၁။ မှတ်ချက်။ ။သက္ကရာဇ် ၆၅၅-ခုနှစ်တွင် ဆင်ဖြူတော်အသက် ၁၉ နှစ်ရှိသဖြင့် မွေးသက္ကရာဇ်မှာ ၆၃၆-ခုနှစ် ဖြစ်ဟန်ရှိသည်။

၂။ မြန်မာမူများတွင် ဤအတိုင်းဆို၏။ ထိုခေတ်က စစ်အင်အား ဤမျှရှိမည် မထင်။

www.burmeseclassic.com

www.burmeseclassic.com

ထိုညတွင် ဝါရိရူးမင်းအား ဆင်ဖြူတော်အိပ်မက်ပေးသည်မှာ "အရှင်မင်းကြီး၏ ဘုန်းတန်ခိုးကြီးသည်ကို ကျော်စောထင်ရှားစေခြင်းငှာ စစ်ရောက်လာခြင်းဖြစ်သည်။ ဤစစ်ကို မကြောက်ပါနှင့်၊ ငါဆင်မင်း၏ တာဝန်သာထားပါ။ သင်းနှံထုံ၍ မွေးကြိုင်သောရေကို ရွှေအင်တွင်ထည့်ပြီး ငါ့အပါးတွင်ထားပါလေ။ ဤရေဖြင့် ရန်သူစစ်ကို ပက်ဖျန်း၍ မောင်းထုတ်ပေးမည်"

နောက်တစ်နေ့ မိုးသောက်လျှင် ဝါရိရူးမင်းသည် အိပ်မက်ရသည့်အတိုင်း ရွှေအင်တွင် သင်းပျံ့မွေးကြိုင်သည့်ရေကိုထည့်၍ ဆင်ဖြူတော်ရှေ့တွင် ထားလေသည်။ ငေါဒေါမင်းလည်း အလုံးအရင်း ဆင်မြင်းဗိုလ်ပါ အင်အားကြီးမားစွာဖြင့် မုတ္တမသို့ ဝင်လာ၏။

ထိုအခါ ဆင်ဖြူတော်သည် ကြီးစွာသော အသံဖြင့်ဟစ်ကြွေးကာ ရွှေအင်မှ သင်းထုံရည်ကို နာမောင်းဖြင့်ယူ၍ ငေါဒေါတပ်ရိုရာသို့ ဖျန်းထုတ်၏။ ဆင်ဖြူတော်၏ တန်ခိုးကြောင့် ငေါဒေါမင်း စစ်ပျက်လေ၏။ ဆင်ဖြူတော်၏ ဟစ်ကြွေးသံကို ကြားရုံဖြင့် ကြောက်လန့်၍ ပြေးကြကုန်၏။

ဝါရိရူးမင်း၏ မှူးမတ် သေနာပတိ၊ ဗိုလ်ပါရဲမက်တို့လည်း ထွက်၍လိုက်ကြရာ လူသုံ့ပန်း၊ ဆင်မြင်း၊ ရွှေငွေ ပစ္စည်းဥစ္စာနှင့် လက်နက်များစွာ ရလိုက်၏။ ထိုအချိန်မှစ၍ မုတ္တမမြို့သည် လွန်စွာစည်ပင်ဝပြော သာယာလှ၏။ မုတ္တမသား တို့မှာ အတိုင်းမသိကြွယ်ဝချမ်းသာကြ၏။ ဝါရိရူးမင်းသည် ဆင်ဖြူတော်၏ အစွမ်းကြောင့် ငေါဒေါစစ်ကို နိုင်သဖြင့် ဆင်မင်းကို ဂုဏ်ပြုချီးမြှောက်သည့် ပူဇော်ပွဲသဘင်ကြီးတစ်ခု ကျင်းပသည်မှာ နတ်သဘင်အလားစည်ကားလှပေသည်။

မုတ္တမတွင် ဝါရိရူးမင်းသည် ဆင်ဖြူရှင်ဖြစ်ပြီး ၁၉[၁]နှစ်ကြာလတ်သော် မြေးတော် ၂ ပါးဖြစ်သော တရဖျား၏သား ရှင်ကြီးနှင့် ရှင်ငယ်တို့သည် အရွယ်ရောက်လာကြပြီဖြစ်၏။ ရှင်ကြီးမှာ ကွမ်းကိုင်၊ ရှင်ငယ်မှာ ရေကိုင်အဖြစ် ဘိုးတော်ဝါရိရူးမင်း၏ အပါးတွင် ခစားကြရ၏။

တစ်နေ့တွင် ညီနောင် နှစ်ပါးတို့ထိုင်၍ တိုင်ပင်ကြသည်။ "ငါတို့အဖကို ဘိုးတော်ဘုရားက မချစ်၍ ကွပ်မျက်ခဲ့သည်၊ ငါတို့ကိုချစ်သည်ဟု ဆိုပြန်သည်မှာ ဖြစ်နိုင်ဖွယ်ရာမရှိ" ဟုဆိုရာ ဘိုးတော်ကိုအငြိုးထား ကြ၏။ ထိုနောက် ဝါရိရူးမင်း

၁။ မြန်မာပေမူတွင် ၂၂နှစ်ဟုဆို၏။

www.burmeseclassic.com

www.burmeseclassic.com

ရေအိမ်အဝင်တွင် ညီနောင်နှစ်ယောက်တို့က မားမြောင်ကိုယ်စီဖြင့် ဘိုးတော်ကို ထိုးသတ်လိုက်ကြပြီး ထွက်ပြေးကြလေ၏။

မျူးမတ်တို့လည်း ရှင်ကြီး ရှင်ငယ်တို့ကို လိုက်ဖမ်းရာ အေးကျောင်း (ဘာလဝိဟ်) တွင် မိ၍ ကွပ်မျက်လိုက်ကြ၏။ ဝါရီရူးမင်း သချိုင်းခြေရင်းတွင်ပင် မြေးတော်နှစ်ယောက်တို့၏ အလောင်းကို မြှုပ်လိုက်ကြ၏။ ဤသည်ကို အကြောင်းပြု၍ နောင်လာနောက်သားတို့အား သင်ခန်းစာရကြစေရန် စကားပုံ[၁] တစ်ခုကို ပညာရှိတို့ စပ်ဆိုထားသည်မှာ (ဗင်္ဂဝဝ်လွလဝ်ဇလ၊ ဗင်မလွလဝ်ကောန်) "ကြိမ်ခုတ်လျှင် ဆူးကိုမထား၍၊ အဖကိုခုတ်လျှင် သားကိုမထား၍"ဟူ၍ ဝါရီရူးမင်း၏ သချိုင်းဝူတွင် ရွှေငှက်ရုပ်လုပ်ပြီး ယင်းစကားပုံကို ကမ္ဘည်းအက္ခရာဖြင့် ထွင်းထားလိုက်ကြသည်။

ကုသိုလ်ကံအကျိုးပေးစဉ်က မဂဒူးသည့် သောက္ကတဲမင်း၏ မြှောက်စားခြင်းကို ခံရသည်။ မင်းဖြစ်ပြီးနောက် ကမ္ဘလာနီမင်း၊ တရဖျားမင်းနှင့် ငေါဒေါမင်းတို့ကို အောင်နိုင်ခဲ့သည်။ သို့သော် အကုသိုလ်ဝင်လာသောအခါ မြေးတော်တို့၏ လက်ချက်ဖြင့် လူယုံသတ်၍ အနိစ္စရောက်ခဲ့ရသည် မဟုတ်လော။

ဝါရီရူးမင်းသည် သက္ကရာဇ် ၆၁၄ တန်ခူးလဆုတ် ၄ ရက်ကြာသပတေးနေ့တွင် ဖွားမြင်၏။ သက္ကရာဇ် ၆၄၉ တွင် ဘိသိက်ခံသည်။ ၆၅၅ ခုနှစ်တွင် ဆင်ဖြူရှင်ဖြစ်သည်။ ၆၆၈ ခုနှစ်၊ တပို့တွဲလ... စနေနေ့တွင် နတ်ရွာစံ၏။ အိမ်နိမ့် ၃၅။ စည်းစိမ် ၁၉။ အသက် ၅၄ ဖြစ်သည်။[၂]

စောရမ်းပရက္ကတ်ဘွဲ့ခံခွန်လောမင်း

ဝါရီရူးမင်းလွန်လျှင် ညီတော် မဂဒါခေါ် ခွန်လော (ခုန်လ) မင်းပြု၏။ သောက္ကတဲမင်းထံ လက်ဆောင်ပဏ္ဏာများပို့၍ ဘွဲ့အမည် တောင်းခံသည်။ မဂဒူး၏ ညီတော်ဖြစ်၍ စောရမ်းပရက္ကတ် (စရာ်ပြကိတ်)ဟူသော ဘွဲ့ကို သောက္ကတဲမင်းက ချီးမြှင့်လိုက်သည်။ သက္ကရာဇ် ၆၆၈ ခုနှစ်တွင် ရာဇဘိသေကခံယူ၏။ စစ်တောင်းမြို့နှင့် ဒုန်ဝန်းမြို့တို့ကိုတည်၍ ညီရံမောလမွန် (ညီရာ်မုဟ်လမန်) အား စားစေသည်။

၁။ မြန်မာပေမူတွင် ကြိမ်အညောက်ကိုခုတ်လျှင် အမြစ်မကျန်စေနှင့်၊ အဖကိုသတ်သော် သားကိုအနိုးအစပ်မစေနှင့်ဟု ပြန်ဆို၏။

၂။ မြန်မာပေမူတွင် ဝါရီရူးမင်း အိမ်နိမ့် ၃၉။ စည်းစိမ် ၂၂။ အသက် ၆၁ ဟုတွေ့ရ၏။

www.burmeseclassic.com

www.burmeseclassic.com

ထိုနှစ်တွင်ပင် ဧင်းမယ်ရှမ်းတို့သည် ဒုန်ဝန်းမြို့ကို တိုက်ခိုက်ကြ၏။ ဒုန်ဝန်းပျက်၍ ညီရဲမောလမွန်ကျဆုံး၏။

ထိုအခါ ယောက်ဖတော် သမိန်မြောင်းမြ[၁] (သို့)မဲင်မလ)သည် မယားဖြစ်သူ နှင်းဥရိုင်နှင့် တိုင်ပင်၏။ "နှင့်နောင်တော် မဂဒါမင်းမှာ အလွန်ပျင်းရိပေါ့လျော့သည်။ မြို့ပြလက်နက် စစ်ကိရိယာတို့ကို မစီရင်၊ စစ်ရေးလည်းမတတ်၊ အသီးမရှိသော သစ်ပင်နှင့်တူ၏။ အမွေးရုံ့မရှိသော ပန်း[၂] နှင့်လည်းတူ၏။ တစ်ပါးသောမင်း၏ ကျွန်စစ်လာကာမျှဖြင့် ငါတို့ပြည်ရွာ ပျက်စီးချေသည်။ ဒုန်ဝန်းစားလည်း သေရသည်။ ငါတို့ပြည်သူ ရဟန်းသံဃာတို့ စိုးရိမ်ပူပန်ပြီး စိတ်မငြိမ်မသက်ဖြစ်နေကြောင်းကို ကြားသိ၍ တစ်ပါးမင်းတို့ကိုယ်တိုင် စစ်ချီလာသော် ငါတို့သည် သူ့ကျွန်သဲ့ပန်းဖြစ်ရချေတော့မည်။ ဆင်ဖြူတော်သည်လည်း တစ်ပါးမင်း၏ လက်သို့ရောက်တော့မည်။ ခွန်လောသည် အရှည်သဖြင့် မင်းပြုထိုက်သူမဟုတ်။ ငါတို့ဒုက္ခရောက်ကုန်မည်"

ထို့နောက် လင်မယားနှစ်ယောက်တို့ အကောက်ကြဲ၍ ဥပါယ်တံမျဉ်ဖြင့် ဆင်ရဲသမားတို့ကို ခွန်လောအား ဤသို့ လျှောက်တင်စေသည်။ "အရှင်မင်းကြီး၊ မော်လမြိုင်ဘုရားအနီးတွင် အစွယ် ၃ ချောင်းရှိသော ဆင်ကောင်းတစ်စီးကို ဆင်ရဲကရိတို့ တွေ့ခဲ့ပါသည်။ အစွယ်တစ်ချောင်းမှာ ဦးကင်းမှ ထွက်ကြောင်းပါ ဘုရား"

ဤလျှောက်တင်ချက်ကို ကြားရလျှင် ခွန်လောမင်းသည် ဉာဏ်အမြော်အမြင်နည်းသူဖြစ်၍ ယုံကြည်သဖြင့် မော်လမြိုင်ဘက်သို့ အခြွေအရံများနှင့် ဆင်ရဲသွားလေ၏။

ထိုနောက် ယောက်ဖတော်နှင့် နှမတော်တို့က မုတ္တမမြို့တံခါးကို ပိတ်ထားလိုက်ကြ၏။ ခွန်လောလည်း ထူးဆန်းသည့်ဆင်ကို မတွေ့၍ပြန်လာသော် မြို့တွင်းသို့ဝင်မရသောကြောင့် အခြွေအရံတို့ကိုခေါ်ပြီး ငှက်ပျောတော ဥယျာဉ်၌ ဝင်ပုန်းလေ၏။

ယောက်ဖတော် သမိန်မြောင်းမြ ထွက်တိုက်သဖြင့် ခွန်လောအနိစ္စရောက်၏။ စောရမ်းပရက္ကတ်ဘွဲ့ခံ ခွန်လောခေါ် မဂဒါမင်းသည် သက္ကရာဇ် ၆၃၅-ခုနှစ် တန်ခူးလဆန်း ၇-ရက် သောကြာနေ့တွင် ဖွားမြင်၍ သက္ကရာဇ် ၆၇၂ ခုနှစ်တွင် အနိစ္စရောက်၏။ အိမ်နိမ့် ၃၃။ စည်းစိမ် ၄။ အသက် ၃၇။

၁။ မြန်မာပေမူတွင် သမိန်မြောင်းမြကို သမိန်မင်းလှ ဟုဆို၏။

၂။ မြန်မာပေမူတွင် အနှစ်မရှိသော သစ်ပင်နှင့်အတူ ဖြစ်၏ဟုဆို၏။

www.burmeseclassic.com

www.burmeseclassic.com

စောသင်မောင်ဘွဲ့ခံ စောအောမင်း

ခွန်လောလွန်ပြီးနောက် ယောက်ဖတော်သမိန်မြောင်းမြ မင်းပြုမည်ဆိုသဖြင့် မယားဖြစ်သူ နင်းဥရိုင်က "ပြည့်ရှင်မင်းတို့ သဘောသည် ခြသေ့မင်းကဲ့သို့ စွမ်းပကား ခွန်အားရှိမှသာ လူအများ ကြောက်ရွံ့မည်။ ဇကရာဇ်မင်း၏ လက္ခဏာလည်း ရှိရမည်။ ယခုသော် ရှင့်မှာ အသက်အရွယ်ကြီးလှပြီ။ ငါတို့တွင် သား ၂-ယောက်ရှိသည့်အနက် သားကြီး စောအော (စံအော)ကို မင်းပြုစေမည်။ ငါတို့သား၏ ဘုန်းရိပ်ကို ငါတို့ခိုလှုံလျှင်လည်း မင်းစည်းစိမ်ကိုရသည်နှင့်အတူပင် မဟုတ်တုံလော" ဟုဆိုပြီး သားကြီး စောအောကို နန်းတင်၏။

စောအောမင်းသည် လက်ဆောင်ပဏ္ဏာများဖြင့် သောက္ကတဲမင်းထံ ဆက်သ၍ ဘွဲ့အမည် တောင်းခံ၏။ ဗညားဝါရူး၏ တူတော်ဖြစ်ကြောင်းသိရ၍ စောသင်မောင် (စံသေန်မိုင်)ဘွဲ့ဖြင့် သောက္ကတဲမင်းက ၎င်းအား ချီးမြှင့်ပြန်၏။ သောက္ကတဲမင်းသည် ဗညားဝါရူးကိုထောက်၍ သမီးတော် မေနှင်းထပီ (ဇာင်ထပီ)အား စောအောထံ ဆက်လိုက်၏။ စောအောမင်းပြုစဉ် ခမည်းတော် သမိန်မြောင်းမြကပင် ပြည်ထဲရေးများကို စီရင်၍ စားနပ်ရိက္ခာ ဥစ္စာပစ္စည်းများ သိုလှောင်ရန် ကျိုက္ကတိုက်တာများကိုလည်း ပြုပြင်၏။ မြို့လုံးဆိုင်ရာ ကြေးမက်[1] များကိုလည်း စုဆောင်း၏။ မိမိနေရန် ဘင်ပူတောင်ပေါ်တွင် စံနန်းတစ်ဆောင် ဆောက်ထား၏။ စုလစ်မွမ်းခွန်တွင် နဂါးရုပ်ထုထား၏။ စကြိန်နှစ်ဖက်တွင် ဂဠုန်ရုပ်များနှင့် အခြားရုပ် အမျိုးမျိုးများကို လှပတင့်တယ်စွာ ထုလုပ် မွမ်းမံထား၏။

တစ်နေ့တွင် သမိန်မြောင်းမြသည် အခြွေအရံများနှင့် ခရုကန် (ကမာသင်)တွင် ရေကစားထွက်၏။ မိမိ၏ နန်းတံခါးကို အပြင်မှ မင်းတုပ်ထိုး၍ ပိတ်သည်။ ကိုယ်လုပ်မိန်းမများကို နန်းတွင်း၌ နေစေ၏။ သမိန်မြောင်းမြနှင့် အခြွေအရံ မောင်းမများ ရေကစားသွားနေစဉ် ကျီးတစ်ကောင်သည် ညှပ်နှင့် အသားကင်ကိုချီ၍ နန်းဆောင်၏ စုလစ်တွင် နားလေ၏။ ညှပ်တွင် မီးကျီးခဲပါလာသဖြင့် လေတိုက်လျှင် နန်းပြာသာဒ်ကို မီးစွဲလေ၏။

မီးအားကြီးလာသော် အတွင်းရှိ ကိုယ်လုပ်များမှာ အပြင်သို့ ထွက်မရသဖြင့် မီးလောင်၍ သေကုန်၏။ သမိန်မြောင်းမြလည်း ရေကစားရာမှ ပြန်ရောက်လျှင်

၁။ မွန်ဘာသာ- ကျော်မက်=ငွေကြေး၊ အခွန်အကောက်၊ ရာထူး၊ ဂုဏ်သိုး စသည်ဖြင့် အနက်ဆောင်သည်။

www.burmeseclassic.com

www.burmeseclassic.com

ကိုယ်လုပ်တို့၏ အလောင်းများကို မီးသင်္ဂြိုဟ်၍ အရိုးစုကိုစုပြီး စေတီတည်၏။ ထိုစေတီကို ကလွန်ဗွန်ဘင်ပူ[၁] ဘုရားဟုခေါ်ဝေါ်၏။

မုတ္တမ မင်းစောသင်မောင်ဘွဲ့ခံ စောအောမင်းနှင့် သောက္ကတဲမင်းသမီး မေနှင်းထပီတို့တွင် သားတစ်ယောက်နှင့် သမီးတစ်ယောက်မြင်သည်။ သားကို စောအဲကံကောင်း (စံအဲကံကောင်) သမီးကို မေနှင်းအော်ကညာ (မေဏှင်အောဝ်ကညာ)ဟု ခေါ်သည်။ မြေးနှစ်ယောက်ရပြီးနောက် သမိန်မြောင်းမြနှင့် နှင်းဥရိုင်တို့လည်း အသက်ကြီး၍ အသီးသီး အနိစ္စရောက်ကြသည်။

သက္ကရာဇ် ၆၈၂-ခုနှစ်တွင် စောသင်မောင်သည် လဗုန်မြို့ကို လုပ်ကြွေ၍ လဗုန်ပျက်သည်။ နောက်တစ်နှစ်တွင် ထားဝယ်ကိုတိုက်၍ ထားဝယ်ပျက်သည်။ သမိန်ညီရာတ်ကို ဗိုလ်မင်းခန့်၍ တနင်္သာရီကို တိုက်စေ၏။ အောင်မြင်၍ ဆင်မြင်းနှင့် စားဗိုသည်ကောင်းများစွာရ၏။ တနင်္သာရီတွင် နန်းပြာသာဒ်တစ်ဆောင် ဆောက်၍နေသည်။ စောသင်မောင်ဘွဲ့ခံ စောအော ၁၄-နှစ် မင်းပြုစဉ် အပြင်မှ ရန်စစ်မရောက်သဖြင့် ပြည်သူတို့ ငြိမ်းချမ်းသာယာမှု ရကြ၏။ ခိုးသားလည်းကင်းသည်။

စောသင်မောင်ဘွဲ့ခံ စောအောသည် အသက် ၂၇။ သက္ကရာဇ် ၆၇၃-ခုနှစ်၊ တန်ခူးလဆုတ် ၆-ရက် စနေနေ့တွင် မင်းဖြစ်သည်။ ၁၄-နှစ် မင်းပြုပြီး အသက် ၄၁။ သက္ကရာဇ် ၆၈၅-ခုနှစ်တွင် အနိစ္စရောက်သည်။

ဗညားရံဒယ်ဘွဲ့ခံ စောဇိပ်မင်း

စောအောလွန်လျှင် ညီတော် စောဇိပ် (စံဇိပ်) မင်းပြု၏။ သောက္ကတဲမင်းထံလက်ဆောင်ပဏ္ဏာများဆက်၍ ဘွဲ့အမည်တောင်းခံပြန်သည်။ ဗညားရံဒယ် (ဗညားရံဒါယ်) ဘွဲ့ဖြင့် သောက္ကတဲမင်းက ချီးမြှင့်၏။ မုတ္တမတွင် စောဇိပ် နန်းတက်လျှင် ခွန်လောင်၏ သမီး နှင်းအံပို (ဏှင်အံပေါအံ) ခေါ် စန္ဒာမင်းလှကို မိဖုရားမြှောက်၏။ ဝမ်းကွဲမောင်နှမ တော်စပ်ကြသည်။ မရိုးဖြစ်သူ မုဆိုးမ မေနှင်းထပီကိုလည်း မယားပြု၏။ မေနှင်းထပီမှာ စောအောကို ဆက်လိုက်သော သောက္ကတဲမင်းသမီးဖြစ်သဖြင့် မင်းဧကရာဇ်အနွယ်ဖြစ်သည်ကိုထောက်၍ မိဖုရားအရာထားသည်။

၁။ မြန်မာမူတွင် ကျွမ်ပွန်ပလင်တူဟုဆို၏။ မွန်ဘာသာ- ကံ့ဗန်ဗင်ပူ။

www.burmeseclassic.com

www.burmeseclassic.com

စောဇိပ်မင်းပြု၍ မကြာမီပင် ပဲခူး၊ ဒဂုန်၊ ဒလ၊ ဝါတနောစသော မြို့များကို လုပ်ကြွတိုက်ခိုက်ပြီး သိမ်းယူ၏။ ထို့နောက် ပဲခူးမြောက်ဘက်တွင် စခန်းချ၍ရပ်နား၏။

ထိုမှဆက်လက်ပြီး ရဲဇ[1] တောသို့ဝင်၍ ဆင်ရဲ၏။ ယင်းသောအခါ ပုသိမ်စား သမိန်ညီစန် (သိုင်ညီစာန်)နှင့် မြောင်းမြစား သမိန်ဇအဲ (သိုင်ဇအဲ)တို့ ပုန်စားကြသည်ကို စောဇိပ်ကြားသိရလျှင် ဆင်ရဲရာမှ ထွက်တိုက်ပြန်၏။ သမိန်ညီစာန်နှင့် သမိန်ဇအဲ[2]တို့ နှစ်ဦးစလုံးကို မိခဲ့သည်။ ထို့နောက် ဗုန်ရင် (ဝုန်ရင်)အမတ်ကို စေလွှတ်ကာ ထားဝယ်ကို လုပ်ကြံစေ၏။ ထားဝယ်ကိုရလျှင် တနင်္သာရီကို တိုက်ပြန်သည်။ သို့သော် ရှုံးခဲ့ပြန်သည်။ ထို့နောက် သမိန်ညီစာန်ကို တပ်မင်းခန့်၍ မြောင်တလွဲ (မြိုင်ထဲ)ကို လုပ်ကြံစေသည်။ နိုင်၍ အခိုင်နေစေ၏။

ယင်းသောအခါ ဖြတ်ဗြိုမြို့သား ရှမ်းငါးရာမျှ[3] လာရောက် ခစားကြ၏။ ၎င်းတို့ လာရောက်ခစားကြသည့် အကြောင်းကို စောဇိပ်မေးသော် "အရှင်မင်းကြီးသည် သူရဲများကို မြတ်နိုးတတ်သည်ဟူ၍ ကြားရသောကြောင့် ခြေရင်းတော်သို့ ရောက်ပါသည်"ဟု ဆိုကြ၏။ စောဇိပ်လည်း ဝမ်းသာ၍ ရှမ်းငါးရာတို့ကို ဆုလာဘ်များပေးပြီး အချိတော် ဇိပ်ပွန်ကိုအပ်၏။ ရှမ်းငါးရာကို ကွပ်ကဲရသော ဇိပ်ပွန်သည်ကား ယခင်က သမိန်မြောင်းမြ၏ ကျွန်ဖြစ်ခဲ့သည်။ အတောဂန ရွာသားဖြစ်သည်။

များမကြာမီ သမိန်ညီစာန်၏ အချိတော် သမိန်အဲကံကောင်း (သိုင်အဲ ကာကင်)[4] အနိစ္စရောက်လေ၏။ သမိန်အဲကံကောင်း၏ မယားမှာ ပဋိသန္ဓေအရင့်အမာနှင့်ဖြစ်ပြီး မတ် အိမ်ပေါ်သို့ တက်လိုကြောင်း လျှောက်လာ၏။ မင်းကြီးစောဇိပ်လည်း "ငါ့မရီးအား သားဖွားစေဦး။ သား မိန်းမမွေးသော် ငါခွင့်ပြုစိမ့်မည်။ သားယောကျ်ားမွေးသော် ငါခွင့်မပြု"ဟု မိန့်၏။

တစ်လလောက်ရှိလျှင် သားယောကျ်ား ဖွားမြင်သောကြောင့် ခွင့်မပြုပေ။ သို့သော် ကလေးအား သူ၏အဖ အမွေအနှစ်အားလုံးကို ပေးတော်မူ၏။

၁။ မြန်မာမူတွင် - ရံမစွယ်တောဟုဆို၏။
၂။ မြန်မာမူတွင်- စောအဲသတ်ဟုဆို၏။
၃။ မြန်မာမူတွင်- ရှမ်းဖြတ်ပြီးသားဟုဆို၏။
၄။ သမိန် အဲကံကောင်းနှင့် စောအဲအံကောင်းဟူ၍ နှစ်ယောက်ရှိသည်။ အမှန်တူဖြစ်၏။ သမိန်အဲကံကောင်းသည် လောက်ဖြားဇ၏ အဘိုးဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com

ထိုသူငယ်ကို စောအဲပြသတ် (စံအဲပြသာတ်)ဟု အမည်ပေး၍ အမှုထမ်းနိုင်သည့် အရွယ်သို့ရောက်လျှင် ပြည်ကို လုပ်ကြံစေ၏။ ပြည်တွင် တပ်ပျက်၍ စောအဲပြသတ် သေလေ၏။ စောအဲပြသတ်တွင် သားလေးယောက်ရှိသည်။ ၎င်းတို့မှာ ညီစန် (ညီစာန်) အဲဗြဇုန် (အဲဗြဝုန်) လောက်ဖြား(လိုက်ဖြာ)၊ ဥလို (ဥုလို့)တို့ဖြစ်သည်။ စောအဲပြသတ်၏ သားအားလုံးကို စောဇိပ်မင်းက သူကောင်းပြုသည်။

စောဇိပ်၏ မိဖုရား နှင်းအံပို ခေါ် စန္ဒာမင်းလှတွင် သားမိန်းမနှစ်ယောက်မြင်သည်။ အကြီးကို မွေ့နဲ့ (မျွောနေအဲ)။ အငယ်ကို မွေ့နု (မျွော်နု)ဟု မှည့်၏။ မွေ့နဲ့သည် ငယ်ကပင် သေ၏။ မွေ့နမှာ နောင်တွင် မဟာဒေဝီဟု မင်းကြီးအမည်ပေးပြန်သည်။ နောင်တွင် သားယောကျ်ားတစ်ယောက် မြင်ပြန်၍ ဗညားဦးဟုမှည့်၏။ မိဖုရား **မေနင်း** ထပိ[၁]တွင် သား မိန်းမတစ်ယောက်မြင်၍ မိမဆမ် (မိမဆော်)ဟုမှည့်၏။ နောင် သားယောကျ်ားတစ်ယောက် မြင်ပြန်လျှင် မင်းလက်ဟုမှည့်၏။

များမကြာမီ စောဇိပ်မင်းသည် မိမိ၏ တူတော် စောအဲက်ကောင်း[၂] (စံအဲကာ်ကာ်ငင်) ကို ထားဝယ်သို့ စေလွှတ်၍ လုပ်ကြံစေသည်။ စောအော၏သား စောအဲက်ကောင်းလည်း ဦးရီးတော်၊ စောဇိပ် စေခိုင်းသည့်အတိုင်း ထားဝယ်ကိုလုပ်ကြံ၍နိုင်လျှင် ပြန်လှည့်လာ၏။ သို့သော် အရေးနှင့်ညီအောင် မလုပ်ကြံဘဲ ခွာခဲ့သည်ဟူ၍လည်းကောင်း၊ အရှင်မင်းကြီး လက်ချောင်းသည် အရှင်မင်းကြီး၏ ပျက်စီးမှုကိုဆောင်ခဲ့သည်ဟူ၍လည်းကောင်း အများက ကုန်းချောလေသောကြောင့် စောအဲက်ကောင်းကို သံခြေချင်းခတ်၍ ပြည်[၃]တွင် အစောင့်နှင့် ထားရန် ညီလိန် (ညီလိုန်)အား တာဝန်ပေးအပ်၏။

အခါတစ်ပါး အချိုတော် ဇိပ်ပွန်သည် မိမိလက်တွင် ဖြတ်ဖြိုရှမ်းငါးရာရှိသဖြင့် ခိုင်ခဲ့နေ၍ အကောက်ဉာဏ်ဖြင့် ဥယျာဉ်လုပ်၏။ ဥယျာဉ်၏ ပတ်ဝန်းကျင်တွင် ကျုံးတူးစေ၏။ ဥယျာဉ်၏ အလယ်ဗဟိုတွင် ပျဉ်အိမ်ကြီးတစ်ဆောင် ဆောက်လုပ်လေ၏။

၁။ မြန်မာမူတွင် မည်နှင်းစောပီဟုဆို၏။

၂။ စောအဲက်ကောင်းသည် စောအော၏ သားဖြစ်၍ စောဇိပ်၏ တူဖြစ်သည်။ သေခဲ့သည့် သမိန်အဲက်ကောင်းသည် ပြည်ကိုလုပ်ကြံ၍သော်လည်း စောအဲပြသတ်၏ အဖဖြစ်သည့် လောက်ဖြား၏ အဘိုးဖြစ်သည်။ အမည်တူ ဖြစ်၏။

၃။ မြန်မာမူတွင် တမြွှိုဟုဆို၏။

www.burmeseclassic.com

www.burmeseclassic.com

ပျဉ်ထောင်အိမ်ကြီးပြီး၍ အိမ်တက်မင်္ဂလာပွဲသို့ ကြွရောက်ချီးမြှင့်ရန် စောဇိပ်ကို ဤသို့လျှောက်၏။ "ရေမြေရှင် မင်းတရားကြီး၏ ဘုန်းတော်ကြောင့် ဤမျှ ကြီးကျယ်သော ပျဉ်ထောင်အိမ်ကြီးကို ဆောက်လုပ်နိုင်ခြင်း ဖြစ်ပါသည်။ အရှင်မင်းကြီး၏ ရွှေဖဝါးတော် အောက်တွင် ကျွန်တော်မျိုး ခိုလှုံရသူဖြစ်ပါသည်။ ကျွန်တော်မျိုး၏ ဂုဏ်ကျက်သရေ ဖြစ်စေရန် အိမ်တက်မင်္ဂလာ အခမ်းအနားသို့ အရှင်မင်းကြီး ကြွရောက်ချီးမြှင့်သည်ကို မုတ္တမသားတို့အား မြင်စေလိုပါသည်"

စောဇိပ်လည်း မိမိ၏ ကျွန်ရင်းဖြစ်သော ဇိပ်ပွန်သည် ငယ်စဉ်ကပင် မိမိအား ပြုစုခဲ့သူဖြစ်သဖြင့် သံသယကင်းစွာဖြင့် ဇိပ်ပွန် ပင့်ဖိတ်သည်ကို လက်ခံ၍ အိမ်တက်မင်္ဂလာပွဲသို့ ကြွရောက်လာ၏။ ဇိပ်ပွန်လည်း လက်ဆောင်ပဏ္ဏာများဖြင့် ကြိုဆို၏။ အိမ်ပေါ်သို့ ဆိုက်ရောက်သောအခါ ဗြတ်ဗြိုရှမ်းတို့က စောဇိပ်ကိုဖမ်း၍ သတ်လေ၏။

ဗညား ရဲဒယ်ဘွဲ့ခံ စောဇိပ်သည် သက္ကရာဇ် ၆၆၅-ခုနှစ် နယုန်လဆန်း ၄-ရက်၊ တနင်္ဂနွေနေ့တွင် ဖွားမြင်၏။ ၆၈၅-ခုနှစ် သီတင်းကျွတ်လတွင်... နှစ်တက်သည်။ အိမ်နိမ့် ၂၀။ စည်းစိမ်-၇။ <u>အသက် ၂၇-နှစ်တွင် အနိစ္စရောက်သည်။</u>

ဇိပ်ပွန်မင်း

စောဇိပ်ကိုသတ်ပြီး အချိတော် ဇိပ်ပွန်မင်းပြု၏။ မိဖုရား စန္ဒာမင်း[၁]သည် ဗိုလ်မင်း စစ်သကြံ(စောတ်သင်ကြာမ်)ကို ရွှေငွေများပေး၍ ဇိပ်ပွန်ကိုသတ်ရန်ကြံ၏။ စန္ဒာမင်းလှ မိဖုရားသည် ပရိယာယ်ဖြင့် အခွေအရံများနှင့်တကွ ဗိုလ်မင်း စစ်သကြံ စသော မှူးမတ်များကိုခေါ်၍ ဇိပ်ပွန်မင်းအား ခစားမည့်ဟန်ဖြင့် နန်းတော်သို့ဝင်ကြလေ၏။ ရောက်သော် ဇိပ်ပွန်ကိုဖမ်း၍ သတ်လေ၏။ ဇိပ်ပွန်သည် ၇-ရက်မျှသာ မင်းပြုရ၏။ ဇိပ်ပွန်သည် သက္ကရာဇ် ၆၅၇-ခု နယုန်လဆန်း ၁၂-ရက် ကြာသပတေးနေ့တွင် ဖွားမြင်၏။ အသက် ၃၅-နှစ်။ သက္ကရာဇ် ၆၉၂-ခုနှစ်၊ ရ-ရက်မျှ မင်းပြု၍ အနိစ္စရောက်သည်။

၁။ စန္ဒာမင်းလှ = လကျက်သရေကဲ့သို့ လှသူဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

စောအဲကံကောင်းမင်း

ဓိပ်ပွန်ကိုသတ်ပြီးလျှင် မိဖုရား စန္ဒာမင်းလှသည် ပြည်တွင် သံခြေချင်းခတ်၍ အစောင့်ဖြင့်ထားသော စောအဲက်ကောင်းကို ပြန်ခေါ်ရန် ရဟန်းရှစ်ပါး၊ ပုဏ္ဏားရှစ်ယောက် တို့အား ပြည်သို့လွှတ်၏။ စောအဲက်ကောင်းသည် စောအောင်၏သားဖြစ်၍ စောဓိပ်၏တူ ဖြစ်သည်။ မုတ္တမသို့ ပြန်ရောက်လျှင် စန္ဒာမင်းလှသည် တူတော် စောအဲက်ကောင်းကို နန်းတင်သည်။ စောအဲက်ကောင်းသည် အဒေါ်ဖြစ်သူ မိဖုရားစန္ဒာမင်းလှနှင့်တကွ မင်းပြု၏။

အစသော်ကား ကျေးဇူးရှိပေသည်ဟု စန္ဒာမင်းလှ ခေါ် နှင်းအံ့ပိုမိဖုရားကို ချစ်မြတ်နိုးသည်။ နောင်သော်... ကိုယ်လုပ် မောင်းမများနှင့်သာ ပျော်ပါး၍ ခြောက်ရက် ခုနစ်ရက်ကြာအောင် စန္ဒာမင်းလှထံ မလာသဖြင့် မိဖုရား စန္ဒာမင်းလှ စိတ်မျက်သည်။ "သူ့ကို ဒုက္ခမှုလွတ်အောင် ငါလွှတ်၍ နန်းတင်ထားသည်။ ငါ့နားမျက်စိကို ဖျက်ချေသည်။ သူသည် မင်းဖြစ်နေသမျှ ငါ့နားမျက်စိကို အမြဲပင် ဖျက်ချေဦးမည်ပါတကား" ဟု ဆိုပြီး အမဲဟင်းလျာတွင် အဆိပ်ခတ်၍ စောအဲက်ကောင်းကို သတ်ပစ်လေ၏။

သက္ကရာဇ် ၆၆၅-ခုနှစ်တွင် စောအဲက်ကောင်း ဖွားမြင်၍ အသက် ၂၇-နှစ်၊ သက္ကရာဇ် ၆၉၂-ခုတွင် ၄၉-ရက်မျှ မင်းပြု၍ အနိစ္စရောက်သည်။

www.burmeseclassic.com

www.burmeseclassic.com

ဗညားအဲလောမင်း

အဲကံကောင်းလွန်လျှင် ဗညားအဲလော[၁] မင်းပြုသည်။ နှင်းအံပိုခေါ် စန္ဒာမင်းလုကိုပင် မိဖုရားမြောက်၏။ စန္ဒာမင်းလု၏ညီမ တလရှင်စောဗုတ် (တ္ဘသစောင်စံဗိုတ်)ကိုလည်း မိဖုရားမြောက်၏။ ဗညားအဲလောသည် စောရံပြကွတ်ဘွဲ့ခံ ခွန်လော၏ သားဖြစ်သည်။ စစ်တောင်းကို စားပြီးနောက် ပဲခူးစားဖြစ်ခဲ့သည်။ ပဲခူးတွင် သားတစ်ယောက်ရှိ၍ အဲလောင် (အဲလံင်) မည်၏။ အဲလောင်ကို နှင်းအံမေဟံ ထိန်းရ၏။ မိဖုရား နှင်းအံပိုခေါ် စန္ဒာမင်းလုသည် ဝန်တိုင်းစုတတ်သည်ဟု ကြားရ၍ ပဲခူးမှ ကိုယ်လုပ်မောင်းမများကို မခေါ်ဘဲ သားဖြစ်သူ အဲလောင်ကိုသာ ချီ၍ မုတ္တမသို့ သင်္ဘောဖြင့်လာပြီး မင်းပြု၏။

မုတ္တမတွင် ဗညားအဲလော မင်းပြုစဉ် သောက္ကတဲတွင် မင်းပြုသော ပြဋ္ဌိမင်းသည် မိမိ၏မြေးတော် စောအဲကံကောင်း (ဏင်ထပိမင်းသမီးမှ မြင်သည်) အသတ်ခံရသည်ကို ကြားရသဖြင့် အမျက်ဒေါသထွက်၍ မုတ္တမသို့ စစ်ချီလာ၏။ သောက္ကတဲမင်း၏ စစ်သည်တော် တပ်မင်း အမတ်လေးယောက်မှာ ဒေါဂုံ၊ စစ်နာဂ၊ ဂံနလံနှင့် သေသံဗြတ်တို့ဖြစ်သည်။ ဗညားအဲလောသည် သောက္ကတဲ စစ်ချီလာသည်ကိုကြားလျှင် စစ်တောင်းစား သမိန်ငေါ(သိုင်ငဝ်) နှင့် ဒုန်ဝန်းစား သမိန်အဲသီဗုန် (သိုင်အဲသီဝုန်) တို့ကို ခံတိုက်နှင့် စေ၏။

စစ်တောင်းစားနှင့် ဒုန်ဝန်းစားတို့၏ တပ်များပျက်သဖြင့် မြို့စားနှစ်ယောက် စလုံးကို ရှုံးတို့ရလိုက်၏။ ထိုသတင်းကို ဗညားအဲလောကြားလျှင် စစ်သည်ဗိုလ်ပါများနှင့် ဆင်လုံးမြင်းရင်းစီရင်၍ မိမိကိုယ်တိုင် တပ်မင်း ၉-ယောက်တို့ကို ကွပ်ကဲလျက် စစ်ကြောင်းနှစ်ကြောင်းခွဲ၍ ထွက်တိုက်သည်။

တပ်မင်းအမတ် ၉-ယောက်မှာ ဇိပ်ဗြဲ၊ ညီဗသေည်၊ သွယ်လဂွန်းစံ၊ ရာဇာဒိတ်၊ ဗြဗုံ၊ စစ်ဒေါင်း၊ သမိန်လမျို့၊ ညီတမန်းနှင့် ပစ်ဗဲတို့ဖြစ်ကြလေသည်။

ဗညားအဲလော၏ အင်အားကြီးမားသဖြင့် သောက္ကတဲ စစ်အရေးနိမ့်၍ ဆုတ်ပြေးကြလေသည်။ ထိုအခါမှစ၍ သောက္ကတဲနှင့် မုတ္တမ နှစ်ပြည်ထောင်မိတ်ပျက်လေ၏။

၁။ ဗညားအဲလောသည် ခွန်လော၏သားဖြစ်၍ ခွန်လော၏ သမီးဖြစ်သူ စန္ဒာမင်းလုနှင့် မောင်နှမတော်စပ်သည်။ သို့သော် မအေကွဲဖြစ်ဟန်ရှိသည်။ မူရင်းကွင်ဖော်ပြခြင်း မရှိပါ။ မအေကွဲ ဖအေကွဲ မောင်နှမချင်းယူလေ့ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com

ရှမ်းစစ်ရောက်သောကြောင့် မုတ္တမ ဒုန်ဝန်း၊ စစ်တောင်းမြို့သားများသည် မလုပ်စားနိုင်ကြ။ လယ်ယာလည်းပျက်သဖြင့် ငတ်မွတ်ကြ၏။

ယင်းနှစ်တွင် အငတ်ဘေးကျရောက်သည့်ပြင် ကျားနှင့်ဝက်တို့လည်း ကိုက်ခဲကြသည်။ ဆင်ဖြူတော်လည်း အစွယ်ကျိုးချေသည်။ ပုဂံပြည်မှလည်း ပဲခူးသို့စစ်ရောက်သည်။

အခါတစ်ပါး ဗညားအဲလောစဉ်းစား၏။ "ငါ့သားအဲလောင်နှင့် ငါတူ ဗညားဉီးတို့သည် အရည်တူကြ၏။ ငါမရှိသော် ဘယ်သူမင်းဖြစ်မည်နည်း။ ငါစမ်းဉီးမည်"ဟုဆိုကာ နာဖျားမကျန်းဟန်ပြု၍ အိပ်၏။

ကျွန်ယုံတော်နှစ်ယောက်နှင့်သာ နေသည်။ အနာသည်းသည်ဟုဆိုကာ ကိုယ်လုပ်မောင်းမများကို မချဉ်းကပ်စေဘဲ ထားသဖြင့် ကိုယ်လုပ်များသည် အဲလောင်ကို သတင်းပေးကြ၏။

အဲလောင်လည်း ဆင်စီး၍ သူရဲသူခက်ဗိုလ်ပါများနှင့် ဗညားဉီးအားသတ်ရန် သွား၏။ ဗညားဉီးသည် ကြိုတင်သိနှင့်သဖြင့် ဆင်စီး၍ သူရဲသူခက်ဗိုလ်ပါများနှင့် ထွက်တိုက်သည်။ အဲလောင်အရေးနိမ့်၍ ပြေးသည်ကို ဗညားဉီးမိလိုက်၏။

ထိုအခါ ဗညားအဲလောသည် အိပ်ရာမှထလာ၍ "ဟယ်၊ ဟယ်– နင်တို့နှစ်ယောက်" ဟုဆိုရုံဖြင့် ဗညားဉီးထွက်ပြေးလေ၏။ ဗညားအဲလောလည်း တူတော် ဗညားဉီးကို အမျက်ဒေါသထွက်၏။ "ငါသည်မျှသာ မကျန်းသည်ကို ဗညားဉီးသည် အဆွေအမျိုး အခြွေအရံများသဖြင့် ငါရှိလျက်ကို ငါ့သားအား သို့စင်ပြုသည်"ဟုဆို၍ ဗညားဉီး အား ဖမ်းစေပြီး အစောင့်အရှောက်ဖြင့် ထားလေ၏။

နောင်သော် ဗညားဉီး၏မိခင် မိဖုရားစန္ဒာမင်းလှနှင့် ညီမတလရှင် စောဗုတ်[၁] တို့တောင်းပန်သဖြင့် ဗညားဉီးကိုလွှတ်သည်။ ဗညားဉီးကို မိဖုရားနှစ်ပါးစလုံးက အာမခံထား၏။ များမကြာမီပင် အဲလောင်သည် ကျောက်ပေါက်၍ သေလေ၏။

သက္ကရာဇ် ၇၁၀–တွင် ဗညားအဲလောနာ၍ လွန်ပြန်၏။ ဗညားအဲလောသည် သက္ကရာဇ် ၆၆၉ တန်ခူးလဆုတ် ၅ ရက် ဗုဒ္ဓဟူးနေ့တွင်ဖွားသည်။ ၆၉၂ အသက် ၂၃ တွင် မင်းဖြစ်သည်။ စည်းစိမ် – ၁၈ နှစ်။ အသက် – ၄၁ တွင် အနိစ္စရောက်သည်။

၁။ မိဖုရား တလရှင်စောဗုတ်သည် စန္ဒာမင်းလှ၏ညီမဖြစ်၍ ဗညားအဲလော၏ နှမတော်သည်။ သို့သော် မအေကွဲဖြစ်ဟန်ရှိသည်။ မအေကွဲသာယူလေ့ရှိသည်။ အရင်းကိုယူလေ့မရှိကြ။

www.burmeseclassic.com

www.burmeseclassic.com

ဗညားဦးမင်း

သက္ကရာဇ် ၇၁၀ တွင် ဗညားအဲလောလွန်လျှင် ဗညားဦးသည် ဆင်ဖြူရှင်ဘွဲ့ခံ၍ မုတ္တမဋ္ဌနန်းတက်သည်။ မင်းပြု၍မကြာမီ မြောက်ဘက်တောသို့ ဆင်ရံသွားလေ၏။ ဆင်ရံရာကအပြန်တွင် ဖြတ်လိုင်းရွာသို့ရောက်သော် ရုပ်ရည်အလွန် ချော အလွန်လှပသည့် ဖြတ်လိုင်းသူ၊ မွေးမဂူသောက် (မြော်မဂေါ်သောက်=လှထိပ်ခေါင်)[1] မည်သော မိန်းမပျိုကိုမြင်လျှင် မင်းကြီးကြိုက်နှစ်သက်တော်မူသဖြင့် မွေးမဂူသောက်ကို ကောက်ယူ၍ မုတ္တမသို့ခေါ်ဆောင်ခဲ့သည်။

ဖြတ်လိုင်းသူ မွေးမဂူသောက်ကို မုတ္တမသို့ဆောင်ယူရာတွင် အပြန်လမ်းခရီး တစ်လျှောက်ကို ရာဇမတ်ကာရံစေ၍ အလံတံခွန်များဖြင့် လမ်းနံဘေး ၂-ဖက်၌ လှပစွာ ဆင်ယင်ထားစေ၏။ ထို့နောက် တင့်တယ်စွာဖြင့် မုတ္တမမြို့သို့ဝင်တော်မူ၏။ ပဲခူးသူ၊ မုတ္တမသူတို့ တန်ဆောင်တိုင်ကိုင်၍ ကြိုဆိုကြ၏။ ယင်းသို့ ပြည်သူပြည်သားများ စည်ကားစွာကြိုဆိုရင်း သီဆိုကြသည့် သီချင်းကား-

"ပ္ကတဲလက်အုပ်၊ ရုပ်နဲ့ဂေါ်လောန်၊ ကောန်ညးဗြာတ်လာဝ်၊
သိုဓုပ်ပ္ကမှာင်၊ ဝါင်ဒုင်ကောတ်ဖျ၊ တြဲမတ္တမ။
ဟိုတ်နဲ့သျိုက်ဆာန်၊ သန်ထာန်နန်ဂျိုင်၊
သ္ကြစသိုင်ရ၊ ရုပ်ဂေါ်သွေဟ်ဟ၊ နာမသွေဂံခုတ်၊
ကောန်ဝုတ်ဗြာတ်လာင်"

ဟူ၍ သီဆိုကြကုန်သည်။ မြန်မာမှုသော်ကား-

"ရုပ်ရည်အလွန်ချောမောလှပသည့် ဖြတ်လိုင်းရွာသူ
လှပျိုဖြူကို၊ ကန်တော့ပွဲ ဆီမီးပန်းမန်တို့ဖြင့်
ကြာဖူးသဖွယ် လက်အုပ်ချီ၍ မုတ္တမခရီးသို့ ကြိုဆိုခဲ့ပါသည်။
ဖြတ်လိုင်းသူသမီးပျိုကလေး၊ အလှပဂေးကို
အရှင်မင်းကြီး ချစ်ခင်လေးမြတ်သဖြင့် တစ်ပင်တိုင်နန်းလယ်တွင်
စံပယ်စေသည်။

၁။ ဂေါ်ဝ် = လှပသည်။ သောက် = ဆံကေသာ။ လှပခြင်းကို ဆံကေသာနှင့် နှိုင်းထား၍ လှထိပ်ခေါင်ဟု အနက်ဆောင်သည်။

www.burmeseclassic.com

www.burmeseclassic.com

ဖြတ်လိုင်းသူ သမီးပျိုလှခေါင်ချုပ်၏ ရုပ်အဆင်းမှာ
ကြွေ့ရှင်း၍
အလွန်ချစ်ဖွယ် ကောင်းသည့်အတိုင်း
ဘွဲ့အမည်နာမချီးမြှင့်ရန်သာ ရှိတော့သည်"[၁]

မုတ္တမသို့ရောက်ပြီးနောက် ဗညားဦးသည် ဖြတ်လိုင်းသူကို ချစ်မြတ်နိုးသဖြင့် မိဖုရားမြှောက်သည်။ ထို့နောက် အမတ်ကြီးသံဗုန် (သာဝုန်)က မိမိ၏သမီးပျို လေးယောက် ဖြစ်သော မွေ့အစ် (မျောအောက်)။ မွေ့ကော (မျောကဝ်)။ မွေ့ဇိပ် (မျော်ဇိပ်)နှင့် မွေ့ဒေါ (မျောဒဝ်)တို့ကို ဗညားဦးအား ဆက်သသည်။ အကြီးသုံးယောက်တို့ကို ဗညားဦး မိဖုရားမြှောက်သည်။ အငယ်ဆုံးမွေ့ဒေါကို ညီတော်မင်းလက်ံအား ပေးစား၏။ ညီတော်မင်းလက်ံမှာ သမိန်ညီကောင်သိန်[၂] (သိုင်ညီကင်သိန်) အမည်ခံ၍ ပဲခူးကိုစားရသူဖြစ်၏။

အမတ်ကြီး သံဗုန်သည် ဝါရိရူးမင်းလက်ထက် အမတ်ကြီး ဗပစ်ဗိုလ် (ဗပေက်ဗုံ) ဗိုလ်ထုဖျက်၏သား ဖြစ်သည်။ အမတ်ကြီး သံဒေါ (သာဒ)၏ သား ဗုန်လံ (ဝုန်လာ) ကို ဖြထဗိုက် (ဖြထွိုက်) ဟူသော ဘွဲ့ပေး၍ အစ်မတော် မဟာဒေဝီနှင့် စုံဖက်စေသည်။ ဒဂုန်မြို့ကို စားစေသည်။

သက္ကရာဇ် ၇၁၀တွင် ဗညာဦးနန်းတက်ပြီး သုံးနှစ်ကြာလတ်သော် သက္ကရာဇ် ၇၁၃ ခုနှစ်တွင် စောအဲဒိတ် (စ်အာဒိုတ်) နှင့် ဗေါကြွယ် (ဘဝ်ကြဲ)တို့နန်းယောက် ဒုန်ဝန်း (ဍုင်ဝါန်)တွင် ပုန်စားကြ၏။ ဗညားဦး၏ စစ်သည်ဗိုလ်ပါများ ဒုန်ဝန်းသို့ သွားရောက်နိုမ်နင်းလျှင် စောအဲဒိတ်နှင့် ဗေါကြွယ်တို့ အရေးနိမ့်၍ ဧင်းမယ်သို့ ဝင်ပြေးကြလေသည်။

၁။ မြန်မာမူတွင် = ဖြတ်လန်းသူသွေး၊ မွေးမဂူရုပ်၊ လှခေါင်ချုပ်ကို လက်အုပ် ချီ၏လေ၊ ချီ၏လေ ဟုသာ တစ်ပိုင်းတစ်စသာတွေ့ရသည်။ မွန်ဘာသာ မျော်မဂေါဝ်ရုပ် ကို မွေးမဂူရုပ်ဟု အသံဖလှယ်ထားသည်။ လှခေါင်ချုပ်၊ လှထိပ်ခေါင်၊ အလှဘုရင်၊ အလှဧကရီ ဟု အနက်ရှိပါသည်။

၂။ မြန်မာမူတွင် = ညီဂေါင်သိန်ဟုဆို၏။ ဗညာဦးနှင့် ဖအေတူ မအေကွဲ ညီဧကြသည်။

www.burmeseclassic.com

www.burmeseclassic.com

ထိုနှစ်တွင်ပင် စောအဲဒိတ်နှင့် ဗေါကြယ်[၁]တို့၏ ကုန်းချောမှကိုယ်၍ ဇင်းမယ်မင်းသည် အမတ်ကြီး ဦးပိုက်လဲသံ (ဥဗိတ်လဲင်သာ်)ကို တပ်မင်းခန့်၍ ဗိုလ်ခြေရှစ်သောင်း၊ ဆင်မြင်း မြောက်မြားစွာဖြင့် မုတ္တမကို လုပ်ကြံစေ၏။ သစ်တောင်း၊ တိုက်ကုလား၊ ဒုန်ဝန်း၊ ယင်းငြိမ် (ယင်ငိုန်) ။ လဂွန်းဗျဉ်း(လွန်ဖေန်)စသော မြို့ငယ်များ ပျက်ချော်၏။ ရှမ်းတို့သည် မောဒုန် (မုဟ်ချုင်)တွင် တပ်ချ၍ တစ်လၢနှစ်လမျှနေသဖြင့် မုတ္တမမော်လမြိုင်သားတို့ အလွန်ထိတ်လန့်ကြောက်ရွံ့ကြကုန်၏။

ထိုအခါ ဗညားဦးသည် မိဖုရား၊ မောင်းမ မိသံ အခြွေအရံများ၊ မှူးမတ်သေနာပတိများ၊ ပညာရှိ ပုဏ္ဏား၊ ဟူးရား၊ သံဃာများ၊ သဋ္ဌေး သူကြွယ်ပြည့်ဝမ်းများနှင့် တိုင်ပင်ဆွေးနွေး၏။

"ယခုငါတို့မြို့ကို ရန်စစ်တွေ ဝန်းရံထားပြီ၊ ငါတို့မှာ ဆင်ဖြူတော်ကလွဲ၍ အခြား မြင်ဖွယ်၊ အားထားဖွယ်ရာမရှိပြီ။ ဆင်ဖြူတော်ကိုသာ အားကိုးရမည်"ဟု ဆိုကြကုန်၏။

ဆင်ဖြူတော်လည်း ပါရမီဖြည့်ခဲ့သော ကုသိုလ်ရှင် သတ္တဝါဖြစ်၍ မုတ္တမမြို့သူမြို့သားများမှာ စိတ်သောကရောက်နေသည်ကို သိမြင်သဖြင့် ထိုညတွင် သူ့ရှင် ဗညားဦးအား အိပ်မက်ပေးလေ၏။

"အရှင်မင်းကြီး ဇင်းမယ်ရှမ်းစစ်ကို တွန်းလှန်ရန် ငါ့တာဝန်ထားပါ။ တောင်ထိပ်ပေါ်တွင် ကနားကြီးတစ်ဆောင် ဆောက်ပြီး ထီးတံခွန် ဗိတာန်[၂] ပိတ်ဖြူ မျက်နှာကြက်များဖြင့် ဆင်ယင်ပါ။ ငါ့ကို ထိုကနားတွင်ထားပြီး ငါ့အပါးတွင် ရွှေအင်ဖြင့်သင်းထုံရည်ထည့်၍ စီရင်ထားပါ၊ သူ့ရှင်သည် မိဖုရား၊မောင်းမမိသံ၊ ကိုယ်လုပ်များ၊ မှူးမတ်သေနာပတိများ၊ သဋ္ဌေးသူကြွယ် ဂနောချုင်[၃] မြို့ဝမ်းသားများ စုံညီစွာဖြင့် တင့်တယ်စွာကနားသို့လာကာ သဘင်ကြီးကျင်းပပါ။ ထိုအခါ ရွှေအင်မှ သင်းထုံသည့် အမွှေးအကြိုင်

၁။ မြန်မာစာမူတွင် စောဒိတ်နှင့် ဗေါကြယ်တို့အကြောင်းမပါ။

၂။ ဗိတာန် (မွန်စကား ဖဒုန်)= မျက်နှာကြက်၊ (ပါဠိ – ဝိတာနမှသက်သည်။)

၃။ ဂနောချုင် (မွန်စကား – ဂ့ံချုင်) = မြို့ဝမ်း၊ ပြည့်ဝမ်းဟု အနက်ရသည်။ ပါဠိ–သဋ္ဌေ = ချမ်းသာသောသူ၊ သူကြွယ်။ မွန်တွင် ပါဠိသေဋ္ဌိမှသက်၍ သေဋ္ဌိ ရုပ်ရေးသည်။ မြန်မာတွင် သဋ္ဌေးဟု ရေးသင့်သည်။ သူကြွယ်မှာ မြန်မာစကားအစစ်ဖြစ်၏။ သူဋ္ဌေးဟု မရေးသင့်။ ပါဠိသက် ဖြစ်၍ သဋ္ဌေးဟုသုံးလိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ရေကို ငါပက်ဖျန်းလိုက်လျှင် ဇင်းမယ်စစ်ပျက်ကုန်မည်"ဟု အိပ်မက်တွင် ဆင်ဖြူဆိုလေ၏။

နံနက်မိုးသောက်၍ အလင်းသို့ရောက်လျှင် ဆင်ဖြူရှင်ဗညားဦးသည် ဆင်ဖြူတော်ပေးသည့် အိပ်မက်အတိုင်း တောင်ထိပ်ပေါ်တွင် ကနားကြီးတစ်ဆောင် ဆောက်လုပ်စေပြီး တင့်တယ်စွာပြုပြင် ဆင်ယင်စေ၏။ ဆင်ဖြူတော်ကို ကနားကြီး၏ အလယ်ဗဟိုတွင် နေစေ၍ ရှေ့တွင် အမွေးနုံသာ သင်းထုံရည်တို့ဖြင့် ထည့်ထားသည့် ရွှေအင်ကို ထားလေ၏။ အတီးအမှုတ် တူရိယာဂီတမျိုးစုံဖြင့် တီးမှုတ်စေပြီး သဘင်ကြီးစွာ ခံလေ၏။

ထိုအခါ ဆင်ဖြူတော်သည် အောင်သံပေး၍ ဟစ်ကြွေးကာ ရွှေအင်မှ အမွေးသင်းထုံရည် ကိုငုံပြီး ပက်ဖျန်းလေ၏။ ဇင်းမယ်ရှမ်းစစ်သည် တပ်သားများလည်း ဆင်ဖြူတော်၏ ဟစ်ကြွေးသံကိုကြားလျှင် ကြောက်ရွံ့ထိတ်လန့်ကုန်သဖြင့် ကစဉ့်ကလျား ပြေးလွှားကြကုန်၍ တပ်ပျက်လေ၏။

ရှမ်းစစ်သည်များ ထွက်ပြေးကြသည်မှာ နှစ်ယောက်ပင်စုရ၍ မရတော့ပေ။ များစွာသေကျေကြကုန်၏။ ဆင်ဖြူတော်၏ တန်ခိုးကြောင့် မုတ္တမသားတို့သည် ဇင်းမယ်စစ်ကို နိုင်ရခြင်းဖြစ်ပေသည်။ သုံ့ပန်း၊ ဆင်မြင်း၊ အမြောက်၊ သေနတ်များစွာ ရလိုက်သည်။ ဇင်းမယ်စစ်၏ ပစ္စည်းများကို နှစ်လမျှ ကောက်ယူ၍ မကုန်သေးပေ။

ထိုအခါ ဆင်ဖြူရှင်ဗညားဦးသည် ဇင်းမယ်စစ်ကို နိုင်သည့်အထိမ်းအမှတ်ဖြင့် သီဟိုဠ်မင်း[၁] ထံ သင်္ဘောဖြင့် လက်ဆောင်ပဏ္ဏာများစီရင်၍ ရာဇသံစာဖြင့် သရီရဓာတ်တော်ကို တောင်းခံလေ၏။ သီဟိုဠ်မင်းလည်း လက်ဆောင်ပဏ္ဏာများနှင့် နူးညံ့သိမ်မွေ့သည့် ရာဇသံစာကို ဖတ်ရလျှင် ဝမ်းသာအားရပြီး သရီရဓာတ်တော်များကို ပေးခဲ့လေသည်။ ဗညားဦးလည်း သရီရဓာတ်တော်များကိုရလျှင် အလွန်ဝမ်းမြောက်သည်။

ဆင်ဖြူတော်အား အမွေးနုံသာရည် ပက်ဖျန်းစေသည့် တောင်ထိပ်ထက်တွင် အောင်မြင်စေတီတစ်ဆူတည်၍ သရီရဓာတ်တော်များကို ဌာပနာ၏။ ဌာပနာတိုက်တွင် သူ့ရှင်ဗညားဦးရုပ်၊ မိဖုရားများနှင့် မောင်းမမိသံရုပ်များ၊ မှူးမတ်သေနာပတိတို့၏ ရုပ်များကို ရွှေစင်အတိဖြင့် သွန်းလုပ်စေ၏။

၁။ မြန်မာမူတွင် သိန်းခိုမင်းဟု ဆို၏။ (အနက်တူဖြစ်သည်။)

www.burmeseclassic.com

www.burmeseclassic.com

ထိုရွှေရုပ်များကို မွေတော်ဓာတ်တော်အား ဝန်းရံ၍ ရှိခိုးနေဟန်ထားလေ၏။ ဘုရားကို ကျိုက်ကလွန်ဗွန်ဇနာ[1] (ကျောက်ကွဗန်ဒူး) ဟူ၍ ခေါ်ဝေါ်ကြသည်။ မုတ္တမမြို့သည် ဧင်းမယ်စစ်ကိုနိုင်ပြီးနောက် သာယာစည်ကားလှသည်။

များမကြာမီ ပဲခူးစား ညီကောင်သိန် (မင်းလင်္ကာ)သည် နောင်တော် ဗညားဦးအား ပုန်စားလေ၏။ ဆင်ဖြူရှင် ဗညားဦးလည်း အမျက်ထွက်၍ သေနာပတိများအား လွှတ်ကာ ပဲခူးစား ညီကောင်သိန်ကို နှိမ်နင်းစေသည်။ ညီကောင်သိန်ကို ဖမ်းမိလျှင် ကွပ်မျက်စေ၏။

သို့သော် ဗညားဦးသည် ညီကောင်သိန်၏ မယား မွေ့ဒေါမှာ မိမိ၏ခယ်မ ဖြစ်သဖြင့် မုတ္တမသို့ ခေါ်ဆောင်ကာ အစ်မတော်များနှင့် အတူထားလျက် သီရိမာယာဘွဲ့ပေး၍ မိဖုရားမြှောက်သည်။ မွေ့ဒေါတွင် ညီကောင်သိန်နှင့် မြင်သည့် သား မိန်းမ နှစ်ယောက်၊ သားယောကျ်ား တစ်ယောက်ရှိသည်။

သမီး ၂-ယောက်မှာ သဇင်စောဒလ(သွေ့ငစ်ဒလ) ၊ သဇင်စောဥ[2] (သွေ့ငစ်ဥ) ဖြစ်၍ သားကို မညိုက်ကောင်[3] (မညိုကဲ့ကဲ့ငဲ့)ဟုမှည့်၏။ ဗညားဦး၏ မိဖုရားဖြစ်ပြီးနောက် သားတစ်ယောက်ထွန်းကားပြန်သည်။ လျှာတွင် အစက်ရှိသောကြောင့် အပသုံပိုင်စက်[4] (အပသုံပါင်စက်)ဟုခေါ်သည်။ နောင် ဗညားနွဲ့ဟုမှည့်သည်။

စန္ဒာမင်းလှဘွဲ့ခံ မွေ့အစ်မိဖုရားတွင် သား၊ သမီး မထွန်းကားပေ။ နှင်းအံဒေါင်း (ဇာင်အာဒဲင်)ဘွဲ့ခံ မွေ့ကောမိဖုရားတွင် သမီးတစ်ယောက်မြင်၍ တလမေသီရိ ဟုမှည့်၏။ စန္ဒာဒေဝီဘွဲ့ခံ မွေ့ဇိပ်မိဖုရားတွင် သမီးတစ်ယောက်ရသည်။ တလမေဒေါ (တ္တမေဒ) ဟုမှည့်၏။

ရာဇာဒေဝီဘွဲ့ခံ ဗြတ်လိုင်းသူ၊ မွေးမဂူသောက် မိဖုရားတွင် သားတစ်ယောက် ထွန်းကားသည်။ ဘောဝါမ်မုန် (ဘဝ်ဂှာမုင်)[5]ဟု မှည့်ခေါ်၏။ ဘောဝါမ်မုန်သည်

၁။ မြန်မာမူတွင် ကျွန်ပွန်ကျတ်ဇနာ ဟုဆို၏။ မွန်စကား က္ဂ်ဗန်=အလံ တစ်ရာ။ ဒူး=အောင်မြင်သည်။ နိုင်သည်။

၂။ မြန်မာပေမူတွင် - ရှင်စောဦး။

၃။ မြန်မာပေမူတွင် - မညိုဂေါင်။

၄။ မြန်မာပေမူတွင် - ပသုန်ပန်စက်။

၅။ မြန်မာပေမူတွင် - ဒလမည်ဒေါ။

၆။ မြန်မာပေမူတွင် - ဗေါခုံမှိုင်းဟု ဆို၏။

www.burmeseclassic.com

www.burmeseclassic.com

အမိတူဖြစ်၍ ရုပ်ရည်ကောင်းပြီး နူးညံ့သိမ်မွေ့သူဖြစ်သဖြင့် ခမည်းတော် ဗညားဦးသည် သူ့အား ဝိုချစ်သည်။ ဇင်းမယ်ရှမ်းစစ်ကို အောင်မြင်ပြီး နောက်သုံးနှစ်မြောက်လတ်သော် ဆင်ဖြူတော် အနိစ္စရောက်လေ၏။

ဗညားဦးမင်းနှင့် မိဖုရား၊ မောင်းမများ၊ မှူးမတ်သေနာပတိ သူဌေးသူကြွယ်များ၊ ရဟန်းရှင်လူ ပြည်သူပြည်သား အပေါင်းတို့မှာ ယူကျုံးမရ ဝမ်းနည်းကြေကွဲ နမြောတသ ပူးဆွေးသဖြင့် သည်းစွာငိုကြွေးမြည်တမ်းကြသည်။

ဆင်ဖြူတော်၏အလောင်းကို သင်္ဂြိုဟ်ရာ၌ သဘင်ကြီးစွာခံ၏။ ဆင်ဖြူတော်၏ အလောင်းကို မိကျောင်းရုပ် ဝေါကြီးပေါ်တင်၍ မြို့ပြင်သို့ ဆွဲထုတ်ကြရာတွင် ခရီး လမ်းနှစ်ဖက်ကို ရာဇမတ်ကာပြီး ထီး၊ တံခွန်၊ အလံနှင့် ပန်းမျိုးစုံတို့ဖြင့် စိုက်ထူကြသည်။ တန်ဆောင်ဆီမီးများ ထွန်းညှိသည်။ ထုံသင်းသည့် အမွှေးနံ့သာရည်များ ပက်ဖျန်းကြ သည်။ မြို့ပြင်တွင် ဆင်ဖြူတော်၏ အလောင်းကို မြေမြှုပ်သင်္ဂြိုဟ်[၁] လိုက်ကြသည်။ တစ်နည်းအားဖြင့် ဆင်ဖြူတော် ရေသို့ဆင်း၍ ကွယ်လေသည်လည်း ဆိုသည်။

သက္ကရာဇ် ၆၅၅–ခုနှစ်တွင် ဆင်ဖြူတော်မုတ္တမသို့ရောက်သည်။ ထိုအခါ ဆင်ဖြူတော် အသက် ၁၉–နှစ်ရှိသည်။ သက္ကရာဇ် ၇၀၆–ခုနှစ်တွင် ဆင်ဖြူတော် အနိစ္စရောက်သည်။ ဆင်ဖြူတော် အသက် ၇၀။[၂]

ဆင်ဖြူတော်အနိစ္စရောက်ပြီးနောက် ဗညားဦးမှာ စိတ်မချမ်းသာ ကိုယ်မချမ်းသာ ဖြစ်ပြီး စက်တော်ခေါ်၍လည်းမပျော်၊ လွန်စွာပူပင်သောက ရောက်နေ၏။

ထိုအခါ လဗူတောတွင် ခြေရာသံတောင်မျှရှိသော အလွန်လှပသည့် ဆင်ကောင်း တစ်စီးကို တွေ့ရှိခဲ့ကြောင်းနှင့် ၎င်းဆင်သည် မင်းဇကာဇ်နှင့်သာ ထိုက်တန်သည့် အကြောင်းကို ဆင်ရံကရီ[၃]တို့ လာရောက်လျှောက်တင်ကြသည်။

ဗညားဦးလည်း ယင်းသတင်းကိုကြားရလျှင် နှလုံးမွေ့လျော်တော်မူ၍ လာရောက် လျှောက်ကြားကြသည့် ကရီတို့ကို ဆုလာဘ်များ ချီးမြှင့်တော်မူ၏။ ထိုနောက် လဗူတောသို့ ဆင်ရံကြွတော်မူမည်ဟု မိန့်၏။

၁။ မြန်မာပေမူတွင် မြစ်ဆိပ်သို့ရောက်လျှင် ဆင်ဖြူအလောင်း ကွယ်လေ၏။ မြန်မာပုံနိပ်မူတွင် ဆင်ဖြူရတနာလည်း မြစ်ဆိပ်သို့ရောက်လျှင် အလောင်း တော် ကွယ်လေ၏ဟူ၍ ဖော်ပြသည်။

၂။ မြန်မာပေမူတွင် ဆင်ဖြူတော်အသက် ၆၁–ဟုဆို၏။

၃။ ကရီ (သက္ကတ – ကြိယာ) အမှူ။ ပါဠိ – ကရီ – ဆင်နာ၊ ဆင်ပင်၊ ကရေဏု = ဆင်ပေါက်) = ဆင်ရံသမား၊ ဆင်ဦးစီးဟုအနက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com

ဗညားဦးမင်းသည် လဗူတောတွင်းသို့ဝင်တော်မူ၍ လေးလ[၁]မျှ ကြာအောင် ဆင်ရဲလေ၏။ လဗူတောသို့ ခေါ်ဆောင်သွားသည့် မြို့စားရွာစားများမှာ အလွန်များလှသည်။ သားတော်များ၊ မြေးတော်များလည်းပါသည်။ ဆင်မြင်းဗိုလ်ပါ နှစ်သောင်းကျော်ပါဝင်သည်။

ယောက်ဖတော်ဖြစ်သော ဒဂုန်စားဗြထဗိုက် (မဟာဒေဝီ၏ ကြင်ယာတော်)။ ဒုန်ဝန်းစား အမတ်ပွန်စို (ပန်စို)။ စစ်ဆောင်းစားအန်နရာ (အာန်နရာ)။ တိုက်ကုလားစား သမိန်ဇီပ်ဖြူ။ သန်လျင်စား စောပြလက် (စံပြလက်)စသော စစ်သေနာပတိ မြို့စားကြီးများလည်း ပါဝင်ကြသည်[၂]။

ဗညားဦးမင်းသည် သေနာပတိကြီးများနှင့် လဗူတောတွင် ဆင်ရဲသွားနေစဉ် ဖြတ်ထဗတို့ ညီနောင်လေးယောက်စလုံး ပုန်စားကြလေ၏။ ဖြတ်ထဗတို့ ညီနောင်လေးယောက်ကား စောအဲပြသတ်၏ သားများဖြစ်ကြသည်။ ဖြတ်ထဗ၏ မယား တလမိမဆမ်မှာ မိဖုရား မေနှင်းထပီမှမြင်သော စောဇီပ်မင်း၏ သမီးတော်ဖြစ်သည်။ ဗညားဦးမင်း၏ ဖအေတူမအေကွဲ နှမတော်ဖြစ်သည်။

ဖြတ်ထဗတို့ ညီနောင်လေးယောက်မှာ ဗညားဦးကိုပုန်စားရန် အကြံတူညီကြသဖြင့် ဖြတ်ထဗက မုတ္တမတွင် အခိုင်နေသည်။ အဲပြဗုန်က လဂွန်းဗျည်း (လွန်ဖေန်)တွင် အခိုင်နေ၏။ မြောင်းမြတွင် လောက်ဖြားအခိုင်နေ၏။ မော်လမြိုင်တွင် ဥလို အခိုင်နေ၏။

ဖြတ်ထဗတွင် သားသုံးယောက်၊ သမီးလေးယောက်ရှိသည်။ သားသုံးယောက်တို့ကား မတော် (မတ်)၊ မရေ (မရေယ်) နှင့် ရာဇာသူတို့ဖြစ်သည်။ သမီး ၄ ယောက်မှာ ကောင်းတရာဒီပ် (ကံ်တရာဒီပ်)၏ မယား၊ သမိန်ကရီ၏ မယား၊ မကော (မကဝ်)၏ မယားနှင့် ညီဗသင် (ညီဗသေန်)၏ မယားတို့ဖြစ်ကြသည်။

သမိန်လောက်ဖြားတွင် သားမွှားသည့်ကတော် မယား ၁၆-ယောက်ရှိပြီး သားသမီးပေါင်း ၇၀-ရှိသည်။ (၁) မွေ့ဒေါတွင်မြင်သည့် သားများမှာ မညောင်း (မည်ဉ်)၊ စစ်လန် (စေတ်လာန်)၊ စောအဲဗညား (စံအာ်ဗညာ)၊ သမိန်မဂါ၊ သမိန်စသော (သို့ဝင်စဏော်)။ (ပေါင်း-၅)။

၁။ မြန်မာမူတွင် ၁၄-လကြာသည်ဟုဆိုသည်။

၂။ မြန်မာမူများတွင် ဗညားဦးဆင်ရဲသွားရာ၌ ခေါ်ဆောင်သည့်အကြောင်းကို ဖော်ပြခြင်းမရှိပေ။

www.burmeseclassic.com

www.burmeseclassic.com

(၂) သံကြယ် (သံကြဲ)တွင် မြင်သည့် သားနှစ်ယောက်နှင့် သမီးသုံးယောက်တို့မှာ- မဂ္ဂီ၊ မတွေ့၊ (မတဲ့)၊ တလသင်္ဘောအစ် (တလသွေ့စ်အေတ်)၊ တလသင်္ဘောအော (တ္ဂသွေ့စ်အောဝ်) ခေါ်တလစလင်၊ တလမေနှင်းစောမြိုင် (တ္ဂမေဇာင်စ်မြိုန်)၊ (ပေါင်း-၅)

(၃) တလမေပုလဲ (တ္ဂမေဗွဲ) တွင် မြင်သည့် သမီးတစ်ယောက်နှင့် သားနှစ်ယောက်မှာ တလမေတွဲ (တလမေတွေ့)၊ မတော် (မတောဝ်)၊ မပါကွန်း (မပါကောန်)၊ (ပေါင်း-၃)

(၄) တလမေယဲ (တလမေယဲ)တွင် မြင်သည့် သားနှစ်ယောက်နှင့် သမီးနှစ်ယောက်တို့မှာ ဘောဗန်သန် (ဘဝ်ဓါန်သာန်)၊ တလလန်ဇဲ (တလလာန်ဇဲ) ဘောသီရိ (ဘဝ်သြိ)၊ မေဇာင်၊ (ပေါင်း-၄)၊

(၅) မေနှင်းဗမာ (မေဇာင်ဗ္ဘာ) တွင် မြင်သည့် သားလေးယောက်မှာ မင်းကျော်စွာ (မင်ကာ်စွာ)၊ မင်းလင်္ကာခေါ် ယောဂရာတ်၊ မထွတ် (မထော်)၊ မင်းစုသုံး (မင်းဇုသုန်)၊ (ပေါင်း-၄)။

(၆) မယားကြီးတွင် မြင်သည့် သား ငါးယောက်မှာ- မင်းအဲ (မင်းအဲ) ခေါ် လက်ျာပျံချီ (လက်ယာပျာန်ဂီ)၊ မင်လမုန် (မင်းလမုင်) ခေါ် မင်းကျော်စွာ (မေင်ကျဝ်စွာ)၊ မင်းယော (သေဆုံးသည်)၊ ဘောဝိ (ဘဝ်ဂ့ျ)၊ မပစ်နဲ့[၁] (မပေတ်နဲ့)၊ ပေါင်း-၅-ယောက် အနက် တစ်ယောက်သေ၍ လေးယောက်ကျန်သည်။

(၇) တလမွေ့ဗန်း (တလမျော်ဝါန်) တွင် မြင်သည့် သားနှစ်ယောက်မှာ သမိန်စစ်ဝန် (သိုင်စေတ်ဝါန်)၊ သမိန်ဝဒီ၊ (ပေါင်း-၂)။

(၈) မေနှင်းဗညား (မေဇာင်ဗညာ)တွင် မြင်သည့် သား ခြောက်ယောက်မှာ- သံမလံ (သာ်မွာ်)၊ နိဟကြိုက်၊ ဘောသံဒေ (ဘဝ်သာ်ဒေ)၊ သီရိပြပ်ကမိုင် (သြီပြာပ်ကွာင်)၊ ရာမဒေဝ၊ မင်လှစေသူ၊ (ပေါင်း-၆)။

(၉) မေလွတ် (မေလောတ်) တွင် မြင်သည့် သမီးတစ်ယောက်မှာ- မေနှင်းကညာဏီ (မေဇာင်ကညာဏီ)ဖြစ်၍ သားနှစ်ယောက်မှာ- စောခေတ် (စ်ခေတ်)၊ ဖြစ်သည်။ (ပေါင်း-၂)

၁။ မပစ်နဲ့ (မပေတ်နဲ့) သည် မြောင်းမြတွင် ဗညားနဲ့.နှင့် ဆင် စီးချင်း တိုက်သူဖြစ်သည်။ မြန်မာပုံနှိပ်မူတွင်- ဗျဉ်းနဲ့. ဟုရေးသည်၊ မြန်မာပေမူတွင် ပစ်နဲ့-ဟုရေး၍ မွန်မူနှင့် တူ၏။ (နယ်=နဲ့။ နွယ်=နဲ့)

www.burmeseclassic.com

www.burmeseclassic.com

(၁၀) စလာကာ ဒေဝီတွင် မြင်သည့် သားသုံးယောက်ကား မင်းဥနော၊ အဲပုန် (အဲပုန်)၊ မင်းဂါ၊ (ပေါင်း-၃)။

(၁၁) မဟာဇီတွင် မြင်သည့် သားသုံးယောက်မှာ - ဓမ္မရာဇ်၊ စောမင်းလှ (စံမင်းလှ)၊ မသောက၊ (ပေါင်း-၃)။

(၁၂) မယ်ဥရိုင် (မေဝဥရိုန်) တွင် မြင်သည့် သားတစ်ယောက်နှင့် သမီးသုံးယောက် မှာ တလမေလာ၊ မေဝေါ (မေဝဝ်)၊ မလွတ် (မလော်)၊ မေလာန်ဇင်ဆွောတ် (ပေါင်း-၄)။

(၁၃) မယ်ဇင်ကြိုတွင် မြင်သည့် သား ငါးယောက်နှင့် သမီးလေးယောက် တို့ကား- ဘောဒံ (ဘဝ်ဆုံ) ခေါ်ပြဗုန် (ပြဝုန်)၊ ဘောမုန်ခေါ် ဘောမြိုင် (ဘဝ်မြိုင်)၊ ဘောဗင်(ဘဝ်ဝင်)၊ ဘောဂံ၊ ဘောခြေမုန်၊ တလမေယဲ၊ မွေ့ကဲ (မျောကဲ)၊ မွေ့ပေါက်ဒွတ် (မျော်ပဲက်ဆွောတ်)၊ မွေ့ဆွေ (မျောဆုံ) (ပေါင်း-၉)။

(၁၄) မွေ့အဲ (မျော်အဲ)တွင် မြင်သည့် သား သုံးယောက်နှင့် သမီးတစ်ယောက် တို့မှာ- ဒနုခဲ (ဒနုခါ်)၊ ဘောသတ်၊ ဘောဇင်၊ မယ်ပို့ (မေဝ်ပေါအ်) (ပေါင်း-၄)၊

(၁၅) မေသီရိတွင် မြင်သည့် သား ငါးယောက်မှာ ဘောဒေါ (ဘဝ်ဒ)။ ဘောအဲ၊ ဘောကိုက် (ဘဝ်ကိုတ်)၊ ဘောဗိုင်၊ ဘောအိပ် (ပေါင်း-၅)။

(၁၆) မယ်နွဲ့ (မေဝ်ဇောယ်)တွင် မြင်သည့် သား ခြောက်ယောက်မှာ ဘောထပ်၊ ဘောလံ၊ ဘောမက်၊ ဘောဇင်၊ ဘောလဲ၊ ဘောလာ (ပေါင်း-၆)။

သားမွေးသည့် လောက်ဖြား၏ မယား ၁၆-ယောက်တို့မှ မြင်သည့် သားသမီး ၇၀-အနက် သားယောက်ျား ၅၅-ယောက်နှင့် သား မိန်းမ ၁၅-ယောက် ဖြစ်ပါသည်။

သမိန်လောက်ဖြားသည် သား၊ သမက်များကို အားကိုးလျက် ဗညားဦးအား ပုန်စားဝံ့ခြင်းဖြစ်သည်။ သူ၏ သားများမှာ အရွယ်ရောက်ပြီး စစ်မှုထမ်းနိုင်သူများ ဖြစ်သည်။ အချို့မှာ ရာထူးရှိသည်၊ မြို့စားဖြစ်သူလည်းရှိသည်။

---

* မြန်မာပေမူတွင် သမီး ၂၂ နှင့် သား ၄၈-ဟု ဆိုသည်။ သို့သော် စောင်းပေါင်းကြည့်ရာ သမီး ၁၆-နှင့်၊ သား ၅၂-သာရသဖြင့် သားနှစ်ယောက် စာရင်းလျော့နေသည်။

www.burmeseclassic.com

www.burmeseclassic.com

ဗညားဦး၏ ယောက်ဖတော် တစ်ဦးဖြစ်သူ ဖြတ်ထဗမှာလည်း သမက်များနှင့် မုတ္တမကို စောင့်ရာမှ သစ္စာဖောက်၍ မုတ္တမတွင် ပုန်စားခြင်းဖြစ်လေသည်။ ရက်စက်ကြမ်းကြုတ်သူလည်းဖြစ်သည်။ ဖြတ်ထဗတွင် တလမိမဆံ[၁]နှင့် ရသည့် သမီးတစ်ယောက် ရှိသည်။ တလသဇင်ဓောဝိက် (တလသဓောဝ်ဇင့်)ဟု ခေါ်သည်။

ဆင်ဖြူရှင် ဗညားဦးသည် တူမတော်ဖြစ်သော တလသဇင်ဓောဝိက်ကို လောက်ဖြား၏သား စောအဲဗညား[၂] (စံအာဲဗညာ)နှင့် ပေးစားပြီး တရည်းမြို့[၃] (ချုင်ကြော်)ကို စားစေသည်။ စောအဲဗညားတွင် အခြွေအရံ ဗိုလ်ခြေအင်အားများသဖြင့် ဦးရီးတော်ဖြစ်သူ ဖြတ်ထဗနှင့်အတူ ဗညားဦးကို ပုန်စားလေ၏။

လဗူတောတွင် ဆင်ရံနေသော ဗညားဦးသည် မုတ္တမတွင် ဖြတ်ထဗပုန်စားသည့် အကြောင်းကို မသိရပေ။ ညတစ်ညတွင် လသို့ ကြယ်တံခွန်ပြေးဝင်သည်ကို ဗညားဦး မြင်ရလျှင် မှူးမတ်ပရောဟိတ်တို့ကို နိမိတ်ဖတ်စေ၏။

"အရှင်မင်းကြီး၊ လတွင်းသို့ ကြယ်တံခွန်ပြေးဝင်ခြင်းမှာ အရှင်ကို ကျွန်က အပျက်ပြုလိမ့်မည်။ အရှင်ကို ပုန်စားကြမည်။ ဤအကြောင်းကို မကြာမီ အရှင်မင်းကြီး ကြားသိရလိမ့်မည်။ မင်းဧကရာဇ်တို့ မည်သည်မှာ ပြည်ရွာမြို့ပြ၊ သုခရိပ်ငြိမ်၊ နန်းစည်း စိမ်ကိုခွာ၍ အရှည်မနေသင့်။ ထီးဖြူတော်ကိုပစ်ထားလျက် တောနက်တွင် ဤသို့ ကြာရှည်လေးမြင့်စွာ နေတော်မူသည်ကို ပညာရှိတို့က လွန်စွာ အပြစ်တင်ကြသည်။ ဤသို့ ရှည်လျားအောင် မနေသင့်ပါ။ ဟိမဝန္တာ တောသုံးထောင် ယူဇနာကို အစိုးရသော ခြင်္သေ့မင်းပင်လျှင် မသင့်သော သွားခြင်းကို သွားမိသဖြင့် ရေ၌ မိကျောင်း[၄]ကို ရုံးရဖူးချေသည်။ အရှင်မင်းကြီး၏ ဓာတာတော်လည်း မသန့်၊ ဆင်ဖြူတော်လည်း မရှိတော့ပါ။ အရှင်မင်းကြီး၏ ဂြိုဟ်အနေအထားလည်း မကောင်းပါ။ နိမိတ်တဘောင်လည်း မကောင်းပါ။ ကျွန်တော်မျိုးတို့၏ စိတ်အလိုအရသော် အရှင်မင်းကြီးသည် မုတ္တမရွှေနန်းတော်သို့ ဆောလျင်စွာ ပြန်ဝင်တော်မူသင့်ကြောင်းပါ"

ဟု တင်လျှောက်ကြလေ၏။

၁။ ဗညားဦး၏ မအေကွဲ နမတော်ဖြစ်သည်။
၂။ မွေ့ဒေါတွင် မြင်သော လောက်ဖြား၏သားဖြစ်သည်။
၃။ ရေးမြို့ကို ရှေးက ချုင်ကြော်။ ယခုချုင်ရော်။
၄။ မြန်မာမူတွင် ဖားသူငယ်ဟု ဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com

ဗညားဦးလည်း ပရောဟိတ် မျူးမတ် သေနာပတိတို့၏ လျှောက်တင်ချက်ကို ကြားရလျှင် ဟောတွင်းမှပြန်ထွက်တော်မူ၍ မုတ္တမသို့ ပြန်လေ၏။ ခရီးလယ်ရောက်သော် ဖြတ်ထဗပုန်စား၍ မုတ္တမတွင် အခိုင်နေကြောင်းကို ကြားရလေ၏။ ထိုအခါ မြို့စား ရွာစား မျူးမတ် သေနာပတိအားလုံးကို စုရုံးပြီး ဗညားဦးကိုယ်တိုင် ဦးဆောင်၍ မုတ္တမသို့ အပြင်းချီလေ၏။

လဝွန်းဗျည်းတွင် အခိုင်နေသော အဲပြဗုန်သည် ဗညားဦး ချီလာသည်ကို ကြားလျှင် ကြောက်ရွံ့သဖြင့် လဝွန်းဗျည်းကို စွန့်ကာ မုတ္တမသို့ ပြေးလေ၏။ ဗညားဦးသည် မုတ္တမသို့ဆိုက်ရောက်လျှင် မြို့ပြင်ရှိ ပြည်သူပြည်သားအားလုံးက ချဉ်းကပ်လာပြီး ဦးချကုန်၏။ မြို့တွင်းသားများလည်း စုရုံးကြကာ မြို့တံခါးကိုဖွင့်၍ သူ့ရှင်ထံ ထွက်လာကြရန် အားထုတ်ကုန်၏။

ထိုအခါ ဖြတ်ထဗညီ အဲပြဗုန်သည် ဆင်မကိုစီးကာ သူရဲသုံးရာနှင့် မြို့လှည့်သည်။ မြို့တံခါးဖွင့်ရန် ပုန်းကွယ်နေသော မြို့တွင်းသားများကိုမြင်လျှင် နှစ်ယောက်သုံးယောက်လောက်ကို ခုတ်သတ်ပြီး ဦးခေါင်းတခြား ခြေတခြားစီ ဖြစ်အောင် အလောင်းများကို ခုတ်ဖြတ်စေပြန်သည်။ ထိုနောက် မောင်းခတ်၍ မြို့လှည့်ပြန်သည်။

"မည်သူမဆို ပြစီးမတက်ဘဲ အိမ်၌နေလျှင် ဤကဲ့သို့ ကွပ်မျက်မည်"ဟု ကြေညာလေသည်။ မြို့တွင်းသားများလည်း ကြောက်ရွံ့သဖြင့် ပြစီးတက်ကုန်၏။ တစ်ယောက်မျှ အာဏာမဆန့်ဝံ့။ မြို့တံခါးကို သူရဲတစ်ရာစီ စောင့်ရစ်၏။

ဆင်ဖြူရှင်ဗညားဦးလည်း အပြင်းတိုက်သည်။ မြို့ထိပ်မှ မီးပေါက်သေနတ်များဖြင့် ပစ်ခတ်ကြသဖြင့် သူ့ရှင်၏ သူရဲများ ရှုန်သေပျောက်ကြ၏။ သူ့ရှင်လည်း တပ်ကို တည်၍ နေရစ်၏။ မြို့တွင်းသားတို့မှာ အလွန်ကြောက်ရွံ့ကြသည်။

ဗညားဦးနှင့်ပါသည့် မျူးမတ် သေနာပတိတို့၏ မယားများကို ဖြတ်ထဗ ကပြကတော့ဆွဲ၍ပြ၏။ လင်ကိုလည်း ဟစ်၍ဆိုစေ၏။ အချို့လည်း မယားကိုသနား၍ ဖြတ်ထဗထံ ညအချိန်ဝင်လာကြ၏။ ဝင်လာသူတို့၏ မယားများကို ဒုက္ခမှလွတ်ပြီး ဆုလာဘ်များချီးမြှင့်၏။ သူရဲကောင်းမင်းရဲဆိုသူ တစ်ယောက်မူ ဖြတ်ထဗထံ မဝင်သဖြင့် သူ၏မယားမှာ အတိဒုက္ခပြင်းစွာ ခံရ၏။ သို့ပင်ဖြစ်သော်လည်း-

"ငါ့ကို ဘုန်းစည်းစိမ်ပေးသည့် အရှင်မင်းကြီး သက်တော်ရှိပါလျက် သခင်ကို စွန့်ပစ်၍ အဘယ်သို့ ငါသွားနိုင်အံ့နည်း"ဟု မင်းရဲဆိုသေးသည်။ ဖြတ်ထဗထံ လုံးဝ မဝင်ပေ။ ထိုအခါ ပွန်စိ[၁] အမတ်က-

---

၁။ မြန်မာမူတွင် ပွန်စည်အမတ်ဟုဆို၏။

www.burmeseclassic.com

"အရှင်မင်းကြီး ဤအရေးကို အလျင်စလို မပြုသင့်ပါ၊ သားမယားဒုက္ခကို မရှုရက်နိုင်သဖြင့် ကျွန်တော်မျိုးတို့ဘက်မှ သူရဲများစွာပင် သူ့ဘက်သို့ ဝင်ကုန်သည်။ အရှင့်သူရဲများလည်း အချို့ရောက်၊ အချို့မရောက် ဖြစ်နေပါသည်။ ယောက်ဖတော် သမိန်ဗြထပိုက်၏ ပခူးမှ စစ်ကူတပ်များရောက်မှ တိုက်သင့်သည်။ ကျွန်တော်မျိုးတို့မှာ ပင်ပန်း၍ နာဖျားသူလည်းများသည်။ ဗြတ်ထဗသည် အရှင့်ကျွန်ဖြစ်သည်။ အရှင်မင်းကြီးက သူ့အားဘုန်းစည်းစိမ်ကို ပေးထားပါလျက် ကျေးဇူးဂုဏ်ကိုမျှမထောက်၊ ကျေးဇူးရှင် အရှင်မင်းကြီးပျက်စီးရန် ကြံပြန်သည်။ ဗြတ်ထဗသည် မြေလျှိုးမိုးပျံနိုင်သူဖြစ်သလော၊ အရှင့်လက်တွင်းမှ ဗြတ်ထဗလွတ်နိုင်ရန် အကြောင်းမရှိ။ ဗြတ်ထဗသည် မြေခွေးမျိုးဖြစ်သည်။ ခြင်္သေ့မျိုးဖြစ်သည့် အရှင်မင်းကြီးလက်တွင် ခံနိုင်မည်လော၊ မုတ္တမတွင် ယောက်ဖတော် သမိန်ဗြထပိုက်၏ တပ်ကိုချန်၍ ခံတိုက်စေပြီး အရှင်မင်းကြီး ဒုန်ဝန်းသို့ ခေတ္တပြန်လှည့်ကာ နေသင့်ပါသည်"ဟု တင်လျှောက်လေသည်။

အမတ်ပွန်စို လျှောက်တင်သည့်အတိုင်း မုတ္တမတွင် ယောက်ဖတော် သမိန်ဗြထပိုက်ကို ဗိုလ်မင်းခန့်၍ လုပ်ကြံစေသည်။ သူ့ရှင်မှာ ဒုန်ဝန်းသို့ဆုတ်ခွာသည်။ မုတ္တမမြို့တွင်းသားများလည်း ဗြတ်ထဗကို ကြောက်ရွံ့သဖြင့် မည်သူမျှ မလှုပ်ဝံ့ကြပေ။ ဗြထပိုက်တပ်သားများလည်း မြို့ပြင်မှဝင်တိုက်ပြန်သည်။ မြို့တွင်းမှ မီးပေါက်သေနတ်များ ပစ်ခတ်သဖြင့် ဗညားဦး[၁]၏ တပ်များ ဆုတ်ထွက်ရပြန်သည်။ ဗိုလ်မင်း ဗြထပိုက်လည်း တပ်များနှင့် မြို့သို့ပြန်၍ ချဉ်းကပ်လျက်ခံနေသည်။

တစ်လမျှကြာလတ်သော် အစာရေစာပြတ်လာ၏။ ဆန်လည်းရှားသည်။ ထိုအခါ ဗြတ်ထဗ၏ စေခိုင်းချက်အရ မယားဖြစ်သူ မိမဆံသည် ပရိယာယ်ပြု၍ မတ်ဖြစ်သူ ဗြထပိုက်ထံ စာပို့၏။ စာတွင်–

"နောင်တော်ကြီးထံ ကျွန်ုပ် စာအားဖြင့်ကြားရောက်အပ်ပါသည်။ ဗြတ်ထဗသည် ဆွေသား မျိုးသားတို့၏ စကားကိုနာယူ၍ ကျွန်ုပ်စကားကိုမယူသဖြင့် ဤအကျင့်ကို ကျင့်သည်။ ကျွန်ုပ်သည် ဆင်ဖြူရှင်၏ နှမတော်ဖြစ်သည်။ နောင်တော် သေနာပတိကြီးလည်း ကျွန်ုပ်၏အစ်မတော် မဟာဒေဝီ၏ ကြင်ရာတော်ဖြစ်သည်။ ကျွန်ုပ်သခင် ဆင်ဖြူရှင်၏အားထားရာ ဗိုလ်မင်းကြီးဖြစ်သဖြင့် နောင်တော်အား ထမင်း၊ မုန့်များကို ဆက်သလိုပါသည်"

ဗြထပိုက်လည်း စာကိုရလျှင် "ငါ့နမ်ကို ငါယုံပါသည်။ ဗြတ်ထဗသည် ဆင်ဖြူရှင်ကို ပုန်စားသော်လည်း မကြာမီကျွန်ပြန်ဖြစ်ရမည်။ ငါ့နမနှင့် ငါမူကား ခယ်မနှင့် မတ်တို့၏ ဝတ္တရားအတိုင်း အခြားမဲ့မယုံမရှိပြီ"ဟု ပြန်ကြားလိုက်၏။

၁။ မိမဆံသည် မဟာဒေဝီနှင့် ဗညားဦးတို့၏ မအေကွဲညီမဖြစ်သည်။ ဗြထပိုက် သည် မဟာဒေဝီ၏ ကြင်ရာတော်ဖြစ်သဖြင့် ခယ်မတော်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

ထိုအခါမှစ၍ ဖြတ်ထဗမယား မိမဆံသည် ဗိုလ်မင်းဖြထပိုက်ထံ မုန့်ကောင်း ပဲကောင်း၊ ထမင်းဟင်းလျာများစီရင်၍ မပြတ်ပို့လေ၏။ ဖြထပိုက်လည်း အမြော်အမြင် မရှိယုံကြည်၍ သုံးဆောင်၏။ တစ်နေ့တွင် ထမင်း၊မုန့်ကို ဖြတ်ထဗက အဆိပ်ခတ်ပြီး ပို့စေ၏။ ဖြထပိုက်လည်း မစဉ်းစားမဆင်ခြင်သဖြင့် အဆိပ်သင့်၍ သေလေ၏။

တပ်မင်းဖြထပိုက် အနိစ္စရောက်သဖြင့် တပ်ပျက်၍ ဒုန်ဝန်းသို့ ဆုတ်ချေသည်။ ဗညားဦးလည်း စိတ်နလုံးမသက်မသာ ရှိတော်မူ၏။ ထိုနှစ်တွင် ဗညားဦးသည် ကျန်းမာတော်မမူသဖြင့် မော်ဘီစား ဇေယျသူရ (ဇဲယသူရ)ကို ဗိုလ်မင်းကြီး ခန့်သည်။ အစ်မတော်ဖြစ်သော ဖြထပိုက်ကတော် မဟာဒေဝီကို ဇေယျသူရနှင့် ပေးစားပြန်သည်။ မှူးမတ်သေနာပတိများကို ဇေယျသူရလက်အပ်၍ မုတ္တမကို လုပ်ကြံစေပြန်သည်။

ဇေယျသူရလည်း စိတ်ဓာတ်တက်ကြွ၍ မုတ္တမသာမက မော်လမြိုင်ကိုပါ အရယူပြီး ဆင်ဖြူရှင်လက်သို့ အပ်မည်ဖြစ်ကြောင်း အသက်စွန့်၍ တာဝန်ယူမည်ဖြစ်ကြောင်း ဗညားဦးထံ သံတော်ဦးတင်လေသည်။

ဗညားဦးလည်း နှလုံးမွေ့လျော်တော်မူ၏။ ထိုနောက် အချိန်ကောင်း အခါကောင်းကိုရလျှင် ဇေယျသူရသည် အောင်လံထူကာ စည်မောင်းခတ်စေလျက် အောင်သံပေး၍ ဗိုလ်ခြေအင်အားကြီးစွာဖြင့် မုတ္တမသို့စစ်ချီလေသည်။ ဗိုလ်မင်းကြီးဇေယျသူရသည် ဒေါသကြီးစွာဖြင့် စစ်တပ်ကိုဦးဆောင်ကာ မုတ္တမကို အပြင်းတိုက်လေသည်။

မှူးမတ်သေနာပတိများနှင့် တိုင်ပင်၍ စစ်ပရိယာယ်မစီရင်ဘဲ ဗိုလ်မင်းကြီး ဇေယျသူရမှာ စိတ်လိုက်မာန်ပါ မုတ္တမမြို့ကို ဇွတ်အတင်းယူမည်ဆို၍ အနီးချဉ်းကပ်လျက် ဝင်တိုက်လေ၏။ မြို့တွင်းမှ မီးပေါက်သေနတ်များဖြင့် မိုးရွာသကဲ့သို့ ပစ်ခတ်ကြရာ ဇေယျသူရစီးသောဆင်မှာ ဒဏ်ရာရသဖြင့် ဆုတ်ထွက်ရသည်။ ဇေယျသူရလည်း သေနတ်မှန်၍ ဆင်ထက်တွင်ပင်ကျဆုံးလေ၏။ ဗိုလ်မင်းကြီးကျလျှင် တပ်ပျက်၍ ဆုတ်ပြေးကြသည်။ အဆုတ်တွင် ဖြတ်ထဗကထပ်၍လိုက်သည်။ ဇင်းကျိုက်ရောက်လျှင် ဇေယျသူရ၏ တပ်မှူးအမတ်ငါးယောက်ကို ဖြတ်ထဗမိသည်။

ငင်းတို့မှာ သမိန်စစ်ဒရောင် (သိုင်စေတ်ဒရင်)။ သမိန်ဒစ်ဒရတ် (သိုင်ဇွတ်ဒရာတ်)။ သမိန်သံမလာ (သိုသာ်မှာ)။ သမိန်ဗုန်ဒေါင် (သိုင်ဝုန်ဒင်)။ သမိန်ဒလချစ်သင် (သိုင်ဒလချောက်)တို့ ငါးယောက်ဖြစ်သည်။ ဖြတ်ထဗသည် ဤအမတ်ငါးယောက်တို့ကို မိသော်လည်း မသတ်ဘဲ သဘော်တွင် သံခြေချင်းခတ်ကာ ကုလားပြည်သို့ပို့လိုက်သည်။

၁။ မြန်မာမူတွင် သံခြေချင်းခတ်၍ သဘော်တင်သည်ဟုသာ ဆို၏။

www.burmeseclassic.com

ယောက်ဖတော်ဇေယျသူရသည် ဆင်ထက်တွင်သော့၍ ၎င်း၏ တပ်ပျက်ကာ ဒုန်ဝန်းသို့ ဆုတ်ခဲ့ကြောင်းကို သူ့ရှင်ဗညားဦးကြားရလျှင် နှလုံးမသက်မသာဖြစ်ရပြန်သည်။ အမတ်သူရဲငါးဦးတို့အား သဘော်ဖြင့် ကုလားပြည်သို့အပို့ခံရသဖြင့်လည်း ပို၍စိတ်ဆင်းရဲတော်မူ၏။

ဇေယျသူရမှာ စစ်ဦးတွင် ကျဆုံးသဖြင့် မှော်ဘီမြို့ကို ဇေယျသူရ၏သား[၁] အား စားစေသည်။ အစ်မတော် မဟာဒေဝီကိုမူ ဒဂုန်စားအဖြစ် ဆက်လက်ထားတော်မူသည်။

မြောင်းမြတွင် ပုန်စားသော သမိန်လောက်ဖြား[၂] သည် လက်လှစ် (လက်လှော်) မြို့ကိုဝင်တိုက်ရာ လက်လှစ်စား စောမလဂွန်းသာကျဆုံး၍ သံ့ပန်းများစွာကို လောက်ဖြားရလိုက်သည်။

လက်လှစ်မြို့ရှိ သူ့ရှင်တပ်များမှာ အညှပ်ခံနေရသဖြင့် မလှုပ်ဝံ့ကြပေ။ ဒုန်ဝန်းတွင် သူ့ရှင်ဗညားဦးထံပါး၌ အမှုထမ်းသည့် လောက်ဖြား၏ ညီတော်တစ်ဦးဖြစ်သော မလဂွန်း(မလဂန်)သည် သူ့ရှင်ကို တာဝန်ခံ၍ တင်လျှောက်၏။

"ကျွန်တော်မျိုးသည် အရှင်မင်းကြီး၏ ခြေမသွေးကိုသောက်၍ သစ္စာခံပါမည်။ ကျွန်တော်မျိုးအား ယုံကြည်စိတ်ချ၍ လက်လှစ်မြို့ကို ကျွန်တော်မျိုးအား စားစေလိုပါသည်။ ကျွန်တော်မျိုး၏မယားကို အရှင့်ထံပါး၌ ကျွန်တော်မျိုးကိုယ်စား ထားခဲ့ပါမည်။ လက်လှစ်မြို့တွင် ကျွန်တော်မျိုးနေမည်ဆိုလျှင် လောက်ဖြားခံနိုင်မည်လော" ဟု ဆိုသည်ကို ဗညားဦးသည် ယုံကြည်သဖြင့် သစ္စာပြုစေပြီး လက်လှစ်မြို့ကို မလဂွန်းအား စားစေသည်။

သမိန်သံပြပ် (သိုင်သံပြာပ်) ဟူသောဘွဲ့ဖြင့် ချီးမြှင့်လိုက်သည်။ လက်လှစ်မြို့ကို သမိန်သံပြပ် စားရသည့် အချိန်မှစ၍ လောက်ဖြားစစ်ကို အမြဲပင် တွန်းလှန်နိုင်ခဲ့သည်။ သူ့ရှင်လည်း ထိုသတင်းကို ကြားရလျှင် သမိန်သံပြပ်ကို ချီးမွမ်းတော်မူ၏[၃]။

၁။ မွန်မြန်မာနှစ်မူစလုံး အမည်မပါ သားဟုဆိုကြသည်။

၂။ လက်လှစ်ကို လောက်ဖြားတိုက်သည့်အကြောင်း မြန်မာမူများတွင် မပါ။

၃။ မလဂွန်း ခေါ် သမိန်သံပြပ်အကြောင်း မြန်မာမူတွင် မပါရှိပါ။ မလဂွန်းမှာ လောက်ဖြား၏ ညီတော်တစ်ဦးဟု ဆိုရာတွင် မအေကွဲဖြစ်ဟန်တူသည်။ လောက်ဖြားတို့ ညီအစ်ကိုအရင်း ၄-ယောက်စလုံး ပုန်စားကြသည်။

www.burmeseclassic.com

www.burmeseclassic.com

မုတ္တမတိုက်ပွဲတွင် ဗြထပိုက်နှင့် ဇေယျသူရတို့ ကျဆုံးသဖြင့် နှစ်ကြိမ်တိုင်တိုင် တပ်ပျက်ခဲ့သည်မှစပြီး နောက်ထပ် မတိုက်စေတော့ဘဲ၊ ဒုန်ဝန်းမြို့တွင်သာ သူ့ရှင် နေတော်မူသည်။ မြို့၊ပြ၊ကျုံးမြောင်း၊ ခိုင်ခံ့အောင် စီရင်တော်မူ၏။ ဆင်ဖြူရှင် ဗညားဦး သည် မုတ္တမသို့ စစ်မချီဘဲ၊ ဒုန်ဝန်း၌သာ နေတော်မူသဖြင့် မုတ္တမသား မော်လမြိုင်သား တို့မှာ အထူးကြောက်ရွံ့ စိုးရိမ်ပူပန်ကြ၏။

မုတ္တမကိုရထားသည့် ဗြတ်ထဗသည် ညီအဲပြဗုန်နှင့် သား၊ သမက်၊ တူဖြစ်သူ တို့နှင့် တိုင်ပင်ဆွေးနွေးပြီးလျှင် ဇင်းမယ်မင်းထံ လက်ဆောင်ပဏ္ဏာများနှင့်တကွ ရာဇသံ စာရေးသည်။

စာတွင် "ရွှေဖဝါးတော်အောက် ကျွန်တော်မျိုး မုတ္တမစား ဗြတ်ထဗ နားတော် လျှောက်ပုံပါသည်။ ကျွန်တော်မျိုးနှင့် ဆင်ဖြူရှင်ဗညားဦးတို့မှာ စိတ်ဝမ်းကွဲကြ၍ ခြားနားကြပြီး မုတ္တမကို ကျွန်တော်မျိုး ရထားပါသည်။ ဗညားဦးမှာ ဒုန်ဝန်းတွင် နေရပါသည်။ ကျွန်တော်မျိုးသည် အရှင် ဇင်းမယ်မင်း၌ ကျွန်ခံရန် သစ္စာပြုပါမည်။ အရှင်မင်းကြီးသည် ဆင်မြင်း အလုံးအရင်းနှင့် ချီတော်မူပါ။ ကျွန်တော်မျိုးလည်း မော်လမြိုင်သား မုတ္တမသားတို့နှင့် ဒုန်ဝန်းကိုချီမည်။ ဒုန်ဝန်းကို နှစ်ဖက်ညှပ်၍တိုက်လျှင် ဗညားဦး ခံနိုင်မည်လော။ အရှင်မင်းကြီး သန်လျင်နှင့် စစ်တောင်းရောက်အောင် ချီတော်မူပါ။ ဒုန်ဝန်းကို အလွယ်တကူရပါမည်။ ကျွန်တော်မျိုးနိုင်လျှင် မုတ္တမနှင့် မော်လမြိုင် သင်္ဘောဆိပ်[၁]ကို အရှင်မင်းကြီးအား ဆက်သပါမည်"

ဇင်းမယ်မင်းလည်း ဗြတ်ထဗစာကိုရလျှင် စစ်ချီရန် စီရင်၏။ မှူးမတ် သေနာပတိအား ခေါ်၍ တိုင်ပင်ဆွေးနွေး၏။

ဇင်းမယ်မင်းထံ ဗြတ်ထဗသည် တမန်စေ၍ စစ်ကူတောင်းသည့် အကြောင်းကို ဆင်ဖြူရှင်ဗညားဦး ကြားရလျှင် မှူးမတ်သေနာပတိများနှင့် ဆွေးနွေး တိုင်ပင်တော်မူ၏။

ထိုအခါ ဒုန်ဝန်းစားအမတ်ကြီး ပွန်စို တင်လျှောက်သည်မှာ–

"အရှင်မင်းကြီး ယခုအခါ ဗြတ်ထဗသည် ဆွေသား မျိုးသားများနှင့် မုတ္တမမှ ချီလာမည်ကြဲသည်။ အကယ်၍ ဇင်းမယ်စစ်လည်း ဗြတ်ထဗ အကူတောင်းသည့် အတိုင်း စစ်တောင်းသို့ ချီလာခဲ့သော် ကျွန်တော်မျိုးတို့ အညှပ်ခံရ လိမ့်မည်။ သူတို့ကို

၁။ မြန်မာမှုတွင် တစ်နှစ်လျှင် အခွန်တော် ရွှေဆယ်ပိဿာ ဆက်သပါမည်ဟု ဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com

တွန်းလှန်ရန် ခက်ခဲမည်။ အရှင်မင်းကြီးသည် ဒုန်ဝန်းမှဆုတ်၍ ပဲခူးသို့ ခွာလျှင်လည်း မုတ္တမနှင့် မော်လမြိုင်ကို ဖြတ်ထဗ ပိုင်တော့မည်။ ဖြတ်ထဗသည် အရှင့် ရွှေဖဝါးတော် အောက်မှ ကျွန်သာဖြစ်သည်။ ဤမျှ ကြီးမှားသော အမှုကို သူပြုဝံ့လျှင် အရှင်မင်းကြီးလည်း မိတ်ကောင်းရာရမည်။ မိတ်ရမှသာလျှင် အရှည် အရေးသင့်လိမ့်မည်"

ယင်းသို့ အမတ်ကြီး ပွန်စိုခေါ် ဗြေစို (ဗြေဝ်စို့) လျှောက်တင်ချက်ကိုကြား၍ "မည်သူနှင့် မိတ်ဖွဲ့လျှင် သင့်မည်နည်း"ဟု သူ့ရှင် မေးတော်မူ၏။ အမတ်ကြီး ပွန်စိုကပင် "ဧင်းမယ်မင်း စစ်ချီလာပါက အရှင်မင်းကြီး ခက်ချိမ့်မည် ဖြစ်သဖြင့် ဧင်းမယ်မင်းနှင့် မိတ်ဖွဲ့မှသင့်မည်"ဟု လျှောက်တင်ပြန်သည်။

သူ့ရှင်လည်း "အဘယ် လက်ဆောင်ဖြင့် စေသော် သင့်မည်နည်း"ဟု မေး၏။ အမတ်ပွန်စိုက "အရှင်မင်းကြီး ရှေးလူတို့ ဆိုထားသည့် ဥပမာ စကားပုံတစ်ခုရှိပါသည်။ ယင်းစကားပုံမှာ–

"ဒုက္ခပူလောင်လွန်းလျှင် အမိဝမ်း သားကိုချနင်း"[၁]

(ဒဒိက်ကတ်လောန် ကောန်ဂ်ဒးသာလိုန်)ဟူ၍ ဆိုကြသည်။ အရှင့်ကျွန်ဖြစ်သည့် ဖြတ်ထဗသည် အရှင့်ကို ပုန်စားကာ အရှင့် ဘုန်းစည်းစိမ်ကို လုယူသည်သာမက တပါးမင်းကို ပင့်၍ တိုင်းနိုင်ငံကို ပေးအပ်မည်ကြသည်။ ဤမျှ ပက်စက်သော အကြံကို သူကြံဝံ့လျှင် အရှင်မင်းကြီးလည်း ဤဒုက္ခမှ လွတ်ကင်းအောင် သမီးတော် တစ်ပါးကို ဧင်းမယ်မင်းအား ဆက်သ၍ မိတ်ပြုသင့်ပါသည်။ အမျိုးဖြစ်လာလျှင် ဧင်းမယ်မင်းလည်း စစ်ချီတော့မည် မဟုတ်ပါ။ မုတ္တမတွင် အခိုင်နေသော ဖြတ်ထဗကို အင်အားကြီးမားစွာဖြင့် အရှင်မင်းကြီး စစ်ချီတိုက်ခိုက်ပါက မြေခွေးမျိုးဖြစ်သည့် ဖြတ်ထဗမှာ ခြင်္သေ့မျိုးဖြစ်သည့် အရှင်မင်းကြီးကို ခံနိုင်မည်လော။ ဆင်နက်မျိုး ဖြစ်သည့် ဖြတ်ထဗသည် ဆင်ဖြူမျိုးဖြစ်သည့် အရှင်မင်းကြီးအား ရင်ဆိုင်ဝံ့မည်လော။ ဖြတ်ထဗနှင့်တကွ သူ၏ သားမယားများသည် သူ့ရှင်၏ လက်တွင်းမှ လွတ်နိုင်မည် မဟုတ်ပါ"ဟု လျှောက်တင်လေ၏။

၁။ မြန်မာပေမူတွင် ကိုယ်မချိသော် အမိသားကို မထားနိုင်ဟု ဆိုသည်။ မြန်မာပုံနှိပ်စာတွင် ကိုယ်မချိသော် အမိသားကို မညှာတာနိုင်ဟုဆိုသည်။ (ကိုယ်မချိ အမိသော်လည်း သားတော်ခဲ့။ ကမ္ဘာမီးလောင် သားကောင် ချနင်း ဟူသော စကားပုံများနှင့် ယှဉ်ရန်)

www.burmeseclassic.com

www.burmeseclassic.com

ဗညားဦးလည်း အမတ်ပွန်စိုလျှောက်တင်သည့် အရေးကို ကြိုက်၍ မိဖုရားမေနှင်းအံဒေါင်းမှ မြင်သည့် သမီးတော် တလမေသီရိအား ဆင်ပေါက်ငါးစီးနှင့် တကွ လက်ဆောင်ပဏ္ဏာများကို ဧင်းမယ်မင်းထံ ပို့ဆက်စေသည်။

ဧင်းမယ်မင်းလည်း ဗညားဦး၏ သမီးတော်ကိုရလျှင် ဖြတ်ထဗအားကူရန် စီစဉ်ထားသော စစ်ကိုရပ်ဆိုင်း၍ မကူတော့ဘဲ နေလေသည်။

များမကြာမီ မွေ့အစ်ခေါ်[1] မိဖုရား စန္ဒာမင်းလှ နာဖျားမကျန်းဖြစ်၍ အနာသည်းလျှင် သူ့ရှင်အား မှာသည်ကား "နှမတော်၏တူ မည်ကံကောင်း[2] (မည်ကံကဲင်)မှာ နှမတော်၏သားနှင့်မခြားပါ။ သူ့အဖ၏ ပြစ်မှုများကို သတိရ မနေပါနှင့်။ သူ့အဖပင် မရှိသော်လည်း နှမတော်ကို အကြောင်းပြုပြီး သူ့ကိုချစ်သနား၍ အစဉ်စောင့်ရှောက်ပါ။ နှမတော်သည် အနာမှထနိုင်တော့မည် မထင်ပြီ"ဟု ဆို၏။

သူ့ရှင်လည်း မွေ့အစ်မိဖုရားကိုချစ်၍ ဝန်ခံတော်မူ၏။ မိဖုရားလည်း မကြာမီ လွန်လေသည်။

ဗညားဦးသည် မုတ္တမတွင် ၁၅-နှစ်[3] မင်းပြုပြီး ဖြတ်ထဗ ပုန်စားသဖြင့် ဒုန်ဝန်းသို့ ပြောင်း၍ မင်းပြုရသည်။ ဒုန်ဝန်းတွင် ၆-နှစ်မျှစံရသည်။ ဒုန်ဝန်းစား အမတ်ကြီး ပွန်စိုလည်း နာဖျားမကျန်းဖြစ်၍ အနိစ္စ ရောက်ခဲ့သည်။ အမတ်ကြီး ပွန်စိုလွန်ပြီးနောက် အမတ်ကြီး၏သား[2]နှင့် ဗညားဦးသည် အမြဲပင် ဆွေးနွေးတိုင်ပင်ပြန်သည်။ သူ၏ အကြံပေးချက်အရ ဒုန်ဝန်းသားများကို အားလုံး ဦးပြည်းခေါင်းတုံးရိတ်စေသည်။

ထိုသတင်းကို ဖြတ်ထဗကြားလျှင် ညီဖြစ်သူ အဲပြဗုန်ကို ဗိုလ်မင်းခန့်၍ သူရဲ ၇၀၀-နှင့် ဦးပြည်းခေါင်းတုံးရိတ်စေပြီး ဒုန်ဝန်းသို့ ချီစေ၏။ နေ့အခါ တောမှာခိုကြ၍ ညအခါ ချီလေ၏။ မိုးသောက်ထ၍ ဒုန်ဝန်းမြို့ကို ကပ်မိပြီး နံနက်မြို့တံခါး အဖွင့်တွင် မြို့တွင်းသို့ဝင်ကြလေ၏။ အားလုံး ဦးပြည်းချည်းဖြစ်သောကြောင့် တံခါးစောင့်များက စစ်သည်မမှတ်သဖြင့် ၎င်းတို့ကို မစစ်ဆေးပေ။

၁။ မင်းလက်ာခေါ် ညီကောင်သိန်နှင့် သင့်၍ မွေ့ဒေါတွင် မြင်သည့် သား ဖြစ်သည်။ ညီကောင်သိန် ပုန်စား၍ ကွပ်မျက်ခဲ့သည်။ ဗညားဦး၏ မယားပါ-သားဖြစ်သည်။ တူတော်လည်း ဖြစ်သည်။

၂။ မြန်မာမူများတွင် ၅-နှစ်သာဆိုသည်။

၃။ အမတ်ပွန်စို၏ သားအမည်မဖော်ပြပါ။

www.burmeseclassic.com

အပြဇုန်နှင့် သူရဲ ၇၀၀-တို့လည်း မြို့တွင်းသို့ ဝင်မိလျှင် အပြင်းတိုက်လေ၏။ ဆင်ဖြူရှင် ဗညားဦးလည်း စီးတော်ဆင်တွင် က မတင်ခင်သဖြင့် ဆင်မယဉ်သာ တစ်စီးထက်သို့ ခုန်တက်၍ ကိုယ်လွတ်ပြေးရလေ၏။။

မှူးမတ်သေနာပတိ သူရဲသူခက်များလည်း သူ့ရှင်နောက်သို့ လိုက်သော်လည်း မမီကြပေ။ ဆင်ကဲတစ်ဦးနှင့်သာပြေးသော် ချောင်းအကူးတွင် ဆင်မသည် နွံကျွံခဲ့သဖြင့် သူ့ရှင်ဗညားဦးကို ဆင်ကဲကိုယ်တိုင် ကုန်းပိုးလျက် ခုသဏာရံတောသို့ ဝင်လေ၏။

ဗညားဦးသည် ဆင်ကဲ၏ ကျောက်ကုန်းထက်၌ရှိစဉ် မြင်မြင်သမျှ သစ်ရွက်သစ်သီး သစ်ပွင့်များကို "ပဇာသစ်သီး၊ ပဇာသစ်ရွက်၊ ပဇာသစ်ပွင့်နည်း"ဟု ဆင်ကဲကို မေး၏။ ဆင်ကဲသည် မေးတိုင်း ဖြေကြား၏။

မေးဖန်များလတ်သော် ဆင်ကဲလည်း ပင်ပန်းလှသဖြင့် အမျက်ရှိ၍ "နှမလင်မင်းသည် ငါ့ကျောက်ကုန်းထက်၌ စီးလျက် မမေးရာသည့် အမေးကို မေးသည်။ ငါမဆို နိုင်တော့ပြီ။ စီးဆင် နွံကျွံသဖြင့် ငါကုန်းပိုး၍ ပြေးသောကြောင့် ရန်သူလက်မှ လွတ်ချေသည်"ဟု အမျက်နှင့် ရင့်သီးစွာဆို၏။

သူ့ရှင် ဗညားဦးလည်း နားတော်ရှသည့် ဆင်ကဲစကားကို ကြားလျှင် တိတ်ဆိတ်စွာပင် နေတော်မူ၏။ ကျိုက်သတေး (ကျက်သတော့်)သို့ ရောက်သောအခါ မှူးမတ်သေနာပတိ ဆင်မြင်းများမီလာကြ၍ စုရုံးကြပြီးလျှင် ပဲခူးသို့ကူးတော်မူ၏။

သူ့ရှင် ဗညားဦးသည် ဗဂိုး (ပဲခူး)တွင် စံနေတော်မူပြီဟု ကြားလျှင် အစ်မတော် မဟာဒေဝီလည်း ဒဂုန်မှ ကူးလာ၏။ မဟာဒေဝီလည်း ပဲခူးသို့ရောက်လျှင် ရောက်ခြင်း မောင်တော် ဗညားဦး၏ခြေကို ဖက်၍ငိုး၏။ ထိုနောက် မင်းနှစ်ပါး မောင်နှမနှစ်ဦးတို့သည် တိုင်းရေးပြည်ရေး စကားများကို ဆွေးနွေး တိုင်ပင်ကြသည်။

နောင် တည်ကြည်စွာ နေကြသောအခါ မှူးမတ် သေနာပတိကြီးငယ်များကို အထိုက်အလိုက် ကြေးမက်စည်းစိမ် မြို့ပြနယ်ပယ်များ ချီးမြှင့်တော်မူ၏။ ဆင်ကဲကိုမူ ကြေးမက် မပေးဘဲထား၏။

ထိုအခါ မဟာဒေဝီက "ကျွန်တော်ရင်း ဆင်ကဲသည် မောင်တော်ကို အသက်ကျေးဇူးပြုပေသည်တကား၊ သူ့ကိုလည်း ကြေးမက်စည်းစိမ်ချမ်းသာပေးတော် မူပါလော့"ဟု လျှောက်တင်၏။

ဗညားဦးလည်း "အစ်မတော်ဆိုသည့်အတိုင်း သူ့ကျေးဇူးကား အထူးရှိပေ၏။ သို့သော် ကျေးဇူးဂုဏ် မမြောက်ပါ။ ငါတို့ ဒုန်ဝန်းမှ ထွက်ပြေးရစဉ်က သူနှင့်ငါမှာ

www.burmeseclassic.com

တစ်ခရီးတည်း လာရ၏။ ထိုအခါတွင် ငါ့နားတော်ကို ရှုနာလေအောင် သူဆိုသည်။ ငါ အရှက်ကွဲခဲ့ရသည်။ ရွေးလူများ ဆိုထားကြသည့် စကားပုံရှိသည်။ (ဂုဏ်လိုက်ခံနွံကို ဒုဟ်မွဲယဝ်ပကို။ ဂုဏ်လိုလိုအာ = ကျေးဇူးဂုဏ် တစ်ထောင်ပင် ရှိစေကာမူ အပြစ်တစ်ခု ပြုမိချေက ကျေးဇူးဂုဏ် တစ်ထောင်စလုံး ပျက်ရသည်)[၁] ငါလို ဘုရင်တစ်ပါးကို နား၊ မျက်စိ ရှုနာလေအောင် သင်းပြုသဖြင့် သင်းအသက်ကို မသတ်သည်ကပင် သင်းကျေးဇူးကို ဆပ်သည်မည်၏။ သင်းကို အစ်မတော်အား ငါအပ်သည်။ အစ်မတော်သာ သင်းကို ခေါ်ထားလိုက်ပါ"ဟု မိန့်တော်မူ၏။

မဟာဒေဝီလည်း ဆင်ကဲကို ခေါ်ထား၍ အသက်မွေးဝမ်းကျောင်းမှုကို ပေးရလေ၏။

သက္ကရာဇ် ၇၃၁ ခုနှစ်တွင် သူ့ရှင် ဗညားဦးသည် ပဲခူးမြို့သို့ ပြောင်းရွှေ့၍ နန်းစံသည်။ ပဲခူးမြို့တွင် ကျိုက်လွန်ဗွန် (ကျော်က္ခ ဗန်) ဘုရားဒကာ တိသမင်း လွန်သည်မှစပြီး ပဲခူးတွင် မင်းဆက်ပြတ်၍ ရွာကြီး မည်ကာသာ ဖြစ်ခဲ့၏။ သူ့ရှင် ဗညားဦး လာရောက်မင်းပြုသည်မှစ၍ ပဲခူးမြို့မှာ ရာဇဌာနီ မင်းနေပြည်တော်ကြီး ဖြစ်လာပြန်သည်။

သူ့ရှင် ဗညားဦးသည် ပဲခူးတွင် အတည်တကျ စံနေတော်မူပြီးနောက် သက္ကရာဇ် ၇၃၂ ခုနှစ်တွင် ရတနာပူရ အင်းဝပြည်ကြီးသခင် ဘဝရှင်မင်းကြီးစွာစော်ကဲထံသို့ ပဏ္ဏာလက်ဆောင်များ စီရင်၍ ရာဇသံရေးလျက် တမန်ဖြင့် ပို့ဆက်တော်မူသည်။

၁။ မြန်မာမှုတွင် စကားပုံမပါ။ ယင်းစကားပုံကို (အပြစ်တစ်ခု ကျေးဇူး တစ်ထောင်)ဟု အကျဉ်းချုပ် ဆိုနိုင်ပါသည်။ မြန်မာစကားပုံများတွင် (မစင်တစ်စက်ကြောင့် ဟင်းတစ်အိုးလုံးပျက်) ဆိုသည်တို့နှင့် နီးစပ်ပါသည်။

* သက္ကရာဇ် (၇၃၁) အစား မွန်နှင့် မြန်မာ နှစ်မူစလုံးတွင် (၇၁၁)ဟု မှားယွင်းခဲ့သည်ကို တွေ့ရ၏။ ဗညားဦးသည် (၇၁၀)တွင် နန်းတက်သည်။ မုတ္တမတွင် ၁၅ နှစ် ခုနှစ်တွင် ၆-နှစ်စံသည်ဟု ဆိုခဲ့သည်ကို ထောက်သဖြင့် သက္ကရာဇ် (၇၁၁)သာ မှန်ကြောင်း ထင်ရှား၍ ပြင်လိုက်ခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

ရာဇသံစာမှာ... "မွန်တို့၏ နဂရဒေသ၊ ရာမည တိုင်းသခင် ဟံသာဝတီပြည့်ရှင်၊ ကျွန်ုပ်ညီတော်ဖြစ်သူ နောင်တော်ဖြစ်သော အင်းဝရွှေနန်းရှင်ထံ ကြားရောက်အပ်ပါသည်။ ညီတော် ပိုင်စိုးသော ရာမညတိုင်းနှင့် နောင်တော်ပိုင်စိုးသည့် သုနာပရန္တ တိုင်း တို့တွင် မီးမသေ၊ ရေမနောက်စေဘဲ၊ ရွှေလမ်းငွေလမ်းခင်းရ၍ တိုင်းသူ ပြည်သား တို့အား နှစ်ပြည်ထောင်အတွင်း အေးချမ်းစွာ ဝင်ထွက် သွားလာခြင်း၊ ရောင်းဝယ် ဖောက်ကားခြင်းများကို ပြုစေလို ပါသည်။ ကျွန်ုပ်တို့ မင်းနှစ်ပါးမှာလည်း ငြိမ်းချမ်းစွာဖြင့် အတူ တကွ လက်တွဲ၍ သာသနာတော်ကို ထွန်းလင်းတောက်ပစေရန် ချီးမြှောက်လိုပါသည်"

အထက်ပါ ရာဇသံစာကို ရွှေပြားပေါ် ခတ်နှိပ်၍ တမန်လက်အပ်ပြီး အင်းဝသို့ စေတော်မူ၏။

အင်းဝဘုရင် မင်းကြီးစွာစော်ကဲသည်လည်း ဗညားဦး၏ ရာဇသံစာကို ရပြီး လွန်စွာ ဝမ်းမြောက်တော်မူ၏။ ထိုနောက် ဗညားဦး၏ တမန်တော်အား...

"ငါလည်း လူသတ္တဝါအပေါင်းတို့အား ငြိမ်းချမ်းရေးရရှိ စေလိုပါသည်။ ငါတို့ မင်းနှစ်ပါးတို့သည် ဒါန၊ သီလ၊ ဘာဝနာ တို့ကို မွားများကြ၍ မြတ်စွာဘုရား၏ သာသနာတော်ကို အနာဂတ်တွင် အရှည်သဖြင့် ထွန်းပြောင်စေရန် အတူတကွ ချီပင့်လိုပါသည်။ ယနေ့မှစ၍ နောင် သုံးလပြည့်သည့်နေ့တွင် ငါညီတော် ဆင်ဖြူရှင်မင်းသည် ဟံသာဝတီပြည်၏ အစွန်သို့ အရောက် ကြွရောက်လာစေလိုပါသည်။ ငါလည်း တိုင်းစွန် နယ်ဖျားသို့ အရောက်ကြွရောက်ကာ ညီတော်နှင့် တွေ့ဆုံလျက် အချင်းချင်း ချစ်ကြည်ရေး စကားများ ဖလှယ်ကြမည်"

ဟူသော အမှာစကားဖြင့် နယ်ခြားတွင် မင်းနှစ်ပါးတွေ့ဆုံရန် နေ့ရက်သတ်မှတ် လိုက်လေသည်။ တမန်တော်အား လက်ဆောင်ပဏ္ဏာများကို နှစ်ဆမျှ ပြန်ပေးတော်မူ၏။

www.burmeseclassic.com

www.burmeseclassic.com

တမန်တော်လည်း ဟံသာဝတီသို့ ပြန်လည်ဆိုက်ရောက်သောအခါ အင်းဝ ပြည့်ရှင်၏ အမှာစကားများကို တစ်လုံးမကျန်အောင် ဆင်ဖြူရှင်ဗညားဦးမင်းအား သံတော်ဦးတင်လေ၏။ အင်းဝပြည့်ရှင်မင်း၏ နေ့ရက်ချိန်းဆိုသည့် အမှာစကားကို ကြားရသဖြင့် ဗညားဦးလည်း အလွန်ဝမ်းမြောက်လေသည်။

ယင်းသို့နေလာခဲ့ရာ ချိန်းဆိုထားသည့်နေ့ရက် ရောက်လတ်သော် ထီးဖြူဆောင်း သော မွန်နှင့် မြန်မာဧကရာဇ်မင်းနှစ်ပါးတို့သည် စစ်သည်ဗိုလ်ပါများစွာနှင့် နယ်ခြားသို့ အသီးသီးကြွရောက်လာကြသည်။

မင်းနှစ်ပါးတို့သည် ကျေးစွန်နယ်ခြား မှတ်တိုင်များကို ဆွေးနွေးသတ်မှတ် ကြပြီးလျှင် အတူတကွ အခင်းတစ်ခုတည်း၌ထိုင်ကြကာ မွန်ဧကရာဇ်မင်း၏ ဝတ်စုံတော်ကို မြန်မာဧကရာဇ်မင်းအားပေး၍ မြန်မာဧကရာဇ်မင်း၏ ဝတ်စုံတော်ကို မွန်ဧကရာဇ် မင်းအားပေး၏။ ဧကရာဇ်မင်းနှစ်ပါးတို့သည် တစ်ဦးနှင့်တစ်ဦး အဝတ်တန်ဆာများ လဲလှယ်ကြပြီးနောက် ရွှေလင်ပန်းတစ်ခုတည်းဖြင့် အာဟာရများကို လက်ချည်တစ်ပြင်တည်း ချစ်ကြည်စွာ သုံးဆောင်ကြသည်။ မင်းနှစ်ပါးတို့မှာ တစ်မိတစ်ဖတည်းက ပေါက်ဖွားသော ညီရင်းအစ်ကိုပမာ ချစ်ခင်၍ မေတ္တာတရားပွားများကြလေသည်။

ထိုနောက် မင်းနှစ်ပါးတို့သည် မိမိတို့၏ တိုင်းပြည်သို့ အသီးသီးပြန်ကြလေ၏။ ဗညားဦးမင်းသည် ဆင်ဖြူရှင်ဘွဲ့ခံ၍ ဟံသာဝတီကို အုပ်စိုးသည်မှစပြီး မွန်နှင့် မြန်မာ တို့မှာ အချင်းချင်း စစ်ခင်းခြင်း မရှိကြတော့ပေ။ ရဟန်းရှင်လူအပေါင်းတို့လည်း နှစ်ပြည်ထောင်စလုံးတွင် အေးချမ်းသာယာ၍ ပျော်ရွှင်စွာနေထိုင်ကြရသည်။

များမကြာမီ ဒလမြို့စား သမိန်ဇိပ်ဖြို (ဇိပ်ဖြဲ) နာဖျား၍ အနိစ္စရောက်လေ၏။ သူ့ရှင်လည်း တူတော်မည်ကိုကောင်း (မည်ကဲ့ကဲ့)ကို ဒလစားအဖြစ် ခန့်ထားတော်မူ၏။ သမိန်လောက်ဖြား (လိုက်ဖြာ)၏ ညီတော်သူ မလဂွန်း (မလွန်)သည် သူ့ရှင်၏ ခြေမရေကိုသောက်၍ သစ္စာခံသဖြင့် သမိန်သံပြပ် (သံပြာပ်)ဟူသော အမည်ပေးကာ လက်လစ်[၁] (လက်လေ့က်)မြို့ကို စားစေသည်။

နောင်တော်ဖြစ်သူ လောက်ဖြားလည်း လက်လစ်မြို့ကို မကြာခဏဝင်ရောက် တိုက်ခိုက်၏။ လောက်ဖြားတိုက်ခိုက်တိုင်းပင် သမိန်သံပြပ်မှာ ရွှပ်ရွှပ်ခွဲခွဲ တွန်းလှန် နိုင်ခဲ့သည်။ ထို့ကြောင့် သူ့ရှင်ဗညားဦးသည် အားရတော်မူသဖြင့် သန်လျင်[၂](သလျင်) မြို့ကို သံပြပ်အား စားစေပြန်၏။

၁။ မြန်မာမူ လက်ခိုက်မြို့။

၂။ မြန်မာမူ ဇရပ်မြို့။

www.burmeseclassic.com

www.burmeseclassic.com

လက်လှစ်မြို့ကို စောဟာန် (စ်ဟာန်)အား စားစေ၏။ သမိန်ဇိပ်ဖြစ်၏ညီတော်သူ မသံ(မသာ်)ကို သံလှစ်ိ (သံလှောက်)ဟု အမည်ပေးကာ တိုက်ကုလားမြို့ကို စားစေပြီး ဓုတ်လရီ[1]တွင် တပ်ဖွဲ့၍ စောင့်စေသည်။

ယင်းသောအခါ မုတ္တမတွင် ဖြတ်ထဗ၏သား သေသည်။ ထို့နောက် မုတ္တမ၊ လဂွန်းဗျည်း (လွန်ဖေန်)။ မော်လမြိုင်နှင့် ဒုန်ဝန်း မြို့သားအားလုံးကို ဖြတ်ထဗက ဦးပြည်းတုံးစေ၏။ ထိုသတင်းကို ဓုတ်လရီတွင် တပ်ချနေသော သမိန်သံလှစ် ကြားရလျှင် မိမိသူရဲ ၃၀၀ တို့ကိုလည်း ခေါင်းတုံးစေ၏။

သမိန်သံလှစ်သည် အဖြာမည်သော ဆင်ကိုစီး၍ သူရဲ၃၀၀တို့နှင့် ညအချိန် ဒုန်ဝန်းသို့ချီ၏။ နံနက်မိုးသောက်ချိန်တွင် ဒုန်ဝန်းမြို့တံခါးသို့ ရောက်ကြ၏။ မြို့တံခါးဖွင့်လျှင် မြို့တွင်းသို့ဝင်ပြီးလျှင် အပြင်းတိုက်ခိုက်ကြ၏။ ဖြတ်ထဗ၏ ကျွန်ဖြစ်သောဒုန်ဝန်းစား နိုင်စွဗန် (နာသေဝိုန်)ကို သမိန်သံလှစ်က ဖမ်းမိလျှင် ကွပ်မျက်လေ၏။ သမိန်သံလှစ်လည်း နိုင်စွဗန်အားသတ်ပြီး ဒုန်ဝန်းမြို့ကို သိမ်းပိုက်လိုက်ကြောင်းကို ဟံသာဝတီပြည့်ရှင် ဗညားဦးထံ အကြောင်းကြားစေသည်။

သူ့ရှင်လည်း အားရဝမ်းသာတော်မူ၏။ သံလှစ်၏ သူရဲ ၃၀၀ တို့ကို ငွေခြည်ထိုး အဝတ်ပုဆိုးများနှင့် ဆုလာဘ်များစွာ ပေးသနားတော်မူ၏။ သမိန်သံလှစ်ကိုမူ မင်းတို့၏ ကိရိယာတန်ဆာတစ်စုံ ချီးမြှင့်၍ ဒုန်ဝန်းမြို့ကို စားစေ၏။

ဆင်ဖြူရှင် ဗညားဦးသည် ဟံသာဝတီသို့ မပြောင်းမီ ဒုန်ဝန်း၌ ရှိစဉ်က သီရိမာယာဘွဲ့ခံ မွေ့ဒေါ မိဖုရားတွင် သားတစ်ယောက်ဖွားမြင်၏။ ဖွားမြင်သည့် ကလေး၏ လျှာတွင် စက်ပါလာ၏။ သားဖွားပြီး မကြာမီပင် မိခင်ဖြစ်သူ မွေ့ဒေါခေါ် သီရိမာယာဒေဝီ အနိစ္စရောက်လေ၏။

မွေ့ဒေါသည် ညီကောင်သိန်၏မယားဖြစ်ခဲ့၏။ မွေ့အစ်ခေါ် စန္ဒာမင်းလှ၏ ညီမတော်ဖြစ်၏။ ညီကောင်သိန် ပုန်ကန်၍ ကွပ်မျက်ပြီး မွေ့ဒေါမှာ ခယ်မတော်ဖြစ်သဖြင့် အစ်မတော်များနှင့်အတူထား၍ မိဖုရားမြှောက်ခဲ့သည်။ မွေ့ဒေါတွင် သူ့ရှင် ဗညားဦးနှင့်သင့်၍ သားဖွားခြင်းဖြစ်သည်။ အမိသေဆုံးသဖြင့် သားငယ်ကို သူ့ရှင်က အစ်မတော်မဟာဒေဝီက မွေးစား၏။ ငယ်ကပင် ပြုစုကျွေးမွေး၏။ အပသုံဟု အမည်မှည့်၏။ မဟာဒေဝီသည် တူတော်အပသုံကို သားရင်းပမာချစ်ခင်၏။

၁။ မြန်မာမူသံလိုက်။

၂။ တောင်စွန်းနှင့် ဓုတ်သုတ်အနီးတွင် ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com

မင်းသား အပသုံ ပြေးတတ်သည့် အရွယ်ရောက်လျှင် မဟာဒေဝီချီခဲ့၍ နန်းတော်ထက် သို့လာ၏။ ကလေးကိုမြင်လျှင် သူ့ရှင်ဗညားဦးက "အပသုံငယ်သည် ငါ့သားကား ဟုတ်ပါ၏။ သူ့ရုပ်ရည်မှာ ငါနှင့်မတူ။ ဦးခေါင်းကြီးသည်။ ဆံကြမ်းသည်။ ခြေသလုံးသားကြီးသည်။ ရက်စက်မည့် လက္ခဏာရှိသည်" ဟု မကြာခဏ မိန့်ကြား၏။

ဗြတ်လိုင်းသူ သီရိရာဇာဒေဝီသည် ပဲခူးအနီးဝူနင်ရွာ (ကွာန်ဂိုဟ်နင်)တွင် ကျောင်းတစ်ဆောင် ဆောက်လုပ်လှူဒါန်းခဲ့သဖြင့် ပဲခူးမိဖုရားဟုလည်း ခေါ်၏။ ဤမိဖုရားတွင် သားတစ်ယောက်ထွန်းကား၍ ဘောင်မုန် (ဘဝ်ငါမုင်)ဟူ၍ အမည်မှည့်၏။ ဤကလေးသည် ဘုန်းကျက်သရေရှိ၍ ရုပ်ရည်လှပသည်ဟုဆို၍ သူ့ရှင်ချစ်တော်မူ၏။ မွေ့ကောခေါ် စန္ဒာဒေဝီမိဖုရားတွင် သမီးတစ်ယောက်ထွန်းကား၍ တလမေဒေါ (တလမေဒ်) ဟု သူ့ရှင် မှည့်၏။

မိဖုရားနှင်းအံဒေါ (ဇာင်အံဒ်) တွင် မြင်သော သမီးတော် တလမေသီရီ (တ္ဂမေသြီ) ကို ဧင်းမယ်သို့ ဆက်သထားရသည်။ ဧင်းမယ်မင်းက မလေးမမြတ်သဖြင့် ရှက်ပြီး စိတ်မချမ်းသာ၍ မျက်စိ၊ နား မငြိမ်းမအေးဖြစ်နေရသည်ကို သူ့ရှင်ကြားရ၏။ ယင်းသို့ သမီးတော်သည် စိတ်ဒုက္ခရောက်နေသည်ကို ကြားရသဖြင့် သူ့ရှင်မှာ စိတ်မချမ်းသာ ပူပင်သောကရောက်နေရ၏။

မိမိအား ပုန်ကန်ကြသည့် ကျွန်ဖြစ်သူဗြတ်ထဗနှင့် လောက်ဖြားတို့အပေါ် မာန်ကို လျှော့ချရတော့မည်ဟု စဉ်းစားမိပြီး ဗြတ်ထဗနှင့် လောက်ဖြားတို့ထံ စာစီကာ စေလေ၏။

> စာကား "ဟံသာဝတီပြည့်ရှင် ဗညားဦးက ဗြတ်ထဗနှင့် လောက်ဖြားတို့ထံ စာအားဖြင့် ကြားရောက်အပ်သည်။ ငါတို့ အမျိုးခုနစ်ဆက်စလုံး မုတ္တမတွင် ရာဇာသေကခံ၍ မင်းပြုခဲ့သည်မှာ နန်းတွင်း သမီးတော်ကိုသော်၎င်း၊ တိုက်ဆင်များကိုသော်၎င်း၊ တစ်ပါးမင်းကိုဆက်သခဲ့ရသည်ဟူ၍ တစ်ကြိမ်မျှမရှိခဲ့ပေ။ ငါ့လက်ထက် ရောက်ခါမှ ငါကျွန်ဖြစ်သော သင်တို့ကို အမျိုးအဆွေတော်ဖြစ်၍ ဖြောင့်မတ်သည်ဟု ယုံကြည်သဖြင့် ဘုန်းစည်းစိမ်များနှင့် ဗိုလ်ပါများကို ဤမျှငါပေးအပ်ခဲ့သည်။ သင်တို့သည် ဘုန်းစည်းစိမ်များနှင့် အခြွေအရံများကိုရပြီး အင်အားကြီးမားစွာဖြင့် ငါ့ကိုပျက်စီးရာ ပျက်စီးကြောင်း ကြံစည်ရက်သည်။ မိတ်ဆယ်ပါးပျက်၍မည်သို့ အပြစ်ရသည်ကို မြတ်စွာဘုရား ဟောကြားထားသော တရားတော်ကို သိမြင်အောင် သင်တို့ အဘယ်ကြောင့်မစူးစမ်း မရှာပွေကြ

www.burmeseclassic.com

သနည်း။ သင်တို့သည် မိတ်ဆယ်ပါးတရားကို မသိ၍သာ ငါ့အား ဤမျှ ကြီးမားသော ပျက်စီးခြင်းကို ကြုံစည်နိုင်ကြခြင်း ဖြစ်သည်။ ယင်းသို့ သင်တို့ ပြုမူမှုကြောင့် 'ဒုက္ခပူလောင်လွန်းလျှင် အမိဝမ်းသားကိုပင် ချနင်းရသည်'ဟူသော စကားပုံအတိုင်း ငါ၏ သမီးတော်တစ်ပါးကို ဧင်းမယ်မင်းထံ ဆက်သခဲ့ရသည်။ ယခုအခါ ငါ့သမီးတော်ကို ဧင်းမယ်မင်းက မချစ်ခင် မလေးမြတ်သဖြင့် နား၊ မျက်စိ မငြိမ်းမအေး ဖြစ်နေရသည်ကို ငါကြားရသည်။ ထို့ကြောင့် သင်တို့ထံ စာအားဖြင့် ငါအကြောင်းကြားရခြင်း ဖြစ်သည်"

ဆင်ဖြူရှင် ဗညားဦးထံမှ စာကိုရရှိ၍ သမိန်ဖြတ်ထဗနှင့် သမိန်လောက်ဖြားတို့ ညီနောင်များသည် တိုင်ပင်ဆွေးနွေးကြလေ၏။ ထို့နောက် သူ.ရှင်ထံ ပြန်စာစီ၏။

စာကား "ကျွန်ုပ်တို့အရှင် ဆင်ဖြူရှင်၏ ရွှေဖဝါးတော် အောက်သို့ လျှောက်ထားအပ်ပါသည်။ ကျွန်ုပ်တို့တွင် ဤမျှ များပြားသော အခြွေအရံ အသင်းအပင်များ ရှိခဲ့သည်မှာ အရှင်မင်းကြီး ပြုပြင်ချီးမြှင့်ခဲ့သောကြောင့်သာဖြစ်ပါသည်။ ကျွန်ုပ်တို့အား အရှင်မင်းကြီး သူကောင်းပြုခဲ့ပေသည်။ နောင်သော် သူတစ်ထူးကုန်းချောသော စကားကို အရှင်မင်းကြီး ယုံကြည်တော်မူပြီး ကျွန်ုပ်တို့အား အရှင်မင်းကြီး အမျက်တော်ရှိခဲ့သည်။ ကျွန်ုပ်တို့သည် အသက်သေမည်ကို ကြောက်ရွံ့သဖြင့် အရှင့်ထံ မချဉ်းကပ်ဝံ့ပါ။ အရှင်နှင့် မိတ်ဆယ်ပါး ပျက်ခဲ့သည်ကို တစ်ကြိမ်တစ်ခါအပြစ်လွှတ်ပါရန် ရွှေဖဝါးတော် အောက်သို့ ခွင့် တောင်းအပ်ပါသည်။ ကျွန်ုပ်တို့သည် အရှင်မင်းကြီး၏ မြို့ပြစည်းစိမ် ထီးနန်းကို လုယူမည့်သူများ မဟုတ်ပါ။ ယခုမှစ၍ နောင်ကို အရှင်မင်းကြီးအား ပျက်စီးရာ ပျက်စီးကြောင်း ကျွန်ုပ်တို့က ဆက်လက်၍ မကြုံစည်တော့ပါ။ ကျွန်ုပ်တို့သည် အရှင် မင်းကြီး၏ ကျွန်ရင်းဖြစ်၍ ချစ်သနားတော်မူသည်ဟုဆိုလျှင် အမှုတော်ကို အသက်ပေး၍ထမ်းဆောင်ပါမည်။ နောင်ကို တစ်ပါး သောမင်းတို့က အရှင်မင်းကြီးအား ရန်စစ်ပြုလာခဲ့သော် ကျွန်ုပ်တို့သည် အသက်စွန့်၍ တိုက်ခိုက်ပေးပါမည်။ ယခု ကျွန်ုပ်တို့ လက်ဝယ်ရှိသော မြို့ပြစည်းစိမ်ကို ငြင်းပယ်၍ ပြန်လည်တောင်းဆိုခြင်း မပြုဘဲ ဆက်လက်စားခွင့်ပြုပါရန် အရှင်မင်းကြီးထံ တောင်းခံပါသည်။ အရှင်မင်းကြီး ခွင့်ပြုပေးသနားမည်ဖြစ်လျှင် ဧင်းမယ်၌ရှိသော အရှင့်သမီးတော် တလမေသီရိကို အရှင်မင်းကြီးထံ အရောက် ပြန်လည်ပို့ဆောင်ပေးရန် တာဝန်ကို ကျွန်ုပ်တို့ရအောင် ထမ်းဆောင်ပါမည်"

www.burmeseclassic.com

www.burmeseclassic.com

ဖြတ်ထဗနှင့် လောက်ဖြားတို့၏ စာကိုရရှိလျှင် ဆင်ဖြူရှင် ဗညားဦးသည် သမီးတော်အား ဒုက္ခမှလွတ်စေရန် ရည်စူး၍ အဆိပ်ကိုငုံထားရာဘိသကဲ့သို့ ဖြတ်ထဗနှင့် လောက်ဖြားတို့၏ အပြစ်များကို သည်းခံနိုင်ရန် အမျက်ဒေါသမီးလေးဖိတို့ကို အတင်း ငြိမ်းသတ်ရတော့သည်။

သမီးတော်တလမေသီရိအား ဒုက္ခမှ သုခသို့ပြန်ရောက်စေရန်အလို့ငှာ ဖြတ်ထဗနှင့် လောက်ဖြားတို့၏ စာတွင်ပါသည့် တောင်းဆိုချက် အားလုံးကို ခွင့်ပြုတော်မူသည်။ ရွှေခွက်တစ်ဆယ်နှင့် ဆင်ပေါက်ဆယ်စီး[၁]ကို ဖြတ်ထဗနှင့် လောက်ဖြားတို့ထံ ပို့ဆက်စေ၏။

သမိန် ဖြတ်ထဗက ရွှေငါးပိသာထပ်ဖြည့်၍ ဖြတ်ထဗနှင့် လောက်ဖြားတို့၏ အမည်ဖြင့် ရာဇသံစာရေးကာ ဇင်းမယ်မင်းထံ သွားရောက်ဆက်သစေ၏။ ဇင်းမယ်မင်းလည်း လက်ဆောင်ပဏ္ဏာများကို လက်ခံပြီး တလမေသီရိအား ဟံသာဝတီသို့ ပြန်ခွင့်ပေးခဲ့လေသည်။ မုတ္တမသို့ ပြန်ရောက်လျှင် ဖြတ်ထဗနှင့် လောက်ဖြားတို့သည် သင့်တင့်စွာ ပြုပြင်စီရင်၍ ပျူပျူငှာငှာ ဝမ်းသာအယ်လဲဖြင့် ဆင်ဖြူရှင် ဗညားဦးရှိရာ ဟံသာဝတီသို့ တလမေသီရိအား အရောက်ပို့ဆက်ကြလေ၏။

ဗညားဦးသည် သမီးတော် တလမေသီရိကိုမြင်လျှင် ရင်ဆို့တက်ပြီး သားအဖ နှစ်ဦးစလုံး လွန်စွာ ကြေကွဲဝမ်းနည်းကြ၏။ သမီး၏ ဒုက္ခ သုခ သတင်းများကို မေးမြန်းပြီးနောက် ပဏ္ဏားများကိုမှာ၍ သမီးတော်အား မင်္ဂလာပရိတ်ရွေဖြင့် သွန်းလောင်းစေသည်။ မိမိနှင့် ကြာမြင့်စွာ ခွဲခွာပြီး ရပ်ဝေးတွင် နေခဲ့ရသဖြင့် သမီးတော်အား ချမ်းသာသုခနှင့် ပြည့်စုံသော နေရာတွင် နေစေသည်။

ယင်းသို့နေလာရာ သားတော်အပသုံလည်း ကြီးပြင်းလာပြီဖြစ်၍ ဗညားနွဲ့ (ဗညာနယ်= ဗညာနဲ့) ဟူ၍ သူ့ရှင်အမည် ပေးတော်မူ၏။ များမကြာမီ ဗညားနွဲ့သည် မအေကွဲ မောင်နမတော်စပ်သူ တလမေဒေါ (တ္ဂမေဒ)နှင့် ချစ်ကြိုက်ရည်ငံကြပြီး နှစ်ဦးသဘောတူ ဒဂုန်သို့ထွက်ပြေးကြလေ၏။

၁။ မြန်မာမူတွင် ဗညားဦးထံမှ ရွှေနှင့်ဆင် ပို့သည်ဟုမဆို၊ ဖြတ်ထဗနှင့် လောက်ဖြားတို့က ရွှေငါးပိသာစီနှင့် ဆင်ငါးစီးစီစု၍ ဇင်းမယ်မင်းထံ ဆက်ရသည်ဟု ဆို၏။ အပြန်အလှန် စာများကိုလည်း အကျဉ်းချုပ်သာ ဖော်ပြသည်။

• ဗညားငယ်ဟု အနက်ရသည်။
ဗညာနယ်=ဗညာနဲ့ (ဗညားနွယ်=ဗညားနွဲ့)

www.burmeseclassic.com

www.burmeseclassic.com

ထိုသတင်းကို သူ့ရှင်ဗညားဦး ကြားရလျှင် မိအောင်လိုက်ဖမ်းစေသဖြင့် မုညက် (မုဟ်ညာတ်)ရွာတွင် ဗညားနဲ့နှင့်တလမေဒေါတို့ကို မိခဲ့လေ၏။ သူ့ရှင်သည် သမီးတော် တလမေဒေါကို အပြစ်မယူဘဲ ဗညားနဲ့အား မျက်၍ အစောင့်နှင့် အကျဉ်း ချထားလေ၏။

အစ်မတော် မဟာဒေဝီက မောင်တော် ဗညားဦးအား လျှောက်ထားသော်လည်း လွတ်တော်မမူဘဲ ဗညားဦးက "သင်းသည် ငါ့သားပင် မှန်သော်လည်း ရက်စက်သူ ဖြစ်သည်။ ငါ့နလုံးပူအောင်ပြုသည်။ ငါသည် သူ့ခမည်းတော်ဖြစ်သော်လည်း ငါ့ကို သူမချစ်" ဟု မိန့်၏။ မဟာဒေဝီ တောင်းပန်ဖန်များသောအခါမှ ဗညားနဲ့အား လွတ်တော်မူ၏။

မဟာဒေဝီလည်း ဝမ်းသာအားရပြီး တူတော်ဗညားနဲ့နှင့်တူမတော် တလမေဒေါကို လက်ထပ်ပေးကာ မိမိအပါးတွင် အိမ်တစ်ဆောင် ဆောက်ပေး၍နေထိုင်စေသည်။

ယင်းသို့ နေခဲ့ကြရာ တစ်နေ့တွင် ဗညားဦးက အစ်မတော် မဟာဒေဝီအား "ငါသည် မအီမကျန်း၍နာသည်၊ ငါ့မျက်စိကွယ်သောနေ့တွင် အပသုံကိုမင်းမပြုစေနှင့်၊ သူသည် ရက်စက်ကြမ်းကြုတ်သည်။ ပြည်သူတို့လည်း သူ့ကိုမချစ်၊ ငါ့အား ဘောင်မုန်သည် ဘုန်းကျက်သရေရှိသည်။ ရုပ်ရည် အရောင်အဆင်း ကောင်းသည်။ နူးညံ့သိမ်မွေ့သည်။ ပြည်သူတို့နှင့်လည်း သင့်တင့်သည်။ မင်းပြုရန်သင့်သူဖြစ်သည်" ဟု မိန့်၏။

မင်းဆရာမဟာသာမိသည် သူ့ရှင်ဗညားဦးနှင့် လွန်စွာအကျွမ်းဝင်၏။ ဆင်ဖြူရှင်က သဒ္ဓါကြည်ဖြူတော်မူသဖြင့် မပြတ်ပင်ပင့်၍ ပြောဟောနေသည်ကို သမိန်မရူး သိရ၏။ သမိန်မရူးသည် သမီးတော်တလမေသီရိကို ကြိုက်နှစ်သက်သဖြင့် ဆရာတော်ထံ ချဉ်းကပ်၍ ရွှေငါးပိသာဖြင့် သမီးတော် တလမေသီရိအား တောင်းရမ်းပေးရန် အကူအညီတောင်းခံလေ၏။

ဆရာတော်မဟာသာမိလည်း တာဝန်ယူ၍ လကောင်း နေ့ကောင်း နက္ခတ်ကောင်းတွင် ရွှေငါးပိသာကို သမိန်မရူးထံမှ လက်ခံယူပြီး သူ့ရှင်ဗညားဦးအားပေးအပ်လျက် "သမိန်မရူးသည် အရှင်မင်းကြီး၏ ရွှေအိမ်နန်းအတွင်း၌ သမီးတော်တလမေသီရိနှင့် အတူ အမှုတော်ထမ်းရွက်ကာ ကျွန်ခံလိုကြောင်း" ဟူ၍ ဆရာတော်က ရွှေနားတော်သွင်းလေ၏။

ဗညားဦးသည် ဆရာတော်၏ အဆိုပြုချက်ကို ကြားရပြီးနောက် လွတ်တော်ညီလာခံပြုရာ စမုတ်ဆောင်သို့ ထွက်တော်မူသော် သေနာပတိ၊ မှူးမတ်များအား-

www.burmeseclassic.com

www.burmeseclassic.com

"ငါ့သမီးတော် တလမေသီရိကို ဧင်းမယ်မင်းထံ ဆက်သခဲ့ရသည်မှာ ထိုစဉ်က ငါ့တွင် စိတ်ပူပင်သောက ရောက်နေသည်ကို ပယောက်စေလို၍ ဖြစ်သည်။ နောင် ဧင်းမယ်မင်းက ငါ့သမီးကို မလေးမမြတ် ငါ့သမီး နားမျက်စိပျက်အောင်၊ နားမျက်စိ မငြိမ်းမအေးအောင်ပြုသည်။ ငါ့သမီး စိတ်ဒုက္ခရောက်ခဲ့ရသည်။ ငါ့သမီး အရှက်ရခဲ့သည်။ ယခုလည်း ငါ့သမီးကို မှူးမတ်သေနာပတိတို့၏ သားတစ်ယောက်ယောက်နှင့် နေရာချပေးမည် ဆိုကလည်း နောင်ကို ငါ့သမီး နား၊ မျက်စိပျက်၍ အရှက်ရဦးမည် စိုးရသည်။ သမိန်မရူးမူကား မိဘမဲ့သားဖြစ်သည်။ ငါထံပါး၌ ခစားရသည့် ကျွန်ရင်းဖြစ်သည်။ ငါ့အတွက် သူ့အဘမှာ ဆင်ကုန်းထက်၌ပင် ကျဆုံးခဲ့ရသည်။ သမိန်မရူးသည် ငါကိုပို၍ ရှက်ကြောက်ရိုသေရမည့် ကျွန်ရင်းဖြစ်သည်။ ထိမ်းမြားစေမည်"ဟု မိန့်ကြားလေ၏။

ထိုနောက် မင်္ဂလာအခမ်းအနားပြုရန် အိမ်တစ်ဆောင်ဆောက်လုပ်စေ၍ သမီးတော် တလမေသီရိနှင့် သမိန်မရူးတို့ကို လက်ထပ်ထိမ်းမြားပေးလေ၏။ မင်္ဂလာပွဲသဘင်ကို ၇-ရက်မျှ ဆင်ယင်ကျင်းပရာ အလွန်စည်ကား သိုက်မြိုက်လှပေသည်။

ဗညားနွဲ့နှင့် တလမေဒေါတို့ သင့်ခဲ့ကြရာမှ အချိန်တန်လျှင် သားတစ်ယောက် ထွန်းကားလေ၏။ ဆင်ဖြူရှင်ဗညားဦးလည်း သမီးတော်တလမေဒေါတွင်မြင်သောမြေးတော်မှာ ယောကျ်ားဖြစ်သည်ကို ကြားရလျှင် အလွန်ဝမ်းမြောက်တော်မူသည်။

"ငါ့အစ်မကြီးဖွားမြင်စဉ်က လကြတ်ချိန်ဖြစ်၍ စန္ဒာမင်းလ ဟု ငါ့ခမည်းတော် အမည်မှည့်သည်။ ငါ့အစ်မတော် မဟာဒေဝီဖွားမြင်စဉ်ကလည်း ငါ့ခမည်းတော်က ခေါင် ၇-လုံးရှိသည့် ကျောင်းတော်ကြီးကို ဆောက်လုပ်လျှဒါန်းသော ကာလဖြစ်သည်။ ထိုအခါ ဝိ-ဟုခေါ်သော သဖန်းသီးကြီးတစ်လုံးကို လက်ဆောင်ရရှိသည်။ ထိုကြောင့် ကျောင်းတော်နှင့် ဝိ - ခေါ် သဖန်းသီးကြီးကို အစွဲပြု၍ ဝိဟာရဒေဝီဟု ငါ့ခမည်းတော်က အမည်သမုတ်ခဲ့သည်။ ယခု ငါမြေးတော်ဖွားမြင်သည့် အချိန်တွင် မည်သည့် ထူးခြားချက်နိမိတ်ကိုမျှ ငါမမြင်။ နိမိတ်အကြောင်းမထင်၍ အစ်မတော်များကဲ့သို့ နိမိတ်ကိုစွဲ၍ အမည်မမှည့်နိုင်။ ထိုကြောင့် မျိုးရိုးစဉ်ဆက်သည့် အမည်ကိုမှည့်မည်။ ငါဦးရီးတော်[၁]သည် ဗညားအဲလောဘွဲ့ခံသည်ကို ထောက်၍ ငါမြေးတော်ကို ဗောအဲလောကျန်းဒေါ[၂] (ဘဝ်အဲလ်ကောန်ဒ)ဟု မှည့်သည်"ဟု မိန့်တော်မူ၏။

၁။ မြန်မာပေမူနှင့် ပုံနှိပ်မူများတွင်- ခမည်းတော်ဟု မှားရေးသည်။

၂။ ဗောလောကျန်းတောဟု မြန်မာမူတွင်ဆို၏။

www.burmeseclassic.com

www.burmeseclassic.com

ထို့နောက် ပုဏ္ဏားဟူးရားသမားတော်များကို အဝတ်ပုဆိုးများ ဝေငှကမ်းလှမ်းတော်မူ၏။ သူ့ရှင်ဗညားဦးသည် မြေးတော်ကို အမည်မှည့်ပြီးနောက် အစ်မတော် မဟာဒေဝီ စသော ဆွေတော်မျိုးတော်များ၊ သားတော်၊ သမီးတော်၊ သမက်တော်တို့နှင့်တကွ ဒဂုန်ဆံတော်ရှင်ဘုရားသို့ အပူးအမြော် ကြွရောက်တော်မူ၏။

ယင်းသောအခါ ကျိုက်အသုတ်ဘုရားသည် တန်ခိုးပြာဋိဟာပြတော်မူသဖြင့် ဗညားဦးသည် ၇ - ရက်မျှ သဘင်ကြီးစွာ ခံတော်မူ၏။ အစ်မတော် မဟာဒေဝီသည် ဒဂုန်တွင်နေရစ်ပြီး သူ့ရှင်ဗညားဦးသည် ပဲခူးသို့ပြန်တော်မူ၏။

ပဲခူးသို့ပြန်ရောက်သော် သန်လျင်[၁]စား သံပြပ်ပုန်စားကြောင်းကို ကြားရသဖြင့် မှူးမတ်သေနာပတိများကိုခေါ်၍ တိုင်ပင်ဆွေးနွေးလေ၏။ ထိုအခါ ဗိုလ်မင်းယောဂရာတ်က-

"ယခုအခါ ရွှေဖဝါးတော်အောက်မှ သံပြပ်ပုန်စားသည်ကို အရှင်မင်းကြီး တုန်လှုပ်တော်မမူပါနှင့် ကျွန်တော်မျိုးအား ဗိုလ်မင်းကြီးငယ်တစ်ယောက် နှစ်ယောက်သာ ပေးတော်မူပါ။ ကျွန်တော်မျိုးစစ်ချီ၍ သူပုန်ကိုအရဖမ်းပြီး အရှင့်ထံအရောက်ဆက်သပါမည်။ အရှင်မင်းကြီးတွင် စိုးရိမ်ပူပန်သောစိတ် ထားတော်မမူပါနှင့်။ ကျွန်တော်မျိုးအား ဤတာဝန်ကို ပေးတော်မူပါ"ဟု လျှောက်တင်လေ၏။

ဗိုလ်မင်းယောဂရာတ် လျှောက်တင်ချက်ကို ကြားရလျှင် သူ့ရှင်သည် ဝမ်းသာအားရတော်မူ၏။ ထို့နောက် အစ်မတော်မဟာဒေဝီနှင့် သမက်တော် သမိန်မရူးကို ခေါ်စေ၏။ မဟာဒေဝီနှင့် သမိန်မရူးတို့လည်း အမြန်ဆုံးရောက်လာကြသောအခါ ဗိုလ်မင်း တပ်မင်း အမတ်သေနာပတိများကို စီစဉ်စေ၏။ မဟာဒေဝီ၏ စီစဉ်ချက်အရ ဗိုလ်မင်းယောဂရာတ်နှင့် သမိန်မရူးတို့နှစ်ဦးကို ဗိုလ်မင်းခန့်ပြီး သန်လျင်သို့ကူး၍ သံပြပ်ကို သွားရောက်နှိမ်နင်းရန် စီစဉ်ကြ၏။

ယင်းသောအခါ သံပြပ်ကိုမိုးကြိုးပစ်၍ သေဆုံးကြောင်း သတင်းရောက်လာ၏။ ထိုသတင်းကို သူ့ရှင်ဗညားဦးကြားရပြီး ညီလာခံသဘင်တွင် သေနာပတိများအား...

၁။ မြန်မာမူတွင် စရပ်မြို့စားဟုဆို၏။ ပဲခူးတွင် မဝိကန်ကို သုက်သင်စေသည်ဟုလည်းဆို၏။ မွန်မူတွင် မဝိကန်ဟူ၍မပါ။

www.burmeseclassic.com

www.burmeseclassic.com

"မလဂွန်းငယ်သည် ငါ့ကျွန်ရင်း ဖြစ်သည်။ ငါနှင့်အတူ သုခ ဒုက္ခ ခံခဲ့၏။ လောက်ဖြား အမျိုးဖြစ်၍ သင်းကို ငါမယုံကြည်။ သူများလို ငါ မချိုးမြှင့်၊ နောင် ငါ့ခြေမရေကိုသောက်၍ သစ္စာခံသည်။ သံပြပ်ဟု အမည် ပေး၍ လက်လှစ်မြို့ကို စားစေသည်။ လောက်ဖြား၏ တိုက်ခိုက်မှုကို သင်း တွန်းလှန်နိုင်သူဖြစ်သဖြင့် သန်လျင်ကို စားစေခဲ့ခြင်းဖြစ်သည်။ သန်လျင်တွင် အင်အားများပြားလာသော် သစ္စာဖျက်၍ ငါ့အား ပုန်စားမှုကို ပြုသည်။ မိတ်ဆယ်ပါးနှင့် ကျေးဇူးရှင်ကို ပြစ်မှားသော အကတညူ တစ်ယောက်ဖြစ်သဖြင့် နတ်ကောင်းများ မစောင့်၊ အချိန်ကာလ မဟုတ်မူဘဲ၊ မိုးကြီးရွာချပြီး ဝရဇိန်လက်နက် မိုးကြိုးစက်ဖြင့် သေရသည်။ ဤ ပုဂ္ဂိုလ်မျိုးသည် သေပြီးလျှင် ပဉ္စာနန္တရိယ ငရဲတွင်သွားရောက် ခံစားရမည်။ သင်တို့သည် သံပြပ်၏ အကျင့်နှင့် သူခံရသည့်အပြစ်ကို ပစ္စုပ္ပန်တွင် မြင်ကြရပြီ မဟုတ်လော။ ထိုကြောင့် သင်တို့ သတိပြုကြလော့။ အကယ်၍ တစ်စုံတစ်ယောက်သော ကျွန်သည် အရှင့်သစ္စာကို ခံယူပြီးနောက် အရှင်ကိုပြန်၍ ပြစ်မှားလျှင် သူ့အသက်နှင့် သူ့ဘုန်းစည်းစိမ်သည် သူနှင့် အရှည်မနေ[၁]။ မလဂွန်း၏ ဖြစ်စဉ်မှာ သင်တို့အတွက် မှတ်စရာဖြစ်သည်" ဟု မိန့်၏။

ထို့နောက် ဆက်လက်၍ "ဖြတ်ထဗနှင့် လောက်ဖြားတို့သည်လည်း ငါ့ပျက်စီးမှုကို သင်းတို့ ယူဆောင်ခဲ့သည့်အတိုင်း ထိုပျက်စီးမှုသည် သင်းတို့ထံ ပြန်ရောက်ပါစေသတည်း" ဟု သုံးကြိမ်တိတိ မိန့်ဆိုပြီး ပလ္လင်တော်မှ သက်ကာနန်းတွင်းဆောင်သို့ ကြွမြန်းတော်မူ၏။

သမိန်မရူးနှင့် သမီးတော် တလမေသီရိတို့သင့်ကြ၍ သုံးနှစ်ရှိသောအခါ မဟာဒေဝီနှင့် သမိန်မရူးတို့သည် ကြည့်ရှုကြဟန်၊ နေထိုင်ကြဟန် ဆက်ဆံကြဟန် မကောင်းဟူ၍ ဆိုကြကုန်၏။ ယင်းသောအခါ ပဲခူးသူ၊ ပဲခူးသားတို့က မဟာဒေဝီနှင့် သမိန်မရူးတို့အား ပြက်ရယ်မူပြု၍ သီဆိုကြသည့် သီချင်းများမှာ–

ပထမသီချင်း "မိုဟ်ဗြဲဗျူဂွဲတြုဗ္ဘဲ၊
အကာ်လညာတ်လေဟွဲသွန်သွဟ်၊
တ့်တကဲန့ေဝိုပ်ဆတ်ဂွိုင်ရ၊
ဟွဲပလေဝ်ကာယဏီ"

၁။ မြန်မာမူတွင် အသက်ရှည်လည်း ဘုန်းမကြီး၊ ဘုန်းကြီးလည်း အသက်မရှည် ဟုဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com

မြန်မာပြန် "မိန်းမအို လင်ပျိုရတော့၊
ကိုယ်ကာယကိုလည်း မပြုပြင်၊
လူသူမြင်မကောင်းအောင်၊
ခါးလယ်မှာ ရင်သားတွေက တွဲလဲ"

ဒုတိယသီချင်း "ဒိုင်မွေ့ဗယု၊
ကမှဲတူဆု (တူဆုသလင်)
ကျင်ဗြုဓဝံ (ဒံတိုန်ကမှဲ)
ဝိုန်ဗျူလဗြ၊ ဟွံဖေက်ဂွအ်၊
ဗွဲကြဲအမူ၊
ကာမေသုမာ
ဟွံဗစာရဏာ၊
လအာမတ်စု၊
သမ္ဘာဥးဂွ ၊
နာဲဓုကွတ်ဟောင်၊
ပြေင်ဇကုဏ္ဍ"

မြန်မာမူသော်ကား–

"ဗျိုင်း[၁]မအိုလျက်၊
သစ်ပင်ထက်သို့တက်၍ဥကာ၊
တအာအာနှင့် ကျူးရင့်ကြွေးကြော်သည်
မိန်းမအိုလျက်၊ ကြောက်ရွံက်မရှု၊
ကာမေသုနှင့်၊ နောင်ရေးအမူ၊
မစ္ဆာတရားကို မစဉ်းစားမဆင်ခြင်၊
သူ့လင်ခိုးလျက်၊
ကိုယ်နှင့်နှောယှက်သည့် အရိုးတော်ကြီး"

၁။ မြန်မာမူများတွင် ဒေါင်းဟူ၍ ရေးခဲ့သည်။ မွန်ဘာသာ ဒိုင်–မှာဗျိုင်း၊ ဥဗျိုင်းဟု အနက်ရှိသည်။ ဒေါင်းကို မွန်ဘာသာဖြင့်–မြာ်–ဟုရေးသည်။ မြန်မာမူများတွင် သီချင်းသားလည်း မစုံလင်ဘဲ တစ်ပိုင်းတစ်စသာ ပါရှိသည်။ (ဒေါင်းမအိုလျက် သစ်ပင်ထက်တက်၍ ဥသော၊ မိန်းမအိုလျက်၊ ကြောက်ရွံက်မရှု သူ့လင်လုသော)ဟုသာ ပါရှိသည်။ (ပါဠိ–မစ္ဆာ=မွန်–မတ်စု=သေခြင်း)

www.burmeseclassic.com

ယင်းသို့ မြို့သူမြို့သားများက သီချင်းဆိုသည်ကိုလည်းကောင်း၊ မဟာဒေဝီနှင့် သမိန်မရူးတို့ နှစ်ကိုယ့်တစ်စိတ်ဖြစ်၍ ကျော်စောနေသည်ကိုလည်းကောင်း၊ ဗညားနွဲ့ အားလုံးသိ၏။

အခါတစ်ပါး မဟာဒေဝီအိမ်တွင် ဗညားနွဲ့နှင့် သမိန်မရူးတို့ အနှံကစားကြသည်။ သမိန်မရူးသည် အနှံစာကို အငြိုးပြင်းထန်စွာ ရိုက်လိုက်ရာ အနှံပျဉ်ကိုခိုက်မိ၍ အနှံသီးများ အားလုံးလဲ၏။ သမိန်မရူးက အနှံသီးများပျက်အောင် ဒေါသနှင့်ရိုက်သဖြင့် ဗညားနွဲ့သည် စိတ်မျက်၍ အနှံမကစားတော့ဘဲနေ၏။

ထိုအခါ သမိန်မရူးက "အရှင့်သားတော်နှင့် ကျွန်ုပ်မှာ ကစားမှုဖြစ်၍ ပျော်ရွှင်ရန်အလို့ငှာ ယင်းသို့ပြုမိသည်။ အရှင့်သားတော် အမျက်မရှိပါနှင့်။ ကျွန်ုပ်၏ အကြံသော်ကား အရှင့်သား၏ ကျွန်ဟူ၍သာ နေ့တိုင်းပင် ရက်ရောကာ စိတ်ဒဏ်ရှိတော့သည်။ ဆင်ဖြူရှင်ကဲ့ကုန်၍ လွန်သောနေ့တွင် အရှင့်သားပင် မင်းဖြစ်တော်မူမည်။ ထိုအခါ မုတ္တမမြို့ကို အရှင့်သားထံမှ ကျွန်ုပ်ပန်စားမည် ကြံသည်။ ကျွန်ုပ်စကားကို မယုံသော် အရှင့်သားတော်၏ သစ္စာကိုခံပါမည်"ဟုဆို၏။

ဗညားနွဲ့လည်း "ယင်းသို့ ယောက်ဖတော်ဆိုလျှင် ယောက်ဖနှင့် ငါသစ္စာပြုသောက်ကြရန်သွားမည်"ဟုဆိုပြီး နှစ်ယောက်သား ဝေါထမ်းစင်စီး၍ သမိန်မရူးအိမ်သို့ သွားကြလေ၏။

ရောက်လျှင် ယစ်ရွှေရည်ကို သောက်ကြ၏။ မိုးချုပ်လျှင် လက်ဝါးသွေးကို ဖောက်ကြ၍ အရက်နှင့်ရောကြ၏။

သမိန်မရူး၏ သွေးပေါက်နှင့် အရက်ဖျော်သည်ကို အဓိဋ္ဌာန်ပြု၍ ဗညားနွဲ့သောက်၏။ ဗညားနွဲ့၏ သွေးပေါက်နှင့် အရက်ဖျော်သည်ကို မသောက်မီ သမိန်မရူးသည် မာယာပြုကာ အိုက်သည်ဆို၍ ယပ်ခတ်စေလျှင် ဆီမီးငြိမ်းလေ၏။

ထိုအခါ တလမေသီရိက ရွှေခွက်ဖြင့် ထုံးနှန်းရည် ဖျော်ထားသည်ကို ကမ်းပေးစဉ် မင်းသား၏ သွေးနှင့်ဖျော်ထားသော အရက်ကိုသွန်ပစ်သည်။

မီးထွန်းပြီးသော် ထုံးနှန်းရည်ကိုသာ သမိန်မရူးသောက်၏။ ထိုအခြင်းအရာကို ဗညားနွဲ့၏ နောက်လိုက် အဒေါကုန်းမြင်သဖြင့် စကားဖြင့် မဆိုသာ၍ မင်းသား၏ ခြေဖဝါးကိုကုတ်၏။

ဗညားနွဲ့လည်း ယောက်ဖတော်နှင့် အစ်မတော် တလမေသီရိ၏ အမူအရာ အဟန်အဖန်မကောင်းသည်နှင့် အဒေါကုန်းကလည်း ခြေဖဝါး ကုတ်သည်ကို အကြောင်းပြု၍ ဆက်လက်မသောက်တော့ဘဲ ပြန်မှသင့်တော့မည်ဟုကြံ၍–

"ငါတို့စကားစမြည်ဆို၍ သောက်ကြသည်မှာလည်း ညဉ့်နက်လှပြီ။ ငါပြန်လှော့မည်" ဟုဆိုကာ ထပြန်လေ၏။

အိမ်သို့ရောက်လျှင် "ငါ့ခြေဖဝါးကို ပစောကြောင့် ကုတ်သနည်း"ဟု အဒေါကုန်းကို မေး၏။

www.burmeseclassic.com

www.burmeseclassic.com

အဒေါကုန်းက "အရှင့်ယောက်ဖတော်၏ အပြုအမူမသင့်။ ယောက်ဖတော်၏ သွေးနှင့် အရက်ကို အရှင်သောက်ပြီး။ အရှင့်သွေးနှင့် အရက်ဖျော်ထားသည်ကို မီးငြိမ်းစဉ်က သွန်ပစ်သည်။ ထုံးနန္ဒင်းဖျော်ရည်ကို အရှင့်အစ်မတော် တလမေသီရိက ရွှေခွက်ဖြင့်ကမ်းပေးသည်ကိုသာ မီးလင်းသောအခါသောက်သည်။ ဤအပြုအမူကို အရှင့်သားတော် မမြင်သဖြင့် ယစ်ဝအောင် သောက်မည်စိုး၍ ခြေဖဝါးတော်ကို ကုတ်ရပါသည်" ဟု ဆို၏။

ဗညားနွဲ့နှင့် အဒေါကုန်းတို့၏ အပြန်အလှန်မေးမြန်းဖြေဆိုကြသည့် စကားများကို ကြားရသော် တလမေဒေါက–

"သည်စကားမျိုးကို နှမတော် ကြားသိခဲ့သည်မှာကြာလှပြီ။ တူနှင့်အရီးတော် အကြား ကုန်းချောသကဲ့သို့ ဖြစ်မည်စိုး၍ မဆိုဘဲနေခဲ့သည်"ဟု ဝင်ပြောရာ "ပသို့ ရှင်မ ကြားရသနည်း"ဟု ဗညားနွဲ့မေးလေ၏။

"မောင့်အရီးတော်မှာ အိုကြီးအိုမ လင်ပျိုလို၍ မောင်နှင့် ဖေါင်မုန်တို့ကိုသတ်ပြီး ထီးဖြူကို မရူးအားပေးမည်ကြံသည်ဟူသော စကားကို သူတို့ပြောဖန်များပြီ။ နားနှင့် မဆံ့အောင် ကြားခဲ့ရသည်"ဟု ဆိုလေ၏။

ထိုစကားကို ဗညားနွဲ့ကြားလျှင် အမျက်ထွက်၏။

"ငါ့အစ်မ တလမေသီရိ ဒုက္ခရောက်ပါစေ။ သမိန်မရူးကို ငါလက်ဖြင့် ခုတ်သတ်ရလို၏"ဟု အဓိဋ္ဌာန်ပြု၏။

မိုးသောက်လျှင် အထိန်းတော် မွေ့အဲလော (မျော်အဲလ)ကို ခေါ်စေ၏။ ရောက်လျှင် "ပဇာကိစ္စကြောင့် အရှင်ခေါ်ပါသနည်း"ဟု လျှောက်၏။

"အမိပေါင်ပေါ်တွင် မအိပ်စက်ရသည်မှာ ကြာမြင့်လှပြီ။ အမိကို သတိရ၍ ခေါ်ပါသည်"ဟုဆိုပြီး မွေ့အဲလော၏ ပေါင်ထက်တွင် အဝတ်ခင်း၍အိပ်၏။ မွေ့အဲလော၏ ပေါင် ကိုခေါင်းအုံး၍ ဗညားနွဲ့သည် အတန်ကြာ အိပ်ပျော်သွား၏။ မွေ့အဲလောလည်း မင်းသား၏ မျက်နှာတော်ကိုရှုလျက် အမိမဲ့သားဖြစ်၍ ငယ်စဉ်ကပင် သားရင်းပမာ ပြုစုကျွေးမွေးခဲ့ပုံများကို တွေးမိ၏။ သားရင်းကဲ့သို့ပင် မေတ္တာဓာတ်သက်ရောက်နေ၏။

မင်းသား၏အသက်ကို သူတို့ကြံစည်နေကြသည်ကို ကြားခဲ့ရပုံများကို စဉ်းစားမိပြီး မင်းသားကို သနားသဖြင့် မျက်ရည်ပေါက်များ ကျလာတော့သည်။ မျက်ရည်ပေါက်များသည် ဗညားနွဲ့၏ ရင်ဘတ်ပေါ်သို့ကျ၍ အသာအယာ သုတ်လိုက်သဖြင့် ဗညားနွဲ့လည်း လန့်နိုးလေ၏။

"ပဇာကြောင့် ငါ့အမယ် ငိုသနည်း"ဟု ဗညားနွဲ့ မေးလေ၏။

---

* မြန်မာမူများတွင် ရင်ခွင်ဟုဆိုသည်။ (မွန်မူတွင် ပေါင်ကို ခေါင်းအုံး၍ အိပ်သည်ကို ဆို၏။ နို့စို့ကလေးသာလျှင် ရင်ခွင်၌ အိပ်ရာသည်)

www.burmeseclassic.com

www.burmeseclassic.com

"အရှင့်သားကို ငယ်စဉ်ကပင် အမယ် ပြုစုကျွေးမွေးခဲ့သည်။ ကြီးပြင်းသောအခါ ဘုန်းကျက်သရေ စည်းစိမ်တို့နှင့် ချမ်းသာစွာရှိသည်ကို အမယ် ရှုမြင်လိုသည်။ ယခုတော့ အရှင့်သားကို အရိုးတော်ကြီးက မသင့်ရာကို ကြံစည်နေသည်ဟု ကြားရသည်။ အမယ်၏ မျှော်မှန်းချက် မပြည့်စုံမည်ကို စိုးရိမ်မိသည်။ ဝမ်းနည်းစိတ်ပျက်၍ ငိုပါသည်" ဟု ဆို၏။

"အမယ်ကြားသလို သားတော်လည်း ကြားရပါသည်"ဟု ဗညားနွဲ့ဆို၏။

"အို–အရှင့်သား။ ဤစကားကို မပေါက်ကြားစေနှင့်။ အကြံအစည် တစ်ခုကို မြဲမြံပါစေ၊ မပေါ့မလျော့ပါနှင့်၊ သတိတရား အမြဲထားပါ။ အကြံအောင်ဖို့ ကြိုးစား အားထုတ်ပါလော့"ဟု မွေ့အဲလောက ဗညားနွဲ့အား သတိပေးစကားမှာကြား၏။

ဗညားနွဲ့လည်း မွေ့အဲလောအား သုံးစွဲရန် ငွေလုံလောက်စွာပေးပြီး ရှိခိုး၏။ ထို့နောက် မွေ့အဲလောသည် ဗညားနွဲ့၏ အိမ်မှသက်၍ ပြန်လေ၏။

ထို့နောက် များမကြာမီတစ်နေ့တွင် ကျိုက်ပတိုင်[1](ကျောက်ဖွာင်)သို့ ဘုရားဖူးရန် ထိုရွာမှ လက်ဆောင်ပဏ္ဏာများ ရယူရန်ကိစ္စ အတူသွားလည်ကြရန် သမိန်မရူးက ဗညားနွဲ့အား ခေါ်၏။

"ငါ့ကိုယ် မအီမသာဖြစ်သဖြင့် ယောက်ဖသာ သွားနှင့်ပါ။ နောင်မှ ငါလိုက်တော့မည်"ဟု ဗညားနွဲ့ဆို၏။

နောင် ဆယ့်ငါးရက်ခန့်ရှိလျှင် အင်းဂလိန့်[2](အင်ဂလိင်)တွင် ရေကစားရန် ဗညားနွဲ့အား သမိန်မရူးခေါ်ပြန်၏။

"ငါနာစေးသည်၊ ငါ့ကိုယ်မအီမသာဖြစ်နေသည်။ ယောက်ဖ တစ်ကိုယ်တည်း သွားချေတော့။ အင်းဂလိန့်မှ ကြာရင်းကြာစွယ် ကြာရိုးစသော ဟင်းသီးဟင်းရွက်များနှင့် သားငါးများကို ငါ့အတွက်ရော အရိုးတော်အတွက်ပါ များများသာ ယူခဲ့ပါ"ဟု ဗညားနွဲ့ မှာလိုက်၏။

ထိုသို့ သမိန်မရူးက နှစ်ကြိမ်မျှခေါ်သည်ကို တလမေဒေါ ကြားလျှင် "မောင်တော်ကို မရူးချစ်၍ ခေါ်သည်မဟုတ်။ အခွင့်သာလျှင် ဘေးပြုမည်ခေါ်သည် မဟုတ်လော"ဟု ဆို၏။

ဗညားနွဲ့ကလည်း "နှမတော် ပြောသမျှ စကားအားလုံးသည် ပြောရန်လိုသည့် စကားမဟုတ်ပြီ။ သူချစ်သည်ကိုလည်းကောင်း၊ သူမုန်းသည်ကိုလည်းကောင်း၊ အားလုံး မောင်တော်သိသည်"ဟု ဗညားနွဲ့ဆို၏။

၁။ ဘုရားဖြူ။

၂။ အင်းလျား၊ အင်းရှည်ဟု အနက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com

နောင်သော် "အင်းဂလိန်တောမှာ ဒရယ်[၁]ပေါသည်။ အရှင့်သားတော် လိုက်နိုင်မည်လော" ဟု သမိန်မရူးက ဗညားနွဲ့အား မေးပြန်၏။

"ငါ့မှာ ဆင်စီးစရာမရှိ။ ယောက်ဖတော်၏ အတပုလဲ (အတင်္ဂဲ)ဆင်ကို တားရမ်းပါက ငါသွားမည်" ဟု ဗညားနွဲ့ဆို၏။

နောက်တစ်နေ့ မိုးသောက်လျှင် အတပုလဲဆင်ကို ဗညားနွဲ့ထံ ပို့လာစေ၏။ ဆင်မကိုရ၍ ဗညားနွဲ့သွားမည်ပြုလျှင် တလမေဒေါက "မောင်တော်ကို ပြစ်မှားရအောင် ဘေးပြုရအောင် သူခေါ်သည်ကိုသိလျက်နှင့် ပသို့သွားမည်ဆိုသနည်း" ဟု မေး၏။

"ငါ့ကို သင်းခေါ်ဖန်များပြီ။ ငါလိုက်မည်ဟု မဆိုချေသော် သင်းအကြံကို ငါသိလေပြီဟု သင်းမှတ်လိမ့်မည်။ ငါ့အကြံအစည်တွေလည်း မပြီးမြောက်ချေသေး။ သူ့စိတ်ကို သက်သာစေရန် သူစိတ်ကျေရန် သူ့စိတ်ကိုဖြေဖို့ ငါသွားခြင်းဖြစ်သည်။ သင်းအကြံကိုလည်း ငါမသိ၍ သင်းနှင့် ရောနှောကစားမြဲ ကစားသည်ဟု သင်းမှတ်လေမှ ငါတို့ကြေစည်သာမည်။ ထို့ကြောင့် ငါသွားမည်ဟု ဆိုလိုက်ခြင်းဖြစ်သည်။ သို့သော် ငါသွား၍ ခရီးလယ်သို့ရောက်လတ်သော် နှမတော်အပြင်းဖျားသည်ဟု အဒေါကုန်းအား စေလွှတ်၍ ငါ့ကို ပြန်ခေါ်ချေ"

ဟု ဗညားနွဲ့ဆိုပြီး ကျေးကျွန်များနှင့် ဆင်မကိုစီး၍ ထွက်လေ၏။

ပိုင်နင် (ပါင်ဏင်)သို့ ရောက်သောအခါ အသဂွန်းဒရောင် (အသဂန္ဓရံင်) ဆင်အား ရေချနှင့်သည်ကို ဗညားနွဲ့မြင်လျှင် ဆင်ကဲ မပေးသော်လည်း အနိုင်ယူစီးမည်ဟု ဆို၍လာ၏။ ဆင်ဦးစီးလည်း "ဆင်ကဲသမိန်အဲဖဒါ (သို့ငင်အဲဗွာ)ကို ကြောက်ရွံ့၍ မပေးဝံ့"ဟုဆို၏။

ဗညားနွဲ့က "ဟယ်–ဆင်ကဲ သမိန်အဲဖဒါ။ အသဂွန်းဒရောင်ဆင်ကို ငါ့အား ယနေ့ပေးပါ"ဟု နှုတ်ကဆို၍ ဆင်မနှင့် အသဂွန်းဒရောင်ဆင်တို့ ယှဉ်မိလျှင် ခုန်ကူး၍ စီးလေ၏။

သမိန်မရူးသည် အသဂွန်းဒရောင်ဆင်ကို စီးမည်လာသော်လည်း ဗညားနွဲ့စီးနှင့်လေသောကြောင့် မစီးရတော့ပေ။ မိမိ၏ဆင်ကိုသာ စီး၍သွားရလေ၏။

ယင်းသို့ သွားကြရာဝယ် ဗညားနွဲ့မှာခဲ့သည့်အတိုင်း ခရီးထက်ဝက်သို့ရောက်လတ်သော် အဒေါကုန်း ပြေးလာသည်။

"အရှင့်နှမတော် အပြင်းဖျားသည်။ ပြန်တော်မူပါ"ဟု ဟစ်၍ လျှောက်သည်။ ဗညားနွဲ့လည်း အဒေါကုန်းလျှောက်သည့် စကားကိုကြားလျှင် "တလမေဒေါ အပြင်းဖျားသဖြင့် ငါပြန်လှည့်ရမည်။ ယောက်ဖတော်သာ ဒရယ်ကစားသွားချေတော့။ သမင် ဒရယ်သားရခဲ့လျှင် ငါ့ကိုလည်း ဝေစားပါ"ဟု နှုတ်ကဆို၍ ဆင်ဦးကိုလှည့်ပြီး ပြန်လေ၏။

၁။ မြန်မာမူတွင် သမင်ဟုဆိုသည်။ မွန်ဘာသာတွင် သမင်ကို ဒရယ်ဟုရေး၏။

www.burmeseclassic.com

ထိုနေ့ည မိုးချုပ်မှ သမိန်မလူး ပြန်ရောက်၏။ ရခဲ့သော သမင်၊ဒရယ်သားများကို ဗညားနွဲ့ထံ ပို့ဆက်စေ၏။ "သခင်မ တလမေဒေါ ပသို့ရှိတုံအံ့နည်း။ မကျန်းမာလှသော်ကား အစ်မတော်[1] တလမေသီရိနှင့် ယောက်ဖတော်တို့ လာကြည့်ကြမည်" ဟု မေးလာစေ၏။

ဗညားနွဲ့က "ယောက်ဖတော်ကို ဆိုပါလေ၊ မလာနှင့်တော့၊ သခင်မ နတ်ဝင်၍ ဖျားခြင်းဖြစ်သည်။ ယခု သက်သာသွားပါပြီ"ဟု မှာလိုက်၏။

ထိုအခါမှစပြီး သမိန်မလူးနှင့် မဟာဒေဝီတို့သည် စိတ်သဘော ညီညွတ်၍ တစ်စိတ်တစ်ဝမ်းတည်းဖြစ်ကြောင်းကို လူသိသူသိများလာသဖြင့် ယခင်က ဗညားနွဲ့အိမ်သို့ ဝင်ထွက်နေကြသော ပညာရှိများသည် အရေးအခြားများ ဆိုချင်ပါလျက် မဟာဒေဝီနှင့် သမိန်သလူးတို့အား ရွံ့ကြောက်ပြီး ဗညားနွဲ့ထံ မလာဝံ့ကြတော့ပေ။

မြို့ရိုးကျူးနှင့် ဥသဂုတ် (ဥုတ်သွုတ်) ဘုရားအကြားတွင် သူကောင်းသားများ မကြာမကြာ ဂလီခတ်ကြလေ့ရှိသည်။ မွန်းလွဲပိုင်း တစ်နေ့တွင် ဂလီခတ်ရာသို့ ဗညားနွဲ့သည် ဆင်မစီး၍ ထွက်ကြည့်သည်။ ပျော်ရွှင်ရန်အလို့ငှာ ထွက်ကြည့်ခြင်း မဟုတ်ပေ။ ထိုနေ့ည‌နေစောင်းတွင် အခြားပညာရှိတို့ မသိရှိအောင် ရာဇာပရောဟိတ်ဖြစ်သူ မင်းခွဲတနန် (မဟ်ခြိတဏာင်)[2] က ဗညားနွဲ့အား သွန်သင်ညွှန်ပြ၍ ထွက်ကြည့်စေခြင်းဖြစ်သည်။

သူကောင်းသားတို့ ဂလီရိုက်နေကြစဉ် ဗညားနွဲ့သည် အနောက်ဘက်သို့ လှည့်ကြည့်လတ်သော် သူများထက် အဝတ်အစား ထူးခြားသော လူတစ်ယောက်သည် ဘုရားခြေတော်ရင်းတွင် ပေါင်းမြက် နတ်နေသည်ကိုမြင်၍ ချဉ်းကပ်လေ၏။

"ဤအရပ်သို့ မကြာခဏ ငါရောက်ခဲ့သည်။ သင့်ကို ယခင်က မမြင်ဖူးပေ။ အဘယ်အရပ်တွင် သီတင်းသုံးပါသနည်း"ဟု ဗညားနွဲ့မေးလေ၏။

"အရှင်မင်းသား သိလိုလျှင် ပြောရပါမည်။ တောအစွန်အဖျားရှိ နိဂြောဓရုက္ခသည် ငါ၏ သီတင်းသုံးရာ ဌာနဖြစ်သည်။ တစ်နည်းဆိုသော် ဆင်ဖြူရှင်၏ သားတော်နှင့် စကားဆိုလို၍ ဤနေရာသို့ ငါလာခြင်းဖြစ်သည်"ဟုဆိုလျှင် ဗညားနွဲ့က

"နောင်ကို ကျွန်ုပ် ပသို့ဖြစ်မည်နည်း"ဟု မေး၏။

၁။ မြန်မာမူများတွင် နှမတော်ဟု ဆို၏။
၂။ မြန်မာမူတွင် မင်းခွဲတနန်ဟူ၍ မပါရှိ။

www.burmeseclassic.com

www.burmeseclassic.com

"မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်က၊ ဒဂုန်အရပ်သို့ ကြွရောက်လာသည်ကို ဒဂုန်မင်းက ဖူးမြင်ရသဖြင့် ကြည်ညိုသဒ္ဓါပွားများပြီး အကျဉ်းသား[၁] များကို လွှတ်ခဲ့ဖူးသည်။ ဤမှ အနောက်အရပ် နဂါး[၂] သိလစောင့်သောဌာနတွင် အသင်မင်းသားသည် ကလျာဏမိတ်ဆွေကောင်း တစ်ပါးကို တွေ့ရမည်။ သူသည် ဂေါပါလ နွားကျောင်းသားတစ်ကြိမ် ဖြစ်ခဲ့ပြီး ရဟန်းနှစ်ကြိမ် ဖြစ်ခဲ့ဖူးသည့် ပုဂ္ဂိုလ်ထူးတစ်ယောက်ဖြစ်သည်။ ထိုပုဂ္ဂိုလ်ထူးသည် ဗလာရအရပ်တွင် ထူးသော စကားသုံးခွန်းကို ပြောမည်။ ထိုစကားများကို အသင်မင်းသား ဖြေဆိုနိုင်လျှင် ရာမညတိုင်းမွန်ပိုင်းသုံးရပ်ကို အုပ်စိုးရသည့် ဧကရာဇ်မင်း ဖြစ်ရမည်မချွတ်"ဟု ဆိုပြီး ကွယ်ပျောက်သွားလေ၏။

ထိုပုဂ္ဂိုလ်၏ ခြေရာများ လူပ်ရှားသည့် နေရာတွင် မြေမှုန့်တထောင်းထောင်း ထသည်ကိုသာ မြင်ရလျှင် ဗညားနွဲ့မှာ တုန်တက်ပြီး ကြက်သီးထလေ၏။ ယင်းသော အခါအချိတော် မသောက် (မသိုက်) တစ်ယောက်သာ အပါးတွင်ရှိသည်။

ထိုသို့ ဗညားနွဲ့ဖြစ်သည်ကို မြင်ကြသော ဂလိရိုက်သူများသည် ဗညားနွဲ့၏ အဖော်များအား ပြောပြကြ၏။ အဖော်များ ရောက်လာကြပြီး ဗညားနွဲ့ကို ဆင်ထက်တင်ပြီး အိမ်သို့ ခေါ်ဆောင်သွားလေ၏။ အိမ်သို့ရောက်လျှင် အဖြစ်အပျက်များကို အဖော်များက မေးသဖြင့် ပြောပြပြီး ဗညားနွဲ့သည် အချိတော် မသောက်နှင့် ဆွေးနွေးတိုင်ပင်၏။

မိုးသောက်လျှင် ဘုရားဆွမ်းတော်များနှင့် ဗလိနတ်စာများကို အမြောက်အမြား လှူဒါန်း၏။ "ဘုရားခြေတော်ရင်းတွင် ငါ့ကို စကားဆိုသောသူသည် ကေန္တ နတ်ဖြစ်မည်"ဟု ဗညားနွဲ့ဆို၏။

"ဒဂုန်မင်း အကျဉ်းသား လွှတ်သောဌာနသည် အဘယ်ဌာနဖြစ်သနည်း"ဟု ဗညားနွဲ့မေး၏။ "ဗလာရ အရပ်တည်း"ဟု မသောက်ဖြေ၏။ "ထိုအရပ်ကို မင်းသိလျှင် မင်းသွားချေ။ ရဟန်းနွယ်ဖြစ်သောသူ ပြောမည့်ထူးသော စကားကိုလည်း မှတ်ခဲ့ပါ"ဟု မသောက်ကို ဗညားနွဲ့ဆိုသဖြင့် ထိုနေ့တွင်ပင် ဒဂုန်သို့ မသောက်စုန်ဆင်းကာ မုဒရေ (မုဟ်ဓရေ)ရွာတွင် ရပ်နား၏။

ထိုမှ ဆက်လက်သွားသော် ဗလာရမွေ့နွန်း (ဗလာရမျှောနန်) ရွာသို့ ရောက်လေ၏။ ပဲခူးမှ တစ်ညအိပ်ကြာ၏။ မသောက်လည်း ဈေးတွင် ကြာမြင့်စွာ နားနေပြန်၏။

၁။ မြန်မာမူတွင် သုတမန္တံကို လွှတ်သည်ဟု ဆို၏။

၂။ နဂဲဗြ=သခင်မဟူ၍ မူကွဲရှိသည်။ နဂ်ဗြ = နဂါး=မ။

www.burmeseclassic.com

www.burmeseclassic.com

ထိုအခါ ရွာသူကြီး တလင်္ဂာဂယန်ထဒေါင် (တလင်္ဂာဂယာင်ထို့ဂျင်)နှင့် ဒဗိုး အနိုင် (ဒပုံအနဲ)တို့ ကြက်တိုက်နေကြ၏။ ထိုနေရာသို့ ဆရာတော် မဟာသာမိ၏ တပည့် သာမဏေ ဗုဒ္ဓညာဏ ရောက်လာ၏။

ရှင်သာမဏေကိုမြင်လျှင် "အဘယ်သို့ သွားမည်နည်း" ဟု တလင်္ဂာဂယန် မေး၏။ "ငါ့ဆရာစေ၍ ကျောင်း ဒကာနာသည်ကို သွားကြည့်မည်" ဟု ရှင်သာမဏေဆို၏။

"ကျွန်ုပ်တို့နှင့် ကျောင်း ဒကာမှာ ချစ်ခင်သောမိတ်ဆွေ ဖြစ်ကြသည်။ ယခု ကျွန်ုပ်တို့ အလောင်းအစား ကြီးစွာဖြင့် ကြက်တိုက်ကြသည်မှာ ကြာဦးမည်ဖြစ်၍ ကျောင်း ဒကာနာသည်ကို သွားမကြည့်နိုင်သေးပါ။ မောင်ရှင်ကြည့်ပြီး ပြန်လာလျှင် ကျောင်း ဒကာ၏ ရောဂါသည်းသည် ညံ့သည်ဟူသော အခြေအနေကို ကျွန်ုပ်တို့ အားလည်း သိပါရစေ" ဟု တလင်္ဂာနှင့် ဒဗိုးတို့ဆိုကြ၏။

ရှင်သာမဏေလည်း ရွာသို့ရောက်ပြီး ပြန်ထွက်လာသော် "ကျောင်း ဒကာ အနာပသို့ ရှိသနည်း" ဟု တလင်္ဂာဂယန်နှင့် ဒဗိုးအနိုင်တို့ မေးကြ၏။

မောင်ရှင်က "ကျောင်း ဒကာ နာသည်မှာ ရာဟုဟူ၍လည်း ရာဟုမဟုတ်။ ရှစ်အက္ခရာဟူ၍လည်း ရှစ်အက္ခရာမဟုတ်။ နောက်တစ်နည်းကား ကျွဲထွန် ယောက်ျားသည် ကန်သင်းထောင့်ရောက်လျှင် လှင်းကန်ကို လှည့်မောင်းဘိသကဲ့သို့ ဆီးကင်းကို ရေးချသည်နှင့်တူ၏" ဟု ရှင်သာမဏေဆို၏။

ရှင်သာမဏေ၏ စကားကို ကြက်တိုက်သူများကြားလျှင် "ကိုရင်စကားမှာ စကားကပ် စကားဆန်းဖြစ်သည်၊ ငါတို့နားမလည်သာ။ စကားမှာ ရှုပ်ထွေးလှသည်။ ဤစကားမျိုးကို မည်သူမျှ မပြောကြ" ဟုဆိုကြ၏။

ထိုအခါ တလင်္ဂာဂယန်က– "ငါသည် ဆရာတော်မဟာသာမိထံ မကြာမကြာ အပူးအမြော်ရောက်ဖူးသည်။ ဤသာမဏေ ဗုဒ္ဓညာဏကို ဆရာတော် အလွန်ချီးမွမ်းသည်။ မောင်ရှင်သည် ဂုဏ်ကျေးဇူးပညာကြီးလှ၏။ ဟူးရား ဂဏန်း။ ဗေဒင်သုံးပုံ။ ကျမ်းပေါင်းစုံတတ်မြောက်သည့် ပဂ္ဂိုလ်ဖြစ်သည်။ သူ့စကားကို သင်တို့နားမလည်၍ ရှုပ်ထွေးသည်ဟု သင်တို့ထင်သည်။ မောင်ရှင်၏ စကားသည် အဓိပ္ပာယ်ရှိသည်။ ကသောက်ကရောက်ဆိုသည်ဟု သင်တို့မမှတ်နှင့်" ဟု ကြက်တိုက် သူများကိုဆို၏။

မသောက်လည်း မောင်ရှင်၏ စကားကိုကြား၍ စဉ်းစား၏။ "ဗလာရုံအရပ်တွင် ရဟန်းနွယ်တစ်ပါး၊ ထူးသောစကားကိုဆိုမည်ဟု ဗညားနွဲ့ငါ့ကို ပြော၏။ ဤမောင်ရှင် ပင်ဖြစ်မည်" ဟု ဆို၍ မောင်ရှင်၏ စကားကိုမှတ်သားပြီး ပဲခူးသို့ပြန်လေ၏။

www.burmeseclassic.com

ရောက်လျှင် ဗညားနွဲ့ကို ပြောပြ၏။ ထိုစကားကို ဗညားနွဲ့ကြားရပြီးလျှင် ရွှေမော်ဓောဘုရား[၁]သို့ သွား၍ ရှိခိုးဝတ်ပြုကာ "ငါသည် မင်းဧကရာဇ် ဖြစ်ရမည်မှန်လျှင် ရှင်သာမဏေ၏စကားကို ဖြေဆိုနိုင်ပါစေသတည်း"ဟု အဓိဋ္ဌာန်ပြု၏။

ထို့နောက် ရှင်သာမဏေ၏ စကားကိုဖြေဆို၏– "ရာဟုလည်းမဟုတ် - ရှစ်အက္ခရာလည်းမဟုတ်ဆိုလျှင် အတ်အက္ခရာဖြစ်မည်။ ကျွဲထွန်တို့သဘောသည် လယ်ထွန်ရာတွင် ဖြောင့်ဖြောင့်နှင်သော် 'တွပ်'(တပ်)ဟုဆိုသည်။ ကန်သင်းထောင့်ရောက်သော် ထွန်ကို လှည့်ရန် 'ဧဝ်'ဟုဆိုသည်။ ထိုကြောင့် 'ဧဝ်'ဖြစ်သည်။ ထိုနောက် ဆီးကင်းကို ရေးချဆိုသည်မှာ ဆီးသီးအကင်းနှင့်တူသော 'ဝ'အက္ခရာကိုရေးချလျှင် 'ဝါ'ဖြစ်သည်။ အက္ခရာသုံးလုံးပေါင်းသော် 'အဇ္ဈေဝါ'ဖြစ်သည်"ဟု ဖြေဆိုလေ၏။

ထိုစကားအဓိပ္ပာယ်အရ- "ကျောင်း ဒကာ အနာမည်သို့ရှိသနည်း"ဟု မေးကြလျှင် "ကျောင်း ဒကာ အနာသည် ယနေ့ကိုမလွန်ပြီ။ ယနေ့ပင်သေပြီ"ဟု ဗညားနွဲ့ဖြေဆို၏။ "ငါဖြေဆိုသည့်အတိုင်း မှန်မမှန်။ ကျောင်း ဒကာ သေသည်မသေသည်ကို သွားကြည့်ချေ"ဟု မသောက်ကို ဗညားနွဲ့စေပြန်၏။

မသောက်လည်း ဗလာရရွာသို့သွားကြည့်၏။ ပြန်လာသော် ကျောင်း ဒကာ အမှန်သေကြောင်းကို ပြောပြ၏။ ဗညားနွဲ့လည်း မိမိဖြေဆိုချက် မှန်ကန်သဖြင့် အလွန်ဝမ်းသာလေ၏။

နောင်သော် သာမဏေဗုဒ္ဓဉာဏ၏ အစ်ကိုဖြစ်သူသည် ရွာသူကြီးတလန္ဓာငေါရောက် (တလန္ဓာင့်ရုံက်)ထံမှ ကြေးပိသာ– ၇၀ – ယူထား၍ မယား၏စကားကို လိုက်နာ၍ ထွက်ပြေးလေ၏။ တလန္ဓာငေါရောက်လည်း တာဝန်ခံသူ သာမဏေဗုဒ္ဓဉာဏ၏ မိခင်မုဆိုးမကိုဖမ်းထားလေ၏။

ထိုသတင်းကို ရှင်သာမဏေကြားလျှင် "ငါတစ်ယောက်လုံးရှိသည်။ ငါ့အမိကို သူဖမ်းစေရိုးလား"ဟုဆို၍ ဆရာတော်ကို လျှောက်ထား၏။ ဆရာတော်က "သည်နှစ်သစ်သီးဝလံမသီး၍ ငါ့မှာလည်း ကူညီရန် ကြေးမရှိ။ ကိုရင်ကို ငါ့အပါးမှ မခွာစေလိုပါ။ သို့သော် ကိုရင်၏အမိ ဒုက္ခမှလွတ်ရန် မည်သို့ပြုရမည်ကို ကိုရင်အသိဆုံးဖြစ်သည်။ ငါမည်သို့မျှ ပြောရန်မရှိ။ ကိုရင်မှာ ဗိန္ဓောဟူးရာ ဗေဒင်ကျမ်းကို စုံတတ်ကျွမ်းထားသည်ဖြစ်၍ ကိုရင် စိတ်သဘောအတိုင်း ဆုံးဖြတ်ပါလော့။ ကိုရင် သည် ကျေးဇူးရှင်အမိကိုယ်စား တလန္ဓာထံ အစေခံ၍ အမိကျေးဇူးဆပ်မည်ဆိုသည်မှာ သင့်လှ၏"ဟု ဆရာတော်မိန့်ဆို၏။

၁။ မြန်မာမှုတွင် ရတနာသုံးပါးကို ရှိခိုးပူဇော်သည်ဟု ဆိုလိုသည်။

www.burmeseclassic.com

ကိုရင်လည်း ဆရာတော်အား ရှိခိုး၍ လူထွက်ပြီး အမိကိုယ်စား တလန္ဓာငေါရောက်ထံ အစေခံသဖြင့် မိခင်ဖြစ်သူမှာ နေရပ်ဖြစ်သော ဝါဂမောရွာသို့ ပြန်ခွင့်ရလေ၏။

သာမဏေဗုဒ္ဓညာဏသည် လူထွက်ပြီးလျှင် မင်းကန်စီ(မင်ကါန်စီ)ဟုတွင်လေ၏။ မင်းကန်စီသည် တလန္ဓာငေါရောက် (တ္တလင်္ဂါရုဏ်)ထံ အစေခံလျှင် နွားကျောင်းရလေ၏။ မင်းကန်စီသည် ပညာတတ်ဖြစ်သဖြင့် နွားကျောင်းသားများကို ကြီးမှူးရသူဖြစ်၏။

များမကြာမီ ဗညားနွဲ့သည် မသောက်ကို ဒဂုန်ဘက်သို့ စေလွှတ်ပြန်၏။ ယခင်ကကဲ့သို့ မသောက်ကိုမှာ၏။ မသောက်လည်း ဗလာရရွာသို့ရောက်လျှင် ခေတ္တနားနေ၏။ ထိုနောက် မင်းကန်စီနေသည့် ရွာသို့သွား၏။ ညောင်ပင်အောက်တွင် ကလေးများ စကားပြောဆိုနေကြသည်ကိုကြားလျှင် နားထောင်နေ၏။

မင်းကန်စီကျောင်းသော နွားတစ်ကောင် ပျောက်သဖြင့် ညောင်ပင်ထက်တက်ပြီး ပျောက်သည့်နွားကိုကြည့်၏။ ညောင်ပင်ထက်မှ ဆင်းလာသော် တလန္ဓာငေါရောက်၏ သားက "ဟယ် မင်းကန်စီ၊ ပျောက်သည့်နွားကို မင်းကြည့်၍ မြင်သလော"ဟု မေး၏။ မင်းကန်စီက "ပျောက်သည့်နွားမှာ အနီးနေ၍ ငါမမြင် အဝေးနေမှ ငါမြင်သည်။ သစ်ပင်တက်စဉ်က ငါမမြင်၊ ဆင်းသည့်အခါမှ ငါမြင်သည်။ တက်သည့်လမ်းက ငါဆင်းမရ၊ တခြားလမ်းက ဆင်းခဲ့ရသည်"[၁]ဟု ဆို၏။

ကြားရသော ကလေးများက "မင်းကန်စီပသို့ဆိုသနည်း၊ ငါတို့နားမလည်သာ"ဟု အချင်းချင်းဆိုကြ၏။ မသောက်လည်း "ဤသူကား ဗလာရမှာ စကားထူးကို ပြောဖူးသည့်ကိုရင်ပင်ဖြစ်မည်။ သာမဏေမှ လူထွက်ပြီး နွားကျောင်းသားဖြစ်နေသူပါတကား" ဟုဆို၍ မင်းကန်စီ၏ စကားကို ကောင်းစွာမှတ်သားကာ ဗညားနွဲ့ထံ ပြန်လာလေ၏။

ပဲခူးသို့ရောက်လျှင် မင်းကန်စီစကားကို ဗညားနွဲ့အား ပြောကြားလေ၏။ ဗညားနွဲ့ကြားလျှင် စဉ်းစားဆင်ခြင်လေ၏။

"ပျောက်သည့်နွားသည် ချိုင့်တွင်းသို့ ဆင်းစားသဖြင့် အနီးနေ၍မမြင်၊ အဝေးနေမှ မြင်သည်။ တက်သည့်ကာလကမမြင်၊ ဆင်းသည့်အခါမှမြင်သည်၊ တက်သည့်လမ်းက ဆင်းမရ၊ တခြားလမ်းက ဆင်းခဲ့ရသည်ဆိုသည်မှာ ထိုသစ်ပင်တွင် မြွေတွင်းတစ်ခုရှိသည်။ တက်စဉ်က မမြင်သဖြင့် ကျော်တက်သွားသည်။ ဆင်းသည့် အခါ မြွေကိုမြင်သဖြင့် တခြားလမ်းက ဆင်းခဲ့ရသည်။ ထိုသစ်ပင်တွင် အကိုင်းနှစ်ကိုင်

၁။ မြန်မာပေမူ၌ မမြင်၍သာ ငါမြင်သည်၊ မြင်တပြီးကား ငါမမြင်ရ ဟု ပါရှိ၏။

www.burmeseclassic.com

www.burmeseclassic.com

ရှိသည်။ မြွေတွင်းမရှိသည့် အကိုင်းမှ ဆင်းခဲ့ရသဖြင့် တခြားလမ်းကဆင်းခဲ့ရသည်ဟု ဆိုခြင်းဖြစ်မည်"ဟုဆို၏။

ထိုသို့ဟုတ်မဟုတ် မသောက်အား သွားကြည့်စေရာ ဟုတ်မှန်နေကြောင်းကို သိရသဖြင့် မိမိဖြေဆိုသည့်အတိုင်းမှန်၍ ဗညားနွဲ့သည် လွန်စွာဝမ်းသာ၏။

တလဆွာငေါ်ရောက်ထံတွင် မင်းကန်စီ အစေခံနေရသဖြင့် မိခင်ဖြစ်သူ မုဆိုးမမှာ အိပ်မပျော်၊ စားမဝင်၊ ပူပင်သောကဖြစ်၍ စိတ်ဆင်းရဲနေရ၏။ မည်သူနှင့်မျှ တိုင်ပင်ဖော်မရှိ။ မင်းကန်စီ၏ ဦးဒွေးဖြစ်သော နိဗ္ဗာန်ခြံ ကျောင်းဆရာတော်ထံသွားကာ ကူညီရန် တောင်းပန်သဖြင့် ကြေးအချိန် ၇၀–ရခဲ့၏။

ထိုကြေးချိန် ၇၀–ကို တလဆွာငေါ်ရောက်ထံ သွားပေးလျှင် မင်းကန်စီလည်း အစေခံဘဝမှ လွတ်ခဲ့၍ လွတ်လပ်သူဖြစ်ရပြန်၏။ မင်းကန်စီလည်း ဦးဒွေးဖြစ်သူနိဗ္ဗာန်ခြံ ကျောင်းဆရာတော်ထံ၌ သင်္ကန်းဝတ်၍နေပြန်၏။

ထိုနောက် မသောက်ကို ဗညားနွဲ့စေလွှတ်ပြန်၏။ မသောက်လည်း တငိုက်ရွာ (ကွာန်တင်ဂိုက်) သို့ရောက်လျှင် အခြားသူများနှင့်အတူ ထိုကျောင်းတွင် နားနေလေ၏။ ဆရာတော် မဟာသာမိသည် သိမ်ဘုရားတွင် တံမြက်စည်းလှည်းနေစဉ် ရှင်သာမဏေဝင်လာသည်ကိုမြင်လျှင်–

"သင်းပိုင်တွင် မည်သည့်အရာကို ထုပ်ခဲ့သနည်း"ဟု မေးလေ၏။

ထိုအခါ မင်းကန်စီက "တပည့်တော်သည် မွန်စကား သျှဝ(သွ)နှင့် ကွန်(ကောန်) ဟူသော ဝေါဟာရ နှစ်လုံးကို မြန်မာလိုဆိုသည်ကို ပိုက်ခဲ့ပါသည်"ဟု ဆို၏။

ဆရာတော်ကြားလျှင် ပြုံး၏။ အခြားသူများက မောင်ရှင်သည် ဆရာတော်ကို မလေးမစား၊ မေးသည်ကိုမဆို၊ ပျက်ရယ်သည့်စကားကို ဆိုသည် ဟုဆို၍ မင်းကန်စီကို အပြစ်တင်ကြ၏။

မသောက်ကြားလျှင် ဆင်ခြင်လေ၏။ "ဤသူသည် ဗလာရက မောင်ရှင်ပါတကား၊ ယခုတစ်ဖန် နွားကျောင်းသားဘဝမှ ရှင်သာမဏေဖြစ်ပြန်ပြီ တကား"ဟုဆို၍ မင်းကန်စီ၏ စကားကိုမှတ်ပြီး ဗညားနွဲ့ထံ ပြန်လာလေ၏။ ဗညားနွဲ့ကြားလျှင် ဤသို့ဖြေဆို၏။

"မွန်စကား သျှဝ ကို မြန်မာက ဟင် ဟုခေါ်သည်။ မွန်စကား ကွန်ကို မြန်မာက သာ ဟုခေါ်သဖြင့် ဝေါဟာရနှစ်လုံးပေါင်းလျှင် ဟသ်ာ ဖြစ်သည်။ ရှင်သာမဏေ ခါးပိုက်တွင် ဟသ်ာဖြစ်သည်။ ငါဖြေသည့်အတိုင်း မုချမှန်ရမည်။ ယခင်က နတ်ခြင်း တစ်ပါး ငါ့ကိုပြောထားသည်။ ပုဂ္ဂိုလ်တစ်ပါး ထူးခြားသော စကားသုံးခွန်းကိုဆိုမည်။ ထိုစကားများကိုမှန်အောင် ဖြေဆိုနိုင်လျှင် ဧကန်အမှန်မင်းဖြစ်ရမည်။ ထိုပုဂ္ဂိုလ်သည် ငါ့အားနိမိတ်ကောင်း ပေးသောသူဖြစ်သည်။ သူ၏ အခြေအနေ မည်သို့ရှိသနည်း"ဟု မသောက်ကိုမေး၏။

www.burmeseclassic.com

"ရှင်သာမဏေသည် ဆင်းရဲညှဉ်းငယ်သည့် လက္ခဏာရှိသည်"ဟု မသောက် ဆို၏။

"ဤသို့ဖြစ်လျှင် မင်းတစ်ခေါက် ပြန်သွားချေ၊ ပက္ခန်း ပိတ်ကောင်းတစ်အုပ်ကို ယူသွား၍ နိဗ္ဗာန်ခြံကျောင်းဆရာတော် မဟာသာမိအား လက်ဆောင်အဖြစ် သွားဆက်ချေ။ ရှင်သာမဏေနှင့် ငါဆွေးနွေး တိုင်ပင်လိုကြောင်း လျှောက်ထားပါ။ အကယ်၍ ငွေကြေး လိုသေးလျှင် ငါ့အမိ မွေ့အဲလောထံမှာ ယူပါ။ ရှင်သာမဏေကို ရအောင်ခေါ်ခဲ့"ဟု ဗညားနွဲ့ဆို၏။

မွေ့အဲလောထံလည်း စာရေးလိုက်၏။ မသောက်လည်း ဗညားနွဲ့မှာသည့်အတိုင်း နိဗ္ဗာန်ခြံကျောင်းဆရာတော် မဟာသာမိထံသွား၍ လျှောက်ထားလေ၏။ ဆရာတော်က "မည်သည့်ကိစ္စရှိ၍ လက်ဆောင်များကို မင်းသားဗညားနွဲ့က ပေးခဲ့ပါသနည်း" ဟု မေး၏။

"ဆရာတော်၏ တပည့်ရင်း ရှင်ဗုဒ္ဓညာဏနှင့် မင်းသားဗညားနွဲ့သည် ဆွေးနွေး တိုင်ပင်လိုခြင်း ဖြစ်ပါသည်။ အကယ်၍ ဗုဒ္ဓညာဏအတွက် ပေးချေရန် ငွေကြေးများ လိုပါကလည်း ပေးခဲ့ရန် မှာပါသည်"ဟု မသောက် ဆို၏။

ထိုစကားကိုကြားရလျှင် ဆရာတော်က "ငါ့တူ ရှင်ဗုဒ္ဓညာဏအား မင်းသား ဗညားနွဲ့က တောင်းခံသည်ကိုပင် ငါအလွန်ဝမ်းသာလှသည်။ ငါသာ အသက် ၂၀-၃၀-အရွယ်သာဖြစ်မူ၊ လူထွက်၍ မင်းသားထံ ကျွန်ခံလိုသည်။ ယခု ငါ့အသက် ၄၇[1] နှစ်ရှိပြီ၊ ဖျတ်လတ်သည့်အရွယ် မဟုတ်တော့ပြီ။ အသက်ရှိသမျှ ဗုဒ္ဓသာသနာတော်ကို စောင့်ထိန်းပါမည်။ ငါပြုခဲ့သမျှ ကုသိုလ်များကို မင်းသားဗညားနွဲ့အား အမျှပေးပါသည်။ သာဓုအနုမောဒနာ ခံယူပါလော့။ ဤသာမဏေကား အခြားသူမဟုတ်။ ငါ့အစ်မကြီး၏ သားဖြစ်သည်။ သူသည် ဂုဏ်ကျေးဇူးနှင့် ပြည့်စုံပါပေသည်။ စာပေကျမ်းဂန် လွန်စွာ တတ်မြောက်သည်။ ဗဟုသုတ ပညာဉာဏ်ကြီးသည်။ စကြဝတေးမင်း၏ ပတ္တမြား ရတနာနှင့်တူသည်။ သာသနာ့ ဒါယကာ၏ သားတော် ဗညားနွဲ့နှင့် ထိုက်တန်ပါပေသည်"ဟု ဆို၏။ ထိုနောက် ဗုဒ္ဓညာဏကိုခေါ်ပြီး ဤသို့ဆို၏။

၁။ မြန်မာပေမူ၌ ၄၅ နှစ် ၂၅ ဝါ ဟုဆို၏။

www.burmeseclassic.com

www.burmeseclassic.com

"ယခု ဆင်ဖြူရှင်၏သားတော် ဗညားနွဲ့သည် မောင်ရှင်နှင့် ဆွေးနွေး တိုင်ပင်လိုကြောင်း အချီတော် မသောက်က ငါ့ထံ လာရောက်တောင်းဆိုနေသည်။ မသောက်နှင့်အတူ မောင်ရှင် လိုက်သွားလေ။ ဗညားနွဲ့ထံရောက်လျှင် မောင်ရှင် သင်ကြားတတ်မြောက်ထားသော ပညာများကို မင်းဇကရာဇ်နှင့် ထိုက်သင့်သမျှ သင်ကြားပေးလော့။ ဟောရာဒီဋ္ဌနက္ခတ်။ နေတွင်သာန်တြ။ နေတွင်တရော။ ဂူပကာသန။ ယောဂယာတြာ။ ကာမန္တကီ စသော ကျမ်းတို့၌ လာရှိသည်တို့ကို မောင်ရှင် တတ်သမျှ၊ အကျိုးကျေးဇူးရှိသည် ထင်သမျှ၊ သင်ကြားပေးလော့။ အထူးသဖြင့် ဥပါယ်လေးပါး။ အတတ်ပညာ ငါးပါး။ ဂုဏ်-၇-ပါး။ အကျင့်ခြောက်ပါးတို့ကို ဆင်ဖြူရှင်၏ သားတော်နှင့် သင့်လျော်သလောက်၊ ထိုက်တန်သမျှ သင်ကြားပေးလော့"

"ဥပါယ် လေးပါးကား (၁) သာမဥပါယ် (၂) ဒဏ္ဍဥပါယ် (၃) ဘေဒဥပါယ် (၄) ဒါန ဥပါယ်များဖြစ်သည်"

"အတတ်ပညာ ငါးပါးကား (၁) ဗိသုကာ အတတ်ပညာ (၂) ဓမ္မသတ်တရား စီရင်ထုံးအတတ်ပညာ (၃) နိမိတ်ဖတ်ခြင်း အတတ်ပညာ (၄) ရှေးစကားဟောင်း ပေါရာဏများ၊ မင်းစဉ်မင်းဆက် ပဝေဏီ ထုံးတမ်းစဉ်လာများကို သိနိုင်သည့် အတတ်ပညာ (၅) ဆင်မြင်းတို့၌ ကျွမ်းကျင်လိမ္မာခြင်း အတတ်ပညာများဖြစ်သည်"

"ဂုဏ် ၇-ပါးကား (၁) သစ္စာရှိသော အခြွေအရံ အသင်းအပင်းများဖြင့် ပြည့်စုံသည့်ဂုဏ် (၂) သူတစ်ပါးပစ္စည်းကို တပ်မက်ခြင်း မရှိသည့်ဂုဏ် (၃) အင်္ဂါရုပ်ကောင်း၍ မျက်နှာမြင်လျှင် ချစ်ခင်လေးစားစေသည့်ဂုဏ် (၄) စစ်တိုက်ရာ၌ ရဲစွမ်းသတ္တိရှိသည့်ဂုဏ် (၅) သီလသမာဓိရှိသည့်ဂုဏ် (၆) ကျန်းမာသန်စွမ်းသည့်ဂုဏ် (၇) အကျင့်စာရိတ္တကောင်း၍ အပြစ်ကင်းရှင်းသည့် ဂုဏ်များဖြစ်သည်"

"အကျင့်ခြောက်ပါးကား (၁) ဣန္ဒမင်းအကျင့် (၂) ဗြဟ္မာမင်းအကျင့် (၃) နေမင်းအကျင့် ၊ (၄) လမင်းအကျင့် (၅) ယာမာ မင်းအကျင့် (၆) သမုဒ္ဒရာအကျင့်များ ဖြစ်သည်"

"မောင်ရှင်သည် မင်းသားဗညားနွဲ့ထံ ခစားနေစဉ် အပြစ် ၄-ပါး။ ဂုဏ်-၇-ပါး။ တော်ဖြောင့်ခြင်း -၆-ပါး။ အကျင့်-၆-ပါး။ စဉ်းလဲခြင်း မာယာ-၃-ပါး။ လှည့်ဖြားခြင်း-၉-ပါး တို့ကို တော်သင့်သမျှ နှလုံးသွင်း၍ ပြုကျင့်လော့"

www.burmeseclassic.com

www.burmeseclassic.com

"အပြစ် လေးပါးကား (၁) အရက် သေရည်ကို မပြတ် သောက်စား မူးယစ်သည့်အပြစ် (၂) အရှင်သခင်ကို လိမ်လည်သည့် အပြစ် (၃) အပင်ပန်း မခံလိုဘဲ သုခစံလိုသည့်အပြစ် (၄) အိပ်ရာ မှ စောစောမနိုးသည့်အပြစ် (၄) ညီအစ်ကို မောင်နှမ ဆွေမျိုးများနှင့် မညီညွတ် မသင့်တင့်သည့် အပြစ်များဖြစ်သည်"

"ဂုဏ်-၇-ပါးကား (၁) ဆွေမျိုးဂုဏ် (၂) ရဲရင့်ခြင်းဂုဏ် (၃) ဗဟုသုတ အကြားအမြင် များသည့်ဂုဏ် (၄) ရုပ်အဆင်းလှပခြင်း ဂုဏ် (၅) မျက်နှာမြင်ချစ်ခင်စေသည့်ဂုဏ် (၆) ကျမ်းဂန်တတ်မြောက် သည့် ဂုဏ် (၇) ဝိရိယ ကောင်းခြင်းဂုဏ်များ ဖြစ်သည်"

"တော်ဖြောင့်ခြင်း ခြောက်ပါးကား - (၁) ကတညူ-သူ့ ကျေးဇူးကို သိတတ်ခြင်း။ (၂) ကတဝေဒီ-သူ၏ကျေးဇူးကို ဖော်ပြ ခြင်း။ (၃) ဒဠ္ဍသတ္တိ- စကားတည်မြဲခြင်း။ (၄) ဒုက္ခဿ သူ၏ ဆင်းရဲခြင်းကို ကိုယ်၏ ဆင်းရဲခြင်းဟု မှတ်ခြင်း။ (၅) ကလျာဏ မိတ္တော - အဆွေခင်ပွန်းကောင်း ဖွဲ့ခြင်း။ (၆) မိတ္တသံသဂ္ဂေါ- မိတ် ခင်ပွန်းနှင့် ပေါင်းဖက်ရာတွင် မပြစ်မှားခြင်းဟူ၍ ဖြစ်သည်"

"အကျင့် ခြောက်ပါးကား (၁) ခြသေ့အကျင့် (၂) ဥဗျိုင်း အကျင့် (၃) ကျီးအကျင့် (၄) ကြက်အကျင့် (၅) ခွေး အကျင့် (၆) နွားလားဥသဘအကျင့်များ ဖြစ်သည်"

"စဉ်းလဲခြင်း မာယာ သုံးပါးကား - (၁) ရန်သူ၏အသက်ကို ပျက်စီးစေသည့် စဉ်းလဲခြင်းမာယာ (၂) ရန်သူ၏စစ်ကို အောင်မြင် စေသည့် စဉ်းလဲခြင်းမာယာ (၃) ရန်သူဖြစ်သော သတ္တဝါအပေါင်းအား ပျက်စီးစေသည့် စဉ်းလဲခြင်း မာယာများ ဖြစ်သည်"

"လှည့်ဖြားခြင်း -၉-ပါးကား (၁) ဘေးဘယာရောက်သဖြင့် လှည့်ဖြားသည်။ (၂) ရန်သူ၏အသက်ကို သေစေအောင် လှည့်ဖြား သည်။ (၃) ဘေးဒုက္ခလွတ်စေရန် လှည့်ဖြားသည်။ (၄) ရန်သူများကို အောင်မြင်စေဖို့ လှည့်ဖြားသည်။ (၅) လျှို့ဝှက်ချက်ကို မပေါက်ကြား စေရန် လှည့်ဖြားသည်။ (၆) မိမိ၏ ဆင်းရဲဒုက္ခ အခက်အခဲအရလှည့်ဖြား သည်။ (၇) မယားကို မကြားသိစေလိုသည့် အချက်ကို လှည့်ဖြားသည်။ (၈) သူတစ်ပါးအား မသိစေလိုသည့် အချက်ကို လှည့်ဖြားသည်။ (၉) မိမိ မသိရသည်ကို လှည့်ဖြားသည်ဟူ၍ ဖြစ်သည်"

www.burmeseclassic.com

www.burmeseclassic.com

"အထက်ပါ ငါဆိုခဲ့သော စကားများကို မှတ်သား၍ သူ့ရှင်
ဆင်ဖြူရှင်၏ သားတော်နှင့် သင့်လျော်သမျှကို သင်ကြားပေးလော့။
မောင်ရှင်နှင့်သင့်လျော်သမျှကိုလည်း မောင်ရှင်ပြုကျင့် နလုံးသွင်းလေ"
ဟု ဆရာတော် မဟာသာမိက မောင်ရှင်ဗုဒ္ဓညာဏာအား မှာကြားလေ၏။

မောင်ရှင် ဗုဒ္ဓညာဏာလည်း ဉီးဒွေးဖြစ်သူ ဆရာတော်မဟာသာမိ၏ ဆုံးမ
သြဝါဒစကားများကို တစ်သဝေမတိမ်းမှတ်သား၍ ဆရာတော်၏ ခြေတော်ရင်းကို
ဝတ်ပြုကာ မသောက်နှင့်အတူ ပဲခူးသို့ လိုက်ပါသွားလေ၏။

ပဲခူးတွင်စောင့်နေသော မင်းသားဗညားနွဲ့သည် အချိတော်မသောက်အား စေလွှတ်၍
ဗုဒ္ဓညာဏာကို ခေါ်စေရာ၌ ဗုဒ္ဓညာဏာကို ရခဲ့မည်လော။ မရဘဲနေမည်လောဟူ၍
တွေးတောကာ ပူပင်သောကဖြစ်နေလေ၏။ ထိုနေ့သည် စနေနေ့ဖြစ်သည်။ ထိုနေ့ညတွင်
အိပ်မက်ယူ၍ အိပ်သည်။

မိုးသောက်ယံတွင် အိပ်မက်မြင်သည်မှာ – "ဗညားနွဲ့သည် ဆင်မတစ်စီးကိုစီး၍
မြို့လှည့်သည်။ ယင်းသို့လှည့်သွားရာတွင် မိန်းမတစ်ယောက်အား လဲကျမည့်ဆဲဆဲတွင်
ဗညားနွဲ့က မ ထားရသည်။ ထိုခဏတွင် လူတစ်ယောက်သည် ပတ္တမြားတစ်လုံးကို
ယူလာ၍ ဗညားနွဲ့၏လက်ဝါးပေါ်တွင် လာထည့်၏။ ဗညားနွဲ့လည်း ပတ္တမြားကို
ဆုပ်ထားရ၏"

ထိုနောက် လန့်နိုးပြီး မိုးသောက်လျှင် ခေါစာ တစ်ရာ့ရှစ်ခွက်ဖြင့် အိမ်ခေါင်မိုး
ပေါ်တွင် ဗလိနတ်စာကျွေး၏။ တဘောင်စနည်း နိမိတ်များကိုပြပါဟု သုပိန[1]နတ်ကို
တိုင်တည်လျက် ရှိခိုးပူဇော်၏။ နတ်များကို ရှိခိုးပြီးနောက် မိမိပညာဖြင့် ဆင်ခြင်၏။
အိပ်မက်၏အဓိပ္ပာယ်များကို ထင်လင်းစွာမြင်၏။

သို့သော် အိပ်မက်နိမိတ်ကို ဖတ်ကြားရန် ပညာရှိသောသူကို မဖိတ်ခေါ်ဘဲ
မိမိပညာဖြင့် ဖတ်ကြားပါက အကျိုးမများနိုင်၊ ခံစားရမည့်အကျိုးကျေးဇူးမှာလည်း
နှောင့်နှေးကြန့်ကြာတတ်သည်ဟု ဆိုရိုးရှိသည်ကို စဉ်းစားမိသဖြင့် ရဟန်းလူထွက်
ရာဇပရောဟိတ်ဖြစ်သူ မင်းခွဲတနုန် (မံခြုတနုင်)ကို ဖိတ်ခေါ်စေပြီး ပူဇော်သက္ကာယ
ပြုကာ အိပ်မက်နိမိတ်ကို ဖတ်ကြားစေ၏။

မင်းခွဲတနုန်လည်း ဗညားနွဲ့မအိပ်မီ စဉ်းစားပုံနှင့် အိပ်မက်မြင်ပုံများကို မေးမြန်းပြီး
ဖြေဆိုသည်မှာ–

၁။ ပါဠိ–သုပိန=အိပ်မက်။

www.burmeseclassic.com

www.burmeseclassic.com

"မိန်းမတစ်ယောက်ကို မ ထားရသည်ဟူသော "အပြုအမူ"သည် မွန်စကားတွင်-ပြဝ-ဟုခေါ်သည်။ ပြဝ-မှ-ပြဝေဏီဟူသော သက္ကတနှင့် ပရသုဝေ-ဟူသော ပါဠိဖြစ်နိုင်သည်။ ပရသုဝေ-ဟူသော ပါဠိမှာ သန်ဘက်ခါဟု အနက်ရှိသည်။ ဗညားနွဲ့.အလိုရှိသောသူသည် သန်ဘက်ခါတွင် ရောက်လိမ့်မည်။ ပတ္တမြားရသည့် နိမိတ်မှာလည်း ပတ္တမြားဟူသည် မွန်ဘာသာတွင် -မနိုက်-ဟု ခေါ်သည်။ စနေနဲ့ဖြစ်သည်။ ဟံသာဝတီလည်း စနေနဲ့ဖြစ်သည်။ အလိုရှိသောသူ ရောက်ပြီးနောက်၊ ဟံသာဝတီကို အသင်မင်းသား မင်းပြုရမည် မချွတ်တည်း"ဟု နိမိတ် ဖတ်လေ၏။

နိမိတ်ကို ကြားရလျှင် ဗညားနွဲ့သည် အလွန် ဝမ်းသာအား၏။ ရာဇာပရောဟိတ် မင်းခွဲတနုန်ကို ပိတ်ကောင်း တစ်အုပ်အပါအဝင် ဆုလာဘ်များစွာ ချီးမြှင့်၏။ ထိုနောက် ရာဇာပရောဟိတ်မင်းခွဲတနုန်လည်း ပြန်သွားလေ၏။

ထိုမှ သုံးရက်မြောက်တွင် နံနက် မိုးမသောက်မီ မသောက်နှင့် ဗုဒ္ဓဉာဏတို့သည် ပဲခူးသို့ ဆိုက်ရောက်လာကြ၏။ သူတို့အား ဗညားနွဲ့မြင်ရလျှင် ခြေပစ် လက်ပစ် ဝမ်းမြောက်ဝမ်းသာ၍ စိတ်ပျော်၏။ အိမ်တွင်းသို့ ခေါ်ဆောင်ပြီးလျှင် ဗုဒ္ဓဉာဏ၏ မျက်နှာ၊ ကိုယ်လက် အင်္ဂါများကိုကြည့်ကာ ကျက်သရေမင်္ဂလာရှိ၍ လူတော်လူကောင်း ပီသပါပေသည်ဟု စိတ်တွင်ဆို၏။

ဗုဒ္ဓဉာဏအား ဆွမ်းကျွေးပြီးလျှင် ပြဿနာ အတိမ်အနက်များကို စုံလင်စွာ ဆွေးနွေး၏။ မေးမြန်းသမျှ ဓမ္မဝတ်၊ ရာဇဝတ်များကို ဗုဒ္ဓဉာဏက အားလုံး ဖြေဆိုနိုင်သည်။ ဆွေးနွေးတိုင်ပင်ပြီးနောက် ညနေစောင်းတွင် ဗညားနွဲ့သုံးဆောင်ရန် ထမင်းပွဲယူလာကြ၏။ ထိုအခါ ဗုဒ္ဓဉာဏ၏ မျက်နှာကိုကြည့်၍ ဗညားနွဲ့ ရယ်မောလေ၏။ ဗုဒ္ဓဉာဏက ဗညားနွဲ့၏ ဆန္ဒကိုသိ၍ "မည်သည်ကိုလို၍ ရယ်မောပါသနည်း" ဟု ဗညားနွဲ့အား မေး၏။

"မောင်ရှင်ကို ကျွန်ုပ်တို့ကဲ့သို့ ဖြစ်စေလို၍ ရယ်မောမိကြောင်းပါ"ဟု ဗညားနွဲ့ဖြေ၏။ "မင်းသားထံပါးသို့ ရောက်နေပြီဖြစ်၍ ကျွန်ုပ်ကို မင်းသားဝိုင်ပါသည်။ မင်းသား အစီအရင်ကိုခံရန် အဆင်သင့်ဖြစ်ပါသည်"ဟု ဗုဒ္ဓဉာဏဆိုလျှင် "အဝတ်နှိုက်ပစ်၍ အဝတ်ဖြူကိုယူလော့"ဟု ဗညားနွဲ့ဆိုပြီး အဒေါကုန်းကိုခေါ်၍ ပက္ခန်းအဝတ် တစ်စုံယူစေ၏။

ဗုဒ္ဓဉာဏကို အဆောင်အနောက်ဘက်သို့ ခေါ်ထုတ်သွားစေကာ လူဝတ်လဲစေ၏။ ဗုဒ္ဓဉာဏသည် လူဝတ်လဲပြီးလျှင် အဆောင်ထက်တက်၍ ဗညားနွဲ့နှင့် မသောက်တို့အပါးတွင် ဝင်ထိုင်၏။ တလမေဒေါမြင်လျှင် ပြုံး၏။ "သခင်မက ကျွန်ုပ်ကို့နှစ်ယောက် မည်သို့တော်စပ်သည်ကိုသိ၍ ပြုံးပါသလော"ဟု မောင်ရှင်လူထွက်က မေး၏။ "ငါမသိပါ၊ မင်းဆိုမှ ငါသိမည်"ဟု တလမေဒေါဆို၏။

www.burmeseclassic.com

www.burmeseclassic.com

"ဤသူကား ကျွန်ုပ်၏ အချိုတော်လည်းဖြစ်၊ နောင်တော်ကြီးလည်းဖြစ်သည်၊ မင်းဒေဝနှင့် ဘောမွန် (ဘဝ်မည်)တို့၏ အထက်ဖြစ်သူ မင်းသောက် (မင်သိုက်) (၀၀) မသောက်ဖြစ်သည်။ ငယ်စဉ်က ဒုန်ဝန်းဌ စစ်ပြေးရာတွင် အချင်းချင်း ကွဲကွာခဲ့ရသည်"ဟု မောင်ရှင်လူထွက်ကဆို၏။

"ငယ်စဉ်က မင်းနာမည် ပသို့ခေါ်သနည်း"ဟု တလမေဒေါ မေး၏။ "မင်းကန်စီ (မင်ကါန်စီ)"ဟု ဖြေပြီးလျှင် ရွှေဖလားအချိန် ၂၀။ အဝတ်တစ်အုပ်[၁] တို့ကို မင်းကန်စီအား လက်ဖွဲ့၏။

ဗညားနွဲ့သည် ထမင်းစားပြီးလျှင် မင်းကန်စီနှင့် ဆက်လက် ဆွေးနွေး၏။ ယခင်က မသောက် မှတ်ခဲ့ပြီး ဗညားနွဲ့ဖြေဆိုထားသော စကားများကို မင်းကန်စီအား ပြန်မေး၏။ သုံးကြိမ်စလုံးပြောခဲ့သော မင်းကန်စီ၏ စကားများကို မသောက်မှတ်ခဲ့သည့် အတိုင်း ဗညားနွဲ့ဖြေဆိုခဲ့သည့် အဖြေများမှာ အားလုံး မှန်ကန်ကြောင်းကို တလမေဒေါ ကြားရလျှင် အလွန်ဝမ်းသာ၏။

ထို့နောက် မင်းကန်စီက "ယခင်က ကျွန်ုပ်သည် ဟင်္သာဥကို ခါးပိုက်တွင် ပိုက်ခဲ့ရသည်။ ယခု ဟင်္သာဥကို ပိုက်သောသူသည် အရှင်၏ကျွန် လာဖြစ်တော့သည်။ သို့ဖြစ်၍ ရွှေဟင်္သာမြို့ကို အုပ်စိုးသည့် အာဏာသည် မင်းသားဗညားနွဲ့၏ ခြေရင်းသို့ ဆိုက်ရောက်ခြင်း မည်ပေသည်မဟုတ်လော"

ယင်းသို့ မင်းကန်စီပြောသည့် စကားကိုကြားလျှင် ဗညားနွဲ့နှင့် တလမေဒေါတို့ နှစ်ဦးစလုံး ပြုံးရိုင်တူရယ်မောကြသည်။ စိတ်ပျော်ရွှင်ကြသည်။ မင်းကန်စီကို ရသည့် နေ့မှစပြီး ဗညားနွဲ့သည် မင်းကန်စီနှင့် နေ့စဉ်မပြတ် အမှားအမှန်များကို ဆင်ခြင်စဉ်းစားခြင်း၊ ဆွေးနွေးတိုင်ပင်ခြင်း ပြုလေသည်။ မင်းကန်စီလည်း တတ်ထားသည့် ပညာများကို ဗညားနွဲ့အား တစေ့စေ့သင်ပေးသည်။

သို့နှင့် နေလာခဲ့ရာ များမကြာမီ ဆင်ဖြူရှင် ဗညားဦး၏ ပါးစပ်အနာမှာ သည်းလာသည်။ ညီလာခံသို့လည်း မထွက်နိုင်ရှိတော့သည်။ တစ်နေ့တွင် မဟာဒေဝီက "သူကောင်းဖြစ်လိုသည်ဟုလည်း ဆိုသည်။ ဆူးငြောင့်နှင့် အကာအရံများကို မသုတ်သင်မရှင်းလင်းတတ်လျှင် သူကောင်းဖြစ်နိုင်မည်လော"ဟု သမိန်မရူးကိုပြော၏။ ထိုစကားကို ဘောင်မုန် (ဘဝ်ငါမုင်)ကြားလျှင် ဗညားနွဲ့ထံ ဆင်း၍ပြောပြလေ၏။

နောင်သော် ဆင်ဖြူရှင်လည်း ညီလာခံသို့ မထွက်နိုင်သည်မှာ ကြာလှပြီဖြစ်သဖြင့် ကိစ္စပြုလုပ်ရန်အတွက် မဏ္ဍပ်ကနားကြီး ဆောက်လုပ်ရန် အမတ်ကြီး သမိန်ဇိပ်ဗြဲ (သမိင်ဇိပ်ဗြဲ)အား အမိန့်ပေးလေ၏။ နတ်ပွဲသဘင်ကို တစ်နေ့နှင့် တစ်ညမျှကြာအောင် ကကြရမည်ဖြစ်သည်။

၁။ မြန်မာပေမူ– ရွှေဖလား – ၅–။ ပိတ်တစ်အုပ်ဟု ဆို၏။

www.burmeseclassic.com

www.burmeseclassic.com

နတ်ကနားပွဲသို့ တက်ရောက်ကြသူများမှာ အစ်မတော် မဟာဒေဝီ၊ သမီးတော် တလမေသီရိ၊ တလမေဒေါ၊ မင်းသား၊ မင်းသမီး၊ သမက်တော်၊ ဆွေတော်၊ မျိုးတော် အမတ်၊ သေနာပတိ၊ စစ်ဗိုလ်ကြီးငယ်များ၊ ကတော်စိုးမင်းများ ဖြစ်လေသည်။

နတ်ပွဲကသည့် ညကာလရောက်လျှင် သမိန်ဇိပ်ဗြိုက ကြေညာချက်တစ်ရပ် ထုတ်ပြန်လေသည်။

> "ဆင်ဖြူရှင်က ကျွန်ုပ်အား တာဝန်ပေးချက်အရ ဤနတ်ပွဲသဘင်ကို ကျင်းပခြင်း ဖြစ်သည်။ ဤနတ်ပွဲသဘင်သို့ ဆင်ဖြူရှင်၏ သားတော်၊ သမက်တော်၊ သမီးတော်၊ အစ်မတော်၊ အမတ်၊ သေနာပတိ၊ စစ်ဗိုလ်ကြီးငယ်များ၊ ကတော်စိုးမင်းများ၊ စုံညီစွာ တက်ရောက် ကြသည်ဖြစ်၍ ညမှောင်သည့်အခါ သောက်စား မူးယစ်ခြင်း၊ အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်း၊ စည်းကမ်း မရှိသေခြင်း စသည်တို့ကို မည်သူမျှမပြုလုပ်ကြပါနှင့်။ ဤနတ်ပွဲသဘင်ကြီး အောင်မြင်ရန် ကိစ္စမှာ ဆင်ဖြူရှင်က အဘိုးကြီးဖြစ်သူ ကျွန်ုပ် တစ်ဦးတည်းကိုသာ တာဝန်ပေးထားခြင်းဖြစ်သည်။ သို့ဖြစ်ပါ၍ အနှောင့်အယှက်များ ပေါ်ပေါက်ပါက ဖယ်ရှားပစ်နိုင်ရန် မဏ္ဍပ်ကနားပတ်လည်တို့၌ ကျွန်ုပ်၏ ကျွန်များကို လက်နက် စုံညီစွာဖြင့် အစောင့်အရှောက် ချထားပါသည်။ နတ်ပွဲသဘင်ကို အောင်မြင်သည်အထိ ကကြစေလိုပါကြောင်း" ဟူ၍ ဖြစ်လေသည်။

ယင်းသို့ သမိန်ဇိပ်ဗြိုး၏ ကျွန်များ လက်နက်ဖြင့်စောင့်ရှောက်နေသော်လည်း သမိန်မရူး၏ ကျွန်-၃-ယောက်တို့သည် မားရှည်ကိုင်ဆောင်ကာ ညဥ့်နက်ချိန်ကျလျှင် မဏ္ဍပ်ကနားအနီးရှိ ဝင်းခြံတံခါးတွင် လာရောက်ပုန်းကွယ်နေကြသည်။ ၎င်းတို့သည် ဗညားနွဲ့ကိုသတ်ရန် စောင့်နေခြင်းဖြစ်သည်။

၎င်းတို့ကို သမိန်ဇိပ်ဗြိုး၏ ကျွန်များမြင်လျှင် သမိန်ဇိပ်ဗြိုကို တင်လျှောက်ကြသည်။ သမိန်ဇိပ်ဗြိုက "သူတို့၏ မားရှည်တွေကို သိမ်းယူပြီး လူကိုဖမ်းချုပ်ထားလိုက်ပါ" ဟု အမိန့်ပေးသဖြင့် အမိန့်အတိုင်းပြုလုပ်ကြလေ၏။

ယင်းအချိန်တွင် နတ်ပွဲသဘင်မှာ မြိုင်မြိုင်ဆိုင်ဆိုင်ကလျက်ရှိသည်။ သမိန်ဇိပ်ဗြိုး၏ သမီးတော် မိခဒွန်မွတ် (မိခဘောင်မတ်)[၁] နှင့် မိဖျန်ဂြိုး (မိဖျန်ဂြိုဟ်)[၂] မည်သော ညီအစ်မနှစ်ယောက် ဝင်ကကြသည်။ ၎င်းတို့ကသည်ကို ဗညားနွဲ့မြင်လျှင် ထ၍ လင်းကွင်းတီးသည်။ ထို့နောက် ထဘီ ၂ထည်။ ရင်လွှမ်းတန်ဆာ ၂-ခု။ လက်စွပ်၂-ကွင်း။ ၎င်းတို့ကို ဗညားနွဲ့ဆုပေးသည်။

၁။ မျက်ရှုမယ်။ မယ်မျက်လုံး။ မယ်စက္ခု။

၂။ အသည်းဆိုင်မယ်။ မယ်သည်းပွတ်ဟု အနက်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com

ထိုအခြင်းအရာကို သမိန်ဇိပ်ဗြိုမြင်လျှင် မိမိ၏သမီးတော်များကို ဗညားနွဲ့စိတ်ဝင်စားသည်။ ကြိုက်နှစ်သက်သည်ဟု နှလုံးသွင်း၍ အလွန်ဝမ်းသာ၏။ ယင်းသို့နတ်ပွဲကိုဆင်နွှဲကြစဉ် မင်းအပေါင်းတို့မှာ ယစ်ရွှေရည်ကိုမျော်ရွှင်စွာ သောက်စားကြသည်။ အတော်အတန်မူးယစ်ကြလေသော် မဟာဒေဝီနှင့် သမိန်မရူးတို့အချင်းချင်း မျက်စိမျက်နှာပေးကြ၏။

ထိုအပြုအမူကို တလမေသီရိမြင်လျှင် မျက်စိမျက်နှာမသာမယာ ဖြစ်ရသည်။ တလမေသီရိ မျက်နှာမလှသည်ကို တလမေဒေါ်၊ ဆွေတော်မျိုးတော်များ၊ အမတ်သေနာပတိများ အားလုံးမြင်ကြသည်။

ယင်းသို့ နတ်ကစဉ် ယစ်ရွှေရည်ကိုသောက်စားကြရာ သမက်တော် သမိန်မရူးက ညောင်းညာသည်ဆို၍ ခြေဆန့်သည်။ ဗညားနွဲ့အား ခိုက်မိသည်။ ဗညားနွဲ့က မည်သို့မျှမဆို။ ဖအေကွဲနောင်တော်ဖြစ်သူ မညိုက်ကောင်း (မညိုက်ဂါက်)မြင်လျှင်–

"ဤအပြုအမူကို ဗညားနွဲ့သာ သည်းခံပေသည်။ ငါဖြစ်ပါက သည်းခံနိုင်ရိုးလား" ဟုဆို၏။ ထိုအခါ ဗရုတ်ဗရက်ဖြစ်လာ၏။

မဟာဒေဝီက သမိန်မရူးဘက်ဝင်စား၍ မညိုက်ကောင်းကို များစွာဖိပြောသည်။ "ကသုတ်ကရုတ် ဗရုတ်ဗရက်ဖြစ်အောင် နင်ပဲပြောသည်"ဟု မညိုက်ကောင်းအား မဟာဒေဝီကအပြစ်ပြောစဉ် သမိန်ဇိပ်ဗြိုကဝင်၍ဆို၏။

"အရှင်၏ သမက်တော်နှင့် တူတော်တို့– ကျွန်ုပ်ပွဲကိုလာပြီး အငြင်းအခုံဖြစ်ကြသည်မှာ အဘိုးကြီးဖြစ်သူ ကျွန်ုပ်အဖို့ မည်သို့မျှဆိုရန် မထိုက်တန်ပါပေ။ သမက်တော်နှင့် တူတော်တို့သည် ဤသို့စကားများရသည်မှာ ကျွန်ုပ်အပြစ်သာဖြစ်ပါသည်။ မောင်တို့နှစ်ဦးစလုံးကို ကျွန်ုပ်တောင်းပန်ပါသည်။ တော်ကြပါ"ဟု ဆိုလျှင် မဟာဒေဝီ ထပြန်လေ၏။

သမိန်မရူးလည်း ထပြန်လေ၏။ သူတို့ ထပြန်သည်ကိုမြင်လျှင် ဗညားနွဲ့လည်း ထပြန်မည်ပြုရာ သမိန်ဇိပ်ဗြိုက မပြန်စေဘဲဆွဲထားသည်။ အမတ်သေနာပတိများပြန်ကုန်မှ ဗညားနွဲ့ကို သမိန်ဇိပ်ဗြို တွဲထုတ်၏။ မဏ္ဍပ်ကနားအပြင်ဘက်ရောက်သော် သမိန်ဇိပ်ဗြိုက–

"သမိန်မရူးကျွန်များသည် ဓားရှည်ကိုင်ဆောင်လျက် ဤနေရာ၌လာရောက်ပုန်းကွယ်ကြသည်။ ကျွန်ုပ်ကျွန်တွေက သူတို့၏ ဓားရှည်များကို သိမ်းဆည်းပြီး လူကို ဖမ်းချုပ်ထားသည်။ ဤသို့ သူတို့က ကျွန်ုပ်တို့အား ပြုမူနေသည်ကို ဗညားနွဲ့စိတ်ဝင်ပသို့ထင်သနည်း။ ကျောက်တိုင်သဖွယ် ကျွန်ုပ်အဘိုးကြီးတစ်ယောက်လုံးရှိသည်ကိုပင် သူတို့မညာမတာ။ ယင်းသို့ ပြုမူထိုက်ပါသလား"ဟူ၍ သူတို့မစဉ်းစားကြ။ ကျွန်ုပ်သဘောတွင် ဗညားနွဲ့အား ရှောင်ဖယ်နေစေလိုသည်"ဟု ဆိုသည်ကိုကြားလျှင် ဗညားနွဲ့ဦးညိတ်၏။ ထိုနောက် လူသူစုံနေပြီဖြစ်၍ ဗညားနွဲ့လည်း အိမ်ပြန်လေ၏။

၁။ မြန်မာမူတွင် ထိုစကားမပါ။

www.burmeseclassic.com

နံနက်မိုးသောက်လျှင် မညိုက်ကောင်းသည် လက်ဆောင်ပဏ္ဏာများ ပြင်ဆင်ပြီး ဆင်ဖြူရှင်၏ ခြေတော်ရင်းသို့ဝင်၍ ကန်တော့လေ၏။ ဆင်ဖြူရှင်က "ပဇာအကြောင်းရှိ၍ ငါ့ခြေတော်ရင်းကို ဝင်ကန်တော့လေသနည်း" ဟုမေးလျှင် ကျွန်တော်မျိုး ဒလမြို့သို့ ဆင်းသွားတော့မည်" ဟုဖြေကာ ငိုယိုလေ၏။

"အဘယ်ကြောင့် ငိုယိုပါသနည်း" ဟုမေးလျှင် "ရွှေမော်ဆောတ်တော်သည် တန်ခိုးကြီး၍ ကျော်စောသည်။ ရှိခိုးလိုသည့် ဘုရားဓာတ်တော်ကို မရှိခိုးရ။ အရှင်မင်းကြီး မရှိသည့်တစ်နေ့တွင် ခရုကဏန်းကျစ်စာများကို ကျွန်တော်မျိုးအား သူတို့ရှိခိုးစေမည်။ ရှိခိုးလိုသည့် မွေတော်ကို မရှိခိုးရ။ ထို့ကြောင့် ငိုယိုရပါသည်" ဟု ဆိုသည်ကို သူ့ရှင်ကြားလျှင်-

"ငါ့စိတ်နလုံးကို ပူပင်အောင် မင်း မဆိုပါနှင့်။ မင်းတို့မောင်နှမသုံးယောက် အနက် မင်းကို သာလွန်၍ ငါချစ်သည်" ဟု ဗညားဦးမိန့်၏။ မညိုက်ကောင်းလည်း ဗညားဦးကို ဝတ်ပြုပြီးလျှင် ဒလမြို့သို့ ထွက်ခွာသွားလေ၏။

မညိုက်ကောင်းပြောသော စကားကို မဟာဒေဝီကြားရလျှင် စိတ်မကောင်းဖြစ်နေသည်။ သမိန်မရူးနှင့် တိုင်ပင်ဆွေးနွေးသည်။ သမိန်မရူးကိုယ်တိုင် ဗညားနွံ့ထံသွား၍ ကန်တော့စေလိုသော ဆန္ဒရှိကြောင်း မဟာဒေဝီဆို၏။

သမိန်မရူးလည်း "သင့်လျော်ကောင်းမွန်သည်" ဟုဆိုသဖြင့် မဟာဒေဝီ၊ သမိန်မရူးနှင့် တလမေသီရိတို့သုံးဦးသည် ၎င်းညနေစောင်းတွင် ဗညားနွံ့အိမ်သို့ သွားကြလေ၏။ ကန်တော့ရန် ရွှေဖလားခွက်တစ်ဆယ်၊ ပိတ်ကောင်း ၂-အုပ်၊ ရွှေတန်ဆောင်တိုင်ပန်းပေါက်ပေါက်တို့လည်း ယူဆောင်သွား၏။

ဗညားနွံ့လည်း သူတို့သုံးဦး လာသည်ကိုမြင်လျှင် သားငယ် ဘောလောကျန်းဒေါ (ဘဝ်လကေန်ဒ)ကိုချီကာ ကြိုနှင့်၏။ တလမေဒေါလည်း နောက်မှကြို၏။ ဆင်ကပ်အောက်သို့ရောက်လျှင် သားငယ်ကို တလမေဒေါအားပေး၍ ဗညားနွံ့သည် ပုဆစ်တုပ်လျက် မဟာဒေဝီကို လက်လှမ်းသည်။ မဟာဒေဝီသည် ရှေ့မှဝင်ကာ တလမေဒေါလက်မှ ကလေးငယ်ကို ချီယူသည်။ အိမ်တွင်းသို့ အားလုံးဝင်၍ ထိုင်မိကြသောအခါ ဗညားနွံ့အား မဟာဒေဝီဆို၏။

"ယခုငါလာသည်မှာ အခြားကိစ္စမဟုတ်ပါ။ ယမန်နေ့ညက မောင့်ယောက်ဖတော် သမိန်မရူးမှာ သောက်စားမူးယစ်သဖြင့် ခြေဆန့်ရာတွင် မောင့်ကိုထိပါးမိသည်။ အယစ်ပြေသော်မှ ပြစ်မှားမိကြောင်းကို သိရပြီး မောင့်ကို လာ ကန်တော့လိုသည်ဟု ငါ့ကို ပူဆာတောင်းပန်သဖြင့် မောင့်အစ်မ တလမေသီရိနှင့် ယောက်ဖတော် သမိန်မရူးတို့ကို ငါခေါ်လာခြင်းဖြစ်သည်" ဟုဆို၏။

ဗညားနွံ့က "သောက်စားမူးယစ်သဖြင့် ဖြစ်တတ်ခြင်းကို ကျွန်ုပ် အပြစ်မထားပါ။ ပူဇော်ကန်တော့ခံရန် ကျွန်ုပ်မလိုလားပါ။ ယောက်ဖတော် ယစ်သည့်အခါလည်းရှိမည်။ ကျွန်ုပ်ယစ်သည့်အခါလည်းရှိမည်။ ပူဇော်ကန်လျှောယ် ပစ္စည်းများကို

www.burmeseclassic.com

ကျွန်ုပ်စားရန် ထိုက်သင့်ပါသလော”ဟု ဗညားနွဲ့ဆိုလျှင် မဟာဒေဝိက “မောင်ကန်တော့ ခံပါသော်သာ မောင့်ယောက်ဖ နေသာမည်။ မောင်ကန်တော့မခံလျှင် မောင့်အမျက်မပြေ။ မောင်စိတ်မကျေဟု ယူဆ၍ မောင့်ယောက်ဖတော် အနေခက်လိမ့်မည်”ဟု ဆိုသဖြင့် ကန်တော့ဖွယ်ပစ္စည်းများကို ဗညားနွဲ့ လက်ခံယူလိုက်သည်။

မဟာဒေဝိလည်း “မောင်နှင့် မောင့်ယောက်ဖတော်တို့ စိတ်ကျေအေးကြသဖြင့် ငါဝမ်းသာ၍မဆုံးပါ”ဟုဆိုပြီး အာလာပသလ္လာပ စကားများ ပြောဆိုကြ၏။ မဟာဒေဝိလည်း ဘောလောကျန်းဒေါကို ပိုက်ချီကစားပြီးနောက် ပြန်လေ၏။ သမိန်မရွှေးနှင့် တလမေသီရိတို့လည်း လိုက်ပြန်ကြ၏။

ဗညားနွဲ့သည် မင်းကန်စီ၊ ဘောမွန်၊ မသောက်တို့နှင့် ဆွေးနွေးတိုင်ပင်၏။ “ဤပုဂ္ဂိုလ်သည် ဆိုးသွမ်းကြမ်းကြုတ်သော စိတ်ရှိသည်။ ယခု လူကောင်းယောင်ဆောင်နေသည်။ နောင်ငါတို့ နားမျက်စိပျက်အောင် ပြုလိမ့်မည်။ အခွင့်သာလျှင် ငါတို့အား ကြိုးလေးသော ဘေးအန္တရာယ်ပြုလိမ့်မည်”[၁] ဟုဆိုကြ၏။

ယင်းသို့ နေခဲ့ရာ တစ်နေ့တွင် သမိန်မရွှေးက (ဗရာ့ပါင်ဗဒဝ်)[၂] ဗရာပိုင်းဗဒေါတွင် တောကစားထွက်ရန် ဗညားနွဲ့အားခေါ်လေ၏။ “ငါနေမကောင်း၍ ယောက်ဖသာသွားပါ။ နောင်မှ ငါသွားမည်”ဟု ဗညားနွဲ့ဆို၏။

ထို့နောက် သမိန်ဖိပ်ဇြိက “ငါတို့အား သင်းခေါ်သည်မှာ မတူတရွှေ။ ရွှေပ်ယုက်ခတ်လှသည်။ အရီးတော် မဟာဒေဝိက သမိန်မရွှေးကို နှိုးဆော်၍ ဗညားနွဲ့ကို ပြစ်မှားမည်ကြံသည်။ တောကစားသွားခြင်းသည် အသွားပျော် အပြန်ပျော်မှ သွားသင့်သည်။ အပြစ်မကင်းသည့် သွားခြင်းကို ရှောင်ရှားရမည်။ အသင်မင်းသား အကြံအစည် မြဲမြံပါစေ”ဟု ဗညားနွဲ့ကို သတိပေးလေ၏။

တစ်ဖက်တွင် မဟာဒေဝိကလည်း “ငါတို့အပြုအမူ အကြံအစည်ကို သူတို့ရိပ်စားမိပြီဟု ငါထင်သည်။ ဒလစား မညီကံကောင်းလည်း စကားလိမ်တစ်ရပ်ပြောသွားသည်”[၃]ဟု သမိန်မရွှေးအား ပြောသည်။

မညီကံကောင်း[၄]လည်း ဒလသို့ရောက်ပြီးနောက် ဗညားနွဲ့ထံ သဝဏ်လွှာတစ်စောင်ပို့လာ၏။ “ဒဂုန်သို့သာ ဗညားနွဲ့ ခွာခဲ့ပါ။ ရှေ့ဆက်လုပ်ရန် ငါ့တာဝန်ထားပါ”ဟု ပါရှိသည်။ မညီကံကောင်း၏ အမှာစာကိုရပြီး ဗညားနွဲ့သည် မင်းကန်စီကိုခေါ်၍ တိုင်ပင်၏။

၁။ မြန်မာပေမူ၌ “ယခုကျွန်ုပ်တို့ ပရွက်တွင်းတွင် နေရသည်နှင့်အတူ၊ ခွင့်သာလျှင် ပြစ်မှားမည် မချွတ်”ဟူ၍ဆို၏။

၂။ ဆီး တောဝ ဟု အနက်ရှိသည်။ ဗရာ့ = တော။ ဗဒဝ်=ဆီး။ ပါင်=အဝ။

၃။ မြန်မာမူတွင်မပါ။

၄။ ဗညားနွဲ့၏ မအေတူ ဖအေကွဲ နောင်တော်။

www.burmeseclassic.com

www.burmeseclassic.com

"ငါတို့ပစ္စာအရပ်သို့ခွာသော် သင့်မည်နည်း။ မုတ္တမကူးလျှင် သင့်မည်လော။ ပုသိမ်သွားလျှင် သင့်မည်လော။ ဒဂုန်၌နေလျှင် သင့်မည်လော"ဟု မင်းကန်စီကို ဗညားနွဲ့ မေးဏ။

"ပဲခူးမြို့စောင့် နတ်များကို မေးဦးမည်။ ရှေးမင်းဧကရာဇ်တို့ စီရင်ထုံးရှိသည်" ဟု မင်းကန်စီဆို၏။ "ရှေးမင်း ဧကရာဇ်တို့၏ စီရင်ထုံးဆိုသည်မှာ မည်သို့နည်း"ဟု ဗညားနွဲ့မေးပြန်၏။

"ကြေးပြား တစ်ထွာပတ်လည်ကိုယူပြီး နံအက္ခရာ(အင်း)များ ချရမည်။ ဂြိုဟ် ၉-ပါးကို ပူဇော်ရမည်။ မြို့တံခါးတိုင်းတွင် ခေါင်ခွက်တစ်ရာ့ရှစ်ခွက်စီ ပူဇော်ရမည်။ နေအိမ်၌လည်း ထိုနည်းတူပူဇော်ရမည်။ မုန့်ပဲယိုစုံ၊ ကန်တော့ပွဲ၊ ပန်း၊ ဖယောင်း၊ အထုံအသင်း အမွှေးအကြိုင်များဖြင့် ပသ၍ ဗလိနတ်စာ ကျွေးရမည်။ ထို့နောက် မြို့တံခါးတိုင်းသို့သွား၍ တဘောင်စနည်း နာရမည်။ ငါတို့ပြောသည့် အရပ်သုံးပါးအနက် မည်သည့်အရပ်သို့ ခွာရမည်ကို နတ်တို့ညွှန်ပြသည့်အတိုင်း ငါတို့လိုက်နာသော် ငါတို့ကြံစည်ထားသမျှ မပြည့်စုံဘဲရှိပါဦးမည်လော"[၁]ဟု မင်းကန်စီဆိုလျှင် "ဤအကြံအစည် အတိုင်း ပြုလုပ်ရန်သင့်သည်"ဟု ဗညားနွဲ့ဆို၏။

မင်းကန်စီပြောသည့်အတိုင်း ပူဇော်သက္ကာရပြုဖွယ်ရာများကို အားလုံးပြုလုပ်ပြီးသောအခါ မိုးချုပ်၍ ကလေးအိပ်ချိန်ကျလျင် ဗညားနွဲ့၊ မင်းကန်စီနှင့် ဘောမွန်တို့ သုံးယောက်တို့သည် တဘောင်စနည်းနာရန် သွားကြလေ၏။

ရွှေမော်ဓော ဆံတော်ဓာတ်ဘုရားသို့ရောက်သော် ဗညားနွဲ့သည် ဤသို့ ဆုတောင်း၍ အဓိဋ္ဌာန်ပြု၏– "မုတ္တမ၊ ပုသိမ်၊ ဒဂုန်၊ ဟူသော ဌာနသုံးရပ်အနက် မည်သည့် ဌာနသို့ ကျွန်ုပ်သွားပါက မင်းဧကရာဇ်ဖြစ်မည်နည်း။ ဗုဒ္ဓဘုရားသာသနာတော်ကို ထွန်းလင်းတောက်ပရန် ဆောင်ရွက်နိုင်မည်နည်း။ နတ်ကောင်းနတ်မြတ်တို့က ကျွန်ုပ်အား ညွှန်ပြနိုင်စေသော်"

ဟုဆိုပြီး ဘုရားကိုရှိခိုးပြီးနောက် တဘောင်စနည်းနာရန် မောတရုတ် (မဟ်ကြုက်) တံခါးသို့ သုံးယောက်သားသွားကြလေ၏။

ထိုအခါ မိန်းမတစ်ယောက် ပုခက်လွှဲ၍ သားကျူး၏။ မွန်ဘာသာမှာ

"အု ံတလုဲဒးဗန်၊ ထာန်ဒွေပ်ကျာ်ပန်၊
ဂျမ္ဗုန်ပြဟ်၊ ဂ်ရောဝ်ဒှ်သွိင်"

၁။ မြန်မာပေမူတွင် "ဂြိုဟ်တစ်ရာ့ရှစ်ပါး၊ သမာဓိနတ်၊ မြို့တံခါးစောင့်နတ် တို့ကို ပူဇော်၍ မေးတော်မူ"ဟုသာ တွေ့သည်။

www.burmeseclassic.com

www.burmeseclassic.com

မြန်မာမူသော်- "ကြော် လေးဆူဓာတ်ပုံ၊
ရွှေတိဂုံဘုရားအနောက်၊
တစ်လဲလောက်ကြီးသည့်၊
သျှိသျှားဆီးဖြူပင်ရှိရာဌာနသို့၊
ရှင်မင်းသားအလျင်ခွာမှ မင်းဖြစ်ရမည်"[၁]

ယင်း ကလေးချော့သီချင်းကိုကြား၍လျှင် ဘောမွန်က "ပဇာအရပ်သည် လေးဆူသောဘုရားဓာတ်တော် ကိန်းဝပ်နေပါသနည်း။ ဘုရားလေးဆူတို့၏ ဓာတ်တော်များကို သိပါသလား" ဟု မင်းကန်စီကိုမေး၏။

"လေးဆူဓာတ်ပုံ ရွှေတိဂုံဘုရားတည်ရှိသည့်မြို့မှာ ဒဂုန်မြို့ဖြစ်သည်။ ကကုသန်ဘုရား၏ တောင်ဝှေး၊ ကောဏာဂုံဘုရား၏ ခင်းနှီးစမ္မခဏ်၊ ကဿပဘုရား၏ ရေစစ်တော်၊ ဂေါတမဘုရား၏ ဆံတော်များ ကိန်းဝပ်နေခြင်းဖြစ်သည်" ဟု မင်းကန်စီဖြေ၏။

ယင်းမောတရုတ်တံခါးမှ မော်မော (မှာ်တာ်)တံခါးသို့သွား၍ တဘောင်စနည်းနာကြပြန်၏။ မိန်းမတစ်ယောက် ပုခက်လွှဲ၍ သားကျူး၏။ မွန်ဘာသာမှာ

"အု ` တလု ` ခတိုက်၊ ၎ ` ၎ ` ဆိုက်ဆိုက်
လွှုဟ်တွာက်တိုက်၊ ရာန်ဥိုက်ကောန်စိင်
ကောန်စိင်စမြိင်လှာ၊ ဇိင်ဓာတ်ကေသာ
မအာစိုပ်ပြတ်၊ ရောင်ဂွဒဟ်သိုင်"

မြန်မာပြန်မှာ- "ကြော်-သျှိသျှားအခိုင်ကြီး၊ နီးနီးဝေးဝေး၊
ယခုခြေကျင်လျှောက်၍ နောက်ကိုဆင်ငယ်ဝယ်စီးမည်၊
ဆင်ငယ်စားသည့် အင်းနားမြက်နေစာ၊
ကေသာဆံဓာတ်၊ ဘုရားမြတ်ခြေရင်း၊
အမြန်သွားခြင်းဖြင့် မင်းဖြစ်ရမည် ရှင်မင်းသား"[၂]

၁။ မြန်မာပေမူတွင်- "ဩသျှိသျှားပင်ဖက်လောက်၊ ပင်မြင့်စောက် လေးယောက် သားကျူး၊ မွေရှင်ထားသည့်၊ ရပ်ရွှေပြည်သို့၊ အရှည် မနေသွားတို့လေသည် ရှင်မင်းသား" ဟု ပါရှိသည်။

၂။ "ဩဘိကွန်နီမတည်း၊ ခြေချည်း မသွာ ချင်၊ ဆင်ငယ်ဝယ်၍စီး၊ ဆင်ငယ်စားသည့် အင်းနားမြက်မြေစာ၊ ကေသာဆံဓာတ်၊ မွေမြတ်ခြေရင်း၊ ကပ်လေလျှင်း၊ မင်းဖြစ်မည်လည်း ရှင်မင်းသား" ဟု မြန်မာမူ၌လာ၏။

www.burmeseclassic.com

www.burmeseclassic.com

"ဤသီချင်းအလိုအရလည်း ဒဂုန်မြို့ကိုညွှန်ခြင်းဖြစ်သည်"ဟု မင်းကန်စီဆိုလေ၏။ ထိုမှတစ်ဖန် စာတလေး[၁] (စာတလေဟ်) တံခါးသို့သွား၍ နာပြန်၏။ မိန်းမတစ်ယောက် သားမြှောက်၍ သီဆိုသည်မှာ-

မွန်ဘာသာ- "တုသတုတု၊ သမုမသွင်ဂွ၊
အနုထာင်ပ်ဂ်၊ မွိဟိဒေဝတ်
မစ်ဇိုန်ကို၊ အဝ်မဂ္ဂ"

မြန်မာပြန်မှာ- "ပျူးပျူးပုံ့ပုံ့၊ ဖြူလွပန်းပွင့်ချပ်၊
လူနတ်နှစ်ပါး၊ ရှင်မင်းသားကို၊
အာဏာပြန်၍ ပေးအပ်လိမ့်မည်"[၂]

ဤသီချင်းကို မင်းကန်စီကြားလျှင် "အကယ်၍ ငါတို့ဒဂုန်မြို့သို့ရောက်လျှင် လူရောနတ်ပါ၊ ငါတို့ကိုအားထုတ်၍ ကူညီကြမည့်နိမိတ်ပါပဲ"ဟု ဆိုပြန်၏။ ယင်းမှတစ်ဖန် ဒင်္ဂေါဒုန် (ဒုဝေါ်ချုင်)တံခါးသို့သွား၍ နာပြန်၏။ မိန်းမတစ်ယောက် သားကိုမြှောက်၍ကျူး၏

မွန်ဘာသာ- "ဒိင်သဒိင်ဒိင်၊ ကောကောန်သိုင်ချုင်၊
ယူပန်ပျုင်၊ ချုင်ဂ့်စိုပ်ပြဟ်၊
ရောင်မဒဟ်သိုင်"

မြန်မာမူသော်- "ကြော်တွေးမနေနှင့် ငေးမနေနှင့်၊
နောင်တော်ပြည့်ရှင်မင်းသား
လေးပါးအမည်ဖြင့်ထင်ရှားသည့်
ထိုမြို့ရွှေပြည်သို့ အမြန်ရောက်ပါမှ မင်းဖြစ်ရမည်"[၃]

"မြို့အမည်လေးပါးကား အဘယ်နည်း"ဟု ဗညားနွဲ့မေးလျှင် မင်းကန်စီက "ဒဂုန်မြို့၏ အမည်လေးပါးမှာ ပေါက္ခရဝတီ၊ တြိဂုမ္ဗ၊ ရမ္မနာဂိရိ၊ အသိတဉ္ဇနာဂိရိဟူ၍ ဖြစ်သည်"ဟု မင်းကန်စီ ပြောပြလေ၏။

၁။ မြန်မာပေမူတွင်- ဒလေသွတ်တံခါးဟုဆို၏။

၂။ မြန်မာမူတွင်- ပျူးပျူးပျုပျု၊ ဖြူလွပန်းဝတ်ဆံ၊ လူနတ်နှစ်လို့၊ နှင်းလွှဲသည်၊ ငါတို့ရှင်သား၊ ရှင်မင်းသား"ဟူ၍ ပြန်ဆို၏။

၃။ မြန်မာမူတွင်- "ကြော်မွန်ပြည်မင်းသား၊ မင်းပျိုထွား၊ လေးပါးအမည်၊ မြို့ရွှေပြည်သို့ ငံ့ဆည်းမနေ၊ ယှဉ်လျင်းလေ ရှင်မင်းသား"ဟူ၍ပြ၏။

www.burmeseclassic.com

www.burmeseclassic.com

ယင်းနောက် မလွယ်တံခါး (မလေး)သို့သွား၍ နာပြန်ရာ မိန်းမတစ်ယောက်၏ သီဆိုသံကို ကြားရပြန်၏။

မွန်ဘာသာ – "ဗဂေါက္ခ်သိုဝါ၊ ဂလာန်ဒ့်က္ခာ၊
ကြုတ်ဏာပကေတ်၊ ကေတ်တဲ့ဒ့်ဝါတ်၊
ပြာသဝ်တွာ်လွှန်၊ ချုင်လွှာဝ်ပန်၊
နဲအာညန်ပြာ်၊ ဂ့်ရောင်ဒ့်သွိင်"

မြန်မာပြန်မှာ– "ရှေးယခင်နှစ်ယောက်စလုံး ညီညွတ်စဉ်က၊
ပြောဆိုခဲ့သော စကားများကို ကရဏာသက်၍ မယုံလေနှင့်၊
ယုံမိလျှင် အခက်ကြုံလိမ့်မည်။ လူနာအသက်ကယ်ရန် သမားတော်
အမြန်လျှောက်သလို၊
စမ်းချောင်းလေးသွယ်ရှိသည့် မြို့ရွှေပြည်သို့အမြန်သွားပါက၊မင်းဖြစ်
ရမည် ရှင်မင်းသား"

ဤသီချင်းကိုကြားရလျှင် "ဘာကိုဆိုလိုပါသနည်း"ဟု မင်းကန်စီကို ဗညားနွဲ့ မေးလေ၏။ မင်းကန်စီက– "ရှေးက စကားဆိုသည်မှာ ယခင်အခါက ဗညားနွဲ့ ငယ်စဉ်တုန်း အရီးတော်မဟာဒေဝီက ပြုစုပြုပြင် စီရင်ခဲ့သည်မဟုတ်လော။ သူပြုစုစီရင်ခဲ့စဉ်က ပြောဆိုခဲ့သော စကားများကို ကောင်းလည်းမယူနှင့်၊ မကောင်းလည်း မယူနှင့်၊ စမ်းချောင်းလေးသွယ်ရှိသောမြို့ဆိုသည်မှာ ဒဂုန်မြို့ဖြစ်သည်။ ဒဂုန်မြို့တွင် စမ်းချောင်းလေးသွယ်ရှိပါသည်။ နေရတီခေါ် အနောက်တောင်ဘက်တွင် သဖန်းချောင်း၊ အဂနေယခေါ် အရှေ့တောင်ဘက်တွင် သျှိသျှားချောင်း၊ ဧသာန်ခေါ် အရှေ့မြောက်ဘက်တွင် အစွယ်ရှည်ချောင်း၊ ဗာယပ်ခေါ် အနောက်မြောက်ဘက်တွင် ဥဗျိုင်းချောင်းများ ရှိပါသည်"ဟု မင်းကန်စီ ပြောပြလေ၏။

ထိုမှတစ်ဖန် ဗျားနန်း[၂] (ဗျာနန်)ခေါ် နန်းစျေးတံခါးသို့သွား၍ နာကြပြန်၏။ မိန်းမတစ်ယောက် ပုခက်လွှဲ၍ သားကျူး၏။

မွန်ဘာသာ– အုဲတလုဲတင်ဂါ၊ ဓိုင်မာတ်ကောသာ၊
မအာစိုပ်ပြာ်၊ ဟင်သာဒ့်ချုင်"

၁။ မြန်မာပေမူတွင်– "ရှေးမဆွက ချစ်စွာဟူသည့်စကားကို မယုံနှင့်၊ လေမည် ပြား၊ သည်လေးပါးချောင်းသို့ ယှဉ်ပါလေ၊ ဟံသာနန်းမ၊ ဥကင်းငယ်က်၊ စံလျက် ဗိုလ်ရွှဲခံရမည်ဟု လာ၏။

၂။ မြန်မာပေမူတွင် – ဗျာဒုန်တံခါး (ဗျာချုင်=မြို့စျေး)ဟုဆို၏။

www.burmeseclassic.com

www.burmeseclassic.com

မြန်မာဘာသာ- "သြော် သျှီသျှားပင်ကြီး၊ အသီးတွေကများ၊
ဆံကေသာဘုရားမြတ်၊ ဓာတ်တော်ရင်းသို့၊
အပြင်းသွားပါမှ၊ ဟံသာဝတီပြည်ကြီးကို ရှင်မင်းသား
အောင်တော်မူမည်"[၁]

ဤသီချင်းကို ကြားရလျှင် ဗညားနွဲ့မေးသဖြင့် မင်းကန်စိက "ကျွန်ုပ်တို့ တဘောင်စနည်းနာခဲ့သည့် တံခါးခြောက်ပေါက်စလုံးတွင် နတ်များက ကျွန်ုပ်တို့အား ဒဂုန်သို့ဆင်းသွားရန် ညွှန်ပါသည်။ အစမှအဆုံးထိ ဒဂုန်ကို အားလုံးညွှန်သည်။ သို့ဖြစ်သဖြင့် ဒဂုန်မြို့ကို အမြန်ရောက်ဖို့သာ ကြံစည်အားထုတ်ကြပါစို့"ဟု ဆိုလေ၏။

ထို့နောက် အိမ်ပြန်၍ အိပ်ကြလေ၏။ မိုးသောက်သော် အချင်းချင်း တိုင်ပင်ဆွေးနွေးကြပြန်သည်။ "ငါတို့ ပသို့ ဆင်များရမည်နည်း။ လူများကို ပသို့ရမည်နည်း"ဟု ဗညားနွဲ့မေး၏။

"ဆင်ကဲများအနက် မတနိုင် (မတနာ)နှင့် မမွန်လောက် (မမည်လိုက်)တို့မှာ အကြီးအမှူးဖြစ်ကြသည်"ဟု ဆိုကြသဖြင့် ဆင်ကဲမမွန်လောက်ကို ခေါ်စေ၏။ ဆင်ကဲမမွန်လောက် ရောက်သောအခါ ဗညားနွဲ့က "မြို့တွင်း၌မထားဘဲ မြို့ပြင်မှာထားသည့် အစွယ်ကောင်း တိုက်ဆင် မည်မျှရှိသနည်း"ဟုမေး၏။

"ယခုအရှင်မင်းသား မေးသည်မှာ မတူတရူ၊ ကျွန်တော်မျိုး သံသယရှိသည်။ အဖြစ်မှန်ကို ဟုတ်တိုင်းမိန့်ကြားပါလေ။ အရှင်မင်းသားအတွက် ကျွန်ုပ် အသက်ပေး၍ အမှုတော်ကို ဆောင်ရွက်ပါမည်"ဟု မမွန်လောက်ဆို၏။

"မင်းနှင့်ငါ သစ္စာပြုပြီးမှ ဟုတ်တိုင်းမှန်ရာကို ငါပြောမည်။ ငါ့ရင်ဘတ်သွေးကို မင်းသောက်ပြီး မင်းရင်ဘတ်သွေးကို ငါသောက်မည်"ဟု ဗညားနွဲ့ဆို၏။

"အရှင်မင်းသား၏ သစ္စာကို ခံပါမည်"ဟု မမွန်လောက်ဆိုပြီး သွေးသောက်၍ သစ္စာပြုကြသည်။ ထို့နောက် ဆင်ကဲ[၂] မမွန်လောက်ကို ဗညားနွဲ့က ဆုလာဘ်များစွာပေးသည်။

၁။ မြန်မာမေမူတွင် "သြသျှီသျှားပင်ကြီး၊ ပထိပဲသေး၊ နက်ရောင်ပြေး၊ မဝေးတောင်ခွင်၊ ဆံတော်ရှင်သို့၊ အလျင်သွားမှ မင်းသားအလို ပြည့်မည်" ဟု လာ၏။

၂။ ဆင်ကဲကို မွန်ဘာသာ-ဘဝ်မှဝ်၊ ဗဝ်မှဝ်၊ မှဝ်ဟူ၍ သုံးနှုန်းသည်။ ဘဝ်မည်လိုက်၊ မှဝ်မည်လိုက်-ဟူ၍လည်း ခေါ်သည်။ ဆင်ထိန်း၊ ဆင်ဦးစီးကို ခွါခိုဝ်၊ ဝွါစိုင်ဟူ၍ ခေါ်သည်။

www.burmeseclassic.com

www.burmeseclassic.com

ဆင်ကဲလည်း "ပိုင်းနော်(ပါင်နဝ်)တွင် ဆင်ကောင်း ငါးစီးရှိသည်။ အဓရောင် (အဓရင်)နှင့် ဗစွဲလမန်(ဗွဲလမာန်)နှစ်စီးမှာ အရွယ်ပျိုသဖြင့် ကိုယ်လုံးငယ်သော်လည်း အကျွန်ုပ်စီး၍ တိုက်ရသော် ခြောက်တောင်ဆင်ကိုလည်း ဝေ့ဝဲ့သည်။ ကျွန်ုပ်မကြောက်။ အသူရိယတစ်စီး၊ ဆင်မကြီး ကြမဂေါသောက် (ကြမဂေါဝ်သိုက်)နှင့် ကြလကွတ် (ကြလကိုတ်)ပေါင်း ၅-စီးဖြစ်သည်။ ဤဆင်ငါးစီးတို့၏ ဦးစီးများမှာ ကျွန်ုပ်၏ ဆွေသား မျိုးသားချည်း။ အချို့ကညီ၊ အချို့ကတူ၊ အချို့က သမက်ဖြစ်သည်။ ကျွန်ုပ် စကားကို သူတို့ဆန့်မည့်သူများမဟုတ်။ သူတို့ကို သစ္စာပြုစေမည်။ သူတို့အတွက် ပေးကမ်းရန် လက်ဆောင်ပစ္စည်းများ သနားပါ။ သူတို့ထံ ကျွန်ုပ်ဆင်းသွားမည်"ဟု ဆိုလေ၏။

ထိုနောက် ထိုက်သင့်သမျှ ရွှေ၊ ငွေ၊ ပုဆိုးအဝတ်များကို ဆင်ကဲ မမွန်လောက်အား ထုတ်ပေးသည်။ ဆင်ကဲ မမွန်လောက်လည်း အဆိုပါ ဆင်ဦးစီး ငါးဦးထံသို့သွား၍ သစ္စာရေတိုက်၏။ ၎င်းတို့အား လက်ဆောင်ပစ္စည်းများပေးကမ်းပြီး ဗညားနွဲ့ထံပြန်လာ၏။

"ဆင်ဦးစီး ငါးဦးတို့ကို ကျွန်ုပ် သစ္စာရေ တိုက်ထားပြီးပြီ။ အရှင့်သား ခွာတော်မူလျှင် ဆင်မကြီး ဇွမ်ငေါ်လ (ဇမ္ဗောဝ်လ)နှင့် ဒလဝါငွဲ (ဒလဝါတဲ့)နှစ်စီးတို့ကိုလည်း ကျွန်ုပ်ဝင်ယူပေးပါဦးမည်"ဟု ဆင်ကဲမမွန်လောက် တင်လျှောက်သဖြင့် ဗညားနွဲ့ အလွန်ဝမ်းသာအား[1]ရလေ၏။

ထိုနောက် ဗညားနွဲ့၊ မင်းကန်စီနှင့် ဘောမွန်တို့ ဆွေးနွေးတိုင်ပင်ကြ၏။ "ယခု ငါတို့ ဆင်များကိုရပြီ။ လူကောင်းများကို မည်သို့ရမည်နည်း။ ပဲခူးမြို့တွင်ရှိ မှူးသား၊ မတ်သားများကို စုဆောင်းခေါ်ယူပါက သတင်းပေါက်ကြားလွယ်မည်။ ပဲခူးတောတွင်း သား၊ လယ်ပြင်သား ကျေးလက်ရှိ လူမာ၊ လူစွမ်း၊ လက်ဖြောင့်သူများကို ငါတို့ ပသို့ ရနိုင်မည်နည်း"ဟု ဗညားနွဲ့မေး၏။

"ကျွန်ုပ်သွားလျှင် ရပါမည်"ဟု ဘောမွန်ဆိုသဖြင့် ဘောမွန်ကို ရွှေ၊ ငွေ၊ ပုဆိုး အဝတ်များပေး၍ လူစွမ်းကောင်း လက်ဖြောင့်သမားများကို စုဆောင်းရှာဖွေစေသည်။ ဘောမွန်လည်း တောလက်ကျေးရွာများသို့ ထွက်ခွာသွားလေ၏။

ဆယ်ရက်ခန့် ကြာလတ်သော် ဘောမွန်အား ပဲခူးသို့ ပြန်လာသည်ကို မဟာဒေဝီ မြင်လျှင် "နင်ဘယ်သို့ သွားနေသနည်း၊ နင့်ကို ငါမမြင်သည်မှာ ကြာလှပြီ"ဟု မေး၏။

"ကျွန်တော်မျိုးသည် ဝါတနော်[2]ရွာသို့ (ဝါတဲ့) သို့သွား၍ မိကြီးများ၊ မမာမကျန်း ဖြစ်နေသည့် သတင်းကို သွားရောက်မေးမြန်းနေပါသည်"ဟု ဘောမွန်ဆို၏။ "နင်လမ်းမှားလိုက်နေသည်၊ နင့်အသွား မတူတရူ"ဟု မဟာဒေဝီ မြည်တွန်၏။

၁။ မြန်မာပေမူ၌ ဝါကမော-ဟုဆို၏။

www.burmeseclassic.com

ဘောမွန်လည်းဗညားနွဲ့ထံရောက်လျှင် 'ကျွန်ုပ် ပဲခူးကျေးလက်နှင့် ပုသိမ်နယ်ဘက်သို့ ထွက်ခဲ့သည်မှာ လူစွမ်းကောင်းလက်ဖြောင့်သမား ၃၀ ရခဲ့ပါသည်။ ကျွန်ုပ် ပြန်လာသည်ကိုတွေ့၍ အရှင့်သား၏ အရီးတော် မဟာဒေဝီက အပြစ်ဆိုသည်။ 'နှင့်ခြေလှမ်းမှားနေသည်။ နှင့်အသွား မတူတရှ ဟု ဆိုပါသည်။ ကျွန်ုပ်မှာ ပန်းပဲသမား နှင့် တူနေသည်။ ပန်းပဲသမားဟူသည် မီးပူသည်ဟုဆို၍ ရှောင်ရှားရမည် မဟုတ်ပြီ"[၁]ဟု တင်လျှောက်၏။

"မင်းလူ ၃၀နှင့် ငါမည်သို့ တွေ့ရမည်နည်း"ဟု ဗညားနွဲ့မေး၏။ "လဲကြော[၂] (လဲကြော)သို့ အရှင့်သား တောကစားထွက်ဟန်ပြုပါ။ အချိန်တန်လျှင် ကျေးလက်တွင် လယ်ပြင်သား ၃၀ တို့ကို ချိန်းဆိုတွေ့ဆုံသင့်ပါသည်"ဟု မင်းကန်စီ အဆိုပြု၏။

"အစ်ကိုစကား သင့်လှသည်။ သူတို့နှင့်တွေ့မှ မှာဖွယ် ကိစ္စများအား လုံးကို မှာထားနိုင်သည်"ဟု ဗညားနွဲ့ဆိုပြီး လဲကြောသို့ တောကစားထွက်ရန် ပြင်ဆင်လေ၏။

ထို့နောက် ဗညားနွဲ့သည် ယောက်ဖတော်သမိန်မရူးထံ သွားရှာခေါ်၏။ "ယောက်ဖနှင့် ငါ သမင်၊ဒရယ်ရှာရန် တောကစားထွက်ရအောင် ငါလာခေါ်သည်။ လဲကြောတောတွင် သမင်၊ ဒရယ်ပေါသည်ဟု ငါ့လူတွေပြောသည်"

ယင်းသို့ ဗညားနွဲ့ခေါ်စဉ် မဟာဒေဝီလည်းရှိ၏။ ထိုအခါ သမိန်မရူးက "ဗညားနွဲ့.သားသွားနှင့်။ ငါမသွားနိုင်သေးပါ။ အကယ်၍ အသားတွေရခဲ့လျှင် ငါတို့ကိုလည်းမျှပါ"ဟုဆို၏။

"ယောက်ဖမသွားဖြစ်လျှင် ယောက်ဖဆင် ကျတပုလဲ(ကျတ)ကို ပွားပါ။ ယောက်ဖ ကျွန်ုငါးယောက်လည်း ထည့်လိုက်ပါ"ဟု ဗညားနွဲ့ဆို၏။

သမိန်မရူးလည်း "ရပါသည်၊ ခေါ်ပါ၊ ဆင်လည်းယူပါ"ဟုဆိုသဖြင့် မရူးကျွန် ငါးယောက်တို့ကို ခေါ်၍ မရူး၏ဆင်ကို ဗညားနွဲ့စီးကာ တောကစားထွက်လေ၏။

ညနေစောင်းတွင် ပြန်လာပြီး ရခဲ့သော သမင်၊ ဒရယ်သားများကို သမိန်မရူးကိုလည်းကောင်း၊ မဟာဒေဝီကိုလည်းကောင်း မျှ၍ပို့ဆက်စေ၏။

ယင်းသို့ သုံးရက်တစ်ကြိမ်၊ လေးရက်တစ်ကြိမ် ဗညားနွဲ့ တောကစားထွက်သည်။ မိမိအကြံအစည်ကို သမိန်မရူးနှင့် မဟာဒေဝီတို့မရိပ်မိစေရန် ပရိယာယ်လှပ်ခြင်းဖြစ်သည်။ မဟာဒေဝီနှင့် သမိန်မရူးတို့လည်း ဗညားနွဲ့၏ ပရိယာယ်ကို လုံးဝမသိရှာကြပေ။

၁။ မြန်မာမူတွင်-ပန်းပဲသမားနှင့်တူသည်ကို ဗညားနွဲ့ပြောသည်ဟု ဆို၏။
၂။ မြန်မာပေမူတွင် - လဟာဇကြတ်အင်း ဟုဆို၏။

www.burmeseclassic.com

www.burmeseclassic.com

လေးငါးခေါက်မျှ တောကစားထွက်ပြီးသော် တစ်နေ့တွင် လယ်ပြင်သား လူစွမ်းကောင်း ၃၀ တို့ကို တယောလင်ကျောင်း (ဘာတယောဝ်လင်)တွင် စောင့်နေကြရန် ဘောမွန်အား စေလွှတ်၍ ချိန်းဆိုလိုက်၏။ ချိန်းဆိုသည့်နေ့တွင် ဗညားနွဲ့လည်း ယခင်အတိုင်း တောကစားထွက်ဟန်ပြုလေ၏။သို့သော် သမိန်မရူး ကျွန်တို့ကို မခေါ်တော့ပေ။

ချိန်းချက်ပြုထားသော တယောလင်ကျောင်းသို့ ဗညားနွဲ့ရောက်လျှင် စောင့်နေသော လူစွမ်းလူမာ ၃၀နှင့် တွေ့ဆုံဆွေးနွေးသည်။ ရဲဘော်သုံးကျိပ်စလုံးကို ဗညားနွဲ့ သစ္စာရေတိုက်၏။

၎င်းတို့၏ အမည်များမှာ (၁) မသိန် (မသိင်)၊ (၂) မန္တန် (မနန်)၊ (၃) မကော့လွန် (မကံလန်)၊ (၄) မလသွန် (မလသိုန်)၊ (၅) မလဂွန် (မလဂန်)၊ (၆) မဖြာ၊ (၇) မဝေါ (မဝဝ်)၊ (၈) မဒေ၊ (၉) မဥပေါကလန် (မဥပဝ်ကလာင်)၊ (၁၀) မကွမ် (မကို)၊ (၁၁) မင်းရွှတ်သန်မဂင် (မင်ရတ်သာမဂင်)၊ (၁၂) ဘောဂမုန် (ဘဝ်ဂမုင်)၊ (၁၃) မနွေး (မနဲ့)၊ (၁၄) မင်းဒေဝ၊ (၁၅) စောအိန်စမန် (စအိန်စမာန်)၊ (၁၆) မင်းသေ၊ (၁၇) မင်းယောဇာ၊ (၁၈) မင်းတကော့ (မင်းတက်)၊ ၁၉။ မင်မနိတ်ရွတ်(မင်မို့က်ရတ်)၊ ၂၀။ ဘောတနိုင်ခေါ် မအလွတ် (ဘဝ်တနဲဒ့်မအလတ်) ၂၁။ ဘောဒလ (ဘဝ်ဒလ)၊ ၂၂။ နိုင်နတ် (နဲနာတ်)၊ ၂၃။ မကော၊ ၂၄။ မဝီ ၂၅။ မအေစဂ္ဂတု၊ ၂၆။ ဘောမောမဆန် (ဘဝ်မဝ်မဆာန်)၊ ၂၇။ ဗျာဒုန်မဘော၊ ၂၈။ မင်မငေး (မင်မို့)၊ ၂၉။ မင်းကလန်ကျိုက်ကြဲ (မင်းကလန်ကျာ်ကြဲ)၊ ၃၀။ မရာဗျာန္တတ် (မရာဗျာဒ္ဒော်) ဟူ၍ ဖြစ်ပါသည်။

ရဲဘော်များအားလုံး သစ္စာပြုပြီးသော် ၎င်းတို့အား ဗညားနွဲ့က လက်ဆောင်ပစ္စည်းများစွာ ပေးကမ်းချီးမြှင့်လိုက်သည်။ ဘောတနိုင်ခေါ် မအလွတ်တစ်ဦးတည်းက လူတစ်ရာစုပေးမည်ဟု တာဝန်ယူ၏။ မင်းကလန်ကျိုက်ကြဲကလည်း လူတစ်ရာစုပေးရန် တာဝန်ယူ၏။ ရဲဘော်သုံးကျိပ်စလုံး အသီးသီးစုပေးမည့်လူပေါင်းမှာ ခြောက်ရာကျော် ဖြစ်လေသည်။

ထို့နောက် ဗညားနွဲ့က "လာမည့်ကဆုန်လဆုတ် ၆ ရက်[1]နေ့မှာ မင်းတို့အားလုံး ဤတယောလင်ကျောင်းအရောက်လာပြီး စောင့်လှည့်ကြကုန်"ဟု ချိန်းချက်ပြုပြီး ပြန်လေ၏။ ရဲဘော်များလည်း ပြန်ကြလေ၏။

ဗညားနွဲ့သည် သမိန်မရူး သဲ့သဲ့ဖြစ်မည်စိုး၍ ၎င်းထံသွားတွေ့သည်။ "ယခု တစ်ကြိမ် ပင်ပန်းစွာ သမင်လိုက်သော်လည်း မရခဲ့ပါ။ လက်ကုန်ခြေကုန်အောင် တောကစားခဲ့သည်မှာ အလဟဿဖြစ်ရသည်"ဟု ယောက်ဖတော် သမိန်မရူးကို လှည့်စား၍ ပြောဖ်၏။

၁။ မြန်မာပေမူတွင် - ကဆုန်လဟုသာပြ၏။

www.burmeseclassic.com

ဗညားနွဲ့ပြန်ပြီးသော် သမိန်မရူးနှင့် မဟာဒေဝီတို့ ဆွေးနွေးကြ၏။ ထိုအခါ မဟာဒေဝီက သမိန်မရူး၏ နားနှင့်ကပ်၍ "ဗညားနွဲ့ကို မင်းဖမ်းမည့်အကြံမှာ ကြာလေ ကျော်ကြားလေဖြစ်သည်။ အမတ်ကြီး သမိန်ဇိပ်ဗြိကလည်း ဗညားနွဲ့နှင့် ငါတို့အကြားတွင် အမြဲပင် ကုန်းချောနေသည်။ ငါတို့အား နှိမ့်ချပြောနေသည်။ ဘောင်မုန်လည်း ဗညားနွဲ့ထံ ဆင်း၍ သတင်းပို့နေသည်" ဟု နှစ်ကိုယ်ကြား တိုးတိုးဆို၏။

အမတ်ကြီး သမိန်ဇိပ်ဗြိကလည်း တိတ်တဆိတ် လူမသိအောင် ဗညားနွဲ့ထံ စကားပို့လှာ၏။ "မဟာဒေဝီနှင့် သမိန်မရူးတို့သည် ယောကျ္ခမနှင့် သမက်တို့၏ ကျင့်ဝတ်မဟုတ်ဘဲ နားပါးအပ်၍ တီးတိုးဆိုကြသည်။ အရှင့်သားတော်ကို ဖမ်း၍ လုပ်ကြံမည်စိုရင်နေသည်"

သမိန်ဇိပ်ဗြိ၏အမှာစကားကို ဗညားနွဲ့ကြားရလျှင် လူယုံ သူလျှိုဖြစ်သူ ဘောမွန်ကို ရဲဘော်သုံးကျိပ်တို့ရှိရာသို့ စေလွှတ်လိုက်၏။

ပရောဟိတ်မင်းဖွဲတနုန် (မာဇ္ဈိတနုင်)ကိုလည်း ၎င်းညပင် ဗညားနွဲ့ခေါ်၍ တိုင်ပင် ဆွေးနွေး၏။ မင်းဖွဲတနုန်က–

"ယခု ခမည်းတော် ဆင်ဖြူရှင်မှာ အိုမင်း၍နာနေသည်။ ရောဂါဝေဒနာလည်း သည်းလာသည်။ လာမည့်နယုန်လဆန်း သုံးရက်နေ့သည် ဒိတ္ထိနက္ခတ်ကောင်း၍ ပြည့်စုံသည်။ ကြိစည်ထားသည့်အတိုင်း ပြုလုပ်ရန် အချိန်တန်ပြီအရှင်မင်းသား"ဟု အကြံပေးလေ၏။

ဗညားနွဲ့လည်း ဆင်ကဲမမွန်လောက်ကိုခေါ်၍ နေ့ရက်ချိန်းဆိုလိုက်၏။ ဗညားနွဲ့လည်း ပရိယာယ်ဖြင့် သမိန်မရူးထံသွား၍ ခေါ်ပြန်၏။ "ယောက်ဖနှင့် ကလွမ်ဗွန်ကျိုက်ပေါ (ကွဗန်ကျောက်ပဝ်) တွင် တောကစားထွက်ကြရန် ငါလာခေါ်ပါသည်"ဟု ဆို၏။

"ငါ့ကိုယ်တွင်း၌ မအီမသာဖြစ်နေ၍ ယောက်ဖသာ သွားနှင့်ပါ"ဟု မရူးဆိုသဖြင့် ဗညားနွဲ့လည်း ပြန်လှည့်၏။ သမိန်မရူးသည် ဗညားနွဲ့ကိုမယုံ၊ ဗညားနွဲ့ပြေးမည်ဟု သတင်းရသဖြင့် ဗညားနွဲ့၏ အသွားအလာကို ထောက်လှမ်းရန် ကျွန်ဖြစ်သူ မဗဂိုး (မဗဂေါ)[၂]အား လွှတ်ထားသည်။ "ဗညားနွဲ့ ပြေးမည်မှန်လျှင် နင်အလျင်လာ၍ ငါ့ကို ဆိုလှည့်၊ ဗညားနွဲ့မသွားသေးလျှင်လည်း နင်မလာနှင့်၊ စောင့်၍သာ ကြည့်လေဦး"ဟု မရူးမှာ၏။

၁။ မြန်မာမူတွင် နားပါးအပ်၍ တိုးတိုးပြောသည်ဟုလာ၏။ မွန်ဘာသာတွင် (ကသေဂ်ဟော်)= ပါးစပ်ကို နားနှင့်ကပ်၍ နှစ်ကိုယ်ကြား စကားပြောသည်။

၂။ မြန်မာပေမူတွင် – ဗောပရိ – ဟုတွေ့သည်။ ဗောဗ–ဟု ပုံနိပ်ခဲ့ကဆို၏။

www.burmeseclassic.com

www.burmeseclassic.com

မိုးသောက်လျှင် ဗညားနွဲ့က "ငါတို့ ချိန်းချက်ထားသောနေ့ရောက်ပြီ။ မိုးမချုပ်မီ ဆင်ငါးစီးစလုံးကို ကကလိုက်ဆိပ် (ဗဒိုပ်ကက်ဂ)[1]သို့ အရောက်ဆောင်ထား၍ စောင့်ပါ။ အားလုံးအဆင်သင့်ဖြစ်အောင် စီစဉ်ပါ"ဟု ဆင်ကဲမမွန်လောက်ကို စေ၏။

ယင်းနေ့တွင်ပင် သမိန်မရူး စေလွှတ်ထားသော သူလျှို မဗဂိုးသည်ဗညားနွဲ့ထံ လာ၍ဆို၏။ "အရှင့်သားတော်၏ အသွားအလာကို စောင့်ကြည့်ရန် အရှင့်ယောက်ဖတော် သမိန်မရူးက ကျွန်တော်မျိုးအား စေလွှတ်ထားပါသည်။ 'အရှင့်သားတော် ခွာမည်မှန်လျှင် သူ့ထံအလျင်လာ၍ ဆိုလှည့်၊ မသွားသေးပါက မလာနှင့်၊ စောင့်ကြည့်လေဦး'ဟု မှာပါသည်။ အရှင့်သားတော် ခွာမည့်သတင်းကို ကျွန်တော်မျိုး လာပြောမှ သမိန်မရူး ယုံမည်။ တစ်ပါးသူပြောသော် လုံးဝယုံကြည်မည်မဟုတ်ပါ"ဟုဆို၏။

"ဤသို့ဖြစ်လျှင် ငါနှင့် တစ်ပါတည်း နင်လိုက်ခဲ့၊ ငါ့ယောက်ဖတော်အမည်ကိုလည်း နင်ခံလော့"ဟု ဗညားနွဲ့ဆို၏။ မဗဂိုးလည်းဗညားနွဲ့နှင့်လိုက်မည်ဟုဝန်ခံ၏။ မဗဂိုးအား သမိန်မရူးဟု အမည်ပေးလိုက်၏။ ဆင်ကဲမမွန်လောက်လည်း ဆင်ငါးစီးကို အဆင်သင့်ပြင်ထားပြီးကြောင်း လာပြောလျှင် ဗညားနွဲ့သည် ထွက်၍ ပဲခူးဆံတော်ဓာတ်ဘုရားကို ရှိခိုးပြီး သီလခံယူ၏။

ထို့နောက် အဓရောင်ဆင်ထက် တက်၍စီးသည်။ ဗစွဲလမန်းဆင်ကို မမွန်လောက်နှင့် ဘောမွန်စီးသည်။ အသူရိယဆင်ကို မသောက်နှင့် မင်းကန်စီ စီးသည်။ အပါဇုနှင့် အပါအိန်ဂလာတို့နှစ်ဦးက ဆင်မတစ်ကောင်ကို စီးသည်။ ဆင်ဦးစီးများ၏ ဆွေသားမျိုးသားများကို ဆင်ကဲ မမွန်လောက်၏ မယားနှင့်အတူတကွ ဆင်မတစ်ကောင်ဖြင့် သွားစေ၏။ မမွန်လောက်က မယားအား "ဗတွဲဇြောမှာရှိသည့် ဆင်မနှစ်စီးကိုယူ၍ မုညတ်အကွေ့ (ပေ့ဟာ်မုဟ်ညာတ်)မှာ ထွက်စောင့်နှင့်"ဟူ၍ မှာလိုက်သည်။

ဗညားနွဲ့တို့လည်း စုန်ဆင်းကြရာ လဗော (လဖ)သို့ရောက်၏။ ထိုမှတစ်ဖန် ဇဒိုင် (ဇဒေင်)သို့ရောက်သည်။ တစ်ညလုံး စုန်ကြလေ၏။ ပဲခူးမှ ဒဂုန်သို့ ဗညားနွဲ့ခွာသည့် နေ့မှာကား သက္ကရာဇ် ၇၄၅၊ နယုန်လဆန်း ၃ ရက်[2] အင်္ဂါနေ့ ညအချိန်ဖြစ်လေသည်။

ဤနေ့ညတွင် သမိန်မရူးသည် စေလွှတ်ထားသော သူလျှို မဗဂိုးပြန်မရောက်သဖြင့် ဗညားနွဲ့ မသွားဖြစ်သေး၍ စောင့်လေသည်သာမှတ်သည်။ ဗညားနွဲ့တို့ ထွက်ခွာသွားကြောင်းကို မသိလိုက်ပေ။

၁။ ငါးဖျင်းသလက်ဆိပ် (ဗဒိုပ်ကက်ဂ်)

၂။ မွန်မြန်မာ နှစ်မူစလုံးညီသည်။ သို့သော် မြန်မာမူတွင် နေ့မပါ။

www.burmeseclassic.com

ညဉ့်သုံးချက်တီးမှ ဗညားနွဲ့ထွက်ပြေးကြောင်းကို မဟာဒေဝီနှင့် သမိန်မရူးတို့ သိရသည်။ နံနက် မိုးသောက်လျှင် ဆင်ဖြူရှင်ထံဝင်၍ သံတော်ဦး တင်ကြ၏။ ထိုအခါ ဆင်ဖြူရှင်က–

"အပသုံသည် ငါ့သားပင် ဖြစ်သော်လည်း ရက်စက်ကြမ်းကြုတ်သူ ဖြစ်သည်။ ဆဲကြမ်းသည်။ မျက်လုံးပြူးသည်။ ခြေသလုံးကြီးသည်။ ငါ့စိတ်ကို ပူပင်သောကဖြစ်အောင် အပျက်ပြုမည့်သူဖြစ်မည်ဟု ငါ့အစ်မကို ငါပြောခဲ့သည် မဟုတ်လော"

ဟု မိန့်ဆိုပြီး ဗညားနွဲ့၏မယား၊ သမီးတော် တလမေဒေါကို ခေါ်စေ၏။

တလမေဒေါလည်း သားငယ်ဘောလောကျန်းဒေါကို ချီလျက် ရောက်သော် သူ့ရှင်က "အပသုံငယ် ပြေးလေသည်ကို ညက ပသို့ကြောင့် ငါ့ကို ညည်းအလျင် မလျောက်သနည်း" ဟု မိန့်ဆို၏။

"ဗညားနွဲ့သည် သမီးတော်အား မယားမမှတ်၊ မလေးမမြတ်၊ အဖက်မလုပ်သည်မှာ မနည်းကြာပြီ။ ရှင်ပင်ဘုရားမှာလည်း ဤမျှရောဂါကြီး၍ ကျန်းတော်မမူသောကြောင့် နန်းတော်သို့တက်၍ သမီးတော် မလျောက်ပဲ့ပါဘုရား" ဟု တလမေဒေါလျောက်၏။

ထို့နောက် အမတ်ကြီး သမိန်ဇိပ်ဇြကို ခေါ်စေပြန်၏။ အမတ်ကြီး သမိန်ဇိပ်ဇြရောက်ချိန်တွင် ဗညားဦး အနာသည်း၍ ထွက်တော်မမူသဖြင့် မဟာဒေဝီသာဆိုသည်။ "အမတ်ကြီးကိုခေါ်ရန် သူ့ရှင်မိန့်သည်မှာ အခြားမဟုတ်ပါ။ အပသုံပြေးသည်ကို မိအောင်လိုက်စေဖို့ဖြစ်သည်" ဟုဆိုလျှင် အမတ်ကြီးက–

"ယခု ကျွန်ုပ်တစ်ဦးတည်း ဖြစ်နေသည်။ ကျွန်ုပ်၏လူသူများ၊ အားထားရမည့် လူကောင်းများမှာ အဝေးရောက်နေသည်။ ခေါ်လျှင် လေးငါးရက်ကြာမှ ရောက်မည်။ ယခုအချိန်ဆိုလျှင် ဗညားနွဲ့လည်း ဒဂုန်သို့ ရောက်လောက်ပြီ။ ဒဂုန်သားတွေလည်း သူ့လူချည်းဖြစ်လေတော့မည်။ ယခုအရေးတွင် ရသမျှ အင်အားစုပြီး အလုံးအရင်းဖြင့် ဆင်ကောင်း၊မြင်းကောင်းဖြင့် ချီစေပါက ချီရပါမည်။ သို့သော် ကျွန်ုပ်လူတွေမဟုတ်၍ ကျွန်ုပ်နှင့် မညီညွတ်၊ ကျွန်ုပ် သြဇာကိုမခံဘဲ ဖြစ်လာပါက အခက်တွေ့လိမ့်မည်။ အင်အားအလုံးအရင်းဖြင့် ဗညားနွဲ့ထွက်တိုက်ပါကသူတို့ခုခံခြင်းမပြုဘဲဗညားနွဲ့ဘက်ပါသွားမည်စိုးရသည်။ သို့ဖြစ်လျှင် ဗညားနွဲ့ထဲ ဆင်ကောင်းမြင်းကောင်း လူသူအင်အားများကို သွားပို့သည်နှင့် မတူသလော။ ကျွန်ုပ်တို့ အသက်လွတ်အောင်ပင် ခွာရန်ခက်ပြီး ဝန်လေးမည်။ ယခု ပေါ့ပေါ့လျော့လျော့ အမြန်လိုက်ပါ၊ ဟု ဆိုသည်မှာ ဗညားနွဲ့ကို အားပံ့သည်နှင့် မတူသလော"

ဟုအမတ်ကြီး သမိန်ဇိပ်ဇြက ခရီးရှည်ရန် ဗညားနွဲ့အကျိုးကိုပဲ၍ အရေးဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com

ပရိယာယ်ပြု၍ အလျင်မလိုရန်ဆို၏။ အကြံအစည်များ ပြေလည်မှ လိုက်သင့်ကြောင်း တင်ပြသည်။

မဟာဒေဝီလည်း စိတ်တိုင်းကျ အမြန်လိုက်စေလိုသောဆန္ဒ မအောင်မြင်သောကြောင့် အခြားစကား ဆိုတော့သည်။ "ကြစော (ကြစ်) ၏သားငယ် ဘောမွန် (ဘဝ်မည်)သည် လူစွမ်းလူမာများကို မြို့ပြင်ထွက်၍ စုရုံးနေသည်မှာ ကြာလှပြီ။ သူ၏ အဝင်အထွက်၊ သူ့ခြေလှမ်းကို ငါမယုံ၊ ငါသံသယဖြစ်ခဲ့သည်။ သူ့အကြံကို ငါရိပ်ရိပ်သိသည်။ ယခု ငါထင်သည့်အတိုင်း ဖြစ်တော့သည်"ဟု အမတ် သေနာပတိများကို အပြစ်တင်စကား ပြောသည်။

သမိန်ဇိပ်ဖြစ်၏ ပရိယာယ်ကိုမသိ၍ "အမတ်ကြီး သမိန်ဇိပ်ဖြစ်ဆိုသည့် အရေးဟုတ်သည်။ အကြံအစည်ပြည့်စုံမှ လိုက်သင့်သည်"ဟုဆိုပြီး ညီလာခံကို ရုပ်သိမ်းလိုက်သည်။ ထို့နောက် အမတ်သေနာပတိများလည်း အားလုံး ပြန်ကြလေ၏။

မင်းသားဗညားနွဲ့တို့လည်း နောက်တစ်နေ့ မိုးသောက်လျှင် ဗညားညောင်သို့ ရောက်သည်။ မွန်းလွဲ သုံးချက်တီးအချိန်တွင် ဒဂုန်သို့ ဆိုက်ရောက်ကြသည်။ ဗညားနွဲ့တို့သည် မုဆိတ်တွင် နံနက်စာစားကြပြီးနောက် စောမင်းကန်ကြီး (သြောင်စမင်) စခန်းတွင် ရပ်နားစဉ် ရဲဘော်သုံးကျိပ်တို့အား ဗညားနွဲ့က-

"ငါတို့ဒဂုန်ရောက်လျှင် မဟာဒေဝီ၏ကျွန် ၁၈ ယောက်တို့ကို ခေါ်ခိုင်းမည်။ အားလုံးရောက်လျှင် 'ဓပ်'(ဇာပ်)ဟု ငါဆိုမည်။ ထိုအခါ မင်းတို့အားလုံး ထခုတ်ကြ"ဟု အချိန်းအချက်ပြုသည်။

ဒဂုန်သို့ရောက်သော် ဗညားနွဲ့သည် ယခင်ကနေခဲ့သော အိမ်ဟောင်းသို့ သွား၍ နေသည်။ ထို့နောက် မဟာဒေဝီ၏ ကျွန် ၁၈ ယောက်တို့အား ခေါ်စေ၏။ မြို့ဝမ်းသား လူကြီးများကိုလည်း ခေါ်စေ၏။ များမကြာမီ မြို့ဝမ်းသား၊ မြို့မျက်နှာဖုံး လူကြီးများ၊ ရဟန်းသံဃာများ အသီးသီး ရောက်လာကြ၏။ မဟာဒေဝီ၏ ကျွန်များလည်း ရောက်လာကြ၏။

ၚင်းတို့၏ အမည်များမှာ- ၁။ ခုတ်ရာဇာဘိတ်(ခုတ်ရာဇာဘိုက်)၊ ၂။ သိဒတ်၊ ၃။ ဓမ္မပုတြာန်၊ ၄။ ကုတ္ထိကလဲင် (ကုတ္ထိကလာင်ငါ)၊ ၅။ သဘော်သူကြီး (ဒကိုပ်ကွင်)၊ ၆။ ဘောဒွန် (ဘဝ်ဒန်)၊ ၇။ မယောင်(မယဲင်)၊ ၈။ သမိန်သန်လျှင် (သိုင်ဩြင်)၊ ၉။ မင်းရဲတံခွန် (မင်ရာဲတံင်ခေါင်)၊ ၁၀။ ဓုဒေါဝ်၊ ၁၁။ ဘောဗဂိုး(ဘင်ဂဲ)၊ ၁၂။ မဇနိဝင်းရံ (မဇနိဝင်ရာ)၊ ၁၃။ ကြည်းတပ်ဗိုလ် (ဒကိုပ်ဟွာန်တိုက်)၊ ၁၄။ မင်းဓတ်ကရ၊ ၁၅။ တယောက်ကျောင်းတကာ (ဒကာဘာတယဲက်)၊ ၁၆။ မဇာ၊ ၁၇။ ဓနသာ၊ ၁၈။ သဘော်ကောက်မဒေ့ (မဒေ့ဂဲကွင်) တို့ ဖြစ်ကြသည်။ ၚင်းတို့အနက် ၁၇ ယောက်သာ ရောက်သည်။

www.burmeseclassic.com

www.burmeseclassic.com

သဘော်ကောက် မဒေ့တစ်ယောက် မရောက်သေး။ ရဲဘော်သုံးကျိပ်တို့လည်း မားကိုယ်စီဖြင့် ဗညားနွဲ့ကို ကြည့်နေကြသည်။ ထိုအခါ ဗညားနွဲ့က-

"ယခုအင်းဝ စစ်ချီလာသည်မှာ ဆင်မြင်းစစ်သည် ဗိုလ်ပါများနှင့်တကွ သာယာဝတီသို့ ရောက်နေပြီဟု သတင်းရ၍ ငါ့ကို ဒဂုန်သို့ဆင်းလာရန် သူ့ရှင်အမိန့် ရှိလိုက်သည်။ မြို့ပြကျွဲးမြောင်းမကောင်းသည်ကိုပြင်၍ပြလက်ရန်း စီးရန်ကိစ္စအတွက် မင်းတို့ကို ခေါ်ခြင်းဖြစ်သည်"ဟုဆိုသည်။

ဤတွင် သဘော်ကောက် မဒေ့တစ်ယောက်မှာ ရွှေအမြိတ် အထုံးအကျစ်တို့နှင့် ပြည့်စုံသော ပုဆိုးကောင်းဝတ်ဆင်ကာ အမွေးနုံသာ အကျော်ကရမက်ဖြင့် လိမ်းကျံလျက် တစ်ကိုယ်လုံး မွေးကြိုင်စွာဖြင့် ရောက်လာ၏။ သူ့အမိမှာ မွန်၊ အဖမှာ ကလယ် (ကွေ်ပ်)ဖြစ်သည်။ မဒေ့သည် ဗညားနွဲ့ကို မရှိခိုးဘဲနေ၏။

ထိုအခိုက်ဗညားနွဲ့က-"ဇပ်"ဟုဆိုလိုက်၏။ ရဲဘော်သုံးကျိပ်နှင့်တကွ ဗညားနွဲ့ကျွန်များသည် ထ၍ခုတ်ကြ၏။ မဟာဒေဝီကျွန် ၁၇ ယောက်မှာ တစ်ပြိုင်တည်းလဲသေ၏။ သဘော်ကောက်မဒေ့ကို သမိန်မရူးအမည်ခံ မဗဂိုးက ခြောက်ချက်မျှ ခုတ်သော်လည်း မကွဲမရှ၊ မလဲ မသေဘဲ၊ အိမ်ခေါင်မိုးပေါ်တက်ပြေးသည်။ သူ့ပုဆိုး အမြိတ်မှာ ခြင်ကွပ်တန်းနှင့် ငြိသဖြင့် သမိန်[1]က ဆွဲချပြီး မန္တန်က ဓားရှည်အနှောင့်ဖြင့် ရိုက်မှသေလေ၏။

ထိုအခါမှ မြို့ဝမ်းများနှင့် ရဟန်းသံဃာများသည် ဗညားနွဲ့ ပုန်စားကြောင်းကို သိရတော့သည်။ ဗညားနွဲ့က ပရိသတ်ကို မေးမြန်းသည်မှာ-

"မင်းတို့ ငါ့ဘက်နေမည်လော၊ သူ့ဘက်နေမည်လော" ပရိသတ်အားလုံးက "အရှင့်သားတော်ဘက်နေပါမည်"ဟု ဆိုကြ၏။

သို့သော် ခုတ်ရာဇာဘိတ်၏တူ[2] မင်းရဲနာ (မင်းရဲနာ)နှင့် ဓမ္မပုတြာန်၏တူ မင်းဆဒ္ဒန် (မင်ဆတ်ဒန်)တို့နှစ်ယောက်မှာ အခြားသူများ မပြောဝံ့သည်ကို သူတို့က "ပဲခူးစစ်ကို အရှင့်သားတော် မနိုင်ချေသော် ကျွန်ုပ်တို့အားလုံး ပျက်စီးခြင်းသို့ မရောက်ပြီလော"ဟု ဆိုသဖြင့် ဗညားနွဲ့က- "ဇပ်"ဟု ဆိုလိုက်ရာ ရဲဘော်သုံးကျိပ်တို့က သူတို့နှစ်ဦးကို ခုတ်သတ်လိုက်ပြန်၏။

ဗညားနွဲ့၏ အမျက်တော်ရိုန် ကျသောအခါ ဒဂုန်မြို့၏ သဃ်ရာဇာမပိုင်ဆရာတော် (အွာမဃေ)ထံမှ သုခမိန် ကြွေးပသုံခမိတ်ကို စေလွှတ်လာ၏။

"သူတို့လူ၂၀-မှာ သူတို့ကဲကြမ်မာအလျောက် သူတို့ခံရပါပြီ။ သူတို့အလောင်းကို သိမ်းဆည်းဖုတ်ကြည်း သင်္ကြိုဟ်ပါရစေ"ဟုလျှောက်သဖြင့် ဗညားနွဲ့လည်း ခွင့်ပြုလိုက်၏။

၁။ မြန်မာပေမူတွင် 'မသိန်ငင်ချ၍'ဟု လာသော်လည်း ပုံနှိပ်မူများတွင် 'သမိန်းမိ'ဟုမှားယွင်းစွာ တည်းဖြတ်ခဲ့သည်။

၂။ မြန်မာမူတွင်-ညီ-ဟုဆို၏။

www.burmeseclassic.com

"သေသူ နှစ်ကျိပ်တို့၏ ကိုယ်၌ပါရှိသော ရွှေ ငွေ အဝတ်အစားများကို ယူခဲ့ရမည်လော"ဟု သုခမိန်ကမေး၏။ "သူတို့၏ ရွှေ ငွေပစ္စည်းများကို ရဲဘော် သုံးကျိပ်တို့အား ဝေပေးမည်။ သို့သော် သူတို့၏ သားမယားထံမှ လုံးဝမယူရ"ဟု ဗညားနွဲ့အမိန့်ပေး၏။

ထို့နောက် သုခမိန် ဣတြပသုံခမိတ်က လာပို့သော ရွှေ ငွေ ပစ္စည်း အဝတ်အစားများကို ရဲဘော်သုံးကျိပ်တို့အား ဝေငှပေးပြီးလျှင် ဒဂုန်မြို့၏ သဃ်ရာဇာဖြစ်သော မဝိုင်ဆရာတော်ကို ပင့်ဆောင်စေ၏။

မဝိုင်ဆရာတော်လည်း ဗညားနွဲ့ထံကြွလာပြီး ဆွေးနွေးတိုင်ပင်ကြသည်။ မဝိုင်ဆရာတော်သည် ဗညားနွဲ့ကို နှစ်သက်သဘောကျ၍ စေတနာထားသည်။ ဗညားနွဲ့လည်း မဝိုင်ဆရာတော်အား ချစ်ခင်ရိုသေသည်။ မဝိုင်ဆရာတော်နှင့် ကိစ္စရေးရာ အကြံအစည်ဟူသမျှကို ဆွေးနွေးတင်ပြသည်။ ဗညားနွဲ့သည် ဆရာတော်ကို ယုံကြည်စိတ်ချသည်။ သံသယ လုံးဝမရှိပေ[၁]။

ထို့နောက် ဒဂုန်သား ဘောသံကေး (ဘဝ်သာ်ကေ) သည် ရွှေခွက် ၂၀-ယူလာ၍ ဗညားနွဲ့အား ဆက်သည်။ ဗညားနွဲ့က-

"ပသို့ကြောင့် မင်း ရွှေလာဆက်သနည်း"ဟု မေး၏။ "ကျွန်ုပ်သည် အရှင့်သားတော်၏ အမှုတော်ကို ထမ်းဆောင်လိုပါသည်။ နောင်ကို အရှင့်သားတော် အောင်မြင်၍ စည်းစိမ်သမွတ္တိနှင့် ပြည့်စုံလျှင် မြို့စား၊ ရွာစား[၂] ဖြစ်လိုပါသည်"ဟု လျှောက်၏။

"မင်းသဘောအတိုင်း ရစိမ့်မည်"ဟု ဗညားနွဲ့မိန့်၏။ "အမိန့်တော်ကို ဦးထိပ်တင်ပါသည်"ဟု ဘောသံကေးဆို၏။

ထို့နောက် မြို့သား ရွာသားများ စုရုံးကြပြီး ရွှေ ငွေ အဝတ်အစားများဖြင့် ဗညားနွဲ့ထံ လာရောက်ဆက်သကြသည်။[၃]

ထို့နောက် သူရဲများက[၄] "အရှင့်သားတော်၏ မင်္ဂလာအိမ်တွင် လူသေများ၏ သွေးတွေ အပျဲ့အနဲ့ ဖြစ်နေသည်။ ဤနေရာ၌နေရန် မကောင်းပါ။ အိမ်သစ်ဆောက်လုပ်ခွင့်ပြုပါ"ဟု တင်လျှောက်ကြသည်။

"ဤသွေးတွေရှိကော ဘာဖြစ်သနည်း။ မင်းတို့ ဤသို့ဆိုလျှင် မင်းတို့မယားတွေ ဥတုလာ၍ အိမ်မှာ အပျဲ့အနဲ့ကျနေသည်ကို အိမ်ဖျက်ပြီး အသစ်ဆောက်ဖူးပါသလော။ ဤသွေးတွေကို မဆေးရ။ မြင်သူတွေကို ကြောက်ရွံ့သွားအောင် ဤအတိုင်း ဆက်ထားမည်"ဟု ဗညားနွဲ့မိန့်ဆို၏။

၁။ မြန်မာမူတွင် မဝိုင်ဆရာတော်ကိုပင့်၍ ဆွေးနွေးသည့်အကြောင်းမပါ။
၂။ မြန်မာမူတွင် ဝန်မြို့ကို ပန်စားမည်ဟုလာ၏။
၃။ မြန်မာမူတွင် မြို့သားရွာသားများ ရွှေ ငွေဆက်သည်ဟု မပါရှိ။
၄။ မြန်မာမူတွင် မြို့ဝမ်းဟု ဆို၏။

www.burmeseclassic.com

www.burmeseclassic.com

များမကြာမီ ဗညားနွဲ့သည် ဒဂုန်မြို့ကို လှည့်လည်ကြည့်ရှုသည်။ မြို့၊ ပြကျွဲ၊ မြောင်း မကောင်းသည်များကို ပြုပြင်စေသည်။ ခံတပ်များ၊ ပြအိုး တံခါးများကို ခိုင်ခံ့အောင် စီမံစေသည်။

ယင်းသို့ ဗညားနွဲ့သည် မြို့လှည့်စဉ် ကြေညာမောင်းခတ်စေသည်မှာ "ဒဂုန်မြို့သူ၊မြို့သားများကို မည်သူတစ်ဦးတစ်ယောက်ကမျှ ဘေးအန္တရာယ် မပြုရ။ ချည်တစ်မျှင်ကိုသော်လည်းကောင်း၊ အပ်တစ်ချောင်းကိုသော်လည်းကောင်း လုယူဖွယ်ရာ အကြောင်း မရှိစေရ။ အကယ်၍ ပြုလုပ်ပါက ကြီးလေးသောအပြစ်ဒဏ်ပေးမည်"[၁]ဟူ၍ ဖြစ်သည်။

မြို့လှည့်ရာမှ အိမ်ပြန်ရောက်သော် ဗညားနွဲ့အား သုခမိန်ကုတ္တြပသုံဓမိတ်သည် ကြာပန်းတစ်စည်းကို လာဆက်သည်။ မင်းကန်စီမြင်လျှင် ရုတ်ခြည်းထကာ ခြေနှစ်ဖက် စလုံးခါသည်။

"ပသို့ကြောင့် အစ်ကိုခြေခါသနည်း"ဟု ဗညားနွဲ့မေး၏။

"ကြာပန်းသည် မွန်ဘာသာ "ဒကဟ်"ဖြစ်၍ တနလံ်နံ့၊ ပဲခူးမြို့သည်လည်း တနလံ်နံ့၊ ပဲခူးမြို့ကို အရှင့်သားတော် အလွယ်တကူ ရမည့်နိမိတ်ဖြစ်သည်။ သုံဓမိတ် ဇာတ်[၂]တွင် ကြာပန်းသည် ဘုရားလောင်း၏ အရိပ် နိမိတ် ဖြစ်ခဲ့ဖူးသည်။ ထို့ကြောင့် သုံဓမိတ်သည် တက္ကသိုလ်ပြည်၌ မင်းဖြစ်ရပြီး သုခစံစားရသည်။ ဗောဓိသတ္တဘုရားလောင်းတို့၏ ပြဓေါ[၃] ထုံးတမ်းစဉ်လာမှာ ပါရမီဖြည့်စဉ်က ဒုက္ခ၌ အလျင်တည်ပါသည်။ နောင်သော် သရဖေဇောဏ်[၄] ရပြီး တရားဟောရသည်။ သီဒွတ္ထ မင်းသားသည်လည်း တောထွက်၍ ဒုက္ခ၌ အလျင်တည်ပါသည်။ နောင် ပါရမီတော်ကြောင့် ၃၁-ဘုံသားတို့၏ ဘုရားရှင်ဖြစ်ရပြီး သုခ၌သာ ရှေ့ဆက်ပြီး တည်ရတော့သည် မဟုတ်လော"[၅]

ဟု ကြာပန်းနိမိတ်ကို မင်းကန်စီ ဖြေကြားပေးသည်ကို ကြားရလျှင် ဗညားနွဲ့သည် လွန်စွာ သဘောကျဝမ်းမြောက်လှသည်။

ယင်းသို့ နေခဲ့ပြန်ရာက မာမတ် (ကွာမာတ်) ရွာသား ငါးယောက်တို့သည် ဗညားနွဲ့ထံ လာရောက်၍ အမှုထမ်းလိုကြောင်း လျှောက်ထားကြသည်။

၁။ မြန်မာမူများ၌ ဖော်ပြခြင်းမရှိ။

၂။ မွန်ဘာသာတွင် သုံကမိတ်ဇာတ်။ မြန်မာဘာသာတွင် သုမ္မမိတ္တဇာတ်ကို ဆိုလိုဟန်တူသည်။ ၅၅၀-ဇာတ်စာရင်း၀င် မဟုတ်သော်လည်း လူသိများသည်။

၃။ ပါဠို-ပဓေါ (အစဉ်အလာ) သက္ကတသက်မွန်။

၄။ ဇာတိသရဘဉာဏ်ကို ဆိုလိုဟန် တူသည်။

၅။ ကြာပန်းနိမိတ် မြန်မာမူ၌မပါရှိ။

www.burmeseclassic.com

www.burmeseclassic.com

ဒင်းတို့၏ အမည်များမှာ မင်းစိန် (မင်စိုင်)[၁]၊ မင်းဒေဝ[၂]၊ မင်းဒေဝေတ်၊ မင်းရဲတေနာ (မင်ရဲတေနာ)၊ မဖင်း(မဖေန်) ဟူ၍ ဖြစ်သည်။

ဒင်းတို့ငါးဦးအား ဗညားနွဲ့သစ္စာပြုစေပြီးနောက် "မင်းတို့ငါးဦးကို ပဲခူးသို့ သူလျှိုအဖြစ် ငါလွှတ်မည်။ ပဲခူးသားအဖြစ် မင်းတို့ဟန်ဆောင်သွားရမည်။ ငါ့ကျွန်ရင်းတွေကို စေလွှတ်လျှင် သူတို့သိလိမ့်မည်။ မင်းတို့ကို သူတို့သိမည်မဟုတ်။ ပဲခူးတွင် သူတို့၏ အစီအစဉ်၊ အကြံအစည်၊ စကားစမြည်ဟူသမျှ၊ အမှုကိစ္စအားလုံး၊ အကျိုးအကြောင်းအလုံးစုံ ရသမျှသတင်းများကို ငါ့ထံပို့ရမည်။ မင်းတို့အချင်းချင်းကော သစ္စာရှိ၍ ညီညွတ်ကြ၏လော"ဟု ဗညားနွဲ့မေး၏။

ထိုအခါ မင်းရဲတေနာက "ကျွန်ုပ်တို့အချင်းချင်း ညီညွတ်ပါသည်။ ကျွန်ုပ်တို့သည် နွားတစ်ကောင်သတ်စား၍ အချင်းချင်းသွေးသောက်ပြီး သစ္စာပြုခဲ့ကြပါသည်။ ထိုနေရာကို မင်းရဲဒလောစရွာ[၃]ဟုပင် ခေါ်ပါသည်။ ကျွန်ုပ်တို့ကို အရှင့်သား စိတ်ချယုံကြည်ပါ။ အရှင့်သားပေးသည့် တာဝန်ကို အောင်မြင်အောင် ထမ်းဆောင်ပါမည်"ဟု ဆိုသဖြင့် ဒင်းတို့အား ဆုလာဘ်များပေးပြီး ပဲခူးသို့စေလွှတ်လိုက်သည်။

ထို့နောက် ဗညားနွဲ့သည် မင်းကန်စီနှင့်တိုင်ပင်သည်။ "ငါ့နောင်တော်ဒလစား မညီကံကောင်းသည် ငါ့အားပဋိညာဉ်ပြုထားသည် မဟုတ်လော။ ဒဂုန်သို့ ငါတို့ရောက်လျှင် ရှေ့ဆက်လုပ်ရန် သူကတာဝန်ယူမည်ဟုဆိုထားသည်။ ယခု ငါတို့ဒဂုန်သို့ချီခဲ့ပြီ။ နောင်တော်အား အကျိုးအကြောင်းသိစေရန်နှင့် သူ၏သဘောထားကိုလည်း ငါတို့သိရအောင် သူ့ထံစာဖြင့် ကြားသိစေလိုပါသည်"ဟု ဗညားနွဲ့ဆိုလျှင် "မင်းသားဆိုသည့်စကား သင့်လှပါသည်"ဟု မင်းကန်စီလျှောက်၏။

"ဤသို့ဆိုလျှင် စာစီသူစာရေး – မသင်ကိုမခေါ်ပြီး စာရေးပါ။ စာကို သင့်အောင် အစ်ကိုပြင်ပါ"ဟု မင်းကန်စီအား ဗညားနွဲ့တာဝန်ပေး၏။ စာကား–

> "ကျွန်ုပ် ဆင်ဖြူရှင်သားတော် ဗညားနွဲ့က – စာအားဖြင့် နောင်တော်ဒလမင်း၊ မညီကံကောင်းထံသို့သိစေရန် ကြားရောက်အပ်သည်။ ပဲခူးမှာ ကျွန်ုပ် ဆင်းရဲငြိုငြင်လှသည်။ ကျပ်တည်းကျဉ်းကျပ်လှချေသည်။ ကျေးဇူးရှင် အရီးတော် မဟာဒေဝီနှင့် ယောက်ဖတော် သမိန်မရူးတို့လည်း တစ်စိတ်တစ်ဝမ်း၊ တစ်နလုံးတည်း ညီကြသည်။

၁။ ပန်ပဲထောဟူ၍ မြန်မာမူ၌လာ၏။ အမည်ကွဲလွဲချက်ဖြစ်သည်။

၂။ ပမာဒဟူ၍ မြန်မာမူ၌လာ၏။ အမည်ကွဲလွဲချက်ဖြစ်သည်။

၃။ မင်းရဲဂွစ (မင်းရဲနွားစားရွာ)။ ပုဂံခေတ် ရှေးမွန်တွင်နွားကို ဇွောဝ်ဟုရေး၏။ (ဇွောဝ် – ဇလောဝ် – ဒလော – ဂလော – ဂွ – ဟူ၍ ပြောင်းလာသည်။)

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ပ်နှင့် ညီငယ်ဘောင်မုန်တို့ကို ဘေးအန္တရာယ်ပြုရန်လည်းကောင်း၊ သတ်ရန်လည်းကောင်း သူတို့ ကြံစည်အားထုတ်နေပါသည်။ ဤအကြောင်းကို နောင်တော် မညီက်ကောင်း သိပြီးဖြစ်ပါသည်။ ယခင်ကလည်း ကျွန်ပ်ကို နောင်တော် သတိပေးခဲ့ပြီးပြီ။ ဒဂုန်သို့ခွာရန် တိုက်တွန်းခဲ့ဖူးသည်။ ယခု ညီဖြစ်သူ ကျွန်ပ်မှာ ဒဂုန်မြို့၌ ရောက်ရှိနေပါပြီ။ ကျွန်ပ်သည် သမိန်မရူးကို တော်လှန်ရန်ကြံပါသည်။ ကျွန်ပ်ကို နောင်တော် အထူးသနားပါ။ ကြည့်ရှုပါ။ ကူညီစောင့်ရှောက်ပါ။ ဤ အကြိမ်တွင် ဝိုင်းဝန်းအားထုတ် ပေးပါ။ နောင်အခါလည်း ကျွန်ပ်နှင့် နောင်တော်ချစ်တို့ ဆိုးတူကောင်းဖက် အစဉ်သဖြင့် တစ်ဦးကိုတစ်ဦး ကူညီကြစေလိုပါသည်။ ယခုအခါ ခမည်းတော် ဆင်ဖြူရှင်လည်း အနာသည်းလှသည်။ ခမည်းတော် နတ်ရွာလားတော်မူခဲ့သော် သမိန်မရူးကို ထီးနန်းအပ်နှင်းမည်ဟု အရီးတော်ကြံသည်။ တစ်ကြိမ်လည်း ချောင်းဖျားမှာ သင်္ကြန်ပွဲစားကြစဉ် မရူးသည် သရက်သီးစားပြီး သရက်စေ့နှင့် မဟာဒေဝီကိုပစ်သည်။ နောင်တော်မြင်၍ ကျွန်ပ်ကို ပြောသည်မဟုတ်လော။ တစ်ကြိမ်ကလည်း မိုးဒလ (မဟ်ဒလ)[1]မှာ ညောင်ရေသွန်းပွဲတွင် မဟာဒေဝီက ကွမ်းသီးစိမ်းအသားကိုယူပြီးလျှင် ထုံးအပြည့်ထည့်၍ ခြင်္သေ့ခံသော ရွှေကွမ်းခွက်နှင့် မရူးကိုပေးသည်။ မရူးစား၍ ထုံးပေါက်သည်ကို မဟာဒေဝီပြုံးသည်။ ငါ့အစ်မ တလမေသီရီလည်းမြင်သည်။ ငါ့မယား တလမေဒေါလည်း မြင်သည်။ နောင်တော်လည်း မြင်သည်။ ကျွန်ပ်လည်း မြင်သည်။ ငါတို့ မင်းညီနောင်ရှိပါလျက်ကို မျှမညှာပါလေ။ မရှက်ကြပါလေ။ ယောကျ္ဃမနှင့် သမက်၊ ယင်းသို့ပြုရာသလော။ ကျွန်ပ် အသက်မျှရှင်စေတော့ဟု ဒဂုန်သို့ရောင်ကြဉ်ခဲ့သည်။ အသက်ကြွင်းမှ နောင်တော်ချစ်ကို ပူးတွေ့ရတော့မည်ဖြစ်ကြောင်း ယုတ္တိအမှန်ကို နောင်တော်ထံသို့ စာအားဖြင့် ကြားရောက်အပ်ပါသည်။”

ယင်းစာနှင့်အတူ လက်ဆောင်ပဏ္ဏာပစ္စည်းများစွာကို ဒလစားမညီက်ကောင်းထံသို့ ပို့ဆက်စေသည်။ မညီက်ကောင်းလည်း ဗညားနွဲ့၏ စာကိုရလျှင် လွန်စွာဝမ်းမြောက်၍ လက်ရုံးတန်းသည်။

“ငါတို့အကြံအောင်ပြီ။ ငါကြံထားသည့်အတိုင်း ပြည့်စုံပြီ။ ဗညားနွဲ့သည် ကေရာဇ်သားပီသလှသည်။ ညီတော်နှင့်ငါလည်း သွေးသစ္စာသောက်ခဲ့သည်မှာ ၇-ကြိမ်ရှိပြီ။ ငါတို့အောင်ရမည်။ သမိန်လောက်ဖြား (သို့လိုက်ဖြာ)မှာ အရီးတော်နှင့်

၁။ ဒလစွန်း။ ထိုခေတ်က ဒလမြို့သည် ယခုတွံတေးမြို့ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

ညီညွတ်သည်။ သူ့ကို အရိုးတော်ကခေါ်၍ မြို့ပြုပြင်စေသည်။ အမတ်ကြီး သမိန်ဇိပ်ဖြူမူကား ဗညားနွဲ့နှင့်ညီညွတ်သည်ကို ငါသိသည်"ဟု မညီကံကောင်းဆို၏။

ဗညားနွဲ့စေလွှတ်သော တမန်သည် မညီကံကောင်းထံသို့ စာပို့ပြီးပြန်ရောက်လျှင် မညီကံကောင်း၏ အမှာစကားများကို တင်လျှောက်၏။ ဗညားနွဲ့လည်း မညီကံကောင်း၏ဆိုစကားကို မင်းကန်စီအားမေးပြန်သည်။

"အရှင့်သားတော် အလိုအတိုင်း ပြည့်စုံပါသည်။ စိုးရိမ်ကြောင့်ကြတော်မူရန် အကြောင်းမရှိပြီ။ ကျွန်ုပ်တို့အောင်ရမည်"ဟု လျှောက်၏။

ထို့နောက် ဗညားနွဲ့သည် မင်းကန်စီကိုခေါ်ပြီး မြို့လှည့်ပြန်သည်။ မခိုင်သည့် မြို့ပြလက်ရန်းများကို ပြုပြင်စေသည်။ "မဟာဒေဝီ၏ခြံနှင့် အထိန်းတော် မွေ့အဲလော (မွေ့အဲလ)၏ ခြံတို့ကို ဟင်းရွက်တစ်ချက်၊ ဖောင်ရိုးတစ်ချောင်းမျှ မချိုးမဖျက်ရ"ဟု ဗညားနွဲ့အမိန့်ထုတ်သည်။

ထိုမှ မင်္ဂလာအိမ်တော်(သို့မှု) တစ်ဆောင် တည်ဆောက်မည့်နေရာကို လိုက်ကြည့်သည်။ ကျိုက်အသုတ် (ကျောက်အသုက်) ဘုရားသို့ရောက်လျှင် မဝိုင်ဆရာတော်ကိုပူး၍ တိုင်ပင်၏။ "ပဇာအရပ်တွင် မင်္ဂလာအိမ်တော်ကို တည်ဆောက်သင့်ပါသနည်း"ဟု ဗညားနွဲ့မေးသည်။ မဝိုင်ဆရာတော်နှင့် မင်းကန်စီတို့ တိုင်ပင်ကြပြီးလျှင် မင်းကန်စီက–

"အသုတ်ဘုရားနှင့် တည့်တည့်တွင် ထူးဆန်းသောဘုရား[၂]တစ်ဆူရှိသည်။ အသုတ်ဘုရားနှင့် ထို (ပါရမီ) ဘုရားအကြားတွင် တည်ဆောက်သင့်ပါသည်။ အသုတ်ဘုရားဟူသည် သောကြာနံ၊ အရှင့်သားသည် ကြာသပတေး[၃]နံ၊ ဓာတ်တော်ဘုရားအနီးရှိ ကြာပဒုမ္မာကန် (ကွိက်ဒက်)သည် တနလ်ာနံ၊ ပေါက္ခရဝတီမည်သော ဒဂုန်မြို့သည် စနေနံ၊ မြတ်စွာဘုရားဓာတ်တော်အစုံ ကိန်းဝပ်ရာ သိဂုံတွင်ရကုန်းသည် သဗ္ဗမင်္ဂလာဖြစ်သည်။ အသုတ်ဘုရားတွင် တြိကိန်းရသည်။ ဤနေရာတွင် အိမ်တော်ဆောက်ပါက ပါရမီပြည့်မည်။ ရန်သူအပေါင်းကို ဇေယျတုအောင်မြင်မည်"ဟု တင်လျှောက်သည်။

ဗညားနွဲ့လည်း မဝိုင်ဆရာတော်နှင့် မင်းကန်စီတို့၏ အကြံပေးချက်ကို သဘောတူလက်ခံပြီး ဗိသုကာကြီး မမွေးကလော (မမဲက့်) အား ယာယီတဲနန်း (မင်္ဂလာအိမ်တော်)ကို တည်ဆောက်ရန်ကိစ္စတွင် တာဝန်ခံအကြီးအမှူးအဖြစ် ခန့်ထားလိုက်သည်။

၁၊ မြန်မာမှုတွင် – တိုင်ပင်ပွဲရုံဟုဆိုသည်။
၂။ ၎င်း – ပါရမီဘုရားဟုလာ၏။
၃။ ၎င်း – သောကြာသားဟုလာ၏။

www.burmeseclassic.com

www.burmeseclassic.com

မမွေးကလောကို သမိန်ဗဂိုး[၁] (သိုင်ဗဂေါ)ဟူသောဘွဲ့ဖြင့် ချီးမြှင့်လိုက်သည်။ အိမ်သို့ပြန်ရောက်လျှင် မအိုင်လွတ် (မအေင်လတ်)[၂]ကို တံခါးမှူးအဖြစ်ခန့်၍ လူသူ အဝင်အထွက်ကို စီစစ်ရန် စောင့်စေသည်။ သီနရာဇကိုလည်း သန်လျင်မြို့ကို စားစေမည်ဟု မိန့်၏။

မင်းရဲကလော၊ မင်းဒေဝ၊ မဖောင်သတ္တမတ် (မဖင်သတ္တမတ်)နှင့် မမော့ (မမအ်)တို့ လေးယောက်တို့ကို ပဲခူးခရိုင်ဦး၌ လူသူများကိုစောင့်ကြည့်စေသည်။

ထို့နောက် ဘောဉ္ဇူ (ဘဝ်ဥ္ဇူ)နှင့် မော်ဒေါ (မှဝ်ဒ)[၃]တို့က ဗညားနွဲ့ထံလာကာ–

"ကျွန်တော်မျိုးတို့ဆင်များကို မြို့တွင်း၌ ကျွေးမွေးသည်မှာ အသားမဖြစ်၊ မဝမဖြိုး၊ ရေတွေခန်းခြောက်လှသည်။ မြက်တွေပါး၍ တုံးလာသဖြင့် မြို့ပြင်ဘက်၊ မြောက်ခွင်တောသို့ ထုတ်ကျွေးလိုပါသည်။ ဤဆင်များသည် မြောက်ခွင်တောမှ ဆင်များဖြစ်သဖြင့် မြောက်ခွင်တောသို့ အာရုံမူစေမှ အသားဖြစ်၍ ဝဖြိုးလာမည်"ဟူ၍ လျှောက်တင်ကြသည်။

ဘောဉ္ဇူနှင့် မော်ဒေါတို့ကို ဆင်ကဲ မမွန်လောက် လက်အောက်တွင် ထားလိုက်သည်။ "ဆင်များကို နံနက် မြို့ပြင်ထုတ်၍ ကျွေးမွေးပါစေ။ သို့သော် ညနေကျလျှင် မြို့တွင်း၌သာ ထားရမည်"ဟု ဗညားနွဲ့ မိန့်သည်။

မကြာမီ ဗညားနွဲ့သည် ဆင်များကိုကြည့်ကာ "ငါ့ဆင်တွေ ဇော့်မည်လော" ဟု မေးသည်။ "ခြောက်တောင် ဆင်မုန်နှင့်ကိုသော်လည်း အရှင့်ဆင်တွေဇော့်နိုင်ပါသည်" ဟု ဆင်ကဲဖြေလျှင် ဗညားနွဲ့သည် လွန်စွာဝမ်းမြောက်အားရတော်မူ၏။

ယင်းသို့နေခဲ့ရာ ဗညားနွဲ့က – "ယာယီတဲနန်း[၄] (မင်္ဂလာအိမ်တော်) ဆောက်လုပ်ရန် ပစ္စည်းတွေစုံပြီလော"ဟု မေး၏။ "အားလုံး စုံလင်ပြီ"ဟု မင်းကန်စီ တင်လျှောက်၏။

ဗညားနွဲ့လည်း မည်သည့်နေ့ရက် အချိန်အခါ သမယတွင် တဲနန်းကို တည်သင့်ကြောင်း သဃ်ရာဇာ မဝိုင်ဆရာတော်နှင့် မင်းကန်စီတို့အား မေးပြန်၏။ ဆရာတော်နှင့် မင်းကန်စီတို့က နေ့ကောင်းရက်ကောင်းကို ရွေးပေးသည်။

သဗ္ဗမင်္ဂလာဆိုင်ရာ ပစ္စည်းများ စုံလင်အောင် စုဆောင်းစေပြီးလျှင် ၎င်းနေ့မွန်းလွဲပိုင်းတွင် မင်္ဂလာတဲနန်း တည်သည့်နေရာကို ဂါထာမန္တန်မန်းမှုတ်ထားသော ပရိတ်ရေဖြင့် ဗညားနွဲ့ကိုယ်တိုင် သွန်းတော်မူ၏။

၁။ မြန်မာပေမူတွင် – သမိန်ဗဂိုးဟုဆို၏။
၂။ ၎င်း – ဇောကနဲဟုဆို၏။
၃။ ၎င်း – ဆင်ကဲဗမူလောက် လျှောက်သည်ဟုလာ၏။
၄။ ၎င်း – တိုင်ပင်ပွဲရုံဟု ဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com

ယာယီတဲနန်းကို ဆောက်လုပ်ပြီး၍ အိမ်တက်မင်္ဂလာပြုသောနေ့တွင် သုခမိန်ကြတြပ သုံခမိတ်သည် ဂမုန်းအင်းပန်း[၁] ၇-ဆုပ်ဖြင့်ဗညားနွဲ့အား ဆက်သည်။ ဂမုန်းပန်းကို မင်းကန်စိမြင်လျှင် ပြုံး၏။ "ဘယ်သို့မြင်၍ အစ်ကိုပြုံးသနည်း" ဟု ဗညားနွဲ့ မေး၏။

"ကြတြပသုံခမိတ် ယခုဆက်သော ဂမုန်းပန်းသည် သုတကျက်သရေ၊ ကောင်းသော မင်္ဂလာဖြစ်သည်။ မြင့်မြတ်သော သုခချမ်းသာခြင်း နိမိတ်ဖြစ်သည်။ ကိန်းခန်းကျမ်းတွင် ဂမုန်းပန်းသည် တနလ်ံနံ့ဖြစ်သည်။ ဒဂုန်မြို့သည်လည်း တနလ်ံနံ့ဖြစ်သည်။ ငါတို့ အချင်းချင်း စိတ်ဘဝင်ချင်းလည်း တူညီကြသည်။ သုခမိန် ကြတြပသုံခမိတ်သည် ခပ်သိမ်းသော လူသူတို့အား တရားတော်ကို ဟောကြားပေးသူဖြစ်သည်။ ထို့ကြောင့် ပဲခူးကို အရှင်သားတော် တရားနှင့်အညီ ရမည့်နိမိတ်ဖြစ်သည်ကိုမြင်၍ ပြုံးခြင်းဖြစ်ပါသည်"ဟု မင်းကန်စိလျှောက်၏။ "အစ်ကိုယူသည့် အဓိပ္ပာယ်မှန်လှ၏"ဟု ဗညားနွဲ့သည် ပြုံး၍ဆို၏။

ထို့နောက် ဘောသံကေးလာ၍ ရွှေနှစ်ပိဿာ ဆက်ပြန်သည်။

"ကျွန်တော်မျိုး ယခင်က ရွှေဆက်ခဲ့သည်မှာ ဝန်မြို့ကို ပုန်စားရန်ဖြစ်ပါသည်။ ယခုဆက်သောရွှေမှာ မုတ္တမမြို့ကိုစားလို၍ ဖြစ်ပါသည်။ ဤမြို့ နှစ်မြို့စလုံးကို စားလိုပါသည်"ဟု ဘောသံကေးခေါ် မသံကေးလျှောက်လျှင် ဗညားနွဲ့ ရယ်တော်မူ၏။ မသံကေးကို ကျီစယ်၍ ဆို၏။

"ဟံသာဝတီကို ငါအလိုတော်ပြည့်လျှင် မင်းစိတ်တိုင်းကျ ဝန်မြို့ကို စားရစိမ့်မည်။ မုတ္တမလပ်သော် မုတ္တမကိုလည်း စားရစိမ့်မည်"ဟု မိန့်တော်မူ၏။ "ဘုရားမြတ်စွာ၏ စကား၊ မင်းကောဇ်၏စကားဟူသည် ဧကဝစနံသာ၊ ဒွေဝစနံမဖြစ်၊ အရှင်သား၏ မိန့်ခွန်းကို ကျွန်ုပ်ဦးထိပ်ပန်ပါသည်"ဟု မသံကေးဆိုပြီး ထ ကန်၏။

"ဝန်မြို့ကိုပေးသော် ဝန်မြို့ကိုစားမည်။ မုတ္တမမြို့လပ်သော် မုတ္တမကို မပေးသော် ဝန်မြို့မှနေ၍ ကျွန်ုပ်ပုန်စားမည်။ အမှုးအမတ်များ မှတ်ပါကုန်"ဟု မသံကေးလျှောက်ပြန်လျှင် ဗညားနွဲ့သည် ဟက်ဟက်ပက်ပက် ရယ်တော်မူ၏။

ထို့နောက် ဗညားနွဲ့သည် ညအချိန်ထွက်၍ မြို့ပြလှည့်သောအခါ မသွတ်တွမ် (မသတ်တမ်)သည် မြို့ပြင်တောရွာမှ စုရုံးခဲ့သော လူငါးရာကိုဆက်၏။ ဗညားနွဲ့လည်း မဟာဒေဝီတိုက်မှ ပုဆိုးအထည်ငါးရာ ထုတ်စေပြီး ၎င်းလူငါးရာအား အဝတ်ဝေ၏။

၁။ မြန်မာပေမူတွင် - တနလ်ံနံ့ပန်း ၇-ပွင့်အသီး-ဟုလာ၏။
မြန်မာလက်ရေးမူဟောင်းတစ်ခုတွင်-တနလ်ံနံ့ ပန်းကုံးသီ-ဟုလာ၏။
မွန်ဘာသာတွင် ပ္လ ခမုင်၊ ပ္လ ဒမုင်အင်-၇-ဆုပ်-ဟုလာ၏။

၂။ ဒုန်ဝန်းမြို့ဖြစ်သည်။ ဂဝန်ကျောက်မြို့ဟု အနက်ရှိသည်။ (မွန် = ဥင်ဝါန်)

www.burmeseclassic.com

www.burmeseclassic.com

မသံကေးဆက်သော ရွှေနှစ်ပိသာကိုလည်း သုံးစွဲရန် ဝေပေးစေ၏။ "မင်းတို့ ငါ့အမှုကို ထမ်းဆောင်ရာ၌ မပေါ့လျော့ပါလေနှင့်။ မြို့ရွာက လူတွေထံမှ လုစားယက်စား ခြင်း၊ အနိုင်အထက် မပြုနှင့်။ ဟင်းရွက်တစ်အိုးချက်၊ ငါးကလေးတစ်ကောင်မျှပင် မယူရ။ အကယ်၍ ငါ့အမိန့်ကို ဖောက်ဖျက်သူ၊ မနာခံသူပေါ်ပေါက်ပါက ကြီးလေးသော အပြစ်ဒဏ်ပေးမည်"ဟု ဗညားနွဲ့ မိန့်ကြားပြီးလျှင် လူငါးရာတို့ကို ပဲခူးလေ့လမ်း၌ စောင့်ကြပ်နေရန် တာဝန်ပေးလိုက်၏။

နောက်တစ်နေ့နံနက်မိုးသောက်လျှင် ဗညားနွဲ့သည် ဒဂုန်မြို့ပြင်ထွက်၍ ၁၅-ဧကခန့် အကွာတွင်ရှိသော မုနိုက် (မုဟ်နာက်) ဓာတ်တော်ဘုရား[၂]သို့ သွားရောက် ပူးမြော်၏။

အပြန်လမ်းတွင် မိန်းမလှ မိန်းမချောတစ်ယောက်ကိုမြင်၏။ မွေမနိုတ်[၃] (မွှောမှိုက်)ဟုခေါ်၏။ ဆီသည်မ ဖြစ်သည်။ ဆီရောင်းရာ၌ သီချင်းလက်ဖြင့်ဆို၍ ရောင်းသည်။ ရုပ်ရည်ရွှေပကာ အလွန်ကောင်း၍ ကျက်သရေမင်္ဂလာတို့နှင့် ပြည့်စုံသည်။ အလွန်ချစ်ဖွယ်ကောင်းသည်။

သို့သော် အပျိုကားမဟုတ်။ မချုပ်စွပ် (မချုပ်စိုပ်)ခေါ် မအောင်စွပ် (မအံင်စိုပ်)၏ ချစ်မယားဖြစ်သည်။ မွေမနိုတ်ကို ဗညားနွဲ့မြင်လျှင် စိတ်မထိန်းနိုင်အောင် ကြိုက်နှစ်သက် သဖြင့် "ပဇာမိန်းမနည်း"ဟု မေးလေ၏။

"အရှင့်သား၏ ကျွန်- မချုပ်စွပ်[၄]၏ မယားဖြစ်ပါသည်"ဟု ဆိုကြ၏။

မချုပ်စွပ်ကလည်း "ကျွန်ုပ်မယား ဖြစ်ပါသည်"ဟု ဆို၏။ ဗညားနွဲ့လည်း မွေမနိုတ်ကို ဒဂုန်မြို့တွင်းသို့ ခေါ်ဆောင်သည်။ လင်ဖြစ်သူ မချုပ်စွပ်မှာ-

"ငါ့မယားကို ဗညားနွဲ့ကြည့်ဟန်မေးဟန်မကောင်း။ ကြိုက်သည်ဖြစ်တော့မည်" ဟု စဉ်းစားကာ ကြောက်ရွံ့လာပြီး ပဲခူးသို့ထွက်ပြေးတော့သည်။

ဗညားနွဲ့လည်း ဆီသည် မွေမနိုတ်ကို အလွန်ချစ်မြတ်နိုး၍ ဒဂုန်သို့ရောက်လျှင် မယားအဖြစ် ကောက်ယူတော့သည်။

မွေမနိုတ်၏လင် မချုပ်စွပ်သည် ပဲခူးသို့ရောက်လျှင် မဟာဒေဝီထံသို့ဝင်ကာ ဒဂုန်၌ ဗညားနွဲ့ပုန်စားကြောင်းကို တင်လျှောက်၏။ မဟာဒေဝီလည်း မိမင်းနွေးလွတ် (မိမင်နဲလတ်)ကိုစေ၍ သမိန်မရူးအား ရှာခိုင်းသည်။ သမိန်မရူးရောက်လျှင် ဒဂုန်၌ ဗညားနွဲ့ပုန်စားကြောင်းနှင့် မွေမနိုတ်ကို မယားပြုသည်အထိ ပြောပြစေ၏။

၁။ မြန်မာပေမူတွင် - တိဂုံဆံတော်ဘုရားဟုဆိုသည်။ မုဟ်နာ= နဂါးစွန်း။

၂။ မယ်ပတ္တမြားဟု အနက်ရှိသည်။ ပန်းသည်မဟုတ်။ ဆီသည်ဖြစ်သည်။ မြန်မာမူတွင် ပန်းသည်ဟုဆို၏။

၃။ မြန်မာပေမူတွင် ရခိုင်စာရေး မပည့်ငယ်၊ ငပဲငယ်-ဟုလာ၏။

www.burmeseclassic.com

www.burmeseclassic.com

သမိန်မရူးနားထောင်ပြီးလျှင် မဟာဒေဝီနှင့်အတူ သူ့ရှင် ဗညားဦးထံဝင်ရောက်ကြ၏။ ထိုအခါ မဟာဒေဝီ ငိုချဆို၏။

"အပသုံငယ် ဒဂုန်၌ ပုန်စားနေသည်။ အစ်မတော်၏ ကျွန်ရင်းနှစ်ကျိပ်ကိုသတ်ပြီး ရွှေငွေများယူသည်။ အစ်မတော်၏ ဘဏ္ဍာတိုက်မှ ရွှေငွေနှင့် ပုဆိုးအဝတ်များအားလုံး ထုတ်ယူလိုက်ပြီ။ မသံကေးထံမှ ရွှေရ၍ ဝန်မြို့နှင့် မုတ္တမမြို့ကို စားစေမည်ဆိုသည်။ စာရေး မချုပ်စွပ်၏ မယား– မွေမနိတ်အားလည်း ယူ၍ မယားပြုသည်မှာ ခမည်းတော်၏ မျက်နှာကိုမျှမထောက်။ တလမေဒေါနှင့် သားငယ် ဘောလောကျန်းဒေါတို့ကို သတိမရ။ ဤမျှ ဗညားနှဲ့ ပြုရက်သည်မှာ သေးငယ်သည့်အရာမဟုတ်ပြီ။ ဤအကြောင်းကို မွေမနိတ်လင် မချုပ်စွပ်သည် သေဘေးမလွတ်အောင် ပြေးလာ၍ သိရသည်"

မဟာဒေဝီ၏ စကားကိုကြားလျှင် ဆင်ဖြူရှင် ဗညားဦးက–

"ငါနာချေသောကြောင့် မထီမဲ့မြင် ပြုရလေသည်။ ငါ့အနာလည်း သည်းလှသဖြင့် ဤကိစ္စကို ငါမဆွေးနွေးနိုင်။ အစ်မတော် သဘောအတိုင်း ကြံစည်ပါ။ ငါ့သမီး တလမေဒေါကိုခေါ်ပါ"ဟုဆို၍ တလမေဒေါရောက်လျှင် "အပသုံမင်းပြုလျှင် ငချုပ်စွပ်၏မယား၊ ဆီသည်မ မွေမနိတ်ကို မိဖုရားမြှောက်မည်ဆိုသည်။ ညည်းစိတ်မည်သို့ရှိသနည်း"ဟု သူ့ရှင်မေးတော်မူ၏။

"သူ့ကိုယ်ကိုသူ ယောကျ်ားဟုဆိုပြီး ပြုချင်သလိုပြုနေသည်။ သူ့စရိုက်ကို သမီးတော်မကြိုက်၍ သူ့နောက်သို့မလိုက်ဘဲ နေပါသည်"ဟု တလမေဒေါဆို၏။

"ငါ့ကိုယ်လည်း မကျန်းတော့၍ ငါ့ကိုယ်စား အစ်မတော် မဟာဒေဝီက မှူးမတ်သေနာပတိများနှင့် ဆွေးနွေးပြီး စီစဉ်လေ"ဟု ဗညားဦး ဆိုသဖြင့် မဟာဒေဝီသည် သမိန်ဇိပ်ဗြဲနှင့် မှူးမတ်သေနာပတိများကို ဆင့်ခေါ်လိုက်သည်။

အမတ်ကြီး သမိန်ဇိပ်ဗြဲနှင့် မှူးမတ်သေနာပတိများ စုံလင်သည့်အခါ မဟာဒေဝီက–

"ယခု ဆင်ဖြူရှင် အနာသည်း၍ ငါ့ကိုလွှဲအပ်သည်။ မှူးမတ် သေနာပတိများကို ခေါ်ရခြင်းမှာ ဒဂုန်၌ ပုန်စားသည့် ဗညားနှဲ့.ကိစ္စတွင် မည်သို့ အရေးယူဆောင်ရွက်ရမည်ကို ဆွေးနွေးလိုခြင်း ဖြစ်ပါသည်"ဟု မိန့်၏။

မှူးမတ်သေနာပတိများက "ယခုအခါ အမတ်ကြီး သမိန်ဇိပ်ဗြဲမှာ အကြီးအကဲဖြစ်ပါသည်။ အမတ်ကြီး သမိန်ဇိပ်ဗြဲသာ ဆင်ဖြူရှင်ကိုယ်စား ဖြစ်တော်မူသည်။ အစ်မတော် မဟာဒေဝီ၏စကားနှင့် အမတ်ကြီးသမိန်ဇိပ်ဗြဲ၏ စကားအလိုအမိန့်ကို ကျွန်ုပ်တို့ မှူးမတ်သေနာပတိများက ဖီဆန်ကြမည်မဟုတ်ပါ"ဟု ဆိုကြလျှင် မဟာဒေဝီက "အမတ်ကြီး သမိန်ဇိပ်ဗြဲစိတ်တွင် ပသို့နည်း"ဟု မေး၏။

သမိန်ဇိပ်ဗြဲလည်း ဗညားနှဲ့.အကျိုးကိုလို၍ အရေးရှည်လေ့ရှောင် အလိမ္မာသုံးကာ–

www.burmeseclassic.com

www.burmeseclassic.com

"ဗညားနွဲ့သည် ဒဂုန်သို့ ထွက်ခွာရုံသာ ရှိသေးသည်။ အရာမရောက်သေးပါ။ ဤမျှ အရေးကိစ္စငယ်ကို စစ်မက်အမြင်ဖြင့် စစ်တပ်ကြီး ချီစေရန် မသင့်သေးပါ။ ယခု မိုးလည်းကျခဲ့ပြီ။ လယ်ယာအလုပ်အကိုင်များ ပျက်တော့မည်။ ပညာရှိများ အပြစ်ပြောတော့မည်။ ဆင်ဖြူရှင်မှာလည်း ဒုက္ခဝေဒနာကြီးစွာ ခံစားနေရသည်။ အနာသည်းချိန်ဖြစ်သည်။ ဝေဒနာ မသက်သာသေးပါ။ ဗညားနွဲ့သည် ရန်သူဟု ဆိုသော်လည်း အခြားတစ်ပါးက ရန်သူမဟုတ်ပါ။ ငါတို့သခင် ဆင်ဖြူရှင်၏ သားတော်ရင်းဖြစ်သည်။ သူ့ကို အတင်းလုပ်ကြံသော် ကြောက်လန့်ပြီး ရှမ်းပြည်၊ မြန်မာပြည်ဘက်သို့ ပြေးသွားလေလျှင် ငါတို့ နောင်တ မရှိချေပြီလော။ ယခုအချိန်တွင် သာမညအားဖြင့် တစ်ခေါက်၊ နှစ်ခေါက်၊ တစ်ကြိမ်၊ နှစ်ကြိမ်မျှ စာဖြင့်စေ၍ ပြန်ခေါ်ရန် အသင့်ဆုံးဖြစ်သည်။ အကယ်၍ ဗညားနွဲ့မလာခဲ့သော်မှ မိုးကုန်ပြီး၊ နေသာ၊ လေသာသည့်အခါ မြောင်းမြစားလောက်ဖြားနှင့် မုတ္တမစားဖြတ်ထဗတို့အား ခေါ်၍ ရေကြောင်းက လုပ်ကြံစေမည်။ ငါတို့လည်း သမက်တော် သမိန်မရူးနှင့် အလုံးအရင်း၊ ဆင်မြင်းအများဖြင့် မြို့နယ်များပါမကျန် စုရုံး၍ ကြည်းကြောင်းဖြင့်ချီမည်။ ဒဂုန်မြို့သည် အုတ်မြို့မဟုတ်၊ သစ်မြို့သာဖြစ်၍ ဗညားနွဲ့ခံနိုင်မည်လော။ လက်တစ်ဖက်ဖြင့်သာ အလွယ်တကူ လှမ်းယူနိုင်ပါသည်။ ငါတို့လက်မှ ဗညားနွဲ့သည် လွတ်နိုင်ဖွယ်ရာ လမ်းမရှိပါ"

ဟု အကြောင်းယုတ္တိတန်အောင် ဆိုလေ၏။

မှူးမတ်များက– "အမတ်ကြီးစကား သင့်လှပါသည်။ အရေးမှန်လှပါသည်" ဟု ဆိုကြသဖြင့် သမိန်မရူးကလည်း "သင့်လှပါသည်။ အမတ်ကြီး၏ အဆိုအတိုင်း အရီးတော်က စာဖြင့် ဗညားနွဲ့ကို ခေါ်စေဦး"ဟု ထောက်ခံ၏။

မဟာဒေဝီလည်း သဘောတူသဖြင့် "ဗညားနွဲ့လာအောင် မည်သူ့ကိုစာဖြင့် စေရသော် သင့်မည်နည်း"ဟု မေး၏။ သမိန်ဇီပ်ဇြိက "သမိန်တိသကုမာသည် ဗညားနွဲ့နှင့် သင့်မြတ်သူဖြစ်သည်။ သမိန်တိသကုမာကို စေသင့်သည်"ဟု ဆို၏။

ထို့နောက် သမိန်တိသကုမာကို ခေါ်စေ၏။ ရောက်လျှင်– "ကျွန်ုပ်သည် နန်းစဉ်ကျွန် ဖြစ်ပေသည်။ ရှင်ဘုရင့်အကျိုးနှင့် စပ်သည့်အမှုဖြင့် စေသည်ကို သွားပါမည်" ဟု တင်လျှောက်လေ၏။

ထို့နောက် မဟာဒေဝီ ရေးလိုက်သည့်စာမှာ ဤသို့တည်း–

"ဘုန်းရှင် အရီးတော် မဟာဒေဝီက ဆင်ဖြူရှင်သားဖြစ်သော တူတော် ဗညားနွဲ့ထံ စာအားဖြင့် မှာကြားလိုက်သည်။ မင်းသည် ခွာ ကျောင်းသား ရှင်သာမဏေစကားကိုယုံ၍ အရှုးကဲ့သို့ပြုသည်။ ယခု

www.burmeseclassic.com

ဟံသာဝတီ ရွှေနန်းထက်တွင် ခမည်းတော် ဆင်ဖြူရှင်သည်လည်း အနာရောဂါပျောက်ပြီး ဒုက္ခဝေဒနာမရှိ၊ ပကတိကောင်းမွန်ခဲ့ပြီ။ 'ဗညားနွဲ့သည် လယ်ပြင်သား သုံးကျိပ်နှင့် ဒဂုန်သို့ပြေးသည် မှန်၏လော'ဟု ငါ့ကို မေးတော်မူသည်။ မင်းထွက်ပြေးခြင်းမဟုတ်။ ဒဂုန်တွင် မြို့၊ ပြ၊ ကျွဲ၊ မြောင်း ပြုပြင်ရန်ကိစ္စအတွက် ငါတို့ စေခိုင်းထားခြင်း ဖြစ်သည်ဟု ငါဖျောင်းဖျ ပြောဆိုထားသည်။ သို့သော် မင့် ခမည်းတော်ကြီးက ယုံတော်မမူ၊ အမျက်မပြေ၊ ဒေါသထွက်လှသည်။ အရှေ့ဘက် ၃၂-မြို့သားတို့ကို ကြီးမှူးသော မုတ္တမစား ဗြတ်ထဗနှင့် အနောက်ဘက် မှ မြောင်းမြစား လောက်ဖြားတို့ကိုလည်း ခေါ်မည်။ ပဲခူးသား အလုံးအရင်းနှင့် စစ်တပ်ကြီးချီ၍ မင်းပုန်စားသည့် ဒဂုန်ကို လုပ်ကြံစေမည်ဟု မိန့်တော်မူသည်။ မင်းကို ငါ စေလွှတ်ထားပါသည်။ မပြေးစေရပါ။ မပုန်စေရပါ။ စစ်တပ်ကို မလွှတ်ပါနှင့်ဦးဟု ငါတားထားပါသည်။ မင်းကို ပြန်ခေါ်ပေးမည်ဟု ငါလျှောက်သဖြင့် အမျက်တော်ပြေသည်။ ဆင်ဖြူရှင် ကဲကုန်သည့်အခါ ဟံသာဝတီပြည်၏ ရာဇာသမ္မတ္တိစည်းစိမ်ချမ်းသာ ဟူသမျှကို မင်းလက်သို့ အားလုံးအပ်နှင်းရန် ငါကြံစည်ထားပါသည်။ မင်းဘာမျှ မကြောင့်ကြ၊ မစိုးရိမ်ပါနှင့်။ မင်းပြင် ဟံသာဝတီကို စိုးအုပ်ထိုက်သောသူ ရှိသလော။ အခြား အကြောင်း တစ်ရပ်မှာလည်း မင့်မယား တလမေဒေါ ဖျားသည်။ မင့်သား ဘောလောကျန်းဒေါလည်း နာသည်။ ထမင်းဟင်း မစားသည်မှာ ငါးရက်၊ ခြောက်ရက်ရှိပြီ။ သို့ဖြစ်ပါ၍ ဤစာရလျှင် ရခြင်း ဟံသာဝတီကို မင်း အလျင်အမြန် ပြန်လာမှသင့်မည်"

သမိန်တိသကုမာသည် မဟာဒေဝီစေသည့်အတိုင်း စာကိုယူပြီး ဆင်မတစ်စီးဖြင့် ဒဂုန်သို့ ဆင်းသွားလေ၏။ ငယ်သား ၁၅-ယောက်လည်းပါသည်။ ဒဂုန်မြို့ တံခါးသို့ ရောက်လျှင် ကင်းသမားများက ဝင်ခွင့်မပြုဘဲ ဖမ်းဆီးထားလိုက်၏။

ဗညားနွဲ့လည်း သမိန်တိသကုမာ လာသည့်သတင်းရလျှင် ဝမ်းသာစွာဖြင့် ခေါ်စေ၏။ "ငါတို့မြို့တွင်း၌ လူသူများ ရှုပ်ထွေးလှသည်။ နေရာတကျ မရှိသေး။ သမိန်တိသကုမာကို ပဇာတွင် တွေ့သင့်သနည်း"ဟု မင်းကန်စီကိုမေး၏။ "ဇနီးလာ တဲနန်းအတွင်း ခန္ဓရတ္တအခန်း၌ တွေ့သင့်သည်"ဟု မင်းကန်စီလျှောက်၏။

ကင်းသမားများက သမိန်တိသကုမာနှင့် ငယ်သား ၁၅-ယောက်တို့ကို ခေါ်ဆောင်ခဲ့လျှင် ဗညားနွဲ့သည် သမိန်တိသကုမာအား အတွင်းခန်းသို့ခေါ်ပြီး နေရာပေး၏။

www.burmeseclassic.com

www.burmeseclassic.com

သမိန်တိသကုမာသည် ရိသေလေးစားစွာ ဦးခိုက်၍ "အရှင့်သားတော် ဒဂုန်၌ လာရောက်နေထိုင်သည်မှာ သင့်တင့်ကောင်းမွန်ပါသည်၊ ကျွန်ုပ်သဘောကျပါသည်။ နောင်ကို အရှင့်သားတော်ပင် ဟံသာဝတီ၌ မင်းဖြစ်ရမည်"ဟု စတင်ဆို၏။

"ကောင်းပါပြီ။ ငါ့ဦးရီးတော် ယခုလာသည့်ကိစ္စကို ဆိုပါဦး"ဟု ဗညားနွဲ့မေးသဖြင့် သမိန်တိသကုမာသည် မဟာဒေဝီပေးခဲ့သော စာလွှာကို ဆက်သလိုက်၏။ စာကို ဗညားနွဲ့ကိုယ်တိုင်ဖတ်၏။ မယားဖြစ်သူ တလမေဒေါနှင့် သားဖြစ်သူ ဘောလောကျန်းဒေါတို့သည် ငါးရက်ခြောက်ရက်ကြာမျှ ထမင်းမစားဘဲ ဖျားနာနေသည့် နေရာရောက်လျှင် ဗညားနွဲ့၏ ဟဒယစိတ်နလုံးတွင် ဆတ်ဆတ်တုန်တက်ပြီး ရှိုက်၍ငို၏။

ထို့နောက် ဗညားနွဲ့က–"ယခုဦးရီးတော်၏ဆန္ဒ မည်သို့ရှိသနည်း။ ကျွန်ုပ်ပဲခူးသို့ ပြန်လျှင် သင့်မည်လော။ မပြန်လျှင် သင့်မည်လော"ဟု မေး၏။ သမိန်တိသကုမာက–

"ငါတို့ဘုရားလောင်း ရှင်သိဒ္ဓတ်သည် ဘုရားဖြစ်လိုသဖြင့် ရွှေနန်းတော်မှ ထွက်ခွာစဉ်က၊ နန်းတော်တံခါးတွင် မိဖုရားယသော ဓရာနှင့် သားတော်ရာဟုလာတို့ကို ရပ်ကြည့်သေးသည်။ အကယ်၍ မယားနှင့် သားတို့ကို ချစ်သနားနေပါက၊ နှမြောနေပါက၊ ရဟန်းပြုရန် တောထွက်နိုင်ဦးမည်လော။ သားမယား သံယောဇဉ်ကိုဖြတ်ကာ နောက်လိုက် ငဆန်နှင့် ကဏ္ဍကမြင်းကိုစီးလျက် တောထွက်ခဲ့သည်။ ထို့ကြောင့် ဗောဓိပင်နှင့် ရွှေပလ္လင်တော်ကိုရ၍ ဘုရားမြတ်စွာဖြစ်ရသည် မဟုတ်လော။ ဘုရားဖြစ်ပြီး ဘုရားအားဖျက်ဆီးရန် မာရ်နတ်စစ်ချီလာသည့်အခါ ရှေးဘဝများက ဖြည့်ခဲ့သော ပါရမီတော်များကို အောက်မေ့သောကြောင့် မာရ်နတ်စစ်ကြီးပျက်ရသည်။ နောက် ခမည်းတော် သုဒ္ဓေါဒနမင်းကြီးက တမန်ကိုးခေါက်စေ၍ ပင့်သော်လည်း လာတော်မမူဘဲ ဆယ်ခေါက်မြောက်တွင် ကာဠဒါယီအမတ်ကို ပင့်စေမှ ကြွလာသည် မဟုတ်လော။ အခြား တစ်ဖက်မှာလည်း အမတ်ကြီး သမိန်ဇိပ်ဖြို မှာခဲ့သေးသည်။ ခမည်းတော်၏ ဒုက္ခဝေဒနာမှာ သည်းလှပြီ။ အနာလွန်နေပါပြီ။ အရှင့်သားတော်မှာ ရေနက်ဝန်းကျင်၌ ရောက်နေသော မိကျောင်းနှင့်လည်းတူနေပါပြီ။ ရေနက်ရာမှ ရေတိမ်ရာသို့ ပြန်လှည့်ရန် သင့်မသင့် ကောင်းစွာစဉ်းစား ဆင်ခြင်ပါ။ ကျွန်ုပ်နှင့် သမိန်ဇိပ်ဖြိုတို့မှာလည်း ဇရာပိုင်းသို့ ရောက်ကုန်ပြီ။ ကျွန်ုပ်အသက် ၆၁–နှစ် ပြည့်ပြီ။ ပဲခူးတွင် ကျွန်ုပ် အနေဆင်းရဲလှသည်။ စိတ်ဆင်းရဲလှသည်။ အာဟာရစားဖွယ်လည်း မရှိပါ။ ထို့ကြောင့်

www.burmeseclassic.com

ဘုန်းကြီးသည့် အရှင်သားတော် အထွတ်အထိပ်သို့ ရောက်တော်မူလျှင်
ကျွန်ုပ်လူအိုသည် သွားကျိုးကုန်ပြီဖြစ်သဖြင့် ဂဝံကျောက်ကို မဝါးနိုင်။
မုတ္တမ မြေသင်းခဲ ညှဉ့်ကိုပဲ ဝါးစားလိုပါသည်"
ဟုလျှောက်လျှင် ဗညားနွဲ့ပြုံးတော်မူ၏။

"သမိန်တိသကုမာသည် အရီးတော် မဟာဒေဝီက စေသော တမန်ဖြစ်သော်လည်း ငါ့အကျိုးကိုလို၍ ငါ့အကျိုးစီးပွားနှင့်စပ်သည့် ပုံဝတ္ထုစကားကို ဆိုပေသည်။ ယခုသူသည် ငါ့တမန်တော်ပင် ဖြစ်တော့သည်"ဟု စဉ်းစားပြီး ဘောသံကေးကိုလည်း ကတိရှိထားသဖြင့် ခေါ်စေ၏။

ဘောသံကေးရောက်လျှင် "မင်းက– ဝန်မြို့နှင့် မုတ္တမမြို့၊ နှစ်မြို့စလုံး စားလို၍ ငါ့ကို ရွှေဆက်ခဲ့သည်။ ငါသဘောတူထားသည်။ ယခု မုတ္တမမြို့ကို ငါ ဦးရီးတော် သမိန်တိသကုမာက စားလိုကြောင်း လျှောက်လာသည်။ ငါလည်း ပေးလိုသည်။ ထို့ကြောင့် မင်းကို ရွှေ ၇–ပိဿာပြန်ပေးမည်။ ဝန်မြို့နှင့်တကွ တိုးချဲ့သော မြို့ကိုသာ မင်း စားပေတော့"ဟု မိန့်၏။ ဘောသံကေးလည်း သဘောတူကြောင်းလျှောက်၏။

ထို့နောက် မင်းကန်စိန့် တိုင်ပင်၏။ "ငါတို့နှုတ်ဖြင့်သာ စကားပြန်သင့်သလော။ စာအားဖြင့် ပြန်သင့်သလော"ဟု မေး၏။ စာအားဖြင့် ပြန်ကြားသင့်ကြောင်း မင်းကန်စိ ဆိုသဖြင့် စာစီသမား စာရေးမသင်ကိုခေါ်၍ စာရေးစေ၏။ အရီးတော် မဟာဒေဝီထံသို့ ဗညားနွဲ့ပြန်လိုက်သည့်စာကား–

"ကျွန်ုပ် ဆင်ဖြူရှင်သား ဗညားနွဲ့က ဘုန်းရှင် အရီးတော် မဟာဒေဝီ၏ ရွှေဖဝါးတော်အောက်သို့ လျှောက်ကြားအပ်ပါသည်။ ဒဂုန်၌ ကျွန်ုပ်ရောက်နေသော်လည်း ကျေးဇူးရှင် အရီးတော်ကို အမြဲမပြတ် နေ့စဉ်ပင် သတိရနေပါသည်။ ကျွန်ုပ်စိတ်သည် အရီးတော်၏ ရွှေဖဝါးတော်အောက်သို့ အစဉ်သဖြင့် ရောက်နေပါသည်။

ကတညုတာဟူသော စကားအရ အရီးတော်၏ကျေးဇူးတော်များကို ကျွန်ုပ် မသိဘဲ နေမည်မဟုတ်ပါ။ ကျွန်ုပ် တူတော်ဖြစ်သူ ငယ်စဉ်တောင်ကျေး ကလေးဘဝကပင် အရီးတော်က သားရင်းပမာ မွေးကျွေးခဲ့သည်။ ချီပိုက်ခဲ့သည်။ ကျွန်ုပ်ကြီးပြင်းလာသည့်အထိပင် ဖြစ်သည်။ ကျွန်ုပ် အရွယ်ရောက်၍ အိမ်ထောင်ပြုသည့် ကိစ္စတွင်လည်း အရီးတော်ကပင် ပြုပြင်စောင့်ရှောက်ခဲ့ပေသည်။ ကတညုတ ကတဝေဒီ တရားသည် ကျွန်ုပ်၏ နလုံးသား၌ အစဉ်ပင်ကိန်းဝပ်နေပါသည်။ ယခု ကျွန်ုပ်သည် ဒဂုန်သို့ ဆင်းလာပြီး အရီးတော်၏ ကျွန် ၂၀ နှင့် ကျွန်ုပ်၏ ကျွန်များ ဝိဝါဒကွဲပြားကြကာ ခိုက်ရန်ဖြစ်ပွားကြသည်။

www.burmeseclassic.com

www.burmeseclassic.com

အချင်းချင်း ထိုးခုတ် ကြသဖြင့် သေကျေသည့်အဖြစ်သို့ ရောက်ခဲ့ရသည်။ ဤအပြစ်တို့ကို ပြုမိသဖြင့် အရိုးတော်အား ကြောက်ရွံ့၍ ကျွန်ုပ်သည် ပဲခူးသို့ မပြန်ဝံ့သေးပါ။ အကယ်၍ အရိုးတော်က ကျွန်ုပ်အား အပြစ်လွှတ်သည် ဆိုပါက ဝါခေါင်လအတွင်း ကျွန်ုပ်၏နို့ထိန်းတော် မွေ့အဲလော (မွေ့အဲလ)အား ဒဂုန်သို့ စေလွှတ်ခဲ့စေလိုပါသည်။ ထိုအခါကျမှ အရိုးတော်၏ ရွှေဖဝါးတော်အောက်သို့ ကျွန်ုပ် ပူးမြော်ရန် လာရောက်ပါမည်။ ကျွန်ုပ်သည် ဖခမည်းတော်ကို ပုန်ကန်ခြင်း မပြုသဖြင့် သေသည့်အခါ ကောင်းရာသုဂတိသို့ လားရပါမည်။ အကယ်၍ ဖခမည်းတော်ဘုရားအား ကျွန်ုပ် ပုန်စားရန် ကြံစည်သည် ဖြစ်ခဲ့ပါမူ ကျွန်ုပ်သေလျှင် ဒုဂတိဘုံသို့ လားရပါစေသား"[၁]

ယင်းစကိုစီပြီး ဗညားနွဲ့ကိုယ်တိုင် သမိန်တိသကုမာကို အပ်လိုက်၏။ သမိန်တိသကုမာလည်း ဗညားနွဲ့အား ကန်တော့ပြီး ငယ်သား ၁၅ [၂] ယောက်တို့နှင့်အတူ ပဲခူးသို့ ပြန်လေ၏။

ပဲခူးသို့ရောက်လျှင် မဟာဒေဝီထံသွား၍ ဗညားနွဲ့၏ စာလွှာကို ဆက်သလေ၏။ မဟာဒေဝီလည်း သမိန်မရူးကို ရှာစေ၏။ သမိန်မရူးရောက်လျှင် ဗညားနွဲ့၏ ပြန်စာကို နားထောင်စေ၏။

ဗညားနွဲ့၏ ပြန်စာကို ကြားနာပြီးနောက် "ဗညားနွဲ့က သည်အတိုင်း ရေးခဲ့သည်မှာ အမှန်ပင်လော"ဟု သမိန်တိသကုမာကို မဟာဒေဝီမေး၏။ "သည်အတိုင်း မှန်ပါသည်၊ အတွင်းစိတ်ကိုမူကား မသိနိုင်"ဟု ဖြေ၏။

"ဒဂုန်တွင် ဗညားနွဲ့အကြံအစည် အစီအရင် အနေအထိုင်ကို အမတ်ကြီးမြင်ခဲ့သည်မှာ ပသို့ထင်သနည်း"ဟု မေးပြန်၏။ ဒဂုန်တွင် ဗညားနွဲ့ မည်သို့ ကြံစည်သည်ကို ကျွန်ုပ် မမြင်၊ ပုန်စားပြုမည့်အဟန်မရှိ၊ ရှင်မိဖုရား၏ ကျွန်နှင့် မင်းသားကျွန်တို့ ခိုက်ရန် ဖြစ်ပွားကြ၍ ရှင်မိဖုရားကျွန်များ ထိပါးသေကျေခဲ့ကြသည်ကိုသာ မင်းသားကြောက်လန့် နေဟန်ရှိသည်"ဟု သမိန်တိသကုမာဖြေ၏။

"သူ့မယား တလမေဒေါနှင့် သား ဘောလောကျန်းဒေါတို့ ဖျားနာသည်ကို ပသို့ ဗညားနွဲ့ဆိုသနည်း"ဟု မဟာဒေဝီ မေးပြန်၏။

၁။ မြန်မာပေမူတွင် ပြန်စာမပါ။ "ဘယ်အလုံးအရင်း အင်ခွင်ရှိပါ၍ ခမည်းတော်ကို ပုန်ကန်မည်နည်း၊ ငကိုသေကြောင်း ကြံလေသောကြောင့် အသက်လွတ်ရုံသာ ဒဏ်သို့ လာခဲ့ပေ၏။ ခမည်းတော်နှင့် အရိုးတော် အမျက်တော်မရှိအောင် လျှောက်ပါ"ဟုသာ မှာလိုက်၏။

၂။ ၁၂၁၁-ခုနှစ်ကူး၊ မြန်မာပေမူတွင် ၂၅-ယောက်။ ၁၁၅၀-ခုနှစ်ကူး ပေမူတွင် ၁၅ ယောက်ဟုလာ၏။

www.burmeseclassic.com

www.burmeseclassic.com

"ရှင်မိဖုရားပေးတော်မူလိုက်သည့်စာကို မင်းသားကိုယ်ကိုင်ပင် ဖတ်သည်။ မယားနှင့်သား နာသည့်အကြောင်းရောက်လျှင် စာကိုထား၍ငို၏။ ဝမ်းနည်း၍ မျက်ရည်ရိုန်ရိုန်ရှိသည်။ ကျွန်ုပ်ကိုလည်း ပြောဖွယ်မှာဖွယ် စကားမရှိ။ စာ၌အားလုံး ရေးလိုက်မည်ဟု ဆိုပါသည်"ဟု သမိန်တိသကုမာ ဖြေကြားလေ၏။ မဟာဒေဝီလည်း သမိန်တိသကုမာ ဖြေသည့်စကားများကို ကျေနပ်၍ ဆုလာဘ်များချီးမြှင့်၏။

ယင်းသောအခါ ဒဂုန်တွင် ဗညားနွဲ့သည် မွေမနိုတ်ကို ယာယီ တဲနန်းထက် တင်တော်မူ၏။ ဗညားနွဲ့လည်း ပဲခူးသို့ စေလွှတ်ထားသော မင်းဒေဝနှင့် လူလေးယောက်သတင်းကို မေးလေ၏။ မင်းဒေဝအမျှူးပြုသော ဒဂုန်သား ငါးယောက်တို့ကို သစ္စာခံစေပြီး ပဲခူးသို့ သတင်းရေးရာများ တဘောင်စနည်းများနာရန် စေလွှတ်ထားသည်။

၎င်းတို့သည် ပဲခူးသို့ရောက်ကြလျှင် ဆွေမျိုးအိမ်တို့၌ အသီးသီးခွဲ၍ တည်းခိုကြသည်။

ညချမ်းချိန်တွင် မင်းဒေဝနှင့် အပေါင်းပါလေးယောက်တို့သည် စုရုံးကြပြီး မောတရုတ် (မုဟ်ကြုက်)တဲခါးသို့သွား၍ သတင်းနားထောင်ကြ၏။ ထူးခြားသော စကားများကို မကြားရသော်လည်း ကလေးများ သီဆိုကြသော သီချင်းတစ်ပုဒ်ကို ကြားရလေ၏။

မွန်ဘာသာ– "ကောန်ကွိုပ်ချောတ်မွဲ၊ ကလောင်ဩ ကျင်၊ နူဒျင်ရ၊
သဒ်ကျာ်ဂတ၊ နာမတုန်ပွန်၊ မှိဟ်ကောန်တဲ့သိုက်၊
ကြဲသွေ့ဆံမြိမြန်၊ ဇော်သန်ဒျာဩ်၊ အပွဲပိုန်ဘိုက်၊
ဒှံမျွေ့ကိုတ်လိုက်၊ တသိုက်လောန်သန်၊ ပွဲရုးမည"

မြန်မာပြန်– "ဒဂုန်မှ ဟသံငယ်တစ်ကောင် ပျံသန်းလာသည်။
နာမည် နေ့နံ့အရ သောကြာသားသည် အနာဂတ်တွင်
ရာမညတိုင်းခွင်၏ လောကသရဖူ
ဧကရာဇ်မင်းတစ်ဆူဖြစ်၍ အလွန်ကျော်စောထင်ရှားပြီး
ကြီးမားသော ဘုန်းစည်းစိမ်ဖြင့်
လွန်ကဲသော ဘောဂဗလနှင့် သုခချမ်းသာတို့ကို စံစားရမည်"[၁]

ထိုမှအစ်လောင်[၂] (အောတ်လောင်) တဲခါးသို့သွား၍ နားကြရပြန်ရာ ကလေးများ သီဆိုသည့် သီချင်းတစ်ပုဒ်ကြားရပြန်၏။

၁။ မြန်မာပေမူတွင်– "ဟသံငယ်သုံးခု သုံးစုပျံလာ၊ သစ်တောင်းချောင်းကို မင်းကောင်းကျော်၍ မှောက်ထော်ဘုရားဖြစ်မည် စင်စစ်ဒဂုန်မှာ" ဟုလာ၏။

၂။ အဒလိုတဲခါး–ဟု မြန်မာမူ၌ ဆို၏။ (ဆိုခဲ့သောတဲခါး ၆–ခေါက်အမည်နှင့် မတူ)

www.burmeseclassic.com

www.burmeseclassic.com

မွန်ဘာသာ– "ပုင်အောန်ဗုတ်ထမဲကဲကိမွဲ၊
တုက်စုတ်ပွဲဘာဇနထဝ်၊
လးဖုန်သျီ ဒြီသ္လဝ်တုဲဂွံတိက်"

အဓိပ္ပာယ်မှာ– "အိုးငယ်ထမင်းကို ရွှေလင်ပန်းတွင် ထည့်ပေးလျှင်
မိုအုံး၊ ခေါင်းအုံး၊ မွေ့ရာ၊ ဖျာတို့ကို
ကောင်းစွာ အသင့်ခင်းပြီး အိပ်စက်ရသည်"[၁]

ထိုမှ တန်ဆောင်ကိုင်[၂] (ထသံင်ကိုင်) တံခါးသို့သွား၍ နာကြပြန်ရာ ကလေးများသီဆိုသည့် သီချင်းကို ကြားရပြန်သည်။

မွန်ဘာသာ– "သွိင်ဒှော် ကျင်ဗဒှ်ရာဇောတ်၊
ဂွံတဝ်စွေဟ်ဒုင်တဲ ကုညးမဒှ်ဒှော်၊
ညးမဒှ်ဒှော်မဂွံဒှး"

အဓိပ္ပာယ်မှာ– "မင်းကြီးရာဇသတ်ပြုရန် လာသည်။ တိုက်ခိုက်ပြီး အကြီးဖြစ်သူတို့ကို လက်ခံသည်။ အကြီးအကဲဖြစ်သူက အောင်မြင်သည်။[၃]

ထိုမှမလွယ်ပေါက်(မလော်) တံခါးသို့သွား၍ နာကြပြန်ရာ ကလေးများ သီဆိုသည့် သီချင်းကို ကြားရပြန်ပါ၏။

မွန်ဘာသာ– "နွံကုသုံမဒှော်၊ မွိဟ်သော်ထကာန်၊
ကွာ်ဒြံတဲ့သိုက်၊ မဂွံဒှ်မွှဲဘာသာမည် ဖအိုတ်ရ"

အဓိပ္ပာယ်မှာ– "ကုသိုလ်ကံကြီးပြီး၊ ဆံပင်စုတ်ဖွားနှင့် သောကြာသားသည် မွန်ဘာသာအားလုံး၏ မင်္ဂလာ ဖြစ်ရမည်"[၄]

၁။ "အိုးငယ်ထမင်း ရွှေလင်ပန်းတွင် ထည့်ပေးလျှင် အုံးနှင့်မွေ့ရာ ကောင်းစွာအသင့်ခင်း ခွေးပေါင်ကျိုးကို မင်းမျိုးခြေဆေး၊ ရွှေဖလားနှင့် ရေကိုပေး"ဟူ၍ မြန်မာမှုဋ္ဌကထာ၏။

၂။ မြန်မာပေမူတွင် ဒဂေါဒုန်တံခါး (ဒုံဝိဉ္ဇုဝ်)ဟုလာ၏။

၃။ မြန်မာပေမူတွင်– "ဆံတော်မွေရှင်၊ သခင်တောင်ထိပ်၊ ရောက်ခြည်ရိပ်၊မတွဲသောက်လက်၊ အဖျက်မြင်သည်၊ လုလင်ပျိုဖြစ်၊ အရိုးချစ်"ဟုလာ၏ (မတွဲသိုက်=သောကြာသား)

၄။ မြန်မာပေမူတွင်– "အကြီး အမည်တွင်သည်၊ အိဖြောက်ကျတ်ကို ရှင်ပင်မှောက်၊ မွန်ပြည်တွင်ကြီးသည်တန်ခိုး၊ သောကြာသားသည် အောင်ညီမျိုး"ဟု လာ၏။ (မှတ်ချက်– အိဖြောက်ကျတ် ဆိုသည်မှာ – ဣနော်ကျာက် (၀၊) အလုံးတော်ကို ဆိုလိုသည်)။

www.burmeseclassic.com

www.burmeseclassic.com

မိုးသောက်လတ်သော် မင်းဒေဝ အမျှူးပြုသော သူလျှိုငါးယောက်တို့သည် တံခါးလေးပေါက်၌ ကလေးများသိဆိုသည့် သီချင်းများကို မှတ်သားပြီး ဒဂုန်သို့ ပြန်ရောက်လျှင် ဗညားနွဲ့ထံ အသေးစိတ် တင်လျှောက်ကြလေ၏။ ဗညားနွဲ့လည်း သီချင်းများကို ကြားနာပြီး မင်းကန်စိုကို မေး၏။ မင်းကန်စိုက–

"အိုးငယ်ထမင်းဆိုသည်ကား ကျွန်ုပ်တို့အရှင် ဗညားနွဲ့ကို ဆိုလိုသည်။ ဟံသာဝတီကို မကြာမီရမည်။ ညချမ်းကာလ၌ ခေါင်းအုံး၊ မွေ့ရာ၊ မီအုံး၊ ဖျာတို့ကို အသင့်ခင်း၍ အိပ်ရသည် ဆိုသည်မှာ ပဲခူးတွင် စစ်တပ်အား လုံးကို သိမ်းယူရရှိမည်။ သုခချမ်းသာ ဟူသမျှကို စံစားရမည်။ ရောကန်၌ နစ်မြုပ်နေသော ပစ္စည်းဆိုသည်မှာ မဟာဒေဝီကို ဆိုလိုသည်။ မဟာဒေဝီ၏ စကားသည် ရောကန်၌နစ်မြုပ်နေသော ဒြပ်ပစ္စည်း[၃]နှင့် တူသဖြင့် ယုံစား၍မရပါ။ ဆဲပင်စုတ်ဖွားနှင့် သောကြာသားသည် မွန်တို့၏ ကျက်သရေမင်္ဂလာဖြစ်၏ ဆိုသည်ကား သောကြာသား ဖြစ်သော မင်းသားဗညားနွဲ့သည် ဟံသာဝတီပြည်ကို စိုးအုပ်ရမည့် နိမိတ်ဖြစ်ပါသည်"[၄]ဟု ဖြေဆိုလေ၏။

၁။ သီချင်းသား၌ ရောကန်တွင် နစ်မြုပ်နေသော ပစ္စည်းဟူ၍ မပါသော်လည်း ဖြေဆိုချက်၌ ပါလာသည်ကို ထောက်လျှင် သီချင်းစာသား ကျနေဟန်တူသည်။

၂။ မြန်မာပေမူ၌လာသော မင်းကန်စို၏ ဖြေဆိုချက်မှာ "အိုးငယ်ထမင်းဟူသည် တို့သခင် ဗညားနွဲ့ကိုဆိုသည်။ရွှေလင်ပန်းဟူသည် မွန်ဘာသာ ထားထော် (ထားထဝ်)သည် စနေနံ။ ဟံသာဝတီကိုဆိုသည်။ အုံးနှင့် မွေ့ရာ အသင့်ခင်း၊ ခွေးပေါင်ကျိုးကို မင်းမျိုးခြေဆေး၊ ရွှေဖလားနှင့် ရေကိုပေး၊ ဆိုသည်ကား ကျွန်ုပ်တို့ ပဲခူးမြို့ကို ရောက်လွယ်တော့မည်။ မွန်မှ– ဗော(ဗဝ်)ဟူသည် ဗညားနွဲ့ကို မဟာဒေဝီ ခွေးကဲ့သို့ ပြုသည်ကို ဆိုသည်။ ခြေတော် စင်စွာဆေး၍ တင့်တယ်စွာ ထက်ဝယ်ဖွဲ့၍ ဟံသာဝတီတွင် စံစားရမည်ကိုဆိုသည်။ ဆဲတော်ရှင်အပါး ရောင်ခြည်အရိပ် ဆိုသည်ကား– ယခုတို့သခင်ဗညားနွဲ့ဆဲတော်ရှင် အပါးတွင် နေသည်ကိုဆိုသည်။ အရီးတော် ချစ်ဟူသည် သမိန်မရူးကို ဆိုသည်။ မတွဲကွောင် (မတွဲသောက် = မတွဲသိုက်) မတွဲသောက် လက်အပျက်မြင်သည် ဆိုသည်ကား တို့သခင်လက်တွင် မရူးသေမည်ကိုဆိုသည်။ မတွဲသောက် (မတွဲသိုက်) အဓိပ္ပာယ်မှာ– ဟူးရား ဂဏန်းအလိုအားဖြင့် အစ်–ကို ခုံညင်းထောင်။ ဒွေ– ကို ကုလိကောက်။ တရိန်–ကို ဥသံကောက်။ စာရ (စတု)ကို ပန်းရန်သမားပဲခွပ်။ ပဥ္စ–ကို မယ်နခေါင်း ခွေသည်။ ဆ–ကို မွန်မူသော်တွဲသောက် (တွဲသိုက်) မြန်မာမူသော် သောကြာကိုဆိုသည်။ တို့သခင်လည်း သောကြာသား။ သောကြာသားလက်တွင် မရူးသေမည်ကို ဆိုသည်။ မွန်ပြည်၌ အောင်ညီမျိုးဟူသည် တို့သခင် သောကြာသားကို ဆိုပါသည်" (မွန်ဘာသာ ဗော(ဗဝ်)မှာ– လိင်–အနက် ဗောဖြစ်သော်လည်း ဗညားဒလက– ခွေး–ဟု ဆိုထားသည်။ ရိုင်းမည်စိုး၍ တိုက်ရိုက်မဆိုဟန်တူသည်။ သို့သော် ဘဝ်နှင့် ဗဝ် အနက်မတူ၊ အသံမတူ။ ဘဝ်–မှာ ပါဠိဘောဂ–မှ သက်ခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

ကလေးများသိဆိုသော သီချင်းလေးပုဒ်အနက် အမှတ် ၂ နှင့် အမှတ် ၄ တို့ကိုသာ ဖြေ၏။ အမှတ် ၁ နှင့် အမှတ် ၃ တို့မှာ လွယ်ကူသဖြင့် မင်းသားသိပြီးဖြစ်၍ မဖြေတော့ပေ။ သီချင်းအားလုံးမှာ သုတမင်္ဂလာ နိမိတ်ဖြစ်သည်ဟု မင်းကန်စီဆို၏။

မင်းကန်စီ ဖြေကြားသည်ကို နားထောင်ပြီး ဗညားနွဲ့သည် အလွန်ဝမ်းမြောက်သည်။ ထို့နောက် မင်းဒေဝနှင့် အပေါင်းပါ လေးယောက်တို့ကို ဆုလာဘ်ပေးပြီး ယခင်အတိုင်း လမ်းခရီး၌ ကင်းစောင့်စေရန် တာဝန်ပေးလိုက်၏။

ယင်းသို့ နေလာခဲ့ရာ တော်သလင်းလဆုတ်ငါးရက်နေ့တွင် မဟာဒေဝီ၏ စေခိုင်းချက်အရ ဘောယီ(ဘဝ်ယီ) သည် ဒဂုန်သို့ဆင်းလာကာ ဗညားနွဲ့အား ကြာပန်းအပွင့်တစ်ရာ[1]ကို လာရောက်ဆက်သလေ၏။

ထိုအခါ ဗညားနွဲ့သည် ဝမ်းမြောက်ပြီး သဒ္ဓါတရား ပွားများလာသဖြင့် ကြာပန်းများကို ဦးထိပ်တင်၍ ဆုတောင်း၏။ ထို့နောက် ပန်းများကို ဒဂုန်ဆံတော်ဓာတ်ဘုရားတွင် လူလွှတ်ကာ ပူဇော်စေ၏။

ထိုအချိန်တွင် သုခမိန် ဣတြပသုံခမိတ်သည် ဆံတော်ဓာတ်ဘုရား၌ ဓမ္မဒေသနာတရားနာနေစဉ်ဖြစ်၏။ ကြာပန်းပူဇော်သူကိုမြင်လျှင် "သည်ပန်းကို မင်းအဘယ်မှာရသနည်း" ဟု မေး၏။

"သည်ပန်းကို မဟာဒေဝီက လူစေ၍ ဗညားနွဲ့ထံ လာဆက်သောပန်း ဖြစ်ပါသည်" ဟု ပန်းပူဇော်သူကဖြေ၏။

သုခမိန်လည်း သုဘနိမိတ်ကိုမြင်၍ ဆို၏။ "သည်ပန်း-ပဲခူးမှလာသည်ဖြစ်၍ ကလျာနိမိတ်ဖြစ်သည်။ ပဲခူးမြို့ကို ဗညားနွဲ့ မုချရမည်"ဟု သုခမိန်ဆိုသံကို ကြားရသည့်အတိုင်း ပန်းပူဇော်သူသည် ဗညားနွဲ့ထံပြန်၍ လျှောက်တင်၏။

ကျွန်ုပ်တို့ အရှင်သခင်သည် ပဲခူးမြို့ကို လွယ်ကာသာ အမှန်မုချ ရမည်ဖြစ်ကြောင်း သုခမိန် ဣတြပသုံခမိတ်က နိမိတ်ဖတ်ပါသည်"ဟူသော ပန်းပူဇော်သူ၏ စကားကို ကြားရလျှင် ဗညားနွဲ့သည်စိတ်တွင်း၌ အလွန်ပျော်ရွှင်လာ၏။

ထို့နောက် ဘောယီကိုခေါ်၏။ "မင်း ပဲခူးသို့ပြန်ပြီး ငါ့အရီးတော်ကိုလျှောက်ထားပါ။ ငါ့အထိန်းတော် မွေ့အဲလော (မျော်အဲလ်)ကို အကြိုလွှတ်ပါက ငါပြန်မည်"[2]ဟု ဗညားနွဲ့မိန့်၏။ ဘောယီလည်း ဗညားနွဲ့ကို ရှိခိုးပြီး ပဲခူးသို့ ပြန်လေ၏။ ပဲခူးသို့ရောက်လျှင် မဟာဒေဝီအား ဗညားနွဲ့မှာသမျှကို အားလုံး တင်လျှောက်၏။

၁။ မြန်မာပေမူတွင်- တစ်ထောင်ဟု ဆိုသည်။

၂။ မြန်မာပေမူတွင်- ငါ့အထိန်းတော်ကို လာပါစေဟု သာဆို၏။ ငါပြန်မည်ဟု မဆို။

www.burmeseclassic.com

www.burmeseclassic.com

ဗညားနွဲ့လည်း ညချမ်းချိန်တွင် သုခမိန် ကျတြပသုံခမိတ်ကိုခေါ်စေ၏။ "ပဲခူးတွင် ငါသည် အထွတ်အမြတ် အကြီးအကဲဖြစ်မည်ဟု သုခမိန် ဆိုသည်မှာ မည်သည့် နိမိတ်ကို မြင်၍ဆိုသနည်း"ဟု မေး၏။

သုခမိန်က "ကျွန်ုပ်သည် မော်ဓောဘုရား ဓာတ်တော်အနီးတွင် ခမ္မဒေသနာတရား နာနေစဉ် ပန်းပူဇော်သူကိုမြင်၍ ကျွန်ုပ်က "သည်ပန်းကို မင်း ဘယ်ကရသနည်း"ဟု မေးရာ ထိုသူက "မဟာဒေဝီ မိဖုရားကြီးက ကျွန်ုပ်တို့သခင်ကို လူစေ၍ ဆက်သသည့်ပန်း ဖြစ်သည်"ဟုဆိုသည်။ ကျွန်ုပ်အမြင်တွင် ကြာပန်းသည် အိန္ဒနံ၊ ပဲခူးလည်း အိန္ဒနံဖြစ်သည်။ တစ်နည်းဆိုလျှင် ကြာပန်းသည် တနလ်ံနံ၊ ပဲခူးလည်း တနလ်ံနံဖြစ်သည်။ နံတူနိမိတ်တူဖြစ်၍ မင်္ဂလာဖြစ်သည်။ ပဲခူးတွင် မွေတော်ဓာတ်တော်ရှိပါလျက် မပူဇော်။ ဒဂုန် ဆံတော်ရှင်သည်သာ မွေတော်ဓာတ်တော်အစစ်ဖြစ်၍ တန်ခိုးကြီးသည်ဟုဆိုကာ ပူဇော်လာသည်။ ပဲခူးမြို့ကို အပ်နှင်းလာပေတော့သည်။ ကြာပန်းသည် မွန်ဘာသာဖြင့် ပကောင်သွာ (ပ္ပ သွာ)ဟုခေါ်သည်။ သွာ (အသံထွက်-စဝါ)မှာ လွယ်ကူသည့်အနက်လည်း ရှိသဖြင့် လွယ်ကာသာရသော ပန်းဖြစ်သည်။ ယင်းသို့ဖြစ်သောကြောင့် ပဲခူးမြို့ကို အရှင်မင်းသား လွယ်ကူစွာ အမှန်မုချ ရစိမ့်မည်ဖြစ်ကြောင်း ကျွန်ုပ် နိမိတ်ဖတ်ပါသည်" ဟုဆိုလေ၏။

ဗညားနွဲ့လည်း နိမိတ်ကိုကြားရပြီး အလွန်ဝမ်းသာအားရသဖြင့် သုခမိန်ကို ရွှေတစ်ကျပ်သား[၃] အချိန်ရှိသော ရွှေဖလားတစ်လုံး၊ အဝတ်ပုဆိုးကောင်းများကို ပူဇော်၏။

"သည်မျှသာ ယူနှင့်ပါဦး၊ ငါ့အကြွေအောင်၍ အလိုတော် ပြည့်ပြီးလျှင် ပဲခူးကို အုပ်စိုးသော် သုခမိန်ကိုလည်း တစ်စတစ်စ ရာထူးကိုးစေပြီး မြို့စားအဖြစ် ခန့်ပါမည်"ဟုဗညားနွဲ့မိန့်သဖြင့်သုခမိန်မှာ အလွန်ဝမ်းသာ၍ဗညားနွဲ့ကိုရှိခိုးကာ "အမှုတော်ကို ထမ်းဆောင်ပါမည်"ဟု ဝန်ခံလေ၏။

၁။ မြန်မာပေမူတွင်- ရွှေဖလားအချိန်- ၁၀-ပိတ်ကောင်း-၃အုပ်ဟုဆို၏။

၂။ မြန်မာပေမူတွင် မြေခြောက်ဆယ်ကြိုး။ ကြေးခွက်တစ်ရာရသည့် ကျေးရွာ။ ကွမ်းသီးလည်း တစ်နှစ်ကို-၂၅-ထုပ် ပေးမည် ဟုလာရှိသည်။

www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့တွင် ဗညားနွဲ့သည် မြို့လှည့်သောအခါ ကလေးများသီဆိုသော သီချင်းများကို ကြားရလေ၏။

သီချင်းတစ်ပုဒ်မှာ

မွန်ဘာသာ–

"မိန္ဒောက် မိန္ဒောက်၊
ကောက်လေဟွံကျင်၊
ပေင်ဂျင်ချောင်ပ္ဂ်၊
ဒဂုင်၊
တျင်မိန္ဒောက်"

မြန်မာပြန်–

"အရီးတော်ကွ၊ အရီးတော်ကွ၊
ခေါ်ဝေါ်လှ၏၊
မွေးဖမလာ၊
ပန်းကြာလှစဉ့်၊
လှေပြည့်တင်၍၊
ဆံရှင်ဓာတ်ကို၊
ရည်မှတ်မွေးဖတင်"*

နောက်တစ်ပုဒ်မှာ

မွန်ဘာသာ–

"မိန္ဒောက် မိန္ဒောက်၊
ကော်လေဟွံစ်၊
ထောအ်ကြဲကောန်ဇြ၊
သွတ်ဇကု၊
အနုကလောက်"

---

*" The use of ခမည်း and ငါ့မွေးဘ in Kogan Pyo 23 and U Kyaw Dun's note at 23 in which he quotes similar instances from Burmese literature. He also refers to the use of မောင် and ဘ as terms of endearment by parents to children,မောင်ရယ်၊ ဘရယ်စသည်ဖြင့် ချစ်စနိုးခေါ်ဝေါ်လျက်ပင် ရှိနေသေးသည်"ဟူ၍ မြန်မာနိုင်ငံ သုတေသနအသင်းဂျာနယ် -J.B.R.S. Vol. XXII- တွင် J.A.Stewart ၏ Mon Songs of the 12 Seasons-ဆောင်းပါး၌ မှတ်ချက်လာရှိသည်။ (ဘ=ဖ) အန (ပါဠိ) = ဟူသည်၊ တုသည်။ ကလောက်–ဟူသည် နတ်ဟု အနက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com

မြန်မာပြန်-

"အရီးတော်ကွ၊ အရီးတော်ကွ၊
ခေါ်ပါလှလျက်၊
မွေးဖမပြန်လှာ၊
ငါသာယောကျ်ား၊
သားမယားကိုပစ်ထား၊
နတ်သားတုၣ် ကိုယ်ကိုပြုသည်"

အခြားတစ်ပုဒ်မှာ-

မွန်ဘာသာ-

"မိဒ္ဓောက် မိဒ္ဓောက်၊
ကောက်လေဟွံတိုန်
သွစ်တုံဗပိုန်ကွာ၊
သိုက်ရှေ့သော်လှိုန်
ကျာက်ဓိုန်ဓာတ်သောက်"

မြန်မာပြန်-

"အရီးတော်ကွ၊ အရီးတော်ကွ
ခေါ်ပါများစွ၊
မွေးဖမတက်လာ၊
လင်းလွန်းပင်ရင်း
သားချင်းနှစ်ပါး၊
ကုန်သည်အားကို၊
ဘုရားသခင်၊ ဆံရှင်အပ်သည်"

အခြားတစ်ပုဒ်မှာ-

မွန်ဘာသာ

"ဂွကျာ်မဟာဒေဝီ
ညမဒှ်ကျနာဲတွနာဲပိုယ်၊
မ်ငပ္ဒဲချုင်ဗွောတေ၊
စကာမ္ဒိဟ်ကုံဝ်နင်ပ္ဒဲ၊
ပူဇဲဓါတ်ကျာ် ပ္ဒဲချုင်ဒုင်၊
တုံထဝ်ဓါတုံ ကန်ဒုံင်ပ္ဒဲဒိသီဃုံတ်"

www.burmeseclassic.com

www.burmeseclassic.com

မြန်မာပြန်– "ပဲခူးမြို့၌နေသော ငါတို့သခင်၏အရိုးတော်
မဟာဒေဝီသည် ဒဂုန်မြို့ရှိ ဓာတ်တော်ဘုရားကို
ပူဇော်ရန်ပန်းခူး၍ လူလွတ်သည်။
သိဂုံတ္တရကုန်းပေါ်၌
ရွှေပင်နှစ်ပင်တည်လျက်ရှိသည်"[၁]

ဇရးတော်ပုံကျမ်း

ဗညားနွဲ့သည် မြို့လှည့်ပြီး တဲနန်းသို့ပြန်ရောက်လျှင် "သီချင်းအဓိပ္ပာယ် ပသို့နည်း" ဟု မင်းကန်စိကိုမေးလေ၏။

မင်းကန်စိက "ပဲခူးမြို့တွင် ရွှေမော်ဓောဘုရားရှိပါလျက် မဟာဒေဝီမလေးမမြတ်၊ စေတီကြီးဖြစ်သော ဒဂုန်ဓာတ်တော်ဘုရားအား ပူဇော်ရန်ပန်းပို့ခဲ့သည်။ အရှင်မင်းသားနေသော ဒဂုန်သည် သောကြာနံဖြစ်၍ ပဲခူးမြို့ကို အလွယ်တကူရမည့်နိမိတ်ဖြစ်သည်။ ရှေးအခါက လင်းလွန်းပင်ရှိရာ ဇေယျသေဋ္ဌပြည်တွင် တဖုဿနှင့် ဘလ္လိက ကုန်သည်ညီနောင်နှစ်ပါးအား မြတ်စွာဘုရားက ဆံတော်ဓာတ်ပေးအပ်ခဲ့ပြီး သိဂုံတ္တရကုန်းပေါ်တွင် ဌာပနာရသည်။ ဆံတော်ကို မွန်မူတွင် "ဓာတ်သောက်"ဖြစ်၍ သောကြာနံဖြစ်သည်။ သခင်လည်း သောကြာသားဖြစ်သဖြင့် အဓိပ္ပာယ်အဖြောင့်ပင်" ဟူ၍ လျှောက်သည်။

ပဲခူးတွင် မဟာဒေဝီသည် တလမေဒေါကိုခေါ်၍ "အပသုံငယ် ဒဂုန်သို့ပြေးမည့်ကြံသောအခါ စနည်းတဘောင်ကြားနာပြီးမှ ပြေးသည်မှာ မှန်သလော" ဟု မေးရာ တလမေဒေါက "ဗညားနွဲ့သည် ကျွန်ုပ်အား သားမယားမမှတ်၊ မလေးမမြတ်၊ ကရုဏာတရားမထား၊ ရက်စက်လှသည်။ ကျွန်ုပ်အားပစ်၍ တစ်ဦးတည်းပြေးသည်၊ အကျိုးအကြောင်းမည်သို့မျှ ကျွန်ုပ်အား အသိမပေး၍ မသိရပါ။ သိခဲ့ရပါမူ အရိုးတော်ကို ကြိုတင်၍ပြောပြခဲ့ပြီးဖြစ်မည်" ဟုဆို၏။

ထို့နောက် အဒေါကုန်းငယ်ကိုခေါ်၍ မေးပြန်၏။ အစသော် အမှန်ကိုမဆို။ မဟာဒေဝီလည်း ဒေါသထွက်သဖြင့် ညှပ်ခတ်၍ရိုက်ပုတ်မေးစေမှဆို၏။

"တူတော်သည် မင်းကန်စိ၊ ဘောမွန်တို့နှင့် မြို့တံခါးအားလုံးသို့သွား၍ တဘောင်စနည်းနာကြသည်။ တံခါး ၆–ပေါက်စလုံးတွင် သုဘနိမိတ်ကောင်းရသည်ဟုကြားရသည်။ နိမိတ်အကြောင်းကိုမူ ကျွန်ုပ်မသိပါ" ဟုဆို၏။

"အဘယ်ပညာရှိသည် ဗညားနွဲ့ထံ နေ့ညမပြတ်အတိုင်အပင်ရောက်သနည်း" ဟု မေးပြန်၏။ "ဖွဲတနန့်လူထွက် မပြတ်ရောက်ပါသည်" ဟု အဒေါကုန်းဆိုသဖြင့် ဖွဲတနန့်ကိုခေါ်၍ သမိန်မရူးထံအပ်ကာ သံခြေချင်းခတ်ထားစေ၏။

၁။ ဤသီချင်းကို မြန်မာပေ၌ မတွေ့ရ။

www.burmeseclassic.com

www.burmeseclassic.com

ယင်းနေ့ညချမ်းစွင် မဟာဒေဝီသည် မိမိယုံကြည်စိတ်ချသည့် စစ်ဗိုလ်မ သုံးယောက်ံ တို့ကိုခေါ်၏။ ၎င်းတို့အမည်များကား (၁) မိဆွေ (မိဆဲ)၊ (၂) မိသလ (မိသ့)၊ (၃) မိဇု တို့ဖြစ်သည်။ ၎င်းတို့ကို ညွှန်ကြားချက်များပေး၍ မြို့တံခါးတိုင်းသို့ သွားရောက်ကာ တဘောင်စနည်းနာစေလိုက်၏။

စစ်ဗိုလ်မ မိဆွေ၊ မိသလနှင့် မိဇုတို့သုံးယောက်လည်း စိတ်ချရသော ကျွန်လေးငါးယောက်တို့ကိုခေါ်ကာ နတ်များအား ပူဇော်ရန် ပစ္စည်းများစီရင်ပြီး မဟာဒေဝီ၏ အမိန့်အတိုင်း တဘောင်စနည်းနာရန် ထွက်ကြလေ၏။

မြို့တံခါးစောင့်နတ်များကို ပူဇော်ပသစဉ် "အရီးတော်မဟာဒေဝီသည် စစ်သည်ဗိုလ်ပါများစီရင်၍ ဗညားနွဲ့အားဖမ်းစေမည်။ ရမည် မရမည်၊ နိမိတ်ကောင်း၊ မကောင်း၊ ထင်ရှားစွာပြစေသား" ဟု အဓိဋ္ဌာန်ပြု၏။

ထို့နောက် မောတရုတ်တံခါးမှ မလွယ်ပေါက်တံခါးအထိသွား၍ စနည်း တဘောင်နာကြ၏။ တံခါးငါးပေါက်စလုံး၌ တဘောင်မရ၊ တိတ်ဆိတ်လှ၏။ ပြောသံဆိုသံ မကြား၊ ဖျာဒုန်ခေါ် ဖျာနွန်တံခါးသို့ရောက်လျှင် မနည်းကြားအောင်နေ၍ နာသည်။

ထို့အခါ ထိမ်ပင်ကျောင်းမှ ဖိုးသူတော်တစ်ဦးက ဟစ်၍ဆိုသည်မှာ-

"ဆုဒုန်တုံလဝ်ခိုဟ်ဟိ၊ တ္ဂျင်ကိုသလကိုဒးပြဟ်အာ" "သစ်ပင်ဝါးပင်များကို ကောင်းစွာစိုက်ပျိုးထားရာမှ အပူးအညွှန့်နှင့် အရွက်များကြွေကျသွားရသည်"ဟု အနက်ဆောင်သည်။ ထို့နောက် ဇွဲတနန်လူထွက်ကျောင်းမှ မျက်မမြင်ခပ်ပေါ့ ရှင်သာမဏေ တစ်ပါးသည် ဘာဝနာပွားများနေရာမှ ဟစ်၍ဆိုသည်မှာ-

"ပုတ္တေပုတ္တင်၊ မျိုဒေါန်ဂဲင်၊
ဂွါန်သဲင်ဒ၊ ကောန်ဒှိုဇြကွဲ"

မြန်မာပြန်- "ပုတ္တေပုတ္တ၊ ဂါထာပြု၍၊ ဆိုးစွအဖြစ်၊ အရီးစစ်၊
အပြစ်ဆိုများ၊ ထွက်ပြေးသွားမှ၊ မယ်ဖွားသမီး၊
အထီးကျန်ရ၊ မုဆိုးမလျှင်ဖြစ်စွတကား"

အခြားတစ်ပုဒ်မှာ

မွန်ဘာသာ- "ပုတ္တေပုတ္တင်၊ ဂမျိုဒေါန်ဂဲင်၊
ဂွာန်သဲင်ဒ၊ စဂွဲဒတန်"

မြန်မာပြန်- "ပုတ္တေပုတ္တ၊ ဂါထာပြု၍၊ ဆိုးလှအဖြစ်၊
အရီးစစ်၊ အပြစ်ဆိုများ၊ ပစ်၍သွားမှ၊
တော်ငြားတစ်ဖန်၊ ပြန်၍အရာ ရလေရာ၏"

၁။ မြန်မာပေမူတွင် လေးယောက်ဟုဆို၍ မွေအောက်။ မွေရွေ။ မွေ့ရှည်။ မွေကတိုန်ဟုလာ၏။

www.burmeseclassic.com

www.burmeseclassic.com

တဘောင်စနည်းနာသော စစ်ဗိုလ်မ သုံးယောက်တို့သည် ဖိုးသူတော်နှင့် မျက်မမြင် ခပ်ပေါ့သာမဏေတို့က ဟစ်၍ ဆိုသည့် စကားများကို မှတ်သားပြီး မဟာဒေဝီထံ လာရောက် လျှောက်တင်ကြ၏။

မဟာဒေဝီကြားလျှင် စနည်း မကောင်းသောကြောင့် အမျက်ထွက်၏။ "ညည်းတို့ ရှင်ရှူးစကားနှင့် ဖိုးသူတော်စကားကိုယူ၍လာသည်။ အရှူးစကားများကို နိမိတ် အဆိုးအကောင်းယူ၍မရ"ဟု ဆိုပြီး မိုးသောက်လျှင် သမိန်မရူးကိုခေါ်၍ အမှူး အမတ် များနှင့် ဆွေးနွေးတိုင်ပင်၏။

"သမိန်တိသကုမာကိုစေ၍လည်း ဗညားနွဲ့ မလာ၊ ဘောယီကိုစေသော် သူ့ အထိန်းတော် မွေ့အဲလောကို လာပါစေဟု ဆိုသည်။ ငါတို့ စစ်အင်အလုံးအရင်း စီရင်ပြီး သမိန်မရူးကို တာဝန်ပေး၍ ဗညားနွဲ့ကို လုပ်ကြံစေသော် သင့်မည်လော"ဟု မဟာဒေဝီမေး၏။

ထိုအခါ သမိန်မရူးက "တော်သလင်းလတွင် မွေ့အဲလောကို အကြိုလွှတ်လျှင် ပြန်လာမည်ဟု ဗညားနွဲ့ စာရေးခဲ့သည်ဖြစ်၍ မွေ့အဲလောကို စေလွှတ်သင့်ပါသည်။ ယခုလည်း တော်သလင်းလဆုတ်ပိုင်းသို့ ရောက်ခဲ့ပြီ။ မွေ့အဲလောကို စေလွှတ်သော်မှ ဆိုထားသည့်အတိုင်းအကယ်၍ ဗညားနွဲ့ မလာမှသာစစ်ချီသင့်ပါသည်။ ယခုမွေ့အဲလော ကို စေလွှတ်သင့်ပါသည်"ဟု လျှောက်တင်၏။

သမိန်မရူး လျှောက်တင်ချက်ကို မှူးမတ်များနှင့် မဟာဒေဝီလည်း သဘောတူ ကြ၏။ ထိုနောက် မဟာဒေဝီသည် သမိန်မရူးကို စာစီစေ၏။ မွေ့အဲလောကိုလည်း ခေါ်စေ၏။ မွေ့အဲလောရောက်လျှင် မဟာဒေဝီက–

"ငါထံသို့ ဗညားနွဲ့ရေးခဲ့သည့်စာတွင် တော်သလင်းလရောက်လျှင် ညည်းကို အကြိုလွှတ်ပါဟု ဆိုသည်။ ယခု တော်သလင်းလဆုတ်ပိုင်းသို့ ရောက်ခဲ့ပြီ။ ငါ့စာဖြင့် ညည်း ဒဂုန်သို့ဆင်း၍ ဗညားနွဲ့ကို သွားကြိုခဲ့ချေ"ဟုမိန့်၏။

မွေ့အဲလောအလွန်ဝမ်းသာ၏။ ဗညားနွဲ့ထံရောက်လျှင် အကောင်းအဆိုး အကျိုး အကြောင်း အားလုံးကို ပြောပြလိုသည်။

"ကျေးဇူးရှင် မယ်ဖွားစေသည်ဖြစ်၍ ကျေးဇူးဂုဏ်တော်တို့ကို အောက်မေ့ပြီး ကျွန်ုပ်တာဝန်ယူပါမည်။ မောပန်းသည်ကို အရေးမထားပါ။ သို့သော် ဗညားနွဲ့အတွက် ပေးရန် ပစ္စည်းအနည်းငယ် ရှာလိုပါသည်"ဟု လျှောက်ပြီး မွေ့အဲလောသည် မဟာဒေဝီအား ဝတ်ပြုပြီး တလမေဒေါထံ သက်ခဲ့လေ၏။

ရောက်လျှင် "ယခု မဟာဒေဝီစေ၍ ဗညားနွဲ့ထံ အမယ်သွားရမည်။ ဗညားနွဲ့ကို သွားကြိုခဲ့ရမည်။ မောင်တော်အတွက် ရှင်မက၊ ပဇာလက်ဆောင် ပေးတော်မူလိုက်သည် နည်း။ ဗညားနွဲ့သည် ဒဂုန်၌ မွေမနိတ်ကို မယားအဖြစ် တင်ထားသည်။ မွေမနိတ်သည် ရုပ်ရည် အလွန်ချောမောသောကြောင့် မင်းသားနှစ်သက်ခြင်း ဖြစ်ချေမည်"ဟု မွေ့အဲလော ဆို၏။

www.burmeseclassic.com

"ငါ့တွင် ပေးဖွယ်လက်ဆောင်အထူးမရှိ။ ဆီအိုးတစ်လုံးနှင့် ချိန်ခွင်တစ်စုံကို ပါးလိုက်မည်"ဟု တလမေဒေါဆို၏။ ထို့နောက်ဆက်လက်၍...

"ငါ့ကို ဗညားနွဲ့.က ပဇာပစ္စည်းမျှ မပေးခဲ့။ ငါသည် သူ့.မယား ဖြစ်ပါလျက် ငါ့နား၊ မျက်စိမငြိမ်အောင် သူပြုသည်။ အမယ်သားကို အမယ်ပြောပါ။ ငါသည် သူ့.ငယ်ချစ်နမတော်ဖြစ်သည်။ မင်းသား၏ ကျေးဇူးဂုဏ်ကို နေ့ညမပြတ် ငါသတိရအောက်မေ့နေပါသည်။ အခြားပစ္စည်းကောင်းတွေ ပေးရန်မရှိ၍ မဟုတ်ပါ။ ကောင်းမြတ်သော လက်ဆောင်ပေးလိုက်ပါက ဒဂုန်သူနှင့် မသင့်တော်မည်စိုး၍ ဒဂုန်သူနှင့်သင့်တင့်သည့် ဤပစ္စည်းနှစ်မျိုးကို ပေးလိုက်ခြင်းဖြစ်ပါသည်။ ငါ့ကိုမင်းသားက မေတ္တာတရားမရှိသော်လည်း ငါ့မှာမည်မျှ ပူပင်သောက စိတ်ဆင်းရဲဒုက္ခဖြစ်နေသည်ကို သူ့.အားသိစေလိုသည်။ ငါတို့နှစ်ဦးသည် ငယ်စဉ်ကပင် အချင်းချင်းချစ်ခင်ကြ၍ ပေါင်းဖက်ခဲ့ကြသည်ဖြစ်သဖြင့် ငါသည်ဗညားနွဲ့.၏ ငယ်မယားဖြစ်သည်။ ကျွန်ရင်းကျွန်ဟောင်းဖြစ်သည်။ ဆင်းရဲဒုက္ခမည်မျှပင် ခံစားရသော်လည်း ကျေးဇူးရှင်မင်းသားကို ထာဝစဉ် သတိရအောက်မေ့လျက် ရှိပါသည်။ ဤအကြောင်းကို ဗညားနွဲ့.အားသိစေရန် အမယ်ကူညီပြောပေးပါ"

ဟု တလမေဒေါဆိုလျှင် မွေ့.အဲလောပြုံးသည်။ မည်သို့မျှပြန်မပြောတော့ဘဲ လက်ဆောင်ပစ္စည်းနှစ်မျိုးကို ယူသည်။ တလမေဒေါဆိုလိုသမျှကို စိတ်တွင် အားလုံးသိသည်။ တလမေဒေါကိုဝတ်ပြုပြီး မဟာဒေဝိထံသွား၏။

ရောက်လျှင် ဗညားနွဲ့.ထံတလမေဒေါ ပစ္စည်းနှစ်မျိုးပေးလိုက်ကြောင်းကို တင်လျှောက်၏။ မဟာဒေဝီလည်း ရယ်မောကာ "တလမေဒေါက ဤသို့ပြုသည်မှာ မယားတို့ပြုအပ်သည့် ဓမ္မတာတစ်ရပ်ဖြစ်သည်။ ဤပစ္စည်းနှစ်ခုပေးလိုက်သည့် အဓိပ္ပာယ်ကို ညည်းသိပါသလား"ဟုဆို၏။ မွေ့.အဲလောသည် အဓိပ္ပာယ်ကိုသိသော်လည်း "မသိပါ"ဟု ဆိုလိုက်၏။ ထိုကြောင့် မဟာဒေဝီက...

"ဆီအိုးကိုပေးသည့်အနက်မှာ ဆီတို့မည်သည် မီးထွန်းလျှင် လင်းသည်။ တလမေဒေါသည် ဆီမီးရောင်နှင့် သူ့.ကိုသူနှိုင်းယှဉ်ထားသည်။ မွေမနိတ်သည် နိမ့်ကျသောအမျိုးဖြစ်၍ မှောင်မိုက်သည့် နေရာ၌ ရှိနေသည်ကိုဆိုလိုသည်။ မွေမနိတ်ကို ဗညားနွဲ့.ယူခြင်းသည် မှောင်သောနေရာနှင့် လင်းသောနေရာ၊ နှစ်ခုစလုံး၌ နေသည်နှင့် တူသည်ကို ဆိုလိုသည်။ ယခင်က နှစ်ဦးသားမှာ ဆင်းရဲချမ်းသာမဟူ အတူနေခဲ့သည်ကို ဆီ၏အလင်းရောင်တွေ့.တိုင်း ဗညားနွဲ့.က တလ

www.burmeseclassic.com

www.burmeseclassic.com

မဒေါကို သတိရစေရန် ဆီအိုးကို ပေးလိုက်ခြင်းဖြစ်သည်။ ချိန်ခွင်ပေးလိုက်သည်မှာလည်း ချိန်ခွင်လျှာမှန်သကဲ့သို့ တလမေဒေါသည် ဖြောင့်မတ်မှန်ကန်ပြီး ကောင်းသောသုစရိုက်၊ မြင့်မြတ်သောစိတ်ထားများနှင့် ပြည့်စုံသည်ကို နှိုင်းယှဉ်ထားသည်။ ဗညားနွဲ့က သူ့ကိုပို၍သတိရအောင်၊ ပို၍ချစ်လာစေလိုသော သဘောဖြစ်ပေသည်"[၁]ဟု မဟာဒေဝီဆို၏။

ထိုအခါသမိန်မရူးလည်း မဟာဒေဝီ၏အမိန့်အတိုင်း ဗညားနွဲ့အားပေးရန် စာစီပြီးဖြစ်၍ တံဆိပ်ခတ်နှိပ်လျက် ရွှေကမွေလွှဲဆည့်ကာ မဟာဒေဝီထံဝင်ရောက်ဆက်သလေ၏။[၂] မဟာဒေဝီသည် ဗညားနွဲ့အားပေးရန် ခြုံစောင်တစ်လွှာနှင့်စာကို မွေ့အဲလောအား ပေးလိုက်လေ၏။ ဗညားနွဲ့အား သံသယမဖြစ်အောင် နာပျော်ဖွယ်အမှာစကားအမျိုးမျိုးကိုလည်း ပြောကြားလိုက်၏။

မွေ့အဲလောသည် စာနှင့်စောင်ကိုလက်ခံ၍ မဟာဒေဝီအား ဝတ်ပြုပြီး စီစဉ်ထားသည့်အတိုင်း ဗင်ကရိနီအမည်ရှိသောဆင်[၃]ဖြင့် ဒဂုန်သို့စုန်လေ၏။ ကျွန်မိန်းမကျွန်ယောကျ်ားများလည်း လိုက်ပါကြလေ၏။

ဒဂုန်မြို့ကင်းတပ်သို့ရောက်သော် ကင်းသမားများက ၎င်းတို့အား စောင့်ခိုင်းထားပြီး အကျိုးအကြောင်းကို ဗညားနွဲ့ထံတင်လျှောက်ကြလေ၏။ ဗညားနွဲ့လည်း မွေ့အဲလော စာပို့ရန်ရောက်နေကြောင်း ကြားသိရလျှင် လွန်စွာဝမ်းမြောက်၏။ ထိုအခါဘောမွန်ကိုလွှတ်၍ မွေ့အဲလောအား ထွက်ကြိုစေ၏။

မွေ့အဲလောရောက်လာလျှင် ဗညားနွဲ့ကိုယ်တိုင်ကြိုဆိုကာ သင့်တင့်သော နေရာ၌ထိုင်စေ၏။ ဗညားနွဲ့သည် အထိန်းတော်မွေ့အဲလောနှင့် ချစ်ခင်ရင်းနှီးသည့် အလျောက်သုခဒုက္ခများကိုမေးမြန်း၏။ "နေ့စဉ်နေ့တိုင်း အမယ့်စိတ်နှင့် ကိုယ်ကာယ မည်သို့ခံစားနေရပါသနည်း"ဟု မေးလျှင် "ဒဂုန်သို့ သခင်ထွက်လာသည့်နေ့မှစပြီး အမယ့်မှာချမ်းသာမှုမရှိပါ။ ဒဂုန်၌သခင်နေသည်မှာ နေ့စဉ်နေ့တိုင်း ချမ်းသာမှု ရှိပါ၏လော"ဟု မွေ့အဲလောဆို၏။

"ငါသည် အိပ်ပျော်စဉ်၌သာ ချမ်းသာမှုရှိ၍ နိုးလာလျှင် ဒုက္ခဆယ်ပုံမှာသုခတစ်ပုံသာရှိသည်"ဟု ဗညားနွဲ့ဆို၏။ မွေ့အဲလောသည် ဗညားနွဲ့၏ စကားကိုကြားလျှင် အလွန်သနားမိသည်။ ထို့နောက် မဟာဒေဝီပေးခဲ့သောစာနှင့် ခြုံစောင်ကို ဆက်သ၏။ ပြီးလျှင် "ဤသည်ကား သခင့်နှမတော် တလမေဒေါက ပေးလိုက်သည်"ဟုဆို၍ ဆီအိုးနှင့် ချိန်ခွင်ကို ကမ်းပေးလေ၏။

၁။ မြန်မာပေမူတွင်– ဆီအိုးနှင့်ချိန်ခွင်ပေးသည့် အကြောင်း အနက်အဓိပ္ပာယ် ပြောရခက်မပါ။

၂။ မြန်မာပေမူများတွင် စာဖြင့်မစေဘဲ၊ နှုတ်ဖြင့်မှာသည်ဟုဆို၏။

၃။ မြန်မာပေမူတွင် လှေစီး၍စုန်လေသည် ဟုဆို၏။

www.burmeseclassic.com

www.burmeseclassic.com

ပစ္စည်းကို ဗညားနွဲ့မြင်လျှင်ရယ်မောကာ လက်ခုပ်လက်ဝါးတီး၏။ "ဤ ပစ္စည်းကို အိမနိတ်ငယ်အတွက် ငါ့နှမတော်ပေးခဲ့ခြင်းမှာ လောကစဉ်လာ မိန်းမတို့၏ မာယာဖြစ်သည်" ဟု ဆိုပြီး တလမေဒေါနှင့် ယခင်ကချစ်ခဲ့သည်ကို သတိရမိသည်။

ဆီအိုးနှင့်ချိန်ခွင်ကို မွေမနိတ်အားပေးလျှင် မွေမနိတ်က... "နှမတော်မှာ ဆီသည်အမှန်ပင်။ ပဲခူးမှ တို့သခင်မက ပြက်ရယ်သမူပြုခဲ့သည်ကို နှမတော်ရက်ရမည်လော"ဟုဆိုလေ၏။ ဗညားနွဲ့လည်း စာကိုဖောက်ဖတ်၏။ စာတွင်ပါသည်ကား-

"အကြောင်း ယုတ္တိသိစေရန် အရီးတော် မဟာဒေဝီက တူတော် ဗညားနွဲ့ထံ ကြားရောက်အပ်သည်။ ယခင်က တူတော်အား ခမည်းတော်က အမျက်ဒေါသ ဖြစ်ပေါ်ခဲ့သမျှကို ပြေပျောက်သွားအောင် ငါ ဖျန်ဖြေခဲ့ပြီး ဖြစ်သည်။ ယခုလည်း မင်းနှမ၊ တလမေဒေါမှာ သားတစ်ယောက်နှင့် စိတ်သောကဖြစ်ပြီး နေ့ညမပြတ် မျက်ရည်ကျနေသည်ကို ငါတွေ့မြင်ရသည်။ မင်းမှာလည်း နုပျိုငယ်ရွယ်လှ၏။ နွားကျောင်းသား ရှင်သူငယ်နှင့် လယ်ပြင်သား ကျွန် သုံးကျိပ်တို့၏ စကားကိုနာ၍ ပုဆိုးတစ်ထည်ကိုဝတ်ပြီး တစ်ထည်ကိုကွင်းသိုင်းကာ၊ ရူးသည်နှင့်အတူ မင်းပြုသည်။ ငါမွေး၍ မင်းကြီးပြင်းခဲ့ရသည်။ မင်းကောင်းစားသည်ကို ငါရှုစားလိုသည်။ မင်းမှအပ ဟံသာဝတီပြည်မကို အုပ်စိုးထိုက်သောသူ ရှိသလော။ ခမည်းတော်လည်း အမတ်စက္ကဝါဒီယကုသ၍ ကျန်းမာတော်မူပြီ။ ဆင်ဖြူရှင် အမျက်တော်မရှိခင် အလျင်အမြန် လာစေလိုသည်။ ဒဂုန်တွင် ငါ့ကျွန်များနှင့် တူတော်၏ကျွန်များသည် ဝိဝါဒ ကွဲကြ၍ ဖြစ်ပျက်ခဲ့သည့် ကိစ္စမှာလည်း ရှေးဘဝကကံကျွေးရှိခဲ့၍သာ သူတို့သေကျေရခြင်းဖြစ်သည်။ အရီးတော် မည်သို့မျှ သဘောမထား။ လုံးဝ စိတ်မဆိုးပါ။ မင်း တွေးကြောက်မနေပါနှင့်။ အမှုအရာ ရှိသရွေ့ကို ငါတာဝန်ယူသည်။ မင်းပြန်သာလာလှည့်ပါလော့"

ဗညားနွဲ့လည်း စာကိုဖတ်ပြီးလျှင် အကြောင်းယုတ္တိ မရှိသည်ကိုမြင်၍ မွေ့အဲလောအား ဆို၏- "အမယ်သည် ငါ့ကို ငယ်စဉ်ကစပြီး ဤမျှ ကြီးပြင်းလာသည်အထိ မွေးကျွေးခဲ့သည့် ဂုဏ်ကျေးဇူးမှာ မည်သည့်အရာနှင့်မျှ နှိုင်းယှဉ်၍မရပါ။ ငါ့အသက်ကိုကား ကျေးဇူးရှင် အမယ်လက်သို့အပ်ပါသည်။ ငါ့အသက်ကို အမယ်ယူမည်လော၊ လွှတ်မည်လော"

ယင်းသို့ ဗညားနွဲ့ ပြောသည်ကိုကြားလျှင် မွေ့အဲလောမှာ ဝမ်းထိခိုက်၍ မျက်ရည်ပေါက်များ ကျလေ၏။

www.burmeseclassic.com

www.burmeseclassic.com

"အမယ့်အား လာပါစေဟု ငါမှာသည်မှာ အကြောင်းမှန်ကို အကြွင်းမဲ့ သိရမည်၊ ကြားရမည်ဟု ငါယူဆသည်။ ငါငယ်ကပင် ငါ့မယ်တော် လွန်၍ အမယ့်နို့နှင့် ငါကြီးရသည်။ ငါ့အကျိုးမရှိသည့် အကြောင်းကိုမြင်လျှင် အမယ် ရှုစိမ့်မည်လော"ဟု ဗညားနွဲ့ဆိုပြန်လျှင် မွေ့အဲလောသည် ပြောလိုသော စကားများကို လူအများရှေ့တွင် မပြောလိုသဖြင့် အတွင်းသို့ဝင်ရန် မျက်ရိပ်ပြ၏။

မင်းသား၏ မျက်နှာကိုကြည့်ပြီး လက်ဝဲလက်ယာနှစ်ဖက်ကို ကြည့်ပြန်၏။ ဗညားနွဲ့လည်း မွေ့အဲလော၏အမူအရာ ကြည့်ဟန်ကိုသိ၍ "ငါဒဂုန်သို့လာသည်မှာ ပုန်စားသည်ဟု ဆိုကြသည်။ ငါ့မှာ ဝတ်စရာပုဆိုးမရှိ။ အမယ်မယုံလျှင် ငါပြမည်။ အတွင်းဝင်လှည့်ပါ"ဟု ဆိုကာ အတွင်းခန်းသို့ ခေါ်ဆောင်လေ၏။ အတွင်းခန်းသို့ ရောက်လျှင် အပါးဥနေ၍ ဆို၏။

"အများမကြားစေလို၍ အပြင်တွင် အမယ် မဆိုဘဲနေသည်။ သခင်ပြေးခဲ့ပြီးနောက် မဟာဒေဝီသည် သခင့်ကျွန် အဒေါကုန်းငယ်ကိုခေါ်၍ စစ်ဆေးမေးမြန်းသည်။ မှန်ရာကိုမပြောသဖြင့် ရိုက်မေးစေမှပြောသည်။ သခင်နှင့် မင်းကန်စီ ဘောမွန်တို့သည် တံခါးခြောက်ပေါက်စေ့အောင် တဘောင်စနည်းနာသည်။ အားလုံးကောင်းလှသည်။ အချိန်အခါကောင်းတွင် ခွာကြသည်။ ဇွဲတနုန်လူထွက်လည်း မပြတ်လာသည်ဟုဆိုသဖြင့် ဇွဲတနုန်လူထွက်ကို သမိန်မရူးထံအပ်၍ ခြေချင်းနှင့် ထားသည်။ မိဆွေ၊ မိသလာနှင့် မိဇုတို့ကို တဘောင်စနည်းနာစေသည်။ နိမိတ်ကောင်းမရဘဲ ဖိုးသူတော်နှင့် ရှင်ရူးစကားကိုသာ ရခဲ့သည်။ ရှင်ရူးစကားကို ယူလာရသလားဟု အရီးတော်က အပြစ်တင်သည်။ ယခုအရီးတော်၏စာတွင် ရေးခဲ့သမျှကို သခင်မယုံလေနှင့်၊ အမှာစကားများကိုလည်း လက်မခံလေနှင့်။ အရီးတော်သည် ရေကန်တူး၍ ငါးကိုဝင်စေသကဲ့သို့ ဥပါယ်ပြုလျက် သခင်အား ခေါ်ခြင်းဖြစ်သည်၊ သခင်ကို လုပ်ကြံရန် နေ့စဉ်မပြတ် သေနာပတိများနှင့်အရီးတော်သည် တိုင်ပင်ဆွေးနွေးနေသည်။ ညီညွတ်မှုရသော် သခင်ကို လာရောက် တိုက်ခိုက်လိမ့်မည်။ သခင်ကို သေကြောင်းကြံနေသည်။ အရီးတော်သည် ထီးဖြူ၊ မကိုင့်၊ ပုလဲ သင်တိုင်းများကို ပြုလုပ်စီရင်နေသည်။ မရူးကို ထီးနန်းပေးမည်ကြံသည်။ ခမည်းတော်ဆင်ဖြူရှင်လည်း အနာသည်းလှသည်"

ယင်းသို့ မွေ့အဲလော၏စကားကိုကြားလျှင် ဗညားနွဲ့သည် စိတ်တုန်လှုပ်ချောက်ချားမိသည်။ ဆံတော်ဓာတ် ဘုရားဘက်သို့ မျက်နှာပြုပြီး ကျေးဇူးရှင် မွေ့အဲလောကို လက်အုပ်ချို၍ အဓိဋ္ဌာန်ပြု၏။ "ငါ့အရီးတော် မဟာဒေဝီသည်လည်းကောင်း၊ သစ္စာမရှိသော

www.burmeseclassic.com

ငါ့ယောက်ဖတော် သမိန်မရူးသည်လည်းကောင်း၊ ငါ့ပျက်စီးမှုကို ကြဲဆောင်သမျှ ငါ့ကို ရှုံးနိမ့်ပါစေသား။ ငါ့ပျက်စီးမှုသည် သူတို့၏ ပျက်စီးမှု ဖြစ်ပါစေသား" ထို့နောက် မွေ့အဲလောက ဆက်ပြောပြန်၏။

"မဟာဒေဝိသည် သမိန်မရူးကို မုတ္တမမင်း၊ ဗြတ်ထဗနှင့် မြောင်းမြစား လောက်ဖြားတို့ထံ စာရေး၍ ပဲခူးသို့ လာစေမည်။ မုတ္တမစစ်နှင့် မြောင်းမြစစ်တို့သည် ပဲခူးသို့ရောက်လျှင် ပဲခူးဥ္စ အင်အားရှိသမျှ သမိန်ဇိပ်ဗြိတပ် အပါအဝင် စုပေါင်း၍ သမိန်မရူးကို ဗိုလ်ချုပ်ခန့်ပြီး သခင်ကို တိုက်စေမည်။ အကယ်၍ စစ်ကြောင်းသုံးဖက် ညီပြီး ချီလာပါက သခင်ခုခံရန် ခက်ခဲမှ်မည်။ သို့သော် အမယ် အကြံတစ်ခု မြင်မိသည်။ သခင်နိုင်မည့်နည်း ဖြစ်သည်။ မုတ္တမစား ဗြတ်ထဗနှင့် မြောင်းမြစား လောက်ဖြားထံ ပဏ္ဏာလက်ဆောင်များ သင့်တင့်အောင်သခင်ပို့ဆက်ပါ။ သူတို့၏ စစ်ကြောင်းများ ရပ်သိမ်းအောင် နှိုးဆော်တိုက်တွန်းပါ။ ပဲခူးစစ်ကြောင်းရှိ သမိန်ဇိပ်ဗြိသော်ကား သခင့် ဘက်ပါပြီးသည်ကို သခင်သိသည်။ သမိန်မရူးတပ်တစ်တပ်ကို သခင် အလွယ်တကူ တိုက်နိုင်သည်။ ပဲခူးမြို့သည် သခင်၏ ပဲခူး ဖြစ်တော့သည်။ အမယ်လျှောက်သည်ကို သူ မကြားစေနှင့်။ အမယ်လည်း အလျင်အမြန် ပြန်မှသင့်မည်"

ဟု မွေ့အဲလောဆိုသည်ကို ဗညားနွဲ့ ကြားလျှင် လွန်စွာနှစ်ခြိုက်၏။ မွေ့အဲလောကို ချီးကျူး၏။

"ဩော် ငါ့အမိမှာ မိန်းမပင် ဖြစ်လင့်စကား ယောကျ်ားကဲ့သို့ သတိပညာ ကောင်းလှသည်။ အမယ်သတိပေးသည့်အတိုင်း အကြံပေးသည့်အတိုင်း ငါ လိုက်နာ မည်"ဟု ဆို၏။

မွေ့အဲလောလည်း အိမ်ဟောင်းသို့သွား၍ကြည့်ကာ အိမ်စောင့်ကျွန်တို့ကို မေးသော်ဖောင်ရိုးတစ်ချောင်း ဟင်းရွက်တစ်ရွက်မျှ မပျက်စီးကြောင်းကို သိရလျှင် လွန်စွာ ဝမ်းသာ၏။ မွေ့အဲလောလည်း "သူရဲသူခက်တို့ကို ကံကျေး ပြုတော်မူ"ဟု ဆို၍ ဗညားနွဲ့အား ရွှေငါးပိသာဆက်၏။ "အရှင့်သားအကြံအစည် မြို့မြဲပါစေ။ သခင်အောင်မြင်မှ အမယ်လည်း မျက်နှာပွင့်လန်းပါမည်"ဟု မွေ့အဲလော ဆို၏။

"အရီးတော်မဟာဒေဝီ ရေးခဲ့သည့်စာကို ငါပြန်ကြားသင့်မည်လော။ ပသို့ ပြုသင့်သနည်း။ အမယ်ဆိုပါ"ဟု ဗညားနွဲ့မေး၏။

---

* ဗညားနယ်=ရှမ်းဘာသာတွင်- ငယ်သော ဟုအနက်ရှိသည်။ မွန်လိုနယ်လ- နွဲ-နွဲ့- ဟူ၍ မြန်မာမှုဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com

"ညောင်အမယ်တစ်ယောက်လုံး ရောက်ခဲ့ပြီပဲ။ အမှာစကားဖြင့်လည်း ပြီးနိုင်ပါသည်" ဟု မွေ့အဲလောဆို၏။ ဗညားနွဲ့လည်း မွေ့အဲလော ဆိုသည်ကို သဘောကျပြီး မဟာဒေဝီအား ဆက်သရန် ရွှေငါးပိသာ စီရင်စေ၏။ မဟာဒေဝီအား ပြောရန် မှာသည်ကား...

"ကျွန်ုပ်သည် တော်သလင်းလအတွင်း ပဲခူးသို့ ပြန်ခဲ့ပါမည်။ သို့သော် အရီးတော်ကိုယူတော်ရန်နှင့် ခမည်းတော်အား ဆက်သရန် ပစ္စည်းများစုဆောင်းနေသဖြင့် ကြန့်ကြာနေရခြင်းဖြစ်သည်။ တလမေဒေါ ကိုလည်းပြောပါ။ မောင်တော်သည် ဒဂုန်၌နေရသည်မှာ ဆင်းရဲလှပါသည်။ စားစရာမျှမရှိ၊ ဝတ်စရာမျှ မရှိ၊ ဆီကုန်သည့် မွေမနိတ်ကို မှီခိုရသဖြင့် ဆင်းရဲခြင်းမှ သက်သာရာရသည်။ နှမတော် ပေးခဲ့သော လက်ဆောင်ပစ္စည်းနှစ်မျိုးအတွက် မောင်တော်သည် ကျေးဇူးတင်ဝမ်းမြောက်ပါသည်။ နှမတော်ကို အမြဲသတိရလျက် ရှိပါသည်။ မကြာမီ နှမတော်နှင့်သားငယ်ကို ပြန်တွေ့ရမည့်အရေးကို တွေးနေပါသည်"

ဟူသော အမှာစကားကို နားထောင်နေသော အထိန်းတော် မွေ့အဲလောလည် ပြုံးလျက် "အမယ် သွားတော့မည်။ မှာသမျှ ပြောပြပါမည်။ သခင်နေရစ်ပါ။ အကြွေအစည်များ အစစအရာရာ မြဲမြံပါစေ"ဟု မှာ၍ ဗညားနွဲ့ကို ဦးခိုက်ကန်တော့၏။ ဗညားနွဲ့ လည်း "ငါအမယ်မှာကြားသမျှ ငါလိုက်နာဆောင်ရွက်ပါမည်။ အမယ် စိတ်ချပြန်ပါ" ဟု ဝန်ခံပြီး မွေ့အဲလောကိုလိုက်ပို့၏။

မွေ့အဲလောလည်း လာသည့်အတိုင်း ဗင်ကရိန်ဆင်ထက်တက်ကာ ကျွန် ယောကျ်ား၊ ကျွန်မိန်းမများ ခြံရံလျက် ပဲခူးသို့ ပြန်လေ၏။

မွေ့အဲလော ပြန်ပြီးနောက် ဗညားနွဲ့သည် မင်းကန်စီ၊ ဘောမွန်တို့နှင့် တိုင်ပင်၍ မုတ္တမစားဖြတ်ထဗနှင့် မြောင်းမြစားသမိန်လောက်ဖြားတို့ထံ ပေးရန်စာများကို မင်းကန်စီအား ရေးစေ၏။ လက်ဆောင်ပစ္စည်းများပေးရန်လည်း စီစဉ်စေ၏။ ရေးလိုက်သည့် စာကား...

"ကောင်းမြတ်သောစိတ်ရှိသည့် ဦးရီးတော်သမိန်ဖြတ်ထဗနှင့် သမိန်လောက်ဖြားတို့ထံသို့ ကျွန်ုပ်ဗညားနွဲ့က ကြား ရောက်အပ်ပါသည်။ အကြောင်းယုတ္တိအမှန်ကို ဦးရီးတော်တို့ သိစေရန်မှာ ယခု ကျွန်ုပ်၏ ခမည်းတော်သည် ဒုက္ခဝေဒနာ ခံစားရာမှ အနာသည်းလှသည်။ အရီးတော် မဟာဒေဝီသည် သမိန်မရူးနှင့်ရည်ငံ၍ သမိန်မရူး ကို နန်းပေးလိုသည်။ ကျွန်ုပ်ကိုသတ်ရန် အကြိမ်ပေါင်းများစွာ ကြံစည် ခဲ့သည်။ ကျွန်ုပ်သည် သေဘေးကို ကြောက်ရွံ့သဖြင့် ဒဂုန်သို့ ပြေးခဲ့ရပါသည်။ ယခု အရီးတော်မဟာဒေဝီက ဆင်ဖြူရှင်၏ အမိန့်ဟု

www.burmeseclassic.com

ဆို၍ ဦးရိုးတော်တို့ထံ ကြားရောက်ထားသည်။ ခမည်းတော် ဆင်ဖြူရှင်ကို ကျွန်ုပ် ပုန်စားသည်ဟု ဆိုသည်။ ကျွန်ုပ်ကိုဖမ်းရန် ဦးရိုးတော်တို့အား စစ်ချီစေရန် ခေါ်ထားသည်။ အမှန်ဆိုရသော် ကျွန်ုပ်သည် ခမည်းတော်အား ပုန်စားသည်မဟုတ်။ အရိုးတော်နှင့် သမိန်မရူးတို့၏ ရန်ကိုကြောက်၍သာ ဒဂုန်သို့ရောင်ပြေးခဲ့ရခြင်း ဖြစ်ပါသည်။ အရိုးတော် မဟာဒေဝီနှင့် ယောက်ဖတော်သမိန်မရူးတို့သည် သစ္စာတရား မရှိကြပါ။ ကျွန်ုပ်သည် ဦးရိုးတော်တို့အား ကျေးဇူးတုံ့ပြန်ရန် ထာဝစဉ် စဉ်းစားလျက် ရှိပါသည်။ ဦးရိုးတော်တို့နှင့် ကျွန်ုပ်သည် အနာဂတ်တွင် အစဉ်သဖြင့် မိတ်ကောင်းဖြစ်လိုပါသည်။ သို့ဖြစ်သောကြောင့် ကျွန်ုပ်အား သနား ကရုဏာတရားပွားများပြီး စစ်တပ်ကြီး ချီလာမည့် အရေးကို ရပ်ဆိုင်းစေလိုပါသည်”

စာနှင့်အတူ ရွှေ၊ ငွေ အဝတ်ပုဆိုးကောင်းများကို သင့်တင့်စွာ ထမ်းပိုးစေပြီး ပို့ဆက်စေလိုက်သည်။ မြောင်းမြစား သမိန်လောက်ဖြားမှာ ပဲခူးသို့ စစ်ချီသွားပြီဖြစ်၍ မြောင်းမြသို့ စာပို့သူမှာ လောက်ဖြားကိုမတွေ့ရဘဲ ပြန်ခဲ့ရသည်။

မုတ္တမသို့ သွားသူသာ ဖြတ်ထဗကိုတွေ့ရသည်။ ဖြတ်ထဗလည်း ဗညားနွဲ့၏ စာကိုရပြီး စိတ်တွင်း၌ သံသယဖြစ်မိသည်။ “ဆင်ဖြူရှင် အမိန့်ရှိခဲ့သည်မှာ ဗညားနွဲ့အား ဖမ်းရန် စစ်တပ်ချီရမည်ဟု ဆိုသည်။ ယခုတစ်ဖန် ဗညားနွဲ့က ဤသို့ စာရေးခဲ့ပြန်သည်။ မည်သည့်ဘက်က ယုတ္တိခိုင်မည်နည်း။ မိဖုရားကြီး မဟာဒေဝီနှင့် သမိန်မရူးတို့ ရည်၍ ရွှပ်ထွေးကြသည်ကို မည်သူတွေ့ကြသနည်း။ မင်းတို့တွေ့ကြ၊ ကြားကြသလော”ဟု ဗိုလ်ပါများကို မေးလေ၏။

“မဟာဒေဝီနှင့် သမိန်မရူးတို့၏ အရှုပ်တော်ပုံမှာ ပဲခူးတစ်မြို့လုံး ဟိုးဟိုးကျော်နေပါသည်။ ပြည်သူပြည်သားတွေကပင် ဤအကြောင်းကို သီချင်းလုပ်၍ ဆိုကြသေးသည်။

သီချင်းကား–
မှိတ်ဖြဗျူ ဂွံတြဲဗွာ၊
တဟ်တွဲ့ နော်စိုပ်ဆတ်ဂွိုင်ရ၊
တွံပလေဝ်ကာယဏီ။

အဓိပ္ပာယ်–
မိန်းမအို လင်ပျိုရပြန်တော့
ကိုယ်ကာယကိုလည်း မပြုပြင်
လူသူ မြင်မကောင်းအောင်
ခါးလယ်မှာ ရင်သားတွေက တွဲလဲ။

ဟု ဗိုလ်ပါများက ဆိုပြကြ၏။

www.burmeseclassic.com

www.burmeseclassic.com

သမိန်ဖြတ်ထဗလည်း အံ့အားသင့်စွာဖြင့် "ဤအကြောင်းကို ငါမသိ။ ဆင်ဖြူရှင်အမိန့်ဟု ငါထင်မှတ်သည်။ ယခု မဟာဒေဝီ၏ အစီအရင်ဖြစ်ကြောင်းကို ငါသိပြီ။ ငါကိုယ်တိုင် စစ်မချီတော့ပါ။ အမိန့်ကို မလွန်ဆန်နိုင်သဖြင့် ငါ့ကိုယ်စား ဗိုက်ကမြင်(ဗိုတ်ကမြင်)ကို လွှတ်မည်။ သို့သော် ဗညားနွဲ့အား တင်လျှောက်ပါ၊ ငါ့စစ်အတွက် ဝမ်းနည်းမနေပါနှင့်။ ကျီးကို ရွှေဟင်္သာထက် သာသည်ကို ငါတို့မမြင်ပါ။ မင်းသားဗညားနွဲ့သာ အောင်မြင်စေဖို့ ကြံဆောင်ပါလော့"ဟု စာပို့သူကို မိန့်၏။

စာပို့သူလည်း ဒဂုန်သို့ပြန်ပြီး ဗညားနွဲ့ထံ တင်လျှောက်၏။ ဗညားနွဲ့လည်း ဝမ်းသာအား၏။

မွေ့အဲလောမှာလည်း ပဲခူးသို့ရောက်လျှင် မဟာဒေဝီထံဝင်ရောက်ကာ ဗညားနွဲ့ပေးခဲ့သော ရွှေငါးပိသာ[1]ကိုဆက်ပြီး ဗညားနွဲ့မှာခဲ့သမျှကို တင်လျှောက်၏။ မဟာဒေဝီလည်း ပြက်ရယ်ပြုကာ "ညည့်သား အပသုံပသို့နည်း၊ ဆူဖြိုး၏လော။ လာတော့မည်လော"ဟု ပြုံး၍မေး၏။

"ဗညားနွဲ့သည် တော်သလင်းလတွင်း၌ ပြန်လာမည်အမှန်ဆို၏။ မဟာဒေဝီကို ပူဇော်ရန် ပစ္စည်းများစုဆောင်းနေသည်ဟုဆို၏။ ပြန်လာမည့် နေ့ရက် အတိအကျကို ကျွန်ုပ်မသိပါ"ဟု မွေ့အဲလောဆို၏။

"ဒဂုန်မြို့ကို ဗညားနွဲ့သိမ်းစဉ်က ငါ့ကျွန် ၂၀-တို့အား သတ်ပြီး ငါ့ဘဏ္ဍာတိုက်ကို ဖောက်ကာ ရွှေ၊ ငွေ အဝတ်ပုဆိုးစသည့် ပစ္စည်းများကို ထုတ်ယူ၍ သူ့ကျွန်တွေကို ဝေပေးခဲ့သည်မှာ မှန်သလား။ ပစ္စည်းတွေ ကျန်သေးသလား။ ကောင်းမွန်စွာ ရှိသေးသလား။ ညည်းက ဗညားနွဲ့လာမည်ဆို၏။ လာမည်ကို ငါမယုံ"ဟု မဟာဒေဝီက ဆက်လက်ဆိုပြန်၏။

မွေ့အဲလောက "ထိုစဉ်က ဝိဝါဒကွဲကြ၍ မိဖုရားကြီး၏ကျွန် ၂၀-တို့အား သတ်ပြီး ဘဏ္ဍာတိုက်မှ ရွှေ၊ ငွေပစ္စည်းများကို ဖောက်ယူသည့်အကြောင်းကို ကျွန်ုပ်မသိရပါ"ဟု ဖြေဆိုပြီးနောက် မွေ့အဲလောသည် မဟာဒေဝီကို ဦးခိုက်၍ သက်ခဲ့လေ၏။ မဟာဒေဝီလည်း မွေ့အဲလောကို သဲ့သဲ့ဖြစ်မိသည်။

မွေ့အဲလောသည် တလမေဒေါထံ သွား၍ဆို၏။ "ဗညားနွဲ့သည် ပဲခူးသို့ မကြာမီ ပြန်လာတော့မည်ဖြစ်၍ သခင်မ၏မျက်နှာကို တွေ့ရတော့မည်ဟု မျှော်လင့်နေသည်။ သားတော် ဘောလောကျန်းဒေါအား များများ မဆဲမဆို၊ မရိုက်မနှက်ပါနှင့်ဟုမှာသည်။ သခင်မ ဒုက္ခရောက်မည်စိုး၍ ဒဂုန်သို့ မခေါ်ခြင်းဖြစ်သည်။ မင်းသားလည်း အဖျားအနာကင်း၍ ကျန်းမာချမ်းသာလျက် ရှိပါသည်"ဟု သာဆို၏။

ဗညားနွဲ့အား တလမေဒေါစိတ်မျက်မည်စိုး၍ ဗညားနွဲ့ပြောသော ဥပါယ်စကားများကို မပြောတော့ပေ။

၁။ မြန်မာမှုဒ္ဒ- ရွှေဆက်ကြောင်းမပါ။

www.burmeseclassic.com

www.burmeseclassic.com

မဟာဒေဝိသည် သမိန်မရူးနှင့်တိုင်ပင်ပြီး နတ်တော်လကို ဒဂုန်သို့ ရောက်ကြစေဟု မုတ္တမစား ဖြတ်ထဗနှင့် မြောင်းမြစား လောက်ဖြားတို့ထံ ဆင်ဖြူရှင်၏ အမိန့်တော်စာနှင့် စေ၏။

ယင်းအကြောင်းကို သမိန်ဇိပ်ဖြိုက ဗညားနွဲ့ထံ တိတ်တဆိတ် သတင်းပို့စေ၏။ မဟာဒေဝိသည် သမိန်ဇိပ်ဖြို၊ သမိန်မရူးနှင့် မှူးမတ်သေနာပတိများကိုခေါ်၍ ဆို၏။

> "မွေ့.အဲလောကို အကြိုလွှတ်စဉ်က တော်သလင်းလအတွင်း ပြန်လာမည်ဟု ဗညားနွဲ့.ဆိုသည်။ ယခု တော်သလင်းလ ကုန်ခဲ့ပြီ။ ဗညားနွဲ့. ပြန်လာတော့မည် မဟုတ်ကြောင်း ထင်ရှားသည်။ ယခု ဆင်ဖြူရှင်၏အမိန့်အရ သမိန်မရူးကို သေနာပတိချုပ်ခန့်၍ ဗညားနွဲ့. အား သွားရောက်ဖမ်းခဲ့ရမည်။ မုတ္တမစစ်၊ မြောင်းမြစစ်နှင့် တောင်ငူစစ်မျက်နှာများသည် ပဲခူးသို့ရောက်သောအခါ အားလုံးစုရုံး၍ ဒဂုန်သို့ ချီရမည်။ စစ်အောင်မြင်ရေးအတွက် ရှေးအစဉ်အလာအတိုင်း အစီအရင်များ ပြုလုပ်ကြစေ" ဟုမိန့်ကြား၏။

မဟာဒေဝီ၏အမိန့်အတိုင်း သမိန်မရူး၊ ယောဂရာတ်၊ သမိန်ဇိပ်ဖြိုနှင့် ရဲသင်ရံတို့သည် ပဲခူးမြို့အရှေ့ဘက်ရှိ သံပုညကျောင်းသို့သွား၍ သစ်ဝါးခုတ်ပြီး အိမ်ငယ်များ ဆောက်ကာ အောင်ခြင်းနိမိတ်အစီအရင်များ ပြုလုပ်ကြ၏။ ခေါင်းဆေးရန် မင်္ဂလာရေ စီရင်ကြ၏။ ပရိတ်ကြိုးဖြင့် စည်းဝိုင်းကြ၏။

သမိန်မရူးဘက်မှ အစီအရင်ပြုသောဆရာက "ဤသံပုညမောမသံကျောင်းတွင် အစီအရင်များပြုသည်မှာ အောင်မြင်မှုရှိပါ၏။ သို့သော် သမိန်မရူးအတွက် အပြည့်အစုံအောင်မြင်မှု မရပါ။ ထို့ကြောင့် မသံဇီ ငှက်ပျောဥယျာဉ်သို့သွား၍ အစီအရင်များ ပြုလုပ်ရမည်"ဟု ဆိုသဖြင့် ဆရာဆိုသည့်အတိုင်း ငှက်ပျောဥယျာဉ်သို့သွား၍ အိမ်ဆောင်ငယ်များဆောက်ကာ ခေါင်းဆေးရန် အစီအရင်များ ပြုလေ၏။

ဒဂုန်တွင်ရှိသော ဗညားနွဲ့.သည် သမိန်ဇိပ်ဖြိုထံမှ သတင်းစကား ကြားရလျှင် မင်းဒေဝ၊ မင်းရံ့ စသော လူယုံငါးယောက်တို့ကိုခေါ်၍ "မင်းတို့ ပဲခူးသွားချေ။ ပဲခူးမှာ သူတို့၏ အစီအရင်ကိုသိအောင်ပြု၍ အလျင်အမြန် ငါ့ထံပြန်ခဲ့ကြ"ဟု မိန့်၏။

မင်းဒေဝတို့ ငါးဦးသားသည်နန္ဒင်းထမ်း၍ ရောင်းစားသည့်အဟန် ပဲခူးသို့သွားကြလေ၏။ သံပုညကျောင်း[1]တွင် ဝင်၍ တည်းခိုကြ၏။ ကျောင်းဝင်း၌ အိမ်ဆောင်ငယ်များကို ဆောက်ထားသည်များနှင့် သစ်ဝါးအစအနများကိုလည်း တွေ့ရ၏။

၁။ မြန်မာပေမူတွင် –မော်ပီဆုရှင်ဘုရားကျောင်း ဟုလာ၏။

www.burmeseclassic.com

www.burmeseclassic.com

ညချမ်းချိန်တွင် ကျောင်းအနီးနေ ပဉ္စင်းပျိုတစ်ပါး ရောက်လာ၍ ကျောင်းနေ ရှင်ကြီးနှင့် စကားပြောဆိုကြ၏။ မင်းဒေဝတို့ လူငါးယောက်အနက် နှစ်ယောက်က ထမင်းချက်၍ သုံးယောက်မှာ ရဟန်းသံဃာတို့၏အပါးတွင် နေကြ၏။

ထိုအခါ ပဉ္စင်းပျိုက "သူတို့ အိမ်ဆောင်ငယ် ဆောက်သည်မှာ ပသို့ ပြုမည်နည်း" ဟု မေး၏။

"ရှင်ပဉ္စင်းမသိပါသလော၊ ဆင်ဖြူရှင်အစ်မတော် မဟာဒေဝီသည် သမိန်မရူးကို နန်းပေးလိုရ၍ ဒဂုန်၌ရှိသော မင်းသားဗညားနွဲ့ကို လုပ်ကြံစေရန် သမိန်မရူးကို ဗိုလ်မင်းခန့်သည်။ ဤကျောင်းမှာ သူတို့သည်အောင်ခြင်းနိမိတ် အစီအရင်များ လာပြုကြသည်။ သမိန်မရူးသည် အင်္ဂါသား၊ ကရကဋ်လက်။ ဗညားနွဲ့သည် သောကြာသား၊ သိန်လက်။ မောမသဲတွင် သောကြာနံဖြစ်၍ ခေါင်းဆေးပြီးလျှင် ဗညားနွဲ့ကို လုပ်ကြံစိမ့်မည်" ဟုဆို၏။

"သည်အတိုင်းဆိုသော် ပသို့ရှိမည်နည်း" ဟု ပဉ္စင်းပျိုက မေးပြန်၏။ "ဤသို့ စီရင်သည်မှန်သော် မဆိုသာ။ တစ်ယောက်တစ်ချက်ရှိမည်" ဟု ကျောင်းနေရှင်ကြီးဆို၏။

မိုးလည်းချုပ်လာသဖြင့် ပဉ္စင်းပျိုသည် သူ၏ကျောင်းသို့ ပြန်သွားလေ၏။ ရှင်ကြီးလည်း ကျောင်းထက်တက်၏။ မင်းဒေဝတို့ငါးဦးသည် ကျောင်းဦးခန်း၌ အိပ်ကြ၏။ မိုးသောက်လျှင် ကျောင်းနေရှင်ကြီးကို မင်းဒေဝတို့က ငရုတ်၊ ကြက်သွန်၊ နနွင်းများ လှူကြ၏။ ကျောင်းဝင်းရှိ အိမ်ဆောင်ငယ်များကို ဖျက်ချ၌လည်း ကူပေးကြ၏။

ထို့နောက် မင်းဒေဝက–"မောမသဲတွင် ဗညားနွဲ့ နံသာရ၍ မင်းကန်စီ နံမရ။ မသဲဇီမှာမှ နှစ်ယောက် နံရသည်ဟူ၍ ဆိုပြီး မသဲဇီမှာ အစီအရင်ပြုပြီး လုပ်ကြံသော် ပသို့ရှိမည်နည်း" ဟု ရှင်ကြီးကို မေး၏။

"သူတို့မင်းချင်း စိုးချင်း စစ်မက်ပြုကြသည်ကို မင်းတို့ ဆင်းရဲသား နေ့လုပ်နေ့စားရသူတွေ မေးဖွယ်ရှိသလော" ဟု ရှင်ကြီးဆို၏။

"ကျွန်ုပ်တို့လည်း ပုထုဇဉ်သားများ ဖြစ်၏။ ဆင်းရဲသဖြင့် 'ပခုံးကို နွားပြု'၍ ကုန်စည်များကို ထမ်းပိုးကာ အရောင်းအဝယ်ဖြင့် သားမယားများကို ကျွေးမွေးရပါသည်။ စစ်မက်ဖြစ်လျှင် မလုပ်စားသာ။ သို့ဖြစ်၍ သိချင်သောကြောင့် မေးရပါသည်" ဟု မင်းဒေဝဆို၏။ ကျောင်းနေရှင်ကြီးလည်း ပြုံး၍ဆို၏။

"မောင်းမသဲတွင် စီရင်သော် အရေးတူကြ၏။ ယခု မသဲဇီ ငှက်ပျောဥယျာဉ်မှာ မင်းကန်စီ နံရသည်ဟု ဆို၍ စီရင်သည်မှာ သူတို့ မှားသည်။ မင်းကန်စီသည် အင်္ဂါသား၊ ကရကဋ်လက်၊ သမိန်မရူးသည်လည်း အင်္ဂါသား၊ ကရကဋ်လက်၊ နံချင်းတူသဖြင့် သူ့ကိုယ်ကိုသူတို့ နံနှိမ့်၍ တန်ခိုးညှဲ့အောင် ပြုသည်နှင့်တူ၏။ ဥပမာ ရန်သူကို လောင်စေရန် သံတွေခဲ ရဲရဲကိုကိုင်၍ ပစ်သော ယောကျ်ားသည် ရန်သူမလောင်မီ

www.burmeseclassic.com

www.burmeseclassic.com

သူ၏လက်ကို အလျင်လောင်သကဲ့သို့ ဖြစ်ချေသည်။ ငှက်ပျောပင်တို့ မည်သည် သက်တမ်းတစ်နှစ်သာဖြစ်သည်။ အသီးသီးပြီးလျှင် ခုတ်လိုက်ကြသည်။ မင်းကန်စီ၏နံကိုဖျက်သည်မှာ သမိန်မရူးနံလည်းပျက်သည်။ သမိန်မရူးသည် သံတွေခဲကိုင်သော ယောကျ်ားကဲ့သို့ အောင်မြင်မှု မရနိုင်ပါ။ မင်းတို့ သံသယမရှိနှင့်။ စောင့်၍သာ ကြည့်ကြတော့"ဟု ရှင်ကြီးဆို၏။

ထို့နောက် မင်းဒေဝတို့ ငါးဦးသားသည် ကျောင်းနေရှင်ကြီးကို ရှိခိုးဝတ်ပြုကြပြီးလျှင် ပဲခူးမြို့တွင်းသို့ ဝင်ကြလေ၏။ သမိန်မရူး၊ သမိန်ယောဂရတ်၊ သမိန်ဇိပ်ငြိ နှင့် သမိန်ရဲသင်ရဲတို့ ဗိုလ်မင်း တပ်မင်းလေးပါးတို့သည် စစ်အင်္ဂါဆင်၍ မသဲဇိ ငှက်ပျောဥယျာဉ်၌ ခေါင်းဆေးမင်္ဂလာပြုပြီး အပြန်တွင် သင်္ဘောဘုရားမှာ ဒင်ငါဒုန် တံခါးသို့လာကြ၏။

ဒင်ငါဒုန်တံခါးတွင် လူများ ကြည့်နေကြသည်ကိုမြင်၍ မင်းဒေဝတို့ လူငါးယောက်လည်း စောင့်ကြည့်နေကြ၏။ သမိန်မရူးသည် စည်မောင်းတီး၍ လာရာ၊ ဒင်ငါဒုန်တံခါးမရောက်မီ၊ မိတုလမည်သော မိန်းမရူးတစ်ယောက်သည် ခေါင်ရန်းပန်းပန်၍ သမိန်မရူး၏ဆင်ရှေ့သို့ ပြေးထွက်ကာ ကခုန်လျက် သွားလေ၏။

သမိန်မရူးလည်း နိမိတ်ကောင်းခံ၍ မနှင်စေဘဲ "သင်းကသည့်အတိုင်း ကပါစေ"ဟု ဆို၏။ ဒင်ငါဒုန်တံခါးရောက်လျှင် မိတုလသည် ကလျက် သီဆိုပြန်၏။

မွန်ဘာသာသီချင်းကား...

"လတိုဝ်ဗြာတ်လာင်
ဂအောင်ဗြာတ်တွ်
ဗက်မ္ဒိဟ်မဒ
ယဝ်ဖျာအမူ
ဗျူပ္ပေင်ကွမောင်"

မြန်မာပြန်–

"ကြံရာသုတ်သင်၊ ငှက်ပျောပင်စိုက်၊
ပြေးသူလိုက်ဟ၊ ယောက်ဖအမူဆင်၊
မိန်းမအိုလင်၊ အပျက်မြင်သည်"

တစ်ပုဒ်လည်း

မွန်ဘာသာသာကား–

တြဲကမ္ဗုဂျိုင်၊ သွိုင်ဂွဂဝ်ဂ့်၊
သဘ်စွအိက်၊ သွိုက်ဒ်ဒ်ထိုင်ဟွဲ့။
တိုင်သိန္နရာတ်၊ သပိုက်ဝါတ်တ်ရောင်"

www.burmeseclassic.com

www.burmeseclassic.com

မြန်မာပြန်-

"မိန်းမလျာဖြစ်သည့်ယောကျ်ား၊ သားမွေးရန် ကိုယ်ဝန်မဆောင်နိုင်သည့်ထုံးတည်း။ ချေးတိုးငယ်ဆုံး၊ ဝိတုန်းမဖြစ်နိုင်သည့်ထုံးတည်း။ ယောကျ်ားသူယောင်၊ မြင်းမိုရ်တောင်ကို၊ ပါအောင်နတ်ရန် ခက်လှ၏"

အရှူးမသိချင်းကိုကြားကြသူများက "နိမိတ်မကောင်း"ဟု တီးတိုးဆိုကြကုန်၏။ မင်းဒေဝနှင့်မင်းရဲတို့ လူငါးယောက်တို့သည်လည်း ဒဂုန်သို့ပြန်ကြကာ၊ ကြားသိခဲ့ရသရွေ့ကို ဗညားနွဲ့ထံတင်လျှောက်ကြလေ၏။

မောမသဲ သံပုညကျောင်းနေ ရှင်ကြီးစကားနှင့် အရှူးမမိတုလသီချင်းကို ကြားလျှင် ဗညားနွဲ့က "အစ်ကိုမင်းကန်စိ၊ ပသို့အနက်ကောက်မည်နည်း"ဟုမေး၏။

"သံပုညကျောင်း မောမသဲရှင်မြတ်ဆိုသည့် စကားသည် ဟူးရားဂဏန်း ကျမ်းဂန်လာသည့်အတိုင်းဖြစ်သည်။ သူတစ်ပါးမဆိုသာပြီ။ အရှူးမ မိတုလ စကားသော်ကား- မိန်းမလျာသည် ကိုယ်ဝန် မဆောင်နိုင်။ နောက်ချေးပိုးငယ်လည်း ရွှေပိတုန်းမဖြစ်နိုင်။ သမိန်မရူးသည် ချေးပိုးငယ်နှင့်တူ၏။ အမျိုးယုတ်၏။ သခင်သည် ရွှေပိတုန်းနှင့်တူသည်။ ရာဇသမ္မတ္တိမင်းစည်းစိမ်ကို ခံစားရမည်။ သခင်သည် မြင်းမိုရ်တောင်နှင့်လည်းတူသည်။ ခိုင်မာ၍ သခင်မင်းသားကို သမိန်မရူး မဖျက်ဆီးနိုင်။ ငှက်ပျော ကြဲတို့မည်သည် တစ်နှစ်အတွင်း သက်တမ်းကုန်၍ ခုတ်ဖြတ်လိုက်ကြသည်။ အနှစ်မရှိ။ သမိန်မရူးသည် ငှက်ပျော ပင်နှင့်တူသည်။ တစ်နှစ်အတွင်းဘေးတွေ့လိမ့်မည်။ မဟာဒေဝီသည် ကြဲပင်နှင့်တူ၏။ သခင်မင်းသားမှာ ငှက်ပျော၊ ကြဲ ဥယျာဉ်ပိုင်ရှင်ဖြစ်၍ ငှက်ပျောသီးရင့်မာလာလျှင်ခုတ်လှဲပစ်ရန်သာရှိသည်။ ပြေးသူဟူသည်သခင်ဗညားနွဲ့ဖြစ်သည်။ လိုက်သူမှာ သမိန်မရူးဖြစ်သည်။ မိန်းမအိုဟူသည် အရီးတော်မဟာဒေဝီကိုဆိုသည်။ မရူးကို မဟာဒေဝီ တိုက်တွန်း၍ လိုက်စေသောကြောင့် ပျက်စီးခြင်းသို့ရောက်မည်ဟု ဆိုလိုသည်။ မိန်းမလျာဟူသည် ကိုယ်ဝန်ဆောင်၍ သားရဖူးသည် ရှိသလော။ သမိန်မရူးသည် မိန်းမလျာနှင့်တူ၍ နန်းမရနိုင်။ တို့သခင် ဗညားနွဲ့သည် မင်းဇကရာဇ်မျိုးဖြစ်၍ ပဲခူးမြို့ကိုရပြီး မွန်ပြည်ကို အုပ်စိုးရမည့် နိမိတ်ကောင်းများဖြစ်သည်။ တို့သခင် ဒဂုန်သို့မလာမီ တံခါးများမှ တဘောင်စနည်းနာစဉ် နတ်တို့နှစ်လိုသဖြင့် နိမိတ်ကောင်း များကိုရခဲ့သည်။ ယခုတို့သခင်ရှိရာသို့ စစ်ပြုရန် မရူးလာလျှင် တို့သခင်သည်ပင် အောင်တော်မူမည်။ မရူးပျက်စီးခြင်းသို့ရောက်မည်ကို ပြည်သူတကာသိစေရန် နတ်တို့နှလုံးသွင်းပြီး အရှူးမ-မိတုလထွက်၍ သီဆိုရသည်"ဟု မင်းကန်စိတင်လျှောက်၏။

www.burmeseclassic.com

ဗညားနွဲ့လည်း အလွန်ဝမ်းသာအားရ၍ မင်းကန်စီကို ရွှေဖလားတစ်လုံး ဆုပေး၏။ မင်းဒေဝနှင့် လူယုံငါးယောက်တို့ကိုလည်း တစ်ဆင်စာစီ ဆုလာဘ်ပေးတော်မူ၏။

သမိန်မရူးသည် ဒဂုန်သို့မကြာမီစစ်ချီမည်ကို ဗညားနွဲ့သိ၍ မြို့၊ ပြ၊ ကျုံး၊ မြောင်းများကို မြဲမြံခိုင်ခဲ့သထက်ခိုင်ခဲ့အောင် ပြုပြင်စေ၏။ စစ်အင်အားကိုလည်းရသမျှ စုဆောင်း၏။ မင်းကန်စီ၊ ဘောမွန်နှင့်တပ်မင်းဗိုလ်မင်းများကို ခေါ်၍မိန့်၏။

"သမိန်မရူးသည် စစ်အင်္ဂါပြည့်စုံပါက၊ ငါတို့ကို လာရောက်တိုက်ခိုက်တော့မည်ဖြစ်၍ ငါတို့လည်းစစ်အင်္ဂါများအောင် အချင်းချင်းညီညွတ်အောင် ကွပ်ကဲစီရင်ရမည်"

ပဲခူးမြို့တွင် ဆင်ဖြူရှင်ဗညားဦး၏ဝဒနာမှာ ပို၍သည်းလာ၏။ အရေးအရာဆိုရန် ညီလာခံသို့မထွက်နိုင်တော့သဖြင့် ထီးဖြူတော်ကို အစ်မတော်မဟာဒေဝီအားအပ်နှင်းလိုက်သည်။

မှူးမတ်သေနာပတိများသည် မဟာဒေဝီ၏အမိန့်ကို အားလုံးနာခံရ၏။ ဆင်ဖြူရှင်၏လက်အောက်ခံ စစ်အင်္ဂါရှိသမျှကို မဟာဒေဝီစုဆောင်းလိုက်၏။ မုတ္တမစစ်၊ တောင်ငူစစ်နှင့် မြောင်းမြစစ် သုံးမျက်နှာစလုံးခေါ်ထား၏။ စစ်မျက်နှာ အားလုံးသည် ပဲခူးသို့ စုံညီစွာဆိုက်ရောက်ကြသောအခါ တပ်မှူးဗိုလ်ပါအပေါင်းတို့အား မဟာဒေဝီက ဧည့်ခံကျွေးမွေး၏။

ထိုစဉ်– "ငါ၏မောင်တော်၊ ရေမြေရှင် ဆင်ဖြူရှင် ဗညားဦး၏အမိန့်အရ၊ ဒဂုန်၌ ပုန်စားနေသောသားတော်ဗညားနွဲ့ကို ဗိုလ်မင်းတို့စုပေါင်း၍ ရအောင်ဖမ်းဆီးခဲ့ရမည်" ဟုမိန့်၏။

သမိန်မရူးကို တပ်ဦးဗိုလ်ချုပ်အဖြစ် ခန့်ထားလိုက်၏။ ပဲခူးမြို့၌ သေနာပတိချုပ်ဖြစ်သော သမိန်ဇီပင်ဇြိကို နောက်ခံတပ်ဗိုလ်ချုပ်အဖြစ် ခန့်ထားသည်။

ပဲခူးတပ်မ၊ မုတ္တမတပ်မ၊ တောင်ငူတပ်မနှင့် မြောင်းမြတပ်မဟူ၍ တပ်မကြီးလေးတပ်တို့သည် နတ်တော်လဆန်း–၃–ရက်နေ့တွင် ဒဂုန်သို့ချီကြလေ၏။

ပဲခူးတပ်တွင် သမိန်မရူးတပ်၊ သမိန်ဇီပင်ဇြိတပ်၊ သမိန်ယောဂရတ်တပ်နှင့် သမိန်ရဲသင်ရဲတပ်ဟူ၍ တပ်ပေါင်း လေးတပ်ရှိသည်။ သမိန်မရူးသည် တပ်ဦး ဗိုလ်ချုပ်ဖြစ်၍ ပဲခူးဟူသောဆင်ကိုစီးပြီး အမတ်တစ်ကျိပ် တပ်သားများ ဝန်းရံရ၏။ ဆင်ပေါက်တစ်ဆယ့်ရှစ်စီး၊ ဆင်ပေါက်မ အစီးငါးဆယ်၊ စစ်သည်ပေါင်း တစ်သောင်းနှင့် ချီ၏။

သမိန်မရူးသည် ထီးဖြူဆောင်း မင်းဇကရာဇ်တို့၏ သား၊ သမက်တို့ ရှေးအစဉ်အလာအရ နေမင်းရုပ် အဝန်းအဝိုင်းပါသော ကျက်တဝိယ် (ကျာက်တံ) ခေါ် နေဘုရား အဝတ်တန်ဆာများကို သင့်တင့်စွာ ဝတ်ဆင်ရသည်။

---

* မြန်မာပေမူတွင် တောင်ငူစစ်မပါ။

www.burmeseclassic.com

www.burmeseclassic.com

ဆင်ရုပ်အလံကို လွှင့်ထူကာ အဆင်သင့် စီစဉ်ပြီးသော် မဟာဒေဝီထံ ဝင်၍ သံတော်ဦးတင်၏။ မဟာဒေဝီလည်း အောင်ကြောင်းမင်္ဂလာ ဆုတောင်းပတ္ထနာပြု၏။

အချိန်ကောင်း အခါကောင်း ကျရောက်လတ်သော် သမိန်မရူးသည် ဆင်ထက်တက်၍ စည်မောင်းတီးကာ အောင်လံလွှင့်လျက် ရှေ့မှချီလေ၏။ ဗိုလ်ပါများသည် ပဲခူးမှ အားလုံးထွက်ကုန်သော် သမိန်ဖိုပ်ဗြိတပ်မှာ နောက်ဆုံးမှ လိုက်ပါလေ၏။ စစ်ချီသံများမှာ မြည်ဟည်း၍ ပဲတင်ထပ်လျက် နားကွဲလုမတတ် ဖြစ်လေ၏။

ဒဂုန်အနီးသို့ရောက်လျှင် ဂန္ဓရာကန်တွင် စခန်းချသည်။ မောသဖြတွင် စစ်လျင်တပ်ချ၍ စူဒရင်္ဂံတွင် သမိန်မရူး တပ်မနေ၏။

"ဒဂုန်မြို့ကို တပ်မကြီး လေးတပ်ဝိုင်းထားမည်။ ဗညားနွဲ့ မပြေးနိုင်အောင် စောင့်ကြ"ဟု သမိန်မရူးမိန့်၏။ သမိန်မရူး စစ်ချီစဉ်ကာလတွင် ပဲခူးဌ ဆင်ဖြူရှင်၏ သားတော်တစ်ပါး ဖြစ်သော ဘောခွန်[1](ဘဝ်ခွာန်) သည် နာဖျား၍ အနီစွေရောက်လေ၏။

နောင်တော် ဒလစား မညီကံကောင်းသည် အဇဝါဟူသော ဆင်နှင့်တကွ သူရဲသုံးရာဖြင့် ဗညားနွဲ့ထံ စစ်ကူလွှတ်သည်။ မညီကံကောင်းကိုယ်တိုင် မလာဘဲ အမှာစာပို့သည်ကား-

"ကျွန်ုပ်ကိုယ်တိုင် ဗညားနွဲ့ကိုကူမည်။ အင်အားစုနေသည်။ မြောင်းမြစားသည် သား၊ သမက်အလုံးအရင်းနှင့် ဆန်လာသည်။ ရဲလော၊ လော်ကား လေအကြီးအငယ် သုံးရာနှင့် မြစ်ဝမ်း၌ ရပ်နားစဉ် ကျွန်ုပ်ထံ သံလေနှင့်စေ၍ဆိုလာသည်။ 'ယခု ဒဂုန်မြို့သားနှင့် ပဲခူးမြို့သားတို့ စစ်မက်ဖြစ်ကြသည်။ ငါ့တူဒလစား ဘယ်ကနေမည်နည်း' ဟု မေးသည်ကို ကျွန်ုပ်မှာလိုက်သည်။ 'ဆင်ဖြူရှင်လည်း အနာသည်းလှသည်၊ မဟာဒေဝီသည် သမိန်မရူးကို မင်းပြုစေမည်။ ဗညားနွဲ့နှင့် ဘောင်းမုန်ကို သတ်မည်ကြံသောကြောင့် ဗညားနွဲ့သည် ဒဂုန်သို့ပြေးခဲ့ရသည်။ ကျွန်ုပ်နှမ တလမေသီရိသည် ဇင်းမယ်မင်းထံ ရှိစဉ်ကလည်း ဦးရီးတော် မြောင်းမြမင်းနှင့် မုတ္တမမင်းတို့ ဆင်ဖြူရှင်နှင့်ညီကြ၍ ပြန်ရောက်ခဲ့ရသည်။ သမိန်မရူးသည် ရွှေငါးပိသာဆက်၍ တောင်းရမ်းသဖြင့် ဆင်ဖြူရှင်လည်း သမီးတော် တလမေသီရိနှင့် ပေးစားတော်မူသည်။ သင်း လူဆိုးသားသည် မင်းသမီးနှင့် သင့်ရလျှင် ဆိုးသည့်အကြံကို ကြံတော့သည်။ ကျွန်ုပ် လျှောက်သည့် စကားသည် အမှန်ပင်ဖြစ်သည်။ သို့ပင်ဖြစ်သော်လည်း ဦးရီးတော် ကူသည့်ဘက်က ကျွန်ုပ်ကူပါမည်'ဟု ကျွန်ုပ်မှာလိုက်၏။ အချိန်တန်လျှင် ဗညားနွဲ့ထံအရောက် ကျွန်ုပ်စစ်ကူလာရောက်ပါမည်"

၁။ မြန်မာပေမူ၌မတွေ့ရ။ မည်သည့်မိဖုရားမှ မြင်သည်ကို ရှေ့ဝိုင်းဦးမောဟ်ပြခြင်းမရှိပါ။

www.burmeseclassic.com

www.burmeseclassic.com

ဗညားနွဲ့လည်း မညီကံကောင်းထဲမှ စစ်ကူသုံးရာနှင့် အမှာစာကို ရသဖြင့် အားတက်မိသည်။ မြောင်းမြစားသည်လည်း မညီကံကောင်းထဲမှ အမှာစာကိုရလျှင် လက်မကိုက်၍ မိုင်၏။ ဒလသို့ဆိုက်ရောက်သော်မညီကံကောင်းအား မြို့ပြကျူးမြောင်းပြင်ဆင်၍ အင်အားစုနေသည်ကိုမြင်လျှင် ပြုံး၏။

မညီကံကောင်းလည်း မြောင်းမြစားထဲ လက်ဆောင်ပဏ္ဏာများ ပို့ဆက်စေ၏။ မြောင်းမြစား လောက်ဖြားလည်း စစ်အင်္ဂါများနှင့် ရေကြောင်းမှချီရာ ဒဂုန်အနီးသို့ ရောက်လျှင် လပူပြိုင်ဆိပ်၌ တပ်စခန်းချလေ၏။

ဗညားနွဲ့၏ ကင်းစောင့်တပ်သားများသည်လည်း ရန်သူများလေးဖက်၊လေးတန်မှ ဝန်းရံလာသည်ကိုမြင်လျှင် တောတွင်းသို့ရောင်ပြေးကြပြီး မြင်းစီးကာ အလျင်အမြန် ဗညားနွဲ့ထံ ဝင်ရောက်အကြောင်းကြားကြ၏။

ဗညားနွဲ့သည် ထိုသတင်းကိုကြားရလျှင် အစသော် စိတ်ယောင်ယမ်းမိသည်။ ထို့နောက် ဗိုလ်မင်းတပ်မင်းများကို ဗိုလ်ပါအလုံးအရင်းဖြင့် မြို့တံခါးများကိုခိုင်ခံ့စွာ စောင့်ကြပ်ကြရန် ညွှန်ကြား၏။ မင်းကန်စီ၊ ဘောမွန်တို့နှင့် ဆွေးနွေး တိုင်ပင်၏။

ဗညားနွဲ့က မကြောက်မရွံ့ အခိုင်နေ၍ဆိုသည်။ "သင်းတို့ယခု ငါတို့အား ဝိုင်းထားသည်မှာ ဆယ်ရက်မျှရှိပြီ။ ခွန်အားကြီး၍ တိုက်မည်မှတ်သည်။ မထိမပါးဝုံကြ။ ငါတို့ထွက်၍ တိုက်တော့မည်"ဟု မိန့်လျှင် မင်းကန်စီက-

"သည်ကဲ့သို့ မိန့်တော်မူသည့်အရေးသည် အရေးမဟုတ်သေး၊ မင်းဇကရာဇ်တို့ သဘောသည် တစ်ဖက်သားရန်သူကို နိုင်အောင် စီရင်ရမည့် အကြောင်းလေးပါးရှိသည်။ ယခု သင်းတို့အင်အားကြီးမားလှသည်။ ကျွန်ုပ်တို့ထွက်တိုက်၍ နိုင်မည်မဟုတ်၊ သင်းတို့ကိုနိုင်အောင် ဥပါယ်ပြုရမည်။ ဥပါယ်လေးပါးကား-သာမဥပါယ်။ ဘေဒဥပါယ်။ ဒါနဥပါယ်။ ဒဏ္ဍဥပါယ်ဟူ၍ဖြစ်သည်။ သာမဥပါယ် ဟူသည်ကား ခွန်အားကြီးသောရန်သူကို အေးချမ်းစွာအရေးနှင့် အောင်မြင်ရာသည်။ ဘေဒဥပါယ် ဟူသည်ကား ရန်သူများအချင်းချင်းမညီမညွတ် အဖော်ကွဲအောင် ဥပါယ်နှင့်ကြံ၍အောင်မြင်ရာသည်။ ဒါနဥပါယ်ဟူသည်ကား ရန်သူတို့သည် ပစ္စည်းဥစ္စာတပ်မက်လျှင် ဥစ္စာတံစိုးပေး၍ အောင်မြင်ရာသည်။ ဒဏ္ဍဥပါယ်ဟူသည်ကား ရန်သူအင်အားငယ်သော်နည်းသောအင်အားဖြင့်သာ တိုက်၍အောင်မြင်ရာသည်။ ဤသို့ ဥပါယ်လေးပါး ထင်ရှားရှိလျက်ကို အရေးနှင့်ညီအောင် မစီရင်ဦးဘဲ ထွက်တိုက်မည် မိန့်တော်မူသောကြောင့် အရေးမဟုတ်သေးဟူ၍ ကျွန်ုပ်လျှောက်သည်"ဟု ဆို၏။

www.burmeseclassic.com

www.burmeseclassic.com

"ငါတို့ အဘယ် ဥပါယ်ဖြင့် သမိန်မရူးကို အောင်ရမည်နည်း" ဟု ဗညားနွဲ့. မေးလျှင် "သာမဥပါယ်ဖြင့် ကျွန်ုပ်တို့ အောင်မြင်ရာသည်" ဟု မင်းကန်စိဆို၏။ "ယခု ဝန်းရံထားသည့် စစ်မျက်နှာများကို ပသို့ ငါတို့ အရေးဆိုရမည်နည်း" ဟုဗညားနွဲ့မေး၏။

"မြောင်းမြစားလောက်ဖြားနှင့် မုတ္တမစစ်မှူးဗိုက်ကမြင် (ဗိုတ်ကမြင်)တို့သည် ရန်သူစင်စစ်လည်းမဟုတ်။ မိတ်လည်းမဟုတ်။ သမိန်မရူးသာ ရန်သူရင်းဖြစ်သည်၊ သမိန်မရူးထံ ရှေးဦးစွာ အရေးဆိုတော်မူပါ"

ဟု မင်းကန်စိလျှောက်၏။ "ဘယ်သူကို စေရသော်သင့်မည်နည်း" ဟု ဗညားနွဲ့. မေးလျှင်...

"လူအများရိုသေလေးစား၍ ပြောစကားကိုယုံကြည်မည့် သဃ်ရာဇာ မဝိုင် ဆရာတော်ကိုစေရသော် အသင့်ဆုံးဖြစ်ပေသည်။ ဆရာတော်သည် သမိန်မရူးနှင့် တွေ့ပြီးနောက် သမိန်ဖိပ်ဗြဲ၊ မြောင်းမြစားလောက်ဖြား၊ မုတ္တမစစ်မှူးဗိုက်ကမြင်နှင့် တောင်ငူစားတို့ထံကြွ၍ သင့်လျော်သလို အရေးစကားဆိုစေပါက သင်းတို့စိတ်ဓာတ် ပြောင်းကြလိမ့်မည်။ စစ်အင်အားလျော့နည်းသွားစေမည့် ပဏာမအရေးဆိုခြင်းဖြစ်ပါသည်" ဟု မင်းကန်စိဆို၏။

ဗညားနွဲ့လည်း သဘောကျသဖြင့် ဘောမွန်ကိုလွှတ်၍ သဃ်ရာဇာ မဝိုင်ဆရာတော်ကို ပင့်ဆောင်စေ၏။ ဆရာတော်ကြွရောက်လာလျှင် ဗညားနွဲ့က...

"ယခုဒဂုန်မြို့ကိုရန်သူများ၊ လေးဖက်၊လေးတန်ဝန်းရံထားသည်မှာ ဆရာတော်အသိဖြစ်ပါသည်။ ရဟန်း၊ ပုဏ္ဏား၊ တိုင်းသူပြည်သားများ ပူပင်သောက စိုးရိမ်ကြောင့်ကြလျက်ရှိပါသည်။ ရန်သူ စစ်အင်အား လျော့ပါးသွားစေရန် ဆောင်ရွက်ပေးနိုင်မည့် ပုဂ္ဂိုလ်မှာ ဆရာတော် တစ်ပါးသာရှိပါသည်။ ဆရာတော်သည် သတိပညာဉာဏ်ကြီးသည်။ လောကဓမ္မစကားဝေါဟာရအရာမှာ သူမတူအောင် လိမ္မာထက်မြက်လှသည်။ ရဟန်း၊ ပုဏ္ဏား လူသူအများချမ်းသာမှုကို ကရဏာထားကာ ဤကိစ္စအောင်မြင်အောင် တာဝန်ယူပါ။ ခိုင်းစေသည်ဟု သဘောမထားပါနှင့်။ ဆရာတော်အားပင့်ဆောင်သည်မှာ သမိန်မရူးထံ ဆရာတော်ကြွသွား၍ ခမည်းတော်အား သားတော်ပုန်စားခြင်း မပြုကြောင်းကို ဖြေရှင်းပေးစေလိုပါသည်။ ဆရာတော် ကြွနိုင်ပါ မည်လော" ဟုဆို၏။

ဆရာတော်က "ဤမျှသောကိစ္စကို ဆောင်ရွက်ရန်မှာ အဘယ် ကလောက် လေးလံပါသနည်း။ ဤမျှသော ကိစ္စကိုမဆိုထားနှင့်ဦး။ မင်းသားဗညားနွဲ့အတွက်ဆိုလျှင် သံတွေခဲ ရဲရဲအတွင်းသို့ သော်လည်း ကောင်း၊ သားရဲကျား၊ ခြင်္သေ့များရှိသည့် တောအတွင်းသို့သော်လည်း

www.burmeseclassic.com

ကောင်း၊ သွားရသည့်တိုင်အောင် ငါတာဝန်ယူဝံ့သည်။ ယခုကိစ္စတွင် မင်းသား စိတ်တိုင်းကျဖြစ်အောင် ငါ ဆောင်ရွက်ပေးပါမည်။ မင်းသား စိတ်ချပါ"

ဟုဆိုသဖြင့် ဗညားနွဲ့မှာ လွန်စွာဝမ်းမြောက်၏။

"အရှင်ဘုရားကို ကျွန်ုပ်အကြွင်းမဲ့ နှစ်သက်ပါသည်။ ဤသို့ဆိုလျှင် အရှင်ဘုရားသည်ကျွန်ုပ်၏စာကိုယူပြီး သမိန်မရူးရှိရာသို့ကြွပါ။ အရှင်ဘုရား ပညာရှိသလိုပြောဆိုခဲ့ပါ။ သူ့စစ်အခြေအနေကို ကြည့်ပြီးပါက သမိန်ဇိပ်ဗြဲ၊ သမိန်လောက်ဖြား၊ တောင်ငူစစ်မှူးနှင့် မုတ္တမစစ်မှူးတို့ထံ ဆက်လက်ကြွသွားပြီးလျှင် ဤသို့ရှင်းပြပါ။ 'ရေမြေရှင် ခမည်းတော်ကိုပုန်စားသော သားတော်ဗညားနွဲ့ကို ဖမ်းဆီးရန် ခမည်းတော်အမိန့်ထုတ်ခဲ့သည်ဟု ဆိုသောစကားမှာ ယုတ္တိမရှိ။ မမှန်ပါ။ ခမည်းတော်ဆင်ဖြူရှင်၏ အမိန့်မဟုတ်ပါ။ မဟာဒေဝီသည် သမိန်မရူးနှင့် ရည်ငံကြ၍ သမိန်မရူးကိုရာဇသမ္မတ္တိ မင်းစည်းစိမ်ကိုပေးလိုသဖြင့် ခမည်းတော်၏အမိန့်ဟု လိမ်လည်ပြောဆိုခြင်း ဖြစ်သည်။ မဟာဒေဝီနှင့်သမိန်မရူးတို့ တိုင်ပင်၍ထုတ်သော အမိန့်မျှသာဖြစ်သည်။ မင်းသားဗညားနွဲ့သည် မဟာဒေဝီနှင့် သမိန်မရူးတို့၏ ရန်ကို ကြောက်၍ အသက်လွတ်ရန် ဒဂုန်သို့ပြေးလာခြင်းဖြစ်သည်။ ဆင်ဖြူရှင် ခမည်းတော်အား ပုန်စားမည်မဟုတ်ပါ'ဟု ဆရာတော်ရှင်းပြပေးပါ။ သို့မှသာ ဗိုလ်မင်း၊ တပ်မင်းများသည် မဟာဒေဝီကိုစိတ်မျက်ကြမည်။ ပြန်လှည့်သွားရန် စိတ်ပြောင်းကြမည်။ ဤကိစ္စအတွက် အရှင်ဘုရား လိုသမျှ ပစ္စည်းများကိုပြောပါ။ ကျွန်ုပ် အားလုံးစီစဉ်ပေးပါမည်"

ဟု ဗညားနွဲ့ဆို၏။ ဆရာတော်က...

"ဆရာတော်ကိုယ်တိုင်ကြွမည်။ မည်သည့်ပစ္စည်းမျှမလိုပါ။ နှုတ်မှထွက်သည့်လေသာလျှင် လက်ဆောင်ပဏ္ဏာပစ္စည်းဖြစ်တော့သည်။ နှုတ်ရေးသာလျှင်လက်နက်ဖြစ်တော့သည်။ ဒဂုန်ကိုဝန်းရံထားသော လေးဖက်၊ လေးတန်သောစစ်မျက်နှာအပေါင်းတို့ ပြန်လှည့်သွားရန် ဆရာတော်တာဝန်ယူဆောင်ရွက်ပါမည်။ မင်းသား စိတ်ချနေပါ။ မည်သို့မျှ စိတ်မယောင်ယမ်းပါနှင့်"

ဟုဆရာတော်ဆိုသဖြင့် ဗညားနွဲ့သည် လွန်စွာအားရတော်မူ၏။ သမိန်မရူးဘဲ အမှာစာရေးသည်ကား...

"ဆင်ဖြူရှင်ကိုယ်စားတော်ဖြစ်သော ယောက်ဖကြီး။ ကျွန်ုပ်သည် မင်းဇကရာဇ်သားကားဟုတ်ပါ၏။ မင်းသားလက္ခဏာမရှိ။

www.burmeseclassic.com

ကျွန်ုပ်တွင် ဘယ်ကျေးကျွန်အလုံးအရင်း ရှိပါသနည်း။ အဝတ်မျှ ဝတ်စရာမရှိ။ ထမင်းမျှစား စရာမရှိ။ ဆင်ဖြူရှင်ကို ပုန်ကန်သောင်း ကျန်းမည့် အကြောင်းမရှိ။ အရှိုးတော်မဟာဒေဝီ၏ ကျွန်တို့နှင့် ငါ့ ကျွန်တို့ ခိုက်ရန်ဖြစ်ပွားကြသဖြင့် သေကျေလေသည်။ ငါသည်ပဲခူးသို့ သွားသော် အသက်ကြွင်းမည်မဟုတ်။ အသက်ကြွင်းရုံသာ ဒဂုန်၌နေ သည်။ ယောက်ဖကြီးက ငါ့အသက်ကိုလွတ်အောင် ပန်ကြားပေးပါ။ ခွင့်ရသော် ယောက်ဖထံငါလာမည်။ ယောက်ဖနှင့် ငါ သွေးသစ္စာရှိခဲ့ သည်။ အမှန်ဆိုပါ။ ခွင့်မရလျှင် မြန်မာပြည်၊ ရှမ်းပြည်ဘက်သို့ ငါ ပြေးတော့မည်"

ယင်းစာနှင့် အတူဆရာတော်သည် သမိန်မရူးတပ်မရှိရာသို့ ကြွလေ၏။ ဂန္ဓရာ ကန်သို့ရောက်လျှင် သမိန်မရူး၏ ကင်းသမားများက မဗိုင်ဆရာတော်အား လိုက်ပို့၏။ သမိန်မရူးသည် ယာယီတဲနန်း၌ မှူးမတ်များနှင့်နေ၏။

မဗိုင်ဆရာတော်ကြွလာသည်ကိုမြင်လျှင်ဝမ်းသာ၏။ ဗညားနွဲ့သတင်းကိုကြားရမည်ဟု စိတ်တွင်ဆို၍ ဆရာတော်အား ကြိုဆိုနှုတ်ဆက်၏။ ကြိုးဖြင့်ချိတ်ဆွဲထားသော ဝေါထက်၌ ဆရာတော်အား ထိုင်စေ၏။ ဝေါပေါ်၌ ဆရာတော်ထိုင်လိုက်လျှင်ပင် ဝေါကြိုးပြတ်၍ ဆရာတော်လည်း ပက်လက်လဲကျ၏။ သမိန်မရူးရယ်၏။

ထို့နောက် ရွှေက တည်၍ထိုင်စေပြန်၏။ ထိုအခါ မဗိုင်ဆရာတော်သည် ဗညားနွဲ့ ပေးခဲ့သောစာကို သမိန်မရူးအား ကမ်းပေးလေ၏။

သမိန်မရူးလည်း စာရေးကိုခေါ်၍ မှူးမတ်တို့ရှေ့တွင် စာကိုဖတ်စေ၏။ ဗညားနွဲ့စာကိုကြား၍ သမိန်မရူးမျက်ရည်ယိုကာ ဝမ်းနည်းသယောင်ပြု၏။

"ဗညားနွဲ့ကို တစ်မိဝမ်းတွင်း၊ တစ်အူထုံ့ဆင်း ညီအရင်းကဲ့သို့ ကျွန်ုပ်ချစ်သည်။ သို့သော် ဆင်ဖြူရှင် မင်းတရားကြီးက သူ့ကိုအမျက် ထွက်လှသည်။ သူ့ကိုဖမ်းရန် စစ်ချီစေသည်။ ဆင်ဖြူရှင်၏အမိန့်ကို မလွန်ဆန်ဝံ့၍ ချီခဲ့ရသည်။ မိဖုရားကြီး မဟာဒေဝီသည်လည်း ဗညားနွဲ့ အား တူဖြစ်သော်လည်း သားအရင်းကဲ့သို့ ချစ်သည်။ ဗညားနွဲ့ကို နေ့စဉ်မပြတ် အောက်မေ့လျက်ရှိသည်။ ဗညားနွဲ့ဆိုသရွေ့ငါယုံတော့ သည်။ သို့သော် ဝတ်စရာမရှိဆိုသည်ကို ကျွန်ုပ်မယုံ။ ရှင်ဘုရင်အစ်မ တော်၏ ဘဏ္ဍာတိုက်ကိုဖောက်ပြီး ရှိသရွေ့ရွေးငွေအဝတ်ပုဆိုးများကို ယူလျက် ဝတ်စရာမရှိဆိုသည်မှာ ယုတ္တိမရှိပါ။ ဗညားနွဲ့သည် သူမှား ကြောင်းကို ဝန်ခံပြီး ကောင်းမွန်စွာ ပြန်လာမည်ဆိုပါက ဆရာတော် ခေါ်ခဲ့ပါ။ ခမည်းတော် အမျက်ပြေရန် အရှိုးတော် မဟာဒေဝီက တာဝန်ယူပါမည်။ ဗညားနွဲ့ကို အရှင်ဘုရားဖျောင်းဖျပါ။ မေတ္တာပို့ပါ။

www.burmeseclassic.com

www.burmeseclassic.com

ဝိုင်းဝန်းပြောဆိုပါ။ တရားချပါ။ ကျွန်ုပ်လည်း ဆင်ဖြူရှင်ထံဝင်ရောက်ကာ အပြစ်လွှတ်ရန် ကူညီလျှောက်ထားပါမည်။ စစ်ဘေးဒဏ်ကြောင့် တိုင်းသူပြည်သားများ ဒုက္ခမဖြစ်ပါစေနှင့်။ ကျွန်ုပ်မှာ သမျှကို အရှင်ဘုရားက ဗညားနွဲ့အား ပြောကြားပါ။ ဗညားနွဲ့အား ကောင်းမွန်စွာ ထွက်လာရန် ကျွန်ုပ်ဖိတ်ခေါ်ပါသည်။ သူ့ကို စောင့်နေလျက်ပါ ဘုရား"

ဟု မရူးလျှောက်ထား၏။ မပိုင်ဆရာတော်က–

"ဗညားနွဲ့သည် ဒဂုန်၌ ကောင်းစွာနေပါသည်။ သူသည် မဟာဒေဝီ၏ ဘဏ္ဍာတိုက်ကိုဖောက်၍ ရွှေ၊ ငွေ၊ အဝတ်၊ ပုဆိုးများကို ယူမည်ထား၍ တိုက်မိုး အုတ်ကြွပ်တစ်ချပ်မျှ မဖျက်ခဲ့ပေ။ ဒကာတော်နှင့် ယခုတွေ့သဖြင့် ဒကာတော်နှင့် မဟာဒေဝီတို့သည် ဗညားနွဲ့အား အလွန်ချစ်ခင်ကြသည့် စိတ်များရှိသည်ကိုသိရ၍ ဆရာတော် စိတ်ပျော်ပါသည်။ ပီတိဖြစ်လှပါသည်။ ဆရာတော်ကိုယ်တိုင် ဗညားနွဲ့ထံ ပြန်၍တရားချပါမည်။ သူ့ရှင်၏ အမိန့်နာခံရန် ဖျောင်းဖျပြောဆိုပါမည်။ အပြစ်ကို ဝန်ခံ၍ ကောင်းမွန်စွာ ထွက်လာဖို့ တိုက်တွန်းပါမည်"ဟုဆို၏။

သမိန်မရူးလည်း "ကျွန်ုပ်သည် ဗညားနွဲ့နှင့် သွေးသစ္စာ ရှိခဲ့ကြသည်။ ဗညားနွဲ့၏ အသက်ကို ကျွန်ုပ်ပန်ပါမည်" ဟု ဆို၍ ဗညားနွဲ့ပေးခဲ့သော စာနှင့်ပူးတွဲလျက် မိမိကိုယ်တိုင် မဟာဒေဝီထံ စာတစ်စောင်ရေးကာ မပိုင်ဆရာတော် ရှေ့မှောက်တွင်ပင် ပဲခူး သို့ ပို့ဆောင်စေသည်။ မပိုင်ဆရာတော်လည်း သမိန်မရူးအား နှုတ်ဆက်၍ ထွက်ခွာလေ၏။

မပိုင်ဆရာတော်သည် ထိုမှ ဆက်လက်၍ သမိန်ဓိပ်ဗြိတပ်သို့ ကြွပြန်၏။ အမတ်ကြီး သမိန်ဓိပ်ဗြိလည်း– "ငါ့သား ဗညားနွဲ့ထံမှ ဆရာတော်ကြွလာသည်။ ငါ့ကို ပဇာမြို့ကို စားစေမည်နည်းမသိ" ဟူ၍ မပိုင်ဆရာတော်ကို ပြက်ရယ်စကားပြော၏။

"စစ်မျက်နှာပတ်လည်ရံထားသည်ကို ဘယ်မှာရတတ်၍ ပဇာကိုစားစေ ရမည်နည်း" ဟု ဆရာတော်ဖြေ၏။

"တွန်ပြတ်ပတီ (ချင်ဗြဝတီ) နှင့် လည်ဂလီကို စားလိုပါသည်" ဟု သမိန်ဓိပ်ဗြိဆို၏။ ထို့နောက် မပိုင်ဆရာတော်သည် သမိန်ဓိပ်ဗြိအား ဗညားနွဲ့မှာသမျှကို အစအဆုံး ပြောပြလေ၏။ သမိန်ဓိပ်ဗြိလည်း–

"မင်းသား ဗညားနွဲ့ကို ဆရာတော် ပြောပြပါ။ ဆင်ဖြူရှင်သားတော်၏ ခြေတော်ရင်းကို ကျွန်ုပ် ရှိခိုးပါသည်။ ကျွန်ုပ် ယင်းသို့ဆိုကာမျှနှင့် ကျွန်ုပ်ဇနီးကိုသိနိုင်

www.burmeseclassic.com

ပါသည်။ သံသယစိတ် မရှိပါနှင့်။ မင်းသား အောင်မြင်သည်အထိ ကျွန်ုပ်ကူညီဆောင်ရွက်ပါမည်။ စိတ်ချပါ"ဟု မှာလေ၏။ မဝိုင်ဆရာတော်သည် မြောင်းမြစား သမိန်လောက်ဖြားတပ်သို့သွား၍ ရှင်းပြသည်။

"သည်အကြောင်းကို ကြိုတင်သိရန် ယခင်က ဗညားနွဲ့သည် ဒကာတော်နှင့် မုတ္တမစား ဖြတ်ထဗထံသို့ စာပို့ခဲ့သည်။ ဒကာတော်သည် ပဲခူးသို့သွားနေ၍ မတွေ့ခဲ့ပါ။ ဖြတ်ထဗနှင့်တွေ့၍ စာပေးခဲ့ရသည်။ သည်အဖြစ်မှန်ကိုသိရသော မုတ္တမစား ဖြတ်ထဗသည် ဒဂုန်သို့ ကိုယ်တိုင်စစ်မချီခဲ့ခြင်း ဖြစ်ပေသည်။ အမိန့်မလွန်ဆန်နိုင်၍ မုတ္တမစစ်တွင် ဗိုက်ကမြင်ကို လွှတ်ခဲ့သည် မဟုတ်လော"
ဟု မဝိုင်ဆရာတော်ဆို၏။ သမိန်လောက်ဖြားလည်း မုတ္တမစားဖြတ်ထဗ **မချီသည်**ကို ထောက်၍ ဆရာတော်၏ စကားသည် ယုတ္တိရှိမည်ဟု ယုံကြည်လာသည်။ စိတ်တွင်း၌လည်း မဟာဒေဝီအား ဒေါသထွက်မိသည်။

"မိန်းမယုတ်၊ စိတ်ယုတ်မာလှပါတကား။ လူငယ်နှင့် ရစ်ပတ်သည်ကိုလည်းမရှက်။ ညာတိဝံသ၊ မိမိအမျိုးအနွယ်ဟူ၍ မအောက်မေ့။ တူအရင်းကိုသတ်ဖို့ကြံစည်ပြန်သည်။ အခြားတစ်ဖက်မှာလည်း ကျွန်ုပ်ကို ပြောထားသည်မှာ အကယ်၍ ဆင်ဖြူရှင် ကဲကုန်ခဲ့လျှင် ကျွန်ုပ်ကို ရာဇာသမ္မတ္တိ အပ်ပါမည်ဟု ဆိုသည်။ ယခုသော် လင်ပျိုကို ရဖြီး စိတ်ကြည်နူး၍ သမိန်မရွာကို နန်းပေးမည်ကြံသည်၊ ကျွန်ုပ်ကို ဥပါယ်ပြု၍ ခိုင်းစေသည်။ မဟာဒေဝီမိဖုရားကြီးသည် ယုတ်မာသော မိန်းမဆိုးဖြစ်သည်။ မင်းသားဗညားနွဲ့ကို အရှင်ဘုရား ပြောပါ။ ကျွန်ုပ်ကဆင်ဖြူရှင် အမိန့်မှတ်၍ စစ်ချီခဲ့ခြင်းဖြစ်သည်။ ကျွန်ုပ်စစ်ကို မကြောက်ရွံ့ပါနှင့်"
ဟုဆိုလေ၏။

ထိုမှတစ်ဖန် မဝိုင်ဆရာတော်သည် တောင်ငူစစ်မှူးနှင့် မုတ္တမစစ်မှူး ဗိုက်ကမြင်တို့ထံသွား၍ ထိုနည်းတူရှင်းပြပြီးနောက် ဒဂုန်သို့ပြန်ဝင်လေ၏။

မဝိုင်ဆရာတော်ပြန်လာသည်ကို ဒဂုန်မြို့သလတ်ခါးထက်က ဗညားနွဲ့၊ မင်းကန်စိန့်မြို့ဝမ်းသားများက မျှော်ကြည့်နေကြသည်။ ဆရာတော်သည် ကျူးနားသို့ ရောက်သည့်အခါ ပြထက်၌နေသော ဗညားနွဲ့ကိုမြင်လျှင် ပြုံး၍ လက်တန်း၏။ ပြထက်သို့ ဆရာတော်ရောက်သော် ဗညားနွဲ့က–

"ဆရာတော် ဘယ်အကြောင်းထင်၍ လက်ရုံးတန်းပါသနည်း"ဟု မေး၏။
"သမိန်မရွာထံ ငါသွားစဉ်က နိမိတ်သုံးပါးမြင်ခဲ့၍ လက်ရုံးတန်းခြင်းဖြစ်သည်။ သမိန်မရွာထံ ငါရောက်သော် ကြိုးဖြင့်ချိတ်ဆွဲထားသော ဝေါထက်၌ ငါ့အား ထိုင်စေသည်။ ငါထိုင်လျှင် ဝေါကြိုးပြတ်ကျသည်။ ရွှေကကိုယူ၍ ငါ့ကို ထိုင်စေပြန်သည်။ မင်းသားစာကိုကြားလျှင် မရွာငိုသည်"ဟု ဆရာတော်ဆို၏။

www.burmeseclassic.com

www.burmeseclassic.com

"ဆရာတော် စိတ်တိုင်းကျအရေးများကို ဆိုခဲ့ရသလား" ဟုဗညားနွဲ့မေးပြန်၏။

"စစ်မျက်နှာများသို့ ငါထွက်၍ အရေးဆိုခဲ့သည်မှာ အကျိုးကျေးဇူးများနှင့် ပြည့်စုံလှပါသည်။ ငါပြု၍ လက်ရုံးတန်းလျက် ဝင်လာသည်က ထင်ရှားပါသည်။ အောင်ကြောင်းမင်္ဂလာ နိမိတ်အဖြာဖြာတွေ့ကလည်း ကောင်းလှသည်။ ဝေါကြိုးပြတ်သည့်နိမိတ်မှာ သမိန်မရူးသည် မုချစစ်ရှုံး၍ ပြေးရမည်။ ရွှေကဖြင့် ထိုင်စေသည့်နိမိတ်မှာလည်း ရွှေကသည် မွန်မူသော် လငါးထော (လှုးထဝ်)ဖြစ်၍ စနေနံ။ ဟံသာဝတီလည်း စနေနံ။ မင်းသားကိုယ်စား ငါထိုင်ရသည်ဖြစ်၍ ဟံသာဝတီကို နှစ်ခါမတိုက်ရဘဲ အောင်တော်မူမည်။ အလိုတော်ပြည့်မည်။ သမိန်မရူး ငိုသည့်နိမိတ်မှာ စိတ်ဆင်းရဲ ပူပင်သောသူသာ ငိုသည်ဖြစ်၍ သမိန်မရူး ဘေးရောက်မည်။ မင်းသား၏ အမိန့်ဖြင့် မရူးသေရမည့် နိမိတ်ဖြစ်သည်"

ဟုဆို၏။ "ဆရာတော်ဆိုသည့် နိမိတ်ကို အစ်ကိုမင်းကန်စိ မည်သို့မြင်လေသနည်း" ဟု ဗညားနွဲ့မေးပြန်၏။

"ဆရာတော် မြင်သည့်အတိုင်း ကျွန်ုပ်မြင်ပါသည်" ဟု မင်းကန်စိ ဖြေကြားလျှင် ဗညားနွဲ့သည် အလွန်ဝမ်းသာအား၏။ မပိုင်ဆရာတော်သည် သမိန်ဇိပ်ဇြံ၊ သမိန်လောက်ဖြား၊ တောင်ငူစစ်မျူးနှင့် မုတ္တမစစ်မျူးများနှင့်တွေ့၍ အရေးဆိုခဲ့ပုံများကိုလည်းကောင်း၊ ၎င်းစစ်မျူးဗိုလ်မင်းတို့က မှာခဲ့သည့် စကားများကိုလည်းကောင်း ဗညားနွဲ့အား တစ်လုံးမကျန် ပြန်လည်ပြောပြ၏။ ဗညားနွဲ့လည်း အတိုင်းထက်အလွန် အားရလှ၏။

"ဆရာတော်ဘုရား၏ ကျေးဇူးဂုဏ်တွေများပြားလှသည်။ ဆရာတော်၏ ကျေးဇူးကိုကျွန်ုပ်အောင်မြင်ပြီးလျှင် ပြန်ဆပ်ပါမည်။ ဆရာတော် လူဝတ်လဲပါက ဆရာတော် စိတ်ချမ်းသာ ကိုယ်ချမ်းသာအောင် ပြုစုဖို့ ရုပ်ရည်လှပသည့် မိန်းမပျိုနှစ်ဆယ်မျှပေးပါမည်" ဟုဆို၏။ မပိုင်ဆရာတော်ကြားလျှင်ဟက်ဟက်ပက်ပက်ရယ်မော၏။

"ငါသည် သမိန်မရူးနှင့်စစ်မျက်နှာအားလုံးသို့သွားပြီး အရေးဆိုခဲ့သည်မှာ မည်သည့်လာဘ်လာဘ ရွှေငွေပစ္စည်းများကို အလိုရှိ၍ မဟုတ်ပါ။ ဆင်ဖြူရှင်၏သားတော် ဗညားနွဲ့သည်သာ နန်းရထိုက်သည်ဟု အောက်မေ့၍လည်းကောင်း၊ ဗညားနွဲ့မင်းဖြစ်လျှင် သာသနာတော်ကို အမှန်မုချ စောင့်ရောက်ချီးမြှောက်မည်ဟု ယုံကြည်၍လည်းကောင်း၊ ငါသည် မင်းသားနှင့်ပါရမီဖြည့်ဖက်ဖြစ်သဖြင့် မင်းသား ဒုက္ခဘေးအန္တရာယ်ဖြစ်မည်စိုး၍လည်းကောင်း၊ မောပန်းသည်ကို သတော်မထားဘဲ မင်းသားအောင်မြင်သည်အထိ ဆောင်ရွက်ရန်ဆန္ဒရှိခြင်းဖြစ်ပါသည်"

ဟုဆရာတော်ဆို၏။

www.burmeseclassic.com

www.burmeseclassic.com

ဗညားနွဲ့လည်း ဆရာတော်ကို ကျေးဇူးတင်၍မဆုံး။ ဆရာတော်၏ ကျေးဇူးဂုဏ်ကြီးမားလှကြောင်းကိုပြော၍ ကျေနပ်လျက်ရှိ၏။ ဆရာတော်အား ပိတ်ကောင်းတစ်အုပ် ပေး၏။ မင်းကန်စိအား လက်ကောက်နှင့် လက်စွပ်ကို လက်မှချွတ်၍ ပေး၏။ မသဲကေးကို ဖယောင်းကြုတ်ပေးသည်။

ပဲခူးတွင် မဟာဒေဝီသည် သမိန်မရူးစာနှင့်အတူ ဗညားနွဲ့စာကိုရလျှင်–

"အပသုံငယ် သေမည်ကြောက်၍ မြန်မာပြည်၊ ရှမ်းပြည်သို့ ပြေးမည်ဆိုသည်၊ မင်းတို့ဗိုလ်မင်းများညီညွတ်ကြစေ။ ဗညားနွဲ့ မလွတ်ထွက်စေနှင့်၊ မိအောင်ဖမ်းခဲ့ကြ။ ရေကြောင်း၊ ကြည်းကြောင်း ခိုင်ခဲ့ကြစေ။ အပသုံငယ်၊ နွားကျောင်းသား ရှင်သူငယ် မင်းကန်စိ၊ မသဲကေး၊ ဣတြပသုံဓမိတ်နှင့် မပိုင်ဆရာတော်၊ သည်ငါးဦးသားတို့ကို ပဲခူးသို့သံခြေချင်းနှင့်ယူခဲ့။ ပဲခူးသူ ပဲခူးသားတွေကို ကြည့်စေမည်"

ဟုစာရေး၍ သမိန်မရူးနှင့် တပ်မှူး ဗိုလ်မင်းအားလုံးသို့ အကြောင်းကြားလေ၏။ မဟာဒေဝီထံမှ ညွှန်ကြားစာအမိန့် လာသည့်အကြောင်းကို သမိန်ဖိပ်ဗြိုက မင်းဒကာ ကို ဗညားနွဲ့ထံ စေသည်။

မင်းဒကာလည်း ဗညားနွဲ့ထံရောက်ပြီး မဟာဒေဝီစာပါသည့်အတိုင်းလျှောက်ပြီးလျှင်–

"အရှင့်ဘကြီးတော် သမိန်ဖိပ်ဗြိုက ဆရာတော်အား မှာလိုက်သည့် တောင်းဆိုချက်ကို အရှင်မင်းသား ပသို့မိန့်တော်မူပါသနည်း။ အရှင်မင်းသား ခွင့်ပြုလျှင် ဘကြီးတော်က လက်ယာလက်ဖြင့် မျက်စိကိုကိုင်၍ လက်ဝဲလက်ဖြင့် ဝမ်းကိုကိုင်သည်ကို မင်းသားအား ပြန်ဆက်ပါမည်ဟုဆိုပါသည်။ အရှင်မင်းသား ထွက်တိုက်တော်မူသောအခါ သမိန်မရူး တပ်ကိုသာတိုက်ပါ။ တပ်တစ်ပါးကို မတိုက်နှင့်ဟု ဘကြီးတော် သမိန်ဖိပ်ဗြိ မှာခဲ့ပါသည်"ဟု မင်းဒကာက ဆက်လက်လျှောက်၏။ ထိုစကားကိုကြားလျှင် ဗညားနွဲ့က "ငါဆရာတော်ဆိုသည့်စကားတွင် မင်းဒကာလျှောက်သည့် အကြောင်း မဆိုပါတကား"ဟု မပိုင်ဆရာတော်အား မေး၏။

"သမိန်ဖိပ်ဗြိဆိုပါ၏။ ငါမေ့နေ၍ မဆိုမိသည်။ အမတ်ကြီး ဖိပ်ဗြိုက တွန်ပြတ်ပတီနှင့် လည်ဂလီကိုစားလိုသည်ဟု မှာသည်"ဟု မပိုင်ဆရာတော်ဆို၏။

"မည်သည်ကိုဆိုလိုသနည်း"ဟု မင်းကန်စိအား ဗညားနွဲ့မေး၏။ "တွန်ပြတ်ပတီဟူသည် ပဲခူးကိုဆိုပါသည်။ လည်ဂလီသည် တနင်္သာရီကိုဆိုသည်။ အောင်တော်မူလျှင် ပဲခူးကိုစားလိုကြောင်း ဆိုပါသည်"ဟု မင်းကန်စိဖြေ၏။

"ဘကြီးတော်အလိုအတိုင်းစားစေမည်"ဟုဗညားနွဲ့မိန့်၏။ထိုအခါမင်းဒကာသည် လက်ယာလက်ဖြင့် မျက်စိကိုကိုင်ပြီး လက်ဝဲလက်ဖြင့် ဝမ်းဗိုက်ကိုကိုင်၍ "သည်အရာများကို အရှင့်ဘကြီးတော် သမိန်ဖိပ်ဗြိုက အရှင်မင်းသားအား ပြန်ဆက်ပါမည်"ဟုဆိုလေ၏။

www.burmeseclassic.com

www.burmeseclassic.com

"ပဇာလက်ဆောင်နည်း"ဟု မင်းကန်စိကို ဗညားနွဲ့မေး၏။ " ဘကြီးတော်က သမီးနှစ်ယောက်ဖြစ်သည့် မွေ့ခဒွန်မွတ် (မျော်ခဥောင်မတ်)[၁]နှင့် မွေ့ဗျွန်ကြိုး (မျော်ဖျုန်ကြိုဟ်)[၂] တို့ကို ဆက်သမည်ကို ဆိုခြင်းဖြစ်သည်"

ဗညားနွဲ့လည်းဝမ်းသာ၍"မင်းဒကာ၊ မင်းကိုငါဆုပေးလိုသည်။ သူ့လူတွေ့လျှင် မင်းလည်းခက်၊ ငါ့ဘကြီးလည်း ဗျာပါရှိချေမည်။ နောင်မှ ငါပေးတော့်မည်"ဟု မိန့်၏။

မင်းဒကာလည်း ဦးခိုက်၍ ထွက်ခဲ့လေ၏။ မြောင်းမြစား လောက်ဖြားနှင့် တောင်ငူစားတို့လည်း မပိုင်ဆရာတော် ထံမှ အကြောင်းစုံကြားသိရပြီးလျှင် စစ်တပ်ကို ဆုတ်ခွာရန် စဉ်းစားကြသည်။ ထိုအကြောင်းကို သမိန်မရူးသတင်းရလျှင် စိတ်တွင်ထိတ်လန့်တုန်လှုပ်မိသည်။

"ယခု ဆင်ဖြူရှင်၏ အမိန့်အရ ဗညားနွဲ့ကို ဖမ်းစေသည်။ ဗညားနွဲ့ကို မဖမ်းဘဲ အဘယ့်ကြောင့် ဆုတ်ခွာရမည်နည်း။ မဆုတ်ခွာကြလေနှင့်"ဟု အမိန့်ပေးလိုက်သည်။

သမိန်လောက်ဖြားက "လင်ပျိုရသည့် ဧရာအိုမိန်းမက ငါ့ကိုလိမ်၍ခိုင်းသည်။ ငါ့အရုပ်ကိုသာ ခိုင်း၍ရမည်။ ငါ့ကိုယ်ကိုခိုင်း၍မရပါဟု မင်းတို့သခင် သမိန်မရူးကို ပြောချေ"[၃]ဟု အမိန့်စာလာပို့သူအား ဆိုလိုက်၏။

တောင်ငူစားလည်း ထိုနည်းလည်းကောင်းဆိုသည်။ စာပို့သူလည်း သမိန်မရူးထံပြန်၍ လျှောက်တင်၏။ သမိန်မရူးလည်း မြို့စားနှစ်ယောက်တို့ကို အလွန်ဒေါသထွက်၏။ စိတ်လည်းပျက်၏။ မည်သို့ပြုရမည်နည်းဟု ဝေခွဲမရဖြစ်နေ၏။ "မြို့စားနှစ်ဦးကို တိုက်စေပါက နှစ်ဖက်ညှပ်တိုက်ရမည်ဖြစ်၍ သည်းခံရဦးမည်၊ နောင်မှတိုက်မည်"ဟု စိတ်တွင်ဆုံးဖြတ်လိုက်၏။

မကြာမီ ကင်းသမားများထံမှ စာရပြန်၏။ မြောင်းမြစစ်နှင့် တောင်ငူစစ်တို့ မဆုတ်ခွာဘဲ ဆက်လက်နေသည်ဟုကြားရလျှင် သမိန်မရူးလည်း သက်သာရာရ၏။ သို့သော် စိတ်မာတ်ကျဆင်းလျက်ရှိ၏။

၁။ မယ်မျက်လုံး။ မယ်စက္ခု၊ မယ်မျက်ရွဲ။

၂။ မယ်သည်းပွတ်။ (လက်ယာလက်ကား မျက်စိကိုင်၍ လက်ဝဲလက်ကား ဝမ်းဗိုက်ကိုင်လျက် သည်အရာကို ဆက်မည်ဟူသည် မယ်မျက်လုံးနှင့် မယ်သည်းပွတ်ဟူသော သမီးနှစ်ယောက်တို့ကို ဆက်မည်ဟူသတည်း)

၃။ ဤအကြောင်း မြန်မာပေမူ၌ မလာရှိချေ။

www.burmeseclassic.com

www.burmeseclassic.com

ဗညားနွဲ့သည် ဒဂုန်မြို့တွင် မြို့လှည့်စဉ်သံခြေချင်းနှင့် ဆံရှည်သော လူတစ်ယောက် ထိုင်နေသည်ကိုမြင်လျှင် ဘောမွန်အား မေးစေ၏။ "ကျွန်ုပ်အမည်မှာ တလဆွါဒေပသွယ်(တ္တဆာဒုံပသဲ)[၁] ဖြစ်သည်။ သူ့ငွေကြေးကိုယူ၍ သဘော်လိုက်သည်။ သဘော်ပျက်သဖြင့် ရွှေငွေများ ပျောက်ဆုံးကုန်ပြီး အသက်လွတ်ရုံရသည်။ သူ့ကြေးကို မပေးနိုင်၍ ဤသို့ထားသည်"ဟုဆို၏။ ထိုအခါ ဗညားနွဲ့က...

> "ယခု ရန်သူစစ်အင်အားကြီးသည်။ ငါတို့ထွက်တိုက်၍ နိုင်မည်မဟုတ်။ အကယ်၍ မြောင်းမြစ်၊ တောင်ငူစစ်၊ မုတ္တမစစ်မျက်နှာများ ပြန်လှည့်သည့်တိုင်အောင် ပဲခူးစစ်သည် အလွန်ကြီးသည်။ သမိန်ဓိပ်ဗြိတပ်သည် ငါတို့ဘက်မှ နေမည်ဖြစ်သော်လည်း သမိန်မရူး၏အင်အားမှာ များသေးသည်။ သမိန်မရူး၏ အင်အားသည် ငါတို့ထက် သုံးဆများသည်။ ထွက်တိုက်လျှင် နှစ်ဖက်စလုံး ပျက်စီးမည်။ ယခု အပြစ်ခံနေရသူကိုယူ၍ ဥပါယ်ဖြင့် သမိန်မရူးထံလွှတ်ပါက သမိန်မရူးတပ် နှစ်ခြမ်းကွဲလိမ့်မည်။ ထိုအခါ ငါတို့ထွက်တိုက်လျှင် မရူးကို လွယ်ကာသာ အောင်မြင်မည်"ဟု ဆိုသည်။

မင်းကန်စီလည်း ဗညားနွဲ့.ကဲ့သို့မြင်သဖြင့်သံခြေချင်းနှင့်လူကို ခေါ်စေ၏။ "မင်းအကြွေးမဆပ်နိုင်၍ ဤသို့ တစ်သက်လုံးခံနေရမည်။ ငါ့အမှုထမ်းလျှင် မင်းအကြွေးတွေ ငါဆပ်မည်။ မင်းကိုလည်း ငါကျွေးမွေး၍ သူကောင်းပြုမည်"ဟုဗညားနွဲ့.ဆို၏။

"ကျွန်ုပ်အသက်ဆက်၍ သခင့်အမှုကို ထမ်းပါမည်"ဟု တလဆွာဒေပသွယ်ဆိုလျှင် ကြွေးရှင်ကို ခေါ်စေ၏။ ကြွေးရှင်ဖြစ်သော မင်းပန်းရွှေသူရောက်လျှင် "မင်းအကြွေးသူ့မှာမည်မျှရှိသနည်း။ အားလုံးငါပေးမည်။ သူ့ကို မင်းလွှတ်ပါ"ဟု မိန့်၏။

မင်းပန်းရွှေသူက "ကြေးတစ်ရာ သူ့မှာတင်ပါသည်။ စစ်မက်မရှိသော် မယူလိုပါ။ စစ်မက်ဖြစ်၍ အသုံးပြတ်သဖြင့်သာ ယူရပါမည်။ သို့သော် ကြေးတစ်ရာအနက် ငါးဆယ်ကို ဘုန်းကြီးသည့်အရှင့်ကို ဆက်ပါသည်။ ငါးဆယ်သာ ကျွန်ုပ်ကို သနားပါ" ဟုဆိုသဖြင့် ကြေးငါးဆယ်ကို ဗညားနွဲ့ပေးစေ၏။

ဗညားနွဲ့လည်း တလဆွာဒေပသွယ်ကို သံခြေချင်းအတိုင်းခေါ်ဆောင်၍ တဲနန်းရောက်လျှင် မေး၏။ "မင်း ငါ့အမှုထမ်းမည်လော"

"ကျွန်ုပ်ဒုက္ခဆင်းရဲမှလွတ်အောင် ရွေးတော်မူသည့် ကျေးဇူးရှင်ကို အသက်ပေး၍ အမှုတော်ကို ထမ်းပါမည်"ဟု တလဆွာဒေပသွယ် လျှောက်၏။

၁။ မဟဟူ၍လည်းခေါ်သည်။ မြန်မာမူ၌လည်း မဟဟု ခေါ်သည်။

www.burmeseclassic.com

www.burmeseclassic.com

"မင်းကို ဤအတိုင်း ဆံရှည်နှင့် သံခြေချင်းဖြင့် သမိန်မရူး ကင်းအပါးသို့ ညအချိန် ပို့ထားမည်။ မိုးသောက်လျှင် ကင်းသမားတွေက မင်းကို မရူးထံပို့မည်။ ယမန်နေ့ညက တပ်လန့်၍ ထွက်ခဲ့ရသည်ဟုပြောပါ။ ငါ့ကို သမိန်မရူးမေးလျှင် "ညက ဗညားနွဲ့သည် လှေငယ်တစ်စင်းဖြင့် ကျွန်ဆယ့်ငါးယောက်နှင့် ပြည်မြို့သို့ပြေးသည်ဟု ဆိုကြပြီး လူသောသောညံ၍ တပ်လန့်သည့်အခိုက် ပြေးခဲ့သည်"ဟု ဆိုပါ။ မင်းကိုလွှတ်လျှင် သမိန်မရူးတပ် ခိုင်မခိုင်၊ ဗိုလ်ပါဆင်မြင်း များသည်၊ နည်းသည် ခံတပ်မည်သို့ရှိသည်များကို မင်းစုံစမ်းပြီး ငါ့ထံ အမြန်ပြန်ခဲ့"

ဟု ဗညားနွဲ့ညွှန်ကြား၏။ တလန်ဘာဒေပသွယ်လည်း "အမိန့်အတိုင်း ဝန်ခံပါမည်"ဟု ဆို၏။ ယင်းညတွင် တလန်ဘာဒေပသွယ်ကို သံခြေချင်းအတိုင်း သမိန်မရူးကင်းတပ်အနီးသို့ ပို့စေ၏။ မိုးသောက်လျှင် ကင်းသမားများက တလန်ဘာဒေပသွယ်ကို ဖမ်း၍ သမိန်မရူးထံပို့၏။

သမိန်မရူးစစ်ဆေးသောအခါ ဗညားနွဲ့မှာသည့်အတိုင်းဆိုသဖြင့် သမိန်မရူး သဘောကျ၏။ "ဤသူကား ငါတို့အတွက် ကျေးဇူးရှိသည်။ ဗညားနွဲ့ ပြည်ကိုပြေးမည်ကြံသည်ကို ငါတို့သိရသည်။ ငါတို့ဘက်က အမှုထမ်းရန်လာသည်။ သူ့ကိုလွှတ်ပါ။ ဆံရှည်ကို ဖြတ်ပေးပါ"ဟု မိန့်၏။ ထိုနောက် ကျောက်စီလက်စွပ်တစ်ကွင်းနှင့် အဝတ်ပုဆိုးတို့ဖြင့် တလန်ဘာဒေပသွယ်အား ချီးမြှင့်ပြီး "မင်း၏သားမယားကို ရှာလိုက ရှာစေ"ဟု ဆို၍ တံလန်ဘာဒေပသွယ်ကို လွှတ်လိုက်သည်။

တလန်ဘာဒေပသွယ်လည်း စစ်တပ်အခြေအနေကို အကဲခတ်ပြီး မြောက်ဘက်တပ်တံခါးမှထွက်ကာ ဗညားနွဲ့မှာသည့်အတိုင်း ဆောင်ရွက်၏။ သမိန်မရူးလည်း သေနာပတိများကို ခေါ်၍ မိန့်၏။

"ဗညားနွဲ့သည် လယ်ပြင်သားသုံးကျိပ်တို့၏ စကားကိုနာယူ၍ မပြုမကျင့်ရာသည်ကို ပြုကျင့်သည်။ ယခု ငါတို့ကိုကြောက်၍ ပြည်သို့ ပြေးမည်ပြုသည်။ ရေကြောင်း၊ ကြည်းကြောင်း နှစ်ဖက်စလုံးမှာ ခိုင်ခံ့အောင် စောင့်ကြ။ မလွတ်ထွက်စေနှင့်။ ဗညားနွဲ့ကိုရမှ သူ့ရှင်၏ အပြစ်တော်တင် လွှတ်မည်။ ကင်းသမားများ ခိုင်ခံ့အောင် စောင့်ဖို့ ဆော်ဖန်ကြ"ဟု မိန့်၏။

တလန်ဘာဒေပသွယ်[၁] ပြောသည့် စကားကိုလည်း ပြောသဖြင့် သမိန်ဇိပ်ဗြိ၏ မျက်နှာ ညှိုးလေ၏။ နောင် သမိန်ဇိပ်ဗြိ၏ လူယုံတစ်ယောက်က တိုးတိုးဆိုသည်ကို

၁။ မြန်မာမူများတွင် တလန်ဘာဒေပသွယ်ကို မမတ်ဟူ၍လည်းကောင်း။ မဟာဟူ၍လည်းကောင်း ဆိုသေးသည်။

www.burmeseclassic.com

www.burmeseclassic.com

"တလဆွာဒေပသွယ်သည် သူ့ကြွေးတင်၍ သံခြေချင်းနှင့် ထားခဲ့သူဖြစ်သည်။ ကျွန်ုပ်တို့၏ တပ်နားသို့လာ၍ ကြည့်သွားသည်မှာ အကြောင်းရှိမည်။ ဗညားနွဲ့က သူ့ကို ဥပါယ်ဖြင့်လွှတ်၍ စုံစမ်းကြည့်ရှုစေခြင်း ဖြစ်လိမ့်မည်"ဟုဆိုမှ သမိန်ဖိပ်ဖြာ၏မျက်နှာ လှုပ်ရှန်သည်။

တလဆွာဒေပသွယ်လည်း မိုးချုပ်ချိန်တွင် ဒဂုန်သို့ပြန်သွား၍ ဗညားနွဲ့ထံ ဝင်ပြီး သိခဲ့မြင်ခဲ့သည့်အတိုင်း အလုံးစုံတင်လျှောက်၏။ သမိန်မရှူးပေးသော လက်စွပ်နှင့် ပုဆိုးတို့ကိုလည်း ပြ၏။ တလဆွာဒေပသွယ်၏စကားကို ကြားနာပြီးနောက်ဗညားနွဲ့က–

"ငါတို့ ယခုထွက်တိုက်ရသော် သင့်မည်လော"ဟု မင်းကန်စီကိုမေး၏။ "မသင့်လျော်သေးပါ။ စစ်မျက်နှာတွေလည်း မခွာသေးပါ။ ပညာရှိတို့ စီရင်ရိုးထုံးစံကို စီရင်ပါရစေဦး။ ဓမ္မပဒေထုပ်ကိုယူ၍ သိဂုံတွဲရကုန်းပေါ်ရှိ မြတ်စွာဘုရား ဆံတော်ဓာတ်တော်ရှေ့တွင် အဓိဋ္ဌာန်ပြုပြီး ကျမ်းထိုးရမည်။ မြို့စောင့်နတ်တို့ကိုလည်း တဘောင်စနည်း နာရဦးမည်။ ယင်းသို့စီရင်ပြီးမှ ထွက်တိုက်တော်မူပါ"ဟု မင်းကန်စီလျှောက်လျှင် သုခမိန် ဣတြပသုံခမိတ်ကို ခေါ်၍ အိပ်မက်ယူပြီးအိပ်ရန် မိန့်၏။

ထိုညတွင် သုခမိန် ဣတြပသုံခမိတ်သည် အိပ်မက်နတ်ကို နိမိတ်အကြောင်းပေးရန် တောင်းဆိုပြီး အိပ်သည်။ မိုးသောက်ယံတွင် သုခမိန်မက်သည်ကား –

"ဒဂုန်ဆံတော်ဓာတ်အထွတ်တွင် ဆီမီးတန်ဆောင် တိုင်ငယ်တစ်ခု ထွန်းလင်း၏။ ထိုအခါ မုန်တိုင်း သုံးမျက်နှာလုံး မှောင်မည်းစွာ တိုက်ခတ်လာလျှင် ဆီမီးတန်ဆောင်တိုင်ငယ်မှာ မှုန်၍ ညှိုးလေ၏။ မကြာမီ လေစဲလျှင် မီးရောင်မှာ ပြန်၍ ထွန်းလင်းသည်"

ယင်းသို့ မြင်မက်ပြီး ဖြုတ်ချည်းလန့်နိုးသည်။ မိုးသောက်လတ်သော် အိပ်မက်အကြောင်းကိုသာ ဗညားနွဲ့အား တင်လျှောက်၏။

"သည်အိပ်မက်အဓိပ္ပာယ် ပသို့နည်း"ဟု မင်းကန်စီကို ဗညားနွဲ့မေး၏။ "ဆံတော်ဓာတ်ဘုရားအထွတ်တွင် တန်ဆောင်တိုင်ငယ် ထွန်းလင်းသည်ကား အခြားတစ်ပါးမဟုတ်။ တို့သခင် ဗညားနွဲ့ကိုပြသည်။ လေမုန်တိုင်း သုံးမျက်နှာကလာသည်ကား ယခုစစ်သုံးမျက်နှာက ရံလာသည်ကို ပြသည်။ လေစဲလျှင် ပြန်လင်းသည်ကား တို့သခင်သည် စစ်နိုင်၍ ဧကရာဇ်မင်း ဖြစ်မည်မချွတ်။ သို့ဖြစ်၍ နတ်များက သုခမိန်ကို အိပ်မက်ပေးရသည်"ဟု မင်းကန်စီဆို၏။

ဗညားနွဲ့လည်း မင်းကန်စီကို လွန်စွာချီးကျူးသည်။ ထို့နောက် ဓုတင်နှစ်ပါးနှင့် ပြည့်စုံသော ဓမ္မရက္ခိတ မဟာထေရ်တစ်ပါးကို ပင့်ဆောင်ကာ စင်မြင့်၌ ထိုင်စေ၏။ မဟာထေရ်ရှေ့တွင် ဗညားနွဲ့သည် အဓိဋ္ဌာန်ပြု၍ ဓမ္မပဒကျမ်းပေထုပ်ကို ထိုးလေ၏။

ထိုးမိသောအက္ခရာမှာ ပုဏ္ဏားသားအဖပြေး၍ ဘီလူးမလိုက်သောဇာတ်[1] ဖြစ်သည်။ ထိုဇာတ်တွင် ပုဏ္ဏားသားအဖ ပြေးလေ၍ မြစ်လယ်သို့ရောက်သော် ဘီလူးမသည်

၁။ ဇာတ်– ၅၅၀တွင် ပဒကုသလဇာတ်မှာ အမှတ် ၄၃၂–ဖြစ်သည်။

www.burmeseclassic.com

မလိုက်ဝံ့။ ဘီလူးမ၏ နယ်ပယ်အပြင်ဘက်သို့ ရောက်သွားလျှင် ဘီလူးမက ဟစ်၍ ခေါ်သော်လည်း မရသဖြင့် ဘီလူးမသည် ရင်ကွဲနာကျလျက် သေရလေ၏။

ဇာတ်ဝတ္ထုကို ဖတ်ပြီးလျှင် ဗညားနွဲ့က "သည်ဇာတ်ကြောင်းနိမိတ်ကို ပသို့ အစ်ကိုယူမည်နည်း"ဟု မေး၏။ မင်းကန်စိက-

"သည်ဝတ္ထုဇာတ်ကြောင်းကို တိုက်ရိုက်အဖြောင့်ပင် ဆိုရမည်။ ဘီလူးမကား မဟာဒေဝီကို ဆိုလိုသည်။ ပုဏ္ဏားသားကား ဆင်ဖြူရှင်သားတော် ဗညားနွဲ့ကို ဆိုလိုသည်။ ဗညားနွဲ့ပြေးလေသည်ကို မဟာဒေဝီ၏ အစီအရင်ဖြင့် သမိန်မရူး စစ်ချီခဲ့သည်။ သမိန်မရူး စစ်ရှုံးမည်မချွတ်။ မဟာဒေဝီလည်း ဗညားနွဲ့ကို ဖမ်း၍မရ"ဟု ဖြေဆို၏။

ဗညားနွဲ့လည်း အားရဝမ်းသာ၍ မင်းကန်စိကို ချီးကျူး၏။ မင်းကန်စိက "ကျွန်ုပ်တို့ ခမ္မပဒကျမ်း ထိုးသည်မှာ နိမိတ်ကောင်းလှသည်။ မြို့စောင့်နတ်များကို တဘောင်စနည်း ထွက်နာပါရစေဦး"ဟု ဗညားနွဲ့ထံခွင့်ပန်၍ ဘောမွန်၊ မသင်နှင့် မင်းကန်စိတို့ သုံးဦးသားသည် အဓိဋ္ဌာန်ပြုလျက် တဘောင်စနည်း ထွက်နာကြ၏။

တဘောင်စနည်းမရ၍ သုံးဦးသား ပြန်လာကြ၏။ မြို့လယ်ရောက်သော် ခမ္မပုတ္တ ဆေးတိုက်နှင့် ခုတ်ဇပိတ်တိုက်အကြားတွင် ယိုးဒယား မိန်းမငယ်တစ်ယောက် နတ်ပူး၍ လက်ခုပ်တီးကာ ကခုန်၍ သီချင်းဆို၏။ သူတစ်ပါးဆေးထည့်၍ ရူးလေသည်။

မွန်ဘာသာ-

"အသုက်ကလော်၊ ဒတုံပြဟ်သွံ၊ လျးဂေါဝ်ခိုအ်ချဲ၊
လံသွေက်ဒိပ်ဒါ၊ သွိင်ဇွာဝဝိုင်၊ ဂွိုင်ယဲဟော်ဇြ၊
ယးတွးသွံ၊ စိုပ်ပယျက်တုံ၊ ထဲကလေင်ရ။
စူဒရုဂ်၊ တော်ယကွမွဲ၊ နွံကျုင်ညြဲဂါ
ခွဲသွချဲခရံင်၊ ဖရုဖံမံင်၊ မိင်ဗက်သံင်ဒ၊ ပေက်ပြးစဒွဲ"*

---

* မြန်မာပေမူတွင်လာသည့် သီချင်းမူကွဲကို အက္ခရာဖလှယ်ရသည့် မွန်ဘာသာကား-

"အသုက်ကလော်၊ ဒတုံစေသွံ၊ စွံပူတွဲ၊
ယဲဒိုက်သွိင်ဇွာ၊ မိသေလေကွဲဝရောင်။
ခါယးတွး၊ ဒးပယျက်တုံ၊ ယာ်တိတ်ဟိုအ်။
လောက်လေဝ်သစ်၊ ဗိုတ်လေဝ်သူးရဲ၊ နွံကလောက်မွဲ၊
ပွဲစူဒရုဂ်၊ ဘကိုဖံမံင်၊ မိင်ဗက်သံင်ဒ၊ ခြေပ်စကိုချေ"

www.burmeseclassic.com

www.burmeseclassic.com

မြန်မာပြန်–

"သော်ကပန်းမြတ်၊ ကြွေကျလတ်လည်း၊ မပြတ်ထွန်းလင်းမည်။
နန်းမရခင်၊ ဖျားနာပူပင်၊ မင်းလုလင်မှာ၊ အခိုင်အမာပြုနေသည်။
မိုးသောက်ယံလင်း၊ နေ့ခင်းရောက်သော်၊ ရောဂါပျောက်ကင်းမည်။
စူဒရဂ်တွင် လာရှိသည့် ဘီလူးတစ်ကောင်သည်
ဥနဲ့ပင်၌ အရွက်များသကဲ့သို့ အခြံအရံများသော်လည်း
စည်မောင်းသံကြားကာမျှဖြင့် နေရင်းဌာနသို့ ပရမ်းပတာ
ပြန်၍ ပြေးကြကုန်မည်"*

အရူးမသီဆိုသည့် သီချင်းကိုမှတ်သားပြီး မင်းကန်စီတို့ လူသုံးယောက် ပြန်လာကြ၏။ ဗညားနွဲ့လည်း အတွင်းခန်းသို့မဝင်ဘဲ စောင့်မျှော်နေစဉ် မင်းကန်စီပြန်ရောက်လျှင် မေးစ၏။ မင်းကန်စီက "တို့သခင် ဘုန်းတော်ကြီးလှသည်၊ မင်းသား၏ ကုသိုလ်ကံတန်ခိုးတော်ကြောင့် ကျွန်ုပ်တို့ နိမိတ်ကောင်းကြားရသည်"ဟု ဆို၏။ မင်းကန်စီလည်း အရူးမသီဆိုသည့်အတိုင်း တင်လျှောက်လျှင် "သီချင်းအဓိပ္ပာယ်ကို အစ်ကို ပသို့ယူမည်နည်း" ဟု ဗညားနွဲ့မေးလေ၏။ မင်းကန်စီသည် သီချင်းကို ဆင်ခြင်စဉ်စားပြီး ဖြေဆိုသည်မှာ–

"သော်ကပန်းဟူသည် သောကြာနံ့၊ တို့သခင်လည်း သောကြာသား၊ သော်ကပန်းမှာ မပြတ်ထွန်းလင်းသည်ဆိုရာ၌ တို့သခင် မင်းသား ထွန်းလင်းတောက်ပမည်ဟု ဆိုလိုသည်။ အခိုင်အမာပြု၍ နေသည်ဟူသော မွန်ဘာသာဝဝိုင်မှာ စနေနံ့၊ ဟံသာဝတီလည်း စနေနံ့ ဖြစ်သည်။ ပဲခူးကို တို့သခင် ရတော်မူ၍ မြတ်စွာဘုရား၏ သာသနာတော်ကို ဆောင်ရမည်မချွတ်။ မင်းလုလင် ဖျားနာပူပင်သည်ဆိုရာ၌ ယခု မင်းသားကို စစ်မျက်နှာသုံးဖက်လာရောက်ဝန်းရံထားသဖြင့် ပူပန်နေသည်ကို ဆိုလိုသည်။ မိုးသောက်၍ အလင်းရောက်လျှင် ရောဂါအန္တရာယ် ပျောက်ကင်းမည်ဆိုရာ၌ ကျွန်ုပ်

---

* မြန်မာပေမူမှ မူကွဲဘာသာပြန်ကား–

"သော်ကပန်းမြတ်၊ ကြွေကျလတ်၊ နီတွတ်ရဲရဲ၊ တွေခဲစကောတွင်
ဖျားနာပူပင်၊ မင်းလုလင်ကို၊ မယ်ရှင်ကသည်၊
မိုးသောက်လင်းထိန်၊ ချိန်နေ့စေ့ရောက်၊ လောက်လည်းပြန်ခွာ
ဗိုက်လည်းကွာလိမ့်၊ စူဒရဂ်၊ ဒေဝတစ်ယောက်၊
ရှိလာရောက်ဟု၊ ခြိမ်းခြောက်ဟစ်ကြွေး၊
မောင်းသံပေးက၊ ပြေးသည် ပရမ်းပတာ"

www.burmeseclassic.com

www.burmeseclassic.com

တို့အနက် သင့်လျော်သူများကိုလွှတ်ကာ အကြောင်းမှန်ကို စာရေး၍ အရေးဆိုစေပါက လောက်ဖြားနှင့် ဗိုက်ကမြင်တို့၏ စစ်မျက်နှာ နှစ်ဖက်စလုံး ဆုတ်ခွာကြမည်ကို ဆိုလိုသည်။ စူဒရင်္ဂံတွင် ယက္ခတစ်ကောင်ဆိုသည်ကား စူဒရင်္ဂံစခန်းတွင် တပ်စွဲနေသော သမိန်မရူး စစ်မျက်နှာကို ဆိုလိုသည်။ သခင်ထွက်တိုက်ပါက ဆင်ချင်း အစွယ်မယှက်ရပြီ။ ကျွန်ုပ်တို့၏ စည်မောင်းသံကို ကြားရုံမျှဖြင့် သမိန်မရူးသည် ကြောက်လန့်ပြီး ပရမ်းပတာဖြစ်ကာ ပဲခူးသို့ ပြန်ပြေးကြမည်ကို ဆိုလိုပါသည်"[၁]

ဟုဆို၏။ မင်းကန်စီ၏ ဖြေကြားချက်ကို နားထောင်ပြီး ဗညားနွဲ့သည် အလွန်ဝမ်းမြောက်အားရတော်မူ၏။ မင်းကန်စီအား ဆုများပေး၏။ နောက်တစ်နေ့ မိုးသောက်လျှင် မြောင်းမြစားလောက်ဖြားထံ ပို့ရန်စာနှင့် လက်ဆောင်များ စီစဉ်၏။ စာရေးမသင်ကိုခေါ်၍ မင်းကန်စီအား စာပြင်စေ၏။ ရေးလိုက်သည့်စာကား-

"တူဖြစ်သူ ကျွန်ုပ်ဗညားနွဲ့က ဦးရီးတော်မြောင်းမြမင်းထံ စာရေးကြားရောက်အပ်သည်။ ကျွန်ုပ်၏ခမည်းတော်ဆင်ဖြူရှင် နာဖျားမကျန်း ဖြစ်ကတည်းက အရီးတော် မဟာဒေဝီသည် သစ္စာမစောင့်ဘဲ အဆမတော်သည့် သမက်နှင့် ကိုယ်ကိုဖျက်၍ မအပ်သည့်အကျင့်ကိုလည်းကျင့်သည်။ တူဖြစ်သူ ကျွန်ုပ်နှင့် ဘောင်မုန် နှစ်ယောက်တို့ကို သတ်ဖို့ကြံသည်။ ဆင်ဖြူရှင်မရှိလျှင် သမိန်မရူးအား ထီးနန်း ပေးမည်ကြံသည်။ ငါ့ဦးရီးတော် မြောင်းမြမင်းနှင့် အရီးတော် မဟာဒေဝီတို့သည် ရှေးက ကတိသစ္စာထားခဲ့ကြသည့်အတိုင်း မှန်လျှင် ဆင်ဖြူရှင်မရှိသော် ငါ့ဦးရီးတော်ကို ထီးဖြူအပ်ရမည်။ ငါ့ဦးရီးတော်သည် ဆင်ဖြူရှင်ကိုယ်စား ဖြစ်တော့သည်။ ဦးရီးတော်ကို ထီးနန်းပေးသော် ငါဝမ်းမြောက်ပါ၏။ ယင်းသို့ကားမပြု၊ သစ္စာမရှိ။ ငါတို့မင်းညီနောင် နှစ်ယောက်တို့ကို အကြိမ်ကြိမ်ပင် သတ်ရန် ကြံခဲ့သည်။ ပဲခူးတွင်

၁။ မြန်မာပေမူ၌ လာသည့်ဖြေဆိုချက် မူကွဲမှာ "တွေခဲစကောတွင် ဆိုသည်ကား စကောသည် တနလံ်နံ၊ ပဲခူးလည်း တနလံ်နံ၊ ပဲခူးကိုရတော်မူ၍ သာသနာတော်ကို ဆောင်ရမည်။ မယ်ရှင်ကသည် မိုးသောက်လျှင် အဖျားအနာ ပျောက်မည်ဆိုသည်။ ချိန်နေ့စေ့ရောက်လောက်လည်းပြန်ခွာ၊ ဗိုက်လည်းကွာလိမ့် ဆိုသည်ကား ကိုယ်တို့နှစ်ယောက်ကို စေတော်မူ၊ သင့်အောင်စာဖြင့် မှာတော်မူက (လောက်ဖြားနှင့် ဗိုက်ကမြင်တို့) ပြန်လေတော့မည်ကို ဆိုလိုသည်" (လောက်ဖြားကို လောက်။ ဗိုက်ကမြင်ကို ဗိုက်ဟူ၍ အတိုကောက်ဖြင့် သီချင်း၌ လာသည်။ စူဒရင်္ဂံမှာ ပါဠိ-စူဠရင်္ဂံ-စစ်ဦးစခန်းကို ဆိုသည်)

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ် စိတ်ကျဉ်းမြောင်းလှသည်။ အသက်ဘေးမှ ကင်းဝေးအောင်ဆိုပြီး ဒဂုန်သို့ ခွာခဲ့ရသည်။ ဦးရီးတော်ထံသို့ ငါ အရောက်လာခဲ့မည် ကြံသည်။ ငါ့မှာ လူအင်အား နည်းပါးလှသည်။ လေ့တက်လည်း စီးစရာမရှိအောင် ခက်သဖြင့် ဦးရီးတော်ထံ မရောက်နိုင်ရခြင်းဖြစ်သည်။ အသက်မှ ရှင်စေတော့ဟု ငါ ဒဂုန်၌ခိုအောင်းနေပါသည်။ ယခု ငါ့ဦးရီးထံ ငါ သွားရမည့်အစား ဦးရီးတော်က ငါ့ထံ ရောက်ရှိနေတော့သည်။ အကျိုးအကြောင်း ယုတ္တိအမှန် ကုန်စင်အောင် ယခုလို ဦးရီးတော်အား ငါ စာရေးအကြောင်းကြားခွင့်ရသည် ကိုပင် ငါ ဝမ်းသာလှသည်။ ယခု အစီအရင် အမိန့်ဟူသမျှမှာ ဆင်ဖြူရှင်၏ အမိန့်မဟုတ်ပါ။ မဟာဒေဝီ၏ အမိန့်မျှသာဖြစ်သည်။ ယခင်တစ်ကြိမ်လည်း ဦးရီးတော်ထံ ငါ့စာနှင့် လူစေခဲ့သေးသည်။ ဦးရီးတော်သည် ပဲခူးသို့ချီစဉ်ဖြစ်၍ မတွေ့ခဲ့ရပါ။ ဤအကြောင်းမှန်ကို ဦးရီးတော်သိရအောင် ငါ ပြောကြားရသဖြင့် ငါ ကျေနပ်ပြီ။ ဦးရီးတော်သာ ဆင်ခြင်စဉ်းစားယူပါတော့။ ဦးရီးတော်အတွက် တူတော်က မေတ္တာလက်ဆောင်အဖြစ် ရွှေငါးပိသား၊ ကတ္တီပါ၊ သက္ကလတ်နှင့် ပုဆိုးကောင်း ပိတ်အုပ်များကိုလည်း ပို့ဆက်အပ်ပါသည်"[၁]

ယင်း စာနှင့်ပစ္စည်းများကို အချိတော် မသောက်လက်အပ်၍ မြောင်းမြစ်မျက်နှာ[၂]ရှိ သမိန်လောက်ဖြားထံ ပို့ဆက်စေ၏။ မြောင်းမြစ်၊ လောက်ဖြားလည်း အမှာစာနှင့် လက်ဆောင်ပစ္စည်းများကို ရပြီးနောက် မသောက်အား ဤသို့ဆို၏။

"ဤစာပါ အကြောင်းအရာများကို ငါဒလရောက်စဉ်က ငါ့တူ ဒလစားမည်ကံကောင်းကို ငါမေး၍ အကြွင်းမဲ့ ငါကြားခဲ့ရသည်။ မပိုင် ဆရာတော်ထံမှလည်း ကြားရသည်။ မူလက ဆင်ဖြူရှင်၏ အမိန့်တော်စာနှင့် ခေါ်တော်မူသည်ဟုမှတ်၍သာ ငါလာသည်။ မသောက်ပြန်၍ ငါ့တူဗညားနွဲ့အား လျှောက်ပါလေ"

ယင်း အမှာစကားဖြင့် မသောက် ဒဂုန်သို့ ပြန်ဝင်လေသည်။ ယင်းညတွင် သမိန်လောက်ဖြားသည် သား၊ သမက်၊ ဗိုလ်ပါ၊ ကျေးကြီး၊ ကျွန်ကြီးများကို ခေါ်၍ တိုင်ပင်ဆွေးနွေးလျက် သောက်စားကြလေ၏။ ထိုအခါ သမိန်လောက်ဖြားက "ယခု ဆင်ဖြူရှင်၏သားတော် ဗညားနွဲ့ထံမှ အမှာစာရသည်။ သူ့စာတွင်ဆိုသမျှ ယုတ္တိရှိသည်။ ဗညားနွဲ့နှင့် ပဲခူးသားတို့အမှုတွင် ငါတို့ ဘယ်သူ့ကိုကူသော် သင့်မည်နည်း။ ငါတို့ တပ်ရုပ်ပြီး ပြန်လှည့်ရတော့မည်လော"ဟု မေး၏။

၁။ မြန်မာပေ၌ ပါသည်ထက် မွန်မူက ပိုစုံ၏။ လက်ဆောင်စာရင်း တူညီကြ၏။

၂။ မြောင်းမြစ်မှာ ဒလကိုဖြတ်၍ ဒဂုန်သို့ ရေကြောင်းဖြင့် ချီခဲ့ခြင်းဖြစ်သည်။ ထိုစဉ်က ဒလမြို့ကား ယခု တွံတေးမြို့နေရာဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

သား၊ သမက်၊ ဗိုလ်ပါ ကျေးကျွန်ကြီးများက "ကျွန်ုပ်တို့သည် တို့သခင်မင်းကြီး၏အမိန့်ကို နာခံရမည့်သူများဖြစ်သည်။ ဆင်ချင်း၊ မြင်းချင်း၊ ရဲလှေချင်း၊ လှော်ကားလှေချင်း၊ ခြေလျင်ချင်း ထိုးလေ ခုတ်လေဟု မည်သို့မဆို စေတော်မူပါ။ စေသည့်အတိုင်း ထမ်းရွက်မည်သာ။ မည်သည့်ဘက်ကိုကူသင့်သနည်း၊ သို့မဟုတ် တပ်ရုပ်ပြီး လှည့်ပြန်သင့် မသင့် ဟူသည့်ကိစ္စမှာ သခင်မင်းကြီးသာအရင်း။ တို့သခင်မင်းကြီးသာ ဆုံးဖြတ်ရမည်။ ကျွန်ုပ်တို့ကို မေးဖွယ်ရာရှိသလော"ဟု ဆိုကြ၏။ လောက်ဖြားလည်း ဓလစက်သင်(ဓလစက်သေင်)* ကို မေးပြန်၏။ ဓလစက်သင်က

> "ကျွန်ုပ်အမြင်သော်ကား အသက်ကြီးပြီဖြစ်သည့် မဟာဒေဝီဘက်ကကူသော် တို့သခင်မင်းကြီးအကျိုး၊ သားတော်၊ မြေးတော် အကျိုးရှိမည်မဟုတ်။ သမိန်မရူးသည် အဓမ္မသားမျှသာ၊ အိုးကွဲအိုးအက်သည် ရေနေအောင် မတတ်နိုင်သည်နှင့်အတူ။ ထို့ပြင် သမိန်မရူးသည် ပုစဉ်းကောင်နှင့်တူပြီး ဂဠုန်နှင့်တူသော ဗညားနွဲ့နှင့်ပြိုင်၍ ပင်လယ်သမုဒ္ဒရာကို ပျံနိုင်မည်လော။ ဗညားနွဲ့သည် မင်းဧကရာဇ်သားဖြစ်သည်။ သံပရာသီးနှင့်အတူ၊ အကင်းငယ်က အချဉ်ပေါ့တန်၏။ ကြီးရင့်လေလေ ချဉ်လေလေဖြစ်၏။ ယခု ဗညားနွဲ့နှင့် သမိန်မရူးတို့သည် အပင်ပေါက်စတွင် အရွက်နုနှစ်ချပ် ဖြာထွက်သကဲ့သို့ ဖြစ်သည်။ ဤအရွက်နု နှစ်ချပ်တို့ကို လက်သည်းဖြင့် သခင်မင်းကြီးဆိတ်သော် လွယ်ကာသာရမည်ကို မဆိတ်ချေ၍ ကြာလျှင် ကြီးရင့်သောသစ်ကိုင်းများဖြစ်မှ ဓား၊ ပုဆိန်တို့ဖြင့် ခက်ခက်ခဲခဲ မခုတ်ဖြတ်ရသလော"

ဟု အကြံပေး၏။ သမိန်လောက်ဖြားလည်း ဓလစက်သင်၏ လျှောက်တင်ချက်ကို နှစ်သက်သဘောကျသည်။ သေသောက်၍လည်း ယစ်နေသည်နှင့် လောက်ဖြားက–

"မဟာဒေဝီသည် ယခင်က ငါနှင့်ဆိုထားသည့် ကတိသစ္စာကိုမစောင့်။ မရူးငယ်နှင့် ပျက်စီးလေသည်။ သည်မိန်းမသွမ်း**၊ မိန်းမပျက်ကို ငါမကူပြီ။ လှေဦးလှည့်စေ"

ဟု မဟာဒေဝီကိုမျက်၍ အမိန့်ပေး၏။ သမိန်လောက်ဖြားလူများလည်း အရက်မူးယစ်ကြသည်နှင့် "တို့သခင် မြောင်းမြမင်းကြီးစေ၍ ငါတို့ပဲခူးရောက်စဉ်က ပဲခူးသူ ပဲခူးသားတို့သည် မဟာဒေဝီကိုစောင်းချိတ်ပြီး သီဆိုကြသည့်သီချင်းကို ငါတို့ကြားခဲ့သည်"

---

* မြန်မာပေမူတွင် ဒလစစ်သင်းဟု လာ၏။ သုခမ္မဝတီပုံနှိပ်မှုတွင် ဒလမြို့စား ချစ်သင်းဟု မှားယွင်းခဲ့သည်။ ဒလစားမှာ မည်ကဲ့သောင်းဖြစ်သည်။ ဓလစက်သင်မှာ မြောင်းမြစား၏ ပညာရှိ ဗိုလ်မင်းတစ်ဦးဖြစ်၏။ ဒလချစ်သင် ဟုလည်း ခေါ်၏။

** မွန်ဘာသာ – ဖြလဗင် = ပျော်မြူးသောမိန်းမ။

www.burmeseclassic.com

www.burmeseclassic.com

ဟုဆို၍ ယင်းသီချင်းကို ပျော်ရွှင်စွာ အသံကုန်ဟစ်၍ သီဆိုကြ၏။ မွန်ဘာသာသီချင်းကား

"ဒိုင်မော့ဗယု၊ တူဆုသလင်း၊ ဒဲင်တိုန်ကမှဲ၊
ဗြဲဗျုဖနိန် လစိန်တြုံဗွဲ၊ တ့ံဗလဲကလဲ၊ ခွဲဝါလိုင်[1]
ဝိုန်ဗျုလဗြဲ၊ ဟွံဖေက်ဂွအံ၊ ဗွဲကြဲအမူ၊
ကာမေသုမာ၊ ဟွံဗွာရဏာ၊ လအာမတ်စု၊
သမ္ဘာညးဝွံ၊ နာဲဇုကွတ်ဟောင်၊ ပြောင်ဇကဲဏှာ"

မြန်မာပြန်–

"ဗျိုင်းမအိုလျက်၊ သစ်ပင်ထက်သို့ ၊ တက်၍ဥကာ ပျော်မြူးသည်။
မိန်းမအိုမှာ၊ လင်ပျိုလက်စွပ်ကို၊ ခါးပိုက်မှာထား၊
ရင်သားတွေက တွဲလဲတန်းလန်း။
မိန်းမအိုလျက်၊ ကြောက်ရွံက်မရှု၊ နောင်ရေးအမူ၊
ကာမေသုနှင့် မစ္ဆရာကို၊ မစဉ်းစားမဆင်ခြင်၊
သူ့လင်ခိုးဝှက်၊ ကိုယ်နှင့်နောယှက်သည့် အရိုးတော်ကြီး"

လောက်ဖြားလူများသည် အရက်မူးနေကြသဖြင့် ပျော်မြူးစွာ ယင်းသီချင်းကို အသံကုန်ဟစ်၍ သီဆိုကြလျက် လှေဦးလှည့်ကာ မြောင်းမြသို့ ပြန်ကြ၏။

ည၌သန်းခေါင်ယံချိန်တွင် ဒလသို့ရောက်၏။ ဒလစား မညီက်ကောင်းလည်း စည်မောင်းသံကြားသဖြင့် နောက်ပါလှေသားများကို ဟစ်၍မေး၏။ မြောင်းမြစား၏ နောက်ပါလှေသားများက–

"ကျွန်ုပ်တို့သခင် မြောင်းမြမင်းကြီးသည် မဟာဒေဝီကိုမျက်၍ မကူတော့ဘဲ မြောင်းမြကို ပြန်ခဲ့ပြီ"ဟု ဆိုကြ၏။ ဒလစားလည်း အလွန်ဝမ်းမြောက်၏။ မြောင်းမြစား ပြန်လှည့်သည့်အကြောင်းကို ဗညားနွဲ့ထံ လူလွှတ်၍ သတင်းပို့စေသည်။ ယင်းသတင်းမရောက်မီ တစ်ညတွင် ဗညားနွဲ့အိပ်မက်မြင်သည်ကား–

"ဒဂုန်မြို့လယ်တွင်ဆီမီးတန်ဆောင်တိုင်တစ်ခု ထွန်းလင်းတောက်ပနေသည်။ သုံးမျက်နှာက မုန်တိုင်းနှင့် မိုးများ သည်းထန်စွာ ရွာလာ၏။ ဆီမီးသည် မငြိမ်းဘဲ ထွန်းတောက်မြဲဖြစ်သည်။ အနောက်ဘက်မှ မိုးလေစဲလေ၏။ ပန်းအလွဲ (ပါင်အလဲ)ဆီက လေမိုးသည် မိုက်မှောင်လျက်ရှိ၏။ နောက် လင်းပြန်၏။ သီလတရားရှိသော သီတင်းသုံးတစ်ပါး လာ၍ပြောသည်မှာ မြောက်မျက်နှာက လေမိုးသည်လည်း ရှေ့လေးငါးရက်ကြာလျှင် စဲလိမ့်မည်"

ဟူ၍ မြင်မက်ပြီး လန့်နိုး၏။ မိုးသောက်လျှင် မင်းကန်စီကိုခေါ်၍ အိပ်မက်အကြောင်း နိမိတ်ကိုမေး၏။

၁။ သီချင်းမူကွဲဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

မင်းကန်စိုက-

"ဆီမီးတိုင်ထွန်းသည်ကား ငါတို့သခင် ဗညားနွဲ့ကို ဆိုလိုသည်။ မှန်တိုင်းသုံးမျက်နှာသည် ယခု စစ်သုံးမျက်နှာရံနေသည်ကို ဆိုလိုသည်။ သီတင်းသုံးတစ်ပါး ဆိုသည်ကား မြို့စောင့်နတ်မြတ်ဖြစ်သည်။ အနောက်ဘက်က လေမိုးစဲသည်ကား အနောက်ဘက်ကစစ် ရပ်သိမ်းမည်ကို ဆိုလိုသည်။ ပန်းအလွဲဆီက လေမိုးသည် မှောင်မိုက်ရာက လင်းပြန်သည် ဆိုသည်ကား ပန်းအလွဲမြစ်မှာရှိသည့် စစ်သည်လည်း စိတ်ပျော့ညံ့၍ ပြန်တော့မည်။ သီတင်းသုံးတစ်ပါး၏ စကားအတိုင်း ရှေ့လေး၊ငါးရက်တွင် ယခုရံနေသော စစ်ကို တို့သခင်အောင်တော်မူမည်"

ဟု ဖြေကြား၏။ ထိုအခါ မညီကံကောင်းထံမှ လူရောက်လာ၏။ "မြောင်းမြစား သမိန်လောက်ဖြား တပ်အားလုံးသည် ပြန်ကုန်ပြီဖြစ်ကြောင်းကို အရှင့်နောင်တော် ဒလမင်းကြီးစေ၍ ကျွန်ုပ်လာလျှောက်ပါသည်ဟု"ဆိုသည်ကို ဗညားနွဲ့ကြားလျှင် ဝမ်းသာအား၍ မင်းကန်စိကိုဖက်လျက် ချီးမွမ်း၏။

"အစ်ကိုမင်းကန်စိသည် ပညာရှိယောက်ျား ပီသပေသည်။ ပြောသမျှမှန်ကန်သည်" ဟု မိန့်၏။"အရှင့်နောင်တော် ဒလမင်းကြီးက မှာတော်မူသည်။ သမိန်မရူးတပ်ကို ထွက်တိုက်တော်မမူနှင့်ဦး။ မုတ္တမစစ်မှူးသို့ စေတော်မူဦး"ဟု ဒလစားထံမှ လုလင်က လျှောက်ပြန်၏။

ဗညားနွဲ့လည်းဝမ်းသာအားရပြီး "မင်းသခင် ငါ့ကိုချစ်သည်မှန်သော် သူရဲရဲရှိသရွေ့နှင့် ညီတော်ထံသို့ရောက်အောင် အလျင်အမြန် ချီခဲ့ပါဟုလျှောက်လေ"ဟုမှာ၍ ထိုသူကို ဆုလာဘ်များ ပေးလိုက်၏။

ထို့နောက်ဗညားနွဲ့၊ မင်းကန်စိ၊ဘောမွန်နှင့်မပိုင်ဆရာတော်တို့ ဆွေးနွေးတိုင်ပင်ကြ၏။ "မုတ္တမတပ်မင်း သမိန်ဗိုက်ကမြင်ထံ မည်သူ့ကိုစေသော် သင့်မည်နည်း"ဟု ဗညားနွဲ့မေးလျှင် "ဘောမွန်သည် ဗိုက်ကမြင်နှင့် ငယ်ပေါင်းကြီးဖော်ဖြစ်၍ ဘောမွန်ကို စေသင့်သည်"ဟု မင်းကန်စိလျှောက်၏။

ဗညားနွဲ့လည်း ဗိုက်ကမြင်ထံပို့ရန် စာနှင့် လက်ဆောင်ပစ္စည်းများ စီရင်စေ၏။ "ရွှေငါးပိသာ၊ ပုဆိုးကောင်းဆယ်ထည် ပေးစေ"ဟုဗညားနွဲ့မိန့်၏။ အမှာစာကား-

"ဆင်ဖြူရှင်၏ သားတော်ဖြစ်သော ကျွန်ုပ်ဗညားနွဲ့က မုတ္တမတပ်မင်းကြီး သမိန်ဗိုက်ကမြင်ထံသို့ ကြားရောက်အပ်သည်။ ဆင်ဖြူရှင် ကံကုန်သည့်နေ့တွင် မဟာဒေဝီသည် သမိန်မရူးအား ထီးဖြူအပ်နှင်းမည်ဖြစ်ကြောင်းကို သိရပြီးသော မြောင်းမြစားက ကျွန်ုပ်ထံ လျှောက်သည်မှာ "ကျွန်ုပ်တို့သည် အရှင့်သားတော်ကို ရန်စစ်ပြုဖွယ်မရှိ။ ရန်သူဖြစ်အောင် မပြုသင့်။ အကယ်၍ ဆင်ဖြူရှင်နတ်ရွာစံသော် မင်းသားဗညားနွဲ့ကိုသာ

www.burmeseclassic.com

ငါတို့ရှိခိုးမည်။ သမိန်မရူးကို ငါတို့ ရှိခိုးဖွယ်ရှိသလော။ ယခု စစ်ချီခဲ့သည်မှာလည်း ဆင်ဖြူရှင်၏ အမိန့်တော်မှတ်၍သာ ငါတို့ စစ်ချီခဲ့လေသည်' ဟု ကျွန်ုပ်ကို လျှောက်လာသည်။ လျှောက်လာသောသူကိုလည်း ကျွန်ုပ်ဆုလာဘ်ပေးလိုက်သည်။ ယခု မြောင်းမြစားစစ်တပ်တစ်ခုလုံး လှေဦးလှည့်၍ မြောင်းမြသို့ပြန်ကုန်ပြီ။ သမိန်ဗိုက်ကမြင်တို့မှာ ပညာနည်း၍ ယင်းသို့ အမြင်မရောက်သေးပါတကား။ ယခု မည်သို့ဆိုမည်နည်း"

ယင်းစာနှင့် လက်ဆောင်ပစ္စည်းများကို ဘောမွန်လက် အပ်၍ ပန်းအလွဲမြစ်ဝှမ်း ရှိသော မုတ္တမစစ်မျက်နှာသို့ စေလွှတ်လိုက်၏။ ရောက်လျှင်ဗိုက်ကမြင်က "ဒဂုန်သား[1]တို့ ရောက်စွတကား" ဟု ဆိုနှင့်၏။

ဘောမွန်လည်း ဗညားနွဲ့ပေးခဲ့သော ရွှေငါးပိသာ ၊ ပုဆိုးကောင်းဆယ်ထည်နှင့် အမှာစာကို ပေးလိုက်၏။ "ပသို့ကြောင့် တို့ကို ဗညားနွဲ့ သို့စဉ်ပြုသနည်း" ဟု ဗိုက်ကမြင်မေး၏။ "မုတ္တမစစ်မင်းကြီးအား ကျွန်ရိက္ခာပြုစေပါဟူ၍ ငါ့သခင် ဗညားနွဲ့ ပေးတော်မူသည်" ဟု ဘောမွန်ဆို၏။

ဗိုက်ကမြင်ကလည်း ဗညားနွဲ့စာကိုဖတ်ပြီးလျှင် စိုးရိမ်ပူပန်လျက် "အရှင့်သားတော် ဗညားနွဲ့သည် ငါတို့ကို သည်မျှပင် အထင်အမြင်လွဲနေပါတကား။ အမိန့်တော်ကို မလွန်ဆန်ဝံ့၍ ငါတို့ ယခု စစ်ချီခဲ့ရသည်။ သွေးသောက် သူငယ်ချင်း၊ ငါ့ကို ပစ်မထားပါနှင့်။ မင်းနှင့်ငါ တစ်ကိုယ်တည်းဖြစ်သည်။ မင်းစိတ်ထင်သည်ကို ဆိုပါ။ ပသို့ပြုသင့်မည်နည်း။ မင်းမြင်သည့်အတိုင်း ငါ့ကိုဆိုပါ" ဟု ဗိုက်ကမြင်က ဘောမွန်ကို ဆို၏။ ထိုအခါ ဘောမွန်က-

"မြောင်းမြစားသည် သား၊ သမက်၊ ဗိုလ်ပါအင်အားများ၍ လက်ရုံးခွန်အားကြီးသောသူပင် ဖြစ်သော်လည်း အမြင်ကျယ်၍ ဆင်ဖြူရှင်သားတော်ကို ရန်မပြုကောင်းဟုဆို၍ ပြန်လေသည်။ သမိန်မရူးကို ရှိခိုးမည်မဟုတ်ဟုဆိုသည်။ ဒလမြို့စားကြီး မည်ကဲ့သို့ကောင်းသည်လည်း ငါတို့သခင် ဗညားနွဲ့နှင့် တစ်မိသားချင်း[2] ဖြစ်သော်လည်း ဆင်ဖြူရှင်၏သားတော်မဟုတ်၍ 'ငါ မင်းသားမဟုတ်မူ၍ မင်းသားဗညားနွဲ့ကို ငါ ဦးခိုက်တော့သည်။ သမိန်မရူးကို ငါရှိခိုးမည်မဟုတ်' ဟူ၍ ဆိုသည်။ မင်းသော်ကား မုတ္တမစားဗြတ်ထဗ၏ ကိုယ်စားသာဖြစ်သည်။ ဆင်ဖြူရှင်သားတော် မင်း

၁။ မြန်မာပေမူတွင် ရွှေသုံးပိသာ ဟုဆို၏။

၂။ အမိတူ ဖအေကွဲညီနောင်၊ ဗညားဦး၏ညီ၊ မင်းလက်ခေါ် ညီကောင်သိန်နှင့် မွေ့ဒေါတို့ကြောင့်၍ မည်ကဲ့သို့ကောင်းကိုဖွားသည်။ နောင် မင်းလက်ဝုန်စား၍ ကွပ်ပြီး မွေ့ဒေါကို ဗညားဦးယူပြီး ဗညားနွဲ့ကို မွေးသည်။

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်လျှင် မင်းတို့ မရှိနိုးရသလော။ မြောင်းမြစားတို့လာ၍ တို့လာရသည်။ မြောင်းမြစားတို့ပြန်၍ တို့ပြန်တော့သည်ဟုဆိုလျှင် နောင်အခါ စကားချေပရန် အရေးသင့်လှပေမည်။ ယင်းသို့မပြုချေဘဲ ကိုးလိုးကန့်လန့်ပြု၍ ယခုလိုနေသော် ဗညားနွဲ့မင်းဖြစ်လျှင် မင်းတို့မှာ ဘုရင့်ရန်သူ မဖြစ်ချေသလော။ မင်းတို့အဖို့ မခက်ချေသလော။ သည်အတိုင်း ငါမြင်သည် သွေးသောက်ကြီး"

ဟုဆို၏။

ဗိုက်ကမြင်လည်း မည်သို့မျှမပြော။ ဆိတ်ဆိတ်နေ၍ စဉ်းစား၏။ ထိုအခါ ဗိုလ်မင်းဒေဝရာဇာနှင့် အဲဇလော်(အဲဇလော်)နှင့် အဲသီလု(အဲသီလ္လ)တို့က

"ဘောမွန်စကားသည် အရေးစကားတည်း။ ငါတို့လည်း သည်အတိုင်းထင်မြင်သည်။ သို့သော် ဗိုက်ကမြင်သာ တပ်မင်းကြီး၊ မုတ္တမစစ်အုပ် စစ်မှူးဖြစ်သည်။ ဗိုက်ကမြင်သာအရင်း၊ ဗိုက်ကမြင်စိတ်သဘောအတိုင်း တို့လိုက်တော့သည်"ဟု ဆိုကြ၏။

ထိုအခါ ဗိုက်ကမြင်လည်း သေချာစွာစဉ်းစားပြီး "ဆင်ဖြူရှင်၏အမိန့်တော်ဟု ငါတို့မှတ်၍ ယခုလို စစ်ချီခဲ့သည်။ ယခုသော် သမိန်မရူးကောင်းစားရန် မဟာဒေဝီစီရင်သော အမိန့်ဖြစ်ကြောင်းကို ငါတို့သိရသည်။ မြောင်းမြစားလည်း တပ်ရပ်သွားပြီဖြစ်သဖြင့် ငါတို့လည်း ပြန်လှည့်မည်ဖြစ်ကြောင်း မင်းသားဗညားနွဲ့အား လျှောက်ပါ" ဟု ဆို၏။

ဘောမွန်လည်း ဝမ်းသာစွာဖြင့် ဒဂုန်သို့ပြန်၏။ ဗိုက်ကမြင်လည်း ရေကျသည်နှင့် လှေဦးလှည့်၍ တပ်ရပ်ကာ မုတ္တမသို့ စုန်ကြလေ၏။ ဒဂုန်သို့ ဘောမွန်ရောက်လျှင် ဗညားနွဲ့ထံ ဝင်၍လျှောက်၏။

"သခင့်အမိန့်တော်အတိုင်း ဗိုက်ကမြင်ထံ ရောက်ခဲ့သည်။ စာနှင့် လက်ဆောင်ပစ္စည်းများ၍ ဝမ်းမြောက်ဝမ်းသာရှိလှသည်။ 'ငါတို့မင်းသားဗညားနွဲ့က မစေဘဲ ငါ့သွေးသောက်ဘောမွန် အလိုလိုဆိုသော်မျှ ငါတို့ပြန်တော့မည်။ ဆင်ဖြူရှင်၏အမိန့်ဖြင့် ခေါ်သည်မှတ်၍သာ လာရသည်။ မရူးကြောင့် မဟာဒေဝီခေါ်သည်ကို သိပြီးရကား၊ ငါတို့နေရန် ရှိသေးသလော။ ငါတို့ပြန်ပြီဟု မင်းသားကိုလျှောက်ပါ"ဟု ဗိုက်ကမြင်ကကျွန်ုပ်ကိုမှာသည်။ ကျွန်ုပ်လည်းဆန်ခဲ့သည်။ ရေလည်း ကျသည်ဖြစ်သောကြောင့် ဗိုက်ကမြင်တို့ လှေဦးလှည့်၍ စုန်လေတော့သည်"

ဟု ဘောမွန်လျှောက်ထားသည်ကိုကြားလျှင် ဗညားနွဲ့နှင့်တကွ အားလုံး ဝမ်းမြောက်ကြ၏။ ဗညားနွဲ့လည်းမရူးတပ်ကို ထွက်တိုက်မည်ဟု မင်းကန်စီနှင့် တိုင်ပင်အွေးနွေး၏။ "တဘောင်စနည်း နာပါရစေဦး"ဟု မင်းကန်စီလျှောက်ပြီး မင်းကန်စီ၊ ဘောမွန်၊ ဘောကနဲ(ဘုဝ်ကဏာ်)တို့ သုံးဦးသားတို့သည် အဓိဋ္ဌာန်ပြု၏။

www.burmeseclassic.com

www.burmeseclassic.com

"အရှင်နတ်မြတ်များ ကျွန်ုပ်တို့သည် မရှူးတပ်ကို တိုက်မည်ဖြစ်၍ အောင်ကြောင်း နိမိတ် ပြစေသော်"ဟု တိုင်တည်လျက် နတ်များကို ပူဇော်ပသကြ၏။

ညမိုးချုပ်လျှင် ထွက်၍ တဘောင်စနည်းနာကြ၏။ မဟာဒေဝီ၏ အိမ်အပါးသို့ ရောက်သော် သူငယ်တစ်ယောက်၏ သီဆိုသံကို ကြားရ၏။

မွန်ဘာသာ–

"တေဂစေ့ဆောတ်မွဲ၊ ဝံက်စသတ်ဇြဲ။ ဂင်တကဲဂျ၊[1]
နွံကောန်သွိင်မွဲ၊ ပွဲဒှ်သွိင်ပ္ကာန်၊ ဟ္ဂာန်ဇော်ကျင်ဗိုင်ထ
နူကိုကောန်သွိင်၊ ချိုက်စိင်ကမြို၊ ဖံမဲင်ပွဲဂျိုင်၊
ပွဲဟ္ဂာန်ကျင်ဗိုင်၊ တိတ်ပြိုင်ပ္ကာန်ဂှ်၊ ပြဟ်ပေက်ဒဇော်"

မြန်မာပြန်–

"ငှက်ငယ်တစ်ကောင်၊ ညောင်သီးပေါက်စား၊ ကားရားတွဲလဲ၊
မင်းဗျိုတစ်ပါး၊ ခြားနားသမှု၊ မင်းပြိုင်ပြုရာ၊
စစ်ကြီးလာ၍ရံ၊ မင်းဗျားသားကြီး၊ ဆင်ရဲစီး၍၊
စည်မောင်းတီးလျက်၊
ထွက်၍တိုက်လျှင်၊ ဝန်းရံသောစစ်ကြီး၊
အလျင်ပျက်စီးကာ
အဝေးသို့ ထွက်ပြေးကုန်မည်"

မင်းကန်စိတို့လည်း ကြားခဲ့သည့်အတိုင်း ပြန်၍လျှောက်လျှင် ဗညားနွဲ့က "သီချင်းအဓိပ္ပာယ်ကို အစ်ကို ပသို့ဆိုမည်နည်း"ဟု မေး၏။ မင်းကန်စိက–

"ငှက်ဟူသည် မွန်ဘာသာ ဂ ဇေ – စအက္ခရာဖြစ်၍ အင်္ဂါန်၊ သမိန်မရူးလည်း အင်္ဂါသား၊ ညောင်သီးပေါက်စားဟူသည် ညောင်နှင့်တူသော ဆင်ဖြူရှင်၏ ဘုန်းစည်းစိမ်ကို ခိုလှုံစားသောက်နေသော မရူးသည်၊ ကားရားတွဲလဲဟူ၍ ဆိုသဖြင့် သူကောင်းအဖြစ်၌ မတည်မြဲဟု ဆိုလိုသည်။ မင်းသားတစ်ပါး ခြားနား၍ မင်းပြိုင်ပြုသည်ကား မင်းသားဗညားနွဲ့ပင်၊ စစ်ကြီးရံသည်မှာ ယခု မရူး စစ်ရံ

၁။ မြန်မာပေမူတွင် – ဂစေ့ဆောတ်မွဲ၊ ဝံက်စသတ်ဇြဲ၊ ဗလဲဇကု၊ ဇော်ဗိုင်မဂ္ဂ။ ဂှ်ချိုက်စိင်ဒြင်၊ မင်း... ဟုသာပါ၏။ ၎င်းမြန်မာပြန်မှာ

"စာငယ်တစ်ခု၊ ညောင်ကိုင်းနတ္တင်ဆွဲ၊ တွဲလဲ။ ညောင်သီးကိုစား၊ မင်းဗျားသားကြီး၊ မင်းဖြစ်နိုးကို စစ်ကြီးလာ၍ရံ၊ မင်းဗျားသားကြီး၊ ဆင်ရဲစီး၍၊ ဖြိုးမျှတိုက်လျှင်၊ အလျင်ပျက်လိမ့်မည်"
(မြန်မာပေမူ၌ မြန်မာအက္ခရာဖြင့် မွန်စာကို မစုံမလင်ရေးထားသည်ကို အက္ခရာပြန်လိုက်သည်)

www.burmeseclassic.com

နေသည်ကို အဖြောင့်ဆိုသည်။ မင်းသား ဆင်ရဲစီး၍ထွက်တိုက်ပါက သမိန်မရူး စစ်ပျက်၍ ထွက်ပြေးရမည်ကို ဆိုလိုသည်"

ဟု သီချင်းနိမိတ်ကို ဖြေဆိုလျှင် ဗညားနွဲ့သည် လွန်စွာ ဝမ်းမြောက်ရကား မင်းကန်စီကို ဖက်၍ နမ်းတော်မူ၏။ "အစ်ကိုဖတ်သည့် နိမိတ်အတိုင်း ကျွန်ုပ်အောင်မြင်ပါစေသောဝ်"ဟု ဆုတောင်းတော်မူ၏။

ထိုအခါ ဒလစားနောင်တော် မညီကံကောင်းနှင့် ဗိုလ်ပါသူရဲသူခက် မြောက်မြားစွာ ဒဂုန်ဆိပ်သို့ဆိုက်ရောက်လာသည်ကို သတင်းရလျှင် မင်းသားကိုယ်တိုင် ဆင်မစီး၍ ရေဆိပ်အရောက် ဆင်းကြိုတော်မူ၏။

မင်းညီနောင်နှစ်ပါးတို့သည် ဆင်ကတွင် အတူစီး၍ ဆွေးနွေးတိုင်ပင်လျက် တဲနန်းတော်သို့ တက်လာ၏။ ရောက်လျှင် မညီကံကောင်းက "ယခုအခါ ကြာရှည်နေ၍ မရ။ ယခုညပင် ထွက်တိုက်တော့"ဟု ဆို၏။

ဗညားနွဲ့လည်း "တိုက်မည်"ဟု မိန့်၍ ရှေ့တပ် နောက်တပ် စစ်ဦးစစ်ဖျားများကို စီရင်လေ၏။ ရဲမက်ဗိုလ်ပါများကိုလည်း ကောင်းစွာ ကျွေးမွေးတော်မူ၏။

သမိန်မရူးလည်း မြောင်းမြစားနှင့် ဗိုက်ကမြင်တို့ ဆုတ်ခွာသွားကြောင်းကို ပဲခူးရှိ မဟာဒေဝိထံသို့ အကြောင်းကြားခဲ့ရာ ညွှန်ကြားချက် ပြန်မရသေးသဖြင့် တပ်ကို မခွာဝံ့။ ထိတ်လန့်ကြောက်ရွံ့လျက် တပ်စွဲကာနေရ၏။

တပ်မင်းများကိုခေါ်၍ ဆွေးနွေးတိုင်ပင်ရာ သမိန်ဖိပ်ဇြိက– "မဟာဒေဝိထံမှ ပသို့ ဟူ၍ အမိန့်မလာသေးဘဲကို တပ်မခွာကောင်းသေး"ဟု အရေးရှည်အောင်ဆို၏။ သမိန်မရူးလည်း ဆိတ်ဆိတ်နေရ၏။ စိုးရိမ်ပူပန်လျက်ရှိသည်။ တဲသို့ပြန်ရောက်လျှင် သမိန်ဖိပ်ဇြိသည် ဗညားနွဲ့ထံ တိတ်တဆိတ်လူလွှတ်၍ အမှာစာပို့၏။ အမှာစာကား–

"အညွှန့်အရွက်နုနုကို လက်သည်းဖြင့်ဆိတ်၍ ယူရသည်ကို မယူဘဲ၊ ကြာသော် ကြီးမားလာပါက ဓားပုဆိန်တို့ဖြင့် ခုတ်လှဲရလျှင် မခက်ချေသလော။ မင်းသားထွက်တိုက်ပါက သမိန်မရူးတပ်ကိုသာ တိုက်တော့။ တစ်ပါးတပ်တို့ကို မတိုက်လေနှင့်။ တပ်ဗိုလ်များကို ကျွန်ုပ် ညှိနှိုင်းထားပြီးဖြစ်သည်။ ကျွန်ုပ်တာဝန်သာ ထားပါ။ မပူပါနှင့်။ တစ်ပါးတပ်များကို လှုပ်လှုပ်မျှ မပြုစေပါ"

ဗညားနွဲ့လည်း သမိန်ဖိပ်ဇြိစာကိုရလျှင် "ငါ့ဘကြီးတော် အမတ်ကြီး သမိန်ဖိပ်ဇြိကား ကျေးဇူးဂုဏ်ကြီးမားလှပေသည်"ဟု မိန့်၍ စာပို့သူကို အဝတ်အောင်း ပုဆိုးစသည့် ဆုလာဘ်များစွာကို ချီးမြှင့်လိုက်ပြီး ပြန်စေ၏။

www.burmeseclassic.com

www.burmeseclassic.com

"ယခုညပင် ငါတို့ မရှူးတပ်ကို ထွက်တိုက်မည်။ ငါ့ဘကြီးတော်ကို လျှောက်ပါ" ဟု စာပို့သူကို မှာလိုက်၏။ သမိန်ဓိပ်ဗြိုလည်း ညကို ဗညားနွဲ့ထွက်တိုက်မည်ဟု သိရသော် သမိန်ယောဂရက်အား "မင်းနှင့် ငါ ညီအစ်ကို တစ်ဝမ်းတည်းဖြစ်ကြသည်။ နေ့မှ ညမှ တပ်လှန့်၍ လန့်ဖျပ်သော် တပ်တွင်း၌သာနေ၊ မကြောက်နှင့်"ဟု တိုးတိုးဆို၏။

ဗညားနွဲ့သည် မြို့စောင့်အဖြစ် သမိန်ဗြတ်သရဲ (သို့ဗြာတ်သရဲ)နှင့် မမွဲဆောင်တို့ကို အကြီးအကဲထား၍ဒဂုန်မြို့ကို ခိုင်ခံ့စွာစောင့်ကြပ်စေပြီး အဇဝါဆင်ကို စီးတော်မူသည်။ နောင်တော် ဒလစားမည်ကံကောင်းကို ကုန်းလယ်တင်တော်မူသည်။

အဒရောင်(အဒရံင်)ဆင်ကို အမတ်ဗမူလောက်(ဗမူလိုက်)နှင့် ဘောမွန်တို့ စီးသည်။ ဗစွယ်လမွန်ဆင်(ဗွဲလွန်)ကို မသောက်နှင့် မသံကေးတို့ စီးသည်။ အသူရိယဆင်ကို မင်းကန်စိနှင့် ဘောမွန်ညီ(ဘဝ်မည်ညီ)တို့ စီးသည်။ အိမဂူသောက်(အိမဂူသိုက်)ဆင်ကို အမတ်ဘောကနဲနှင့် ပုဏ္ဏားမယဉ်တို့ စီးသည်။

အိလကိုက်ညတ် (အိလကိုက်ညာတ်)ဆင်ကို မပိုင်ဆရာတော် စီးသည်။ ဆင်မတစ်စီးကို မင်းမဟာဒေဝိ စီးသည်။ ဆင်မတစ်စီးကို အပါအိန် စီးသည်။ ပေါင်းဆင်ပေါက်လေးစီးနှင့် ဆင်မ လေးစီးဖြစ်သည်။

ဗညားနွဲ့၏ သူရဲကောင်းနှစ်ထောင်၊ မညိုက်ကောင်း၏ သူရဲကောင်းတစ်ထောင်၊ ပေါင်း သုံးထောင်။ အားလုံး စံပြလက်ရွေးစင် သူရဲကောင်းချည်းဖြစ်သည်။ ဘောကနဲကို လှေတပ်မင်းအဖြစ် ခန့်တော်မူသည်။ ရေကြောင်းတွင်ရှိသမျှ လှေတက်များကိုလည်း စီရင်ပြီးနောက် အချိန်ကောင်း အခါကောင်းရလျှင် စည်မောင်းခရာများ တီးမှုတ်၍ အောင်သံပေးကာ အလံထူလျက် ချီတက်တော်မူသည်။

ယင်းသို့ချီ၍ ခရီးမဝေးမီ ကြက်တစ်ကောင်သည် ဗညားနွဲ့စီးသော ဆင်ဦး၌ လာနား၏။ ဆင်ဦးထိပ်ကို ကြက်နင်းသဖြင့် ဗညားနွဲ့သည် ဆင်ကို ရပ်တန့်၍နေ၏။ အသက်ကြီးတစ်ယောက်က "အဘယ်ကြောင့် မင်းသားရပ်တန့်သနည်း"ဟု မေး၏။ "ငါ့ဆင်ဦးထိပ်၌ ကြက်လာနင်း၍ ငါရပ်သည်"ဟု ဗညားနွဲ့ဆို၏။ "အရှင့်နိမိတ်ကား ကောင်းလှသည်။ ဘုရားစေတီကို ထီးတော်တင်သည့်အခါ ကျီးခြေမရှိလျှင် ထီးမတင်ရ။ ယခု ဘုန်းကြီးသည့် အရှင်မင်းသားသည် ထီးနန်းကိုလို၍ တိုက်တော်မူသည်။ ဆင်ဦးထိပ်၌ ကြက်နင်း၍ ကြက်ခြေမြင်ရပြီ။ ကြက်ခြေနှင့် ကျီးခြေ အတူတူ။ သင်နိမိတ်ကိုရသည်မှာ အရှင်မင်းသား ဘုန်းတန်ခိုးကြီး၍ သမိန်မရူးကိုနိုင်ပြီး ထီးဖြူတော်ကို ဆောင်းရမည်မချွတ်"ဟု လျှောက်၏။ ဗညားနွဲ့လည်း ဝမ်းသာအား၍ အသက်ကြီးသူအား ဆုလာဘ်ပေး၍ ဆက်လက်ချီတက်သည်။

မဟာခေါ် တလခွာ ဒေပသွယ်အား ဆင်မတစ်ကောင်၌ စီးစေ၍ ရှေ့မှ ဖျံစေ၏။ ဟေမဝန်မြောက်လဝူဒေါင်[၁] (လွှောဝ်ဒံင်)ရောက်လျှင် အင်းဗစား (အင်ဗူး)[၂]၌ တပ်ချ၍

၁။ မြောင်းကျော်၊ ရေကျော်။

၂။ အင်းချဉ်။

www.burmeseclassic.com

ခေါင်းဆေးမင်္ဂလာ အိပ်ဆောင်ငယ်များ ဆောက်လုပ်ပြီး ဗညားနွဲ့နှင့်တကွ ဗိုလ်မင်း၊ တပ်မင်း၊ ဗိုလ်ပါအားလုံး ခေါင်းဆေးမင်္ဂလာပြုကြ၏။ ဆင်၊မြင်းများကိုလည်း မင်္ဂလာ ပရိတ်ရေတို့ဖြင့် ခေါင်းဆေးပေးကြ၏။ ထိုအခါ ဗညားနွဲ့က "သမိန်မရူးသည် စူဒရင်္ဂစခန်း၌ နေသည်။ စူဒရင်္ဂမှာ တနလ်ံနံ့။ ငါတို့ ယခုနေသော အင်းဗစားမှာ တနင်္ဂနွေနံ့။ သူကထင်း ငါက မီးဖြစ်သည်။ ထင်းမည်သည် မီးကို ခံ နိုင်မည်လော။ မရူးသည် ငါ့ကို ခံနိုင်မည်လော"ဟု ကြုံးဝါး၏။

ထို့နောက် စစ်သည်အားလုံးကို စနေနံ့ဖြစ်သော အနန်း(အနောင်)ပန်းကို ပန်ဆင်စေ၍ အင်းဗစားမှ ခွေကပင်[၁] သို့ ချီလေ၏။ ထိုအခါ ဒဂုန်ဆံတော်ရှင်ဘုရား မြောက်မျက်နှာမှ "မဟာဓေယျတု၊ မဟာဓေယျတု" ဟူသောအသံကို စစ်သည်အားလုံး ကြားကြကုန်၏။

ဗညားနွဲ့က– "တရားဟောသံလော"ဟု မေး၏။ ပုဏ္ဏားမယဉ်က"ရဟန်းတို့ တရားဟောသံမဟုတ်။ အရှင်မင်းသားအား အောင်တော်မူပါစေဟူ၍ နတ်ဒေဝါတို့၏ ဆုတောင်းသံကို ကြားလာစေခြင်း ဖြစ်သည်"ဟု လျှောက်လျှင် ဗညားနွဲ့ အလွန်အား တက်ပြီး "ခရီးအဖြောင့်မှ အမြန်ရောက်အောင် ရှေ့ကချီ။ မမှားစေနှင့်"ဟု ရှေ့ကချီသူ လမ်းပြ မဟာခေါ် တလခွာဒေပသွယ်အား မိန့်၏။ "ကျွန်ုပ်မှားမည် လော"ဟု မဟာဆို၍ မရပ်မနားဘဲ အမြန်ရောက်မည့်လမ်းဖြောင့်က တရကြမ်း ချီတက်၏။ လဂူကြီး (လွှာဝဲဇွော်)[၂] မှ ဓလိုင်(ဓလောင်)[၃]၊ ဓလိုင်မှ ဂနိုင်မရွှတ် (ဂွိုင်မရိုတ်)[၄]၊ ထိုမှ ဒေလကလို့ (ခိုလက္ခိုအိ)[၅]၊ ထိုမှ ဗလာဇနပဒ (ဗလးဇနပဒ)[၆] သို့ ဆိုက်ရောက်ကြ၏။

ဗညားနွဲ့သည် ဗိုလ်မင်းတပ်မင်းများအား "တပ်ပါးပြီး ကျုံးတိမ်သည့် သမိန်မရူး တပ်ကိုသာ တိုက်၍ဝင်လေ။ တပ်တစ်ပါးသို့ မဝင်ကြနှင့်"ဟု မိန့်ဆို၏။

သမိန်မရူးတပ်၌ကား မြောင်းမြစစ်နှင့် မုတ္တမစစ်မျက်နှာ နှစ်ဖက်စလုံး ပြန်ကုန်သဖြင့် ပဲခူးသို့ဆုတ်ခွာရန် အထုပ်အပိုးများ ပြင်ဆင်လျက် နေကြသည်။

ယင်းညဉ့် သန်းလွဲချိန်တွင် လရောင် ရေးရေးမှုန်မှုန် မလင်းတလင်းဖြစ်နေစဉ် စူဒရင်္ဂစခန်းရှိ သမိန်မရူးတပ်ကို ဗညားနွဲ့တို့ ဝင်တိုက်သည်။ စည်သံမောင်းသံ ဆူညံအောင်တီး၍ ခရာများကို ကျယ်လောင်စွာမှုတ်ကာ ဆင်တပ်၊မြင်းတပ်များသည် တစ်ဟုန်တည်း ဝင်ရောက်တိုက်ခိုက် ပစ်ခတ်ထိုးခုတ်ကြသည်။ သမိန်မရူးတပ်ပျက်၍ သူရဲသူခက် သုံး၊ လေးရာမျှ သေလေ၏။

၁။ ညောင်သော်က သို့မဟုတ် သော်ဆိပ်၊ သော်ဆွဲဟု အနက်ရှိသည်။
၂။ စမ်းကြီး ၃။ ကုန်းပြင်မြင့် ၄။ ပေတော ၅။ တောကူး ၆။ ဇနပဒလွင်ပြင်ဟု အနက်ရသည်။
(မှတ်ချက်– ခရီးစဉ်ကို ကြည့်ခြင်းအားဖြင့် ဒဂုန်မြို့နှင့် စူရဂ်စခန်းမှာ မနီးမဝေးကြောင်း သိသာသည်)

www.burmeseclassic.com

www.burmeseclassic.com

သမိန်မရူးသည် တပ်ပျက်ပြီး အခြေမဟန်သဖြင့် ရေအိမ်မှဆင်းကာ ရရာမြင်းတစ်ကောင်ဖြင့် ကိုယ်လွတ်ပြေးလေသည်။ မရူးစီးသည့် အမြူဗဂိုး(အမြူဗဂေါ်)ဆင်သည်လည်း မုန်သောက်လှသည်နှင့် အဒရောင် ဆင်နှဲ့ကိုရလျှင် ထူးခတ်ထားရာမှ ရုန်းထွက်၏။ ဆင်ကဲ ဗမူလောက်က အသံပေးမှ ငြိမ်၏။ ဆင်ကဲ ဗမူလောက်သည် မိမိဆင်ထက်မှသက်၍ အမြူဗဂိုးပေါ်တက်စီးပြီး လက်ပမ်းပေါက်ခတ်၏။

"သည်ဆင်ကို ငါစီးရပြီးသော် သည်တစ်ကြိမ် ပဲခူးမြို့ကို ငါတို့သခင် ဗညားနွဲ့အုပ်စိုးရမည် မချွတ်ပြီ"ဟု ကြုံးဝါးလေ၏။ သမိန်မရူး၏လူများ သေသည့်အပြင် ရှုန်ထိခိုက် ဒဏ်ရာရသူလည်း နှစ်ရာသုံးရာခန့်ရှိသည်ကို ဗညားနွဲ့မြင်လျှင် "မခုတ်နှင့်တော့"ဟု ဟစ်၍ မိန့်ဆိုမှ ကျန်လူများ လွတ်သည်။

တဲအိမ်များကို မီးတင်တိုက်သဖြင့် သမိန်မရူးတပ် လုံးဝပျက်စီးလေ၏။ ဗညားနွဲ့လည်း ဗိုလ်မင်း တပ်မင်းများကို ဆင်ထက်မှဆင်းစေ၍ တပ်ပျက်ကို ထိန်းသိမ်းစေ၏။ လူနာများအား စုဆောင်းစေပြီး လက်နက်ရိက္ခာများကို အားလုံးသိမ်းယူသည်။

သမိန်မရူး၏တပ်ပျက်ပြီး သမိန်ယောဂရက်နှင့် သမိန်ရဲသင်ရဲ(ရတ္တသင်ရဲ)တို့မှာ တပ်တွင်း၌ မနေဝံ့သဖြင့် အမတ်ကြီးသမိန်ဇိပ်ဇြစ်၏တပ်သို့ ကူးလာကြ၏။"ယခု သမိန်မရူးတပ် ပျက်စီးကုန်ပြီ။ သမိန်မရူးလွတ်သည်လည်း မသိရ၊ သေသည်လည်း မသိရ။ မိုးသောက်မှ ကျွန်ုပ်တို့ဆုတ်သော် ဗညားနွဲ့၏လူများသည် ခရီးဦးတွင် စောင့်ကြပ်နေတော့မည်။ အမတ်ကြီး ပသို့မြင်သနည်း"ဟု မေးကြ၏။

"ဗညားနွဲ့သည် ငါတို့သခင် ဆင်ဖြူရှင်၏ သားတော်မဟုတ်လော။ သမိန်မရူးသေသော်ရှိ၊ ရှင်သော်ရှိ ငါတို့ ပဇာဖြစ်မည်နည်း။ မပူနှင့်၊ နေပါ"ဟု အမတ်ကြီးဆို၏။ "ဆင်ဖြူရှင်ဗညားနွဲ့သည် ရက်စက်ကြမ်းကြုတ်သည်။ မင်းသားကို မည်သူတွေ့ဝံ့မည်နည်း။ မည်သူ ရင်ဆိုင်ဝံ့သနည်း။ ယခုညပင်ရောရှ ကိုယ်လွတ်ခွာမှ အသက်ချမ်းသာမည်။ မိုးသောက်မှသော် မလွတ်နိုင်တော့ပေ။ ဗညားနွဲ့လက် ရောက်လေလျှင် ကျွန်ုပ်တို့အသက်ကို မလွတ်ပေရာ။ ကျွန်ုပ်တို့ သေရန်သာရှိတော့သည်"ဟု ဗိုလ်မင်းနှစ်ယောက်ဆို၏။

သမိန်ဇိပ်ဇြစ်က "တပ်မင်းတို့ ယင်းသို့ဆိုသော် တပ်မင်းတို့ကိုယ်စား ငါအသက်ကြီးသည့်လူအိုက အသေခံ၍သွားပါမည်။ တပ်မင်းများ နေနှင့်ကုန်"ဟုဆို၍ ဆင်မတစ်ကောင်ဖြင့် သွေးသောက်ကျွန် ၇-ယောက်တို့အား ခေါ်ကာ ဗညားနွဲ့ရှိရာသို့ သမိန်ဇိပ်ဇြ သွားလေ၏။ တပ်အနီးသို့ရောက်လျှင် "မင်းသား၏ကျွန်တော်ဖြစ်သော သမိန်ဇိပ်ဇြလာသည်"ဟု ဟစ်၍ဆိုသည်။ မင်းသားကြားလျှင် "ငါ့ဘကြီးတော်ကို ခေါ်ပါစေ"ဟု အမိန့်ပေး၏။ သမိန်ဇိပ်ဇြလည်း ဆင်ထက်မှဆင်း၍ဗညားနွဲ့ထံဝင်ခဲ့၏။ ထိုအခါ ဗညားနွဲ့၊ ဒလစားမည်ကံကောင်း၊ သမိန်ဇိပ်ဇြတို့သုံးယောက် ဆွေးနွေးကြ၏။ သမိန်ဇိပ်

www.burmeseclassic.com

www.burmeseclassic.com

ဖြိုလျှောက်သဖြင့် သေလေသည့်လူကောင်များကို စုရုံးလိုက်ကြ၏။ ထိခိုက်ရှုနသည့်လူနာများကိုတွဲ၍ တဲ၌ သင့်တင့်စွာထားစေ၏။ သမိန်ဇိပ်ဖြိုကျွန်နှင့် ဗညားနွဲ့ကျွန်တို့အား လွှတ်၍ သမိန်ယောဂရက်နှင့် သမိန်ရဲသင်ရဲတို့ကို ခေါ်စေ၏။ သမိန်မရွှေး၏ တပ်မင်းဗိုလ်မင်းများကိုလည်း ခေါ်၏။ ၎င်းတို့အားလုံးကို ခြေကျင်လျှောက်စေခဲ့သည်။

ရောက်လျှင် အမှုးအမတ်၊ ဗိုလ်မင်းတပ်မင်းများအား ဗညားနွဲ့က ဧည့်ခံကျွေးမွေး၏။ စိတ်မျက်သည့်စကားကို ဗညားနွဲ့သည် အလျဉ်း မမိန့်မဆိုဘဲနေ၏။ ထိုအခါ သမိန်ဇိပ်ဖြိုက–

> "မင်းတို့ငါတို့သည် သမိန်မရွှေး၏ လူဖြစ်ကြ၍ ရှင်ဘုရင့်အစ်မတော် မဟာဒေဝီ၏ သစ္စာတော်ကို ခံချေသည်။ ဒဂုန်ကိုတိုက်ပြီးနိုင်ခဲ့သော် ကြီးသည်ငယ်သည်မဟူ အားလုံးကိုသတ်ရမည်ဟု မဟာဒေဝီမိန့်သည်။ အမိန့်အတိုင်း သူတို့အား ငါတို့ သတ်မည်ကြံချေသည်။ ယခု သူတို့ကို ငါတို့မသတ်ရ။ သူတို့ကသတ်၍ ငါတို့လူ များစွာသေရသည်။ မင်းတို့ ငါတို့သည်လည်း မဟာဒေဝီ၏ သစ္စာခံဘက်ချည်း။ ယခု မင်းတို့ငါတို့သည် အရှင့်သားတော်လက်သို့ ရောက်ကြကုန်သည်။ မင်းတို့ငါတို့မှာ သေရမည့်လူချည်း။ အရှင့်သားတော်သည် မင်းတို့ငါတို့လက်တွင်ကြီးသည့် သခင်ဖြစ်သောကြောင့် မင်းတို့ငါတို့ကြံသကဲ့သို့ မကြံပေဘဲ၊ ငါတို့အား မသတ်မူဘဲ၊ အားလုံးကို အသက်လွှတ်ရန်မိန့်သည်။ မင်းတို့ငါတို့သည် အရှင့်သားတော်ကို ပသို့လျှောက်ကြကုန်မည်နည်း"

ဟု ဗိုလ်မင်း၊ တပ်မင်းများအား ဆို၏။ သမိန်ယောဂရက်နှင့် သမိန်ရဲသင်ရဲတို့က–

> "ငါတို့သည် ဗညားနွဲ့လက်သို့ရောက်လျှင် အားလုံးသေချေဟုမှတ်သည်။ မင်းသားသည် ဘုရားလောင်း ဗောဓိသတ္တ၊ ပါရမီဖြည့်နေသော ယောဂျာဖြစ်၍ သတ္တဝါတို့အား ရန်တုံ့ပြန်ခြင်းသဘောမရှိ။ ထို့ကြောင့် ငါတို့အား မသတ်သဖြင့် ငါတို့အားလုံးသည် သေဘေးမှလွတ်ရသည်။ သည်ကျေးဇူးတော်ကိုအောက်မေ့၍ အရှင့်သား၏အမှုတော်ကို ငါတို့ထမ်းဆောင်တော့မည်။ ငါတို့သည် မင်းသား၏ အမှုတော်ထမ်းဖြစ်ပြီးသော် ပဲခူးကို အလျင်အမြန်ရအောင် ငါတို့ တိုက်ခိုက်ပေးခြင်းဖြင့် အရှင်မင်းသား၏ ကျေးဇူးဂုဏ်တော်ကို ဆပ်မည်ဖြစ်ကြောင်း ကျွန်ုပ်တို့လျှောက်တင်ပါသည်"

ဟု ဆိုကြ၏။ ဗညားနွဲ့ကြားလျှင် "ငါခမည်းတော်ဘုရားရှိသေးလျက်ကို ခမည်းတော်၏ စည်းစိမ်ကို ငါမလုသေး" ဟု မိန့်၏။ ထိုအခါ ဗိုလ်မင်းဗိုက်ညဲ(ဗိုက်ညား)က–

www.burmeseclassic.com

www.burmeseclassic.com

"ယခု သခင်မင်းသားသည် သမိန်မရူးကိုမိအောင် ပဲခူးသို့ တစ်ဆက်တည်း တန်း၍ တပ်ကို မချီစေသေးလျှင် သမိန်မရူးသည် ပဲခူးသို့ ရောက်တော့မည်။ ကျွန်ုပ်တို့မှာ ပဲခူးသို့မရောက်ချေကဗညားနွဲ့သို့ ဝင်စားချေပြီဟုဆို၍ ကျွန်ုပ်တို့၏ သားမယားများကို မုတ္တမသို့ပို့လေသော် နောင်ကို အရှင့်သားတော် တိုက်ယူလုပ်ကြံမည့်အရေး မခက်ချေသလော"ဟု လျှောက်တင်၏။

အမတ်ကြီး သမိန်ဖိပ်ဖြဲကြားလျှင် "သည်စကားသည် အရေးဟုတ်လှ၏။ ငါတို့၏ သားမယားများသည် သူ့လက်တွင်း၌ရောက်နေသဖြင့် သူတစ်ပါးက သူတို့ကို လွတ်အောင် ပြုနိုင်သူမရှိပြီ။ ငါတို့၏ သားမယားများအား ဘေးလွတ်အောင် ငါတို့ ပြုမှုရမည်။ ငါတို့သခင် မင်းသားသည်လည်း ဘုရားနှလုံး သုံးတော်မူ၏။ ကျွန်တော်များကို သစ္စာပေးတော်မူပြီးနောက် ယခု မိုးမသောက်ခင် ပဲခူးသို့သွားခွင့်ပေးမှ သားမယားများ၏ဘေးဒုက္ခကို ငါသို့လွတ်နိုင်မည်"ဟု လျှောက်၏။

ဗညားနွဲ့လည်း "ကောင်းပြီ"ဟု မိန့်တော်မူပြီး "ငါတို့ ဆဲတော်ရှင်ဘုရားသို့တက်၍သူတို့ကို သစ္စာပေးမည်"ဟုဆိုလျှင်မဝိုင်ဆရာတော်က "မိုးမသောက်ခင်ကျွန်တော်များအား သွားစေမည်ဆိုပြီး ဘုရားသို့တက်သော် မိုးမသောက်ပြီလော။ သည်တွင်ပင် ရွှေဘုရားတစ်ဆူပင်၍ ကျွန်တော်များကို ကျမ်းရွက်စေပြီး သစ္စာရေတိုက်လျှင် မသင့်သလော"ဟု ဆို၏။

မင်းကန်စိကလည်း "သည်အတိုင်းပြုသင့်ပေသည်"ဟုလျှောက်လျှင်ဗညားနွဲ့လည်း သဘောတူ၍ ရွှေဘုရားဆင်းတုတော်တစ်ဆူကို ပင့်စေ၏။ သမိန်မရူး၏ ဗိုလ်မင်း၊ တပ်မင်းကြီးငယ်အားလုံးကို ကျမ်းရွက်စေပြီး သစ္စာရေ တိုက်တော်မူ၏။ ဆင်၊ မြင်း၊ လုံ၊ ဓား၊ လက်နက်များကို အားလုံးသိမ်းယူပြီး ငင်းတို့ကိုယ်ချည်းသာ ပဲခူးသို့သွားရန် လွှတ်လိုက်၏။

သက္ကရာဇ် ၇၄၅–ခုနှစ်၊ နတ်တော်လဆုတ် (၁၀)ရက်နေ့တွင် သမိန်မရူးတပ်ပျက်၍ ပဲခူးသို့ ပြန်ပြေးသည်။ အမှူးအမတ်များ၊ ဗိုလ်မင်း၊ တပ်မင်းများသည် ပဲခူးသို့ နောက်တစ်နေ့မှ ရောက်ကြသည်။ ပဲခူးမြို့တွင် သမိန်မရူးနှင့်မှူးမတ်၊ ဗိုလ်မင်း၊ တပ်မင်းများ ပြန်ရောက်သည်ကိုမြင်လျှင် မဟာဒေဝီ ဒေါသထွက်သည်။ အပြစ်တင်ရွတ်ချသည်။

"အမှုတော်ထမ်း ပေါ်လျော့လှသည်။ ဆင်ကောင်း၊ မြင်းကောင်း၊ လူအင်အားကောင်းကောင်းနှင့် ချီလေသည်။ အပသုံငယ်၊ နွားကျောင်းသား ရှင်သူငယ်၊မင်းကန်စိ၊မဝိုင်ဆရာတော်နှင့်လူတစ်ရာ၊နှစ်ရာမျှကိုရှုံးရပလေ။ စစ်သည်၊ မတ်သည်များလည်း သေပျောက်ရှာရသည်။ ဆင်ကောင်း၊ မြင်းကောင်း၊ လက်နက်ကောင်းများကိုလည်း သူ့အားပေးအပ်၍ ကိုယ်ချည်း

www.burmeseclassic.com

ပြေးခဲ့ကြသည်။ ဆင်ဖြူရှင် ကျန်းတော်မမူသဖြင့် မထနိုင်ဟုဆိုပြီး ငါတို့ မိန်းမသားက သတ်၍သေနိုင်မည်မဟုတ်ဟု သဘောထားနှင့် ဤသို့ပြုကြသလော"

ဟု မဟာဒေဝီက အမျက်ဖြင့်မိန့်၏။ မှူးမတ်များဘက်မှ သမိန်ဇိပ်ဗြိုက–

"ကျွန်ုပ်တို့တွင် အပြစ်မရှိပါ။ အပြစ်တော်တင်ရန် မသင့်ပါ။ သမက်တော်တပ်အား ဗညားနွဲ့က ထွက်တိုက်သည်ကို သမက်တော်လည်း တိုက်ပါလျက် ကျွန်ုပ်တို့က ကြည့်ကာသာနေသော် အပြစ်တော်တင်ခံရကောင်းပါ၏။ ထိုသို့ကား မဟုတ်၊ သူ့စစ်ချီလာသည်ကို မြင်လျှင်ပင် သမက်တော်မှာ ကြောက်လန့်ပြီး မရင်ဆိုင်ဝံ့၊ မခံတိုက်ဝံ့ဘဲ ရေအိမ်မှဆင်း၍ ရရာမြင်းတစ်ကောင်ဖြင့် ကိုယ်လွတ်ပြေးလေသည်။ ဗိုလ်ပါများကို ပစ်ထားခဲ့သည်။ ကျွန်ုပ်တို့သာ မခုခံမတိုက်ခိုက်ပါက အားလုံး မသေဆုံးကြကုန်သလော။ ကျွန်ုပ်တို့ ခုခံတိုက်ခိုက်သောကြောင့်သာ ကျွန်ုပ်တို့သည် ပဲခူးသို့ ရောက်ခဲ့ရသည်"

ဟုလျှောက်၏။ မဟာဒေဝီလည်း ဆက်လက်ပြောရန် စကားမရှိ၊ မပြောဆိုတတ်တော့သဖြင့် တိတ်နေရ၏။ ထိုနောက် မြို့၊ ပြ၊ကျုံး၊မြောင်းများကို ခိုင်ခံ့အောင်ပြင်ရန် မိန့်၏။ ကျုံးတိမ်သည်ကို နက်အောင် တူးစေ၏။

ပဲခူးသို့ပြန်ရောက်သော မှူးမတ်၊ ဗိုလ်မင်း၊ တပ်မင်းများသည် ဗညားနွဲ့၏ သစ္စာခံဖြစ်ကြသည့်အလျောက် ပဲခူးဌ်ပေါ်ပေါက်သည့်ရေးရာဟူသမျှကို ဗညားနွဲ့ထံသို့ မပြတ်ပင် တိတ်တဆိတ် သတင်းပို့ကြသည်။ စေပါးကြသည်။ အာရုံထားကြသည်။

နောင် ဆင်ဖြူရှင်ဗညားဦးလည်း လူသူမှန်းမသိအောင် အနာသည်းလာတော့သည်။ သမိန်မရှူးလည်း မြို့၊ ပြ၊ကျုံး၊မြောင်းကို ခိုင်ခံ့သည်ထက်ခိုင်ခံ့အောင်ပြင်ရန် မှူးမတ်များကို ခေါ်၍ ဆောင်ရွက်သည်။

သမိန်ဇိပ်ဗြိုလည်း ဗညားနွဲ့ထံ လျှို့ဝှက်စာရေး၏။ စာကား–

"အနောက်ဘက်မှ မီးတစ်ပုံကား မငြိမ်းသေး။ သတိကို မြဲမြံစွာထားပါ။ ဆင်ဖြူရှင်လည်း လူမှန်းမသိအောင် အနာသည်းပြီ။ မျှော်လင့်ချက်မရှိတော့ပါ။ ပဲခူးသို့ မင်းသားချီသင့်ပြီ။ အချိန်တန်ပြီ"

အမတ်ကြီးသမိန်ဇိပ်ဗြိုထံမှစာကို ဗညားနွဲ့ရလျှင် နောင်တော်ဒလစား မညီကဲကောင်းအား "ဒလတွင် ခိုင်ခံ့အောင်နေ၊ မြောင်းမြစား သမိန်လောက်ဖြားချီလာသော် ခံနိုင်အောင်ခံလေ"ဟု မိန့်၏။

မသဲကေးနှင့် သမိန်ပဲခူးတို့ကို ဒဂုန်မြို့စောင့်အဖြစ် ထပ်ခန့်သည်။ (စောဒရိုက်တွင် ရှိသမျှလှေတပ်နှင့် ဝါဂမောတွင် ရှိသမျှလှေတပ်များအား မောသဲကေး(မုဟ်သပျအိ) စခန်းတွင် လာစောင့်ကြရန် မှာကြား၏။

www.burmeseclassic.com

www.burmeseclassic.com

ထိုနောက် ပဲခူးသို့ချီရန် သူရဲကောင်းလက်ရွေးစင် လူငါးထောင်ကို ဗညားနွဲ့ရွေးချယ်၏။ ဗညားနွဲ့သည် အဇမ္ဘူဆင်ကိုစီးသည်။ ဣမဝူသောက်(ဣမဂေါဝ်သောက်)ဆင်မကို မွေမနိုတ် (မွေ့ာ်မှိုက်)အား စီးစေသည်။ မွေ့.သင်(မွေ့ာ်သင်)[၁] အား ယဲကမိန်ဆင်မကို စီးစေသည်။ အသူရိယဆင်ကို မင်းကန်စီ စီးသည်။ ဣလကိုက်ညတ်ဆင်မကို မဝိုင်ဆရာတော်စီးသည်။အမြူပဲခူးဆင်ကိုသမိန်လောက်ပင်(လိုက်ပင်)စီးသည်။အဓရောင်ဆင်ကိုမသောက်စီးသည်။ဗစွဲလမန် (ဗစဲလမာန်)ဆင်ကို ဘောမွန်စီးသည်။ ပေါက်လွန်(ပံက်လောန်)ဆင်ကို မင်းဒေရဲ (မင်းဒေရဲ)စီးသည်။ ပေါက်သာဆင်ကို မသိန်(မသိင်)စီးသည်။ အပါအိန်နှင့် အပါဇုတို့က ဆင်မတစ်စီး။ ဗိုလ်မင်း တပ်မင်းဟူသမျှကို ဆင်တစ်စီးစီပေး၍ ကျန်သော ဆင်၊ မြင်းများကို စီးကောင်းသော သူရဲများအား စီးစေ၏။

သက္ကရာဇ် ၇၄၅ ခုနှစ် ပြာသိုလပြည့်ကျော် ဆယ့်နှစ်ရက်၊ ကြာသပတေးနေ့တွင် ဗညားနွဲ့သည် ပဲခူးသို့ ချီတော်မူသည်။ စရည်းစခန်းသို့ရောက်သော် တပ်ချကာ တဘောင်စနည်းနာကြ၏။ သူငယ်တစ်ယောက် သီဆိုသည်ကား-

မွန်ဘာသာ-

"တေံဇွဲမွဲ၊ အပွဲပါင်ဂုံင်၊ ပံက်တူးခွင်၊ တေံဇြင်္ခော်ကျင်၊
ဒေါလွင်ကဝ်၊ သွဲအသဝ်မွဲ၊ တေံညးမွဲပျူင်၊ ဃ္ဂင်ရင်ချုင်စိ၊
ဝါဝိပန်တဲ့၊ တေံညးပိပွဲ၊ ဇောဲဒြေပ်ဟွံဗူး၊ ညးဂွံဒိင်သွင်"

မြန်မာပြန်-

"ကြောင်ဖားခံတွင်း၊ ဟင်းလင်းဖွင့်သည်၊
ညောင်ပင်ကြီးလည်း၊ ပြိုလည်းကျိုးကျသည်၊ အုံဖွယ်တစ်ပါးပေါ်သည်။
သုံးလေးရက်အတွင်း၊ ဘုန်းရှင်ကံရှင်သည်၊ တိုင်းပြည်ကို အုပ်စိုးတော့မည်။
အတွင်းလူသုံးယောက်လည်း အဝေးသို့ ပြေးမလွတ်တော့ပြီ။
လူမိ၍ မချိအောင် မှိုင်တွေကြသည်"[၂]

၁။ မွေ့.သင်မှာ နဂ္ဂဒါရွာသူ လှပျိုဖြူဖြစ်၍ ဗညားနွဲ့.ကောက်ယူသော ဒုတိယမယား ဖြစ်သည်။

၂။ မြန်မာပေမူမှ ကွဲလွဲချက် မွန်သီချင်းမှာ-(အက္ခရာပြန်ရသမျှ)-

"ပါင်ဇွဲဗလး၊ ဒွေဒွါဗလဲ၊ ဇြင်္ခော်ဒေါ်အာ၊ လသာ မွဲစါပန်တဲ့"

မြန်မာမူကား- "ကြောင်ဖားခံတွင်း၊ ဟင်းလင်းပွင့်သည်၊ နှစ်တံခါး၊ ရိပ်မြိုင်ပင်ထီး၊ ညောင်ပင်ကြီးတည်းလဲသည်တကား၊ တစ်ရက်မကြာ၊ အရာရမည်တည်း မင်းကြီး သား" ဖြေဆိုသည်ကား- ဇွဲဟူသည်ကား ပဲခူးကိုဆိုသည်။ ဒွေဒွါဟူသည် တံခါးနှစ်ဖက် ဖွင့်မည်ဆိုသည်။ ညောင်ပင်ကြီး လဲသည်ဟူသည် ခမည်းတော်ဘုရားကို ဆိုသည်။ တစ်ရက်မကြာ အရာရမည်ဟူသည် တို့သခင်ဘိုလိုသည်ဟု ဖတ်၏။

www.burmeseclassic.com

www.burmeseclassic.com

ဗညားနွဲ့လည်း သီချင်းအဓိပ္ပာယ်ကိုမေးလျှင် မင်းကန်စိုက-

"ကြောင်ဖားဟူသော မွန်ဘာသာ-ဗွဲ-ဟူသည် ပဲခူးမြို့ကို ဆိုလိုသည်။ ခံတွင်းကို ဟင်းလင်းဖွင့်သည်မှာ ပဲခူးမြို့တံခါးကို ဆီးတားသူမရှိ၊ ဟင်းလင်းဖွင့်ထားသည်ကို ဆိုလိုသည်။ ညောင်ပင်ကြီး ပြိုလဲသည်မှာ ဆင်ဖြူရှင်ကံကုန်၍ အနိစ္စရောက်မည်မချွတ်ဟု ဆိုလိုသည်။အဲ့ဖွယ်တစ်ပါးပေါ်သည်မှာ သုံးလေးရက်အတွင်း အရှင်မင်းသား ပဲခူးသို့ရောက်လျှင် ခမည်းတော်ဘုရားလည်း ရုပ်မှ နာမ်ခွာမည်ဖြစ်သဖြင့် သခင်မင်းသားအား ထီးဖြူကို ဆောင်နှင်းသည်နှင့်အတူ။ မင်းသားလည်း ခမည်းတော်နှင့် မိတ်ဆယ်ပါးမပျက်ပြားဘဲ နန်းရမည်ဖြစ်၍ အဲ့ဖွယ်တစ်ပါးဟု ဆိုသည်။ အတွင်းလူသုံးယောက်ဆိုသည်ကား မဟာဒေဝီ၊ သမိန်မရူးနှင့် တလမေသီရိတို့ဖြစ်သည်။ သူတို့ပြေးမလွတ်သဖြင့် မချိအောင် မိုင်တွေရမည်ကို ဆိုလိုသည်"ဟု ဖြေဆို၏။

ဆင်ဖြူရှင်ခမည်းတော် နတ်ရွာစံမည်ဟု နိမိတ်ပြသဖြင့် ဗညားနွဲ့လည်း လွန်စွာစိတ်မချမ်းမသာဖြစ်၍ တွေဝေငေးမိုင်သည်။ ယင်းစခန်းတွင် တစ်ရက်မျှနားပြီး မိုးသောက်လျှင် မောသပျော်စခန်းသို့ ချီလေ၏။ ထိုစခန်း၌ စောဒရိုက်(စံဒရိုက်)လည်း လေ့တက်များနှင့် ရောက်နေ၏။ ဇွဲဘုံမြို့စား(ဇြိဘုံ) ဗိုက်ညဲ(ဗိုတ်ညး)လည်း ဗိုလ်ပါအလုံးအရင်းနှင့် ရောက်၍ ဗညားနွဲ့ကို လျှောက်၏။

"ခမည်းတော်ဘုရားသည် ယမန်နေ့ကပင် နတ်ရွာလားတော်မူသည်"ဗညားနွဲ့ကြားလျှင် "မင်း ပသို့ကြောင့် သိသနည်း"ဟုမေး၏။ "ကျွန်ုပ်တူနှစ်ယောက်တို့သည် ခမည်းတော်ဘုရား၏ ခြေရင်းတော်၌ လုပ်ကျွေးကြသည်။ သူတို့ရောက်လာ၍ ကျွန်ုပ် သိရသည်"ဟု ဗိုက်ညဲလျှောက်လျှင် ဗညားနွဲ့သည် အဖိုးတန်သော မျက်နှာသုတ်ပဝါ ဖြင့် မျက်နှာကို ဖုံး၍ငိုသည်။ ရင်ဘတ်ပေါ်သို့ မျက်ရည်ပေါက်များ တောက်တောက်ကျသည်။ လွန်စွာ ဝမ်းနည်းကြေကွဲသည်။

နောင်စိတ်ကိုဖြေ၍ သမာဓိတည်လာသောအခါ စောဒရိုက်အား "လေ့တက်များကို၊ သည်တွင်ထားခဲ့။ လေ့စောင့်သာထား။ ဗိုလ်ပါအလုံးအရင်းနှင့် မင်းလိုက်ခဲ့"ဟုမိန့်၏။ ဇွဲဘုံစား ဗိုက်ညဲက "ယခု သမိန်မရူးသည် ပဲခူးတွင်ခံနေပြီး တစ်ဦးချင်း ဆင်စီး၍ တွေ့မည်ဆိုသည်။ ကျွန်ုပ်အသက်ကို သခင်လွတ်တော်မူသည့် ကျေးဇူးကို ဆပ်သည့်အနေဖြင့် သမိန်မရူးနှင့် ကျွန်ုပ်တိုက်ပါရစေ"ဟု လျှောက်၏။

"မင်းတို့ ဗိုလ်မင်း တပ်မင်းတာဝန်မဟုတ်။ မင်းတို့မတိုက်ရ။ သူနှင့်ငါသာ တစ်ဦးချင်းတိုက်မည်"ဟုမိန့်၍ မောသပျော်စခန်းမှ ပဲခူးသို့ ချီတော်မူ၏။ မောမသံစခန်းသို့ရောက်သော် လက္ကယ်နေ့ဖြစ်သဖြင့် ပဲခူးသို့မဝင်သေးဘဲ ယင်း မောမသံစခန်း၌ပင် ရပ်နားကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com

ဆင်ဖြူရှင်ဗညားဦး နတ်ရွာစံပြီးနောက် ကမ္ဘဇာန်းအလောင်းကို သန်လျင်မြို့ (ချင်ဩင်)စား အမတ်ဒိန်သည် တာဝန်ဝတ္တရားအရ နန်းတော်တွင် နေ့ညမပြတ် စောင့်ရှောက်ရသည်။

သမိန်မရူးလည်း ဗညားနွဲ့သည် အင်အားကြီးမားစွာ ပဲခူးသို့ချီလာပြီဟု ကြားလျှင် မှူးမတ်၊သေနာပတိများအား ခေါ်၍ မြို့စီး၊ ပြစီးတက်ကြရန် မိန့်၏။ အစီရင်မခံကြကုန်။ ကျေးကျွန် ဆွေသားမျိုးသားများသည် ဗညားနွဲ့ထံသို့ချည်း ထွက်ကြိုနှင့်ကြ၏။ အမိန့်မနာခံသော မှူးမတ်သေနာပတိများအား အကြမ်းစီရင်မည်ဟု ကြံသော်လည်း အများပင် ညီကြလေသောကြောင့် လက်လျှော့ရလေ၏။

"ငါကိုယ်လွတ်ခွာမှ သင့်တော့်မည်"ဟု သမိန်မရူးစိတ်တွင်ဆို၍ ကျွန်ယုံ ခုနစ်ရာ စုပြီး ဆင်ဆယ်စီးတွင် ရွှေငွေများစွာတင်၏။ အချိန်တန်လျှင် တလမေသီရိအားခေါ်၍ မုတ္တမသို့ ပြေးကြလေ၏။ "သမိန်မရူးပြေးလေပြီ"ဟူ၍ အမတ်ကြီးသမိန်ဇိပ်ဇြကဗညားနွဲ့ထံ လျှောက်ထားစေ၏။

ဗညားနွဲ့ကြားလျှင် "အမတ်ကြီးသမိန်ဇိပ်ဇြ၊ ဗိုက်ညနှင့် စောဒရိုက်တို့ သုံးဦးသား ဦးစီး၍ ဗိုလ်ပါများနှင့် လိုက်ရမည်။ သမိန်မရူးကို အရယူခဲ့"ဟုမိန့်၏။ ဗိုလ်မင်းသုံးဦးတို့လည်း အမိန့်အတိုင်း ဗိုလ်ပါများစွာနှင့် ဒေလမင်(ဒို့လမင်)တောကို ဖောက်၍ အဖြောင့်လိုက်လေ၏။ သမိန်မရူးကိုမီရန် ခရီးကြမ်းနှင်၍ ဖြတ်လမ်းမှ လိုက်ကြ၏။

ဘောင်မုန်နှင့် မှူးမတ်သေနာပတိများလည်း ဗညားနွဲ့ရှိရာ မောမသံသို့ ထွက်လာကြ၏။ ဘောင်မုန်သည် ခမည်းတော် နတ်ရွာစံပြီဖြစ်ကြောင်းကို နောင်တော်ဗညားနွဲ့အား ပြောပြ၏။ ထို့နောက် မင်းညီနောင်နှစ်ပါး ဖက်၍ငိုကြ၏။ ဝမ်းနည်းကြေကွဲပူဆွေးတသကြ၍ မျက်ရည်စက်များ ပေါက်ပေါက်ကျသည်။

ဇွဲတနုန်လူထွက်လည်း သံခြေချင်းမှလွတ်၍ ဗညားနွဲ့ထံထွက်ခဲ့၏။ "အရှင့်သားတော်အရေးကြောင့် ကျွန်ုပ်ကို သမိန်မရူးအပြစ်ပြု၍ ကြာမြင့်စွာပင် ဒုက္ခခံခဲ့ရသည်" ဗညားနွဲ့ကြားလျှင်"ငါ့အတွက် မင်းဒုက္ခခံရလျှင် မင်းကို ငါ သုခစံစေဦးမည်"ဟုမိန့်၍ ဆုလာဘ်များပေး၏။ "ရာဇပုရောဟိတ်"ဟူသော ရာထူးဖြင့် ချီးမြှင့်တော်မူသည်။ "ငါနန်းတက်မည့် နေ့နံအချိန်အခါကောင်းကို ပေးလော့"ဟု ရာဇာပုရောဟိတ်ကို မိန့်၏။

"မနက်ဖြန်တပို့တွဲလဆန်းတစ်ရက် အင်္ဂါနေ့။ တက်နေတစ်ချက်တီးကျော်လျှင် မိဖုရားနှင့်တကွ တက်တော်မူ။ အောင်မြေလည်း နင်းတော်မူ"ဟု ရာဇာပုရောဟိတ်က အခါပေးလေ၏။

၁။ မွန်-မြန်မာ နှစ်မူတူကြ၏။

www.burmeseclassic.com

www.burmeseclassic.com

ထို့နောက် မွေမနိုတ်ကို ပိယရာဇာဒေဝီ။ နဂ္ဂဒါရွာသူမွေ့သင်(မွေ့သင်)[၁] ကို ဒလသုဒ္ဓမာယာ၊ ဘောင်းမုန်ကို ဗညားဒုတ်ဟူသော ဘွဲ့တို့ဖြင့် ချီးမြှင့်တော်မူ၏။ မယား နှစ်ယောက်နှင့် ညီတော်ကို တစ်နေ့တည်း ဘွဲ့အမည်များ ပေးတော်မူသည်။ ထို့နောက် ဗညားနွဲ့က–

"ရှေးမုတ္တမမင်းများသည် ပဲခူးသို့ကူး၍ စေတီရင်ပြင်တော်ကိုသာ အောင်မြေနှင်းကြသည်။ ပသို့ အစဉ်အလာ ပဝေဏီဖြစ်သနည်း"ဟု ရာဇပုရောဟိတ်အား မေး၏။

"ရှေးမုတ္တမမင်းတို့သည် ပဲခူးသို့ကူး၍ အောင်မြေနှင်းသည့် အစဉ်အလာရှိသည်ကား ရှေးက အသားမင်းသား (သို့)အသး)သည် ခုနစ်တောင်မြင့်သော ကုလားနှင့် တစ်ဦးချင်းစစ်ထိုး၍ အောင်သဖြင့် ယင်းနေရာကို အောင်မြေပြုကြသည်။ အောင်မြေဟူသည် မြတ်သောမြေဖြစ်၍ ရန်သူလာပါက မနင်းမိစေရန် ထိုမြေကို လှူပြီး စေတီတည်ရန် ပညာရှိတို့ အကြံပေးကြသည်။ ထို့ကြောင့် ကုလားအား ထိုးမိသည့်မြေထက်တွင် စေတီတည်ခဲ့သည်။ ရန်အောင်မြင်ဘုရားဟု တွင်သည်။ ကြာရှည်လတ်သော် ယင်းအောင်မြေနေရာကို မသိ၍ မနင်းမိ။ စေတီရင်ပြင်ကိုသာ နင်းခြင်းဖြစ်သည်။ အခြားပဝေဏီ အစဉ်အလာတစ်ခုသည်ကား၊ မြတ်စွာဘုရား ဗျာဒိတ်တော်[၂] အရ သိကြားမင်းသည် မွန်တို့အတွက် ကုလားမြို့ပ်သော ကျောက်တိုင်အောက်တွင် သက္ကရာဇ်ပါသော ကျောက်တိုင်ကို ထားပေးသည်။ သိကြားမင်း နှင့် ကုလားတို့ စကားများ၍ ငြင်းခုံကြသဖြင့် ကျောက်တိုင်ကို တူးဖော်လတ်သော် သိကြားကျောက်တိုင်က အောက်၊ ကုလားကျောက်တိုင်က အထက်ဖြစ်သဖြင့် သိကြားမင်းနိုင်ပြီး ထိုနေရာတွင် ဟံသာဝတီပြည်ကို တည်ထောင်ပေးသည်။ ထိုအောင်မြေကား စေတီတော်ကြီး၏ တောင်ဘက်၌ တည်ပါသည်။ ကျွန်ုပ်ငယ်စဉ်က ဆရာပြောပြထားသည်မှာ ထိုအောင်မြေ

၁။ မွေမသင်ဟုလည်းခေါ်သည်။ ဒဂုန်၌နေစဉ်ဗညားနွဲ့ကောက်ယူသော ဒုတိယမယား။ မယ်ခရုသင်းဟု အနက်ရသည်။ (ပါဠို–သခံ)

၂။ မြန်မာပေမူတွင် ဗျာဒိတ်တော်အကြောင်း မပါရှိပါ။ အလျဉ်းသင့်၍ ဗျာဒိတ်ဝေါဟာရ၏ ဓာတ်မြစ်ကို ဖော်ပြလိုသည်မှာ သက္ကတ–ဗျာဒေ –မှ သက်၍ ရှေးပုဂံ ခေတ်၊ မွန်ကျောက်စာတွင် ဗျာဒေသ်–ဟု ရေးပြီး ရှေးမြန်မာကလည်း ဗျာဒေသ် ဟု ရေးသည်။ ခေတ်မှီတွင် ပျးခိုဟ်–ဟူ၍ ပြောင်းလာသည်။ ပါဠိတွင် ဗျာဒိတ္တ–ဟူ၍ မရှိသဖြင့် ထိုမှသက်သည်ဟု မကြံဆသင့်။ ပညာရှိတို့ သတိပြုကုန်။

www.burmeseclassic.com

www.burmeseclassic.com

သည် စျေးအရှေ့ဘက်ရှိ ကျွဲတည်းပင်ရင်း[၁] ၌ ကျောက်တိုင်မြှုပ်ထားသည်။ ယင်းကျောက်တိုင်အောက်သို့ သံတောင်တစ်တောင်နှင့် တစ်ထွာ တူးချလျှင် အောင်မြေကိုတွေ့မည်။ ယင်း အောင်မြေသည် နီ၍ ရွှေအဆင်းကဲ့သို့ဖြစ်သည်။ ယင်းသည်သာလျှင် အောင်မြေတည်း။ အောင်မြေကို နင်း၍ ရွှေနန်းတက်တော်မူလျှင် နောင် ရန်သူရောက်သော် လည်း တို့သခင်အား သူတို့တိုက်၍ အောင်မြင်နိုင်တော့မည် မဟုတ်ပေ”

ဟူ၍ လျှောက်တင်၏။ “ရာဇပုရောဟိတ်လျှောက်သည့်အတိုင်း ယင်းအောင်မြေကို ရှာစေ။ စေတီငယ်တစ်ဆူတည်၍ “ရန်အောင်မြင်ဘုရား”(ကျက်ဇုံးသတြု)ဟု သမုတ်စေ။ အောင်မြေနင်းရန် မဏ္ဍပ်ကနားကြီးတစ်ဆောင် အမြန်ဆောက်စေ။ ဗိတာန် မျက်နှာကြက်သင့်တင့်ကောင်းမွန်စွာ ပြုပြင်စေ”ဟု ဗညားနွဲ့ မိန့်တော်မူ၍ ယင်းကိစ္စအတွက် ရာဇပုရောဟိတ်အား ပင် တာဝန်ပေးတော်မူ၏။

နောက်တစ်နေ့ မိုးသောက်လျှင် အောင်မြေနင်းရန်ဌာနသို့ မှူး၊မတ်၊သေနာပတိများနှင့်တကွ ဗညားနွဲ့သည် စစ်ဝတ်ဖြင့်ပင် ဆင်စီး၍ ချီတော်မူ၏။ ဗညားနွဲ့သည် ဆင်ထက်မှသက်လျှင် သမိန်တိသကုမာက လက်လှမ်း၍ အောင်မြေကို နင်းတော်မူ၏။

မဏ္ဍပ်ကနားကြီးအတွင်း၌ မင်းထိုင်ရန် လှပတင့်တယ်စွာ ပြုပြင်စီမံထားသော ရာဇပလ္လင်ထက်၌ ခေတ္တထိုင်တော်မူပြီး ရန်အောင်မြင်ဘုရားသို့ ထွက်၍ ရှိခိုး၏။ ဆီမီး တန်ဆောင်၊ ပန်းပေါက်ပေါက်၊ ကွမ်းဆေးလက်ဖက်များဖြင့် ပူဇော်၏။

မင်းသားလည်း ဘုရားမှသက်၍ မှူးမတ်သေနာပတိများ ခြံရံလျက် ပဲခူးမြို့တွင်းသို့ဝင်ရန် ချီ၏။ ထိုအခါတွင် သမိန်ဇိပ်ဗြရောက်လာပြီး မိုဂစ်တွင် သမိန်မရူး၊ တလမေသီရိနှင့် ကျွန်များအား မိခွဲကြောင်းကို လျှောက်တင်၏။ “မြို့တွင်းရောက်လျှင် သူတို့အား မင်္ဂလာမဏ္ဍပ်ကနားကြီး၏ ဆင်ကပ်မှာထားလေ”ဟု မိန့်ပြီး ဆင်စီးလျက် မောတရုတ်တံခါးမှ ပဲခူးမြို့သို့ ဝင်တော်မူ၏။

မောတရုတ်တံခါးတွင် စောင့်ကြိုနေသည့် အမတ်ဒိန်သည် ပုဆစ်တုပ်၍ ဦးခိုက်၏။ တံခါးကို နှစ်ဖက်မဖွင့်ဘဲ တံခါးရွက်တစ်ရွက်ကိုသာ ဖွင့်၏။ အမတ်ဒိန်သည် ဦးခိုက်ပြီးလျှင် ဗညားနွဲ့၏ဆင်တော်ရှေ့မှလျှောက်၍ အတွင်းသို့ ခေါ်ဆောင်၏။ ဗညားနွဲ့လည်း မည်သို့မျှမဆိုမမိန့်ဘဲ လိုက်ဝင်တော်မူ၏။

နန်းတက်ပွဲမင်္ဂလာပြုရန် ဆောက်လုပ်ထားသော မဏ္ဍပ်ကနားကြီးသို့ ရောက်လျှင် ဗညားနွဲ့သည် ဆင်ထက်မှသက်၍ ကနားကြီးအတွင်းသို့ ဝင်တော်မူ၏။ မင်းထိုင်ရန်

၁။ မွန်မူတွင် တံ့ချေင်မုက်ဗျာ–ဟုပြ၏။(The Pongamia Atropurpurea) မြန်မာပေမူတွင်– မအိန္ဓနဆေးရွေ့ (မအိပင်စျေးရွေ့)ဟု ပြဆို၏။

www.burmeseclassic.com

ကော်ဇောခင်းထားသည့် ရာဇပလ္လင်ထက်၌ ဗညားနွဲ့သည် တက်၍ စံပယ်တော်မူ၏။ စိတ်သမာဓိ တည်ငြိမ်သောအခါ "မင်းအစ်မတော်ကို သွားခေါ်ချေ""ဟု ဘောင်မုန်ကို မိန့်၏။ ဘောင်မုန်လည်း ဦးခိုက်ပြီးထွက်၏။

တလမေဒေါထံရောက်လျှင် နောင်တော်ဗညားနွဲ့က အခေါ်လွှတ်ကြောင်း လျှောက်၏။ "မွေမနိတ်ကို မိဖုရားကြီးအဖြစ် ဘွဲ့အမည်နာမပေးသည်"ဟု ဆိုပြီး ဝမ်းနည်း၍ မလိုက်ဘဲ ငိုလျက်သာနေ၏။ ဘောင်မုန်လည်း တူတော် ဘောလောကျန်းဒေါကိုသာ ချီ၍ ဆင်ထက်တင်ကာ ဗညားနွဲ့ထံ ပြန်ခဲ့၏။

ဗညားနွဲ့သည် သားတော်ဘောလောကျန်းဒေါရောက်လျှင် ရင်ခွင်၌ထား၏။ မဟာဒေဝီလည်းတက်ရောက်လာ၍ မပိုင်ဆရာတော်နှင့် မင်းကန်စီကိုမြင်လျှင်"နှစ်ယောက်တည်းလော"ဟုမေး၏။ မပိုင်ဆရာတော်နှင့်မင်းကန်စီတို့ကလည်း"မှန်ပါ"ဟုဖြေကြ၏။

ထိုစဉ် မဏ္ဍာပ်ကနားကြီး၏ ဆင်ကပ်အောက်တွင် သမိန်မရူးနှင့် တလမေသီရိတို့အား ချည်နှောင်ထားသည်ကို မဟာဒေဝီမြင်ရလျှင် အံ့ခဲရာမှ မေ့မြော်၍ လဲလေတော့၏။

ဗညားနွဲ့မြင်သော် "ငါ့မျက်စိမှာ ငြောင့်စူးဝင်နေဆဲပဲ၊ မျက်စိထဲပဲ ရှိနေ၏"ဟု မိန့်လျှင် မပိုင်ဆရာတော်နှင့်မင်းကန်စီတို့က"အရှင်မင်းသား ရွှေနန်းတက်တော်မူပါဦး" ဟု တောင်းပန်သော်လည်း ဗညားနွဲ့ အခွင့်မပြု။ "ပါးကွက်အာဏာသားလက်အပ်၍ သမိန်မရူးအား ကွပ်စေ"ဟု မနွန်အား တာဝန်ပေး၏။

ထို့နောက် ရာဇပုရောဟိတ်က "အချိန်တန်ပြီ၊ ကြွတော်မူပါ"ဟု လျှောက်လျှင် ဗညားနွဲ့သည် ရှေးမင်းဧကရာဇ်တို့၏ အစဉ်အလာအတိုင်း သဖန်းပျဉ်ထက်တွင် ထိုင်တော်မူ၍ ရေ[1] လောင်းခံတော်မူ၏။ အစီအရင်များ ရှိသည့်အတိုင်း ပြုပြီးသော် ဗညားနွဲ့သည် သားတော်ဘောလောကျန်းဒေါအား ချီ၍ မိဖုရားကြီး ပိယရာဇာဒေဝီ(မွေမနိတ်)ကို လက်တွဲလျက် ခမည်းတော်၏ ရွှေအိမ်နန်းထက်သို့ တက်တော်မူ၏။ ခမည်းတော်၏ ရွှေအိမ်နန်းသို့ ကူးပြီးသော် ခမည်းတော်၏အလောင်း[2] ကို ရှု၍ ဝတ်ပြုတော်မူ၏။

ထို့နောက် မြောက်နန်းဆောင်တော်သို့ကူး၍ အသင့်ခင်းကျင်းထားသည့် ရာဇပလ္လင်ထက်တွင် စံပယ်တော်မူသော် ဥကင် ထီးဖြူတော်ကိုဖွင့်လျက် ခရာသင်းနှင့် တံပိုးခရာများကို မှုတ်ကြ၏။ စိန်စည်၊ ရွှေစည်၊ ဟောစည်၊ ဒုတ်တြဘိစည်၊ တြေဝ်စည်၊ မွန်ဒိုင်စည်နှင့် မြောက်စည်တော်များကို တီးကြ၏။ အတီး အမှုတ်[3] တူရိယာဂိတမျိုးစုံ တီးမှုတ်၍ နန်းတက်ပွဲသဘင်ကြီးကို ခံတော်မူ၏။

၁။ မြန်မာပေမူတွင် သဖန်းပျဉ်၌ထိုင်၍ ရေလောင်းခံကြောင်းမပါ။
၂။ မြန်မာပေတွင် ခမည်းတော်၏အလောင်းကို ကန်တော့ကြောင်းမပါ။
၃။ မြန်မာပေတွင် တူရိယာနှင့်တီးသည့် စည်အမည်များမပါ။

www.burmeseclassic.com

www.burmeseclassic.com

ရှေးမင်းကောရာဇ်တို့၏ ပဝေဏီအစဉ်အလာအတိုင်း ရွှေနန်းထက်တွင် စံပယ်တော်မူလျှင် ခစားကုန်သော မှူးမတ်သေနာပတိ၊ ဗိုလ်မင်း၊ တပ်မင်း၊ ဒေါဗညား၊ ဗိုလ်ပါနှင့် ကျွန်ဟူသမျှ အလုံးစုံတို့က ဗညားနွဲ့အား ဦးတိုက်ခစားကုန်၏။

ဆင်ဖြူရှင်ဗညားဦးသည် အိမ်နီမှ် ၂၆ နှစ်၊ စည်းစိမ် ၃၅ နှစ်၊ အသက် ၆၁နှစ်တွင် အနိစ္စတရားသို့ လားရ၏။

သက္ကရာဇ် ၇၄၅ ခုနှစ်၊ တပို့တွဲလဆန်း ဆယ်ရက်နေ့တွင် ဗညားနွဲ့သည် "ရာဇာဓိရာဇ်"ဟူသည့် အမည်ကိုခံ၍ ရွှေနန်းတက်တော်မူသည်။ နန်းတက်ပွဲကို သဘင်ကြီးစွာခံ၍ ရဟန်းသံဃာအပါးတစ်ထောင်[၁] တို့အားပင့်ပြီး ဆွမ်းခဲဖွယ်ဘောဇဉ် ချိုချဉ်ရသာစုံသည့် အာဟာရတို့ကို ဆက်ကပ်တော်မူသည်။ ပစ္စည်းလေးပါးတို့ကိုလည်း လှူဒါန်းတော်မူသည်။ လူပရိသတ်များကိုလည်း ကျွေးမွေးတော်မူသည်။ ဆရာတော်ဘုရားများလည်း ဗညားနွဲ့၏ အလှူတော်မင်္ဂလာကို သာဓုအနုမောဒနာ ပြုကြ၏။

အချိန်တန်၍ ညီလာခံကျင်းပသော် မှူးမတ်သေနာပတိ ဒေါဗညားတို့ စုံညီစွာ စုရုံးလျက် တက်ရောက်ကြရာတွင် အမတ်ဒိန်လည်း ခစားနေသည်။ ထိုအခါ ရာဇာဓိရာဇ်မိန့်တော်မူ၏ ...

ငါ၏စကၠုန်စဖက် မျက်စိနှစ်လုံးတွင် ငြောင့်စူးဝင်ခဲ့သည်မှာ တစ်ဖက်က ထွက်သွားပြီ။ ကျန်တစ်ဖက်တွင် မထွက်သေး"[၂]ဟု မိန့်တော်မူ၏။ ယင်းခဏတွင် အမတ်ဒိန်သည် ပုဆစ်တုပ်လျက် ...

> "ရွှေနန်းရှင်မိန့်သည်ကား တစ်ပါးသူမဟုတ်။ ကျွန်ုပ်အား ဆိုလိုခြင်းဖြစ်ကြောင်း ကျွန်ုပ်သိပါသည်။ အရှင်မင်းသားသည် ဒဂုန်၌ရှိစဉ် အခြားမှူးမတ်တွေက ကိုယ်စားလှယ်များလွှတ်ကြသည်။ စာအားဖြင့် အကြံအစည်များကိုလည်းကောင်း၊ အကြောင်းအရာများကိုလည်းကောင်း မပြတ်ပင် ပို့ကြသည်။ ကျွန်ုပ်မူကား အရှင့်သားတော်နှင့် ဆက်သွယ်မှု မပြုခဲ့သည်လည်းတစ်ချက်၊ အခြားတစ်ချက်ကား အရှင့်သားတော်သည် ပဲခူးမြို့သို့ ဝင်တော်မူစဉ်က ကျွန်ုပ်သည် မြို့တံခါးတစ်ဖက်ကိုသာ ဖွင့်ပေးခဲ့သည်။ ယင်းသို့ဖြစ်သောကြောင့် ကျွန်ုပ်ကိုမျက်၍ မျက်စိတစ်ဖက်တွင် ငြောင့်မထွက်သေးဟု အရှင်မင်းကြီး မိန့်ကြားတော်မူကြောင်း ကို ကျွန်ုပ်သိပါသည်"

၁။ မြန်မာမူများတွင် သံဃာအပါးတစ်ထောင် ဆွမ်းကျွေးကြောင်းမဆို။

၂။ မြန်မာပေမူတွင် "ငါ့ရန်သူတစ်ယောက်ကို သတ်ရပြီး။ တစ်ယောက်ရှိသေး၏"ဟု မိန့်၏ဟူ၍လာ၏။

www.burmeseclassic.com

www.burmeseclassic.com

ဟုလျှောက်လျှင် ရာဇာဓိရာဇ်က "အမတ်ဒိန် နှင့်အပြစ် သည်မျှရှိသည်ကို နှင်သိပြီးဖြစ်၍ ပသို့နှင့်အား ငါစီရင်ရမည်နည်း။ ငါ့အား မြို့တွင်းသို့ နှင်ဝင်ခွင့်မပေးလို။ ငါ့မှာ ဗိုလ်ခြေအင်အားများ၍သာ နှင်က တံခါးတစ်ဖက်ဖွင့်ပေးသည်။ ငါ့ဗိုလ်ပါနည်းခဲ့မူကား တံခါးကို တစ်ချပ်မျှ နှင်ဖွင့်ပေးမည်မဟုတ်၊ နှင့်အပြစ်နှင့် မရူးအပြစ် အတူတူ"ဟု ဒေါသနှင့် မိန့်၏။ အမတ်ဒိန်လည်း သုံးကြိမ်မျှ ဦးခိုက်၍ လျှောက်ပြန်၏။

"ကျွန်ုပ်၏အပြစ်နှစ်ရပ်အတွက် သတ်လျှင်သေရပါမည်။ ချမ်းသာပေးက ရှင်ရမည်ပင်။ စင်စစ်သော်ကား ကျွန်ုပ်သည် ခမည်းတော်ဆင်ဖြူရှင်၏ သစ္စာခံ၊ ရွှေဖဝါးတော်အောက်က ကျွန်ကြီးဖြစ်ပေသည်။ ဆင်ဖြူရှင်၏ ရန်သူဖြစ်ပါက မည်သူ့ကိုမဆို ကျွန်ုပ်အသက်ပေး၍ တိုက်ခိုက်ရမည်ဟု သစ္စာဆိုထားသည်။အရှင့်သားတော်သည် ဒဂုန်၌ခြောနားစဉ်က ဆင်ဖြူရှင်၏ အမိန့်မရှိ၍ မင်းသားနှင့်ကျွန်ုပ် ဆက်သွယ်ခွင့်မရှိပါ။ အရှင့်သားတော်သည် ပဲခူးမြို့တွင်းသို့ ဝင်တော်မူစဉ်က ကျွန်ုပ်၏သခင် ဆင်ဖြူရှင်ဗညားဦးသာလျှင် ရာဇပလ္လင်ထက်၌ ပကတိရှိခဲ့မူကား၊ အရှင့်သားကို ကျွန်ုပ် ဝင်ခွင့်ပြုမည်မဟုတ်ဘဲ အသက်ပေးလျက် ခံတိုက်မည်ပင်။ သို့သော် ဆင်ဖြူရှင်၏နာမ်သည် ရုပ်ကို ခွာခဲ့ပြီဖြစ်၍ ဆင်ဖြူရှင်၏ရုပ်အလောင်းကို စောင့်ရှောက်သောအားဖြင့် တံခါးရွက်တစ်ရွက်ကိုသာ ဖွင့်ပေးခြင်းဖြစ်ပါသည်။ ဆင်ဖြူရှင်၏ နာမ်နှင့်ရုပ် နှစ်ပါးစလုံးမရှိခဲ့သော် မင်းသား အား တံခါးရွက်နှစ်ရွက်စလုံးကို ဖွင့်ပေးခဲ့ပေမည်။ ယခု အရှင်မင်းသားသည် မင်းဖြစ်၍ ကျွန်ုပ်တို့၏ အသက်သခင်ဖြစ်ပြီ။ သခင်၏သစ္စာတော်ကို ခံထားသည်။ အကယ်၍ ရန်သူတစ်ပါးက အရှင့်သားတော်ကို ပုန်စားခဲ့သည်ရှိသော် ကျွန်ုပ်သည် ထိုသူပုန်နှင့်ဆက်သွယ်၍ လက်ဆောင်ပစ္စည်းပေးခြင်း၊ အကြံအစည်ပေးခြင်း၊ သူပုန်ဘက်ဝင်စားကာ အရှင်မင်းသားကို မစောင့်ရှောက်ပါက ကျမ်းရွက်ထားသော ကျွန်ုပ်၏သစ္စာ မပျက်ချေသလော။ အပါယ်နန်းကို မစံရသလော။ ကျွန်ုပ်သည် အရှင်သခင်၏ သစ္စာတော်ကို မတိမ်းမစောင်း၊ မသွေမဖည်စေဘဲ ဖြောင့်မတ်မှန်ကန်စွာ စောင့်ခဲ့သည့် ကျွန်ကောင်းဖြစ်သဖြင့် "အမတ်ဒိန်" ဟူသောဘွဲ့အမည်နှင့် သန်လျင်မြို့ကို စားစေခဲ့သည် မဟုတ်လော။ ယခု အရှင့်သားတော် မင်းဖြစ်ပြန်လျှင်လည်း ကျွန်ုပ်သည် ဆင်ဖြူရှင် ခမည်းတော်အား သစ္စာစောင့်ခဲ့သလို အရှင့်သားတော်ကိုလည်း မပြတ်စောင့်ရှောက်ရပေမည်။ အကယ်၍ ရန်သူတစ်ပါးက အရှင့်သားတော်အား ပုန်စားခဲ့သော် ကျွန်ုပ်သည် အသက်ပေး၍ နိုင်အောင်တိုက်ခိုက်ပါမည်။ ကျွန်ုပ်သည် သူပုန်ဘက်သို့ ဝင်စားရန်ကား နတ္ထိမရှိ။ ကျွန်ုပ်သည် ထီးဖြူဆောင်းမင်းကိုသာ

www.burmeseclassic.com

www.burmeseclassic.com

သစ္စာခံ၍ ခစားမည်။ ထီးဖြူမဆောင်းသော သူပုန်မင်းကို ဘယ်တော့မှ မခစားပါ။ ကျွန်ုပ်ကိုမျက်၍ ကွပ်တော်မူသော် ကျွန်ုပ်ကား သေရပါမည်။ သို့သော် ပြည်ထဲအရေးကား ပျက်လေတော့မည်။ အနာဂတ်တွင် ရာဇဝင်အဆက်ဆက် အမတ်တကာတို့က ဆိုစမှတ်ပြုကုန်မည်။ "အမတ်ဒိန်အရှူးလို မပြုကုန်နှင့်၊ ပုန်ကန်ခြားနားသော မင်းသားဘက်ဝင်စားသော် အပြစ် မရှိ၊ ထီးဖြူဆောင်းသော အရှင်သခင်၌ သစ္စာမြဲသော် အပြစ်ရှိသည်။ အမတ်ဒိန်သည် ထီးဖြူဆောင်းမင်းကိုသာ ယုံ၍နေချေသည်။ ပုန်ကန်ခြားနားသောမင်းသားသို့ မစေမပါး၊ အကြံအစည်မပေး၊ မဆက်မကပ်ချေသောကြောင့် ထိုပုန်ကန်သည့်မင်းသားသည် မင်းအဖြစ်သို့ရောက်လျှင် အမတ်ဒိန် သေရလေသည်"ဟု ကျွန်ုပ်နည်းကို အများမှတ်ယူကုန်တော့မည်။ နောင်တွင် သူပုန်ထသော် သူပုန်သူကန်ဘက် ဝင်စားသူ များတော့မည်။ ထီးဖြူဆောင်းမင်းတွင် မြဲသူ နည်းပါးတော့မည်။ ရဟန်း၊ ပုဏ္ဏား၊ တိုင်းသူပြည်သားများသည် ပူပင်သောက ဖြစ်ကြတော့မည်။ တိုင်းပြည်တွင် သမာဓိ တည်တော့မည်မဟုတ်။ ထို့ကြောင့် ပြည်ထဲအရေး ပျက်သုဉ်းမည်ဟု ကျွန်ုပ်လျှောက်ပါသည်။ ကျွန်ုပ်အား သတ်ပါက နောင်ကို သားစဉ်မြေးဆက် တိုင်အောင် ကျွန်ုပ်၏ပုံပမာမှာ ထင်ရှားလေတော့မည်"[၁]

ဟု ရှည်လျားစွာ လျှောက်ထားလေ၏။ ဗညားနွဲ့လည်း အမတ်ဒိန်[၂] လျှောက်တင်ချက်ကိုကြားနာ၍မည်သို့မျှမဆိုသာဘဲတိတ်ဆိတ်စွာနေလျှင်မပိုင်ဆရာတော်နှင့်မင်းကန်စိတို့က "အမတ်ဒိန်စကားသည် အရေးစကားစင်စစ် အကြောင်းမှန်လှသည်။ သူ့ရှင်၏ အကျိုးသာမက နောင်အနာဂတ် ရာဇဝင်အဆက်ဆက် အတွက် အကျိုးသက်ရောက်စေမည့် စကားဟုတ်ပေသည်"ဟု လျှောက်တင်ကြ၏။

၁။ အပြန်အလှန်စကားများမှာ မြန်မာပေမူနှင့် ကွဲလွဲသည်။ ဥပမာ - "အကျွန်ုပ်အပြစ်ကိုပြ၍ ကွပ်တော်မူပါ။ မင်းကောရာဇ်တို့သည် ကျွန်၏အပြစ်ကိုပြ၍ အပြစ်ရှိသည်မှန်မှ ကွပ်သည်သာ"ဟု အမတ်ဒိန်လျှောက်လျှင် "အမတ်မူကား ငါအထွတ်အထိပ်ရောက်မှသာ နှုတ်လက် ချိုချဲ့ ပျားပျားပြုသည်။ သည်လျှင် အမတ်အပြစ်"ဟု ဗညားနွဲ့ မိန့်၏ဟု မြန်မာမူ၌လာရှိ၏။

၂။ အမတ်ဒိန်=နေကဲ့သို့ ထွန်းလင်းသောအမတ်ဟု အနက်ရသည်။ သက္ကတ- အမာ တျမ္ - အမာတ် - အမတ် - ဟုသက်လာသည်။ (ပါဠိ - အမစ္စ - မ္ အမတ် ဟူ၍ သက်လာခြင်းမဟုတ်ကြောင်း)

www.burmeseclassic.com

www.burmeseclassic.com

ရာဇာဓိရာဇ်သည်အမတ်ဒိန်၏အရေးစကားများနှင့် မပိုင်ဆရာတော်၊မင်းကန်စီတို့၏ လျှောက်တင်ချက်တို့ကို ဆင်ခြင်စဉ်းစားပြီးသော်–

> "အမတ်ဒိန် အရေးဆိုသည့်စကား မှန်ပေသည်။ အနစ်သာရစကား ဟုတ်ပေသည်။ သို့လျှောက်တတ်ပေသောကြောင့်လည်းကောင်း၊ တစ်ဦး တည်းသော အရှင်သခင်၏သစ္စာတော်ကိုသာ မြဲမြံစွာ စောင့်တတ်ပေသော ကြောင့်လည်းကောင်း အမတ်ဒိန်သည် ပညာဉာဏ်အမြော်အမြင်ကြီးသော ကျွန်တော်ဖြစ်၍ ပတ္တမြားရတနာနှင့်လည်း တူသဖြင့် ယနေ့မှစပြီး အမတ် ဒိန်မနိရွတ်(အမာတ်ဒိန်မိုက်ရတ်)[၁] ဟူသောဘွဲ့ကို ငါချီးမြှင့်သည်။ သန်လျင် မြို့ကိုလည်း စားမြိစားစေ"

ဟု မိန့်တော်မူ၏။ သို့ဖြစ်၍ ကျွန်ရင်း၊ ရောင်းရင်းဘက်တော်သားများ ဘွဲ့အမည်မရမီ အမတ်ဒိန်မှာ ရှေးဦးစွာ ဘွဲ့ထူးဖြင့် ချီးမြှင့်ခြင်း ခံရလေသည်။

ထို့နောက် မိမိတို့နှင့်အတူ ဒုက္ခခံခဲ့ကြသော ကျွန်ရင်းများအား အသီးသီး ဘွဲ့အမည်များ၊ ရာထူးဌာနန္တရများဖြင့် အထိုက်အလျောက် ပြုပြင်စီရင်ပေးတော်မူ၏။ မပိုင်ဆရာတော်လည်းလူထွက်၍စက်လွန်း(စက်လောန်)ဟူသောဘွဲ့ပေး၏။ မင်းကန်စီကို ရာဇမန္။ ဘောမွန်ကို သီရိမန္။ မသောက်ကို သဲလဲ့။ မသိန်ကို စောနသိန်။ မန္တန်ကို စောနသင်။ စာရေးမသင်ကို ဘောဂရာဇာ။ မသဲကေးကို သဲလှိုက် (သာလွှေက်)စသည်ဖြင့် တစ်ယောက်မကျန် အားလုံးထိုက်သင့်သလို ချီးမြှင့်တော်မူ၏။ အချို့ကို ကျေးရွာပေးတော်မူ၏။ ညီလာခံစဲသော် အမတ်ဒိန်မနိရွတ်ကို ဝေါဖြင့် အိမ်အရောက် ထမ်းပို့စေသည်။

အရီးတော် မဟာဒေဝီကိုမူကား ငယ်စဉ်က ကျွေးမွေးစောင့်ရှောက်ခဲ့သည့် ကျေးဇူးဂုဏ်ကို ထောက်၍ အမျက်တော်ကို မျိုသိပ်သည်းခံပြီး ယခင်အတိုင်းဒဂုန်မြို့ကိုပင် စားမြိစားစေပြန်သည်။ သို့ဖြစ်၍ တိုင်းသူပြည်သားများက "ငါတို့၏ဧကရာဇ်မင်းသည် ပါရမီဖြည့်နေသော ယောဂျား၊ ဘုရား၏စိတ်နလုံးကို ကျင့်သုံးတော်မူပေသည်။ သတ္တဝါတို့အား အမျက်မထား၊ သည်းခံတရားကို လက်ကိုင်ထားပေသည်"ဟု ချီးကျူးထောမနာစကား ပြောကြားပေသည်။ ရာဇာဓိရာဇ်သည် မှူးမတ် သေနာပတိနှင့် ကျွန်ကြီးကျွန်ငယ်ဟူသမျှကို ချီးမြှင့်ထိုက်သလောက် ချီးမြှင့်မြောက်စား၏။

ထို့နောက် နန်းတော်ထက်တွင် ရွှေကြုတ်ဖြင့်ထားသည့် ခမည်းတော်၏ ကမ္ဘာနန်းရုပ်အလောင်းကို ကောင်းစွာပြုပြင် မွမ်းမံစေပြီး ရှေးပဝေဏီ အစဉ်အလာရှိသည့်အတိုင်း

၁။ ပတ္တမြားရတနာ (ဒိန=နေ၊ နေ့။မဏိရတနာ=ပတ္တမြားရတနာ) ပါဠိသက္ကဋဘာသာ စကားဖြစ်သည်။ ပတ္တမြားရတနာနှင့်တူပြီး နေ့လို ထွန်းလင်းသောအမတ်ဟု အနက်ရသည်။

www.burmeseclassic.com

သင်္ကြိုဟ်စေသည်။ သဘင်ကြီးစွာခံ၍ ကုသိလ်ဒါန ပြုတော်မူ၏။ ဘိက္ခုရဟန်း သံဃာတော်များကို ပင့်ဆောင်၍ ဆွမ်းကျွေးသည်။ ပစ္စည်းလေးပါးကိုလည်း လှူဒါန်းတော်မူသည်။

ရာဇာဓိရာဇ်သည် ဟံသာဝတီတွင် နန်းတက်ပြီး သုခချမ်းသာမှုကို စံစား၍ မင်းလုပ် အုပ်ချုပ်သည်မှာ နတ်စည်းစိမ်ကို ရဘိသကဲ့သို့ ဖြစ်ပေသည်။ နောင်သော် ဟံသာဝတီတွင် ဗညားနွဲ့မင်းပြုသည်ကို သိရသော မြောင်းမြစား သမိန်လောက်ဖြား သည် မနာလိုဝန်တိုစိတ်ရှိ၍ သားများ၊ သမက်များနှင့် ဆွေးနွေးတိုင်ပင်၏။ လက်ဆောင် ပဏ္ဏာများစီရင်၍ စက်ဒရပ်၊ မပသုံ၊ မင်းစေသူ၊ မလဂွန်း သည်လေးယောက်တို့ အား အင်းဝမင်းထံ စေလွှတ်၏။ သမိန်လောက်ဖြား ရေးလိုက်သည့်စာကား-

> "ကျွန်ုပ် မြောင်းမြစား သမိန်လောက်ဖြားသည် အင်းဝရွှေနန်းရှင်အား ရှိခိုး နားတော်လျှောက်ပုံပါသည်။ ဗညားနွဲ့သည် ယခု ပဲခူးကို မင်းပြုသည်။ ရာဇာဓိရာဇ်ဟူသော ဘွဲ့ခံသည်။ ဆင်ဖြူရှင်ဗညားဦး နတ်ရွာစံခဲ့ပြီ။ ဟံသာဝတီ တွင် ရာဇာဓိရာဇ်အခြေမမြဲမီ အုတ်မြစ်မခိုင်ခင်ကို ရွှေနန်းရှင်ထံမှ စစ်တပ်ကြီး ချီခဲ့စေလိုပါသည်။ ကျွန်ုပ်လည်း ရေကြောင်းဖြင့် စစ်တပ်ချီမည်။ ကျွန်ုပ် သည် အထက်နှင့် အောက် ညှပ်တိုက်ပါက ဗညားနွဲ့ ခံနိုင်မည်လော။ ဆုံးခန်းရောက်သည် အထိ အောင်မြင်လျှင် အနှစ်ကို ရွှေနန်းရှင်ယူတော်မူပါ။ အကာမျှသာ ကျွန်ုပ်အား ပေးသနားတော်မူရန် တောင်းခံအပ်ပါသည့် ရွှေနန်းရှင်ဘုရား"

တမန်လေးယောက်ထံမှ စာကိုရလျှင် အင်းဝပြည့်ရှင် မင်းကြီးစွာစော်ကဲသည် ရှေ့နောက် မဆင်ခြင်ဘဲ မိစ္ဆာစိတ်နှင့် လောဘတရား ပွားများလာသည်။ "စာပါအတိုင်း အမြန်ချီလေ"ဟု မြောင်းမြစား သမိန်လောက်ဖြားအား မှာလိုက်သည်။ တမန်လေးယောက်တို့လည်း မြောင်းမြသို့ ပြန်သည်။

ထို့နောက် မင်းကြီးစွာစော်ကဲသည် မှူးမတ် သေနာပတိများကိုခေါ်၍ စစ်တပ်ကြီး စီရင်၏။ တောင်ငူစစ်ကြောင်းမှ စစ်ချီရန် သားတော်အိမ်ရှေ့မင်း၊ မင်းနားကျယ်[၂] ကို တပ်မှူးချုပ်ခန့်သည်။ ရမည်းသင်းမင်း၊ တောင်တွင်းမင်း၊ တောင်ငူမင်း၊ မြေထဲမင်း၊ ပင်းယမင်းတို့အား သားတော် အိမ်ရှေ့မင်းနှင့် ချီစေသည်။ သာယာဝတီစစ်ကြောင်းမှချီရန် ပခန်းမင်း၊ ပြည်မင်း၊ စစ်ကိုင်းမင်း၊ စလင်းမင်း၊ ပုဂံမင်းတို့အား ခန့်တော်မူ၏။ ဤ စစ်ကြောင်းကို သားတော် မြင်းစိုင်းစား မင်းဆွေကို တပ်မှူးချုပ် ခန့်တော်မူ၏။

၁။ မြန်မာပေမူနှင့် ပုံနှိပ်မူများတွင် ဘုရင့်အလောင်းကို သင်္ကြိုဟ်ကြောင်း မပါရှိပေ။
၂။ မြန်မာပေမူ၌ သားတော်အိမ်ရှေ့မင်းဟုသာ ဆို၏။ မင်းနားကျယ်ဟု မဆို။

www.burmeseclassic.com

www.burmeseclassic.com

ရာဇာဓိရာဇ်လည်း အင်းဝစစ် ချီလာသည်ကိုကြားလျှင်မြို့ပြကျုံးမြောင်းများကို ပြုပြင်၏။ ဒုနံဝန်းစားသမိန်သံလှစ်ကို ခေါ်စေသော်လည်း သမိန်သံလှစ်မလာ။ ပန်းကျော်မြို့စား ဘယနန္ဒမိတ်ကိုခေါ်၍ လာလျှင် "အင်းဝစစ်ချီလာပါက နိုင်အောင်ခံချေ။ ငါစစ်တပ်ကြီးဖွဲ့၍ ချီခဲ့မည်"ဟု မှာ၏။ ပန်းကျော်မြို့စားလည်း ပြန်၏။

အိမ်ရှေ့မင်း မင်းနားကျယ် ကြီးမှူးသော အင်းဝစစ်သည် ပန်းကျော်သို့ရောက်လျှင် အင်အားကြီးမားစွာဖြင့်ဝင်တိုက်၏။ ပန်းကျော်စား ဘယနန္ဒမိတ်လည်း မခံနိုင်၍ ပြေးလေ၏။ ပန်းကျော်မြို့ကို အိမ်ရှေ့မင်းသိမ်း၍ မြေထဲစားကိုဆင်၊မြင်းအလုံးအရင်းနှင့်ထားပြီး ညီတော်မင်းဆွေသို့ ကူမည်ဟူ၍ သာယာဝတီစစ်ကြောင်းဘက်သို့ ချီလေ၏။ ညီတော်မင်းဆွေလည်း သာယာဝတီကြောင်းချီ၍ လိုင်မြို့ကို ရွှပ်ရွှပ်ခွဲခွဲ လုပ်ကြ၏။ လိုင်မြို့ပျက်၍ သိမ်းယူ၏။

ရာဇာဓိရာဇ်လည်း ပန်းကျော်သို့ချီ၍ မြေထဲစားကို အပြင်းတိုက်၏။ မြေထဲစားလည်း ကြံ့ကြံ့ခံ၏။ ပဲခူးစစ်ဘက်မှ များစွာထိခိုက်သေကျေသဖြင့် ဆက်လက်မတိုက်ဘဲ ဝန်းရံကာနေလေ၏။

မင်းဆွေသည် ပင်လယ်စားတပ်ကိုခွဲ၍ မော်ဘီသို့စေ၏။ မော်ဘီစား အဲကောင်ဗိန် (အဲကံင်ဗိန်)လည်း တောင်ကြားလမ်းကျဉ်းတွင် ဖြတ်၍ ဆို့ကာ တိုက်၏။ ပင်လယ်စားမှာ လုံထိုးခံရသဖြင့် ဆင်ထက်၌ပင် သေလေ၏။ ပင်လယ်စားသေသည့်နေရာကို ခရောက်[၁] ပင်လယ်ဟုခေါ်၏။ အိမ်ရှေ့မင်းသည် ပန်းကျော်၌ရှိသော မြေထဲမင်းသို့ လူစေ၍မိန့်၏။ "ဗညားနွဲ့အား တိုက်မည်ကိုလည်း မတိုက်ဘဲ သမင်ပြေးလိုက်သကဲ့သို့ ပြုသည်" မြေထဲမင်းလည်း ပန်းကျော်ကို ရာဇာဓိရာဇ် ဝန်းရံထားကြောင်းကို အိမ်ရှေ့မင်းထံ လူစေ၍ လျှောက်စေ၏။

အင်းဝပြည့်ရှင် သားတော်မင်းဆွေသည် တာလိမ်တွင် တပ်ချနေ၏။ နောင်တော်အိမ်ရှေ့မင်းသည်ညီတော်မင်းဆွေနှင့်ပေါင်း၍ ဒဂုန်သို့အရောက်ချီမည်။ဒဂုန်ရောက်လျှင် မြောင်းမြစား လောက်ဖြားနှင့်စုရုံး၍ ပဲခူးသို့ချီမည်ဟု အားခဲထားလေ၏။ မြောင်းမြမြို့စားလောက်ဖြားသည် သား၊ သမက် ဗိုလ်ပါများနှင့် ရေတပ်မှချီ၍ ဒဂုန် ၂ ၌စောင့်နေ၏။

၁။ ခရောက် ဟူသည် ခရာင်ကြောလမ်း၊ ခရောင်ကြား ဟု အနက်ရ၏။

၂။ မွန်ဘာသာ ဆိုင် မှ ဒဂုံ။ သဏ္ဌာန် ခေါင်ဒုန်ခွေ ဒဂုံ၌ ဂုံကုန်ကြီး၍ ပြန်မာဘုရင် အင်လောင်းမင်းကရာကြီးက အမည်ပြောင်း မှည့်ခေါ်ခဲ့သည်ဟု ဦးကုလားမဟာရာဇဝင် စာမျက်နှာ ၃၆၆ အောက်ခြေမှတ်ချက်တွင် ဖော်ပြသည်။

www.burmeseclassic.com

www.burmeseclassic.com

ထိုအခိုက် ပန်းကျော်မြို့စောင့် မြေထဲမင်းထံမှစေသော လူရောက်လျှင် နောင်တော်မင်းနားကျယ်သည် ပန်းကျော်သို့ ပြန်လှည့်လေ၏။ ညီတော်မင်းဆွေလည်း ပန်းကျော်သို့ စစ်ကူလိုက်ခဲ့လေ၏။

ယင်းသောအခါ ကင်းစောင့်အမတ် မဟာသာမွန်က "တာလိမ်တွင် အင်းဝစစ်တပ်ချနေကြောင်း"ဟူ၍ လျှောက်လာလျှင် ရာဇာဓိရာဇ်သည် မြေထဲတပ်ကို အပြင်းတိုက်ပြန်၏။ ပျက်အောင် မတိုက်နိုင်ရှိလျှင် စစ်ညှပ်ခံရမည်စိုး၍ ဆုတ်ခွေ၏။ မြေထဲတပ်လည်း ထွက်တိုက်၏။ ရာဇာဓိရာဇ်သည် လွင်ပြင်သို့ ထွက်ရလေ၏။

ထိုအခါ အိမ်ရှေ့မင်း မင်းနားကျယ်တပ်လည်း ရောက်လာလျှင် ရာဇာဓိရာဇ်တပ်နှင့်တွေ့သော် ရာဇာဓိရာဇ်သည် အဒရောင်ဟူသော ဆင်ကိုစီး၍ မြင်းတပ်ကို ခံတိုက်၏။ မြင်းတပ်သားတို့လည်း ထပ်၍လိုက်ရာတွင် အထွေးထွေး ရှိလေ၏။ မင်းနားကျယ်ဘက်မှ မြင်းခြောက်စီး ကျလေ၏။ ရာဇာဓိရာဇ်ဘက်မှ လူ ၅၀ ကျော် သေလေ၏။ ရာဇာဓိရာဇ်စီးသောဆင်လည်း အမြီးပြတ်လေ၏။ သို့ဖြစ်သောကြောင့် စစ်ကိုရပ်၍ အပြင်းပြန်ပြေးလေ၏။ ရာဇာဓိရာဇ်လည်း မြို့သို့ဝင်ပြီး အင်အားဖြည့်ကာနေ၏။

ထိုအခါ ရာဇပုရောဟိတ်က "အင်းဝစစ်သည် တာလိမ်တွင် တပ်ချသဖြင့် တာလိုင်း(တာလေင်)[၁] ဖြစ်၍ တပ်ပျက်လိမ့်မည်။ ကြာပန်းကိန်းနှင့် ဒိဋ္ဌနက္ခတ်အလို အရ အရှင်မင်းကြီးတွင် စုတ်လာဘ်ကောင်းသည်။ အရှင်၏စုတ်ကြွင်းဂဏန်းသည် မေသ (သိုး–ဆိတ်)၌တည်၏။ ဤအချိန်အခါသမယ၊ နေ့ကောင်းတွင် ထွက်တိုက်ပါက မုချ အောင်မြင်ရမည်။ ကျွန်ုပ်ဟောတိုင်း မမှန်ခဲ့သော် ရာဒဏ် ခံပါမည်"ဟုလျှောက်၏။

ရာဇာဓိရာဇ်လည်း ယုံကြည်တော်မူ၏။ စိတ်ဓာတ်တက်ကြွစွာဖြင့် ဆင်ထက်တက်ကာ စစ်သည်တစ်သောင်းကျော်နှင့် မြို့မှထွက်၍ ချီလေ၏။ ယင်းသို့စစ်ချီစဉ် ရာဇာဓိရာဇ်ဆောင်းသော ထီးဖြူသည် လေခတ်၍ မြေသို့ကျ၏။ သို့မြင်သောနိမိတ်ကြောင့် မတိုက်ဘဲ ရပ်တန့်နေ၏။ "သည်နိမိတ်ကောင်းလှသည်။ တိုက်တော်မူက အောင်မည်မချွတ်"ဟု ရာဇပုရောဟိတ်က လျှောက်ပြန်၏။ "ပသို့ကြောင့်ဆိုသနည်း" မေးသော် "ထီးဖြူတော်မြေသို့ကျ၍ အုပ်သည်မှာ ရေငြေအလုံးကို ပိုင်ရမည်ဟု နတ်ဒေဝါတို့က နိမိတ်ပြမြွှင့်ဖြစ်သည်"ဟု လျှောက်၏။ ထို့ကြောင့် ရာဇာဓိရာဇ်သည် လှုံ့ဆော်မှုနှစ်မြှာ စစ်ချီတော်သည်။ ရဟန်းသံဃာများသည် ကျိုက်မရး(ခို်ကျာ်)[၂] ထက် တက်၍ ကြည့်ရှုကြကုန်၏။

၁။ တာလေင်–တာပျက်ဟူ၍လည်းကောင်း။ ထန်းပျက်ဟူ၍လည်းကောင်း အနက်ထွက်၏။ ပါဠို–တာ–မှ မွန်တွင်–တာ။ မြန်မာ–ထန်း–ဖြစ်၏။

၂။ မြန်မာပေဠာ–သဘော်ဘုရားဟုဆို၏။

www.burmeseclassic.com

ထိုအခါ မင်းကြီးစွာ၏သားတော်ကြီး မင်းနားကျယ်က ချောင်းတစ်ဖက်ကမ်းရှိ ညီတော်မင်းဆွေထံ လူလွှတ်၍ "ပဲခူးစစ်သည် အောင်ကြောင်းမင်္ဂလာ အားခွန်မရှိဘဲကို မြို့ပြင်သို့ထွက်သည့်အကြောင်းမရှိ၊ ချောင်းကို ကူးမလာနှင့်ဦး" ဟု တားစေ၏။ တစ်ဖက်ကမ်း၌ တပ်မှူးချုပ်ဖြစ်သော မင်းဆွေသည် နောင်တော်ကိုမျက်၍ မလိုက်နာဘဲ "ငါတို့ ယခုစစ်ချီခဲ့သည်မှာ ပဲခူးကို တိုက်ရန်မဟုတ်လော။ မင်းသားဗညားနွဲ့ကိုလိုရ၍ အင်းဝမှ စစ်ချီခဲ့သည်။ သူ့အားမြင်ပြီးမှ မတိုက်နှင့်ဦးဆိုသည်ကို ငါမနေပြီ" ဟုဆို၍ ချောင်းကို ကူး၏။ မင်းဆွေတပ် ချောင်းကူးသည်ကို ရာဇာဓိရာဇ်သည် ချက်ကောင်းယူ၍ ဖြတ်တိုက်သဖြင့် မင်းဆွေကပ် ပျက်လေ၏။

နောင်တော် မင်းနားကျယ်လည်း စစ်သည်အင်အား မတန်သောကြောင့် စိစိမလိုက်။ မကူဝံ့။ စစ်နတ်၍ ပြန်လှည့်ပြန်သည်။ မြောင်းမြစား လောက်ဖြားလည်း အင်းဝစစ်ပျက်၍ လှည့်ပြန်ပြီဟုကြားလျှင် ရာဇာဓိရာဇ်အား ကြောက်လန့်သဖြင့် ရေကြောင်းတွင် လှေဦးလှည့်ကာ ပြန်လေ၏။

အင်းဝစစ်နှင့် မြောင်းမြစစ်တပ်များ ဖရိုဖရဲဖြစ်၍ လှည့်ပြန်ပြီးသော် ရာဇာဓိရာဇ်သည် မှူးမတ်သေနာပတိများနှင့် ဆွေးနွေးတိုင်ပင်၏။ "ယခု ငါ့ခမည်းတော်၏ကျွန် မြောင်းမြစားလောက်ဖြားသည် သစ္စာမစောင့်၊ မဖြောင့်မတ်။ ငါ့အား ပုန်ကန်သည်။ အင်းဝသို့စာပို့၍ ကုန်းချောသည်။ မြို့ရွာဆူပူအောင်ပြုသည်။ လူသူများ သမာဓိမရှိအောင် မငြိမ်သက်အောင် ပြုသည်။ ငါတို့လည်း အင်းဝမင်းထံ ရာဇသံစာစေမှ တော်မည်" ဟု မိန့်ပြီး အမတ်ဗိုက်ည(ဗိုတ်ည)နှင့် စောထွတ်(စထောတ်)တို့အား အင်းဝသို့ စာနှင့် စေ၏။ ရာဇသံကား –

"ဟံသာဝတီပြည့်ရှင် ဆင်ဖြူရှင်၏သားတော် ကျွန်ုပ်ရာဇာဓိရာဇ်က အင်းဝပြည့်ရှင် ရွှေနန်းသခင်ဖြစ်သော ကျွန်ုပ်၏ဘကြီးတော်အား ကြားလျှောက်အပ်သည်။ ကျွန်ုပ်၏ဖခမည်းတော် ဆင်ဖြူရှင်သည် မနုဿလူ့ဘုံ၏ သုခစည်းစိမ်ချမ်းသာကို အပြည့်အဝ ခံစားပြီးနောက် ဟံသာဝတီပြည်၏ ထီးဖြူတော်ကို ချန်ခဲ့၍ နတ်တို့၏ စည်းစိမ်ချမ်းသာကို စံစားရန် ကြွမြန်းခဲ့ပါသည်။ ခမည်းတော်၏အရိုက်အရာကို ကျွန်ုပ် ဆက်ခံပါသည်။ ရာဇာဓိရာဇ်ဟူသောဘွဲ့ခံလျက် ဟံသာဝတီပြည်၌ နေရာဒေသမင်းမြို့၍ ထီးဖြူကို စိုးမိုးပါသည်။ မြေတိုင်းဘုရား၏ သာသနာတော်ကို စောင့်ရှောက်၍ လူသတ္တဝါအပေါင်းတို့အား ရှေးဒေသရာဇဓမ္မသီလတို့၏ အစဉ်အလာအတိုင်း အုပ်ချုပ်နေပါသည်။ ယခု မြောင်းမြစားလောက်ဖြားသည် လူ့အကုသိုလ်ဖြစ်သည်။ မိတ်ဆယ်ပါးဂုဏ်ကိုမသိ၊ ကျွန်ုပ်၏ခမည်းတော်သည် လူ့အားမြို့ရွာများကို စားစေမပါလျက် ထိုကျေးဇူးဂုဏ်ကိုမထောက်ဘဲ သူ့ခမည်းတော်

www.burmeseclassic.com

ရှိစဉ်ကပင် ပုန်စားခဲ့ဖူးသည်။ ယခု ကျွန်ုပ်မင်းလုပ်ပြန်လျှင်လည်း သူက မနာလိုဝန်တိုသည်။ လောက်ဖြားသည် လူယုတ်မာ၊ လူ့မိစ္ဆာဒီဋ္ဌိဖြစ်သည်။ အင်းဝရွှေနန်းရှင် ဘကြီးတော်နှင့် ကျွန်ုပ်အကြားဝယ် ကုန်းချောစာရေး၍ စစ်ချီခဲ့စေသည်။ မြို့ရွာဆူပူစေသည်။ အရည်းရဟန်းများအား သမာဓိ မတည်မငြိမ်အောင် စာသင်ပျက်အောင် ပြုမူသည်။ တိုင်းနိုင်ငံမြို့ရွာအဝန်းရှိ လူသူများသည် ဒါန၊ သီလ၊ ဘာဝနာတရား ပွားများနေကြသည်ကို ပျက်ပြယ်ပြတ်တောက်သွားအောင် ပြုမူသည်။ လောက်ဖြားလို လူ့မိစ္ဆာဒီဋ္ဌိ၏ စကားကို ယုံကြည်သောအကြင်ပုဂ္ဂိုလ်သည် လောကီလောကုတ္တရာ နစ်ဖြာစလုံးတွင် နစ်မွန်းပျက်စီးရမည် မချွတ်ပေ။ အင်းဝ ရွှေနန်းရှင်ဖြစ်သော ဘကြီးတော်အား ကျွန်ုပ်၏ခမည်းတော်ကိုယ်စား ကျွန်ုပ်မှတ်ပါသည်။ ရွှေနန်းရှင်၏သားတော် မင်းညီနောင်နှစ်ပါးတို့သည် ကျွန်ုပ်၏မြို့ရွာသို့ ဆင်းခဲ့စဉ်က ညီတော်၊ နောင်တော်တို့၏ ဝတ္တရားအလျောက် ကျွန်ုပ်သည် သူတို့အား လက်ဆောင်ပစ္စည်းများပေးရန် ကြိုးစားခဲ့သည်။ သို့သော် သူတို့သည် အဆောတလျင် ပြန်နှင့်ကြသဖြင့် မမီလိုက်ခြင်းဖြစ်သည်။ သို့ဖြစ်ပါ၍ အမတ် ဗိုက်ည ဦးဆောင်သော ကျွန်ုပ်၏တမန်တော်လက်သို့ လက်ဆောင်ပစ္စည်းများကို ရွှေနန်းရှင် ဘကြီးတော်ထံသို့ ဆက်သအပ်ပါသည်"

ယင်းစာနှင့်အတူ ကတ္တီပါ၊ သက္ကလတ်၊ ခါသာပိတ်အုပ်များ၊ ရွှေငွေရတနာများစွာကို ပို့စေ၏။ အမတ်ဗိုက်ညနှင့် သမိန်စောထွတ်တို့လည်း ရာဇသံ၊ စာနှင့် လက်ဆောင်ပစ္စည်းများကို အင်းဝသို့ ဆောင်ယူသွား၍ ရောက်လျှင် မင်းကြီးစွာစော်ကဲထံ ဆက်သကြလေ၏။

အင်းဝပြည့်ရှင်သည် ရာဇာဓိရာဇ်၏ ရာဇသံစာကိုရလျှင် စိတ်တွင်း၌ ရုက်တော်မူ၏။ "ထောင်းသည်မနာ၊ ပြောသည်နာ* ဆိုသည့်စကားကဲ့သို့ ငါ့ကိုနှိပ်စက်၍ ဆိုလာသည်။ ရှေ့သို့ သူ့အခြေ ပို၍ခိုင်ခဲ့လာသော် ပုသိမ်၊ မြောင်းမြနှင့် မုတ္တမတို့သည် သူ့လက်ဝင် ဖြစ်ချိမ့်မည်"ဟု တမန်တော်များရှေ့တွင် မိန့်တော်မူ၏။ မင်းကြီးစွာစော်ကဲလည်း သင့်လျော်သော လက်ဆောင်ပစ္စည်းများဖြင့် တဲ့ပြန်၍ တမန်တော်များအား ပြန်လွှတ်တော်မူ၏။ အပတ်ဗိုက်ညနှင့် သမိန်စောထွတ်တို့လည်း ပဲခူးသို့ ပြန်ကြလေ၏။ အင်းဝမင်းထံမှ အမှာစာနှင့် အမှာစကား ပေးခဲ့ပေ။

---

* မြန်မာမှုများတွင် =“နာသောဓနက် သိပ်နယ်စကား”ဟုရေးသည်။ ဦးကုလားမာ ရာဇဝင်နှင့် သုသောဓိတရာဇဝင်တွင် “ထောင်းသည် မနာ-ကြိတ်သည် နာဆိုသကဲ့သို့”ဟုလာ၏။

www.burmeseclassic.com

www.burmeseclassic.com

မြောင်းမြစား သမိန်လောက်ဖြားသည် အင်းဝပြည့်ရှင်ထံ ရာဇာဓိရာဇ်က သံတမန်စေကြောင်းကိုကြားလျှင် လက်ဆောင်ပဏ္ဏာများနှင့် သမက်တစ်ယောက်ကို အဆောတလျင် အင်းဝဘုရင်ထံ လွှတ်ပြန်၏။ စေသည့်စာကား-

"ကျွန်ုပ်မြောင်းမြစား သမိန်လောက်ဖြားက အင်းဝပြည့်ရှင် မင်းကြီးစွာထံ ရှိခိုးသံတော်ဦး တင်ပုံပါသည်ဘုရား။ ယခင်က သားတော်နှစ်ပါးသည်ဆင်၊မြင်း အလုံးအရင်းနှင့် ချီခဲ့ရာတွင် ကျွန်ုပ်လည်း မမိခင်၊ သားတော်နှစ်ပါးလည်း အညီအညွတ်မရှိခင် ရာဇာဓိရာဇ်တို့က်လေသောကြောင့် စစ်မလှဘဲ ရှိခဲ့ရလေသည်။ ပေးသည့်အပြစ်တော်ကို ကျွန်ုပ်ခံပါတော့သည်။ သည်တစ်ကြိမ် အရှင်မင်းကြီး ကိုယ်တော်တိုင်ချီ၍ အလွဲဟူသောအရပ်တွင် နေတော်မူပါ။ ကျွန်ုပ်သည် အရှင်မင်းကြီး၏ခြေတော်ရင်းသို့ အရောက်လာပါမည်။ ကျွန်ုပ်နှင့် အရှင်မင်းကြီးတို့ စုပေါင်းမိကြလျှင် လိုင်မြို့ကိုတိုက်မည်။ လိုင်ကိုရလျှင် မော်ဘီကိုတိုက်မည်။ မော်ဘီကိုရလျှင် ဒလမြို့ကိုတိုက်မည်။ ဒလမြို့ကိုရလျှင် ဒဂုန်မြို့ကိုတိုက်မည်။ ဒဂုန်မြို့ကိုရပြီးလျှင် ပဲခူးကိုတိုက်သော် ဗညားနွဲ့ခံနိုင်မည်လော။ ပဲခူးကိုလည်း လွယ်ကာသာ ရတော်မူမည်ဘုရား"

လောက်ဖြား၏စာကိုရလျှင် မင်းကြီးစွာသည် ရှေ့နောက် မဆင်ခြင် မစဉ်းစားဘဲ မှူးမတ်သေနာပတိ၊ မြို့စားရွာစားများအားခေါ်၍ စုရုံးတော်မူ၏။ သားတော်ကြီး အိမ်ရှေ့မင်းကိုကြည်းတပ်မှူးချုပ် ခန့်တော်မူပြီး ဆင်၊မြင်း၊ ဗိုလ်ပါများစွာနှင့် ချီ[1] တော်မူ၏။

မင်းကြီးစွာစော်ကဲလည်း ရွှေဖောင်တော်ကိုစီး၍ ရေတပ်ဖြင့် ချီတော်မူရာ သံလှေ၊ လှော်ကားလှေ၊ ကြော့လှေ၊ ကူရွပ်၊ သမ္ဗန်၊ ကတ္တူ။ လွန်းကြင်တိုက်လှေ တစ်ထောင့်နှစ်ရာမျှ ပါဝင်၏။ ပြင်စည်မင်း မင်းဆွေကို မြို့စောင့်ထားတော်မူ၏။

မင်းကြီးစွာစော်ကဲသည် အလွဲသို့ရောက်လျှင် မြောင်းမြစားလည်း ဗိုလ်ပါများနှင့် သဘော်ဘင်းစီး၊ ရဲလှေခုနစ်ဆယ်၊ လှော်ကား၊ ကြော့လှေနှစ်ရာလောက်နှင့် အရောက်ကြိုလာ၏။

ရာဇာဓိရာဇ်သည် အမတ်ဒိန်တစ်တပ်၊ သမိန်ရဲသင်ရဲတစ်တပ်၊ တိုက်ဆင် ၂၀၊ ဗိုလ်ပါ ငါးထောင်နှင့် လိုင်တွင် ခံနေစေ၏။ အမတ်ဒိန်၏ အစီအရင် ခိုင်ခံ့ကောင်းမွန်သဖြင့် အင်းဝစစ်သည် တစ်လကျော်မျှကြာအောင် တိုက်သော်လည်း လိုင်မြို့ကို မရနိုင်ချေ။

၁။ သုသောဓိတမဟာရာဇဝင်တွင် သက္ကရာဇ် ၇၄၉-ခုနှစ်တွင် စစ်ချီသည်ဟု ပြ၏။

www.burmeseclassic.com

www.burmeseclassic.com

အင်းဝစစ်သည် လောက်ဖြားဏ် ရေတပ်အင်အားများနှင့်ပေါင်း၍ စစ်မျက်နှာများစွာဖွင့်လျက် ချီလာသည်ကိုကြားရလျှင် ရာဇာဓိရာဇ်လည်း စစ်သည်ဗိုလ်ပါများနှင့် ချီလာ ၏။ ရာဇာဓိရာဇ်သည် အရားလဗုန်(အရားလဗုန်)[၁] ဟူသောဆင်ကိုစီး၍ သူရဲ့ခုနစ်ရာနှင့် မော်ဘီတွင် တပ်ချနေသော ပင်းယစား၊ ပင်လယ်စားတပ်တို့ကို လှည့်လည်၍ ကြည့် တော်မူ၏။ ထိုအခါ ပင်းယစားဘက်မှ "ဟယ်... ဗညားနွဲ့၊ ငါတို့ကို နင်တိုက်ဝံ့မည်လော၊ တိုက်ဝံ့လျှင် တံခါးဖွင့်ပေးမည်"ဟု ဆိုလေ၏။ "မင်းတို့ဖွင့်ဝံ့လျှင် ဖွင့်စမ်းပါ။ ငါတိုက်မည်"ဟု ရာဇာဓိရာဇ်ဆို၏။ ပင်းယစားနှင့် ပင်လယ်စားတို့သည် ပြစီးတက်စီး ခံပြီး မား၊လှံ၊လက်နက်ကိရိယာများကို အသင့်စီရင်၍ တပ်ကိုစည်းကြပ်လျက် ဆင်မြင်းကို ကတင်ပြီးလျှင် တံခါးကို ဖွင့်လေ၏။

မော်ဘီမြို့တံခါးကိုဖွင့်လျှင်ရာဇာဓိရာဇ်လည်းသူရဲ-၇၀၀နှင့်"ဟူး...ဟူး"အော်ကာ ဝင်၍ အပြင်းတိုက်လေ၏။ ဝင်မိလျှင် တပ်အားလုံးကို မီးတင်တိုက်၏။ မြို့တွင်းမှလည်း မိုးရွာသကဲ့သို့ ပစ်ခတ်ထိုးခုတ်ကြ၏။ အင်အားမတန်သဖြင့် ပင်းယစားနှင့် ပင်လယ်စားတို့မှာ တပ်ရွေ့ကာ ဆုတ်ခွာရလေ၏။ အင်းဝစစ်သည်တော်တို့လည်း အများပင် ထိပါးရှုနချေ၏။ ရာဇာဓိရာဇ်၏ နောက်ချန်တပ်များသည် ထပ်၍ဝင်လာသဖြင့် မော်ဘီမြို့ကို ရာဇာဓိရာဇ်ရလေ၏။ အင်းဝစစ်သည်လည်း မော်ဘီမြို့မှ ထွက်ခွာရလေ၏။

ဘုရင်မင်းကြီးစွာစော်ကဲလည်း မော်ဘီတွင် ပင်းယစားနှင့် ပင်လယ်စားတို့၏ တပ်များပျက်၍ ဆုတ်ခဲ့ရကြောင်းကို ကြားတော်မူလျှင် မသက်မသာ ရှိတော်မူ၏။ မြောင်းမြစားလောက်ဖြားလည်း ရာဇာဓိရာဇ်ကို ရှဲ့ချေ၍ "ကျွန်ုပ်တို့ လိုင်တွင်နေရသည်မှာ ရေတိမ်လှသည်။ ရေနက်ရာသို့ ရွှေ့လိုသည်"ဟု လျှောက်၏။ "နေတော့"ဟု မိန့်တော်မူလျှင် လှေဦးလှည့်၍ ပန်းလိုင်သို့ ဆုတ်ခွာလေ၏။

ရာဇာဓိရာဇ်လည်း ဖမ်းမိထားသော အင်းဝကင်းသမားသုံးယောက်ရှေ့တွင် "ဘုရင်မင်းကြီးစွာစော်ကဲသည် ငါက လက်ဆောင်ပဏ္ဏာများနှင့် တမန်တော်လွှတ်ခဲ့သည်ကို စကားတစ်ခွန်းမျှ မပြန်ပါ။ သူပုန်၊သူကန်စကားကိုယူ၍ ချီလာသည်။ မြို့၊ ရွာဆူပူအောင်ပြုသည်။ ရဟန်းသံဃာများအား မငြိမ်မသက်အောင်ပြုသည်။ သည်တစ်ကြိမ် အခြားတပ်ကို ငါမတိုက်ဘဲ မင်းကြီးစွာစော်ကဲ၏တပ်ကိုသာ ဦးတည်၍ ဝင်တိုက်တော့မည်။ မင်းကြီးစွာစော်ကဲအား အရဖမ်းယူတော့မည်"ဟု ကြိမ်းမောင်း ကြုံးဝါးတော်မူ၏။

၁။ မြန်မာပေမူတွင် ရဲလပုံဟူသောဆင် ဟုဆို၏။ သုသောဓိတမဟာရာဇဝင်တွင် ပြလမူဟူသောဆင်ကိုစီး၏ဟုလာ၏။

www.burmeseclassic.com

ထို့နောက် အင်းဝကင်းသမားသုံးယောက်တို့အား ယုံကြည်လေဟန်ပြု၍ လွှတ်ထား၏။ သူတို့သုံးယောက်လည်း မင်းကြီးစွာစော်ကဲတပ်ရှိရာသို့ ထွက်ပြေးလေ၏။ ရောက်လျှင် ရာဇာဓိရာဇ် ကြုံးဝါးသည့်စကားများကို မင်းကြီးစွာထံ တင်လျှောက်လေ၏။

အင်းဝပြည့်ရှင် မင်းကြီးစွာစော်ကဲလည်း ရာဇာဓိရာဇ်တပ်မှ လွတ်မြောက်လာသော ကင်းသမားသုံးယောက်တို့၏စကားကို ကြားရလျှင် ကြက်သီးမွေးညင်းထ၍ ပူပန်မိ၏။ မှူးမတ်သေနာပတိများကို ခေါ်၍ တိုင်ပင်၏။ "ရာဇာဓိရာဇ်တပ်ချီလာလျှင် ငါတို့တပ်တွင်းမှ ခံသင့်မည်လော၊ တပ်ပြင်ထွက်၍ ခံသင့်မည်လော"ဟု မေးတော်မူ၏။ မြင်စိုင်းမင်းက "အပသုံငယ် ရဲဝံ့လျှင် တပ်သို့ ကပ်လာပါစေ။ သည်တော့မှ ကျွန်ုပ်တို့ လွယ်ကာသာနိုင်ရမည်"ဟု လျှောက်သော်လည်း မင်းကြီးစွာမှာ စိတ်ဓာတ်ကျနေသဖြင့် "မြောင်းမြစားလောက်ဖြားသည် စကားသာကောင်းသည်။ တိုက်ဖော်လည်းမရ။ သည်မှာရေတိမ်လှ၏ဆို၍ ဆုတ်ပြေးပြီ။ ငါတို့မှာ နာဖျားသူ များသည်။ ဖြုတ်၊ ခြင်၊ ယင်ရဲလည်း များလှသည်။ ငါတို့ တပ်ပြောင်းမည်"ဟု မိန့်တော်မူ၍ အခြားသို့ ပြောင်းလေ၏။ များမကြာမီ သားတော် မင်းနားကျယ်နှင့်တိုင်ပင်၍ မှူးမတ်များကလည်း သင့်လှပြီဟု ဆိုသဖြင့် အင်းဝသို့ အစဉ်အတိုင်း ပြန်တော်မူ၏။

အင်းဝပြည့်ရှင် မင်းကြီးစွာစော်ကဲ၏စစ်တပ် ရုပ်သိမ်း၍ ပြန်ပြီးသည့်နောက် ရာဇာဓိရာဇ်သည် မှူးမတ်၊သေနာပတိများနှင့် တိုင်ပင်၏။ "အရှေ့ဘက် ၃၂ မြို့တွင် သူပုန်၊သူကန်တွေကို ငါတို့ မနှိမ်နင်းရသေး။ မရှင်းလင်းရသေး။ ငါတို့စစ်အင်အား စုရုံးပြီးလျှင် အရှေ့ဘက်တစ်လွှားသို့ချီ၍ မြို့ရွာအသီးသီးရှိ ပုန်ကန်သူများအား ရှင်းလင်းနှိမ်နင်းမည်"ဟု မိန့်တော်မူ၏။

ထို့နောက် ဒုန်ဝန်းသို့ ချီတော်မူ၏။ ဒုန်ဝန်းမြို့ကို တိုက်မည်ဟု ပြုပြင်စီမံစဉ်၌ ဒုန်ဝန်းမြို့စားသံလှစ်က "ဒုန်ဝန်းမြို့သည် သူပုန်၊သူကန်လက်မှ ကျွန်ုပ်လုပ်ကြံ၍ တိုက်ယူခဲ့ရသည်။ ကျွန်ုပ်သည် သူပုန်မဟုတ်ပါ။ မုတ္တမ၊ လဝွန်းဗျည်း၊ သံမောင်(ခမိုင်)၊ တရည်း(ကြော်ဝ်)မြို့စားများသာ သူပုန်၊သူကန်ဖြစ်ကြသည်။ထိုမြို့များကို လုပ်ကြံတော်မူဦး။ ချီတော်မူသည့်ခရီးလမ်းကို ကျွန်ုပ်က မပိတ်မဆို့။ သည်မြို့များကို ရတော်မူပါက ကျွန်ုပ်သည် အရှင်မင်းကြီး၏ ခြေတော်ရင်း၌ သစ္စာခံ၍ ကျွန်ုပြုပါမည်။ အရှင်မင်းကြီးကို ကျွန်ုပ် ခံနိုင်မည်လော"ဟု လျှောက်လာစေ၏။

သံလှစ်၏စကားကို ကြားပြီးနောက် ရာဇာဓိရာဇ်သည် မှူးမတ်များနှင့် ဆွေးနွေး၏။ "ဒုန်ဝန်းမြို့သည် ခရီးကျဉ်းမြောင်းလှသည်။ အလုပ်အကြံလည်းခက်ချေသည်၊ သံလှစ်လည်း ငါ့ခရီးကို မဟန့်မဆီးဝံ့။ ကျွန်ုခံမည်ဟု လျှောက်လာစေသည်ဖြစ်၍ ဒုန်ဝန်းနှင့် တိုက်ကုလားမြို့ရှိ လေ့များကို သိမ်းယူချေ။ ရိက္ခာများတင်ပြီး ပန်းကဒိုင်(ပါင်ကျိုင်)တွင် နေစေ။ ကြည်းတပ်၊ရေတပ်ဖြင့်ညှပ်၍ တရည်းမြို့ကို ငါတို့လုပ်ကြံမည်"ဟု မိန့်တော်မူ၏။

www.burmeseclassic.com

ယင်းသောအခါ ဗြတ်ထဗ၏ သမက်၊ လောက်ဖြား၏သားဖြစ်သော စောအဲဗညား (စအဲဗညာ)သည် တရည်းမြို့ကို စားသည်။ စောအဲဗညားသည် မြောင်းမြသို့ ခေတ္တရောက်နေသဖြင့် တရည်းဥ်မရှိ။ အဲဗြဗုန် (အဲဗြဓုန်)၏သား ဘောလဂွန်း(ဘဝ်လွန်) သာလျှင် တရည်းမြို့ကို ရိက္ခာသွင်း၍ နေနှင့်သည်။ ၎င်းသည် ရာဇာဓိရာဇ်တပ်ချီလာသည်ကို မခံဝံ့၍ မုတ္တမသို့ ပြေးလေ၏။

တရည်းမြို့ကို ရာဇာဓိရာဇ်ရလျှင် သံမောင်မြို့စား 'မကြိုင်း'(မကြင်)သည် ကြောက်၍ ရာဇာဓိရာဇ်ထံ ကျွန်ခံ၏။ မကြိုင်းကို သစ္စာရေတိုက်ပြီးလျှင် သံမောင်မြို့စားအဖြစ်ပင် ထားတော်မူ၏။ တရည်းမြို့တွင် အမတ်ကြီးသမိန်သံဖြတ် (သို့)သံပြာပ်[1] ကို ဗိုလ်ပါငါးထောင်နှင့်ထား၍ ရာဇာဓိရာဇ် ပြန်လှည့်တော်မူ၏။

ရာဇာဓိရာဇ်ပြန်လှည့်လျှင် မုတ္တမမော်လမြိုင်စားတို့သည် တရည်းစား သံဖြတ်ကို အကြိမ်ကြိမ် ဝင်တိုက်လေ၏။ သမိန်သံဖြတ်တွင် ခစားနေသော သူရဲကောင်း'မသံလုံ' (မသာ်လုံ)သည် တိုက်လာတိုင်းပင် ခုခံတွန်းလှန်နိုင်လေသည်။ တရည်းမြို့ကိုလုပ်ကြံသော ရန်သူများအား ခုခံရာ၌ အောင်ပွဲရဖန်များသည်ကို ကြားလျှင် 'မသံလုံ'အား မပြတ်ပင် ရာဇာဓိရာဇ်က ဆုလာဘ်များ ပို့လာစေ၏။

ရာဇာဓိရာဇ်သည် ဒုန်ဝန်းမြို့သို့ ပြန်၍ လုပ်ကြံသည်။ သမိန်သံလှစ် ခုခံတိုက်သဖြင့် ရဲမက်၊ ဗိုလ်ပါများစွာ ထိခိုက်ရှုံးနေလေ၏။ ရာဇာဓိရာဇ်က သူရဲကိုဟစ်၍ "ဟယ် သံလှစ်၊ နင့်သမီး ကေသရာဝတီ သည်တစ်ကြိမ် စပါးထောင်း ရေခပ်ရတော့မည်"ဟုဆိုလျှင် သံလှစ်ကလည်း "ငါ့သမက် ဆင်းရဲသောကြောင့် ငါ့သမီးသည် စပါးထောင်းရေခပ်၍ လင်ကို လုပ်ကျွေးသည်မှာ သူကောင်းသမီး ဝိပေသည်။ အကျင့်မြတ်သူပင်တကား"ဟု ချေပ၍ ဟစ်လာသည်။

ထို့နောက် ရာဇာဓိရာဇ်သည် အကြံရ၍ ရဲသင်ရဲအား "မင်းနှင့် သံလှစ်ကား ငယ်ပေါင်းသွေးသောက် ဖြစ်ကြသည်။ ငါ့ကျွန်ဖြစ်အောင် မင်းလှည့်ဖြား၍ ဆိုချေ"ဟု မိန့်၏။ ရဲသင်ရဲလည်း အာမခံပြီး မိုးသောက်လျှင် သံလှစ်နေသည့်မြို့ပြသို့ ချဉ်းကပ်၍ ခေါ်မေး၏။ သံလှစ်လည်း ထူး၏။ "သည်မှာ ငါရှိသည်သူငယ်ချင်း ဝင်ခဲ့ပါ"ဟု ဆို၏။ ရဲသင်ရဲက "ဟေး သူငယ်ချင်း နင်ရူးနေသလော။ ရာဇာဓိရာဇ်သည် နင့်သခင်၊ ငါ့သခင် ဆင်ဖြူရှင်၏ သားတော်ပေတကား။ ပသို့ဖြစ်၍ ခြေရင်းတော်သို့ နင်မလာရောက်သနည်း"ဟု ဆို၏။

သံလှစ်က "ဟေး– သွေးသောက်၊ ဗြတ်ထဗ၊ လောက်ဖြားတို့ ပုန်စားကြသည်ကား အဖြတ်[2] ဟူသည့် ဆင်တော်ကို မစီးရ။ ငါမူကား သူ့ရှင်၏ အဖြတ်ဆင်ကိုလည်း စီးရသည်။ ဒုန်ဝန်းကိုလည်း စားရသည်။ သံလှစ်ဟူသောဘွဲ့လည်း ရသည်။ သည်အလို

၁။ မြန်မာပေမူနှင့် ပုံနှိပ်မူတွင် သံလံ ဟု လာ၏။

၂။ အဖြာတ် (ငှက်ပျော)။

www.burmeseclassic.com

www.burmeseclassic.com

သုံးပါးနှင့် ပြည့်စုံနေပါလျက် ဗညားနွဲ့အား ငါရှိခိုးရဦးမည်လော”ဟု ဆို၏။ ရဲသင်ရဲက “သွေးသောက် နင် သည်လိုပြောဖို့မသင့်။ တစ်ပါးသူကို မရှိခိုးလိုသော် နေစေဦး။ ရာဇာဓိရာဇ်မူကား နင့်သခင် ဆင်ဖြူရှင်၏သားပေတကား”ဟု ဆိုပြန်၏။ သံလွှစ်လည်း သွေးသောက်၊ နင် ရှည်ရှည်ဝေးဝေး ပြောမနေနှင့်။ သောက်စားလိုက ဝင်ခဲ့ပါ”ဟု ခေါ်လေ၏။ “နင့်အတွက် လက်ဆောင်မပါ၍ ငါမဝင်သေး။ နောက်မှ ငါ အရက်သောက်ဖို့ လာခဲ့ဦးမည်”ဟုဆို၍ ပြန်လေ၏။

ရာဇာဓိရာဇ်ထံသို့ပြန်၍ အကျိုးအကြောင်း တင်လျှောက်၏။ “သံလွှစ်ယုံကြည်အောင်ပြုပြီးမှ အနိုင်ယူပါမည်။ ဒုန်ဝန်းမြို့သည် အရှင်မင်းကြီး၏ ရွှေဖဝါးတော်အောက်မှ လွတ်နိုင်ဦးမည်လော”ဟု ရဲသင်ရဲလျှောက်၏။ လက်စွပ်၊ နားတောင်း၊ ရွှေဆွဲကြိုး၊ ထန်းရွက် ယပ်တောင်များကို လက်ဆောင်အဖြစ် ရဲသင်ရဲအား ပေးလိုက်၏။ ရဲသင်ရဲလည်း လက်ဆောင်ယူ၍ သံလွှစ်ထံ မပြတ်ဝင်၍ အရက်သောက်စားလေ၏။ များမကြာမီ သံလွှစ်သည် ရဲသင်ရဲကို စိတ်ချစွာ ယုံကြည်လေ၏။

တစ်နေ့တွင် ရွှေငွေ လက်ဆောင်ပစ္စည်းများစွာနှင့်တကွ လက်နက်ဝှက်၍ သူရဲသုံးရာတို့အား ခေါ်ပြီး သူရဲအချို့ကို ထမ်းပိုးစေ၏။ သူရဲအချို့က အသားလွတ် လိုက်ပါကြ၏။ သံလွှစ်လည်း သံသယမရှိ။ ဝင်ခွင့်ပြုလေ၏။ မြို့တွင်းသို့ သူရဲသုံးရာတို့ ဝင်မိလျှင် ချိန်းချက်ထားသည့်အတိုင်းရာဇာဓိရာဇ်တပ်တွေက မြို့ပြင်မှ ဝင်တိုက်လေ၏။ မြို့တွင်း၌ ရဲသင်ရဲနှင့် သူရဲသုံးရာတို့က ခုတ်ထစ်ကြလေ၏။ မြို့တွင်း၌ များစွာသေကြလျှင် သံလွှစ်သည် အဖြတ်ဆင်ကိုစီး၍ သူရဲသုံးရာနှင့် မုတ္တမသို့ ပြေးလေ၏။ အဖြတ်ဆင်သည် မုန်ယိုစဉ်ဖြစ်၍ ရာဇာဓိရာဇ်တပ်မှ လိုက်တိုက်သော ဆင်နှံ့ရလျှင် မပြေးဘဲ လှည့်ထိုးလေ၏။ အမတ်ကြီး စောဗြလက်(စဖြလုက်)သည် ဆင်မစီး၍ ချဉ်းကပ်လျက်ထိုးရာ သံလွှစ် သေလေ၏။

ရာဇာဓိရာဇ်လည်း “မသေစေနှင့်”ဟု ပြောစေ၏။ သို့သော် မမီတော့ပေ။ သံလွှစ်သေ၍ နမြောတော်မူသဖြင့် စောဗြလက်ကို အပြစ်တင်တော်မူ၏။ “သံလွှစ်လို ကျွန်ကို အဘယ်မှာ ရချိမ့်ဦးမည်နည်း။ မြို့စွန်၊ တိုင်းစွန်ပေး၍ ငါ့ရန်ကို ကာကွယ်စေမည်ကြံသည်။ သူ့ကို ငါ နမြောလှသည်”ဟု မိန့်တော်မူ၏။

ဒုန်ဝန်းမြို့ကိုရပြီးသော် လွဂန်းဗျည်း(လွန်ဖေန်)သို့ ချီတော်မူ၏။ တရည်းမြို့မှ သမိန်သံဖြတ်(သံပြာပ်)လည်း သူရဲငါးထောင်နှင့် ချီလာ၍ ဆုံကြလျှင် “လွဂန်းဗျည်းတွင် မည်သူနေသနည်း”ဟု မေးတော်မူ၏။ “ဘောလွဂန်းစောင့်သည်”ဟု သံဖြတ်ဖြေ၏။ ရာဇာဓိရာဇ်သည် မြို့အနီးသို့ချဉ်းကပ်၍ လှည့်လည်ကြည့်သည်။ တောင်ဘက်ကျွံအနီးတွင် တဲအိမ်တစ်လုံးကိုမြင်၍ ထိုတဲတွင် မြက်နှင့် ကောက်ရိုးများကို ပုံစေ၏။ မွန်းယိမ်း လေထစဉ် မီးတိုက်စေ၏။ လေပြင်းသဖြင့် မြို့တွင်းသို့ မီးကူးစက်၍ လောင်

www.burmeseclassic.com

လေ၏။ ဘောလဂွန်းလည်း ဆင်စီး၍ မီးသတ်ရန်ထွက်၏။ ဆင်သည် မီးလန့်သဖြင့် ပြေး၏။ ရာဇာမိရာဇ်၏သူရဲတို့ လိုက်ထိုးလျှင် ဘောလဂွန်းသည် လက်နက်ထီ၍ သေလေ၏။ လဂွန်းဗျည်းမြို့ကို သူ့ရှင်ရတော်မူပြီး သံဖြတ်၌ အမှုထမ်းရာတွင် ထူးချွန်သူ "မသဲလုံ"အား သူ့ရှင် ခေါ်ယူ၏။ လဂွန်းဗျည်းမြို့ အပြင်ဘက်တွင် အမတ်သူရဲများကို စောင့်စေ၏။

ထိုညတွင် သံမောင်မြို့စား မကြိုင်း(မကြင်)သည် သစ္စာမစောင့်ဘဲ သူရဲငါးရာနှင့် ချီလာ၍ လဂွန်းဗျည်းမြို့ကို အပြင်မှဝင်တိုက်သဖြင့် မြို့ပြင်တပ် ပျက်လေ၏။ တပ်ကို မီးလောင်လျှင် ထမ်းစင်ထက်၌ မကြိုင်းကိုယ်တိုင် စီမံကွပ်ကဲသည်ကို သူ့ရှင်မြင်တော်မူ၏။ "သည်ကျွန်ပျက်၊ မကြိုင်းငယ်၏ ဦးခေါင်းကို ငါ့အား မည်သူရအောင် ယူပေးနိုင်မည်နည်း"ဟု မေးတော်မူ၏။ သမိန်သံဖြတ်၏ကျွန် "မသဲလုံ"ကြားလျှင် "ကျွန်ုပ်ရအောင်ယူ၍ အရှင်မင်းကြီးထံ ဆက်သပါမည်"ဟု လျှောက်ပြီး မသဲလုံသည် ဓားရှည်ကိုထက်အောင်သွေး၍ မြေထမင်းအိုးဟောင်းတစ်လုံးကို ခြင်း၌ထည့်ကာ ညအချိန်ထွက်လေ၏။

မကြိုင်း၏ သူရဲဟန်ဆောင်လျက် သံမောင်မြို့သို့ ဝင်လေ၏။ ရန်သူ့ဦးခေါင်းဆက်သလေဟန် ကုန်းလျက်ဝင်လေ၏။ ၎င်းအား မကြိုင်းမြင်၍မေးသော်"ရန်သူဦးခေါင်းဆက်ရန် လာပါသည်"ဟု မသဲလုံဖြေ၏။ ထိုအခါ မကြိုင်းသည် ခေါင်းထောင်၍ ခြင်းကိုကြည့်၏။ မသဲလုံသည်လည်း လျင်မြန်စွာ ခုန်ဝင်၍ မကြိုင်း၏လည်ကို ခုတ်ဖြတ်၏။ မကြိုင်း၏ဦးခေါင်းကိုရသည်နှင့် ဓားရှည်ကိုဝှေ့ကာ ခုန်ထွက်၏။ မကြိုင်း၏သူရဲများလည်း အုတ်အုတ်ကျက်ကျက် ထိတ်လန့်ကုန်သဖြင့် မည်သို့ဖြစ်သည်ကို ကောင်းစွာမသိလိုက်ကြပေ။ မသဲလုံလည်း မကြိုင်း၏သူရဲများလိုက်၍ မမီခင် မြို့ပြင်သို့ ထွက်ပြေးလွတ်မြောက်သွားလေ၏။

ယင်းညပင်လျှင် ရာဇာမိရာဇ်ထံ အရောက်လာ၍ သံမောင်မြို့စားမကြိုင်း၏ဦးခေါင်းပြတ်ကို ခြင်းမှထုတ်ကာ ရှေ့တော်သို့ လှိမ့်သွင်းလေ၏။ ရာဇာမိရာဇ်လည်း အကျိုးအကြောင်းမသိသဖြင့် ရုတ်တရက် ထိတ်လန့်၏။ သံဖြတ်က "သံမောင်မြို့စားသူပုန်မကြိုင်း၏ ဦးခေါင်းပြတ်ကို မသဲလုံရခဲ့၍ ဝင်ရောက်ဆက်သခြင်း ဖြစ်ပါသည်"ဟုလျှောက်၏။ သူ့ရှင်လည်း ဆီမီးဖြင့်ကြည့်သော် သံမောင်မြို့စားမကြိုင်း၏ ဦးခေါင်းဖြစ်ကြောင်း သိရသဖြင့် ဝမ်းမြောက်တော်မူပြီး ခေါင်းပြတ်ကို အများမြင်နိုင်ရန် တိုင်ထူ၍ ဆွဲချိတ်ထားစေသည်။ မသဲလုံကို "ယောကျ်ားကောင်းပီသပေသည်"ဟု ချီးကျူး၏။ ဆုလာဘ်ကိုကား ပေးတော်မမူ။

မသဲလုံလည်း "သူပုန်ဦးခေါင်းကို ငါဖြတ်ယူ၍ ဆက်သသည်။ သည်မျှကြီးသောအမှုကို ငါထမ်းဆောင်ခဲ့သော်လည်း ငါ့အား ဆုလာဘ်ဟူ၍ တစ်ခုမျှ မပေးပါလား"ဟု စိတ်တွင်ဆို၍ စိတ်မကျေနပ်သော်လည်း မလျှောက်ဝံ့သဖြင့် ငြိမ်သက်စွာပင် နေရလေ၏။

www.burmeseclassic.com

www.burmeseclassic.com

ရာဇာမိရာဇ်လည်း မျူးမတ်သေနာပတိများအား ခေါ်၍ မိန့်တော်မူသည်။ "ယခု ဒုန်ဝန်း၊ လင်္ဂန်းဗျည်း၊ တရည်း၊ သံမောင်မြို့များကို ငါတို့ရပြီ။ မုတ္တမနှင့် မော်လမြိုင်နှစ်မြို့သာ ကျန်တော့သည်။ သည်နှစ်မြို့ကို ပသို့ ငါတို့ နှိမ်နင်းရမည်နည်း"။ ထိုအခါ သမိန်သံဖြတ်က "ယခု ကျွန်ုပ်တို့ မရပ်မနားဘဲ အပြေးအလွှားချီ၍ မုတ္တမကို တိုက်ပါက အထိအပါး အရှုအန များလိမ့်မည်။ အရှင်မင်းကြီး၏တပ်မကို လင်္ဂန်းဗျည်း၌သာ စစ်ရေးပြ၍ တိုက်ဟန်ပြင်ဆင်လျက် နေတော်မူပါ။ ကျွန်ုပ်တို့ မျူးမတ်သေနာပတိတပ်ခုနစ်တပ်သည် ကော့ဒုန်(ကံချင်)နှင့် ကော့စိန်(ကံစိုင်)ကျွန်းဘက်သို့ကူး၍ တပ်ချမည်။ ထိုမှ တဖြည်းဖြည်းချဉ်းကပ်၍ လုပ်ကြံသော် မုတ္တမနှင့် မော်လမြိုင်တို့သည် ကျွန်ုပ်တို့လက်မှ လွတ်နိုင်မည်လော"ဟု လျှောက်တင်၏။

ရာဇာမိရာဇ်လည်း "သင့်နိုးလှပေသည်။ စစ်ရေးစစ်ရာ မှန်ပေသည်"ဟု မိန့်၍ သံဖြတ်လျှောက်သည့်အတိုင်း သမိန်သံဖြတ်တစ်တပ်၊ အမတ်ဒိန်တစ်တပ်၊ ရဲသင်ရဲတစ်တပ်၊ ဖြထဗိုက်[1] (ဖြထွိုက်)တစ်တပ်၊ အဲကောင်ဗိန်တစ်တပ်၊ အဲနရဲ(အဲနရဲ)တစ်တပ်၊ ဗိုက်ပဲ(ဗိုက်ပေဝ်)တစ်တပ်ပေါင်း ၇-တပ်ကို ဆင်၊မြင်း၊ ဗိုလ်ပါများနှင့်တကွ အရှေ့ဘက်သို့ ချီစေ၏။ ခရုံဒါဖြဆိပ်သို့ကူး၍ အသီးသီးတပ်တည်လျက် နေကြသည်။

မုတ္တမစား ဖြထဗအမည်ခံ ညီစန်နှင့် ညီများဖြစ်သူ အဲဖြဗုန်(အဲဖြဝုန်)နှင့် မော်လမြိုင်စား သမိန်ဥလို(ဥလို)တို့သည်လည်း အင်အားစုဆောင်းကြ၏။ လင်္ဂန်းဗျည်း၌ ရာဇာမိရာဇ်တပ်မှနေ၍ တပ်ခွဲ-၇-တပ်တို့အား အရှေ့ဘက်သို့ စေလွှတ်ထားသည်ကို ကြားလျှင် လှေများတွင် လက်နက်ကိရိယာများတင်၍ ဆန်တက်ကြသည်။ ညဉ့်သန်းခေါင်ယံတွင် ကြည်းသို့တက်ကြပြီး အရှေ့ဘက်တပ်များကို အပြင်းတိုက်ခိုက်ကြ၏။ ရဲသင်ရဲတပ်၊ ဖြထဗိုက်တပ်၊ အဲကောင်ဗိန်တပ်၊ အဲနရဲတပ်နှင့် ဗိုက်ပဲတပ် ငါးတပ်စလုံးပျက်လေ၏။

သမိန်သံဖြတ်နှင့် အမတ်ဒိန်တပ်နှစ်တပ်သာ မပျက်ဘဲ ခိုင်ခံ့စွာ ခံနေသည်။ အမတ်ဒိန်က "ငါတို့အား သူတို့တိုက်၍ ငါးတပ်ပျက်ချေပြီ။ ငါတို့နှစ်တပ်သာ ကြွင်းတော့သည်။ ငါတို့ ဆက်တိုက်မည်လော၊ ခွာမည်လော"ဟု သမိန်သံဖြတ်အား တိတ်တဆိတ်မေး၏။

သမိန်သံဖြတ်က "ငါးတပ်ပျက်၍ ငါတို့ခွာချေသော် မင်းဇကာရှင် အရေးတော်ပျက်ချိမ့်မည်။ ယခုလည်း ငါတို့နှစ်တပ်ကိုပျက်အောင် သူတို့ မတိုက်နိုင်ချေတကား။ တပ်တွင်း၌ စစ်သည်တို့ကို အသံတိတ်နေပါစေ။ သည်စစ်ပွဲကို ငါတို့ အရယူမည်။ ငါတို့ ပရိယာယ်ပြု၍ တပ်ပျက်လေဟန်ဆောင်မည်။ ဆုတ်ပြေးသကဲ့သို့ ပစ္စည်းများကို

၁။ ဗညားဦးလက်ထက် ကျဆုံးခဲ့သော ဖြထဗိုက်နှင့် အမည်တူဖြစ်၏။ ဒုတိယ ဖြထဗိုက်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

ထမ်းပိုးဖြင့် လှေသို့ချစေမည်။ သူတို့ဘက်ကမြင်လျှင် ငါတို့တပ်ပျက်၍ ပြေးပြီဟု ထင်မည်။ သူတို့သည် ငါတို့အား အထင်သေး၍ သတိမရှိ။ ပေါ့ပေါ့တန်တန် လာတိုက်မည်။ ထိုအခါတွင် ငါတို့က အပြင်းတိုက်၍ အနိုင်ယူမည်"ဟု ဆို၏။ အမတ်ဒိန်လည်း သဘောကျ၍ ထိုအစီအစဉ်အတိုင်း ပြုမည်ဆိုပြီး တပ်သို့ပြန်၏။

အစီအစဉ်အတိုင်း အမတ်ဒိန်တပ်နှင့် သံဖြတ်တပ်မှ စစ်သည်အချို့တို့သည် ပစ္စည်းများကို ထမ်းပိုးကာ လှေသို့ချကြ၏။ ထိုအခြင်းအရာကို မုတ္တမစားဖြတ်ထဗနှင့် မော်လမြိုင်စား ဥလိုတို့ဘက်မှမြင်လျှင် ပေါ့ပေါ့ဆဆဖြင့် လာတိုက်ကြ၏။ အကွဲကွဲအပြားပြား ချီလာကြ၏။ ထိုအခါ သံဖြတ်တပ်သည် ဖြတ်ထဗတပ်ကို ဖြတ်တိုက်၏။ အမတ်ဒိန် တပ်သည် ဥလိုတပ်ကို ဖြတ်တိုက်၏။ ဖြတ်ထဗ၊ ဥလိုနှင့် အဲဖြဗုန်တို့၏ တပ်များ ပျက်၍ လှေငယ်များဖြင့် ပြေးရလေ၏။ မုတ္တမနှင့် မော်လမြိုင်မြို့တွင်းသို့ မဝင်နိုင်တော့သဖြင့် ကုလား[1]ပြည်သို့ ပြေးရလေ၏။ မုတ္တမနှင့် မော်လမြိုင်သားတို့လည်း သံဖြတ်နှင့် အမတ်ဒိန်တို့ထံ ဝင်ရောက်ခစားကြ၏။ ရာဇာမိရာဇ်လည်း လက္ခန်းဗျည်းမှ မုတ္တမသို့ ချီခဲ့သည်။

မုတ္တမသို့ ရာဇာမိရာဇ် ဆိုက်ရောက်တော်မူလျှင် သမိန်သံဖြတ်နှင့် အမတ်ဒိန်တို့အား ချီးကျူးဂုဏ်ပြု၍ ဆုလာဘ်များပေးတော်မူ၏။ သမိန်သံဖြတ်အား "သမိန်ဖြာဇ္ဇ" ဟူသောဘွဲ့ဖြင့် ချီးမြှင့်တော်မူသည်။ထို့နောက်မုတ္တမစားဖြတ်ထဗ၏ မယား တလမိဆံ[2] အား ခေါ်စေ၏။ ခမည်းတော်ဆင်ဖြူရှင်ဗညားဥိးလက်ထက်က ဖြတ်ထဗပုန်၍ ရထားသော ရွှေငွေ လက်ဝတ်လက်စားများကို စီစစ်၏။ ပုလဲ၊ သန္တာ၊ ကျောက်မျက်ရတနာ ရွှေငွေ လက်ဝတ်လက်စားအားလုံးကို သိမ်းယူ၏။ ထို့နောက် သမိန်တိသကုမာအား "ဖြတ်ကမန်"(ပြာပ်ကွာင်)ဟူသောဘွဲ့ပေး၍ မုတ္တမမြို့ကို စားစေ၏။ တိသကုမာ၏ မယားအား တလမေနင်း(တွမေဏင်)ဟု အမည်ပေးတော်မူ၏။

မော်လမြိုင်မြို့၊ သံမောင်မြို့၊ လက္ခန်းဗျည်းမြို့၊ တရည်းမြို့များကို အထိုက်အလျောက် တော်သင့်စိတ်ချယုံကြည်ရသော မှူးမတ်များအား အသီးသီးစားစေပြီးနောက် ရာဇာမိရာဇ်သည် စစ်တပ်ကိုရုပ်သိမ်း၍ ပဲခူးသို့ ပြန်တော်မူ၏။ ဒုန်ဝန်းမြို့ကို သမိန်ဖြာဇ္ဇအား စားစေ၏။ တိုက်ကုလားသို့ရောက်တော်မူလျှင် ခေါင်ငါးဆက်ရှိသော အိမ်ကြီးတစ်ဆောင်ကို အဆောတလျင် ဆောက်စေ၏။ အိမ်ကပြင်နှင့် တံစက်မြိတ်များကို ကျယ်ဝန်းစွာ ပြုလုပ်စေ၏။ သူ့ရှင်၏ ယာယီအိမ်နန်းပြုမည်ဟု မိန့်၏။

သမိန်ဖြာဇ္ဇနှင့် စစ်သည်တပ်သားများလည်း သူ့ရှင်၏အမိန့်အတိုင်း သစ်ဝါးများကို စုဆောင်းကာ အိမ်ကြီးကို ဆောက်လုပ်ကြ၏။ ဆောက်လုပ်ပြီးစီးသောအခါ တင့်တယ်စွာ ခင်းကျင်းမွမ်းမံစေ၏။ ကန့်လန့်ကာများ ကာရံစေ၍ ခုတင်မွေ့ရာ၊ ခေါင်းအုံး၊

၁။ မြန်မာပေမူ၌လည်း ကုလားပြည်သို့ ပြေးသည်ဟုဆို၏။(ကုလားပြည်ဆိုသည်မှာ မလ္လာယုကို ဆိုသလော၊ အိန္ဒိယပြည်လော)။

၂။ တလမိဆံသည် ဗညားဥိးနှင့် မအေကွဲနှမတော်သည်။ မိမဆံဟုလည်း ခေါ်၏။

www.burmeseclassic.com

www.burmeseclassic.com

မိအုံး၊ ဖျာ၊ ကော်ဇောတို့ဖြင့် ပြည့်စုံအောင် ပြုပြင်ထားသဖြင့် မင်း၏ အိမ်တော်နှင့် တူလှပေ သည်။ အိမ်ကြီးတွင် သူ့ရှင်၏ ကိုယ်လုပ်တော်တစ်ဦးဖြစ်သည့် မေနှင်းကေသရာ အား တင်ထားစေ၏။ မေနှင်းကေသရာသည် ဒုန်ဝန်း၌ပုန်စားသော သံလွှစ်၏ သမီး ဖြစ်သည်။ ရာဇာဓိရာဇ်သည် သမိန်ဗြာဇွန်အား ခေါ်၍-

> "သူရဲကောင်း မသံလုံအား အမတ်ကြီးအိမ်သို့ ဖိတ်ခေါ်ပြီး သောက် စားပါစေ။ သေရည်ကို ယစ်အောင်တိုက်။ လူမှန်းသူမှန်းမသိအောင် မူးယစ်သောအခါမှ သန့်လျင်းဖြင့်ထမ်းစေ၍ ဆောက်ထားပြီးသော ခေါင် ငါးဆက်အိမ်ကြီးထက်သို့ပို့ပါ။ သလွန်ပေါ်၌ အိပ်ပါစေ။ "လဂွန်းအိန်" (လွန်းအိန်)[၁] ဟူသော ဘွဲ့သရဖူရွှေပြားကို သူ့နဖူး၌ စည်းထားပါ။ ငါ့ ကိုယ်လုပ်တော် မေနှင်းကေသရာအား သူ့အပါးတွင် ခစားစေ။ တိုက်ဆင် ငါးစီးကိုလည်း သူ့အား ငါပေးသည်။ တိုက်ကုလားမြို့ကို သူ့အား ငါ စားစေမည်။ သူသည် မူးယစ်၍ လူမှန်းမသိခင် ဆီမီးရောင်များကို ထွန်း လင်းစွာ ထွန်းညှိထားပါစေ။ စောင်းငြင်း အတီးအမှုတ် အကအခုန် အသီအဆိုတို့ဖြင့် ဧည့်ခံပါ။ ဤအကြောင်းကို သူ့အား အယစ်ပြေ၍ နိုးမှ သိပါစေ။

ဟု မှာကြားပြီးသော် သူ့ရှင်သည် တိုက်ကုလားမှ ပဲခူးသို့ ပြန်တော်မူ၏။

သမိန်ဗြာဇွန်လည်း သူ့ရှင်၏အမိန့်အတိုင်း ညအချိန်တွင် မသံလုံအားဖိတ်၍ အရက်တိုက်လေ၏။ အရက်ဝသော်လည်း ထပ်၍တိုက်ပြန်သဖြင့် လူမှန်းမသိအောင် မူးလေ၏။ ထိုအခါ ဝေါဖြင့် ထမ်းပို့စေ၏။ သလွန်ထက်တွင် မသံလုံအိပ်နေစဉ် ဆီမီး ရောင်တွင် အတီးအမှုတ် အဆိုအကဖြင့် သဘင်ခံစေ၏။ သံလွှစ်သမီး မေနှင်းကေသရာ နှင့် အခြားကိုယ်လုပ်တစ်ဦးတို့ကို မသံလုံအား သူ့ရှင်က ဆောင်နှင်းတော်မူကြောင်းကို စေ့စုံစွာ ပြောဆိုခဲ့ပြီးမှ သမိန်ဗြာဇွန် ပြန်လေ၏။

ထမင်းတစ်အိုးချက်ခန့် ကြာလတ်သော် မသံလုံသည် အယစ်ပြေ၍ အတီးအမှုတ် သံကြားလျှင် လန့်နိုးလေ၏။ မျက်စိနှစ်လုံးကို ဖွင့်လိုက်လျှင် ဆီမီးရောင် ထိန်လင်းနေ သည်နှင့် အပါးတွင် ခစားနေသော ကိုယ်လုပ်တော်နှစ်ယောက်အား လည်းကောင်း၊ ကော်ဇောမွေ့ရာခင်း၍ ကန့်လန့်ကာတို့ဖြင့် ကာရံထားသည်ကိုလည်းကောင်း မြင်ရသော် ကြက်သီးမွေးညင်းထ၍ တုန်လှုပ်ချောက်ချား၏။

၁။ လွန်အိန်=သံကြားမင်းကဲ့သို့ စွမ်းသည်ဟု အနက်ရသည်။ (ပါဠိ-ကွန်-အိန်)

www.burmeseclassic.com

www.burmeseclassic.com

"ရာဇာဓိရာဇ်၏ တဲနန်းတော်သလွန်ထက်မှာ ငါအိပ်မိပြီ။ သည်တစ်ကြိမ်ဖြင့် ငါသည် မုချ ရာဇဒေဏ်သင့်တော့မည်ပါတကား"ဟု စိတ်ဝယ်စဉ်းစားမိပြီး ထပြေးမည် ပြုရာ မေနှင်းကေသရာနှင့် ကိုယ်လုပ်တော်တစ်ဦးတို့က[၁] ချုပ်ကိုင်ထားကြ၏။ မသဲလုံလည်း အတင်းရုန်းကန် ထွက်ပြေးမည်ပြု၏။ နှုတ်ကလည်း "ကျွန်ုပ် ရှိခိုးကန်တော့တောင်းပန်ပါ၏။ ကျွန်ုပ် သောက်စားမူးယစ်ပြီး လူမှန်းမသိသဖြင့် သူ့ရှင်၏သလွန်ထက် တက်၍ အိပ်မိခြင်းဖြစ်ပါသည်။ သည်တစ်ကြိမ် အသက်ချမ်းသာပေးပါ"ဟုဆို၍ ရုန်းမြဲ ရုန်းနေ၏။

မေနှင်းကေသရာနှင့် ကိုယ်လုပ်တစ်ဦးတို့ကလည်း ချုပ်ထားကြသဖြင့် မသဲလုံမှာ မထနိုင်ရှိချေ၏။ ထိုအခါ မေနှင်းကေသရာက "မရုန်းပါနှင့်တော့မောင်၊ နှမတော်ပြောပြပါမည်၊ နားဆင်ပါ။ မောင်တော် မစိုးရိမ် မကြောက်ရွံ့ပါနှင့်တော့"ဟုဆိုမှ မသဲလုံမှာ မရုန်းတော့ဘဲ စိုးရိမ်မကင်းစွာဖြင့် နားထောင်၏။ မေနှင်းကေသရာက ဆက်လက်၍ "ယခု သူ့ရှင်မင်းကြီးက မောင်တော်အား သည်တိုက်ကုလားမြို့ကို စားစေသည်။ "လဂွန်းအိန်"ဟူသော ဘွဲ့ ရွှေနဖူးစည်းကိုလည်း ပေးတော်မူသည်။ တိုက်ဆင်ပေါက်ငါးစီး၊ သည် ခေါင်ငါးဆက်အိမ်ကြီးနှင့်တကွ နှမတော်တို့ကိုလည်း ကတော်မယားအဖြစ် ဆောင်နှင်းတော်မူသည်။ မောင်တော် နေရာမှား၍ တက်မိခြင်းမဟုတ်။ သည်အိမ်၊ သည်သလွန်၊ သည်မယားတွေကို မောင်တော်ပိုင်ပါသည်။ ယုံတော်မမူလျှင် မောင့်နဖူးထက်မှာ စည်းထားသည့် လဂွန်းအိန်ဟူသော ရွှေပြားဘွဲ့သရဖူကို ကိုင်ကြည့်ပါမောင်" ဟု ဆိုပြီးမှ လွှတ်၏။

မသဲလုံလည်း နဖူးထက်မှရွှေပြားကို ဖြေကြည့်၏။ မေနှင်းကေသရာပြောတိုင်းမှန်သည်။ သူ့ရှင်ရာဇာဓိရာဇ်သည် မိမိအား ကရုဏာဖြင့် ချီးမြှင့်ကြောင်းမှန်ကန်သည်ကို သိရ၍ စဉ်းစားဆင်ခြင်လေ၏။ ထို့နောက် ထထိုင်၍ လက်ပိုက်လျက်နေ၏။ "လဂွန်းဗျည်းမြို့ကိုတိုက်စဉ်က သံမောင်မြို့စား 'မကြိုင်း'၏ ဦးခေါင်းကို ငါသွားရောက်ဖြတ်ယူပြီး ညတွင်းချင်း ရုတ်တရက် ဆက်သခဲ့သည်။ သူ့ရှင်လည်း အမှတ်တမဲ့ ထိတ်လန့်တော်မူသည်။ ထို့ကြောင့် ထိုစဉ်က ငါ့အား နှုတ်ဖြင့်သာ ချီးကျူးသည်။ မည်သည့်ဆုလာဘ်မျှ ငါ့အား ပေးတော်မမူ။ ယခု ငါ့အား ချီးမြှင့်ပြန်တော့လည်း ငါ့အား ထိတ်လန့်စေပြီးမှ အတုံ့အလှည့်ဖြင့် မြှောက်စားသည်တကား"ဟု သတိရ အောက်မေ့မိ၏။

သူ့ရှင်ရာဇာဓိရာဇ်ကိုလည်း ကျေးဇူးတင် ကြည်ညိုစွာ ရည်မှန်းကာ ဝမ်းမြောက်ဝမ်းသာ ရွှင်လန်းအားရစွာဖြင့် အဝေးမှ ကန်တော့ရှိခိုးလေ၏။ ထိုနေ့မှစ၍ တိုက်ကုလား

၁။ သံလုစ်သမီး၏အမည် မေနှင်းကေသရာဟု ဆိုပါ၏။ အခြား ကိုယ်လုပ်မောင်းမ တစ်ဦး၏အမည် မသိရ။ မိန်းမနှစ်ယောက်ဟူ၍ ဆို၏။

www.burmeseclassic.com

www.burmeseclassic.com

မြို့တွင် လဂွန်းအိန်ဘွဲ့ခံ "မသဲလုံ"သည် နတ်စည်းစိမ်တမျှ စံစားရလေတော့၏။

သက္ကရာဇ် ၇၅၀* တွင် ရာဇာဓိရာဇ်သည် မုတ္တမနှင့် မော်လမြိုင်မြို့များကို လက်ဝယ်သိမ်းပိုက်ခဲ့သည်။ ထိုနှစ်တွင် မုတ္တမ၊ မော်လမြိုင်မြို့များတွင် ရှားပါးဝတ်မွတ်ကြသည်။ စစ်ဒဏ်ကို ခံခဲ့ရ၍ဖြစ်သည်။ ရာဇာဓိရာဇ်သည် အရှေ့ဘက် ၃၂-မြို့တို့ကို သွားရောက်နှိမ်နင်းသည့်အခိုက် အနောက်ဘက်တစ်လွှားတွင် ဒလစား မညီကံကောင်း[၁] သည် မြောင်းမြစား လောက်ဖြားနှင့် ညီညွတ်ကြ၍ သစ္စာပြုကြသည်။ ရာဇာဓိရာဇ်အား ပုန်စားရန် ကြံကြ၏။

ရာဇာဓိရာဇ်လည်း သမိန်အိန္ဒဇိပ်အမတ်ကိုလွှတ်၍ စုံစမ်းထောက်လှမ်းစေရာ မှန်ကန်ကြောင်းသိရလျှင် ဒလကို တိုက်လေ၏။ ဒလကိုသိမ်းပြီး နောင်တော် မညီကံကောင်းအား ကွပ်စေ၏။ မညီကံကောင်း၏သား တူတော် ဘောကျော်(ဘဝ်ကျဝ်)အား အဖအမွေအနှစ်နှင့်တကွ ဒလမြို့ကို စားစေ၏။

ရာဇာဓိရာဇ်သည် မှူးမတ် သေနာပတိများအား ခေါ်၍ ဒလမြို့မှတစ်ဆင့် မြောင်းမြကိုတိုက်ရန် ချီတော်မူ၏။ မြောင်းမြစားလောက်ဖြားတွင် ဆွေသားမျိုးသား၊ သား၊ သမက်၊ ကျေးကောင်း၊ ကျွန်ကောင်း များပြားလှသည်။ အလုံးအရင်း အင်အား ကြီးမားသည်။ မြို့ ပြကျုံး မြောင်းကောင်းသည်။ ခိုင်ခံ့သည်။ ထို့ကြောင့် မြောင်းမြကို တိုက်လျှင် အောင်မြင်ရန်မလွယ်။ ခက်ခဲသည်ကို မြင်တော်မူသဖြင့် စစ်သေနင်္ဂဗျူဟာဖြင့် ပုသိမ်ကို ကြိုတိုက်ရန် ချီလေ၏။

ယင်းသောအခါ သမိန်လောက်ဖြား၏ သားနှစ်ယောက်ဖြစ်သည့် လောက်ရွန်(လိုက်ရှင်)နှင့် လောက်သိန်(လိုက်သိင်)တို့သည် စစ်သည်တစ်သောင်းနှင့် ပုသိမ်တွင် ခံနေ၏။ ရာဇာဓိရာဇ်လည်း စစ်အင်အား အလုံးအရင်းဖြင့် ပုသိမ်ကို တိုက်လေ၏။ ပုသိမ်ဘက်မှ ကုလားတို့သည် လှေထက်တွင် သေနတ်လက်နက်များတင်၍ ပစ်ခတ်ကြသည်။ အမတ် ရာဇာမနုလည်း ဆင်ထက်၌ သေနတ်မှန်၍ ကျဆုံးလေ၏။ ဗိုလ်ပါများစွာပင် လက်နက်ထိမှန်၍ ရှုံးသည်။ နာသူ သေသူလည်း များသည်။ အမတ်ရာဇာမနု၏ အလောင်းကို ကောင်းမွန်စွာ မီးသင်္ဂြိုဟ်၏။ အရိုးကို ရွှေကြုတ်၌ထည့်ပြီး ရွှေတိဂုံဘုရားခြေတော်ရင်း၌ မြှုပ်နှံစေသည်။

ရာဇာဓိရာဇ်သည် ပုသိမ်ကို တိုက်ရန်ခက်သဖြင့် "ယခု ငါတို့သည် ပုသိမ်ကို တိုက်၍ ရပင်ရငြားလည်း မြောင်းမြအရေးမှာ မအေးသေး ရှိနေမည်။ မြောင်းမြကိုသာ

---

* မွန်နှင့် မြန်မာ နှစ်မူစလုံး သက္ကရာဇ်တူညီ၏။

၁။ ဗညားနွဲ့၏ ဖအေကွဲနောင်တော်ဖြစ်သည်။ ဖအေချင်းလည်း ညီရင်းတော်ကြသည်။ နန်းတွင်းအရေးတော်ပုံတွင် ဗညားနွဲ့ဘက်မှ အမြဲကူခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

ငါတို့ ရအောင်တိုက်နိုင်လျှင် ပုသိမ်မြို့ကို ရဖို့ မခက်တော့။ လွယ်ကာသာရမည်"ဟု မှူးမတ်သေနာပတိများနှင့် ဆွေးနွေး၏။ ထိုမှ တပ်ရပ်ကာ မြောင်းမြဘက်သို့ ချီပြန်သည်။

ထိုအခါ ပုသိမ်စစ်ကလည်း "ငါတို့သည် လှေတက်အများစီရင်၍ တစ်ဖက်ကမ်းသို့ကူးမည်။ ရေကြောင်းဖြင့် ငါတို့တိုက်မည်။ မြောင်းမြဘက်ကလည်း ထွက်တိုက်။ ငါတို့က နှစ်ဖက်ညှပ်တိုက်လျှင် ဗညားနွဲ့ ခံနိုင်မည်လော"ဟု ဆိုသည်။ ရာဇာဓိရာဇ်လည်း ထိုသတင်းကိုကြားလျှင် လဂွန်းအိန်အား မိန့်၏။

"သင်းတို့ တပ်အနေမကျခင် မင်းကိုယ်တိုင် လိုင်ဝသို့ချီချေ။ ကြည်းကြောင်း၌ လူအချို့နေစေ။ ချောင်း၌ တိုင်များစိုက်စေ။ ရေတက်၍ ကမ်းတစ်ဝက်ရှိလျှင် တိုင်ဖျားသာ ပေါ်စေ။ ရေကျ၍ ကမ်းဝက်လွန်သည်ရှိမှ တိုင်လုံးတွေပေါ်စေ။ ချောင်းပြည့်အောင်စိုက်ပါ။ စိုက်ပြီးလျှင် သန်စွမ်းသော လူကောင်းများကိုရွေး၍ လှေပေါ် နှစ်ဆယ်လောက်နှင့် စစ်ယောင်ပြပါ။ သင်းတို့အား လှည့်စားပြီး ချောင်းသို့ လိုက်ခဲ့ပါစေ။ မင်းတို့ လှေနည်းသည်ကိုမြင်လျှင် သင်းတို့ လိုက်လာမည်။ တိုင်ရှိသည့်ဘက်သို့ မင်းတို့ ခွာခဲ့။ မင်းတို့ခွာလျှင် သင်းတို့နောက်ခံလှေများက လိုက်ခဲ့ဦးမည်။ မင်းတို့က တိုင်တွေကြားမှ လွတ်အောင် ထွက်ခဲ့။ သင်းတို့မှာ ရေလမ်းမသိ၍ တိုင်ငုတ်တွင်တင်ပြီး ဖိလာကန့်လန့်ဖြစ်မည်။ သင်းတို့နောက်ခံလှေများလည်း အထပ်ထပ်ရောက်လာလျှင် လှေချင်းငြိပြီး ထွေးလုံးကုန်မည်။ ထိုအခါ မင်းတို့က တစ်ဟုန်တည်း ထွက်တိုက်ပါက နိုင်ရမည်မချွတ်"

ဟု သူ့ရှင် မိန့်တော်မူ၏။

ထို့နောက် သူရဲကောင်းလဂွန်းအိန်အား စိတ်ဓာတ်မြင့်လာစေရန် ရည်သန်လျက် မိမိသုံးဆောင်သော ရွှေကွမ်းအစ်တော်ကို ကွမ်းထည့်စေပြီး မိဖုရားငယ် မွေ့သင်ခေါ် ဒလသုဒ္ဓမာယာအား လဂွန်းအိန်ထံ ဆက်သစေ၏။ လဂွန်းအိန်လည်း မိဖုရားထံမှ ကွမ်းကို သုံးဆောင်ရပြီးနောက် ရာဇာဓိရာဇ်အား ဦးခိုက်၍ သက်ခဲ့လေ၏။ လဂွန်းအိန်သည် မိမိတပ်စခန်းသို့ရောက်သော် စဉ်းစား၏။

"ပုသိမ်စစ်တွင် လှေတက် များလှသည်။ တို့ဘက်က နည်းလွန်းသည်။ ငါ့သခင်သည် ငါ့အား ချစ်သည်၊ မချစ်သည်။ ချစ်လျှင် မည်မျှချစ်သည်ကို ငါ စမ်းဦးမည်။ ချစ်တော်မူသည်မှန်က ငါ့အသက်ကို မရေတွက်တော့ဘဲ အမှုတော်ကို သေသည်အထိ ထမ်းဆောင်တော့မည်"ဟု ကြံ၍ တပည့်ဖြစ်သူအား "လူမေးလျှင် ငါ မကျန်းဟုဆိုချေ"ဟုမှာပြီး စစ်မထွက်ဘဲ ခေါင်းမြီးခြုံလျက် အိပ်လေ၏။

မိုးသောက်လတ်သော် အမတ်ဒိန်နှင့် သမိန်ဗြာဇ္ဇတို့သည် တပ်ကိုလှည့်လည်၍ စစ်ဆေးကြည့်ရှုကြသည်။ လဂွန်းအိန်မှာ စစ်မထွက်ဘဲနေသည်ကိုသိလျှင် "ယမန်နေ့ညက သူ့ရှင်မိန့်မှာသည်ကို လဂွန်းအိန် ဝန်ခံခဲ့သည်။ ရေလည်းတက်ပြီ။ ယခုတိုင်

www.burmeseclassic.com

www.burmeseclassic.com

ပသို့သောကြောင့် မသွားသေးသနည်း"ဟုမေး၏။ အခန်းစောင့်က "ကျွန်ုပ်သခင် မကျန်း၍ အိပ်နေပါသည်"ဟု ဖြေ၏။ "ပသို့သော ရောဂါနည်း"ဟုဆို၍ လေကို ယှဉ်ကပ်လျက် အမတ်ဒိန်နှင့် သမိန်ဗြာဇ္ဇတို့ကိုယ်တိုင် လွှန်းအိန်၏ လေထက်ရှိ အိပ်ခန်းသို့ ဝင်ကြည့်ကြလေ၏။

လွှန်းအိန်၏ ကိုယ်ကိုကိုင်၍ စမ်းသပ်ကြ၏။ "အပူဖျား၊ အအေးဖျားဟူ၍ မည်သည့်ရောဂါမှ မရှိပါတကား။ မင်း ပသို့ပြုသနည်း"ဟု မေးလေ၏။ ထိုအခါ လွှန်းအိန်က

> "ယမန်နေ့ညက သူ့ရှင်သည် မိဖုရား ဒလသုဒ္ဓမာယာအား ကျွန်ုပ်ထံ ကွမ်းဆက်စေသည်တွင် ရင်ဝတ်တန်ဆာလျှောကျသဖြင့် မြင်မိသော ပဒုမ* အသွေးအရောင်မှာ လပြည့်ဝန်းတွင် ယုန်ဝပ်သကဲ့သို့ တင့်တယ်ပါပေသည်။ ထို့ကြောင့် စိတ်ကို ထိန်းချုပ်တုပ်နှောင်ခြင်းငှာ မတတ်နိုင်။ ကျွန်ုပ်၏စိတ်သည် ထိုအာရုံ၌ စွဲငြိနေသဖြင့် မသောက်နိုင်၊ မစားနိုင်၊ မအိပ်စက်နိုင်၊ စိတ်မပျော်နိုင်၊ စစ်ထွက်လျှင်လည်း သေမည်။ စစ်မထွက်ဘဲနေလျှင်လည်း သေရမည့်အတူတူ ဖြစ်သဖြင့် ကျွန်ုပ် နေတော့သည်"

ဟုဆိုလေ၏။ အမတ်ကြီးနှစ်ဦးကလည်း ဆုံးမသြဝါဒပေး၏။

> "အို–ငါ့တူလွှန်းအိန်၊ ပသို့ကြောင့် ဤသို့ဆိုသနည်း။ ပသို့ကြောင့် ဤသို့ဖြစ်ရသနည်း။ ကျွန်ုပ်သည် သခင်ပေးသောဝတ္ထရာ၌ ဤသို့ စိတ်ထား၍ မရ။ "တောကိုမမင်နှင့်၊ မင်းကိုလည်း မယုံနှင့်"[၁]ဟူ၍ ရှေးပညာရှိများ ပြောဆိုထားခဲ့သည့်စကားကို ပသို့ကြောင့် မင်း မဆင်ခြင် မစဉ်းစားပါသနည်း။ ငါ့တူ လွှန်းအိန်သည် စစ်တပ်တစ်တပ်ကို ဦးစီးရသော စစ်ခေါင်းဆောင်ဖြစ်၍ နာမည်ကြီးသူဖြစ်သည်။ သူ့ရှင်ကလည်း သူကောင်းပြု၍ စည်းစိမ်ချမ်းသာ ဘုန်းကျက်သရေဖြစ်စေဖို့ ကိုယ်လုပ်မောင်းမ နှစ်ယောက်တို့ကိုလည်း ပေးခဲ့ပြီ။ မြို့ရွာများကိုလည်း စားစေသည်။ နတ်စည်းစိမ်တမျှ မင်းအား စံစားစေခဲ့သည်ဖြစ်၍ အရှင်သခင်ကို ကြောက်ချစ်ရိုသေစွာ ခစားပြီး အမှုတော်ကို အသက်ပေးလျက် ထမ်းဆောင်သင့်ပါသည်။ ယခု မင်းမှာ ဤသို့ မဟုတ်ပါတကား။ ရာဇဝတ်ကျင့်ထုံးတို့၏ အမှားအမှန်ကို

---

* ပါဠိ–ပဒုမ္မာကြာပန်းနှင့်တူသော သားမြတ်(ရင်သား)ကို ဆို၏။

၁။ မွန်စကားပုံဖြစ်၏။ တောကိုမင်လျှင် သားရဲဘေးတွေ့မည်။ မင်းကို ယုံလျှင် ဒုက္ခ တွေ့တတ်သည်။ (ကြိုပ်လွှဒနှံ၊ သိုင်လွှပတော့)

www.burmeseclassic.com

www.burmeseclassic.com

မင်း မသိလေသလော။ သူ့ရှင်သည် ငါ့အား ချစ်သည်ဟုထင်ပြီး မာန ထောင်လွှား၍မရ။ မိဖုရားကို လိုချင်သည်ဟု မင်းပြောသည်ကို မဆိုထား နှင့်ဦး။ ရာဇဝတ်ကိစ္စဟူသည် လွန်စွာခက်ခဲလှသည်။ ကျားလက်သည်း ထားသလို ကိုယ်ကို ထားရာသည်။[၁] မင်းဇကရာဇ်ထံ နေ့စဉ်ဝင်ပြီး ခစား ရသော်လည်း အနီးကပ်လွန်း၍ မနေရ။ ဝေးလွန်းအောင်လည်း မဖြစ်စေရ။ အမိန့်ကိုနာခံရန် ကြားလောက်သည့်နေရာ၌ ခစားလျှင် ပြစ်မှုမှ လွတ်ကင်းသည်။ မင်းဇကရာဇ်မျက်သည်ကို ကိုယ်က ပြန်၍ မမျက်ရ။ နန်းတွင်းနန်းပြင်တွင် ပေါက်ပေါက်ရောက်ရောက် ဝင်ထွက်ရသည့်တိုင်အောင် အရှင်သခင်၏ ကိုယ်လုပ်တော်မောင်းမများနှင့် ရင်းနှီးခင်မင်ခြင်း၊ ကျီစယ်ခြင်း၊ စကားလက်ဆုံကျခြင်း၊ ရယ်မောပြောဆိုခြင်းတို့ကို ရှောင်ကြဉ်မှ ငါတို့၏ ရာထူးစည်းစိမ် တည်မြဲမည်။ ငါ့တူ လဂွန်းအိန်သည် ကျေးဇူးရှင်ကို စိတ် မယိမ်းယိုင်သင့်။ စိတ်ဖြောင့်မတ်မှသာလျှင် စစ်ချီလေရာအရပ်တွင် ရန်သူကို အောင်နိုင်ပေမည်။ ယခု ငါ့တူလဂွန်းအိန်သည် ထိုသို့မဟုတ်၊ အပျော်ကြူးသော တဏှာစိတ်ထား၍ မပြောသင့် မဆိုအပ်သည်ကို ဆိုသည်။ ကိုယ်ကို ဖျက်ဆီးသည့် ယုတ်ညံ့သောအကြံအစည်ကို ကြံသည်။ ယခုလို ကြံစည်၍ ငါးပါးသီလ၌မမြဲလျှင် နောင်ကို စစ်ချီလေရာမှာ ရန်သူကို အောင်မြင်နိုင်ပါဦးမည်လော။ မင်းစိတ်ကို မင်းပြင်ပါ"

ဟု အမတ်ဒိန်နှင့် သမိန်ဗြာဇ္ဇတို့က ဖျောင်းဖျပြောဆိုကြ၏။

အမတ်ကြီးနှစ်ဦး၏ သြဝါဒစကားကိုကြားလျှင် လဂွန်းအိန်က "ဦးရီးတော်နှစ်ယောက်တို့သည် လူကြီးများ ဖြစ်ကြသည်။ စစ်ဗိုလ်ကြီးများ ဖြစ်ခဲ့ကြသည်မှာ ကြာမြင့်လှပြီ။ ယုတ်ညံ့သောအကြံကို ကျွန်ုပ်ကြံသည်ဟု ဆိုကြသည်မှာ ပသို့ကြောင့်နည်း"ဟု မေးလေ၏။

အမတ်ဒိန်နှင့် သမိန်ဗြာဇ္ဇတို့က "ငါတို့သည် ရာဇာဓိရာဇ်ဘုရင်၏ ရွှေဖဝါးတော်အောက်၌ ခစားကြသူတွေဖြစ်သည်။ ငါတို့၏အရှင်သခင်သည် သဗ္ဗညုတရွှေဉာဏ်တော်အတွက် ပါရမီဖြည့်နေသော ဘုန်းရှင်-ကံရှင်ဖြစ်သည်။ အတိတ် အနာဂတ်ကို ဆင်ခြင်နိုင်သည်။ လဂွန်းအိန်တွင် အရှင်သခင်၏ကျေးဇူး ကြီးမားလှသည်။ လဂွန်းအိန်အား ဆုလာဘ်များစွာ

၁။ မွန်စကားပုံ (ဒးဒေပ်ဇကျည်ဂ္ဂဒေပ်သဏော်) ကျားသည်လက်သည်းများကို လိုမှအပြင်သို့မထုတ်သည်။ မလိုသည့်အခါ ကုတ်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com

ချီးမြှင့်ခဲ့သည်။ ကျက်သရေမင်္ဂလာရှိသော အဆောင်အယောင်၊ အာဏာ၊ ဘုန်းစည်းစိမ်သမ္ပတ္တိများစွာကိုအပ်နှင်း၍ သူကောင်းပြုထားသည်မှာ မိဘက သားသမီးကို ပေးကမ်းသည်ထက်မကဖြစ်သည်။ သည်မျှကို အရှင်က မြှောက်စားပါသော်လည်း ငါတို့တူသည် ရှေ့နောက် မဆင်ခြင်ဘဲ သခင်ကို မကောင်းကြံ၍ သခင်ပိုင်ဆိုင်သော၊ လိမ္မာရေးခြားသော၊ ပိုင်းခြား သိတတ်သော၊ အလုပ်အကျွေးဖြစ်သော ဒလသုဒ္ဓမာယာမိဖုရားအား လိုချင်သည်ဟု ဆိုသည်မှာ ကျေးဇူးရှင်သခင်၏ စည်းစိမ်သမ္ပတ္တိ သုခချမ်းသာမှုကိုလုယူသည်နှင့် မတူသလော။ ရာဇာဓိရာဇ်သည် ရန်သူကိုအနိုင်ယူရန် စစ်ပွဲသဘင် ခံစဉ်ဖြစ်၍ သူရဲကောင်း၏ အလိုဆန္ဒစိတ်ဓောကို လိုက်လျောကာ အကယ်၍ လဝန်းအိန်အား မိဖုရားကို ပေးခဲ့ငြားလည်း မေတ္တာစေတနာဖြင့် ပေးခြင်းမမူ။ စစ်ပွဲသဘင် အေးငြိမ်းသည့်အခါ မိဖုရားကို သတိရအောက်မေ့လေတိုင်း၊ အောက်မေ့လေတိုင်းတွင် လဝန်းအိန်၌ အပြစ်ရှိနေမည်သာ။ ငါ့တူလဝန်းအိန်သည် စစ်ဗိုလ်ကြီးဖြစ်၍ မင်းဇကရာဇ်၏အမှုတော်ကို ထမ်းဆောင်ရာ၌ အနည်းငယ်သာ မှားယွင်းတိမ်းစောင်းခဲ့ပါမူ လဝန်းအိန်အား ပျက်စီးစေသည့် အပြစ်ကြီးပင် ဖြစ်တော့သည်။ ငါ့တူသည် ကိုယ့်ကိုယ်ကို ဖျက်ဆီးနေသည်မဟုတ်လော။ ကျေးဇူးရှင်သခင်ကို ကျေးစွပ်သည့် ယုတ်မာသည့်အကြံကို မင်းကြံပလေသည်”

ဟု အမတ်ကြီးနှစ်ဦးတို့က ဖျောင်းဖျဆုံးမကြလေ၏။ လဝန်းအိန်လည်း လက်အုပ်ချီ၍ အမတ်ကြီးတို့အား ရှိခိုးလျက်–

“ဦးရီးတော်နှစ်ဦးတို့သည် မိဘက သားသမီးအား ဆုံးမသကဲ့သို့ ကျွန်ုပ်အား သြဝါဒစကား အမျိုးမျိုးအဖုံဖုံပြု၍ ဆုံးမသဖြင့် ကျေးဇူးကြီးမားလှပါပေသည်။ ကျွန်ုပ်သည် ယုတ်ညံ့သောအကြံအစည်ကို ကြံသည်ဟု ဦးရီးတော်များက ဆိုပါသည်။ သည်အကြံအစည်များသည် ကျွန်ုပ်၏ အတွင်းစိတ်သန္တာန်၌ မူလအစက အလိုအလျောက် ပေါ်ပေါက်သည်မဟုတ်။ အရှင်သခင်က မိဖုရားအား ကျွန်ုပ်ကို ကွပ်တည်စေသည်။ ထိုစဉ် မိဖုရား၏ ရင်လွှမ်းတန်ဆာသည် လျှောကျသဖြင့် မိဖုရား၏ အလှကျက်သရေကို ကျွန်ုပ်မြင်မိသည်မှစပြီး ခန္ဓီတဲတိုင်းကို ခိုင်ခံ့အောင် မတည်ဆောက်နိုင်တော့ပါ။ ကျွန်ုပ်၏ ခန္ဓာ အတွင်းသန္တာန်တွင် အာရုံတို့သည် ကပ်ငြိနေသဖြင့် အိပ်စက်၍မပျော်။ နေ၍လည်းမချမ်းသာ။ အရပ်ရှစ်မျက်နှာ၊ ဆယ်မျက်နှာ

www.burmeseclassic.com

www.burmeseclassic.com

စလုံး မောင်အတိ ဖုံးကွယ်ကုန်သည်။ တောဆင်မ၏ အာရုံကပ်ငြိ၍ မိတ်လိုက်သည့်ဆင်ပြောင်ကို ဆင်ကဲမထိန်းနိုင်ဘိသကဲ့သို့ ကျွန်ုပ်ကိုလည်း ဦးရီးတော်တို့က မထိန်းနိုင် ဖြစ်နေပါသည်။ ဤသို့ ကျွန်ုပ်စိတ်တွင် နောက်ကျိသွားရ ခြင်းမှာ အရှင်သခင်၏ စိမ်မှုကြောင့် ဖြစ်ပေါ်လာရခြင်း ဖြစ်ပါသည်။ တစ်နည်းဆိုလျှင်လည်း ထက်မြက်နေသောဓားရှည်ကို သံချေးတက်၊ ပျက်တုံးစေပြီးမှ ထိုပျက်တုံးသောဓားရှည်ဖြင့် ရန်သူအား တိုက်ခိုက်စေပါက အောင်နိုင်ပါဦးမည်လော။ ဓားရှည်ကိုင်ဆောင်သူသာလျှင် ပျက်စီးရမည်။ ဓားရှင်သည် မိမိဓားမှာ ပျက်တုံး၍ မထက်မြက်တော့သည်ကိုမြင်လျှင် ဓားကိုပြုပြင်ခြင်း၊ သံချေးများကို ပွတ်တိုက်ခြင်း၊ ဆီထည့်၍ ထက်မြက်အောင် သွေးခြင်းပြုပြီးမှ ရန်သူအား တိုက်ခိုက်စေလျှင် ရန်သူကို မအောင်မြင်ဘဲ နေမည်လော။ ဓားကိုင်သူလည်း ပျက်စီးတော့မည်မဟုတ်။ ကျွန်ုပ်တွင် နောက်ကျိနေသောစိတ်၊ ကပ်ငြိနေသောအာရုံ၊ စုပုံနေသောအလိုဆန္ဒတဏှာဖုံးလွှမ်းမည်းနက်နေသောအမှောင်ထုအင်အားသည် မည်မျှကြီးမားနေသည်ကိုလည်းကောင်း၊ ကျွန်ုပ်သည် အသက်ကို ပဓာနမထား၊ မနှမြောတော့ဘဲ အာရုံတစ်ခုကို မည်မျှ မြဲမြံစွာ စွဲလမ်းနေသည်ကိုလည်းကောင်း ဦးရီးတော်တို့သည် အလုံးစုံကိုသိမြင်ပြီး ဖြစ်ပါသဖြင့် ကျွန်ုပ် ဆက်လက်၍ လျှောက်ထားရန် မရှိတော့ပါ”

ဟု လဝွန်းအိန် ဆိုလေ၏။

အမတ်ဒိန်နှင့် သမိန်ဗြာဇ္ဈတို့က “ငါတို့တူ လဝွန်းအိန်အား ငါတို့ မေတ္တာထား၍ ငါတို့ သွန်သင်ပြောဆိုသည်။ ငါတို့တူလဝွန်းအိန်သည် အချက်အလက်များစွာဖြင့် ပြန်လှန်ချေပနေသည်ကို သူ့ရှင်ရာဇာဓိရာဇာအား ငါတို့ သံတော်ဦးတင်စေလိုသလော” ဟုမေး၏။ “သံတော်ဦးတင်ပါ၊ သံတော်ဦးမတင်နှင့်ဟူ၍ ကျွန်ုပ်ဆိုရန်မရှိ။ ဦးရီးတော်တို့ မြင်တွေ့သမျှ ဦးရီးတော်တို့စိတ်ဆန္ဒအလျောက်သာလျှင် ဖြစ်တော့သည်”ဟု လဝွန်းအိန် ဆိုလေ၏။

အမတ်ဒိန်နှင့် သမိန်ဗြာဇ္ဈတို့သည် အချင်းချင်းတိုင်ပင်ကြ၏။ “ယခုအခါ စစ်ပွဲသဘင် ခင်းကျင်းစဉ်ဖြစ်သည်။ ငါတို့ ကြာ၍မသင့်။ ကြာလျှင် အရေးအရာပျက်တော့မည်။ လဝွန်းအိန်စကားကို ငါတို့လျှောက်ထားမှတော်မည်”ဟု ဆွေးနွေးကြပြီး ရာဇာဓိရာဇာထံ ပြန်လာကြကာ “အရှင့်ကျွန် လဝွန်းအိန်သည် စစ်မထွက်ဘဲနေပါသည်”ဟု သံတော်ဦးတင်၏။ “သင်းပသို့ဆိုသနည်း”ဟု မေးတော်မူ၏။ “ကျွန်စဉ်းလဲစကားကို မဆိုသင့်”ဟု လျှောက်၏။ “ဆိုလော့”ဟု မိန့်တော်မူသဖြင့် အမတ်ဒိန်နှင့် သမိန်ဗြာဇ္ဈတို့သည် လဝွန်းအိန်ဆိုသမျှကို လျှောက်ထားကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com

ရာဇာမိရာဇ်လည်း ပြုံးတော်မူ၏။ "မိဖုရားကို ငါမနမြော သင်းကိုသာ ငါနမြောသည်"ဟု မိန့်၍ မိဖုရား ဒလသုဒ္ဓမာယာကို ခေါ်စေသည်။

"အမတ်ကြီးများတို့-ငါတို့ဧကရာဇ်မင်းတို့သည် သူရဲကောင်းကိုလည်း ချစ်သည်။ မိဖုရားကိုလည်း ချစ်သည်။ ဤနှစ်ဖြာအနက် မိဖုရားဆိုသည်မှာ ငါတို့ အဖော်အဖက်ဖြစ်သည်။ လူ့ဘုံတွင် ငါတို့ကို အာရုံဖြည့်ဖို့နှင့် စိတ်ပျော်ရွှင်ဖို့ဖြစ်သည်။ သူရဲကောင်းဆိုသည်မှာ ထိုသို့မဟုတ်၊ အထောင့်အရပ်မှ ရန်သူများကို အောင်မြင်ရန် တွန်းလှန်ဖို့ အဖော်အဖက်ဖြစ်သည်။ ထီးဖြူကို စောင့်ထိန်းသည့်အဖော်၊ နတ်ပြည်နိဗ္ဗာန် ချမ်းသာသုခအတွက် သာသနာတော်ကို ငါတို့ဆောင်နိုင်စေသည့်အဖော်၊ ငါတို့ ဧကရာဇ်မင်းတို့အား ကျက်သရေမင်္ဂလာ ဖြစ်စေသည့်အဖော်၊ ငါတို့အား တန်ခိုးဣဒ္ဓိပါဒ်အာနုဘော်ဖြစ်စေသည့်အဖော်ကောင်း မည်ပေသည်။ မိဖုရားကိုနှမြော၍ ရမည်လော။ သူရဲကောင်းကိုသာ ပို၍ချစ်ရမည်။ တစ်နည်းဆိုသော် ဧကရာဇ်မင်းတစ်ဆူ ဖြစ်တော်မူသောငါသည် ဒလသုဒ္ဓမာယာလို ရုပ်ရည်လှပ ချောမော၍ ချစ်ဖွယ်ကောင်းသောမိန်းမကို ရှာပါက တစ်နေ့မရလျှင် တစ်နေ့တွင် စိတ်တိုင်းကျ မုချရမည်သာပင်။ ယခုလို စစ်ပွဲသဘင် ခင်းကျင်းနေစဉ်တွင် "လဂွန်းအိန်"လို သူရဲကောင်းတစ်ယောက်ကို ရှာဖွေရရှိနိုင်ဖို့ခက်ခဲလှသည်။ သို့ဖြစ်၍ ဒလသုဒ္ဓမာယာမိဖုရားအား ကောင်းစွာပြုပြင်မွမ်းမံလျက် ရွှေလောင်းတော်ဖြင့် လဂွန်းအိန်ထံပို့စေ"

ဟု မိန့်တော်မူ၏။ မိဖုရားလည်း ရွှေဖဝါးတော်ကို ဦးခိုက်၍ ငို၏။ မင်းလည်း ဆုံးမစကားပြော၏။ အမတ်ဒိန်နှင့် သမိန်ဗြာဇွတို့လည်း အမိန့်အတိုင်း မိဖုရား ဒလသုဒ္ဓမာယာအား ရွှေလောင်းတော်၌တင်၍ ရွှေကန့်လန့်ကာချလျက် လဂွန်းအိန်ထံသို့ ပို့လေ၏။

ရာဇာမိရာဇ်လည်း "လဂွန်းအိန်၏ အလိုဆန္ဒပြည့်ဝအောင် မိဖုရားကို ငါ ပို့လိုက်သည်။ ဆန္ဒပြည့်ဝပြီးလျှင် စစ်ချီရာ၌ အောင်မြင်စေကြောင်း ငါဆုတောင်းလိုက်သည်"ဟု မှာ၏။

လဂွန်းအိန်လည်း မိဖုရားအား ပို့လာပြီဟု သတင်းကြားရလျှင် ရွှေပန်း၊ ငွေပန်း၊ ကန်တော့ပွဲ၊ ဖယောင်းတိုင်၊ ပေါက်ပေါက် စသည်ဖြင့် စုံလင်စွာ ပြုပြင်ထားလေ၏။

www.burmeseclassic.com

www.burmeseclassic.com

လဂွန်းအိန်သည် ရွှေကန့်လန့်ကာချလျက်လာနေသော ရွှေလောင်းတော်ကို အဝေးမှမြင်ရလျှင် လက်အုပ်ချီလျက် ကန်တော့၏။ ရွှေလောင်းတော်ဆိုက်လျှင် ဖောင်ဦးသို့ ထွက်၍ ဦးခိုက်ကာ ကန်တော့ပွဲ၊ ပန်း၊ ဖယောင်း၊ ပေါက်ပေါက်တို့ကို မိဖုရားအား ဆက်သ၏။ ပဏ္ဏာလက်ဆောင်များလည်း ဆက်၏။ အမတ်ဒိန်နှင့် သမိန်ဗြာဇ္ဇတို့ကိုလည်း ရှိခိုး၍ လက်ဆောင်များဆက်၏။ သူ့ရှင်ရာဇာဓိရာဇ်အား ရည်စူး၍ ကန်တော့၏။

"ကျွန်ုပ်သည် အရှင်သခင်၏ စိတ်တော်ကိုသာ စမ်းသည်။ သူရဲကောင်းဖြစ်သူ ကျွန်ုပ်အား မိဖုရားထက်ပို၍ ချစ်သနားတော်မူသည် မှန်၏။ မိဖုရားကြီးအား နှုတ်ဖြင့်လည်းကောင်း၊ စိတ်ဖြင့်လည်းကောင်း ကျွန်ုပ်ပြောဆို ပြစ်မှားခဲ့သည်တို့ကို အပြစ်လွှတ်ပါရန် ကျွန်ုပ် ဦးခိုက်ပါသည်။ သူ့ရှင်ကိုလည်း အဝေးမှရည်စူး၍ ကန်တော့လိုက်ပါသည်။ ဦးရီးတော် အမတ်ကြီးနှစ်ဦးတို့ကလည်း ရွှေလောင်းတော်ဖြင့် မိဖုရားအား လာသည့်အတိုင်း ပြန်လည်ဆောင်ကြဉ်းသွားပါတော့။ ကျွန်ုပ်သည် အတွင်းစစ်ကို အောင်မြင်ခဲ့ပြီ။ အပြင်စစ်သည် ကျွန်ုပ်ကို ခံနိုင်တော့မည်လော။ ကျွန်ုပ်၏ ကျေးဇူးရှင်သခင်၏ စိတ်တော်ကို သိရပြီ။ သည်မျှလောက်သော စစ်မှုရေးရာကို မဆိုထားနှင့်ဦး။ သည့်ထက်လွန်ကဲ၍ မည်မျှပင်ကြီးမားသော စစ်ရေးကိုပင်ဖြစ်စေ၊ ကျွန်ုပ်၏အသက်ဇီဝိန် ချုပ်ငြိမ်းသည့်တိုင်အောင် စစ်မှုထမ်း၍ သူ့ရှင်၏ကျေးဇူးတော်ကို ဆပ်ပါမည်။ ကျွန်ုပ်လျှောက်ထားသမျှကို ဦးရီးတော်တို့က သူ့ရှင်ရာဇာဓိရာဇ်အား သံတော်ဦးတင်ကြပါတော့"[၁]

ဟု အမတ်ဒိန်နှင့် သမိန်ဗြာဇ္ဇတို့အား မှာကြားပြီးလျှင် ရာဇာဓိရာဇ်ရှိရာသို့ မျှော်မှန်းလျက် ဦးသုံးကြိမ်ချကာ ရှိခိုးလေ၏။

အမတ်ဒိန်နှင့် သမိန်ဗြာဇ္ဇတို့လည်း အံ့သြ၍ ဝမ်းသာ၏။ မိဖုရားလည်း ဝမ်းသာရွှင်လန်း၍ ပြုံးလျက်နေ၏။ လဂွန်းအိန် မှာသမျှ လျှောက်ထားကြမည်ဟု ဝန်ခံကြ၏။ လဂွန်းအိန်ကိုလည်း စစ်အောင်မြင်စေရန် ဆုတောင်းကြပြီး ရွှေလောင်းတော်ကို ဦးလှည့်၍ ရာဇာဓိရာဇ်ထံ ပြန်ကြလေ၏။

လဂွန်းအိန်သည် စည်မောင်းခရာများကို တီးစေ၍ အောင်သံပေးကာ လှေတပ်ကို ချီလေ၏။ ပန်းလိုင် (ပါင်လိုင်)[၂] သို့ရောက်သော် သူ့ရှင်မှာသည့်အတိုင်း ချောင်း

၁။ မြန်မာပေမူတွင် – အကျဉ်းမျှသာဆို၏။
၂။ မြန်မာပေမူတွင် – ဒေါပေါလုလင် – ဟုဆို၏။

www.burmeseclassic.com

www.burmeseclassic.com

ပြည့်အောင် ငုတ်တိုင်များကို စိုက်စေ၏။ ပန်းလိုင်မြစ်ဝတွင် လေပေါ့-၂၀-သာ ပြထားလေ၏။ ကျန်လေတစ်ရာကျော်တို့ကို မမြင်အောင် ဝှက်ထား၏။ လူအချို့အား ကြည်းထက်ကနေစေ၏။

ပုသိမ်မှ လည့်လာသော သမိန်လောက်ရုန်သည် စစ်လေဝါးရာဖြင့် လိုက်လာရာ ပန်းလိုင်သို့ရောက်သော် လဂွန်းအိန်၏ လေပေါ့-၂၀-တို့ကိုမြင်လျှင် ရေတက်ဖြင့်လိုက်၏။ လေတက်နည်းသည်ဟုဆို၍ ပေါ့ဆစွာလိုက်၏။ ရေကျလျှင် အမြဖမ်းယူမည်ဟု ကြံ၍ ဝိုင်းလိုက်ကြ၏။ လေပေါ့-၂၀-တို့လည်း ကြောက်၍ ပြေးဟန်ပြု၏။ ငုတ်တိုင်များ စိုက်ထားရာသို့ရောက်လျှင် ရေကျပြီဖြစ်၏။ လေ-၂၀-တို့သည် တိုင်ငုတ်လွတ်အောင် ထွက်ခဲ့၏။

ပုသိမ်သားတို့သည် ကြည်းထက်တွင် လူအချို့ကိုမြင်လျှင် လဂွန်းအိန်တို့သည် လေထက်မှဆင်း၍ ပြေးပြီဟုထင်ပြီး ဖိလိုက်ကြရာ တိုင်ငုတ်များနှင့်ငြိ၍တင်၏။ အချို့မှာ ဖိလာကန့်လန့်ဖြစ်သဖြင့် လေချင်းထိပါး၍ အယှက်ယှက် အတင်တင် ဖြစ်နေ၏။ အချို့လေများမှာစောင်း၍ အချို့မှောက်သည်။ အချို့နစ်သည်။ ထိုစဉ် လဂွန်းအိန်သည် ဝှက်ထားသော လေတက်တစ်ရာကျော်တို့ကို တစ်ဟုန်တည်း ထိုးထွက်လာစေ၍ အပြင်း တိုက်ခိုက် ထိုးခုတ်ကြ၏။ လဂွန်းအိန်ကိုယ်တိုင် ထိုးခုတ်သဖြင့် ပုသိမ်သားတို့၏ လေတပ်ဝါးရာမှာ ဖရိုဖရဲ ဖြစ်ကုန်သည်။

သမိန်လောက်ရုန်လည်း လေထက်မှခုန်ဆင်းကာ ရေကူး၍ ကြည်းထက်သို့ တက်ပြေး၏။ ထိုမှ ပုသိမ်သို့ ကိုယ်လွတ်ထွက်ပြေးလေ၏။ ပုသိမ်တပ်ကို လဂွန်းအိန်သိမ်းယူပြီးလျှင် ရာဇာမိရာဇ်ထံ ဆက်သလေ၏။ ရာဇာမိရာဇ်လည်း "လဂွန်းအိန်သည် ငါညွှန်လိုက်သည့်အမိန့်အတိုင်း စီရင်တိုက်ခိုက်သဖြင့် ပုသိမ်တပ်ကို နိုင်ပေသည်"ဟု မိန့်၍ အားရတော်မူသည်။

"ပုသိမ်တပ်ကို အောင်မြင်ခဲ့ပြီ။ သို့သော် ဒေးဗသွယ် (ခုံပသဲ)တွင် စောအဲဗညား (စံအာဲဗညာ)ကိုလည်းရမှ မြောင်းမြကို ငါတို့ရလွယ်မည်"ဟု မိန့်တော်မူသည်ကို အမတ်ဒိန်က "အရှင်မင်းကြီး ဒလသို့ချီ၍ အပန်းဖြေနေတော်မူပါ။ ကျွန်ုပ်နှင့် စိတ်တူညီညွတ်သည့် မှူးမတ်သေနာပတိများကိုသာ ခန့်တော်မူပါ။ ဒေးဗသွယ်ကို ကျွန်ုပ်ရအောင် လုပ်ကြံ၍ ဆက်သပါမည်"ဟု လျှောက်၏။ ရာဇာမိရာဇ်လည်း "သင့်လှပေသည်"ဟု မိန့်၍ အမတ်ဒိန်စိတ်ကြိုက် သူရဲကောင်း ၃၀နှင့် စစ်သည်ဗိုလ်ပါတစ်သောင်း[၁] ကျော်နှင့်ဆင်မြင်းများကို စီရင်တော်မူပြီးလျှင် ဒလသို့ ပြန်၍ နေတော်မူ၏။

၁။ မြန်မာပေမူဋ္ဌာလည်း အမတ် ၃၀နှင့် သူရဲတစ်သောင်းကျော်ဟု ဆို၏။

www.burmeseclassic.com

www.burmeseclassic.com

ဒလသို့ ရောက်တော်မူလျှင် "ငါ့ခမည်းတော် ဆင်ဖြူရှင်ရှိစဉ်က ငါညီတော် ဘောင်မုန်(ဘဝ်ငါမုင်)ကို မင်းဖြစ်စေချင်သည်ဟု မပြတ်ပင် မိန့်တော်မူသည်။ ငါမင်း ပြုလျှင် ဘောင်မုန်သည် ငါ့အား ပုန်စားမည်ကြံသဖြင့် သူ့ကို ထောင်တွင်း၌ ထားရ သည်။ ငါတို့လည်း သူပုန်သူကန်များကို နှိမ်နင်းသုတ်သင်ရန် ကိစ္စများစွာ ရှိသေးသည်။ ထိုးဖြူတော်ကိုစွန့်၍ ကြာမြင့်စွာ ငါနေရဦးမည်။ နောင်ကို ဘောင်မုန်သည် အရေးသာ ခဲ့လျှင် ပဲခူးသို့ ငါပြန်ဝင်ရန် မခက်ချေသလော"ဟု မိန့်တော်မူပြီး အဲကောင်ဗိန် (အဲကံင်ဗန်)အား တာဝန်ပေး၍ ဘောင်မုန်ကို ကွပ်မျက်စေ၏။

အမတ်ဒိန်လည်း ဒေးဗသွယ်သို့ချဉ်းကပ်ပြီး တပ်တည်နေ၏။ ထိုမှ ဒေးဗသွယ် စား စောအဲဗညားထံ စာစေ၏။ အမှာစာကား "ကျွန်ုပ်အမတ်ဒိန်က ဒေးဗသွယ်စား စောအဲဗညားထံ လျှောက်ထားဝံ့ပါသည်။ ကျွန်ုပ်တို့သည် ဗညားနွဲ့၏ ကျွန်တော်ဖြစ်ရ သည်မှစ၍ မြင်းကုန်း၌တင်သည့် ဖရုံသီးနှင့် တူတော့သည်။ ငြိမ်းချမ်းမှုမရှိ။ ချမ်းသာစွာ နေရမည် မဟုတ်တော့ပြီ။ ကျွန်ုပ်သည် ပသို့သည်ဘက်အရပ်သို့ ရောက်ရပါမည်နည်းဟု နေ့စဉ်ပင် တောင့်တခဲ့သည်။ ယခု ကျွန်ုပ် ရောက်ခဲ့ရပြီ။ ခရီးကြဲကြိုက်ခဲ့ရပြီ။ တို့သခင် စောအဲဗညား၏ အကျိုး များရချိမ့်မည်။ လက်မလျှော့ပါနှင့်။ ကျွန်ုပ်တို့ကို ကျွန်ဖြစ်အောင် ကြံတော်မူပါ"

စောအဲဗညားလည်း အမတ်ဒိန်စာကိုရလျှင် ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး ကျွန်ယုံ တစ်ယောက်ကို ပဏ္ဏာလက်ဆောင်များနှင့် အမတ်ဒိန်ထံ စေ၏။ အမတ်ဒိန်သည် ထို ကျွန်ရှေ့တွင် ဥပါယ်ဖြင့် အကဲ့ရာမရှိသော ပေထုပ်ကိုလည်းကောင်း၊ ဓာတ်တော်မရှိ သော ကြုတ်ကိုလည်းကောင်း၊ ယူ၍ အဝတ်ပုဆိုးကောင်းဖြင့်ထုပ်ကာ စောအဲဗညား၏ ကျွန်အဖြစ် သစ္စာခံပါသည်ဟု ဆိုပြ၏။ စောအဲဗညား၏ကျွန်လည်းမြင်၍ ယုံ၏။

ထိုကျွန်ပြန်လျှင် အမတ်ဒိန်က "ကျွန်ုပ်တို့က တိုက်ဟန်ပြု၍ မြို့အနီးသို့ လာခဲ့ မည်။ စောအဲဗညားလည်း မြို့ပြင်သို့ထွက်ခဲ့ပါ။ သို့စီရင်မှ ကျွန်ုပ်၌ပါလာသော မှူးမတ် သေနာပတိများသည် စောအဲဗညား၏ကျွန်ချည်း ဖြစ်တော့သည်"ဟု မှာလိုက်၏။ စောအဲဗညားလည်း အမတ်ဒိန်၏စကားကို မစဉ်းစားမဆင်ခြင်ဘဲ ယုံကြည်စွာဖြင့် ချိန်း ဆိုသည့်အတိုင်း ဆင်စီး၍ လူယုံ ၂၀ နှင့် မြို့ပြင်သို့ ထွက်ခဲ့လေ၏။

အမတ်ဒိန်သည် သေနာပတိများအား မှာကြားကာ သူရဲတစ်ရာကို ရွေးယူ၍ ဆင်မကိုစီးလျက် မြို့တံခါးသို့ ချီလေ၏။ နောက်မှ သူရဲတစ်ရာတို့သည် အမတ်ဒိန် မှာသည့်အတိုင်း ဆင်မြင်းစီးကာ လိုက်လာ၏။ စောအဲဗညားလည်း အမတ်ဒိန်နောက်မှ တပ်လာနေသည်ကိုမြင်လျှင် တံခါးက ခွာ၍ မထွက်ဝံ့။ ရပ်ကာနေ၏။ အမတ်ဒိန်က "ထွက်တော်မူမှ နှလုံးတော်အလိုအတိုင်း အကြံအောင်မည်"ဟု ဟစ်၍ ဆို၏။ "အမတ် ဒိန်တစ်ဦးတည်း လာသည်မဟုတ်။ နောက်မှတပ်တွေလည်း လာနေပါတယ်ကား"ဟု

www.burmeseclassic.com

www.burmeseclassic.com

စောအဲဗညားဆိုဏ်။ "နောက်မှလူတွေကို အလိုတော်မရှိလျှင် ပြန်စေမည်"ဟု အမတ်ဒိန်ဆိုပြီးလျှင် နောက်လူတွေကို "ပြန်လှည့်ကုန်"ဟု အမိန့်ပေးဏ်။

သို့မှသာ စောအဲဗညားသည် ယုံကြည်၍ တံခါးမှ ခွာခဲ့ဏ်။ တစ်ဦးနှင့် တစ်ဦးတို့သည် ဆင်ချင်းနီးကပ်လျှင် ဆင်ချင်းယှဉ်၍ သစ္စာစကားဆိုဟန် အမတ်ဒိန်ပြုဏ်။ သို့ပြုရာမှ အမတ်ဒိန်သည် စောအဲဗညား၏ ဆင်မထက်သို့ ရုတ်တရက်ကူး၍ ခုတ်ဏ်။ စောအဲဗညားလည်း ရှောင်၍ပြေးဏ်။ အမတ်ဒိန်လည်း ထက်ကြပ်မကွာ မီအောင်လိုက်ဏ်။ အမတ်ဒိန်၏ နောက်ချန်တပ်တွေလည်း အပြင်းလိုက်လာဏ်။ တံခါးမပိတ်ခင်သောကြောင့် စောအဲဗညားသည် အမတ်ဒိန်၏လက်ချက်ဖြင့် ကျဆုံးရလေဏ်။ စောအဲဗညားကိုသတ်ပြီး ဒေးဗသွယ်မြို့ကို အမတ်ဒိန် သိမ်းယူလေဏ်။

ဒေးဗသွယ်ကို အမတ်ဒိန်ရပြီဟု ရာဇာဓိရာဇ်ကြားတော်မူလျှင် အားရတော်မူဏ်။ သူ့ရှင်လည်း ဒလမှ မြောင်းမြသို့ ချီတော်မူဏ်။ အမတ်ဒိန် လာရောက်ခစားသော် ရာဇာဓိရာဇ်က ဝမ်းသာအားရစွာဖြင့် ချီးကျူးစကားပြောလျက် ကျိစယ်တော်မူဏ်။

"ငါတို့အမတ်ကြီးသည် နှုတ်ရေးသာ ကောင်းသည်ဟုမှတ်သည်။ ယခု လက်ရေးလည်း လွန်စွာကောင်းလှပါတကား။ အမတ်ကြီးသည် ဆင်စီးသူရဲကောင်းဖြစ်ပြီးသော် ဇမ္ဗူဒိပ်ကျွန်းတွင် ငါတို့အား ခံနိုင်မည့်သူ မရှိတော့ပြီ"ဟု မိန့်တော်မူ၍ ရယ်မောတော်မူဏ်။

မြောင်းမြစား–လောက်ဖြားသည် ပုသိမ်သားရေတပ်ကို လဂွန်းအိန်နိုင်ခဲ့သည်ကိုလည်းကောင်း၊ ဒေးဗသွယ်ကို အမတ်ဒိန် ရခဲ့သည်ကိုလည်းကောင်း၊ ကြားရလျှင် လွန်စွာ ကြောက်ရွံ့တုန်လှုပ်နေလေဏ်။ ရွှေငွေပစ္စည်းများကို လေ့ထက်တင်၍ ရခိုင်သို့ ပြေးတော့မည် ကြံလေဏ်။ ထိုအခါ လောက်ဖြား၏ သားတစ်ဦးဖြစ်သူ မပစ်နွယ် (မပေတ်နော်)* သည်အဖအား မပြေးရန် တားလေဏ်။

"ပြေးမည်ပြုသည်မှာ မတော်ပါ။ မသွားပါနှင့်ဦး။ ကျွန်ုပ်သည် ဗညားနွဲ့နှင့် စီးချင်းတွေ့မည်ဟူ၍ စေရပါစေဦး။ စီးချင်းတွေ့မည်ဟု ဗညားနွဲ့ဆိုလျှင် ဗညားနွဲ့ကို ကျွန်ုပ် စီးချင်းတိုက်မည်။ ဗညားနွဲ့ကို ကျွန်ုပ်နိုင်လျှင် ယခင်အတိုင်း မင်းစည်းစိမ်ကို စံစားတော်မူ။ ကျွန်ုပ်ရှုံးခြေသော် လေ့စီး၍ ရခိုင်သို့ ကူးတော်မူလော့"ဟူ၍ မပစ်နွယ်လျှောက်သဖြင့် သမိန်လောက်ဖြားလည်း အားရပြီး ရခိုင်သို့ မပြေးသေးဘဲ ဆိုင်းငံ့နေလေဏ်။

---

* မြန်မာပေမူတွင် ပစ်နွယ်ဟု ရေးသော်လည်း ပုံနှိပ်မူများတွင် ဗျည်းနွဲ့ဟူ၍ ယွင်းခဲ့သည်။ ပြောင်းပုံမှာ ပစ်-ကို မြန်မာက ဗျစ်-ဟု ဖတ်၍ ရေးရင်း ဗျည်းဟု ဖြစ်လာဏ်။

www.burmeseclassic.com

www.burmeseclassic.com

မပစ်နွယ်သည် ရာဇာဓိရာဇ်ထံ အမှာစာပို့၏။ စာတွင် –

"အရှင့်သားတော်သည် ဆင်စီး၊ မြင်းစီးသည့်ပညာတွင် ကောင်းမွန်ထူးချွန်လှသဖြင့် ဟံသာဝတီကို အုပ်စိုးရသည်။ ကျွန်ုပ်အဖသည်လည်း ကျွန်ုပ်တို့ကို အားထား၍ မြောင်းမြမြို့ကို အခိုင်ပြု၍နေသည်။ အကယ်၍ မြောင်းမြမြို့ကို သိမ်းပိုက်လိုက စီးချင်းတိုက်ပါဦး။ ကျွန်ုပ်ကိုနိုင်ခဲ့ပါမူ မြောင်းမြ၊ ပုသိမ်နှင့် ခဲပေါင်(ခေဝ်ပင်)မြို့များကို လက်အောက်ပြုတော်မူ။ ကျွန်ုပ်အား အရှင့်သားတော်ရှုံးပါက ဟံသာဝတီသို့ လှုပတင့်တယ်စွာ ပြန်တော်မူ။ ကျွန်ုပ်သည် သစ္စာစကား အမှန်ကိုဆိုသည်။ ဆင်တွင်း၊ မြင်းကျင်း ဆူငြောင့်မချ။ ယုံတော်မမူသော် ကျွန်ယုံတော်လွတ်၍ ကြည့်စေ"

ဟူ၍ ရေးလေ၏။ ရာဇာဓိရာဇ်လည်း –

"ငါသည် ဆင်ဖြူသခင် ဧကရာဇ်မင်း၏သားတော် မင်းရိုးမင်းဆက်မှန်သောသူဖြစ်သည်။ သာသနာငါးထောင်ကို ဝောင့်သောနတ်တွေ သက်သေဖြစ်ပါစေ။ မပစ်နွယ်သည် ငါနှင့် ဆင်စီးချင်းတိုက်လိုသည်ဟု ဆိုသည်။ ငါ့အကြိုက်ပါတကား။ မပစ်နွယ်က ငါ့အား နိုင်လျှင် မြောင်းမြ၊ ပုသိမ်၊ ခဲပေါင် အနောက်တစ်လွှားကို လောက်ဖြားတို့ပိုင်စေ။ ငါနိုင်လျှင်လည်း မြောင်းမြစား သမိန်လောက်ဖြားကို ငါမသတ်။ ဒဂုန်ဆံတော်ရှင်ဘုရားခြေတော်ရင်းတွင် သီတင်းသုံးနေစေမည်။ ငါ မင်းဧကရာဇ်စကားသည် မှန်၏ဟူ၍ မပစ်နွယ်မှတ်ပါ"

ဟူ၍ စာယူလာသူအား မှာကြားလိုက်၏။ ရာဇာဓိရာဇ်၏ အမိန့်ကိုကြားရလျှင် မပစ်နွယ်လည်း လွန်စွာအားရ၏။ "မနက်ဖြန်တိုက်မည်။ အရှင့်သားတော် ဝင်တော်မူ" ဟု မှာ၏။

အမတ်ဒိန်နှင့် သမိန်ဗြာဇ္ဈတို့ကလည်း "ဘုန်းကြီးသည့်အရှင်သည် ကျွန်တော်မပစ်နွယ်နှင့် စီးချင်းတိုက်တော်မူသည်မှာ မင်းဧကရာဇ်တို့အရေး မဟုတ်ပြီ။ သခင်နှင့် ကျွန် အဖက်ပြုသည်မှာ အစဉ်အလာ ပျက်တော့သည်။ မပစ်နွယ်အား အရှင်မင်းကြီး နိုင်လျှင်လည်း အဘယ်ကျက်သရေမင်္ဂလာရှိအံ့နည်း။ မြောင်းမြမြို့ကို လုပ်ကြံရန် ကျွန်ုပ်တို့၏တာဝန် ဖြစ်ပါသည်။ မှူးမတ်သေနာပတိ သူရဲကောင်းတွေရှိပါလျက်နှင့် အရှင်မင်းကြီးသည် ဤသို့ မပြုသင့်ကြောင်းပါ"ဟု လျှောက်ထားကြ၏။

ရာဇာဓိရာဇ်သည် ပညာရှိအမတ်ကြီးများ၏ လျှောက်ထားချက်ကို လက်မခံနား မဝင်ချေ။ ရာဇဝင်မင်းဆက်အနွယ်ရင်းဖြစ်၍ မာနကြီးသည်။ "မပစ်နွယ်သည် ကျွန်မျှသာဖြစ်သည်။ အကယ်၍ ငါမတိုက်ဘဲနေလျှင် ငါသည် လက်ရေး လက်စွမ်း၊ စီးချင်း

www.burmeseclassic.com

www.burmeseclassic.com

ကောင်းသည်မဟုတ်ဟု အခြားမင်းများထံ သတင်းကျော်ကြားတော့မည်။ တစ်နည်းကား ငါသည် စီးချင်းတိုက်ရာတွင် မည်မျှကောင်းသည်၊ မည်မျှစွမ်းသည်ဆိုကြောင်းကို မျူးမတ်သေနာပတိများ၊ သူရဲကောင်းများအား သိကြစေလိုသည်။ သို့မှသာ ငါ့အား ရွံ့ကြမည်"ဟု စိတ်တွင် ဆင်ခြင်၏။

နောက်တစ်နေ့ မိုးသောက်လတ်သော် ဗညားနွဲ့သည် စားတော်ခေါ်ပြီးလျှင် ရဲရင့်စွာဖြင့် ဆင်တော်ငရက်နွဲ့(အရက်နံ့)ကိုစီး၍ ဝင်တော်မူ၏။ ကျွန်တော် စောနသိန်နှင့် စောနသင်တို့အား ရှေ့တော်က လက်ဝဲလက်ယာဝင်စေသဖြင့် မပစ်နွယ်က "မင်းသား ဗညားနွဲ့ကိုသာ ငါစီးချင်းတွေ့လို၍ ဝင်စေသည်။ မင်းတို့အမျူးအမတ်တို့က ပသို့ကူရန် လာသနည်း"ဟု ဟစ်၍ဆို၏။

ထိုစကားကို စောနသိန်၊ စောနသင်တို့က သူ့ရှင်အား လျှောက်ကြလျှင် ရာဇာဓိရာဇ်က– "ငါ့ကျွန်တော်နှစ်ယောက်တို့သည် မင်းကို တိုက်ရန် လိုက်လာသည်မဟုတ်။ စီးချင်းတိုက်သည့်နေရာတွင် ဆူးငြောင့် ခလုတ်ကန်သင်း၊ တွင်းကျင်း ထောင်ချောက်ရှိမရှိ ကြည့်ရှုစစ်ဆေးရန် ဝင်လာခြင်းဖြစ်သည်"ဟု မိန့်ကြားကာ စောနသိန်နှင့် စောနသင်တို့အား စီးချင်းတိုက်မည့်နေရာသို့ ကြို၍ ဝင်ကြည့်စေသည်။ ထိုနောက် ပြန်ထွက်လာပြီး "ဆူးငြောင့်တွင်းကျင်းမရှိ"ဟု လျှောက်ထားကြလေသည်။

မပစ်နွယ်လည်း ဆင်အဲန္ဒ[1] ကိုစီး၍ မြို့တံခါးရွက်ကိုကွယ်လျက် တစောင်းနေနှင့်၏။ ဗညားနွဲ့လည်း မာနကြောင့် မစဉ်းစား မဆင်ခြင်သဖြင့် မပစ်နွယ်အား တံခါးရွက်တွင်ကွယ်၍ နေသည်ကိုမမှတ်။ "တိုက်မည်"ဟု ဟစ်၍ ဆိုတော်မူ၏။ မြို့တံခါးမှင့်၍ ဝင်တော်မူရာ ဆင်ဦးလွန်သည်နှင့် မပစ်နွယ် ထွက်တိုက်၏။ ဗညားနွဲ့၏ ဆင်စွယ်ဖုံးကို တစောင်းထိုးမိ၍ ဖီလာကန့်လန့်ဖြစ်သွား၏။ ဆင်ချင်းလည်း ပူးလျက် ရှိစဉ် မပစ်နွယ်သည် ဓားနှင့်ခုတ်မည်ဟု ဓားကိုချွတ်သည်။ ဓားမကျွတ်၍ ချွန်းသီးဖြင့် ရိုက်လိုက်ရာ သူ့ရှင်ရာဇာဓိရာဇ်၏နဖူး ကွဲချေသည်။ ရာဇာဓိရာဇ်လည်း ဗြုန်းဒိုင်းမူးရာမှ သတိရ၍ ရုတ်ခြည်း ထွက်ဆုတ်ခဲ့သည်။ သို့စဉ် မပစ်နွယ်သည် မဖြောင့်မမတ်။ စဉ်းလဲကောက်ကျစ်၍ တံခါးရွက်ကိုကွယ်ပြီး တစောင်းတိုက်နှင့်ကြောင်းကို ဗညားနွဲ့သိရတော့သည်။ အတိတ်ဘဝမှ ကုသိုလ်ကံကြောင့် မင်းသားကို နတ်များက စောင့်မကြ၍သာ မတရားသောနည်းဖြင့်တိုက်သော မပစ်နွယ်မှာ ကုသိုလ်ကံမမျှသောကြောင့် သူ့ရှင်အားခုတ်ရန် ဓား မကျွတ်ခြင်းဖြစ်သည်။

၁။ မြန်မာပေမူတွင် ဆင်အဲန္ဒဟု မွန်နှင့်အညီလာသော်လည်း ပုံနှိပ်မူတွင် ငရက်နွဲ့ဟု မှားယွင်းခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

ရာဇာဓိရာဇ်လည်း တံခါးပြင်သို့ ဆယ်လံ[၁] ကျော်မျှ ထွက်ဆုတ်ခဲ့ပြီးသော် အမူးလည်းပြေပြီဖြစ်၍ တိုက်ဟန်အားသစ်ယူကာချိတ်သွင်း၍ လှည့်ဝင်တော်မူ၏။ မပစ်နွယ်၏ဆင်ကိုအစွယ်ချင်းယှက်၍ တွေ့သည်။ ဆင်ချင်းအားမတန်သဖြင့် မပစ်နွယ်ဆုတ်ရသည်။ အဆုတ်ကို ထပ်၍ ဖိတိုက်သည်။ တွန်းတွေ့တွေ့သဖြင့် မပစ်နွယ်၏ဆင်မှာ ဖိလာကန့်လန့်ဖြစ်၍ ဆင်ချင်းပူးလျက်ရှိစဉ် ရာဇာဓိရာဇ်သည် ချွန်းသီးဖြင့် ရိုက်တော်မူ၏။ မပစ်နွယ်၏ နားရွက်ပြတ်ထွက်လေ၏။ ဆင်တော် ငရက်နွဲ့[၂] လည်း မပစ်နွယ်၏ဆင်အဲနွဲကို သေအောင် ထိုးသတ်လိုက်၏။ မပစ်နွယ်လည်း ဆင်ထက်မှ ကျလေ၏။

နောက်တော်၌စောင့်နေသော ကျွန်တော် စောနုသိန်နှင့် စောနုသင်တို့လည်း မပစ်နွယ်အား ဝင်ရောက်ဖမ်းယူ၏။

သမိန်လောက်ဖြားလည်း သားဖြစ်သူ သူရဲကောင်း မပစ်နွယ်ရှုံး၍ အဖမ်းခံရသည်နှင့် သားမယားများကိုခေါ်ပြီး ပြေးလေ၏။ ရာဇာဓိရာဇ်လည်း လောက်ဖြားအား လိုက်ဖမ်းစေ၍ ရခဲ့လေ၏။ မြောင်းမြတွင် သဋ္ဌေးသူကြွယ် ချမ်းသာသူ ပေါများလှ၏။ ရာဇာဓိရာဇ်သည် မြောင်းမြစားထံမှ ရွှေ၊ ငွေများအားလုံး သိမ်းယူပြီး ခေါင်းဆောင်းခမောက်ဖြင့် ခြင်ယူရသည်။ မှူးမတ်သေနာပတိ မင်းစိုးဗိုလ်ပါများသာမက စားဖိုသည် မိန်းမ၊ ယောကျ်ားများကိုပင် ရွှေငွေဆုလာဘ်များ ဝေငှပေးသနားတော်မူသည်။ လောက်ဖြား၏ သူရဲတစ်သောင်းကျော်ကိုလည်း ရတော်မူ၏။

ထို့နောက် မပစ်နွယ်အားခေါ်စေ၍ "နင်သည် ငါ့ကျွန်မျှသာ။ ငါကဲ့သို့သော မင်းဧကရာဇ်ကို စီးချင်းတိုက်မည်ဆိုသည်မှာ နင့်ကိုယ်နင် ယောကျ်ားကောင်းဟု နင် မှတ်သလော"ဟု မေးတော်မူလျှင် မပစ်နွယ်က–

> "ကျွန်ုပ်သည် အရှင့်သား၏ ကျွန်မျှသာဖြစ်ကြောင်း မှန်ပါသည်။ အမှုထမ်းကောင်း၊ သူရဲကောင်းဖြစ်သဖြင့် တိုင်းစွန်နယ်ဖျားပေး၍ ရန်သူများကို ကာကွယ်ရန် ထားမည်သော်ကား မေးတော်မူကျိုးရှိပါ၏။ စီးချင်းတွေ့မည်ဆို၍ အရှင့်သားတော်နှင့် ကျွန်ုပ်တို့သည် စီးချင်းတိုက်ခဲ့ပြီးဖြစ်၏။ အရှင့်ကို ရန်ငြိုးဖွဲ့ခဲ့သူဖြစ်သဖြင့် ကျွန်ုပ်အား မေးတော်မူသည်မှာ မေးခွန်းထူးထူးထွေထွေမရှိပြီ။ ကျွန်ုပ်အား သတ်လိုက သတ်တော်မူပါ။ ကျွန်ုပ်ကို

၁။ မြန်မာပေမူတွင် ဆယ်တာကျော် ဟုဆို၏။

၂။ မြန်မာပေမူ၌လည်း ဗညားနွဲ့စီးသောဆင်ကို ငရက်နွယ်ဟု မွန်နှင့်အညီပြု၏။ (ဆင်ချင်းအမည်တူဟုပုံနှိပ်မူကိုတည်းသူက စကားချပ် ဆိုသော်လည်း မြန်မာပေ မူတွင် ဆင်ချင်းအမည်မတူပါ။ ငရက်နွယ်နှင့် အဲနွယ်ဟူ၍ ရေးပါသည်။ (နောက်ပစ်နှင့် ယ သတ်အတူတူ) နွယ်–နွဲ့–နွဲ့.–ဟူလို။

www.burmeseclassic.com

ထားတော်မူလျှင်လည်း ကျွန်ုပ် မရှင်ပျော်ပြီ။ ပသို့ကြောင့်မူကား စီးချင်းတိုက်စဉ် အရှင့်သားတော်အား ဓားနှင့်ခုတ်မည်ဟု ဓားကိုချွတ်သည်။ ဓား မကျွတ်ယောကြောင့်သာ၊ ဓားကျွတ်ခဲ့သော် ချုပ်ဝတ်နှင့်တကွ အရှင့်သားကိုယ်လည်းပြတ်၍ ဆင်ကိုယ်သို့ပင် ဝင်လိမ့်မည်။ ဓားမကျွတ်၍ ချွန်းသီးနှင့် ရိုက်သဖြင့် နဖူးတော်ကွဲခဲ့သည်။ အနာရွတ်ပေါ်ခဲ့သည်။ နောင်ကို အရှင့်သားတော်သည် အလှကျက်သရေပြင်ရန် ပတ္တမြားကြေးမုံကို ကြည့်တော်မူတိုင်းပင် အနာရွတ်ကိုမြင်လျှင် မပစ်နွယ်၏ လက်ရာဟု အောက်မေ့တော်မူမည်။ သို့ အောက်မေ့လေတိုင်းပင် ကျွန်ုပ်အား အမျက်တော်ပြေမည်မဟုတ်။ ကျွန်ုပ်သည် တစ်ခါသာ သေလိုတော့သည်။ နှစ်ခါ မသေလိုပါ။ ကျွန်ုပ်ကို သတ်ပစ်ပါတော့”

ဟူ၍ လျှောက်ထား၏။

ရာဇာဓိရာဇ်လည်း “နင့်ဓားသည် အဘယ်မျှကောင်း၍ ငါ့အား ခုတ်ဖြတ်နိုင်မည်နည်း”ဟု မေးတော်မူ၏။ “ကျွန်ုပ်၏ဓား ကောင်းသည် မကောင်းသည်ကို ကျောက်အထူသံတစ်တောင်မျှကို ခုတ်စေပြီးမှ သိမည်”ဟု မပစ်နွယ် လျှောက်သဖြင့် ကျောက်အထူသံတစ်တောင်မျှကို ယူ၍ ခုတ်စေသည်။ ပြတ်လေ၏။ “နင့်ဓားရှည် ကောင်းပေစွ”ဟု ချီးမွမ်းတော်မူ၏။ မပစ်နွယ်သည် သူရဲကောင်းပီသပေသည်ဖြစ်၍ ထားလိုသော်လည်း မပစ်နွယ်က မနေလိုဟုဆိုသဖြင့် နောင်ရေးလည်း သူ့အား စိတ်ပူပန်ရဦးမည်ဖြစ်သောကြောင့် မပစ်နွယ်ကို နမြောလျက်ပင် ကွပ်မျက်စေရ၏။

ရာဇာဓိရာဇ်သည် မြောင်းမြတွင် နှစ်ရက်မျှ နေတော်မူပြီးလျှင် ကျွန်ယုံများကို အစောင့်ထား၍ ပုသိမ်သို့ ချီတော်မူ၏။ ပုသိမ်စား လောက်နရိန်(လိုက်နရိန်)[1] လည်း ရွှေ၊ ငွေများကို ဆင်ထက်တင်၍ သူရဲ ၇၀၀နှင့် ပြည်သို့ ပြေးလေ၏။ ရာဇာဓိရာဇ်သည် အမတ်ဒိန်နှင့် သမိန်ဗြာဇ္ဈတို့ကို တပ်မှူးခန့်၍ သူရဲ ၇၀၀၊ ဆင်ဆယ်စီးနှင့် လိုက်စေသည်။ ပုသိမ်စား လောက်နရိန်သည် ပြည်၌ မရပ်မနားတော့ဘဲ သံတွဲသို့ ပြေးဝင်လေ၏။ သံတွဲသို့ ဆက်လက်လိုက်စေရန် သူ့ရှင်မိန့်တော်မူသဖြင့် အမတ်ဒိန်နှင့် သမိန်ဗြာဇ္ဈတို့သည် သံတွဲသို့ လိုက်ဝင်လေ၏။

ရာဇာဓိရာဇ်သည် ပုသိမ်သို့ရောက်လျှင် ဒလချစ်သင်အား ခေါ်တော်မူ၍ ရောက်လျှင် မေးတော်မူ၏။ “ငါ ဒဂုန်၌ရှိစဉ် မြောင်းမြစားသည် လေတက်များနှင့် ချီလာသည်။ ငါက စာနှင့် လူစေလိုက်သည်။ မြောင်းမြစားက မင်းအားမေးသည်ကို မင်းပသို့ဖြေသနည်း”

၁။ မြန်မာပေမူတွင် လောက်ရိန်ဟုဆို၏။

www.burmeseclassic.com

www.burmeseclassic.com

ဒလချစ်သင်ကလည်း "မြောင်းမြစားမေးသဖြင့် ကျွန်ုပ်က 'မုတ္တမတပ်တွေ ပြန်လှည့်ကုန်ပြီ။ မင်းသားကို ရန်မပြုတော့ပြီ။ နောင်ကို ကျွန်ုပ်တို့လည်း ဗညားနွဲ့အား ရှိခိုးရမည်ဖြစ်သဖြင့် ပြန်လှည့်သင့်သည်'ဟု ကျွန်ုပ်ဖြေသည်။ မြောင်းမြစားလည်း 'သင့်လှသည်'ဟု ဆို၍ မြောင်းမြသို့ ပြန်လှည့်ကြပါသည်"ဟု ဖြေသဖြင့် သူ့ရှင်လည်း အားရစွာဖြင့် "မင်းစကားမှန်ပေသည်"ဟု မိန့်တော်မူ၍ ဒလချစ်သင်အား ဆုလာဘ်များ ပေးတော်မူ၏။ သံကျင် (သံကျောင်)[၃] မြို့ကိုလည်း စားစေမည်ဟု မိန့်၏။

ထိုစဉ် ဒလချစ်သင်က "ကျွန်ုပ်သည် အရှင့်ခမည်းတော် ဆင်ဖြူသခင်ဗညားဦး၏ ကျွန်တော်ရင်းဖြစ်ပါသည်။မုတ္တမတွင် ဖြတ်ထဗပုန်စားစဉ် ဗိုလ်ချုပ်ဧယျသူရနှင့်အတူ ကျွန်ုပ်တိုက်ခဲ့သည်။ ဧယျသူရ ကျည်ဆန်သင့်၍ ဆင်ထက်၌ပင် ကျဆုံးရသည်။ ကျွန်ုပ်နှင့်အတူအမတ်လေးဦး[၄] တို့အား ဧင်းကျိုက်တွင် ဖြတ်ထဗဖမ်းယူပြီးသဘော်ထက်တင်၍ ကုလားပြည်သို့ ပို့သည်။ မြောင်းမြစား သမိန်လောက်ဖြားက ကျွန်ုပ်ကို နှစ်သက် ၍ နှတ်ယူခဲ့သည်။ ယခု မြောင်းမြကို အရှင်မင်းသား သိမ်းယူခဲ့ပြီဖြစ်၍ ကျွန်ုပ်လည်း ရွှေဖဝါးတော်အောက်သို့ ရောက်ခဲ့ပြန်ပါသည်။ အရှင်မင်းသားသည် ကျွန်ုပ်အား အသက်ချမ်းသာပေးသည့်ပြင် ကြေးမက်မြို့ရွာလည်း ပေးသနားတော်မူသည်မှာ ကျေးဇူးတော်ကြီးမားလှပေသည်။ အရှင့်သစ္စာတော်ကို ကျွန်ုပ် အသက်ပေး၍ ခံပါမည်။ သစ္စာတော်ရလျှင် ကျွန်ုပ်သား ဗေချစ်တကိုလည်း ခြေရင်းတော်၌ မြဲစေမည်"ဟု လျှောက်သည်။

ရာဇာဓိရာဇ်လည်း ခမည်းတော်၏ ကျွန်ရင်းဖြစ်သော ဒလချစ်သင်အား ကျမ်းရွက်စေပြီး သစ္စာရေတိုက်၍ သားအဖတို့ကို ခြေရင်းတော်၌ ထားတော်မူ၏။

သမိန်ဖြာဇွတို့သည် ပုသိမ်စား လောက်နရိန်အား ဖမ်းဆီးရန် သံတွဲသို့လိုက်၍ လုပ်ကြံ၏။ သံတွဲပျက်အောင် မတိုက်နိုင်သဖြင့် ဝန်းရံထား၏။ သံတွဲသားတို့လည်း ရုတ်ခြည်း စစ်ရောက်လာသဖြင့် ရိက္ခာစပါးများကို မသွင်းခင်ကပေ။ မြို့ပြင်သို့ ထွက်ခွင့်မရ၍ ကြာရှည်လတ်သော် ငတ်မွတ်ကြကုန်၏။

သံတွဲစားလည်း နောင်ရေး ခက်တော့မည်ဟုတွေး၍ အရေးဆိုလာ၏။ "သမိန်ဖြာဇွတို့ လာကြသည်မှာ မြို့ကိုလို၍ လာသလော။ သို့မဟုတ် ရန်သူလောက်နရိန်ကို လို၍ လာသလော။ အလိုရှိသည်ကို ပြန်ကြားပါ"ဟု မေးလာသဖြင့် သမိန်ဖြာဇွက "ငါတို့သည် သင်တို့မြို့ရွာစည်းစိမ် သမ္မတ္တိကို လုယူလို၍ လာသည်မဟုတ်။ ငါတို့၏ ရန်သူ လောက်နရိန်ကိုဖမ်းရန် လာခြင်းဖြစ်သည်"ဟု ပြန်ကြား၏။

၁။ မြန်မာစာပေမူတွင် သကျဉ်မြို့ဟု လာ၏။

၂။ အမတ်ငါးဦးမှာ စေတ်ခရင်၊ ဆွေတ်ဒရာတ်၊ သာံမှာ၊ ဝုန်ဒင်၊ ဒလချေဂ်သေင်။

www.burmeseclassic.com

www.burmeseclassic.com

"ယင်းသို့ဆိုလျှင် သစ္စာပြဦး။ သစ္စာဆိုပြီးမှ သင်တို့၏ရန်သူ လောက်နရိန်ကို ငါတို့ ထုတ်ပေးမည်"ဟု ဆို၏။ သမိန်ဗြာဇွန်တို့လည်း သစ္စာပြုကြသဖြင့် သံတွဲသား တို့သည် လောက်နရိန်အား သားမယား၊ သူရဲသူခက်များနှင့်တကွ ဆင်မြင်းပါသရွေ့ကို ထုတ်၍ပေးလာ၏။ သမိန်ဗြာဇွန်လည်း လောက်နရိန်ကိုရလျှင် ပြန်မည် စီရင်၏။

ထိုအခါ လောက်နရိန်က "သင်းတို့က ငါ့ကိုထုတ်ပေးသည်မှာ သင်းတို့ ငတ်မွတ်ကုန်မည်စိုး၍ဖြစ်သည်။ သင်းတို့မြို့တွင် ရိက္ခာစပါး မသွင်းခင်၍ နောင် လေးငါး ရက်သာဆက်နေလျှင် သံတွဲမြို့ကို လွယ်ကာသာရတော့မည်"ဟုဆို၏။ မှူးမတ်အချို့လည်း "ကျွန်ုပ်တို့ လေး၊ ငါး၊ ဆယ်ရက် နေလိုက်လျှင် သံတွဲမှ သုံ့ပန်းများနှင့် ရွှေငွေများကို သူ့ရှင်ထံဆက်ရသော် ငါတို့အောင်ပွဲ ကြီးမားတော့မည်"ဟု ဆိုသည်ကို သမိန်ဗြာဇွန်က မကြိုက်ဖြင့် ကတိသစ္စာအတိုင်း ပြန်ခဲ့၏။

ပုသိမ်သို့ပြန်ရောက်လျှင် လောက်နရိန်နှင့်တကွ သားမယားများကို ရာဇာမိရာဇ်ထံ ဆက်သလေ၏။ လောက်နရိန်အား ကွပ်မျက်စေပြီး သားမယားများကိုမူကား မုတ္တမသို့ ပို့စေ၏။ ထို့နောက် မှူးမတ်တို့၏စကားကို သူ့ရှင်ကြားတော်မူလျှင် သမိန်ဗြာဇွန်ကိုခေါ်၍ "လေး၊ ငါး၊ ဆယ်ရက်မျှ မင်းတို့ဆက်နေသော် သံတွဲမြို့ကိုရမည်ဟူ၍ မှူးမတ်တို့ဆိုကြလျက် ဘယ်အရေးကိုမြင်ပြီး သံတွဲမြို့ကိုမယူဘဲ အမတ်ကြီး ပြန်ခဲ့ရသနည်း"ဟု မေးတော်မူ၏။ သမိန်ဗြာဇွန်လည်း ဦးခိုက်လျက် –

"ကျွန်ုပ်တို့ သံတွဲသို့မရောက်ခင် လောက်နရိန်သည် သံတွဲသို့ဝင်နှင့်သည်။ သံတွဲကို လုပ်ကြံသော်လည်း မဖျက်နိုင်၍ ရံလျက်နေသည်။ သံတွဲစားက အရေးဆိုလာသည်။ သစ္စာပြုကြရချေသည်။ သစ္စာပြုပြီးမှ လောက်နရိန်ကို သူတို့ ထုတ်ပေးသည်။ လောက်နရိန်ကိုရပြီးမှ သံတွဲသားတို့မှာ ငတ်မွတ်ကြောင်း သိရသည်။ မှူးမတ်များက နေလိုသော်လည်း ကျွန်ုပ်မကြိုက်၍ ပြန်ခဲ့သည်။ အကြောင်းကား အရှင်မင်းကြီးသည် အနေအနားမရှိ စစ်ကစားရဦးမည်။ စစ်ရေးသည် နှစ်ပါးရှိပါသည်။ နူတ်ရေးဖြင့်ပြီးစေသည့် စစ်ရေးတစ်ပါး၊ လက်ရေးနှင့် ပြီးစေသည့် စစ်ရေးတစ်ပါး၊ ယခုအရေးမှာကား သူ့သစ္စာကိုခံချေ၍ ပြီးသည့်စစ်ရေးဖြစ်သည်။ သူနှင့်သစ္စာကတိပြုပြီးမှ ကျွန်ုပ်တို့အလိုရှိသောရန်သူကို သူက ထုတ်ပေးလာ၏။ ရန်သူကိုရပြီးမှ တစ်ဖန်သစ္စာကိုမစောင့်။ ဖောက်ပြန်၍သူ့ကို ဖျက်ဆီးပြန်ချေသော် ရှေ့သို့ သည်သံတွဲသားတို့ ပုံနမူနာကိုထား၍ နူတ်ရေးဖြင့်ပြီးရမည့်အရေးကား မရှိတော့ပြီ။ လက်ရေးနှင့် အသက်စွန့်မှသာ ရတော့မည်။ အကြင်သူသည် သစ္စာပြု၍ သစ္စာခံပြီးမှ သစ္စာကိုဖျက်၍ ဖောက်ပြန်ချေသော် အကယ်၍ သူ့အား နိုင်ဦးတော့ အသက်မရှည်။ မသေသော်လည်း သုခချမ်းသာမှုကို မရနိုင်။ အကယ်၍ သူ့အားလုံးခဲ့ချေသော်

www.burmeseclassic.com

သစ္စာမရှိ၍ ရှုံးရသည်ဟု ဆိုစမှတ်ပြုကြမည်။ သို့ဖြစ်လျှင် အရှင်မင်းကြီး ဖမ်းစေသည့် လောက်နရိန်လည်း လွတ်ထွက်တော့မည်။ ကျွန်ုပ်အသက်လည်း သေနိုင်သည်။ သေလျှင် ရှေ့သို့ အမှုတော်ကို မထမ်းနိုင် ရှိလေတော့မည်။ အရှင်မင်းကြီး၏အမှုတော်ကို အရှည်သဖြင့် အသက်ထက်ဆုံး ထမ်းဆောင်လိုပါသည်။ အရှင်မင်းကြီး၏ ကျေးဇူးတော်ကို ဆပ်လိုသည်။ အရှင်မင်းကြီးသည် ယခုအခါ အထွတ်အထိပ်သို့ရောက်နေသော မင်းဇကာဓိဖြစ်သဖြင့် တရားသဖြင့် စစ်ကစားသင့်ပါသည်။ သစ္စာဖျက်၍ ဖောက်ပြန်ပြီး စစ်ကစားခဲ့သော် အရှင်မင်းကြီး၏ဂုဏ် ပျက်ချေတော့မည်။ သည်အရေးများကို ကျွန်ုပ်မြင်၍ သံတွဲကိုရနိုင်လျက် မယူဘဲ ပြန်ခဲ့ရခြင်းဖြစ်ပါသည်။"

ဟု လျှောက်ထားလေ၏။

ကြားတော်မူလျှင် မှူးမတ်ကြီးငယ်များ၌တွင် သမိန်ဗြာဇွန်အား ချီးမွမ်းတော်မူ၏။ "သမိန်ဗြာဇွန်သည် အရှည်ကိုမြင်တတ်သည်။ အနာဂတ်အရေး၊ အကျိုးတရားတွေကို သိသည်။ အကြီးအကဲ ဗိုလ်မင်း တပ်မင်း ဖြစ်ထိုက်ပါပေသည်"ဟု မိန့်တော်မူ၍ စစ်ဗိုလ်ချုပ်ကြီး သမိန်ဗိုလ်ဗြာဇွန်ဟု ခေါ်တော်မူ၏။ ဆုလာဘ်အဆောင်အယောင်များစွာနှင့် တကွ တိုး၍ ချီးမြှင့်တော်မူ၏။ မြောင်းမြမြို့ကို သမိန်ဗြာဇွန်အား စားစေ၏။ ပုသိမ်မြို့ကို အမတ်ကြီးသီလဝအား စားစေ၏။ ထို့နောက် ရာဇာဓိရာဇ်သည် မှူးမတ်သေနာပတိများနှင့် ပဲခူးသို့ ပြန်တော်မူ၏။

သက္ကရာဇ် ၇၅၂ ခုနှစ်တွင် မိဖုရား ပိယရာဇာဒေဝီနှင့် ဘိသိက်ခံတော်မူ၏။ တလမေဒေါကို အမျက်တော်ရှိ၍ စည်းစိမ်များနှင့် ကျေးကျွန်တို့ကို သိမ်းယူစေ၏။ ခမည်းတော်ဆင်ဖြူရှင် ပေးသနားထားသည့် လက်စွပ် ၁၂-ချည်မှာလည်း အဖိုးအစားများလှသည်ဖြစ်၍ ဆံထုံး၌ ထည့်ထား၏။ ထိုလက်စွပ်များကို အမတ်ဒိန်အားလွှတ်၍ တောင်းစေ၏။ ဆံထုံး၌ထားသဖြင့် ယူ၍မရကြောင်းလျှောက်လျှင် "ဆံထုံးကိုဖြေ၍ ယူချေ"ဟု မိန့်တော်မူ၏။

အမတ်ဒိန်လည်း တလမေဒေါထံရောက်လျှင် ပုဆစ်တုပ်၍ ရိုခိုးလျက် မျက်ရည်ယို၏။ "အဘယ်ကြောင့် အမတ်ကြီး ငိုပါသနည်း"ဟု တလမေဒေါ မေးတော်မူ၏။ "ကျွန်ုပ်ငိုသည်မှာ အခြားကြောင့်မဟုတ်ပါ။ ရှင်ဘုရင်ရာဇာဓိရာဇ်က ကျွန်ုပ်အားစေသည်။ ဘုန်းရှင် မိဖုရား၏ဆံထုံးကိုဖြေ၍ လက်စွပ်များကို ယူချေဟု မိန့်တော်မူသောကြောင့် ကျွန်ုပ်သည် ကျွန်လူဆင်းရဲဖြစ်သည်။ ဇကာဓိမင်း၏သမီးတော် ဦးဆံကို ကျွန်ုပ်လက်နှင့်မထိရဟု အော်မေ့၍ ဝမ်းနည်းသဖြင့် ငိုပါသည်"ဟု လျှောက်၏။

တလမေဒေါလည်း "အိုအမတ်ကြီး 'အတ္တနော နာထော'ဟူ၍ ဗုဒ္ဓဘုရားရှင် ဟောကြားထားသည့် တရားရှိပါသည်။ အဘယ်ကို ဆိုဖွယ်အံ့နည်း။ ငါ့အမျိုးသည် ငါ့ပစ္စည်းဖြစ်သည်။ ငါ့ကိုးကွယ်ရာသည် ငါ့ဥစ္စာဖြစ်သည်။ ငါသည် ရာဇာဝံသ မင်းမျိုး

www.burmeseclassic.com

www.burmeseclassic.com

မင်းနွယ်ဖြစ်သည်။ ဗညားနွဲ့နှင့် ငါသည် လင်မယားဝတ္တရားအနေဖြင့်လည်းကောင်း၊ မောင်နှမဝတ္တရားအနေဖြင့်လည်းကောင်း ဤသို့ မပြုမူအပ်ပါ။ ငါ့တွင် သည်မျှတိုင် အောင် အမှုအခင်းတွေ ပေါ်ပေါက်နိုင်ပါတကား။ အို အမတ်ကြီး ငါ့အား သည်မျှပင် ရက်စက်နိုင်ပါတကား"ဟု ငိုယိုရှိုက်ငင်ရာမှ မူးမေ့သွားလေ၏။

အမူးပြေသော် "ငါ့ဆံထုံးကို ငါအကိုင်မခံ"ဟုဆို၍ လက်စွပ် ၁၂-ချည်ကို ဆံထုံးမှထုတ်ကာ ငိုယိုလျက်ပင် အမတ်ဒိန်အား ပေးလိုက်လေ၏။ အမတ်ဒိန်လည်း လက်စွပ်များကို ရခဲ့ပြီးကြောင်းကိုလျှောက်သော် "ပိယရာဇာဒေဝီကိုပေးစေ"ဟု မိန့်တော်မူ၏။ အမိန့်တော်အတိုင်း အမတ်ဒိန်လည်း ပေးရလေ၏။

တလမေဒေါလည်း စိတ်နလုံးကြေကွဲ၍ အစာအာဟာရ မစားမသောက်တော့ဘဲ သေရသော် မြတ်၏ဟုဆို၍ ဖုံးမသိန်နှင့် သံပရာတွင် ဆေးထည့်ပြီး ဖျော်သောက်သဖြင့် အနိစ္စရောက်သွားလေ၏။

သားတော် ဘောလောကျန်းဒေါကို အထိန်းတော် နှင်းအံကောင်းအား ထိန်းစေပြီး သီးခြားအိမ်ဆောက်၍ ထားလေ၏။

ရာဇာဓိရာဇ်သည် အတိတ်ဘဝက ပြုခဲ့ရသော ကုသိုလ်တော်များကြောင့် ယခုဘဝတွင် အောင်မြေနှင်း၍ ဇကရာဇ်မင်းဖြစ်ရသည်။ သူပုန်သူကန်များကို နှိမ်နင်းအောင်မြင်ပြီး နောက် မှူးမတ်အပေါင်းနှင့် အောင်သေအောင်သား စားတော်မူသည်။ ကျွန်တော်ရင်းချာများကို အထိုက်အလိုက် ဘွဲ့အမည်၊ အဆောင်အယောင်၊ ကြေးမက်၊ စည်းစိမ်၊ မြို့ရွာနယ်ပယ်များကို ညီညွတ်မျှတစွာ ပေးသနား၍ မြှောက်စားတော်မူသည်။ မှူးမတ်သေနာပတိ၊ မင်းကြီး၊ မင်းငယ်၊ သူရဲသူခက်၊ ဗိုလ်ပါများကို ဂုဏ်ပြုချီးမြှင့်ပွဲ ကျင်းပပြီးသော် ရွှေမော်ဓောဘုရား၌ အလှူအတန်းပွဲကြီး ကျင်းပပြန်သည်။ ရွှေမော်ဓောဘုရားခြေတော်ရင်း၌ လေးဖက်၊ လေးတန်တို့တွင် မဏ္ဍပ်ကနားကြီးများ ဆောက်လုပ်စေသည်။ အရှေ့ဘက်တွင် တံဖရာသို့တိုင်သည်။ အနောက်ဘက်တွင် စိုင်ပေါင်(စာင်ပံင်)[၁] သို့တိုင်သည်။ တောင်ဘက်တွင် စရွဲတရန်သို့တိုင်သည်။ မြောက်ဘက်တွင် သံလွဲတိရ(သံလဲတိရ)တိုင်သည်။ မဏ္ဍပ်ကနားကြီး တစ်မျက်နှာစီတွင် ပဋိမာ ဆင်းတုတော်ဘုရား အဆူလေးဆယ်စီ ပူဇော်၏။ စုစုပေါင်း လေးဖက်တွင် အဆူ(၁၆၀)ဖြစ်၏။ ရွှေမော်ဓောဘုရားတွင် မိမိကိုယ်အလေးမျှရှိသောရွှေကို လှူဒါန်းတော်မူ၏။ တစ်နေ့လျှင် ရဟန်းသံဃာ အပါးတစ်ထောင်ကျော်အား ပင့်၍ ဆွမ်းဘောဇဉ် ဆက်ကပ်သည်။ ရဟန်းတစ်ပါးလျှင် သင်္ကန်း၊ သင်းပိုင်စသော ပရိက္ခရာရှစ်ပါးနှင့်တကွ ကြေးပိသာငါးရာစီ လှူဒါန်းသည်။ အလှူကြီးကို ခုနစ်ရက်ကြာအောင် ဆင်ယင်ကျင်းပသည်။ ရာဇာဓိရာဇ်သည် ပြုရသမျှကုသိုလ်တော်ကို ရွှေရေတကောင်းဖြင့် ရေသွန်း၍ မြေစောင့်နတ်အား တိုင်တည်တော်မူ၏။

၁။ မြန်မာမူတွင် ကျတ်ပေါ်ဟုလာ၏။

www.burmeseclassic.com

www.burmeseclassic.com

မြောင်းမြစားလောက်ဖြားအား အသက်ချမ်းသာပေး၍ ဒဂုန်ဆံတော်ရှင်ဘုရားတွင် ဝေယျာဝစ္စများကို ပြုစုစေပြီး သီတင်းသီလ ဆောက်တည်စေသည်။

သက္ကရာဇ်၇၅၂-ခုနှစ်တွင် ရာဇာဓိရာဇ်သည် သက်တော် ၂၃-နှစ်ရှိသည်။ ဟံသာဝတီပြည်တွင် ထီးဖြူတော်ကိုဆောင်း၍ နတ်ပြည်တမျှ သုခစည်းစိမ်ကို ခံစားတော်မူသည်။

များမကြာမီ ရာဇာဓိရာဇ်သည် စစ်သည်ရဲမက်များကို စုရုံးပုသိမ်၊ မြောင်းမြ၊ ခဲပေါင်မြို့များမှ ရဲလေ့၊ လော်ကားလေ့များတွင် လက်နက်ကိရိယာများတင်၍ ကူထွတ်မြို့ကို လုပ်ကြံတော်မူသည်။ ကူထွတ်မြို့ကိုရလျှင် ဒလချစ်သင်၏သား သမိန်ဗေချစ်တနှင့် သမိန်သံကြယ်(သို့သော်ကြာ)တို့အား အစောင့်ထား၍ ဟံသာဝတီသို့ ပြန်တော်မူသည်။

ဟံသာဝတီရောက်လျှင် သားတော်ဘောလောကျန်းဒေါသည် ဆင်အစွယ်ကိုချွန်သည်။ ဆင်စီး၊ မြင်းစီး လေ့ကျင့်သည်။ စစ်ကစားနည်းများ လေ့လာမှု ပြုမူသည်ဟု ကြားတော်မူလျှင်-

"ရှေးက ဒဂုန်တွင် ငါခြားနားစဉ်က ငါ့အသက်အရွယ်သည် ငါ့သား ဘောလောကျန်းဒေါကိုယ်နှင့် အရိုသာမဟုတ်လော။ ထိုစဉ်က ငါ့တွင်အလုံးအရင်းဆင်၊ မြင်း၊ ကျေးကျွန် စည်းစိမ်ချမ်းသာဟူ၍ မည်မျှရှိသနည်း။ သို့ပင်ဖြစ်လင့်ကစား သည်မျှကြီးမားသော အဖြစ်သို့ ငါရောက်ခဲ့သည်မဟုတ်လော။ ယခု ငါ့သား ဘောလောကျန်းဒေါတွင် ဆင်ရှိသည်။ မြင်းရှိသည်။ လူသူတွေနှင့် ပြည့်စုံနေသည်။ ငါ့အား သင်း ခြားနားထောင်ထားရန် ကြံစည်ခဲ့သော် နောင်ကို မြို့ရွာအတွက် မခက်ချေသလော။ အရေးမဖြစ်ချေသလော" ဟု မိန့်တော်မူ၍ အဲကောင်ဗိန်အား တာဝန်ပေးကာ သားတော်ဘောလောကျန်းဒေါကို ကွပ်မျက်စေ၏။ အဲကောင်ဗိန်လည်း အမိန့်တော်အတိုင်း ဘောလောကျန်းဒေါအား သွားရောက်ဖမ်းယူ၏။ ထိုအခါ သားတော်က -

"ငါတို့မင်းဧကရာဇ်သားသည် အင်္ဂါရသဟုဆိုအပ်သော ယောကျ်ားတို့တတ်အပ်သော အတတ် ၁၈-ရပ်ကို တတ်ရာသည်ဖြစ်၍ စီးနင်းရသည်။ လေ့ကျင့်သင်ကြားရသည်။ ခမည်းတော်အား ပုန်စားရန်မကြဲလျှင် ငါ့တွင် အပြစ်မရှိပါတကား။ ငါ့မယ်တော်နှင့် ခမည်းတော်တို့မှာလည်း အခြားသူတွေမဟုတ်။ တစ်ဖနစ်မိဖြစ်ကြသည်။ ရာဇဝံသမင်းမျိုးမင်းရိုးအတူဖြစ်ကြသည်။ သည်အချက်အလက်တွေကို မစဉ်းစား မဆင်ခြင်၊ စဉ်းလဲမှု၊ လှည့်စားမှု၊ ရောင်းဝယ်မှုတို့တွင် ကျွမ်းကျင်လိမ္မာသော ဆီသည်မကို မိဖုရားကြီးအရာထား၍ သူကောင်းပြုတော်မူသည်။ သည်မိန်းမလည်း၏ လှည့်စားသွေ့စဉ်းလဲသမျှ၊ ဥပါယ်ပြုသမျှ၊ လိမ်ပတ်၍ စိတ်ဓာတ်သွင်းသမျှ ယုံကြည်တော်မူ၍ မျိုးရိုးအနွယ်တော်ကို မစဉ်းစားမထောက်မညာ ငါ့မယ်တော်ခမျာမှာ ရပ်ရည်လှပတင့်တယ်လျက် ဘုန်းစည်းစိမ်သမွတ်တို့ သုခချမ်းသာမှုပျက်၍ အရှက်ကွဲရသဖြင့် မရှုမလှ သေပွဲဝင်ခဲ့ရ

www.burmeseclassic.com

ပြီးပြီ။ ယခုတစ်ဖန် အပြစ်မဲ့သားတော်ကို အလဟဿ သတ်စေပြန်ပြီတကား" ဟုဆို၍ အဲကောင်ဗိန်အား ခေတ္တဆိုင်းငံ့ပါရန် အခွင့်တောင်းသည်။

"ရတနာသုံးပါး ကိုဆောက်တည်၍ တရားဘာဝနာ ပွားများဦးမည်" ဟု ဆိုသဖြင့် အဲကောင်ဗိန်လည်း ခွင့်ပြုလေ၏။ ဘောလောကျန်းဒေါသည် ဝတ်စားတန်ဆာအသစ်တို့ကို ဆင်ယင်လျက် လက်စွပ်၊ လက်ကောက်၊ လက်စည်း၊ နားတောင်းများဝတ်၍ ရွှေမော်ဓောဘုရားသို့သွား၏။ ရောက်လျှင်ရှိခိုးဝတ်ပြုပြီး သီလခံယူ၏။ အဝတ်အစား တန်ဆာများကို အားလုံးချွတ်၍ လှူဒါန်းပြီးလျှင် ဆုတောင်း၏။

> "ကျွန်ုပ်သည် အပြစ်မရှိပါလျက် ခမည်းတော်က အကြောင်းမဲ့ ကျွန်ုပ်အား ကွပ်မျက်စေသည်။ သည်ဘဝမှ ကျွန်ုပ်စုတေခဲ့သော် အင်းဝ ပြည်တွင် မင်းသားဖြစ်ရပါလို၏။ အစဉ်အတိုင်း ကျွန်ုပ်ကြီးပြင်း၍ အရွယ်ရောက်လျှင် ခမည်းတော် ရာဇာဓိရာဇ်နှင့် စစ်ကစားရပါလို၏"

ဟု ဆုတောင်းပတ္ထနာပြုပြီးနောက် ရွှေမော်ဓောဘုရားမှသက်ခဲ့ပြီး ဖုံးမသိန်သုံးကျပ်သားနှင့် သံပရာရည်ဖျော်သောက်သဖြင့် အနိစ္စရောက်ရလေ၏။

အဲကောင်ဗိန်လည်း အဖြစ်အပျက်များကို သူ့ရှင်အား သံတော်ဦးတင်၏။ ရာဇာဓိရာဇ်သည် ရွှေမော်ဓောဘုရားကို ငြိမ်းဆင်စေ၍ ထီးတော်မှ ခြေရင်းတော်တိုင်အောင် ရွှေချစေ၏။ ရဟန်းသံဃာတော်များအား ပင့်၍ ဆွမ်းကျွေးတော်မူစဉ် "ကျွန်ုပ်လှူဒါန်းရသော ကုသိုလ်အဟုန်ကြောင့် နိဗ္ဗာန်သို့မရောက်မီစပ်ကြား မည်သည့်ရန်သူကမျှ ကျွန်ုပ်အား စစ်ပြု၍ မနိုင်ပါစေသတည်း[၂] ဟု ဆုတောင်းတော်မူ၍ ရွှေရေတကောင်းဖြင့် ရေသွန်းလျက် နတ်များကို တိုင်တည်လေသည်။

ဘောလောကျန်းဒေါသည် သေဆုံးပြီးနောက် ဆုတောင်းထားသည့်အတိုင်း အင်းဝပြည့်ရှင် မင်းကြီးစွာစော်ကဲ၏ ချွေးမတော်၊ မြင်စိုင်းမြို့စား[၃] မင်းဆွေနှစ်(မင်သေဇနေတ်)[၄] ၏ မယား မိယာနောင်(မိယာဇော်)[၅] တွင် ပဋိသန္ဓေတည်လေ၏။ ရက်လမစေ့မီ မိယာနောင်သည် ဒလသရက်သီး၊ မုတ္တမမြေသင်းခဲနှင့်ပဉ္စလိုင်ကျွန်း(ခေါင်းဆေးကျွန်း)မှ ရေတို့ကို စားသောက်လိုသော ချင်ခြင်းဖြစ်ပေါ်၏။

၁။ မြန်မာပေမူတွင်–မလှတမ။ မလှတပ။ ဟူ၍ နှစ်မျိုးတွေ့ရသည်။

၂။ မြန်မာမူတွင်ပါသည့်လှူပုံနှင့် ဆုတောင်းပုံ ကွဲလွဲသည်။ မကိုင်ရှလှူသည်ဟုဆို၏။ သုသောဓိတ မဟာရာဇဝင်နှင့် မှန်နန်းတွင် မွန်နှင့်ညီ၏။

၃။ မြန်မာရာဇဝင်များတွင် ပြင်စည်မြို့ဟု ပြ၏။

၄။ မင်းဆွေဟု မြန်မာမူတွင်ဆို၏။

၅။ ရှင်မိနောက်ဟု မြန်မာမူ၌လာ၏။

www.burmeseclassic.com

www.burmeseclassic.com

မိယာနောင်ခေါ် ရှင်မိနောက်၏ အာသာဆန္ဒကို မင်းဆွေကြားလျှင် ဟံသာဝတီပြည့်ရှင် ရာဇာဓိရာဇဓံထံ ရာဇသံစာရေးရှု့ လက်ဆောင်များနှင့်တကွ ဧယျသူကို စေ၏။ စာတွင်ပါသည်ကား "ညီတော်ဖြစ်သူ ကျွန်ုပ်မင်းဆွေက ချစ်ကြည်လေးမြတ်လှစွာသော နောင်တော်ဖြစ်သည့် ဟံသာဝတီပြည့်ရှင်ထံ ကြားရောက်အပ်ပါသည်။ ယခု ကျွန်ုပ်၏ မယားသည် ဒလမြို့မှ သရက်သီး၊ မုတ္တမမြို့မှ မြေသင်းခဲနှင့် ပဉ္စလိုင်ကျွန်းမှ ရေတို့ကို စားသောက်လိုသော အာသာဆန္ဒ ဖြစ်ပေါ်နေပါသဖြင့် ထိုပစ္စည်းများကိုယူရန် နောင်တော်ထံသို့ လူစေရခြင်းဖြစ်ပါသည်။ နောင်တော်က ကျေးဇူးပြု၍ ပေးခဲ့ပါရန် ညီတော်မေတ္တာရပ်ခံပါသည်"

ယင်းစာနှင့် ပေးလိုက်သည့်လက်ဆောင်မှာ ဖဲပိုး၊ ကတိုး၊ အောင်းမွေးအဖြူအနီနှင့် လုံများဖြစ်သည်။

ရာဇာဓိရာဇဓံသည် မင်းဆွေထံမှစာကိုရလျှင် အမတ်ဒိန်နှင့် သမိန်ဗြာဇ္ဈတို့ကို ခေါ်၍ မေးတော်မူ၏။ "အင်းဝပြည့်ရှင်၏ သားတော်ထံမှ ရေ၊မြေ၊ သရက်တို့ကို တောင်းခံသည်မှာထူးခြားလှသည်။ ငါမကြားဖူးသည်ကို ကြားရပြီ"ဟု မိန့်တော်မူ၏။ "အကြောင်းတစ်ခုရှိပေမည်"ဟု လျှောက်ကြ၏။ "ပသို့သော အကြောင်းရှိသနည်း"ဟု မေးတော်မူလျှင် "အရှင့်သားတော် ဘောလောကျန်းဒေါသည် ဆုတောင်းထားသည့်အတိုင်း အင်းဝမင်းမိဖုရားတွင် ပဋိသန္ဓေနေလေသည်ဖြစ်ရာသည်။ မပေးလျှင် မကောင်းပါ။ တောင်းခံသည့်အတိုင်း ပေးသင့်ပါသည်"ဟု အမတ်များက သံတော်ဦးတင်ကြလေ၏။

"အဘယ်ကိုမြင်၍ ကောင်းသည်ဟုဆိုပါသနည်း"ဟု မေးတော်မူ၏။ "အကယ်၍ ဘောလောကျန်းဒေါ ဖြစ်ရိုးမှန်လျှင် ကြိုးပြင်းပါက အရှင့်ရန်သူဖြစ်မည် မချွတ်ပါ။ သူမမွေးမီကပင် သူ့အား တန်ခိုးမကြီးရန် နိမ်ထားစေဖို့ကိုမြင်၍ ပေးသင့်ကြောင်း လျှောက်ထားအပ်ပါသည်"ဟု လျှောက်ထားသည်။ "သူ့တန်ခိုး ကျဒွို့ ဗလကို ပသို့ နိမ်မည်နည်း"ဟု မေးတော်မူ၏။ "ခုနစ်အိမ်အောက်က မသန့်သောဗွက်ရည်ကိုယူ၍ အကြည်ထားပြီး အမွေးနုံသာဖြင့် ထုံသင်းစေမည်။ ခုနစ်အိမ်အောက်က မသန့်သောမြေကို ယင်းနည်းအတိုင်း စိရင်စေမည်။ ရေအိမ်အနီးပေါက်သော သရက်သီးကိုယူ၍ အကိုင်းအခက်မပျက်စေဘဲ မသန့်သောအဝတ်ဖြင့် ထုပ်စေမည်။ ၎င်းတို့ကို နောင် ခုနစ်ရက်ကြာမှ ပေးသင့်ပါသည်"ဟု လျှောက်ကြ၏။

အမတ်ကြီးများ လျှောက်ထားသည့်အတိုင်း ပြုပြင်စီမံစေပြီး ၇ ရက်ကြာသော် ဧယျသူအား လက်ဆောင်များနှင့်တကွ ပေးအပ်တော်မူသည်။ သက္ကလတ် ၅၅၃ ခု၊ ခါသာပိတ် ဆယ်အုပ်၊ ပန်းပွင့်ပါသောအဝတ် ဆယ်အုပ်၊ ကော်ဇော ငါးလိပ်၊ နံ့သာတစ်ဆယ်၊ ကရမက်တစ်ဆယ်တို့ကို လက်ဆောင်တွဲတော်မူသည်။ ဧယျသူလည်း အင်းဝသို့ပြန်ရောက်လျှင် ရှင်မိနောက်ကို ဆက်သသည်။ ရှင်မိနောက်သည် ရေ၊မြေ၊ သရက်တို့ကို အာသာရှိသည့်အတိုင်း သုံးဆောင်စားသောက်ရသဖြင့် ဝမ်းမြောက်ဝမ်းသာ

www.burmeseclassic.com

www.burmeseclassic.com

စိတ်ပျော်ရွှင်၏။ နေ့လစေ့သော် သားယောကျ်ားကို ဖွားမြင်တော်မူ၏။ ကလေးကို အထိန်းတော်များက ပြုစုကျွေးမွေး၏။

တစ်ခါတစ်ရံ ကလေးငိုသော် ချော့မော့၍မရ ငိုမြဲငိုသည်။ မကောင်းဆိုး၀ါး ၀င်လေသလားဟုဆို၍ ဆရာသမားထံမှ လက်ဖွဲ့အဆောင်များ ချည်၍လည်းမတိတ်။ ခေါစာပစ်၍လည်းမတိတ်။ "သည်ကလေး ပဋိသန္ဓေတည်စဉ်က မယ်တော်သည် ဟံသာ၀တီပြည်မှ ရေ၊ မြေ၊ သရက်တို့ကို စားသောက်လိုသော ချင်ခြင်းပေါ်ပေါက်သည်။ ဟံသာ၀တီပြည်မှလာသူဖြစ်မည်"ဟု တွေးတောကြပြီး "လူကလေးကို ကြီးပြင်းလာလျှင် ဟံသာ၀တီကို တိုက်ခိုက်စေပြီး အုပ်စိုးစေမည်"ဟု ဆိုကြမှသာ အငိုတိတ်လေ၏။ ကလေးကြီးပြင်းလာလျှင် မင်းရဲကျော်စွာ[၁] ဟု အမည်ပေးတော်မူ၏။

ဟံသာ၀တီပြည်ကို ဆင်ဖြူရှင်သားတော် ဗညားနွဲ့မင်းပြု၍ တိုင်းနိုင်ငံတွင် သောင်းကျန်းပုန်ကန်သူမှန်သမျှကို သုတ်သင်ရှင်းလင်းနှိမ်နင်းပြီး ငြိမ်၀ပ်မှုရပြီဖြစ်ကြောင်းကို ယိုးဒယားမင်းကြားလျှင် ယူဂန္ဓာရောဟူသော မင်းစီးဆင်တော်ကို ပို့လာစေ၏။ ဗညားနွဲ့ ကြားတော်မူလျှင် ဗိုလ်မင်းသမိန်ဗြာဇ္ဈ၊ အမတ်ဒိန်၊ ဗိုက်ည၊ ရဲသင်ရန်နှင့် သမိန်ဇီပ်ဗြတို့အား ဆင်တစ်ရာ သူရဲငါးထောင်ခန့်နှင့် ကမန်ဗိုက်တိုင်အောင် ကြိုစေ၏။

သက္ကရာဇ် ၇၅၄ ခုနှစ်တွင် ကူထွတ်(ကူထောက်)မြို့ကို ရာဇာဓိရာဇ် တိုက်ယူပြီး သမိန်ဗေချစ်တ[၂] နှင့် သမိန်သံကြယ်တို့အား ဗိုလ်မင်းခန့်၍အလုံးအရင်းနှင့် အခိုင်အခံ့နေသည်ကို အင်းဝပြည့်ရှင် မင်းကြီးစွာစော်ကဲ ကြားရလျှင် ကူထွတ်ကို ပြန်တိုက်ယူရန် သူရဲသူခက် ဆင်မြင်းများကို စုရုံးစေ၍ ကြည်းကြောင်း၊ ရေကြောင်းဖြင့် ချီလာသည်။ ကြည်းကြောင်းမှာ သားတော်ကြီး ဥပရာဇာအိမ်ရှေ့မင်း၊ သားတော်ငယ် မင်းဆွေနှစ်(မင်သောဲနေတ်)၊ တောင်ငူစား မင်းနေမိ၊ တောင်တွင်းစား သီဟပတေ့၊ ရမည်းသင်းစား သီလ၀၊ ညောင်ရမ်းစား တုရင်ပုညာကြီး၊ ပင်လယ်မြို့စား သရေသင်ခရာ၊ စစ်ကိုင်းစား ရာဇသေကြိန်၊ ပေါက်မြို့ငြိမြို့စား မင်းပုလဲ၊ မြင်စိုင်းစား သရေစည်သူ၊ ၅-ရွာမြို့စား စည်သူသမ္ဘ၀၊ ပင်းယစား သရေ၀ဠနှာ စုစုပေါင်းသည် ဆယ့်နှစ်တပ်တွင်ပါသည့် ဆင်လုံး၊ မြင်းရင်းကား တိုက်ဆင်ရှစ်ရာ၊ မြင်းတစ်သောင်း၊ ဗိုလ်ပါတစ်သိန်းနှစ်သောင်းဖြစ်သည်။

၁။ မင်းရဲကျော်စွာ ပဋိသန္ဓေနေစဉ် အဖြစ်အပျက်များကို မြန်မာပေမူ၌ မတွေ့ရ။ ဦးကုလားနှင့် သုသောဓိတ မဟာရာဇ၀င်၌သာ မွန်မူနှင့်အညီ တွေ့ရသည်။

၂။ မြန်မာရာဇ၀င်တွင် ရဲသင်ရဲ ဟု ဆို၏။

၃။ မြန်မာမူတွင် တပ်စာရင်းမပါ။ ဦးကုလားရာဇ၀င်နှင့်ညီရာ မွန်မူနှင့်ညီကြောင်း တွေ့ရသည်။ ရာဇ၀င်တွင် သင်ခယာ၊ သကြီ၊ ရေလွှဲငါးခရိုင်စားဟုရေးသည်ကို ပုံမှု၌ သင်ခရာ၊ သကြိန်ဟု ပြ၏။

www.burmeseclassic.com

www.burmeseclassic.com

ရေတပ်တွင်ချီသောတပ်စဉ်ကား– ပြည်စား လက်ျာပျံချီ၊ မြေထဲစား သခ်ိုးသူ၊ စကုစား သိဃ်သူ၊ စလင်းစား နော်ရထာ၊ ပုဂံစား ဥဇနာ၊ တရုတ် (ကြုက်)[၁] စား ရာဇသူ၊ ပခန်းကြီးစား တရဖျား၊ ငစဉ့်ကူစား လက်ျာကြီး၊ သူ့ရှင် မင်းကြီးစွာစော်ကဲကား လေ့ရံများနှင့် နောက်တပ်မပြုချ နဂါးရုပ်ရွှေဖောင်နှင့် ချီတော်မူသည်။

ရေကြောင်း ၉–တပ်တွင်ပါသော အလုံးအရင်းကား လှော်ကားလေ့ ရှစ်ရာ၊ တိုက်လှေများစွာ[၂] နှင့် ဗိုလ်ပါတစ်သိန်းလေးသောင်း[၃] ဖြစ်သည်။ ပြည်သို့ဆိုက်သော် အနေအထားသင့်အောင်နှင့် ရိက္ခာလုံလောက်အောင်ပို့ရန် စီမံပြီးနောက် ဟံသာဝတီနယ်စပ်ရှိ ကူထွတ်မြို့သို့ စုန်တော်မူ၏။

ကူထွတ်မြို့ရှိ သမိန်သံကြယ်တို့ကလည်း အင်းဝ စစ်အင်အားကြီးမားစွာရေကြောင်း၊ ကြည်းကြောင်းဖြင့် ချီလာသည့်အကြောင်းကို ရာဇာဓိရာဇ်ထံ စာအားဖြင့် လျှောက်ထားကြလေ၏။

ရာဇာဓိရာဇ်လည်း စာရလျှင် အမတ်မဟာသမွန်၊ အမတ်ပွန်စီ(ပန်စီ)၊ အဲကောင်ဗိန်၊ အမတ်ဗြထဗိုက်(ဗြထွိုတ်)တို့ကို ရေတပ်ကြီး လေးတပ်ဖွဲ့၍ ဗိုလ်ပါငါးသောင်း[၄]၊ တိုက်လှေတစ်ထောင့်ငါးရာတို့ဖြင့် ကူထွတ်သို့ အလျင်အမြန်ရောက်အောင် ဆန်စေသည်။ ကူထွတ်ရောက်လျှင် အခိုင်အမာနေကြသည်။

ရာဇာဓိရာဇ်သည် ကြည်းကြောင်းဖြင့် ချီသည်။ လိုက်ပါသည့်တပ်စဉ်များကား အမတ်ဒိန်၊ ရဲသင်ရဲ၊ သမိန်မုဂွင်(မုဟ်ဂွင်)၊ သမိန်အဲဖရဲ (အဲဖရဲ)၊ လဂွန်းအိန်၊ သမိန်ညိုက်ကောင်း[၅]၊ သမိန်ဗြာဇွန်၊ ရာဇာဓိရာဇ်သည် တပ်မပြုချ နောက်မှချီသည်။ ပေါင်းရှစ်တပ်တွင် ဆင်လေးရာ၊ ဗိုလ်ပါ ရှစ်သောင်းပါဝင်သည်။ ပန်းကျော်သို့ရောက်လျှင် တပ်ခိုင်တပ်လုံတည်၍ ခံတော်မူ၏။

အင်းဝပြည့်ရှင် မင်းကြီးစွာစော်ကဲသည် ကူထွတ်သို့ရောက်တော်မူလျှင် အကြိမ်ကြိမ်လုပ်ကြံသော်လည်း မရချေ။ လှေတပ်ချင်းတိုက်ရာတွင်လည်း မင်းကြီးစွာ၏ လှေရံများတွင်ဆွဲသည့် ရွှေအောင်း၊ ငွေအောင်းခေါ် ပန်းဖွားများကို သမိန်သံကြယ်တို့တပ်က ခုတ်ဖြတ်ယူကြသည်။ မင်းကြီးစွာစော်ကဲလည်း ကြည်းတပ်သို့ တက်တော်မူသည်။

၁။ မြန်မာရာဇဝင်များတွင် – တလုပ်ဟုလာသည်။
၂။ မှန်နန်းတွင် ရဲလှေ–ငါးရာဟုပြ၏။ ဦးကုလားတွင် ကတ္တူလွန်းကျင် နှစ်ရာ–ဟုပြ၏။
၃။ မှန်နန်းနှင့် ဦးကုလားတွင် (၁၇၀၀၀၀)ဟုပြ၏။ ရာဇဝင်သံခိပ်တွင် တိုက်လှေ–၁၂၀၀၊ လှေ့လှေ–၁၀၀၀၊ ရေစစ်သည်တော် (၂၇၀၀၀၀)ဟု ပြသည်။
၄။ မြန်မာရာဇဝင်များ၌ ငါးသောင်းဟု အသီးသီးပြကြ၏။
၅။ ဒလမြို့စားနှင့် အမည်တူ တပ်မင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

လှေတပ်တွင် ရှင်ဘုရင် မင်းကြီးစွာစော်ကဲ့ မရှိကြောင်းသိလျှင် အမတ်မဟာသမွန်တို့၏ လှေတပ်လေးတပ်တို့က အင်းဝလှေတပ်များကို အပြင်းတိုက်ကြ၏။ လှေတပ်အချို့ကို ရလိုက်၏။ အင်းဝလှေတပ်အချို့ ပျက်၍ ဆုတ်ပြေးကြသည်။

ကြည်းတပ်တွင် သားတော်ကြီး အိမ်ရှေ့မင်းနှင့် ပြင်စည်စား သားတော်အငယ် မင်းဆွေတို့ ကြီးမှူး၍ ချီလာသော တပ်ပေါင်း ၁၂-တပ်တို့သည် ရာဇာဓိရာဇ်တပ် ၉-တပ်နှင့်တွေ့၍ တိုက်ခိုက်ကြသည်။ တစ်ဖက်ကိုတစ်ဖက် နိုင်အောင် မလုပ်ကြနိုင်ကြသဖြင့် အသီးသီးတပ်ချ၍ တပ်ခိုင်တပ်လုံတည်၍ ရပ်နားကြသည်။

ထိုစဉ် ဟံသာဝတီရေတပ်မှ အမတ်မဟာသမွန်နှင့် ရေတပ်မှူးလေးဦးတို့ တိုင်ပင်ဆွေးနွေး[၁]ကြသည်။ "ယခုတစ်ကြိမ် အင်းဝပြည့်ရှင်၏ စစ်ချီလာသည်မှာ ငါတို့ဟံသာဝတီပြည့်ရှင်၏ ရေ၊ မြေနယ်ပယ်ကို လုယူရန်မဟုတ်။ အင်းဝနယ်ပယ်ဖြစ်သည့် အလွဲမြို့နှင့် ကူထွတ်မြို့တို့ကို ငါတို့အရှင်က တိုက်ယူပြီး အခိုင်အမာပြုထားသဖြင့် စစ်ချီလာခြင်းဖြစ်ကြောင်း သိရသည်။ ဇကရာဇ်မင်းနှစ်ပါးတို့သည် စစ်ကိုကြာမြင့်စွာ တိုက်ခိုက်ကြပါက တိုင်းသူပြည်သားလူအများပင် အတိဒုက္ခရောက်ကြမည်။ နှစ်ပြည်စလုံး မငြိမ်မသက်ဖြစ်မည်။ ငါတို့သိမ်းထားသော အလွဲနှင့်ကူထွတ်မြို့တို့ကို အင်းဝသို့ ပြန်ပေးလိုက်ပါက သည်စစ်အမှန်အားငြိမ်းသွားမည်။ နှစ်ပြည်ထောင်စလုံးတွင် ပြည်သူများသည် ဒုက္ခမဖြစ်ဘဲ ငြိမ်းချမ်းရေးရကြမည်။ ငါတို့သခင် ရာဇာဓိရာဇ်အား သဘောပေါက်အောင် လျှောက်ရလျှင် မသင့်သလော" ဟု အမတ်မဟာသမွန်က အခြားအမတ်များကို မေးလေ၏။

အခြား အမတ်ကြီးသုံးပါးတို့ကလည်း "သည်အကြံအစည်အတိုင်းဆိုလျှင် မဂ်လာဖြစ်တော့သည်" ဟု ဆိုကြသဖြင့် အမတ်ကြီးလေးပါးတို့သည် ညီညွတ်စွာဖြင့် ရာဇာဓိရာဇ်ထံ စာအားဖြင့် လျှောက်ထားကြ၏။ စာတွင်...

> "ကျွန်ုပ်တို့ လှေတပ်ဗိုလ်မင်းလေးပါးတို့က ရွှေဖဝါးတော်အောက်သို့ ရှိခိုးလျှောက်ထားအပ်ပါသည်။ ကျွန်ုပ်တို့၏ အထွတ်အထိပ် မကိုင်စုလောင်းဖြစ်တော်မူသော အရှင်မင်းကြီး။ ယခုစစ်ချီလာသော အင်းဝပြည့်ရှင်သည် အရှင်မင်းကြီး၏ နယ်ပယ်ရေမြေကို လုယူရန်မဟုတ်၊ အင်းဝပိုင် နယ်ပယ်မြို့ရွာကို ကျွန်ုပ်တို့ယူပြီး အခိုင်အမာပြုနေသဖြင့် သူတို့ စစ်ချီလာခြင်းဖြစ်ကြောင်း သိရပါသည်။ ကျွန်ုပ်တို့အား သူတို့အကြိမ်ကြိမ် ကြံစည်တိုက်ခိုက်

၁။ မြန်မာပေမူနှင့် မြန်မာရာဇဝင်များ၌ အမတ်မဟာသမွန်တို့ ဆွေးနွေးသည့်အကြောင်း မပါ။ စာကျနေဟန်တူသည်။

www.burmeseclassic.com

www.burmeseclassic.com

ကြသော်လည်း မည်သည့်ဘက်ကမျှ အရှုံးအနိုင်မရကြပါ။ အမှန်ကိုဆိုရသော် သူတို့ဘက်က ဗိုလ်များလှသည်။ တိုက်လှေ၊ ဆင်မြင်း၊ သူရဲသူခက် ထူထပ်လွန်းသည်။ ကျွန်ုပ်တို့ထက် အင်အားများသည်။ သို့သော်လည်း ကျွန်ုပ်တို့အား သူတို့လုပ်ကြံ၍မရသေး။ ကျွန်ုပ်တို့ဘက်က သာလျက်ရှိပါသည်။ တိုင်းသူပြည်သားလူအများ၏ မကိုင်စဖလောင်းသရဖူဖြစ်သော မင်းဧကရာဇ်သည် မင်းကျင့်တရားဆယ်ပါးနှင့်ညီလျှင် အဘယ်ရန်သူကမျှ လာရောက်ကြံစည်၍ မရနိုင်။ ယခု ကျွန်ုပ်တို့က သူပိုင်သောမြို့ရွာများကို သိမ်းပိုက်ထားသဖြင့် ကျွန်ုပ်တို့သည် တရားလက်လွတ်ဖြစ်နေပါသည်။ သူ့မြို့ကို သူ့အား ပြန်ပေးလိုက်မည်ဆိုပါက ထီးဖြူနှစ်စင်း စစ်ခင်းနေခြင်းသည်လည်း လွယ်ကာသာ အေးချမ်းငြိမ်သက်သွားရတော့မည်။ နှစ်ဖက်စလုံးမှ တိုင်းသူပြည်သား ဒုက္ခသည်များသည် ချမ်းသာသုခရကြ၍ အေးချမ်းသာယာမှုရကြမည်။ အရှင်မင်းကြီးသည်လည်း မင်းအေးမင်းမြတ် လူသတ္တဝါအပေါင်းတို့၏အထွတ်အထိပ် ကုသိုလ်ရှင်မင်းဧကရာဇ်ဖြစ်မည်ဟု ကျွန်ုပ်တို့ မြင်မိပါသည်။ သို့ဖြစ်ပါ၍ ကျွန်ုပ်တို့ အရေးဆိုတတ်ရအောင် အမိန့်တော်မြတ် ချမှတ်ပေးတော်မူပါမည့်အကြောင်း ရွှေဖဝါးတော်အောက်သို့ လျှောက်ထားတောင်းဆိုအပ်ပါသည်။"[၁]

ယင်းစာကို တပ်မင်းတစ်ပါးအား ရာဇာဓိရာဇ်တပ်ရှိရာသို့ စေလွှတ်လေ၏။ ရာဇာဓိရာဇ်လည်း လှေတပ်ဗိုလ်မင်း အမတ်လေးပါးတို့ထံမှစာကိုရလျှင် နှစ်သက်တော်မူသဖြင့် "အမတ်ကြီးတို့ မြင်သည့်အတိုင်း ကောင်းသလိုအရေးဆို၍ စီမံဆောင်ရွက်ကြတော့"ဟု ပြန်ကြားလိုက်၏။ အမတ်မဟာသမ္မန်တို့လည်း ရာဇာဓိရာဇ်ထံမှ အမိန့်ရလျှင် အင်းဝပြည့်ရှင် မင်းကြီးစွာစော်ကဲထံ အရေးဆို လျှောက်ထားပြန်၏။ စာတွင်–

"ဟံသာဝတီလှေတပ်ဗိုလ်မင်း အမတ်ကြီးလေးပါးတို့က အင်းဝရွှေနန်းရှင် မင်းကြီးစွာစော်ကဲအား ရှိခိုးလျှောက်ထားအပ်ပါသည်။ ယခုရွှေနန်းရှင်သည် ဗိုလ်ပါအများစုရုံး၍ ချီလာပြီး အကြိမ်ကြိမ်ပင် ကျွန်ုပ်တို့အား လုပ်ကြံတိုက်ခိုက်သော်လည်း တစ်ဖက်နှင့်တစ်ဖက် အနိုင်အရှုံးယူ၍ မရကြပါ။ နှစ်ဖက်သော ဗိုလ်ပါသူရဲသူခက်များသာလျှင် ဒုက္ခရောက်၍

၁။ အမတ်မဟာသမ္မန်တို့က ရာဇာဓိရာဇ်ထံ စာရေး၍ အမိန့်ခံကြောင်း မြန်မာမူနှင့် မြန်မာစာဝင်များ၌ မပါမရှိ။ တစ်ခန်းကျော်သွားကြသည်။

www.burmeseclassic.com

www.burmeseclassic.com

ပျက်စီးကြရသည်။ ကျွန်ုပ်တို့၏ ဟံသာဝတီပြည့်ရှင် ရာဇာမိရာဇ်သည် နှစ်ဖက်သောဗိုလ်ပါတို့၏ ဒုက္ခဆင်းရဲခြင်းကိုမြင်သဖြင့် အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန် သုံးတန်စလုံးကို စဉ်းစားဆင်ခြင်ပါသည်။ အကယ်၍ ဧကရာဇ်မင်းနှစ်ပါးစလုံးက ဘဝင်မြင့်၍ မာနထောင်လွှားပြီး အရှုံးအနိုင်ကို အပြိုင်အဆိုင်လုနေကြလျှင် ဗိုလ်ပါနှစ်ဖက်စလုံး ပျက်စီးကြမည်။ မြို့သူမြို့သား၊ ရွာသူရွာသား၊ ရဟန်း၊ သံဃာများသည် ဒါနသီလဘာဝနာတရားတို့နှင့် ကင်းကွာကြရမည်။ သည်အပြစ်အားလုံးတို့သည် ဧကရာဇ်မင်းနှစ်ပါးတို့၌သာ တည်ရှိပါတကားဟူ၍ ရာဇာမိရာဇ် မြင်မိပါသည်။ သို့မြင်မိ၍ သဗ္ဗညုတဉာဏ်အတွက် ပါရမီဖြည့်နေသော မင်းယောကျ်ားဗညားနွဲ့သည် အပြစ်ကိုကြောက်ရွံ့သဖြင့် မာနကို ပျော့အောင်ဖျော့၍ မာန်ကို နိမ့်အောင်နိမ့်ချ၍ သည်စစ်အရေးအခင်းတို့ကို နှုတ်ရေးဖြင့်ဖြေရှင်းရန် ကျွန်ုပ်တို့ အမတ်ကြီးလေးပါး အား အာဏာအပ်နှင်း၍ တာဝန်ပေးအပ်ထားပါသည်။ ဘုန်းကြီးသည့် ရွှေနန်းရှင်ဘုရားသည် လေတပ်တွင်စုနှံခဲ့စဉ်က ကျွန်ုပ်တို့ မသိ၍ လေတက်အများကို ထိပါးမိပါသည်။ လေ၌ဆွဲထားသည့်ရွှေအောင်း၊ ငွေအောင်း အဆင်အယင် ပန်းဖွားများကို ဖျက်ဆီးယူငင်မိသည်ကို အရှင့်တူတော် ဗညားနွဲ့ကြား၍ ကျွန်ုပ်တို့ကို အပြစ်ကြီးစွာတင်တော်မူသည်။ ကျွန်ုပ်တို့၏သခင် ဗညားနွဲ့သည် မဂ်ဖိုလ်တရားဥာဏ်၍ သတ္တဝါတို့အား သုခချမ်းသာမူပေးလိုသည်။ ဗုဒ္ဓဘုရားသာသနာတော်ကို မညစ်ညမ်း၊ မနောက်ကျိစေလိုကြောင်းကို ကျွန်ုပ်တို့ သိကြမြင်ကြရသည်ဖြစ်သဖြင့် "မိဘအကျင့်၊ သားအကျင့်၊ သခင်အကျင့်၊ ကျွန်ကျင့်"[၁]ဟူသော စကားအတိုင်း ကျွန်ုပ်တို့၏ အရှင်သခင်က စေတနာထားရှိသည့်အလျောက် ကျွန်ဖြစ်သူ ကျွန်ုပ်တို့ကလည်း သခင်၏အမိန့်ကို မဆန့်ကျင်သည်ဖြစ်၍ ရွှေနန်းသခင် အင်းဝပြည့်ရှင်အားလည်း ခက်ခဲအောင် မပြုမူတော့ပါ။ အရှင်မင်းကြီး ယခုချီလာသည်မှာ အလွဲမြို့နှင့် ကူထွတ်မြို့တို့ကို ပြန်ရလို၍ဖြစ်ကြောင်းကို ကျွန်ုပ်တို့ သိရပြီဖြစ်သဖြင့် သည်မြို့တို့ကို အခိုင်အမာစောင့်နေသော သမိန်သံကြယ်၊ သမိန်ဗေချစ်တနှင့် ဗိုလ်ပါအပေါင်းတို့အား

၁။ မြန်မာပေမူတွင် တို၍ မစုံလင်လှပေ။ မွန်စကားပုံမူရင်းမှာ (ကောန်ကိုဂ်ဝံမူဒွေတ်မိမ။ ခိုက်ကိုဂ်ပွံန္ဓံမူဒွေတ်တူ) "မိဘအကျင့်၌ သားရှိစေ၊ သခင်အကျင့်၌ ကျွန်ရှိလေ" ဟု တိုက်ရိုက်အနက်ထွက်သည်။

www.burmeseclassic.com

www.burmeseclassic.com

တပ်နှတ်၍ ဟံသာဝတီသို့ ပြန်စေပါမည်။ အလွဲမြို့နှင့် ကူထွတ်မြို့တို့ကို အရှင်မင်းကြီးအား ပြန်လည်အပ်နှင်းပါမည်။ သည်နောက်တွင် ဧကရာဇ်မင်း နှစ်ပါး၊ တူတော်နှင့် ဘကြီးတော်တို့အချင်းချင်း ချစ်ကြည်တော်မူကြ၍ အင်းဝနှင့် ဟံသာဝတီ နှစ်ပြည်ထောင်ကို မီးမသေ၊ ရေမနောက်ဖြစ်စေပြီး ရွှေလမ်း၊ ငွေလမ်း ခင်းလိုပါသည်။ သို့မှသာလျှင် နှစ်ဖက်သော တိုင်းသူပြည်သားများသည် အေးချမ်းသာယာမှု ရရှိမည်ဖြစ်ကြောင်းကို ရွှေဖဝါးတော် အောက်သို့ ဦးခိုက်လျက် နာတော်လျှောက်ခံပါသည်။"

BURMESE CLASSIC .com

ယင်းစာနှင့်အတူ မင်းကြီးစွာ၏ လှေရံများမှ ရရှိထားသော ရွှေအောင်း၊ ငွေအောင်း၊ ပန်းပွားများနှင့်တကွ ရွှေထည်၊ ငွေထည် ပစ္စည်းဥစ္စာများကိုပါ ပို့ဆက်စေလေသည်။

အင်းဝပြည့်ရှင် မင်းကြီးစွာစော်ကဲသည် မွန်အမတ်ကြီးလေးပါးတို့၏ စာကိုရပြီး လျှင် မှူးမတ်သေနာပတိများအား ခေါ်၍ ယာယီတဲနန်း၌ ဆွေးနွေးတိုင်ပင်လေ၏။

"ရာဇာမိရာဇ်သည် အသက် ၁၆ –နှစ်အရွယ်ကပင် ခမည်းတော် ဆင်ဖြူရှင်ဗညား ဦးအား ခြားနားပုန်စားသည်။ ခမည်းတော်မရှိပြီးသော် ဟံသာဝတီ မွန်နိုင်ငံတစ်ဝန်းလုံး ရှိ သူပုန်သူကန်မှန်သမျှကို နှိမ်နင်းပြီး အဖအရာကို အုပ်စိုးသည်။ သို့အုပ်စိုးစဉ် အခြေ မကျမီ မြောင်းမြစား သမိန်လောက်ဖြားနှင့်ပူးပေါင်း၍ နှစ်ကြိမ်တိုင်အောင် ငါလုပ်ကြံသော်လည်း မရခဲ့။ ပျက်၍သာ ငါပြန်ခဲ့ရသည်။ ယခု ငါချီခဲ့သည်မှာလည်း ငါ့နိုင်ငံအစွန်းအစ မြို့ပြငယ်များမှာ သူကျူးလွန်၍ နေလာသောကြောင့်သာ ငါချီတော်မူသည်။ ရောက်၍ အကြိမ်ကြိမ် ငါတို့လုပ်ကြံသော်လည်း မရသေးပေ။ ငါတို့လှေတပ်အချို့ပင်ပျက်၍ သူတို့ ရချေသည်။ သို့ဖြစ်၍ ငါတို့အရေးနိမ့်ပေသည်။ သို့ပင်ဖြစ်သော်လည်း ဗညားနွဲ့သည် ငယ်ပင်ငယ်သော်လည်း အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်အရေးများကို တွေးတော ဆင်ခြင်သည်။ သမာပဇ္ဇိပတ်ဟူသော ကောင်းသောအကျင့်၊ တည်ကြည်သော စိတ်ကောင်း နှလုံးကောင်းထား၍ ရေတပ်ဗိုလ်မင်း ပညာရှိအမတ်ကြီးလေးပါးအား အာဏာနှင့် တာဝန်ပေးကာ ငါ့ထံအရေးဆိုခဲ့သည်။ အလွဲနှင့် ကူထွတ်မြို့တို့ကို ပြန်ယူတော့ဟု လျှောက်ထားလေသည်။ သည်အတိုင်းဆိုလျှင် အလွဲနှင့် ကူထွတ်တို့ကို ငါတို့လက် အပ်ပါက ငါတို့တပ်နှတ်၍ ပြန်တော့မည်။ သူ့မြို့ရွာကိုလည်း ငါတို့ဆက်မတိုက်လိုပြီ။ နှစ်ဖက်သောဗိုလ်ပါများလည်း အေးချမ်းမှုရစေလိုသည်။ မှူးမတ်သေနာပတိများ မည်သို့မြင်ကြပါသနည်း" ဟု မိန့်တော်မူ၏။

မှူးမတ်သေနာပတိများကလည်း "အမိန့်တော်အတိုင်းပါဘုရား" ဟု လျှောက်ထား ကြသည်။ မင်းကြီးစွာစော်ကဲလည်း စာပို့သူကို "မွန်လှေတပ်ဗိုလ်မင်း အမတ်ကြီးလေးပါး လျှောက်ထားချက်သည် မင်္ဂလာဖြစ်ပါသည်။ ငါ သဘောတူ ခွင့်ပြုသည်" ဟု မှာလေ၏။

www.burmeseclassic.com

www.burmeseclassic.com

အမတ်မဟာသမွန် အမျှူးပြုသော ဟံသာဝတီလှေတပ်ဗိုလ်မင်း လေးပါး တို့သည် အင်းဝ ပြည့်ရှင်၏ ပြန်ကြားချက်ကို သိရပြီးသော် လက်ဆောင်ပဏ္ဏာများနှင့်တကွ ဖမ်းဆီးထား သော အင်းဝလှေသားများကို တစ်ယောက်မကျန် သွားရောက်ဆက်သလေသည်။

မင်းကြီးစွာစော်ကဲလည်း အမတ်ကြီးလေးပါးတို့အား တိုက်ဆင်တစ်စီးစီ ဆုလာဘ် အဖြစ် ပေးတော်မူ၏။ ဖမ်းထားသော မွန်သံ့ပန်းများကိုလည်း တစ်ယောက်မကျန် လွှတ်တော်မူ၏။ မြို့ကိုရဲထားသည့်တပ်ကိုလည်း ဖြုတ်စေသည်။ မင်းကြီးစွာစော်ကဲလည်း ကိုယ်စားတော်အမတ်များထည့်၍ မွန်တပ်မင်းလေးယောက်နှင့် သစ္စာစကား ဆိုစေ သည်။ သမိန်သံကြယ်နှင့် သမိန်ဗေချစ်တတို့လည်း စစ်သည်များနှင့်တကွ မင်းကြီး စွာစော်ကဲထံသို့သွား၍ ခြေတော်ဦးတင်ကြလေ၏။ မင်းကြီးစွာစော်ကဲလည်း ၎င်းတို့ကို ဆုလာဘ်များ ပေးတော်မူ၏။

ထို့နောက် မွန်အမတ်ကြီး မဟာသမွန်အမျှူးပြုသော တပ်မင်းလေးပါးတို့သည် ရာဇာဓိရာဇ်တပ်ရှိရာသို့သွား၍ စစ်ပြေငြိမ်းပြီးကြောင်းကို လျှောက်ထား၏။ ရာဇာဓိရာဇ် လည်း အင်းဝ ကြည်းတပ်ဗိုလ်မင်းနှစ်ပါးဖြစ်သော ဥပရာဇာ အိမ်ရှေ့မင်းနှင့် မင်းဆွေတို့ထံ သို့ စစ်ပြေငြိမ်းပြီးကြောင်းကို ကြားရောက်စေသည်။ အိမ်ရှေ့မင်းနှင့် မင်းဆွေတို့လည်း မွန်နှင့် မြန်မာတို့သည် အချင်းချင်း ဖောက်ပြန်သော ဝိပရိတ်စစ်ပွဲ မရှိတော့သည်ဖြစ် ၍ ရာဇာဓိရာဇ်ထံသို့ လက်ဆောင်ပဏ္ဏာများကို ပို့ဆက်စေသည်။ ရာဇာဓိရာဇ်ကလည်း မင်းညီနောင်နှစ်ပါးထံ လက်ဆောင်ပဏ္ဏာ တုံ့တော်မူသည်။ ထိုနောက် အင်းဝကြည်းတပ် ဗိုလ်မင်းနှစ်ပါးတို့လည်း အင်းဝသို့ ပြန်လှည့်ကြသည်။[၁]

အလွဲနှင့် ကူထွတ်ရှိ ဟံသာဝတီတပ်မှူး သမိန်သံကြယ်နှင့် သမိန်ဗေချစ်တတို့ လည်း ဆုတ်ခွာကြသည်။ မင်းကြီးစွာစော်ကဲလည်း အလွဲနှင့် ကူထွတ်မြို့များကို ပြန်ရ လျှင် ဗေယျဂါမဏိကို တပ်မှူး၊ ရာဇနော်ရထာကို စစ်ကဲခန့်တော်မူ၍ ဆင်လုံး မြင်းရင်း ဗိုလ်ပါများနှင့်တကွ အစောင့်ထား၍ ပြန်တော်မူသည်။[၂]

ရာဇာဓိရာဇ်လည်း ပြန်တော်မူသည်။ ယင်းသို့အသီးသီးပြန်ကြရာ အင်းဝစစ်သည်

၁။ မြန်မာပေမူတွင် မင်းညီနောင်နှင့် ဗညားနွဲ့ လက်ဆောင်တုံ့ပြန်ကြကြောင်း မပါ။ မှန်နန်းတွင် မွန်မူအတိုင်းပါသည်ကို တွေ့ရ၏။

၂။ မြန်မာပေမူတွင် အလွဲ ကူထွတ်တွင် စောင့်သည့်တပ်မှူးနှင့် စစ်ကဲအမည် မပါသော်လည်း မှန်နန်းတွင် မွန်မူနှင့်အညီ ပါရှိသည်။

www.burmeseclassic.com

www.burmeseclassic.com

ပြည်သို့ရောက်လျှင် ဘုရင်မင်းကြီး စွာစော်ကဲအား ပြည်သားတို့က သာယာဝတီကျေးစပ်[၁] တွင် ဆင်ဖြူတော်တွေ့သည်ဟု လျှောက်ထားကြ၏။ မင်းကြီးစွာစော်ကဲသည် အလုံးအရင်းနှစ်သောင်းကျော်နှင့် ချီတော်မူသည်။ သာယာဝတီကျေးစပ်သို့ ရောက်တော်မူလျှင် ဆင်ဖြူ ရှိ မရှိ စူးစမ်းရာဖွေစေသည်။ တောစပ်ကိုဖြတ်၍လည်း လိုက်စေသည်။ ကွေ့ဝိုက်၍လည်း လိုက်ရာစေသည်။

ထိုအခိုက် ဟံသာဝတီပြည့်ရှင် ရာဇာဓိရာဇ်သည် မင်းကြီးစွာစော်ကဲ မပြန်သေးဘဲ သာယာဝတီသို့ ချီသည်ဟုကြားလျှင် ဗိုလ်ပါများစွာနှင့် သာယာဝတီဘက်သို့ လှည့်ခဲ့လေသည်။ ရာဇာဓိရာဇ်သည် သူရဲသူခက်အင်အားကြီးမားစွာဖြင့် သာယာဝတီကျေးစပ်သို့ ချီလာကြောင်းကို မင်းကြီးစွာစော်ကဲ ကြားရလျှင် "ငါသည် ဟံသာဝတီပြည်ကို လုပ်ကြံရန်ဟူ၍မလာ။ ဆင်ဖြူရမည်ဟူ၍သာ လာသည်။ ငါ့တွင် ဆင်ကောင်း၊ မြင်းကောင်း၊ သူရဲကောင်းတွေလည်းမပါ။ တပ်နုတ်၍ ပြန်ကုန်ပြီ။ ရာဇာဓိရာဇ်ချီလာသည်မှာ အင်အားများလှသည်။ ငါသည်တွင်နေ၍မသင့်။ ပြန်မှသင့်မည်"[၂] ဟု မိန့်၍ မှူးမတ်များကလည်း "ပြည်သို့ဆုတ်၍ နေတော်မူမှ သင့်မည်"ဟူ၍ နားတော်လျှောက်ကြသဖြင့် ပြန်တော်မူ၏။

အင်းဝပြည့်ရှင် မင်းကြီးစွာစော်ကဲ ပြန်တော်မူသည်ကိုမြင်လျှင် ရာဇာဓိရာဇ်လည်း သာယာဝတီကျေးစပ်မှ ဟံသာဝတီပဲခူးမြို့သို့ ပြန်တော်မူ၏။

ပဲခူး၌ ယင်းသည့်နှစ်တွင် မိဖုရားကြီး ဝိယရာဇာဒေဝီ(မွေမနိုတ်)လွန်၏။ ငလျင်ကြီးလှုပ်သည်။ ရေလည်းကြီးသည်။ မော်လမြိုင်မြို့စား စည်သူလည်း လွန်၏။ သားတော်ဗညားရံကို ဖွား၏။ မဟာဒေဝီလွန်၏။ ၎င်းနှစ် ကဆုန်လတွင် ရာဇာဓိရာဇ်သည် မွေ့အုန်နောင်ကို ဘိသိက်သွန်း၍ ရာဇာဒေဝီအမည်နှင့် မိဖုရားကြီးမြှောက်တော်မူသည်။ မွေ့အုန်နောင်၏ ညီမနှစ်ယောက်ဖြစ်သော မွေ့အောက်ကို လောကဒေဝီ၊ မည်ဉီးစည်ကို သိရိမာယာဒေဝီဟု ဘွဲ့ပေး၍ မိဖုရား မြှောက်တော်မူသည်။ ရာဇာဓိရာဇ်ကောက်ယူ၍ မိဖုရားမြှောက်သော မွေ့အုန်နောင်၊ မွေ့အောက်နှင့် မည်ဉီးစည်တို့သည် အမတ်ကြီး စောရဲဗိန်၏ သမီးများ ဖြစ်ကြသည်။ စောရဲဗိန်[၂] သည် ဗညားနွဲ့၏ ညီဝမ်းကွဲ တော်စပ်သည်။

ဆင်ဖြူရှင် ဗညားဉီးလက်ထက်တွင် ဧင်းမယ်မှ ဗညားသေဉသည် မယားနှင့်တကွ

၁။ မြန်မာပေမူတွင် သာယာဝတီသို့ ဆင်ဖြူရှာသည့်အကြောင်း မပါ။ မွန်မူဌ်လာသည့်အတိုင်း မြန်မာရာဇဝင် မှန်နှန်း၊ သုသောဓိတ၊ ရာဇဝင်သံခိပ်နှင့် ဉီးကုလားတို့၌ အသီးသီးပါရှိကြသည်။

၂။ စောရဲဗိန်၏မိခင် တလစောလွန်သည် ဗညားဉီး၏နှမဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

လာရောက်ခစားသည်။ သား ခုံလျင်တစ်ယောက်၊ သမီး မေနှင်းသွယ်တစ်ယောက်တို့လည်း ပါသည်။ ဗညားသေဉ်သည် ဇင်းမယ်မင်း စောမဟာရာဇ်လက်အောက်တွင် မကျေနပ်၍ ခွာခဲ့ခြင်းဖြစ်သည်။ ဇင်းမယ်မှပါလာသောမယားလွန်လျင် ဆင်ဖြူရှင်ဗညားဦးက နမတော် တလစောလွန်နှင့် ပေးစားတော်မူ၏။ ဗညားသေဉ်၏သမီး မေနှင်းသွယ်ကို စောခုမ္ဘိုင်းနှင့် ပြုစုတော်မူ၏။ ဗညားသေဉ်နှင့်သင့်၍ တလစောလွန်တွင် သား စောရဲဗိန်နှင့် သမီး မွေ့အခင်လေတို့ ထွန်းကားသည်။ စောရဲဗိန်တွင် သမီးသုံးယောက် ထွန်းကားခဲ့သည်ကို ဗညားနွဲ့ ကောက်ယူခြင်းဖြစ်သည်။ စောရဲဗိန်၏နမ 'မွေ့အခင်လေ'သည် တူမသုံးယောက်စလုံးကို ဗညားနွဲ့ မိဖုရားမြောက်လျှင် 'တလနှင်းသီရိ'ဟု အမည်ခံသည်။ သားနှစ်ယောက်ထွန်းကားသည်။ သားကြီး ဗောက်ကန်ဗရူးသည် စောမဟာရာဇ်အမည်ခံ၍ ရာဇာဓိရာဇ်၏သမီး တလမည်ကျော်(တလမေကျော်)နှင့် ပေးစားတော်မူသည်။ သားအငယ် ဘောချို(ဘဝ်ချို)မူကား အိန်ကမာအမည်ခံ၍ လဝွန်းဗျည်းမြို့ကို စားစေသည်။ နောင် ဖြတ်ထဗအမည်ခံသည်။

BURMESE CLASSIC .com

အင်းဝပြည့်ရှင် မင်းကြီးစွာစော်ကဲသည် အိမ်နိမ့် – ၃၇၊ နန်းစံ–၃၃။ သက်တော် ၇၀ တွင် နတ်ရွာစံသည်။[၁]

သက္ကရာဇ် ၇၆၂ သားတော်ကြီး အိမ်ရှေ့မင်း ဆင်ဖြူရှင်(မင်းနားကျယ်)မင်းပြုသည်။ ခုနစ်လမျှသာ နန်းစံရ၍ သက်တော်–၃၂တွင် အနိစ္စရောက်တော်မူသည်။[၂]

သက္ကရာဇ် ၇၆၃ ခုနှစ်[၃] တွင် သားတော်အငယ်မင်းဆွေ နန်းတက်သည်။ နောင် "မင်းခေါင်"ဟု အမည်ခံသည်။ ညီတော်မင်းသိဒ္ဓတ်သည် နောင်တော်ဘုရင်မင်းခေါင်ထံမှ နန်းလုရန်ကြံသည်ဟု ကြားရသဖြင့် ဖမ်းစေသည်။ မင်းသိဒ္ဓတ်လည်း အင်းဝမှခွာ၍ ဟံသာဝတီသို့စုန်ပြီး ရာဇာဓိရာဇ်ထံ ခစားလေသည်။

၁။ မြန်မာမူတွင် မပါ။ မြန်မာရာဇဝင်၌ပါသည်မှာ မွန်မူနှင့်အညီဖြစ်သည်။

၂။ မြန်မာရာဇဝင်နှင့် အညီဖြစ်သည်။ (အိမ်ရှေ့မင်း ဆင်ဖြူရှင်ကို အထိန်းတော် ငနောက်ဆံ၊ တကောင်းစား လုပ်ကြံ၍ လွန်ရသည်။)သုသောဓိတမဟာရာဇဝင် ပထမတွဲ စာမျက်နှာ–၄၄၃ နှင့် ၄၅၂ ရှု။

၃။ မြန်မာရာဇဝင်များနှင့်ညီသော သက္ကရာဇ်ဖြစ်သည်။ ဆင်ဖြူရှင်တရဖျားခေါ် မင်းနားကျယ်ကို ငနောက်ဆံလုပ်ကြံ၍ ငနောက်ဆံကို မင်းသိဒ္ဓတ်လုပ်ကြံသည်။ မင်းသိဒ္ဓတ်က နောင်တော် မင်းဆွေကို နန်းတင်သည်။
(သုသောဓိတမဟာရာဇဝင် စာမျက်နှာ–၄၅၃ ရှု)

www.burmeseclassic.com

www.burmeseclassic.com

မင်းသိဒ္ဓတ်သည် အင်းဝတွင်ဖြစ်ပျက်နေသော အခြေအနေအရပ်ရပ်ကို ရာဇာမိရာဇ်အား လျှောက်ကြား သည်။[၁] အင်းဝနှင့် ပုဂံသားတို့ မညီညွတ်ကြ။ ခြားနားပုန်ကန်ကြသည်ဟု ရာဇာမိရာဇ်ကြားလျှင် သမိန်ဖြာဇွန့်နှင့် မှူးမတ်များကို ခေါ်၏။

"အင်းဝပြည့်ရှင် မင်းကြီးစွာစော်ကဲသည် ပဝေသဏီရာဇဓမ္မသုစရိုက်မရှိ။ မာန်မာနထားသည်။ လောဘဇောဖြင့် ငါတို့ဟံသာဝတီပြည် အစွန်အဖျားကို ဗိုလ်ပါအများနှင့် လာရောက်ဖျက်ဆီးခဲ့ဖူးသည်။ မဟာမိတ်တရားကို ပျက်ပြားစေခဲ့ဖူးသည်။ ယခု သားတော်ဘုရင်မင်းခေါင်နန်းတက်လျှင် အင်းဝပြည်တွင် မညီမညွတ်ဖြစ်နေသည်။ အခြေမကျမိ ငါတို့ ဗိုလ်ပါအလုံးအရင်းနှင့် သွားရောက်ချေပလုပ်ကြံသော် လွယ်ကာသာရမည်ဟု ငါမြင်သည်။ ရှေးက ငါ့အား နတ်ဒေဝါတွေက နိမိတ်ပေးခဲ့ဖူးသည်။ ငါသည် ရာမည ပြည်အလုံးကိုလည်း အုပ်စိုးရမည်။ မြောက်ဘက် နဂါးမသီတင်းသုံးသည့်အရပ် တိုင်အောင် ရောက်မည်ဟုဆိုပေသည်။ ယခု အင်းဝပြည်တွင် စနောင့်စနင်းရှိသည်ကို ငါတို့လက်ရုံးထု၍ ချိရသော် လောက်ဖြားဇ၏ သား၊ သမက်ပြေးလေသည်ကိုလည်း ပြန်ရမည်။ အင်းဝပြည်ကို ငါ့နိုင်ငံပြုလျှင်လည်းသင့်သည်။ မဟာမိတ်နိုင်ငံဖွဲ့လျှင်လည်း သင့်သည်ပင်" ဟု မိန့်တော်မူပြီး ပုဏ္ဏားဟူးရား ရာဇပရောဟိတ် မှူးမတ်သေနာပတိ လက်ဝဲ၊ လက်ျာရံများကို ဆွေးနွေးတိုင်ပင်လေ၏။ ရာဇပရောဟိတ်နှင့် မှူး၊ မတ်၊ သေနာပတိ များကလည်း အင်းဝသို့ချီရန် သင့်ကြောင်း လျှောက်ထားကြသဖြင့် ရာဇာမိရာဇ်သည် အင်းဝသို့ချီရန် ရေတပ်၊ ကြည်းတပ်များကို စုရုံးတော်မူ၏။

ရေတပ်တွင် ဇလာကပင်သဲကွပ်လေ ၃၀၀၊ ပန်းပုရပ်များနှင့် မွမ်းမံထားသော ကြေးကွပ်လေ ၅၀၀၊ ဘီလူးရုပ် လက်နက်ကိုင်ထားသောလေ ၅၀၀ ၊ စုစုပေါင်း လေ ၁၃၀၀။ လေတပ်ဗိုလ်ချုပ်အဖြစ် သမိန်ဖြာဇွန့်ကို ခန့်ထားသည်။ ရှေ့ဆုံးချီရန် စစ်ဦးမှူးအဖြစ် လဂွန်းအိန်၊ စစ်ကဲအဖြစ် သမိန်ဥပါကောင်းတို့အား ခန့်ထားသည်။ သမိန်ဖြာဇွန့်အား နောက်မှချီစေသည်။

ရာဇာမိရာဇ်၏လေ့ကို ခြံရံရသောလေတပ်များကား သမိန်သဲလွှစ် တစ်တပ်၊ သမိန်ဖွတ်ဖစ်(သို့ဖေါတ်ဖေတ်) တစ်တပ်၊ သမက်တော် သမိန်ဗရမ်း(သို့ပရုံ)တစ်တပ်၊ သမိန်သဲကြယ် တစ်တပ်၊ သမိန်အဝမင်းကြီး တစ်တပ်၊ သမိန်အဝန်နိုင်(အဝနှံနိုင်) တစ်တပ်ဖြစ်သည်။

ယင်းခြောက်တပ်၏ နောက်ကလိုက်ရသော လေတပ်များမှာ အမတ်ဒိန်မဏိဟာ တစ်တပ်၊ သမိန်ရဲသင်ရဲ တစ်တပ်၊ သမိန်ဗြထဗိုက် တစ်တပ် စုစုပေါင်း လေတပ်တွင် ၁၂ တပ်၊ ဗိုလ်ပါ ခုနစ်သောင်း[၂] ပါဝင်လေသည်။

၁။ မြန်မာပေမူတွင် မင်းသိဒ္ဓတ်ခွာ၍ ရာဇာမိရာဇ်ထံ ခစားကြောင်းမပါ။
၂။ မြန်မာမူတွင် လေးငါးထောင်လောက် ရှိ၏ဟု ဆို၏။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

ကြည်းတပ်တွင် သမိန်ယောဂရာတ်နှင့် သမိန်မဟာသာမွန်တို့အား ရှေ့နောက် ချီစေသည်။ ဆင် ၅၀၀၊ မြင်း ၁၅၀၀၊ ဗိုလ်ပါ သုံးသောင်းပါဝင်လေသည်။

သမိန်ဓိပ်ဗြကို ဟံသာဝတီတွင် မြို့စောင့်အဖြစ် ထားတော်မူလေသည်။ သက္ကရာဇ် ၇၆၆ နှတ်တော်လဆန်း ၁၅ ရက်[၁] အင်္ဂါနေ့တွင် နက္ခတ်ကောင်းကြည့်ပြီး အချိန်ကောင်း အခါကောင်းရလျှင် ရာဇာဓိရာဇ်သည် ရွှေလှေယာဉ်ထက်သို့ တက်၍ ချီတော်မူသည်။ ရွှေလှေတွင် ပန်းပုရုပ်အမျိုးမျိုးဖြင့် လှပတင့်တယ်စွာ မွမ်းမံထားပြီး အောင်းမွေး၊ ပန်းဖွားပန်းများနှင့် အလံများကို လွှင့်ထူထားသည်။ စည်မောင်းတံပိုး ခရာများတီးပြီး ရှေ့ပြေးစစ်ဦးမှ လဂွန်အိန်သည် အမြောက်ကြီးသုံးချက် ဖောက်၍ ချီသည်။

ရာဇာဓိရာဇ် အင်းဝသို့ချီသည်မှာ ရွှေဂူမှထွက်သော ခြင်္သေ့မင်းနှင့် တူပေသည်။ ယင်းသောအခါ ပြည်မြို့ကိုလောက်ဖြား၏သား လက်ျာပျံချီ စားသည်။ ပြည်မြို့သည် မြို့၊ ပြ၊ကျုံး၊ မြောင်းကောင်းသည်။ တံခါးပိတ်၍သာနေသဖြင့် မတိုက်မဖျက်ဘဲဆက်လက်၍ ချီတက်သည်။ ခေါင်းလောင်းကျရောက်လျှင် သမီးတော်တလမည်ကျော် မကျန်းမာ၍ သမက်တော် စောမဟာရာဇ်နှင့်တကွ တပ်လုပ်၍ ထားခဲ့သည်။ ယင်းအစီအစဉ်ကို အမတ်ဒိန်ဖျက်သော်လည်း မနာမယူဘဲ ဆန်တော်မူ၏။

BURMESE CLASSIC .com

ရာဇာဓိရာဇ်ဆန်၍ တစ်ရက်၊ နှစ်ရက်ရှိလျှင် ပြည်စား လက်ျာပျံချီသည် အင်းတွင်း၌ ရှိသည့် လှေများကို ထမ်းချ၍ ညအချိန် ထွက်တိုက်လေသည်။ စောမဟာရာဇ်သည် ဖောင်ကဆင်း၍ လှော်[၂] ငယ်နှင့်သာ စုန်ပြေးရသည်။ ရာဇာဓိရာဇ်၏သမီးတော် တလမည်ကျော်ကို လက်ျာပျံချီတို့ရ၍ ကြည်းကြောင်းဖြင့် အင်းဝပြည့်ရှင် ဘုရင်မင်းခေါင်ထံသို့ သွားရောက်ဆက်သသည်။ ဘုရင်မင်းခေါင်လည်း တလမည်ကျော်ကို သားတော် မင်းရဲသိင်္ဂီသူ[၃] နှင့် ပေးစားတော်မူ၏။

ရာဇာဓိရာဇ်မူကား သမီးတော်ကို သူရလေသည်ကိုမသိ။ အင်းဝသို့အရောက် ချီတော်မူသည်။ အင်းဝတွင် ဘုရင်မင်းခေါင်သည် တိုက်မည်ကို မစီရင်ဘဲ တံခါးပိတ်၍သာနေတော်မူ၏။ ရာဇာဓိရာဇ်သည် စစ်ကိုင်းမြို့ကိုသိမ်းယူ၍ အခိုင်နေ၏။ ထို့နောက်

၁။ မွန်နှင့် မြန်မာပေမူတို့၌ သက္ကရာဇ် ၇၅၆ ဟု တူညီစွာမှားကြသည်။ မြန်မာမူတွင် လဆန်း ၉ ရက်ဟုဆို၏။ မှန်နန်းနှင့် ဦးကုလားတို့တွင် ၇၆၆ ဟုလာသဖြင့် အမှားကိုပြင်သည်။ မင်းဆွေသည် ၇၆၃ တွင် နန်းတက်ကြောင်း ဆိုခဲ့ပြီ။

၂။ ဦးကုလားရာဇဝင် စာမျက်နှာ ၄၀၅ တွင် မဟာရတ်ပျက်၍ မြင်းတစ်စီးနှင့်သာ ပြေးထွက်၏ဟုလာ၏။

၃။ မြန်မာမူတွင် သီဟသူ၊ မြန်မာရာဇဝင်တွင်လည်း သီဟသူ ဟုပြု၏။

www.burmeseclassic.com

www.burmeseclassic.com

ရာဇာဓိရာဇ်သည် အင်းဝအထက်သို့ ကျော်တက်၍ တကောင်းတိုင်အောင် ချီတော်မူ၏။ တကောင်းမြို့ကိုရပြီးလျှင် စစ်ကိုင်းသို့ပြန်၍ စုန်ဆင်းလေသည်။ စစ်ကိုင်းတွင် မျူးမတ်သေနာပတိများနှင့် ဆွေးနွေးတိုင်ပင်တော်မူသည်။

"ယခု ငါတို့အင်းဝသို့ရောက်နေသည်မှာ ဆယ်ရက်ရှိပြီ။ အင်းဝပြည့်ရှင်သည် ငါတို့ကို ထွက်မတိုက်၊ တိတ်ဆိတ်စွာနေသည်မှာ အကျိုးအကြောင်းကောင်းစွာ ငါတို့မသိ။ ကင်းသမားတွေ လှည့်လည်ရှာဖွေသော်လည်း အင်းဝမှလူသူများကိုမမိ၍ သတင်းမကြားရ။ ငါတို့ ပသို့ စီမံသင့်သနည်း" ဟုမေးသော် အမတ်ဒိန်က–

"အင်းဝသားတွေကို မိအောင်ဖမ်းမှ သတင်းရမည်။ အင်းဝ၊ စစ်ကိုင်းနှင့် ရွှေကြက်ယက်ဘုရားတို့သည် မြစ်တစ်ဖက်ကမ်းစီတွင် သုံးပွင့်ဆိုင်တည်နေပါသည်။ ကျွန်ုပ်တို့၏လူအချို့ကို ခါသာပိတ်ဖြူများ၊ ထီးတံခွန်များနှင့် ဆီမီးတိုင်များကို ညအခါယူ၍ ရွှေကြက်ယက်ဘုရားသို့ သွားရောက်ပူဇော်စေမည်။ သမိန်သံကြယ်တို့အား ကမ်းပါးတွင် ပုန်းကွယ်နေစေမည်။ ကျွန်ုပ်တို့၏စစ်သားတွေ ဘုရားပူဇော်ပြီးလျှင် ပြန်ခဲ့ပါစေ။ ထိုအခါ လျှာဒါန်းထားသော ခါသာပိတ်အုပ် အဝတ်ဖြူများကို သူတို့ထွက်ကောက်၍ဖြစ်စေ၊ ထီးတံခွန်များကို ထွက်ကြည့်ကြသည်ဖြစ်စေ ပုန်းကွယ်နေသော သမိန်သံကြယ်တို့က ထိုလူတွေကိုမိအောင်ဖမ်းလျှင် ကျွန်ုပ်တို့သည် အင်းဝမြို့တွင်း သတင်းအစုံအလင်ကို ကောင်းစွာ ကြားသိနိုင်မည်"

ဟု လျှောက်တင်၏။ ရာဇာဓိရာဇ်လည်း အမတ်ဒိန်လျှောက်ထားသည့်အတိုင်း သဘောတူ၍ ပိတ်အုပ် အဝတ်ဖြူ အရှည်အတိုများ၊ ထီးတံခွန်များကို စီမံစေ၏။ သမိန်သံကြယ်ကိုလည်း လေ့ဖြင့်သွားရောက် ပုန်းလျှိုးနေရန် စေလွှတ်၏။

ဘုရင်မင်းခေါင်သည် ဟံသာဝတီစစ်ကို လွန်စွာကြောက်ရွံ့ထိတ်လန့်တော်မူ၏။ အင်းဝတစ်ပြည်လုံးသည် ရာဇာဓိရာဇ်၏နိုင်ငံ ဖြစ်တော့မည်ကို စိုးရိမ်တော်မူ၏။ အရေးကြီးသည်ဖြစ်၍ မျူးမတ်သေနာပတိများကိုခေါ်လျက် ဆွေးနွေး၏။ ရဟန်း၊ ပုဏ္ဏား၊ ဂိုဏ်းဆရာ၊ ဘုန်းတော်ကြီးများကိုလည်း ပင့်တော်မူ၏။

"ယခု ငါတို့နိုင်ငံ မြောက်ပိုင်းဘက်တွင် မငြိမ်မသက်၊ မည်မည္ဆတ်၊ မြို့ရွာများ စနောင့်စနင်း ဆူပူလှုပ်ရှားနေစဉ် ဟံသာဝတီပြည်မှ ရာဇာဓိရာဇ်သည် တပ်မကြီး အင်အားအလုံးအရင်းနှင့် ချီတက်လာပြီး ဖျက်ဆီးသည်မှာ များစွာပျက်စီး၍ အကွဲကွဲအပြားပြား ဖြစ်ကုန်ပြီ။ ရာဇာဓိရာဇ်တပ်သည် အင်းဝမြို့အနီးတွင် တည်နေသည်ဖြစ်၍ နိုင်ငံသူနိုင်ငံသား ရဟန်းသံဃာအပေါင်းတို့မှာ ငြိမ်းချမ်းမှု မတည်တံ့သဖြင့် ဂုဏ်လိုလတရားတွေနှင့် ကင်းကွာနေရပြီ။ နွှတ်ရေးဖြင့်လည်းကောင်း၊ လက်ရေးဖြင့်လည်းကောင်း သူပြန်လေအောင် သည်စစ်ကြီးအေးငြိမ်းသွားလေအောင် ပသို့ကြဆောင်ကြမည်နည်း" ဟု မေးတော်မူ၏။ ထိုအခါ မျူးမတ်သေနာပတိများအားလုံးသည် ကိုတ်ဆိတ်စွာ နေ

www.burmeseclassic.com

www.burmeseclassic.com

ကြ၏။ မည်သူတစ်ဦးတစ်ယောက်ကမှ သံတော်ဦးတင်ခြင်း မပြုဝံ့ကြ။ မလျှောက်ဝံ့ကြပေ။ ထိုအခါ ပင်းယတွင် သီတင်းသုံးသော ပိဋကတ်ဗေဒင်တတ်သော သက်တော် ၃၁၊ ဝါတော် ၁၁ ဝါရှိသော စကြိုဳ သူမြတ်က-

"အင်းဝပြည့်ရှင် ဘုရင်မင်းမြတ်သည် ဗုဒ္ဓသာသနာတော်ကို ထွန်းလင်းတောက်ပြောင်ရန် ဆောင်လိုရ၍ မိန့်တော်မူခြင်းဖြစ်သည်။ ငါတို့ရဟန်းသံဃာတော်များသည် တရားမင်းမြတ်၏အလျှကိုခံ၍ သုံးဆောင်ကြသည်။ ယခု ပြည်ရေးရွာမှုအရေးကြီး၍ တိုင်ပင်တော်မူသည်ကို တရားမင်းကြီးအား အပူအပင်မှ ကင်းရှင်းသွားလေအောင် တစ်ဦးတစ်ယောက်မျှ မလျှောက်ကြပါကုန်။ ဟံသာဝတီဘုရင် ရာဇာဓိရာဇ်၏ စစ်ရံဖြုတ်၍ ပြန်လေအောင် အကြံကို မကြံကြပါကုန်။ တိတ်တိတ်နေကြ၍ သင့်မည်လော" ဟုဆို၏။

ပင်းယစကြိုသူမြတ်စကားကို အပေါင်းပါဆရာတော်များကြားလျှင် ပြက်ရယ်ပြုကြ၏။ "ကိုယ်တော်မှတစ်ပါး ရာဇာဓိရာဇ်ခွာလေအောင် ကြံဆောင်နိုင်မည့်သူမရှိပြီ"ဟု ဆိုကုန်၏။ ပင်းယစကြိုသူမြတ်လည်း ပြုံး၍ "ဟံသာဝတီမွန်မင်း ရာဇာဓိရာဇ်ကို မဆိုနှင့်ဦး။ ဇမ္ဗူဒီပ်မြေပြင်ဝယ်ရှိသော မင်းအပေါင်းတို့က လာရောက်ဝန်းရံခဲ့လျှင်ပင် သူတို့ ပြန်လေအောင် နှုတ်ရေးဖြင့် ငါစွမ်းဆောင်နိုင်သည်"ဟု ကြွေးဝါး၏။ ဘုရင်မင်းခေါင်လည်း အားပါးရတော်မူ၏။ ဝမ်းမြောက်ဝမ်းသာဖြစ်၍ ဆရာတော် စကြိုသူမြတ်ကို အပါးသို့ ပင့်ခေါ်တော်မူ၏။ "ရာဇာဓိရာဇ်ကို နှုတ်ရေးဖြင့် ပြန်လေအောင် ဆရာတော်ကြီးစား၍ ကြံဆောင်တော်မူပါ"ဟု တောင်းပန်တော်မူ၏။ "တရားမင်းမြတ် စိုးရိမ်ကြောင့်ကြတော်မမူပါနှင့်။ ရာဇာဓိရာဇ်သို့ ငါမေတ္တာစာစေဦးမည်"ဟု မိန့်၏။

မေတ္တာစာတွင် "ငါ ပင်းယစကြိုသူမြတ်၊ နေ့ညမပြတ်၊ မေတ္တာပို့သအပ်သော၊ သာသနာ့ဒါယကာဖြစ်တော်မူသော ဆင်ဖြူသခင် မဟာဓမ္မရာဇ်မင်း၊ ဟံသာဝတီပြည်ကို အစိုးရသော ရှင်ဘုရင်ရာဇာဓိရာဇ်ဘွဲ့အမည်ကို ခံတော်မူသော တရားမင်းမြတ်၊ ငါသည် အသက်သုံးဆယ့်တစ်၊ ဝါစဉ် ၁၁ ဝါရှိပြီ။ နေ့ညမပြတ် ပရိယတ္တိ၊ ပဋိပတ္တိကိုဖြည့်သည်။ တရားဘာဝနာကိုပွားများခဲ့ရသည့် ကုသိုလ်အကျိုးကို အရှင်မင်းကြီးခံယူတော်မူပါ။ သာသနာ့ဒါယကာ တရားမင်းမြတ်၏ မျက်နှာတော်ကို ငါမြင်လို၍ ဟံသာဝတီရွှေမြို့တော်တိုင်အောင် စုန်မည်ကြံသည်။ လေတက်မစုံ၍ မတတ်နိုင်သော

၁။ မွန်မူတွင် ဗင်ယသကြော ဟုရေး၏။ မြန်မာပေမူများတွင် ပန်ယသူကြို၊ ပန်းယသူကြို၊ ပင်းယသူကြိုဟု အမျိုးမျိုးရေးသည်။ မှန်နန်းတွင် ပင်းယစကြိုသူမြတ်ဟု ရေး၏။ စွယ်ကြို သူမြတ်ဟုလည်း နောင်းဆရာတစ်ဦးက ခေတ်သစ်ကျောင်းသုံးစာအုပ်တွင် ရေးသည်။

www.burmeseclassic.com

ကြောင့် မစုန်ရသဖြင့် မရောက်ဘဲရှိရသည်။ အရှင်မင်းကြီးသည် ဗုဒ္ဓသာသနာတော်မြတ်၏ အကျိုးစီးပွားကို ဆောင်သောမင်းမြတ်ဖြစ်သဖြင့် သာသနာ့ဒါယကာ မဟာဓမ္မရာဇ်မင်းမြတ်၏ ရွှေမျက်နှာတော်ရှေ့တွင် သုစရိုက်၊ ဒုစရိုက်၊ ကုသိုလ်၊ အကုသိုလ်တို့နှင့်ယှဉ်သော တရားစကားများကို မပြောဟောရဘဲ ငါ အနိစ္စလားခဲ့သော် အပါယ်သို့ ကျမည်စိုးသည်။ မျက်နှာတော်ကိုရှမြင်၍ တရားဆွေးနွေးရပြီးမှ ပျံလွန်ခဲ့သော် ကောင်းရာသုဂတိဘုံသို့ ငါရောက်ရာလေသည်။ သို့ ငါယူမှတ်၍ အရှင်မင်းကြီးအား တွေ့လိုကြောင်း မေတ္တာစာ ဆက်သွင်းအပ်ပါသည်"

ရာဇာဓိရာဇ်လည်း မေတ္တာစာကိုရလျှင် "ငါသည် ဟံသာဝတီနေပြည်တော်မှသည် အင်းဝမြို့တိုင်အောင် ဆန်လာသည်မှာ ရဟန်းတစ်ပါးကမျှ ငါ့အား မေတ္တာစာမဆက်။ ရဟန်းတစ်ပါးကိုမျှ ငါမမြင်ရ၊ ယခု ပင်းယစကြိုသူမြတ်သည် ငါ့အား မြင်လိုကြောင်း တရားစကားဟောပြောလိုကြောင်း မေတ္တာစာဆက်ခဲ့သည်ကို ငါကမမြင်လိုဟု ဆိုချေသော် ရတနာသုံးပါးတွင် ရတနာတစ်ပါးကို ငါမျက်နှာလွဲရာရောက်လိမ့်မည်။ ပင်းယစကြိုသူမြတ်ကိုလည်း ငါဖူးမြင်လိုပါ၏"ဟု မိန့်၍ ကွမ်းဖိတ်တော်မူ၏။

ပင်းယစကြိုသူမြတ်သည် ကွမ်းဖိတ်ရလျှင် ဘုရင်မင်းခေါင်အား "မွန်မင်းရာဇာဓိရာဇ်ကို တွေ့မြင်ခွင့်ရပြီ။ အရှင်မင်းကြီး လက်ဆောင်ပဏ္ဏာများ ပါးတော်မူပါ"ဟု လျှောက်၏။ ဘုရင်မင်းခေါင်လည်း ဝမ်းသာအားရတော်မူ၍ လက်ဆောင်ပဏ္ဏာများကို သင့်တင့်စွာစီရင်စေ၏။ လူ ၆၀–ထမ်းပိုးရသော ပစ္စည်းများကို လှေသို့ ထမ်းချစေ၏။ ပင်းယစကြိုသူမြတ်သည် ဂိုဏ်းထောက်ဆရာတော်တစ်ပါးကို အဖော်ပြု၍ လက်ဆောင်ပစ္စည်းတင်ထားသောလှေဖြင့် ရာဇာဓိရာဇ်ရှိရာတပ်စခန်းသို့ ကူးလေ၏။[၁]

ရာဇာဓိရာဇ်၏ တဲနန်းပုတ်ဝအပြင်ဘက်တွင် လှေဆိုက်၍ လက်ဆောင်ပစ္စည်းများကို ထမ်းတင်စေပြီး တပ်အပြင်ဘက်တွင် စခန်းချနေလေ၏။

ရာဇာဓိရာဇ်သည် မှူးမတ်သေနာပတိများနှင့် ယာယီတဲနန်းတွင် ဆွေးနွေးတိုင်ပင်နေစဉ် "တပ်အပြင်ဘက်၌ ရဟန်းနှစ်ပါးတို့သည် အင်းဝမှကူးလာ၍ ရောက်နေပါကြောင်း" ကို အမတ်ကြီးက တင်လျှောက်သဖြင့် ညီလာခံခန်းမသို့ ကြွလာရန်ပင့်စေ၏။ သေနာပတိတို့လည်း ရဟန်းနှစ်ပါးစလုံးကို ညီလာခံကျင်းပရာသို့ ပင့်ဆောင်ခဲ့၏။ ပင်းယစကြိုသူမြတ်နှင့် ဂိုဏ်းထောက်ဆရာတော်တို့လည်း သင့်တင့်စွာ ခင်းကျင်းထားသည့်နေရာတွင်

၁။ မြန်မာပေမူတွင် ရွှေနရား–၃၀၊ ဆင်ရွှေကြိုးအရန်–၃၀၊ ခင်းနိုင်ပြောက် အကောင်းတစ်ထောင်၊ အဝတ်ကောင်း တစ်ထောင်၊ ကော်ဇော တစ်ထောင်၊ သိတင်းသုံးတစ်ရာလည်း ပါလေ၏ဟု ဆိုသည်။ သုခမ္မဝတီပုံနှိပ်မူတွင် သိတင်းသုံး တစ်သောင်းဟု ဖော်ပြသည်။

www.burmeseclassic.com

www.burmeseclassic.com

ဝင်၍ထိုင်ကြသည်။ ရာဇာဓိရာဇ်သည် မှူးမတ်သေနာပတိများနှင့် ဆွေးနွေးလျက် စကြိုသူမြတ်ဝင်လာ[၁] သည်ကို မမြင်လေဟန်၊ မသိလေဟန် ပြုတော်မူသည်။ အတန်ငယ်ကြာမှ စကြိုသူမြတ်ထိုင်သည့်ဘက်သို့လှည့်၍ "အရှင်ဘုရားတို့ ဘယ်အချိန်က ရောက်နေကြပါသနည်း" ဟု မေးတော်မူ၏။ "ဟံသာဝတီပြည့်ရှင်မင်းကြီး မြင်တော်မူကတည်းက ပင် ငါတို့ ရောက်နေကြသည်" ဟု ဖြေတော်မူ၏။ ရာဇာဓိရာဇ်လည်း ပြုံးတော်မူ၍ စကြိုသူမြတ်နှင့် ဂိုဏ်းထောက်ဆရာတော်တို့အား မြင့်သည့်နေရာတွင် ထိုင်တော်မူရန် ပင့်ဆောင်လေ၏။

စကြိုသူမြတ်က "ခရီးဝေးကဆန်လာသော သာသနာ့ဒါယကာမင်းမြတ်ထံ ငါတို့ ထွက်လာ၍ သတင်းစကား၊ တရားစကား မေးမြန်းပြောဆိုရန် လာသည်မှာ လက်ဆောင် ပစ္စည်းသမ္ဘာရ ရှိသမျှ ရခဲ့ပါသည်။ အရှင်မင်းကြီး လက်ခံယူတော်မူပါ" ဟု မိန့်ကြား၏။ ရာဇာဓိရာဇ်လည်း မှူးမတ်များအား "ဆရာတော်တို့နှင့်ပါလာသော လက်ဆောင်ပစ္စည်းအပေါင်းတို့သည် ဆရာတော်တို့၏ ဥစ္စာမဟုတ်။ အင်းဝပြည့်ရှင် ဘုရင်မင်းခေါင်ပေးခဲ့သော ပဏ္ဏာများဖြစ်သည်။ ငရုတ်၊ ဆေး၊ စမုန်၊ ဖုံးမသိန်၊ သင်္ဘောနင်းရည်၊ ပက်ခန်းအဝတ်၊ ကရက်သာခါ၊ ကော်ဇော၊ ဆွမ်းအုပ်၊ ဒေါင်းလန်း၊ သင်္ဘောပန်းကန်၊ လက်ဖက် စသည့်ပစ္စည်းများကို လက်ခံယူကြကုန်" ဟု မိန့်တော်မူပြီး စကြိုသူမြတ်ဘက် လှည့်၍ "ငါ့ဆရာနှင့်ပါလာသည့် ပဏ္ဏာကာရမှာ များပြားလှပေသည်" ဟု ပြည်သွယ်တော်မူ၏။ ထို့နောက် "ငါ့ဆရာ ကြိုးစားအားထုတ်၍ ကျွန်ုပ်တို့ထံသို့ ကြွရောက်လာသည့် ကိစ္စကို မိန့်ဆိုပါ" ဟု စကြိုသူမြတ်အား လျှောက်၏။

"သာသနာ့ဒါယကာ အရှင်မင်းကြီးသည် ကြိုးစားအားထုတ်၍ အင်းဝသို့ ဆန်တက်လာသည့် အကျိုးအကြောင်းကား ပသို့နည်းဟု ငါတို့စိတ်တွင် သိလိုသဖြင့် ငါတို့ထွက်လာခြင်းဖြစ်သည်။ အကျိုးအကြောင်းသိရသော် ငါတို့ဂိုဏ်းဆရာ သံဃာတော်များစုရုံး၍ ဆွေးနွေးတိုင်ပင်ပြီး ဆောင်ရွက်ပေးရန် ဖြစ်ပါသည်" ဟု စကြိုသူမြတ်ဆို၏။

၁။ သုသောဓိတမဟာရာဇဝင်တွင် ပထမတွဲစာမျက်နှာ-၄၆၃-တွင် ဆင်ဟိုင်းငါးထောင်ပြည့်ကို ရွေးကတင်စေပြီးသော် စကြိုသူမြတ်စီး၍ ထွက်ရ၏။ အဝတ်ဖြူနှင့် သီတင်သုံး သုံးရာလိုက်ပါ၏။ သူအိုသုံးရာ လက်ဆောင်ကိုင်၍ လိုက်ရ၏။ အင်းဝမြစ်ငယ်ကိုကူး၍ ရွှေကြက်ယက် မြောက်အိုးထိန်းမော်သို့ရောက်လျှင် ရာဇာဓိရာဇ်က ရွှေလောင်းနှင့်ကူး၍ ခံလာရ၏။ စကြိုသူမြတ်သည် ရာဇာဓိရာဇ်စီးသော ရွှေတော်သို့ရောက်သော် ပါလာသောပဏ္ဏာကာရကို ဆက်လေ၏-ဟု လာသည်။

www.burmeseclassic.com

www.burmeseclassic.com

ရာဇာဓိရာဇ်က "တပည့်တော်သည် ဗိုလ်ပါအင်အားများစုရုံး၍ စစ်ချီတက်လာသည်မှာ အလိုဆန္ဒအကြောင်း လေးပါး[၁] ရှိပါသည်။ (၁)အင်းဝပြည်ရှင် ဘုရင်မင်းကြီးစွာစော်ကဲသည် မဟာမိတ်လမ်းစဉ်ကို ဖြတ်တောက်၍ ဗိုလ်ပါများစုရုံးပြီး ဟံသာဝတီပြည်သို့စုန်ဆင်းကာ တပည့်တော်၏ မြို့စွန်နယ်ဖျားကို ဖျက်ဆီးတိုက်ခိုက်ခဲ့ပူးသည်။ တပည့်တော်သည် ရာမညဒေသတိုင်းခွင် ရေမြေရှင် ထီးဖြူဆောင်းသော မင်းဇကရာဇ်တစ်ပါး ဖြစ်ပါလျက် အင်းဝပြည့်ရှင် မင်းကြီးစွာစော်ကဲလက်ထက်က အထင်သေးခဲ့သည်ကို ပြန်လည်ချေပရန်အတွက် ဆန်တက်လာသည်ကား တစ်ချက်။ (၂)အင်းဝပြည်ကို လက်ဝယ်သွင်း၍ ရာမညဒေသတိုင်းခွင်ပိုင်ပြုလျက် ဟံသာဝတီပြည်ကို ချဲ့ထွင်လိုသဖြင့် ဆန်လာသည်လည်းတစ်ချက်။ (၃) အင်းဝပြည်တွင် မြတ်စွာဘုရား၏ ဓာတ်တော်ကိန်းဝပ်သည့် စေတီပုထိုးများကို ဖူးမြော်လိုသည်။ ပူဇော်လိုသည်။ သာသနာတော်အား ထွန်းလင်းရန် တိုးတက်ကြီးပွားစေရန် တပည့်တော် ပြုပြင်စောင့်ရှောက်လိုသဖြင့် ဆန်တက်လာသည်လည်းတစ်ပါး။ (၄) အခြားတစ်ပါးကား ရှေးမင်းဇကရာဇ်တို့၏ အစဉ်အလာဝတ္တရားအရ မရောက်ခဲ့ရသော ဌာနဒေသသို့ နေ့လကြာမြင့်စွာ တပည့်တော်သည် အောင်မြင်သောစစ်ကြောင်းခရီးဖြင့် လှည့်လည်ရောက်ရှိခဲ့ကြောင်းကို ပေထက်အက္ခရာတင်စေ၍ နောင်လာနောက်သားတို့ ပြောစမှတ်ပြုစေရန် ရည်သန်လျက် ဆန်တက်လာခြင်းဖြစ်ပါသည်။"

ပင်းယရေစကြိုသူမြတ်သည် ရာဇာဓိရာဇ်၏ အကြောင်းပြချက် လိုအင်ဆန္ဒလေးပါးတို့ကို ကြားသိရလျှင် ပြုံး၍...

"အရှင်မင်းကြီးမိန့်ကြားသည့် အချက်လေးချက်နှင့်ပတ်သက်၍ ငါရှင်းလင်းပြမည်။ သာသနာ့ဒါယကာ တရားမင်းမြတ် နာကြားတော်မူပါ။ မဟာမိတ်တရားကို ပယ်ရှားသည်ဆိုသော အင်းဝဘုရင် မင်းကြီးစွာစော်ကဲသည် နတ်ရွာစံခဲ့သဖြင့် ယခု မရှိတော့ပြီ။ ထိုမင်းနှင့် လွန်ခဲ့ပြီးသည့်အတိတ်က ရန်ငြိုးရန်စဖြစ်ခဲ့သည်ကို ယခု ပြန်လည်ချေပလိုသည်ဟူသော သာသနာ့

၁။ မြန်မာပေမူတွင် ပါသည့်အကြောင်း ၄ ပါးကား၊ ရန်သူဖြစ်သောမင်းကို နှိပ်စက်လိုသောကြောင့်တစ်ပါး၊ သူ့တိုင်းကားနိုင်ငံကို ငါ့နိုင်ငံပြုလိုသောကြောင့်တစ်ပါး၊ အလုံးအရင်းအင်္ဂါတန်ခိုးအာနုဘော်ကြီးသည်ကို ပြုလိုသောကြောင့်တစ်ပါး၊ ပုဂံအဝသည် ဘုရားပုထိုး ရှေ့တော်၊ဓာတ်တော်များသည်ကို ရှိခိုးလိုသောကြောင့်တစ်ပါးဟူ၍ ဆို၏။

www.burmeseclassic.com

www.burmeseclassic.com

ဒါယကာ တရားမင်းမြတ်ဆိုသည်မှာ လွန်စွာအပြစ်ကြီးလေးလှသည်ဟု ငါတို့ ဘုန်းရှင်သံဃာတော်များ မြင်မိသည်။ သည်အပြစ်ကို ဒကာကြီးအား လေးနက်စွာ ဆင်ခြင်စဉ်းစားရန် ငါတို့ မေတ္တာရပ်ခံအပ်ပါသည်။ ငါတို့ဘက်က မဟာမိတ်တရားထားခဲ့ပုံ၊ ရှေးက အကြောင်းတစ်ခုကို ငါဖြောပြမည်။ ရှေးက ပေါက်ကံပြည့်ရှင် နော်ရထာမင်းစောသည် သိဂုံတွင်ရကုန်းတွင် ဆံတော်ဓာတ်ကို ကြိုဆိုပင့်ဆောင်ရန် စုန်ခဲ့ဖူးသည်။ ပြည်သို့ဆိုက်သော် "ငါသည် မွန်ပြည် မွန်တိုင်း မွန်နယ်ခြားသို့ ကျွဲခဲ့ပြီတကား။ မွန်ပြည်နှင့် မြန်မာပြည်တို့သည် ရှေးသရောအခါကပင် မဟာမိတ်လမ်းစဉ်ကို လိုက်ခဲ့သော မဟာမိတ်နိုင်ငံအချင်းချင်း ဖြစ်ကြသည်။ အကယ်၍ ငါသည် သူ့တိုင်း သူ့နယ်မြေအတွင်းသို့ ကျွဲ၍ ဝင်ရောက်ခဲ့မူကား ဟံသာဝတီပြည့်ရှင်သည် ငါ့အားသံသယဖြစ်ပေါ်လျှင် ရှေးအစဉ်အလာ မဟာမိတ်တရားထားခဲ့သည့်အရေး ပျက်ချိမ့်မည်ပါတကား" ဟု မိန့်တော်မူပြီးလျှင် ပေါက်ကံဘုရင် နော်ရထာမင်းစောသည် သိဂုံတွင်ရကုန်းထက်က ဆံတော်ဓာတ်ကို ပင့်ဆောင်ခြင်းမပြု တော့ဘဲ ကျေးစွန်နယ်ခြားမှ ပေါက်ကံသို့ လှည့်ပြန်တော်မူသည်။ မဟာမိတ်တရား ပျက်ပြားမည်စိုး၍ ကုသိုလ်ရေးကိုပင် လျှော့ထားလိုက်ရသည်။ ရှေးရှေးက မင်းဧကရာဇ်တို့သည် ပဝေဏီအစဉ်အလာ မဟာမိတ်တရားကို ယင်းသို့ စောင့်ရှောက်ခဲ့သည်။ သို့ဖြစ်သောကြောင့် နှစ်ပြည်ထောင် ထီးဖြူဆောင်းမင်းနှစ်ပါးတို့သည် နတ်စည်းစိမ်သမ္မတ္တိကို အတူတကွ ခံစားရသလို အေးချမ်းသာယာကြသည်။ ဘေးအန္တရာယ်ကင်း၍ စိတ်ဆင်းရဲပင်ပန်းခြင်းမရှိ။ အချင်းချင်း ရန်ငြိုးရန်စမရှိ။ ပကတိ ချစ်ကြည်မှုရှိကြသည်"

ဟု မိန့်၏။ ထိုအခါ ရာဇာဓိရာဇ်က–

"ဆရာတော်၏စကားမှာ သင့်လျော်ပါ၏။ သို့သော် အင်းဝဘုရင်မင်းကြီးစွာစော်ကဲသည် တပည့်တော်ထက် အသက်ကြီးသူဖြစ်ပါလျက် ရှေးမင်းဧကရာဇ်တို့၏ အစဉ်အလာတရားကို မစဉ်းစား၊မဆင်ခြင် မဟာမိတ်လမ်းစဉ်ကိုဖျက်၍ ဗိုလ်ပါအင်အားကြီးမားစွာဖြင့် စုန်ဆင်း၍ တပည့်တော်၏ရေ၊မြေကိုသူ့လက်တွင်းသို့ သွတ်သွင်းရန် ကြံဆောင်ခဲ့သည်။ သို့ဖြစ်၍ ပြန်လည်ချေပသည့်အနေဖြင့် တပည့်တော်၏ရေ၊မြေကို ချဲ့ထွင်ရန် စစ်ချီလာသည်ကို ဆရာတော်က ပေါက်ကံပြည့်ရှင် နော်ရထာမင်းစောကဲ့သို့ ပြုမူလိုက်နာစေလိုသည်မှာ တပည့်တော်၏လက်ကို ဆွဲချုပ်ထားပြီး တစ်ပါးသူကို ရိုက်နှက်စေသကဲ့သို့ဖြစ်နေသောကြောင့် ဆရာတော်သည် မှားပါတကား"

www.burmeseclassic.com

ဟုမိန့်၏။ ရာဇာဓိရာဇ်၏ အပြစ်တင်စကားကိုကြားလျှင် စကြိုသူမြတ်က –

"သည်ကဲ့သို့သူ့ရှင်ဆိုသည်မှာ ငါသည် သီလဓမ္မမရှိ၊ ဘုရား၏ သိက္ခာပုဒ်များကို မစောင့်ထိန်းသောရဟန်းနှင့် တူနေပေတော့သည်။ ကြားလူဟန်ဆောင်သော၊ မိစ္ဆာစိတ်ရှိသော၊ ကောက်ကျစ်စဉ်းလဲပြီး တစ်ဖက်သူကို ပျက်စီးစေရန် လှည့်ပြော၊ လိမ်ပြောတတ်သော ရဟန်းနှင့်လည်း တူနေတော့သည်။ ကိုယ့်ဘက်လူကို အနိုင်ပေးလို၍ တစ်ပါးလူကို ရှုံးစေလိုသော စိတ်ရှိသည်ဟု ငါ့အား ဒကာတော်စွပ်စွဲသလိုဖြစ်ခဲ့ပါမူ ငါသည် ဘုရား သိက္ခာပုဒ်များကို မစောင့်ထိန်းသဖြင့် ဒုဂတိသို့လား၍ ဒုက္ခခံစားရပါမည်။ ငါသည် ထိုသို့မဟုတ် သီလဓမ္မကို ခိုင်ခံ့အောင်လက်ကိုင်ထား၍ သိက္ခာပုဒ်များကို အမြဲစောင့်ထိန်းလျက် မည်သူ့ကိုမျှ ရန်ငြိုးမဖွဲ့။ သတ္တဝါအပေါင်းတို့ကို ထာဝစဉ် မေတ္တာပို့သပါသည်။ ငါ၏ ဓာတိစိတ်ရင်းကပင် အင်းဝနှင့် ဟံသာဝတီ နှစ်ပြည်ထောင်လုံးရှိ သတ္တဝါများကို သာတူညီမျှစွာ ချစ်ပါသည်။ စေတနာထားပါသည်။ နိုင်ငံသူနိုင်ငံသား၊ ရဟန်းသံဃာများသည်အကယ်၍ ဒုက္ခရောက်၍ မငြိမ်မသက်ဖြစ်ခဲ့လျှင် ဒါန၊ သီလ၊ ဘာဝနာတရားတို့နှင့် ကင်းကွာ၍ ပိဋကတ်တော်ကို ရွတ်ဖတ်သရဇ္ဈာယ်နိုင်ခြင်း ရှိတော့မည်မဟုတ်။ တိုင်းပြည်တွင် သည်မျှကြီးကျယ်သောအကြောင်းတစ်ရပ် ဖြစ်ပေါ်တော့မည်ကို ငါတို့ ဘုရားသားတော်များက တွေ့မြင်လျက်နှင့် မကူညီ၊ မထောက်ပံ့၊ မတားမြစ်လျှင် သိက္ခာပုဒ်များကို မစောင့်ထိန်းသည်နှင့် တူတော့သည်။ နှစ်ပြည်ထောင်လုံးတွင် အလွန်တရာကြီးမားသော အပူမီးလုံးကြီး တောက်လောင်နေလျှင် လူသတ္တဝါများ ဒုက္ခရောက်ကုန်တော့မည်။ သို့ဖြစ်လျှင် အခြားခိုကိုးရန်၊ အားထားရန် မရှိတော့ပြီ။ ဘုန်းရှင်မြတ်စွာဘုရား၏ သာသနာတော်သည်သာလျှင် ရဟန်းပုဏ္ဏား၊ တိုင်းသူပြည်သားများ မှီခိုဆည်းကပ်ရန် ဖြစ်တော့သည်ဟု ငါ ဆင်ခြင်စဉ်းစားသည်။ မွန်နှင့် မြန်မာ နှစ်ပြည်ထောင်လုံးသည် ရာဇဂ္ဂာနိကြီး ဖြစ်ကြပေသည်။ ဗုဒ္ဓ၏ အဆုံးအမ၊ ဓမ္မအဆုံးအမ၊ သံဃာအဆုံးအမ အစဉ်အတိုင်း ဘုန်းသမ္ဘာရှင် မြတ်စွာဘုရား ဟောကြားထားသည့် ခန္ဓိတရားတော်သည် အလွန်မြင့်မြတ်လှပါသည်။ အရှင်ဇကရာဇ်မင်းသည် ဗုဒ္ဓဘုရားရှင်၏ အဆုံးအမကို အစဉ်အတိုင်း လိုက်နာကျင့်သုံးခဲ့သော် ဘုရားသာသနာတော်ကို စောင့်ရှောက်ချီးမြှောက်သည်မည်၏။ မင်းနှစ်ပါးတို့သည် သာသနာ့ဒါယကာများ ဖြစ်ကြသည်ဆိုခြင်းကို နှစ်ဖက်စလုံး သိမြင်ကြပါသည်။ ယခု ဟံသာဝတီပြည့်ရှင် မင်းတရား ကြီးသည် ဗိုလ်ပါအင်အားကြီးမားစွာဖြင့် ရန်ငြိုးဖွဲ့၍

www.burmeseclassic.com

အင်းဝသို့ချီခဲ့သည်။ တိုင်းစွန်နယ်ဖျား မြို့ရွာများကို ဖျက်ဆီးသဖြင့် ရဟန်း၊ ပုဏ္ဏား၊ ပြည်သူ၊ ပြည်သားများသည် ဒုက္ခနှင့် ကြုံကြိုက်ရသည်။ ကုသိုလ်တရားများ ပြတ်စဲကုန်သည်။ တစ်ပါးသူက အလျင်ပြုမူထားသဖြင့် ကိုယ်ကရန်ငြိုးဖွဲ့၍ သည်ကဲ့သို့ ချေပရမည်ဟု ဘုန်းသမ္ဘာရှင်မြတ်စွာဘုရား ဟောကြားထားသည့် ပါဠိပါဒ မရှိပါတကား။ သာသနာ့ဒါယကာဖြစ်သော ဟံသာဝတီပြည့်ရှင်ရာဇာဓိရာဇ် မွန်ဘုရင်သည် မြတ်စွာဘုရား၏ တရားတော်နှင့် လွဲမှားစွာပြုမူမိမည်စိုးသဖြင့် ငါသည် ကြိုးစားအားထုတ်ကာ မေတ္တာစေတနာဖြင့် လာရောက်ကူညီထောက်ပံ့ခြင်း ဖြစ်ပါသည်။ သာသနာ့ဒါယကာဖြစ်သော ဒကာတော်အား ခန္တီတရားကို လက်ကိုင်ထား၍ စောင့်ရှောက်ပါရန် ငါသတိပေး တိုက်တွန်းအပ်ပါသည်”

စကြိုသူမြတ်၏စကားကိုကြားလျှင် ရာဇာဓိရာဇ်က–

“ဆရာတော်သည် တပည့်တော်အား မေတ္တာစေတနာဖြင့် ကူညီထောက်ပံ့ခြင်း၊ သတိတရားပေးခြင်း၊ ဗုဒ္ဓ၏အဆုံးအမ ခန္တီတရားကို လက်ကိုင်ထားရန် တိုက်တွန်းခြင်းမှာသင့်လျော်ပါသည်။ ဆရာတော်သည် မိစ္ဆာစိတ်မရှိ၊ ဥပေက္ခာစိတ်မရှိ၊ မည်သည့်ဘက်ကိုမျှ မဝင်စား၊ နှစ်ဖက်စလုံးကို သာတူညီမျှသော စေတနာထားသည်။ သာသနာတော်ကိုလည်းကောင်း၊ သတ္တဝါအပေါင်းကိုလည်းကောင်း အန္တရာယ်မရှိစေလိုကြောင်း မှန်ကန်ခဲ့ပါမူ ဆရာတော်သည် မည်သည့်အတွက်ကြောင့် အင်းဝပြည့်ရှင်မင်းကြီးစွာစော်ကဲအား ယခင် ဟံသာဝတီသို့ စုန်စဉ်အခါက သည်ကဲ့သို့ တရားမပြ မတားမြစ်ခဲ့ပါသနည်း။ ဗုဒ္ဓ၏ အဆုံးအမ အသွန်အသင်အတိုင်း သတိမပေး၊ မတိုက်တွန်းခဲ့ပါသနည်း။ သမ္မာဒိဋ္ဌိကိုယူ၍ ခန္တီတရားကို လက်ကိုင်ထားရန် ပသို့ကြောင့် မဟောပြောခဲ့ပါသနည်း။ မင်းကြီးစွာစော်ကဲသည် တပည့်တော်၏ ဟံသာဝတီတိုင်းစွန်နယ်ဖျား မြို့ရွာများကို ဖျက်ဆီး၍ မိန်းမ ယောကျ်ားကြီးငယ်များကိုဖမ်းပြီး သုံ့ပန်းပြုစဉ်က ပသို့ကြောင့် ဆရာတော် မဟောပြောခဲ့ပါသနည်း။ ဆရာတော်သည် သစ္စာတရားကို စောင့်ရှောက်သည်ဟုဆိုသည်မှာ ပသို့ပါနည်း။ ဆရာတော်၏ စေတနာသည် တစ်ဖက်စောင်းနင်းဖြစ်နေပါသည်။ တစ်ပါးသူက ကိုယ့်အားပြုမူခဲ့သည်ကို ကိုယ်က ပြန်လည်ချေပရမည်ဟု ဘုရားဟောပါဠိပါဒမရှိဟု ဆရာတော်ဆိုသည်မှာလည်း ဟံသာဝတီပြည်သည် ဘုန်းရှင်မြတ်စွာဘုရား၏ သာသနာတော်အနှစ် ၅၀၀၀–တည်တံ့ရန်၊ ထွန်းလင်းတောက်ပရန် အခိုးအသံဃာများ၊ သတ္တဝါများ မှီခိုအားထားရန် ပါဠိပါဒ ဘုရားဟောရှိသည့်အတိုင်း

www.burmeseclassic.com

တပည့်တော်တို့ မင်းဇကရာဇ်များသည် ကောင်းစွာ စောင့်ရှောက်ဆောင်ရွက်ခဲ့သည်။ ဤသည်ကို အင်းဝပြည့်ရှင် မင်းကြီးစွာစော်ကဲ စုန်ဆင်း၍ သာသနာတည်ရာဌာနကို ဖျက်ဆီးခဲ့ပုံးသည်ကို ဆရာတော် မမြင်မတွေ့။ လောကဓမ္မတာ ရှေးမင်းဇကရာဇ်တို့၏ အစဉ်အလာပဝေဏီအရ အင်းဝကို ဒကာတော် ချေပတုံ့ပြန်ရန် စစ်ချီလာကာမှ ဆရာတော်က သည်းခံစေလိုသည်။ ခန္ဓီတရားကို လက်ကိုင်ထားစေလိုသည်ဟု ဆိုသည်မှာ တစ်ဖက်သတ် မဖြစ်နေပါသလော။ ဆရာတော်သည် ဖြောင့်မှန်သော တရားဓမ္မ၌ တည်တဲ့နေပါ၏လော"

ရာဇာဓိရာဇ်၏ စကားကိုကြားလျှင် ပင်းယစကြိုသူမြတ်သည် ပြုံးလျက်ပင်–

"အရှင်မင်းကြီး မိန့်ဆိုခဲ့သည်မှာ သင့်တင့်လျောက်ပတ်ပါ၏။ သို့သော် ငါသည် ဘုရားဟောဖြစ်သည့် ပိဋကတ်တော်၌လာသည်ကိုသာ ဆိုပါသည်။ သည်ကမ္ဘာတွင် ပထမပွင့်သော ကကုသန်မြတ်စွာဘုရား၏ သာသနာတော်မှစ၍ ဟောကြားခဲ့သည့် ခန္ဓီတရားသည် ယနေ့ထိ တစ်ခုတည်းသော ခန္ဓီတရားဖြစ်ပါသည်။ အကြင်ပုဂ္ဂိုလ်တစ်ဦးသည် ခန္ဓီပါရမီကို ဖြည့်ကျင့်၍ ခိုင်မြဲစွာ ထိန်းသိမ်းထားနိုင်လျှင် အခြားပါရမီ ၉–ပါးထက် ကုသိုလ်ကြီးမားပါပေသည်။ ယခု ဟံသာဝတီပြည့်ရှင် ရာဇာဓိရာဇ်သည် အင်းဝကို ရန်ငြိုးဖွဲ့၍ ချေပတိုက်ခိုက်ခြင်း၊ အနိုင်အထက်ပြုခြင်း၊ တိုင်းစွန်နယ်ဖျား မြို့ရွာများကို ဖျက်ဆီးခြင်းကို ပြုမူခဲ့သည်။ ဟံသာဝတီပြည်ကို ချဲ့ထွင်ပြီး သာသနာတော်ကို တည်တံ့စေလိုသည်ဟု ဆိုသည်မှာ အကျိုးတစ်ခုတည်းသာမဟုတ်။ အပြစ်လည်းရှိသည်ကို ငါသတိပေးလိုပါသည်။ တစ်နည်းဆိုရလျှင် တာဝတိံသာနတ်ပြည်၊ ငရဲပြည်၊ ဓမ္မုဒိပ်ကျွန်းဟူ၍ ဘုံသုံးပါးတို့သည် အကျယ်အဝန်းတွင် ယူဇနာတစ်သောင်းစီတူညီစွာ ရှိကြသည်။ နတ်ပြည်နတ်ဘုံတွင် နတ်ဥယျာဉ်၊ နတ်ဗိမာန်၊ နတ်နန်းတွေ အသီးသီးရှိကြ၏။ ကုသိုလ်ကံတရားအရ ချမ်းသာစွာ စံစားကြသည်။ အချင်းချင်း ခိုက်ရန်ဖြစ်စေဖို့ အကြောင်းအခြင်းအရာ မရှိကြပေ။ ဓမ္မုဒိပါ ကျွန်းဟုဆိုသော လူ့ပြည်လူ့ဘုံတွင် သမုဒ္ဒရာ လေးထောင်ယူဇနာ၊ ဟိမဝန္တာတောသုံးထောင်ယူဇနာ၊ လူ့နေရာ ယူဇနာသုံးထောင်ဟူ၍ ရှိသည်။ ရှေးမင်းဇကရာဇ် အစဉ်အဆက်မှစ၍ တိုင်းကြီးပြည်ကြီးများ တည်ထောင်ခဲ့ကြသည်။ ဘုရားလောင်း ဗောဓိသတ္တသည် နွားလားဥသဘ ဖြစ်စဉ်တွင် ပုဏ္ဏားဆရာတို့က တိုင်းပြည်မြို့ရွာများကို အခြားအခြား သတ်မှတ်ပေးခဲ့ကြသည်။ သူတို့သည် အရောရောအယှက်ယှက် မနေကြ။ တိုင်းပြည်မြို့ရွာနယ်ပယ်များကို တစ်ဦးထံမှ တစ်ဦးက လုယူခြင်း ဝိဝါဒကွဲ၍ ကိုက်ခိုက်ကြ

www.burmeseclassic.com

ခြင်း မရှိခဲ့ကြပေ။ အေးချမ်းသာယာစွာ နေကြသည်။ မဟာ အဝိစိငရဲမှကား ယူဇနာတစ်သောင်းပင် ကျယ်ဝန်းသော်လည်း လစ်လပ်သောနေရာ၊ အားလပ်သောနေရာဟူ၍ မရှိ။ ကျပ်တည်းကျဉ်းမြောင်းလှသည်။ ဆန်နှစ်ကို ကျည်တောက်၌ သိပ်သလို ဖြစ်သည်။ အဘယ်ကြောင့်ဟူမူကား သတ္တဝါတို့သည် လောဘ၊ ဒေါသ၊ မောဟ၊ ကာယက်၊ ဝစီက်၊ မနောက်ဟူဆိုအပ်သော အကုသလက် ဆယ်ပါးတို့ကို လိုက်စားကျင့်သုံးကြသည်။ သည်အကုသိုလ်က်တို့သည် ညစ်ပတ်ယုတ်ညံ့လှသည်။ လူ့ဘဝမှ စုတေခဲ့သော် ပဉ္စာနန္တရိယက်ကြောင့် ငရဲသို့ကျ၍ မရေမတွက်နိုင်အောင် ခံစားရမည်။ မတ်တတ်ရပ်၍သော်လည်းကောင်း၊ ထိုင်လျက်သော်လည်းကောင်း၊ အိပ်လျက်သော်လည်းကောင်း သံပြားထက်၌ ကျပ်တည်းစွာနေရ၍ ငရဲမီးအလောင်အကျွမ်းကို အမြဲမပြတ် ခံနေရမည်။ သို့ဖြစ်၍ ပဉ္စာနန္တရိယငရဲဟုခေါ်သည်။ ယခု အင်းဝနှင့် ဟံသာဝတီပြည်တို့သည် ထိုသို့ ကျပ်တည်းကျဉ်းမြောင်းသည်မဟုတ်။ တစ်ပြည်နှင့်တစ်ပြည် ကွာဝေးလှသည်။ တစ်ပြည်မှ တစ်ပြည်သို့ရောက်အောင် အချိန်တစ်လကြာမျှ ခရီးသွားရသည်။ အချင်းချင်း တိုးဝှေ့၍နေရသည်မဟုတ်။ ကျည်တောက်တွင်ထည့်၍သိပ်သော ဆန်မှုန့်နှင့်တူသည်မဟုတ်။ ပဉ္စာနန္တရိယငရဲနှင့်လည်း တူသည်မဟုတ်ပါတကား။ ဟံသာဝတီပြည်ရှင်သည် ကြိုးစားအားထုတ်၍ ရာဇမဏ္ဍအစဉ်အလာကို ချေပရန်၊ ရန်သူကိုနှိမ်နင်း၍ အင်းဝပြည်ကို လက်ဝယ်သွင်းရန်၊ စစ်သေနင်္ဂဗျူဟာခင်း၍ အရိယာသံဃာတော်နှင့် နိုင်ငံသူနိုင်ငံသားများကို ဆူပူလှုပ်ရှား၊ ပြေးလွှားတိုးဝှေ့စေပြီး ပဉ္စာနန္တရိယငရဲမီးကဲ့သို့ ပူလောင်စေသည်မှာ တရားတော်နှင့်မညီ။ သည်အကုသိုလ်တရားကြောင့် ဖြစ်ပေါ်လာသော ဘေးအန္တရာယ်တို့သည် ပြုမူသူအားသာ ဝင်ဒုက္ခလည်စေမည်။ နွားခြေရာကို လှည်းဘီးလိုက်၍လိမ့်သလို ထိုအကုသိုလ်များသည် အရှင်မင်းကြီးနောက်သို့ တကောက်ကောက်လိုက်နေမည်။ စစ်သေနင်္ဂဗျူဟာခင်း၍ တိုက်ခိုက်ခြင်း၊ ထိုးခုတ်သတ်ဖြတ်ခြင်း၏ အပြစ်ကြောင့် အပါယ်လေးပါးမှ အရှင်မင်းကြီး လွတ်ကင်းနိုင်ပါမည်လော”

စကြိုသူမြတ်၏ စကားကိုကြားလျှင် ရာဇာဓိရာဇ်က–

“ယခု တပည့်တော်သည် စစ်သေနင်္ဂဗျူဟာခင်း၍ အင်းဝကို ချီလာသည်မှာ အကျိုးနှင့်အပြစ် ဒွန်တွဲနေသည်ဟု ဆရာတော် မိန့်သည့်

၁။ မြန်မာပေ၌–ကျည်တောက်တွင်ထည့်၍သိပ်သော မုန်ညင်းနှင့်အတူဟု လာသည်။

www.burmeseclassic.com

www.burmeseclassic.com

အတိုင်း မှန်ပါ၏။ အကျိုးကတစ်ဖက် အပြစ်ကတစ်ဖက် အပြစ်ကို အကျိုးဖြင့် ဆေးကြော၍မရ။ ဆိနှင့်ရေကို တစ်ခုတည်းဖြစ်အောင် မွှေသော်လည်း မရသကဲ့သို့ ဆိကတသီး၊ ရေကတခြားစီ နေမည်ပင်။ တပည့်တော်သည် အကြောင်းမရှိဘဲ အင်းဝသို့ မချီပါ။ ဘုရားသာသနာ၌တည်သော ဂုဏ်ကျေးဇူးရှိသော ပုဂ္ဂိုလ်များကို ပူပင်သောကဖြစ်စေရန် ပျက်စီး ညစ်ကျယ်သွားစေရန် ရည်ရွယ်ချက်မရှိ။ သတ္တဝါအပေါင်းတို့အား ဘုရားသာသနာတော်၌ တည်စေရန်၊ ဘုရား၏တရားတော်ကို ခိုလှုံကြ၍ သမာပဇ္ဇိပတ် ကောင်းသောအကျင့်၌ တည်စေလိုသော စေတနာကြောင့် ချီလာခြင်းဖြစ်ပါသည်။ တပည့်တော်၏စိတ်တွင် ရွှေကို ငွေဖြင့် လဲလှယ်ယူမည်။ ပတ္တမြားကျောက်ကို ရွှေဖြင့် ဖလှယ်ယူမည်။ ရှေးဧကရာဇ်မင်းတို့၏ ပဝေဏီအစဉ်အလာအရ တစ်ပါးမင်းက ပြုမူထားသည့်အမှုကို ပြန်လည်ချေပရမည်။ ရာဇဓမ္မအစဉ်အလာတွင် အကျိုးနှင့်အပြစ်ကား ဒွန်တွဲလျက်သာ ဖြစ်မည်။ သံသရာ၌ ကျင်လည်နေသမျှ မည်သူကမှ အပြစ်ပါပ အကုသိုလ်ကံမှလွတ်အောင် မရန်းထွက်နိုင်ပါ။ စိတ်ကြွစည်သမျှ ပညာဉာဏ်နှင့် နှိုင်းဆခြင်းသာ ပဓာနဖြစ်သည်။ ဤသည်တို့ကို တပည့်တော်မြင်၍ သူကအလျင် ပြုမူထားသည့်အမှုကို ပြန်လည်ချေပလိုခြင်း ဖြစ်ပါသည်” ဟုဆို၏။ စကြိုသူမြတ်ကလည်း ဤသို့ပြန်လည်မိန့်ဆိုပြန်၏။

“အကယ်၍ သာသနာ့ဒါယကာအရှင်မင်းကြီးသည် ရာဇဓမ္မအစဉ်အလာအတိုင်း သူကပြုထားသည်ကို ကိုယ်က ပြန်လည်ချေပရန် အကျိုးအပြစ်ဒွန်တွဲနေသော စစ်သေနင်္ဂဗျူဟာကို ခင်းကျင်းလိုလျှင်လည်း စစ်နိုင်အောင် စစ်အင်္ဂါလေးပါးတို့ကို သိထားရန် လိုပေသည်။ စစ်အင်္ဂါလေးပါးဟူသည်မှာ (၁) ဗလ၌။ သေနင်္ဂအင်အားကို သိရမည်။ ကျိုးသည် နေ့၌သာ စွမ်းအားရှိသည်။ ချိုးသည် နံနက်ပိုင်း၌သာ စွမ်းအားရှိသည်။ ကျေး၊ ငှက်၊ သာလိကာတို့သည် အာကာသ၌သာ စွမ်းအားရှိသည်။ ငါးတို့သည် ရေ၌သာ စွမ်းအားရှိကြသည်။ (၂) ကာလ၌။ စစ်တိုက်ရမည့် အချိန်ကာလကို သိရမည်။ စစ်၏အခြေအနေ၊ စစ်အင်အားစုရုံးမှု၊ ညီညွတ်မှု၊ စည်းလုံးမှု၊ ပျော်ရွှင်မှု၊ တက်ကြွမှုရှိ မရှိ သိရမည်။ (၃) ဒေသ၌။ သင့်လျော်သော အရပ်ဒေသကို သိရမည်။ စစ်အင်အားပြည့်ဝမှုရှိရန် ရိက္ခာရမည့်ဒေသ ဟုတ်မဟုတ် သိရမည်။ (၄) ဥတုယာစ။ ဥတုသုံးပါးတို့ကို သိထားရမည်။ ဤစစ်အင်္ဂါလေးပါးတို့ကို သိထားမှသာ စစ်အောင်မြင်မှုကို ရရှိနိုင်မည်။ ယခု အရှင်မင်းကြီး၏ မျူးမတ်သေနာပတိများသည် စစ်အင်္ဂါလေးပါးတို့ကို

www.burmeseclassic.com

မသိဘဲ အင်အားအလုံးအရင်းဖြင့် အင်းဝသို့ ဝသန္တဥတုကာလတွင် ချီလာကြခြင်းဖြစ်သည်။ အင်းဝသည် ဟံသာဝတီထက် များစွာမြင့်သောနေရာ၌ တည်ပါသည်။ ရှေးက အနော်ရထာမင်းစောသည် သိဂုံတွဲရကုန်းမှ ဆံတော်မာတ်ကို ပင့်ဆောင်ရန် စုန်ရာ၌ ပြည်သို့ရောက်လျှင် ပြန်လှည့်ခဲ့သည်။ ပြည်ရောက်စဉ်က မြေကို တိုင်းတာကြသည်။ ပြည်မြို့သည် ဟံသာဝတီထက် တစ်ရာ့ရှစ်မင်းလံ[၁] မြင့်သည်။ အင်းဝဆိုလျှင် ဟံသာဝတီထက် ၅၀ရာယ်[၂] မျှ မြင့်မားတော့မည်။ အရှင်မင်းကြီးသည် ဗိုလ်ပါများအား ပင်ပန်းစေသည်။ ပန်းပုရုပ်လုံးအစုံအလင်ဖြင့် လှပစွာ တန်ဆာဆင်ထားသည့် ရွှေလှေ၊ ငွေလှေများဖြင့် ကြိုးပမ်းကာ ဆန်လာသည်မှာ ဥတုသုံးပါးကို မသိ၍ဖြစ်ကြောင်း ထင်ရှားသည်။ တန်ခူးနှင့် ကဆုန်လတွင် မိုးဦးလေဦးဖြစ်၍ လေပြင်းထန်စွာ တိုက်ခတ်တတ်သည်။ မိုးသည်းထန်စွာ ရွာသွန်းတတ်သည်။ သို့ဖြစ်လျှင် ရေဦးတို့သည် မြစ်ချောင်းပြည့်လျှံအောင် တက်လာသည်။ ရေစီးသန်သည်။ ရေစီးကြောင်းကြီးမား၍ကြောက်ဆောင်ကျောက်ခဲသစ်ပင်ကြီးငယ်များပင် မခံနိုင်ဘဲ ပြိုလဲ၍ ရေနှင့်မျောပါကုန်သည်။ ယင်းသို့ဖြစ်လျှင် အရှင်မင်းကြီး၏ လှေတွေ ခံနိုင်မည်လော။ အချို့မှောက်ကုန်မည်။ အချို့လေခတ်၍ ကမ်းပါးထက်သို့ တက်ကုန်မည်။ ဥတုရာသီအန္တရာယ်ဒဏ်ကြောင့် အရှင်မင်းကြီး၏ ဗိုလ်ပါများကို အင်းဝသားတွေက မတိုက်ရဘဲ သူတို့သည် အလိုအလျောက် သေဆုံးပျက်စီးကုန်မည်။ ယခု အရှင်မင်းကြီးသည် စစ်အင်္ဂါလေးပါးကိုမသိ၍ စစ်ချီလာသည်မဟုတ်လော”

စကြိုသူမြတ်၏စကား ကိုကြားလျှင် ရာဇာဓိရာဇ်သည် ပြုံး၍ဆိုပြန်၏။

“ဆရာတော်သည် အရိယာသံဃာ ရဟန်းတစ်ပါး၊ဖြစ်ပါလျက် ဧကရာဇ်မင်းဖြစ်သော တပည့်တော်အား သေနင်္ဂဗျူဟာ စစ်အင်္ဂါအကြောင်းကို ဟောပြသည်မှာ ရယ်ဖွယ်ကောင်းလှပါဘိ။ ဟိမဝန္တာတောတွင် အန္တရာယ်ရှိသည့်အကြောင်းကို ကေသရာဇာ ခြင်္သေ့မင်းအား ဟောပြသကဲ့သို့လည်းကောင်း၊ သမုဒ္ဒရာတွင် အန္တရာယ်ရှိသည့်အကြောင်းကို နဂါးမင်းအား

၁။ တစ်မင်းလံလျှင် ခုနစ်တောင်နှင့်ညီသည်ဟု ဟာလီဒေးအဘိဓာန်၌ ဆို၏။

၂။ တစ်ရာယ်လျှင် ကေဝက်ခန့်နှင့်ညီသည်ဟု ၎င်းအဘိဓာန်၌ပြ၏။ (ပိုင်းဒယားစကား)

www.burmeseclassic.com

www.burmeseclassic.com

ဟောပြသကဲ့သို့လည်းကောင်း လွန်စွာတူလှပေသည်။ ဘေးရန်ကိုကြောက်၍ ခြသေ့မင်းသည် ဟိမဝန္တာတောကို စွန့်ခွာမည်လော။ ထိုနည်းတူ နဂါးမင်း ကလည်း သမုဒ္ဒရာကို စွန့်ခွာမည်လော။ ဆရာတော်၏စကားသည် ဆရာတော်အား စဉ်းလဲကြောင်း ပြနေပါသည်။ ဆရာတော်၏စကားသည် ခမ္မကထိကတရား မှန်ကန်သောအကြောင်း ယုတ္တိတရားမဟုတ်ပါတကား။ ဟံသာဝတီဘက်မှ မင်းစိုးရာဇာ မှူးမတ်သေနာပတိများသည် စစ်အင်္ဂါလေးပါးကို မသိဟု ဆိုလိုပါသလား။ တပည့်တော်တို့သည် စစ်အင်္ဂါလေးပါးသာမက ရှစ်ပါးကိုပင်သိသည်။ ၎င်းတို့မှာ (၁) အာဝိဓခဋ္ဌ။ လက်နက်ဓား၊ လုံများကို ကောင်းသထက်ကောင်းအောင် ပြုပြင်ခြင်း၊ ထက်သထက်ပိုထက်အောင် သွေးခြင်း၊ စိတ်တိုင်းကျဖြစ်စေပြီးလျှင် ဓားခုတ်၊ လုံထိုးအမျိုးမျိုးလေ့ကျင့်စေလျက် ရန်သူကို မကြောက်မရွံ့ အနိုင်ယူတိုက်ခိုက်စေခြင်း။ (၂) ဗလခဋ္ဌ။ သူရဲသူခက်ဗိုလ်ပါများကို စိတ်ဓာတ်တက်ကြွရန်၊ ရဲရင့်ရန်၊ အင်အားဗလကြီးမားရန် ပြုပြင်စီရင်ခြင်း၊ ကြောက်ရွံ့တတ်သူများနှင့် မရောထွေးစေခြင်း၊ အပြောအဆို အကြုံးအဝါးတွင်လည်း သူများအထက်ကနေစေပြီးမှ စစ်ကိုတိုက်ခိုက်စေခြင်း။ (၃) ဗျူဟာခဋ္ဌ။ စစ်သေနင်္ဂဗျူဟာကို သင့်တင့်အောင်၊ ပြည့်စုံအောင် စီရင်စေခြင်း။ သေနင်္ဂဗျူဟာကျမ်း၌ လာသည့်အတိုင်း တြိသေနင်္၊ ပဉ္စသေနင်္၊ နဝသေနင်္၊ သတ္တသေနင်္တို့ကို လိုအပ်သလိုစီရင်ခြင်း။ စစ်ပညာတွင် တတ်ကျွမ်းသော သေနာပတိတို့စီမံသည့်အတိုင်း စစ်ကိုတည်ခြင်း၊ စစ်ရံ၊ စစ်ခိုင်၊ စစ်လုံများစီရင်ခြင်း။ ရဲမက်ဗိုလ်ပါများကို စိတ်ဓာတ်တက်ကြွစေရန် ပြုလုပ်ခြင်း။ ကျီး၊ ငှက်တို့မည်သည် ကိုယ်ကာယ၊ အမွေးအတောင်၊ အမြီး၊ ခေါင်း၊ ခြေစသည့်အင်္ဂါများနှင့် ပြည့်စုံမှ ကောင်းကင်ပျံနိုင်သလို စစ်အင်္ဂါကိုလည်း ပြည့်စုံစေပြီးမှ ရန်သူကို တိုက်ခိုက်စေရာသည်။ (၄) ကောဋ္ဌခဋ္ဌ။ ခံတပ်ကိုတည်ရန်၊ ကွယ်ဝှက်ရန်၊ ခိုင်ခံမြဲမြံရန်၊ စီရင်ရာ၌ ကျွမ်းကျင်လိမ္မာခြင်း၊ ဘေးအန္တရာယ်မရှိသောနေရာတွင် ဗိုလ်ပါများကို အပန်းဖြေစေခြင်း။ ကောင်းစွာစားသောက်အိပ်စက်နေထိုင်စေပြီး အားအင်ပြည့်ဖြိုးမှ ရန်သူကို ပြန်လည်တိုက်ခိုက်ခြင်း။ (၅) မန္တခဋ္ဌ။ မန္တန်များ မန်းမှုတ်ရွတ်ဖတ်စေခြင်း။

မှတ်ချက်။ ။စစ်အင်္ဂါအမည်များမှာ ပါဠိလိုဖြစ်ပြီး ခဋ္ဌနှင့် တွဲသုံးထားသည်မှာ ထူးခြားနေ၏။ ပါဠိတွင် ခဋ္ဌဟူ၍ အဘိဓာန်တွင် မတွေ့ရပါ။ သုတေသနသရုပ်ပြအဘိဓာန်၌ ပြဆိုသော စစ်အင်္ဂါ–၈–ပါးနှင့်လည်း ကွဲလွဲသည်။

www.burmeseclassic.com

www.burmeseclassic.com

ဥဖပါးသောရောဂါမှ ကင်းရှင်းစေခြင်း။ ရတနာသုံးပါး၏ဂုဏ်တော်ကို သတိရ၍ အမြဲကိုးကွယ်ဆည်းကပ်သဖြင့် မျက်နှာမူရာတွင် ရန်သူကို အောင်မြင်ခြင်း။ (၆) ဝိရိယခန္ဓာ။ လုံ့လဝီရိယရှိစေခြင်း။ စစ်ရေးစစ်ရာများကို စီရင်သော ဗိုလ်ပါများကို မပျေါ်မလွှေ့စေအောင် လျင်မြန်ဖျတ်လတ် ပေါ့ပါးသွက်လက်စေရန် နှိုးဆော်ခြင်း။ သူရဲသူခက်များ စိတ်ပျက်လောက်အောင် ကြမ်းတမ်းသောအမိန့် မထုတ်စေဘဲ စံချိန်ရှိသလောက်သာ တော်သင့်သောအမိန့်ပေး၍ ဝိရိယရှိစွာဖြင့် စစ်ကိုအနိုင်ရအောင် တိုက်ခိုက်ခြင်း။ (၇) ပညာခန္ဓာ။ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်အကြောင်းများကို ပညာဂုဏ်ဖြင့် ဆင်ခြင်ခြင်း။ ဗိုလ်ပါများကို ဘေးအန္တရာယ်မတွေ့စေဘဲ သေနင်္ဂဗျူဟာ ညီညွတ်ပြည့်စုံစေပြီးမှ ပညာဉာဏ်ဖြင့် စစ်ကိုအနိုင်ယူခြင်း။ (၈) တာရခန္ဓာ။ မှူးမတ်သေနာပတိ ဗိုလ်ပါသူရဲသူခက်များ၏ ဂုဏ်ကျေးဇူးတို့ကိုသိ၍ ၎င်းတို့အား စောင့်ရှောက်ခြင်း။ ဆုလာဘ်ပဏ္ဏာကာရ လက်ဆောင်ပစ္စည်းများပေး၍ စိတ်ဗျော်ရွှင်စေခြင်း။ ယဉ်ကျေးသိမ်မွေ့စွာ အားပေးစကားပြောကြားခြင်း။ ချီးကျူးဂုဏ်ပြုခြင်း။ အရှင်သခင်ကို သူရဲသူခက်များက မေတ္တာစေတနာစိတ် ထက်သန်အောင်ပြုခြင်း။ စစ်ပွဲသဘင်တွင် ဗိုလ်ပါများသည် ပိုမိုရဲရင့်၍ ပြင်းထန်သောစိတ်ဖြင့် တိုက်ခိုက်စေရန် သူတို့ကိုမြှောက်ပင့်ကာ ရာထူးဆုလာဘ်များပေးလျက် စစ်ကို အနိုင်ယူတိုက်ခိုက်စေခြင်း စသည်ဖြင့် ပရိယာယ်များနှင့်ပြည့်စုံသော စစ်သေနင်္ဂဗျူဟာရှစ်ပါးတို့ကို တပည့်တော်တို့ ထင်လင်းစွာ သိမြင်ထားပါသည်။ ဆရာတော်၏ စိတ်နေစိတ်ထားနှင့် ဥပါယ်ပြ၍ဟောပြောခဲ့သော စစ်အင်္ဂါအကြောင်းအချက်အလက်များမှာ မှန်သည် မှားသည်ဟူ၍ တပည့်တော်ဘက်မှ မှူးမတ်သေနာပတိများက ကောင်းစွာသဘောပေါက် နားလည်ပါသည်။ ဆရာတော်သည် ဘုရား၏သားတော် ရဟန်းတစ်ပါးဖြစ်သည်ကို ထောက်ထားညှာတာသဖြင့် ဆရာတော်အား ထိခိုက်လောက်အောင် တပည့်တော်တို့ ထုတ်မပြောလိုပါ”

စကြိုသူမြတ်သည် ရာဇာဓိရာဇ်၏စကားကိုကြားလျှင် ဤသို့မိန့်ဆိုပြန်၏။

“ငါသည် ဘုရားသားတော် ရဟန်းတစ်ပါးဖြစ်ပါလျက် မှန်ကန်သော၊ ယုတ္တိရှိသောစကားကို မဆို။ ပရိယာယ်ပြုသည် ဥပါယ်ပြုသည် စဉ်းလဲသည်ဟု ဒကာတော်ယူဆ၏။ မှန်ကန်သောတရားကို ငါလက်ကိုင်ထားသည်။ စောင့်ရှောက်နေသည်ကိုလည်း ဒကာတော် သိသာယဖြစ်နေသည်မှာ အတိတ်ဘဝက ငါပြုခဲ့သော ဝစီကံအပြစ်ပါပကြောင့်

www.burmeseclassic.com

ဝင်္ဂလည်ခြင်းဖြစ်သည်။ အမှန်ကိုဆိုရသော် ငါသည် မေတ္တာတရားရှေ့ထား၍ ဟောပြောနေခြင်းဖြစ်သည်။ ငါတို့ ဇမ္ဗူဒိပ်ကျွန်းအလယ်ဗဟိုတွင် မြတ်စွာဘုရားများမှိသည့် ဗောဓိပင်နှင့် ပလ္လင်တော်ရှိပါသည်။ ယင်းဗောဓိပင်ကို တိုင်းကြီး –၁၆– တိုင်းက ဝန်းရံလျက်ရှိပါသည်။ တိုင်းကြီးတစ်တိုင်းတွင် ရာဇဌာနီ မင်းနေပြည်တော်ပေါင်း တစ်ရာ့တစ်ပါးရှိသည်။ ယူဇနာသုံးရာကြီး၍ ယူဇနာကိုးရာပတ်လည်အကျယ်ရှိသောစည်ကြီးနှင့် သဏ္ဌာန်တူပါသည်။ မြတ်စွာဘုရား၏ပလ္လင်ကို ပစ္စေကဗုဒ္ဓါရဟန္တာများ၊အဂ္ဂသာဝက၊ အသီတိသာဝကများ ခြံရံကြသည်။ ဤဇမ္ဗူဒိပ်ကျွန်းတွင် စကြဝတေးမင်း၊ တန်ခိုးကြွင်္ဒါပါဒ်ရှိသော ဧကရာဇ်မင်း၊ ကုသိုလ်ရှိသော ပုဂ္ဂိုလ်များ ပေါ်ထွန်း၍ မြတ်စွာဘုရားကို ဖူးတွေ့ကြရသည်။ ဘုရားရှင်ကိုယ်တော်မြတ်နေထိုင်ခဲ့သော ဤမြေချာတွင် ဖြစ်ထွန်းခဲ့သော အင်းဝနှင့် ဟံသာဝတီ ရာဇဌာနီ နှစ်ပြည်ထောင်လုံးတို့သည် တစ်ရေတည်း တစ်မြေတည်း၌ အတူတကွ အမြစ်တွယ်ကြသည်။ ထိုးဖြူရှင်မင်းနှစ်ပါးစလုံးသည် အတိတ်ဘဝက ကုသိုလ်များစွာပြုခဲ့ကြ၍ ဤလောကလူ့ဘုံ၌ ပေါက်ဖွားဖြစ်ပေါ်ခဲ့ကြသည်။ အဓိပတိ အကြီးအကဲများ ဖြစ်ကြသည်။ မင်းနှစ်ပါးတို့သည် အချင်းချင်း မဟာမိတ်ဖြစ်သင့်သည်။ သို့မှသာလျှင် တိုင်းသူပြည်သားရဟန်းပုဏ္ဏားများ အေးချမ်းစွာနိဗ္ဗာန်ကိုရည်မှန်း၍ ဒါန၊ သီလ၊ ဘာဝနာကိုပွားများနိုင်ကြမည်ဖြစ်သည်။ မင်းနှစ်ပါးတို့၏ ဂုဏ်ကျေးဇူးကြောင့် ထိုသို့ဖြစ်မှသာလျှင် သင့်လျော်မည်၊ မှန်ကန်မည်။ ယခုမူ ထိုသို့မဟုတ်။ ဗိုလ်ပါအင်အားကြီးမားစွာဖြင့် အရှင်မင်းကြီး စစ်ချီလာ၍ သေနင်္ဂဗျူဟာဖြင့် အချင်းချင်းဆူပူသောင်းကျန်း၍ တိုက်ခိုက်ကြသည်မှာ နှစ်ပြည်လုံးတွင် ကုသိုလ်လမ်းခရီး ပြတ်တောက်ကုန်သည်။ ယင်းအပြစ်ပါပကြောင့် အပါယ်လမ်းသို့ လားရတော့မည်။ ဒုက္ခတွေ့ကြတော့မည်။ မင်းနှစ်ပါးတို့၏ ပစ္စုပ္ပန်အကျိုး၊ အနာဂတ်အကျိုးဖြစ်စေဖို့ မည်သည့်ဘက်ကိုမျှ မဝင်စားဘဲ၊ မလိုက်စားဘဲ ကြားနေပြီး ယခုလို ကြိုးစားအားထုတ်၍ ငါလာရောက်သတိပေးသည်မှာ မင်းနှစ်ပါးတို့အား တူညီမျှတစွာ မေတ္တာထား၍ ဖြစ်ပါသည်”

ယင်းသို့ စကြိုသူမြတ်နှင့် ရာဇာဓိရာဇ်တို့ အပြန်အလှန် မြို့ရေး ရွာရေး၊ စစ်ရေးစစ်ရာ တရားများကို ဆွေးနွေးကြစဉ် ရာဇာဓိရာဇ်ထံသို့ သတင်းသံကြယ်သည်

www.burmeseclassic.com

www.burmeseclassic.com

ဝင်ရောက်ခစား၍ ရွှေကြက်ယက်ဘုရားမှ ဖမ်းဆီးခဲ့သော သံ့ပန်း ၇ ယောက်နှင့် ခေါင်းပြတ်သုံးဆယ်[၁] တို့ကို ဆက်သလာ၏။ ယင်းကို စကြိုသူမြတ်မြင်သော်–

"အရှင်မင်းကြီးသည် ဘုရားဓာတ်တော် စေတီတော်ပေါများသော အင်းဝသို့ တက်လာသည်မှာ ဘုရားဖူးရန်၊ ကျောင်းကန်များကို ပြုပြင်ရန်၊ ပူဇော်သက္ကာရပြုရန်အလို့ငှာ ဖြစ်သည်ဟုဆိုသဖြင့် ကုသိုလ်ရေးအတွက် ဖြစ်သောကြောင့် ငါ ဝမ်းမြောက်ဝမ်းသာလွန်းသည်။ ယခုတော့ ဘုရားဝေယျာဝစ္စ၊ ဘုရားအမှုတို့ကိုပြုသည့် အပြစ်မဲ့သည့်လူများကို အန္တရာယ်ပြု၍ သတ်ဖြတ်စေခဲ့သည်ကို ငါတို့ မကြည့်လို မမြင်လိုဘဲ မြင်တွေ့နေရပြီ။ အပြစ်မဲ့သော ဘုရားအမှုလုပ်တို့ကို သတ်ဖြတ်သော သူရဲသူခက်တို့သည် လွန်စွာအပြစ်ကြီးမည်။ ရတနာသုံးပါးကို ပြစ်မှားသကဲ့သို့ဖြစ်သည်။ အမိုက်ကံတရား ကြီးမားသဖြင့် ပဋ္ဌာန်၌ ရိယငရဲတွင် ကြာမြင့်စွာခံရမည်။ သည်ကဲ့သို့ အကုသလစိတ်နှင့် ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးကို မသိ၍ ပြုမူခဲ့သည်ကိုမြင်ရ၍ ငါသည် တရားသံဝေဂဖြစ်လှသည်။ သို့ဖြစ်၍ ငါတို့အား ပြန်ခွင့်ပြုပါတော့"

ဟုမိန့်၍ ထွက်ခွာလိုဟန် အမှုအရာပြလေ၏။ ရာဇာဓိရာဇ်လည်း စိုးရိမ်စွာဖြင့်

"တပည့်တော်၏ သူရဲသူခက်များသည် ရတနာသုံးပါး၏ဂုဏ်ကို မသိဟု ဆရာတော် ပသို့ကြောင့် ဆိုပါသနည်း"

ဟုမေး၏။ စကြိုသူမြတ်က

"မနုဿလူ့ဘောင်တွင် ပုထုဇဉ်တို့သည် အတိတ်ဘဝကပြုခဲ့သော ဒါန၊ သီလ၊ ဘာဝနာကုသိုလ်တရားကြောင့် ရတနာသုံးပါးကို ပူဇော်သက္ကာရပြုခဲ့ရသောကောင်းမှုကြောင့် ယခုဘဝတွင် သူဌေးသူကြွယ်၊ အမတ်၊ မင်းဧကရာဇ်၊ စကြဝတေးမင်း စသည်ဖြင့် အထိုက်အလျောက်ဖြစ်ရပေသည်။ အရှင်မင်းကြီး၏ သူရဲသူခက်တို့သည် နောင်ဘဝကောင်းကျိုးအတွက် ရတနာသုံးပါးကို ပူဇော်သက္ကာရပြု၍ ဒါန၊ သီလ၊ ဘာဝနာပွားများအောင် ပြုမှတော်မည်။ ယခုမူ ထိုသို့မဟုတ်၊ ရှေးမင်းဧကရာဇ်များက ရေစက်ချ၍

၁။ မြန်မာပေမူတွင် – ဘုရားဖြတ်စွာ ကျွန်သီးတော်တို့ကို သတ်၍ ခေါင်းလည်း ဆက်လာသည်။ အရှင်လည်း သုံးလေးကျိပ် ဆက်သည်ဟု လာ၏။

www.burmeseclassic.com

www.burmeseclassic.com

ဘုရားမှာ ဝေယျာဝစ္စပြုရန် လျှာဒါန်းထားသော ဘုရားအမှူလုပ်၊ ဘုရားအလုပ်သမား[၁] များကို သတ်ဖြတ်ကြသည်။ အပြစ်မရှိသောသူများကိုအော်ပြု၍ သတ်ဖြတ်သဖြင့် အပါယ်လားရမည်။ သည့်အတွက်ကြောင့် အရှင်မင်းကြီး၏ သူရဲများသည် ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးကိုမသိဟု ငါဆိုသည်"

ဟု မိန့်ကြား၏။ ရာဇာဓိရာဇ်သည် ထိုအချိန်မှစ၍ ကြမ်းတမ်းခက်ထန်သောစိတ်များ ကုန်ခန်းပြီး ဟဒယဝတ္ထုနုလုံးသားဌ် သမာပဇ္ဇိပတ်စိတ်များ ဖြစ်ပေါ်လာသည်။ မီးတွေ့သောဖယောင်းကဲ့သို့ စိတ်ပျော့ပျောင်းလာသည်။ သံဝေဂတရား ရလာသည်။ ရတနာသုံးပါးကို သတိရလာသည်။ သို့ဖြစ်၍ ဤသို့ဆို၏။

"တပည့်တော်သည် အင်းဝသို့ ရောက်ခဲ့သော်လည်း လူသူတစ်ဦးတစ်ယောက်ကိုမျှ မတွေ့ရသဖြင့် မြို့တွင်းသတင်းကိုမသိရ။ အင်းဝမြို့တွင်းသတင်းကိုသိရအောင် ရွှေကြက်ယက်ဘုရားမှာ လှူဖွယ်ပစ္စည်းတွေနှင့် ဖြားယောင်း၍ လူတွေကို သွားရောက် ဖမ်းစေခဲ့ပါသည်။ လူသူတွေကို အော်ပြုသတ်ဖြတ်ရန် ဒကာတော် မစေခိုင်းခဲ့ပါ။ အပြစ်မဲ့သော ဘုရားအမှူလုပ်များကို သတ်ဖြတ်သော တပည့်တော်၏ သူရဲတွေကို အပြစ်ပေးပါမည်"

ဟု ဆိုပြီးနောက် အပြစ်ရှိသောသူရဲများကို ထိုက်သင့်သောအပြစ်ပေးရန် သမိန်သံကြယ်အား မိန့်ဆို၏။ စကြိုသူမြတ်ကလည်း-

"အရှင်မင်းကြီးက အပြစ်မဲ့သူကိုသတ်ဖြတ်ရန် မစေခိုင်းသဖြင့် အရှင်မင်းကြီးတွင် အပြစ်မကျပါ။ မီးကျီးခဲကိုင်သူသာလျှင် မီးလောင်ခံရမည်ဖြစ်သည်။ ယခုကိစ္စတွင် ငါတို့ရဟန်းတွေ လာရောက်ပြောဟော ဆွေးနွေးသဖြင့် ဘုရားအမှူလုပ်တွေကို သတ်ဖြတ်သော သူရဲသူခက်များကို အပြစ်ထားရန် အရှင်မင်းကြီး မိန့်ဆိုလိုက်သည်ဖြစ်၍ ငါတို့သည် ဘုရားသိက္ခာပုဒ်မကင်းမည်မဟုတ်ပါ။ ငါတို့ပယောဂကြောင့် ဖြစ်သဖြင့် ငါတို့မှာလည်း အာပတ်တွေ ကပ်ငြိတော့မည်။ သို့ဖြစ်ပါ၍ သူရဲတွေကို အပြစ်ထားရန် အမိန့်ကို ရုပ်သိမ်းရန် ငါတို့မေတ္တာရပ်ပါသည်။ အပြစ်ပြုသော သူရဲများသည် သူတို့၏အရိပ်သည် သူတို့နောက်လိုက်သလို သူတို့၏ ပြစ်မှုဒုစရိုက်တွေလည်း သူတို့နောက်ကိုသာ လိုက်ပါလိမ့်မည်"

ဟု မိန့်ဆို၏။ သို့ပန်းအဖြစ်ဖမ်းခဲ့သော ဘုရားအမှူလုပ် ခုနစ်ယောက်တို့ကိုလည်း ပြန်

၁။ မြန်မာပေမူတွင် ဘုရားကျွန်သီးတော်များဟု ဆို၏။

www.burmeseclassic.com

www.burmeseclassic.com

ပေးရန် အလှူခံ၏။ ရာဇာဓိရာဇ်လည်း သမိန်သံကြယ်ဆက်သသော လူခုနစ်ယောက်တို့ကို စကြိုသူမြတ်အား လှူလိုက်ပြီး စကြိုသူမြတ်ထံမှ သီလခံယူ၍ ရေစက်ချတော်မူ၏။ ထို့နောက် မိန့်ဆို၏။

> "တပည့်တော်သည် ဆရာတော် စကြိုသူမြတ်၏ ဩဝါဒကို မဆန့်ကျင်တော့ပါ။ စစ်ကိုရုပ်သိမ်း၍ ဟံသာဝတီသို့ စုန်ဆင်းပါတော့မည်။ သို့သော် တပည့်တော်သည် ရတနာပူရ အင်းဝပြည်သို့တိုင်အောင် ရောက်ခဲ့သည်ဖြစ်၍ ဘုရားကျောင်းတော်တစ်ဆောင် ဆောက်လုပ်လှူဒါန်းလိုသေးသည်။ တပည့်တော်၌ သဒ္ဓါတရား ဖြစ်ပေါ်လာပါသည်"

စကြိုသူမြတ်ကြားလျှင် အတိုင်းမသိ ဝမ်းမြောက်ဝမ်းသာ၏။ "ကုသိုလ်ရေးကိစ္စကို ပြောရမည်လော။ သာသနာ့ဒါယကာ အရှင်မင်းကြီး၏ သဒ္ဓါတရားရှိသမျှသင့်လျော်သော နေရာ၌ ဆောက်လုပ်လှူဒါန်းပါတော့"ဟု မိန့်၏။

ပင်းယစကြိုသူမြတ်နှင့် ရာဇာဓိရာဇ်တို့သည် အပြန်အလှန် ဆွေးနွေးကြပြီးလျှင် ရာဇာဓိရာဇ်သည် စကြိုသူမြတ်ပေးအပ်သည့် ပဏ္ဏာကာရ လက်ဆောင်ထက် တစ်ဆများသော ပစ္စည်းများကို တုံ့ပြန်တော်မူ၏။ စကြိုသူမြတ်နှင့် ဂိုဏ်းထောက်ဆရာတော်တို့လည်း အင်းဝသို့ပြန်ရန် ရာဇာဓိရာဇ်ထံ ခွင့်တောင်းကြ၏။ ရာဇာဓိရာဇ်လည်း စီးတော်မူသည့် ရွှေလောင်းတော်ဖြင့် ဆရာတော်အား အင်းဝဆိပ်သို့ အရောက်ပို့စေသည်။

ပင်းယစကြိုသူမြတ်သည် အင်းဝမြို့တွင်းသို့ရောက်လျှင် ရာဇာဓိရာဇ်နှင့် ဆွေးနွေးပြောဆိုခဲ့သမျှစကားအားလုံးကို ဘုရင်မင်းခေါင်အား ပြန်လည်မိန့်ဆို၏။ ဘုရင်မင်းခေါင်လည်း လွန်စွာဝမ်းသာအားရတော်မူ၏။[၁]

ရာဇာဓိရာဇ်လည်း စီးတော်မူသည့် ရွှေဖောင်ကြီးကိုဖျက်စေ၍ ပန်းပုရုပ်လုံးများနှင့် တကွ ရွှေကြက်ယက် တံတိုင်းတော်ပါးတွင် ဘုရားကျောင်းတစ်ဆောင်ကို ဆောက်စေ၏။ ရွှေကြက်ယက်ဘုရားတွင် ဘုရားကျောင်းတစ်ဆောင် ဆောက်လုပ်ပြီးနောက် ကျောင်းအတွင်း၌ သစ်သားရုပ်လုံး ပန်းပုများဖြင့် မွမ်းမံသည်။ ဆေးရောင်စုံဖြင့် ခြယ်သစေသည်။ ယင်းဘုရားကျောင်းဆောင်ကို ဆောက်လုပ်ပြီးလျှင် ရေစက်ချ၍ လှူဒါန်းတော်မူ၏။ သည်ကဲ့သို့ပြုရသော ကုသိုလ်ကောင်းမှုအတွက် ရာဇာဓိရာဇ်သည် လွန်စွာကျေနပ်၍ ဝမ်းမြောက်ဝမ်းသာ ဖြစ်တော်မူ၏။

၁။ မြန်မာပေမူတွင် "ငသားထွက်၍ ဆိုသောကြောင့် ရာဇာဓိရာဇ်သွားလေတော့သည်"ဟု ဘုရင်မင်းခေါင်က စကြိုသူမြတ်ကို မိန့်၏ ဟု လာ၏။

www.burmeseclassic.com

www.burmeseclassic.com

ထိုနောက် စစ်သေနင်္ဂဗျူဟာကို ရုပ်၍ အင်းဝမှ စုန်ဆင်းတော်မူ၏။ လှေဦးလှေပဲ့တို့၌ အလံများနှင့်အောင်မွေးအဖြူအနီမျိုးစုံကို လွှင့်ထူဆွဲချိတ်ထားသည်မှာ လွန်စွာပန်ရပေ၏။ ရှေ့ပြေးတပ်တွင် လဂွန်းအိန်စုန်ရသည်။ စည်မောင်းများ၊ ခရာကောက်၊ ခရာဖြောင့်များကို တီးမှုတ်သည်။ ထို့နောက် အတီးအမှုတ်မျိုးစုံတီးမှုတ်လျက် အင်အားကြီးမားသော ရေတပ်၊ ကြည်းတပ်များကိုနုတ်ကာ အင်းဝမှခွာ၍ ရာဇာဓိရာဇ်စုန်သည်မှာ အသူရာ[၁] စစ်တပ်နှင့် တူလှပေသည်။

အင်းဝပြည့်ရှင် ဘုရင်မင်းခေါင်သည် ရာဇာဓိရာဇ်စုန်သည်ကို သိရလျှင် ရွှေကြက်ယက်ဘုရား၌ ရာဇာဓိရာဇ် ဆောက်လုပ်လှူဒါန်းထားသော ဘုရားကျောင်းကို မီးထင်းတိုက်စေသည်။

ရာဇာဓိရာဇ်လည်း ရွှေကြက်ယက်ဘုရားတံတိုင်းမှ မီးခိုးလုံးကြီး တက်လာသည်ကို မြင်၍ "ငါဆောက်လုပ်လှူဒါန်းထားသည့် ဘုရားကျောင်းဆောင်ကို သင်းတို့ မီးရှို့ဖျက်ဆီးပစ်ပြီ။ တပ်ကိုရပ်ကြ။ အင်းဝကို ငါရအောင် ပြန်တိုက်မည်"ဟု ဒေါသဖြင့် မိန့်တော်မူ၏။

ရာဇာဓိရာဇ်၏အမိန့်အရ လှေတပ်များအားလုံး ရပ်ကုန်သည်။ အမျက်ဒေါသကြီးနေသည့် ရာဇာဓိရာဇ်အား အမတ်ဒိန်မြင်လျှင် အလွန်ကြောက်ရွံ့၏။ သို့သော် ပဝေသဏီအစဉ်အလာအရမဟုတ်သော တိုက်စစ်နည်း ဖြစ်မည်စိုးသဖြင့် ကြောက်လျက်ပင် အတင်းဦးခိုက်၍ ရာဇာဓိရာဇ်အား လျှောက်ထားလေ၏။

"အရှင်မင်းကြီး၏ ကုသိုလ်ကောင်းမှုကို သင်းတို့ဖျက်ဆီးပစ်သည်မှာ အရှင်မင်းကြီးအတွက် ကောင်းဖို့ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အကြင် ပုဂ္ဂိုလ်သည် ကြီးပွားလိုပါက ကုသိုလ်ကောင်းမှုပြုရပါမည်။ သာသနာအထောက်အပံ့ဖြစ်စေရန် ဆောက်လုပ်လှူဒါန်းထားသော အရှင်မင်းကြီး၏ ကုသိုလ်ကောင်းမှုကို ယင်းသို့ ဘုရင်မင်းခေါင် က မီးတိုက်ဖျက်ဆီးသည်မှာ ဘုရင်မင်းခေါင်သည် သူ၏တန်ခိုးအာနုဘော် ပျော့ညံ့သွားအောင် သူပြုသည်

၁။ (ပါဠိ–အသုရ) အသူရာနတ်မင်းသည် အင်အားကြီးမားစွာဖြင့် သိကြားမင်းနှင့် စစ်ခင်းခဲ့သည်။ သို့သော် သိကြားမင်းကိုမနိုင်၍ အသူရာဘုံရှိရာ မြင်းမိုရ်တောင်အောက်သို့ ဆင်းခဲ့ရသည်။ အသူရာဘုံသည် တာဝတိံသာကဲ့သို့ ယူဇနာတစ်သောင်းကျယ်ဝန်းသည်ဟု မာလလသေကေရအဘိဓာန်၌ ဆို၏။
(Malalasekera's Dictionary of Pali Proper Names-ရှ)

www.burmeseclassic.com

www.burmeseclassic.com

နှင့် မတူသလော။ ယင်းသို့ တန်ခိုးအာနုဘော်မရှိလျှင် ဘုရင်မင်းခေါင်သည် အရှင်မင်းကြီးနှင့် စစ်ပြိုင်တိုက်ခိုက်၍ အောင်မြင်ရန် လမ်းမရှိတော့ပါ။ ဘုရင်မင်းခေါင်သည် ရတနာသုံးပါးနှင့် သာသနာတော်ကို ဖျက်ဆီးသူ ဖြစ်တော့သည်။ မီးခဲကိုကိုင်သောသူ၏ လက်ကိုသာ မီးလောင်သကဲ့သို့ အရှင်မင်းကြီး၏ ကုသိုလ်ကို ဖျက်ဆီးသော ဘုရင်မင်းခေါင်၌သာ အပြစ်တွေ့ကျရောက်မည်။ အရှင်မင်းကြီး၏ ကုသိုလ်မှာ ရေစက်ချ လှူဒါန်းထားပြီးဖြစ်၍ ထိုအလှူဒါနသည် အထမြောက်ခဲ့ပြီ။ သဒ္ဓါတရားဖြင့် သာသနာကို ဆောင်ထားသည့် မကောင်းမှုကား အဟောသိကံမဖြစ်၊ ပျက်မသွားပါ။ ကုသိုလ်ကောင်းမှု တရားဘာဝနာကို ပွားများသူသည်သာလျှင် မဂ်ဖိုလ်နိဗ္ဗာန်ကိုရနိုင်မည်။ မြတ်စွာဘုရားဟောကြားထားသော တရားတော်တွင် အကြင်သူသည် စစ်သေနင်္ဂဗျူဟာခင်း၍ အကြိမ်တစ်ရာ၊ အကြိမ်တစ်ထောင်ပင် အောင်မြင်သော်လည်း ခန္ဓီဟုဆိုအပ်သော သည်းခံခြင်းစစ်ကို တစ်ကြိမ်အောင်မြင်သည်နှင့် မညီသေး။ ခန္တီတရားကိုဆောင်ရသော ကုသလအကျိုးအာနိသင်သည် အခြားကုသိုလ်များထက် အဆများစွာ သာလွန်ပါသည်။ အခြားတစ်ဖက်တွင်လည်း ထွက်ပြေးသောဆင်စွယ်တို့မည်သည် ပြန်ဝင်သည်ဟူ၍ မရှိသကဲ့သို့ မင်းဧကရာဇ်မည်သည် ပေးပြီးသောအမိန့်ကို ပြန်လည်ရုပ်သိမ်းသည်ဟူ၍ မရှိပါ။ အရှင်မင်းကြီးသည် ဟံသာဝတီသို့ စုန်ပါတော့မည်ဟု ပင်းယစကြိုသူမြတ်အား ဝန်ခံကတိ ပြုခဲ့ပြီးပြီ။ ယခုမူ အတိတ်အနာဂတ်အရေးကို မသိသော ရတနာသုံးပါးနှင့် သာသနာကို ဖျက်ဆီးသောသူအား မျက်သဖြင့် ဟံသာဝတီသို့မစုန်တော့ဘဲ အင်းဝသို့ ပြန်၍တိုက်ခိုက်တော့မည်ဟု အရှင်မင်းကြီး မိန့်ပြန်သည်မှာ မသင့်လျော်။ တရားနည်းလမ်းမကျဟု ကျွန်ုပ်မြင်သဖြင့် ရွှေဖဝါးတော်အောက်ကို ရှိခိုးလျှောက်ဝံ့ပါသည်"[၁]

၁။ မြန်မာပေမူတွင် အင်းဝမှရာဇာဓိရာဇ် စုန်ရာတွင် ပင်းယစကြိုသူမြတ်ကို ပုဂံသို့တိုင်ပင်ခေါ်ခန့် ပင့်ဆောင်လျက် စလာကပင်ဟူသော ရွှေလှေ ရွှေပြာသာဒ်ထက်တင်၍ လိုက်ရစ်သော အင်းဝမြင်းသည်တော်နှစ်ထောင်ကို ပြည်သို့တိုင်အောင် မွန်တွေကို ခြောက်လှန့်ရန် ဘုရင်မင်းခေါင်လွှတ်သည်။ ရွှေကြက်ယက်တွင် လှူခဲ့သောကျောင်းကို ဘုရင်မင်းခေါင် မီးလိုက်စေသည်ကိုမြင်သဖြင့် အမျက်ထွက်၍ လှေဦးလှည့်၍ အဝကိုလုပ်ကြမည်ဟု ဆိုလျှင် ပင်းယစကြိုသူမြတ်က ရာဇာဓိရာဇ်အား တရားချ၍ စုန်ရသည်ဟုလာ၏။

www.burmeseclassic.com

ယင်းသို့ အမတ်ဒိန်မဏိရွတ်၏ လျှောက်တင်ချက်ကို ကြား၍ ဆင်ခြင်တော်မူ၏။ အချက်အလက်အားလုံးပင် အစဉ်အလာနှင့်ညီ၍ မှန်ကန်ကြောင်းကို မြင်သဖြင့် အမတ်ဒိန်အား "လှေဦးလှည့်၍စုန်တော့"ဟု မိန့်တော်မူ၏။ ရာဇာဓိရာဇ်သည် ရေတပ်၊ ကြည်းတပ်တို့ကို ဆုတ်ခွာခဲ့ရာ ပုဂံမြို့သို့ ဆိုက်ရောက်သော် ရပ်နားကြလေ၏။ ပုဂံတွင်ရပ်နားစဉ် ကျောင်းကန်ဘုရားပုထိုးများကို ဆောက်လုပ်လှူဒါန်းတော်မူ၏။ အလှူဒါနပြု၍ ပွဲသဘင်အမျိုးမျိုး ကျင်းပတော်မူ၏။ ရဟန်းသံဃာတော်များကို ပစ္စည်းလေးပါး ဆက်ကပ်တော်မူ၏။

ထို့နောက် ပုဂံမှ ဆက်လက်စုန်၍ ရှေ့ပြေးတပ်များသည် စလေအောက်သို့ ရောက်လျှင် စကြိုဘုရားကို တက်ရောက်ဖူးမြော်ကြ၏။ ဘုရားမှအဆင်းတွင် ရာဇာဓိရာဇ်၏ စစ်သားများသည် ထုံးကျောက်ဆင်းတုတော် ဘုရားများစွာကို ယူဆောင်ကြ၏။ အင်းဝမြင်းသည်တော်များလည်း အင်အားရှိသလောက် ထွက်၍တိုက်ခိုက်သဖြင့် ပဲခူးသားတို့ ပြေးရ၏။ ဆူဆူညံညံဖြစ်နေစဉ် ရာဇာဓိရာဇ်၏ဖောင်တော်လည်း ဆိုက်ရောက်လာ၏။ အင်းဝစစ်တို့ တိုက်ခိုက်သည်ကိုမြင်လျှင် ကြည်းတပ်ကို ဖြည့်စေ၏။ တံတားထက်သို့ ရာဇာဓိရာဇ်တက်၍ ရပ်တော်မူ၏။ ဥပါကောင်းလည်း ကြည်းသို့ပြေးတက်သည်။ အင်းဝမြင်းသည်တော်တို့ကလည်း လိုက်၍ထိုးခုတ်ကြ၏။ ဥပါကောင်းသည် ပေါင်၌ လုံချက်မိ၍ လဲလေ၏။ အင်းဝမြင်းသည်တော်သည် ဓားချွတ်၍ ခုတ်မည်ပြုစဉ် ဥပါကောင်းသည် မြင်းဘက်သို့လှည့်၍ ခုတ်သဖြင့် မြင်းခြေပြတ်၏။ မြင်းလဲသဖြင့် စစ်သည်တော်လည်း မြင်းထက်မှကျလေ၏။ ထိုမြင်းသည်တော်၏ဦးခေါင်းကို ဥပါကောင်း ခုတ်ဖြတ်လိုက်သည်ကို အခြားမြင်းသည်တော်များမြင်လျှင် "လူမဟုတ် နတ်နှင့်အတူ" ဟုဆို၍ ဥပါကောင်းကို ကြောက်ရွံ့သဖြင့် ပြေးကြလေ၏။ အင်းဝမြင်းတပ်မှ မြင်းဆယ်စီးတို့ကို ရာဇာဓိရာဇ်တို့ ရလိုက်၏။ ဥပါကောင်း၏ပေါင်၌ လုံချက်မိထားသဖြင့် သွေးစီးကျနေသည်ကို ရာဇာဓိရာဇ်မြင်လျှင် သိုင်းထားသောစလွယ်အဝတ်ဖြင့် အနာကို ပတ်တီးစည်းစေ၏။[၁]

ထို့နောက် ရာဇာဓိရာဇ်က "ငါသည် တကောင်းမြို့တိုင်အောင် ဆန့်တက်စဉ်အခါက ငါ၏သူရဲသူခက်များသည် မြို့ရွာတို့ကို မီးတိုက်ဖျက်ဆီးခဲ့သည်။ ပစ္စည်းနှင့် ရိက္ခာများကို လုယူစားသောက်ခဲ့ကြသည်။ သို့သော် မည်သည့်မြို့မှ မည်သည့်လူတွေကမျှ ငါ့သူရဲသူခက်ကို မထိပါးဝံ့ကြ။ ယခု အင်းဝမှငါစုန်၍ စလေရောက်မှသာ သင်းတို့မြင်းသည်တော်များသည် ငါ့သူရဲများကို အနာတရဖြစ်အောင် ထိပါးဝံ့ကြသည်။ စလေကိုမရလျှင် ငါမစုန်"ဟု မိန့်တော်မူ၏။

၁။ မြန်မာပေမူ၌လည်း– မြင်းဆယ်စီးလောက်ဟုဆို၏။ ဥပါကောင်းရှချေ၍ သွေးယိုသည်ကို ရုံတော်မူသည့်ပုဆိုးကိုဆုတ်၍ သွေးကိုသုတ်၍ စည်းစေ၏ ဟု လာ၏။

www.burmeseclassic.com

မှူးမတ်သေနာပတိများအား ကြည်းသို့တက်၍ စလေကို တိုက်ခိုက်စေ၏။ စလေကိုရလျှင် တပ်မင်း၊ ဗိုလ်မင်း၊ ဒေါဗညား၊ မှူးမတ်များစွာကို သံ့ပန်းအဖြစ် ဖမ်းယူ၏။ သံ့ပန်းများလျှောက်တင်ချက်အရ ခေါင်းလောင်းကျဉ် ထားရစ်ခဲ့သော သမက်တော်စောမဟာရာဇဓနုင့် သမီးတော်တလမေကျော်(မေဇောင်ကေ)တို့ကို ပြည်စား လက်ယာပျံချီတို့ လုပ်ကြံကြကြောင်း။ တလမေကျော်ကိုရ၍ အင်းဝဘုရင်သို့ ဆက်မည်သွားလေသည်နှင့် သမက်တော်စောမဟာရာဇဓကား တပ်ကိုစွန့်၍ ကိုယ်လွတ်ပြေးလေသည်ကိုကြားရလျှင် ရာဇာမိရာဇဓသည် မုန်ညင်းစေ့နှင့် မီးတွေ့သကဲ့သို့ အမျက်ထွက်တော်မူ၏။

"အင်းဝကို ငါပြန်တက်၍ အရတိုက်မည်။ မရလျှင် ငါမစုန်"ဟု မိန့်တော်မူ၏။ ထိုအခါ အမတ်ဒိန်နှင့် သမိန်ဗြာဇ္ဇတို့က "စစ်ဦးလှည့်၍ အင်းဝဆန်ဦးမည်ဟု မိန့်တော်မူသည်မှာ အရှင်မင်းကြီး၏ ပါရမီတန်ခိုးတော်ကြောင့် ဖြစ်နိုင်ပါသည်။ သို့သော် ကျွန်ုပ်တို့၏ သည်တပ်သားများမှာ အပြန်ခရီး၊ အဆုတ်ခရီး၌ တည်သည်ဖြစ်၍ မူလဆန်တက်လာစဉ်ကကဲ့သို့ အခြေမလှတော့ပါ။ ပင်ပန်းနွမ်းလျ၍ အင်အားတွေ ဖျော့ညှဲ့လှသည်။ အချိန်ကာလနှောင်း၍ နှစ်ဟောင်းလည်း ကုန်ခဲ့ပြီ။ နှစ်သစ်ကူး၍ နှစ်ဦးကာလတွင် ကျွန်ုပ်တို့ ဗိုလ်ပါသူရဲသူခက်တွေကို အနားယူစေပြီးနောက် အင်အားပြည့်ဖြိုးသည့်အခါ အင်းဝသို့ ပြန်လည်ဆန်တက်မည်ဆိုပါက အရှင်မင်းကြီး၏ အလိုဆန္ဒအတိုင်း မပြည့်ဝဘဲ နေမည်လော"ဟု ဦးခိုက်၍ လျှောက်ထားကြလေ၏။

အမတ်ကြီးများ လျှောက်ထားချက်ကိုကြားလျှင် ရာဇာမိရာဇဓသည် အဆိပ်ကို ငုံထားရဘိသကဲ့သို့ ဖြစ်တော်မူ၏။ လူသူသံ့ပန်းများကို ရသမျှဖမ်းစေ၍ အမတ်များလျှောက်ထားချက်အရ စုန်တော်မူရ၏။

ဒလသို့ရောက်သော် သမက်တော် စောမဟာရာဇဓကို ဖမ်းစေ၍ အဲမွန်ဒယာ(အဲမည်ခြာ)လက်အပ်ကာ "အပိုင်းပိုင်းခုတ်သတ်စေ"ဟုမိန့်၏။ ကူကျောင်းဆရာတော် မဟာသာမိနှင့် သံဃာတော်များက စောမဟာရာဇဓ၏အသက်ကိုချမ်းသာပေးရန် အလျှုခံကြသဖြင့် အသက်ကိုချမ်းသာပေး၏။ သို့သော် ခြေလက်များကို ခုတ်ဖြတ်စေ၏။ စောမဟာရာဇဓလည်း သွေးရူးသွေးတန်းဖြစ်၍ ရေသို့ ခုန်ချသဖြင့် သေလေ၏။

ရာဇာမိရာဇဓသည် ပဲခူးသို့ပြန်ရောက်ပြီး နန်းစည်းစိမ်ကို စံစားသော်လည်း ဘုရင်မင်းခေါင်အား မျက်သည့်စိတ်ကို မမျိုသိပ်နိုင်။ ဒေါသမီးတွေ တောက်လောင်လျက်ရှိသည်။ နှစ်သစ်ကူးလျှင် ရာဇာမိရာဇဓသည် ဗိုလ်ပါအင်အား သူရဲသူခက်များစုရုံး၍ ပြည်သို့ဆန်ရန် စီမံတော်မူ၏။ သူရဲကောင်းဥပါကောင်းကို သမီးတော်တလမေစောနှင့် ပြုစု၍ ကောင်းမြို့ကို စားစေ၏။

ရာဇာမိရာဇဓသည် ဗိုလ်ပါများစုရုံးပြီးလျှင် ရေကြောင်း၊ ကြည်းကြောင်း အင်အားကြီးမားစွာဖြင့် ပြည်သို့ချီတော်မူ၏။ အင်းဝပြည့်ရှင် ဘုရင်မင်းခေါင်လည်း

www.burmeseclassic.com

ရာဇာဓိရာဇ်ဆန်သည်ကိုကြားလျှင် ပြည်ကိုကူရန် စစ်သည်သုံးသောင်းဖြင့် စုန်စေတော်မူ၏။

ရာဇာဓိရာဇ်သည် မျူးမတ်သေနာပတိများအား ခေါ်၍ ဆွေးနွေးတိုင်ပင်၏။ "အင်းဝစစ်စုန်လာသည်မှာ ငါတို့မွန်နယ်မြေသို့ရောက်စေပြီးမှ ငါတို့တိုက်မည်လော။ ခရီးလယ်တွင် ငါတို့ခံလျှင် သင့်မည်လော"ဟု မေးတော်မူ၏။ သမိန်ဗြာဇွန်က "အရှင်မင်းကြီးသည် လှေတပ်တွင် တပ်ခိုင်တပ်လုံပြု၍ နေတော်မူပါ။ ကျွန်ုပ်တို့က ကြည်းကြောင်းချီ၍ ခရီးလယ်တွင် စစ်ကစား၍ ခံနှင့်မည်။ မွန်နယ်မြေသို့ မရောက်စေရပါ"ဟု လျှောက်၏။ ကြည်းတပ်တွင် တပ်မှူးချုပ်အဖြစ် သမိန်ဗြာဇွန်ကို ခန့်တော်မူ၏။ ရှေ့ပြေးတပ်တွင် လဝန်းအိန်၊ ထိုနောက် သမိန်အဝန်နိုင်၊ သမိန်ဖိပ်ဗြို၊ ဒလစား တူတော်ဘောကျော်၊ သမိန်ဗြထဗိုက်နှင့် သမက်တော် ဥပါကောင်းတို့အား အသီးသီးတပ်မှူးအဖြစ်ခန့်၍ ကြည်းတပ် ၇တပ်ကို ဗိုလ်ခြေ သုံးသောင်း၊ ဆင်ခုနစ်ဆယ်ဖြင့် ချီစေသည်။

ရေတပ်တွင် ရာဇာဓိရာဇ်သည် အမတ်ဒိန်၊ သမိန်ယောဂရာဇ်၊ သမိန်မောခွင်၊ အဲကောင်ဗိန်တို့နှင့် ရဲလှေ၊ လှော်ကားနှင့် ဝန်လှေများ စုစုပေါင်း လှေပေါင်း နှစ်ထောင်ဗိုလ်ခြေခုနစ်သောင်းနှင့် ဆန်တော်မူ၏။

သမိန်ဗြာဇွဉီးစီးသော ကြည်းတပ်သည် သာဝတ္ထိ[1](သာရဝဟ်)ရောက်လျှင် အင်းဝတပ်တို့နှင့် တွေ့ရသည်။ အင်းဝတပ်မှ ဗိုလ်ခြေသူရဲသူခက်များသည် ကြောက်ရွံ့ခြင်းမရှိရဲရင့်စွာ ချီဆင်းလာသည်ကို သမိန်ဗြာဇွမြင်ရလျှင် ရှေ့ပြေးတပ်မှူး လဝန်းအိန်သို့စေ၏။ "လဝန်းအိန်တပ်သည် ရှေ့ဖျားဖြစ်သည်။ အလျင်မလိုနှင့်။ ခိုင်ခံ့စေပြီးမှ တိုက်ရမည်။ သူ့အင်အား သူ့စစ်အသွားအလာကိုကြည့်ပြီး ငါအချက်ပေးမည်။ ငါအချက်မပေးလျှင် မတိုက်နှင့်ဦး"ဟု ခြေမြန်သူရဲလွှတ်၍ ဆိုစေ၏။

လဝန်းအိန်က "သူ့စစ်ကိုမြင်လျှင် တိုက်စေရန် သူ့ရှင်က လွှတ်ခဲ့သည်။ သူ့စစ်အင်အားကို ကြည့်ရစေဦးဟုဆိုသည်မှာ ငါတို့စစ်သည်များအား ထိတ်လန့်ကြောက်ရွံ့စေသည်နှင့်အတူ"ဟု နှုတ်ကဆိုပြီး တပ်မှူးချုပ်၏အမိန့်ကို မနာခံဘဲ ထွက်၍ အလျင်တိုက်လေ၏။ ဥပါကောင်း၊ ဗြထဗိုက်နှင့် ဘောကျော်တို့လည်း လဝန်းအိန်အား လွှင့်သို့ထွက်၍ တိုက်သည်ကိုမြင်လျှင် လိုက်ထွက်ကြသည်။ အင်းဝစစ်ဗျူးစစ်ဦးကို လဝန်းအိန်တိုက်ခိုက်သဖြင့် မြင်းဆယ်စီးလောက် လဲလေ၏။ ထိုအခါ အင်းဝတပ်ငါးတပ်လုံးထွက်၍ လဝန်းအိန်အား ဝိုင်းတိုက်ကြ၏။ လဝန်းအိန်မခံနိုင်သဖြင့် တောတွင်းသို့ ဆုတ်ပြေးလေ၏။ ယင်းသို့ပြေးစဉ် လိုက်၍ ထိုးခုတ်ကြသဖြင့် လဝန်းအိန်ဘက်မှ သူရဲဂါးကျိပ်ခြောက်ကျိပ်ခန့်

၁။ မြန်မာပေမူတွင် သေမသောက်ရွာဟု ဆို၏။

www.burmeseclassic.com

လဲ၍ သေကုန်၏။ လဝန်းအိန်တပ်ပျက်လျှင် ဥပါကောင်း၊ ဗြထဗိုက်၊ ဘောကျော်တို့ သုံးတပ်သည်လည်း တောတွင်းဝင်၍ ခိုအောင်းကြ၏။

တောတွင်း၌ခိုအောင်းနေသော သမိန်အဝန်နိုင်သည် သစ်ပင်ထက်မှနေ၍ လဝန်းအိန်နှင့် အခြားသုံးတပ်လုံးပျက်လျှင် တပ်မှူးချုပ်သမိန်ဗြာဇွန်ထံ လူစေ၍ "ကျွန်ုပ်တို့တပ်လေးတပ် ပျက်ခဲ့ပြီ။ ငါတို့ ကိုယ်လွတ်ခွာမည်လော၊ တိုက်မည်လော"ဟု မေး၏။ "ငါတို့ ကိုယ်လွတ်ပြေးမည်ဆိုက သခင် ဘုန်းရိပ်ကို ခိုလှုံစားသောက်သည့်အကျိုးသည် အဘယ်မှာရှိတော့အံ့နည်း။ ငါတို့လက်လျှော့ရန် အကြောင်းမရှိ။ ဆင်ဦးထက်တွင် အင်းဝစစ်ကို မနိုင်မချင်းတိုက်မည်"ဟု ပြန်ကြား၍ သမိန်ဗြာဇွန်သည် ရှေ့မှထွက်လေ၏။[၁] သမိန်အဝန်နိုင်တပ်နှင့် သမိန်ဇီပ်ဗြတပ်တို့လည်း လိုက်ထွက်ကြလေ၏။

သုံးတပ်လုံးညီ၍ ပခန်းမင်းတပ်ကို ဖိတိုက်၏။ ပခန်းမင်းတပ် ပျက်လေ၏။ တလုပ်စားတပ်ကို ဆီး၍တိုက်ကြ၏။ တလုပ်စားတပ်လည်း ပျက်လေ၏။ ယင်းသို့ တပ်ငါးတပ်လုံးပျက်၍ ဖရိုဖရဲဖြစ်နေစဉ် တောတွင်း၌ ခိုအောင်းနေသော လဝန်းအိန်တပ်သည် အင်းဝတပ်ငါးတပ်လုံး ပျက်သည်ကိုမြင်လျှင် တောတွင်းမှပြန်ထွက်လာ၍ တိုက်လေ၏။ လဝန်းအိန်သည် အခြားတပ်ထက် ဆင်မြင်းဗိုလ်ခြေ များစွာရလိုက်၏။ ထို့နောက် လက်ရဖမ်းဆီးမိသော သံ့ပန်းများနှင့် ဆင်မြင်းတို့ကို ရာဇာမိရာဇ်ထံ အလျင်အမြန်ပြန်၍ ဆက်သလေ၏။ သူ့ရှင်လည်း လဝန်းအိန်အား ဆုလာဘ်များစွာ ချီးမြှင့်လေ၏။

သမိန်ဗြာဇွန်ပြန်ရောက်၍လဝန်းအိန်အား ရာဇာမိရာဇ်ဆုလာဘ်ပဏ္ဏာ ပကာရလက်ဆောင်များ ချီးမြှင့်သည်ကိုကြားရလျှင် စိတ်မကျေနပ်၍ သူ့ရှင်ထံ အခစားမဝင်ဘဲနေ၏။ သူ့ရှင်ခေါ်မှ တက်သည်။"ရောက်လာပြီး ပသို့ကြောင့် အခစားမဝင်သနည်း။ အဘယ်ကြောင့် မျက်နှာမပြသနည်း"ဟု မေးတော်မူ၏။ "လူ၏အရည်အသွေးကို စိစစ်တော်မမူဘဲ တပ်ပျက်သူလဝန်းအိန်အား ဆုလာဘ်ပေးတော်မူသည်။ ကျွန်ုပ်တက်၍ အခစားဝင်လည်း အကျိုးမရှိတော့ပြီ။ ကျွန်ုပ်ရှက်၍ မတက်ခြင်းဖြစ်ပါသည်"ဟု လျှောက်၏။

လဝန်းအိန်ကလည်း "ကျွန်ုပ်အလျင်ထွက်တိုက်သည်။ သူတို့စစ်ဦးပျက်သည်။ ထိုစဉ် သူတို့ငါးတပ်လုံး ကျွန်ုပ်ကို ဝိုင်းတိုက်ကြသည်။ ကျွန်ုပ်တစ်တပ်တည်းသာ။

၁။ မြန်မာပေမူတွင် သမိန်ဗြာဇွန်သည် ထွေးခံကို ဆင်ထက်တင်၍ အကြိမ်ကြိမ် ခေပါ့စွန့်၏။ သူရဲတို့က "ငါတို့သခင် ရှေ့မှနောက်မှန်ပါလေပြီ။ မြန်မာတို့ မခံနိုင်ပြီ"ဟု ဆိုကြ၏ဟူ၍လည်း ပါရှိသည်။

www.burmeseclassic.com

www.burmeseclassic.com

နောက်ခံတပ်များ အကူမရောက်။ ကျွန်ုပ်အင်အားနည်း၍ သူ့အင်အားကြီးမားသဖြင့် ဆုတ်ပြေးရပါသည်။ ကျွန်ုပ်ဗိုလ်ပါများကိုစုရုံး၍ တောတွင်း၌စောင့်ကာ အချက်ကောင်းကိုကြည့်နေသည်။ အချက်ကောင်းရသည်နှင့်တစ်ပြိုင်နက် ကျွန်ုပ်ထွက်၍တိုက်သည်။ သို့တိုက်၍ ရခဲ့သည့် ဆင်၊ မြင်း၊ သုံ့ပန်းများကို လာရောက်ဆက်သခြင်းဖြစ်ပါသည်"ဟု လျှောက်လေ၏။

ရာဇာမိရာဇ်သည် လက်ခုပ်တီး၍ ရယ်တော်မူ၏။ လဂွန်းအိန်စကားလည်း မှန်သည်ဖြစ်၍ အပြစ်မထားလို။ သို့သော် တပ်မှူးချုပ်ဖြစ်သူ စိတ်ပျက်မည်စိုး၍ "ဟယ် လဂွန်းအိန်၊ နင့်စကားသည် လူကြီးကို မရိုသေရာကျလှသည်။ အမတ်သူရဲစကားမဟုတ်။ နွားကျောင်းသားစကားဖြစ်သည်။ သည်တစ်ကြိမ်သာ သည်လိုဖြစ်ပါစေ။ နောင်ဖြစ်ခဲ့သော် နင့်ကိုအပြစ်ပေးရန် တပ်မှူးချုပ်ဖြစ်သူအား ငါအပ်မည်"ဟုမိန့်၍ သမိန်ဇြာဇ္ဇကို ဆုလာဘ်လက်ဆောင်များ ချီးမြှင့်တော်မူ၏။ သမိန်ဇြာဇ္ဇလည်း အနိုင်ရသဖြင့် အမျက်ပြေလေ၏။ သမိန်ဇြာဇ္ဇသည် မကျန်းမာသဖြင့် ညီလာခံတက်လျှင် သူ့ရှင်က အုံးဝန်းပေး၍ မှီစေ၏။

သာဝတ္ထိ[1]လွင်ပြင်တွင်အင်းဝတပ်ငါးတပ်ကိုနိုင်ခဲ့ပြီးနောက်တစ်နေ့ရောက်သောအခါတွင် သမိန်ဇြာဇ္ဇက "ယခု ကျွန်ုပ်တို့ ပြည်မြို့ကို ဝန်းရံထားသည်ဖြစ်၍ သူတို့ရိက္ခာကုန်လျှင် ပြည်ကိုရတော့မည်။ သည်တွင် ကျွန်ုပ်တို့တပ် အနေကြာလျှင် ယင်တွေပေါသဖြင့် ဗိုလ်ပါများ အနာအဖျားများမည်။ နဝင်းဆိပ်တွင် သုံးတပ်သာထား၍ ကျန်ကြည်းတပ်နှင့် လေတပ်အားလုံးကို တလည်းဆီးဆိပ်သို့ဆင်း၍ နေစေမှ သင့်မည်။ ယခုအခါ ပူသောရာသီဖြစ်သည်။ တလည်းဆီးတွင် လေကောင်းသည်။ ယင်နည်းသည်။ ဗိုလ်ပါများ အဖျားအနာကင်းမည်။ ပြည်သို့ကူရန်လာသည့် အင်းဝတပ်ငါးတပ်လုံးကို ကျွန်ုပ်တို့ နိုင်လိုက်ပြီဖြစ်၍ ပြည်မြို့သည် ကျွန်ုပ်တို့အား ခံနိုင်ဦးမည်လော"ဟု လျှောက်ထားလေ၏။

သူ့ရှင်သည် အမတ်ကြီးလျှောက်ထားချက်ကို မဆန့်ကျင်။ သဘောတူသည်ဖြစ်၍ တူတော်ဘောကျော် တစ်တပ်၊ ဗြထဗိုက် တစ်တပ်၊ သမိန်ဇီပ်ဇြ တစ်တပ်၊ ပေါင်းသုံးတပ်တို့ကို ချန်၍ ကျန်တပ်အားလုံးကို တလည်းဆီးသို့ ကူးစေ၏။ တလည်းဆီးတွင် တပ်မကြီးဖွဲ့၍ ဗာရာဏသီဟ အမည်ပေး၏။ ကြည်းတပ်၊ ရေတပ်အားလုံးကို ဗာရာဏသီ၌ စုရုံးနေစေ၏။

ပြည်ကို တပ်သုံးတပ်ချန်၍ ဝန်းရံထားစေသဖြင့် ကြာလျှင် ရိက္ခာပြတ်လိမ့်မည်။ ပြည်သားတွေတော်မွတ်၍ ဖွဲနှုန့် ထန်းအူကိုပင် စားရလေ၏။ ထိုသတင်းကို အင်းဝ

၁။ နဝင်းကို ဆိုလိုဟန်တူ၏။ မြန်မူတွင် သေမသောက်ရွာဟုပြသည်။

www.burmeseclassic.com

www.burmeseclassic.com

ပြည့်ရှင် ဘုရင်မင်းခေါင်ကြားရလျှင် "ပြည်ကို ငါဆင်းရဲမကူသော် ပြည်မြို့ကို မွန်တို့ ရလေတော့မည်"ဟု မိန့်တော်မူ၍ ယင်းညတွင် အင်းဝမှ ပြည်သို့ စုန်တော်မူ၏။ ဗိုလ်ခြေခုနစ်သောင်း၊ ဆင်နှစ်ရာ၊ မြင်းသုံးထောင်ဖြင့် ကြည်းကြောင်းချီ၍ မြေထဲ၌ တပ် ချတော်မူ၏။

မြေထဲစခန်းသို့ ဘုရင်မင်းခေါင်ရောက်ရှိကြောင်းကို ရာဇာဓိရာဇ် ကြားရလျှင် နဝင်းတပ်မှူးသုံးဦးတို့ကိုခေါ်၍ မှူးမတ်တို့နှင့် တိုင်ပင်၏။ "ယခု ဘုရင်မင်းခေါင်သည် အင်အားကြီးမားစွာ ချီလာသဖြင့် ပြည်ကို ဝန်းရံရန် နဝင်းဆိပ်တွင်ထားသည့် ငါတို့ တပ်သုံးတပ်ကို ဆက်နေစေသော် သင့်မည်လော။ ရုပ်သိမ်းလျှင် သင့်မည်လော"ဟု မေးတော်မူ၏။ အမတ်ဒိန်နှင့် သမိန်ဇြာဇ္ဇတို့က "ဖြုတ်သင့်ကြောင်း"ဟု လျှောက်ထားကြ၏။ သို့သော် နဝင်းတပ်မှူးသုံးဦးတို့က "ပြည်ကို ကျွန်ုပ်တို့ရံထားသည်မှာ သုံးလရှိပြီ။ သူတို့ငတ်မွတ်ကုန်ပြီ။ ကျွန်ုပ်တို့သုံးတပ်သည် ပြည်မြို့၏ ပမာဏခန့် မရှိသလော။ အရံကိုဖြုတ်ချေသော် အရှင်မင်းကြီး၏အင်အား လျော့လေတော့မည်တကား"ဟု လျှောက် ထားကြ၏။

သမိန်ဇြာဇ္ဇနှင့် အမတ်ဒိန်တို့က "ပြည်မြို့သည် အုတ်မြို့ဖြစ်သည်။ ကျုံးကျယ် ၍ နက်သည်။ သို့ဖြစ်၍ ငါတို့အကြိမ်ကြိမ်တိုက်သော်လည်း မရ။ ယခု ငတ်မွတ်နေ သည်ကိုပင် ရတော်မမူသေး။ နဝင်းမြို့သည် သစ်မြို့သာ။ ကျုံးကျဉ်း၍ငယ်သည်။ ပြည် နှင့်နီး၍ ရမည်လော။ မြန်မာမင်းသည် ဆင်ဖြူနှင့်တူ၍ မင်းတို့မှာ ဆင်မည်းနှင့်တူ သည်။ တပ်မှူးတို့မည်သည် မင်းဧကရာဇ်ကို ရင်ဆိုင်နိုင်ရန် ခက်ခဲသည်။ တပ်မှူးတို့ သုံးပါးမှာ စိတ်အားထက်သန်သဖြင့် ကြုံးဝါးသည်ကား သစ်တုံးကြီးကို ဆောက်ပုတ် နှင့်ထွင်းသည့် ပန်းပုသမားနှင့်တူသည်။ ပန်းပုသမား၏ ဆောက်ပုတ်မှာ ငယ်သည်။ ပါးသည်။ လွမှာလည်း ငယ်သည်။ သို့ဖြစ်၍ သစ်တုံးကြီးကို ဖောက်ထွင်းရန် လွန်စွာ ခက်ခဲသည်"ဟု လျှောက်ထားကြသည်။

မှူးမတ်သေနာပတိများသည် အချင်းချင်း အပြန်အလှန်ဆွေးနွေးကြ၏။ အလော် အလဲဆိုကြစဉ် ရာဇာဓိရာဇ်လည်း အတွင်းဆောင်သို့ ဝင်တော်မူ၏။ မှူးမတ်သေနာပတိ များလည်း သက်ခဲ့ကြသည်။ ရာဇာဓိရာဇ်သည် သမိန်ဇြာဇ္ဇနှင့် အမတ်ဒိန်တို့စကားကို ကြိုက်တော်မမူ။ တပ်မှူးသုံးပါးတို့၏ ကြုံးဝါးချက်ကို နှစ်သက်တော်မူသဖြင့် ညထွက် တော်မူလျှင် ခေါ်စေ၏။ "မင်းတို့တပ်မှူးသုံးပါး စိတ်ညီကြပြီလော"ဟု မေးတော်မူ၏။ "ကျွန်ုပ်တို့သုံးယောက် စိတ်ညီကြပါပြီ။ သူရဲသူခက်များ၊ လှံ၊ လက်နက်များထပ်လောင်း၍ တိုးပေးတော်မူလျှင် ကျွန်ုပ်တို့သည် သူ့စစ်ကို လုံးဝကြောက်ရွံ့ဖွယ်မရှိ"ဟု လျှောက်ကြ ၏။ ရာဇာဓိရာဇ်လည်း အားပါးရတော်မူ၏။ တပ်မှူးသုံးဦးတို့အလိုအတိုင်း သူရဲ သူခက်များ၊ လှံ၊ လက်နက်များကိုပေးတော်မူ၏။ တပ်မှူးသုံးပါးတို့သည် နဝင်းသို့ပြန်၍ မြို့ပြကျုံး မြောင်းပြုပြင်၏။ စိတ်တိုင်းကျဖြစ်အောင် တပ်များကို ဖိုင်ခဲ့အောင် စီမံကြ၏။

www.burmeseclassic.com

သာဝတ္ထိတွင်ပျက်၍ ပြေးခဲ့ရသော အင်းဝတပ်ငါးတပ်သည် မြေထဲစခန်းသို့ ဘုရင်မင်းခေါင်ရောက်လျှင် ဝင်ရောက်ခစားကြ၏။ "ကျွန်ုပ်တို့သည် အလျင်က မှားယွင်းတိမ်းစောင်း၍ ပျက်ခဲ့ရသော်လည်း ယခု အရှင်မင်းကြီးနှင့်အတူ အမှုတော်ကို "ကြိုးစား၍ ထမ်းဆောင်ပါမည်။ ရန်သူကို နိုင်အောင်တိုက်ပါမည်"ဟု ဝန်ခံကြ၏။ ဘုရင်မင်းခေါင်လည်း မှူးမတ်သေနာပတိများနှင့် ညီညွတ်စွာ ဆွေးနွေးပြီး မြေထဲမှ မရပ်မနားဘဲ ခွာခဲ့ကြသည်။

တပို့တွဲလဆန်း[1] ၅-ရက် အင်္ဂါနေ့ မိုးမသောက်မီ နှင်းများအုံ့ဆိုင်းနေစဉ် မွန်တပ်သုံးတပ်ရှိရာ နဝင်းစခန်းကို မရပ်မနားဘဲ ရွှပ်ရွှပ်ခွဲခွဲ တိုက်ခိုက်လေ၏။ နဝင်းမြို့ကို လှေကားထောင်၍ တက်ကြလေ၏။ ဆင်မြင်းဗိုလ်ပါများနှင့်တကွ ဖိဝင်၍ တိုက်ခိုက်ထိုးခုတ်ကြ၏။ မွန်တပ်မှူးသုံးပါးတို့လည်း ကြွံကြဲခံ၍ အပြင်းထိုးခုတ်သတ်ဖြတ်ကြသဖြင့် သူ့လူငါလူမှန်းမသိအောင် ထွေးလုံးကြကုန်သည်။ နှစ်ဖက်သော ဗိုလ်ပါသူရဲသူခက်များစွာ သေကျေကြ၏။

အင်းဝတပ်မှ ဆင်မြင်းဗိုလ်ပါများ တစ်ဟုန်ထိုး ဆက်ကာဆက်ကာ ဖိဝင်တိုက်ခိုက်လျှင် မွန်တပ်သုံးတပ်မှာ မခံနိုင်တော့ဘဲ ပြိုလဲလေ၏။ တပ်များကျိုးပေါက်သော်လည်း ဖြထဗိုက်၊ ဘောကျော်နှင့် သမိန်ဇိပ်ဗြဲတို့မှာ ကြိုးဝါးထားသည့်အတိုင်း အသေခံတိုက်ခိုက်ကြသည်။ ဖြထဗိုက်နှင့် ဘောကျော်တို့သည် လက်နက်ထို၍ ကျဆုံးသည်။ သမိန်ဇိပ်ဗြဲကို မြန်မာတို့ အရှင်ဖမ်းမိသည်။ မွန်တပ်သုံးတပ်လုံးပျက်၍ ပြေးကြ၏။ သူရဲသူခက်တစ်ထောင်လောက်ကို မြန်မာတို့ လက်ရဖမ်းဆီးမိသည်။ မွန်မြန်မာနှစ်ဖက်စလုံး သေကြသည်။ မသေသော မွန်သူရဲသူခက်များသည် မြစ်တစ်ဖက်ကမ်းသို့ ကူးပြေးသည်မှာ ရေသဲများ သောသောညံစွာ ကြားရသည်။

ရာဇာဓိရာဇ်လည်း နဝင်းတပ်သုံးတပ်လုံးပျက်၍ သူရဲသူခက်များ မြစ်တစ်ဖက်ကမ်းသို့ သောသောညံစွာ ကူးပြေးသည်ကိုသိရလျှင် လွန်စွာ အမျက်ဒေါသထွက်၏။ "ရေကူးပြေးသူတွေကို သွားသတ်စေ"ဟု အဲမွန်ဒယာအား မိန့်၏။ အမတ်ဒိန်မဏိရွတ်[2] ကြားလျှင် "မြစ်ကူးပြေးသော ကျွန်ုပ်တို့၏ သူရဲသူခက်များကို သတ်စေဟု မိန့်တော်မူသည်မှာ ရန်သူကို အားပံ့သည်နှင့် မတူသလော။ မြစ်ကူးပြေးသူများသည် အရှင်မင်းကြီး၏

၁။ မြန်မာပေမူဋ္ဌာလည်း သက္ကရာဇ်မပါ။ မှန်နန်းနှင့် ဦးကုလားရာဇဝင်အရ သက္ကရာဇ် ၇၆၇ ခုနှစ်တွင် ပြည်သို့ ရာဇာဓိရာဇ်ချီသည်။ ထိုနှစ်တွင် ဘုရင်မင်းခေါင်လည်း ပြည်သို့စုန်သည်ဟု လာ၏။

၂။ မြန်မာပေမူတွင် အမတ်မဟာသမ္မန် ဟုဆို၏။

www.burmeseclassic.com

ကယ်ဆယ်မှုကို လိုအပ်နေပါသည်။ သည်ဗိုလ်ပါများသည် အင်းဝစစ်ကို ခံနိုင်ပါမည်ဟု အာမခံသူများမဟုတ်။ တပ်မှူးသုံးပါးသာ တာဝန်ယူခဲ့ခြင်းဖြစ်သည်။ သို့ဖြစ်၍ ပြေးလာသူများကို အသက်ချမ်းသာပေးသင့်ပါသည်"ဟု ဦးခိုက်၍ လျှောက်ထား၏။ အမတ်ဒိန်စကားကိုကြား၍ အမျက်တော်ပြေလေ၏။ မြစ်ကူးသည့်သူများကို အမတ်ဒိန်[၁] ကိုယ်တိုင် လူစုဖြင့် ဆင်း၍ဆယ်ကြလေ၏။

ဘုရင်မင်းခေါင်လည်း နဝင်းတပ်ကိုနိုင်လျှင် ပြည်မြို့နှင့်အရှိုးဖြစ်သော တပ်မကြီးတည်၍ နေတော်မူ၏။

ရာဇာမိရာဇ်သည် မိုးသောက်လျှင် တဲနန်းအပြင်သို့ထွက်၍ ညီလာခံခေါ်၏။ မှူးမတ်သေနာပတိများစုံညီ၍ သမိန်ဇြာဇွန်နှင့် အမတ်ဒိန်တို့ကိုမြင်လျှင် "အမတ်ကြီးနှစ်ဦးတို့၏စကားကို ငါမနာယူဘဲ လူစကား[၂] မဟုတ်သော တပ်မှူးသုံးဦးတို့၏ စကားကို ယုံမိချေသောကြောင့် သည်မျှငါတို့ပျက်စီး၍ အရှက်ရချေသည်"ဟု မျက်နှာတော် မသာမယာဖြင့် မိန့်တော်မူ၏။ ထိုအခါ သမိန်ဇြာဇွန်နှင့် အမတ်ဒိန်တို့က "ယခု ဘုရင်မင်းခေါင်စစ်ချီလာသည်ကို ကျွန်ုပ်တို့နိုင်ရန် အကြောင်းရှိပါသည်"ဟု လျှောက်၏။ "ပသို့သော အရေးဖြင့် ငါတို့အောင်နိုင်မည်နည်း"ဟု အံ့သြစွာ မေးတော်မူလျှင် အမတ်ဒိန်နှင့် သမိန်ဇြာဇွန်တို့က –

> "ကျွန်ုပ်တို့သည် ပြည်မြို့ကို ကြာမြင့်စွာ ဝန်းရံခဲ့သည်။ ပြည်မြို့၌ စားနပ်ရိက္ခာတွေ ကုန်ခန်းပြီ။ ပြည်ခရိုင်တွင်းရှိ ကျေးရွာများမှ ရိက္ခာစပါးများကိုလည်း ကျွန်ုပ်တို့ ယူလိုက်ကုန်ပြီ။ ယခု ဘုရင်မင်းခေါင် ချီလာသည်မှာလည်း ရိက္ခာကို ပခုံးထမ်းဖြင့်သာ ယူခဲ့သည်။ ပါခဲ့သော ရိက္ခာကုန်လျှင် ပုဂံနှင့် အင်းဝသို့တက်၍ သွားယူရမည်။ သူတို့ရိက္ခာနည်းလာလျှင် သူတို့အင်အားလည်း နည်းလာမည်။ ကျွန်ုပ်တို့ဘက်မှ ပျက်လာသော တပ်သုံးတပ်ကို အရှင်မင်းကြီး၏ တပ်မကြီးနှင့် စုပေါင်းမည်။ ကျွန်ုပ်တို့ အင်အားအလုံးအရင်းရှိသမျှ တစုတရုံးတည်း ပေါင်းစည်းကာ တစ်ဟုန်ထိုးဖိတိုက်ပါက အင်းဝတပ်မှာ ငတ်မွတ်နေသဖြင့် ကျွန်ုပ်တို့ လွယ်ကာသာနိုင်ရမည်ကို မြင်၍ ဆိုပါသည်။ ထို့ပြင် ကျွန်ုပ်တို့လေ သုံးလေးရာတို့ကို အထက်သို့ဆန်စေ၍ ဘုရင်မင်းခေါင်၏ ရိက္ခာများကို ခရီးလယ်၌ ကြို၍ ဖျက်ဆီးမည်။

၁။ မြန်မာပေမူတွင် အမတ်မဟာသမွန်ဟု ဆို၏။

၂။ ၎င်း... ခွေးစကားဟု ဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com

မြေထဲ၊ သရက်၊ မကွေး၊ မလွန်သို့ တိုင်အောင် ဆန်စေမည်။ မျိုးရိက္ခာ ယူနိုင်သရွေ့ယူစေမည်။ ကြွင်းသရွေ့ကို မီးထင်း တိုက်စေမည်။ မြို့ရွာတိုင်း လှည့်လည်၍ မီးထင်းတိုက်စေသဖြင့် မျိုးထောက်၊ ရိက္ခာထောက် တွေ့ပျက်ချေသောကြောင့် ဘုရင်မင်းခေါင်ထံမှ အရေးအခြားဆိုလာပါက အရှင်မင်းကြီး အလျင်စလို အရေးပေးတော်မမူပါနှင့်"

ဟုလျှောက်၏။ သူ့ရှင်လည်း အားပါးရ၍ အမတ်ကြီးနှစ်ပါးကို ချီးမွမ်းစကားပြောကြား၏။ "မှန်ပေသည်။ ငါတို့အောင်ရမည်"ဟု မိန့်ပြီးလျှင် လေ့လေးရာ[1] နှင့် ဖျတ်လတ်သော လူသန်လူကောင်းများကိုရွေး၍ အထက်သို့ဆန်စေသည်။

ဆယ်ရက်ခန့်ကြာသော် ပဲခူးရဲလေ့များ အညာဆန်၍ ရိက္ခာများကို သိမ်းယူခြင်း၊ ဖြတ်တောက်ခြင်း၊ ဖျက်ဆီးခြင်း၊ မီးထင်းတိုက်ခြင်းပြုသောကြောင့် မျိုးထောက် ရိက္ခာထောက်ပျက်ချေသဖြင့် ပြည်တွင် ငတ်မွတ်တော့မည့်အရေးကို ဘုရင်မင်းခေါင် ကြားသိရလျှင် "နောင်ကို ငါဗိုလ်ပါများ ခက်ချေတော့မည်"ဟု ဆင်ခြင်တော်မူပြီး ရာဇာဓိရာဇ်ထံ ရာဇသံ စာရေး၏။ ပဏ္ဏာလက်ဆောင်[2] များနှင့်တကွ စေတော်မူ၏။ စာတွင်–

"အင်းဝရွှေနန်းရှင်၏ သားတော်ဖြစ်သူ ကျွန်ုပ်ညီတော် ဘုရင်မင်းခေါင်က ဟံသာဝတီဆင်ဖြူရှင်၏ သားတော်ဖြစ်သော နောင်တော် ရာဇာဓိရာဇ်ထံ ကြားရောက်အပ်ပါသည်။ ဘကြီးတော်ဆင်ဖြူရှင်ဗညားဥ: နတ်ရွာလားတော်မူလျှင် နောင်တော်သည် ခမည်းတော်၏ အရိုက်အရာကိုယူသည်။ တိုင်းနိုင်ငံ မည်ညွတ်သည်ကို နှိမ်နင်း၍ စိုးအုပ်ပါသည်။ ညီတော်ဖြစ်သူ ကျွန်ုပ်သည်လည်း အင်းဝရွှေနန်းရှင်ဘုရင် မင်းကြီးစွာစော်ကဲ့ နတ်ရွာစံလေသော် တိုင်းနိုင်ငံကို ညီညွတ်အောင်စီမံ၍ စိုးအုပ်ပါသည်။ ကျွန်ုပ်တို့အချင်းချင်းမှာ မင်းညီနောင်များ ဖြစ်ကြသည်။ ဘုန်းကြမ္မာရှင်များ ဖြစ်ကြသည်။ အချင်းချင်း ချစ်မြတ်နိုးသဖြင့် မြင်တွေ့ကြရအောင်၊ ချစ်ကြည်မှု ပြိုင်ကြရအောင်ဟူ၍သာ ညီတော်ဆင်းလာသည်။ နောင်တော် ဟံသာဝတီပြည့်ရှင်

၁။ မြန်မာပေမူတွင် လေ့နှစ်ရာ၊ သုံးရာ ဆို၏။

၂။ မြန်မာပေမူတွင် မြင်းကောင်းနှစ်စီး၊ ဝတ်လုံဆယ်လိပ် လက်ဆောင်များပါ စာနှင့်ကမ္ဘာ ဆို၏။

www.burmeseclassic.com

www.burmeseclassic.com

အား စစ်မက်ပြုမည်၊ တိုက်ခိုက်မည်၊ ပြိုင်ဘက်ပြုမည်ဟူ၍ ညီတော်ချီလာသည် မဟုတ်။ နောင်တော်၏ တပ်သုံးတပ်တို့သည် အနေအထိုင်မသင့်သောကြောင့် ဘုန်းအာဏာနှင့်ချီလာသော မင်းဧကရာဇ်ဖြစ်သူ ညီတော်နှင့် ရင်ဆိုင်ကြသဖြင့် ထိပါးမိသည်။ ပျက်စီးတန်သရွေ့ ပျက်စီးလေသည်။ အမတ်ကြီး သမိန်ဓိပ်ဗြတစ်ယောက် ညီတော်ထံမှောက်၌ရှိသည်ကို နောင်တော်ထံ ပို့လာစေမည်ဖြစ်ကြောင်းကို မေတ္တာရှေ့ထား၍ ချစ်ခင်လေးမြတ်စွာ ကြားရောက်အပ်ပါသည်"

ရာဇာမိရာဇ်သည် ဘုရင်မင်းခေါင်ထံမှ တမန်တော်နှင့် စာကို ရပြီးလျှင် သမိန်ဗြာဇနှင့် အမတ်ဒိန်မဏိရွတ်တို့ကို ချီးမွမ်း၏။ "အမတ်ကြီးနှစ်ပါး ပြောထားသည့်အတိုင်း မှန်ပေသည်။ ဒီဗွစက္ခုဉာဏ်ရသကဲ့သို့ မြင်တတ်ကြပေသည်"ဟု မိန့်ကြားသည်။ အမတ်ကြီးနှစ်ပါးသည် မည်သို့မျှမဆို။ တိတ်ဆိတ်စွာနေသည်ကိုကြည့်၍ အမတ်ကြီးနှစ်ပါးသည် အင်းဝမင်းအား အရေးမပေးလိုကြောင်းကို ရိပ်စားမိတော်မူသည်။ သို့ဖြစ်၍ ဘုရင်မင်းခေါင်၏တမန်တော်ကို လက်ဆောင်မတုံ့။ မင်းစေတမန်မဖက်ဘဲ မှာသည်ကား-

"အင်းဝရွှေနန်းရှင်၏သားတော် ငါ့ညီတော် ဘုရင်မင်းခေါင်ဆိုခဲ့သည့် အရေးစကားများသည် ပညာရှိမှန်ပေသည်။ ငါသည် ပြည်ကို ယူမည်ဟု ဆန်ခဲ့သည်။ ပြည်ကိုမရ။ ငါ့ဗိုလ်ပါများစွာ ပျက်စီးရသည်။ ငါ့ညီတော်သည် လက်ရေးဖြင့် စစ်နိုင်ပြီး၊ နှုတ်ရေးဖြင့်ဆင့်ကာ ငါ့ကို အနိုင်ယူပြန်သည်။ စစ်ရှုံးသူငါ့မှာ အရှက်ကို ငုံ၍နေရချေသည်။ ငါ့ညီတော်ဆိုခဲ့သည့် အရေးစကားဟူသမျှကို ငါ အခွင့်အရေးမပေးသာသေး။ ပြည်ကို ငါရပြီးမှသာ ငါ့ညီတော်ဆန္ဒရှိသည့်အစီအစဉ်ကို လိုက်၍ ပြုမူပါမည်"[၁]

အင်းဝမင်း၏ စေတမန်လည်း ဘုရင်မင်းခေါင်ထံပြန်၍ လျှောက်ထားလေ၏။ ဘုရင်မင်းခေါင်သည် နှစ်ရက်ကြာမျှ မှူးမတ်များနှင့် ဆွေးနွေးဆင်ခြင်ပြီးလျှင် တမန်သစ်တစ်ယောက်အား စာနှင့်စေပြန်သည်။

၁။ မြန်မာပေမူတွင် မိဖုရားတလသုတမာယာသည် အင်းဝဘုရင်မှာ အဖမရှိသည်ကိုကြား၍ သူ့ရှင်ခြေတော်ကိုဖက်ပြီး ငိုလျက် နှုတ်ရေးဖြင့်ပြီး၍ အဖကို လွှတ်ပါစေဟု လျှောက်၏ဟုပါသည်။

www.burmeseclassic.com

www.burmeseclassic.com

စာကား –

"ဟံသာဝတီပြည့်ရှင် နောင်တော်ထံသို့ ညီတော် ကြားရောက်အပ်သည်။ ယမန်နှစ်က တကောင်းမြို့တိုင်အောင် နောင်တော်ဆန်ခဲ့သည်။ နောင်တော်စုန်၍ စစ်ကိုင်းမြို့သို့ရောက်စဉ် နောင်တော်အား ညီတော်က ထွက်၍ စစ်မက်မပြု။ ခိုက်ရန်ဖြစ်ပွားမည့်အရေးအခင်းမရှိ၊ ယခု နောင်တော်ဆန်ခဲ့ပြန်သည်။ ညီတော်၏ မြို့ရွာများစွာကို မီးထင်းတိုက်၍ ဖျက်ဆီးခဲ့သည်။ လူသူများကို သုံ့ပန်းပြုခဲ့သည်။ ပြည်သို့ ညီတော်စေလွှတ်ခဲ့သော တပ်ငါးတပ်တို့ကို ပျက်စီးလွင့်ပါးအောင် နောင်တော် တိုက်ထုတ်ခဲ့သည်။ ဆင်မြင်းဗိုလ်ပါ လက်နက်များစွာကို နောင်တော်ရခဲ့သည်။ သည်မျှရသည်ကို နောင်တော်နိုင်သည်ဟု နောင်တော်မမှတ်။ ယခု ညီတော်စုန်ခဲ့စဉ် နောင်တော်၏ တပ်သုံးတပ်ကို ထိပါးမိ၍ ပျက်တန်သရွေ့ ပျက်သည်ကို ညီတော်အား စစ်နိုင်သူဟု နောင်တော်မဆိုသင့်ပါ။ နောင်တော်စိတ်မှာ မနှူးညံ့ မပျော့လျော့သေးဘဲ ခက်ထန်လျက် ရှိသေးသည်။ ငါတို့ဧကရာဇ် မင်းနှစ်ပါးတို့သည် တစ်ပါးနှင့်တစ်ပါး အချင်းချင်း မာန်မာနထားနေကြလျှင် ကြည်း ရေတို့၌ ဗိုလ်ပါဆင်မြင်းများစွာ ပျက်စီးဦးမည်။ အရိယာ ရဟန်းသံဃာ ဟူးရားပုဏ္ဏားနှင့် တိုင်းသူပြည်သားများ မငြိမ်မသက် ဒုက္ခတွေ့ကြမည်။ ကုသိုလ်ရေးပျက်ကြမည်။ သည်အပြစ်တို့ကို ညီတော်အလွန်ကြောက်ရွံ့ပါသည်။ သည်လောကတွင် ငါတို့မင်းညီနောင်တို့သည် အတူတကွ ကုသိုလ်ရှင်ဖြစ်ကြသည်။ ကုသိုလ်ပွားများအောင်ပြု၍ အချင်းချင်း တစ်ဦးကိုတစ်ဦး ကူညီစောင့်မသင့်သည်။ သို့ဖြစ်လျှင် လောကုတ္တရာတွင်လည်း နတ်တို့၏စည်းစိမ်ကို အတူတကွခံစားကြရမည်။ နောင်တော်သည် အနာဂတ်၌ ဘုရားဖြစ်ရန် ပါရမီဖြည့်နေသလို ညီတော်လည်း ထိုနည်းနှင့်နှင် အနာဂတ်တွင် ဘုရားဖြစ်ရန် ပါရမီဖြည့်နေပါသည်။ နောင်တော်သည် လက်ယာရံ အဂ္ဂသာဝကဖြစ်လျှင် ညီတော်သည် လက်ဝဲရံ အဂ္ဂသာဝကဖြစ်မည်။ နိဗ္ဗာန်ချမ်းသာကိုလည်း ငါတို့ မင်းညီနောင်နှစ်ပါးတို့သည် အတူတကွ တက်လှမ်းကြရမည်။ သည်ကို ညီတော်အောက်မေ့၍ နှူးညံ့ပျော့ပျောင်းသောစိတ်ထားလျက် နောင်တော်ထံ အရေးဆိုရခြင်းဖြစ်ပါသည်။ ညီတော်သည် လူငယ်ဖြစ်၍ စိတ်ကိုနှိမ့်ချထားသည်။ နောင်တော်မှာ လူကြီးဖြစ်ပြီး သည်မျှမာန်စောင်ကို တင်ထားသည်မှာမသင့်လျော်ပါ။ နောင်အနာဂတ်တွင် နောင်တော်အား အပြစ်မကျရောက်စေလို။ အကျိုးသာဖြစ်စေလိုသည်။ သို့ဖြစ်၍ နောင်တော်ထံ အကြောင်းကြားရခြင်း ဖြစ်ပေသည်"

www.burmeseclassic.com

www.burmeseclassic.com

ရာဇာဓိရာဇ်လည်း ဘုရင်မင်းခေါင်၏ ရာဇသံစာကိုရပြီးလျှင် အတိတ်အနာဂတ် အကြောင်းအရာများကို ဆင်ခြင်သဖြင့် မာန်မာနကို ခိုင်ခဲ့အောင် မထားနိုင်တော့ဘဲ သမာပဇ္ဇိပတ်ဘက်သို့ ယိမ်းညွှတ်၍ ပျော့ပျောင်းသောစိတ်များ ဝင်လာလေသောကြောင့် ဘုရင်မင်းခေါင်၏ တမန်တော်ကို မိန့်၏။

"အင်းဝပြည့်ရှင် ငါ့ညီတော်မင်းဆွေသည် လူငယ်ပင်ဖြစ်သော်လည်း လောကီလောကုတ္တရာအကျိုးကို သိမြင်သည်။ ငါသည် လူကြီးဖြစ်သော်လည်း အတိတ်အနာဂတ် အကျိုးတရားကို မသိသလို ဖြစ်တော့သည်။ ငါ့ညီတော် ဆိုခဲ့သည့်အရေးကို ငါဆန့်ကျင်ရန် အကြောင်းမရှိ။ ငါလိုက်နာတော့မည်"

ရာဇာဓိရာဇ် မိန့်ဆိုချက်ကိုကြားရလျှင် တမန်တော်လည်း ဝမ်းသာအားရစွာဖြင့် ဘုရင်မင်းခေါင်ထံ ပြန်၍လျှောက်ထားလေ၏။ ဘုရင်မင်းခေါင်လည်း ရာဇာဓိရာဇ်၏ စကားကိုကြားရလျှင် လွန်စွာ ဝမ်းသာပျော်ရွှင်၏။

ထိုအချိန်မှစ၍ မင်းဧကရာဇ်နှစ်ပါးတို့ ညီညွတ်ကြလေ၏။ အချင်းချင်း မင်းစေတမန်များ မပြတ်လွတ်ကြသည်။ လက်ဆောင်ပဏ္ဏာကာရများ အပြန်အလှန် ပို့ကြသည်။

တစ်နေ့သ၌ ဘုရင်မင်းခေါင်သည် မှူးမတ်သေနာပတိများနှင့် ဆွေးနွေး၏။ "သည်တစ်ကြိမ် ငါတို့စုန်ခဲ့သည်မှာ ရာဇာဓိရာဇ်၏ တပ်သုံးတပ်ကို ငါတို့ဖျက်ဆီးခဲ့သည်။ ဗိုလ်ပါများစွာ ငါတို့ရထားသည်။ သူတို့ကို ငါတို့ဖျက်ဆီးသည်မှာ ငါတို့တွင် အပြစ်ရှိသည်။ လူကြီးကို စိတ်မဖြစ်ပါစေနှင့်။ နောင်တော် ရာဇာဓိရာဇ်အား ငါကန်တော့သည့်အနေဖြင့် သရေစည်သူကို လက်ဆောင်ပစ္စည်းများနှင့်တကွစေမည်"ဟု မိန့်၍ မြင်းဆယ်စီး[၁] တွင် ရွှေကြိုး၊ ရွှေက၊ ရွှေကြယ်၊ ရွှေမျက်နှာဖုံးတို့ဖြင့်ဆင်၍ ကတ္တီပါခင်းနှီး၊ အဝတ်ပုဆိုးအုပ်လိုက်တို့ကို ဖမ်းထားသော မွန်သူရဲတစ်ထောင်တို့အား ကိုင်ဆောင်စေလျက် ရာဇာဓိရာဇ်ထံကူး၍ ပို့ဆက်စေ၏။ သရေစည်သူလည်း ရာဇာဓိရာဇ်ထံရောက်လျှင် –

"အင်းဝပြည့်ရှင် ဘုရင်မင်းခေါင်သည် စိတ်ဓာတ်ပျော့ပျောင်းနူးညံ့စွာဖြင့် အရှင်မင်းကြီးကို နောင်တော်အဖြစ်ထား၍ ကန်တော့ဖွယ် လက်ဆောင်ပဏ္ဏာများကို ပို့ဆက်ခဲ့ပါကြောင်း"ဟု လျှောက်ထား၏။

၁။ မြန်မာ့မူတွင် မြင်းတစ်ရာအနက် ရွှေကြိုးရွှေကနှင့် ဆယ်စီး၊ ဆင်မနှစ်စီး၊ တရုတ်ပုဆိုး၊ ခင်းနှီးတစ်တောင်၊ ဇိပ်ဗြနှင့်လိုက်ရသည့် လူခုနစ်ရာခန့်၊ လက်ဆောင်များကို လူတစ်ထောင် ကိုင်စေ၍ ဆက်သည်ဟု လာ၏။

www.burmeseclassic.com

www.burmeseclassic.com

ရာဇာဓိရာဇ်သည် လွန်စွာ ဝမ်းသာအားရတော်မူ၏။ သရေစည်သူကို သမိန်ဖြာဇ္ဈ နှင့်အတူထိုင်စေ၍ လက်ဆောင်များ ပေးတော်မူ၏။ ရာဇာဓိရာဇ်လည်း သမိန်ဖြာဇ္ဈကို သရေစည်သူနှင့်အတူ ဘုရင်မင်းခေါင်ထံ စေလွှတ်သည်။ တိုက်ဆင် ငါးစီး၊ ဆင်မ ငါးစီး၊ သက္ကလတ်၊ ကတ္တီပါ၊ ပုဆိုးကောင်း၊ အဝတ်ကောင်းများကို လူ-၁၅၀ထမ်းစေ၍ လက်ဆောင်တုံ့တော်မူ၏။

သမိန်ဖြဇ္ဈကူးလာသည်ကို ဘုရင်မင်းခေါင်မြင်လျှင် ကြို၍ ခေါ်တော်မူပြီး သရေစည်သူ၏ ရှေ့ဝယ် ထိုင်စေ၏။ ဟံသာဝတီပြည့်ရှင် ရာဇာဓိရာဇ်၏ သုခ ဒုက္ခသတင်းများကို မေးမြန်းတော်မူသဖြင့် ချမ်းသာသုခနှင့် ပြည့်စုံကြောင်းကို သမိန်ဖြာဇ္ဈ လျှောက်တင်၏။ ဘုရင်မင်းခေါင်လည်း လွန်စွာ ဝမ်းသာပျော်ရွှင်၏။ သမိန်ဖြာဇ္ဈအား ဆုလာဘ်အဖြစ် မြင်းသုံးစီး၊ လက်ကောက်၊ လက်စွပ်ဆယ်ခြည်မျှ ပေးတော်မူ၏။ သမိန်ဖြာဇ္ဈ၏အတွင်း ကိုယ်ဟန် လက်ဟန်ကိုမြင်လျှင် ဘုရင်မင်းခေါင်က "သမိန်ဖြာဇ္ဈသည် လက်ရေးနှုတ်ရေးလှသည်ဟု ငါကြားသည်နှင့် ညီသည်။ ဗိုလ်မှူးချုပ် ဖြစ်ထိုက်ပါပေသည်။ သမိန်ဖြာဇ္ဈသည် ဆင်ကျော့လည်း ကောင်းလှသည်ဟု ငါကြားသည်"ဟု အရယ်အမြူး အပြည်အသွယ်နှင့် မိန့်တော်မူ၏။ သမိန်ဖြာဇ္ဈကလည်း ရယ်မောလျက် "အကယ်၍ တောဆင်ရိုင်းရှိပါက အရှင်မင်းကြီးရှုစားရန် ကျွန်ုပ် ကျော့ပြလိုပါ၏။ ဆင်ယဉ်ကို ကျော့ပြ၍ ဘင့်တယ်ခြင်း ရှိမည်မဟုတ်ပါ"ဟု ပြန်လည်၍ ပြည်သွယ်၏။ ဘုရင်မင်းခေါင်က ဆက်လက်၍ "ငါ့ထံ သမိန်ဖြာဇ္ဈရောက်ရှိ၍ စကားပြောဆိုရသည်မှာ ငါနောင်တော် ဟံသာဝတီပြည့်ရှင် ရာဇာဓိရာဇ်နှင့် ပြောဆိုရသကဲ့သို့ ငါမှတ်တော့သည်"ဟု မိန့်တော်မူ၏။ ဗိုလ်မင်းဖြာဇ္ဈလည်း ဘုရင်မင်းခေါင်၏အမိန့်ကို နာခံပြီး ရာဇာဓိရာဇ်ထံ ပြန်လေ၏။

ဟံသာဝတီပြည့်ရှင် ရာဇာဓိရာဇ်နှင့် အင်းဝပြည့်ရှင် ဘုရင်မင်းခေါင်တို့ ချိန်းဆို ချက်အရ မင်းဇကာရာဇ်နှစ်ပါး တို့သည် မြသီတင်းဘုရား[1] ရင်ပြင်တော်တွင် အတူတကွ နေတော်မူ၍ သုခ ဒုက္ခတို့ကို ပြောဟောကြပြီး လျှင် သစ္စာပြုကြသည်။ ရာဇာဓိရာဇ်၏ အဝတ်တန်ဆာနှင့် ထီးဖြူကို ဘုရင်မင်းခေါင်အား ပေး၏။ ဘုရင်မင်းခေါင်၏ အဝတ်တန်ဆာ[2] နှင့် ထီးဖြူကို ရာဇာဓိရာဇ်အား ပေး၏။ ထိုသို့လဲလှယ်ပြီး နောက် နယ်မြေကို

၁။ မှန်နန်း၊ ဦးကုလားနှင့် သုသောဓိတ မဟာရာဇဝင် စာမျက်နှာ ၄၈၁တွင် ဆံတော်ရှင်ဘုရား သို့ လက်ဆွဲခြေငင် တက်တော်မူ၍ဟု ဆိုသဖြင့် ပြည်ရွှေဆံတော်ဘုရားကို မြသီတင်းဘုရားဟုလည်း ရှေးက ခေါ်ခဲ့သည်။

၂။ မြန်မာပေမူတွင် စားတော်ကွမ်းလောင်း ကွမ်းခွက်၊ ဆောင်းတော်မူသည့် ထီးဖြူကိုပေး၏ဟု လာသည်။

www.burmeseclassic.com

www.burmeseclassic.com

သတ်မှတ်ကြသည်။ မင်းဧကရာဇ်နှစ်ပါးတို့သည် ကျေနပ်နှစ်သိမ့်စွာ စိတ်ညီကြသည်။ အနောက်ဘက်တွင် ဗဒင်ရမွတောင်[၁] ကို မြေခြွေး၊ အညာကို အဝကျေး၊ အကြေကို ပဲခူးကျေး၊ အရှေ့ဘက်တွင် ကြဲလှာ[၂] ကို မြေခြွေး၊ အထက်မြန်မာနိုင်ငံ၊ အောက်ကို မွန်နိုင်ငံဟူ၍ သတ်မှတ်တော်မူကြသည်။ ထို့နောက် ရာဇာဓိရာဇ်က "တလည်းဆီးတွင် ဗာရာဏသီဟု ငါသမုတ်၍ထားသောတပ်ကို ငါထားခဲ့ပါရစေဦး။ ညီတော်စိတ်မလျင်ပါနှင့်၊ သဲသယမဖြစ်ပါစေနှင့်။ ပသို့ကြောင့်နည်းဟူမူ နောင်တော်သည် ပြည်ကိုယူရန် ဆန်လာသော်လည်း ပြည်ကိုမရ။ နဝင်းတွင်ထားသော တပ်သုံးတပ်လည်း ပျက်ချေသည်။ အသေအပျောက်များကြောင်း ထင်ရှားသည်။ အကယ်၍ ဗာရာဏသီတပ်ကိုနှတ်၍ ငါပြန်ခဲ့ပါမူ ဧကရာဇ်မင်းဖြစ်သူ နောင်တော်လည်း တပ်ပျက်၍ စစ်ရှုံးပြီး ပဲခူးသို့ ပြန်ခဲ့ရသလို ကျော်ကြားလေတော့မည်။ နိုင်ငံသားများကို နောင်တော်ရက်လှသည်။ နောင်အနည်းငယ် အားဆေးငြိမ်ဝပ်ပါမှ ဗာရာဏသီတပ်ကို နောင်တော်ရုပ်သိမ်း၍ ခေါ်ဆောင်ပါမည်"ဟု ခွင့်တောင်းသဖြင့် ဘုရင်မင်းခေါင်လည်း "ရပါသည်"ဟုမိန့်၍ ခွင့်ပြုတော်မူ၏။

ရာဇာဓိရာဇ်လည်း ဘုရင်မင်းခေါင်၏ ရိက္ခာလမ်းကြောင်းကို ဖြတ်တောက်ရန် အညာသို့ လွှတ်ထားသော လှေတပ်လေးရာတို့ကိုနှတ်၍ စုန်စေ၏။ ဘုရင်မင်းခေါင်လည်း စစ်နှတ်၍ အင်းဝသို့ ဆန်တော်မူ၏။ ရာဇာဓိရာဇ်သည် ဗာရာဏသီတပ်ကို တလည်းဆီး၌ တပ်မင်း၊ တပ်မှူး ဗိုလ်ပါအစုံအလင်ထားပြီး စစ်နှတ်၍ ဟံသာဝတီသို့ စုန်တော်မူ၏။

ရာမညတိုင်းကိုအစိုးရသော ရာဇာဓိရာဇ်သည် စစ်သူကြီးဖြစ်သော သမိန်ဗြာဇ္ဈ၊ အမတ်ဒိန်မဏိရွတ်တို့ကိုခေါ်၍ မိန့်၏။ "ရတနာပူရအဝင်ပြည်ကြီးသည် အလုံးအရင်းဆင်မြင်းများလှသည်။ အသက်ကိုစွန့်၍ အမှုထမ်းသော မြို့စား၊ ပြစား၊ မှူးကောင်းမတ်ကောင်းလည်း များလှသည်။ ပညာအမြော်အမြင်နှင့် ပြည့်စုံသော အမတ်လည်း များလှသည်။ နောက်နောင် ငါမရှိသော် သားတော်အစဉ်၊ မြေးတော်အဆက်၊ မြစ်တော်အညွှန့်တို့သည် အမှုများရစ်လေတော့မည်။ ယင်းသို့ဖြစ်သောကြောင့် ငါသည် ရွှေနန်းသခင် ဘုရင်မင်းခေါင်နှင့် အမျိုးအနွယ်ဆက်ရသည်ဖြစ်မှ ရှေ့သို့ ပြည်ထောင်မင်းနှစ်ပါးတို့သည် ရွှေတစ်ပြားတည်းကဲ့သို့ အခြားမမြင် ဖြစ်ရာသည်"

၁။ မြန်မာပေမူတွင် တပင်တရောင် ဟု ဆို၏။

၂။ မြန်မာပေမူတွင် သမကာ၊ ပုံနှိပ်မူတွင် သပကာ၊ မှန်နန်းနှင့် ဦးကုလားကွင်း ဆပကာ ဟု ပြ၏။

www.burmeseclassic.com

www.burmeseclassic.com

အမတ်ကြီးနှစ်ပါးတို့ကလည်း "သည်အရေးသည် သင့်လှသည်"ဟူ၍ နားတော်လျှောက်ကြ၏။ ရာဇာဓိရာဇ်လည်း ရာဇသံစာရေး၏။

"ရာမညတိုင်း ဘုရင်ရာဇာဓိရာဇ် ကြားရောက်အပ်သော အင်းဝရွှေနန်းသခင် ဘုရင်မင်းခေါင်။ ငါတို့ မင်းဇကရာဇ်ညီနောင်နှစ်ပါး ချစ်ကြည်၍ မြေကြီးအထုနှင့်တူသော ဆင်လုံး၊ မြင်းရင်းဗိုလ်ပါ သူရဲသူခက်များနှင့် လုပ်ကြံကြရသော် ဓမ္မဒီပ်မြေပြင်ရှိ ပြည်ထောင်မင်းတို့သည် ငါတို့၏ လက်နက်နိုင်ငံချည်း ဖြစ်လေရာသည်။ ငါတို့ပြည်ထောင်ချင်း မင်းနှစ်ပါးတို့သည် ဒေဝဒဟ၊ ကပိလမြို့ကဲ့သို့ အစဉ်ရှည်စွာ ဖြစ်စေချင်သည်။ ငါ့သမီးတော် တလမေကျော်သည် ရွှေနန်းသခင်၏ အပါးတော်ဝယ် ရှိလေပြီးသည်။ "အချစ်တော်ကို နမတော်မင်းလှမြတ်"နှင့် စုံဖက်တော်မူလျှင် တိုက်ဆင် ၃၀နှင့် ပုသိမ်သင်္ဘောဆိပ်အကောက်ခွန်ကို နှစ်စဉ် အင်းဝသို့ ဆက်သွင်းပါမည်"[၁]

အမတ်ဒိန်မဏိရွတ်လည်း လူသုံးထောင်ကျော်နှင့် လက်ဆောင်တော်များကိုယူ၍ အင်းဝရွှေနန်းသခင် ခြေတော်ရင်းသို့ သွားရောက်ရလေ၏။

ဘုရင်မင်းခေါင်လည်း အမတ်ဒိန်ထံမှ ရာဇသံစာနှင့် ပါးလိုက်သော ပဏ္ဏာကာရတို့ကို ရလျှင် မင်းရာဇာအစရှိသော မှူးမတ်များနှင့် တိုင်ပင်တော်မူ၏။ အမတ်ဒိန်အား ဆုလာဘ်များပေး၍ လွှတ်၏။ ယင်းသောအခါ မင်းရာဇာသည် ဗြဟ္မဒတ်မင်းထုံးကို နှလုံးသွင်းသင့်ကြောင်း နားတော်လျှောက်၏။ ဗြဟ္မဒတ်မင်းသည် သမီးတော် သမုဒ္ဒရာအား နဂါးမင်းနှင့်စုံဖက်၍ ကျွန်ပြုပုံကို ဘုရင်မင်းခေါင်ကြားရလျှင် "ရာဇာဓိရာဇ်လျှောက်သည်ကို အရေးအရာပြီးလျှင် ငါသူကောင်းပြုမည်။ မင်းရာဇာသွား၍ အရေးအရာပြီးအောင်ဆိုချေ"ဟု မိန့်တော်မူ၏။ ရာဇသံစာတွင် –

"ရွှေနန်းသခင် ဘုရင်မင်းခေါင် ကြားရောက်အပ်သော ဟံသာဝတီပြည့်ရှင် ဘုရင်ရာဇာဓိရာဇ်။ နောင်တော်အား သူကောင်းပြုပါဟူ၍ လျှောက်ထားရာမှာ ငါ့သစ္စာတော်ခံ၍ အမှုကိုထမ်းလျှင် ငါသူကောင်းပြုရပေမည်။ ငါ့အမတ်မင်းရာဇာနှင့် အရေးအရာဆို၍ပြီးမှ နောင်တော်လျှောက်ရင်းအတိုင်း ငါသူကောင်းပြုသာမည်"[၂]

၁။ ဦးကုလားရာဇဝင်၊ မှန်နန်း၊ သုသောဓိတမဟာရာဇဝင်နှင့် ရာဇဝင်သံခိပ်တို့၌လည်း သည်အတိုင်းပါရှိသည်။

၂။ ဦးကုလားရာဇဝင်၊ မှန်နန်း၊ သုသောဓိတမဟာရာဇဝင်များ၌လည်း ဖော်ပြကြသည်။

www.burmeseclassic.com

www.burmeseclassic.com

မင်းရာဇာလည်း ရာဇသံစာနှင့် လက်ဆောင်များကိုယူ၍ လူသုံးထောင်ကျော်နှင့် ဟံသာဝတီသို့ သွားရောက်ရလေ၏။ ရောက်လျှင် ရာဇာဓိရာဇ်သည် အမတ်ဒိန်၊ သမိန်ဗြာဇ္ဇတို့နှင့် တိုင်ပင်၏။ "ကောလိယမြို့မှာ တန်ဆောင်းသုံးဆောင် ဆောက်စေမည်။ လက်ထပ်မင်္ဂလာနန်း တည်စေမည်။ မွန်အမတ်ကြီးကတော် လေးယောက်တို့အား အဆောင်အယောင် ကျင်းပစေရန် အခွေအရံအများနှင့် မင်းရာဇာအပြန်တွင် ထည့်လိုက်မည်"ဟု မိန့်၏။ မင်းရာဇာအပြန်တွင် ရာဇာဓိရာဇ်ပါးလိုက်သော လက်ဆောင်များကား ဆင်မယဉ်သာရွှေကြိုး ရွှေကနှင့် ဆယ်စီး၊ ပုဆိုးကောင်း၊ သက္ကလတ်၊ ကရက်ခါသာ၊ နံ့သာ၊ ကရမက်၊ အကျော်၊ နှင်းရည်ပေါင်း၊ ငါးကြီးအန်ဖတ်၊ ငရုတ်၊ ကွမ်းသီးနှင့် ပရဆေးများဖြစ်သည်[၁]။

မင်းရာဇာသည် အင်းဝသို့ပြန်၍ အရေးအရာပြီးကြောင်း လျှောက်လျှင် ဘုရင် မင်းခေါင်သည် နမတော် မင်းလှမြတ်အား ဦးဆေးမင်္ဂလာ ပြုစေပြီးသော် သုပဘာဒေဝီ ဟူသော အမည်ကို သမုတ်တော်မူ၏။ မိဖုရားကြီးတို့၏ အဆောင်အယောင်အကုန်နှင့် ကိုယ်လုပ်တော် သုံးကျိပ်ပေး၏။ အထိန်းတော်အဖြစ် လက်ယာကြီးကတော်ကို ခန့်တော်မူ၏။ ကြပ်မတ်စုံဖက်ရသော အမတ်ကြီးများကား ပခန်းတရဖျား တစ်တပ်၊ တောင်တွင်းသီဟပတေ့ တစ်တပ်၊ ပေါက်မြိုင်စည်သူ တစ်တပ်၊ တလုပ်ရာဇာသူ တစ်တပ်၊ ပုဂံဥနာ တစ်တပ်၊ တောင်ငူမင်းနေမိ တစ်တပ်၊ မင်းရာဇာ တစ်တပ်၊ ကတော်ကြီး တစ်ကျိပ်ခန့်ဖြစ်သည်။ မင်းလှမြတ်ကိုလည်း မိဖုရားကြီးတို့စီးသောဝေါကို ပေးတော်မူ၏။ ပါသော ဆင်လုံး၊ မြင်း ရင်းကား တိုက်ဆင်နှစ်ရာ၊ မြင်းသုံးထောင့်ငါးရာ၊ စစ်သည်သူရဲ ခုနစ်သောင်း ဖြစ်သည်။[၂]

ကောလိယသို့ရောက်လျှင် ဆောက်လုပ်ထားသော လက်ထပ်မင်္ဂလာနန်းထက်တွင် သုပဘာဒေဝီဘွဲ့ခံ မင်းလှမြတ်ကို နေစေ၍ တပ်များကို အစဉ်အတိုင်းချ၍ စည်းကြပ်လျက်နေလေသည်။

ရာဇာဓိရာဇ်လည်း ဆင်းလုံးမြင်းရင်း ဗိုလ်ပါတစ်သိန်းကျော်ခန့်နှင့် ချီလာ၏။ ရောက်လျှင် အမတ်ကြီးငါးပါး ကြပ်မတ်လျက် မင်္ဂလာပွဲကျင်းပ၍ စုံဖက်တော်မူ၏။ လက်ထပ်မင်္ဂလာအခမ်းအနားပြီးလျှင် မြန်မာအမတ်များကို ရာဇာဓိရာဇ်က ဆုလာဘ်များစွာချီးမြှင့်တော်မူ၏။ မြန်မာအမတ် ၆ ယောက်နှင့် တပ်များကို အင်းဝသို့ ပြန်လွှတ်၏။

၁။ ဦးကုလားရာဇဝင် စာမျက်နှာ ၄၂၀နှင့် မှန်နန်း၊ သုသောဓိတ မဟာရာဇဝင်များလည်း ဖော်ပြကြသည်။

၂။ ဦးကုလားရာဇဝင် ပထမတွဲ စာမျက်နှာ ၄၂၁နှင့် မှန်နန်း၊ သုသောဓိတမဟာရာဇဝင်နှင့် ရာဇဝင်သံခိပ်တို့၌လည်း ဖော်ပြပါရှိသည်။

www.burmeseclassic.com

www.burmeseclassic.com

မင်းရာဇာနှင့် ကတော်ကြီး တစ်ကျိပ်ကိုမူကား ဟံသာဝတီသို့ ခေါ်တော်မူ၏။ ရာဇာဓိရာဇ်သည် ဟံသာဝတီသို့ရောက်လျှင် မြန်မာအမတ်ပညာရှိ မင်းရာဇာနှင့် မွန်အမတ်ပညာရှိ အမတ်ဒိန်မဏိရွတ်တို့အား အထူးထူးသော ပုံစံနည်းနာ စကားတို့ကို ပြောဟောစေ၏။ မင်းရာဇာလျှောက်သော မင်းကျင့်တရားများ၊ သူတော်ကောင်းကျင့်ဝတ်နှင့် မင်းမိဖုရားတို့၏ ကျင့်ဝတ်များကို ကြားရလျှင် ရာဇာဓိရာဇ်သည် အားပါးရတော်မူ၏။ မင်းရာဇာအား ဆုလာဘ်များစွာ ပေးတော်မူ၏။ မွန်အမတ်သမီးတစ်ယောက်ကိုလည်း မင်းရာဇာအား ပေးစားတော်မူ၏။ ထိုမွန်အမတ်သမီးနှင့် မင်းရာဇာတို့သင့်၍ ပဒုံစောရစ်ကို မြင်သည်။ မင်းရာဇာအား ဟံသာဝတီ၌ ငါးလကြာ ထားတော်မူပြီးမှ ဆုလာဘ်လက်ဆောင် ပဏ္ဏာကာရ များစွာပေး၍ အင်းဝသို့ ပြန်လွှတ်တော်မူသည်။[၁]

ထိုအခါမှစ၍ အင်းဝနှင့် ဟံသာဝတီ နှစ်ပြည်ထောင်မင်းနှစ်ပါးတို့သည် ရွှေတစ်ပြားတည်းကဲ့သို့ မီးမသေရေမနောက်၊ ချစ်ကြည်လေးမြတ်သော မိတ်ခင်ပွန်းများ ဖြစ်ကြသည်။ ရာဇာဓိရာဇ်သည် တိုက်ဆင်အစီးသုံးဆယ်နှင့် ပုသိမ်သင်္ဘောဆိပ် အကောက်ခွန်များကို နှစ်စဉ်မပြတ် အင်းဝသို့ ဆက်တော်မူ၏။

အင်းဝတွင် ဘုရင်မင်းခေါင်သည် ညီတော် ရှင်သိဒ္ဓတ်အား မျက်၍ အကျဉ်းချတော်မူ၏။ နောင်သော် မင်းရာဇာ၏ လျှောက်ထားချက်အရ ညီတော်ကို နောင်အိမ်မှ လွှတ်တော်မူ၏။ စစ်ကိုင်းစား ညီတော် ရှင်သိဒ္ဓတ်လည်း နောင်အိမ်မှလွှတ်လျှင် ယောက်ဖတော်ဖြစ်သော ဟံသာဝတီပြည့်ရှင် ရာဇာဓိရာဇ်ထံ ပြေးလေ၏။ ရာဇာဓိရာဇ်လည်း ရှင်သိဒ္ဓတ်ရောက်လျှင် ဝမ်းသာအား၍ ကြီးစွာသောအဆောင်အယောင်နှင့်တကွ မြို့ကြီးပြကြီးပေးပြီး စားစေ၏။[၂]

တစ်နေ့သ၌ ဘုရင်မင်းခေါင်သည် မှူးမတ်သေနာပတိများနှင့် ဆွေးနွေးတိုင်ပင်တော်မူ၏။ "တလည်းဆီးတွင် မွန်တပ်တွေ ရှိသေးသလော။ စုန်ပြီးလော"ဟု မေးတော်မူ၏။ အမတ်ကြီးများက "တလည်းဆီးတွင် ဗာရာဏသီတပ်ဖွဲ့ကို ယနေ့တိုင် ရာဇာဓိရာဇ်မနုတ်သိမ်းသေးကြောင်းပါဘုရား"ဟု လျှောက်ထားကြလေ၏။ ဘုရင်မင်းခေါင်ကြားလျှင် မီးကဲ့သို့ အမျက်ထွက်၏။ "ရာဇာဓိရာဇ်သည် ငါနှင့် သစ္စာပြုခဲ့သည်။ ဗဒင်ရမှု

၁။ ဦးကုလားရာဇဝင် ပထမတွဲ စာမျက်နှာ ၄၂၁နှင့် မှန်နန်း၊ သုသောဓိတ မဟာရာဇဝင်နှင့် ရာဇဝင်သံခိပ်တို့၌လည်း ဖော်ပြပါရှိသည်။

၂။ ဦးကုလား ပထမတွဲ စာမျက်နှာ ၄၂၅နှင့် မှန်နန်းနှင့် မဟာရာဇဝင်တို့၌လည်း ပါရှိသည်။ မြန်မာပေမူ ရာဇာဓိရာဇ်အရေးတော်ပုံတွင် အင်းဝမှ ဇင်းမယ်သို့စေသည့် ရာဇသံစာ၌ ဤအချက်ကို ဖော်ပြသည်။

www.burmeseclassic.com

www.burmeseclassic.com

တောင်ကို မြေခြားထားခဲ့ပြီးသည်ဖြစ်၍ တလည်းဆီးသည် ငါတို့ကျေးဖြစ်သည်။ ငါ့နိုင်ငံမှာ သူထားခဲ့သည့်တပ်ကို မရပ်သေးဘဲ ယနေ့အထိနေသည်မှာ ငါ့စွာကို သူ့ဥစ္စာပြုသည်မဟုတ်လော။ ရာဇာဓိရာဇ်သည် သစ္စာမမြဲ။ ငါတို့ကို သစ္စာဖျက်ခဲ့ပြီ။ ငါသည် ရခိုင်ကို အလျင်ချီမည်။ ထို့နောက် ဗန်းမော်ရှမ်းကို ချီဦးမည်။ သည်မြို့များကို ရပြီးမှ ဟံသာဝတီကိုစုန်၍ လုပ်ကြံမည်။ သို့သော် ငါတို့နိုင်ငံတွင် မည်ညွတ်သေး။ အချို့မြို့ရွာတို့တွင် ပုန်စားနေသူတွေလည်း ရှိသေးသည်။ ငါတို့၏အင်အားမှာ စစ်မျက်နှာတစ်ခုတည်းသာ။ ဇင်းမယ်မင်းထံစာစေ၍ စုန်စေလျှင် စစ်မျက်နှာနှစ်ဖက်ဖြင့် ဟံသာဝတီကို ညှပ်ပြီး တိုက်ခိုက်ပါက လွယ်ကာသာရမည်။ မှူးမတ်များ ပသို့မြင်သနည်း"

ဟု မေးတော်မူ၏။ မှူးမတ်များကလည်း "အမိန့်တော်အတိုင်းပါဘုရား"ဟု လျှောက်ထား လျှင် ဇင်းမယ်မင်းသို့စာစီ၍ ပဏ္ဏာကာရနှင့်တကွ ပို့ဆက်စေ၏။ စာတွင်–

"ရတနာပူရအင်းဝရွှေနန်းရှင်၊ ညီတော်ဖြစ်သူ ဘုရင်မင်းခေါင်က နောင်တော်ဖြစ်သူ ဇင်းမယ်မင်းစောမဟာရာဇ်ထံ ကြားရောက်အပ်ပါသည်။ ကျွန်ုပ်၏ခမည်းတော် ဘုရင် မင်းကြီးစွာစော်ကဲ နတ်ရွာစံပြီး သားဖြစ်သူ ကျွန်ုပ်သည် ခမည်းတော်၏အရိုက်အရာကိုခံ၍ အင်းဝနန်းစည်းစိမ်ကို စံစားပါသည်။ မြို့ရွာများမည်မည္ဟုတ်ခင် ဟံသာဝတီပြည့်ရှင် ရာဇာဓိရာဇ်သည် ကျွန်ုပ်အား အထင်သေး၍ အနိုင်အထက်ပြုပြီး ဗိုလ်ပါအင်အား ကြီးမားစွာဖြင့် အင်းဝသို့ ဆန်ခဲ့သည်။ မြို့ရွာများကို ဖျက်ဆီးခဲ့သည်။ ဆူပူလှုပ်ရှားစေသည်။ သို့သော်လည်း ကျွန်ုပ်သည် ရန်စစ်မပြုဘဲ သည်းခံခဲ့ပါသည်။ နောင်သော် ကျွန်ုပ်သည် နိုင်ငံတွင်းရှိ ဆူပူသောမြို့ရွာများကို နှိမ်နင်းရန် စုန်ဆင်းသောအခါ နယ်ခြားတွင် ရာဇာဓိရာဇ်နှင့် တွေ့ဆုံသည်။ စမ္မခဏ်အခင်းတစ်ခုတည်း၌ ကျွန်ုပ်တို့ မင်းနှစ်ပါးထိုင်၍ သစ္စာပြုခဲ့ကြသည်။ နှစ်နိုင်ငံ၏ နယ်မြေကျေးစွန်များကို သတ်မှတ်ခဲ့ကြသည်။ နှစ်ဦးနှစ်ဖက်စိတ်ညီ၍ နယ်ခြားကို သတ်မှတ်ခဲ့သည်။ ရာဇာဓိရာဇ်သည် မြသီတင်းခေါ် ပြည်ဆဲတော်ရှင်ဘုရားရှေ့ဝယ် ကျွန်ုပ်နှင့်ထားခဲ့သည့် သစ္စာကိုဖျက်သည်။ ကျွန်ုပ်နိုင်ငံနယ်မြေကို သူ့နိုင်ငံ နယ်မြေပြု၍ အနိုင်အထက် လုယူသည်။ သို့ဖြစ်၍ ကျွန်ုပ်သည် နေ့စဉ်မပြတ် စိတ်ပူပင်သောက ဖြစ်နေရပါသည်။ အိပ်၍မပျော်၊ နေ၍လည်းမချမ်းသာ။ ဟံသာဝတီကို စုန်၍ တိုက်ခိုက်ရန်မှာလည်း ကျွန်ုပ်နိုင်ငံဖြစ်သော ရခိုင်နှင့် ဗန်းမော် ရှမ်းမြို့များမှာ မငြိမ်ဝပ်သေး။ ထိုမြို့များကို ညီညွတ်ငြိမ်ဝပ်အောင် နှိမ်နင်းပြီးသောအခါမှ ဟံသာဝတီသို့ဆင်း၍ လုပ်ကြံမည်။ အလားတူစစ်မျက်နှာတစ်ဖက်တည်းဆိုလျှင် ဟံသာဝတီကို ရရန် ကြာချေမည်။ ကျွန်ုပ်အား

www.burmeseclassic.com

www.burmeseclassic.com

ကူညီရန် ဧင်းမယ်မင်းလည်း စစ်တောင်းသို့ ချီလာပါ။ ကျွန်ုပ်တို့နှစ်ဖက်ညှပ်၍ လုပ်ကြံပါက ဟံသာဝတီပြည်ကို လျင်မြန်စွာ အလွယ်တကူရချေမည်။ မွန်နိုင်ငံကို အောင်မြင်ပြီးသော် ဆင်ကောင်း၊ မြင်းကောင်း၊ မိန်းမချော၊ မိန်းမလှ၊ စိန်ကျောက် ပတ္တမြား၊ ပုလဲရတနာစသော အဖိုးထိုက် အဖိုးတန် ဥစ္စာမှန်သရွေ့ကို နောင်တော်စိတ်တိုင်းကျအောင် ညီတော်ဆက်သပါမည်။ တစ်နည်းဆိုရလျှင်လည်း အင်းဝနှင့် ဧင်းမယ်ကို ရွှေလမ်း၊ ငွေလမ်း ပေါက်စေလိုသည်။ အချင်းချင်း မင်းစေတမန် မပြတ်လပ်စေလိုပါ။ အင်းဝစစ်သည် ဧင်းမယ်စစ်၊ ဧင်းမယ်စစ်သည် အင်းဝစစ်ဟူ၍ နှစ်ပြည်ထောင်ကို မဟာမိတ်အဖြစ် အခွန့်ရှည်စွာ တည်တံ့စေလိုပါသည်။ သည်အကြောင်းများကို နောင်တော်သိရှိပါရန် ညီတော်က ရိုသေလေးမြတ်စွာ အကြောင်းကြားအပ်ပါသည်"

ယင်းစာနှင့် ပဏ္ဏာလက်ဆောင်များကို တမန် ဆယ့်နှစ်ယောက်[၁] လက်သို့အပ်၍ ဧင်းမယ်မင်း စောမဟာရာဇ်ထံသို့ စေတော်မူ၏။ ဘုရင်မင်းခေါင်လည်း ဗိုလ်ပါအလုံးအရင်းဖြင့် ရခိုင်သို့ ချီတော်မူ၏။

တမန်တော် ၁၂ ယောက်တို့သည် အမိန့်အတိုင်း ဧင်းမယ်သို့ သွားကြလေ၏။ လမ်းခရီးတွင် မွန်ကင်းသမားများက ၎င်းတို့အား မသင်္ကာ၍ ဖမ်းဆီးကာ သန်လျင်[၂] စား သမိန်ငါးခွင်ထဲ အပ်၏။ ဧင်းမယ်မင်းစောမဟာရာဇ်ထံ ရာဇသံစာဆက်ရန်ဖြစ်ကြောင်း သိရလျှင် တမန်များနှင့် ရာဇသံစာကို ဟံသာဝတီသို့ ပို့ဆက်လေ၏။ ရာဇာဓိရာဇ်လည်း ရာဇသံစာကို ဖောက်၍ ဖတ်စေသည်။ ရာဇာဓိရာဇ်သည် တမန်တော်များအား စစ်ဆေးစေသည်။ ရာဇသံစာကို ဖတ်ပြီးလျှင် "ဘုရင်မင်းခေါင် သစ္စာဖျက်သည်။ ငါ့ကိုလုပ်ကြံရန် ဧင်းမယ်မင်းစောမဟာရာဇ်ထံ စစ်ကူတောင်းသည်"ဟု မိန့်ပြီး ဆင်ခြင်၏။ "တမန် ၁၂ ယောက်တို့အား ငါလွှတ်ပါက ဧင်းမယ်မင်းကို ဘုရင်မင်းခေါင်သည် ရာဇသံအသစ်တွေ့ ထပ်စေဦးမည်ပင်။ မြန်မာနှင့် လော စစ်အင်အားနှစ်ရပ်ပေါင်းမိလျှင် ငါတို့ခံနိုင်ရန် ခက်ခဲမည်။ သူတို့ကို အနိုင်ရဖို့ခက်မည်။ သူ့စစ်အင်အားနည်းအောင် ပြုမှု တော်မည်။ တမန် ၁၂ ယောက်လည်း ပြန်မရောက်၊ ဧင်းမယ်စစ်ကူလည်း မပေါ်

၁။ မြန်မာပေမူတွင် မြင်းသုံးဆယ်သားကို စေ၏ဟု လာ၏။

၂။ မြန်မာပေမူတွင် စရပ်စားဟု လာ၏။ ဦးကုလားမြန်မာရာဇဝင်တွင် တောင်ငူကြောင်း စေ၏။ လမ်းမှား၍ မွန်ပြည် စရပ်မြို့ကျေးသို့ကျသည်။ စရပ်မြို့စားက ဖမ်း၍ ရာဇာဓိရာဇ်ထံ ဆက်သည်ဟု လာ၏။

www.burmeseclassic.com

www.burmeseclassic.com

ပေါက်အောင် ပြုရမည်။ သူ့တမန်တို့ကို ငါတို့ရသည့်အကြောင်း ပြင်ပသို့ မပေါက်ကြား စေနှင့် ။ ဧင်းမယ်စစ်ကူကို သံသယရှိရှိဖြင့် ဘုရင်မင်းခေါင် မျှော်နေပါစေ"ဟု ကြံ၍ တမန် ၁၂ ယောက်တို့အား ကွပ်စေ၏။

"ရာဇသံစာ၌ ပါရှိသည့်အတိုင်း ဘုရင်မင်းခေါင်သည် ရခိုင်နှင့် ဗန်းမော်ရှမ်းသို့ ချီပြီးမှ ဟံသာဝတီသို့ စုန်မည်ဟုဆိုသည်။ ယခု ရခိုင်ကို တိုက်ပြီးပြီလော"ဟူ၍ ခြေလျင်သူရဲတို့အား အင်းဝသို့ ထောက်လှမ်းစေတော်မူ၏။ ဘုရင်မင်းခေါင်သည် ရခိုင်သို့ ချီသွားကြောင်းကို သတင်းရလျှင် ရာဇာဓိရာဇ်သည် စစ်သည်ဗိုလ်ပါများစွာနှင့် ပုသိမ်သို့ ချီသည်။ ဘုရင်မင်းခေါင်၏ အပြန်ခရီးကို ဖြတ်တိုက်မည်ကြံ၏။

ဘုရင်မင်းခေါင်သည် ရခိုင်မြို့ကိုလုပ်ကြံလျှင် ရခိုင်စား မခံနိုင်၍ ဖငါမြို့[၁] သို့ ပြေးသည်။ ရခိုင်စား၏သား နရမိတ်လှသည် ဗိုလ်ပါတစ်ထောင်လောက်စုမိ၍ ပစ္စည်း ဥစ္စာ၊ ရွှေ၊ ငွေရတနာများကို ဆင်မြင်းထက်တင်ပြီး သံတွဲသို့ ပြေးလေ၏။ ရခိုင်မြို့[၂] ကို ဘုရင်မင်းခေါင်ရလျှင် သမက်တော် ကာမဏီအား အစောင့်ထားသည်။ သံတွဲသို့ပြေးသော နရမိတ်လှတို့ကိုလည်း ရအောင်လိုက်၍ ဖမ်းစေရန် မိန့်၏။ ဘုရင်မင်းခေါင်သည် ရခိုင်မြို့မှ ဗန်းမော်ရှမ်းသို့ အမြန်ချီသည်။ လာလမ်း[၃] က မပြန်သဖြင့် ရာဇာဓိရာဇ်နှင့် မဆုံကြပေ။ ရခိုင်မြို့တွင် ကာမဏီ[၄] နှင့် ဘုရင်မင်းခေါင်၏သမီးတော် စောပြည့်ချမ်းသာ နေကြသည်။ ဘုရင်မင်းခေါင်သည် ဗန်းမော်ရှမ်းကိုရပြီး သုံ့ပန်းရသမျှ ဖမ်းယူစေ၏။ ဗန်းမော်တွင် ဗိုလ်ပါများအား အနားယူစေ၍ အင်းဝသို့ မပြန်ဘဲနေ၏။

သံတွဲ၌ရှိသော ရခိုင်မင်း၏သားတော် နရမိတ်လှသည် သံတွဲ၌ မနေဝံ့။ ပုသိမ်၌ ရာဇာဓိရာဇ်ရှိသည်ကိုကြားလျှင် ပုသိမ်သို့ကူး၍ ရာဇာဓိရာဇ်ထံ ခစားသည်။ အကူအညီလို၍ ခစားလာသော နရမိတ်လှကိုမြင်လျှင် "သူ့သား ငါ့သားမဟူ။ သည့်နယ်ချည်းဖြစ်တော့သည်"ဟု ဆင်ခြင်၍ "မင်း မကြောင့်ကြ မစိုးရိမ်နှင့်တော့။ မင်း ငါထံကူးလာ၍ မင်းကိုယ်ကို ငါ့အား အပ်သဖြင့် ငါလက်ခံတာဝန်ယူသည်။ မင်းအဖ၏အရိုက်အရာ ရခိုင်မြို့ကို ငါလုပ်ကြံ၍ပေးမည်"ဟု နရမိတ်လှအား မိန့်၏။ နရမိတ်လှအားလည်း ထိုက်သင့်သလို ဆုလာဘ် ပေးတော်မူ၏။

၁။ မြန်မာပေမူတွင် ကုလားပင်ကာပြည်သို့ ပြေး၏ဟု လာ၏။

၂။ ရခိုင်ကိုမင်းပြုသော ထောရာကြီးကို ဘုရင်မင်းခေါင်ကွပ်၍ သမက်တော် အနော်ရထာမင်းစော (ကာမဏီ)ကို နန်းတင်၏။ ထောရာကြီး၏သား နရမိတ်လှမူကား ရခိုင်ပျက်၍ ရာဇာဓိရာဇ်ထံ ဝင်လာ၏ ဟု ဦးကုလားရာဇဝင် စာမျက်နှာ ၄၂၆၌ ဆိုသည်။

၃။ အင်းဝမှ မြစ်ကြောင်းစုန်၍ ရခိုင်သို့ချီပြီး ရခိုင်မှဗန်းမော်သို့ ကုန်းလမ်းချီသည်ဟု တွေးရသည်။ ပုသိမ်တွင် ဖြတ်တိုက်ရန် ရာဇာဓိရာဇ်ချီသည်ဟုဆို၍ မြစ်ကြောင်းစုန်ကြောင်း ထင်သည်။

၄။ မွန်ဘာသာတွင် ကာမူဏီနှင့် စ ဖြေဝ်ဇွာ၊ စ ပြေဆွာဟု ရေးသည်။

www.burmeseclassic.com

www.burmeseclassic.com

ထို့နောက် ရခိုင်ကိုလုပ်ကြံရန် တပ်ကြီးနှစ်တပ် ဖွဲ့စည်းတော်မူသည်။ ပထမတပ်တွင် သမိန်ဗိုက်ညတ်(ဗိုတ်ညာတ်)ကို တပ်မှူး။ သမိန်သံလွှစ်(သာံလှောက်)နှင့် သမိန်သံကြယ်(သာံကြာယ်)တို့ကို စစ်ကဲအဖြစ်ခန့်၍ ဗိုလ်ပါသူရဲ ငါးထောင်ပေးသည်။ ဒုတိယ တပ်တွင် သမိန်ငေါ့ခွင်(ငဝ်ခွင်)ကို တပ်မှူး။ သမိန်လောက်နီရဲ(လိုက်နီရာ)နှင့် သမိန် ဓိပ်ဂေါင်သီရိ(ဓိပ်ဂံင်သီရိ)တို့ကို စစ်ကဲခန့်၍ ဗိုလ်ပါသူရဲ ငါးထောင်ပေးသည်။ နှစ်တပ် ပေါင်းသော် တစ်သောင်း။ ဆင်မြင်းများစွာဖြင့် ချီစေသည်။ နရမိတ်လှကိုလည်း ဗိုလ်ပါများနှင့် လိုက်ပါစေသည်။ ရခိုင်ကိုရလျှင် နရမိတ်လှအား နန်းတင်၍ ထီးဖြူကိုလည်း ပေးလိုက်မည်ဖြစ်ကြောင်း တပ်မှူးများအား မှာသည်ကား "သံတွဲရောက်လျှင် တိုက်ခိုက်ဖျက်ဆီးခြင်းမပြုနှင့်ဦး၊ ငါတို့သခင်ရာဇာဓိရာဇ်သည် ဗိုလ်ပါအင်အား အလုံးအရင်းဖြင့် ချီလာသည်။ ပုသိမ်၌ တပ်တည်နေသည်။ ရခိုင်မြို့ကို လုပ်ကြံမည်။ ရလျှင် မင်းတို့သခင့်သားတော် နရမိတ်လှထံ ကျွန်ခံလိုပါက ကောင်းမွန်စွာ ထွက်ကြိုလှည့်ပါ။ သို့မဟုတ်လျှင် ငါတို့ တိုက်ခိုက်ဖျက်ဆီးရမည်ဟု အရေးဆိုပါ။ ဘုရင်မင်းခေါင် အစောင့်ထားသော တပ်မင်းတွေကို မသိစေနှင့်။ သို့ဖြစ်လျှင် သံတွဲသားတွေ မနေဝံ့ဘဲ ထွက်ကြိုလိမ့်မည်။ ထိုအခါ သံတွဲကို အလွယ်တကူရမည်။ သံတွဲရပြီးလျှင် ရခိုင်မြို့ကိုလည်း လွယ်ကာသာရမည်"

သမိန်ဗိုက်ညတ်နှင့် သမိန်ငေါ့ခွင်တို့လည်း သူ့ရှင်၏ အမိန့်ညွှန်ကြားချက်အရ နရမိတ်လှအား ခေါ်၍ သံတွဲသို့ချီလေ၏။ သူ့ရှင်မှာသည့်အတိုင်း အရေးဆိုကြလျှင် သံတွဲ သားများသည် မွန်စစ်တပ် အင်အားကြီးမားစွာကို ခေါ်ဆောင်ခဲ့သည့် မိမိတို့သခင်၏ သားတော် နရမိတ်လှထံ ထွက်ကြိုကြသည်။ ၎င်းတို့ကို နရမိတ်လှက ဆုလာဘ်များ ချီးမြှင့်သည်။ သံတွဲရှိ ဘုရင်မင်းခေါင်၏လူများလည်း ကြောက်ရွံ့သဖြင့် သံတွဲမှခွာ၍ ရခိုင်သို့ ပြေးလေသည်။

သံတွဲကို မွန်တို့ရပြီးလျှင် ရခိုင်မြို့သို့ ဆက်လက်ချီပြန်သည်။ ရခိုင်မြို့သားများလည်း မိမိတို့သခင့်သားတော် နရမိတ်လှသည် မွန်စစ်ကူများစွာနှင့် ချီလာသည်ကို ကြားရလျှင် ဝမ်းသာအားရနှင့် ထွက်ကြိုကြသည်။ ရခိုင်မြို့ကိုစောင့်ရသော ဘုရင်မင်းခေါင်၏ သမက်တော် ကာမဏီ[၁] သည် ကြိုးစားပမ်းစား ခံတိုက်သော်လည်း မွန်စစ်ဦးတွင် သမိန်သံလွှစ်နှင့် သမိန်လောက်နီရဲတို့၏ အတိုက်အခိုက်ကို မခံနိုင်။ နရမိတ်လှတပ်ကလည်း ဖိုဝင်လာပြန်သဖြင့် ကာမဏီလည်း တပ်ပျက်၍ ပြေးရလေ၏။ သို့သော် ပြေး၍မလွတ်။ မွန်တို့က ဖမ်းယူသည်။ ဘုရင်မင်းခေါင်၏သမီးတော် စောပြည့်ချမ်းသာနှင့်တကွ တပ်မင်းဗိုလ်ပါ သူရဲသုံးထောင်ခန့်တို့အားလည်း လက်ရဖမ်းဆီးမိလေ၏။

၁။ မြန်မာပေတွင်လည်း ကာမဏီဟု လာ၏။ ဦးကုလားနှင့် မြန်မာရာဇဝင်များတွင် သမက်တော် အနော်ရထာမင်းစောဟု ဆို၏။

www.burmeseclassic.com

www.burmeseclassic.com

ရာဇာဓိရာဇ်သည် ပုသိမ်၌နေစဉ် ပုသိမ်စား သီလဝအား ထုတ်ပယ်၍ အမတ်ဒိန်အား ပုသိမ်စားအဖြစ် ခန့်တော်မူပြီးလျှင် ပုသိမ်မှ ဟံသာဝတီသို့ ပြန်တော်မူ၏။ တနောဒေါ (တူဟ်ဒ)ဘုရားသို့ရောက်သော် မျူးသား မတ်သားများ ဂလီရိုက်သည်ကို ရှုစားတော်မူ၏။ ယင်းအခါတွင် ပုသိမ်စား အမတ်ဒိန်ထံမှ စာရောက်၏။ စာတွင် "ဘုရင်မင်းခေါင်၏ သမက်တော် ကာမဏီနှင့် သမီးတော် စောပြည့်ချမ်းသာတို့အား ရခိုင်မြို့ကိုသိမ်းစဉ် ဖမ်းမိ၍ သူ့ရှင်ထံ လာရောက်ဆက်သသည်။ ပုသိမ်သို့ ရောက်ပြီ"စာကို ရာဇာဓိရာဇ် ဖတ်ပြီးလျှင် လက်ပမ်းပေါက်ခတ်တော်မူ၏။ "ဘုရင်မင်းခေါင်သည် ငါနှင့်သစ္စာပြုပြီး သစ္စာကို ဖောက်ဖျက်သောကြောင့် သစ္စာပေါက်၍ သူ့သမီးနှင့် သမက်တို့သည် ငါ့လက်သို့ရောက်ရသည်"ဟု မိန့်တော်မူ၏။ ထိုနေရာကို ကျိုက်တနောဒေါ်ဟုခေါ်ရာမှ သူ့ရှင် လက်ပမ်းပေါက်ခတ်ဖြင့် ကျိုက်ကနက်[၁] ဟု တွင်ပြန်သည်။

သူ့ရှင်သည် အမတ်မဟာသမွန်အား ပုသိမ်သို့လွှတ်၍ ကာမဏီနှင့် စောပြည့်ချမ်းသာတို့ကို ကြိုစေ၏။ ပုသိမ်တွင် ကာမဏီသည် အဆိပ်သောက်[၂] ၍ သေ၏။ မင်းသမီးစောပြည့်ချမ်းသာအား မဟာသမွန်ကြိုခဲ့၍ သူ့ရှင်ထံ ဆက်သလေ၏။ ရာဇာဓိရာဇ်သည် ပဲခူးသို့ရောက်သော် စောပြည့်ချမ်းသာအား မိဖုရားအရာမြှောက်သည်။ ရာဇာဓိရာဇ်သည် ပဲခူးတွင် နတ်လေ(ဂျင်နာတ်)[၃] နှစ်စင်း ပြုလုပ်စေသည်။ ယင်းနတ်လေနှစ်စင်းဖြင့် ရခိုင်ကိုအောင်မြင်သည့် တပ်မှူးနှစ်ဦးနှင့် စစ်ကဲများအား အကြိုလွှတ်စေသည်။ အဝတ်၊ ပုဆိုး၊ အင်္ကျီမျိုးစုံနှင့် လက်စွပ်၊ နားတောင်းများကို လက်ဆောင်အဖြစ် ပို့စေသည်။ အမိန့်စာကို ရွှေတံဆိပ်ခတ်၍ စေတော်မူသည်။ စာတွင် "ဆင်ဖြူရှင်၏သားတော် ရာဇာဓိရာဇ် ကြားရောက်အပ်သော သမိန်ဗိုက်ညတ်၊ သမိန်ငေါခွင်နှင့် မှူးမတ်သေနာပတိများ၊ ရခိုင်ပြည်မြို့ရွာများကို ညီညွတ်ငြိမ်ဝပ်အောင် နိမ်နင်းစီမံပြီးသော် မင်းတို့တပ်နတ်၍ ပြန်ခဲ့ကြ။ ရခိုင်မင်း နရမိတ်လှအား ထီးဖြူနှင့်တကွ ရွှေနန်းထက်တင်ပြီး လက်ရဖမ်းဆီးထားသော မြန်မာပညာရှင်များ၊ ပန်းချီ၊ ပန်းပု၊ ဗိသုကာ၊ ပန်းထိမ်၊

၁။ မွန်ဘာသာစကားဖြစ်၍ လက်ပမ်းပေါက်ခတ်သော ဘုရားဟု အနက်ဆောင်သည်။

၂။ မြန်မာပေမူတွင် ကာမဏီမူကား လွန်၏ဟုဆို၏။ ပုံနှိပ်မူတွင် ကာမဏီကို ကွပ်လေ၏ဟုဆို၏။ သုသောဓိတမဟာရာဇဝင် ၄၉၀ တွင် အနော်ရထာမင်းစော(ကာမဏီ)ကိုကွပ်၍ စောပြည့်ချမ်းသာကို မိဖုရားမြှောက်လေ၏ဟု လာသည်။

၃။ နဂါးနှင့်တူသောလေပုံမျိုး။ ပဲ့ပိုင်းမြင့်သည်။ မွန်ဘာသာတွင် ပဲ့နင်းကို နိုင်နတ်(နဲဒဲနတ်)ဟု ခေါ်သည်။ ပဲ့နင်းလေဟုလည်း အနက်ရှိသည်။ နဂါးကို နာက် ဟုခေါ်၏။ နဂါးလေနှင့် နတ်လေတို့မှာ ဆင်တူဟန်ရှိပေမည်။ ပါဠိ၊ ဒေဝ=နတ်ကို ဆိုလိုဟန်မတူ။

www.burmeseclassic.com

www.burmeseclassic.com

ပန်းပဲ၊ လက်သမား၊ လွှသမားနှင့် ရက်ကန်းသည်များအနက် ကောင်းနိုးရာရာကို ခေါ်ခဲ့ပါ"ယင်းအမိန့်စာကိုရပြီးလျှင် နရမိတ်လှအား နန်းအပ်ပြီးနောက် မြန်မာပညာရှင်ကြီး ငယ် ငါးဆယ်၊ ခြောက်ဆယ်ခန့်တို့ကို ပဲခူးသို့ ခေါ်ဆောင်ခဲ့ကြသည်။

ရခိုင်မြို့[၁] ပျက်၍ သမီးတော်စောပြည့်ချမ်းသာနှင့် သမက်တော် ကာမဏီတို့သည် ဟံသာဝတီသို့ ပါလေသည်ကို ဗန်းမော်၌ ရှမ်းတို့အား နှိမ်နင်းနေသော ဘုရင်မင်းခေါင် မသိသေးမီ မှူးမတ်ငယ်တစ်ပါးက ဘုရင်မင်းခေါင်အားလျှောက်၏။

"အရှင်မင်းကြီးသည် ရခိုင်ကို ရထားသည်မှာ တောဆင်ရိုင်းကို ကျော့ခဲ့သည့် အာဒိကာလနှင့်တူသည်။ ကျင်လည်သောဆင်ကဲကို မစီးစေဘဲ ဆင်ကကိုချည်ရသော ဆင်ဦးစီးအား စီးစေသကဲ့သို့ဖြစ်သည်။ ဆင်လန့်သည့်နေ့တွင် ဆင်ဦးစီးမှာ လိမ့်ကျမည်စိုးရသည်။ ရခိုင်တွင် မည်ညွှတ်သေးဘဲ သမက်တော်ကို ရွှေနန်းအပ်ခဲ့သည်မှာ မှားလေစွတကား"

ထိုအခါ ဘုရင်မင်းခေါင်လည်း အံ့သြစွာဖြင့် "မင်းမှာ လူငယ်ပင်ဖြစ်လင့်ကစား သည်မျှမြင်သည်။ ငါ့ဘုန်းရိပ်မှာ ခိုလှုံစားသောက်နေသော မှူးမတ်ကြီးများသည် မင်းမြင်သကဲ့သို့ ငါ့အား တစ်ဦးတစ်ယောက်မျှ မလျှောက်တင်ကြသေး"ဟု မိန့်တော်မူ၏။ ထိုအခါ မှူးမတ်ကြီးနှစ်ဦးက "အရှင်မင်းကြီး ရခိုင်ကိုရစဉ်က မည်သူ့အား အစောင့်ထားမည်နည်းဟု မေးတော်မမူ။ ငါ့သား မင်းရဲကျော်စွာကို အင်းဝတွင်စောင့်စေသည်။ မင်းရဲသိင်္ဃသူ (သီဟသူ)အား ပြည်တွင်ထားသည်ဖြစ်၍ သမီးတော် စောပြည့်ချမ်းသာနှင့် သမက်တော် ကာမဏီတို့ကို ရခိုင်၌ထားမည်။ ရခိုင်တွင် ရွှေနန်းလည်းရှိသည်။ သင်္ဘောဆိပ်လည်းရှိသည်။ သမက်တော်အား ထားမည်ဟု မိန့်တော်မူပြီးဖြစ်သဖြင့် အရေးမဟုတ်သည်ကိုထင်လျက် ထင်တိုင်းကို ကျွန်ုပ်တို့ မလျှောက်ဝံ့ခြင်း ဖြစ်ပါသည်"ဟု လျှောက်ထားကြ၏။ "အမတ်ကြီး လျှောက်ထားသည့်အတိုင်း မှန်ပေသည်"ဟု မိန့်တော်မူပြီး အမတ်ကြီးအား မင်းမဟာရာဇာဘွဲ့ ပေးတော်မူ၏။ ဘုရင်မင်းခေါင်သည် ဗန်းမော်ရှမ်းတို့ကို အောင်တော်မူပြီးလျှင် မိန်းမ၊ ယောကျ်ား၊ ကြီးငယ်များအား ထုတ်ခဲ့လေသည်။ ယင်းညတွင် သုတသောမဇာတ် (ဓဝ်သုဒ္ဒသို့)[၂] ကို နာတော်မူ၏။

၁။ မြန်မာပေမူ၌ ရခိုင်မြို့ဟောင်းကို ဆိုဟန်တူ၏။

၂။ မဟာသုတသောမဇာတ် (ဇာတ်စဉ် ၅၃၇)ကို ဆိုလိုသည်။
မြန်မာပေမူတွင် သစ်တသုံမင်းဝတ္ထုကို နာသည်ဟုလာ၏။ သုတမှ သစ်။ သောမမှ သောမ်-သုမ်-သုံ။ သုတသောမ-သစ်တသုံ။
မွန်တွင် သုတသောမမှ သုတ်သောမ်-သုဒ်သောမ်-သုဒ္ဒသို-ဟု ပြောင်းလဲသည်။

www.burmeseclassic.com

www.burmeseclassic.com

မြို့စွန်နယ်ဖျားမှ စာရောက်သဖြင့် ရခိုင်ပျက်၍ သမက်နှင့် သမီးတော်တို့ကို ရာဇာဓိရာဇ် ရလေသည်ဟုကြားရလျှင် ဘုရင်မင်းခေါင်သည် မုန်ညင်းစေ့ကို မီးတွင်ထည့်သကဲ့သို့ ဒေါသထွက်တော်မူ၏။ "သည်ဗန်းမော်ရှမ်းတွေ ပုန်စား၍ ငါလာရောက်နှိမ်နင်းရသဖြင့် ငါ့သမီးနှင့် သမက်တို့မှာ သူ့လက်ပါရလေသည်။ သောင်းကျန်းသည့် ဗန်းမော်ရှမ်းတို့အား သားမယားများနှင့်တကွ ခုတ်သတ်၍ ရေမှာဖျောက်ပစ်စေ"[၁]ဟု မိန့်တော်မူ၏။ အမျက်ပြင်းစွာ ထွက်တော်မူ၏။ ဘုရင်မင်းခေါင်သည် စစ်သည်ဗိုလ်ပါများအား စုရုံး၍ အပြင်းစုန်တော်မူ၏[၂]။ ကလေး၊ မိုးညှင်းနှင့် အင်းဝမှ ဗိုလ်ပါတစ်သိန်းငါးသောင်း၊ မြင်းခြောက်ထောင်၊ ဝှေ့ဆင်တစ်ရာ၊ ဆင်မကြီးငါးရာနှင့်တကွ ဘုရင်မင်းခေါင်ကိုယ်တိုင် ရမည်းသင်းကြောင်းနှင့် တောင်ငူကြောင်းမှ ချီတော်မူသည်။ "ဗညားနွဲ့ကိုရမှ ငါပြန်မည်။ မရလျှင် ငါမပြန်"ဟု ကြုံးဝါးတော်မူ၏။

စစ်တောင်းမှ သတင်းပို့ချက်အရ တောင်ငူသို့ ဘုရင်မင်းခေါင် စစ်ချီလာပြီဖြစ်ကြောင်းကို ကြားသိရလျှင် ရာဇာဓိရာဇ်သည် ဗိုလ်ပါသူရဲသူခက် ရသမျှ စုရုံးသည်။ အင်အား ရှစ်သောင်း၊ ဝှေ့ဆင် တစ်ရာ၊ ဆင်မကြီးငယ် ငါးရာကျော်ဖြင့် ဟံသာဝတီမှ ချီတက်တော်မူ၏။ အင်းဖစား(အင်ဖွား)မှ စစ်တောင်းသို့ချီ၍ တပ်တည်တော်မူ၏။ စစ်တောင်းတွင် ရဲမက်ဗိုလ်ပါများအား အနားယူစေပြီး ကျွေးမွေးပြုစုသည်။ရွှေငွေဆုလာဘ်များ ချီးမြှင့်သည်။ ထို့နောက် လက်ရုံးတန်း၍ ကြုံးဝါးသည်။ "ငါသည် မင်းဇကာရာဇ်အဆက်ဆက်မှ ဆင်းသက်သည်မင်းသားဖြစ်သည်။ ငါ့နိုင်ငံရေမြေကို မင်းဆွေအား ပသို့နင်းစေရမည်နည်း။ သူ့ကျေးစပ်သို့ ကျူးကျော်လျက် ငါကြို၍ တိုက်နှင့်မည်"ဟု မိန့်တော်မူပြီး မှူးမတ်သေနာပတိများအား သစ္စာပြုစေ၏။

စစ်တောင်းမှ ဒေးပတဲ (ဒုဗတဲ)၊ ဒေပတဲမှ ဆရိမ် (ဆရီ)သို့ ချီတက်သည်။ ခံတပ်ကိုလည်း သူ့ရှင် မပြုလုပ်စေသဖြင့် သမိန်ဗြာဇ္ဇက "အရှင်မင်းကြီး ယခု

၁။ မြန်မာပေမူတွင် ဗန်းမော်သား၊တို့ကို ကွပ်လေ၏ဟုသာ လာ၏။ မည်သည့်အတွက် ကွပ်သည်ကိုမဆို။

၂။ မြန်မာပေမူတွင် သက္ကရာဇ် ၇၆၅ ခုနှစ်တွင် ဘုရင်မင်းခေါင်စုန်သည်ဟု လာ၏။ မွန်မူတွင် သက္ကရာဇ် မတွေ့ရ။ ၇၆၆ တွင် တကောင်းတိုင်အောင် ရာဇာဓိရာဇ်ဆန်သည်။ ၇၆၇ တွင် ပြည်ဆဲတော်ရှင်ဘုရား (မြသီတင်း)၌ သစ္စာပြုကြသည်ကို ဆိုခဲ့ပြီးဖြစ်သည်။ ရာဇဝင်သံခိပ်စာမျက်နှာ ၃၁၉ တွင် သက္ကရာဇ် ၇၆၈ ခုနှစ်တွင် ရခိုင်ကို ရာဇာဓိရာဇ် လုပ်ကြံသည်။ ၇၆၉ ကဆုန်လတွင် ဘုရင်မင်းခေါင် တောင်ငူကြောင်းမှ ပဲခူးသို့ စစ်ချီသည်ဟု ပြသည်။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်တို့ ချီတက်သည်မှာ အကန်းနှင့်တူပေသည်။ အင်းဝစစ်ကို မမြင်ရ။ အင်းဝစစ်အခြေအနေကို သိရအောင် စုံစမ်းထောက်လှမ်းသင့်သည်"ဟု ဆိုသည်ကို ရာဇာမိရာဇ်ကြားလျှင် လဂွန်းအိန်အား "အင်းဝစစ်အခြေအနေ၊ အင်အား မည်မျှရှိသည်ကို သွားကြည့်ချေ။ စစ်မျက်နှာကိုမြင်မှ ပြန်ခဲ့"ဟု စေတော်မူ၏။ လဂွန်းအိန်လည်း တိုက်ဆင်ငါးစီး၊ သူရဲငါးရာ၊ ကျွမ်းကျင်သောခရီးစမ်း[၁] လမ်းပြသူတစ်ရာတို့နှင့် ချီသည်။ ဘုရင်မင်းခေါင်၏ စစ်အင်အားမှာ အလွန်များသည်ဟု လမ်းပြတို့ကဆို၏။ ဝမနင်းမှ တငစ်(တငေတ်)ဆိပ်သို့ တစ်ညအိပ်မျှ လဂွန်းအိန်ချီရသည်။ ဘုရင်မင်းခေါင်တို့လည်း တောင်ဂူရောက်သည်။ အင်းဝစစ်ချီသံ အုတ်အုတ်ကျက်ကျက်ကို လဂွန်းအိန်ကြားရသည်။ ခရီးလမ်းပြတို့က အင်းဝစစ်ကိုမြင်သဖြင့် "ကျွန်ုပ်တို့ပြန်မတော်မည်"ဟု လဂွန်းအိန်အား လျှောက်၏။ "မင်းတို့သာမြင်သည်။ ငါမမြင်သေးဘဲကို ရွှေ့ရမည်လော"ဟု ဆိုပြီး လဂွန်းအိန်ကိုယ်တိုင် သစ်ပင်ထက်တက်၍ ကြည့်သည်။ အင်းဝစစ်သည် ဆင်မြင်းဗိုလ်ပါများနှင့် ချီလာသည်မှာ သမုဒ္ဒရာတွင် လိုင်းတံပိုးထသည်နှင့် တူသည်။ ရှေ့ဖျားတပ်တွင် ရှမ်းသက်သက် ချီလာသည်ကို မြင်သဖြင့် လဂွန်းအိန်သည် ရဲမက်ဗိုလ်ပါများအားခေါ်၍ တငစ်ချောင်းအကွေ့သို့ သွားရောက်ကာ ပုန်းကွယ်နေကြသည်။

ရှမ်းတွေ ချောင်းအကူးတွင် လဂွန်းအိန်တို့ထွက်၍ နှစ်ဖက်ညှပ်တိုက်သည်။ ရှမ်းတစ်ရာလောက် ပျက်စီးသည်။ ခေါင်းဖြတ်မည်ဆိုက သုံးဆယ်ခန့်ရနိုင်သည်။ မသတ်ဘဲ အရှင်ခေါ်ဆောင်လျှင်လည်း နောက်ခံတပ်များကို ကြောက်ရသည်။ ယင်းသို့ ချောင်းအကူးညှပ်တိုက်စဉ် နောက်မှတပ်တွေ အထပ်များလာသဖြင့် လဂွန်းအိန်တို့မှာ မခံနိုင်သောကြောင့် အပြင်းခွာ၍ ပြေးရလေ၏။ လာသည့်လမ်းက မပြန်ဘဲ တောလမ်းတွင် သစ်ပင်များလဲ၍ ဆင်မြင်းများ အလာခက်အောင် လမ်းခရီးကို ဖျက်ဆီးပစ်သည်။

လဂွန်းအိန်သည် ရာဇာမိရာဇ်တပ်သို့ ပြန်ရောက်လျှင် "စစ်ကို မင်းမြင်ခဲ့ပါ၏လော"၊ အင်အား မည်မျှရှိသနည်း"ဟုမေးတော်မူ၏။ "မြင်ခဲ့ပါသည်။ တစ်သိန်းကျော်လောက်ရှိမည်"ဟု လျှောက်၏။ ရာဇာမိရာဇ်လည်း ခြေပစ်လက်ပစ်ကာ "သည်တစ်ကြိမ် ငါ့မြေကို မင်းဆွေမနင်းစေရ။ ဘာစပ်မှာ ငါတို့ဆီး၍တိုက်မည်"ဟုမိန့်၍ ခရီးပန်းလာသော လဂွန်းအိန်အား အနားပေးရန် သမိန်ဗြာဇ္ဇကို ညွှန်ကြားလေ၏။ ရာဇာမိရာဇ်လည်း တဲနန်းသို့ဝင်ပြီး မျူးမတ်သေနာပတိများလည်း သက်ခဲ့လေ၏။ ထိုနောက် သမိန်ဗြာဇ္ဇ၊

၁။ မြန်မာပေမူတွင် "ခရီးစမ်း"ဟုဆို၍ မွန်ဘာသာတွင် "ကရိသမာန်"ဟု ဆို၏။ မင်းရဲသူကို မွန်တွင် ကရိဟုဆို၍ မြန်မာက ဆင်ရဲကရိ ဟုရေးသည်။ ဤနေရာတွင် ကျွမ်းကျင်သော တောလမ်းပြဟု အနက်ဆောင်သည်။

www.burmeseclassic.com

www.burmeseclassic.com

သမိန်စည်သူ၊ သမိန်အဲဖရဲ(အာဲဖရဲ)၊ သမိန်အဝန်နိုင်တို့သည် သူ့ရှင်နောက်သို့ လိုက်ဝင်လေ၏။ ထိုအခါ လဂွန်းအိန်အား ခေါ်စေပြီး လဂွန်းအိန်ရောက်လျှင် "လဂွန်းအိန်သွားစဉ်က စစ်ဦးစစ်ဖျားသာ မြင်သလား၊ စစ်မကိုလည်း မြင်သလား"ဟု သမိန်ဗြာဇ္ဇက မေးလေ၏။

"ကြုံတင်စမ်မှာ ကျွန်ုပ်တို့နေသည်။ ကြုံတင်စမ်သည် တောစွယ်၌ရှိသော ချောင်းငယ်ဖြစ်သည်။ အင်းဝစစ်သည် လွင်ပြင်ကိုလိုက်၍ ချီသည်။ ကျွန်ုပ်သည် သစ်ပင်ထက်တက်၍ ကြည့်သည်။ ဆင်အလံ နှစ်ရာ၊သုံးရာလောက်ကို တွေ့ရသည်။ မြင်းများသည်။ ဗိုလ်ပါတစ်သိန်းမကပါ။ ရှမ်းစစ်သက်သက် ရှေ့ကချီသည်။ ချောင်းအကူးမှာ ကျွန်ုပ်တို့ထွက်၍ ညှပ်တိုက်သည်။ တာရှည်မခံနိုင်၍ ကျွန်ုပ်ခွာခဲ့သည်"ဟု လဂွန်းအိန်လျှောက်တင်၏။ "မြင်းတပ်တို့မည်သည် လွင်ပြင်၌ စွမ်းအင်ရှိသည်။ သူတို့မှာ ဆင်နည်းသည်။ ငါတို့မှာ ဆင်များသည်။ တောတွင်းမှာ ငါတို့ဆီး၍ တိုက်မည်"ဟု သူ့ရှင်ကမိန့်တော်မူ၏။

ထိုအခါ သမိန်ဗြာဇ္ဇက "ယခု အင်းဝစစ်ချီလာသည်မှာ အင်အားကြီးမားသည်ဟု လဂွန်းအိန်လျှောက်သည်။ စစ်တို့သဘောသည် စစ်ဦးနှင့်ရင်ဆိုင်၌ ဘီလူးနှင့်တွေ့ရသကဲ့သို့ဖြစ်သည်။ ထို့ကြောင့် စစ်ဦးဘီလူးဟု ဆိုကြသည်။ တောတွင်း၌ တိုက်မည်ဟု မိန့်တော်မူသည်မှာ နိုင်ကားနိုင်ပါ၏။ ပင်ပန်းချိမ့်မည်။ ကျွဲရိုင်းနှစ်ကောင်ခတ်သကဲ့သို့ဖြစ်မည်ဟု ကျွန်ုပ်မြင်သည်။ သူ့စစ်သည်ကို တောတွင်း၌နေစေ။ ကျွန်ုပ်တို့စစ်သည်ကို အိမ်တွင်း၌ နေစေသကဲ့သို့ပြုမည်။ သူ့စစ်သည်မှာ အဝေးကလာသည်ဖြစ်၍ မောပန်းမည်။ ကျွန်ုပ်တို့၏စစ်သည်ကို အိမ်၌နေစေ၍ အားရှိစေမည်။ ကျွန်ုပ်တို့မြို့၊ ကျွန်ုပ်တို့မြေတွင် တိုက်လျှင် အလိုက်သင့်သည်။ အလွယ်နှင့်အောင်မြင်မည်။ ပင်ပန်းမှအောင်မြင်လျှင် အဘယ်အကျိုးရှိအံ့နည်း"ဟု လျှောက်တင်သည်။

မှူးမတ်များကလည်း "သည်အရေး သင့်လှပေသည်"ဟု ဆိုကြကုန်၏။ "သို့ဆိုသော် ငါတို့ပြန်ဆုတ်ရမည်လော"ဟုမိန့်၏။ "ဆုတ်မှတော်မည်"ဟု ဗိုလ်မင်းဗြာဇ္ဇ ဆို၏။ "ငါတို့တွင် မိန်းမ မောင်းမ မိသားများသည်။ ငါတို့နှင့်အတူ ဆုတ်စေသင့်သလော"ဟုမေးလျှင် "ယနေ့ပင်ကြို၍ ပြန်ပို့သင့်သည်"ဟု သမိန်ဗြာဇ္ဇဆိုသဖြင့် အမတ်မဟာသမ္မန်ကို မိန်းမ မောင်းမမိသားများအား ရိက္ခာနှင့်တကွယူ၍ ပြန်ပို့ရန် တာဝန်ပေးသည်။

အမတ်မဟာသမ္မန်က "အကယ်၍ စစ်မရှိလျှင် အမိန့်တော်အတိုင်း ဗိုဖုရားနှင့် မောင်းမများကို အလွယ်တကူ ကျွန်ုပ်ပြန်ပို့လိုပါသည်။ ယခု စစ်ကြီးဖြစ်နေသဖြင့်

www.burmeseclassic.com

အရှင်မင်းကြီးအား ခွာ၍ ကျွန်ုပ်မသွားလိုပါ။ အရှင်မင်းကြီး၏ ခြေရင်းတော်၌ အသက်ပေး၍ ရန်သူကို တိုက်ခိုက်လိုပါသည်"ဟု လျှောက်ထား၏။ "စစ်ဗိုလ်စကား ပီသပါပေသည်"ဟု မိန့်၍ သမိန်အိန္ဒဖိပ်အား မိဖုရားနှင့် မောင်းမများကို ပြန်ပို့စေ၏။ အိန္ဒဖိပ်နှင့် မိဖုရားမောင်းမများ ထွက်ခွာကြပြီးနောက် "ငါတို့ရွှေ့ကောင်းပြီလော"ဟု မေးတော်မူ၏။ "ရွှေ့ကောင်းပြီ။ သို့သော် ကျွန်ုပ်တို့ဆင်မှာ မုန်ကျများသည်။ အချင်းချင်း ထိမိနေကြသည်။ တစ်စီးနှင့် တစ်စီး ခြား၍ ရွှေ့ရမည်"ဟု သမိန်ဗြာဇ္ဈ သတိပေးသဖြင့် အချိန်ခွဲ၍ ဆင်ကိုရွှေ့စေသည်။ အချို့ကို နေမြင့်မှထွက်စေသည်။ ရာဇာဓိရာဇ်သည် သမိန်ဗြာဇ္ဈနှင့် တိုင်ပင်၍ စရပ်ကြောင်းမှ ချီသည်။ မှူးမတ်များက–

"ယခု အရှင်မင်းကြီးသည် စရပ်ကြောင်းမှ ချီသည်မှာ လေးကိုင်းနှင့်တူသည်။ ခရီးကောက်သည်။ အင်းဝစစ်တို့ချီသည့် မဇ္ဈကြောင်းမှာ ခရီးဖြောင့်သည်။ သူတို့အလျင်ရောက်လေတော့မည်"ဟု လျှောက်၏။ "သူတို့လွန်သွားလျှင်ကော ဘယ်သို့ဖြစ်မည်နည်း။ ငါတို့မှာ စစ်အေးဖြစ်သည်။ သူ့နောက်က ငါတို့တိုက်မည်"ဟု မိန့်၍ ချီတော်မူ၏။ သူ့ရှင်နောက်က သမိန်ဗြာဇ္ဈ၊ သမိန်အဝန်နှိုင်၊ ဥပါကောင်း၊ လဂွန်းအိန် စသည်ဖြင့် အစဉ်အတိုင်း ချီလေသည်။

ဘုရင်မင်းခေါင်လည်း စစ်ဦးစစ်ဖျားကို လဂွန်းအိန်ထိပါးထားသဖြင့် ဟံသာဝတီစစ်ကို တောတွင်း၌ရှိသည်ဟု မှတ်တော်မူ၏။ သို့ဖြစ်၍ သူရဲသူခက်များအား ငါးရက်ခြောက်ရက်မျှ အနားယူစေသည်။

ထိုအချိန်တွင် ရာဇာဓိရာဇ်တို့သည် စစ်တောင်းသို့ ဆိုက်ရောက်ကြလေ၏။ ယင်းသောအခါ အဲဗြရဲအမည်ခံ သမိန်ဇိပ်ဗြဲသည် စစ်တောင်းစားဖြစ်သည်။ "စစ်တောင်းတွင် ငါတို့ခံသင့်သလော"ဟု မေးတော်မူ၏။ ဗိုလ်မင်းသမိန်ဗြာဇ္ဈက "စစ်တောင်းသည် မြေညီဖြစ်သည်။ တောမရှိ။ လွင်ပြင်မရှိ။ မြစ်တွင် ရွံ့ညွန်မရှိ။ အင်္ဂါလေးပါးနှင့်မညီ။ ဆင် မြင်း အနေပျော်မည်မဟုတ်။ ရွှေ့မှကောင်းမည်"ဟု လျှောက်ထားလေ၏။ "သမိန်အဲဗြရဲ (သို့အဲဗြရာ)အား ငါကျိစယ်၍ စိတ်စမ်းမည်"ဟု မိန့်၍ အဲဗြရဲကို ခေါ်စေ၏။ ရောက်လျှင် "ငါသည် ရဲမက်ဗိုလ်ပါစုရုံးရန် သွားဦးမည်။ သည်မှာ အမတ်ကြီး ဆယ်ရက်ခန့်မြို့ပြစီး၍ အင်းဝစစ်ကို ခံနှင့်ပါ။ ဆယ်ရက်ကြာလျှင် ငါပြန်လှည့်ခဲ့မည်"ဟု သူ့ရှင်မိန့်တော်မူ၏။ "ကျွန်ုပ်၏မြို့သည် မြို့ပြမခိုင်။ ကျုံးလည်းတိမ်သည်။ မြေလည်းညီသည်။ ကျွန်ုပ်လည်း အိုပြီဖြစ်သဖြင့် သူ့စစ်ကို ခံထိုးဝံ့သည့် မင်းပျိုများကို ကျွန်ုပ်စုရုံးလိုသည်။ အရှင်မင်းကြီး ခွင့်ပြုတော်မူပါ"ဟု အဲဗြရဲက ဦးခိုက်၍ လျှောက်ထား၏။ "မြို့စားသည့်အခါ ကျွန်ုပ်အိုပြီဟု မဆို။ စစ်ဖြစ်လာတော့မှ မင်းပျိုတွေကို ခံစေလို၍ ရမည်လော"ဟု နှုတ်ကဆိုပြီး တံခါးကိုဆွဲပိတ်၍ အတွင်းဆောင်သို့ ဝင်တော်မူ၏။

www.burmeseclassic.com

အမတ်ကြီးအဲဒြရဲလည်း စိုးရိမ်၍ သမိန်ဗြာဇွန်ထံ ချဉ်းကပ်၏။ "သည်တစ်ကြိမ် သူ့ရှင်၏အမိန့်ကို ကျွန်ုပ်ဆန်မိ၍ ကျွန်ုပ်မှားမိပြီ။ ကုသိုလ်ကံရှိမှ ကျွန်ုပ်အသက်ရှင်တော့မည်။ သည်မြို့မှာ ကျွန်ုပ်အား ခံစေမည်ဟု မိန့်သည်မှာ သည်မြို့သည် မင်းဧကရာဇ်၏ စစ်မျက်နှာချီရာ လမ်းကြောင်းဖြစ်သည်။ကျွန်ုပ်အဘိုးကြီးခံနိုင်ပါမည်လော။ သွေးသောက်ကြီးက ဘုရားနှလုံးသုံး၍ ရှင်ဘုရင်ကို လျှောက်ထားပေးပါ။ သူ့ရှင်ချီရာသို့ ကျွန်ုပ်လည်း ပါရစေ"ဟု ဆို၏။ "သွေးသောက်ကြီးသည် မြို့ပြမစီးလိုလျှင် သူ့ရှင်အား ရွှေခွက်တစ်ဆယ် ဆက်နိုင်မည်လော"ဟု သမိန်ဗြာဇွန်ဆို၏။ သမိန်ဇိပ်ဗြဲလည်း "များလွန်းသည်။ ကျွန်ုပ် မတတ်နိုင်ပါ"ဟု မျက်နှာငယ်ဖြင့် ဆို၏။ "အဘယ်မျှတတ်နိုင်မည်နည်း"ဟု ဗိုလ်မင်း မေးပြန်၏။

"သူ့ရှင်ကို ၇-ပိဿာ၊ သွေးသောက်ကို တစ်ပိဿာ"ဟု အဲဒြရဲခေါ် ဇိပ်ဗြဲဆိုလျှင် "ရွှေကို သွားယူခဲ့တော့"ဟု သမိန်ဗြာဇွန်ဆို၏။ သမိန်ဗြာဇွန်လည်း ဇိပ်ဗြဲထံမှ ရွှေရလျှင် သူ့ရှင်ထံ ဝင်ရောက်ဆက်သည်။

"အရှင့်ကျွန်အို သမိန်ဇိပ်ဗြဲသည် စစ်တောင်းတွင် မနေဝံ့။ ခြေရင်းတော်တွင် အတူပါရစေဆို၍ အရှင့်ကို ရွှေခုနစ်ပိဿာဖြင့် လာရောက်ဆက်ပါသည်။ သူရဲသူခက်များအား ကျွေးမွေးရန် လက်ခံတော်မူပါ။ အဘိုးကြီးကိုလည်း ကရဏာထား၍ ခြေရင်းတော်၌ အတူခေါ်ပါ"ဟု လျှောက်ထား၏။ "ငါ့အတွက် ရွှေခုနစ်ပိဿာဆက်လျှင် ဗိုလ်မင်းအတွက် မပေးသလော"ဟု မေးတော်မူ၏။ "တစ်ပိဿာရှိသည့် ရွှေဖလားတစ်လုံး ပေးပါသည်"ဟု သမိန်ဗြာဇွန်ဆို၍ ရွှေရုစ်ပိဿာစလုံးကို ဆက်သည်။ သူ့ရှင်မြင်လျှင် အားရပါးရ ရယ်တော်မူ၍ "စစ်ဖြစ်နေသဖြင့် သူရဲသူခက်များအား ကျွေးရန် သမိန်ဇိပ်ဗြဲ၏ ရွှေကို ခေတ္တငါယူမည်။ နောင် အဘိုးကြီးအား ရွှေစား ပြန်ပေးမည်"ဟု မိန့်တော်မူ၏။

ရာဇာဓိရာဇ်လည်း စစ်တောင်းမြို့[1] တွင် ရှိသမျှဆန်စပါးနှင့် ရိက္ခာများကို မီးထင်းတိုက်စေသည်။ မြို့ကိုဖျက်၍ ခွာတော်မူ၏။ ထိုမှ အိဒင်ချောင်း (ကြွင်အိချေန်)သို့ရောက်၏။ ထိုမှ ပန်းကျော်(ပါင်ကွဟ်)သို့ ရောက်၍ သမိန်ဗြာဇွန်က "သည်တွင် နေသင့်သည်။ ချောင်းလည်းကျယ်၍ နက်သည်။ သည်တွင် ကျွန်ုပ်တို့ ခိုင်ခံစွာခံတပ်ဖွဲ့၍ ခံမည်။ ချောင်းသို့ ဒီရေလည်းရောက်သည်"ဟု လျှောက်သဖြင့် ပန်းကျော်တွင် တပ်တည်တော်မူ၏။ ရာဇာဓိရာဇ်သည် ပန်းကျော်တွင် တပ်ခိုင်တပ်မကြီးကို တည်သည်မှာ အနောက်ဘက်တွင် သရိချောင်း(ကြွင်ဩ်အိ)မှ ဒီဗက်ရာဘုရား(ကျော်ဒီဗင်ကို)တိုင်အောင် အရှေ့ဘက်တွင် ဗြတ်လန်းစမ်းချောင်းတိုင်အောင်ဖြစ်၏။ အကြားအကြားတို့တွင် တပ်

၁။ မြန်မာပေမူတွင် သကျင်မြို့ဟုဆို၏။

www.burmeseclassic.com

www.burmeseclassic.com

ကိုစဉ်ထားသဖြင့် ဝန်းဝိုင်းသောတပ် ဖြစ်စေသည်။ တပ်ကြီးတပ်ငယ်ပေါင်း ၁၈ တပ်ကို အစဉ်အတိုင်း ထားတော်မူ၏။ လူမာလူသန် တိုက်ခိုက်မှုတွင် ခြေလက်လျင်၍ အစွမ်းကောင်းသော သူရဲ ငါးရာ ခြောက်ရာ[၁] ခန့်ကို တပ်၌မနေစေဘဲ အပြင်ဘက်တွင် ကင်းစောင့်စေသည်။ သူရဲများကို အခြားအခြားထား၍ အနှံ့အပြားနေစေသည်။

အင်းဝစစ်ချီခဲ့ရာမှာ ရွာတွေ့တိုင်း မီးထင်းတိုက်သည်။ ကျွဲနွားများကိုရတိုင်း သတ်စားကြ၏။ ပန်းကျော်အနီးသို့ရောက်သော် ဟံသာဝတီတပ်ကို မြင်သဖြင့် တပ်ချ၍နေသည်။ ဘုရင်မင်းခေါင်သည် ကဲ့ကော်မော်ဓောခေါ် မောဇုတ်အဂနဘုရား (ကျောက်မုဟိဇုက်အဂ္ဂါ) အရှေ့ဘက်၌ တပ်တည်တော်မူသည်။ ထိုမှဆက်၍ အဖိုးဒနီရဲ (အဖိုးဒနီရဲ)တိုင်အောင် တပ်တည်၏။ ရာဇာမိရာဇ်တပ်နှင့် တည့်တည့်ဆီတွင် ကလေးရှမ်း၊ မိုးညင်း ရှမ်းတို့ကို ထားတော်မူသည်။ အင်းဝစစ်ရောက်ချိန်တွင် ရေသေရက်ဖြစ်၏။ ဒီရေတက်သည် ကို ရှမ်းတို့မသိကြ။ လေး၊ ငါးရက်တိုင်အောင်တပ်ကို အခိုင်ခံပြုနေရသဖြင့် တိုက်ခိုက်ထိုးခုတ်ခြင်းမရှိ။ ရှမ်းတပ်တို့သည် ဟံသာဝတီတပ်မ အခြေအနေကို လှည့်လည်ကြည့်ရှုကြသည်။ ထိုစဉ် ရှမ်းတို့က ဘုရင်မင်းခေါင်အား တီးတိုးဆို၍ ညည်းညူကြ၏။ "ငါတို့ကို ပဲခူးတိုက်ဖို့ခေါ်ခဲ့သည်။ ပဲခူးလည်းမမြင်ရ။ သူ့တပ်ကို တွေ့နေသော်လည်း မတိုက်စေဘဲ ငါတို့ပင်ပန်းအောင် အချည်းနှီး တပ်ကိုလှည့်လည်စေသည်"ဟု အပြစ်ဆိုကြသည်။

ယင်းကာလတွင် ရေထရက် ရောက်ပြီဖြစ်၍ ဟံသာဝတီတပ်သားများသည် သောင်ပြင်တွင် စစ်ရေးပြကြသည်။ ဒီရေတက်လျှင်ဆင်၊ မြင်းများသည် ကမ်းထက်သို့ တက်လွယ်ရန် မြောင်းငယ်များကို သွယ်ထားကြသည်။ ရှမ်းတို့ကိုမြင်လျှင် "မင်းတို့ တိုက်ဝံ့လျှင် ငါတို့ကို တိုက်လော့"ဟု ဟစ်၍ဆိုကြ၏။ ပဲခူးသားတို့သည် ရှမ်းတို့ကို တိုက်မည့်အဟန်ပြု၍ ချောင်းလယ်သဲသောင်ပြင်သို့ ထွက်ခဲ့ကြသည်။ သန်မာ၍ လက်မြန်ခြေမြန်သောသူရဲကောင်းများသည်လှဲ၊ ဓား၊လက်နက်မျိုးစုံ ကိုင်ဆောင်ကာ ထွက်ကြသည်။ မှူးသားမတ်သား လူစွမ်းကောင်းများလည်း ပြလက်ရန်းစီးကာ နေကြသည်။ ရှမ်းသူရဲတို့လည်း ပဲခူးသူရဲတို့ကို ထွက်တိုက်ကြသည်။

ပဲခူးသားများလည်း ကြောက်ဟန်၊ ရှုံးဟန်ပြု၍ ချောင်းကိုကူးပြေးသည်။ ဟံသာဝတီစစ်တပ်ရှိရာ ကမ်းဘက်သို့ရောက်လျှင် ပဲခူးသားတွေက ပြန်လှည့်၍ တိုက်ခိုက်သည်။ ပဲခူးသူရဲတွေ လှည့်စားသဖြင့် ရှမ်းစစ်သားတွေ လွန်စွာမောပန်းကြသည်။ ချောင်းလုံးပြည့်မျှ ရှမ်းသူရဲတွေ ထွက်၍ ပဲခူးသူရဲတွေကို လိုက်တိုက်သည်။ ဟံသာဝတီ သူရဲသူခက်များသည် ပရိယာယ်ပြု၍ ပြေးလွှားရင်း၊ လှည့်တိုက်ရင်း ပြုကြသည်။ စစ်ကို ဆွဲငင်ထားသည်။

၁။ မြန်မာပေမူတွင် ငါးထောင်၊ ခြောက်ထောင် ဟု ပြ၏။

www.burmeseclassic.com

www.burmeseclassic.com

ရာဇာမိရာဇ်သည် မြင်းစီးသူရဲအားလွှတ်၍ ဒီရေတက်ချိန်ကို ကြည့်စေ၏။ ဒီရေတက်ပြီဟုသိရလျှင် စည်မောင်း၊ ခရသင်း၊ တံပိုးခရာများကို သောသောညံအောင် တီးမှုတ်စေသည်။ ဒီတက်သံကို ရှမ်းသူရဲတို့အား မကြားရအောင်ပြုသည်။ ရှမ်းတို့လည်း စည်သံ၊ မောင်းသံ၊ တံပိုး၊ ခရာသံတွေနှင့် ဆူညံနေသဖြင့် ဒီတက်သံကို မကြားသိကြပေ။ ဒီရေရောက်လတ်သော် ရှမ်းသူရဲတို့သည် ချောင်းလုံးပြည့်ဖြစ်နေသဖြင့် အပြေးအလွှား၊ အလုအယက် ကမ်းထက်သို့ တက်ကြသည်။ ကမ်းနှင့်နီးသူများသာ တက်ခင်သည်။ အထပ်ထပ် တိုးဝှေ့ကြသဖြင့် မြောင်းလည်းကျဉ်းသောကြောင့် မတက်နိုင်ဘဲ အူယားဖားယားဖြင့် ဒီရေနှင့်ပါ၍ သေရသည်မှာ များပြား[၁] လှ၏။

ပဲခူးသူရဲတွေမှာ ကျင်လည်စွာ ကမ်းထက်သို့ မိအောင်တက်နိုင်သဖြင့် မသေကြပေ။ နောက်နေ့ရောက်ချိန်တွင် ရှမ်းအလောင်းကောင်များသည် ရွံ့ညွှန်၌ တင်နေကြသည်။ ရှမ်းတို့က "ပဲခူးသားတွေ ရေခေါ်လျှင် ရေတက်လာသည်တကား"ဟု ဆိုကြသည်။ ရှမ်းအလောင်းကောင်များကို ရသမျှ ဆယ်ယူရန် ရာဇာမိရာဇ် မိန့်သဖြင့် ကမ်းထက်သို့ ဆယ်တင်ကြသည်။ ဆယ်ယူထားသော အလောင်းကောင်များကို ခုတ်ပိုင်း၍ ရေသို့ပစ်ချစေပြန်သည်။ စစ်ပွဲလာကြည့်သော မွန်ကျေးရွာသားတို့မြင်လျှင် "အသေကောင်တွေကို ပသို့ကြောင့် မင်းတို့ ခုတ်ရသနည်း။ ရေနစ်၍ သူ့ဘာသာသူသေကြသည်။ မင်းတို့အစွမ်းဖြင့် သေကြသည်မဟုတ်"ဟု ဆိုကြသည်ကို ပဲခူးစစ်ကဲကြီးလျှင် ထိုသို့ပြောသူများအား ခုတ်သတ်ပြန်သည်။

ယင်းအကြောင်းကို ရာဇာမိရာဇ်ထံ စစ်ကဲကြီးက တင်ပြ၏။ "နှုတ်မစောင့်၊ မဆိုကောင်းသည့်စကားကို ဆိုသူတွေကို မင်းသတ်၍ ရှမ်းအကောင်တွေနှင့် ထားသည်မှာ ကောင်းသည်"ဟု မိန့်တော်မူ၏။ ထိုနောက် ချောင်းစောင့် "နတ်ကွန်း"တစ်ဆောင် ဆောက်လုပ်စေ၏။ လူတစ်ယောက်အား သစ်ခေါက်ဆိုးသောအဝတ်ကို ဝတ်စေပြီး ခေါင်းပေါင်းနီကိုလည်း ပေါင်းစေ၍ ဆောက်ထားသော နတ်ကွန်းထက်တွင် နေစေ၏။ သူ့လက်တွင် သလူခက်(သွသိုတ်)ကို ကိုင်စေသည်။ ဒီရေတက်လျှင် သလူခက်ကို အညာသို့ ယပ်စေ၏။ ဒီရေကို ခေါ်ဟန်ပြုသည်။ ဒီရေကျလျှင် အကြေသို့ ယပ်စေသည်။ ဒီရေကို ချလိုက်ဟန်ပြုသည်။ ယင်းသို့ နေ့စဉ် ပြုလုပ်စေသည်။ နှုတ်ကလည်း ဂါထာမန္တန်များ ရွတ်စေသည်။

သည်အခြင်းအရာကို ရှမ်းသူရဲတို့မြင်လျှင် အံ့သြကြ၏။ ရာဇာမိရာဇ်ဘက်က ပုဏ္ဏားတွေ အစွမ်းထက်လှသည်။ မန်းမှုတ်ရုံဖြင့် ဒီရေကို တက်စေနိုင်သည်။ ဒီရေကို သက်စေနိုင်သည်။ သူ့ကို ငါတို့ စစ်မပြုတန်ပေ"ဟုဆိုကြ၍ ရာဇာမိရာဇ်အား ကြောက်ရွံ့နေကြသည်။

၁။ မြန်မာပေမူတွင် နှစ်ထောင်ဟုပြု၍ မြန်မာပုံနှိပ်မူတွင် နှစ်ရာ ဟုပြု၏။

www.burmeseclassic.com

www.burmeseclassic.com

ဘုရင်မင်းခေါင်၏စစ်ဖျားတွင် ရှမ်းသူရဲတွေ တိုက်ပွဲ၌ သေပျောက်များသဖြင့် အင်းဝစစ်မတွင် ဆင်စီးသူရဲများလည်း စိတ်ဓာတ်ကျဆင်းသည်။

များမကြာမီ ပုသိမ်စား အမတ်ဒိန်သည် ဗိုလ်ပါသူရဲများနှင့် စစ်ကူရောက်လာသဖြင့် ရာဇာဓိရာဇ်သည် အထူး အားတက်တော်မူ၏။ သမိန်ဗြာဇ္ဇ စီမံထားသည့် စစ်တပ်နေပုံထားပုံကို အမတ်ဒိန် မနှစ်သက်။ "ချောင်းနား နီးလွန်းသည်။ မျူးသားမတ်သားတွေ ဆင်ရေး၊ မြင်းရေး မစီးနင်းသာ။ သူရဲသား သူခက်သားများ ဓားရေး၊ လွှားရေး မကစားသာ။ သို့ဖြစ်၍ ကျွန်ုပ်တို့ဘက်က ဆင်၊ မြင်းစီးခြင်းတွင်လည်းကောင်း၊ ဓားလံ့ဒိုင်းလွှား ထိုးခုတ်မှုတွင်လည်းကောင်း မည်သို့ ကျင်လည်သည်၊ လျင်မြန်သည်၊ ကျွမ်းကျင်လိမ္မာသည်ကို ရန်သူတွေ မမြင်ရလျှင် သူတို့ ကြောက်ရွံ့ထိတ်လန့်မည်မဟုတ်။ ကျွန်ုပ်တို့ဘက်က မြူးထူးပျော်ပါးစွာ စစ်ရေးပြုစေမည်။ ၎င်းကို တစ်ဖက်ကမ်းမှာရှိသော အင်းဝတပ်တွေမြင်ရလျှင် ငါတို့ကို သူတို့မကြောက်ပါတကားဟု ဆို၍ သူတို့ စိတ်ဓာတ်ကျလေမည်"ဟု လျှောက်တင်လေ၏။ ရာဇာဓိရာဇ်လည်း အမတ်ဒိန်လျှောက်သည်ကို နှစ်သက်၍ ချောင်းမှ ငါးတာခွာစေ၏။ စစ်ရေးပြကွင်းကိုလည်း ပြုပြင်စေ၏။ စစ်ရေးကို နေ့စဉ်ပြသစေ၏။ ထိုနောက် အမတ်ဒိန်အား တပ်လှည့်စေ၏။ "ငါတို့တပ်အင်အား မည်မျှရှိသနည်း"ဟု သူ့ရှင်မေးတော်မူ၏။ "တစ်သိန်း[1] ထက် အနည်းငယ်ကျော်မည်"ဟု အမတ်ဒိန်လျှောက်၏။

ထိုနောက် သူ့ရှင်သည် စာရေးလေးယောက်တို့အား တပ်တိုင်းသို့လွှတ်၍ ဗိုလ်ပါသူရဲအင်အား အတိအကျစာရင်းကို ကောက်ယူစေသည်။ စာရင်းယူပြီးသော် တစ်သိန်းနှင့် နှစ်ထောင်ရှိကြောင်း သိရ၏။ ရာဇာဓိရာဇ်လည်း အမတ်ဒိန်ကို ချီးကျူးတော်မူ၏။ "အမတ်ဒိန်အား ငါတပ်လှည့်စေသည်။ ဗိုလ်ပါများ၏ ကျောကိုပုတ်၍ သူ ရေတွက်ခဲ့သလို ငါထံ အနီးစပ်ဆုံး တင်ပြနိုင်သည်။ အမတ်ဒိန်သည် သိကြားမင်းကဲ့သို့လည်းကောင်း၊ ဒီဗွစကွဉ္ဇာဏ်ရှိသူကဲ့သို့လည်းကောင်း သိမြင်တတ်သည်။ အိမ်နီမ့်တွင်သာ မြင်သည့်သားဖြစ်သော မင်းဆွေ စစ်ချီလာသောကြောင့် ငါမှာ လွန်စွာ စိတ်နလုံးပူပင်၍ နောက်ကျိနေသည်။ အမတ်ဒိန်ရောက်လာပြီး လျှောက်ကြားသည်မှ စ၍ ငါစိတ်နလုံးသည် နောက်ကျိရာမှ ကြည်လင်တော့သည်။ စကြဝတေးမင်း၏ ပတ္တမြားရတနာသည် နောက်ကျိသောရေကို ကြည်လင်စေသကဲ့သို့ အမတ်ဒိန်သည်လည်း ငါစိတ်ကို ကြည်စေသဖြင့် ပတ္တမြားရတနာနှင့် တူတော့သည်"ဟု မိန့်ကြား၍ အမတ်ဒိန်ကို အမတ်ဒိန်မဏိရွတ်

၁။ မြန်မာပေမူတွင် ရှစ်သောင်းဟု ဆို၏။

www.burmeseclassic.com

www.burmeseclassic.com

(အမာတ်ဒိန်မှိုက်ရတ်)[၁] ဟူသောဘွဲ့ ပေးတော်မူသည်။

အင်းဝစစ်ချီလာစဉ်က တောင်ငူအောက် မွန်ကျေးရောက်သည်မှစ၍ မြို့ရွာများကို တွေ့တိုင်း မီးထင်းတိုက်သည်။ ကျွဲ၊ နွား၊ ဝက်၊ ကြက်နှင့် ရိက္ခာများကို စားသောက်သည်။ သယ်ဆောင်နိုင်သမျှ သယ်ဆောင်ပြီး ကျန်သရွေ့ကို မီးထင်းတိုက်ခဲ့သည်။ ပန်းကျော်သို့ ရောက်သော် တပ်ချနေသော ဟံသာဝတီစစ်ကိုလည်း မတိုက်ဖျက်နိုင်။ လာလမ်းအတိုင်း ဆုတ်ပြန်မည်ဆိုလျှင်လည်း ရိက္ခာမရနိုင်။ ကြာမြင့်စွာ ရပ်နားနေရသဖြင့် ဗိုလ်ပါများမှာ ရိက္ခာလျော့နည်းလာသည်။ အနီးအနားရွာတွေလည်း ပျက်ကုန်သည်။ လွင်ပြင်ကိုဖြတ်၍လည်း မထွက်ဝံ့။ တောကိုကျော်၍သာ ရိက္ခာစပါးထွက်ရာရသည်။ ပေါင္၊ မလောက်၊ ဒေါရန်၊ ဖောင်တော်၊ တောင်ညို စသောရွာများသို့ ထွက်၍ စပါးရိက္ခာများကို သွားယူရသည်။

ယင်သို့ အင်းဝစစ်သည်များသည် တောအုံကြိုးအားဖြတ်၍ ရိက္ခာထွက်ရာနေရသည်ကို ရာဇာမိရာဇ်ကြားရလျှင် သမိန်အဝန်နိုင်ကို ခေါ်၏။ "မင်းတပ်တွင်းမှ သူရဲကောင်း နှစ်ထောင်၊ သုံးထောင်လောက်ရွေးယူပြီး တောနက်သို့ သွားရောက်ခိုနေကြချေ။ အင်းဝစစ်သားတွေ ရိက္ခာရှာရန်အသွားကို မတိုက်လေနှင့်။ သူတို့ရိက္ခာရပြီး အပြန်ခရီးကိုဖြတ်တိုက်။ ရအောင်ဖမ်းဆီးခဲ့"ဟုမိန့်၍ စေလွှတ်တော်မူ၏။

သမိန်အဝန်နိုင်လည်း သူ့ရှင်အမိန့်အတိုင်း သူရဲကောင်းများကိုခေါ်ကာ တောလမ်းခရီးတွင် ကွယ်နေကြသည်။ အင်းဝသူရဲသူခက်များသည် ရိက္ခာစပါးရပြီးလျှင် ပြန်လာ၏။ လမ်းတွင် သမိန်အဝန်နိုင်တို့ ထွက်တိုက်ကြ၏။ သုံ့ပန်းသုံး၊ လေးရာ၊ တိုက်ဆင်နှင့် ဆင်မကြီးငယ် ရှစ်စီး၊ မြင်းသုံးဆယ်တို့ကိုရ၍ ရာဇာမိရာဇ်ထံ လာရောက်ဆက်သသည်။ ရာဇာမိရာဇ်လည်း အားပါးရတော်မူသဖြင့် သမိန်အဝန်နိုင်ကို "သမိန်အင်းဝမင်းကြီး"ဟု အမည်သစ် သမုတ်တော်မူသည်။ သမိန်အဝန်နိုင်သည် ၎င်းနည်းအတိုင်း နှစ်ကြိမ်သုံးကြိမ်မျှ ထွက်တိုက်၏။ အင်းဝသားတွေ ရွံးဖန်များလျှင် ငတ်မွတ်ကြလေ၏။ ရိက္ခာပြဿနာနှင့် ရင်ဆိုင်ရတော့သည်။

ဘုရင်မင်းခေါင်သည် ရိက္ခာအခက်အခဲတို့နှင့် ကြုံတွေ့ရသဖြင့် ဟံသာဝတီစစ်ကို ဖျက်ဆီးနိုင်မည့်အရေးမှာ ဝေးသေးသည်ဟု ဆင်ခြင်တော်မူပြီးလျှင် အင်းဝသူကြီး (အဲဗဲသူဂြိ)ကို ရာဇာမိရာဇ်ထံ စာနှင့်စေရ၏။ စာတွင်-

---

၁။ အမာတ်ဒိန်မှိုက်ရတ်- ဟူသည် ပါဠိသက္ကတသက် မွန်ဘာသာဖြစ်၏။ နေကဲ့သို့ တောက်လင်းပြီး ပတ္တမြားရတနာနှင့်တူသော ပညာရှိအမတ်ကြီးဟု အနက်ဆောင်သည်။ (သက္ကဿ-အမာတျ၊ ဒိန၊ မဏိကရတန)

အမာတျ-အမာတ်။ ဒိန=ဒိန်၊ မဏိက-မဏိက်-မနိုက်-မှိုက်၊ ရတန-ရုတ်။

www.burmeseclassic.com

www.burmeseclassic.com

"အင်းဝရွှေနန်းရှင်၏သားတော် ဘုရင်မင်းခေါင် ကြားရောက်အပ်သော ဟံသာဝတီပြည့်ရှင် ဆင်ဖြူသခင်၏သားတော် ရာဇာဓိရာဇ်၊ ဇမ္ဗူဒိပ်မြေပြင်ရှိ အားလုံးသော ရှေးဇကရာဇ်မင်းများသည် အချင်းချင်း စစ်မက်ပြုကြသည်ချည်းပင်။ သို့သော် တရားနှင့်ညီစွာ ပြုကျင့်ကြသည်။ ရုံးကြ နိုင်ကြသည်ချည်း။ ငါ့ကို နောင်တော်အနိုင်ယူသည်ကား တရားလက်လွတ်ဖြစ်လှသည်။ တရားနှင့်မညီပါတကား။ ငါသမက်အား သတ်၍ ငါသမီးကို မိဖုရားပြုသည်။ သူ့လင်ကိုသတ်၍ သူ့မယားကို ကိုယ့်မယားပြုသည်မှာ တရားဥပဒေနှင့် ဆန့်ကျင်လွန်းသဖြင့် ငါ စစ်ချီခဲ့ခြင်းဖြစ်သည်။ နောင်တော်၏သမီး တလမေကျော်ကို ငါရစဉ်က ငါ့သားတော်ရင်း မင်းရဲသင်္ကန်းသူ(သီဟသူ)နှင့် ပေးစား၍ ငါ့ချွေးမတော်ပြုသည်။ ငါသမီးစောပြည့်ချမ်းသာကို နောင်တော်ရသော် ငါပြုသလို မပြုပါတကား။ ငါကျင့်သလို နောင်တော်ကိုလည်း ကျင့်စေလိုသည်။ နောင်တော်သမီး တလမေကျော်အား ပို့လာစေလိုလျှင် ငါပို့ပေးမည်။ ငါ့သမီးစောပြည့်ချမ်းသာကို သူကြိုက်နှစ်သက်သောသူနှင့် ပြုစုမည်ဖြစ်လျှင် ငါစစ်နတ်၍ အင်းဝသို့ပြန်မည်"

ရွှေပေဖြင့်ရေးခဲ့သည့် ဘုရင်မင်းခေါင်၏ ရာဇသံကို အင်းပဲသူကြီးထံမှ ရာဇာဓိရာဇ်ရလျှင်–

"ငါ့ညီတော်ဖြစ်သော ရွှေနန်းရှင်၏သားတော်သည် စကားတတ်၍သာ ငါ့ကိုရှုတ်ချပြောဆို ရေးသားခဲ့သည်။ မလျော်သည့်အကျင့်ကို ငါပြုကျင့်သဖြင့် ငါ့မှာ အပြစ်ရှိနေသလို စွပ်စွဲသည်။ ငါ့ညီတော် စစ်မချီခင် အလျင်ကသာ ငါထံ လူတစ်ယောက်လွှတ်၍ ယခုလိုဆိုခဲ့ပါမူ ညီတော်၏စကားကိုကြားလျက် ငါမလိုက်နာသော်မှ ငါ့အား အပြစ်ဆိုသင့်သည်။ သို့ဖြစ်လျှင် ငါ့မှာ အပြစ်ရှိကြောင်း မှန်ပေမည်။ ယခုမူကား ထိုသို့မဟုတ်။ မြသီတင်း(ရွှေဆံတော်)ဘုရားရင်ပြင်တော်တွင် ငါနှင့်ပြုခဲ့သော သစ္စာကို ညီတော် အလျင်ဖောက်ဖျက်သည်။ ငါ့ကိုရှုတ်ချ၍ မဟုတ်မမှန် ကြမ်းကြုတ်သောစကားဖြင့် ဇင်းမယ်မင်းထံ ညီတော်စာရေးသည်။ ညီတော်သည် သစ္စာမစောင့်သဖြင့် နတ်ကောင်းလည်း ညီတော်ကိုမစောင့်ပေ။ ထို့ကြောင့် ဇင်းမယ်သို့စေသော ညီတော်၏ရာဇသံစာနှင့် ကျွန်များသည် ငါထံသို့ ရောက်ရလေသည်။ ညီတော်သစ္စာဖောက်သဖြင့် ရခိုင်ကို ငါ့ကျွန်တွေလွှတ်၍ တိုက်စေခြင်းဖြစ်သည်။ ကာမဏီနှင့် စောပြည့်ချမ်းသာကို ငါ့ကျွန်တွေရခဲ့သည်။ ကာမဏီသည် ပုသိမ်၌ အဆိပ်သောက်၍ သေခြင်း

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်သည်။ သည်ကိုအကြောင်းပြု၍ ညီတော်သည် အင်အားကြီးမားစွာ စုရုံးကာ ငါ့အားတိုက်ဖျက်ရန် ချီခဲ့သည်။ ယခု ငါ့နိုင်ငံကျေးလက်မြို့ပြ ၁၂–မြို့တို့ကို ဖျက်ဆီးပြီး လူသူများစွာကို သုဉ်းပန်းပြုခဲ့သည်။ ညီတော်သည် သစ္စာဖျက်၍ ပြုကျင့်ခဲ့သည့် မိမိအပြစ်တွေကိုမဆိုဘဲ ထိမ်ဝှက်သည်။ ငါ့အပြစ်ကိုသာ ညီတော်ဖော်ပြသည်။ သို့ဖြစ်၍ ညီတော်၏အရေးကို ငါမလိုက်သာသေး။ ယခုဆင်၊မြင်းအလုံးအရင်း ရဲမက်ဗိုလ်ပါများနှင့် ချီလာ၍ ရောက်ရှိနေသည့်အခိုက် ငါ့ကို နိုင်လေအောင် လုပ်ကြံတော့”

ဟု အင်းပဲသူကြီးအား မှာတော်မူလိုက်၏။ အင်ပဲသူကြီးပြန်လေ၍ ရာဇာဓိရာဇ်မှာသည့် အတိုင်း ဘုရင်မင်းခေါင်ကိုလျှောက်၏။ ဘုရင်မင်းခေါင်လည်း ကြမ်းကြုတ်သော ရာဇာဓိရာဇ်၏စကားကို ကြားရသော်လည်း တုံ့ပြန်ခြင်းမပြုတော့ဘဲ နူးညံ့သိမ်မွေ့သော စကားဖြင့် အင်းပဲသူကြီးအား စေပြန်၏။

“နောင်တော်သည် ညီတော်အား အပြစ်ဖို့၍ ဆိုခဲ့သည်။ ညီတော်ကမူ နောင်တော်၏အပြစ်ဟု မြင်သည်။ ယင်းသို့ တစ်ဦးကိုတစ်ဦး အပြစ်တင်နေကြလျှင် သံသရာဆုံးမည်မဟုတ်။ သူ့အပြစ် ငါ့အပြစ်ဟူ၍ မဆိုကြဘဲ နှစ်ဖက်စလုံးက အပြစ်တွေကို စွန့်ပယ်ကြပါစို့။ မောလိုင်းသောင်စီဘုရား(ကျော်မုဟ်လေင်သံင်စီ)တွင် ငါ့ကျွန် အမှူး၊အမတ်ကြီး၊ ငယ်များနှင့် နောင်တော်၏ကျွန် အမှူး၊အမတ်ကြီး၊ငယ်များအားသစ္စာပြုကြစေလိုသည်။ အချိန်းအချက် ပြုကြပြီးပါက ညီတော်လည်း စစ်နတ်၍ အင်းဝသို့ပြန်ပါမည်။ အင်းဝရောက်လျှင် နောင်တော်ထံ တမန်စေပါဦးမည်။ နောင်တော်၏သမီးတလမေကျော်ကို ပို့လာစေလိုက ပို့စေပါမည်။ ငါ့သမီးတော်ကိုမူ ငါတူတော်သုံးယောက်ရှိသည့်အနက် တစ်ယောက်ယောက်နှင့် ပြုစုတော်မူလျှင် ညီတော်စိတ်ပျော်ပါမည်”

ဟု မှာတော်မူ၏။ အင်းပဲသူကြီးလည်း ရာဇာဓိရာဇ်ထံကူး၍ အမှာစကားများကို လျှောက်ထားပြန်သည်။ ရာဇာဓိရာဇ်ကြားလျှင်–

အင်းဝဘုရင်တွင် စကားတတ်သောအမတ်တွေ များသည်။ မင်းရာဇာ၊ အင်းပဲသူကြီး၊ စုကွတေးတို့က အမျိုးမျိုးပြောလာကြသည်။ ငါ့မှူးမတ်တွေကတော့ ဘာမျှမပြောကြ။ ရခိုင်ကို ငါ့ကျွန်တွေနိုင်၍ သမီးတော်နှင့်

၁။ ရာဇာဓိရာဇ်၏သားတော်များကို ဆိုလိုသည်။

www.burmeseclassic.com

www.burmeseclassic.com

သမက်တော်ကို ငါတို့ရသည်ကြားလျှင် အင်းဝဘုရင်သည် စစ်သည်နှစ်သိန်းကျော်နှင့် ချီခဲ့သည်။ ငါ့နိုင်ငံ ကျေးလက်များစွာကို မီးထင်းတိုက်၍ ဖျက်ဆီးခဲ့သည်။ ယခု ငါ့ကို မတိုက်နိုင်။ ရိက္ခာတွေပြတ်၍ ငတ်မွတ်ကြပြီ။ တစ်တောလုံးမှာ သစ်ရွက်၊ အညွှန့်အပွေးပင် မကျန်တော့။ မွေ့ခိုင်မွေ့ခွတ် အင်းလျား(လွှာမုဟ်ခိုဟ်မုဟ်ခေါတ်)မှာလည်း ဟင်းသီးဟင်းရွက်တွေကို ရှာစားလို့မရတော့မှ ငါထံ အရေးဆိုလာသည်။ ငါ့နိုင်ငံမှာ ဆင်၊ မြင်း၊ ကျွဲ၊ နွားစားရန် မြက်တွေကုန်ခန်းရခြင်းမှာ အင်းဝသူကြီးကြောင့်ဟု ငါမှတ်မည်"

ဟု ရာဇာဓိရာဇ်မိန့်၏။ ထိုအခါ အမတ်ဒိန်က-

"အင်းဝသူကြီးဆိုသည့် အချက်အလက်များမှာ မှန်သောစကား မဟုတ်။ သူ့သမီးကို ငါယူသည့်အစဉ်အလာမှာ မွန်ပြည်မှာစခဲ့သည့် အစဉ်အလာ ပဓေယျမဟုတ်။ မြန်မာပြည်မှ စခဲ့ခြင်းဖြစ်သည်။ ရှေးအခါက မွန်ဘုရင် မနူဟာမင်းသည် ဆင်ဖြူတော် ၃၃ စီးကို ပိုင်သည်။ မြန်မာဘုရင် အနော်ရထာမင်းစောသည်လည်း ဆင်ဖြူတော် ၁၆ စီးကို ပိုင်ဆိုင်သည်။ မွန်မြန်မာ မင်းနှစ်ပါးတို့သည် ဇမ္ဗူသပြေပင်အောက်သို့ သွားရောက်ကြပြီး သိကြားမင်းရှေ့မှောက်တွင် ကတိသစ္စာဆို၍ ကလျာဏီမိတ်ခင်ပွန်းဖွဲ့ကြသည်။ နောင်သော် သထုံပြည်ကို ရန်သူများ လာရောက်တိုက်ခိုက်သဖြင့် မွန်ဘုရင် မနူဟာမင်းသည် မြန်မာဘုရင် အနော်ရထာမင်းစောထံ စစ်ကူတောင်းရသည်။ အနော်ရထာမင်းစောသည် သထုံမင်းထံ သူရဲကောင်းလေးယောက်လွှတ်သည်။ မြန်မာသူရဲကောင်းများက ရန်သူကို တွန်းလှန်နိုင်ခဲ့သည့်ကျေးဇူးကြောင့် သထုံမှ မွန်မင်းသမီးတစ်ပါးကို အနော်ရထာမင်းထံ ဆက်သလိုက်သည်။ ထိုအခါ မြန်မာဘုရင် အနော်ရထာမင်းစောသည် ငါ့အဆွေတော်၏ သမီးပါတကားဟု မဆို။ မွန်မင်းသမီးကို မိဖုရားအဖြစ် သိမ်းပိုက်တော်မူခဲ့သည့် အစဉ်အလာရှိသည်။ မြတ်စွာဘုရားတို့ မည်သည်မှာလည်း ရှေးက ပွင့်တော်မူခဲ့သည့် ဘုရားအဆက်ဆက်တို့က မျှောလေ့မျှောထရှိသော ဌာနတွင်ပင် ရွှေခွက်ကို မျှောတော်မူကြသည်။ ယခုလည်း

www.burmeseclassic.com

> ငါတို့သခင် ရာဇာမိရာဇ်သည် မြန်မာဘုရင် အနော်ရထာမင်းစော၏ထုံးကို နှလုံးပိုက်၍ လိုက်နာပြုကျင့်ခြင်း ဖြစ်ပေသည်။ ပသို့ကြောင့် ဤသည်ကို မလျော်သောအကျင့်ဟု အင်းပဲသူကြီး ဆိုသနည်း"[၁]

ဟု ဆို၏။ အင်းပဲသူကြီးလည်း "အမတ်ဒိန်သည် ပညာရှိပီသ၍ စကားတတ်လှပေသည်"ဟု ချီးကျူး၏။

ရာဇာမိရာဇ်လည်း မင်းသမီးစောပြည့်ချမ်းသာကို အင်းပဲသူကြီးအား မြင်စေလို၍ စားတော်ကွမ်း တောင်းတော်မူ၏။ စောပြည့်ချမ်းသာလည်း တံခါးအပါးသို့လာ၍ ကွမ်းကမ်းလာ၏။ အင်းပဲသူကြီးလည်း မင်းသမီးကိုမြင်၏။ သို့စဉ်တွင် ရာဇာမိရာဇ်က အင်းပဲသူကြီးအား "မင်းသခင့်သမီးတော်၏ အမှာအထားကို မင်းချဉ်းကပ်၍ နာချေ"ဟု မိန့်၏။ အင်းပဲသူကြီးလည်း "ကျွန်ုပ်ယခုလာသည်မှာ မင်းဧကရာဇ်နှစ်ပါး ချစ်ကြည်ရန် အလို့ငှာ အရေးဆိုလာခြင်းဖြစ်သည်။ ဟံသာဝတီနှင့် အင်းဝကို ရွှေလမ်း၊ငွေလမ်းပေါက်အောင်၊ မီးမသေ ရေမနောက်၊ ညီညွတ်ကြ၍ တမန်မပြတ်လပ်စေအောင် ပြည်သူပြည်သား ရဟန်းပုဏ္ဏားများ ငြိမ်းချမ်းရေးရပြီး အကျိုးစီးပွားဖြစ်ထွန်းအောင် ဟူ၍ ရွှေနန်းရှင်အင်းဝမင်းက စေတနာရှေ့ထားလျက် ကျွန်ုပ်အား အရေးအခြားဆိုရန် စေခဲ့ခြင်းဖြစ်သည်။ မင်းသမီး၏ အမှာအထားကို ခံရန်လာသည်မဟုတ်"ဟု လျှောက်ထား၏။

၁။ မြန်မာပေမူတွင် အမတ်ဒိန် ယင်းသို့ဆိုကြောင်း မပါရှိ။
မြန်မာရာဇဝင်တွင် ပဲခူးမှ မွန်မင်းသမီး ခင်ဦးကို အနော်ရထာမင်းထံ ဆက်သည်ဟုဆိုသည်။ မွန်ရာဇဝင်တွင် အနော်ရထာကလည်း သထုံသို့ သမီးဆက်သည်ဟု ဆိုသေးသည်။ အပြန်အလှန် သမီးပေးခဲ့ကြသည်ဟု ဖတ်ရသည်။ မြန်မာရာဇဝင်တွင် ပုဂံမှ ပဲခူးသို့ သူရဲကောင်း ၄ ယောက် ဖြစ်သော ကျန်စစ်သား၊ ညောင်ဦးဖီး၊ ငလုံးလက်ဖယ်နှင့် ငထွေရူးတို့ကို လွှတ်သည်။ ဂျွမ်းစစ်ကို တိုက်ထုတ်ပေးသဖြင့် ပဲခူးမင်းက သမီးတော် မဏီစန္ဒာခေါ် ခင်ဦးကို ဆက်သည်။ လမ်းခရီးတွင် ကျန်စစ်သားနှင့် ရည်ငံကြသည် ဟူ၏။

www.burmeseclassic.com

www.burmeseclassic.com

ထိုအခါ ရာဇာဓိရာဇ်သည် ကာမဏီစီးသော မြင်းမန်ကျည်းစေ့နှင့် မြင်းဖောင်းဝတ်[၁] နှစ်စီးတို့ကို အင်းပဲသူကြီးအား ပြစေ၏။ "သည်မြင်းနှစ်စီးတို့ကို မင်းသိပါသလား"ဟု မေးတော်မူ၏။ "ကျွန်ုပ်မသိပါ"ဟု အင်းပဲသူကြီးဖြေ၏။ "သည်မြင်းတွေကို တစ်စီးလျှင် ငွေပိသာနှစ်ဆယ်၊ အခြားတစ်စီးကို ငွေ ၁၇ ပိသာပေးဝယ်ရသည်ဟု ငါတို့ကြားရသည်။ မင်းသိလျက်နှင့် မသိဟု ပသို့ကြောင့် ဆိုသနည်း"ဟု မိန့်၏။ "ပုဂံနှင့် အင်းဝတွင် မြင်းတွေအလွန်များပြားလှသဖြင့် ကျွန်ုပ် မမှတ်မိနိုင်ပါ"ဟု လျှောက်၏။

ရာဇာဓိရာဇ်လည်း "သည်မြန်မာအမတ်သည် ငယ်ပင်ငယ်သော်လည်း အရေးအခြားစကားထွက်ဆိုပုံ ပြေပြစ်ကျစ်လျစ်လှသည်။ မျက်စိ၊ မျက်နှာသွင်ပြင်၊ အနေအထိုင်၊ အဆိုအမိန့် ကောင်းသည်။ အမြော်အမြင်ကြီးလှ၏။ နောင်ကို သူကောင်းဖြစ်မည်"ဟု ချီးကျူး၏။ ထို့နောက် ရာဇာဓိရာဇ်က "ညီတော်ဘုရင်မင်းခေါင်၏ ကျွန်အမှုး၊အမတ်များနှင့် ငါ့ကျွန်အမှုး၊ အမတ်များအား သစ္စာပြုကြစေလိုသည်ဟု ညီတော်ဆိုလာသည်ကို ငါသဘောတူသည်။ ညီတော်၏အဆိုအတိုင်း အင်းဝသို့ပြန်ရောက်ပြီးလျှင် ငါ့ထံ တမန်စေခဲ့သော် ညီတော်ဆန္ဒရှိသရွေ့ ငါလိုက်လျောပါမည်"ဟု မှာတော်မူ၏။ သစ္စာစကားဆိုကြစေမည့် နေ့ရက် အချိန်ကာလကို အချိန်းအချက်ပြု၏။ အင်းပဲသူကြီးလည်း ဝမ်းသာအားရစွာဖြင့် ရာဇာဓိရာဇ်အား ဦးခိုက်ပြီး ပြန်လေ၏။

ထို့နောက် ရာဇာဓိရာဇ်သည် သမိန်ဗြာဇ္ဈ၊ အမတ်ဒိန်၊ သမိန်အဝန်နိုင်၊ သမိန်အဲဗြရှ်(ဖိပ်ဗြ)နှင့် အရေးအခြား စကားတတ်သော သေနာပတိများကိုခေါ်၍ တိုင်ပင်ဆွေးနွေး၏။ "ဘုရင်မင်းခေါင်သည် မြသီတင်းဘုရားရင်ပြင်တွင် ငါနှင့် သစ္စာဆိုခဲ့ပြီးသည်ကို ဖောက်ပြန်၍ အလုံးအရင်း၊ ဆင်၊ မြင်းများစွာနှင့် ချီလာသည်။ ဟံသာဝတီပြည်ကို အရယူမည်ကြံသည်။ ယခု ငါတို့ကို မတိုက်နိုင်။ ရိက္ခာပြတ်၍ ငတ်မွတ်တော့မည့်အရေးကို တွေးတောကြောက်သဖြင့် နှစ်ဖက်သော မှူးမတ်ကြီးငယ်များအား အချင်းချင်း သစ္စာပြုစေလိုသည်ဟု ငါ့ထံ အရေးဆိုလာသည်။ သစ္စာပြုပြီး အင်းဝသို့ ပြန်လေမည်ဟု ဆိုသည်။ သည်အရေးကို မင်းတို့ ပသို့မြင်ကြသနည်း"ဟု မိန့်၏။ သမိန်ဗြာဇ္ဈက "ကျွန်ုပ်တို့ကို သူ သစ္စာစောင့်သော်သာ ကျွန်ုပ်တို့ စောင့်ရမည်။ သူက သစ္စာမစောင့်

၁။ ပြာလဲရောင်၊ မွဲပြာရောင်၊ ညိုမှိုင်းရောင်ရှိသောမြင်း။ မွန်မူတွင် မဂျီဇော်၊ ဖောင်ဝတ် ဟူ၍ မြန်မာဘာသာကို သုံးနှုန်းထားသည်ကို ထောက်လျှင် မွန်စကားတွင် မြန်မာစကားကို များစွာ သုံးနှုန်းခဲ့ကြောင်း သိသာသည်။ မြန်မာကလည်း မွန်စကားကို များစွာ သုံးနှုန်းသည်။ ယင်းခေတ်တွင် မွန်နှင့် မြန်မာတို့သည် အများဆုံး ရောနှောခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com

သဖြင့် ကျွန်ုပ်တို့ စောင့်ရမည်လော”ဟု လျှောက်၏။ သူ့ရှင်လည်း “ဟုတ်ပေသည်၊ ငါ့စိတ်လည်း သည်အတိုင်းရှိသည်”ဟု မိန့်၏။ မှူးမတ်များလည်း “သည်အရေးသင့်လှပေသည်”ဟု လျှောက်ထားကြသည်။ “သစ္စာစကားဆိုကြရာတွင် သူတို့ကို အကုန်ဖမ်းယူမည်”ဟု မိန့်၍ မှူးမတ်သေနာပတိများအား ညွှန်ကြားချက် ပေးတော်မူ၏။ သစ္စာပြုကြမည့် သဲသောင်ပြင်တွင် မားလုံများကို မြှုပ်ထားစေသည်။

သစ္စာပြုရန် ချိန်းချက်သည့် နေ့ရက်ရောက်လတ်သော် မှူးမတ်သေနာပတိသုံးဆယ်တို့ကို ခန့်ထားသည်။ ရာဇာမိရာဇ်ကိုယ်စား သမိန်ဇြာဇ္ဇကို အကြီးဆုံးထားသည်။ အငယ်ဆုံးအမတ်ကား လဂွန်းအိန်ဖြစ်သည်။

ဘုရင်မင်းခေါင်ဘက်တွင် ရွှေနန်းရှင်ကိုယ်စား မြင်စိုင်းစား သရေစည်သူကို[1] ခန့်ထားသည်။ အငယ်ဆုံးအမတ်ကား သတိုး။ စုစုပေါင်း မှူးမတ်သုံးဆယ်ဖြစ်သည်။ မွန်မြန်မာ မှူးမတ်သေနာပတိများသည် သစ္စာစကားဆိုကြရန် ပန်းကျော်ချောင်းသဲသောင်ပြင်သို့ အားလုံးဆင်းလာကြသည်။ မွန်ဘက်က သမိန်ဇြာဇ္ဇနှင့် မြန်မာဘက်က မြင်စိုင်းမင်းသား သရေစည်သူတို့ကတစ်တွဲ။ အမတ်မဟာသမွန်နှင့် မင်းမဟာရာဇာ။ သမိန်ယောဂရာတ်နှင့် ရာဇသင်္ကြိ။ သမိန်ပြပ်ကမိုင်နှင့် မင်းရဲသိင်္ဂသူ(သိဟသူ)။ သမိန်ဥပါကောင်းနှင့် ဥဇနာ။ သမိန်သံလွှစ်နှင့် နော်ရထာ။ သမိန်သံကြွယ်နှင့် ဘယသင်္ကြိ။ မညိကံကောင်းနှင့် ကလေးကျေးတောင်ညို။ လဂွန်းအိန်နှင့် မိုးညှင်းသတိုး– ဟူ၍ အသီးသီး တွဲဖက်ထားကြသည်။ အတွဲပေါင်း သုံးဆယ်[2] ဖြစ်သည်။

မွန်ဘက်မှ လဂွန်းအိန်သည် အငယ်ဆုံးဖြစ်၍ မြန်မာဘက်မှ သတိုးသည် အငယ်ဆုံးဖြစ်သဖြင့် အဖက်ညီသည်ဟု နှစ်ဖက်သောမှူးမတ်များက ကြည့်၍ ရယ်မောကြသည်။ လဂွန်းအိန်သည် လက်ခွင့်၍ သတိုးသည် ပေါင်ခွင့်၏။ သစ္စာပြုကြပြီးပါက မွန်မှူးမတ်များသည် ဘုရင်မင်းခေါင်ထံ သွားရောက်ရှိခိုးမည်။ ထိုအခါ လမ်းတွင် ဝှက်ထားသော လက်နက်များယူ၍ ရွှေနန်းရှင်ဘုရင်မင်းခေါင်ကို ဖမ်းမည်။ မြန်မာဘက်မှ မှူးမတ်များသည် ရာဇာမိရာဇ်ထံသို့ ရှိခိုးရန်လာမည်။ ရောက်လျှင် အားလုံးကိုဖမ်းမည်ဟု ရာဇာမိရာဇ် အကောက်ကြံသည်။ အစီအစဉ်အရ သူရဲသူခက်များကို အဆင်သင့်ထားသည်။ ယင်းသို့ သစ္စာပြုရန် သွားကြရာဝယ် နောက်ဆုံးအတွဲတွင် သတိုးက လဂွန်းအိန်အား

၁။ မြန်မာပေမူတွင် မွန်နှင့်အညီဆိုသော်လည်း မဟာရာဇဝင်တွင် မင်းရာဇာကို ရွှေးယူ၍ မိုးညှင်းသတိုးကို နောက်ဆုံးထား၏ ဟု ဆိုသည်။

၂။ မွန်မူနှင့် မြန်မာပေတို့တွင် သုံးဆယ်ဟု အညီဆိုသော်လည်း မဟာရာဇဝင်တွင် အမတ်ကြီးတစ်ကျိပ်ဟုသာ ဆို၏။

www.burmeseclassic.com

www.burmeseclassic.com

လက်ဖက်အုပ်ကို လက်ဆောင်ပေး၏။ လဂွန်းအိန်လည်း သတိုးအား ပဝါကောင်းနှစ်ပိုင်ကို လက်ဆောင်ပေး၏။

ထိုနောက် သတိုးက "ဟယ် သွေးသောက် မင်းလည်း သူရဲကောင်း၊ ငါလည်း သူရဲကောင်း။ ယခု ငါတို့ပြုကြမည့်သစ္စာသည် ဖြောင့်မှန်မည်ထင်သလော။ ဖောက်ပြန်ကြဦးမည်လော"ဟု မေး၏။ လဂွန်းအိန်က "ဟယ် သတိုးအရှူး၊ စစ်တို့၏သဘောတွင် သစ္စာမှန်သည် ရှိဖူးသလော။ ငါ့ကိုနင်ရလည်း သတ်မည်။ နင့်ကိုငါရလည်း သတ်မည်။ စစ်အတွင်းမှာပြုသည့်သစ္စာကို ဖြောင့်မှန်သည်ဟု မင်းယုံမည်လော"ဟု ဆို၏။

သတိုးသည် လဂွန်းအိန်စကားကို ကြားရလျှင် မြင်စိုင်းမင်း သရေစည်သူထံသွား၍ "ယခုပြုမည့်သစ္စာသည် မမှန်၊မသွားနှင့်တော့"ဟုဆို၏။ အင်းဝမှူးမတ်များလည်း အချင်းချင်း ဟစ်၍ ဆိုကြပြီးလျှင် ဆင်ဦးလှည့်ကာ ပြန်ကြ၏။

ပဲခူးမှူးမတ်များလည်း အစီအစဉ်ပျက်သဖြင့် ရာဇာဓိရာဇ်ထံ ပြန်ကြ၏။

"ပသို့ကြောင့် မင်းတို့ပြန်ခဲ့ကြသနည်း"ဟု မေးတော်မူ၏။ ထိုအခါ သမိန်ဖြာဇ္ဇက "သစ္စာပြုမည့်အရေး ပျက်လေသောကြောင့် ပြန်ခဲ့ပါသည်"ဟု လျှောက်၏။ "အစီအစဉ်ကို မည်သူဖျက်သနည်း။ မည်သူပြော၍ သူတို့သိသနည်း"ဟု မေးတော်မူ၏။ "သတိုးနှင့် လဂွန်းအိန်တို့ တစ်တွဲဖြစ်သည်။ သတိုးပြော၍ သူတို့ပြန်လှည့် သွားသည်"ဟု သမိန်ဖြာဇ္ဇလျှောက်၏။ "ဟယ် လဂွန်းအိန် ငါတို့၏လျှို့ဝှက်ချက်ကို ပသို့ သူတို့ရသနည်း"ဟု မေးတော်မူ၏။ "ကျွန်ုပ်ပြောပြ၍ သူတို့သိရသည်"ဟု လဂွန်းအိန်ဖြေ၏။ "သည်လောက်ကြီးသောအရေးကို နင်ဖျက်တန်သလော"ဟု လွန်စွာ မျက်တော်မူ၏။ "လဂွန်းအိန်ကို ခြေလက်ဖြတ်၍ သတ်ပစ်စေ"ဟု မိန့်၍ အဲမွန်ဒယာလက်သို့ အပ်လိုက်သည်။

အဲမွန်ဒယာလည်း သူ့ရှင်ကို မလျှောက်ဝံ့သဖြင့် အမိန့်အတိုင်း လဂွန်းအိန်ကို ဆွဲထုတ်သွားလေသည်။ "အမျက်ပြေမှ လျှောက်စေဦးမည်။ အရေးကို ချေနိုင်လျှင် လွတ်ပါစေ။ မချေနိုင်လျှင် ကွပ်ရမည်ပင်"ဟု အဲမွန်ဒယာ စဉ်းစားထားသည်။ ထိုအခါ သမိန်ဖြာဇ္ဇနှင့် အမတ်ဒိန်တို့က "လဂွန်းအိန်သည် ထူးချွန်သော သူရဲကောင်းဖြစ်သည်။ အရှင်မင်းကြီး၏ ကျက်သရေကို တည်ဆောက်ပေးသော သူရဲကောင်းဖြစ်ပေသည်။ သည်လောက်ကြီးသော ရန်သူဘေးနှင့် ရင်ဆိုင်နေရစဉ်၊ သည်လောက်ကြီးသော စစ်ပွဲသဘင်ကျင်းပနေစဉ် သူ့ကိုသတ်ပစ်မည်ဆိုပါက သူလို စွမ်းပကားကြီးသော သူရဲကောင်းတစ်ယောက်ကို အစားထိုး၍ မိမည်လော။ ရန်သူတစ်ဖက်သားကို အားပံ့သလို မဖြစ်သင့်သလော"ဟု ဦးခိုက်၍ လျှောက်ကြ၏။ "အခြားသူရဲကောင်းတစ်ယောက်ကို အစားထိုး၍ မမိလျှင် သူ့နေရာမှာ ငါကိုယ်တိုင် သူရဲကောင်းလုပ်မည်"ဟု မိန့်တော်မူ၏။

www.burmeseclassic.com

www.burmeseclassic.com

သမိန်ဗြာဇွန်နှင့် အမတ်ဒိန်တို့က ဆက်လက်၍ "အရှင်မင်းကြီးနှင့် ကျွန်ုပ်တို့ ကြဲစည်ထားသည့် လျှို့ဝှက်ချက်ကို လဂွန်းအိန် သိထားပါလျက် သည်လောက်ကြီးသော အကြံကို သူဖျက်သည်မှာ သူ့မှာ အကြောင်းယုတ္တိတစ်ခုခု ရှိလေမည်။ အရှင်မင်းကြီး မျက်တော်မူစဉ် မိန့်ကြား၍ ကျွန်ုပ်တို့သည် အမိန့်ကို မဆန့်ဝံ့ကြသဖြင့် သူ့အား ဆိုင်းငံ့ပြီး မမေးရပါ။ ယခု သူ့ကို ခေတ္တနုတ်ယူ၍ ကျွန်ုပ်တို့ စစ်ဆေးမေးမြန်းပါရစေဦး။ သည်မျှကြီးသောအကြံကို သူဖျက်ရခြင်းကို ခိုင်လုံသောအကြောင်းပြချက်ဖြင့် သူချေပနိုင်ပြီး ဥပဒေလမ်းကြောင်းနှင့်ညီလျှင် သူ့အသက်ကို ချမ်းသာပေးသင့်ပါသည်။ အကယ်၍ အကြောင်းမှန်မရှိ။ ဥပဒေစည်းမျဉ်းအပြင်ဘက်သို့ ရောက်နေသည်ဖြစ်မူ သူ့အားကွပ်မျက်စေမည့် ရာဇဒဏ်ဖြင့် ကျွန်ုပ်တို့ စီရင်ပါမည်"ဟု အသနားခံ လျှောက်ကြား၏။ ရာဇာမိရာဇ်လည်း မည်သို့မျှမဆိုဘဲ တိတ်တိတ်နေတော်မူ၏။

သို့ဖြစ်၍ အမတ်ဒိန်သည် လဂွန်းအိန်အား သချိုင်းမှ လိုက်ခေါ်စေ၏။ ထိုစဉ် လဂွန်းအိန်သည် ရတနာသုံးပါးကိုအောက်မေ့၍ ရှိခိုးလျက်နေသည်။ အဲမွန်ဒယာနှင့် ပါးကွက်အာဏာသား လူသတ်သမားများလည်း နောက်ထပ် သူ့ရှင်၏အမိန့် တစ်စုံတစ်ရာ လာဦးမည်ဟု မျှော်လင့်သဖြင့် လဂွန်းအိန်ကို မသတ်သေးဘဲ ဆိုင်းငံ့၍ စောင့်နေကြသည်။ အမတ်ဒိန် အခေါ်လွတ်သည့်အမိန့်ရလျှင် လဂွန်းအိန်ကို သချိုင်းမှ ခေါ်ခဲ့ကြသည်။ သူ့ရှင်ရာဇာမိရာဇ်၏ ရှေ့မှောက်ရောက်လျှင် သမိန်ဗြာဇွန်က စစ်ဆေးမေးမြန်းသည်။ လဂွန်းအိန်သည် ဖြေ၍မဖြစ်၊ စကားမဆိုတတ်ဘဲ ဖြစ်နေ၏။ အမတ်ဒိန်က "ဗိုလ်မင်းသည် သူ့ရှင်၏မျက်မှောက်မှာ မေးနေလျှင် သူဆို၍ ထွက်မည်လော။ ဗိုလ်မင်း၏စခန်းသို့ ခေါ်ထုတ်၍ စစ်ဆေးပြီးမှ သူ့ရှင်ကို ကျွန်ုပ်တို့ လျှောက်တင်မည်"ဟု ဆို၏။ သူ့ရှင်လည်း အမတ်ဒိန်၏စကားကိုကြားလျှင် အတွင်းဆောင်သို့ ဝင်တော်မူ၏။

အမတ်ဒိန်လည်း လဂွန်းအိန်ကို ထုတ်သွားသည်။ သမိန်ဗြာဇွန်စခန်းသို့ရောက်လျှင် ရေမိုးချိုးစေသည်။ လဂွန်းအိန်အား စိတ်တည်ငြိမ်မှုရစေပြီးသော် သမိန်ဗြာဇွန်က "ဟယ် လဂွန်းအိန်၊ ဧကရာဇ်မင်း၏လျှို့ဝှက်ချက်ကို မင်းသိလျက်နှင့် ပသို့ကြောင့် မင်းဖျက်ရသနည်း။ မင်းပသို့မြင်၍ သည်လိုပြုရသနည်း"ဟု မေး၏။

"သတိုးက ကျွန်ုပ်ကိုမေးသည်။ ယခုပြုသည့်သစ္စာ မှန်၏လော။ ထိုအခါ ကျွန်ုပ်စဉ်းစားသည်။ မြန်မာတွေ ရုံးတော့မည်။ သူတို့မှာ ရိက္ခာပြတ်၍ ငတ်မွတ်နေပြီ။ သူတို့ ပြန်လှည့်ရတော့မည်။ သူတို့ ဆုတ်ပြေးလျှင် ကျုပ်တို့က တရားသဖြင့် သူ့စစ်ကို လွယ်ကာသာ နိုင်မည်ကိုမယူ။ သစ္စာပြုဟန်ဖြင့် မဖြောင့်မမှန် လိမ်လည်လှုပ်ကြွပြီးမှ အနိုင်ယူလိုသည်။ ရှေးက ဟံသာဝတီတွင် သိကြားမင်းဖန်ဆင်းသည့် အောင်မြေရှိသည်။

www.burmeseclassic.com

www.burmeseclassic.com

အသားမင်းသားမင်းပြုစဉ် ရန်သူကို တရားနည်းလမ်းဖြင့် အနိုင်ယူရန် မစဉ်းစားဘဲ ဥပါယ်ပြု၍ စဉ်းလဲမှုဖြင့် ရန်သူကို အနိုင်ယူခဲ့သည်။ သို့ဖြစ်၍ ဟံသာဝတီဟု ခေါ်ဝေါ်သမုတ်ခဲ့ရာမှ အသားမင်းသား ဥပါယ်ပြု၍ ရန်သူကို အနိုင်ယူသည့်အဖြစ်ကြောင့် ဥပါယ်ဂို့(ဥပါယ်ဂို့)[၁] ဟု ခေါ်တွင်ခဲ့ပြန်သည်။ ယခု ရိက္ခာပြတ်၍ ငတ်မွတ်နေသော အင်းဝစစ်ကို ကျွန်ုပ်တို့သခင် ရာဇာဓိရာဇ်သည် တရားနည်းလမ်းဖြင့် အလွယ်တကူ အောင်နိုင်မည်ကိုမယူ။ စဉ်းလဲမှုဖြင့် ဥပါယ်ပြုပြီးမှ အနိုင်ယူမည်ကြံသည်။ အောင်သည်ထားဦး။ ပဲခူးအမည်ကိုဖျက်၍ မည်သို့ ဆက်လက်ခေါ်ဝေါ်ရပါမည်နည်း။ ယင်းသို့ကျွန်ုပ်စိတ်တွင် စဉ်းစားမိသဖြင့် ဟယ်-သတိုးအရှူး၊ စစ်အတွင်းမှာ ပြုသည့်သစ္စာ မှန်ဖူးသည်ရှိသလောဟု ကျွန်ုပ်ပြောလိုက်သည်မှာ မှန်ပါသည်။ တရားနည်းလမ်းမကျသည့် အောင်မြင်မှုကို ကျွန်ုပ်မနှစ်သက်၍ သခင်၏ လျှို့ဝှက်ချက်ကို ဖျက်ရခြင်းဖြစ်ပါသည်"

ဟု လျှောက်ထားလေသည်။

"ယင်းသို့ဆိုလျှင် အင်းဝစစ်ကို တရားသဖြင့် အလျင်အမြန်နိုင်အောင် မင်း ကြံဆောင်၍ဖြစ်မည်လော"ဟု သမိန်ဗြာဇွမေးလေ၏။ "ကျွန်ုပ်တစ်ဦးတည်း ကြံ၍ မဖြစ်နိုင်ပါ"ဟု လဝွန်းအိန်ဆို၏။ "ယင်းသို့ဆိုလျှင် မင်းအသက်မကြွင်းတော့ပြီ"ဟု အမတ်ကြီးများဆိုလျှင် "ဗိုလ်မင်းနှစ်ပါး အကြံပေးညှိနှိုင်းကြားသော်ကား တစ်သဝေမတိမ်း ကျွန်ုပ်လိုက်နာဆောင်ရွက်ပါမည်။ သို့မဟုတ်မူ ကျွန်ုပ် လူသေပင်ဖြစ်တော့သည်"ဟု လဝွန်းအိန်ဆို၏။ ထိုအခါ အမတ်ဒိန်က "ယင်းသို့မင်းဆိုလျှင် မင်းကို သူရဲသုံးလေးရာပေးမည်။ မင်းကိုယ်တိုင်ဆင်စီး၍ မောလင်တော(ကြိုပ်မုဟ်လေင်)မှာ သွား၍ခိုနေချေ။ အင်းဝရွှေနန်းရှင်သည် ညချမ်းတိုင်းတွင် ကင်းလှည့်သည်။ အဖိုးဒနီရဲချောင်းဝကသည် မောလင်ဘုရား(ကျွာ်မုဟ်လေင်)တိုင် မြင်းစီးလျက် အပေါ့အလျော့ အယဉ်အသာသွားသည်။ မြင်းနောက်တွင် တိုက်ဆင်ကို ကကြိုးများတင်လျက် လိုက်ရသည်။ ၎င်းနောက် မှ ဝေ့ဆင်နှင့် ဆင်မများအစဉ်အတိုင်း ညင်သာစွာ လိုက်ရ၏။ မောလင်တောသို့ ရောက်လျှင် မင်းကွယ်နေရာကဖြုတ်ခြည်းထွက်တိုက်လျှင် ဘုရင်မင်းခေါင်ကိုရမည်"ဟု ဆို၏။

"ဗကမတ်ဆင်ကို ကျွန်ုပ်စီး၍တိုက်ရလျှင် မုချနိုင်ရမည်"ဟု လဝွန်းအိန်ဆို၍

၁။ ဥပါယ်ဂို့မှ ပဲခူးဟု ဆင့်ကဲပြောင်းလာသည်ဟု ဆိုလိုသည်။ သို့သော် ကျောက်စာတွင် ချင်ဗဂေါဝ် ဟု ရေးသည်။ လှပသောမြို့။ မြို့လှ ဟု အနက်ဆောင်သည်။
(ဗဂေါင်- ဗဂေါ- ဗဂိုး-ပဂိုး- ပခိုး-ပဲခူး)

www.burmeseclassic.com

www.burmeseclassic.com

ကြားလျှင် သူ့ရှင်ရှေ့တော်သို့ လဝန်းအိန်အား ခေါ်သွင်း၍ ရောက်လျှင် လဝန်းအိန်နှင့် ပြောဆိုသည့်စကားများကို တစ်လုံးမကျန် အမတ်ကြီးနှစ်ဦးတို့က လျှောက်ထား၏။ ရာဇာဓိရာဇ်လည်း ပြုံးတော်မူ၏။ "ဆင်တော်ဗကမတ် (အခါမာတ်)ခေါ် အသိဏ္ဍာရာဇ်ဆင်ကို ပေးတော်မူပါ။ လဝန်းအိန် စွန့်၍ တိုက်မည်။ သူရဲသူခက် သုံးရာလည်း လိုပါသည်" ဟု သမိန်ဖြာဇ္ဇလျှောက်၏။ သူ့ရှင်လည်း "ငါခွင့်ပြုသည်။ မင်းရှေ့က သွားနှင့်ချေ။ ငါလည်း သူရဲဗိုလ်ပါများနှင့် သည်ဘက်မှာ စောင့်၍နေမည်။ တံပိုးခရာသံကြားလျှင် မင်းကို အထောက်အကူပြုရန် ငါလိုက်ခဲ့မည်" ဟု မိန့်တော်မူ၏။ အသိဏ္ဍာရာဇ်ဆင်သည် မုန်ယိုလျက်ရှိ၏။ ခံတွင်းသို့ မုန်ရည်များဝင်သဖြင့် လူကို ကြည့်မရအောင်ဖြစ်သည်။ "သည်စွယ်စုံမုန်သောက်သည့် ဆင်တော်အသိဏ္ဍာရာဇ်ကို မင်းစီးချေတော့" ဟု မိန့်တော်မူ၏။ လဝန်းအိန်လည်း သူ့ရှင်ကိုရှိခိုး၍ ဗကမတ်ဆင်သို့ ချဉ်းကပ်လျက် ကြဲကိုပေး၏။ ဗကမတ်ခေါ် အသိဏ္ဍာရာဇ်ဆင်လည်း လဝန်းအိန်အနံ့ကိုသိ၍ ပေးသည့်ကြဲပိုင်းကို စား၏။ "ဆင်ကိုထူးဖြတ်၍ တင်းကုပ်မှထုတ်ချေ"ဟု ဆင်ထိန်းအား လဝန်းအိန်ဆို၏။ ဆင်အနီးသို့ကပ်၍ "စွတ်–စွတ်"ဟုအသံပြုကာ နားကိုဆွဲ၍ လည်ကုပ်ထက်သို့ လျှင်မြန်စွာ လဝန်းအိန် ခုန်တက်သည်။ ဗကမတ် မုန်ပြင်း၍ ခါ၏။ လဝန်းအိန်လည်း ချန်းကို ပြင်းပြင်းပေါက်၍ ထွက်၏။ လဝန်းအိမ် လက်ကြမ်းသည်ကို ဗကမတ်သိ၍ ငြိမ်သွား၏။ သူ့ရှင်ရှေ့တွင် လဝန်းအိန်သည် ဗကမတ်ဆင်ကို သုံးပတ်မျှ စီးပြသည်။ "သက်ချေတော့"ဟု ရာဇာဓိရာဇ်မိန့်လျှင် လဝန်းအိန်လည်း ဆင်ထက်မှဆင်း၍ သူ့ရှင်ထံဦးခိုက်လျက်"ယခုအခါ အင်းဝစစ်သည် ကုန်းမြေပြန့်တွင် ပျဉ့်နှံစွာကြွေကျနေသော သျှိသျှားသီးများကဲ့သို့လည်းကောင်း၊ အတိဒုက္ခရောက်သောသူများသည် ခိုကိုးရာမဲ့သဖြင့် ခြေဦးတည့်ရာ လွင့်ပါးနေသကဲ့သို့လည်းကောင်း မငြိမ်မသက်ဖြစ်နေသဖြင့် မသဲလုံ[၁] ကို ခံနိုင်မည်လော"ဟု လျှောက်ထားသည်။

ရာဇာဓိရာဇ်လည်း အားပါးရတော်မူသဖြင့် "မဟာစောလဝန်းအိန်"ဟု သမုတ်တော်မူသည်။ ရွှေပြားခတ်ရန် မမီသဖြင့် သူ့ရှင်လက်ဖြင့်ပင် လဝန်းအိန်၏ နဖူးပြင်တွင် ဘွဲ့ကို ရေးပေးသည်။ နှင်းကေသရာ[၂] ကိုလည်း တလမေကျော်ဟု အမည်ပေးသည်။ မဏ္ဍပ်ကနားတွင် သစ်ရွက်နီများခင်းစေ၍ လဝန်းအိန်အား မဟာစောလဝန်းအိန်ဟူသော ဘွဲ့သစ်ကို ချီးမြှင့်တော်မူ၏။ "ကျွန်ုပ်၏ နဖူးပြင်တွင် သူ့ရှင်၏လက်ဖြင့် ရေးပေးသည့်ဘွဲ့ဖြစ်၍ ရွှေပန်းထိမ်ခတ်သည့်ရွှေပြားကို ကျွန်ုပ် မလိုတော့ပြီ"ဟု လဝန်းအိန် ကြုံးဝါးသည်။

၁။ လဝန်းအိန်၏ငယ်မည်မှာ မသဲလုံဖြစ်သည်။ မသုံလုံဟုလည်း ရေး၏။

၂။ ဒုန်ဝန်းစား သံလှစ်သမီး၊ လဝန်းအိန်ကတော်၊ တလမေကျော်မှာ အင်းဝသို့ပါသည့် ရာဇာဓိရာဇ်သမီး။ ကွပ်မျက်ခံရသည့် စောမဟာရာဇ်ကတော်၊ အင်းဝတွင် သီဟသူနှင့် ပြုစုသည်။

www.burmeseclassic.com

www.burmeseclassic.com

သူ့ရှင်လည်း လဂွန်းအိန်အား ရှေးဟောင်းဝက်စွယ်အစစ်ကို ပေးသည်။ ရခိုင်ဌာကျောသီး ပမာဏခန့်ရှိသည်။ "သည်ရှေးဟောင်းဝက်အစွယ်ကို ဆောင်ထားလျှင် မင်းကိုသာမက ဆင်မြင်းကိုပင် ရန်သူခုတ်၍ မရှိနိုင်တော့ပါ"ဟု သူ့ရှင်မိန့်တော်မူသည်။ "ဘုရင်မင်းခေါင်အား ကျွန်ုပ် မမှတ်မိသဖြင့် သိသူကို ထည့်ပေးတော်မူပါဟု လဂွန်းအိန်လျှောက်လျှင် "မင်းဆွေအား သိသူကို မင်းနှင့်အတူ ကုန်းလယ်တွင်စီးစေမည်"ဟု သူ့ရှင်မိန့်တော်မူပြီး စစ်ကိုင်းစား မင်းသိဒ္ဓတ်ကို ခေါ်တော်မူ၏။

"မင်းသိဒ္ဓတ်ကို အကျိုးပြုမည့်အချိန် ရောက်လေပြီ။ မင်းသိဒ္ဓတ်အား အင်းဝ ရွှေနန်းထက်သို့တင်၍ထားပြီးမှ ငါစိတ်ကျေနပ်မည်ဟု ငါ့ထံ မင်းရောက်သည့်နေ့မှစ၍ နေ့ညမပြတ် ငါအောက်မေ့တော့သည်။ ယခု မင်း၏နောင်တော် ဘုရင်မင်းခေါင်သည် ငါ့နိုင်ငံကျေးစပ်သို့ ရောက်ခဲ့ပြီ။ ဘုရင်မင်းခေါင်ကို ဖမ်းပေးမည်ဟူ၍ ငါ့ကျွန် လဂွန်းအိန်က တာဝန်ခံသည်။ ငါ့ကျွန်သည် မင်းခေါင်ကိုမသိ။မင်းသိဒ္ဓတ်ကိုယ်တိုင် ကုန်းလယ်စီး၍ မင်းခေါင်ကိုပြပါ။ ကြံတိုင်းအောင်လျှင် ငါကိုယ်တိုင် အင်းဝသို့ချီမည်။ မင်းသိဒ္ဓတ်ကို အင်းဝရွှေနန်းထက်တင်မည်။ ပြီးလျှင် အင်းဝတွင် ဘုရားတွေဖူး၍ ငါစုန်မည်" ဟု မိန့်တော်မူ၏။ မင်းသိဒ္ဓတ်လည်း ကြိုးဝါး၍ ဗကမတ်ဆင်ထက်သို့တက်ကာ လဂွန်းအိန်နှင့်အတူ ကုန်းလယ်၌ စီးလေ၏။

လဂွန်းအိန်လည်း ချွန်းပေါက်၍ထွက်၏။ လမ်းကျဉ်းကိုဖြတ်၍ စမ်းချောင်းတစ်ခုသို့ ရောက်သည်။ ထိုမှ ချောင်းဖျားတိုင်လျှင် သူရဲများကို အသံမပြုစေဘဲ၊ ဆင်မြင်းတို့မှ ဆည်းလည်းသံကိုလည်း မထွက်စေဘဲ ကွယ်၍နေကြ၏။ သူ့ရှင် ရာဇာမိရာဇ်လည်း သူရဲရဏ္ဍာနှင့် အနံ့လောင်(အနံ့လျောင်)ဆင်ကိုစီးလျက် ထောက်၍နေတော်မူ၏။ လက်ဝဲတော်တွင် သမိန်ဖြာဇ္ဈ။ လက်ယာတော်တွင် သမိန်ငေါခွင်။ သမိန်ဗိုတ်ည (ဗိုတ်ညဲ)[၁] တိုက်ဆင်သုံးဆယ်နှင့် ဗိုလ်ပါတစ်သောင်းတို့သည် ချောင်းကမ်းပါးမှနေ၍ ကြည့်နေ ကြသည်။

ညချမ်းရောက်လျှင် ဘုရင်မင်းခေါင်သည် တပ်လှည့်မြို လှည့်တော်မူ၏။ ဘုရင်မင်းခေါင်၏ရှေ့တပ်လည်း လွန်နှင့်၍ ဝေးကွာသည်။ ဆင်တော်ရှေ့က မှူးသား

၁။ ဗိုက်ညတ်ဟုလည်းခေါ်သည်။ ဗိုတ်မှာ ဝဇြ ဟူသော သက္ကတမှသက်၍ စိန် ဟု အနက်ရှိသည်။ ပါဠိ ဝဇိရ

၂။ မြန်မာပေမူတွင်လည်း တစ်သောင်းဟု ဆိုသော်လည်း မှန်နန်းနှင့် ဦးကုလားရာဇဝင်တွင် တစ်ထောင်ရှစ်ရာ ဟု ဆို၏။ ပုံနှိပ်မူတွင် သုံးထောင့်ရှစ်ရာဟု ပြ၏။

www.burmeseclassic.com

www.burmeseclassic.com

မတ်သား ငါးရာလောက်သည် မားလွယ်လျက် ဖြည်းနေးစွာသွားကြ၏။ ဆင်တော်ရဲမြတ်စွာတစ်စီးသာ အပါးတွင်လိုက်သည်။ နောက်တော်ကဆင်တွေလည်း အလှမ်းကွာဝေးသည်။ သမိန်သံပြပ် (သံပြာပ်)လည်း ဘုရင်မင်းခေါင်အနီးသို့ ချဉ်းကပ်လာ၏။ နီးလျှင် တောခွံကွယ်နေသော လဝန်းအိန်သည် စည်မောင်းတီး၍ ထွက်သည်။

ဘုရင်မင်းခေါင်မြင်လျှင် စီးတော်မြင်းကို ရဲမြတ်စွာဆင်သို့ ချဉ်းကပ်၏။ ဆင်ထက်တက်ပြီးလျှင် "နင့်ကို ငါတိုက်မည်။ နင့်ကို ငါသာလို၏"ဟု ကြုံးဝါး၍ လဝန်းအိန်ရှိရာသို့ ချွန်းဖွင့်ကာ ထွက်ခဲ့သည်။ ရှေ့တော်မှ မြင်းစစ်သည်တော်များလည်း လှည့်လာသည်။ မြင်းခြေသံများကိုကြား၍ ဗကမတ်ဆင်လည်း တန့်လျက်နေ၏။ လဝန်းအိန်လည်း ချွန်းပေါက်၍ထွက်သည်။ ဘုရင်မင်းခေါင်အပါးကချီသော တရဖျား(တယော်ဗညာ[၁])သည် လဝန်းအိန်ကို ထွက်တိုက်သည်။ တရဖျားစီးသောဆင်ကို ဗကမတ်ဝှေ့၍ လဲ၏။ ဘုရင်မင်းခေါင်လည်း ရဲမြတ်စွာဆင်ကို ချွန်းဖွင့်၍ လဝန်းအိန်ကို ထွက်တိုက်ပြန်သည်။ လဝန်းအိန်လည်း ကြိုနှင့်၏။

ဆင်ချင်းအစွယ်မယှက်ခင် စစ်ကိုင်းမင်း ရှင်သိဒ္ဓတ်သည် ကုန်းလယ်မှထ၍ မြန်မာဘာသာဖြင့် "မင်းဇကရာဇ်စဉ်လျက်သူရဲကောင်းအမျှူး၊ အမတ်နှင့်တိုက်ရာသလော။ ဖုံးမသိန်နှင့်ဆားကို အဖက်ပြုသလိုပါတကား။ နောက်တပ်တွင် အကူများသည်။ တိုက်နိုင်မည်လော။ ခွာလှည့်တော့"ဟု ဟစ်၍ဆို၏။ ဘုရင်မင်းခေါင်လည်း နောက်တပ်တွင် စစ်ကူများသည်ဟု ကြားရသဖြင့် ချွန်းငင်၍ ခွာတော်မူ၏။ ဘုရင်မင်းခေါင်ခွာသည်ကို မြင်လျှင် လဝန်းအိန် ချွန်းပေါက်၍ လိုက်၏[၂]။ ထီးဖြူကိုမှတ်၍လိုက်၏။ မင်းသိဒ္ဓတ်က တစ်ဖန် "အင်းဝတွင် အဝတ်ဖြူရှာသလော"ဟု ဟစ်၍ ဆိုပြန်လျှင် ဘုရင်မင်းခေါင်လည်း ရဲမြတ်စွာကို အင်းဝဆင်တပ်အကြားသို့ ဝင်လိုက်သော် လဝန်းအိန်လည်း ရဲမြတ်စွာကို မမှတ်မိတော့ပေ။

သို့စဉ် ဘုရင်မင်းခေါင်၏နောက်တော်မှ ဆင်တပ်တွေ ဖိလာသောကြောင့်

၁။ မြန်မာပေမူတွင် တရဖျားဟူ၍မပါ။ သို့သော် မှန်နန်းစာမျက်နှာ (၅၂၈)တွင် ပခန်းတရဖျားရမည်သင်းစည်သူ၊ သတိုး၊ ကျေးတောင်ညီတို့ ထွက်တိုက်၍ လဝန်းအိန်မဆုံ၍ ပြေးသည်ဟု လာ၏။

၂။ မွန်ဘာသာတွင် ဝံက်ရာင်၊ ပံက်ကရာင်ဟု နှစ်မျိုးရေးသဖြင့် ချွန်းပေါက်သည်၊ ချွန်းဖွင့်သည်ဟု အနက်နှစ်မျိုးထွက်သည်။ မြန်မာမူတွင် ချွန်းဖွင့်သည်ဟုသာ ဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com

လဂွန်းအိန်လည်း မခံဝံ့သဖြင့် ချွန်းငင်၍ ကိုယ်လွတ်ပြေးရ၏။ ချောင်းအနီးသို့ရောက်သော် သမိန်ဗိုတ်ညက "ပသို့ကြောင့် ကြောက်အား လန့်အားနှင့် မင်းပြေးခဲ့ရသနည်း" ဟု မေးလေ၏။ "ကျွန်ုပ်နှင့် ဘုရင်မင်းခေါင် ဆင်ချင်းအစွယ်ယှက်လုနီးမှာ မင်းသိဒ္ဓတ်က ဟစ်၍ဆိုလိုက်သည်။ ဘုရင်မင်းခေါင်လည်း သတိရ၍ ထွက်ဆုတ်သည်။ ကျွန်ုပ်လည်း လိုက်တိုက်သည်။ သို့သော် သူ့ကိုကူသောဆင်တပ်တွေ များသည်။ ကျွန်ုပ်မခံဝံ့၍ ပြေးခဲ့ရသည်။ တရဖျားကို ကျွန်ုပ်နိုင်ခဲ့သည်" ဟု လဂွန်းအိန်ဆို၏။

သမိန်ဗိုတ်ညလည်း ရာဇာဓိရာဇ်ထံသွားရောက်ကာ လဂွန်းအိန် ဆိုသမျှကို လျှောက်ထားသည်။ သူ့ရှင်လည်း မင်းသိဒ္ဓတ်ကိုခေါ်၏။ "ခမည်းတော်၏ အရိုက်အရာ နန်းစည်းစိမ်ကို ငါအကုန်ပေးမည်ဟု မင်းကိုပြောထားပါလျက် ပသို့ကြောင့် သည်လိုပြုရသနည်း" ဟု မေး၏။

"ညီရင်းအစ်ကိုဖြစ်ကြ၍ ပျက်စီးမှုကိုမြင်သဖြင့် ကျွန်ုပ်ဟစ်၍ သတိပေးမိပါသည်။ ဘုရင်မင်းခေါင်သည် ကျွန်ုပ်၏ နောင်တော်ရင်းဖြစ်သည်။ ကျွန်ုပ်သည် ဘုန်းစည်းစိမ် ရရန်အတွက် ပဲခူးမှာ သူ့ကျွန်ခံသည်။ နောင်တော်ရင်းကိုမချစ်။ နောင်တော်ကိုသတ်၍ မင်းပြုသည်ဟု အင်းဝသားတွေ ဆိုစမှတ်ပြုမည်စိုးသည်။ နောင်ရာဇဝင်အဆက်ဆက် ပေရွက်တို့၌ မြဲလေတော့မည်။ သည်အရေးတွေကို တွေးကြောက်မိသဖြင့် ကျွန်ုပ်သည် နောင်တော်ဘုရင်မင်းခေါင်အား သတိပေးလိုက်ခြင်းဖြစ်သည်" ဟု မင်းသိဒ္ဓတ်လျှောက်တင်သည်။

ရာဇာဓိရာဇ်လည်း အမျက်ထွက်သဖြင့် "အင်းဝမှာ မင်းအနေမသင့်၍ ငါ့ထံရောက်သည်။ ငါပေးသည့်ဘုန်းစည်းစိမ်ကိုယူ၍ သူကောင်းဖြစ်ရမည်ထက် မင်း၏နောင်တော်ကို မင်းပိုချစ်သကို" ဟု မိန့်၍ ပါးကွက်အာဏာသား(အစောတ်တလိုဟ်)အား "အဒပိုန် မင်းတို့သိသည်"[၁] ဟု မိန့်လိုက်၏။

ပါးကွက်အာဏာသားများလည်း မင်းသိဒ္ဓတ်အား ဆွဲထုတ်၍ ကွပ်လေ၏။ ကွပ်မျက်ပြီးနောက် အာဏာသားက "မင်းသိဒ္ဓတ်သည် ရွှေနန်းသခင်၏ အမွေအနှစ်ကို ခံစားပြီးပါပြီ"[၂] ဟု လျှောက်ထားလေ၏။

ရာဇာဓိရာဇ်လည်း လဂွန်းအိန်ကို "မင်းအသက်လွတ်အောင် မင်းမချေရသေး။ မင်းခေါင်ကို ဆင်စီးချင်းတိုက်၍ ဖမ်းမည်ကြံသည်။ စီးချင်းမတိုက်ရသေးသဖြင့် မင်းအသက်ကို ငါမလွတ်သေး" ဟု မိန့်ပြန်၏။ "ကျွန်ုပ်အသက်ကို လွတ်တော်မူပါ။

၁။ သတ်စေဟု အနက်ရသောစကားဝှက်။

၂။ ကွပ်ပြီးကြောင်းကို စကားလှအောင်ဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com

ညကို ဘုရင်မင်းခေါင်၏ တဲနန်းသို့ကူး၍ ကျွန်ုပ် လုပ်ကြံပါမည်။ ခွင့်ပြုတော်မူပါ"ဟု လွဂန်းအိန်လျှောက်၏။ "သွားချေ"ဟု သူ့ရှင် မိန့်တော်မူ၏။ လွဂန်းအိန်လည်း ခွင့်ရလျှင် တပ်သို့ပြန်၍ သူရဲကောင်း ၁၂-ယောက်တို့ကို ရွေးပြီး ညအချိန်ဝှင် ဘုရင်မင်းခေါင် တပ်ရှိရာသို့ လှည့်လည်သည်။

မြောက်မျက်နှာသို့ရောက်လျှင် လူပါးသည်၊ ကျုံးလည်း မရှိသည်ကိုမြင်လျှင် ယင်းနေရာကဝင်ရန် ကြံ၏။ ဥနဲ့ပင် တစ်ပင်ကိုတွေ့၍ ကွယ်နေကြ၏။ ဥနဲ့ပင်ကို ခိုနေရာမှ တပ်တိုင်များကို နတ်သည်။ ဝင်ပေါက်ရလျှင် အားလုံးဝင်ကြ၏။ ယင်းဝင်ပေါက်တွင် မားရှည်နှင့် သူရဲသုံးယောက်တို့အား စောင့်စေ၏။ စစ်ကဲအိမ်တွင် နှစ်ယောက်စောင့်စေ၍ ဆင်တင်းကုပ်တွင် နှစ်ယောက်စောင့်စေသည်။ လွဂန်းအိန်နှင့် သူရဲငါးယောက်တို့ကမူ ဘုရင်မင်းခေါင်၏ တဲနန်းသို့ ဝင်ကြလေ၏။ တဲနန်းအောက်သို့ ရောက်သော် လွဂန်းအိန်သည် သူရဲတစ်ယောက်၏ ပခုံးကိုနင်း၍ မားဖြင့် ကြမ်းကွပ်ကို ခွဲကာ အထက်သို့ တက်လေ၏။

ဘုရင်မင်းခေါင်သည် စက်တော် ခေါ်လျက်နေသည်။ ခုတင်ခြေရင်းတွင် ကိုယ်လုပ်မောင်းမတစ်ယောက်သည် မီးရောင်မှိန်မှိန်တွင် လွဂန်းအိန်ကို မြင်သဖြင့်-"လူ...လူ...ထလော့...ထလော့"*ဟု ဟစ်အော်သဖြင့် ဘုရင်မင်းခေါင်လည်း လန့်နိုး၍ သလွန်ထက်မှ လျှောကျ၏။ လွဂန်းအိန်လည်း သလွန်နံဘေး၌ရှိသော ရွှေကွမ်းခွက်နှင့် လက်သုံးတော် ပတ္တမြားဓားကိုယူ၍ အောက်စောင့်သူရဲကို ကမ်းပေးသည်။ လွဂန်းအိန်အထွက်တွင် မောင်းမတစ်ယောက်က ခြေကိုဆွဲထားသဖြင့် ခုတ်သတ်လိုက်ရသည်။၂ ထို့နောက် တက်လာသည့်အပေါက်မှ ပြန်ဆင်းပြေးသည်။

စည်မောင်းတီးသည့် စစ်ကဲကိုလည်း အစောင့်ထားသော သူရဲနှစ်ယောက်တို့က ခုတ်သတ်လိုက်ပြန်သည်။ ဆင်တင်းကုပ်၌စောင့်သော သူရဲနှစ်ယောက်တို့ကလည်း ဆင်များကို ထူးဖြတ်သည်။ ဆင်များကိုနာအောင် ထိုးခုတ်သဖြင့် ဆင်တွေလန့်အော်ကာ ပြေးလွှားကြသည်။ တပ်တွင်း သူရဲသူခက်များလည်း ဆင်လန့်သည်မှတ်၍ သောသော ညံမျှ ထွက်လာကြ၏။ လွဂန်းအိန်နှင့် သူရဲကောင်း ငါးယောက်တို့သည် ဘုရင့်တဲတော်အောက်မှ အဆောတလျင် ထွက်ခဲ့ကြသည်။ ဝင်လာသည့် ဥနဲ့ပင်အောက်သို့ ဆယ့်သုံးယောက်လုံး စုမိကြလျှင် ဟံသာဝတီတပ်ရှိရာသို့ ကူးပြေးကြလေ၏။

ဘုရင်မင်းခေါင်၏ တပ်တွင်းတွင် သောသောလန့်၍ အုတ်အော်သောင်းတင်းဖြစ်သည်မှာ တစ်နာရီ နှစ်နာရီမျှ ကြာသည်။

---

* မြန်မာပေမူတွင် အို မွန်ခိုးသူ ဟု ဟစ်သည်ဟု ဆို၏။

၂။ မြန်မာပေမူတွင် ကိုယ်လုပ်ကို သတ်သည်ဟု မဆို။

www.burmeseclassic.com

www.burmeseclassic.com

လဂွန်းအိန်သည် ရရှိခဲ့သော ရွှေကွမ်းခွက်နှင့် လက်သုံးတော် ပတ္တမြားဓားကို ရာဇာဓိရာဇ်ထံ ဝင်ရောက်ဆက်သသည်။ သူ့.ရှင်လည်း အားရစွာဖြင့် "ကိစ္စပြီးခဲ့၏လော"ဟု မေးတော်မူ၏။

"ဘုရင်မင်းခေါင်၏ အသက်ကို လုပ်ကြံသတ်ဖြတ်ရန် ကျွန်ုပ်အခွင့်သာပါ၏။ သို့သော် မင်းဧကရာဇ်ကိုသတ်သောသူရဲသည် အသက်မရှည် ဘုန်းမကြီးဟု ရှေးလူကြီးများ စကားရှိသည်။ အရှင်မင်းကြီး၏အမှုကို တာရှည်သဖြင့် ကျွန်ုပ်ထမ်းဆောင်လိုပါ၍ ဘုရင်မင်းခေါင်ကို မလုပ်ကြံခဲ့ခြင်း ဖြစ်ပေသည်။ အပါးသို့ရောက်ကြောင်းကို ထင်ရှားအောင် ရွှေကွမ်းခွက်နှင့် လက်သုံးတော်များတို့ကိုသာ ကျွန်ုပ်ယူခဲ့ခြင်းဖြစ်ပါသည်"ဟု လဂွန်းအိန်လျှောက်၏။ သူ့.ရှင်သည် ပစ္စည်းများကို စောပြည့်ချမ်းသာအား ပြ၏။ "နှင့်ခမည်းတော်၏ ပစ္စည်းမှန်၏လော"ဟု မေးလျှင် မင်းသမီးသည် ငိုယိုလျက် "မှန်ပါသည်"ဟု ဖြေ၏။သူ့.ရှင်လည်း လဂွန်းအိန်ဘက်လှည့်ကာ "သည်တစ်ကြိမ် မင်းအသက်ကိုငါလွှတ်သည်။ မင်းအသက်ရှင်ပြီ"ဟု မိန့်တော်မူ၏။

နောက်တစ်နေ့ မိုးသောက်လတ်သော် ရာဇာဓိရာဇ်သည် သမိန်ဥဒေအား ရွှေကွမ်းခွက်နှင့် ပတ္တမြားဓားတို့ကိုအပ်၍ ဘုရင်မင်းခေါင်ထံ အမှာစကားနှင့် လွှတ်သည်။ မှာသည်ကား- "ယခုပို့လိုက်သော ရွှေကွမ်းခွက်နှင့်ဓားမှာ ညီတော်၏ပစ္စည်းမှန်သလော။ မသံလုံ ယူဆောင်ခဲ့သဖြင့် ညီတော်ထံသို့ ပို့စေလိုက်သည်။ ညီတော်သည် ပစ္စည်းကိုရ၍ အင်းဝသို့ ပြန်တော့မည်လော။ ပြန်မည်ဆိုလျှင် နောင်တော် လိုက်ပို့လိုသည်" သမိန်ဥဒေလည်း ဘုရင်မင်းခေါင်ထံသို့ သွားရောက်ကာ ပစ္စည်းများကိုဆက်သ၍ အမှာစကားကို တင်ပြသည်။

"ငါ့ဓားနှင့် ကွမ်းခွက်မှန်သည်။ မသံလုံကား မည်သူနည်း"ဟု သမိန်ဥဒေကိုမေး၏။ "မသံလုံကား စောလဂွန်းအိန်တည်း"ဟု သမိန်ဥဒေဆို၏။ ဘုရင်မင်းခေါင်သည် သမိန်ဥဒေမှတစ်ဆင့် ရာဇာဓိရာဇ်ထံမှာသည်ကား "နောင်တော်နှင့်ငါ အရေးစကားဆို၍ မပြီးသေးသဖြင့် အင်းဝသို့ ငါပြန်ဖွယ်ရာရှိသလော။ ငါ့လက်အောက်ခံ ရှမ်းနှင့် မြန်မာ သူရဲသူခက်တွေရှိသမျှ ငါခေါ်ချပြီးမှ ငါဆန်မည်"

သမိန်ဥဒေလည်း ရာဇာဓိရာဇ်ထံပြန်၍ လျှောက်တင်သည်။ "သင်းတို့ များများဆင်းလာပါစေ"ဟု သူ့.ရှင် မိန့်တော်မူ၏။

ဘုရင်မင်းခေါင်သည် အပါးတော်တိုင်အောင် မွန်တွေရောက်ပြီး မိမိ၏ ကွမ်းခွက်နှင့်ဓားကိုပင် သူတို့ရလေသောကြောင့် စိုးရိမ်ကြောက်ရွံ့လှသည်။ ရဲမက်ဖိုလ်ပါများလည်း ငတ်မွတ်နေသည်ကို အကြောင်းပြု၍ မှူးမတ်များအားခေါ်ပြီး ဆွေးနွေးတိုင်ပင်၏။ "ငါတို့သည် မျိုးရိက္ခာတွေလည်း ကုန်ချေပြီ။ အရေးအခြား စကားဆို၍လည်းမရ။ ပသို့ကြသော် သင့်မည်နည်း။ တပ်နုတ်၍ ရွှေ့လိုပြီ"ဟု မိန့်၏။ မှူးမတ်များလည်း သဘော

www.burmeseclassic.com

www.burmeseclassic.com

တူသဖြင့် ယင်းညပင်လျှင် ရိက္ခာတင်ဆင်များ၊ မြင်းများ၊ ပခုံးထမ်းများ၊ လူနာလူဖျား နှင့် ကိုယ်လုပ်မောင်းမများအား အလျင် လွှတ်တော်မူသည်။ မိုးသောက်လျှင် ဘုရင် မင်းခေါင်သည် ဆင်တော်ရဲမြတ်စွာကိုစီး၍ ရှေ့မှချီသည်။ မြင်စိုင်းမင်း တစ်တပ်၊ ကလေးစား တစ်တပ်၊ ရမည်းသင်းစား တစ်တပ်၊ သီဟပတေ့ တစ်တပ်၊ ပြည်စား ပျံချီ တစ်တပ်၊ စလင်းစားနော်ရထာ တစ်တပ်၊ ပုဂံဥနော တစ်တပ်၊ ပခန်းတရဖျား တစ်တပ်၊ သတိုး တစ်တပ်၊ ဗိုလ်ပါခုနစ်သောင်း၊ ဆင် ၇၀၊ မြင်း–သုံးထောင်တို့ကို အစမ္မာတော၌ ခိုနေစေသည်။

အင်းဝစစ်ဆုတ်ခွာသည်ကို ရာဇာဓိရာဇ်ကြားရလျှင် ဆင်တော်ဗကမတ်ကိုစီး၍ ပန်းကျော်(ပါင်ကွတ်)ချောင်းကို ကူးသည်။ သမိန်ဇြာဇွန်နှင့် မျူးမတ်သေနာပတိ စစ်ကဲများကိုလည်း အမြန်လိုက်ရန်ခေါ်စေ၏။ ရာဇာဓိရာဇ်သည် ချောင်းလယ်သို့ရောက်နေစဉ် နောက်တော်မှ သမိန်ဇြာဇွအပြင်းလိုက်၍ "ငဲ့တော်မူပါဦး"ဟု ဟစ်၍ဆိုရ၏။ "သူတို့ ပြေးလေပြီးကို ပသို့ကြောင့် ရပ်ပါဦးဟုဆိုသနည်း"ဟု သူ့ရှင်မေးတော်မူ၏။

"ယခု အင်းဝစစ် ဆုတ်ခွာသည်မှာ ရိုးရိုးရှင်းရှင်းဖြစ်သော်ကား လိုက်သင့်သည်။ အချို့ ပြေး၍ အချို့ တော၌ ခိုနေလိမ့်မည်။ အကွယ်အကာမဲ့စွာ အရှင်မင်းကြီး ကူးတော်မူသည်ကို သူတို့သည် နောက်တော်က ထွက်တိုက်လာပါလျှင် အရေးတော် မခက်ချေသလော။ မြင်းစီးသူရဲတွေကို လိုက်ကြည့်စေလေဦး"ဟု သမိန်ဇြာဇွလျှောက်၏။

သူ့ရှင်လည်း ရပ်တော်မူပြီး မြင်းနှင့်လိုက်ကြည့်စေသည်။ မြင်းစီးသူရဲများလည်း အလျင်သွား၍ကြည့်သော် အစမ္မာတောတွင် ခိုအောင်းနေသော အင်းဝတပ်သုံးတပ်ကိုမြင်လျှင် ပြန်လှည့်ခဲ့၏။ ယင်းသတင်းကိုရသဖြင့် ရာဇာဓိရာဇ်သည် သမိန်ဇြာဇွကို ချီးကျူးတော်မူ၏။ "ရှေ့နောက် ဆင်ခြင်တတ်သည်။ ဗိုလ်မင်းကြီး ဖြစ်ထိုက်ပေသည်"ဟူ၍ လက်ဆယ်ချောင်း၌ဝတ်ထားသောလက်စွပ်များကိုချွတ်၍ သမိန်ဇြာဇွအား ဆုလာဘ်အဖြစ် ပေးတော်မူ၏။ "ဗိုလ်မင်းစိတ်တွင် ပသို့ထင်သနည်း"ဟု မေးတော်မူ၏။ "ကျွန်ုပ်တို့ စစ်မျက်နှာဖြန့်၍တိုက်မည်။ သူတို့စစ်မှာ ငတ်မွတ်၍ စိတ်ဓာတ်ကျနေပြီ။ သူတို့က ဆုတ်ပြေးရင်း ခံသောစစ်။ ကျွန်ုပ်တို့က ရဲရင့်သောတိုက်စစ်။ ရိက္ခာဝလင်ပြီး အင်အား တောင့်တင်းသောစစ်ဖြစ်၍ သူတို့ခံနိုင်မည်လော"ဟု သမိန်ဇြာဇွလျှောက်၏။

"ပဲခူးမြို့ကိုစောင့်သော သမိန်ရဲသင်ရဲ(ရတ္တသံင်ရဲ)ကိုလည်း မပေါ့မလျော့ မြို့ပြကျူးမြောင်းကို ခိုင်ခံ့အောင်ပြုပြင်၍ ပြလက်ရန်း စီး၍နေစေ့"ဟု မြင်းစီးသူရဲ တွေကိုလွှတ်၍ အကြောင်းကြားစေ၏။ ရဲသင်ရဲလည်း အမိန့်အတိုင်း ပဲခူးကို အခိုင်အလုံ ပြု၍ စောင့်သည်။ ရာဇာဓိရာဇ်သည် ဗကမတ်ဆင်ကိုစီး၍ ထီးဖြူမိုးသည်။ ကုန်းလယ်တွင် သမိန်ပြပ်ကမန် (ပြာပ်ကမောင်)စီးသည်။ မင်းလုက်၊ မင်းကတုန်၊ မင်းဖိုးစော၊ အရိတ်

www.burmeseclassic.com

(အာရိတ်)၊ ဗောလက်(ဗဝ်လက်)တို့ငါးယောက်မှာ ရှေ့တော်မှချီသည်။ နောက်တော်တွင် မင်းရဘတ်နှင့်မရိပ်၊ စောဟန်ကိုက်(စ်ဟာန်ကိုတ်)နှင့် အုယင်(အုယေန်)တို့က ဆင်မနှစ်စီးကို နှစ်ယောက်တစ်တွဲစီး၍ လိုက်ရသည်။ အဲမွန်ဒယာ(အာ်မည်ဒြာ)နှင့် မမွန်ယောဂီတို့က သူ့ရှင်၏ လက်ဝဲလက်ယာရံအဖြစ် ဆင်နားတစ်ဖက်တစ်ချက်တွင် ဆင်-၁၅-စီးစီ။ ပေါင်း ၃၀-ဖြစ်သည်။သူ့ရှင်၏လက်ယာဘက်တွင်သမိန်ဖြာဇွန်သည်ဆင်တော်ငရက်နွယ် (အရက်နယ်)* ကိုစီးသည်။ သမိန်ပြန(ပြနရဲ)သည် အရဇွန်ဝေလုဆင်ကို စီးသည်။ သမိန်ငေါခွင်သည် အနံလောင် (အနာ်လောင်)ဆင်ကို စီးသည်။ တစ်ဦးလျှင် ဆင်အစီး ၂၀-စီကို ကွပ်ကဲသည်။ ပေါင်း-၆၀။ သူ့ရှင်၏လက်ဝဲတွင် သမိန်အဝန်နိုင်သည် မုန်ကျသော အရိဘူဆင်ကိုစီးသည်။ သမိန်စည်သူသည် သူရဲပေါက်သံ (သရဲပ်က်သံ) ဆင်ကို စီးသည်။ သမိန်ဖြထဗိုက် (ဖြထဗိုတ်)သည် အသောင်မိန်သဒိန် (အသံင်မိင်သျိင်) ဆင်ကို စီးသည်။

တစ်ဦးလျှင် ဆင်အစီး-၂၀-စီ ကွပ်ကဲသည်။ ပေါင်း အစီး-၆၀။ သူ့ရှင်၏ နောက်တော်မှ အမတ်ဒိန်သည် ကွန်ဗလဲအလဗူ(ကောန်ဗွဲအလဗူ)ဆင်ကိုစီး၍ ဆင်ဆယ်စီးကို ကွပ်ကဲသည်။ သူ့ရှင်၏ရှေ့တော်က သမိန်ဥပါကောင်းသည် အဃိုက်စမုတ်ဒိုက် (အဃိုက်စမုက်ဥာ်)ဆင်ကိုစီး၍ ဆင်ငါးစီးကို ကွပ်ကဲသည်။ ဥပါကောင်းရှေ့မှ လဂွန်းအိန်သည် ရှေ့ဆုံးချီ၍ အသူရဲ(အသရဲ)ဆင်ကို မုန်နှင့်စီးသည်။ ဆင်အစီး -၂၀ကို ကွပ်ကဲသည်။ စုစုပေါင်း ဆင်အစီးနှစ်ရာဖြစ်သည်။

မျူးမတ်သေနာပတိများအားလုံး ကြုံးဝါး၍ တိုက်ခိုက်ရန် ချီသည်။ ပန်းကျော်ချောင်းဝတွင် စုစည်း၍နေကြသည်။ လဂွန်းအိန်တပ်နှင့် သမက်တော်ဥပါကောင်းတပ်တို့ကို ရှေ့သို့ လွန်နှင့်အောင် ချီစေသည်။ ဘုရင်မင်းခေါင်တပ်ကို အမီလိုက်စေသည်။ ၎င်းတို့တပ်နှစ်တပ် ဝေးကွာစွာလွန်မှ သူ့ရှင်တပ်သည် ညင်သာစွာ ချီသည်။ လဂွန်းအိမ်တပ် လွန်နှင့်သည်ကိုမြင်လျှင် တောတွင်းမှ ခိုအောင်းနေသော မြင်းတပ်သုံးရာခန့်တို့က ထွက်တိုက်သည်။ လဂွန်းအိန်နှင့် ဆင်စီးသူရဲများသည် အင်းဝမြင်းတပ်ကို လှည့်၍ ထိုးခုတ်ကြရာ မြင်းနှစ်ဆယ်သုံးဆယ်ခန့် လဲကုန်သဖြင့် မြင်းတပ်တွေ ဆုတ်ပြေးကြသည်။ မြင်းတပ်ပြေးသည်ကို လဂွန်းအိန်တပ်နှင့် ဥပါကောင်းတပ်တို့က လိုက်ထိုးသည်။ ထို အခါ အမြတ်ကဲမြင်းကိုစီးလျက် ကလေးစားသည် မြန်မာနှင့်ရှမ်း သူရဲသူခက်များကို

---

* မြန်မာပေမူတွင် ဆင်ရက်နယ် ဟု မွန်မူအတိုင်းရေး၏။ မြောင်းမြတိုက်ပွဲ၌ ဗညားနဲ့ သည် ဆင်။ (သက္ကရာဇ် ၁၁၅ (၁၁၅၀ ခုနှစ်) ရေးကူးသည့်ပေမူ။ အမျိုးသားစာကြည့်တိုက်၊ အမှတ် ၁၇၈-၂၀၅၅ အရ။ ၁၉၂၅ ခုနှစ်တွင် ဗားနတ်ပိဋ္ဌကတ်တိုက်က ကူးယူထားသည်။)

www.burmeseclassic.com

www.burmeseclassic.com

စုရုံးထွက်လာ၍ ဝိုင်းတိုက်ကြသည်။ လဂွန်းအိန်နှင့် ဥပါကောင်းတို့ မခံနိုင်၍ ခွာရသည်။

မြန်မာနှင့် ရှမ်းတို့သည် သမိန်ဗြာဇွတပ်နှင့် ရင်ဆိုင်၍ ဖိတိုက်ပြန်သည်။ သမိန်ဗြာဇွသည် မြင်းမိုရ်တောင်အလား ကျောက်တိုင်ကဲ့သို့ ကြံ့ကြံ့ခံသည်။ ရှမ်း၊ မြန်မာနှင့် မွန်တို့သည် အချင်းချင်းထိုးခုတ်ကြသဖြင့် နှစ်ဖက်စလုံးတွင် ငါးရာခြောက်ရာခန့် သေကြသည်။ ထိုအခါ သမိန်ပြန်ရဲ(ပြန်ရဲ)တပ်နှင့် သမိန်မောခွင်တပ်တို့က သမိန်ဗြာဇွတပ်ကို ကူလာကြ၏။

ရှမ်းနှင့် မြန်မာတို့ မခံနိုင်သဖြင့် ဘုရင်မင်းခေါင်တပ်ရှိရာသို့ ပြေးဝင်ကြသည်။ ဘုရင်မင်းခေါင်လည်း မကြောက်မရွံ့၊ ဆင်တော်ရဲမြတ်စွာကိုစီး၍ သမိန်ဗြာဇွတပ်အား ထွက်တိုက်သည်။ ထိုအခါ မြင်စိုင်းမင်းသည် တပ်ကိုခွာ၍ ဆင်လျင်ဖြင့် ဘုရင်မင်းခေါင်ထံပြေးလာ၍ "သူ့စစ်ဗျူးကို ရွှေနန်းသခင်တိုက်နိုင်ပါ၏။ သို့သော် သူ့နောက်ခံတပ်တွေ ထူထပ်သည်။ ဆင်အလံများစွာ ချိလာသည်။ သူတို့နိုးလာ၍ တိုက်လျှင် ကျွန်ုပ်တစ်တပ်တည်းသာ အရှင်မင်းကြီးကို ကူရန်ရှိသည်။ ရှေ့တပ်တွေ လွန်နှင့်ကုန်ပြီ။ ရွှေနန်းရှင် နေ၍မတော်ပါ။ လွတ်အောင်ခွာမှသင့်မည်"ဟု လျှောက်၏။

ဘုရင်မင်းခေါင်လည်း မြင်စိုင်းမင်းလျှောက်ထားချက်ကို ကြားရလျှင် "သည်အရေးဟုတ်ပေသည်"ဟုမိန့်၍ တောတွင်းသို့ ဝင်လေ၏။ သမိန်ဗြာဇွတပ်လည်း ဘုရင်မင်းခေါင်တပ်နှင့် ရင်ဆိုင်တိုက်ခိုက်ထားသဖြင့် တောတွင်း၌ ခံနေ၏။ မြင်စိုင်းမင်းနှင့် ဘုရင်မင်းခေါင်တို့သည် တောတွင်းမှ ထွက်ဆုတ်ကြလေ၏။ ဆင်တော်ရဲမြတ်စွာမှာ လေးလံသဖြင့် ဆင်ကဲကိုသာ စီးစေ၏။ ရွှေနန်းရှင်သည် နတ်သားလုလင်ဆင်(စိုင်အနာတ်)ကို ပြောင်း၍ စီးတော်မူ၏။ နတ်သားလုလင်ဆင်မှာ မြင့်၍ ရဲရင့်သည်။ လျင်မြန်ပေါ့ပါးသည်။ ရဲမြတ်စွာကို နောက်တော်မှ လိုက်စေသည်။

ရာဇာမိရာဇ်လည်း ဘုရင်မင်းခေါင်တပ် ဆုတ်ခွာသည်ကိုမြင်လျှင် ရှေ့တပ်အား ဖိလိုက်စေ၏။ ပဲခူးစစ်တို့က တပ်စုတပ်စိတ်ဖြင့်သာ လိုက်သော်လည်း အင်းဝစစ်တို့ မခံပံ့။ ဆင်ကောင်း၊ မြင်းကောင်း၊ သန်မာသော သူရဲသူခက်တို့ကို မပြန့်မကျဲစေဘဲ စုရုံး၍ ခွာသည်။ ဆင်လေး၊ မြင်းလေး၊ မိန်းမသနာများ၊ ကိုယ်လုပ်မောင်းမများကိုသာ ပဲခူးဘက်မှ များစွာရလိုက်သည်။ ရာဇာမိရာဇ်သည် စစ်တောင်းမောဇော(သတိုင်ငမဟ်ဗ) သို့ရောက်သော် အင်းဝမြောက်နန်းစံမိဖုရား[၁] အား ဆင်လျင်နှင့်တကွ သူရဲတို့က

၁။ မြန်မာပေမူတွင် မောမင်းသမီး မိဖုရား–ဟုဆို၏။ မြောက်နန်းစံ၊ ရှင်မိနောက်ဟုလည်း ခေါ်၏။ မင်းရဲကျော်စွာ၏ မယ်တော်ဖြစ်သည်။ ထိုစဉ်က အသက် ၃၅–နှစ်ရှိ၍ အပြင်ကလုံကောင်းသည်ဟု မြန်မာရာဇဝင်အရ သိရသည်။ (မဟာရာဇဝင် ပထမတွဲ ၅၀၁–ရှ)

www.burmeseclassic.com

www.burmeseclassic.com

လာရောက်ဆက်သည်။ အင်းဝမိဖုရားကိုရလျှင် ရာဇာဓိရာဇ်လည်း မောဇောတွင် တပ်ချတော်မူ၏။

သူ့ရှင်တပ်ချလျှင် မှူးမတ်သေနာပတိများလည်း တပ်ချကြသည်။ စစ်သည်မက်သည်များက မထပ်မလိုက်ဘဲ နောက်တပ်တွေ ပြတ်သည်ကိုမြင်လျှင် သမိန်ဗြာဇ္ဇသည် သူ့ရှင်ထံသို့ ပြန်လှည့်လာ၏။ "ပသို့ကြောင့် တပ်ချတော်မူပါသနည်း။ စစ်ပျက် စစ်ပြေးကို မလိုက်လိုသလော"ဟု မေးလေ၏။ သူ့ရှင်လည်း "ယခု မင်းဆွေဆုတ်ခွာသည်ကို ငါတို့ အလောတကြီး မလိုက်သင့်။ ဆင်ကောင်း၊ မြင်းကောင်း၊ သူရဲကောင်းတွေကို စုရုံး၍ သူခွာသည်။ ဆင်လေး၊ မြင်းလေး၊ နာသူ၊ ဖျားသူ၊ မိန်းမသနာများကိုသာ ငါတို့ရသည်။ သည်မျှရသည်ကိုပင် ငါတို့တစ်ပန်းသာပြီး။ ငါတို့နိုင်သည်ဟု ငါမှတ်တော့သည်။ အကယ်၍ ငါတို့အပြင်းလိုက်သဖြင့် သူတို့မိခဲ့ပါလျှင် စစ်ပွဲကြီး ဖြစ်ဦးမည်။ သူတို့ပြေးမခင်သဖြင့် အသေခံတော့မည်။ သူတို့ခွာသည်မှာ အရှုအန အသေအပျောက်များ၍ ပျက်သည်မဟုတ်။ ဆင်ကောင်းမြင်းကောင်းနှင့် ငါတို့အား သူတို့ပြန်တိုက်သော် အရှုံးအနိုင်ကို သိနိုင်မည်လော"ဟု မိန့်တော်မူ၏။ ဗိုလ်မင်းဗြာဇ္ဇလည်း "ယခု အင်းဝစစ်ခွာသည်မှာ ငတ်မွတ်၍ဖြစ်သည်။ စစ်ပွဲကြီးဖြစ်ပါကလည်း ကျွန်ုပ်တို့အား သူတို့ခံနိုင်မည်လော။ တိုင်းစွန်၊ မြေခြားသို့တိုင် သူ့ရှင် ချီတော်မူလျှင် သူတို့ကို ကျွန်ုပ်တို့ အားလုံးရတော့မည်။ သို့သော် မိဖုရားနှင့် ကိုယ်လုပ်မိန်းမသနာများကိုရ၍ နိုးနှောပျော်ပါးရမည်ကို အလိုတော်ရှိသဖြင့် ယင်းသို့ မိန့်သည်ကို ကျွန်ုပ်ဆိုဖွယ်မရှိပါ"ဟု အပြစ်ဖို့၍ လျှောက်ထား၏။

ရာဇာဓိရာဇ်လည်း ဗိုလ်မင်းလျှောက်ထားချက်ကို အခံရခက်သဖြင့် "လက္ခန်းအိန်၊ ဥပါကောင်း၊ ဗြထဗိုက်တို့ သုံးတပ်လုံး မြေခြားတိုင်အောင်လိုက်စေ"ဟု မိန့်တော်မူသည်။ ၎င်းတပ်သုံးတပ်တို့လည်း သူ့ရှင်၏အမိန့်အတိုင်း အပြင်းလိုက်ရ၏။ အင်းဝတပ်မမပြေးနိုင် မလွှားနိုင်သော ဆင်လေးမြင်းလေးနှင့် လူသူသုံ့ပန်းများစွာကိုရ၍ သူ့ရှင်ထံ လာရောက်ဆက်သသည်။

ဘုရင်မင်းခေါင်လည်း ကစဉ့်ကလျားခွာရသဖြင့် လေးငါးနပ်မျှ စားတော်မခေါ်ရပေ။ မြောက်နန်းမိဖုရား မောမင်းသမီးကို မောဇောတွင် မွန်တို့ရလိုက်သည်။ တောင်နန်းမိဖုရားမူကား လ္ကဒင်း(အိဇ္ဇေန်) ချောင်းအကူးတွင် ဆင်ကကြိုး ပြတ်၍ကျ၏။ ဆင်ဦးစီးလည်း ကကြိုးပြတ်လျက်ပြေးသည်။ မိဖုရားမှာ ချောင်းအနီး ကျူတောဥ္စော်နေသည်ကို ဆင်တော်ရဲမြတ်စွာနှင့် ဆင်ကဲ[၁] လာသည်ကိုမြင်လျှင် မိဖုရားက ဟစ်၍ခေါ်၏။ မိဖုရား

၁။ ဆင်ကဲဟူ၍သာ မွန်မြန်မာ နှစ်မူစလုံး၌ဆို၏။ မြန်မာရာဇဝင်များ၌လည်း ဆင်ကဲဟုသာ ပြ၏။ အမည်ရင်းကို မသိရပါ။

www.burmeseclassic.com

ခေါ်သံကြားလျှင် ဆင်ကဲသည် ဆင်ဦးစီးအား "သည်တစ်ကြိမ် ငါ့ပျက်စီးမှုသည် ငါထံသို့ ရောက်လေပြီဟု မင်းမှတ်ပါ"ဟူ၍ ဆို၏။ ဆင်ကဲနှင့် ဆင်ဦးစီးတို့လည်း မိဖုရားရှိရာသို့သွား၍ မိဖုရားကို ဆင်ထက်တင်သည်။ ကုန်းလယ်စီး(စံဒူ)ကို ခြေကျင်လျှောက်စေသည်။

ဆင်ကဲသည် ဆင်တော်ရဲမြတ်စွာနှင့် မွန်တို့ကို မကြာမကြာလှည့်၍ တိုက်ခိုက်ခဲ့သော်လည်း မိဖုရားအား တင်ပြီးသည့်နောက် မွန်တို့ကို လှည့်မတိုက်တော့ဘဲ အပြင်းခွာလေ၏။ မိုးချုပ်၍ အိပ်မည့်အချိန်တွင် သစ်ပင်ထက်တွင် လင့်စင်ထိုးပြီး မိဖုရားကို အိပ်စေသည်။ ဆင်ကဲနှင့် ဆင်ဦးစီးတို့သည် ဆင်ထက်၌ပင် အလှည့်ကျအိပ်ကြ၏။ ယင်းသို့သွားကြရာ မိဖုရားနှင့်တကွ လေးနပ်မျှ ထမင်းမစားရ။ နောင်သော် မြင်းတစ်စီးရသဖြင့် ဆင်ကဲသည် မြင်းဖြင့်သာ နောက်ကလိုက်သည်။ အင်းဝနယ်စပ်သို့ ရောက်မှပင် ထမင်းနပ်မှန်စားရတော့သည်။ ဆင်တော်ရဲမြတ်စွာထက်တွင် ဆင်ဦးစီးနှင့် မိဖုရားတို့သာ နေကြသည်။ အင်းဝကျေးစပ်၌ ညအိပ်သော် မိဖုရားအား အိမ်ထက်တွင် စက်တော်ခေါ်စေ၍ ဆင်ကဲနှင့် ဆင်ဦးစီးတို့သည် မခွဲမခွာကြဘဲ မြေပြင်၌ အိပ်ကြသည်။

ဘုရင်မင်းခေါင်သည် အင်းဝသို့ ပြန်၍ရောက်ပြီးသော်လည်း စိတ်တုန်လှုပ်ချောက်ချားလျက်ရှိသည်။ မြို့သူမြို့သားများက ပွဲသဘင်ကျင်းပ၍ တီးမှုတ်ကခုန်ကြသည့်အသံကိုပင် စစ်သံဟု မှတ်၏။ ထိတ်လန့်လျက်ရှိသဖြင့် နတ်ပွဲသဘင်ကိုမျှ မကစေဘဲ ပိတ်ပင်ထားရ၏။ အင်းဝသို့ရောက်ပြီး သုံးရက်ကြာသော် ဘုရင်မင်းခေါင်သည် မှူးမတ်များကို ခေါ်၏။

"မြောက်နန်းစံ မောမင်းသမီး[၁] ကို သူတို့ရလေသည်ကို ငါသိသည်။ တောင်မိဖုရားကို သူရလေသည်လည်းမသိ။ မိဖုရားနှစ်ပါးလုံး သူရလေသော် ငါ အသက်ရှင်၍ ဘယ်အကျိုးရှိအံ့နည်း။ သေလိုက်သည်က မြတ်ဦးမည်"ဟု မိန့်၏။ မြင်းစစ်သည်များကို လွှတ်၍ စုံစမ်းထောက်လှမ်းစေသော်လည်း မည်သို့မျှ သတင်းမရ။ "နောက်က မည်သူရှိသနည်း"ဟု မေးတော်မူ၏။ "နောက်တွင် အခြားတပ်မှူးတွေမရှိ။ ဆင်ကဲတစ်ဦးသာ ဆင်လေး၍ နောက်ကျန်ခဲ့သည်"ဟု လျှောက်၏။ "သို့ဖြစ်လျှင် ဆင်ကဲရောက်မှ သိရတော့မည်"ဟု မိန့်၍ ဆင်ကဲအလာကိုသာ မျှော်နေတော်မူ၏။

၁။ မြောက်နန်းစံ ရှင်မိနောက်သည် မင်းရဲကျော်စွာ၏ မယ်တော်ဖြစ်သည်။ သုသောဓိတ ပထမတွဲ စာမျက်နှာ-၅၀၁-တွင် ရှင်မိနောက် ယင်းသောအခါ သက်တော်သုံးဆယ့်ငါးနှစ်၊ အပြင်ကလျာကောင်းလှသည်ဖြစ်၍ ရာဇာဓိရာဇ်လည်း မိဖုရားမြောက်သည်-ဟု ပြု၏။

www.burmeseclassic.com

www.burmeseclassic.com

မြင်းသည်များကို ဒုတိယအကြိမ် လွှတ်ပြန်သည်။ "တောင်နန်းမိဖုရားကို ဆင်ကဲရခဲ့သည်" ဟု မြင်းသည်များက ပြန်၍ လျှောက်ထားလျှင် ရွှေနန်းရှင်လည်း လွန်စွာ ဝမ်းမြောက်ဝမ်းသာတော်မူ၏။ မိဖုရားကိုကြိုဆိုရန် မှူးမတ်သေနာပတိများနှင့် ကတော်များ၊ ဆွေမျိုးသင်္ဂဟများကို စေလွှတ်သည်။ ယာယီတဲနန်း ဆောက်လုပ်စေသည်။ ဆယ်ရက်ကြာလျှင် ဆင်ကဲသည် တောင်နန်းမိဖုရားကို ကြိုခဲ့သည်။ ယာယီတဲနန်းဆောင်တွင် မင်္ဂလာကင်ပွန်းရည်တို့ဖြင့် သန့်စင်စွာ ဦးဆံဆေးစေပြီးမှ ရွှေနန်းတော်ထက်သို့ ခေါ်ဆောင်စေသည်။ ရွှေနန်းတော်သို့ မိဖုရားရောက်ပြီးနောက် ဘုရင်မင်းခေါင်သည် မှူးမတ်များနှင့် ညီလာခံထွက်တော်မူရာတွင် –

"ဆင်ကဲသည် ငါ့အသက်ကို ကယ်ခဲ့သည်မှာ နှစ်ကြိမ်ရှိပြီ။ ငါတို့အိဒင်း(အိဇ္ဈေန်) ချောင်းသို့ရောက်စဉ်က ပဲခူးစစ်သည်တို့သည် ငါ့အနီးသို့ပင်ရောက်လာ၍ တိုက်ခိုက်ကြသည်။ သူတို့ကို ဆင်ကဲလှည့်တိုက်သဖြင့်သာဆုတ်ခွာကြရသည်။ထိုစဉ်ကငါ့အသက်ကို တစ်ကြိမ်ကယ်ခဲ့ဖူးသည်။ ငါ့မိဖုရား နှစ်ပါးလုံးကို သူတို့ ရလုနီးပြီ။ တောင်နန်းမိဖုရား တစ်ပါးအား ဆင်ကဲဆောင်ခဲ့သဖြင့် ငါ့ပူပင်သောကကို နည်းပါးလေအောင် သူပြုသည်နှင့်တူသည်။ သို့ဖြစ်၍ ငါ့အသက်ကို နှစ်ကြိမ်တိုင် ဆင်ကဲကယ်သည်ဟု ငါမိန့်သည်" ဟု မိန့်တော်မူ၏။ လက်ဆယ်ချောင်း၌ ဝတ်တော်မူသော လက်စွပ်ဆယ်ခြည်ကို ဆင်ကဲအား ချွတ်ပေးသည်။ မိဖုရား၏ ဆွေမျိုးဉာတိများနှင့် မှူးမတ်များကလည်း ဆင်ကဲကို ဆုလာဘ်များစွာ ချီးမြှင့်ကြသည်။

ညီလာခံပြီး၍ အတွင်းဆောင်သို့ ဝင်တော်မူသော် "မိဖုရားကို ဘယ်အရပ်တွင် ဆင်ကဲတွေ့၍ ဆောင်ခဲ့သနည်း။ ရိုးရိုးဖြောင့်ဖြောင့်ပင် ဆောင်ခဲ့ပါ၏လော" ဟု မိဖုရားကိုမေးတော်မူ၏။

"ချောင်းအကူးတွင် ဆင်ကြိုးပြတ်၍ ကလည်လျှင် နမတော်သည် ဆင်ထက်ကကျသည်။ နောက်မှ ဆင်ကဲရောက်လျှင် သူ့ကိုဟစ်၍ ခေါ်ပါသည်။ ဆင်ကဲလာ၍ ကြိုပါ၏။ ကုန်းလယ်စီးကို သက်စေပြီး နမတော်ကို ဆင်ထက်တင်သည်။ ရိုးရိုးဖြောင့်ဖြောင့်ပင် ဆောင်ခဲ့ပါသည်။ ညအိပ်လျှင် နမတော်ကို လင့်စင်ဖွဲ့၍ သစ်ပင်ထက်၌ အိပ်စေသည်။ ဆင်ကဲနှင့် ဆင်ဦးစီးတို့မှာ ဆင်ထက်၌ပင် အိပ်သည်။ ထမင်းသုံးလေးနပ်မစားရ။ မြန်မာကျေးစပ်သို့ရောက်မှ စားရသည်။ ရွာတွင် ညအိပ်လျှင် နမတော်အား အိမ်ထက်၌ အိပ်စေသည်။ ဆင်ကဲနှင့် ဦးစီးမှာ မြေပြင်၌အိပ်ကြသည်။ တောလမ်းခရီးတွင် ဆယ်ညမျှ ကြာသည်။ နမတော်အား ဆင်ကဲမဆောင်ခဲ့ပါမူ သူ့သုံ့ပန်း ဖြစ်ရလေတော့မည် အမှန်" ဟု လျှောက်၏။

နောက်နေ့တွင် ဆင်ကဲကို ရွှေနန်းရှင်က သံသယဖြစ်၍ မေးတော်မူပြန်၏။ ဆင်ကဲလည်း အစအဆုံး လျှောက်ထားသည်။ ဘုရင်မင်းခေါင်လည်း ဆင်ဦးစီးကိုခေါ်၍

www.burmeseclassic.com

မေးပြန်၏။ သုံးဦးလုံး စကားတူညီကြ၏။ ထိုသို့ မိဖုရားစကား။ ဆင်ကဲစကား။ ဆင်ဦးစီးစကားတွေ ညီလျက်ကို ဘုရင်မင်းခေါင်စိတ်တွင်မပြေ။ ဆိုသည့်စကားများသည် မဟုတ်မမှန်ရာဟု သံသယဖြစ်တော်မူ၏။ ဆင်ကဲကိုမြင်တိုင်း စကားမသာယာ။ တုန်တုန်ဟိုက်ဟိုက် ဖြစ်၏။ နေ့ရက်ရှည်လတ်သော် တောင်နန်းမိဖုရားသည် ကွမ်းသီးညှပ်စဉ်လက်ကို ညှပ်မိသဖြင့်[၁] "အိုဆင်ကဲ၊ ကယ်ပါ"ဟု ယောင်၍ ဆိုမိ၏။

ဘုရင်မင်းခေါင်ကြားလျှင် "မိဖုရား[၂] သည် ဆင်ကဲနှင့်ချစ်ခင်၍ နီးနောဆက်ဆံခဲ့သောကြောင့်သာ ယခုတိုင်အောင် ဆင်ကဲအမည်ကိုထုတ်၍ လန့်တုံ့၏။ မိဖုရားစိတ်သည် ဆင်ကဲ၌သာရှိသည်။ ဆင်ကဲကိုမမေ့၍ ခေါ်ခြင်းဖြစ်ပေသည်"ဟု စိတ်တွင် ပေါ်ပေါက်သဖြင့် သူ့ရဲကြီးကိုခေါ်၍ ဆင်ကဲအား ကွပ်စေသည်။

ဆင်ကဲကိုကွပ်ပြီးမှ ဘုရင်မင်းခေါင်၏စိတ်သည် ပတ္တမြားရည်ကဲ့သို့ ကြည်လင်တော့သည်။ မျက်နှာတော်မှာလည်း နေရောင်ရသည့် ကြာပန်းသဖွယ် လန်းဆန်းသည်။ သူ့ရဲကြီးကို ဆုလာဘ်ပေးတော်မူ၏။ တောင်မိဖုရားမှာကား စိတ်မချမ်းသာ၍ သည်းထန်စွာငိုယို၏။ "ဆင်ကဲသည် အပြစ်မရှိ။ ဆင်ကဲ ဆောင်ခဲ့၍သာ သူ့သုံ့ပန်းအဖြစ်မှ ငါ လွတ်ရသည်။ ဆင်ကဲကျေးဇူးသည် မြေကြီးအထုနှင့်ညီသည်။ ဆင်ကဲကို တစ်ဝမ်းတည်းမွှားသောမောင်နမကဲ့သို့ ငါစေတနာထားသည်။ ဆင်ကဲကို ငါကျေးဇူးဆပ်ခွင့် မရတော့ပါတကား။ ငါ့ကို ကယ်ဆယ်မိသဖြင့် သည်မျှကြီးသောသေဘေးနှင့် ဆင်ကဲကြုံရပါတကား"ဟု ရေရွတ်ကာ လူးလဲနေသည်။ မိဖုရားသည် ကွန်ဖြူပျက်အောင် လွန်စွာ ပူပင်သောက ရောက်၍ ငိုယိုလျက်ရှိသည်။ "မင်း၊ ဆင်၊ ရဟန်း၊ မိန်းမ သည်လေးပါးတို့သည် မစဉ်းစားမဆင်ခြင်။ စိတ်မြန်လွန်းသည်တကား။ ငါလက်ရှ၍ လန့်ပြီး ဆင်ကဲဟု ခေါ်မိသည်ကို သည်မျှပင် အရှင်မင်းကြီး မျက်တော်မူသည်။ ဆင်ကဲမှာ လုံးဝအပြစ်မရှိ။ ကျေးဇူးကြီးမားပါပေသည်"ဟု တွေး၍ မိဖုရားမှာ အိပ်စက်၍မပျော်အောင် စိတ်ဒုက္ခရောက်ရ၏။

၁။ မြန်မာပေမူတွင်-လက်မှ ကွမ်းသီးခွက်ကျသည်ဟု ဆို၏။

၂။ တောင်နန်းမိဖုရား၏အမည်မှာ ရှင်ဘို့မယ်ဖြစ်သည်ဟု မြန်မာရာဇဝင် ဦးကုလား ခု-တွဲ စာမျက်နှာ ၄ တွင် ဆို၏။ သုသောဓိတမဟာရာဇဝင် ပထမတွဲ စာမျက်နှာ ၅၁-တွင် တောင်မိဖုရား ရှင်ဘို့မယ် ဟူ၍ ပြသည်။

www.burmeseclassic.com

www.burmeseclassic.com

ဘုရင်မင်းခေါင်လည်း တောင်မိဖုရားကို ချစ်မြတ်နိုးလွန်းသောကြောင့် ဆင်ကဲကို အကြောင်းမဲ့ကွပ်မျက်မိသဖြင့် နောင်တကြီးစွာရ၏။[၁] စိတ်မချမ်းသာဖြစ်၏။ ထိုနောက် ဆင်ကဲ၏သားကို ဆင်ကဲနေရာတွင်မြှောက်စား၍ ခန့်ထားတော်မူ၏။ ဆင်ကဲဟုဘွဲ့ပေး၍ ဆင်ကဲကြီးစားခဲ့သော မြို့ပြကျေးရွာများကို စားစေ၏။ မိဖုရားလည်း သက်သာရာရလေ၏။

သက္ကရာဇ်-၇၇၁-တွင်[၂] ဘုရင်မင်းခေါင်သည် မှူးမတ်သေနာပတိများကိုခေါ်၍ ဆွေးနွေး၏။ "ယခင်တစ်ကြိမ်က ဟံသာဝတီကိုတိုက်ရန် ငါတို့ချီစဉ်တွင် ရိက္ခာအပို့ပြတ်လပ်သဖြင့် ငါတို့ငတ်မွတ်ပြီး သူတို့ကို အညံ့ခံလိုက်ရသည်။ သည်တစ်ကြိမ် ရိက္ခာမပြတ်လပ်အောင် စီမံမည်။ မငတ်မွတ်စေရ။ စစ်တပ်ကြီးဖွဲ့၍ ငါချီဦးမည်။ ငါတို့အကြောင်းကို သူတို့သိသည်။ သူတို့အကြောင်းကိုလည်း ငါတို့သိထားပြီ။ ငါတို့ကို သူတို့ခံနိုင်မည်လော"ဟု မိန့်တော်မူပြီး စစ်တပ်ဗိုလ်ပါ အလုံးအရင်းအင်အားကြီးမားစွာ စုရုံးတော်မူ၏။

ဆင်ရှစ်ရာ၊ မြင်းနှစ်ထောင်၊ ရဲမက်တစ်သိန်းလေးသောင်း၊ ရှေ့တပ်တွင် ဆင်နှစ်ရာ၊ မြင်းလေးရာ၊ သူရဲလေးသောင်းတို့ကို ချီစေသည်။ အင်းဝမြို့ကို သားတော်မင်းရဲကျော်စွာအား စောင့်စေသည်။ သားတော်သီဟသူကို မြစ်ရိုးတစ်လျှောက်ရှိ မြို့စားရွာစားများနှင့်ပူးပေါင်း၍ မျိုးရိက္ခာအလုံအလောက်ပို့ရန် ခန့်တော်မူ၏။ စစ်အင်္ဂါများကို ပြည့်စုံအောင်ပြုပြင်စီမံပြီးသော် ဘုရင်မင်းခေါင်သည် အင်အားကြီးမားစွာဖြင့် တောင်ဘူကြောင်းမှချီသည်။

ရာဇာဓိရာဇ်လည်း အပေါ့အလျော့နေရာမှ အင်းဝစစ်ချီလာပြန်ပြီဟု သတင်းရလျှင် ကျိုက်ပေါတောသို့ ချီတော်မူ၏။ ဟံသာဝတီကို ရဲသင်ရဲအား တပ်မင်းခန့်၍ အစောင့်ထားသည်။ ရာဇာဓိရာဇ်စစ်ချီရာတွင် ထိုက်သင့်သောဆုလာဘ်များကို မှူးမတ်သေနာပတိများအားပေးတော်မူပြီးလျှင် "မင်းတို့ကို သည်မျှသောဆုလာဘ်များကိုသာ ငါ ပေးတော်မူနှင့်သေးသည်။ ယခု ငါ၏ရန်သူရောက်လာလျှင် မင်းတို့ကြိုးစား၍ အမှုတော်ကို ထမ်းကြပါ။ ကြီးစွာသောဆုလာဘ်များကို ငါပေးဦးမည်"ဟု မိန့်တော်မူပြီးလျှင် လက်ရုံးတန်း၍ ကြုံးဝါးတော်မူ၏။ "အာနန်တွင် တပ်လုပ်၍ ရိက္ခာလုံလောက်အောင် သွင်းစေ"ဟု မိန့်၍ အာနန်တွင် တပ်တည်တော်မူ၏။

၁။ ဆင်ကဲကိုကွပ်ပြီးနောက် ဆင်ကဲ၏နတ်စိမ်းကိုခေါ်၍ မေးမြန်းသေးသည်။

၂။ မြန်မာပေမူဋ္ဌ -၇၆၅-ခုနှစ်တွင် ပန်းကျော်တွင်တပ်ဖျက်၍ ချီပြန်သည်။ ဦးကုလား၊ နှင့် မှန်နန်းတွင် ၇၇၁-ခုနှစ်ဟု မွန်နှင့်အညီပြ၏။

www.burmeseclassic.com

www.burmeseclassic.com

အမတ်ဒိန်နှင့် သမိန်ဗြာဇ္ဇတို့က "အာနန်တပ်သည် မခိုင်။ အင်းဝစစ်နှင့် နီးလွန်းသည်။ နေတော်မူရန်မသင့်။ မိုးသောက်သော် ကျိုက်ပေါသို့ ကူးတော်မူ"ဟူ၍ လျှောက်၏။ "မင်းတို့လျှောက်သည့်အရေးကား ဟုတ်ပေ၏။ မင်းဆွေကို ပသို့တွေ့နိုင်မည်နည်း"ဟု မိန့်တော်မူ၍ အမှူးအမတ်ကြီးငယ်များကို သစ္စာတော်ခံစေပြီးလျှင် သောက်စားကြလေ၏။ ယင်းသောအခါ ဘုရင်မင်းခေါင်သည် ဗြတ်လန်းတွင် တပ်ချနေတော်မူ၏။ ရာဇာမိရာဇ်သည် မှူးမတ်သေနာပတိများနှင့် သောက်စားလျက် မိန့်သည်မှာ-

"ယခုချီလာသောအင်းဝစစ်သည် အလုံးအရင်း ဆင်မြင်းများပြားသည်ကို မင်းတို့ ရှဲ့ဟန်ရှိကြသည်။ ငါသော်ကား မင်းဆွေလာသည်ကို လွန်စွာဝမ်းမြောက်လှသည်။ ငါသည်ငယ်စဉ်က ဒဂုန်တွင် ခြားနား၍နေသည်။ ငါ့မှာ ဆင်ဌေ့ဟူ၍ အဒရောင်တစ်စီးသာရှိသည်။ သမိန်မရူးသည် အဗျူပဲခူးဟူသည့် ငါ့ခမည်းတော်စီးသည့်ဆင်ကို ရသည်သာမက သူ့မှာ မှူးမတ်များနှင့် ဆင်ရဲ၊ ဆင်ကြီး၊ ဆင်ကောင်းများစွာရှိသည်။ ငါထွက်တော်မူလျှင် ဆင်ချင်းတိုက်ရမည်မှတ်သည်။ သမိန်မရူးပြေးလေ၍ မတိုက်ရ။ အင်းဝဘုရင် မင်းကြီးစွာစော်ကဲချီစဉ်ကလည်း ငါတိုက်ရမည်မှတ်သည်။ ပြေးကြ၍ မတိုက်ရ။ ဒုန်ဝန်းစားသံလှစ် ပုန်စား၍ ငါထွက်တော်မူသည်။ ငါ့ကျွန်စောပြ၏လက်ချက်ဖြင့် သံလှစ်သေ၍ ငါမတိုက်ရ။ သံဖြပ်ပုန်စဉ်ကလည်း ငါချီသည်။ ငါ့ကျွန် စောနသိန်ဆီး၍တိုက်နှင့်သဖြင့် ငါမတိုက်ရ။ နောင် အင်းဝဘုရင် မင်းကြီးစွာစော်ကဲသည် လှိုင်သို့ချီခဲ့ပြန်သည်။ ဆင်စီးချင်းတိုက်မည်ဟုငါဝင်သည်။ သူတို့ပြေးသဖြင့်မတိုက်ရ။ မုတ္တမတွင် ဗြတ်ထပ်ပုန်စား၍ ငါတိုက်ရန်ချီသည်။ နတ်လေစီး၍ပြေးသဖြင့် ငါမတိုက်ရ။ မြောင်းမြစား လောက်ဖြား၏သား ငပစ်နွယ်[1] သည် ငါနှင့် ဆင်စီးချင်းတိုက်လိုသည်ဆိုသဖြင့် မြောင်းမြမြို့တွင်းသို့ ငါဝင်၍ စီးချင်းတိုက်သည်။ ငါနိုင်၏။ သို့သော် သင်းသည် ငါ့ကျွန်သာဖြစ်၍ ပွဲမဆိုရ။ ပြည်ကို ငါလုပ်ကြွစဉ်ကလည်း မင်းခေါင်အရေးဆိုလာ၍ မြသီတင်းဘုရားမှာ သစ္စာပြုကြရသဖြင့် စီးချင်းမတိုက်ရ။ နောင် ပန်းကျော်တွင် တိုက်ရမည်မှတ်သည်။ မင်းခေါင်ခွာလေသဖြင့် မတိုက်ရ။ ယခု မင်းခေါင်သည် ဆင်

၁။ မြန်မာပေမူတွင်-ပစ်နွယ်ဟု မွန်နှင့်အညီရေးသော်လည်း ပုံနှိပ်မူတွင်-ဗျည်းနဲ့-ဟု ဖတ်ရသည်။ (၁၁၅၀ ခုနှစ်ကူး အမျိုးသားစာကြည့်တိုက်ပေမူ-မိတ္ထူ-စာမျက်နှာ-၇၁-ရှ)

www.burmeseclassic.com

www.burmeseclassic.com

မြင်းအလုံးအရင်း အမြောက်အမြားနှင့် ချီလာပြန်သဖြင့် သူနှင့်ငါ စီးချင်းတိုက်ရတော့မည်ဖြစ်၍ ငါအလွန်ဝမ်းမြောက်လှသည်။ မင်းတို့ မှူးမတ်ကြီးများရှိသည်ကိုထားဦး။ ငါ့ဆင်တပ်သုံးဆယ်နှင့် သူရဲနှစ်သောင်း။ ငါ့သမက်တော် ဥပါကောင်းတပ်တွင် ဆင်တစ်ဆယ့်ငါးစီးနှင့် သူရဲငါးထောင်။ လဂွန်းအိန်တပ်တွင် ဆင်ဆယ့်ငါးစီးနှင့် သူရဲငါးထောင်။ လက်ဝဲက ဗိုလ်မင်းဗြာဇတပ်တွင် ဆင်ဆယ်စီးနှင့် သူရဲတစ်သောင်း။ နောက်ဆော်သည့် တပ်ကြီးလေးတပ်တွင် ဆင်ရှစ်ဆယ် စစ်သည်သူရဲလေးသောင်း။ သည်အားတွေနှင့် ငါတိုက်မည်။ ထီးဖြူသုံးလေးစင်းဆောင်းသော မင်းများသည် ဆင်တစ်ထောင် နှစ်ထောင်၊ သူရဲတစ်သိန်း နှစ်သိန်းနှင့်လာလျှင်လည်း ငါနိုင်အောင်တိုက်ဝံ့သည်။ ယခု မင်းခေါင်သည် ဆင်ရှစ်ရာ၊ လူတစ်သိန်းလောက်နှင့် ချီသည်ကို ပသို့ကြောင့် ငါရွံ့ရမည်နည်း”

ဟု မိန့်တော်မူ၏။ မှူးမတ်များလည်း ဦးခိုက်၍ ကြိုးစားတိုက်မည်ဖြစ်ကြောင်း ဝန်ခံ၏။ “နက်ဖြန် ကျိုက်ပေါသို့ ကူးတော်မူမည်။ မြို့ကိုသော်လည်းကောင်း၊ တပ်ကိုသော်လည်းကောင်း သူတို့ လုပ်ကြံလာတန်၏။ ငါ့ကို တိုက်မည်လာလျှင် ငါထွက်တိုက်မည်။ မင်းတို့ ရှုစားကုန်။ သူမလာလျှင်လည်း ရှေ့သုံးလေးရက်တွင် ငါသွား၍ သူ့ကိုတိုက်မည်”ဟု မိန့်ပြန်၏။

ဘုရင်မင်းခေါင်လည်း အာနန်တွင် ရာဇာဓိရာဇာရှိသည်ဟုကြားလျှင် ဗြတ်လန်းတပ်က စစ်အင်အများအပြားကို အာနန်သို့ ချီစေသည်။

ရာဇာဓိရာဇာလည်း ညဦးက မှူးမတ်များနှင့် ပျော်ပါးစွာသောက်စား၍ ယစ်ယစ်နှင့် စကားများများ မိန့်ကြားထားသဖြင့် စောစောမနိုးဘဲ နေမြင့်အောင် စက်တော်ခေါ်၏။ အမတ်ဒိန်နှင့် သမိန်ဗြာဇတို့လည်း မနှိုးဝံ့။ ဆင်မြင်းကို ကစေ၍ စစ်လေ့ကျင့်စေ၏။ နောင်အဲဗြရဲအား သူ့ရှင်ကို နှိုးစေ၏။ နိုးတော်မူပြီးလျှင် “အင်းငစစ်မခိုင်ခင်ကို ငါထွက်၍တိုက်မည်။ စစ်ကို စီရင်လေတော့”ဟု မိန့်၏။ တိုက်ဆင် ငါးဆယ်၊ သူရဲသုံးသောင်းနှင့် ဗိုလ်မင်းဗြာဇကို နောက်ခံနေစေ၏။ “အင်းဝစစ်ကို ငါထွက်တိုက်မည်။ နောက်သို့ရွေ့သူ ခွာသူကို ခုတ်သတ်မည်။ မည်သူ့ကိုမျှ မညှာလေနှင့်”ဟု မိန့်တော်မူ၏။

ရာဇာဓိရာဇာသည် ဆင်တော်ဗကမတ်ကိုစီး၍ သူရဲသုံးထောင်၊ လဂွန်းအိန်နှင့် ဥပါကောင်းတို့ကို လက်ဝဲလက်ယာ ခန့်၏။ အမတ်မဟာသမွန်ကို ဘုရင်မင်းခေါင်ထံလွှတ်၍ “ပဇာတွင်တိုက်မည်နည်း”ဟု မေးစေ၏။ “ငါ ဆင်မြင်းနှင့် အသင့်ရှိနှင့်ပြီ။ နောင်တော် ကြိုက်ရာကထွက်လာတော့”ဟူ၍ ဘုရင်မင်းခေါင် မှာတော်မူ၏။ ရာဇာဓိရာဇာသည် သမိန်ဗြာဇအား တိုင်ပင်၏။ “တစ်ပါးသောစစ်မျက်နှာကိုလိုက်၍ ပျက်လျှင်

www.burmeseclassic.com

မင်းခေါင်၏ အထောက်အခံရှိလေသည်။ မင်းခေါင်ကိုပင် ငါတိုက်မည်။ မင်းခေါင်ပျက်လေလျှင် တစ်ပါးက ကူဝံ့သောသူ၊ ထောက်ဝံ့သောသူ မရှိပြီ"ဟု သူ့အရှင်ဆိုလျှင် "မိန့်တော်မူသည့်အရေးသည် အရေးမှန်ဖြစ်တော့သည်"ဟူ၍ ဗိုလ်မင်းဇာဒွေလျောက်၏။

ရာဇာဓိရာဇ်သည် ဗကမတ်ဆင်ကိုစီး၍ ဘုရင်မင်းခေါင်အား ထွက်တိုက်သည်။ ဘုရင်မင်းခေါင်သည် ဆင်တော်ရဲမြတ်စွာကိုစီး၍ ခံသည်။ ဗကမတ်ဆင်သည် ရဲမြတ်စွာဆင်နှင့် ဆင်ချင်းအားမတန်၍ ထွက်ဆုတ်ရသည်[၁]။ အုန်းပေါင်စော်ဘွားလည်း ငချစ်မြတ်ဆင်ကိုစီး၍ ချွန်းပေါက်ကာ ရာဇာဓိရာဇ်ပြေးသည်ကို လိုက်တိုက်သည်။ ရာဇာဓိရာဇ်လည်း မျက်နှာမဆိုင်ဝံ့၊ အစွယ်ချင်းမယှက်ဝံ့သဖြင့် မျက်နှာသုန်မှုန်၍ပြေးသည်။ အုန်းပေါင်စော်ဘွားလည်း ရာဇာဓိရာဇ်ကို အရယူမည်ဟူ၍ ချွန်းပေါက်လျက် တပ်လယ်ကိုထွင်း၍ အပြင်းလိုက်သည်။ တောင်ခွင်စား၊ ရမည်းသင်းစားတို့လည်း အစီးသုံးဆယ်နှင့် ထပ်၍ ဖိတိုက်သည်။ အချင်းချင်း နှစ်ဦးနှစ်ဖက် အထွေးထွေးတိုက်၍ ရှုပ်ယှက်ခတ်လျက်ရှိသည်။

ထိုအခါ သမိန်ဇြာဇွန်သည် အပစ်နွဲ့ဆင်ကိုစီး၍ ထွက်တိုက်သည်။ အုန်းပေါင်စော်ဘွား မခံနိုင်၍ ဆုတ်သည်။ သမိန်ဇြာဇွန်သည် မိုးညှင်းစော်ဘွားနှင့် တိုက်ပြန်သည်။ မိုးညှင်းစော်ဘွားသည် သဲလင်စွာ(သာ်လင်စာ)ဆင်နှင့် ဆီး၍ခံသည်။ အင်းဝစစ်တွင် ဆင်အကူများ၏။ အမြောက်သေနတ် မြတပူလည်း ထူထပ်များပြားသဖြင့် တပ်ပျက်အောင် သမိန်ဇြာဇွန်တို့ မတိုက်နိုင်ချေ။[၂]

သမိန်ဇြာဇွန်လည်း တပ်ကိုပြန်စုရုံးပြီး တပ်ခိုင်တပ်လုံပြု၍ နေရသည်။ ယင်းသို့မင်းဇကရာဇ်နှစ်ပါးတို့သည် တစ်ဦးကိုတစ်ဦး အနိုင်ရအောင် မတိုက်နိုင်ဘဲ ငါးလမျှ ရင်ဆိုင်ခဲ့ကြသည်။ မင်းခေါင်လည်း တပ်ခိုင်တပ်လုံပြု၍ နေတော်မူရာမှ မုတ်သုံလေပိုလာ၍ မိုးကျလုနီးလျှင် အင်းဝသို့ တပ်နုတ်၍ ပြန်တော်မူ၏။ ရာဇာဓိရာဇ်လည်း တပ်နုတ်၍ ဟံသာဝတီသို့ ပြန်တော်မူ၏။

၁။ မြန်မာပေမူတွင်–ရှင်ဘုရင်မင်းခေါင်ကြို၍ မတိုက်နှင့်ဘဲ ချွန်းငင်၍ရှောင်လေ၏။ သုသေဒီတပထမတွဲ စာမျက်နှာ–၅၀၅–တွင် ရာဇာဓိရာဇ်စီးသော ဗကမတ်ကို ဘုရင်မင်းခေါင်စီးသော ဆင်တော်ရဲမြတ်စွာ အားမတန်၍ ဆုတ်ချေသည်။ ဦးကုလားဒုတိယတွဲ စာမျက်နှာ–၃–တွင် ယင်း အတိုင်းဆိုသည်။

၂။ မြန်မာပေမူတွင် မင်းခေါင်တပ်ပျက်၍ ဆင်မြင်းလူသူ မိန်းမသနံများစွာကို ဖမ်းနိုင်ရသည်ဟုဆို၏။ (မိန်းမသနာဟုလည်း ရေးသည်)

www.burmeseclassic.com

www.burmeseclassic.com

သက္ကရာဇ်-၇၇၂ - ခုနှစ်[၁] တွင် အင်းဝရွှေနန်းရှင်၏ သားတော်မင်းရဲကျော်စွာသည် အသက် ၁၇-နှစ် ရှိပြီဖြစ်၏။ မင်းရဲကျော်စွာသည် ဟံသာဝတီသို့ချီရန် ခမည်းတော်အား လျှောက်၏။ "ခမည်းတော်သည် ဟံသာဝတီသို့ နှစ်ကြိမ်တိုင်အောင်ချီ၍ တိုက်ခိုက်ခဲ့၏။ နှစ်ကြိမ်လုံးပင် ပျက်ချေ၍ ဗိုလ်ပါများစွာကို သူတို့ရလေသည်။ ကျွန်ုပ်ကို ဆင်မြင်းရဲမက် ဗိုလ်ပါအလုံးအရင်း လုံလောက်စွာပေးပါ။ ဟံသာဝတီကိုရအောင် ကျွန်ုပ်တိုက်မည်"[၂]

ဘုရင်မင်းခေါင်လည်း ခွင့်ပြုတော်မူ၏။ မင်းရဲကျော်စွာနှင့် ချီရသောတပ်များကား တောင်ငူစား လက်ယာကြီး တစ်တပ်၊ ပြည်စား လက်ယာပျံချီ တစ်တပ်၊ စလင်းစား နောရထာ တစ်တပ်၊ ဗဒုံမင်း တစ်တပ်၊ ပခန်းမင်း တစ်တပ်၊ အုန်းပေါင်စော်ဘွား တစ်တပ်၊ ညောင်ရွှေတော်မှိုင်းကြီး တစ်တပ် ပေါင်း-၇-တပ်ဖြစ်သည်။ ကြည်းတပ်တွင် ဆင်လေးရာ၊ မြင်းခြောက်ထောင်၊ သူရဲခုနစ်သောင်းဖြစ်သည်။ ရေတပ်ရှစ်တပ်တွင်

၁။ မြန်မာပေမူတွင် ၇၆၈-ခုနှစ်ဟု ပြ၏။ သို့သော် မှန်နန်း၊ ဦးကုလားတို့တွင် မွန်မူနှင့်အညီ-၇၇၂ ခုနှစ်ဟု ပြ၏။

၂။ မှန်နန်း-၃-တွဲ ၁၂-တွင် မင်းရဲကျော်စွာသည် ၇၅၂ ခုနှစ်ဖွားဟု ဆို၍ အသက်-၂၀-ဟုပြ၏။ မွန်မူတွင် ၇၅၂-တွင် ဗောလောကျန်းတောလွန်၍ မင်းရဲကျော်စွာ ဝင်စားသည်ဟု ပြ၏။ မြန်မာပေမူတွင် မင်းရဲကျော်စွာ ပဲခူးသို့ချီသည့်အခါ အသက်-၁၇-နှစ်ဟု မွန်မူနှင့်အညီပြ၏။

၃။ မြန်မာပေမူတွင် "ဆင်မြင်းအလုံးအရင်းကို သူရလေသည်။ ငါမယ်တော်နှင့် ငါနှမကိုလည်း သူရလေသည်"ဟူ၍လည်းကောင်း၊ မှန်နန်း ဒုတွဲ၊ စာမျက်နှာ-၁၂-တွင် "ဆင်မြင်းအလုံးအရင်းကိုလည်း သူရလေသည်။ ကျွန်ုပ်အမိနှင့် နှမကိုလည်း သူရချေသည်"ဟုဆို၏။ မြန်မာပေမူနှင့် မြန်မာရာဇဝင်များတွင် မင်းရဲကျော်စွာက "ပေါရိသာဒ်"အမည်ခံ၍ ရာဇာဓိရာဇ်က "ဗညား သစ်တသုံ"ဘွဲ့ခံကြောင်းပြ၏။ မွန်မူတွင် သည်အခန်း၌ ယင်းသို့မဆိုသေး။ ရာဇာဓိရာဇ်သည် ဇာတာမသန့်၍ မုတ္တမတွင် ခေတ္တနေပြီး ပဲခူးသို့ ပြန်သောအခါမှ သစ်တသုံဘွဲ့ခံကြောင်း ရှေ့လာမည့်အခန်း၌ ပြဆိုသည်။ (သစ်တသုံ-ဟူသည် မဟာသုတသောမမင်းကို ဆိုလို၏။ လူသားစားသော ပေါရိသာဒကို တရားရအောင်ဆုံးမသော မင်းဖြစ်၏။ မွန်တွင်-သုဒ္ဒသိမ်။ သိဒ္ဓိသောမဟူ၍ နှစ်မျိုးရေး၏။ မြန်မာပေမူတွင်-သစ်တသုံဟု ရေးသည်။ မှန်နန်းရာဇဝင်တွင် သောတ္တသုမ်-ဟု ရေး၏။ နိပါတ်တော်အမှတ်-၅၃၇-မဟာသုတသောမဇာတ်-၌)။

(သုတသောမ - သောတ္တသုမ် - သေတ္တသုမ် - သေတ်တသုံ - သစ်တသုံ)

www.burmeseclassic.com

www.burmeseclassic.com

တိုက်လေကြီး-ခုနစ်ဆယ်။ တိုက်လေငယ်-ခုနစ်ရာ။ လော်ကား-နှစ်ရာ။ ရဲလေ(ဂျင်ပလး)ငါး်ရာ။ သူရဲ-ခုနစ်သောင်းဖြစ်သည်။

မင်းရဲကျော်စွာသည် ကြည်းတပ်၊ ရေတပ်တွင် ဗိုလ်မင်းပြု၍ သာယာဝတီကြောင်းချီတော်မူသည်။ မြောင်းမြသို့ရောက်လျှင်ရောက်ချင်း အပြင်းတိုက်ခိုက်တော်မူသည်။ ယင်းသောအခါ မြောင်းမြကို သမိန်ဖြာဇွန်းသည်။ ဗိုလ်မင်းသမိန်ဖြာဇွန် ကြံ့ကြံ့ခိုင်ခိုင် ခံသည်ဖြစ်၍ မင်းရဲကျော်စွာသည် မြောင်းမြကို အကြိမ်ကြိမ် လုပ်ကြံသော်လည်း မရနိုင်ချေ။ သို့သော် အင်အားအလုံးအရင်းဖြင့် ကြိုးစား၍ တိုက်ခိုက်သည်။ သမိန်ဖြာဇွန်လည်း မင်းရဲကျော်စွာ၏ စစ်အင်အားကောင်းသည်ကိုမြင်၍ အရေးဆိုလာ၏။ လက်ဆောင်ပစ္စည်းများလည်းပို့၏။ ဆက်စာတွင်-

"ကျွန်ုပ်မြောင်းမြစား သမိန်ဖြာဇွန်က ဦးခိုက်ရှိခို၍ နားတော်လျှောက်ပုံသောအင်းဝရွှေနန်းရှင်သားတော် မင်းရဲကျော်စွာ၊ ရွှေနန်းသခင်၏သားတော်သည် မြောင်းမြမြို့ကို တစ်နှစ်မပြောနှင့် နှစ်ပေါင်းများစွာကြိုးစား၍ လုပ်ကြံသော်လည်း ရတော်မူမည်မဟုတ်။ အင်းဝရဲမက်တော်တို့သာ ပင်ပန်းမည်။ ငတ်မွတ်မည်။ အခက်အခဲ ဒုက္ခများစွာနှင့် ရင်ဆိုင်ရမည်။ ကျွန်ုပ် မြောင်းမြစားသည် သူ့ရှင်၏ သစ္စာခံဖြစ်သည်။ သခင်၏ကျေးဇူးသစ္စာတော်ကို အသက်ပေး၍ ဆပ်မည်။ အလွယ်နှင့် လက်လျှော့မည် မမှတ်လေနှင့်။ သူ့ရှင် ရာဇာဓိရာဇ်သည်လည်း မုတ္တမနှင့် လှိုင်းပွဲ(လိုင်ဗဲ့)မြို့များတွင် သူပုန်သူကန်များကို နှိမ်နင်းပြီးသဖြင့် ဟံသာဝတီသို့ ပြန်လှည့်ခဲ့ပြီ။ ဟံသာဝတီမှ မြောင်းမြသို့ ရာဇာဓိရာဇ်ချီခဲ့သောနေ့တွင် ရွှေနန်းသခင်၏သားတော်သည် စစ်နှစ်ဖက် အညှပ်မခံရပြီလော"

မင်းရဲကျော်စွာလည်း သမိန်ဖြာဇွန်၏စကိုရလျှင် "သမိန်ဖြာဇွန်သည် ငါ့ကို ရွံ့ကြောက်၍ အရေးဆိုပေသည်"ဟု မိန့်၍ လက်ဆောင်ပဏ္ဏာများ တုံ့တော်မူ၏။[၁]

မိုးသောက်လျှင် မြောင်းမြကိုခွာ၍ ပုသိမ်သို့ ချီတော်မူ၏။ ပုသိမ်တွင် အမတ်ဒိန်မဏိရွတ် ခိုင်ခံ့စွာ ခံနင့်သည်။ မင်းရဲကျော်စွာသည် နေ့ရက်များစွာ လုပ်ကြံသည်။

၁။ မြန်မာပေမူတွင်-ဗိုလ်မင်း သမိန်ဖြာဇွန်နှင့် မင်းရဲကျော်စွာတို့ အရေးဆိုကြပြီး လက်ဆောင်တုံ့ပြန်ကြရာတွင် သမိန်ဖြာဇွန်ကတော် တလမည်ဗိုက်(တ္ဂမေဗိုတ်)သည် မောင်းတော်မုန့်ပွဲကို ကောင်းမွန်ဖွယ်ရာစီရင်၍ မင်းရဲကျော်စွာကို ဆက်၏။ မင်းသားကလည်း လက်စွပ်ကိုချွတ်၍ တလမည်ဗိုက်ကိုပေး၏ဟု ပြ၏။

www.burmeseclassic.com

www.burmeseclassic.com

ပုသိမ်မြို့သည် ကြွခိုင်ပြီး အမြောက်သေနတ်မြတပူ ထူထပ်လှသောကြောင့် မြို့တွင်းသို့ မင်းရဲကျော်စွာ မဝင်နိုင်ချေ။ တပ်ခိုင်တပ်လုံနှင့် ပုသိမ်ကို ဝန်းရံ၍သာ နေ၏။

ပုသိမ်စား အမတ်ဒိန်လည်း တူတော် စန္ဒာရာသီကိုလွှတ်၍ မင်းရဲကျော်စွာထံ အရေးဆိုလေ၏။ လက်ဆောင်ပဏ္ဏာများလည်း ပို့သည်။ စာတွင်–

> "ကျွန်ုပ် ပုသိမ်စားအမတ်ဒိန်မကိုရွှတ် ဦးခိုက်ရှိခိုး၍ နားတော်လျှောက်ပံ့သော၊ အင်းဝရွှေနန်းသခင့် သားတော် မင်းရဲကျော်စွာ။ ကျွန်ုပ်သည် ဟံသာဝတီပြည့်ရှင်၏ သစ္စာတော်ကို ခံ၍ ပုသိမ်ကို စားသည်။ ပုသိမ်ကို ရွှေနန်းသခင်၏သားတော် လုပ်ကြွ၍ရမည်မဟုတ်။ မြို့၊ ပြ၊ ကျုံး၊ မြောင်း ကတုတ်၊ ရင်တား အစရှိသည်များကို သူ့ရှင်၏ အမိန့်အတိုင်း ခိုင်ခံ့အောင် စီမံပြုပြင်ထားသည်။ သုံးလေးနှစ်စာ မျိုးရိက္ခာများကို သူရဲသူခက်နှင့် မြို့သူ၊ မြို့သားများပါစားသောက်ရန် အလုံအလောက်သွင်း၍ သိုလှောင်ထားနှင့်သည် ဖြစ်သဖြင့် ရွှေနန်းသခင်၏ သားတော်သည် ပုသိမ်ကို တစ်နှစ်မဆိုထားနှင့်ဦး။ အနှစ်နှစ်ပင် ကြိုးစား၍ လုပ်ကြံသော်လည်း ပုသိမ်ကို ရမည်မမှတ်နှင့်။ အင်းဝဘက်မှ သူရဲသူခက် ဗိုလ်ပါများနှင့် ခပ်သိမ်းသော သတ္တဝါများသာ ဒုက္ခ ဆင်းရဲခြင်းခံရ၍ ပင်ပန်းချေမည်။ သည်အရေးအကြောင်းကို ကျွန်ုပ် မြင်၍ ရွှေနန်းသခင်၏ သားတော်လည်း ဉာဏ်ပညာနှင့် အမှန်ကို ထောက်ရှုတော်မူပါမည့် အကြောင်းကို ကြားရောက်အပ်ပါသည်"

မင်းရဲကျော်စွာလည်း စာနှင့်လက်ဆောင်များကိုရလျှင်– "အမတ်ဒိန်သည် ငါ့ကို ကြောက်ရွံ့၍ အရေးဆို လျှောက်ထားလာပေသည်"ဟု မိန့်၍ လက်ဆောင်ပဏ္ဏာကာရများ တံ့တော်မူ၏။

မင်းရဲကျော်စွာသည် ပုသိမ်မှခွာ၍ ခဲပေါင် (ခေဝံပင်)မြို့သို့ ချီပြန်သည်။ ခဲပေါင်တွင် သမိန်သံကြယ် (သာကြဲ)သည် ကြွံကြွံခိုင်ခိုင်ခံ၏။ အမြောက် သေနတ် မြတပူတွေ ထူထပ်လှသဖြင့် မလုပ်ကြံနိုင်ချေ။ မင်းရဲကျော်စွာလည်း မှူးမတ် သေနာပတိများကို ခေါ်၍ ဆွေးနွေးတိုင်ပင်၏။ ယင်းသောအခါ ရမည်းသင်းစား စည်သူက "ယခု ကျွန်ုပ်တို့သည် မွန်နိုင်ငံကို မလုပ်ကြံသင့်သေး။ ကျွန်ုပ်တို့နိုင်ငံရင်း ဖြစ်သော ရခိုင်ကို မွန်တို့ရ၍ နရမိတ်လှအား နန်းတင်ထားသည်။ ရခိုင်ကို အလျင်လုပ်ကြံတော်မူပါဦး။ ရခိုင်ကိုရပြီးမှ မွန်မြို့ရွာများကို ဆက်လက် လုပ်ကြံတော်မူသင့်ပါသည်"ဟု လျှောက်သည်ကို မင်းရဲကျော်စွာကြားလျှင် "သည်အရေး သင့်လှပေသည်"ဟု မိန့်၍ တပ်ကို နုတ်ကာ ပြည်မြို့သို့ ဆန်တော်မူ၏။ ပြည်သို့ရောက်လျှင် ရေတပ်ကို ကြည်းတပ်ဖွဲ့၍ ရခိုင်သို့ ချီတော်မူ၏။ လှေတက်များကို မြစ်စဉ်တစ်လျှောက်ရှိ မြို့ကမ်းရွာစားများကို

www.burmeseclassic.com

ခန့်၍ အင်းဝသို့ အရောက်ပို့ဆက်စေသည်။

မင်းရဲကျော်စွာသည် ရခိုင်သို့ရောက်လျှင် တပ်ကို သုံးစုခွဲ၍ ရွှပ်ရွှပ်ခွဲခွဲ တစ်ဟုန်တည်းဝင်၍ လုပ်ကြံတော်မူသည်။ နရမိတ်လှလည်း ဆင်မြင်းအလုံးအရင်းနှင့် ကြိုးစား၍ တွန်းလှန်သော်လည်း မခံနိုင်သဖြင့် လှေကြီးတစ်စင်းဖြင့် ကုလားပြည်သို့ ပြေးလေ၏။ ရခိုင်မြို့ကို မင်းရဲကျော်စွာရလျှင် လက်ဝါးကြီးကို မြို့စားထည့်၏။ သံတွဲကို ရပြန်လျှင် စုကွတေးကို မြို့စားခန့်၍ အင်းဝသို့ ပြန်တော်မူ၏။

အင်းဝသို့ မင်းရဲကျော်စွာ ပြန်ရောက်လျှင် ခမည်းတော်ဘုရားက အားပါးရတော်မူ၍ ဆုလာဘ် အဆောင်အယောင်များစွာ ချီးမြှင့်တော်မူ၏။

ရခိုင်နှင့်သံတွဲကို မင်းရဲကျော်စွာရပြီး နရမိတ်လှသည် လှေဖြင့် ကုလားပြည်သို့ ပြေးကြောင်းကို ရာဇာမိရာဇ်ထံ ရခိုင်သားတို့က လာရောက် တင်လျှောက်ကြ၏။ ရာဇာမိရာဇ်လည်း ရခိုင်မြို့နှင့်သံတွဲမြို့တို့ကို လုပ်ကြံရန် တပ်ကြီးနှစ်တပ်ဖွဲ့၍ စေလွှတ်သည်။ သမိန်ဇြထဗိုက် တစ်တပ်နှင့် သမိန်အဲကောင်ဗိန်တစ်တပ် ပေါင်းနှစ်တပ်တွင် တိုက်ဆင် ၅၀။ မြင်း ၂၀၀။ ဗိုလ်ပါသူရဲ ငါးသောင်းပါဝင်သည်။ သံတွဲသို့ရောက်လျှင် အပြင်း လုပ်ကြံသည်။ သံတွဲစား စုကွတေးလည်း မြို့ပြကျုံးမြောင်း ကတုတ်ရင်တား များကို ခိုင်ခံ့အောင်ပြုပြင်၍ တွန်းလှန်သည်။ နေ့ရက်ရှည်သော် မခံနိုင်၍ ရခိုင်မြို့သို့ ခွာ၍ ပေါင်းလေသည်။ သံတွဲကိုရလျှင် သမိန်ဇြထဗိုက်နှင့် အဲကောင်ဗိန်တို့သည် မြို့ပြကျုံးမြောင်းတို့ကို ပြုပြင်၍ အခိုင်အခံ့ နေလေသည်။

ယင်းအကြောင်းကို ဘုရင်မင်းခေါင် ကြားရလျှင် သံတွဲကို လုပ်ကြံရန် သားတော် မင်းရဲကျော်စွာအား စေလွှတ်၏။ တပ်မ– ရ–တပ်ဖြင့် ချီစေ၏။ ဆင်သုံးရာ၊ မြင်းသုံးထောင်၊ ဗိုလ်ပါသူရဲ ရှစ်သောင်းပါဝင်၍ သံတွဲသို့အလျင်ချီ၏[၁]။ သံတွဲရောက်လျှင် အကြိမ်ကြိမ် လုပ်ကြံသော်လည်း မရ။ ဇြထဗိုက်နှင့် အဲကောင်ဗိန်တို့ ကြံခိုင်စွာ ခံနှင့်သည်။ နေ့၊ ရက်၊ လပေါင်းများစွာကြာသော်လည်း မတိုက်နိုင်သဖြင့် မြို့ကို ဝန်းရံ၍သာ နေရ၏။ သမိန်ဇြထဗိုက်သည် ညအခါထွက်၍ မင်းရဲကျော်စွာတပ်ကို နှစ်ကြိမ်မျှ မီးတိုက်သည်။ မင်းရဲကျော်စွာတပ်ကို မီးလောင်သဖြင့် တပ်– ၇–တပ်လုံး အခိုင်အခံ့ပြု၍ မင်းရဲကျော်စွာကို စောင့်ရလေ၏။ လပေါင်းရှည်လတ်သော် သံတွဲမြို့တွင်းရှိ မွန်ဗိုလ်ပါသူရဲများ ရိက္ခာပြတ်လာသည်။ "ကြာလျှင် ငါတို့ သူ့ကျွန်ဖြစ်တော့မည်။ အင်းဝစစ်ကို အဆောတလျင် ခွာရအောင် ငါတို့ ပရိယာယ်သုံး၍ လှည့်စားမှ သင့်မည်" ဟု မှူးမတ်များ ဆွေးနွေးကြ၏။ သံတွဲရှိ သမိန်ဇြထဗိုက်နှင့် အဲကောင်ဗိန်တို့တွင် ပဲခူးမှ ရာဇာမိရာဇ်က ပို့ခဲ့သောစာ ဖြစ်လေဟန် လုပ်ကြံရေးသားကြ၏။

၁။ မည်သည့်လမ်းကြောင်းဖြင့် ချီသည်ကို မပြဆိုပါ။ ပြည်မှတစ်ဆင့် ရခိုင်သို့ ချီသည်များ၏။

www.burmeseclassic.com

www.burmeseclassic.com

စာတွင်-

"ဟံသာဝတီပြည့်ရှင် ဘုရင်ရာဇာဓိရာဇ် အမိန့်ရှိလိုက်သော။ သမိန်ဖြထဗိုက်နှင့် သမိန်အဲကောင်ဗိန်။ သဲတွဲကို မင်းတို့ ရထားပြီး။ အင်းဝမှ မင်းရဲကျော်စွာ လာရောက် လုပ်ကြွေးသော်လည်း မရ။ လပေါင်းများစွာ ဝန်းရံထားသည်။ ညအချိန် မင်းတို့ထွက်၍ မင်းရဲကျော်စွာ တပ်ကို မီးတိုက်သည်။ နှစ်ကြိမ် သုံးကြိမ်မျှ လောင်သည်ကိုလည်း ငါကြားရသည်။ မင်းတို့သည် ငါ့ကျေးဇူး သစ္စာတော်ကို မြဲမြံစွာခံ၍ ရန်သူမဝင်နိုင်အောင် အခိုင်အခံ့ နေသည်ကို ငါသိ၍ ဝမ်းသာအားရ ပါသည်။ မင်းရဲကျော်စွာ၏ စစ်ကို လှည့်စားထားပါ။ ဆွဲငင်ထားပါ။ မလွတ်ထွက်စေနှင့်။ ခြေလျင် တပ်မကြီးများကို ငါစီရင်၍ အမြန်လွှတ်မည်။ သမိန်ဖြာဇနှင့် အမတ်ဒိန်တို့ကို လင်းပတော့ကြောင်း ချီစေမည်။ ဆင်ငါးဆယ်၊ မြင်း နှစ်ရာ၊ ဗိုလ်ပါ လေးသောင်းပါမည်။ မုတ္တမမှ သမိန်ဗိုက်ကမြင် (ဗိုတ်ကမြင်)ကို မျိုးရိက္ခာ အလုံအလောက် ပို့စေမည်။ ငါကိုယ်တိုင် တပ်မကြီးနှင့် ဥယျာဉ်ပုကြောင်းမှ ချီမည်။ မင်းရဲကျော်စွာကို အရယူမည်။ မလွတ်စေနှင့်"

ယင်းစာကို ကတ္တီပါအိတ်ဖြင့် ထည့်၏။ ပဲခူးမှ ကတော်စိုးမင်းများ ရေးသားသည့်အဟန် ပေရွက်စာခွေ အတုများကို ပုတ္တာ[၁] ၌ စုပေါင်း၍ ထည့်၏။ မုန့်၊ ပဲ၊ ယို၊ ထမင်းခြောက်များကို ခြင်းတောင်းတို့ဖြင့် ထည့်၏။ သည်ပစ္စည်းများနှင့် စာလွှာတို့ကို ပုတ္တာနှင့် ခြင်းတောင်းတို့၌ ထည့်၍ လူငါးဆယ်တို့ကို အပ်ပြီး ၎င်းတို့အား ညအချိန် ထွက်၍ တောတွင်း၌ သွားနေစေ၏။ မိုးသောက်ယံတွင် ပဲခူးမှလာသည့်အဟန်ဖြင့် သဲတွဲသို့ လျှောက်လာကြ၏။ မြန်မာကင်းသမားရှိသည့်လမ်းနှင့် နီးသော် ၎င်းတို့ကို မြန်မာတို့က ဖမ်း၏။ လူငါးဆယ်[၂] တို့လည်း ကြောက်ရွံ့ဟန်ဖြင့် ပုတ္တာနှင့် ခြင်းတောင်းတို့ကို ပစ်ချကာ ကိုယ်လွတ်ပြေး၍ သဲတွဲမြို့သို့ ဝင်ကြလေ၏။

အင်းဝ ကင်းသမားများလည်း လူငါးဆယ်ကို မမိသဖြင့် သူတို့ပစ်ချသော ပုတ္တာနှင့် ခြင်းတောင်းများကို ကောက်ယူ၍ မင်းရဲကျော်စွာထံ ဝင်ရောက်ဆက်သသည်။

၁။ မြန်မာပေမူနှင့် မြန်မာရာဇဝင်များတွင်- ပူတာ-ဟုရေး၏။ မွန်တွင်- ပုက်တာ- ဟုရေး၏။ ပုက်-ဟူသည် မွန်စကား။ တာ-ဟူသည် ပါဠိ- တာလ။ ထန်းဖြစ်သည်။ ထန်းလက်ဖြင့်ရက်ထားသော ထန်းခေါက်ဖာဖြစ်သည်။ (ပုက်= ပုတ်= ရက်လုပ် တာ.သော ထည့်စရာဟာ သို့မဟုတ် တောင်းကြီး)

၂။ မြန်မာပေမူတွင်- ဦးရေမပြ။ လူကောင်းလူမာရွေး၍ ထွက်စေသည်ဟုသာ ဆို၏။ မဟာရာဇဝင်-ပ-တွဲ၊ စာမျက်နှာ ၅၁၁- တွင် ငါးယောက်-ဟု ပြ၏။

www.burmeseclassic.com

www.burmeseclassic.com

မင်းရဲကျော်စွာလည်း ပုတ္တာတွင်းဥ်ပါသော စာကိုရ၍ ဖွင့်ဖတ်စေ၏။ သမိန်ဇြာဇ္ဇ၊ အမတ်ဒိန်နှင့် ရာဇာဓိရာဇ်တို့ ချီလာမည်ဖြစ်ကြောင်း စာတွင်ရေးသည်ကို အမှန်တကယ်ဟု ယူဆကြ၏။ ထို့နောက် မှူးမတ်များကိုခေါ်၍ ဆွေးနွေးတိုင်ပင်၏။ ထိုအခါ ရမည်းသင်းစား စည်သူက-

"စာပါအတိုင်းဆိုလျှင် သူတို့ စစ်ကူသုံးမျက်နှာ ဝန်းရံ၍လာချိမ့်မည်။ ငါတို့ ခက်ချေတော့မည်။ သံတွဲတွင် တောတောင်ချောက်ကမ်းပါး များသည်။ ဆင်၊ မြင်း အထွက်ခက်သည်။ ငါတို့ ကြာရှည်သဖြင့် မနေသင့်၊ တပ်နုတ်၍ပြန်သင့်သည်။ မုတ်သုံလေမိုးကုန်၍ နှစ်သစ်ကူးပြီး နွေရာသီကျရောက်သောအခါမှ အင်အားသစ် စုရုံးကာ တစ်ဖန်ချီသင့်သည်"

ဟုလျှောက်၏။ မင်းရဲကျော်စွာလည်း "သည်အရေး သင့်လှပေသည်"ဟု မိန့်၍ တပ်နုတ်ကာ အင်းဝသို့ပြန်တော်မူသည်။

ထိုသက္ကရာဇ်[၁] တွင် မင်းရဲကျော်စွာသည် အင်းဝသို့ပြန်တော်မူပြီးသော် သမိန်ဇြထဗိုက်နှင့် အဲကောင်ဗိန်တို့သည် ရခိုင်မြို့သို့ချီ၍ လုပ်ကြံသည်။ ရခိုင်မြို့ရှိ လက်ျာကြီးနှင့် စုက္ကတေးတို့လည်း မြို့တွင်းမှနေ၍ခံနှင့်သည်။ ကြာရှည်လတ်သော် ရခိုင်သားနှင့် မွန်တို့ညီကြသည်။ အင်းဝမှလည်း စစ်ကူမရောက်သဖြင့် ရခိုင်ကို မွန်တို့ရလေသည်။ ကုလားပြည်သို့ပြေးသည့် နရမိတ်လှကို မွန်တို့ သွားရောက်ကြိုဆိုခဲ့၍ ရခိုင်မြို့[၂] တွင် နန်းတင်ပြန်သည်။ လက်ျာကြီးနှင့် စုက္ကတေးတို့လည်း အင်းဝသို့ပြေးကြသည်။

သက္ကရာဇ် ၇၇၃[၃] တွင် သိန္နီစော်ဘွားသည် ဗိုလ်ပါအင်အား များစွာနှင့် အင်းဝသို့ ချီလာသည်။ ယင်းသို့ သိန္နီစော်ဘွားသည် အင်းဝသို့လုပ်ကြံရန် ချီလာသည်ကို

၁။ မြန်မာပေမူတွင်- ၇၆၉ ခုနှစ်ဟုပြ၏။ မွန်မူတွင်- ၇၇၂- ခုနှစ်ဟု ဆို၏။ သုသောဓိတမဟာရာဇဝင်- ပ-တွဲ၊ စာမျက်နှာ ၅၀၉ တွင် မွန်နှင့်အညီ ၇၇၂- ဟု ဆိုသည်။

၂။ ရှေ့လာမည့်အခန်းတွင် စုက္ကတေးသည် အင်းဝဘက်မှ အဲ့စရာလှေကိုစီး၍ လဝွန်းအိန် နှင့် စီးချင်းတိုက်သည်ကို ထောက်၍ အင်းဝသို့ပြေးကြသည်ဟု ပြလိုက်သည်။ မွန်မူတွင် စာကျနေဟန်တူ၍ ဟံသာဝတီသို့ပါလေဟန် ရေးသည်။ မြန်မာပေမူနှင့် မှန်နန်းရာဇဝင်တွင် စုက္ကတေးတို့မခံနိုင်၍ အင်းဝသို့ပြေးကြသည်ဟု ပြသဖြင့် မြန်မာမူနှင့်ညီ၍ ပြင်ဆင်လိုက်ပါသည်။

၃။ မှန်နန်း- ၃-တွဲ၊ စာမျက်နှာ- ၁၇-တွင် ၇၇၄-ဟု ပြ၏။

www.burmeseclassic.com

www.burmeseclassic.com

ဘုရင်မင်းခေါင် ကြားရလျှင် သားတော် မင်းရဲကျော်စွာအား ဗိုလ်မင်းခန့်၍ ခရီးလယ်တွင်

သိန္နီစော်ဘွားစစ်ကို သွားရောက်ခံစေသည်။ သားတော်နှင့် တပ်–၇ တပ်ကို ပွဲ့၍ လွှတ်သည်။ ဆင်–၂၀၀၊ မြင်းသုံးထောင်၊ ဗိုလ်ပါ ခုနစ်သောင်း ပါလေသည်။ မင်းရဲကျော်စွာသည် သိန္နီစော်ဘွားနှင့် ရင်ဆိုင်မိသော် စီးချင်းတိုက်တော်မူသည်။ ဆင်ချင်းအစွယ်ယှက်၍ တိုက်တော်မူသည်။

သိန္နီစော်ဘွားသည် အရက်မူးယစ်နေသည်ကို မင်းရဲကျော်စွာသိရလျှင် သိန္နီစော်ဘွား၏ ဆင်ကုန်းလယ်ထက်သို့ ခုန်၍ကူးတော်မူ၏။ မင်းရဲကျော်စွာလည်း သိန္နီစော်ဘွားနှင့် ကုန်းလယ်၊ နောက်ပဲ့တို့ကို နောက်ကျောမှ ခုတ်ချလေ၏။ သိန္နီစော်ဘွားသေ၍ တပ်ပျက်သဖြင့် ဗိုလ်ပါများလည်း ဆုတ်ပြေးကုန်သည်။ ဆင်မြင်းဗိုလ်ပါသုံ့ပန်းများစွာကို မင်းရဲကျော်စွာရ၍ ခမည်းတော်ထံ လာရောက်ဆက်သည်။

ထိုနောက် မင်းရဲကျော်စွာသည် အင်အားကြီးမားစွာဖြင့် သိန္နီသို့ ချီတော်မူ၏။ မင်းရဲကျော်စွာ စစ်ချီလာသည်ကို ကြားရလျှင် သိန္နီစော်ဘွား၏ သမက်သည် တရုတ်ပြည်သို့ စာရေး၍ စစ်ကူတောင်းသည်။ သိန္နီမြို့တွင် မျိုးရိုးကွာသွင်း၍ အခိုင်အခဲ့ခံနှင့်နေသည်။ မင်းရဲကျော်စွာသည် သိန္နီမြို့ကို ငါးလကြာအောင် တိုက်သော်လည်း မရ။ ထိုစဉ် တရုတ်စစ်တပ်တွင် မြင်းစီးသူရဲနှစ်သောင်း။ ခြေလျင်သူရဲ နှစ်သောင်း[၁] နှင့် သိန္နီကိုကူရန် ချီလာသည်ဟု မင်းရဲကျော်စွာကြားရလျှင် သိန္နီမြို့သားတို့အား မသိစေဘဲ ညအချိန်တွင် တိတ်တဆိတ် မြင်းသုံးထောင်၊ ဆင်နှစ်ရာ၊ သူရဲလေးသောင်းတို့ကို တောတွင်းသို့ဝင်၍ ခိုအောင်းနေစေ၏။

မင်းရဲကျော်စွာသည် တပ်ကို သုံးစုခွဲကာ တရုတ်စစ်အလာကို ညှပ်တိုက်သဖြင့် တရုတ်တို့ပျက်၍ ပြေးကုန်သည်။ တရုတ်အမတ် သေနာပတိငါးယောက်နှင့် မြင်းတစ်ထောင်၊ ခြေလျင်သူရဲနှစ်ထောင်တို့ကို မင်းရဲကျော်စွာ ရလိုက်သည်။ တရုတ်မြင်း ငါးထောင်ကျော်သေ၏။ တရုတ်တို့ကို နိုင်ပြီး သိန္နီမြို့ကို မင်းရဲကျော်စွာ ဝန်းရံမြဲ ဝန်းရံထားလေ၏။[၂]

၁။ မှန်နှုန်း– ၃–တွဲ၊ ၁၈–တွင် တရုတ်တို့က မြင်းသည်နှစ်သောင်း၊ ခြေသည် နှစ်သိန်း စစ်ကူလာသည်ဟု ပြ၏။

၂။ မြန်မာပေမူနှင့် ပုံနိပ်မူတွင် သိန္နီရှမ်း အင်းဝသို့တိုက်ပုံ။ သိန္နီကို မင်းရဲကျော်စွာ ချီပုံ။ တရုတ်စစ်ကူနှင့် မင်းရဲကျော်စွာ တိုက်ပုံ။ စစ်အင်အား စာရင်းမပါရှိ။ ဦးကုလားရာဇဝင်တွင် မွန်နှင့်အညီဆို၏။ သို့သော် တရုတ်မြင်း ငါးထောင် သေ၏ဟု မဆို၊ ငါးရာသေ၏ဟု ဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com

သိန္နီသို့ မင်းရဲကျော်စွာ စစ်ချီသွားနေသည်ကို ကြားရလျှင် ရာဇာမိရာဇ်သည် ပဲခူးမှပြည်သို့ချီ၍ လုပ်ကြံတော်မူသည်။ ကြည်းတပ်- ရှစ်တပ်၊ ရေတပ်- ဆယ့်နှစ်တပ် ပါလေသည်။ ကြည်းတပ်တွင် ဆင်သုံးရာ၊ မြင်းရှစ်ရာ၊ ဗိုလ်ပါသူရဲ ငါးသောင်းပါသည်။[၁] ပြည်စား လက်ျာပျံချီလည်း မြို့ပြကျူးမြောင်းကို ခိုင်ခံ့အောင် ပြုပြင်သည်။ မျိုးရိက္ခာ လုံလောက်အောင်သွင်း၍ ခံနှင့်သည်။ ရာဇာမိရာဇ်လည်း ပြည်ကို အကြိမ်ကြိမ် လုပ်ကြံသော်လည်းမရ။ အမြောက်သေနတ်မြတပူ ထူထပ်လှသဖြင့် ဗိုလ်ပါသူရဲ များစွာ သေရ၏။ ပြည်ကို မဝင်နိုင်သဖြင့် အပြင်မှ ဝန်းရံ၍ တစ်လခွဲကြာအောင် နေ၏။

သို့စဉ် မုတ္တမကို ယိုးဒယားရှမ်းတို့ လာရောက် တိုက်ခိုက်သည်ဟု ရာဇာမိရာဇ် ကြားရသဖြင့် ပြည်မှခွာ၍ ဟံသာဝတီသို့ ချီတော်မူ၏။ ပြည်ကို ဝန်းရံမြဲဝန်းရံထားရန် သားတော် ဗညားပုသိမ်ကို ဗိုလ်မင်းခန့်သည်၊ သမိန်အဲပြဲရဲကို စစ်ကဲကြီး၊ သမိန်သဲကြယ်၊ ဥပါကောင်း၊ သဲလုစ် (သဲလှော်)၊ သမိန် လောက်နရဲ(လိုက်နရဲ)၊ သမိန် လောက်နရိန်(လိုက်နရိန်)၊ သမိန်လောက်ပင်(လိုက်ပင်)၊ သမိန်စက်ရတ်၊ သမိန်ဥဒိန်၊ ဆင်-နှစ်ရာ၊ မြင်း- လေးရာ[၂]၊ ဗိုလ်ပါငါးသောင်းတို့အား ပြည်ကို ဝန်းရံရန် သားတော်နှင့်အတူ ထားခဲ့သည်။

ရာဇာမိရာဇ်သည် ဟံသာဝတီသို့ ပြန်ရောက်လျှင် အင်အား ဖြည့်တင်း၍ မုတ္တမသို့ချီသည်။ သားတော် ဗညားပုသိမ်သည် ဗိုလ်ပါအင်အားများနှင့် ပြည်ကို နှစ်လ သုံးလကြာအောင် ဝန်းရံထားသည်။ ပြည်မြို့တွင်း၌ ရိက္ခာပြတ်၍ ငတ်မွတ်သဖြင့် အခက်အခဲနှင့် ကြုံနေရ၏။

ထိုအကြောင်းကို အင်းဝပြည့်ရှင် ဘုရင်မင်းခေါင် ကြားရသဖြင့် ကိုယ်တော်တိုင် ပြည်သို့ ချီတော်မူသည်။[၃] စစ်အင်အားကား ဆင်-လေးရာ။ မြင်း- ခြောက်ထောင်။

၁။ ရေတပ်စာရင်းမပါ။ မြန်မာပေမူတွင် ကြည်းရေ စစ်အင်အားစာရင်း မဖော်ပြပါ။ ဦးကုလား-ဒု-တွဲ၊ ၁၁-တွင် ဆင်သုံးရာ။ မြင်းရှစ်ထောင်။ သူရဲ တစ်သိန်း နှစ်သောင်းဟု ပြ၏။

၂။ ဦးကုလားတွင် မွန်နှင့်အညီ ပြ၏။ မြန်မာပေမူတွင် ဆင် ငါးဆယ်၊ မြင်း လေးရာ၊ စစ်သည် လေးသောင်း- ဟုဆို၏။

၃။ မြန်မာပေမူတွင် ၇၇၀-ခုနှစ်၊ နတ်တော်လဆန်း (၅)ရက်နေ့တွင် သူရှင် ရာဇာမိရာဇ်သည် ရေကြောင်း၊ ကြည်းကြောင်းဖြင့် ပြည်သို့ ချီတော်မူသည်ဟု ပြ၏။

www.burmeseclassic.com

www.burmeseclassic.com

ဗိုလ်ပါသူရဲ ခုနစ်သောင်း၊ မင်းမဟာတစ်တပ်၊ မြေဒူး တစ်တပ်၊ စလင်းစား နော်ရထာ တစ်တပ်။ တစ်လုတ်စား ရာဇသူ တစ်တပ်။ ညောင်ရမ်းစား ဗလကျော်ထင် တစ်တပ်။ တောင်ခွင်စား သီဟပတေ့ တစ်တပ်။

ပြည်တွင်ရံနေသော ဗညားပုသိမ်သည် အင်းဝမှ ဘုရင်မင်းခေါင် စစ်ချီလာသည်ကို ကြားရလျှင် "ယခု ချီလာသောစစ်သည် ဧကရာဇ်မင်းဖြစ်သည်။ ငါတို့ ပြည်မြို့ဘက်ကမ်း၌ နေ၍မရ။ အနောက်ဘက်ကမ်းသို့ကူး၍ နေမှသင့်မည်"ဟု မိန့်၍ တလည်းဆီးဘက်ကမ်းသို့ ကူးပြီး တပ်ခိုင်တပ်လုံ တည်လျက်နေ၏။

ဘုရင်မင်းခေါင်သည် နဝင်းဆိပ်တွင် တပ်ချ၍ မွန်တို့အား တစ်ကြိမ်၊ နှစ်ကြိမ် တိုင်အောင် လုပ်ကြံသော်လည်း မနိုင်ချေ။ လှေတပ်မရှိသဖြင့် သားတော် မင်းရဲကျော်စွာကို စောင့်မျှော်၍ နေတော်မူ၏။

မင်းရဲကျော်စွာသည် သိန္နီမြို့[1]ကို ခြောက်လကြာအောင် ဝန်းရံ၍ အကြိမ်ကြိမ် လုပ်ကြံသော်လည်း မရ။ ခမည်းတော်လည်း ပြည်သို့ချီသည်။ ခမည်းတော်ကို မွန်တို့ ဝန်းရံထားသည်ဟု ကြားရလျှင် သိန္နီမှတပ်နှတ်၍ အင်းဝသို့ အပြင်းပြန်သည်။

အင်းဝရောက်လျှင် ရေတပ်ကြီးကိုစီရင်၏။ တိုက်လှေများကို ဆင်ရပ်၊ မြင်းရပ်၊ ကျားရပ်၊ ယုန်ရပ်၊ ပုစွန်ရပ်၊ ငါးရပ်၊ ဒရယ်ရပ်၊ ဆတ်ရပ်တို့ဖြင့် ပြုလုပ်စေသည်။ အရပ်ပါသော တိုက်လှေ လေးဆယ်တွင် သူရဲခုနစ်ထောင်ကို တင်သည်။ ကတ္တူ (ကါတ်တူ)။ လွန်းကြင်၊ ရဲလှေ၊ သံလှေ၊ ကုန်လှေ၊ ပေါင်းရှစ်ရာတွင် သူရဲငါးသောင်း၊ လေးထောင်ကို တင်သည်။ ရွှေလှေ လှော်ကားရှစ်ရာတွင် သူရဲခြောက်သောင်းကို

၁။ မြန်မာပေမူတွင် ယင်းသောအခါ သည်ဝိမြို့ (သိန္နီ)က အင်းဝသို့ တိုက်မည် ချီလာသောကြောင့် မင်းရဲကျော်စွာလည်း သည်ဝိသားတို့ကို တိုက်မည် ချီလေသည်ဟုသာ အကျဉ်းချုပ်မျှ ဖော်ပြ၏။ မြန်မာရာဇဝင်များတွင် မွန်မူနှင့်အညီ အကျယ်တဝင့် ဖော်ပြ၏။

www.burmeseclassic.com

www.burmeseclassic.com

တင်ဆောင်သည်။ ကုန်တင်လှေငယ်ပေါင်း ရှစ်ထောင်တွင် သူရဲခြောက်သောင်းကို တင်ဆောင်လျက် ပြည်သို့စုန်လေ၏။[၁]

ပြည်သို့ဆိုက်ရောက်သော် ခမည်းတော်ထံ ဝင်ရောက်ဦးခိုက်လေ၏။ "သင့်တင့်အောင် ငါသားတော် စီရင်တော့"ဟု မိန့်တော်မူလျှင် မင်းရဲကျော်စွာသည် လှေတပ်ဖြင့် ချီ၍ အနောက်ဘက်ကမ်းရှိ တလည်းဆီးစခန်းသို့ တက်၏။ ဆင်တော် ငချစ်ခိုင်ကို စီး၍ မွန်တပ်ကို လှည့်ကြည့်တော်မူ၏။ မြောက်ဘက်မျက်နှာတွင် ကျုံးတိမ်သည်။ လူပါးသည်ကို မြင်သဖြင့် လှေတပ် ကြည်းတပ် စုရုံးကာ မွန်တို့ကို ဝင်တိုက်လေ၏။

သမိန်ဥပါကောင်းသည် ကျုံးရိုးထက်တွင် ဆင်ကိုရပ်၍ ခံနင့်သည်။ ဆင်တပ်၊ မြင်းတပ်ကိုလည်း တွန်းလှန်နိုင်သည်။ ခြေလျင်တပ်ကိုလည်း တိုက်ထုတ်နိုင်သည်ဖြစ်၍ ဥပါကောင်းသည် လွန်စွာ ကျော်စောထင်ရှားလေသည်။ အင်းဝဘက်မှ အသခ်ယာပုခန်း တရဖျားသည် ဆင်စီး၍ ပဲခူးတပ်ကို ထိုးဖောက်သည်။ တပ်တိုင်များ ၆-တာ၊ ၇-တာမျှလည်း ကုန်သည်။ ပြလက်ရန်းစီးသူတို့လည်း အောက်သို့ လိမ့်ကျကုန်သည်။ မြန်မာတို့သည် ဗညားပုသိမ်တပ်တိုင်အောင် ဝင်ရောက်ထိုးဖောက်ကုန်သည်။ ဗညားပုသိမ်၊ ဥပါကောင်းနှင့် မွန်မှူးမတ်များလည်း ခံတိုက်ကြသည်။ ဆင်ချင်း အစွယ်ယှက်၍ တိုက်ခိုက်ကြသည်။

အင်းဝသားတို့ မခံနိုင်၍ တပ်အပြင်ဘက်သို့ ဆုတ်ပြန်သည်။ ဥပါကောင်းလည်း တပ်ပြင်သို့ရောက်အောင် ချွန်းဖွင့်၍ ထွက်တိုက်သည်။ မင်းရဲကျော်စွာလည်း ဆင်တော် ငချစ်ခိုင်ကိုစီး၍ ဥပါကောင်းကို လိုက်ထိုး၏။ ဥပါကောင်းလည်း မခံဝံ့၍ ချွန်းငင်ကာ တပ်အတွင်းသို့ လှည့်ဝင်သည်။ ယင်းသို့ ဥပါကောင်းထွက်တိုက်စဉ် မြို့ပြ ကတုတ်ရင်တား တပ်တိုင်များလဲ၍ ပျက်သမျှကို မွန်သူရဲများက ထမင်းတစ်အိုးချက်အတွင်း အပြီးပြင်ဆင်၏။

မင်းရဲကျော်စွာသည် အကြိမ်ကြိမ် လုပ်ကြံသော်လည်း ဥပါကောင်းတို့က ကြံ့ကြံ့ခိုင်ခိုင် ခံနိုင်သဖြင့် ပျက်အောင် မဖျက်ဆီးနိုင်သောကြောင့် ခပ်ခွာခွာ မွန်တို့အား

၁။ မြန်မာပေမူတွင် မင်းရဲကျော်စွာသည် သေည်ဝီသား(သိန္နီ)ကို နိုင်တော်မူလျှင် (ပြည်သို့) ရေကြောင်းစုန်လာ၏။ ပါသည့်ရဲလှေကား အံ့စရာ။ ရှမ်းမွန်၊ မြေး များဖွား၊ သားများမြောင်ဆင်ရုပ်လှေ၊ ကြံ့ရုပ်လှေ၊ ကျွဲရုပ်လှေ၊ မြင်းရုပ်လှေ၊ ရဲလှေကြီး ၂၀၊ လှော်ကားနှစ်ရာ၊ သံလှေလေးရာဟု ပြ၏။ မှန်နန်း ဒုတိယတွဲ- ၈၉ တွင် မင်းရဲကျော်စွာသည် သိန္နီမြို့က အင်းဝသို့ရောက်လျှင် ကတ္တူ၊ လွန်းကြင်၊ ရဲလှေ၊ လှော်ကား၊ သံလှေ၊ ကုန်လှေ၊ တိုက်လှေအများခန့်ရဲ၍ စုန်တော်မူ သည်ဟုသာ- ဆို၏။ မွန်မူကဲ့သို့ စာရင်းမပါ။

www.burmeseclassic.com

www.burmeseclassic.com

ဝန်းရံကာနေလေ၏။ ရက်လရှည်လတ်သော် တပ်တွင်း၌ မွန်တို့ ငတ်မွတ်ကုန်သည်။ မင်းရဲကျော်စွာလည်း ပြည်ဘက်ကူး၍ နဝင်းစခန်းသို့ သွားလေ၏။ မျူးမတ်သေနာပတိများအား တလည်းဆီးတွင်ရှိသော မွန်တို့ကို ဝန်းရံထားစေသည်။ တစ်လမျှအကြာတွင် မင်းရဲကျော်စွာသည် သမိန်ဥပါကောင်းကို မြင်လိုသဖြင့် တရုတ်ပုဆိုးကောင်း နှစ်လိပ်ကို လက်ဆောင်ပြု၍ ဗညားပုသိမ်ထံ စာပို့စေ၏။ စာကား-

> "မင်းရဲကျော်စွာ ကြားရောက်အပ်သော၊ နောင်တော် ဗညားပုသိမ်။ သူ့ရှင်၏ သမက်တော် သမိန်ဥပါကောင်းသည် ဆင်စီး မြင်းစီး တိုက်ရာတွင် ခိုင်ခံ့မြဲမြံ၍ ကျင်လည်လိမ္မာပြီး လွန်စွာကောင်းလှသည်ဟု ငါကျွန်များထံမှ ကြားသိရသည်။ သို့ဖြစ်၍ သူရဲကောင်း သမိန်ဥပါကောင်းအား ညီတော် မြင်လိုပါသည်။ နောင်တော်၏ ခွင့်ပြုချက်ဖြင့် သမိန်ဥပါကောင်းအား ညီတော်ထံသို့ စေလွှတ်ပါမည့်အကြောင်း ကြားရောက်အပ်ပါသည်"

ဗညားပုသိမ်လည်း မင်းရဲကျော်စွာ၏ စာကိုရလျှင် သမိန်ဥပါကောင်းအား ခေါ်၏။ "မင်းရဲကျော်စွာက မွန်သူရဲကောင်း ဥပါကောင်းအား မြင်လိုသည်ဟု စာရေးသည်။ ယောက်ဖတော်ကိုယ်တိုင် သွား၍တွေ့ဆုံပါ"ဟု မိန့်သဖြင့် ဥပါကောင်းသည် အဝတ်ကောင်း၊ ပုဆိုးကောင်း၊ အင်္ကျီကောင်းကို ဝတ်၍ ရွှေခါးစည်း၊ ရွှေစလွယ်၊ ရွှေလက်ကျပ်၊ ကျောက်စီသော ရာမနားတောင်း၊ အဖိုးထိုက်သော လက်စွပ်များကို လက်ဆယ်ချောင်းတွင် အပြည့် ဆင်မြန်းသည်။ သေနာပတိ အဆောင်အယောင်နှင့် ရွှေကြုတ်၊ ရွှေခွက်၊ ရွှေဓားများနှင့်တကွ ဧကရာဇ်မင်း၏ သမက်တော် ရာထူးနှင့်အညီ သူရဲခုနစ်ရာနှင့် မင်းရဲကျော်စွာထံ ကူးသွားလေ၏။ လက်ဆောင်ပြုရန် တစ်ပိဿာ လေးသော ရွှေဖလားတစ်လုံး၊ ပုဆိုးကောင်းငါးလိပ်၊ ခါသာ ဆယ်အုပ်တို့ကို ယူဆောင်၏။

တလည်းဆီးဆိပ်မှသက်လျှင် မင်းရဲကျော်စွာက ရွှေလှေလှော်ကားနှင့် ကူး၍ကြိုစေ၏။ ရောက်လျှင် မင်းရဲကျော်စွာအား ဦးခိုက်၍ လက်ဆောင်များကို ဆက်သည်။ မင်းရဲကျော်စွာသည် မျူးမတ်များကိုလည်း အနိုးသို့ခေါ်ထား၏။ သမိန်ဥပါကောင်းနှင့် ကြာမြင့်စွာ ရင်းရင်းနှီးနှီး စကားစမြည် ပြောဆိုကြပြီးနောက် ဥပါကောင်းအား ဝတ်စုံဝတ်၍ ကိုယ်ဟန်လက်ဟန် ပြစေ၏။ သမိန်ဥပါကောင်း၏ ခြေလက် ကိုယ်ကာယ အဟန်အပန် အထိုင်အထကို မြင်ရပြီးလျှင်-

"မင်း၏ အဟန်အပန်၊ ကိုယ်အနေအထားမှာ ကျော်ကြားသည်နှင့် ညီလေ၏။ သူရဲကောင်း ပီသပေသည်"

www.burmeseclassic.com

www.burmeseclassic.com

ဟု ချီးမွမ်းတော်မူ၏။

"အကြောင်းမှန်ကို မမြင်ရသေးဘဲ သူရဲကောင်းပီပေသည်ဟု ကျွန်ုပ်အား ချီးမွမ်းသည်မှာ အချည်းနှီး၊ တစ်ဦးချင်းဆိုလျှင် ဆင်စီးချီဖြစ်စေ၊ မြင်းစီးချီဖြစ်စေ၊ ခြေလျင်ဒဠိဖြစ်စေ၊ ရွှေနန်းသခင်၏ သားတော်ရှေ့ဝယ် တိုက်ခိုက်စေလျက် လက်ရုံးရည် ပြစေမှသာ ကျွန်ုပ် သူရဲကောင်းပီသကြောင်းကို မြင်သိရပေမည်"

ဟု ဥပါကောင်းလျှောက်၏။

"ကျွန်နှင့်သခင်ဟူ၍ ခွဲခြားသောစိတ် မထားဘဲ နင့်ကို ငါချစ်၍ခေါ်သည်။ ငါ့မှာ သူရဲကောင်းများစွာရှိသည်။ သူရဲကောင်း တစ်ဦးနှင့်တစ်ဦးကို ငါက စီးချင်းပြစေ သော်နှင့်ကိုခေါ်၍ ကြမ်းကြမ်းရမ်းရမ်း ပြုသည်ဟု ငါ့အား ရာဇာဓိရာဇ်က အပြစ်ဆို ချေမည်။ ငါ့ကျွန်ခံလျှင် ပြည်စား လက်ျာပျံချီ[1] နှင့် ညီမျှအောင် နင့်ကို သူကောင်းပြု စေရန် ငါ့ခမည်းတော် ရွှေနန်းရှင်အား ငါလျှောက်ထားမည်"

ဟု မင်းရဲကျော်စွာ မိန့်၏။

"ကျွန်ုပ်သည် ဘုရင့်သမီးတော်နှင့် ထိမ်းမြားရသော ဟံသာဝတီပြည့်ရှင်၏ သမက်ဖြစ်သည်။ ကျွန်ုပ်သည် ယောကျ်ားကောင်းတစ်ယောက်ဟု ဆိုရလောက်အောင် သူ့ရှင်က သူကောင်းပြုထားပြီး ဖြစ်ပါလျက် တစ်ပါးသူကို ကျွန်ုပ်ခစားဖွယ်ရှိသေး သလော"

ဟု ဥပါကောင်းဆို၏။

"သခင်၏ သစ္စာမြဲလှပေသည်"ဟု ချီးမွမ်းတော်မူ၏။

"ငါသည် ဗညားပုသိမ်၊ ရာဇာဓိရာဇ်တို့နှင့် အရှည်သဖြင့် နောင်ကို တစ်ဖက်နှင့် တစ်ဖက် ဆက်လက်တိုက်ခိုက်ရန် ရှိသေးသည်။ လက်လွန် ခြေလွန်သော်ကား ငါမဆို နိုင်။ ဥပါကောင်းအား အရှင်မိခဲ့လျှင် အခွင့်အရေးအလုံးစုံကို ငါပေးမည်"

ဟု မိန့်၏။

"ဇမ္ဗူဒီပ်မြေပြင်ဝယ် ကျွန်ုပ်နှင့် အရည်တူ၍ ကျွန်ုပ်ကို အရယူနိုင်သည့် သူရဲကောင်း ရှိသေးသလော"

ဟု ဥပါကောင်း ကြိုးဝါးသည်။ မင်းရဲကျော်စွာလည်း ခြေပစ်လက်ပစ် ရယ်မောတော်မူ၏။ လက်စွပ် ဆယ်ကွင်း၊ ပတ္တမြားလက်ကောက် တစ်ရန်၊ တရုတ်ပုဆိုး ငါးလိပ်၊

၁။ ပြည်စား လက်ျာပျံချီသည် မြောင်းမြစား လောက်ဖြား၏ သားဖြစ်သည်။ မင်းဝမင်းထံ ကျွန်ခံသဖြင့် သူကောင်းပြုထားသည့် မွန်သူရဲကောင်း ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com

ရွှေဇက်ကြိုး၊ ရွှေကနဉ့်မြင်းနှစ်စီး[၁] တို့ကို ဥပါကောင်းအား လက်ဆောင်အဖြစ် ပေးတော်မူ၏။ ဥပါကောင်းသည် ဗညားပုသိမ်ထံ ပြန်ရောက်သော် မင်းရဲကျော်စွာ ချီးမွမ်းသမျှ၊ ဆွယ်၍ပြောသမျှ စကားများကို လျှောက်တင်ပြီး လက်ဆောင်များကိုလည်း အပ်လေ၏။

ဗညားပုသိမ်နှင့် သမိန်အဲပြရဲတို့သည် တလည်းဆီးတွင် လေးလကြာမျှ တပ်ချရသဖြင့် ရိက္ခာပြတ်၍ ငတ်ပြတ်မှုနှင့် ကြုံရလေ၏။ သူ့ရှင် ရာဇာဓိရာဇ်၏ စေခိုင်းချက်အရ ဒလချစ်သင်္ဘ၏သား သမိန်ဗေချစ်တသည် ဆန်စပါးရိက္ခာများကို ကုန်လှေရွှတ်ဆယ်ဖြင့် တင်ကာ ဗညားပုသိမ်ထံသို့ သယ်ဆောင်ခဲ့၏။ တရုတ်မော်ဆိပ် အရောက်တွင် သရေစည်သူက ထွက်တိုက်သဖြင့် လူလေးရာနှင့် ဆန်စပါးလှေ ရှစ်ဆယ်စလုံးကို မြန်မာတို့ ရလိုက်သည်။

ရာဇာဓိရာဇ်သည် မုတ္တမတွင် ထိပါးလာသော ရန်သူများကို နှိမ်နင်းပြီးလျှင် ဟံသာဝတီသို့ ပြန်တော်မူ၏။ ပဲခူးရောက်သော် သားတော် ဗညားပုသိမ်သည် ရိက္ခာပြတ်၍ ငတ်မွတ်နေကြောင်းကို ကြားရလျှင် "ငါ့သားကိုကူရန် ငါချီမည်"ဟု မိန့်၏။ "ယခုနှစ်တွင် သူ့ရှင် စစ်ချီရန်မသင့်။ နှစ်ကူးပြီးမှ ချီသင့်ပါသည်"ဟု ဟူးရားတို့က လျှောက်၏။ ထိုအခိုက် ဗညားပုသိမ်ထံမှ စာရောက်၏။ "ဟံသာဝတီပြည့်ရှင် ခမည်းတော်မင်းကြီး အကူမရောက်ပါက သားတော် သမက်တော်များသည် သူ့ကျွန်ဖြစ်ရတော့မည်။ ခမည်းတော် ချီခဲ့ပါမှ ဒုက္ခဘေးမှ ကင်းဝေးတော့မည်"

ယင်းစာကို ဖတ်ရလျှင် "ငါ စစ်ချီတော့မည်"ဟု မိန့်၏။ ဟူးရားတို့ကလည်း "မချီသင့်ပါ"ဟု လျှောက်ကြ၏။ "ယခု ငါ့သားတော်ထံမှ ထပ်ကာထပ်ကာ စာရောက်နေသည်။ ရက်လရှည်လတ်သော် ငါ့သားတော် ဗညားပုသိမ်ကို သူမရလေတော့သလော"ဟု မိန့်၍ ရာဇာဓိရာဇ်သည် သန်လျင်မှတစ်ဆင့် ဒလသို့ ချီတော်မူ၏။ "ခမည်းတော်၏ တပ်မကို ဒလဘ္ဍာထားပါက သားတော်တို့ သူ့လက်မှ မလွတ်နိုင်သေး။ မည်တစ်လုံး (မေတလုင်) စခန်းသို့ အရောက်ချီမှသာ ဒုက္ခမှ လွတ်ကင်းနိုင်တော့မည်"ဟု ဗညားပုသိမ်ထံမှ စာရောက်ပြန်၏။

"ငါ့ဂြိုဟ်ဇာတာ မသန့်သဖြင့် ငါစစ်ရှုံးသော် ရှုံးပါစေတော့။ ငါ့သားတော် ဗညားပုသိမ်တို့ကို ဘေးဒုက္ခမှလွတ်အောင် ကူရလျှင် တော်လောက်ပြီ"ဟု မိန့်၍

၁။ မြန်မာပေမူတွင် လက်စွပ်တစ်ခြည်၊ ပတ္တမြားလက်ကောက် တစ်ဖက်တစ်ခြည်၊ မြင်းတည်း ရွှေကနဉ့် အစုံတစ်စီး ဟုဆို၏။ မှန်နန်း ဒုတွဲ- စာမျက်နှာ-၂၀တွင် ပတ္တမြားလက်စွပ် ဆယ်ခြည်၊ လက်ကောက်တစ်ရန်၊ ရွှေကနဉ့် မြင်းနှစ်စီး၊ တရုတ်ပုဆိုးဟုဆို မှန်နှင့်အညီ ပြဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com

သားတော် မှာသည့်အတိုင်း မည်တစ်လုံးဆိပ်အရောက် ချီတော်မူ၏။ မုတ္တမနှင့် ပုသိမ် မြို့နယ်များမှ လေတပ်များကို စုရုံး၍ လိုက်ခဲ့ရန် မှာတော်မူ၏။

မြောင်းမြမှ သမိန်ဗြာဇ္ဈကိုလည်း မှာ၏။ သုံးရက်ကြာလျှင် မျူးမတ်သေနာပတိများ စုံလင်စွာ ဆိုက်ရောက်လာကြ၏။ သမိန်ဗြာဇ္ဈလည်း မြောင်းမြမှ ဆိုက်ရောက်လာ၏။ သမိန်ဗြာဇ္ဈသည် လမ်းခရီး၌ နာဖျားမကျန်း ဖြစ်ခဲ့သဖြင့် မထနိုင်။ ထူမပေးနေရ၏။ ရာဇာဓိရာဇ်ကိုယ်တိုင် သမိန်ဗြာဇ္ဈစီးသည့် ဖောင်သို့ ကြွလာ၍ ကြည့်ရှုတော်မူ၏။ သမိန်ဗြာဇ္ဈကို လက်တော်နှင့် ပွတ်သပ်တော်မူ၏။

"ကျွန်ုပ်သည် အရှင်မင်းကြီး၏ ကျေးဇူးသစ္စာတော်ကို ခိုင်မြဲစွာထား၍ အမှုတော်များကို ထမ်းဆောင်ခဲ့သည်။ သည်တစ်ကြိမ် ကျွန်ုပ်သည် အမှုတော်ကို မထမ်းဆောင်နိုင်တော့ပါ။ သူ့ရှင်နှင့် ခွဲခွါရလေတော့မည်။ ကျွန်ုပ်တွင် အပြစ်ကြီးငယ် ရှိသမျှ ခွင့်လွှတ်တော်မူပါ"

ဟု သမိန်ဗြာဇ္ဈ လျှောက်ထားသည်။ ရာဇာဓိရာဇ်လည်း "ကောင်းပါပြီ။ အားလုံးကို ငါ ခွင့်လွှတ်သည်"ဟု မိန့်၏။

ထို့နောက် နလုံးတော် မသက်မသာဖြစ်၍ "ငါ့သား ဗညားပုသိမ်ကို မင်းဆွေတို့၊ မင်းရဲကျော်စွာတို့က ရံထားကြသည်။ ငါညာလက်ရုံးတော် သမိန်ဗြာဇ္ဈသည် ငါ့ကိုပစ်၍ သွားခဲ့သော် မည်သူ့ကို ငါကြဲဖော်ပြု၍ အားကိုးတိုင်ပင်ရတော့မည်နည်း"ဟု မချိတင်ကဲ မိန့်တော်မူလျှင် သမိန်ဗြာဇ္ဈ ငိုလေ၏။ သူ့ရှင်လည်း ငိုတော်မူ၏။ ထို့နောက် စိတ်ကို ထိန်း၍ "ဗိုလ်မင်း သမိန်ဗြာဇ္ဈ၊ ကိုယ်ကို မစပါ အားမငယ်ပါနှင့်။ ဝေဒနာပျောက်အောင် ဆေးကို ကြိုးစားမှီဝဲပါ"ဟု အားပေးစကား ပြောကြား၏။ ဝေဒနာကလွတ်အောင် ကုစားဖို့ ရွှေဖလားတစ်လုံးကို သမိန်ဗြာဇ္ဈအား ချီးမြှင့်တော်မူပြီး ရာဇာဓိရာဇ်လည်း တဲနန်းသို့ ပြန်လေ၏။

လဂွန်းအိန်လည်း သမိန်ဗြာဇ္ဈကို လာကြည့်၏။ အခြေအနေမလှသည်ကို မြင်လျှင် လဂွန်းအိန် ငိ၏။ သမိန်ဗြာဇ္ဈလည်း ငို၏။

"မင်းတို့ကို ငါတကယ်ပင် ပစ်သွားရတော့မည်။ သည်တစ်ကြိမ် မင်းတို့ချီလာသည့်စစ်ကို ငါ စိုးရိမ်ကြောင့်ကြလှသည်။ ငါမရှိလျှင် မင်းနှင့် သမိန်အဝန်နိုင်သာ သူ့ရှင်၏ လက်ဝဲလက်ယာ အစွယ်အသွား ဖြစ်တော့သည်။ ယခုနှစ်သည် သူ့ရှင်၏ ကြိုဟ်နံဇာတာ မသန့်၊ ကံနိမ့်လှသည်။ သားတော် ဗညားပုသိမ်ကို စိုးရိမ်၍သာ ချီခဲ့ရပေသည်။ ယခင်ကလို စွမ်းစွမ်းတမံ မပြုနှင့်။ အခါတစ်ပါးကကဲ့သို့ ရဲရဲရင့်ရင့်

www.burmeseclassic.com

www.burmeseclassic.com

မစွန့်စားလေနှင့်။ မင်းရဲကျော်စွာသည် မင်းပျို မင်းထက်၊ စိတ်ဓာတ် ခက်ထန်ရဲရင့်သည်။ အစွမ်းသတ္တိလည်း ရှိသည်။ ခိုင်ကျန်းသည်။ ကြမ်းကြုတ်သည်။ လျင်မြန်ဖျတ်လတ်သည်။ သူ့စစ်အင်အားလည်း ထူထပ်ကြီးမားသည်။ ငါတို့ကိုတိုက်ရန် သူတို့မှာ ခိုင်ခံမြဲမြံစွာ ရှိသည်။ ငါတို့သခင် ဇာတာတော် ပျော့ညံ့လှသည်။ တို့သခင်သည် သားတော် ဗညားပုသိမ်နှင့် ဆုံမိလျှင် အလျင်အမြန်ခွာ၍ စုန်ချေမည်။ ယင်းသော အခါ မင်းရဲကျော်စွာတို့က ထပ်၍လိုက်မည်မချွတ်။ အထွေးထွေး အယှက်ယှက် တိုက်ခိုက်ကြတော့မည်။ မင်းတို့ လက်ဝဲလက်ယာရံ သူရဲကောင်းတွေ မကျွံမလွန်ကြစေနှင့်။ ကွယ်ကွယ်ကာကာ ခိုင်ခိုင်ခံခံ ဖြစ်ကြပါစေ။ စစ်နတ်မှန်ကန်ပါလျှင် ခွာရလွယ်မည်။ စစ်နတ် မှားလျှင် ရှင်ဘုရင် အရေးတော် ပျက်ချိမ့်မည်။ မင်းတို့ သူရဲကောင်းတွေ မှားခဲ့သော် အခက်အခဲ တွေ့မည်။ အကွဲကွဲ အပြားပြား အနှံ့အပျံ့ဖြစ်၍ မစုစည်းနိုင်တော့လျှင် သူ့ရှင်၏ ဂုဏ်ကျက်သရေ ညှိုးနွမ်းရတော့မည်ကို ငါ စိုးရိမ်လှသည်”

ဟု ဩဝါဒစကား ပြောကြား၏။ လွှန်းအိမ်သည် သမိန်ဗြာဇ္ဈ၏ သတိပေးချက်ကို ကြားနာပြီး ရိုသေလေးစားစွာဖြင့် ဗိုလ်မင်းကို ရှိခိုး၏။ ထို့နောက် မိမိတပ်သို့ ပြန်လေ၏။

ထိုမှ သုံးရက်ကြာလတ်သော် သမိန်ဗြာဇ္ဈ အနာသည်း၍ လွန်လေ၏။[1] ရာဇာဓိရာဇ်သည် သမိန်ဗြာဇ္ဈအား လွန်စွာ နမြောတသ ယူကျုံးမရအောင် ဝမ်းနည်းပူဆွေးတော့သည်။ မှူးမတ် သေနာပတိများ စုံညီစွာလာရောက်ကြ၍ စစ်အခမ်းအနားစီရင်လျက် သမိန်ဗြာဇ္ဈ၏ ကြွင်းကျန်သော ရုပ်အလောင်းကို ထီးဖြူမိုးလျက် မီးသင်္ဂြိုဟ်ကြလေ၏။ အရိုးကို ရွှေကြုတ်ဖြင့်ထည့်၍ ပဲခူးရွှေမော်ဓောဘုရား အနီးတွင် ဂူသွင်းစေသည်။

နောက်တစ်နေ့ မိုးသောက်လျှင် ရာဇာဓိရာဇ်သည် ပြည်သို့ စစ်ချီတော်မူသည်။ သားတော် ဗညားပုသိမ်သည် တလည်းဆီးမှ ဆုတ်၍ ကာမဆိပ်သို့ခွာလျက် အလွဲမြစ်ကမ်းတွင် စခန်းချ ရပ်နားလေသည်။

မင်းရဲကျော်စွာသည် ကြည်းတပ်၊ ရေတပ်များဖြင့် တလည်းဆီးသို့ ချီသည်။ ဘုရင်မင်းခေါင်သည် နောက်ခံတပ်အဖြစ် သူရဲ့ သုံးသောင်းနှင့် ပြည်တွင် တပ်ချလျက်နေသည်။ တလည်းဆီးတွင် တပ်ချနေသော မင်းရဲကျော်စွာသည် သမိန်ဗြာဇ္ဈ လွန်သည်ကို ကြားရလျှင် ဝမ်းသာအားရတော်မူ၏။

၁။ မြန်မာပေမူတွင်– ဆားမလောက်သို့ ရောက်လျှင် ဗိုလ်မင်းလွန်လေ၏– ဟု ပြ၏။

www.burmeseclassic.com

www.burmeseclassic.com

"ရာဇာဓိရာဇ်၏ ပတ္တမြားအစွယ် တစ်ချောင်း ကျိုးလေပြီ။ လဂွန်းအိမ်သာ ကြွင်းတော့သည်။ လဂွန်းအိမ်ကို ငါ ဥပါယ်ပြု၍ အရယူမည်။ ရာဇာဓိရာဇ် ချိုလာလျှင် လေစီးချင်းသော် လည်းကောင်း။ ဆင်စီးချင်း သော်လည်းကောင်း။ မြင်းစီးချင်းသော်လည်းကောင်း။ ဥပါယ်ဖြင့် တစ်ဦးချင်း စစ်ထိုးမည်ကို ငါစီစဉ်မည်။ သို့စီစဉ်သော် လဂွန်းအိန်ထွက်တိုက်ပါက သူ့ကို ရအောင်ယူမည်"

ဟု ကြံစည်တော်မူ၏။ တလည်းဆီးတွင် တပ်ချ၍ အလွဲမြစ်ကမ်း နှစ်ဖက်လုံးတွင် တပ်ကိုဖြန့်ထားသည်။ ကမ်းနှစ်ဖက်တွင် လှေဝှက်နိုင်ရန် ကျုံး၊ မြောင်းငယ်များကို ဖောက်လုပ်စေသည်။ တိုက်လှေကို သိဝှက်ရရုံသာ ပြုလုပ်၏။ ယင်းသို့ ပြုပြီးသော် ရာဇာဓိရာဇ် စစ်ချီလာမည်ကို စောင့်မျှော်လျက် နေသည်။[၁]

ရာဇာဓိရာဇ်သည် ကြည်းရေနှစ်ဖက်ဖြင့် အင်အားရှိသမျှ စုဆောင်း၍ ဧယျမင်္ဂလာ အချိန်ကာလရလျှင် ဆန်တော်မူသည်။ မုတ္တမအောက်ဘက် မြို့နယ် သုံးဆယ်မှ အမတ်မဟာသမွန် စုရုံးခဲ့သော လှေတပ်များ၊ ပုသိမ်အထက်ပိုင်း မြို့နယ်သုံးဆယ် ရှိသည့် အနက် ဆယ့်ခုနစ်မြို့နယ်မှ အမတ်ဒိန် စုရုံးခဲ့သော လှေတပ်များ၊ ကြည်းတပ်တွင် သမိန်ဗရမ်း (ဗညာမိရေမ်)၊ ဗညားဗိုလ်(ဗညာဗုံ)နှင့် ဖြထဗိုက် (ဖြထွိုက်)တို့ကို ဗိုလ်မင်းခန့်သည်။ ဆင်တစ်သောင်း၊ မြင်း နှစ်သောင်း၊ သူရဲသူခက် တစ်သိန်း၊ လက်နက်စုံလင်စွာဖြင့် ချီသည်။ ရေတပ်တွင် လှော်ကားရှစ်ရာ၊ အရပ်ပါသောလှေပေါင်း တစ်ထောင့်ခုနစ်ရာ၊ အစုစုလှေပေါင်း နှစ်ထောင့်ငါးရာ ဖြစ်သည်။ လက်နက်မျိုးစုံဖြင့် လဂွန်းအိမ်၊ သမိန်အဝမင်းကြီး (အဝန်နိုင်)၊ သမိန်သံပြပ် (သာံပြာပ်)တို့ကို ဗိုလ်မင်းခန့်၍ ရှေ့တော်မှချီစေသည်။ ရေတပ်ချီပုံမှာ ဟံသာဝတီမှ သန်လျင်၊ ဒလ၊ ဒဂုန်တို့ကို ဖြတ်၍ ပြည်သို့ဆန်၏။

တလည်းဆီးနှင့် အလွဲမြစ်တွင် မင်းရဲကျော်စွာ၏ စစ်ကိုမြင်လျှင် ရာဇာဓိရာဇ်သည် တလည်းဆီးအောက်တွင် တပ်ချနေတော်မူ၏။ တလည်းဆီးအောက်နားတွင် ရာဇာဓိရာဇ်သည် အောင်တပ်မကြီးနှင့် ရပ်နားနေသည်ကို ကြားရလျှင် သားတော် ဗညားပုသိမ်၊ သမိန်အဲပြရဲနှင့် မှူးမတ်သေနာပတိများ လာရောက် ဦးခိုက်ကြ၏။

သူ့ရှင်လည်း စစ်အခြေအနေကို မေးမြန်းတော်မူ၏။ "သည်တစ်ကြိမ် မြန်မာတို့ စစ်အင်အားမှာ လွန်စွာကြီးမားသည်။ အထက်၊ အောက်တွင်လှေတပ်လည်း ထူထပ်သည်။ ယခင်ကနှင့်မတူ၊ လေးလေးပင်ပင် ရှိသည်"ဟု ဗညားပုသိမ်နှင့် အဲပြရဲတို့ တင်လျှောက်ကြ၏။

၁။ မြန်မာပေမူ၌ ယင်းသို့ မင်းရဲကျော်စွာ ကြံစည်ပုံကို မတွေ့ရပါ။

www.burmeseclassic.com

www.burmeseclassic.com

မိုးသောက်လတ်သော် မင်းရဲကျော်စွာသည် မင်းနတ်တော်အား လွှတ်၍ ရာဇာဓိရာဇ်ထံ စေ၏။

"ယခု ဟံသာဝတီပြည့်ရှင် ဘကြီးတော် ဆိုက်ရောက်လာသည်မှာ စစ်သည် သူရဲသူခက်များလည်း ပင်ပန်းသဖြင့် အနားယူကြပါစေဦး။ အနားယူပြီးပါက ကြည်းတပ်၊ ရေတပ် နှစ်ဖက်လုံးဖြင့် ကျွန်ုပ်တို့ နှစ်ဦးနှစ်ဖက် တိုက်ခိုက်ကြမည်။ ကျွန်ုပ်တို့သည် စစ်သေနင်္ဂဗျူဟာ မခင်းကျင်းမီ အချည်းနှီး နားနေကြမည့်အစား ဟံသာဝတီဘက်မှ လေစီးသူရဲ တစ်ယောက်နှင့် အင်းဝမှ လေစီးသူရဲ တစ်ယောက်တို့ကို လေတစ်စင်းစီဖြင့် တိုက်ခိုက်စေလိုသည်။ နှစ်ဖက်သော ဇကာဇ်မင်းများ ရှုစားရန် ဖြစ်ပါသည်"[၁]

မင်းရဲကျော်စွာ၏ အမှာစကားကို မင်းနတ်တော်လျှောက်၍ ရာဇာဓိရာဇ်ကြားလျှင် ဦးခိုက်နေသော မှူးမတ်သေနာပတိများ၏ မျက်နှာတို့ကို ကြည့်တော်မူ၏။ မည်သူမျှ ဦးမမော်ဘဲ ရှိခိုးမြဲနေကြ၏။ ထိုစဉ် လဂွန်းအိန်သည် ဦးသုံးကြိမ်ခိုက်ပြီးမှ-

"ကျွန်ုပ် ယောကျ်ားဖြစ်သည်မှ ဆင်စီးချင်း၊ မြင်းစီးချင်း၊ လေစီးချင်း၊ တစ်ဦးချင်း စစ်ထိုးရန်၊ သည်ဇမ္ဗူဒိပ် မြေပြင်ဝယ် မည်သူ့ကိုမျှ ကျွန်ုပ် မကြောက်။ သူရဲကောင်း တစ်ဦးချင်းဖြစ်လျှင် ကျွန်ုပ် ထွက်၍ တိုက်ခိုက် မည်ဖြစ်ကြောင်း ရွှေနန်းသခင်၏ သားတော် မင်းရဲကျော်စွာအား ပြန်ကြားတော်မူပါ"

ဟု လျှောက်၏။ လဂွန်းအိန်၏စကားကို ကြားရလျှင် ရာဇာဓိရာဇ်သည် အားပါးရွာဖြင့်-

"ငါ့တူတော် မင်းရဲကျော်စွာ မပူပါနှင့်။ မနက်ဖြန် မိုးသောက်လျှင် နှစ်ဖက်သော သူရဲကောင်းများကို လေတစ်စင်းချင်း တိုက်စေပါမည်"

ဟု တမန်တော်အား မှာကြားတော်မူ၏။ တမန်တော် မင်းနတ်တော်လည်း မင်းရဲကျော်စွာထံ ပြန်၍ လျှောက်ထား၏။

၁။ မြန်မာပေမူတွင် သူရဲကောင်း ရဲလေတစ်စင်းစီ၊ စစ်နှစ်ဖက်အကြားမှာ ကျီစားကြစို့မည်။ ဘကြီးတော်တို့ ကျွန်ုပ်တို့ ကြည့်စားကြမည်-ဟု ရေးသည်။

www.burmeseclassic.com

www.burmeseclassic.com

မင်းရဲကျော်စွာ ကြားရလျှင် ဝမ်းသာစွာဖြင့် "ဟံသာဝတီတွင် သမိန်ဇြာဇွန်နှင့် လဂွန်းအိန်တို့သည် သူ့ရှင်၏ လက်ဝဲလက်ယာရံ သူရဲကောင်းကြီးနှစ်ဦး ဖြစ်သည်။ သမိန်ဇြာဇွသေပြီ။ လဂွန်းအိန်သာ ကြွင်းသည်။ လဂွန်းအိန်ကို ငါတို့ရပြီးလျှင် ငါ့လက်ချက်ကို မွန်တွေခံနိုင်မည်လော။ စစ်တို့မည်သည် နည်းသည်များသည် မဟူ။ စီရင်မှုဥစ္စာ ပဓာနဖြစ်သည်။ သူရဲကောင်း လဂွန်းအိန်သည် လေတစ်စင်းချင်းသာ သူနိုင်ပေမည်။ လေလေးစင်းကို သူခံနိုင်မည်လော"

ဟု မိန့်၍ တိုက်လေ လေးစင်းကို စီမံ၏။ အုံ့စရာလေကို စုက္ကတေး၊ မြေးများဖွား လေကို စည်သူ၊[1] သားများမိလေကို ဥဇနာ၊ ရှမ်းမွန်လေကို စတုရင်္ဂသူအား အသီးသီး စီးစေ၏။ လေလေးစင်းလုံးတွင် ဓားလုံချက်နာသည့် သူရဲချည်းစီးစေ၍ ဒိုင်း၊ လွှား၊ ဓား၊ လုံများကို ကိုင်ဆောင်စေသည်။ အုံ့စရာလေကို ထီးဖြူ ကနက္ကဒဏ်နှင့် ဗိတာန်မိုးစေလျက် ထွက်စေသည်။ ကျန်လေသုံးစင်းကို အနောက်ဘက်ကမ်းတွင် ပြုလုပ်ထားသော မြောင်းအတွင်း၌ ပုန်းကွယ်လျက် နေစေ၏။

လဂွန်းအိမ်စီးရန် မိကျောင်းရုပ်လေကို ပေးတော်မူ၍ သူရဲကောင်း သုံးရာကို တင်သည်။ လဂွန်းအိမ်သည် သေနာပတိ အဆောင်အယောင်ဖြင့် ဝတ်ဆင်၏။ ရွှေခါးစည်း၊ ရွှေစလွယ်၊ ရွှေလက်ကျပ်၊ ရာမနားတောင်း၊ လက်နှစ်ဖက်လုံးတွင် ကျောက်စိသောလက်စွပ်၊ လက်ကောက်များကို ဝတ်ဆင်သည်။ အဆင်သင့်ဖြစ်သော် သူ့ရှင် ရာဇာမိရာဇ်အား ဦးခိုက်ပြီး လေသို့ဆင်းကာ လေစီးချင်းတိုက်ရန် ထွက်လေ၏။

အင်းဝဘက်မှ စုက္ကတေးသည် အုံ့စရာလေဖြင့် ထွက်ခဲ့သည်။ ပဲခူးဘက်မှ လဂွန်းအိန်လည်း မိကျောင်းရုပ်လေ[2] ဖြင့် ထွက်ခဲ့သည်။ လေနှစ်စင်း ရင်ဆိုင်မိလျှင် ထိုးနှက်တိုက်ခိုက်ကြတော့သည်။ အုံ့စရာလေသည် မိကျောင်းလေထက် နှစ်ဆ[3] မျှ မြင့်မားသဖြင့် လဂွန်းအိန်ဘက်မှ ထိုးခုတ်ရန် ခက်ခဲသည်။ သို့ဖြစ်၍ လဂွန်းအိမ်သည် ကွင်းဆက်သံကြိုးကို အုံ့စရာလေထက်သို့ ပစ်တင်၏။ လေချင်းဆက်တွဲပြီးမှ ကူး၍ ခုတ်မည်ပြုစဉ် မင်းစည်သူစီးသော မြေးများဖွားလေသည် ရုတ်တရက် ထွက်၍ ကူတိုက်၏။ ကုန်းထက်မှာလည်း အင်းဝမြင်းတပ် နှစ်ထောင်မျှ လိုက်ကြသည်။ လဂွန်းအိမ်သည် လေတစ်စင်းတည်းဖြင့် စုက္ကတေးနှင့် မင်းစည်သူတို့၏ လေနှစ်စင်း တို့ကို မနည်းကြာအောင်

၁။ မြန်မာပေမူတွင်- မြင်စိုင်း မင်းစည်သူ- ဟု ပြ၏။

၂။ မြန်မာပေမူတွင်- လဂွန်းအိန်စီးသော မိကျောင်းရုပ်လေကို နှစ်ဆယ့်တစ်လံ ရှည်သည်။ သူရဲသုံးရာနှင့် တိုက်မည်ထွက်၏ဟု ပြ၏။

၃။ မြန်မာပေမူတွင်- နှစ်တောင်- ဟုဆို၏။

www.burmeseclassic.com

www.burmeseclassic.com

ရွပ်ရွပ်ခွဲခွဲ ထိုးခုတ်တိုက်ခိုက်သည်။ စုက္ကတေးနှင့် မင်းစည်သူ ဘက်မှ များစွာသေသဖြင့် ဥဇနာနှင့် စတုရင်္ဂသူတို့ စီးသော အခြားလှေနှစ်စင်းတို့သည် ပုန်းကွယ်နေရာမှ ရုတ်ခြည်း ထွက်လာကြ၏။ အင်းဝဘက်မှ လှေလေးစင်းတို့သည် လင်္ဂန်းအိန်၏ မိကျောင်းလှေတစ်စင်းတည်းကို အုံ၍ ထိုးခုတ်သတ်ဖြတ်ကြသည်။ လင်္ဂန်းအိန်၏ သူရဲသုံးရာအနက် တစ်ရာ[၁] မျှ ရေသို့ကျ၍ သေ၏။

စုက္ကတေး၊ မင်းစည်သူ၊ ဥဇနာနှင့် စတုရင်္ဂသူတို့၏ လှေများမှ သူရဲတွေလည်း များစွာသေ၏။ လင်္ဂန်းအိန်သည် စိတ်ဓာတ်မကျ။ ကျန်သမျှ သူရဲများနှင့် အစွမ်းကုန် ကြိုးစား၍ထိုးခုတ်သည်။ ရာဇာဓိရာဇ်ဘက်မှ အကူမရောက်၊ ရာဇာဓိရာဇ်လည်း စစ်လန့်မည်စိုး၍ မကူဝံ့၊ ကြည့်၍သာနေ၏။ ရာဇာဓိရာဇ်ဘက်မှ အကူမရောက်သဖြင့် အင်းဝလှေလေးစင်းမှ သူရဲများသည် လင်္ဂန်းအိန်၏လှေထက်သို့ ကူး၍ ခုတ်ကြ၏။ လင်္ဂန်းအိန်သည် ခြေကုန်လက်ပန်းကျသော်လည်း လက်နက်မချ။ အသေခံတိုက်သည်။ သို့စဉ် ပေါင်တွင် လုံချက်ထိ၍ လဲချေ၏။ သို့မှ အဖမ်းခံရလေသည်။ မင်းရဲကျော်စွာ မြင်လျှင် "လင်္ဂန်းအိန်ကို မသေစေနှင့်"ဟု ဟစ်၍ ဆိုသည်။

မင်းရဲကျော်စွာသည် လင်္ဂန်းအိန်၏ဒဏ်ရာကို မြင်ပြီး "မရှင်တော့ပြီ"ဟု ဆို၍ ခမည်းတော်အား အကြောင်းကြားစေ၏။ ဘုရင်မင်းခေါင် ကြားရလျှင် သားတော် မင်းရဲကျော်စွာအား အပြစ်ဆို၏။

> "ငါတို့ မင်းဧကရာဇ်အချင်းချင်း စစ်ခင်းကျင်းသည့်အခါ သူရဲကောင်းကို မသတ်။ ယခု လင်္ဂန်းအိန်ကို သေလောက်သောဒဏ်ရာ ရအောင် ထိုးသတ်သည်မှာ မသင့်။ ပန်းကျော်တွင် ငါ စခန်းချစဉ်က လင်္ဂန်းအိမ်၏ ကျေးဇူးများစွာရှိသည်။ ငါ့အကျိုးကို လင်္ဂန်းအိန် များစွာပြုခဲ့သည်။ လင်္ဂန်းအိန် မသေအောင် ကုစားရမည်"

ဟု မိန့်တော်မူပြီး သမားတော် တန္တဝါရီ[၂] ကို ခေါ်၍ လင်္ဂန်းအိန်၏အနာကို ကုစေ၏။

မင်းရဲကျော်စွာသည် လင်္ဂန်းအိန်ကိုထားရာ လှေသို့ ရွှေလှော်ကားစီး၍ သွား၏။ ရောက်လျှင် တင်းထိမ်ကိုဖွင့်၍ ကြည့်၏။

"မင်းကို ငါ မစမည်၊ သူကောင်းပြုမည်။ ဘာမျှ မစိုးရိမ် မကြောင့်ကြနှင့်"ဟု အားပေး၏။

၁။ မြန်မာပေမူတွင်– နှစ်ရာ သုံးရာလည်း ရေတွင်ကျ၍ သေချေ၏ဟု ဆို၏။

၂။ မြန်မာပေမူတွင်– သမားတော်အမည် မတွေ့ရ၊ မသေအောင် ကုစားဘိ–ဟု မိန့်တော်မူသည်–ဟု လာ၏။

www.burmeseclassic.com

www.burmeseclassic.com

"ကျွန်ုပ်သည် လူဖြစ်နိုင်တော့မည် မဟုတ်ပါ။ အနာသည်းလှသည်"ဟု လဝွန်းအိန်ဆို၏။ "ထမင်းစားမည်လော"ဟု မေးတော်မူ၏။

"အရှင်တစ်ယောက်၏ ထမင်းကိုသာ ကျွန်ုပ်ဝမ်းသို့ ဝင်စေမည်။ အရှင် နှစ်ယောက်တို့၏ ထမင်းကို ကျွန်ုပ်ဝမ်းသို့ မသွင်းပါ"ဟု လဝွန်းအိန်ဆို၏။ "ထမင်း မစားလျှင် ရေသောက်မည်လော"ဟု မေးတော်မူသော် "ရေနှင့် ကွမ်းကိုသာ ပေးပါ"ဟု လဝွန်းအိန်ဆို၏။ မင်းရဲကျော်စွာလည်း မိမိသောက်သုံးသည့် ရေတကောင်းတော်ဖြင့် ရေတိုက်ပြီး စားတော်ကွမ်းခွက်မှ ကွမ်းကိုယူ၍ကျွေး၏။ လဝွန်းအိန်သည် ရေကိုသောက်၍ ကွမ်းကိုစားပြီးလျှင် နားတော်လျှောက်၏။

> "ရွှေနန်းရှင်၏ သားတော်ပေးသော ရေကိုသောက်ပြီး ကွမ်းကိုလည်း စားရပေသည်။ ကျေးဇူးတော်ကို တစ်ပွဲတစ်လမ်းမျှ ကျွန်ုပ် မဆပ်ခဲ့နိုင်တော့ပါ။ သို့သော် နောင်ရေးအတွက် အရှင့်သားတော် အကျိုးရှိစေဖို့ အရေးကိုမူကား ကျွန်ုပ် နားတော်လျှောက်ခဲ့ပါမည်။ မှတ်ယူတော်မူပါ။ ရွှေနန်းရှင်သားတော် မနာယူခဲ့သော် အမတ်သေနာပတိများက မှတ်သားနာယူကြပါကုန်။ နောင်ကို သူ့ရှင်ရာဇာမိရာဇနှင့် စစ်ထိုးလျှင် လှေစီးချင်း၊ ဆင်စီးချင်း၊ မြင်းစီးချင်း၊ ခြေလျင်ချင်း မတွေ့ပါလေနှင့်။ သူ့ရှင် ရာဇာမိရာဇသည် ဆင်စီးချင်း၊ မြင်းစီးချင်းတွင် နည်းနည်းကောင်းသည် မဟုတ်။ လက်ဝဲလက်ယာရံ ဆင်စီးသူရဲသုံးဆယ်သားတို့သည် သူစိမ်းတစ်ရံစာမရှိ။ ဆွေသား မျိုးသားချည်း။ ရန်သူကို ပမာမခန့်၊ ကြောက်ရွံ့မှုမရှိ၊ ဘီလူးသရဲတွေနှင့် တူကြသည်။ လူနှင့် မတူကြ၊ ကျွန်ုပ်လျှောက်သည်ကို မယုံသော် နောင်တွေ့ကြုံသောအခါမှ သိတော်မူမည်"

လဝွန်းအိန်၏ စကားကို မင်းရဲကျော်စွာကြားလျှင်–

"လဝွန်းအိန်သည် သေလုနီးလျက်ပင် သူ့သခင်အား ငါတို့ကြောက်ရွံ့စေအောင် အရေးစကားကို ဆိုသေးသည်"[၁] ဟု မိန့်၍ ပြန်တော်မူ၏။

ယင်းညဉ့် သန်းခေါင်ယံအချိန်တွင် လဝွန်းအိန်လည်း အနာသည်း၍ အိန္ဒိယရောက်လေသည်။ ထိုသတင်းကို ဘုရင်မင်းခေါင်နှင့် မင်းရဲကျော်စွာတို့ ကြားရလျှင် "လဝွန်းအိန်၏ အလောင်းကောင်ကို သူ့သခင်ရှိရာသို့ မျှောချစေ"ဟု မိန့်တော်မူ၏။ ထိုနောက် လဝွန်းအိန် အလောင်းကို ငှက်ပျောဖောင်တွင် ပုဆိုးဖြူအုပ်လျက် ခေါင်းရင်းကဆီမီးတိုင်နှင့် မျှောချလိုက်သည်။

၁။ မြန်မာပေမူတွင် "သည်လဝွန်းအိန်သည် သေလျက်ပင် အဆိပ်မပြယ်သည်နှင့် အတူ"ဟု မိန့်တော်မူ၏– ဟု လာ၏။

www.burmeseclassic.com

www.burmeseclassic.com

ပုဆိုးဖြူအုပ်လျက် ဆီမီးတိုင်နှင့် မျောလာသော ငှက်ပျောဖောင်ကို ရာဇာဓိရာဇ်မြင်လျှင်- "လဂွန်းအိန် အလောင်းကောင် ဖြစ်မည်"ဟု မိန့်၍ ကမ်းသို့ ဆယ်ယူစေ၏။ ရာဇာဓိရာဇ်လည်း ဆိပ်ကမ်းသို့ဆင်း၍ လဂွန်းအိန် အလောင်းကောင်ကို ရှု၏။ လဂွန်းအိန်၏ မျက်နှာကိုမြင်လျှင်-

"ဗိုလ်မင်းကြာဇသည် ငါ့ကိုစွန့်ခွာသွားလေပြီ။ယခုတစ်ဖန် မင်းလည်း ငါ့ကိုပစ်၍ သွားပြန်ပြီ။ ငါမှာ ကြဲဖော်ကြဲဖက် မရှိတော့ပြီ။ ငါ့အစွယ်နှစ်ချောင်းတို့ကို သူတို့ ကျွတ်အောင် ချွတ်လိုက်သည်နှင့် တူတော့သည်။ သူရဲကောင်းနှစ်ယောက်ကို ငါ နမြောလှသည်"

ဟု မိန့်၍ သူရဲကောင်းများကို မီးသင်္ဂြိုဟ်သည့် ပဝေဏီအစဉ်အလာအရ လဂွန်းအိန် အလောင်းကို မီးသင်္ဂြိုဟ်စေ၏။ အရိုးကို ရွှေကြုတ်၌ထည့်၍ ရွှေမော်ဓောဘုရားအနီးတွင် ဂူသွင်းစေသည်။

ထို့နောက် ကြည်းတပ်မှ သမိန်ဗရမ်းသည် လဂွန်းအိန်ကျဆုံးသဖြင့် မင်းရဲကျော်စွာကို လွန်စွာ ဒေါသထွက်၏။ ဆင်ဖြူတော် ဆဒ္ဒန္တကို စီးကာ အင်းဝကြည်းတပ်အနီးသို့ ချဉ်းကပ်လျက် ဆဲဆို၏။

"ဟယ်- အင်းဝသားတွေ၊ မင်းတို့ကောက်ကျစ်စဉ်းလဲသည်။ ပလီသည်။ မင်းတို့နည်းနည်းမျှ သစ္စာမရှိ။ မင်းတို့ အစွမ်းသတ္တိကောင်းလျှင် ထွက်ခဲ့ကြ။ တစ်ဦးချင်းငါနှင့် ဆင်စီးချင်းတိုက်မည်။ သည်တော့မှ တစ်ဦးလက်စွမ်းကို တစ်ဦး သိမြင်ရမည်"[၁]

ယင်းသို့ သမိန်ဗရမ်း ဆဲဆိုသည်ကို မင်းရဲကျော်စွာထံ လျှောက်တင်ကြသဖြင့်- "မင်းတို့ထွက်ပြီး သမိန်ဗရမ်းကို အရှဖမ်းယူကြ"ဟု မိန့်၍ အင်းဝဘက်မှ ဆင်စီးသူရဲများအား ထွက်တိုက်စေသည်။ သမိန်ဗရမ်းလည်း ဆင်ဖြူတော် ဆဒ္ဒန္တကို စီးလျက် ခံတိုက်သည်။ အစတွင် အင်းဝဘက်မှ ဆင်များစွာလဲ၏။ သို့နှင့် နောက်မှ အထပ်ထပ် ထွက်တိုက်ကြ၏။ ထိုအခါ သမိန်ဗရမ်းသည် ကြာလျှင် ခံနိုင်မည်မဟုတ်ကြောင်းကို မြင်လျှင် ချွန်းငင်၍ ပြေးထွက်ရလေ၏။ အပြင်သို့ရောက်သော်-

"မင်းတို့ အရှက်တရားမရှိကြ။ ဗိုလ်ပါအများနှင့်မှ အစွမ်းကောင်းကြသည်။ တစ်ဦးချင်း မတိုက်ဝံ့ကြ"

ဟု ဆဲဆိုလျက် ဟံသာဝတီတပ်စခန်းသို့ ပြန်ခဲ့လေ၏။ အင်းဝဘက်မှ သူရဲများသည် သမိန်ဗရမ်းအား ရွံ့၍ တပ်စခန်းအရောက် မလိုက်ဝံ့ဘဲ ပြန်လှည့်သွားကြ၏။

၁။ မြန်မာပေမူတွင် သမိန်ဗရမ်းဆဲ၍ တိုက်ခိုက်သည့်အကြောင်း မပါရှိ။ လဂွန်းအိန် လဲသည်နှင့် ရာဇာဓိရာဇ် ဆုတ်ခွာသည်ဟု ပြလေ၏။ မွန်မူနှင့် များစွာကွဲလွဲ၏။

www.burmeseclassic.com

www.burmeseclassic.com

ဘုရင်မင်းခေါင်သည် သမိန်ဗရမ်း၏သတင်းကို ကြားရလျှင် မျူးမတ်များအား "ရာဇာဓိရာဇ်၏သူရဲကောင်း သမိန်ဗရမ်းသည် ဆင်စီး၊ မြင်းစီး တိုက်ခိုက်ရာတွင် အလွန်ပင်ကောင်းလှသည်။ လက်မြောက်သည်။ သူ့အား ငါတွေ့လိုလှသည်"ဟု မိန့်၍ လက်ဆောင်ပဏ္ဏာနှင့်တကွ ရာဇာဓိရာဇ်ထံ ရာဇသံစာ ပို့၏။ စာတွင်-

"ညီတော် ဘုရင်မင်းခေါင် ကြားရောက်အပ်သော၊ နောင်တော် ရာဇာဓိရာဇ်။ နောင်တော်၏ သူရဲကောင်း သမိန်ဗရမ်းသည် စီးချင်း တိုက်သည့်အရာတွင် အလွန်ကောင်းသည်။ တစ်ယောက်နှင့်တစ်ရာ၊ တစ်ယောက်နှင့် တစ်ထောင်ကိုပင် တိုက်နိုင်သေးသည်ဟု ညီတော် ကြားရသဖြင့် သမိန်ဗရမ်းကို ညီတော် တွေ့မြင်လိုပါသည်၊ နောင်တော် ခွင့်ပြုချက်အရ သမိန်ဗရမ်းအား ညီတော်ထံသို့ လွှတ်ခဲ့စေလိုပါသည်"

ရာဇာဓိရာဇ်သည် ယုံကြည်မှုမရှိသဖြင့် သင့်တင့်သမျှသော လက်ဆောင်ပဏ္ဏာဖြင့် စာပြန်၏။ စာတွင်-

"နောင်တော် ရာဇာဓိရာဇ် ကြားရောက်အပ်သော၊ ညီတော် ဘုရင်မင်းခေါင်။ ယခု သမိန်ဗရမ်းကို ညီတော်တွေ့လိုက တွေ့နိုင်ပါသည်။ သို့သော် အကြောင်းယုတ္တိ မရှိမည်စိုးသည်။ သမိန်ဗရမ်းကို လွှတ်လိုက်ပါလျှင် ယခင်က လဝန်းအိန်ကို လွှတ်လိုက်သကဲ့သို့ ဖြစ်မည်စိုးပါသည်"

ရာဇာဓိရာဇ်၏စာကိုရလျှင် ဘုရင်မင်းခေါင်လည်း ပြုံးတော်မူ၍ "သမိန်ဗြာဇွန်နှင့် လဝန်းအိန်တို့ မရှိပြီးနောက် ရာဇာဓိရာဇ်သည် လက်နှစ်ဖက်ပြတ်နေသကဲ့သို့ ဖြစ်တော့သည်။ အကယ်၍ အမတ်ဒိန်နှင့် သမိန်ဗရမ်းတို့ကိုပါ ငါတို့ ရလိုက်လျှင် ရာဇာဓိရာဇ်သည် ခြေလက်အားလုံးကို ဖြတ်ထားဘိသကဲ့သို့ ဖြစ်တော့သည်"ဟု မိန့်၍ ရာဇသံစာ အသစ်တစ်စောင် ရေးပြီး လက်ဆောင်များနှင့် စေပြန်၏။ စာတွင်-

"နောင်တော်သည် သမိန်ဗရမ်းကို လွှတ်လိုက်ပါက လဝန်းအိန်ကဲ့သို့ ဖြစ်မည်စိုးသည်ဟု စိတ်တွင် သံသယဖြစ်နေသည်မှာ ဖြစ်ထိုက်ပါပေသည်။ သို့သော်လည်း နောင်တော်နှင့် ညီတော်တို့သည် သာမန် ရာဇမင်း တို့ထက်ကြီးသော ဧကရာဇ်မင်းများ ဖြစ်ကြသည်။ ဧကရာဇ်မင်း၏ လက္ခဏာများနှင့် ပြည့်စုံကြသည်။ ဘုန်းကံကုသိုလ် သမ္ဘာရ၊ ဥစ္စာပစ္စည်း၊ အာဏာစက်၊ စစ်အင်္ဂါဗိုလ်ပါများနှင့် ပြည့်စုံကြသည်။ သစ္စာတရား မြဲမြံကြသည်။ အမှန်တရားကို ခိုင်ခဲ့စေကြ၏။ ငါသည် အသက်ပင် သေရစေ၊ သစ္စာကိုမပျက်စေရသော ဧကရာဇ်မင်း ဖြစ်ကြောင်း နောင်တော် အသိပင် မဟုတ်လော"[၁]

၁။ မြန်မာပေမူတွင် သမိန်ဗရမ်းကိုခေါ်ကြောင်း မတွေ့ရ။

www.burmeseclassic.com

www.burmeseclassic.com

ဘုရင်မင်းခေါင်၏ စာကိုရလျှင် ရာဇာမိရာဇ်လည်း သံသယကင်းလာ၏။ "ဥပါယ်ဖြင့် သူခေါ်သည်မဟုတ်။ သမိန်ဗရမ်းကို ငါမလွတ်ပါက သူ့အား ငါကြောက်ရွံ့သည်ဟု သူတို့ဆိုတော့မည်"ဟု စဉ်းစား၍ သမိန်ဗရမ်းအား ရှေ့တော်သို့ ခေါ်စေ၏။ သမိန်ဗရမ်းရောက်လျှင် "ယခု ဘုရင်မင်းခေါင်က ကောင်းသောစိတ်ထား ဖြင့် မင်းကို တွေ့မြင်လိုကြောင်း ငါ့ထံစာရေးသည်။ သို့ဖြစ်၍ ကြောက်ရွံ့ခြင်း မရှိဘဲ သွားရောက်တွေ့ဆုံချေ"ဟု မိန့်တော်မူ၏။ သမိန်ဗရမ်းလည်း အမိန့်ခံယူ၍ မိမိတပ်သို့ ပြန်လေ၏။ "ငါသည် လက်နက်ဝှက်၍ ယူသွားပါက ဥပါယ်ပြုရာကျမည်။ လက်ချည်း သွား၍ နှုတ်သာလျှင် လက်နက်ဖြစ်တော့သည်"ဟု စဉ်းစားပြီး စိတ်ကြိုက် သူရဲသုံး၊ လေးဆယ်တို့ကိုရွေး၏။

သင့်တင့်စွာ ဝတ်စားဆင်ယင်ပြီးလျှင် ရာဇာမိရာဇ်ထံ ဝင်ရောက်ဦးခိုက်၏။ သူ့ရှင်ထံမှ ဇေယျမင်္ဂလာကို ခံယူပြီး လှေသို့ဆင်းလေ၏။ လှေသို့ရောက်သည်နှင့် လှေတက်များကို အမြန်ခတ်စေ၍ ဘုရင်မင်းခေါင်တပ် ရှိရာသို့သွား၏။ ဘုရင်မင်းခေါင်ထံမှလည်း ဗိုလ်ပါများကိုလွှတ်၍ သမိန်ဗရမ်းအား ကြိုစေ၏။

"ငါတို့သခင် ဘုရင်မင်းခေါင်သည် အဆွေတော်ကို မေတ္တာ ကရုဏာစိတ် လွန်စွာ ထားရှိတော်မူသည်။ ကြည်းတပ်တွင် အဆွေတော်ကို ရှာစေခဲ့သေးသည်။ အဆွေတော်အား ငါဖိတ်ကြားရန် ကြည်းတပ်တွင် ရှာဖွေခဲ့သည်ကို သံသယမဖြစ်ပါနှင့်"ဟု ကြိုဆိုသူများက ဆို၏။

သမိန်ဗရမ်းလည်း မည်သို့မျှမတုန်လှုပ်ဘဲ လိုက်ပါသွားသည်။ အဝင်တံခါးသို့ ရောက်သော် တံခါးစောင့်များက သမိန်ဗရမ်းတွင် လက်နက် ပါမပါ ရှာဖွေသည်။ လက်နက်မပါသဖြင့် ဝင်စေသည်။ ယာယီနန်းပြာသာဒ်သို့ ရောက်သော် ဘုရင်မင်းခေါင်လည်း ထွက်တော်မူ၏။ သမိန်ဗရမ်းကို မြင်လျှင် ဝမ်းသာအားရစွာဖြင့် ချီးမွမ်းစကား မိန့်ကြား၏။ "မင်း၏ လှသည့်အမည်ကို ငါကြားခဲ့ရသည်။ ယခု လူကို တွေ့ပြန်လျှင်လည်း အမည်နှင့်လိုက်အောင် လှပါပေတကား။ ယောကျ်ားကောင်း လက္ခဏာတို့နှင့် ပြည့်စုံ၍ စစ်ဗိုလ်ဖြစ်ထိုက်ပါပေသည်"

ထိုအခါ သမိန်ဗရမ်းက–

"ကျွန်ုပ်ကို လှပါပေသည်ဟု ရွှေနန်းရှင် မိန့်တော်မူသည်မှာ ကျွန်ုပ်အဖို့မူကား လှသည်ဟု မမြင်သေးပါ။ ကျွန်ုပ်သည် သစ်ငုတ်ထက်တွင်ရှိသော မျောက်နှင့်သာ တူပါသည်။ ဝသန်ကာလ မိုးဥတုတွင် သစ်ငုတ်ထက်တွင် ထိုင်နေသော မျောက်သည် ပသို့ လှပါသနည်း။ ကျွန်ုပ်လှသည်ကို ရွှေနန်းသခင် မြင်လိုပါမူ သူရဲကောင်းတစ်ဦးချင်း စစ်ထိုးရန် စီရင်တော်မူပါ။ ဆင်စီးချင်း၊ သို့မဟုတ် မြင်းစီးချင်း တိုက်စေပါမှ ကျွန်ုပ်အား မည်သို့လှသည်ကို မြင်ရပါမည်"

ဟု ဆိုသည်ကို ဘုရင်မင်းခေါင် ကြားလျှင်–

www.burmeseclassic.com

www.burmeseclassic.com

"ယင်းသို့ မင်းဆိုသည်ကို ငါ ဝမ်းမြောက်ပါ၏။ စစ်ထိုးသည့် အရာမှာ အဏ္ဏဇနှင့် တူလှပေသည်။ နိုင်မည်၊ရှုံးမည်ကို ကြို၍ ပြောမရ။ ငါ့ဘက်ရှုံးလျှင် သမိန်ဗရမ်းလှသည်ကို မြင်ရမည်။ အကယ်၍ သမိန်ဗရမ်းနာ၍ ယင်စားရရုံ သွေးထွက်ခဲ့ပါမူ နောင်တော် ရာဇာဓိရာဇ်နှင့် ငါဆိုခဲ့သော အရေးစကား ပျက်ချေတော့မည်"

ဟု မိန့်တော်မူပြီး သမိန်ဗရမ်းအား ရွှေကွမ်းခွက်တစ်ခု လက်ဆောင်ပေးတော်မူ၏။ သမိန်ဗရမ်းလည်း ရွှေနန်းသခင် ဘုရင်မင်းခေါင်အား ဦးခိုက်ပြီး ပြန်လေ၏။ ရာဇာဓိရာဇ်ထံ ရောက်လျှင် ဘုရင်မင်းခေါင် မိန့်ဆိုသမျှကို လျှောက်ထားလေ၏။

လဝန်းအိန် ကျဆုံးပြီးသည်မှစ၍ အင်းဝစစ်မျက်နှာဘက်တွင် လွန်စွာ အတင့်ရဲလာကြ၏။ ခြင်္သေ့မင်းကဲ့သို့ ကြုံးဝါးကြသည်။ ယခင်ကကဲ့သို့ မကြောက်မရွံ့ကြပေ။ ဟံသာဝတီတပ် အနီးသို့ ချဉ်းကပ်လာကြ၏။ မင်းရဲကျော်စွာသည် ကြည်းတပ်၊ ရေတပ် နှစ်ဖက်လုံးကို စီရင်၍ အထပ်ထပ်ချထားသည်။ အင်းဝဘက်မှ မှူးမတ် သေနာပတိ ဗိုလ်ပါများသည် စိတ်တက်ကြွလျက် ရှိသည်။

ပဲခူးစစ်မျက်နှာဘက်တွင် စိတ်ဓာတ်ကျဆင်းလျက် ရှိသည်။ ထိုအခါ ရာဇာဓိရာဇ်၏ သားတော်ကြီး ဗညားကျန်း (ဗညာကေန်)နှင့် သားတော်အငယ် ရာဇာမနု တို့သည် အင်အားအလုံးအရင်းဖြင့် မြောင်းမြမြို့မှ ဆိုက်ရောက်လာကြသည်။[၁] စစ်ကူများဖြင့် ချီတက်လာကြောင်းကို ခမည်းတော် ရာဇာဓိရာဇ်ထံ ဝင်ရောက်လျက် ရှိခိုး လျှောက်ထားကြသည်။

"ဘေးအန္တရာယ်ကို မြင်လျှင် စည်းစိမ် သမ္ပတ္တိကို စွန့်ရမည်။ သည်တစ်ကြိမ် စစ်ပြုပါက ရှုံးမည်ကို သားတော်မြင်ပါသည်။ တပ်ကို နုတ်၍ ပြန်တော်မူရန် သင့်ပါသည်။ သားတော်ကြီး သြရသကို နန်းအပ်၍ ဟံသာဝတီမြို့ရှိ အပြင်ဘက်သို့ ထွက်ခွာသင့်ပါသည်။ မုတ္တမသို့သွား၍ သုံးလကြာမျှ နေတော်မူပါ။ ဇာတာတော်သန့်၍ အန္တရာယ်ကင်းသော ကာလတွင် မင်းရဲကျော်စွာနှင့် စစ်ခင်းပါက မုချနိုင်ပါမည်"[၁]

သားတော် ဗညားကျန်း လျှောက်တင်ချက်ကို ကြားရလျှင် ရာဇာဓိရာဇ်သည် လွန်စွာ ကြောက်ရွံ့ တုန်လှုပ်တော်မူ၏။ တပ်ကိုနုတ်၍ ပြန်သော် အင်းဝစစ်မှ မင်းရဲကျော်စွာတို့က လိုက်တိုက်မည်ကို ထိတ်လန့်နေသည်။ သို့နှင့် မှူးမတ်သေနာပတိများနှင့် ဆွေးနွေးတိုင်ပင်တော်မူ၏။ "ငါတို့ ဥပါယ်ပြု၍ ဆုတ်ချေမည်"ဟု မိန့်၍ မှူးမတ်များကလည်း လိုက်နာမည်ဖြစ်ကြောင်း လျှောက်ထားသဖြင့် ဝမ်းသာအားရ တော်မူ၏။ "အမတ်ဒိန်နှင့် အမတ် မဟာသမွန်တို့သည် ငါထံ မရောက်ကြသေး"

၁။ မြန်မာပေမူ၌ ဗညားကျန်းတို့ လာကြောင်းကို မဆို။

www.burmeseclassic.com

www.burmeseclassic.com

ဟု မိန့်၍ ခေါ်တော်မူသည်။ ညဉ့်နက်သော်လည်း အိပ်စက်၍ မပျော်နိုင်။ အရေးအရာများကို စဉ်းစားဆွေးနွေးကြသည်မှာ ညဉ့်သုံးယံတိုင်သည်။

ထိုခဏတွင် မကလွဲ (မက္ခံ)သည် မင်းစီးလှေဝမ်းမှ ရေကို အသံကျယ်အောင် ပက်ထုတ်သည်။ ရာဇာဓိရာဇ်ကြားသော် "မည်သူရေပက်သနည်း"ဟု မေး၏။ "ကျွန်ုပ် မကလွဲ ဖြစ်ပါသည်"ဟု ဖြေ၏။ "နေ့ချိန်တွင် မပက်ဘဲ ပသို့ကြောင့် ညအခါမှ ပက်ရသနည်း" "နေ့ချိန် ရေနောက်၍ လှေသို့ရေမဝင်။ ညအခါ ရေကြည်၍ လှေသို့ရေဝင်သည်"ဟု ဖြေ၏။ "ပသို့ကြောင့် နေ့ချိန် ရေနောက်၍ ညအခါ ရေကြည်သနည်း" "နေ့ချိန်တွင် မြစ်ညာက အင်းဝစစ်မျက်နှာမှာ ရှိသော ဆင်မြင်းများသည် ရေသို့ဆင်းကြသဖြင့် ရေနောက်ပါသည်။ ညအခါ လူသူတိတ်ဆိတ်သဖြင့် ရေကြည်၍ လှေသို့ဝင်ပါသည်"ဟု မကလွဲ လျှောက်လျှင် ရာဇာဓိရာဇ် စဉ်းစား၏။

"မကလွဲသည် စကားကို လိမ္မာထက်မြက်စွာ ဆိုတတ်သည်။ ပညာကြီးသူ ဖြစ်သည်။ အရေးကြီးသောကိစ္စကို သူနှင့် ကြံစည်နိုင်မည်"ဟု စဉ်းစားပြီး ခေါ်တော်မူ၏။ "ယခုငါတို့ စစ်နတ်၍ ဆုတ်ချေမည်။ သူတို့ လိုက်၍မမီအောင် ပသို့သောနည်းဖြင့် ဆုတ်သင့်သနည်း"ဟု မေးတော်မူ၏။ "ကျွန်ုပ် အကြံရှိပါသည်။ စဉ်းစားထားပြီး ဖြစ်ပါသည်။ စောစောကသာ ကျွန်ုပ်နှင့် ဆွေးနွေးပါက ယခုလောက်ဆိုလျှင် ဟံသာဝတီသို့ သူ့ရှင် ရောက်နေပါပြီ။ စိတ်လေးလံဖွယ်ရာ ဘာမျှမရှိပါ"ဟု လျှောက်ထားလေ၏။ ရာဇာဓိရာဇ်က "ပသို့ မင်းကြံစည်ထားသနည်း။ စိတ်ရှိသမျှ လျှောက်ထားပါ။ ကောင်းလျှင် ငါလိုက်နာမည်"ဟု မိန့်တော်မူ၏။

"ယခုလို စစ်တပ်ချင်း နီးကပ်နေသည်ဖြစ်၍ လွန်စွာ ခွာရန်ခက်ပေသည်။ ခွာရလွယ်အောင် ဥပါယ်ပြုရမည်။ အကယ်၍ ရေကြောင်း ခွာသော် ကြည်းကြောင်း ခွာသည်ဟု မြန်မာတို့အား သိစေရမည်။ အကယ်၍ ကြည်းကြောင်းဖြင့် ခွာလျှင်လည်း ရေကြောင်းဖြင့် ခွာသည်ဟု သူတို့ကို သိစေရမည်။ ကြည်းကြောင်းတွင် သူတို့ စောင့်နေသည်ကို ကျွန်ုပ်တို့က ရေကြောင်းဖြင့်စုန်လျှင် အဘယ်မှာလျှင် သူတို့ မိအောင် လိုက်နိုင်တော့အံ့နည်း။ ရေလမ်းတွင် ငုတ်တိုင်တွေကို သူတို့ ထောင်ထားခြင်း ရှိမရှိ စုံစမ်းစစ်ဆေးရန် ကျွန်ုပ်အား တာဝန်ပေးတော်မူပါ"ဟု မကလွဲလျှောက်၏။

ရာဇာဓိရာဇ်လည်း ကြိုက်တော်မူ၍ "မင်း လျှောက်သည့်အရေး ဟုတ်ပေသည်"ဟု မိန့်၍ ရေကြောင်းတွင် သစ်ငုတ်တိုင်များ ထောင်ထားခြင်း ရှိမရှိ စုံစမ်းစေ၏။ ရေကြောင်းတွင် သစ်ငုတ်တိုင်များကို ထောင်ထားသည်ဟု သိရလျှင် မကလွဲအား ချီးမွမ်းတော်မူသည်။ "ပညာဉာဏ် ထက်လွန်းသည်။ ပြောသည့်အတိုင်း ဖြစ်မှား။ သည်သစ်ငုတ်တွေကို လွတ်အောင် ပသို့သွားရမည်နည်း"ဟု မိန့်၏။ "ကျွန်ုပ်ကို သူရဲ နှစ်ထောင်နှင့် လှေ လေးဆယ် ပေးတော်မူပါ။ ကျွန်ုပ်တို့ ရှေ့တော်မှ စုန်မည်။

www.burmeseclassic.com

www.burmeseclassic.com

အရှင်မင်းကြီး နောက်ကစုန်ပါ။ နာရီဝက်အတွင်း အရှင်မင်းကြီး အလွယ်တကူ မသွားနိုင်ပါက ကျွန်ုပ်၏ ဦးခေါင်းကို အဖြတ်ခံပါမည်"ဟု မကလွဲ လျှောက်၏။ ရာဇာမိရာဇ်လည်း လွန်စွာ ဝမ်းသာအားရတော်မူ၏။

ရာဇာမိရာဇ်သည် ဆုတ်ခွာမည့်အဟန်ဖြင့် ဝတ်စုံများ ဝတ်ဆင်ပြီး ကြည်းကြောင်းဖြင့် တပ်နှင်၍ ပြန်တော်မူမည်ဟု ကြွေးကြော်စေသည်။[၁] သမိန်အဝနိုင်ကို ခေါ်တော်မူ၍ မှာ၏။[၂] "ယခု ငါစုန်မည်။ အင်းဝစစ်ကို ငါမတိုက်ခိုက်လိုသေး။ ငါစုန်လျှင် မင်းဆိုင်းငံ့၍နေရစ်ပါ၊ ညဥ့်မနက်မိ လှေတပ်ကို စုန်စေမည်။ ကြည်းတပ်ကို ဆိုင်းငံ့ထားမည်။ ညဥ့်နက်သော် နောက်တော်က ကင်းသမားများအား တပ်ကို မီးတိုက်စေမည်။ ထိုနောက်မှ ခွာကြစေမည်"ဟု မိန့်၏။ မှူးမတ်များကို အစစအရာရာ ညွှန်ကြားပြီးသော် ရာဇာမိရာဇ်သည် လှေတပ်သို့ သက်တော်မူ၏။

အင်းဝ သူရဲကင်းသမားများသည် ကြည်းကြောင်းမှ ရာဇာမိရာဇ်ခွာတော့မည် ဖြစ်ကြောင်းကို သတင်းရလျှင် မင်းရဲကျော်စွာအား လျှောက်ထားကြ၏။ မင်းရဲကျော်စွာ ကြားလျှင် "ရာဇာမိရာဇ် ကြည်းကြောင်းဖြင့် ခွာမည်ကို ကြေမွသွားအောင် ငါတို့လိုက်တိုက်မည်။ ဗိုလ်ပါ အလုံးအရင်း ပြုပြင်စီရင်ကြလော့"ဟု မိန့်ပြီး ရာဇာမိရာဇ် စစ်နှင်၍ ခွာမည်ကို စောင့်စားလျက် နေတော်မူသည်။

ရာဇာမိရာဇ်ဘက်မှ ကြည်းတပ်တွင် သားတော်ကြီး ဗညားကျန်းကို ဗိုလ်မင်းခန့်သည်။ ရာဇာမနုကို ရှေ့ပြေးတပ်မင်း ခန့်သည်။ သမိန်ဗရမ်းကို နောက်ခံတပ်မင်းအဖြစ် ခန့်သည်။ ညဥ့် သုံးချက်တီးလျှင် တပ်ကို မီးထင်းတိုက်ပြီး ဟံသာဝတီသို့ ဆုတ်ခွာရန် ညွှန်ကြား၏။ မြန်မာတို့လိုက်လျှင် အချင်းချင်းကူညီ၍ သူတို့ တပ်ကွဲအောင် တိုက်ရမည်ဟု တပ်မင်းသုံးယောက်တို့သည် စိတ်တူညီစွာ ဆုံးဖြတ်ထားကြသည်။

ရေကြောင်းတွင် ညဥ့် မိုးချုပ်သည်နှင့် ဥပါကောင်းနှင့် မကလွဲကို သူရဲနှစ်ထောင်၊ လှေ လေးဆယ်ဖြင့် ရှေ့ဆုံးမှ စုန်စေသည်။ ထို့နောက်တွင် ရာဇာမိရာဇ် စုန်တော်မူသည်။ သူ့ရှင်၏ နောက်တော်မှ သမိန်အဝနိုင်သည် ဆိုင်းငံ့၍ စုန်လေသည်။

ညဥ့်သုံးယံရောက်သော် ဗညားကျန်း၊ ရာဇာမနုနှင့် သမိန်ဗရမ်းတို့၏ ကြည်းတပ်သုံးတပ်တွင် မီးထင်းတိုက်ကြသည်။ ထိုနောက် ခရာမှုတ်၍ ခွာကြသည်။

အင်းဝ ကင်းသမားများသည် မွန်ကြည်းတပ် ဆုတ်ခွာကြောင်းကို မင်းရဲကျော်စွာအား သတင်းပို့ကြသည်။ ရာဇာမိရာဇ်သည် ကြည်းကြောင်းမှ ဆုတ်ခွာသည်ဟု မင်းရဲကျော်စွာ ကြားရလျှင် ဆင်တပ်၊ မြင်းတပ်ကို စီရင်စေသည်။ ရေတပ်ကို

၁။ မြန်မာပေမူတွင် ရာဇာမိရာဇ်သည် မကလွဲပေးသည့် အကြံဖြင့် ပရိယာယ်ပြု၍ ဆုတ်ကြောင်း မပါရှိ။

၂။ မြန်မာပေမူတွင် သမိန်အဝနိုင်ကို ခေါ်၍ နောက်တော်၌နေရန် ခန့်လိုက်–ဟု ပါရှိ၏။

www.burmeseclassic.com

www.burmeseclassic.com

ကြည်းတပ်သို့ ပြောင်းတက်စေသည်။ ထိုနောက် မွန်တို့ ဆုတ်ခွာသည်ကို မိအောင် လိုက်ကြသည်။ မင်းရဲကျော်စွာတပ်သည် သမိန်ဗရမ်းတပ်နှင့် ဗညားကျန်းတပ် တို့ကို တွေ့လျှင် ထိုးခုတ်တိုက်ခိုက်ကြသည်။ ဗညားကျန်းတပ်သည် ရွှပ်ရွှပ်ခွဲခွဲ တိုက်ခိုက်သည်။ ပဲခူးနှင့် အင်းဝ သူရဲသူခက် နှစ်ဖက်လုံးများစွာ သေကြသည်။

သမိန်ဗရမ်းသည် ဆင်ဖြူတော် ဆဒ္ဒန္တကိုစီး၍ အင်းဝဆင်စီးသူရဲများကို လိုက်ထိုးသည်။ အင်းဝဘက်မှ ဆင်များစွာလဲသည်။ အချို့မှာ ဆုတ်ပြေးကြသည်။ ဆုတ်ပြေးသော ဆင်များကို လိုက်ထိုးသည်နှင့် များမကြာမီပင် သမိန်ဗရမ်းစီးသော ဆင်ဖြူတော် ဆဒ္ဒန္တသည် တွင်းနက်တစ်ခုသို့ ကျလေ၏။ တွင်းနက်မှအထက်သို့ မတက်နိုင်တော့သည်ကို မင်းရဲကျော်စွာ မြင်လျှင် သမိန်ဗရမ်းအား ဖမ်းယူစေ၏။ ဗညားကျန်းနှင့် ရာဇာမနတို့သည်လည်း သမိန်ဗရမ်းကို မည်သို့မျှ ကူရန်မတတ်နိုင်တော့သဖြင့် ဟံသာဝတီသို့အရောက် ဆုတ်ခွာ၍ သွားရတော့သည်။[၁]

ရေတပ်ဘက်မှ ရှေ့ဆုံးတွင် ခွာကြသည့် ဥပါကောင်းနှင့် မကလွဲတို့သည် လှော်ကားလေနှစ်စင်းနှင့် လှေဝမ်းဗိုက်အောက်တွင် ပန္နက်တိုင်ကိုချည်ကာ တန်းထိုး၍ စုန်ကြသည်။ လှေဝမ်းအောက်က တန်းသည် အင်းဝသားတို့ စိုက်ထူထောင်ထားသော ငုတ်တိုင်များကို လွဲပစ်ကုန်သည်။ ငုတ်တိုင်များကို လွဲ၍ လဲကုန်သဖြင့် ရာဇာဓိရာဇ်လှေနှင့်တကွ ဟံသာဝတီ ရဲလှေများသည် လွယ်ကူစွာ စုန်နိုင်ကြသည်။

မင်းရဲကျော်စွာသည် သမိန်ဗရမ်းအား ဖမ်းမိပြီးလျှင် စစ်ဆေးမေးမြန်းစေ၏။ မြန်မာသူရဲကောင်းတို့လည်း သမိန်ဗရမ်းကို စစ်ဆေးသည်။ "ရာဇာဓိရာဇ်သည် မည်သည့်လမ်းကြောင်းက ခွာလေသနည်း" ဟု မေးသော် သမိန်ဗရမ်း စဉ်းစား၏။

"အကယ်၍ ငါလိမ်ပြောပါက ဗညားကျန်းကို မင်းရဲကျော်စွာတို့ မိတော့မည်။ မည်သူ ခံတိုက်နိုင်တော့အံ့နည်း။ ရာဇာဓိရာဇ် စုန်သည်မှာ ကြာမြင့်လှပြီ။ အမှန်ကို ငါပြောသည့်တိုင်အောင် သူ့ရှင်ကို သူတို့လိုက်၍ မိတော့မည်မဟုတ်"

ဟု- ကြံ၍ "ဟယ် ငမိုက်တွေ၊ ရေကြောင်းက ရာဇာဓိရာဇ်စုန်သည်ကို ကြည်းကြောင်းဖြင့် မင်းတို့လိုက်လို့ တွေ့နိုင်ဖို့ သဘာဝ ရှိပါဦးမည်လော"

ဟု-ဆို၏။ သမိန်ဗရမ်း၏စကားကို ကြားလျှင် သူရဲကောင်းများက မင်းရဲကျော်စွာထံ ဝင်ရောက် လျှောက်ထားကြ၏။

မင်းရဲကျော်စွာ ကြားလျှင် ကြည်းတပ်ကို မလိုက်စေတော့ဘဲ တွင်းနက်၌ ကျနေသော ဆင်ဖြူတော်ဆဒ္ဒန္တကို တင်စေသည်။ မည်သို့မျှ မတင်နိုင်ကြသည်ကို သမိန်ဗရမ်း မြင်လျှင် ဆင်ဖြူတော် သေမည်စိုး၏။ "သည်ဆင်ကို သူတို့ရသော်လည်း သူတို့

၁။ မြန်မာပေမူတွင် ကြည်းကြောင်းလိုက်၍ သမိန်ဗရမ်း၊ ဗညားကျန်းတို့နှင့် တိုက်ရ၌ သမိန်ဗရမ်းကို မိသည်ဟု မဆို။ မွန် ပေမူနှင့် လွန်စွာကွဲလွဲသည်။

www.burmeseclassic.com

www.burmeseclassic.com

ခိုင်း၍ ရမည်မဟုတ်။ ဟံသာဝတီသို့သာလျှင် မုချပြေးချေမည်"ဟု စဉ်းစားပြီးလျှင် မင်းရဲကျော်စွာကို လျှောက်၏။

"ရွှေနန်းသခင်သားတော်။ ကျွန်ုပ်၏ဆင်ကို အလိုရှိပါက၊ သည်ကဲ့သို့တင်၍ မရနိုင်ပါ။ သည်နည်းကို သည်းခံပါ။ သည်ဆင်ကို အမှန်တကယ် အလိုရှိပါလျှင် ပျိုရွယ်သော တိုက်ဆင်တစ်စီးကို ယူခဲ့ပြီး ခြောက်လှန့်စေပါ။ ထိုအခါ ဆင်ဖြူတော် ဆဒ္ဒန္တာသည် ဒေါသအဟုန်ဖြင့် တွင်းနက်မှ ခုန်၍တက်ချိမ့်မည်"

မင်းရဲကျော်စွာကြားလျှင် သမိန်ဗရမ်း ပြောသည့်အတိုင်း သူရဲကောင်းတစ်ဦးအား တိုက်ဆင်တစ်စီးကို စီးစေ၍ ဆင်ဖြူတော်ကို ခြောက်လှန့်စေသည်။ တိုက်ခိုက်မည့် အဟန်ပြုစေသည်။ ထိုအခါ ဆင်ဖြူတော် ဆဒ္ဒန္တာသည် ဒေါသအဟုန် ပြင်းစွာဖြင့် ခုန်တက်၏။ အထက်သို့ရောက်သည်နှင့် တိုက်ဆင်ကို လိုက်တွေ့သည်။ တိုက်ဆင်လည်း ပြေးမခတ်သဖြင့် ယင်းနေရာတွင်ပင် လဲ၍ သေလေ၏။[၁]

ထို့နောက် မင်းရဲကျော်စွာသည် ရေတပ်ကိုစုရုံး၍ ရာဇာမိရာဇ်အား အပြင်းလိုက်တော်မူသည်။ မင်းရဲကျော်စွာ၏ စည်မောင်းသံကို ကြားရလျှင် သမိန်အဝနိုင်[၂]သည် ရာဇာမိရာဇ်၏ အမိန့်အတိုင်း နောက်ချန်၍ လေကိုမျှောလျက် နေသည်။ ရာဇာမိရာဇ်မူကား အဆောတလျင် စုန်လေသည်။ သမိန်အဝနိုင်သည် မြစ်၏အနောက်ဘက်ကမ်းတွင် လေကိုမျှော၍ ရေပက်နေကြ၏။ မင်းရဲကျော်စွာ၏လေ နီးလာသော် ယင်းလေတစ်စင်းတည်းကို တွေ့၍ မေး၏။ "ကျွန်ုပ်သည် အဝမင်းကြီး ဖြစ်သည်"ဟု ဆိုလျှင် "ပသို့ကြောင့် လေကို သည်တွင် မျှောထားရသနည်း"ဟု မင်းရဲကျော်စွာ မေးတော်မူ၏။

"ကျွန်ုပ်တို့ ပြေး၍မလွတ်ပြီ။ ရွှေနန်းသခင်ထံ ခစားလို၍ ကျွန်ုခဲ့ခွင့်ပြုတော်မူပါ။ ကျွန်ုပ်တို့ကို မယူလိုသော် လာ၍ သတ်ပစ်တော်မူပါ"ဟု အဝမင်းကြီး လျှောက်၏။ "ရာဇာမိရာဇ်၏ လေသည် အဘယ်သို့ ရောက်နေပြီနည်း"ဟု မေးလျှင် "ရှေ့တစ်ကွေ့မှာပင် ရှိပါသေးသည်"ဟု သမိန်အဝနိုင် ဖြေသဖြင့် မင်းရဲကျော်စွာလည်း မှန်သည်ဟု မှတ်ယူပြီး အဝမင်းကြီးကို မဖမ်းတော့ဘဲ "ငါတို့လက်တွင်းမှာ သူရောက်နေပြီ၊ ပသို့မျှ ပူရန်မရှိပြီ"ဟု ဆို၍ ရာဇာမိရာဇ်ကိုမီရန် အပြင်းစုန်လေ၏။

မင်းရဲကျော်စွာ၏ နောက်တော်မှ လေမျှားလည်း အဝမင်းကြီး၏ လေကို ကျော်၍ စုန်ကြသည်။ ရောက်လာသမျှ သူရဲမျှား၏အမေးကို ယင်းနည်းအတိုင်း တစ်စင်းပြီးတစ်စင်းပင် အဝမင်းကြီး ဖြေကြား၏။ အင်းဝသူရဲမျှားသည် သံသယမရှိသဲ့

၁။ မြန်မာပေမူ၌ ယင်းသို့မဆို။ ပဲခူးတိုက်ပွဲကျမှ သမိန်ဗရမ်းကို မိသည်ဟုပြဆို၏။ သမိန်ဗရမ်းသော ဗကမတ်ဆင်သည် အင်းတွင်ကျ၍ မတက်နိုင်ဟု ဆို၏။

၂။ သမိန်အင်းဝနိုင်၊ အဝနံနိုင်၊ အဝမင်းကြီးဟူ၍ အမျိုးမျိုး ခေါ်၏။ မြန်မာပေမူ တွင် သမိန်အဝနံနိုင်တိုက်၍ လှော်ကားလေးစင်း နစ်လေ၏ဟု ပြသည်။

www.burmeseclassic.com

www.burmeseclassic.com

စုန်ကြသည်။ မင်းရဲကျော်စွာ၏ တိုက်လေ့များ လွန်ကုန်လျှင် ရိက္ခာလေ့များ ရောက်လာ၏။ ထိုအခါ သမိန်အဝန်နိုင်သည် ရိက္ခာလေ့များကို ပျက်စီးအောင် တိုက်ဖျက်သည်။ ယင်းသတင်းကို အင်းဝရဲလေ့များ၊ တိုက်လေ့များလည်း ဆင့်ကဲဆင့်ကဲ ကြားရလျှင် ထိတ်လန့်၍ အုတ်အော်သောင်းတင်း ဖြစ်ကုန်သည်။ မင်းရဲကျော်စွာလည်း မြစ်ကွေ့တစ်ခုပြီးတစ်ခု လွန်ခဲ့သော်လည်း ရာဇာဓိရာဇ်၏ လေတပ်ကို မတွေ့သဖြင့် သံသယဖြစ်လာ၏။ နောက်ကွယ်ရာတွင် ရာဇာဓိရာဇ်၏ လေများ လျှို့ထားလေမည်လားဟု စိုးရိမ်မိ၏။

ထိုအခါ လေများကို ရပ်ဆိုင်းပြီး နားထောင်စေ၏။ ရိက္ခာလေများကို သမိန်အဝန်ိုင် ဖျက်ဆီးပစ်သည်ကို ကြားရလျှင် လေတပ်ကို မစုန်စေတော့ပေ။ လေဦးပြန်လှည့်၍ ဆန်စေသည်။ မင်းရဲကျော်စွာတို့ ဆန်လာသည်ကို ကြားလျှင် သမိန်အဝန်ိုင်သည် ဗိုလ်ပါများနှင့်တကွ ကြည်းထက်သို့ တက်သည်။ လေကို မီးထင်းတိုက်၍ ကြည်းကြောင်းဖြင့် ပြေးလေသည်။ မင်းရဲကျော်စွာတို့ ရောက်လျှင် သမိန်အဝန်ိုင်ကို လိုက်ရန် ကြဲသည်။ သို့သော် မိတော့်မည်မဟုတ်သည်ကို သိသဖြင့် မလိုက်တော့ဘဲ အလွဲမြစ်သို့ အရောက်ဆန်တက်လေသည်။[၁]

ရာဇာဓိရာဇ်တို့သည် မြစ်ကြောင်းဖြင့် စုန်ဆင်းကြရာ သန်လျင်သို့ ရောက်သော် မြို့ဝန်းလူကြီးများကို ခေါ်၍ ရိက္ခာစုဆောင်းပြီး လိုက်ခဲ့ရန် မိန့်တော်မူ၏။ ဟံသာဝတီသို့ ဆိုက်ရောက်သော် နန်းစည်းစိမ်ကို သားတော်ဗညားကျန်း (ဗညာကေန်)အား အပ်နှင်းတော်မူသည်။ တစ်နှစ်စာ ရိက္ခာများကို ကူညီရိုင်းပင်း ထောက်ပံ့ရန် သားတော်အငယ် ရာဇာမနုအား တာဝန်ပေးတော်မူ၏။ ထိုနောက် သူ့ရှင် ရာဇာဓိရာဇ်သည် ဇာတာမသန့်သဖြင့် ဟံသာဝတီမှခွာ၍ မုတ္တမသို့ သွားရောက်နေတော်မူ၏။

မင်းရဲကျော်စွာသည် ခမည်းတော် ဘုရင်မင်းခေါင်ထံ သွားရောက်၍ ဖမ်းမိထားသော သမိန်ဗရမ်းနှင့် ဆင်ဖြူဆဒ္ဒန္တာတို့ကို ဆက်သည်။ အရေးအရာအားလုံးကိုလည်း လျှောက်ထားသည်။ ဘုရင်မင်းခေါင်လည်း လွန်စွာ အားရဝမ်းသာတော်မူ၏။ မင်းရဲကျော်စွာက ဆက်လက်၍–

"ယခုအခါ ရာဇာဓိရာဇ်သည် အဆိပ်မဲ့သော မြွေနှင့်တူတော့သည်။ သမိန်ဗြာဇွန်နှင့် လဂွန်းအိန်တို့ အနိစ္စရောက်ကုန်ပြီ။ သမိန်ဗရမ်းကိုလည်း ကျွန်ုပ်တို့ ရလိုက်ပြီ။ သူမှာ အင်အားပျော့ညံ့သွားပြီ။ ကျွန်ုပ်တို့ အလွယ်တကူ တိုက်နိုင်တော့မည်ဖြစ်၍ ရေကြောင်း၊ ကြည်းကြောင်းဖြင့် ဟံသာဝတီသို့ချီရန် သားတော်အား ခွင့်ပြုတော်မူပါ"

၁။ မြန်မာပေမူတွင် မင်းရဲကျော်စွာသည် ငုံ၍တန့်၍နေ၏။ ယင်းနေရာကို ဆပကာ အရပ်ပုခေါ်၏။ သုံးရက်ကြာလျှင် ဘုရင်မင်းခေါင် မိတော်မူလာ၏ ဟုဆို၏။ မွန်မူနှင့် ကွဲလွဲသွားသည်။

www.burmeseclassic.com

ဟု-လျှောက်၏။ ဘုရင်မင်းခေါင်က "သူ့စစ်မကွဲဘဲ ဆုတ်ခွာသွားသင်ကို ငါတို့ လိုက်တိုက်၍ နိုင်ခြေရှိသလော။ မွန်မင်းကို ငါ့သားတော် အထင်မသေးလေနှင့်။ သူ့မှာ ပရိယာယ်တွေ၊ ဥပါယ်တွေ များသည်။ စစ်တိုက်သည့်အရာမှာ လိမ္မာလှသည်။ ထက်မြက်ကျွမ်းကျင်လှသည်။ ဗျော့ညံ့သည်ဟူ၍မရှိ။ ယခုလည်း ဝသန္တကာလ မိုး ဥတုသို့ ကျရောက်တော့မည်။ စစ်သည် တပ်သားများမှာ ခြေကုန်လက်ပန်း ကျလှပြီ။ သားတော် မချီပါနှင့်တော့"

ဟု မိန့်တော်မူ၏။ မင်းရဲကျော်စွာကလည်း မလျှော့ဘဲ- "ရာဇာဓိရာဇ်ကို ရအောင် သားတော်စုန်ပါမည်။ ခမည်းတော် မတားပါနှင့်တော့"ဟု လျှောက်ပြန်၏။ ဘုရင်မင်းခေါင်သည် သားတော်အား အကြိမ်ကြိမ် တားသော်လည်း မရသဖြင့် ခွင့်ပြုတော်မူရ၏။ မင်းရဲကျော်စွာလည်း ဝမ်းသာအားရ၏။ ဆင်ဖြူတော် ဆဒ္ဒန္တာ[၁] ကိုယူ၍ ကြည်းတပ်၊ ရေတပ် စီရင်ကာ ဟံသာဝတီသို့ စုန်တော်မူ၏။

ဘုရင်မင်းခေါင်သည် အလွဲမြစ်၌ စခန်းချနေရာမှ မိုးကျလာသော် ဗိုလ်ပါများအား လယ်ယာလုပ်ကိုင်နိုင်ရန်အတွက် အင်းဝသို့ ပြန်တော်မူ၏။ သုံ့ပန်းအဖြစ် ဖမ်းထားသော သမိန်ဗရမ်းကိုလည်း ခေါ်ဆောင်တော်မူသည်။[၂]

မင်းရဲကျော်စွာသည် မွန်မြို့ရွာများကို တိုက်ခိုက်သိမ်းပိုက်ပြီး ဟံသာဝတီသို့ ချီတော်မူသည်။ မွန်ဘက်က ခုခံတိုက်ခိုက်သူ မရှိပေ။ ရာဇာဓိရာဇ်သည် ဟံသာဝတီမှ ခွာ၍ မုတ္တမသို့ သွားရောက်နေထိုင်သည်ဟု ကြားရလျှင် မင်းရဲကျော်စွာသည် ဟံသာဝတီအနီးသို့ ချဉ်းကပ်လေ၏။ ပဲခူးမြို့ကို ဗညားကျန်းနှင့် ရာဇာမနတို့က ကြံ့ကြံ့ခိုင်ခိုင် စောင့်နေသည်။ မင်းရဲကျော်စွာသည် ပဲခူးမြို့သို့ မဝင်နိုင်သဖြင့် မြို့ကိုရံလျက် နေလေသည်။ ထို့နောက် အင်းဝရှိ ခမည်းတော် ဘုရင်မင်းခေါင်ထံ စာရေးသည်။ စာတွင်-

> "သားတော် မင်းရဲကျော်စွာ နားတော်လျှောက်ခံသော၊ အင်းဝ ရွှေနန်းရှင်ဘုရား။ သည်တစ်ကြိမ် သားတော် စစ်ချီခဲ့သည်မှာ အထူးပင် အောင်မြင်ပါသည်။ ဒဂုန်မြို့။ ပုသိမ်မြို့နှင့် မြို့ကြီးများစွာကို ဖြတ်ကျော်ခဲ့ပါပြီ။ ယခု ဟံသာဝတီမြို့ကို ဝန်းရံလျက် နေပါသည်။ ရာဇာဓိရာဇ်သည် မုတ္တမသို့ တိမ်းရှောင်သွားပါပြီ။ ရာဇာဓိရာဇ်ကို ရအောင်ဖမ်း၍ ခမည်းတော်ထံ ဆက်သပါမည်။ အကယ်၍ မွန်မင်းသည် ရေသို့ခုန်ချ၍ သတ်သေပါကလည်း ပိုက်ကွန်ဖြင့် အလောင်းကို ရအောင် ယူပါမည်။ အကယ်၍ ရာဇာဓိရာဇ်သည် ဘေးအန္တရာယ် တစ်ခုခုဖြင့်

၁။ မြန်မာပေမူတွင် ဗကမတ်ဆင်-ဟု ပြ၏။

၂။ မြန်မာပေမူတွင် ပဲခူးသို့တိုင်အောင် စုန်၍ တစ်မိုးလုံးနေပြီး လုပ်ကြံ၏။ ပဲခူးတွင် တပ်ပျက်၍ အင်းဝသို့ ပြန်တော်မူ၏- ဟုလာ၏။

www.burmeseclassic.com

www.burmeseclassic.com

အနိစ္စရောက်ပါကလည်း သူ့အလောင်းကို ကြုတ်ဖြင့်ထည့်၍ ခမည်းတော်ထံ အရောက် သားတော်ဆက်သပါမည်။ သို့ဖြစ်ပါသောကြောင့် သားတော်အား မျိုးရိက္ခာ[၁] လုံလောက်အောင် ခမည်းတော်ထံမှ ပို့ပေးပါမည့် အကြောင်း ရွှေဖဝါးတော်အောက်သို့ ရှိခိုးလျှောက်ကြား အပ်ပါသည်"

ဘုရင်မင်းခေါင်သည် မင်းရဲကျော်စွာထံမှ စာကိုရလျှင် "အင်း– ငါ့သားတော် စစ်ချီရာမှာ နိုင်သည့်ဘက်ကိုသာမြင်ပြီး ပျက်စီးရမည့်ဘက်ကို မသိပါတကား"ဟု မိန့်ကြား၍ သားတော်မှာသည့် မျိုးရိက္ခာများကို လေ့များဖြင့် အလုံအလောက် ပို့ဆက်စေသည်။ အမှာစာတစ်စောင်ကိုလည်း ပို့၏။ စာတွင်–

"ငါ့သားတော်သည် ယခု စစ်ချီရာ၌ အောင်မြင်နေပါ၏။ သို့သော် မွန်မင်းကို အထင်မသေးလေနှင့်၊ စစ်တိုက်ရာမှာ မွန်မင်းသည် ရဲရင့်သည်။ ကြမ်းကြုတ်သည်။ ဥပါယ်များသည်။ ငါ့သားတော် စစ်အခြေအနေမလှ၍ သူ့ကို နိုင်မည့်အကြောင်း မမြင်သည့်အခါ ဗိုလ်ပါများကို ဘေးအန္တရာယ် မဖြစ်စေနှင့်၊ စစ်ကို ပြုပြင်စီရင်၍ ဣန္ဒြေရရ ပြန်လာခဲ့ပါ"[၂]

မျိုးရိက္ခာများနှင့် ခမည်းတော်ထံမှ အမှာစာကိုရသော် မင်းရဲကျော်စွာသည် ခမည်းတော်၏ စကားကို ကြိုက်တော်မမူ၊ မလိုက်နာချေ။

ရာဇာဓိရာဇ်သည် မုတ္တမသို့ ရောက်သည်မှစ၍ မုတ္တမ၊ သုံးဆယ် နှစ်မြို့နယ်မှ ဆင်မြင်းဗိုလ်ပါများကို ညီညွတ်အောင် ပြုပြင်စီရင်တော်မူ၏။ သန်လျင်စား အမတ်ဒိန်မှစပြီး မြို့စားအားလုံးကို မုတ္တမသို့ ခေါ်တော်မူ၏။

မုတ္တမတွင် သုံးလ[၃] တိတိ နေတော်မူပြီးသော် ဇာတာတော်သန့်၍ အန္တရာယ်ကင်းပြီဟု ပုရောဟိတ်တို့က တင်လျှောက်ကြ၏။ ထိုအခါ မှူးမတ်သေနာပတိ များက

၁။ မြန်မာပေမူတွင် ရတနာဆင်မြင်း ကတော်စိုးမင်း– ဟု လာ၏။

၂။ မြန်မာပေမူတွင် "ငါ့သားသည် မဟုတ်သည့်စကားကို ဆိုသည်။ ရာဇာဓိရာဇ်သည် ဆင်ချင်း၊ မြင်းချင်း၊ လေ့ချင်း သူ့ကိုဆိုဖွယ်ရာမရှိ။ ဇာတာမသန့်၍သာ အရှေ့သို့ ကူးနေသည်။ ဇာတာသန့်က သူနေဘီမည်လော။ ငါ့သားနှင့် ဗိုလ်မင်းတို့ မလျင်စေနှင့် ကြည့်ရှုပြီး အရေးနှင့်ညီအောင် လုပ်ကြ။ ငါ့သားမင်းရဲသီဟသူနှင့် သတိုးတို့ကိုလည်း တောင်ငူသြဇာခိုင်းချီလာစေမည်"ဟု လာရှိ၏။

၃။ မြန်မာပေမူတွင် ရာဇာဓိရာဇ်သည် တန်ဆောင်မုန်းလတွင် အရှေ့ဘက်သို့ ကူးတော်မူသည်။ တပို့တွဲမှ ပဲခူးသို့ ပြန်သည်– ဟုဆို၏။

www.burmeseclassic.com

www.burmeseclassic.com

သူ့ရှင် ရာဇာမိရာဇ်အား ယတြာချေသည့် သဘောဖြင့် သိဒ္ဓိသောမ[၁] မင်းဟု ဘွဲ့သစ် ပေးကြသည်။ ရာဇာမိရာဇ်သည် သိဒ္ဓိသောမဘွဲ့ခံပြီး ဓေယျမင်္ဂလာ အချိန်အခါရလျှင် ဗိုလ်ပါများနှင့် မုတ္တမမှ သန်လျင်သို့ ကူးတော်မူ၏။ သန်လျင်ရောက်သော် မျူးမတ် သေနာပတိများနှင့် ဆွေးနွေးတိုင်ပင်တော်မူ၏။

"ဟံသာဝတီမြို့[၂] ကို မင်းရဲကျော်စွာတို့ ဝန်းရံထားသည်။ ယခု ငါတို့ စစ်ချီ လာသည်ကိုလည်းကောင်း၊ ပဲခူးမြို့ကိုရံနေသော မင်းရဲကျော်စွာတပ်များကို ငါတို့ အပြင်ဘက်က တိုက်ခိုက်မည့် အချိန်အခါကိုလည်းကောင်း၊ ပဲခူးမြို့၌ရှိသော ငါ့သားတော် ဗညားကျန်းကို ပသို့သိစေနိုင်အံ့နည်း"

ဟု မေး၏။ ခစားနေကြသော မျူးမတ်သေနာပတိများအနက် မည်သူကမျှ တာဝန်ယူဝံ့သူ မရှိသဖြင့် ရာဇာမိရာဇ်သည် ကြောက်ရွံ့စိုးရိမ်စွာဖြင့်-

"သမိန်ဗြာဇ္ဇနှင့် လဂွန်းအိန်တို့သာ ရှိနေခဲ့လျှင် သည်လောက်သော ကိစ္စကို ငါပူပင်ရန်မလို။ ယခု ငါ့လက်နှစ်ဖက်လုံး ပြတ်သွားသည်နှင့် တူသဖြင့် အကြံအစည် တစ်ခုခုကို ငါကြံ၍ မပြည့်စုံတော့ပြီ"

ဟု မိန့်တော်မူ၏။ အားငယ်၍ စိုးရိမ်ပူပန်တော်မူ၏။ ထိုအခါ နောက်ဆုံးမ ခစားနေသော အဲမွန်ဒယာ(အဲမန္ဒယာ)သည် မျက်နှာကိုမော်၍ လျှောက်ထား၏။

"သမိန်ဗြာဇ္ဇနှင့် လဂွန်းအိန်တို့ မရှိသော်လည်း ကျွန်ုပ်ရှိပါသေးသည်။
ရွှေဖဝါးတော်အောက်တွင် ကျွန်ုပ်ခစားလျက် အရှင်၏အမိန့်ကို နာခံပါမည်။
တာဝန်ယူပါမည်။ ဥပါယ်ပြု၍ ဟံသာဝတီမြို့သို့ အရောက်သွား ပါမည်။
အရှင်၏အမိန့်ကို သားတော်ထံ အရောက် ကျွန်ုပ်ပို့ဆက်ပါမည်"

အဲမွန်ဒယာ၏ လျှောက်ထားချက်ကို ကြားရလျှင် ရာဇာမိရာဇ်သည် လွန်စွာ ဝမ်းသာအားရတော်မူ၏။ "ပဲခူးမြို့ပတ်လည်မှာ သည်မျှ ခိုင်ခံ့စွာ သူတို့ရံထားသည်ကို ပသို့ မင်းဝင်မည်နည်း" ဟု မေးတော်မူ၏။

"သာမန်ရိုးရိုး ပကတိအားဖြင့် သွား၍မရပါ။ အကျွန်ုပ်၏ ကျောကို ကွဲအောင် ကြိမ်လုံးဖြင့် ရိုက်စေပြီးမှသွားလျှင် ဖြစ်နိုင်ပါမည်"

ဟု လျှောက်၏။ ရာဇာမိရာဇ်လည်း အဲမွန်ဒယာ လျှောက်ထားသည့်အတိုင်း ကျောပြင်ကို ကြိမ်ခြမ်းဖြင့် ဆယ်ချက်မျှ ရိုက်စေသည်။ အဲမွန်ဒယာသည် သူ့ရှင်အား ဦးခိုက်၍ စိတ်ကြိုက် သူရဲရှစ်ယောက်[၃] တို့ကို ခေါ်လျက် လက်နှစ်ဖက်လုံးတွင် ဓားကိုယ်စီကိုင်ကာ ထွက်ခွာသွားလေတော့၏။

၁။ မဟာသုတသောမမင်း (နိပါတ်တော် အမှတ်- ၅၃၇)ကို ဆိုလို၏။ မြန်မာမူတွင် သဒ္ဒသို့-ဟုဆို၏။ မွန်မူတွင် သုဒ္ဒသို့-ဟုလည်း ရေးခဲ့သည်။)(သုတ- သုဒ္ဒ- သိဒ္ဓိ)

၂။ မြန်မာပေမူတွင် ဒလမြို့ဟု ဆိုသဖြင့် မွန်မူနှင့် လွန်စွာ ကွဲလွဲ၏။

၃။ မြန်မာပေမူတွင် လေးယောက်- ဟုဆို၏။

www.burmeseclassic.com

www.burmeseclassic.com

အင်းဝကင်းတပ်ရှိသည့် မြစ်ကမ်းအနီးသို့ရောက်သော် "မင်းတို့ ဘယ်သွားကြမည်နည်း" ဟု မေး၏။ အဲမွန်ဒယာက– "ရာဇာဓိရာဇ်စစ်တပ်မှ ငါတို့ ထွက်ပြေးခဲ့သည်။ ရွှေနန်းသခင်၏ သားတော် မင်းရဲကျော်စွာထံ ငါတို့ ဝင်စားမည်လာသည်" ဟု ဟစ်၍ ဆို၏။ မြန်မာကင်းသမားများကြားလျှင် ဝမ်းသာ၍ ပင်းယသူကြီး (ဗင်ယသူကြီး)[၁] ထံ သတင်းပို့ကြသည်။ ပင်းယသူကြီးသည် အဲမွန်ဒယာနှင့် သူရဲရဂစ်ယောက်တို့ကို လှေဖြင့် ကြိုစေသည်။ ရောက်လျှင် စစ်ဆေးမေးမြန်းသည်။ အဲမွန်ဒယာလည်း ဥပါယ်ဖြင့် ပြောဆိုသည်။

ထို့နောက် အဲမွန်ဒယာနှင့် သူရဲရဂစ်ယောက်တို့အား ခေါ်၍ မင်းရဲကျော်စွာထံ ဆက်သသည်။ မင်းရဲကျော်စွာသည် သံသယဖြစ်၍ "မင်းနာမည် ပသို့ခေါ်သနည်း။ ပသို့ကြောင့် ထွက်ပြေးခဲ့ရပါသနည်း" ဟု မေးလျှင်–

> "ကျွန်ုပ်၏အမည်ကား အဲမွန်ဒယာဖြစ်သည်။ ရာဇာဓိရာဇ်၏ ရှေ့ပြေးတပ်တွင် ဗိုလ်မင်းဖြစ်ပါသည်။ ကျွန်ုပ်သည် ရာဇာဓိရာဇ်၏ အမှုတော်ကို သက်စွန့်ကြိုးပမ်း ထမ်းဆောင်ခဲ့သော်လည်း အခြားဗိုလ်မင်းများအား ချီးမြှင့်သကဲ့သို့ ဆုလာဘ်များကို ကျွန်ုပ်အား တစ်ကြိမ်မျှ ပေးတော်မမူသေး။ အမတ်ဒိန်၏ ကုန်းချောမှုကြောင့် ကျွန်ုပ်သည် အမှုတော်ကို မည်သို့ပင်ကောင်းအောင် ထမ်းဆောင်သော်လည်း အပြစ်သာလျှင် ဖြစ်ရပါသည်။ သူ့ရှင်သည် ကျွန်ုပ်အား ဒေါသအမျက်ထွက်၍ ကျောကွဲအောင် ကြိမ်ဒဏ်ပေးတော်မူသည်။ ကျွန်ုပ်သည် လွန်စွာ ဝမ်းနည်းမိပါသည်။ ကျွန်ုပ်သည် မည်မျှပင် အမှုတော်ကို ထမ်းဆောင်ပါသော်လည်း အကျိုးမခံစားရပါ။ သို့ဖြစ်သောကြောင့် ကျွန်ုပ်နှင့် ဒုက္ခအတူခံစားရသော ရဲဘက်တော် ရဂစ်ယောက်တို့နှင့် အဖော်ညှိ၍ ရွှေနန်းရှင်သားတော်၏ ရွှေဖဝါးတော်အောက်သို့ လာရောက်ခစားရခြင်း ဖြစ်ပါသည်။ သခင်၏ကျေးဇူးတော်ကို အသက်ထက်ဆုံး ဆပ်သွားပါမည်။ သခင်သည် ရာဇာဓိရာဇ်နှင့် စစ်ခင်းသည့်အခါ သူ့စစ်ကိုနိုင်အောင် ကျွန်ုပ် တိုက်ပေးလိုပါသည်။ အမတ်ဒိန်အား ကလဲစားချေလိုပါသည်။ တိုက်ခွင့်ပြုတော်မူပါ"

၁။ မြန်မာပေမူတွင် ပန်းအဲထောင်မှူး – ဟုဆို၏။

www.burmeseclassic.com

www.burmeseclassic.com

ဟု အဲမွန်ဒယာလျှောက်၏။ မင်းရဲကျော်စွာသည် သဲသယစိတ် မကုန်သေးသဖြင့် "အမတ်ဒိန်သည် အသက်ကြီးသော သေနာပတိကြီး ဖြစ်သည်။ ပညာလည်းကြီးသည်။ ငယ်သော ဗိုလ်မင်းကို ဝန်တိုး၍ ကုန်းချောမည့်သူ မဖြစ်နိုင်" ဟု စဉ်းစား၍-

"ဟယ်- အဲမွန်ဒယာ၊ နင်ပြောသည့်စကားတွေ ယုတ္တိမတန်ပါတကား။ ငါတို့စစ်ကို နင်ထောက်လှမ်းဖို့ လာခြင်းသာဖြစ်မည်။ ကောင်းသောစိတ်ဖြင့် နင်လာသည် မဟုတ်။ ငါတို့၏ ဆူးငြောင့်ခလုတ်သာ ဖြစ်မည်။"[၁]

ဟု- မိန့်၏။ ထိုနောက် ပင်းယသူကြီးအား "အဲမွန်ဒယာကို ငါမယုံ၊ သူ့စကားတွေ ယုတ္တိမရှိ။ မွန်တွေ ဥပါယ်များလွန်းသည်။ မွန်တို့၏ဝမ်းဗိုက်တွင် တံစဉ်ခုနစ်လက် ရှိသည်ဟု ဆိုစမှတ်ပြုကြသည်။ သည်အဆိုမှန်ပေမည်။ စစ်အတွင်းမှာပြေးလာသည့် ဗိုလ်ပါများကို ငါမယုံ"ဟု မိန့်ပြန်၏။ ပင်းယသူကြီးကလည်း-

"ရွှေနန်းသခင်သားတော် မိန့်တော်မူသည့်စကား မှန်ပေသည်။ သို့သော် လူကောက်ရှိသလို လူဖြောင့်လည်း ရှိပါသည်။ အဲမွန်ဒယာသည် ကျောကွဲအောင် ရာဇဒဏ်သင့်ထားသူဖြစ်သည်။ သူ့ရဲဘော်များနှင့် လာရောက်ခစားသည်မှာ ကောင်းသောစိတ်ထားဖြင့် လာခြင်းဖြစ်ပေမည်ဟု ကျွန်ုပ် မြင်ပါသည်"[၂]

ဟု- လျှောက်၏။ မင်းရဲကျော်စွာလည်း ပြုံးတော်မူ၏။

"ပင်းယသူကြီးသည် လူကြီးဖြစ်လျက် သည်လောက်မျှသော ဥပါယ်ကို မမြင်တတ်ပါတကား။ ရှေးက ပုဂံမင်းသည် အခမခန်း[၃] ကို သူကောင်းပြု၍ ပဲခူးစားအဖြစ် ထားသည်။ နောင် အခမခန်းသည် ပုဂံမင်းကို ပုန်စားသည်။ ပဲခူးတွင် အခမခန်း ပုန်စားသဖြင့် နှိမ်နင်းရန် ပုဂံမင်းသည် သမက်တော် စေတသူကြီးကို စေလွှတ်တော်မူသည်။ စေတသူကြီး စစ်ချီလာလျှင် အခမခန်းသည် ယောကျ်ားမဖြစ်သူ

၁။ မြန်မာပေမူတွင် ယင်းသို့ သဲသယဖြစ်ကြောင်း မဆို။ ကွဲလွဲချက်များသည်။

၂။ မြန်မာပေမူတွင် "အဲမွန်ဒယာသည် ဘကြီးတော်တွင် အမှုထမ်းသူရဲကောင်း ဖြစ်သည်။ နားတော် လျှောက်သည့်အတိုင်း မှန်ပေသော် ပဲခူးကို အလိုတော် ပြည့်လျှင် သူကြိုက်သည့်မြို့ကို စားစေကောင်းတော့သည်" ဟူ၍ ရာဇသကြို နားတော်လျှောက်၏- ဟု လာ၏။ မှန်မှုနှင့် ကွဲလွဲချက်များသည်။

၃။ အခမခန်းအကြောင်းကို အစဝိုင်းစာမျက်နှာ ၂၆ မှ ၂၉ တွင် ဖော်ပြခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

မတယော်က် (မတယျက်)အား ဥပါယ်ပြု၍ ကျောကွဲအောင်ရိုက်ပြီး စေတသူကြီးထံ ခစား‌စေသည်။ စေတသူကြီးသည် သံသယမရှိဘဲ လက်ခံသည်။ နောင်တွင် စေတသူကြီးသည် အဆိပ်သင့်၍ သေရသည်။ မွန်တို့၏ပရိယာယ်ကြောင့် ပျက်စီးရသည်မှာ ရာဇဝင်၌ လာရှိသည်ကို ပင်းယသူကြီး မသိလေသလော။ ထို့ပြင် မဟောသဓမင်းသည် အနုကေဝတ်အမတ်အား ကျောကွဲအောင်ရိုက်၍ စူဠဇနီဗြဟ္မဒတ်မင်းထံ ထောက်လှမ်းစေသဖြင့် စူဠဇနီဗြဟ္မဒတ်မင်း၏ စစ်သည်ဗိုလ်ပါများနှင့် လက်နက်ပစ္စည်းများစွာ ပျက်စီးပြီး မိတ္ထိုမြို့မှ ခွာပြေးရသည်မှာ မဟောသဓတ်ကို ပင်းယသူကြီး မဖတ်ပူးသလော။ ယခု ငါတို့ထံ အဲမွန်ဒယာလာသည်မှာ အနုကေဝတ် နည်းပင်ဖြစ်မည်။ သတ်ပစ်ပါကလည်း အစဉ်အလာ ပျက်ချေမည်။ နှင်ထုတ်ပါကလည်း သူတို့အကြံကို ကြောက်ရွံ့သည်ဟု သူတို့ဆိုမည်။ သံခြေချင်းခတ်ထားမှ တော်မည်။ စစ်သူလျှိုဖြစ်သည်မှန်လျှင် ကိုးယောက်လုံးကို ခေါင်းဖြတ်သတ်ပစ်မည်”ဒ

ဟု- မိန့်ပြီး အဲမွန်ဒယာနှင့် သူရဲရဂ်စ်ယောက်တို့ကို သံခြေချင်းခတ်၍ ထွက်မပြေးအောင် ခိုင်လုံစွာထား‌စေ၏။ အဲမွန်ဒယာလွတ်သွားပါက အစောင့်တို့ကို သတ်ပစ်မည်ဟု မိန့်သဖြင့် အစောင့်တို့ကလည်း အဲမွန်ဒယာတို့အား အကျဉ်းခ်ထား၍ နေ့ညမပြတ် စောင့်ကြပ်နေရ၏။ အဲမွန်ဒယာသည် ထွက်ပြေးရန် အမူအရာမပြ၊ တစ်နေ့တွင် တံခါးစောင့်အား အဲမွန်ဒယာက-

“ကျွန်ုပ်သည် ရာဇာဓိရာဇ်၏ ဗိုလ်မင်းဖြစ်သည်။ အသက်စွန့်၍ အမှုတော်ထမ်း‌ဆောင်ခဲ့သော်လည်း ကျွန်ုပ်သည် သူကောင်းအပြုမခံရပါ။ ရာဇာဓိရာဇ်ကို ကျွန်ုပ် မကျေနပ်။ နေ့စဉ်ပင် အာဃာတစိတ်တွေ ဖြစ်နေပါသည်။ ယခု ရာဇာဓိရာဇ်တပ်မှ ငါထွက်ပြေး၍ ရွှေနန်းသခင်၏ သားတော် မင်းရဲကျော်စွာထံ ဝင်ခစား‌သည်။ အသက်ထက်ဆုံး အမှုတော်ကို ထမ်း‌ဆောင်ရန် ကောင်းမြတ်သော စိတ်ထားဖြင့် ချဉ်းကပ်လာခြင်း ဖြစ်ပါသည်။ သို့သော် အကြံမအောင်ဘဲ အပြစ်ခံနေရပါသည်။ စစ်ဘေးက လွတ်ရန် ပြေးရာမှာ ကျားနှင့်တွေ့သလို ဖြစ်နေပါသည်။ ကျွန်ုပ်တို့အား သံသယဖြစ်နေတော်မူသည်မှာ ကျွန်ုပ်တို့၏

ဒ။ မြန်မာပေမူ၌ ယင်းသို့ဆိုကြောင်းကို မတွေ့ရ။ ကွဲလွဲချက်များသည်။

www.burmeseclassic.com

www.burmeseclassic.com

လုပ်ဆောင်မှုကို မမြင်ရ သေး၍ ဖြစ်ပါသည်။ ကျွန်ုပ်တစ်ယောက်ကိုသာ အကျဉ်းထားပါ။ သူရဲရဲရွစ်ယောက်တို့အား ထုတ်၍ တစ်ခါလောက် မွန်တို့နှင့်တိုက်ခိုက် ပါစေ။ သို့မှသာ အမှန်ကို သိတော်မူမည်။ ကျွန်ုပ်တို့သည် အသက်ကို မနှမြော။ ကံစီမံရာ ခံပါမည်"

ဟု– ဆို၏။ တံခါးစောင့်သည် သေနာပတိထံသွား၍ အဲမွန်ဒယာ၏စကားကို လျှောက်တင်သည်။ အဲမွန်ဒယာ၏စကားကို သေနာပတိက မင်းရဲကျော်စွာအား လျှောက်တင်ပြန်သည်။ ထိုအခါ မင်းရဲကျော်စွာ၏ စိတ်တွင် သံသယနည်းလာ၏။ "သင်းတို့ ရိုးရိုးသားသား ငါထံ ခစားလာသည်ရှိသော် ငါထားမည်။ သို့မဟုတ် အားလုံးကိုသတ်ပစ်မည်" ဟု မိန့်၍ သူရဲရဲရွစ်ယောက်တို့ကို ထုတ်စေ၏။ အဲမွန်ဒယာကိုမူ အကျဉ်း၌ ထားမြဲထား၏။ သူရဲရဲရွစ်ယောက်တို့ကို အဲမွန်ဒယာက "မင်းတို့စိတ်ကြမ်းထားပါ။ သေလုနီးပါး ဒဏ်ရာရထားသော မွန်သူရဲတို့ကို နေ့စဉ်ရအောင်ခုတ်၍ ဆက်သကြ" ဟု မှာ၏။ သူရဲရဲရွစ်ယောက်တို့လည်း နာခံမည်ဟု ဝန်ခံကြ၏။

မွန်သူရဲရဲရွစ်ယောက်တို့သည် မြန်မာဝတ်စုံကို ဝတ်ဆင်ကြ၏။ မွန်တို့နှင့် တိုက်ခိုက်သောအခါ သေလုနီးပါး ဒဏ်ရာရထားသည့် မွန်သူရဲတို့၏ ဦးခေါင်းများကို ဖြတ်၍ မင်းရဲကျော်စွာထံ လာရောက်ဆက်သသည်။ ယင်းသို့နေ့စဉ်ပင် ဆောင်ရွက်ကြသည်ကို မင်းရဲကျော်စွာ မြင်တွေ့ရသော် သံသယစိတ်တွေ ပပျောက်ကုန်သည်။

"အဲမွန်ဒယာသည် ရာဇာဓိရာဇ်အား တကယ်စိတ်နာ၍ ထွက်ပြေးလာခြင်း မှန်ပေသည်။ အကယ်၍ ဥပါယ်ဖြင့်လာသည်ရှိသော် သူ့ဘက်သားတွေကို ပသို့ ခုတ်သတ်နိုင် မည်နည်း"

ဟု မှူးမတ်များကို မိန့်တော်မူ၏။ မှူးမတ်များကလည်း ယင်းအတိုင်း မြင်ကြပါသည်ဟု လျှောက်ကြသဖြင့် အဲမွန်ဒယာကို အကျဉ်းမှ ထုတ်စေခဲ့သည်။ မွန်တို့နှင့် တိုက်ခိုက်စေရန် စီမံကြ၏။ အဲမွန်ဒယာကိုလည်း မြန်မာတို့ကဲ့သို့ ဝတ်ဆင်စေ၏။

နောက်တစ်နေ့၌ ဟံသာဝတီကို တိုက်မည်ဟု ထွက်ရာတွင် အဲမွန်ဒယာနှင့် သူရဲရဲရွစ်ယောက်တို့သည် ရှေ့ဆုံးကချီတက်ကြသည်။[၁] အဲမွန်ဒယာသည် လက်နှစ်ဖက်လုံးတွင် ဓားကိုင်လျက် အပြေးအလွှား ဝင်သည်။ မွန်တပ်နှင့်နီးသော် ခေါင်းပေါင်းကို

၁။ မြန်မာပေမူတွင် အဲမွန်ဒယာကို ဆင်ဦးတွင်စီး၍ စလင်းမင်းကို ကုန်းလယ်စီးစေသည်။ မွန်တို့ကို ခုတ်မည့်အဟန် ဆင်မှသက်၍ ဓားလွှားကိုပစ်၍ ဒလမြို့သို့ ပြေးဝင်လေ-ဟုလာ၏။ ကွဲလွဲချက်များသည်၊ မွန်မူတွင် ပဲခူးဟုဆို၍ မြန်မာမူတွင် ဒလဟု ဆိုကြသည်။ ပဲခူးနှင့်ဒလ (တွံတေး)မှာ ဝေးကွာလှသည်။

www.burmeseclassic.com

www.burmeseclassic.com

ချွတ်၍ လွှင့်ပစ်သည်။ ရာဇာမိရာဇ်စေလွှတ်သော အဲမွန်ဒယာနှင့် သူရဲရှစ်ယောက် ဖြစ်ကြောင်းကို မွန်တို့သိရန် ဟစ်၍ဆိုကြသည်။ ဟံသာဝတီမြို့တွင်းသို့ ပြေးဝင်ကြသည်။ မွန်တို့လည်း ဝမ်းသာအားရပြီး အဲမွန်ဒယာနှင့်အတူ ပဲခူးမြို့သို့ ပြန်ဝင်ကြသည်။ မြန်မာတို့နှင့် မတိုက်ခိုက်ကြတော့ပေ။

ပဲခူးရှိ ဗညားကျန်း[၁] သည် အဲမွန်ဒယာ ရောက်လာသဖြင့် လွန်စွာဝမ်းသာအားရ တော်မူသည်။ "မင်းဘယ်ကဲ့သို့ ငါ့ထံဝင်နိုင်သနည်း"ဟု ဗညားကျန်းမေးသော် အဲမွန်ဒယာသည် မည်ကဲ့သို့ ပရိယာယ်ပြု၍ လာရပုံအကြောင်းကို အသေးစိတ် လျှောက်ကြား၏။ ထိုနောက် –

> "ယခု ခမည်းတော် ရာဇာမိရာဇ်သည် ဇာတာတော်သန့်၍ ဘေး အန္တရာယ်ကင်းပြီ ဖြစ်သဖြင့် မုတ္တမမှခွာခဲ့ပြီ။ သန်လျင်တွင် စခန်းချ နေပါသည်။ အပြင်ကနေပြီး မင်းရဲကျော်စွာတို့အား တိုက်ခိုက်မည့် အကြောင်းကို အရှင့်သားတော် မသိမည်စိုး၍ ကျွန်ုပ်အား စေလွှတ် တော်မူသည်။ လဆန်းသုံးရက်၊ သောကြာနေ့တွင် စစ်မကြီးချီ၍ မင်းရဲကျော်စွာတို့ကို တိုက်ခိုက်မည်။ အနောက်ဘက်က စတိုက်မည်။ အရှင့်သားတော်လည်း အဆင်သင့်စီမံ၍ ညီညွတ်စွာ တိုက်ခိုက်ကြမည်"

ဟု လျှောက်၏။ ဗညားကျန်းသည် လွန်စွာ အားရဝမ်းသာတော်မူ၏။ စစ်အောင်ပြီး သကဲ့သို့ စိတ်ပျော်၍ အဲမွန်ဒယာအား ဆုလာဘ်ပေးတော်မူ၏။ "အဲမွန်ဒယာကဲ့သို့ ရဲစွမ်းသတ္တိနှင့် ပြည့်စုံသောသူရဲကောင်း အလွန်ရှားလှပေသည်"ဟု မိန့်၍ အဲမွန်ဒယာနှင့် သူရဲရှစ်ယောက်တို့ကို ခေါ်လျက် မြို့ရိုးထက်သို့ တက်ကာ မြန်မာစစ်ရဲများကို ကြည့်ကြသည်။ "ပသို့ တိုက်ရမည်နည်း"ဟု ဆွေးနွေးကြသည်။

အဲမွန်ဒယာနှင့် သူရဲရှစ်ယောက်တို့သည် ဥပါယ်ပြု၍ ဟံသာဝတီမြို့တွင်းသို့ ပြေးဝင်ကြကြောင်းကို မင်းရဲကျော်စွာသိရလျှင် ဒေါသပြင်းစွာ ထွက်တော်မူ၏။

> "အစကတည်းက သူ့ကိုငါမယုံ၍ သံခြေချင်းခတ်ထားစေ သည်။ နောင် ငါယုံအောင် သူတို့ပြုလုပ်ကြသည်။ သူတို့ ပရိယာယ်ကို ငါတို့ အကုန်မသိ၍ သူတို့ပြေးဝင်နိုင်ကြကုန်သည်။ သူ့အား ငါတို့ ပြန်မဦးမည်ပင်။ ပဲခူးကို ခိုင်ခဲ့အောင် ငါတို့ဝန်းရံထားသည်။ ပဲခူးမြို့ တွင်းသို့ အဲမွန်ဒယာ ရောက်နေသည်မှာ မြေလျှိုး၍ သူပြေးထွက်နိုင် မည်လော။ ငါ့လက်တွင်းရှိ ကြက်ကလေးပမာ ငါသတ်လိုသည့်အခါ

၁။ မြန်မာပေမူတွင် ဗညားဒလဟုဆို၏။

www.burmeseclassic.com

www.burmeseclassic.com

သူသေရပေမည်။ အဲမွန်ဒယာကိုမိလျှင် သူ့ရင်ကိုခွဲပြီး သူ့နှလုံးသည်းပွတ်ကို နှိုက်ထုတ်၍ကြည့်မည်”

ဟု မိန့်ပြီး သူရဲများအား လွှတ်၍ ဆဲဆိုစေ၏။

“ဟယ်- အဲမွန်ဒယာ၊ လူလိမ်၊ လူကောက်၊ လူစဉ်းလဲ၊ မုသားစကား ပလိပလာပြောပြီး မြို့တွင်းသို့ ဝင်ပြေးသည်။ မင်းကောင်းကောင်းနေ၊ မကြာမီ ငါတို့နှင့် တွေ့ရဦးမည်”

ဟု ဆဲဆိုသံကို အဲမွန်ဒယာ ကြားရလျှင်-

“အို- မင်းတို့ သည်လောက်မိုက်ကြသလား၊ မင်းတို့မှာ အရှက်တရားမရှိ၊ မင်းတို့အကြောင်းကို ငါကောင်းကောင်းသိသည်။ ဟံသာဝတီကို ရမည်လို့ မင်းတို့ ဘယ်တော့မှ မမှတ်ကြလေနှင့်။ သည်ပဲခူးမြို့တွင်းသို့ ငါဝင်ခဲ့ပြီးသော်လည်း သည်မှာ ငါနေမည် မင်းတို့မှတ်သလား။ မနက် မိုးသောက်လျှင် ငါပြန်ထွက်ခဲ့မည်။ မင်းတို့ စောင့်သာကြည့်လေ”

ဟု ချေပပြောဆို၏။ မြန်မာသူရဲများသည် အဲမွန်ဒယာ၏စကားကို မင်းရဲကျော်စွာထံ လျှောက်တင်ကြလျှင် မင်းရဲကျော်စွာလည်း အဲမွန်ဒယာကို လွန်စွာ မျက်တော်မူ၏။

“အဲမွန်ဒယာသည် ငါ့အား လိမ်လည်၍ ထွက်ပြေးပြီး ငါ့ကို တစ်ဖန် စောင်းပါးရိပ်ခြည် ဆိုပြန်သည်။ ဟံသာဝတီကို ယခင်ကထက် ခိုင်ခံ့မြဲမြံစွာ စောင့်ကြ။ အောက်ဘက်မှာ ပီလားကောင်မျှ မထွက်စေနှင့်၊ အထက် ကောင်းကင်မှလည်း ငှက်တစ်ကောင်မျှ ပျံ၍မထွက်စေနှင့်၊ လေးနှင့်ပစ်သတ်ရမည်။ အဲမွန်ဒယာကို မိအောင်ဖမ်းမည်။ အဲမွန်ဒယာသည် မြေလျှိုးနိုင်သလော။ ကောင်းကင်ပျံနိုင်သလော။ သင်းမှာ ကိုယ်ပျောက်နိုင်သည့် ပညာရှိသလော။ ကိုယ်ကို ဖျောက်နိုင်မှသာ သင်းကို ငါတို့ကြောက်ရမည်။ မင်းတို့ သတိကြီးစွာထား၍ သေသေချာချာ ဂဃနဏစောင့်ကြ၊ မည်သူတာက လွတ်ထွက်လွတ်ထွက်၊ လွတ်ထွက်သည့်တာရှင် ဗိုလ်မင်းကို အပြစ်ယူမည်။ နေ့ညမပြတ် မင်းတို့ စောင့်ကြပ်ချေ”[၁]

ဟု မင်းရဲကျော်စွာ မိန့်တော်မူ၏။ နံနက် မိုးသောက်လတ်သော် အဲမွန်ဒယာသည် ဗညားကျန်းထံ ဝင်ရောက်ဦးခိုက်၏။ “ကျွန်ုပ်သည် အရှင့်သားတော်ထံ သင်းပို့ပြီး

၁။ မြန်မာပေမူတွင် “အဲမွန်ဒယာ၊ နင့်အတောင်ရှိ၍ ပျံမည်လော။ မြေအောက်ကိုလည်း လျှိုးမည်လော။ ဥပါယ်ပြုသောကြောင့် နင် ဝင်ရလေသည်”ဟု ဝေါ၏။

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်၍ သူ့ရှင်ရာဇာဓိရာဇ်ထံ ယနေ့ပင် ပြန်ပါတော့မည်"ဟု လျှောက်၏။ "ပသို့ မင်း ထွက်ပါမည်နည်း"ဟု မေးတော်မူ၏။

"ကျွန်ုပ်သည် လူသေဟန်ဆောင်၍ ရေမျှောလျက်ထွက်မည်။ ငှက်ပျော ဖောင်ထက်တွင် ဝါးကပ်ဖြင့် ကျွန်ုပ်ကိုပတ်ပြီး မျှောချပါ။ ဆံရိတ်ထား သော မိန်းမတစ်ယောက်အား ငို၍ လိုက်ထွက်ပါစေ။ ထို့နောက် ရေသို့ မျှောချပါ။ မြန်မာကင်းသမားတို့မြင်လျှင် အလောင်းကောင်ဟု ထင်မည်။ မြန်မာတပ်ကိုလွန်လျှင် ကျွန်ုပ်သည် ဝါးကပ်ကိုခွ၍ ကုန်းထက်သို့ တက်ပြီး ခြေကျင်ဖြင့် သွားပါမည်"

ဟု လျှောက်၏။ ဗညားကျန်းလည်း ဝမ်းသာ၍ အဲမွန်ဒယာကို ချီးမွမ်း၏။ "ပညာရှိ လူသည်။ လိမ္မာသည်။ ရဲရင့်သည်။ ခိုင်မာကြံ့ခိုင်သော စိတ်ရှိသည့် သူရဲကောင်း ယောကျ်ား ပီသပါပေသည်"ဟု မိန့်၍ ငှက်ပျောဖောင်နှင့် ဝါးကပ်ကို ပြုလုပ်စေ၏။ ဝါးကပ်တွင် ဖျာခင်းစေသည်။ ဖျာတွင် အဝတ်ဖြူခင်းစေပြီး အဲမွန်ဒယာကို အိပ်စေ သည်။ နံဘေးနှစ်ဖက်တွင် ငါးပုပ်များကို ထည့်စေသည်။ ဝဲယာနှစ်ဖက်တွင် ဓား၌ည် တစ်လက်စီထားသည်။ ထို့နောက် ဝါးကပ်ဖြင့် ဖုံးစေသည်။ ဝါးကပ်အထက်တွင် ပျား၌ည်ဆမ်း၍ ယင်ကောင်များအား နားစေသည်။ ဝါးကပ်အတွင်းမှ အပြင်သို့ မြင်သာအောင် အပေါက်ငယ်များ ဖောက်ထားသည်။

ထို့နောက် မြို့တံခါးဖွင့်၍ မသာကို ထမ်းထုတ်စေသည်။ ဦးပြည်းကတုံး ရိတ်ထားသော မိန်းမတစ်ယောက်[၁] အား ငို၍ နောက်မှ လိုက်ထွက်စေသည်။ မြန်မာ စစ်တပ်နှင့် နီးသောအခါ မသာနောက်မှ လိုက်ရသော မိန်းမတစ်ယောက်သည် အမျိုးမျိုးအဖုံဖုံ ပြောဆိုရေရွတ်ကာ ငိုလေ၏။

"အို ကျေးဇူးရှင်ကြီး၊ ဆင်းရဲလည်းအတူ၊ ချမ်းသာလည်းအတူ၊ အေးအတူပူအမျှ၊ မယားနှင့် အတူတကွ၊ သည်စစ်ဘေးမှလွတ်အောင် ပြေးကြမည်ဆိုပြီး စစ်ကြီးမပြီးမီ၊ စစ်အတွင်းမှာ ကျောက်ရောဂါဖြင့် ငါ့သခင် သေရက်လေခြင်း။ ငါ့သခင် အလောင်းကို မြေမြှုပ်၍လည်း မရ၊ ငါ့သခင် အလောင်းကို ရေးပဝေဏီအတိုင်း ယခုလို ရေမျှော လိုက်ရလို့ ငါ့မှာ ယူကျုံးမရ စိတ်ပျက်ရလေခြင်း။ ကုသိုလ်ကံမရှိ သော်လည်း ရောဂါဆိုးဖြင့် မဟုတ်ဘဲ ရိုးရိုးရောဂါဖြင့် သေခဲ့ပါမူ ငါ့ကျေးဇူးရှင် သခင့်အလောင်းကို ထုံးစံအတိုင်း မီးသင်္ဂြိုဟ်နိုင်ပါပေါ့

၁။ မြန်မာပေမူတွင် မိန်းမလေးယောက် ဆံကိုဖြေ၍ ရင်ဘတ်တီး၍ ဟစ်၍ ငိုကြွေး– ဟု လာ၏။

www.burmeseclassic.com

www.burmeseclassic.com

လား။ အို သခင်ဘုရား၊ ဆိုးတူကောင်းဖက်ဆိုပြီး။ ယခုတော့ ချစ်မယား ကို ပစ်ထားပြီး သွားပါပေါ့လား။ သည်စစ်ဘေးက လွတ်အောင် မယားတစ်ယောက်တည်း ဘယ်လို ပြေးနိုင်တော့အံ့နည်း။ အို သခင် ဘုရား၊ ချစ်မယားကိုလည်း တစ်ခါတည်း ခေါ်သွားပါတော့လား။ သို့မှသာ နတ်ပြည်မှာ နှစ်ကိုယ်တူစံရမှာပေါ့ ငါ့သခင် လင်ကြီးရယ်"

ယင်းသို့ ဦးပြည်းခေါင်းတုံးဖြင့် မိန်းမသည် မျက်ရည်စက်လက်ဖြင့် ရင်ဘတ်ကို ထုကာ တကယ့်ချစ်လင်ကြီး၏ မသာကို ပို့သည့်အလား ဟန်အမူအရာ အပြည့်ဖြင့် ရေရွတ်ငိုယိုး၏။ ရေဆိပ်သို့ရောက်သော် မသာထမ်းသူများသည် ငှက်ပျောဖောင်နှင့် အလောင်းကောင်ကို ရေကြောင်းသို့ ရောက်အောင် မျှောချလိုက်လေတော့သည်။ ထိုနောက် မြို့တွင်းသို့ လှည့်ပြန်ကြသည်။[၁]

မြန်မာကင်းသမားများသည် ငှက်ပျောဖောင်မှ ပုပ်နံ့များရသဖြင့် တကယ့်မသာ ဟု ထင်မှတ်ကြသည်။ ကျောက်ရောဂါကို သူကြောက်ငါကြောက် အားလုံးကြောက် ကြသဖြင့် ငှက်ပျောဖောင်ကို ကင်းလှေအနီးသို့ မကပ်စေဘဲ ဝါးလုံးရှည်ဖြင့် ထိုးထုတ် လိုက်ကြသည်။ မြစ်တစ်ကွေ့သို့ လွန်မြောက်လတ်သော် အဲမွန်ဒယာသည် ဝါးကပ်ကို ခွဲလိုက်၏။ ငှက်ပျောဖောင်ကို ကမ်းသို့ရောက်အောင် လှော်ခတ်၍ ကမ်းဆိုက်လျှင် ဓားဆွဲကာ ကုန်းထက်သို့ တက်ပြေးသည်။ ထိုမှ သန်လျင်အရောက် ပြေးလေ၏။

ရောက်လျှင် ရာဇာဓိရာဇ်ထံဝင်၍ အစအဆုံး လျှောက်တင်လေ၏။ ရာဇာဓိရာဇ် သည် လွန်စွာ အားရဝမ်းသာသည်။ "အဲမွန်ဒယာသည် ပညာရှိ၍ လိမ္မာထက်မြက် လှသည်။ သူနှင့်တူသူ ဇမ္ဗူမှာမရှိပါ"ဟု ချီးမွမ်း၍ ဆုလာဘ်များစွာ ပေးတော်မူ၏။

နောက်တစ်နေ့ မိုးသောက်လျှင် မင်းရဲကျော်စွာဘက်မှ တပ်သားများသည် ဟံသာဝတီ မြို့တံခါးအနီးသို့ သွား၍ဆဲဆိုကြ၏။ "ဟယ်– အဲမွန်ဒယာ၊ မင်း မုသား စကားပြောသည်။ ပလီပလာသည်။ မင်း ထွက်မည်ဆိုပြီး ပသို့ကြောင့် မထွက်သေး သနည်း။ ခေါင်းပြတ်မည်ဆို၍ မထွက်ဝံ့သလော" ဟု ဟစ်၍ဆို၏။ ထိုဆဲသံကို မြို့ရိုး ထက်၌ ရှိကြသော မွန်သူရဲများက ကြားလျှင် ဟက်ဟက်ပက်ပက် ရယ်မောကြပြီး

၁။ မြန်မာပေမူတွင် ငှက်ပျောဖောင်တွင် မြေပန်းကန်နှင့် ဆန်တစ်ခွက်၊ ကြက်တစ်ခု၊ ခေါင်းရင်းကထား၍ ဆီမီးတိုင်ညှိပြီးလျှင် ချောင်းလယ်သို့ တွန်းလိုက်လည်– ဟု လာ၏။

www.burmeseclassic.com

www.burmeseclassic.com

ပြန်၍ဆဲဆို၏။ "ဟယ်– ငမိုက်တွေ၊ ငကန်းတွေ၊ ယမန်နေ့ကပင် အဲမွန်ဒယာ ထွက်သည်ကို မင်းတို့မျက်စိ ကန်းနေကြလို့ မမြင်သလော။ ယခုမှ ဘာကြောင့် အဲမွန်ဒယာ မထွက်သေးသနည်းလို့ မင်းတို့မေးဖို့ရန် ရှိသေးသလော"

မြန်မာသူရဲများကလည်း "မင်းတို့ မလိမ်ကြနှင့်၊ အဘယ်ကြောင့် ခေါင်းဖော်ပြီး မင်းတို့မထွက်သနည်း။ မင်းတို့ ပဲခူးမြို့ကို ခိုင်ခံ့ကြပ်တည်းစွာ ငါတို့ဝန်းရံထားသည်။ အဲမွန်ဒယာထွက်သည်ကို မဆိုထားနှင့်ဦး၊ ငှက်တစ်ကောင် ပျံထွက်လျှင်ပင် ငါတို့လက်မှ လွတ်သည်မရှိ။ အဲမွန်ဒယာထွက်သည်ဟု မင်းတို့ဆိုသည်မှာ သူ့မှာ အတောင်ရှိလို့ ပျံနိုင်သလော၊ မြေလျှိုးလို့ ထွက်နိုင်သလော။ မင်းတို့ ပြောစမ်းပါ" ဟု ဆို၏။

မွန်သူရဲများက– "အဲမွန်ဒယာသည် မြေလျှိုးလို့လည်း ရသည်။ ကောင်းကင် ပျံလို့လည်း ရသည်။ သူ့စိတ်ကြိုက်သွားနိုင်သည်ကို မင်းတို့မှတ်ပါ။ မင်းတို့မယုံလျှင် သန်လျင်မှာ သွားကြည့်ပါလား။ ငါတို့သခင် ရာဇာမိရာဇ်ထံသို့ အဲမွန်ဒယာ ရောက်နေပြီ။ ဟုတ်သည် မဟုတ်သည်ကို သိလိုလျှင် မင်းတို့ သွားကြည့်ပေတော့"

ဟု ဆို၏။[၁] ထိုစကားကို မြန်မာသူရဲများသည် မင်းရဲကျော်စွာထံ သွားရောက်လျှောက်တင်ကြ၏။ မင်းရဲကျော်စွာသည် ကောင်းစွာမယုံသေး–

"သင်းမှာ အဘယ်သို့သော တန်ခိုးဣဒ္ဓိပါဒ် ရှိသနည်း။ ငါသိလိုသည်"ဟု မိန့်၍ မင်းသုရသောင်(မင်သုရစ်ခ်)[၂] ကို လက်ဆောင်များနှင့်တကွ ရာဇာမိရာဇ်ရှိရာ သန်လျင်သို့ လွှတ်၏။ "အဲမွန်ဒယာကို မင်းကြည့်ခဲ့၊ မြင်လျှင် သည်မြင်းရွှေကနှင့် တကွ ကတ္တီပါဝတ်လုံကို ဆုအဖြစ်ပေးခဲ့" ဟုမှာ၍ ရွှေကနှင့်မြင်းတစ်စီး ခါသာပိတ်အုပ်များကို ပါးတော်မူလိုက်၏။

မင်းသုရသောင်သည် သန်လျင်သို့ရောက်သော် ရာဇာမိရာဇ်ထံဝင်၍ လက်ဆောင်ပဏ္ဏာများကို ဆက်သ၏။ "ပသို့သောကိစ္စဖြင့် မင်းရဲကျော်စွာက လက်ဆောင်ပဏ္ဏာများ ပို့လာသနည်း"ဟု သူ့ရှင် မေးတော်မူ၏။

"ကျွန်ုပ်လာသည့် ကိစ္စကား တခြားမဟုတ်ပါ။ အဲမွန်ဒယာသည် ပရိယာယ်ဖြင့် ကျွန်ုပ်တို့ထံ ဝင်စားပြီး ဟံသာဝတီသို့ ပြေးဝင်သည်။ ဟံသာဝတီကို ကျွန်ုပ်တို့ အထပ်

၁။ ယင်းသို့ အပြန်အလှန် ပြောဆိုပုံကို မြန်မာပေမူ၌ မတွေ့ရ။

၂။ မြန်မာရာဇဝင် (သုသောဓိတ) ပထမတွဲ၊ စာမျက်နှာ– ၅၄၁ နှင့် မှန်နန်းတွင်း လက်ယာထောင်မှူးကို လွှတ်သည်ဟုပြ၏။ မြန်မာပေမူတွင် လက်ျာသောင်မှူးဟု လွှတ်သည်ဟု ဆိုပြီး မြန်မာပုံနှိပ်မူတွင် လက်ျာသောက်မှူး– ဟုဆို၏။

www.burmeseclassic.com

ထပ် ဝန်းရံထားပါလျက် သင်းထွက်ခဲ့ပြီး အရှင်မင်းကြီးထံ ရောက်နေပြီဟု ဟံသာဝတီက မွန်သူရဲတွေဆိုသည်။ အဲမွန်ဒယာသည် ကောင်းကင်ကပျံခဲ့သလား၊ မြေအောက်လျှိုး၍ ထွက်ခဲ့သလား သိလိုပါသည်။ သို့မဟုတ် ဟံသာဝတီက သူရဲတွေ လိမ်လည်၍ဆိုသလော။ သံသယဖြစ်နေပါသဖြင့် အဲမွန်ဒယာအား တွေ့လိုပါသည်" ဟု လျှောက်၏။ ရာဇာမိရာဇ်ကြားလျှင် ရယ်မောတော်မူ၏။ "ဟံသာဝတီက အမှန်ကို ပြောသည်။ သူတို့ မလိမ်မည်၊ မုသားစကား မပြောပါ" ဟုမိန့်၍ အဲမွန်ဒယာအား ခေါ်ပြတော်မူ၏။ မင်းသုရသောင်လည်း အံ့သြသောမျက်စိဖြင့် အဲမွန်ဒယာကို ကြည့်ပြီး ရွှေကနှင့် မြင်းတစ်စီးကို ဆုအဖြစ် မင်းရဲကျော်စွာက အဲမွန်ဒယာအား ပေးခဲ့ကြောင်းကို သူ့ရှင်အား လျှောက်၏။ ထိုနောက် ပြန်ခဲ့၏။

မင်းသုရသောင်သည် အဲမွန်ဒယာအား မြင်ခဲ့ကြောင်းကို မင်းရဲကျော်စွာအား လျှောက်၏။ မင်းရဲကျော်စွာသည် အံ့သြ၏။

> "အဲမွန်ဒယာသည် သာမည မနုဿလူ မဟုတ်ပြီ။ နတ်ဒေဝါနှင့် တူတော့သည်။ သူမတူအောင် ဖြစ်တော့သည်။ မွန်သူရဲကောင်းများသည် အစွမ်းသတ္တိနှင့် ဉာဏ်ပညာကြီးမေသည်။ ယခု ရာဇာမိရာဇ်စစ်ချီလာသည်မှာ သားတော် ဗညားကျန်းကို ကူညီရန်ဖြစ်သည်။ ငါတို့ ကြာရှည်စွာ နေ၍မသင့်။ ဟံသာဝတီကို အမြန်ဆုံးရအောင် တိုက်မှဖြစ်မည်"

ဟု မိန့်၍ ဗိုလ်ပါသူရဲသူခက်များကို အဆင်သင့်ဖြစ်အောင် စီမံပြီး ပဲခူးမြို့ကို လုပ်ကြံတော်မူသည်။ မြို့ရိုးကို လှေကားထောင်၍ တက်ကြသည်။ ကွင်းဆက်သံကြိုးပစ်၍ တက်ကြသည်။ မြို့တွင်းမှလည်း မားလုံတို့ဖြင့်လည်းကောင်း၊ လေးမြားတို့ဖြင့် လည်းကောင်း ထိုးခုတ်ပစ်ခတ်ကြသည်။ မြို့ရိုးကို ကျော်တက်သော မြန်မာသူရဲ များစွာကျ၏။ မွန်သူရဲတွေလည်း များစွာကျ၏။ မြန်မာတို့သည် ပဲခူးမြို့တွင်းသို့ မဝင်နိုင်ကြသဖြင့် ရံ၍သာနေရ၏။ အကြိမ်ကြိမ် လုပ်ကြံသော်လည်း ပဲခူးမြို့ကို မဝင်နိုင်ကြပေ။

သန်လျင်မှ ရာဇာမိရာဇ် တပ်မသည်လည်း ဟံသာဝတီသို့ ချီလာကြ၏။ ထိုအခါ ဟူးရားသုံးပါးတို့က ရာဇာမိရာဇ်ထံ တင်လျှောက်ကြ၏။ "လာမည့် လဆန်း ၃-ရက်၊ သောကြာနေ့တွင် ကျွန်ုပ်တို့အရှင်သည် မြန်မာတပ်မကြီးကို အောင်ချိမ့်မည်။ လဆန်း လေးရက်[၁] တနင်္ဂနွေနေ့တွင် မင်းရဲကျော်စွာ အသက်ကုန်မည်။ ငါတို့သခင် အား[illegible]

၁။ မြန်မာပေမူတွင် တန်ခူးလဆန်း ၄-ရက်နေ့ကို တိုက်တော်မူ၊ မင်းရဲကျော်စွာကို ဆင်ခါ၍ကျလိမ့်မည်။ ခါးကျိုးလိမ့်မည်။ ရေကန်နား ဥနဲ့ပင်အောက်တွင် ရမည်ဟူ၍ သျှင်မထေရ် မဟာသာမိနှင့် ဘုန်းတော်ကြီးတို့က လျှောက်သည်ဟု ဆို၏။ မွန်မူတွင် လမပါ။ လဆန်း ၄-ရက်မှာ တနင်္ဂနွေဆိုလျှင် ၃-ရက်မှာ စနေဖြစ်သင့်သည်။

www.burmeseclassic.com

ကြီးမည်။ ဆင်စီးချင်းတိုက်ပါက မင်းရဲကျော်စွာကို ဖမ်းမိမည်" ဟူးရားတစ်ပါးက ရေကန်အနီးတွင်ဖမ်းမိမည်ဟုဆို၏။ အခြားတစ်ဦးက သစ်ပင်ကြီးတစ်ပင် အနီးတွင်ရမည် ဆို၏။ ကျန်တစ်ဦးကမူ တောင်ပို့အနီးတွင် မင်းရဲကျော်စွာကို မိလိမ့်မည်ဟု ဆို၏။

"ဟူးရားတို့က နေရာနှင့်တကွ မင်းရဲကျော်စွာကို မိချေမည်ဟု ဟောသည်ကား ကောင်းပေသည်။ မြန်မာဘက်ကလည်း ဟူးရားတွေရှိသည်။ မင်းရဲကျော်စွာ၏ အသက်ဆုံးမည့်ကိန်းမြင်လျှင် သူတို့တားလိမ့်မည်။ မင်းရဲကျော်စွာ ထွက်မတိုက်ခဲ့သော် သူ့ကို ပသို့ ငါရနိုင်အံ့နည်း"ဟု မိန့်တော်မူ၏။ ထိုအခါ အမတ်ဒိန်က–

"မင်းရဲကျော်စွာသည် အတက်ထက်သော ကြက်ဖပျိုနှင့်တူသည်။ တိုက်ခဲ့သမျှတွင် အစဉ် နိုင်ခဲ့သည်ချည်းဖြစ်သဖြင့် ဟူးရားတို့က တားပင်တားသော်လည်း နေမည်မဟုတ်။ တိုက်ကြက်တို့မည်သည် ရင်ဆိုင်နေသော အခြားကြက်ဖတွန်သံကို ကြားရလျှင် ပြေးထွက်လာသည်ချည်း ဖြစ်၏။ ဆင်စီးချင်းတိုက်ရန် ချိန်းချက်ပြုပါက ချိန်းသည့် နေရာမှာ မုချထွက်ခြိမ့်မည်။ အကယ်၍ မင်းရဲကျော်စွာ ထွက်မလာပါက ထွက်လာလေအောင် ကျွန်ုပ် တာဝန်ယူပါမည်"[၁]

ဟု ဆို၏။ ရာဇာဓိရာဇ်လည်း လွန်စွာဝမ်းသာ အား၏။ ထိုနောက် ဟံသာဝတီကို ဝန်းရံထားသော မြန်မာတပ်တို့အား အနောက်ဘက် မျက်နှာက တိုက်ခိုက် စေသည်။ ပဲခူးမြို့တွင်းမှလည်း ဗညားကျန်းတို့က ချိန်းဆိုထားသည့်အတိုင်း ညှပ်၍ တိုက်ခိုက်၏။ အင်းဝဘက်မှ မင်းမဟာလက်ွာသည် ကြွံကြွံခဲ၍ တိုက်၏။ မွန်နှင့် မြန်မာတို့ နှစ်ဖက်လုံး များစွာသေကြ၏။ ကြာလတ်သော် မွန်တို့က နှစ်ဖက်ညှပ်တိုက် ဖန်များသဖြင့် မင်းမဟာလက်ွာသည် လက်နက်မှန်၍ ကျဆုံးလေ၏။[၂] သားတော် ဗညားကျန်းသည် မင်းမဟာလက်ွာကို နိုင်သည့်အကြောင်းနှင့် စစ်ရေးစစ်ရာများကို ခမည်းတော်ထံ လာရောက် လျှောက်ကြား၏။

ရာဇာဓိရာဇ်သည် သားတော်နှင့်တွေ့ပြီး လွန်စွာအားရတော်မူ၏။ ကြည်းတပ်၊ ရေတပ်များကို ပဲခူးမြစ်အနီးတွင် စခန်းချနေစေ၏။ ထိုနောက် မင်းရဲကျော်စွာထံသို့ ဥပါကောင်းကို လက်ဆောင်ပဏ္ဏာများနှင့်တကွ စာစေ၏။ စာတွင် ဆင်စီးချင်းတိုက်ရန် ချိန်းဆို၏။

၁။ မြန်မာပေမူတွင် – သမိန်အဝနိုင်လည်း မြန်မာမင်းသားသည် နိုင်ကျင့်ကြက်နှင့် အတူ ကြက်ဖတစ်ပါးကိုမြင်က အလွန်လိုလားသကဲ့သို့ အလွန် လိုလားလှာသည် ဟူ၍ လျှောက်၏ ဟု တွေ့ရ၏။

၂။ မြန်မာပေမူတွင် ယင်းသို့မဆို။ ရာဇာဓိရာဇ်က စားတော်ကွမ်းကိုင် သူငယ်လွန်းစံကို သူရဲသုံးရာနှင့် မင်းရဲကျော်စွာတပ်ပါးသို့ သွား၍မြှူစေ၏။ ကလေးမင်းက မြင်းတစ်ထောင်နှင့် ထွက်၍လိုက်သည်။ ဘယ်ပြန်ညာပြန် ကျိစားကြသည်–ဟု ဆို၏။

www.burmeseclassic.com

မင်းရဲကျော်စွာသည် မင်းမဟာလက်ဝဲ တပ်ဗျက်၍ ကျဆုံးသည်ကို ကြားလျှင် လွန်စွာ ဒေါသထွက်၏။ ထိုအခိုက် ဥပါကောင်းသည် ပဏ္ဍာကာရများနှင့် ရာဇသံစာကို လာရောက်ဆက်သ၏။ မင်းရဲကျော်စွာသည် စာကိုရလျှင် ဖတ်ကြားစေ၏။ စာတွင်-

> "ယခုတစ်ကြိမ် တူတော်သည် ဟံသာဝတီသို့ ချီလာ၍ ငါ့အား စောင့်စားနေသဖြင့် ငါဝမ်းသာလှသည်။ တူတော်အား ကနဦးကပင် စစ်ပြုလိုသော်လည်း ဝသန္တမိုးကာလ ဖြစ်သဖြင့် ဆင်မြင်းဗိုလ်ပါများသည် နေသားမကျလှသေးသောကြောင့် မုတ္တမသို့ ခေတ္တသွား၍ ငါနေခဲ့သည်။ ယခုလည်း ဝသန္တဥတုကုန်ပြီး ဟေမန္တဥတုသို့ ရောက်ခဲ့ပြီဖြစ်၍ တူတော်နှင့်စစ်ပြုရန် ငါချီခဲ့ပါပြီ။ ကိတ္တိယသ ကျော်စောသော စစ်ပွဲကို ဝသန္တမိုးကျသည်တိုင်အောင် ငါတို့ ခင်းကျင်းနိုင်ပါသည်။ တူတော်သည် မြတ်သော ရာဇပုတ္တခတ္တိယ မင်းသားဖြစ်ခဲ့ပါမူ၊ လဆန်းလေးရက် တနင်္ဂနွေနေ့တွင် ငါနှင့် ယုဒ္ဓနကာရ စစ်ထိုးရန် ထွက်ခဲ့ပါ။ ဆင်စီးချင်းဖြင့် သည်တစ်ကြိမ် ငါတို့အချင်းချင်း စစ်အင်္ဂါခင်းကျင်း၍ အနိုင်အရှုံးကို မုချသိကြရပေတော့မည်"[၁]

မင်းရဲကျော်စွာသည် စာကိုဖတ်ပြီး လွန်စွာ ဒေါသထွက်၏။ လက်ဆောင်ပဏ္ဍာအသင့်အတင့်မျှသာ တံ့၍ ပြန်စာကို ဥပါကောင်းနှင့် ပေးလိုက်၏။ စာတွင်-

> "ကျွန်ုပ်ချီခဲ့သည်မှာ သည်မှာပင် နှစ်လည်ခဲ့ပါပြီ။ ဘကြီးတော်နှင့် ယုဒ္ဓနကာရ စစ်ထိုးရန် တူတော် စောင့်စားနေပါသည်။ အဆုံးကာလတိုင်အောင် ဘကြီးတော်နှင့် ဆင်စီးချင်းတိုက်၍ အနိုင်အရှုံးကို ယူမည်။ ယခု ဘကြီးတော် ရေးသားခဲ့သောစာသည် တူတော်၏စိတ်နှင့် အကြိုက်ညီပေသည်။ တူတော်နှင့်တိုက်ရန်သာ ဘကြီးတော်ကိုယ်ကို ဘကြီးတော် ဆင်မြန်း၍ စီရင်ထားချေတော့။ သည်တစ်ကြိမ် တစ်ဦးနှင့်တစ်ဦး ပရမတ္ထ[၂] မဖောက်မပြန် အကြောင်းမှန်ကို သိကြရတော့မည်"

ယင်းစာကိုရလျှင် ရာဇာဓိရာဇသည် လွန်စွာ အားရဝမ်းသာ၏။ "သည်တစ်ကြိမ် ငါသည် မင်းရဲကျော်စွာနှင့် ဆင်စီးချင်းတိုက်ပါက အင်းဝမှ ဆင်အားလုံးကို ငါမကြောက်။ ဆင်ဖြူတော် ဆဒ္ဒန္တ[၃] ကိုသာ ငါကြောက်သည်။ ဆဒ္ဒန္တကို သူတို့စီး၍ ထွက်တိုက်သော်

၁။ မြန်မာပေမူတွင် ယင်းသို့မတွေ့ရ။ တန်ခူးလဆန်း ၄-ရက်နေ့ ဟူ၍ တွေ့ရသည်။
၂။ ပါဠိ- ပရိမဋ္ဌ = သိမ်မွေ့ပြေပြစ်စွာ။ ယုဒ္ဓ = စစ်ထိုးခြင်း။ နကာရ = အပြု။
၃။ မြန်မာပေမူတွင်- ဗဂမတ်ဆင်- ဟုဆို၏။

www.burmeseclassic.com

ငါတို့ဆင်တွေ ခံနိုင်မည်မဟုတ်"ဟု မိန့်၍ ဆင်ဦးစီးဟောင်း[၁] ကို ခေါ်တော်မူ၏။ "ဆင်ဖြူတော် ဆဒ္ဒန္တကို မြန်မာတို့မစီးနိုင်အောင် သူ့ခြေကို သံမှိုနှက်[၂] ဖို့ မင်းကို ငါလွှတ်မည်။ ရမည်လော"ဟု မေးလျှင် ဆင်ဦးစီးငပျံလည်း "ရမည်"ဟု ဝန်ခံ၏။

မြန်မာအသွင် ဝတ်ဆင်၍ မြက်တစ်စည်းနှင့် ငှက်ပျောသီး[၃] နှစ်ဖီးတို့ကို ယူပြီး သွားလေ၏။ ညနေစောင်းတွင် ဆင်ဖြူတော် ဆဒ္ဒန္တကိုထားရာ တင်းကုပ်သို့ မြက်ရိတ်သမားအသွင် ဝင်သွားလေ၏။

မိုးချုပ်လတ်သော် ဆင်ဖြူတော်အနီးသို့ သွား၏။ ဆင်ဖြူတော် ဆဒ္ဒန္တလည်း ဦးစီးအနုံကိုသိ၍ နာမောင်းဖြင့်ဖက်၏။ မျက်ရည်လည်းကျ၏။ ဆင်ဦးစီးငပျံလည်း ငှက်ပျောသီးနှစ်ဖီးကို ပေး၏။ ခွံ့၍ကျွေး၏။ ဆင်သည် ငှက်ပျောသီးတစ်ဖီးသာ စား၏။ ပါးစပ်မဟာဘဲနေသဖြင့် ဆင်ဦးစီးက– "သည်ငှက်ပျောတစ်ဖီးကို ဘာကြောင့် မစားသနည်း။ ညီတော်အတွက် ချန်ထားသလား" ဟုမေး၏။ ဆင်ဖြူတော်သည် စကားကို နားလည်၍ ခေါင်းညိတ်ပြ၏။ ဆင်ဦးစီးငပျံလည်း ဆင်ဖြူတော်ကို ချစ်သနား၍ ငိုလေ၏။

"မနက်ဖြန်ခါ ငါတို့သခင် ရာဇာမိရာဇ်သည် မင်းရဲကျော်စွာနှင့် ဆင်စီးချင်းတိုက်ကြမည်။ အင်းဝဆင်အားလုံးကို မကြောက်။ မင်းကိုသာကြောက်၏။ မင်း၏ခြေကို သံမှိုနှက်ချေဟု ငါအားစေသည်။[၄] မင်းကိုချစ်၍ ငါမပြုရက်ပါ။ ငါ့ကို မင်းသနားပါ။ ငါ့အား ရာဒဇာမသင့်ပါစေနှင့်။မနက်ဖြန်မင်းကို မြန်မာတို့စီးပြီး ငါသခင်နှင့် ထွက်၍တိုက်ကြမည်။ ထိုအခါ ဆင်ဦးစီးကိုခါချပြီး အင်းဝဘက်မှ ဆင်မြင်း လူသူများကို လိုက်လံထိုးဝှေ့ပါ။ အားလုံးကွဲသွားအောင်၊ မစုစည်းနိုင်အောင် ပျက်စီးအောင် ထိုးဝှေ့ပြီးမှ တောတွင်းသို့ ပြေးဝင်ပါ"

ဟု ဆိုလျှင် ဆင်ဖြူတော်သည် ခေါင်းညိတ်၍ဝန်ခံ၏။ "အကယ်၍ ငါမှာသလို မင်းမလုပ်သော် မင်း၏ညီတစ်ယောက်၊ ငါတစ်ယောက်၊ ငါ့မိဘတွေပါ သေရပေမည်"[၅] ဟု ဆိုပြန်၏။ ဆင်ဖြူတော် ဆဒ္ဒန္တလည်း သနား၍ငို၏။ ထို့နောက် ဆင်ဦးစီးငပျံသည် မိုးမသောက်မီ ပြန်လေ၏။ ရာဇာမိရာဇ်ထံဝင်၍ အစစအရာရာ ဆင်ဖြူတော်ဆဒ္ဒန္တနှင့် မှာထားချက်များကို လျှောက်တင်၏။ ရာဇာမိရာဇ်လည်း လွန်စွာ ဒေါသထွက်၏။

၁။ မြန်မာပေမူတွင် ဦးစီးငပျံ ဟုဆို၏။

၂။ ၎င်း မယ်နန့်ချေ– ဟုဆို၏။

၃။ ၎င်း ကြဲသုံးချောင်း– ဟုဆို၏။

၄။ ၎င်း "မင်းဖိနပ်ကို မယ်နန့်ချေဟူ၍ ရှင်ဘုရင် စေတော်မူ၍ ကြွေးကော်သည်" ဟုလာ၏။ (မယ်နန့် = သံချွန်)

၅။ မြန်မာပေမူတွင် ငါနှင့် မင်းမိ၊ မင်းညီ ဟုဆို၏။

www.burmeseclassic.com

www.burmeseclassic.com

"မင်း သည်လောက် မိုက်ရသလား။ ဆင်နှင့် ချိန်းချက်ရအောင် ဆင်ကို မင်း အဘ မုတ်နေသလား။ ငါ့ထက် မင်းပိုတတ်သလား။ ခိုင်းသည်ကတစ်မျိုး လုပ်သည်က တလွဲ။ ငါ့ထက် မင်းတတ်သိလိမ္မာနေလျှင် မင်းကို ငါထား၍ရမည်လော" ဟု ခြေသံ့ဟောက်သကဲ့သို့ ကြိမ်းမောင်းဆဲဆိုပြီး "သင်းကို ယခု ငါသတ်မည်ဆိုက ငါ့ကို စိတ်မြန်လွန်းသည်"ဟု ဆိုကြတော့မည်ကို ဆင်ခြင်၍ ဦးစီးငပျဲကို သံခြေချင်းခတ်ထားစေ၏။ "ဆဒ္ဒန္တ ဆင်ကို သူတို့စီး၍ ငါနှင့်ထွက်တိုက်ပါက မင်းကို တစ်ဆွေလုံး တစ်မျိုးလုံး ခေါင်းဖြတ်သတ်ပစ်မည်"[၁] ဟု မိန့်တော်မူ၏။

မင်းရဲကျော်စွာဘက်မှ ဟူးရားတို့ကလည်း "မနက်ဖြန် ရွှေနန်းသခင်သားတော် ထွက်တော်မမူပါနှင့်ဦး။ ဇာတာတော်မသန့်၍ ဆိုင်းငံ့နေတော်မူပါ။ ရှေ့ ၇-ရက် လွန်မြောက်သော် ဇာတာတော်သန့်၍ ဘေးအန္တရာယ်မှ ကင်းလွတ်မည်။ ထိုအခါကျမှ ထွက်တော်မူပါ" ဟု လျှောက်ထားကြ၏။

> "ရာဇာမိရာဇ်နှင့် စစ်ထိုးရန် သည်တစ်ကြိမ် ငါချီခဲ့သည်မှာ နှစ်ဝက်ရှိပြီ။ ယခုမှ သူနှင့် တိုက်ရတော့မည်။ ငါ့အလိုဆန္ဒပြည့်ဝပြီ။ သူနှင့်စစ်ထိုးရန် အချိန်းအချက်ပြုထားပြီးပြီ။ ချိန်းဆိုထားသည့်အတိုင်း မထွက်ဘဲနေခဲ့ပါမူ ငါ့စကား ပျက်ချေတော့မည်။ ယခု ငါမတိုက်ခဲ့သော် နောင် ဘယ်သောအခါကျမှ သူနှင့် စစ်ထိုးခွင့် ရပါဦးမည်နည်း"

ဟု မိန့်တော်မူ၏။

"စစ်ရေးစစ်ရာတွင် တစ်ဦးကိုတစ်ဦး အနိုင်ရအောင် ယူကြသည်ချည်းပင်။ ကတိစကား ပြောဆိုထားသော်လည်း ပရိယာယ်ပြု၍ ပြင်ရမည်။ စကားကို ယတိပြတ် တထစ်ချ အစဉ်သဖြင့် မထားသင့်ပါ။ စကားကို အခါမရွေး ပြင်နိုင်ရမည်"[၂] ဟု မှူးမတ်တို့က လျှောက်တင်ကြ၏။ မင်းရဲကျော်စွာသည် ဟူးရားနှင့် မှူးမတ် သေနာပတိတို့၏စကားကို ကြိုက်တော်မမူ။ အောင်သေအောင်သားစား၍ရန် သားငါးနှင့် သူရာများကို စီရင်စေ၍ စည်မောင်းသံ သောသောညံအောင် တီးပြီး စားသောက်ပွဲ ကျင်းပ၏။ မင်းရဲကျော်စွာသည် ယခင်က တစ်နေ့လျှင် အရက်ကို တနာန်ခွက်သာ သောက်ကျင့်ရှိ၏။

၁။ မြန်မာပေမူတွင်- နှင့်ကို သားမယားနှင့်တကွ မီးတိုက်မည် ဟုဆို၏။

၂။ မြန်မာပေမူတွင်- စစ်ရေးတို့သဘောသည် ကြက်ဥတွင်းမှာ ကြက်သူငယ်နှင့် အတူ အဖြူအမည်းမသိသာ ဖြစ်သောကြောင့် ဗိုလ်မင်းတပ်မင်း စစ်ကဲများနှင့် တိုင်ပင်၍ အရေးကို မလွန်ပါစေနှင့်ဟု ရာဇသေကြိုနှင့် စလင်းစား နော်ရထာ တို့ လျှောက်သည်၊ မင်းရဲကျော်စွာလည်း မှူးမတ်များနှင့် သောက်စားနေ၏- ဟု လာ၏။

www.burmeseclassic.com

www.burmeseclassic.com

ယင်းနေ့တွင် တနာန်[၁] ခွက် နှစ်ခွက်မျှ သောက်တော်မူသည်။ မျူးမတ်ဗိုလ်ပါများလည်း ယခင်ကထက် ပို၍ သောက်ကြသည်။ ယင်းနေ့တွင် တစ်ဦးလျှင် အရက်ကို ပြည်ဝင်အိုး ၂-အိုးစီမျှ အားလုံးသောက်ကြသည်။

ချိန်းဆိုထားသောနေ့တွင် ရာဇာဓိရာဇဖစီးမည့် ဆင်တော်[၂] သီဟနာရာယနကို ရွှေကတင်၍ ဆင်မြန်းစေသည်။ ဆင်တော် သီဟနာရာယနသည် စစ်ထိုးသည့်အရာတွင် လွန်စွာ လျင်မြန်ပေါ့ပါးသည်။ စိတ်တိုင်းကျအောင် စစ်ထိုးတတ်သည်။ စစ်ဗျူဟာကို ကောင်းစွာ နားလည်သည်။ ဆင်ထက်၌ စစ်ထိုးရန် လက်နက်ပစ္စည်းများ တင်သည် သာမက ကျက်သရေမင်္ဂလာရှိသော အောင်ပန်းတွေဖြင့်လည်း ဆင်ယင်ကြသည်။ ဝိဇယမင်း၏ ဆင်တော်ကဲ့သို့ အလံတံခွန် ဒိုင်းလွှား၊ ဓားတို၊ ဓားရှည်၊ လုံတိုလုံရှည် အစစအရာရာ စုံလင်အောင်တင်၏။

စစ်ဝတ် အဆင်အယင်များမှာ အားလုံး အနက်ရောင်ချည်း ဖြစ်သည်။ သားတော် ဗညားကျန်းသည် ဆင်မနုရွတ် (မနုရတ်)ကို စီးသည်။ သားတော် ဗညားရံ (ဗညာရံ) သည် မာရနတ်ဆင်ကို စီးသည်။ ဆင်တပ်သုံးတပ်ကို အရောင် တစ်မျိုးစီဖြင့်

၁။ သုရာအရက်ကို သောက်သည့်စံချိန်ကို "တနာန်"ဟူ၍ လည်းကောင်း။ "တလှာတ်" ဟူ၍လည်းကောင်း။ မွန်မူတွင် သုံးနှုန်းသည်။ တလှတ်၊ တလတ်-ဟူသည်မှာ မွန်စကားတွင် တစ်ပြည်ဟု အနက်ရှိ၏။ ပြည်ဝင်မြူအိုးကို ဆိုဟန်တူ၏။ "တနာန်"ဟူသည် ယိုးဒယားစကား ဖြစ်သည်။ အုန်းမူတ် အခြင်အတွယ်ကို ခေါ်၏။ တနာန်တွင် တစ်လီတာ (၀၊) ၄၄-၇၅ ကျပ်သား။ ၂၁- အောင်စ (၀၊) တစ်ကွတ် (Quart) ပုလင်းနီးပါးခန့်ရှိသည်။ ပြင်သစ် အခြင်အတွယ်တစ်လီတာ(Litre) တွင် ၁၅သမား၆ ပိုင့် (Pints) ခန့်ရှိသည်။ တနာန်ခွက် နှစ်ခွက်(၀၊) နှစ်လီတာ သောက်သည်ဆိုသဖြင့် ဝိုင် (Wine) ခေါ် အရက်ချိုဖြစ်သလော။ သို့မဟုတ် စံချိန်မကိုက် မီးမတောက်သော တောအရက်ဖြူ ဖြစ်သလော။ သို့မဟုတ် ထန်းရည်လော။ မြန်မာပေမူတွင် မင်းရဲကျော်စွာသည် နေ့တိုင်းထက် လွန်၍ သောက်သည်။ ဆင်တော် ငချစ်ခိုင်ကို တစ်နေ့ အရက်နှစ်အင်တိုက်ရာမှ ယင်းနေ့တွင် သုံးအင်တိုက်သည်ဟု ဆို၏။

၂။ မြန်မာပေမူတွင် ရာဇာဓိရာဇသည် ရံ(ရာမ)ဟူသည့် ဆင်ကိုစီးသည်။ သားတော် ဓမ္မရာဇာသည် ယန်ဂမိန်ဆင်၊ သားတော် ဗညားရံ (ရာမ)သည် မစွဲလမွန်ဆင်၊ သားတော် ဗညားဝေသည် သီရိမင်းဂုန်းဆင်၊ အမတ်ဒိန်သည် ရာဇပေါက်သားဆင်၊ အမတ် မဟာသမွန်သည် မဟာပိတုန်းဆင်၊ သမိန်အဝန်ိသည် ဆင်ငရက်နွယ်ကို စီးသည်ဟု ဆို၏။ ဆင်တော် သီဟနာရာယနမှာ ဟိန္ဒူနွတ် ဗိဿနိုးကို ဆိုလိုသည်။ မွန်မူတွင် သားနှစ်ယောက်သာပြု၍ မြန်မာမူတွင် သား ၃-ယောက် ပြသဖြင့် ကွဲလွဲနေသည်။

www.burmeseclassic.com

www.burmeseclassic.com

ဆင်မြန်း စေပြီးလျှင် မဟာဇေယျမင်္ဂလာ အောင်မြင်သည့် အချိန်ကောင်းအခါကောင်းတွင် အောင်စည်တီး၍ ထွက်တော်မူသည်မှာ နတ်စစ်သည်တော် ထွက်သည်နှင့် တူတော့သည်။

ချိန်းချက်ပြုထားသည့်အတိုင်း မင်းရဲကျော်စွာဘက်မှ ထွက်မလာသေး၊ အင်းဝ စစ်တပ်အတွင်းမှ သောသောညံသည့် အသံဗလံများကို ကြားရ၏။ အမတ်ဒိန်က "မင်းရဲကျော်စွာသည် ချိန်းဆိုချက်အတိုင်း ထွက်မလာသည်မှာ ပုရောဟိတ်တို့က တားထား၍ ဖြစ်တန်ပါသည်။ သမိန်အဝနိုင်နှင့် သူရဲများကို သူ့တပ်အနီးသို့ လွှတ်ပြီး မြှူဆွယ်စေသင့်သည်။ သို့မှသာ မင်းရဲကျော်စွာ မခံနိုင်၍ ထွက်တိုက်ချိမ့်မည်" ဟု လျှောက်၏။

သူ့ရှင်လည်း အမတ်ဒိန်လျှောက်သည့် အရေးကို ကြိုက်တော်မူ၍ သမိန်အဝနိုင်နှင့် သူရဲငါးထောင်ကို မင်းရဲကျော်စွာတပ်အနီးသို့ ချဉ်းကပ်စေ၏။ သမိန်အဝနိုင်နှင့် သူရဲငါးထောင်တို့သည် သူ့ရှင်၏ အမိန့်အတိုင်း တပ်တိုင်များကို ခုတ်ဟန်၊ ဓား ကိုယ်စီဖြင့် သွားကြ၏။ မင်းရဲကျော်စွာ၏ တပ်အနီးတွင် တပ်တည်လေဟန် သစ်ခုတ်ကြသည်။ အင်းဝဘက်မှ သူရဲများလည်း သမိန်အဝနိုင်တို့ကို မြင်လျှင် "မင်းတို့ ဘာပြုလို့ လာကြသတုံး" ဟု မေး၏။ သမိန်အဝနိုင်တို့က–

> "မင်းတို့ လူကြောက်တွေ၊ မိန်းမနှင့်တူသည်၊ ယောကျ်ားမဟုတ်၊ မင်းတို့သခင် စိတ်ထန်သည်။ စိတ်မြန်သည်။ ရဲရင့်သည်ဟု ဆိုသည်မှာ သည်လိုပဲလား။ မင်းတို့သခင် မင်းရဲကျော်စွာသည် ငါတို့သခင် ရာဇာမိရာဇ်နှင့် ဆင်စီးချင်းတိုက်မည်ဆိုပြီး ထွက်မလာဝံ့သည်မှာ ကြောက်၍မဟုတ်လော။ ပသို့ကြောင့် မင်းတို့ ပျောက်ကွယ်ကုန်သနည်း။ မင်းတို့ ထွက်ပြေးတော့မည်လော။ မင်းတို့မျက်နှာ မမော်ဝံ့။ မထွက်ဝံ့။ တပ်တွင်း၌ ပုန်းကွယ်နေကြသည်မှာ မင်းတို့ မရှက်သလော။ မင်းတို့ကို ဝန်းရံထားဖို့ သည်မှာ ငါတို့ တပ်တည်မည်။ မင်းတို့တပ်ကို ဖျက်ဆီးပစ်မည်။ ဟံသာဝတီကိုယူဖို့ စိတ်မကူးနှင့်တော့။ မင်းတို့ သေဖို့သာပြင်ထားပေတော့။ အင်းဝကို ပြန်ရောက်ဦးမည်လို့ မင်းတို့ မမှတ်ကြနှင့်တော့"

ဟု– ဆဲဆို၍ သရော်ကြသည်။ ထိုနောက် တပ်တိုင်ထူရန် တွင်းတူးကြသည်။[၁]

၁။ မြန်မာပေမူတွင် အမတ်ဒိန်သည် မင်းရဲကျော်စွာတပ်နှင့် မနီးမဝေးတွင်ရပ်၍ ဟောတိုင်း၍ ကြိုးတန်း၍ ကနက်တိုင်စိုက်စေ၏။ နှင့်တို့ ပဇာပြုလာတုံသနည်းဟု မင်းရဲကျော်စွာ မေး၏။ တပ်ကိုရံမည့် အစီအရင်ကို တာဝေလာသည်ဟု ဆို၏။ ပသို့ အရံခံမည်နည်း။ ထွက်၍ တိုက်တော့မည်ဟု မိန့်တော်မူ၏– ဟုလာ၏။ ဤကား ဂွလွဲချက်တည်း။

www.burmeseclassic.com

www.burmeseclassic.com

အင်းဝဘက်မှ သူရဲများသည် သမိန်အဝန်ိုင်ဆဲဆိုသည့်စကားများကို မင်းရဲကျော်စွာထံ သွားရောက် လျှောက်ထားကြသည်။ မင်းရဲကျော်စွာကြားလျှင် မြွေနဂါးအဆိပ်ကဲ့သို့ အမျက်ဒေါသ ပြင်းပြစွာ ထွက်တော်မူသည်။ သောက်စားနေရာမှ ရုတ်ခြည်းထတော်မူသဖြင့် မစ္ဆမံသ သား၊ ငါးများထည့်သော ပန်းကန် အိုးခွက်များ ကွဲကုန်သည်။

"သည်တစ်ကြိမ် ငါ စစ်ချီခဲ့သည်မှာ ရာဇာဓိရာဇ်နှင့် စီးချင်းတိုက်လိုသဖြင့် တစ်နှစ်ခန့် စောင့်နေခဲ့ရသည်။ သူထွက်ပြေးနေ၍ တစ်ခါမျှ ငါမတွေ့ရ။ ယခု တွေ့ရတော့မည်။ ရာဇပုရောဟိတ်တွေ တား၍ ငါ ဆိုင်းငံ့နေသည်။ ငါ့ကို သည်လိုဆဲလျှင် ငါမခံ၊ ယခုထွက်မည်"

ဟု မိန့်၍ ဆင်တော် အခေတ[၁] ကို ရွှေကတင်ရန် ဆင်ဦးစီးအား စေ၏။ မှူးမတ်သေနာပတိ၊ ဟူးရား၊ ပုရောဟိတ်များက အဖန်ဖန် တားကြသော်လည်း မင်းရဲကျော်စွာ လုံးဝ မနာယူချေ။ ဆင်တော် ငချစ်ခိုင်(အခေတ)ကို စီး၍ ရာဇာဓိရာဇ်နှင့် တိုက်မည်ဟု ထွက်တော်မူသည်။ ဆင်ဖြူတော် ဆဒ္ဒန္တ[၂] ကို မင်းနန္ဒသူ[၃] အား စီးစေသည်။ ထွက်တော် မမူမီ ကညာပျို[၄] များကို မှာ၏။

"ရာဇာဓိရာဇ်နှင့် ဆင်စီးချင်း တိုက်ရမည်ဖြစ်၍ ငါအလွန်ဝမ်းသာအားရသည်။ ငါ့ဆင်တော် ငချစ်ခိုင်သည် စစ်နိုင်သည့်အခါတိုင်း ကြိုးကြာသဲကဲ့သို့ မြည်လေ့ရှိသည်။ ယခုတစ်ကြိမ် ယခင်ကထက်ပို၍ ကြိုးကြာသဲလိုမြည်သည်။ ဟံသာဝတီကို မုချမချတ် ငါရတော့မည်။ နင်တို့မစိုးရိမ် မကြောင့်ကြနှင့်"

ဟု မိန့်တော်မူပြီး ဖြုတ်ခြည်း ရုတ်ခြည်း ထွက်တော်မူ၏။

တပ်ပြင်သို့ရောက်သော် ဟံသာဝတီဘက်မှ ဆင်တပ်သုံးတပ်သည် အရောင်သုံးမျိုးဖြင့် စောင့်နေသည်ကိုမြင်လျှင် မင်းမဟာရာဇာအား မေး၏။

"လက်ယာဘက်က အနီရောင်တပ်သည် သားတော်အငယ် ဗညားရံတပ်ဖြစ်သည်။ လက်ဝဲတော်က ရွှေရောင်တပ်သည် သားတော်ကြီး ဗညားကျန်းတပ် ဖြစ်သည်။ ရာဇာဓိရာဇ်တပ်သည် အမည်းရောင် ဆင်ယင်ထားပါသည်"[၅] ဟု မင်းမဟာရာဇာ လျှောက်၏။

၁။ မြန်မာပေမူတွင် ငချစ်ခိုင်-ဟု ပြ၏။
၂။ မြန်မာပေမူတွင် ဗကမတ်- ဟုဆို၏။
၃။ မြန်မာပေမူတွင် မြေဒူးစား- ဟုဆို၏။
၄။ မြန်မာပေမူတွင် မိဖုရား စောမင်းလှကို သုံးသပ်၍မှာ၏- ဟုဆို၏။
၅။ မြန်မာပေမူတွင် သားတော် ဗညားဒလသည် ရှင်ဘုရင်အပါးက ချီရသည်ဟုဆို၏။

www.burmeseclassic.com

www.burmeseclassic.com

မင်းရဲကျော်စွာသည် စိတ်တက်ကြွစွာဖြင့် ထွက်တော်မူသည်။ ယခင်ကထက် ယစ်ရွှေရည်ကို စံချိန်လွန်အောင် သုံးဆောင်တော် မူထားသဖြင့် ယစ်တော်မူ၏။ သူရဲသူခက်များလည်း အရက်ကို ယခင်ကထက်ပို၍ သောက်သုံးထားကြသဖြင့် မူးမူးနှင့်ပင် နောက်တော်မှ လိုက်ထွက်ကြသည်။ မင်းနန္ဒသူ (မြေဒူးမင်း)သည် ဆင်ဖြူတော် ဆဒ္ဒန္တ (ဗကမတ်)ကို စီး၍ အလျင်အမြန် လိုက်ထွက်သည်။

သမိန်အင်းဝနိုင်လည်း မင်းရဲကျော်စွာတို့ ထွက်လာသည်ကိုမြင်လျှင် သူရဲသူခက်များအား စုရုံးလေ၏။

ဆင်ဖြူတော် ဆဒ္ဒန္တသည် အနည်းငယ်မျှ ထွက်ခဲ့ပြီးသော် ဆင်ဦးစီးနှင့်တကွ မင်းနန္ဒသူတို့အား ကုန်းလယ်မှ ခါချလေ၏။ ထိုနောက် ဆင်၊ မြင်းလူသူများကို လိုက်ထိုးတော့သဖြင့် ဆင်တပ်အားလုံး ဖျပ်ဖျပ်လန့်ကုန်သည်။ အင်းဝ ဆင်စီးသူရဲများလည်း စုရုံး၍ ဆင်ဖြူတော် ဆဒ္ဒန္တကို ဝိုင်းဖမ်းကြသည်။ ထိုးခုတ်ပစ်ခတ်ကြသည်။ ဆဒ္ဒန္တ ဆင်ကို ထိုးခုတ်ပစ်ခတ်နေရသဖြင့် မင်းရဲကျော်စွာနောက်သို့ပင် ဆက်မလိုက်ကြပေ။ ဆဒ္ဒန္တ ဆင်လည်း လက်နက်ဒဏ် ထိဖန်များ၍ နာကျင်လှသည်နှင့် သျှိသျှားတောတွင်းသို့ ပြေးဝင်လေ၏။ ကိုယ်တွင် စူးစိုက်နေသော မြားများကို နာမောင်းဖြင့် ဆွဲနုတ်သည်။

မင်းရဲကျော်စွာသည် မူးယစ်သည့်အရှိန်ဖြင့် နောက်တပ်ကို မစောင့်ဘဲ မိမိတစ်တပ်တည်းသာ ရှေ့ဆုံးကထွက်တော်မူသည်။ စစ်အင်္ဂါနှင့် မပြည့်စုံဘဲ မင်းရဲကျော်စွာထွက်လာသည်ကို အဝေးမှမြင်ရသဖြင့် ဝမ်းသာ၍ ရာဇာမိရာဇ်သည် အားတက်သရော ချီတော်မူ၏။ သားတော်နှစ်ပါးအား လက်ဝဲလက်ယာရံ၍ ချီစေသည်။[၁] ရွှေလှံကိုင်၊ ကြေးလှံကိုင် သူရဲများကို ရှေ့တော်မှထွက်စေသည်။ ရာဇာမိရာဇ်သည် မင်းရဲကျော်စွာတပ်နှင့် ဦးတည်၍ထွက်သည်။ သားတော်နှစ်ပါးကို လက်ဝဲလက်ယာမှ ခပ်ခွာခွာဆင်များအား ကၡ်ချီစေသည်။

ယင်းသို့ ဆင်တပ်ကို သုံးမျက်နှာခွဲ၍ ရာဇာမိရာဇ် ချီလာသည်ကို မင်းရဲကျော်စွာဘက်မှ ဓားလှံကိုင်သူရဲများသည် တစ်ဟုန်တည်း ပြေးထွက်လာ၍ စတင်တိုက်ခိုက်သည်။ ရာဇာမိရာဇ်ဘက်မှ ဓားလှံကိုင် သူရဲများလည်း ခုခံတိုက်ခိုက်၏။

၁။ မြန်မာပေမူတွင် သားတော် ဗညားဓမ္မရာဇာနှင့် သားတော်ဗညားရံတို့ကို လက်ဝဲ လက်ယာချီစေ၍ သားတော် ဗညားဒလကို ဒလမြို့အပါးက နေစေသည်ဟု ဆို၏။ ဤသွေဖျက်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

နှစ်ဦးနှစ်ဖက် ဓားလုံကိုင် သူရဲသူခက် အချင်းချင်းတို့သည် ထွေးထွေးလုံးလုံး ဖြစ်အောင် တိုက်ခိုက်ကြသည်။ ထိုစဉ် ရာဇာဓိရာဇ်၏ ဆင်တပ်နှင့် မင်းရဲကျော်စွာ၏ ဆင်တပ်တို့ နှစ်ဖက် ဆုံမိကြလျှင် အပြင်းတိုက်ခိုက်တော်မူကြသည်။ နောက်တော်မှ ဆင်တပ်များလည်း ရှေ့နောက် စီတန်း၍ ချီလာကြသည်။

ထိုအခိုက် မင်းရဲကျော်စွာစီးသော ဆင်တော် ငချစ်ခိုင်သည် မူးယစ်သည့် အရိုန်ကြောင့် စစ်သံကြားလျှင် လန့်ဖျပ်၍ ကြမ်းတမ်း ဆိုးသွမ်းလာ၏။

သို့စဉ် မင်းရဲကျော်စွာအား ရုတ်ခြည်းခါချ၍ တွေ့ကရာ ဆင်မြင်းလူသူများကို အပြင်း လိုက်ထိုးတော့သည်။ မင်းရဲကျော်စွာ၏တပ်မှ ဆင်များလည်း ဖရိုဖရဲဖြစ်ကုန်သည်။ မင်းရဲကျော်စွာသည် ဆင်ထက်မှကျ၍ ခါးကျိုးသဖြင့် လမ်းမလျှောက်နိုင်တော့ပေ။

သို့နှင့် နှစ်ဖက်သော စစ်မျက်နှာများသည် ထွေးလုံးစွာ တိုက်ခိုက်ကြသဖြင့် မြေမှုန်များ တထောင်းထောင်း ထကုန်၏။ မင်းရဲကျော်စွာသည် လေးဖက်တွား၍ တရွေ့ရွေ့နှင့် ရွေ့သွားရာ ခြတောင်ပို့တစ်ခုနှင့် ရေတွင်းတစ်တွင်းအနီးရှိ မြေနိမ့်သို့ ရောက်လျှင် ပုန်းကွယ်ကာ နေလေ၏။ ဖုန်မှုန့်ထူလှသဖြင့် မင်းရဲကျော်စွာအား မည်သူမျှ မမြင်ချေ။[၁]

နှစ်ဖက်သော ဆင်တပ်ချင်းတိုက်ရာမှ ရာဇာဓိရာဇ်သည် ရှေ့ချီ၍ ထိုးခုတ်သဖြင့် အင်းဝဘက်မှ ဆင်များလည်း မခံနိုင်၍ ဆုတ်ပြေးသည်။ ဆင်ဖြူတော် ဆဒ္ဒန္တကို ရှာသော်လည်း မတွေ့။ ဆင်တော် ငချစ်ခိုင်ကို မြင်ပြန်သော် မင်းရဲကျော်စွာအား မတွေ့သဖြင့် ဆင်ကို သူရဲများအား ဖမ်းယူရန်မိန့်၏။

မင်းရဲကျော်စွာ ကျဆုံးလေသလောဟု သံသယဖြစ်တော်မူ၍ တိုက်ခိုက်မှုကို ရပ်စေလိုက်၏။ မြေမှုန်မြေမှုန့် ထူထပ်ရာမှ ငြိမ်သက်သည်နှင့် "မင်းရဲကျော်စွာကို လိုက်ရှာကြ" ဟု သူရဲများကို မိန့်၏။ မှူးမတ်ဗိုလ်ပါများလည်း ရာဇာဓိရာဇ်၏ အမိန့်အတိုင်း အနှံ့အပြား လိုက်ရှာကြ၏။

၁။ မြန်မာပေမူတွင် မင်းရဲကျော်စွာဆင်ကို အားလုံးအုံ၍ တိုက်လေ၏။ မင်းရဲကျော်စွာဆင် ငချစ်ခိုင်ကို ဆင်ခြေဖုံးတို့ အုံ၍ထိုးလျှင် ဆင်ခါ၍ မင်းရဲကျော်စွာ ဆင်ထက်ကကျ၍ ကျလျှင် ဆင်ခတ်မိ၍ ခါးကျိုးလျှင် ရေကန်နား ဥနဲ့ပင်အောက်တွင် ဝင်၍နေသည်။ မြေမှုန်ထူလှသောကြောင့် မမြင်ချေ။ ဆင်တော်တွင်ပါသည့် ခြေသည်များလည်း သေကုန်လေ၏။ ကုန်းလယ်စီး နန္ဒသူရိယကိုလည်း ထိုး၍ကျလေ၏ ဟုလာ၏။

www.burmeseclassic.com

www.burmeseclassic.com

မကြာမီ ခါးကျိုးနေသော မင်းရဲကျော်စွာကို ရေတွင်းအနီး ကျည်းပင်ရင်းရှိ ခြံတောင်ပို့၌ တွေ့ရသည်။[၃] မင်းရဲကျော်စွာအား အစောင့်ထား၍ သူ့ရှင်ထံ လျှောက်တင်ကြ၏။ ရာဇာမိရာဇဇီလည်း ရွှေဝေါယာဉ်ဖြင့် မင်းရဲကျော်စွာအား ကြိုခဲ့စေ၍ တပ်စခန်းသို့ ပြန်တော်မူ၏။

အင်းဝဘက်မှ ဆင်တပ်တို့သည် ကစဉ့်ကလျားဆုတ်ခွာကြသည်။ မင်းရဲကျော်စွာကိုလည်း ရှာမတွေ့ကြသဖြင့်- "ငါတို့သခင် ပျက်စီးရပြီ"ဟု အချင်းချင်းဆိုကြပြီး ကြောက်ရွံ့ထိတ်လန့်ကုန်ကြသဖြင့် တပ်စခန်းသို့ မပြန်တော့ဘဲ တကွဲတပြား ဖြစ်ကုန်သည်။ တပ်စခန်းရှိ ဗိုလ်ပါသူရဲသူခက်များလည်း မင်းရဲကျော်စွာကိုမတွေ့။ ဆင်တပ်လည်း ပျက်၍ တကွဲတပြား ပြေးကုန်သည်ကိုမြင်လျှင် တပ်နတ်၍ အင်းဝသို့ ပြန်ကြလေသည်။

ရာဇာမိရာဇဇီသည် တပ်စခန်းသို့ ပြန်ရောက်လျှင် ဆဒ္ဒန္တဆင်ဦးစီး ငပျဲအား အကျဉ်းမှ ထုတ်စေ၏။ "မင်းအချိန်းအချက် ပြုထားသည့်အတိုင်း ဆင်ဖြူတော် ဆဒ္ဒန္တကို သွားယူချေ။ ရခဲ့သော် မင်းကို ငါ သူကောင်းပြုမည်"ဟု မိန့်၏။ ဆင်ဦးစီး ငပျဲလည်း ကြိတစ်စည်းကိုယူ၍ သျှိသျှားတောသို့ ဝင်လေ၏။

ဆဒ္ဒန္တဆင်သည် မုန်ကျနေစဉ်ဖြစ်၍ ဦးစီးငပျဲမှာ အနီးသို့ မချဉ်းကပ်ဝံ့။ အဝေးမှနေ၍ ဆို၏။ "အို... ဆဒ္ဒန္တ၊ သည်တစ်ကြိမ် ငါ့အားမင်းကူ၍ ငါ သေဘေးမှလွတ်ရပြီ။ မင်းလည်း များစွာ မုန်မယစ်ပါနှင့်။ ငါ့သခင်က မင်းကို အကြိုလွတ်ခဲ့ပါပြီ။ မင်းအမိနှင့် ညီကိုရှာရအောင် ငါနှင့်အတူ ပြန်ကြပါစို့"

ဆဒ္ဒန္တသည် ငပျဲ၏အသံကို ကြားလျှင် မှိုင်တွေ၍နေ၏။ ဦးစီးငပျဲလည်း အကြိမ်ကြိမ် ဟစ်၍ဆို၏။ ဆဒ္ဒန္တလည်း ဦးစီးကို မှတ်မိလာသောအခါ နဂိုပကတိအတိုင်း ငြိမ်သက်စွာနေတော့၏။ ထိုအခါ ဦးစီးလည်း ကြိစည်းကိုယူကာ အနီးသို့ ဝင်၍ ကြိကိုကျွေးသည်။ ဆင်ကိုယ်တွင် လက်နက်ထိထားသော ဒဏ်ရာများကို မြင်လျှင် ဦးစီးငပျဲမှာ ဆင်ကို ချစ်သနားသဖြင့် ငိုယို၏။

၁။ မြန်မာပေမူတွင် ရေကန်နား ဥနဲ့ပင်အောက်မှာ ရှာချေမှ ညသုံးချက်တီးလွန်မှ မင်းရဲကျော်စွာကို ရသည်- ဟု လာ၏။

၂။ မြန်မာပေမူတွင် ယင်းသို့မဆို။ ဒလတွင်လည်း မင်းရဲကျော်စွာကို ရာဇာမိရာဇ ရဇော်မူ၍ လွန်လေလျက်ပင် ရေတပ်မင်းတို့သည် ရုံးစည်း၍ အခိုင်ပင်နေ၏။ ရာဇာမိရာဇ်ကား နှစ်ကြိမ်၊ သုံးကြိမ် လုပ်ကြံသည်၊ မနိုင်ချေသောကြောင့် အမတ်ဒိန် လျှောက်သည် -- လျှောက်သည့်အတိုင်း စလင်းစားထံ စာစေတော်မူ၏ ဟုဆို၏။

www.burmeseclassic.com

www.burmeseclassic.com

ထို့နောက် ဆင်ကို စခန်းအရောက် ခေါ်ဆောင်ခဲ့သည်။ စခန်းအဝင်တွင် ရာဇာဓိရာဇ် ကိုယ်တိုင်ထွက်၍ ဆင်ဖြူတော် ဆဒ္ဒန္တ ကို ကြိုး၏။ ဆင်လည်း သူ့ရှင်ကိုမြင်လျှင် ရိုသေစွာဝပ်၍ နှာမောင်းဖြင့် သူ့ရှင်၏ ရွှေဖဝါးတော်ကိုဖက်၏။ မျက်ရည်တွေလည်း ပေါက်ပေါက်ကျလေ၏။ ရာဇာဓိရာဇ်လည်း ဆင်ကိုယ်တွင် ဒဏ်ရာအများအပြားကို မြင်လျှင် လွန်စွာသနား၏။ လက်တော်ဖြင့် ဆင်ဦးကို ပွတ်သပ်တော်မူ၏။[၁] ဆင်ကို သနားလွန်းသဖြင့် မျက်ရည်ပင် မဆည်နိုင်အောင် ဖြစ်၏။ ဆင်ကို ချီသာစွာ ချော့မော့တော်မူ၏။ ဆင်၌ ရရှိထားသော အနာများကို ကောင်းစွာကုသရန် သမားတော်များအား မိန့်ကြားသည်။

"ဆင်၌ ရရှိထားသော ဒဏ်ရာများကို ပျောက်အောင်ကုသချေ။ ဆင်၌ အန္တရာယ်တစ်ခုခု ဖြစ်ခဲ့ပါလျှင် မင်းတို့ကို တစ်ဆွေတစ်မျိုးလုံး သတ်ပစ်မည်" ဟု မိန့်တော်မူ၏။ ဆင်ဦးစီးငပျံကို ဆုလာဘ်များစွာ ပေးတော်မူ၏။ သမားတော်များလည်း ဆင်ဖြူတော်ကို မြို့တွင်းသို့ ခေါ်ဆောင်၍ ကုသကြလေ၏။ ရာဇာဓိရာဇ်လည်း တပ်စခန်းတွင်းသို့ ဝင်တော်မူ၏။

မှူးမတ်များသည် မင်းရဲကျော်စွာကို ဆောင်ယူခဲ့သဖြင့် မြင်တော်မူလျှင် ရှေးဘဝတွင် သားတော်ဖြစ်ခဲ့စဉ်က အတူနေခဲ့ဖူးသဖြင့် လွန်စွာ သနားတော်မူ၏။ ချီသာစွာ ချော့မော့ပြောဆို၍ အားပေးတော်မူသည်။

"ငါ့တူတော်သည် ငါနှင့်စစ်ပြု၍ ရှုံးရသည်မှာ စစ်တို့၏ ဓမ္မတာ အစဉ်အလာ ပဝေဏီဖြစ်သည်။ စစ်ပြုရာမှာ အနိုင်နှင့်အရှုံးသာ ရှိသည်။ ငါ့တူတော် ဝမ်းမနည်းပါနှင့်။ ဘုရင်မင်းခေါင်ကို ငါညီတော်ဟု မှတ်သဖြင့် မင်းမှာကား ငါ့တူတော် ဖြစ်တော့သည်။ မြင့်မြတ်သော မင်းဇကာဇ်သားပင် ဖြစ်သည်။ ငါ့တူတော်သည် မင်းယောကျ်ား ဖြစ်သဖြင့် ဘာမျှ ဝမ်းနည်းဖွယ်၊ ပူဆွေးဖွယ် မရှိပါ။ အဘယ်ကြောင့်ဆိုသော် ငါ့တူတော်သည် စစ်တိုက်သည့်အရာမှာ တကယ့်ကို ရဲစွမ်းသတ္တိနှင့် ပြည့်စုံသည်။ တိုက်ခိုက်မှုမှာ သူမတူအောင် ကောင်းလှသည်။ ငါ့တူတော်၏

၁။ မြန်မာပေမူတွင် ဆင်ဖြူတော် ဆဒ္ဒန္တ (ဇကမတ်)ကို ယင်းသို့ ကြိုဆိုကြောင်း မတွေ့ရ၊ သို့သော် သုသောဓိတ မဟာရာဇဝင် ပ-တွဲ၊ စာမျက်နှာ ၅၅၀-တွင် ဦးစီးငပျံကို သံခြေချင်းခတ်၍ ထားရာမှ လွတ်၍ကြိုစေ၏။ ဇကမတ်လည်း ဦးစီးငပျံကို မြင်လျှင် နှာမောင်းနှင့်ပိုက်၍ တပ်သို့ဝင်လေ၏။ ရာဇာဓိရာဇ်လည်း အားရတော်မူ၍ ကြွ၊ ငှက်ပျော ကျွေးမွေး၏။ ငပျံကို နာဂပတ္တိအမည်နှင့် ဇာလမန်ရွာကို စားစေ၏ – ဟု တွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com

ကောင်းသတင်း ကျော်စောသတင်းသည် အတိုင်းတိုင်း အပြည်ပြည်၊ ဒေသခေတ္တရာ အသီးသီးသို့ ပျံ့နှံ့၍ ချီးမွမ်းသံတို့မှာ ထူထပ်လျက် ရှိပါသည်။ ငါ့တူတော်သည် ငါ့လက်သို့ ရောက်ရသော်လည်း မည်သည့်အန္တရာယ် တစ်ခုခုကိုမျှ မဖြစ်စေရပါ။ မင့်ခမည်းတော် ဘုရင်မင်းခေါင်သည် မင်းအား ယုယကြင်နာစွာ ပြုစုသည့်အတိုင်း မင်းကို ငါ ပြုစုပါမည်။ အမိသည် သားငယ်ကို ခါးဉ်ချိထား၍ အစာကို ခွံ့ကျွေးသကဲ့သို့ မင်းကိုငါ ပြုစုကျွေးမွေးပါမည်။ ဘာမျှ မပူနှင့်တော့"[၁]

ဟု မင်းရဲကျော်စွာအား ရာဇာမိရာဇ်က နှစ်သိမ့်စကား ပြောကြားတော်မူ၏။ မင်းရဲကျော်စွာသည် သူ့ရှင်၏စကားကို နာသာခံခက်လှ၏။

"ဘကြီးတော်၏ မိန့်ကြားချက်မှာ ကျေးဇူးတော်ကြီးလှပါ၏။ ဂုဏ်၏ အထွတ်အထိပ် အစွန်အဖျားသို့ ရောက်တော့သည်။ သို့သော် ကျွန်ုပ်သည် မင်းဧကရာဇ်မျိုးနွယ် မင်းယောကျ်ားတစ်ပါး ဖြစ်သည်။ ယခု ကျွန်ုပ် စစ်ချီလာသည်မှာ ဘကြီးတော်ကို အရယူ၍ ဟံသာဝတီပြည်ကို သိမ်းယူရန် ကြံပါသည်။ ကုသိုလ်ကံ အကြောင်းမလှ၍ ဘကြီးတော်ကို စစ်ရှုံးရပေသည်။ ကျွန်ုပ်သည် ဘကြီးတော်၏ ပြုစုကျွေးမွေးမှုကို ခံယူခဲ့သည်ရှိသော် မျက်နှာတော်ကို ပသို့ ကျွန်ုပ် ကြည့်ရမည်နည်း။ ကျွန်ုပ်သည် သူ့ကျွန်မခံပြီ။ အသက်ရှင်သည်ထက် သေသည်က ကောင်းမြတ်တော့သည်။ အင်းဝဗိုလ်မင်းဖြစ်သော ကျွန်ုပ်ကို ဘကြီးတော်က လက်ရဖမ်းမိထားပြီဖြစ်၍ ကျွန်ုပ်ကို ယခုပင် သတ်ပစ်တော်မူပါ"[၂]

ဟု ချေပပြောဆို၏။ ရာဇာမိရာဇ်လည်း ဆက်လက်၍ ချော့မော့ပြန်၏။

၁။ မြန်မာပေမူတွင် "သား၊ မင်း သူငယ်ဖြစ်သည်ကို ငါဝမ်းမနည်းဘူး၊ မင်းကို ကုသ၍ မင်းကျန်းပြီးလျှင် အဝသို့ ပြန်လိုသော်လည်း အဝတိုင်အောင် ငါ ပို့စိမ့်မည်။ ပဲခူးတွင်ပင် နေလျှင်လည်း ငါ့သမီးနှင့် ငါပြုစု၍ အိမ်ရှေ့အရာကို ငါပေးမည်။ မင်းကိုယ်ကို ကျန်းအောင်သာပြုပါ" ဟူ၍ ဆေးလည်း ပေးတော်မူ၏ – ဟု လာရှိ၏။ ဤကား ကွဲလွဲချက်တည်း။

၂။ မြန်မာပေမူတွင် ဆေးကို မင်းရဲကျော်စွာမသောက်၊ "ဘကြီးတော်ကို ငါစစ်ပြု လာကတည်းက သည်ဘကြီးတော်ကို ငါနှောင့်ယှက်ချေပြီး။ ယခု ငါသည်သို့ ဖြစ်ခဲ့ပြီးသော် သူ့ကျွန်ဟူသောအမည်ကို ငါမခံပြီ။ ငါ့အသက် ရှင်သောထက် သေရသော် မြတ်၏" ဟူ၍ဆို၏။ ဆေးမသောက်၍ ညဉ့်သုံးချက်တီးလောက်တွင် လွန်လေ၏ – ဟူ၍လာ၏။

www.burmeseclassic.com

www.burmeseclassic.com

"အို၊ ငါ့တူတော်။ မည်သို့မျှ စိတ်မရှိပါနှင့်။ သည်ကဲ့သို့ ဒိဋ္ဌ မာနကို ခိုင်ခဲ့အောင် မထားပါနှင့်။ ရှုံးခြင်းဟူသည်မှာ ငါ့တူတစ်ဦးတည်း ရှိသည်မဟုတ်။ အဓိကရ ကုသိုလ်ရှင် မင်းဇကာရာဇ်သည်ပင်လျှင် စစ် တိုက်သည့်ကိစ္စမှာ မနိုင်လျှင် ရှုံးရသည်ချည်း။ မင်း၏ ခမည်းတော် ဘုရင်မင်းခေါင်သည် ငါနှင့် အစဉ်ပင် စစ်ခင်းလေ့ရှိကြသော်လည်း သူ့အား ငါအဆက်ဖြတ်၍ မရပါ။ သူ့ကို ငါချစ်ခင်လျက်ပင်။ ငါ့ တူတော်သည် အသက်ရှင်အောင် နေခဲ့သော် ရှေ့ဆက်၍ မင်းစည်းစိမ် သမ္မတ္တိဌ် စံစားလျက် ကုသိုလ်တရားကို ပွားများနိုင်ပေမည်။ မြတ်စွာ ဘုရား သက်တော်ထင်ရှား ရှိစဉ်က ဟောကြားထားသည့် တရားကို ဆင်ခြင်ပါဦး။ လူ့ဘဝကိုရဖို့ အလွန်ခက်ပါသည်။ လူ့ဘဝကို မရမီ စပ်ကြား အတိတ်က ဘဝဇာတိများသည် မရေမတွက်နိုင်အောင် များသည်။ ယခုလို ရတောင့်ရခဲလှသည့် လူ့ဘဝကို ရထားသော ငါ့တူတော်သည် ပထမအရွယ်တွင် မသေသင့်ပါ။ ရှေ့ဆက်ပြီး ကုသိုလ်ဒါန ပြုနိုင်ရန် အသက်ရှင်အောင် ငါ့တူ ကြိုးစားပါ"

ဟု မိန့်တော်မူ၏။ မင်းရဲကျော်စွာသည် စိတ်ဓာတ်ခက်ထန်လှ၏။

"ကျွန်ုပ်ကို ဘကြီးတော် ဆုံးမသွန်သင်သော စကားတွေမှာ ကောင်းမွန်ပါ၏။ သို့သော် ကျွန်ုပ်သည် မင်းဇကာရာဇ်သားတော် တစ်ပါးဖြစ်သည်။ ခံနိုင်ရည်စိတ်ရှိသည်။ စစ်ရှုံးသည့်နောက်မှာ သေရ မည်ကို မကြောက်ပါ။ နောင်ဘဝအတွက် အကောင်းအဆိုးကိုမူကား ကျွန်ုပ်၏ ကုသိုလ်ကံကြမ္မာ စီမံဖန်တီးသလိုသာ ရှိစေတော့။ ဘကြီး တော်သည် အာညောင်းအောင် ကျွန်ုပ်အား တရားချ၍ ဆုံးမ သွန်သင် နေလျှင်လည်း အချည်းနှီးပင် ဖြစ်မည်။ ကျွန်ုပ်ကိုသာ လျင်လျင် မြန်မြန် သတ်ပစ်ပါလော့"

ဟု ဆို၏။ ရာဇာဓိရာဇ်လည်း ဆက်လက် ချော့မော့ပြန်၏။

"အို၊ ငါ့တူတော်။ စိတ်မခက်ထန်ပါနှင့်။ စိတ်အေးအေး ထားပါ။ ငါပြောမည်။ တူတော်နားဆင်ပါ။ ငါ့တူတော်သည် တခြားလူ မဟုတ်။ အတိတ်ဘဝက ငါ့သားတော် ဖြစ်ခဲ့ဖူးသည်"။...

ဟု ရာဇာဓိရာဇ် ဆိုသည်နှင့် မင်းရဲကျော်စွာသည် နားပေါက်ကို လှံနှင့် ထိုးနှက်သလို နာကြည်းသဖြင့် စိတ်ခက်ထန်စွာဖြင့်-

"ကျွန်ုပ်ကို ယခုပင် သတ်ပစ်ပါ။ ကျွန်ုပ်ကို နာသယောက် နာအောင် ဆက်လက်ပြီး မဆိုမမိန့်ပါနှင့်တော့။ ကျွန်ုပ်သအောင်

www.burmeseclassic.com

www.burmeseclassic.com

အသက်အောင့် သော်လည်း မသေနိုင်သေး။ ကျွန်ုပ်ကို ဘကြီးတော် မသတ်ပါက တဖြည်းဖြည်း ကျွန်ုပ်ကိုယ်ကို ကျွန်ုပ် သတ်သေရပေမည်"[၁]

ဟု ငေါက်ဆတ်ဆတ် ဆို၏။ စိတ်ခက်ထန်ကြမ်းကြုတ်၍ သေရမည်ကို အနည်းငယ်မျှ မကြောက်သော မင်းရဲကျော်စွာကို ရာဇာဓိရာဇ်သည် လက်မလျှော့ဘဲ အကြိမ်ကြိမ်ပင် နှစ်သိမ့် ချော့မော့နေသော်လည်း မင်းရဲကျော်စွာသည် လုံးဝမနာယူဘဲ နား‌ကိုပိတ်၍ နေ၏။ ရာဇာဓိရာဇ်လည်း မတတ်နိုင်တော့ပေ။

"မင်းရဲကျော်စွာ၏စိတ်သည် သံကဲ့သို့လည်းကောင်း၊ စိန်ကျောက်ကဲ့သို့ လည်းကောင်း မာကျောလှသည်။ ခက်ထန် ကြမ်းကြုတ်လှသည်။ သူမနေလိုတော့ပြီ။ သူ့ကို ငါမသတ်ပါကလည်း သူ့ကိုယ်ကို တဖြည်းဖြည်း သူသတ်သေတော့မည်။ သူ့ဒုက္ခဝေဒနာကို ငါမရှုရက်နိုင်တော့ပြီ"

ဟု စိတ်တွင် ဆင်ခြင်ကာ အတွင်းဆောင်သို့ ဝင်တော်မူသည်။ ယင်းညတွင်ပင် အနာသည်းလာသဖြင့် မင်းရဲကျော်စွာ၏ ဇီဝိန်သည်လည်း တဖြည်းဖြည်း ချုပ်ငြိမ်းသွားလေတော့သည်။

ရာဇာဓိရာဇ်သည် မင်းရဲကျော်စွာ အနိစ္စရောက်ပြီဟု ကြားလျှင် လွန်စွာပင် စိတ်လက် မသက်မသာ ဖြစ်တော်မူ၏။

ရာဇာဓိရာဇ်အား ပုဏ္ဏားဟူးရားများက ခရုသင်းဖြင့် ရေသွန်းလောင်းကြပြီးသော် သားတော် ဗညားကျန်းသည် ခမည်းတော်အား ဟံသာဝတီ ရွှေနန်းထက်သို့ ပင့်ဆောင်တော်မူသည်။ မှူးမတ်သေနာပတိများ စုံညီစွာဖြင့် သားတော်ဗညားကျန်းသည် ခမည်းတော် ရာဇာဓိရာဇ်အား ရွှေနန်းစည်းစိမ်သမ္မတ္တိကို ပြန်လည် အပ်နှင်းတော်မူသည်။[၂]

ရာဇာဓိရာဇ်သည် မင်းရဲကျော်စွာ၏ ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို မီးသင်္ဂြိုဟ်ရန် ဝေဠုကမ္မလာဖြင့် ရွှေပြာသာဒ်တစ်ဆောင် ပြုလုပ်စေ၏။ မင်းဇကာရာဇ်၏ သားတော်ကို မီးသင်္ဂြိုဟ်သည့်အစဉ်အလာ ပဝေဏီအတိုင်း ပွဲသဘင်ခံ၍ ရဟန်းသံဃာ

၁။ မြန်မာပေမူတွင် ယင်းသို့ အပြန်အလှန်ဆိုသည်ကို မတွေ့ရ။

၂။ မြန်မာပေမူတွင် ယင်းသို့ မတွေ့ရပါ။ ကွဲလွဲချက်ဖြစ်၏။ ဗညားကျန်းသည် ဟံသာဝတီ၌ စောင့်နေရဟန်တူ၏။

www.burmeseclassic.com

www.burmeseclassic.com

များအား အလှူဒါန ပြုတော်မူသည်။ ကမ္မဋ္ဌာန်းရပ်ကို မီးသင်္ဂြိဟ်ပြီးသော် အရိုးကောက်စေ၏။ အရိုးကို ရွှေကြုတ်၌ထည့်၍ စေတီတည်၏။ ဟံသာဝတီတွင် ယင်းစေတီကို မင်းရဲကျော်စွာမော်ဟော ထင်ရှားလေသည်။[၁]

မင်းရဲကျော်စွာသည် အသက်-၂၂ နှစ်တွင် ရာဇာဓိရာဇ်နှင့် စစ်ခင်းသည်။ သုံးနှစ်ကြာသည်။ အသက်- ၂၅ နှစ်တွင် အနိစ္စရောက်သည်။ မင်းရဲကျော်စွာလွန်သည့် သက္ကရာဇ်ကား ၇၇၅- ခုနှစ် ဖြစ်လေသည်။[၂]

မင်းရဲကျော်စွာ ကျဆုံးသဖြင့် မှူးမတ်ဗိုလ်ပါ သူရဲများသည် အင်းဝသို့ အကွဲကွဲအပြားပြား ရောက်ကြ၏။ ရွှေနန်းရှင် ဘုရင်မင်းခေါင်၏ အာဏာစက်ကို ကြောက်ကြောက်ရွံ့ရွံ့နှင့်ပင် ဝင်ရောက်ခစား၍ သံတော်ဦးတင်ကြရ၏။ သားတော် မင်းရဲကျော်စွာသည် ဟံသာဝတီသို့ ချီစဉ်က မည်ကဲ့သို့ အောင်မြင်ပုံ နောက်ဆုံး ရာဇာဓိရာဇ်အား မည်ကဲ့သို့ရွံ့ပုံ၊ အလုံးစုံကို အသေးစိတ် တင်လျှောက်ကြလေ၏။ သားတော် မင်းရဲကျော်စွာ ကျဆုံးသည်ကို ကြားရလျှင် ဘုရင်မင်းခေါင်သည် လွန်စွာ အမျက်ထွက်တော်မူ၏။

"ငါ့အသည်းနှလုံးလို ချစ်သည့်သားတော် မင်းရဲကျော်စွာ ကျဆုံးရသည်မှာ ငါလက်ယာဘက် မျက်လုံးတစ်လုံး ကွဲသွားသည်နှင့် တူတော့သည်။ မင်းတို့က ငါသားတော် ကို ခေါ်ပြီး သတ်ပစ်ခဲ့ကြသည် မဟုတ်လော။ ငါမှာ နာကြည်းလှလေခြင်း"[၃]

ဟုမိန့်၍ မင်းရဲကျော်စွာကိုစွန့်ပြီး ဆုတ်ပြေးလာကြသည့် မှူးမတ်ဗိုလ်ပါများအား အကျဉ်းချတော်မူ၏။ ၎င်းတို့၏ သားမယားများကိုပါ သတ်ပစ်မည်ဟု အကြံရှိတော်မူသည်။[၄] သံဃရာဇာနှင့်ရဟန်းဂိုဏ်းဆရာများသည် ယင်းသတင်းကို ကြား၍ ကြွရောက်လာကြ၏။ မှူးမတ်ဗိုလ်ပါများနှင့် သားမယားများကို အသက်လွတ်ပါရန် အလှူခံကြ၏။

၁။ မြန်မာပေမူတွင်- အမှူးအမတ်များကို သင်္ဂြိဟ်စေ၍ အရိုးကို ကောင်းမွန်စွာ ကျတ်တလည်တွင် မြှုပ်စေ၏ ဟုဆို၏။

၂။ မြန်မာပေမူတွင် သက္ကရာဇ် ၇၇၅-ခု၊ တန်ခူးလဆန်း ၄-ရက်၊ ၄-နေ့၊ မင်းရဲကျော်စွာဒလတွင် ပျက်သည်ဟုဆို၏။ သုသောဓိတ၊ ဦးကုလားနှင့် မှန်နန်းတွင် ၇၇၈-ခုနှစ်၊ တန်ခူးလဆန်း ၄-ရက်၊ ဗုဒ္ဓဟူးနေ့ဟုပြ၏။ မွန်မူတွင် ၇၇၂-တွင် မင်းရဲကျော်စွာသည် ဟံသာဝတီသို့ စစ်ချီသည်ဟု ဆို၏။ သုံးနှစ် စစ်ခင်းပြီးမှ လွန်သည်ဖြစ်၍ ၇၇၅-ကို ယူသင့်၏။

၃။ မြန်မာပေမူတွင် ယင်းသို့မတွေ့ရပါ။ သုသောဓိတ ပ-တွဲ၊ စာမျက်နှာ ၅၅၃ တွင် ဒလတွင်နေသည့် ဗိုလ်မင်းများက ဘုရင်မင်းခေါင်ထံ စာနှင့် မင်းသမီးရှင်မင်းလှကို လျော်ကားနှင့်ပို့သည်။ ဘုရင်မင်းခေါင်လည်း အလွန် နှလုံးမသာ ရှိတော် မူသည်ဟု တွေ့ရသည်။

၄။ မြန်မာပေမူတွင် ယင်းသို့ မတွေ့ရပါ။

www.burmeseclassic.com

www.burmeseclassic.com

ဘုရင်မင်းခေါင်သည် မည်သို့မျှ မဆိုမမိန့်။ ငြိမ်သက်စွာ နေတော်မူသဖြင့် နန္ဒမိတ်သည် ဦးခိုက်၍ လျှောက်ထား၏။

"ရွှေနန်းရှင်၏ သားတော် မင်းရဲကျော်စွာသည် ဟံသာဝတီကို တိုက်ခိုက်ရန် ချီခဲ့ရာမှာ ကောင်းစွာ အောင်မြင်သည်ဟု ကျွန်ုပ်ကြားသိရပါသည်။ ရာဇာမိရာဇ်နှင့် ရင်ဆိုင်တိုက်ခိုက်သည့် အချိန်အခါတွင် သားတော် မင်းရဲကျော်စွာ၏ ဇာတာမှာ မသန့်သည့်အခိုက်ဖြစ်သည်။ ပါပကြိုဟ်မှ လွတ်ကင်းအောင် ဆိုင်းငံ့ပြီး တိုက်တော်မူပါဟု ပုရောဟိတ်များက အကြိမ်ကြိမ် တားကြပါသည်။ မှူးမတ်များကလည်း တားကြပါသည်။ သို့သော် သားတော် မင်းရဲကျော်စွာသည် နာယူတော်မမူပါ။ သို့ဖြစ်သောကြောင့် ကျဆုံးခြင်းဖြစ်ပါသည်။ စစ်တို့၏ အစဉ်အလာသဘောမှာ အရှုံး သို့မဟုတ် အနိုင်ဟူ၍ နှစ်ခုသာရှိပါသည်။ အပြုမှန်လျှင်နိုင်၊ အပြု မှားလျှင်ရှုံး (ယဝ်ပဒးဂွံဒ္ဒး၊ ယဝ်ပဗ္ဒးဒးကျ) ဟူ၍ ဆိုရိုးစကား ရှိပါသည်။ သည်ကဲ့သို့ နေသော် ကျွန်ုပ်တို့နိုင်ငံတွင် ဆူးငြောင့်ခလုတ်ကန်သင်းများ ဖြစ်ပေါ်တော့မည်။ ငေးငိုင်နေ၍ ရမည်လော။ နောင် အင်းဝတိုင်အောင် ရာဇာမိရာဇ် စစ်ချီလာမည့်အရေးကို စိုးရိမ်ရသည်။ ယခုအခါ ရာဇာမိရာဇ်တွင် သမိန်ဗြာဇွန်နှင့် လက္ခန်းအိန်တို့ မရှိတော့ပြီ။ သမိန်ဗရမ်းကိုလည်း လက်လွတ်လိုက်ရပြီ။ ရာဇာမိရာဇ်သည် အမွေးအတောင်များကို နုတ်ထားသော ကြိုးကြောင့်နှင့် တူတော့သည်။ သူ့မှာ နှုတ်၊ ခြေနှင့် ပေါက်စအမွေးနုများဖြင့်သာ အစွမ်းပြုနေရသည်။ သူ့မှာ အမွေးပေါက်စတွေ မရှည်မီ၊ အတောင်မစုံမီ၊ သူ့ကို စစ်ပြုရန် ကောင်းပါသည်။ ယခုလည်း ဟေမန္တဥတုသို့ ကူးစပြုနေပြီ။ စစ်ပြုရန်ကာလ မှန်နေပါပြီ။ ကျွန်ုပ်တို့ မှူးမတ်ဗိုလ်ပါအားလုံးသည် သားတော် မင်းရဲကျော်စွာ ရှုံးခဲ့သမျှကို ကိုယ်နှင့်ရင်း၍ ပြန်လည် ကလဲ့စားချေပလိုပါ သဖြင့် ဟံသာဝတီသို့ ရွှေနန်းရှင် ကိုယ်တော်တိုင် စစ်ချီတော်မူသင့်ကြောင်းပါ ဘုရား"

ဟု လျှောက်ထား၏။

ဘုရင်မင်းခေါင်လည်း အမတ်ကြီးလျှောက်ထားချက်ကို ကြားရလျှင် အရေးတော်ကို ကြိုက်တော်မူ၍ အမျက်ကို ဖြေလိုက်၏။ သံဃာတော်တို့၏ ဆန္ဒကို လိုက်လျော၍ မှူးမတ်များအား အသက်ချမ်းသာပေးတော်မူ၏။ ထိုနောက် ဟံသာဝတီသို့ စစ်ချီရန် ကြည်းတပ်၊ ရေတပ် အင်အားကြီးမားစွာ စီရင်၏။ လက်နက်ပစ္စည်း အလုံးစုံကို စုရုံးပြီးသော် အမျက်ဒေါသကြီးစွာဖြင့် ဟံသာဝတီသို့ စစ်ချီတော်မူသည်။

www.burmeseclassic.com

www.burmeseclassic.com

ယောကျ်ား သူရဲမှန်သမျှ အားလုံးကို ခေါ်ဆောင်သည်။ ကိုယ်နှင့်ရင်း၍ အသေခံမည့် ဗိုလ်ပါများအား ရှေ့ပြေးတပ်တွင် ချိစေသည်။ မင်းရဲကျော်စွာချီသည့် လမ်းကြောင်းအတိုင်း အပြင်းစုန်ကြသည်။

ယင်းသတင်းကို ကြားရလျှင် ဟံသာဝတီပြည်ရှိ မြို့စား၊ ရွာစားများသည် လွန်စွာ ကြောက်ရွံ့တုန်လှုပ်လျက် ရှိကြသည်။[၁] အချို့ မြို့စားများသည် မြို့မှခွာ၍ တောတွင်းသို့ ရှောင်ပြေးကြသည်။ ပဲခူးမြို့ရှိ သေနာပတိကြီးများထဲ အကြောင်းကြားရန် မမိမကမ်း ဖြစ်ကြသည်။ အင်းဝစစ်တပ်ကြီးသည် အပြင်းစုန်လာ၍ သန်လျင်သို့ ဆိုက်ရောက်လေ၏။

သန်လျင်တွင် သမိန်အဝန်နိုင်သည် ကြံ့ကြံ့ခိုင်ခိုင် ခုခံလေ၏။ မြို့ရိုးတံခါးကို အလုံပိတ်ထား၍ ကာကွယ်ကြ၏။ ဘုရင်မင်းခေါင်နှင့် ဗိုလ်ပါ သူရဲသူခက်များသည် သုံးကြိမ်တိုင်တိုင် သန်လျင်ကို လုပ်ကြံတိုက်ခိုက်သော်လည်း မရ။ အဝနိုင်သည် မြို့တွင်းမှ ပစ်ခတ်သဖြင့် အင်းဝဘက်မှ သူရဲသူခက် များစွာပင် ကျူးမြောင်းအတွင်း၌ သေလေ၏။ ဘုရင်မင်းခေါင်လည်း သန်လျင်ကို မလုပ်ကြံနိုင်သဖြင့် အကြံအိုက်တော်မူ၏။ သန်လျင်မြို့ကို ပတ်လည်ဝန်းရံရန် မှာလည်း ရွံ့ညွန်ပေါများ ထူထပ်လှသဖြင့် လွန်စွာ ခက်ခဲသည်။ ရေငန်လည်း ရောက်သဖြင့် တပ်တည်ရန် ခက်ပေသည်။ သို့ဖြစ်၍ သန်လျင်မြို့၏ အထက်ဘက်သို့ စစ်တပ်ကို ရွှေ့စေ၍ တပ်ကိုတည်လေ၏။

သန်လျင်နှင့် ငါးဆယ်ရဲ့[၂] (Rai) မျှ အကွာအဝေးတွင် ဘုရင်မင်းခေါင်တို့ စခန်းချ ရပ်နားတော်မူ၏။

သမိန်အဝမင်းကြီးလည်း ရာဇာဓိရာဇ်ထံ စာစေ၍ စစ်ကူတောင်းလေ၏။ ဘုရင်မင်းခေါင် လုပ်ကြံသည်ကို အကြိမ်ကြိမ် တွန်းလှန်နိုင်ခဲ့သော်လည်း ဆောလျင်စွာ စစ်ကူလာစေလိုကြောင်းဖြင့် လျှောက်ထားလေသည်။

၁။ မြန်မာပေမူတွင် ဘုရင်မင်းခေါင်သည် ဒလသို့ ချီလာ၏။ ဒလတွင် ဗညားဒလခံ၍ မဝင်နိုင်သဖြင့် ဒဂုန်သို့ချီ၍ လုပ်ကြံ၏။ ဒဂုန်တွင်ခံသည့် သားတော် ဗညားစက်ကို ဘုရင်မင်းခေါင်ရ၏။ ပုသိမ်သို့ချီပြန်၏။ ပုသိမ်တွင် အဝနိုင်ခံသည်။ ဘုရင်မင်းခေါင် စာစေ၏ ဟုလာ၏။

၂။ ရဲ့ (Rai)ဟူသည် ယိုးဒယားစကား။ ကေဝက်ခန့်ရှိ၏။ စတုရန်းကိုက်ပေါင်း ၂၀၀၀-ခန့်ရှိ၏။ 1 rai = 1600 sq meters (Thai - English Dictionary by C. Bradley Mc Farland)

www.burmeseclassic.com

www.burmeseclassic.com

ဘုရင်မင်းခေါင်သည် သန်လျင်နှင့် ၂၅-ဧကလောက် အကွာတွင် စခန်းချစဉ် မှူးမတ်များအား "သန်လျင်မြို့ကိုစောင့်သော အဝမင်းသီရိ (အဝမင်သီ)[၁] သည် ဂုဏ်ထူးဝိသေသနှင့် ပြည့်ဝသော ယောကျာ်းကောင်း ပီသလှပေသည်။ ငါကဲ့သို့သော မင်းဧကရာဇ်ကိုပင် ခုခံနိုင်ချေသည်။ အဝမင်းသီကို တစ်ကြိမ်လောက် ငါတွေ့လိုလှသည်"ဟု မိန့်တော်မူ၍ ပဏ္ဏာလက်ဆောင်နှင့် စာစေ၏။[၂] သန်လျင်မြို့ရှိ သမိန်အဝမင်းသီရိသည် ဘုရင်မင်းခေါင်ထံမှ စာကိုရလျှင် ဖွင့်ဖတ်လေ၏။ စာတွင်-

"ငါ့ရှင်၏အမည်ကိုသာ ငါကြားရသည်။ ငါ့ရှင်သည် ဉာဏ်ပညာအစွမ်း သတ္တိတွင် သူမတူအောင် ကောင်းလှပေသည်။ လက်ရေးလက်စွမ်း ကောင်းသော ငါ့ရှင်ကို တစ်ကြိမ်လောက် ငါတွေ့ဆုံလိုသည်။ ပသို့ တွေ့ရမည်ကို ပြန်ကြားစေလိုသည်"

ယင်းစာကို သမိန်အဝမင်းသီရိ ဖတ်ပြီး စဉ်းစား၏။

"ဘုရင်မင်းခေါင်သည် ဧကရာဇ်မင်းဖြစ်၍ သစ္စာတရားရှိပေသည်။ ယုတ်ညံ့သော စိတ်ဖြင့် ဥပါယ်ပြု၍ ငါ့အားတွေ့လိုသည် မဟုတ်တန်ရာ။ သူ့အကြံမှာ နက်နဲလှသည်။ ငါ့ကိုယ်ကို ငါထွက်မပြပါကလည်း သူ့အား ကြောက်သည်ဟု ဆိုကြမည်။ အင်အားများစွာနှင့် ငါထွက်ပါကလည်း ဧကရာဇ်မင်းကို တိုက်ခိုက်ရန် ထွက်သလိုဖြစ်တော့မည်။ သူဥပါယ်ပြု၍ တွေ့လိုသည့်တိုင်အောင် ငါထွက်မည်။ ငါတို့မြို့သည် ရေငန်ရောက်သော မြို့ဖြစ်သည်။ စစ်တပ်ကိုဝှက်ထားရန် ခက်လှသည်။ မျက်နှာချင်းဆိုင်ပင် တွေ့တော့မည်"

ဟု ကြံ၍ ပန်းရည်မွေး နှစ်သေတ္တာ လက်ဆောင်တုံ့ပြန်၏။ တမန်တော်ကိုလည်း စာပြန်လေ၏။ စာတွင်-

"ကျွန်ုပ်အား ရွှေနန်းရှင်တွေ့လိုပါက မနက်ဖြန် မြစ်ကမ်းနားသို့ ကျွန်ုပ် ထွက်ပါမည်။ ရွှေနန်းရှင်၏ ဆန္ဒအတိုင်း ကျွန်ုပ်အား တွေ့မြင်ရန် လှေသို့ကြွတော်မူပါ"

စာကိုရလျှင် ဘုရင်းမင်းခေါင်သည် လွန်စွာ ဝမ်းသာအား၏။[၃]

၁။ သမိန်အဝနိုင်၊ အင်းဝနံနိုင်၊ အဝမင်းကြီး၊ အဝမင်းသီရိ ဟူ၍ အမျိုးမျိုး ခေါ်၏။

၂။ မြန်မာပေမူတွင် ပုသိမ်တွင် သမိန်အဝနိုင်ခံ၍ ဘုရင်မင်းခေါင် မလုပ်ကြိုနိုင်၍ အရေးဆိုလေ၏ - ဟုပြသည်။ လွန်စွာ ကွဲလွဲသည်။

၃။ မြန်မာပေမူတွင်လည်း အဝနိုင်ကို ဘုရင်မင်းခေါင် တွေ့လိုကြောင်း စာစေ၏။ မော်ဟာဆိပ်တွင် အဝနိုင် ထွက်၍တွေ့သည် - ဟုဆို၍ တူသလောက် ဖြစ်သည်။ ပုသိမ်နှင့် သန်လျင်မြို့သာလျှင် ကွဲလွဲသည်။

www.burmeseclassic.com

www.burmeseclassic.com

သမိန်အဝမင်းသီရိလည်း သန်လျင်ရှိ မှူးမတ်ဗိုလ်ပါများနှင့် ဆွေးနွေး၏။ သန်လျင်တွင် စစ်ဖြစ်နေသဖြင့် သောင်တင်နေသော ပြင်သစ်သင်္ဘော တစ်စင်းရှိ၏။ ပြင်သစ် (ဖြင်သေတ်) သင်္ဘော မာလိန်မှူးကိုခေါ်၍ တိုင်ပင်၏။ မာလိန်မှူးက–

"ကျွန်ုပ်တွင် လက်နက်ကောင်း တစ်ခုရှိသည်။ ၁၅–ဇက အဝေးသို့တိုင်အောင် ပစ်နိုင်သည်။ အဆွေတော်ကို ကယ်တင်နိုင်ပါသည်။ အရေးအကြောင်းရှိလျှင် အဆင်သင့် ပြင်ထားပါမည်" ဟုဆို၏။ သမိန်အဝမင်းသီရိ ကြားလျှင် လွန်စွာဝမ်းသာ၏။ "သည်လက်နက်ကို ပသို့ခေါ်သနည်း" ဟု မေး၏။ မာလိန်မှူးက "အင်္ဂလိပ်လို ခင်နွန် (ခေန်နေန် Cannon) ပြင်သစ်လို (Canon) ဟုခေါ်သည်။ အမြောက် (အမှောက်) ဟု မြန်မာလိုခေါ်ပါသည်"*

ဟု ဆို၏။ ပြင်သစ်သင်္ဘော မာလိန်မှူး အကြံပေးသည့်အတိုင်း မြို့ရိုးတွင် ဗိုလ်ပါ သူရဲများအား အစောင့်ထား၍ အမြောက် ဆင်ထားစေသည်။

နံနက်မိုးသောက် အလင်းသို့ရောက်လတ်သော် ဘုရင်မင်းခေါင်သည် မှူးမတ်ဗိုလ်ပါ သူရဲသူခက် များနှင့်တကွ လှေသို့ သက်တော်မူ၍ သန်လျင်မြို့အဝတွင် လှေကို မျှောလျက် နေတော်မူ၏။

သမိန် အဝမင်းသီရိသည် ပြင်သစ်သင်္ဘော မာလိန်မှူးအား အမြောက်ဖြင့် အစောင့်ထား၍ မြို့စား၏ အဝတ်တန်ဆာကို ဝတ်ဆင်ပြီး သန်လျင်မြို့တွင်းမှ ထွက်လေသည်။ မြစ်ကမ်းနားသို့ ရောက်လျှင် ဆင်ထက်မှသက်၍ လှေငယ်ဖြင့် ဘုရင်မင်းခေါင်ထံ သွားရောက် တွေ့ဆုံသည်။ မွေးကြိုင်သော ပန်းရည်မွေး ငါးပုလင်းနှင့် ဒေါင်းရုပ်ပါ ကော်ဇောနီ ငါးအုပ်တို့ကို ဘုရင်မင်းခေါင်အား ဆက်သလေသည်။ အဝမင်းသီရိကို ဘုရင်မင်းခေါင်မြင်လျှင် လွန်စွာ ချီးမွမ်းတော်မူ၏။ မြင်း ရွှေကြိုးတန်ဆာတစ်စုံကို အဝမင်းသီရိအား လက်ဆောင်ပေးတော် မူ၏။ ရွှေကွမ်းခွက်ဖြင့် ကွမ်းတည်တော်မူ၏။ ရွှေကွမ်းခွက်ကိုလည်း အဝမင်းသီရိအား ပေးတော်မူ၏။ သို့သော် အဝမင်းသီရိက လက်ခံပြီး ဘုရင်မင်းခေါင်အား ပြန်၍ ပေးအပ်ပြန်သည်။

---

* လက်တင်ဘာသာ Canna- မှ သက်သည်။ မွန်လို အမှောက် မှာ မြန်မာလို အမြောက်မှ သက်သည်။

www.burmeseclassic.com

www.burmeseclassic.com

ထို့နောက် အဝမင်းသီရိသည် သန်လျင်ဆိပ်ကမ်းထက်သို့ ပြန်တက်လေ၏။ ကမ်းနားတွင် စောင့်နေသော ဆင်ကိုစီး၍ သန်လျင်မြို့တွင်းဝင်စဉ် မင်းရဲကျော်စွာ၏ ကျွန်တစ်ဦးဖြစ်သူ စေတသူကြီး[၁] သည် လှေငယ်ဖြင့် ပုန်းကွယ်နေရာမှ အဝမင်းသီရိအား ဆင်ထက်ရောက်သည်နှင့် အလဲနှစ်ဆယ်အကွာမှ လှဲဖြင့် ပစ်လိုက်သည်။ အဝမင်းသီရိကို မထိဘဲ ဆင်၏မျက်နှာကို မှန်၏။ ဗိုလ်ပါများလည်း ရုတ်ရုတ်ရက်ရက် အထွေးထွေး အယှက်ယှက် ဖြစ်ကြလေ၏။

အဝမင်းသီရိလည်း ထိတ်လန့်သဖြင့် ချွန်းငင်၍ မြို့တွင်းသို့ အလျင်အမြန် ဝင်လေ၏။ စေတသူကြီးလည်း လှေငယ်ဖြင့် ထွက်ပြေးလေ၏။ လှေတပ်တွင်လည်း အထွေးထွေး အလုံးလုံး ဖြစ်သည်ကိုမြင်လျှင် သန်လျင်ဘက်မှ စောင့်ကြည့်နေသော သူရဲနှင့် ပြင်သစ်ကုလား ဘရင်ဂျိတို့သည် ချိန်ရွယ်ထားသော အမြောက်သေနတ်ကြီးဖြင့် ဘုရင်မင်းခေါင်၏ လှေကို ပစ်ဖောက်လိုက်သည်။ ဘုရင်မင်းခေါင်သည် ကုသိုလ်ကံ၏ တန်ခိုးကြောင့် ကျည်ဆန်လွဲရလေ၏။ တံခွန်အလံ[၂] ကိုသာ ထိ၍ ပြတ်ကျလေ၏။ ဘုရင်မင်းခေါင်သည် လွန်စွာ ကြောက်ရွံ့ ထိတ်လန့်တော်မူသည်။ ဒေါမနဿ ဖြစ်တော်မူ၏။ ဝမ်းနည်း၍ မျက်ရည်ပေါက် ကျတော်မူ၏။

လှေတပ်ဗိုလ်များ မြင်လျှင်– "ရွှေနန်းသခင်သည် အကြိမ်ကြိမ်ပင် စစ်ပြုခဲ့သည်။ မည်သို့ပင် ပျက်စီးသော်လည်း အပြုံးမပျက်ခဲ့ပေ။ ယခု ပသို့ကြောင့် မျက်ရည်တော် ကျရပါသနည်း" ဟု မေးကြ၏။

"ငါတို့ ဇကရာဇ်မင်းတို့၏ သဘောသည် စစ်ကိုသာ မျက်မှောက်ပြုကြရသည်။ သူရဲကောင်းများသည် လက်နက်ဖြင့် ကခုန်၍ တစ်ဦးနှင့်တစ်ဦး ရင်ဆိုင်ကာ စစ်ထိုးကြသည်ချည်း။ ယခု မြို့တွင်းမှ ထွက်လာသော လက်နက်ဆန်းတစ်ခုသည် အလဲတံခွန်ကို ထိ၍ ပြတ်ထွက်သည်။ လူကိုထိသော် ခံနိုင်မည်မဟုတ်။ သည်လက်နက်များ ရှိခဲ့သော်နောင်ကို သူရဲကောင်းအချင်းချင်း လက်ရေးလက်စွမ်းဖြင့် ထိုးခုတ်ကြရတော့မည် မဟုတ်တော့ပြီ။ သို့ဖြစ်၍ ငါဝမ်းနည်း၍ မျက်ရည်မဆည်နိုင်ခြင်း ဖြစ်သည်"

၁။ မြန်မာပေမူတွင် မြေးတော် မင်းငယ်ကျော်ထင်၏ကျွန် ငနတ်တော်သည် သဇိန်အဝနိုင်ကို လှဲနှင့်ထိုးသည်။ ဝေးသောကြောင့် အဝနိုင်ရှေ့တွင် လှဲကျလေ၏– ဟုလာ၏။ မွန်မူနှင့် အနည်းငယ်ကွဲလွဲ၏။

၂။ မြန်မာပေမူတွင် ကြေးစည်တိုင်ကို မှန်၏– ဟုလာ၏။

www.burmeseclassic.com

www.burmeseclassic.com

ဟု ဘုရင်မင်းခေါင် မိန့်၏။ ထိုနောက် စေတသူကြီး[၁] ကို ဖမ်းစေသည်။ လက်ပြန်ကြိုး တုပ်၍ အဝမင်းသီရိထံ အမှာစကားဖြင့် စေတော်မူ၏။ မှာသည်ကား-

> "ငါသည် မြတ်သော ခတ္တိယမင်းတစ်ပါး ဖြစ်သည်။ သစ္စာစကားကို ထာဝစဉ် တည်မြဲစေသည်။ စေတသူကြီး ပြုမူသည့်အမှုကို ငါတို့ လုံးဝ မသိရ။ သခင်ဖြစ်သူ ငါ၏သစ္စာစကား ပျက်လေအောင် ငါ၏ နောက်ကွယ်တွင် သင်းပြုမူခဲ့ခြင်းဖြစ်သည်။ ဤသည်ကို ငါ့ရှင် မသိသဖြင့် ငါက ဥပါယ်ဖြင့် စေခိုင်းသယောင် ထင်မှတ်မည်စိုးပါသည်။ သို့ဖြစ်၍ ငါ၏သစ္စာစကား မြဲမြံကြောင်းကို ငါ့ရှင် သိရလေအောင်နှင့် အမှားကိုပြုမိသော စေတသူကြီးအား ကွပ်မျက်ရန် ငါပို့လိုက်သည်"

စေတသူကြီးလည်း အနည်းငယ်မျှ စိုးရိမ်ကြောက်ရွံ့ခြင်း မရှိဘဲ ပြုး၍ လိုက်သွား၏။

အဝမင်းသီရိထံ ရောက်လျှင် "ယုတ်ညံ့သော သူရဲတစ်ယောက်ကို ကွပ်မျက်သည်မှာ ကိတ္တိယသ ကျော်စောမှုမရှိ။ ဘုရင်မင်းခေါင်၏ စိတ်ကိုလည်း ပျော့ညံ့စေခြင်းမရှိ။ သင်းကို မသတ်ဘဲလွှတ်လိုက်သည်က ဘုရင်မင်းခေါင်၏စိတ်ကို ပို၍ ကြောက်ရွံ့စေမည်ဖြစ်၏" ဟု စဉ်းစားဆင်ခြင်ပြီး စေတသူကြီးကို လက်မခံဘဲ ပြန်လွှတ်သည်။ ဘုရင်မင်းခေါင်အား မှာသည်ကား-

> "စေတသူကြီးသည် သူရဲကောင်းတစ်ဦး ဖြစ်သည်။ သခင်ကိုချစ်၍ သခင်၌ သစ္စာမြဲမြံ၏။ စိတ်ဓာတ်ခိုင်၍ ရဲရင့်ပေသည်။ သခင်အတွက် အသေခံဝံ့သည်။ အသေခံရသည့်တိုင်အောင် အပြုံးမပျက်ပေ။ မကြောက်မရွံ့ပေ။ သူ့လိုလူရှားသည်။ သူမတူအောင်ဖြစ်သည်။ ကျွန်ုပ်အား သင်းကြံစည်သော်လည်း ကျွန်ုပ်သည် သူ့အား မည်သို့မျှ စိတ်မထားပါ။ ရွှေနန်းရှင်နှင့် ကျွန်ုပ်တို့သည် ရှေ့ဆက်ပြီး စစ်သေနင်္ဂဗျူဟာ ခင်းရန် ရှိသေးသည်။ သင်းအား ကျွန်ုပ်တို့ အပြစ်မထားလိုပါ။ ရွှေနန်းသခင် မသိဘဲ သင်းပြုမူခဲ့သည့်အပြစ်ကို လွှတ်ပါရန် ကျွန်ုပ်ကပင် တောင်းခံအပ်ပါသည်"[၂]

ဘုရင်မင်းခေါင်သည် အဝမင်းသီရိ၏ အမှာစကားကို ကြားရလျှင် "အဝမင်းသီရိသည် သတိပညာဉာဏ်ရည် ထက်မြက်လှပေသည်။ သူရဲကောင်းလက္ခဏာ အပေါင်း

၁။ မြန်မာပေမူတွင် ငနှတ်တော်ကို အဝနိုင်ထံပို့သည် ဟု ပြ၏။ အမည်ကွဲလဲချက် ဖြစ်၏။

၂။ မြန်မာပေမူတွင် သည်လူသွမ်းကို ရွှေနန်းသခင်သိတော်မူပြီး ကျွန်ုပ်လည်း သိရပြီ။ သည်လူ့အသက်ကို အကျွန်ုပ်ပန်ပါတော့သည်- ဟုလာ၏။ မွန်မူနှင့် နီးစပ်ပါ၏။

www.burmeseclassic.com

တို့နှင့် ပြည့်စုံလှသည်" ဟု မိန့်၏။ တပ်စခန်းသို့ ပြန်ရောက်သော် မှူးမတ်သေနာပတိများနှင့် ဆွေးနွေးတိုင်ပင်သည်။

> "သည်တစ်ကြိမ် ငါတို့စစ်ချီလာ၍ သန်လျင်ကို လုပ်ကြံသည်မှာ ခက်ခဲလှသည်။ ယနေ့တိုင် မရနိုင်ဖြစ်နေသည်။ သည်မှာ တပ်တည်၍ လည်း မသင့်လျော်၊နေရာမကျ။ သည်စခန်းမှ ဒဂုန်သို့သွား၍ တပ်တည်မှ လွယ်ကူမည်။ ငါတို့ တပ်နှတ်၍ခွာလျှင် အဝမင်းသီရိတို့ လိုက်တိုက်မည်။ သူ့တပ်ကိုကွဲအောင် ခွဲပြီးမှ ဒဂုန်သို့ ငါတို့ လွယ်ကူစွာသွားနိုင်မည်"

ဟု မိန့်တော်မူ၏။ မှူးမတ်သေနာပတိများလည်း သဘောတူညီကြသဖြင့် မင်းမဟာရာဇာ တစ်တပ်၊ မင်းတုရင်သူ တစ်တပ်၊ မင်းကျော် တစ်တပ်၊ ပေါင်း သုံးတပ်တို့ကို နောက်ချန်၍ အဝမင်းသီရိတို့က လိုက်တိုက်ပါက ကွဲအောင်ခွဲပစ်စေရန် ထားတော်မူ၏။ အဝမင်းသီရိတို့က မလိုက်ပါကလည်း တဖြည်းဖြည်းလိုက်ခဲ့ကြရန် မှာတော်မူ၏။ မိုးသောက်လတ်သော် ဘုရင်မင်းခေါင်သည် ဒဂုန်သို့ချီတော်မူ၏။

"သန်လျင်မှ ဘုရင်မင်းခေါင် ခွာသည်ကို ပသို့ကြောင့် မလိုက်ပါသနည်း" ဟု မှူးမတ်များက မေးသော်–

> "သူ့တပ်မပျက်ဘဲ ဣန္ဒြေရရ လှလှပပချီသည်ကို လိုက်၍မဖြစ်။ သန်လျင်မြို့ကို မပျက်အောင် ငါတို့စောင့်နိုင်ခြင်းသည် သူ့စစ်ကို ငါတို့ နိုင်ခြင်းပင်ဖြစ်သည်။ သူ့စစ်ကို လိုက်တိုက်စေလိုခြင်းသည် "ပိုးဖလံမျိုး မီးကိုတိုး" (စုခြအ်ဟွံတီဖောက်ပွတ်) ဆိုသည်နှင့် တူတော့သည်။ ပိုးဖလံကောင်သည် မျက်စိတစ်မှိတ်တွင်ပင် မီးကိုတိုးသည်နှင့် ကြေမွသွားရသကဲ့သို့ မင်းဇကာဇင်၏တပ်ကို ငါတို့လို မြို့စားတပ်က လိုက်တိုက်ပါက ပိုးဖလံမျိုး မီးကိုတိုးသကဲ့သို့ ငါတို့ခံရပေမည်"

ဟု အဝမင်းသီရိဆို၏။ မှူးမတ်သေနာပတိများလည်း သဘောပေါက်၍ တိတ်ဆိတ်စွာနေသည်။

နောက်ကျန်၍ ခံတိုက်ရန်စောင့်နေသော မင်းမဟာရာဇာတို့သည် သန်လျင်မှ အဝမင်းသီရိတို့ လိုက်မထွက်ဘဲနေသည်ကို မြင်လျှင် ဒဂုန်သို့ တဖြည်းဖြည်း ချီလာကြသည်။ ဒဂုန်တွင် ဘုရင်မင်းခေါင်နှင့် ပေါင်း၍ စခန်းချလေသည်။ ဒဂုန်မြို့ကို ဘုရင်မင်းခေါင် ရတော်မူ၏။[၁]

၁။ မြန်မာပေမူတွင် ဒဂုန်ကိုရပြီးမှ ပုသိမ်သို့ချီသည်။ ပုသိမ်တွင် သမိန်အဝန်ဝင်အရေးစကားဆိုပြီး အဝသို့ပြန်တော်မူသည်။ ဗညားသစ်တသုံသား ဗညားစက်ကို ဒဂုန်သိမ်းစဉ်ကရ၍ အဝသို့ခေါ်ဆောင်သည်– ဟု လာ၏။ ကွဲလွဲချက် တစ်ရပ်ပင်။

www.burmeseclassic.com

ဟံသာဝတီပဲခူးတွင် ရာဇာဓိရာဇ်သည် သန်လျင်စား အဝမင်းသီရိထံမှ စာရလျှင် စစ်ကူရန် ကြည်းတပ်၊ ရေတပ်စီရင်၍ စေလွှတ်တော်မူသည်။

ယင်းသောအခါ ရဟန်းသုံးဝါရှိပြီးသော "လကျိုက်သန်း" (လကျာ်သာန်) သည် ရဟန်းတို့၏ သိက္ခာများတွင် စိတ်မဝင်စား။ စာပေသင်ကြားရန် စိတ်မရှိ။ ကြမ်းတမ်းခက်ထန်သောစိတ် ရှိသဖြင့် လက်ရေးလက်စွမ်းကို နေ့စဉ်လေ့ကျင့်သည်။ လက်ပမ်းလက်ဝှေ့ကိုလည်း လေ့ကျင့်သည်။ ဥပဇ္ဈာယ်ဆရာများက တားသော်လည်း မနာခံ။ တစ်နေ့တွင် လကျိုက်သန်းသည် ကျောင်းရှိသံဃာများအား–

"လဂွန်းအိန်လည်း မရှိတော့ပြီ။ ယခုတစ်ကြိမ် အင်းဝမှ ဘုရင်မင်းခေါင် တပ်မကြီး ချီလာပါက ကွဲအောင်ငါတိုက်ထုတ်မည်" ဟုဆို၏။ "လူထွက်သည်က ကောင်းသည်။ ရဟန်းပြု၍ ရဟန်းကျင့်ဝတ်ကို မသင်အံ။ မကျက်မှတ်။ စစ်ပညာကိုသာ လေ့ကျင့်သည်။ လူထွက်ပြီး ရာဇာဓိရာဇ်ထံ ခစားလျှင် ကျော်စောထင်ရှားချိမ့်မည်" ဟု ရဟန်းဖော်တို့က ဆိုကြ၏။ လကျိုက်သန်းလည်း ဝမ်းသာ၏။ "ငါ့ရှင်တို့ပြောသလိုဖြစ်ပါစေ။ ငါသည် မင်းစိုးရာဇာဖြစ်ခဲ့ပါလျှင် ငါ့ရှင်တို့ကို ငါလာရှာမည်" ဟုဆို၍ သဃ်ရာဇာထံ ဝင်လေ၏။ "တပည့်တော်သည် လူထွက်၍ ရာဇာဓိရာဇ်မင်းထံ ခစားလိုပါသည်ဘုရား" ဟု လျှောက်ထား၏။ ဂိုဏ်းဆရာလည်း ဝမ်းသာ၍–

"ငါ့ရှင်သည် လျင်မြန်ပေါ့ပါးသည်။ မာကျောသန်စွမ်းသည်။ ငါ့ရှင်ငယ်စဉ်က ဆရာလိုက်ရိုက်သောအခါ ငါ့ရှင်သည် ခေါင်မိုးထက်သို့ တက်ပြေးသည်မှာ ကြောင်လိုက်၍ပြေးသော ကြွက်နှင့်တူတော့သည်။ ယခု လူထွက်ပြီး ရှင်ဘုရင်၏အမှုတော်ကို ထမ်းဆောင်မည်ဆိုလျှင် အလွန်ကောင်းပါသည်။ နောင်ကို နာမည်ကောင်းရပါစေ"

ဟုဆို၍ သိက္ခာချပေးလေ၏။ လူထွက်ပြီးလျှင် လကျိုက်သန်း(ဝါ) သာမဏေသန်းဟု မခေါ်တော့ဘဲ "မသန်း"ဟု ခေါ်ကြ၏။ ဂိုဏ်းဆရာသဃ်ရာဇာသည် "မသန်း"ကို ခေါ်၍ ရာဇာဓိရာဇ်ထံ သွားရောက်ဆက်သလေ၏။ ရောက်လျှင် သဃ်ရာဇာက "မင်္ဂလာရှိသော ရွှေနန်းရှင်၊ ငါ့လက်အောက်တွင် ရဟန်းပြုခဲ့သော မသန်းသည် လက်ရေးလက်စွမ်း ထက်မြက်သူဖြစ်ပါသည်။ အမှုတော်ကို ထမ်းဆောင်လို၍ ယခုသူ့အား လာရောက်ဆက်သခြင်း ဖြစ်ပါသည်"[၁]

ဟု မိန့်၏။ ရာဇာဓိရာဇ်လည်း ဝမ်းသာအားရ၏။ သူရဲကောင်းလက္ခဏာနှင့်ပြည့်စုံသော မသန်းကိုမြင်တော်မူလျှင် "ငါ့အမှုတော်ကို ထမ်းဆောင်မည်ဟု မင်းစိတ်မင်း ဆုံးဖြတ်ထားပါသလား" ဟု မေးတော်မူ၏။ "လဂွန်းအိန်သေပြီဟု ကြားရကဝန်းက ကျွန်ုပ် စိတ်မကောင်းပါ။ ကျွန်ုပ်သည် လူထွက်ခဲ့ပြီ။ အရှင့်အမှုတော်ကို အသက်ပေး၍

၁။ လကျိုက်သန်း (လကျာ်သာန်)ခေါ် မသန်း (မသာန်) အကြောင်းကို မြန်မာပေမူဋ္ဌ မတွေ့ရပါ။ သန်းကို စန်းဟုဖတ်သည်။

www.burmeseclassic.com

ထမ်းဆောင်ပါမည်။ အင်းဝစစ်ကို နိုင်အောင်တိုက်ထုတ်ပါမည်" ဟု လျှောက်၏ သူ့ရှင်သည် ဝမ်းသာအားရ၍ မသန်းကို အဝတ်ပုဆိုးစသော လက်ဆောင်များဖြင့် ချီးမြှင့်တော်မူ၏။ ဝတ်စုံသုံးစုံကိုလည်း ပေးတော်မူ၏။

ရာဇာဓိရာဇ်သည် ဆင်မြင်းဗိုလ်ပါ သူရဲသူခက်များကို စုရုံးပြီးလျှင် သန်လျင်သို့ ချီတော်မူ၏။ မုတ္တမနှင့် ဆယ့်နှစ်မြို့နယ်မှ စစ်တပ်များသည် ရာဇာဓိရာဇ်နှင့် အတူစုရုံး၍ ချီလာကြ၏။ သန်လျင်တွင် အဝမင်းသီရိသည် ရာဇာဓိရာဇ်ထံ ထွက်၍ ကြိုဆိုခစား၏။ ဘုရင်မင်းခေါင်ပေးသော မြင်းရွှေကြိုးတစ်စုံကို ဆက်သ၍ အင်းဝစစ်ကို မည်သို့ တွန်းလှန်ခဲ့ကြောင်းကို အသေးစိတ် လျှောက်ကြား၏။ ရာဇာဓိရာဇ်လည်း အားပါးရတော်မူ၍ အဝမင်းသီရိအား ချီးကျူးသြဘာပြု၏။ လက်စွပ်များ၊ အဝတ်ပုဆိုးကောင်းများနှင့် ရွှေလင်ပန်းတစ်ချပ်ကို အဝမင်းသီရိအား ချီးမြှင့်တော်မူ၏။

ထို့နောက် ရာဇာဓိရာဇ်သည် ဒဂုန်သို့ စစ်ချီလေ၏။[၁] တလောက်သင္ဃယ် (တလောက်သျှောယ်)တွင် စခန်းချတော်မူ၏။ ဘုရင်မင်းခေါင်တပ်နှင့် ဇကတစ်ရာခန့် ကွာဝေးသည်။ ဒဂုန်ကိုတိုက်ခိုက်ရန် စစ်တပ်များစီရင်၏။ ဒဂုန်မြို့ကို တိုက်ခိုက်ရန် စစ်ချီရမည့် တပ်များကား သမိန်သံပြဲပ်(သံပြာပ်)တပ်။ သမိန်ဗြထဗိုက်(ဗြထဝို တ်)တပ်။ အမတ်မဟာသမွန်တပ်။ သမိန်ယောဂရာဇ်တပ်။ သမိန်သံလှစ် (သံလှောက်)တပ်။ သမိန်အဲမွန်ဒယာတပ်။ သမိန်သံဖြတ်(သံဖလာတ်)တပ်။ သမိန်ဥပါကောင်းတပ်။ သမိန်ပဒုမ္မတပ်။ ပေါင်း– ၉–တပ်ဖြစ်၏။

တပ်တစ်တပ်တွင် သူရဲသူခက်တစ်သောင်း၊ ကိုးတပ်တွင် ကိုးသောင်းဖြစ်သည်။ ဆင်တစ်ထောင်၊ မြင်းလေးထောင် ပါဝင်သည်။ စစ်ဦးစစ်ဖျားတပ်တွင် သမိန်ဗြထဗိုက် ချီသည်။ ယင်းတပ်တွင် ရဟန်းလူထွက် မသန်းကို ခေါ်ထားသည်။ ယင်းသောအခါ ဗိုလ်မင်းများက–

"မသန်းသည် ရဲစွမ်းသတ္တိနှင့် ပြည့်စုံသည်။ လက်မြှောက်သည်။ လျင်မြန်ပေါ့ပါးသည်ဟု ကျော်စောသည်မှာ ဟုတ် မဟုတ်၊ မှန် မမှန်။ သည်အကြိမ်၊ သည်အခါမှာ တွေ့ရတော့မည်" ဟု ဆိုလျှင် မသန်းက– "သည်ညတွင် ဒဂုန်ကို ကျွန်ုပ်ဝင်တိုက်လိုသည်။ ကျွန်ုပ်နောက်တွင် စစ်ကူသာ လွှတ်ပေးပါ" ဟု စိတ်အားထက်သန်စွာ ဆို၏။ မသန်းသည် ဗိုလ်မင်းနှင့် အချိန်းအချက်ပြုပြီးလျှင် ညမှောင်သည့်အချိန်တွင်

၁။ မြန်မာပေမူတွင်– ရာဇာဓိရာဇ်လည်း စွယ်ရတောကပြန်၍ ဟံသာဝတီ ရောက်လျှင် သားတော်ဗညားစက်ကို ဘုရင်မင်းခေါင် ရသည်ကို ကြားရလျှင် ဒလသို့ ချီသည်။ ဘုရင်မင်းခေါင် အဝသို့ပြန်ပြီဟု ကြားလျှင် ဟံသာဝတီပဲခူးသို့ ပြန်တော်မူ၏–ဟု လာ၏။ ကွဲလွဲချက်ဖြစ်သည်။

www.burmeseclassic.com

မား၌ည်နှစ်လက် ကိုင်လျက် ဒဂုန်မြို့ရိုးကို ကျော်ဝင်၏။ အတွင်းသို့ ရောက်သည် နှင့် ဘုရင်မင်းခေါင်၏ သူရဲများအား အတင်းဝင်ခုတ်သည်။ ငါးရာခန့် သေလေ၏။ ဒဂုန်မြို့စောင့်တပ်တို့လည်း လန့်ဖျပ်၍ ပြေးကြသည်။ တိုက်ခိုက်လာသည့် တပ် အင်အားကို မမြင်ရ၍ များပြားသည်ဟု ထင်ကြ၏။ "မသန်း"သည် မြို့တွင်းရှိ အိမ်တစ်အိမ်ကို မီးတိုက်၏။

မီးအလင်းရောင်ကြောင့် ဒဂုန်မြို့စောင့်တပ်သားများသည် မသန်း တစ်ဦးတည်း ကိုသာ မြင်သဖြင့် ထွက်ပြေးကြရာမှ ပြန်လှည့်ကြလေသည်။ မြို့ပြင်မှ စစ်ကူများလည်း ချိန်းဆိုထားသည့်အတိုင်း ရောက်မလာ။ မိမိတစ်ဦးတည်းဖြစ်၍ နိုင်မည်မဟုတ်ကြောင်း ကို သိရလျှင် မသန်းသည် မြို့ရိုးမှကျော်ထွက်၍ ပြန်ပြေးရလေ၏။

ရာဇာဓိရာဇ်ဘက်မှ ဒဂုန်မြို့တွင်းသို့ အလစ်ဝင်တိုက်သည်ကို ဘုရင်မင်းခေါင် သိရလျှင် စည်မောင်းတီး၍ ပြန်လည်တိုက်ခိုက်ရန် စစ်တပ်ကို စီရင်တော်မူ၏။[၁] ဘုရင်မင်းခေါင်တပ်မှ အင်အားကြီးမားစွာဖြင့် ထွက်လာသော် ဒဂုန်မြို့ပြင်ရှိ ရာဇာဓိရာဇ်၏ စစ်ဦးတပ်တို့နှင့် အပြင်းအထန် တိုက်ခိုက်လေ၏။ ရာဇာဓိရာဇ်ဘက်မှ အင်အား နည်းသဖြင့် မခံနိုင်၍ ရာဇာဓိရာဇ်၏ တပ်မသို့ အရောက် ဆုတ်ခွာခဲ့ရ၏။

ရာဇာဓိရာဇ်မြင်လျှင် ပြင်းစွာမျက်တော်မူ၏။ ဗိုလ်မင်းအားလုံးကို ခေါ်တော်မူ၏။ "မင်းတို့ ပသို့ကြောင့် ဆုတ်ခွာခဲ့ရသနည်း။ ဒဂုန်ကို အရယူရန် ချီသည်မဟုတ်လော။ ငါ့တပ်မကို လန့်ဖျပ်ရန် မင်းတို့ပြုမူသည်။ မင်းတို့အပြစ်ကို ပသို့စီရင်ရမည်နည်း" ဟု မေးတော်မူ၏။

"ကျွန်ုပ်တို့ တပ်ကွဲ၍ ဆုတ်ခဲ့ရသည်မှာ မသန်း[၂] ကြောင့် ဖြစ်ပါသည်။ မသန်းသည် နောက်ကတပ်ကို မစောင့်မဆိုင်း။ ရှေ့ဆုံးက တစ်ဦးတည်းပင် မြို့ရိုးကို ကျော်ဝင်၍ အစွမ်းပြသည်။ အလျင်စလို မီးတိုက်သဖြင့် သူ့တစ်ဦးတည်းကို မြို့စောင့်တပ်တို့ မြင်ရသည်။ နောက်တပ်ကလည်း အတွင်းသို့ဝင်ရန် မမီသေး။ ဒဂုန်မြို့တွင်းမှ သူတို့

၁။ မြန်မာပေမူတွင် ဒဂုန်တိုက်ပွဲအကြောင်းကို မတွေ့ရပေ။

၂။ ယောကျ်ားအမည်ကို မ-တပ်၍ ခေါ်လေ့ရှိ၏။ မိန်းမအမည်ကို မွေ့ (မျောအ်) တပ်၍ ခေါ်လေ့ရှိ၏။ မ-ကို မဲ့-ဟု အသံထွက်ရ၏။ "မသန်း"ကို"မဲ့စန်း" ဟု ဖတ်ရသည်။ သ-ကို- မွန်၊ သီဟိုဠ်၊ ယိုးဒယား၊ ခမာ စသည့်ဘာသာများက ပါဠိသက္ကတအတိုင်း Sa-ကို အသံထွက်ကြသည်။ မြန်မာဘာသာ၌သာ thaဟု ထူးဆန်းစွာ အသံထွက်သည်။ မွန်ဘာသာတွင် tha အသံမရှိသည်မှာလည်း ထူးခြားသည်။ မွန်တွင် မ-ကို-မဲ့-ဟု ဖတ်သည်။ သို့သော် ပါဠိ- ပထမတွင် ပါသည့် မ-ကို မြန်မာအတိုင်း မ-ဟု ဖတ်၏။ ပထမ-ကို၊ ပဋ္ဌမ = ပတ္ထမ= ပတ်ထမ-ဟု ဖတ်သည်။

www.burmeseclassic.com

www.burmeseclassic.com

ထွက်၍ တိုက်ခိုက်ကြသဖြင့် ကျွန်ုပ်တို့ တပ်ကွဲခဲ့ရပါသည်" ဟု လျှောက်ထားကြသည်။ ထိုအခါ မသန်းကို ရှေ့တော်သို့ခေါ်တော်မူ၍ "သည်ကဲ့သို့ မင်းပြုသည်မှာ မှန်သလော" ဟု မေးတော်မူ၏။

"ကျွန်ုပ်သည် မြို့ရိုးကိုကျော်၍ ရှေ့ကဝင်မည်ဟု ဗိုလ်မင်းအား မှာသည်။ ဗိုလ်ပါသူရဲများကို အမြန်လိုက်ခဲ့ပါရန်လည်း မှာပါသည်။ ကျွန်ုပ်သည် မြို့ရိုးကို တက်ပြီးသည်နှင့် အစောင့်တို့ကို ခုတ်သတ်ပါသည်။ ငါးရာမျှသေသည်။ မြို့ရိုးထက်မှ သူတို့ကွဲကုန်သည်။ မြို့တွင်းသို့ ကျွန်ုပ်ဝင်ခဲ့သည်။ မြို့စောင့်တပ်ကို ကွဲအောင် ကျွန်ုပ်တိုက်ဖျက်နိုင်ကြောင်းကို သိသာရန် မီးတိုက်ခြင်းဖြစ်ပါသည်။ ကျွန်ုပ်မှာသည့်အတိုင်း နောက်က ဗိုလ်ပါများသည် မြို့တွင်းသို့ မိအောင် မဝင်ကြပါ။ သူတို့ လှည့်တိုက်သည်ကို ကျွန်ုပ်တစ်ယောက်တည်း မခံနိုင်ပါ။ သို့ဖြစ်၍ ထွက်ပြေးခဲ့ရပါသည်။ ရာဇဒဏ် ပေးတော်မူလျှင် ကျွန်ုပ်ခံရန် အသင့်ဖြစ်ပါသည်"

ဟု မသန်း လျှောက်တင်လေ၏။ သူ့ရှင်သည် အမျက်ဒေါသ ထွက်မြဲထွက်တော်မူ၏။

"လူကြီးက လူငယ်ကို အပြစ်ဖို့သည်။ လူကြီး၌ အမှားမရှိဟု ဆိုလျှင် မည်သူ့အမှားဖြစ်သနည်း။ လူငယ်က စိတ်မြန်၍ လူကြီးက နှေးကွေးလေးလံသဖြင့် အရေးကိစ္စ ပျက်ရသည်။ တိမ်သောစကား ဥပမာနှင့် ဆိုရလျှင် ခရမ်းချဉ်သီးနှင့် ငါးပိတွေ့သလို ဖြစ်သည်။[၁] ငါးပိကို ငန်သည်ဟု အပြစ်ဆို၍မရ။ ခရမ်းချဉ်သီးကိုလည်း ချဉ်သည်ဟု အပြစ်ဆို၍မရ။ နှစ်ခုဆုံကြမှကောင်းသည်။ မတိမ်မနက် အလယ်အလတ် စကားဥပမာနှင့် ဆိုရသော် နှုတ်ရဲသူနှင့် လက်ရဲသူ နှစ်ဦးနှင့်တူသည်။ နှုတ်ရဲသူကို လက်နေးသည်ဟု အပြစ်ဆို၍မရ။ လက်ရဲသူကို နှုတ်လေးသည်ဟု အပြစ်ဆို၍မရ။ နှစ်ယောက်ဆုံမှ ကောင်းသည်။ ယခုကိစ္စတွင် လူကြီးရော လူငယ်ပါ အပြစ်ရှိသည်ချည်း။ ထို့ကြောင့် ဗိုလ်မင်းနှင့် မသန်းတို့ နှစ်ဦးစလုံးကို ကွပ်စေ–"

ဟု မိန့်တော်မူ၏။ သို့စဉ် အမတ်ဒိန်မဏိရွတ်က–

"ဗိုလ်မင်းနှင့် မသန်းတို့၏ အသက်ကို ချမ်းသာပေးတော်မူရန် ကျွန်ုပ် တောင်းခံပါသည်။ သူတို့၏ အပြစ်ဒဏ်ကို သူတို့ ပြန်လည်ချေပ ထမ်းဆောင်ခွင့် ပြုတော်မူပါ။ အင်းဝမှ ဗိုလ်ပါများသည်

၁။ ခရမ်းချဉ်သီးကို ငါးပိနှင့်တို့စားလျှင် ကောင်းသည်။ တစ်ခုစီ သီးခြားစားပါက မကောင်းကြောင်းကို ဆိုလိုသည်။ မြန်မာစကားတွင် ချဉ်သီးနှင့်ဆား အတူမထားနှင့်ဟု ဆိုသည့်စကားနှင့် ယှဉ်ရ၏။

www.burmeseclassic.com

www.burmeseclassic.com

> မင်းရဲကျော်စွာ ကျဆုံးသဖြင့် ရွှေနန်းရှင် ဘုရင်မင်းခေါင်က ပေးအပ်သည့် ရာဇဒဏ်ကို ပြန်လည်ချေပ ထမ်းဆောင်သည်ဖြစ်၍ မုန်ယိုသောဆင်ကို လွှတ်လာသကဲ့သို့ တားဆီး၍မရသလို ကြမ်းတမ်းမာကျောကြသည်။ ယခုလည်း ရာဇသံသင့်သော ဗိုလ်မင်းနှင့် မသန်းတို့အား မုန်ကျသောဆင်ကဲ့သို့ အင်အားကောင်းကောင်းဖြင့် နောက်တစ်ကြိမ် အမှုတော်ကိုနိုင်အောင် ထမ်းဆောင်ခွင့်ပြုတော်မူရန် ကျွန်ုပ်တောင်းခံအပ်ပါသည်"

ဟု လျှောက်ထားလေ၏။ သို့ဖြစ်၍ ဗိုလ်မင်းနှင့် မသန်းတို့အား အမတ်ဒိန် လျှောက်သကဲ့သို့ အပြစ်ပေးသည့်အနေဖြင့် ဒဂုန်မြို့ကို အရတိုက်ယူကြရန် စေတော်မူ၏။ "အကယ်၍ နောက်တစ်ကြိမ် ဆုတ်ခွာခဲ့ပါက တစ်ဆွေလုံးတစ်မျိုးလုံးကို သတ်ပစ်မည်" ဟု မိန့်တော်မူ၏။

သူ့ရှင်၏ အမိန့်အရ ဗိုလ်မင်းနှင့် မသန်းတို့သည် ဒဂုန်ကိုတိုက်ရန် ရှေ့ဆုံးတပ်အဖြစ် ချီရပြန်သည်။ ဒဂုန်မြို့သို့ ညအချိန် ဝင်ကြသည်။ သည်တစ်ကြိမ် မသန်းနှင့် နောက်ပါ ဗိုလ်ပါ သူရဲသူခက်များသည် ညီညွတ်စွာ ချိန်းချက်၍ တစ်ကြိမ်တည်းပင် မြို့ရိုးကို ကျော်တက်ကြသည်။ မြို့တွင်းသို့ ဝင်မိလျှင် မသန်းသည် လက်နှစ်ဖက်လုံးတွင် ဓားရှည်ကိုင်လျက် မြို့စောင့်တပ်များအား ခုတ်လေ၏။ ဒဂုန်မြို့စောင့် သူရဲသူခက်တစ်ထောင်လောက်ကို သေအောင်ခုတ်နိုင်သည်။ ဘယ်လက်ညာလက် နှစ်ဖက်လုံးသန်သူဖြစ်၍ တစ်ချိန်တည်းတွင် ဓားနှစ်လက်ဖြင့် ဘယ်ပြန်ညာပြန် ခုတ်သည်။ နောက်လိုက် သူရဲသူခက်များလည်း ရာဇဒဏ်သင့်မည်စိုး၍ အသေခံခုတ်ကြသည်။ အင်းဝတပ်သားများသည် မခံနိုင်ကြသဖြင့် အစိတ်စိတ်ကွဲ၍ ပြေးလွှားကြကုန်သည်။ အင်းဝတပ်မကြီးသည် အစိတ်စိတ်အမြွှာမြွှာ ကွဲကုန်လျှင် ဘုရင်မင်းခေါင်လည်း ကြောက်လန့်တော်မူသဖြင့် လှေသို့ သက်တော်မူ၍ ပြေးလေ၏။

ဒဂုန်မြို့ကို မသန်းတို့သိမ်းပိုက်ရလိုက်၏။ အင်းဝလှေတပ် ပြေးသည်ကို မြင်လျှင် မသန်းသည် လှေသို့ခုန်ဆင်း၍ လိုက်ပြန်သည်။ အင်းဝလှေတပ်ကို မသန်းတို့ လိုက်ခုတ်သဖြင့် လှေတပ်အချင်းချင်း ထွေးလုံးကြပြန်သည်။ အင်းဝဘက်မှ လှေများသည် အချင်းချင်းတိုးဝှေ့၍ ထွက်ပြေးကြသဖြင့် များစွာ မှောက်ကုန်သည်။ အချို့တို့သည် လှေကိုပစ်၍ ကမ်းထက်သို့ တက်ပြေးကုန်သည်။ အချို့မှာ ရေနစ်၍ သေကြကုန်သည်။ မသန်းသည် အင်းဝရေတပ်သား ငါးရာခုနစ်ဆယ်နှင့် လှေခုနစ်စင်းတို့ကို သုံ့ပန်းအဖြစ် ဖမ်းဆီးရမိခဲ့သည်။ ဒဂုန်မြို့တွင်းသို့ ပြန်လည်ခေါ်ဆောင်ခဲ့စဉ် မသန်းက အင်းဝသူရဲ များအား-

> "မင်းတို့သခင် ရွှေနန်းရှင် ဘုရင်မင်းခေါင်သိသော လဂွန်းအိန်ထက် အစွမ်းသတ္တိ ပိုကောင်းသော ရာဇာဓိရာဇ်၏ သူရဲကောင်း တစ်ဦးကား ငါပင်တည်း။ ငါ့အမည်မှာ မသန်း-ဟု ခေါ်သည်။ ငါ့ကို မင်းတို့ ဘာမှတ်သနည်း"

www.burmeseclassic.com

ဟုဆို၏။ သုံ့ပန်းများကလည်း ကြောက်ရွံ့၍ "ငါ့ရှင်ကို မနုဿလူဟူ၍ မမှတ်ပါ။ တန်ခိုးဣဒ္ဓိပါဒ်နှင့် ပြည့်စုံသော နတ်သားပင်ဖြစ်လေသလားဟု စဉ်းစားတွေးတောမိကြပါသည်" ဟု မြွှောက်ပင့်၍ဆိုကြ၏။ မသန်းလည်း သဘောကျ၍ ပြုံးလေ၏။

ဘုရင်မင်းခေါင်သည် လှေတပ်ဖြင့် ဆန်တော်မူရာ ပြည်သို့ရောက်သည့်တိုင်အောင် လန့်ဖျပ်လျက် ရှိသေးသည်။ သူရဲသူခက်များသည် လက်ရေးထက်သော မသန်း၏ လက်ချက်ကို ကြောက်ရွံ့လျက်ပင် ရှိသေးသည်။ နောက်တော်မှ လှေတပ်များ မစုံလင်မီပင် ဘုရင်မင်းခေါင်သည် ကြည်းသို့ တက်တော်မူပြီး ဆင်တပ်ဖြင့် အင်းဝသို့ အလျင်အမြန် ရောက်အောင် ပြန်တော်မူ၏။

အင်းဝသို့ရောက်သော် မှူးမတ်များနှင့် ဆွေးနွေးတိုင်ပင်၏။ "ဟံသာဝတီကို အကြိမ်ကြိမ် ငါစုန်၍ လုပ်ကြံခဲ့သည်။ ယခုတစ်ကြိမ်လို တစ်ခါမျှ မပြုကွဲ၊ မပျက်စီး၊ မသေဆုံးခဲ့ကြသေး။ ဆက်လက်၍ ငါစစ်ချီပါကလည်း ငါ့သူရဲသူခက်တွေ များစွာသေဆုံးပျက်စီး ချေဦးမည်" ဟု စဉ်းစားဆင်ခြင်၍ စိတ်ဓာတ် ပျော့ညံ့လျက် ရှိတော်မူသည်။[၁]

မသန်းသည် အင်းဝလှေတပ်မှ သူရဲသူခက် ငါးရာခန့်ဆယ်နှင့် လှေခုနစ်စင်းတို့ကို ဖမ်းခဲ့၍ ရာဇာမိရာဇ်ထံ လာရောက်ဆက်သ၏။ ရာဇာမိရာဇ်လည်း အားပါးရတော်မူ၏။ "မသန်းသည် သူရဲကောင်းများအနက် အထွတ်အထိပ် ရောက်သူဖြစ်သည်။ ရဲစွမ်းသတ္တိ ဉာဏ်ပညာတို့နှင့် ပြည့်စုံပေသည်။ ဗညားလင်္ကန်းအိန်ကိုယ်စား ထားနိုင်ပေပြီ" ဟု မိန့်တော်မူပြီး လင်္ကန်းအိန်၏ ဥပဘောဂနှင့် ပရိဘောဂသာမက စည်းစိမ်သမ္ပတ္တိ ဥစ္စာပစ္စည်းများကိုပါ ချီးမြှင့်တော်မူ၏။ မသန်းကို သမိန်ဖြတ္ထာဗ (သမိုင်ဖြာထွာဝ)[၂] ဘွဲ့ ပေးတော်မူသည်။ ထို့နောက် ရာဇာမိရာဇ်သည် ဒဂုန်မှပဲခူးသို့ ပြန်တော်မူသည်။

ဟံသာဝတီရွှေနန်းတော်တွင် တစ်နေ့သ၌ ရာဇာမိရာဇ်သည် သလွန်ထက်၌ အိပ်စက်နေစဉ် အိပ်မက်တစ်ခု မြင်တော်မူသည်။ အိပ်မက်တွင် "သလွန်သည့် လင်္ကန်းအိန်သည် လက်နှစ်ဖက်တွင် ဓားရှည်နှစ်လက်ဖြင့် ရှေ့တော်ဝယ် စစ်ရေးပြလျက် ကခုန်သည်"

ယင်းသို့မြင်မက်ပြီးသည်နှင့် ဝမ်းသာနေရာမှ လန့်နိုးသော် လင်္ကန်းအိန်ကို မမြင်ရသဖြင့် အိပ်မက်မှန်းသိရတော့သည်။ နံနက်မိုးသောက်၍ ထွက်တော်မူလျှင် မှူးမတ်သေနာပတိများ၏ ရှေ့ဝယ် ဟူးရားအား ခေါ်တော်မူ၍ အိပ်မက်နိမိတ်ကို ဟောစေ၏။

၁။ မြန်မာပေမူတွင် ယင်းသို့ ဘုရင်မင်းခေါင် ဆုတ်ခွာရသည့်အကြောင်းကို ၁၀တွဲ.ရပါ။ ပုသိမ်တွင် သမိန်အဝနိုင်နှင့် အရေးစကားဆိုပြီး အဝသို့ ပြန်တော်မူသည်ကဲ့သာ ဆို၏။ ကွဲလွဲချက်များသည်။

၂။ လောက်ဖြား၏ နောင်တော် မုတ္တမစား၏ ဘွဲ့ဟောင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

"သူ့ရှင်သည် သေလွန်သည့် ဗိုလ်မင်းလွန်းအိန်ကို စွဲလမ်းနေသည်။ လွန်းအိန်သည် သူ့ရှင်ထံပြန်လာ၍ စောင့်ရှောက်နေဦးမည်" ဟု ဟောကြားလေ၏။ ယင်းသို့ အိပ်မက်နိမိတ်ကို ဟောပြောစဉ်တွင်ပင် နန်းပြာသာဒ်အထက် ရက်မ ကြားမှ လူပ်ရှားသံကြားရသဖြင့် "လွန်းအိန်သည် ယခု အသူရကာယ်ဘဝနှင့် ငါ့ကိုလာပြီး စောင့်ရှောက်နေခြင်းဖြစ်မည်။ လာပါစေ။ သူ့ကို ကောင်းစွာ ငါကျွေးမွေးမည်။ သူသေသွားပြီးဖြစ်သော်လည်း သူ့ကို ငါမမေ့နိုင်ပါ"[၁] ဟု မိန့်တော်မူပြီး လွန်းအိန်အတွက် နတ်ကွန်းတစ်ခု ဆောက်လုပ်စေ၏။ လွန်းအိန်၏ ရုပ်တုတစ်ခုကို ပဋ္ဌလောဟဝရ ရွှေဖြင့် သွန်းလုပ်ပြီး နတ်ကွန်း၌ တင်ထားစေ၏။ လွန်းအိန်နတ်ကို နေ့စဉ်ပင် ဗလိနတ်စာ ကျွေးစေတော်မူ၏။

ဟံသာဝတီရွှေနန်းတွင် သက္ကရာဇ် ၇၈၅-ခုနှစ်[၂] တိုင်အောင် ရာဇာဓိရာဇ်သည် အေးချမ်းသာယာစွာ စည်းစိမ်သမ္မတ္တိကို စံစားတော်မူရ၏။

တကောင်းပြည်မှ ဧကရာဇ်မင်းသည် တရုတ်နိုင်ငံတွင် နန်းစည်းစိမ် သမ္မတ္တိကို စံစားနေစဉ် ကာမဏီ(ကာမ္မဒီ)ဟူသော လူစွမ်းကောင်းတစ်ယောက် ရှိသည်။ ကာမဏီသည် သူမတူအောင် လက်ရေးကောင်းသည်။ ဓားခုတ်လှဲထိုး မြင်းစီးတိုက်သည့်အရာတွင် ပြိုင်ဘက်ကင်းသည်။ "ကာမဏီသည် လူမဟုတ်။ နတ်ဒေဝါနှင့်တူသည်" ဟု အမျိုးမျိုး ချီးမွမ်းပြောဆိုကြ၏။

တစ်နေ့သော် စိန်ပြည့်ရှင်[၃] ဧကရာဇ်မင်းသည် ညီလာခံထွက်တော်မူ၍ မှူးမတ်သေနာပတိများနှင့် ဆွေးနွေးတိုင်ပင်၏။ "ငါ့သူရဲကောင်း ဗိုလ်ကာမဏီနှင့် တစ်ပါးသော သူရဲကောင်း တစ်ဦးတို့အား မြင်းစီးချင်းစစ်ထိုးသည့်ပွဲကို ပသို့ ငါရှုစားရမည်နည်း။ ကာမဏီနှင့် စစ်ထိုးဝံ့သော သူရဲကောင်းတစ်ဦးကို မည်သည့် ဧကရာဇ်မင်းတွင် တွေ့နိုင်ပါသနည်း။ သူရဲကောင်း တစ်ဦးနှင့်တစ်ဦး မြင်းစီးချင်း စစ်ထိုးသည်ကို ငါရှုစားလိုလှသည်" ဟု မိန့်တော်မူ၏။

၁။ လွန်းအိန်နတ် အကြောင်းကို မြန်မာပေမူဋ္ဌ မတွေ့ရပါ။

၂။ ရာဇာဓိရာဇ် လွန်သည့်နှစ်ကို ဆိုလိုသလော။ သို့သော် ရှေ့လာမည့်အခန်းတွင် ၇၈၂- ခုနှစ်၌ ရာဇာဓိရာဇ်လွန်သည် ဟု ပြ၏။

၃။ တရုတ်ကို စိန။ စိန်။ ကြုက်။ ဟူ၍ မွန်ဘာသာတွင် သုံးနှုန်းသည်။ ပါဠိ သက္ကတတွင် တရုတ်ကို စိန-ဟု ခေါ်၏။ မွန်မူတွင် တကောင်းပြည်မှ ဧကရာဇ်မင်းသည် တရုတ်နိုင်ငံတွင် မင်းပြုစဉ်ဟု ဆိုသဖြင့် တရုတ်ပြည်မကြီးကို ဆိုလိုဟန်မတူ။ တကောင်းပြည်၌ရှိသော တရုတ်ကို ဆိုလေဟန်တူ၏။ ဘုရင်၏အမည်ကို မသိရပေ။

www.burmeseclassic.com

www.burmeseclassic.com

"ရတနာပူရ အင်းဝပြည်နှင့် ဟံသာဝတီပြည်ရှိ ဇကရာဇ်မင်း နှစ်ပါးတို့သည် အစဉ်သဖြင့် စစ်ခင်းလျက်ရှိပါသည်။ ထို ဇကရာဇ်မင်း နှစ်ပါးတွင် စီးချင်းတွင် အလွန်ကောင်းသည့် သူရဲကောင်းတွေ ရှိပါသည်" ဟု မှူးမတ်များက လျှောက်ထားလျှင် စိန့်ပြည် ဇကရာဇ်မင်းသည် လွန်စွာ ဝမ်းသာအားရ၍ ရတနာပူရ အင်းဝပြည်သို့ စစ်ချီရန် စစ်အင်္ဂါများကို စီရင်စေ၏။

အချိန်ကောင်း အခါကောင်းရသော် ကြည်းတပ်တွင် မြင်းစီး၍ စိန့်ပြည်ဘုရင်သည် အင်အားကြီးမားစွာဖြင့် ရတနာပူရ အင်းဝနိုင်ငံသို့ ချီတော်မူသည်။ စိန့်ပြည်ဘုရင်၏ စစ်အင်အား ကြီးမားပုံကား ဝဿာနမိုးဥတုတွင် မိုးကြိုး သည်းထန်စွာ ရွာသွန်းသဖြင့် တောအလုံးကို မိုးရေတွေ ဖုံးလွှမ်းထားသကဲ့သို့ ဖြစ်လေသည်။ အထက်မှ အောက်သို့ စီးကျလာသော တောင်ကျရေကို တားဆီး၍မရသလို စိန့်မင်း၏ စစ်တပ်မကြီးသည် အင်းဝသို့ ဒလဟောချီလာသည်။ စည်မောင်းသံများမှာ တသောသောညံလျက်ရှိတော့သည်။ အင်းဝနှင့်နီးလတ်သော် တပ်စခန်းချ၍ နေတော်မူ၏။

ရတနာပူရ အင်းဝရွှေနန်းရှင် ဘုရင်မင်းခေါင်သည် တရုတ်[၁] စစ်ချီလာသည်ကို ကြားလျှင် မြို့ပြကျုံးမြောင်းကို ခိုင်ခံ့မြဲမြံအောင် ပြုပြင်၍ နေတော်မူ၏။ မြို့ပြင်သို့ ထွက်၍ တိုက်ခိုက်ခြင်းမပြုဘဲ မြို့တွင်း၌သာ အခိုင်နေလေသည်။

စိန့်ပြည်ဘုရင်သည် သူရဲသူခက်များအား "လက်နက်ကိုင်ဆောင်ခြင်း မပြုသော လူသူများကို အန္တရာယ်မပြုရ။ ငါ့အမိန့်ကို မနာခံလျှင် ခေါင်းဖြတ်သတ်ပစ်မည်" ဟု ကြေညာချက် ထုတ်တော်မူ၏။ ထိုနောက် အင်းဝရွှေနန်းရှင် ဘုရင်မင်းခေါင်ထံ ရာဇသံစာရေး၏။ ပဏ္ဏာလက်ဆောင်များကား မကန်းရုပ်ဖြင့် ပိုးအဝတ်အုပ် တစ်ရာ။ ရွှေသမင်ရုပ်ဖြင့် ပိုးအုပ်တစ်ရာ ဖြစ်သည်။ ရာဇသံစာနှင့် လက်ဆောင်ပဏ္ဏာများကို မြန်မာစကားတတ်သော စော်ဘွားတစ်ဦးကို နောက်လိုက်များနှင့်တကွ အင်းဝသို့ စေတော်မူ၏။ စော်ဘွားသည် လက်ဆောင်ပဏ္ဏာများနှင့် ရာဇသံစာကိုယူ၍ အင်းဝရွှေနန်းသခင် ဘုရင်မင်းခေါင်ထံ ဝင်ရောက်ဆက်သလေ၏။ ဘုရင်မင်းခေါင်လည်း စာကို မြန်မာဘာသာနှင့် ပြန်ဆိုဖတ်ကြားစေ၏။ စာတွင်–

"စိန့်ပြည့်ရှင် ဇကရာဇ်မင်း ကြားရောက်အပ်သော၊ အင်းဝရွှေနန်းသခင်။ ယခု ငါတို့စစ်ချီလာသည်မှာ ဆန္ဒနှစ်မျိုး ရှိပါသည်။ တစ်မျိုးကား အင်းဝမင်းသည် ငါ့လက်အောက်ခံ၍ လာရောက် ရှိခိုးရန်

၁။ မြန်မာပေမူတွင် တရုတ် ဦးတည်ဘွားက တိုက်ဆင်နှစ်ရာ၊ မြင်းတစ်သောင်းခွစ်သည်သူရဲသုံးသိန်းနှင့် အဝသို့ချီလာ၏– ဟုလာသည်။ မှန်နန်းတွင် ဆင်နှစ်ရာ၊ မြင်းနှစ်ထောင်။ သူရဲလေးသောင်း– ဟုပြ၏။

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်သည်။ အခြားတစ်မျိုးကား သူရဲကောင်းချင်း စီးချင်းစစ်ထိုးသည်ကို မျက်မှောက်ပြုလျက် ရှုစားလိုခြင်း ဖြစ်သည်။ အကယ်၍ အင်းဝ ဘက်မှ မြင်းစီးသူရဲကောင်း ရှုံးခဲ့လျှင် အင်းဝကို ကြည်သာစွာဖြင့် ငါ့လက်အပ်ရန် ဖြစ်သည်။ တိုင်းသူပြည်သား၊ ရဟန်းပုဏ္ဏား၊ ဟူးရား များကို ဒုက္ခမရောက်စေရ။ အကယ်၍ ငါတို့ဘက်မှ သူရဲကောင်း ရှုံးခဲ့သော် စိန့်ပြည်သို့ ငါတို့ဆုတ်ပြန်ပါမည်။ အင်းဝပြည်ရှိ တဲငယ် တစ်ခုကိုမျှ မပျက်စီးစေရပါ။ သို့ဖြစ်၍ အင်းဝရွှေနန်းရှင်၏ ဆန္ဒကို ပြန်ကြားစေလိုပါသည်"[၁]

ဟု ပါရှိလေသည်။ ဘုရင်မင်းခေါင်သည် စာပါအကြောင်းအရာကို သိရပြီးလျှင် လွန်စွာ ဝမ်းသာအားရတော်မူ၏။

"သည်တစ်ကြိမ် စစ်ကိစ္စပြောဆိုရသည်မှာ လွန်စွာပင် တရားနည်းလမ်း ကျလှပေသည်။ တိုင်းသူပြည်သား၊ ပုဏ္ဏားရဟန်းများကို ပူပင်သောက မရောက်စေရတော့ပါ။ တရားဓမ္မနှင့် ပြည့်ဝသော မင်းဧကရာဇ်များအတွက် သင့်တင့်လှပေလည်"

ဟု မိန့်တော်မူပြီး ပြန်စာနှင့်တကွ လက်ဆောင်ပဏ္ဏာများကို စော်ဘွားလက်သို့ အပ်တော်မူသည်။ လက်ဆောင်များကား ခေါ်မစောင် အုပ်နှစ်ဆယ်။ ခေါင်းအုံးနှင့်တကွ သဇင်ပန်းအပွင့် သုံးဆယ်ပါသော တင်းထိမ် အတောင်ငါးဆယ် ဖြစ်သည်။ စာတွင်–

"စိန့်ပြည့်ရှင် ဧကရာဇ်မင်း ဆန္ဒရှိသည့်အတိုင်း သူရဲကောင်း အချင်းချင်း မြင်းစီး၍ ဓားလုံကိုင်လျက် စစ်ထိုးမှုကို ရှုစားရန် ကောင်းသည်ဟု ငါလည်းမြင်ပါသည်။ လွန်စွာ ငါဝမ်းသာပါသည်။ သို့သော် သည်တစ်ကြိမ် စစ်ထိုးမည့်ကိစ္စမှာ မဟာယုဒ္ဓ(စစ်ကြီး) ဖြစ်သဖြင့် အလျင်လို၍မရပါ။ အင်းဝမှာ သူရဲကောင်း ရွေးချယ်ရဦးမည် ဖြစ်သဖြင့် ၇-ရက်မျှ ဆိုင်းငံ့စေလိုသည်။ တစ်နည်းဆိုရသော် စစ်တပ် ဗိုလ်ပါများနှင့် ချီလာသော အဆွေတော် ဧကရာဇ်မင်းသည် ခရီးဆေးမှ လာခဲ့ရသဖြင့် ပင်ပန်းချေမည်။ အမောမပြေသေး။ ဗိုလ်ပါများနှင့်တကွ

၁။ မြန်မာပေမူတွင် "ထွက်၍သော်လည်. တို့ကိုမတို့က်၊ အရေးတော်လည်း ပြီးအောင်မဆို၊ သို့ပင်နေသော် သုံးနှစ်လည်အောင် လုပ်ကြွေမည်။ သူရဲကောင်း မြင်းစီးတစ်ယောက် ဆွဲလာစေ။ တို့က မြင်းစီးသူရဲကောင်းနှင့် တစ်ယောက်ချင်း တွေ့ကြစို့မည်။ တို့က သူရဲနိုင်လျှင် အဝန်ိင်ကိုယူမည်။ ငါတို့ သူရဲရှုံးလျှင် ငါတို့ ပြန်တော့မည်" ဟု သူရဲတို့က ဆိုလာ၏။ တရုတ်တို့ ဆိုလာသည့် စကားကို ဘုရင်မင်းခေါင် ကြားလျှင် သူရဲကောင်းကို မေးတော်မူသော် တစ်ယောက်မှ ထွက်ဝံ့သသူမရှိချေ ဟုလာသည်။

www.burmeseclassic.com

www.burmeseclassic.com

စိတ်ချမ်းသာ ကိုယ်ချမ်းသာစွာဖြင့် အနားယူကြပါဦး။ အဆွေတော်၏ ရာဇသံ၌ ပါသည့်အတိုင်း အချိန်တန်လျှင် အကြောင်းကြားစေမည် ဖြစ်ပါကြောင်း"

ယင်းစာနှင့် လက်ဆောင်များကို ရရှိလျှင် စိန့်ပြည့်ရှင် ဇကရာဇ်မင်းလည်း လွန်စွာ ဝမ်းသာ၏။ ဗိုလ်ပါသူရဲသူခက်များကို ပျော်ရွှင်စွာ အပန်းဖြေကြစေသည်။

ဘုရင်မင်းခေါင်သည် မှူးမတ်သေနာပတိများနှင့် ဆွေးနွေးတိုင်ပင်တော်မူစဉ် "စိန့်ပြည့်ရှင်၏ သူရဲကောင်း ကာမဏိနှင့် မည်သူတစ်ဦးတစ်ယောက်သည် မြင်းစီးချင်း စစ်ထိုးဝံ့ပါသနည်း" ဟု မေးတော်မူ၏။ ခစားနေကြသော မှူးမတ်ဗိုလ်ပါ သူရဲသူခက်များအနက် မည်သူမျှ ခေါင်းမမော်ဝံ့ပေ။ တိတ်ဆိတ်စွာ နေသဖြင့် ဘုရင်မင်းခေါင်သည် လွန်စွာ ကြောက်ရွံ့ စိုးရိမ်တော်မူ၏။ စိတ်သောက ရောက်တော်မူ၏။

အင်းဝပြည်၏ ဂြိုဟ်အနေအထားကို ကြည့်ရှုစေရာ ပုဏ္ဏားဟူးရားတို့က– "အင်းဝပြည်၏ ဂြိုဟ်အနေအထားမှာ အားလုံးကောင်းမွန်ပါသည်။ ရှေ့အဖို့ လာဘ်လာဘ ရရန်လည်း ရှိပါသေးသည်" ဟု လျှောက်ထားကြ၏။ ဘုရင်မင်းခေါင်လည်း ဝမ်းသာတော်မူ၏။ သူရဲကောင်းရှာရန် မြို့အနှံ့ မောင်းလည်ခတ်စေသည်။

"အကြင်သူတစ်ဦးသည် စိန့်ပြည့်ရှင်မင်း၏ သူရဲကောင်း– ဗိုလ်ကာမဏိနှင့် စီးချင်းတိုက်ပေးနိုင်ခဲ့ပါမူ ထိုသူရဲကောင်းအား ရတနာပူရ အင်းဝရွှေနန်းရှင်က မဟာဥပရာဇာအဖြစ် ချီးမြှင့်တော်မူမည်"

ဟူ၍ အင်းဝမြို့အနှံ့အပြားသို့ ကြေညာမောင်းကို လည်ခတ်စေ၏။ သို့သော်လည်း မည်သူတစ်ဦးတစ်ယောက်မျှ ကာမဏိအား စစ်ထိုးဝံ့သူ မရှိချေ။[၁]

ယင်းသောအခါ ထောင်တွင်း အကျဉ်းကျနေသော သမိန်ဗရမ်းအား စောင့်ရသည့် ထောင်စောင့်များသည် သူရဲကောင်းကိစ္စကို အချင်းချင်း ပြောဆိုကြသည်။

"ယခု ငါတို့ရွှေနန်းရှင် ဇကရာဇ်မင်းခေါင်က မဟာဥပရာဇာပေးမည်။ နန်းထက်ဝက်ပေးမည် ဆိုသည့်တိုင်အောင် ကာမဏိကို စစ်ထိုးဝံ့သူမရှိပါသဖြင့် ငါတို့ အင်းဝပြည်ကြီး ပျက်စီးရတော့မည်တကား"

ယင်းသို့ဆိုသည်ကို သမိန်ဗရမ်းကြားရလျှင်–

၁။ မြန်မာပေမူတွင် မောင်းလည်ခတ်စေသည်ဟု မဆို။ ပေါင်းတည်စားက နားဆောလျှောက်၍ သံခြေချင်းခတ်ထားသော သမိန်ဗရမ်းကို မေးလေ၏– ဟု ပြသည်။

www.burmeseclassic.com

www.burmeseclassic.com

"ငါသည် ထောင်တွင်း၌ ကြာမြင့်စွာပင် ဒုက္ခခံနေခဲ့ရသည်။ ဆင်စီး၍လည်းကောင်း၊ မြင်းစီး၍လည်းကောင်း၊ ခြေလက်ကို မဆန့်တန်းရသည်မှာ ကြာလှပြီ။ ဘယ်လက်ကို ညာသို့တိုင်အောင်၊ ညာလက်ကို ဘယ်သို့တိုင်အောင် မလှည့်ရသည်မှာ ကြာလှပြီဖြစ်၍ ငါပူပန်ပါ၏။ တရုတ်သူရဲကောင်း ဗိုလ်ကာမဏီကို အနည်းငယ်မျှ ငါမကြောက်။ သူ့ကိုအနိုင်ယူဖို့ မည်သို့မျှ မခက်ခဲ။ သည်တာဝန်ကို ငါယူခဲ့သော် အရှင်နှစ်ပါးတို့၏ အမှုကို ငါပခုံးနှစ်ဖက်ဖြင့် ထမ်းသလို ဖြစ်တော့မည်။ သည်ကဲ့သို့ပြုဖို့ မသင့်တင့်ပါတကား"

ဟု စဉ်းစားပြီး တိတ်ဆိတ်စွာပင် နေလေ၏။ နောက်တစ်နေ့တွင်လည်း ကြေညာမောင်းလည်ခတ်သည်ကို ထောင်စောင့်များ ကြားရလျှင်–

"သည်တစ်ကြိမ် တရုတ် စစ်ချီလာသည်မှာ အင်အား ကြီးမားလှသည်။ ငါတို့ဘက်က သူရဲကောင်းကို ရှာသည်မှာလည်း မည်သူမျှ တာဝန်မယူဝံ့သေး။ သည်မြို့တစ်မြို့ကို မဆိုထားနှင့်ဦး။ အင်းဝထက် ဆယ်နှစ်ဆကြီးသော မြို့ဖြစ်သည့်တိုင်အောင် တရုတ်တို့ကို ခံနိုင်မည်မဟုတ်။ ငါတို့ မြန်မာနိုင်ငံကို တရုတ်တို့ အမှန်ရတော့မည်"

ဟု အချင်းချင်း ဆိုကြပြန်၏။ သမိန်ဗရမ်းလည်း နားထောင်လျက်–

"အင်းဝမြို့သည် ပဲခူးမြို့သို့ချီရန် လမ်းစဖြစ်၏။ အင်းဝသည် ဟံသာဝတီ၏ မုခဝန့်လည်း တူသည်။ ယခု စိန့်ပြည့်ရှင် ဧကရာဇ်မင်းသည် သူရဲကောင်းချင်းမြင်းစီး၍ စစ်ထိုးသည်ကို ရွှေစားလိုသော ဆန္ဒဖြင့် စစ်ချီလာခြင်းဖြစ်သည်။ ကာမဏီကို ခံဝံ့သူ အင်းဝတွင် မရှိပါက သူ့ဆန္ဒ ပြည့်ဝမည်မဟုတ်။ အင်းဝကိုရပြီးသော် ဟံသာဝတီသို့ ဆက်လက်ချီတက်ပေဦးမည်။ ငါ့မှာလည်း ထောင်တွင်း၌ ကြာမြင့်စွာ နေခဲ့ရပြီ။ အင်းဝပျက်သော် ဟံသာဝတီသို့ ငါပြန်ရောက်ဖို့ မရှိတော့ပြီ။ သည်စစ်ကို ငါတာဝန်ယူတိုက်မှ တော်တော့မည်။ တရုတ်စစ်ကို ဟံသာဝတီသို့ မစုန်စေတော့ပြီ"*

ဟု စိတ်တွင် စဉ်းစားဆင်ခြင်ပြီး ထောင်စောင့်တို့အား–

"စိန့်ပြည်မှ သူရဲကောင်း ကာမဏီကို ပသို့ကြောင့် ကြောက်ရမည်နည်း။ သူ့မှာ ဉာဏ်ပညာ အစွမ်းသတ္တိ မည်မျှရှိသနည်း။ ကောင်းကင်ပျံနိုင်သည့် နတ်သားကိုသာ ငါကြောက်သည်။ ဤ[illegible]

---

* မြန်မာပေမူတွင် ယင်းသို့ သမိန်ဗရမ်း စဉ်းစားသည်ဟု မတွေ့ရပါ။

www.burmeseclassic.com

www.burmeseclassic.com

ချာတွင် ကာမဏီသည် ငါတို့လို လူတစ်ယောက်သာ ဖြစ်သည်။ သူ့အား ကြောက်စရာမရှိ။ သူ့ကိုနိုင်အောင် ငါတာဝန်ယူ တိုက်ပဲ့သည်"

ဟု ဆို၏။ ယင်းစကားကို ထောင်စောင့်တို့ကြားလျှင် ဝမ်းသာအားရစွာဖြင့်-

"ငါ့ရှင် တာဝန်ယူ၍ တိုက်ပဲ့လျှင် အလွန်ကောင်းမည်။ ငါ့ရှင်လည်း ဒုက္ခမှ လွတ်ကင်းရမည်။ ယဿပတ္တိနှင့် ပြည့်စုံသော ဥပရာဇာမင်း ဖြစ်ရမည်မချွတ်။ နောင်ကို ငါ့ရှင်၏ ဘုန်းရိပ်ကို ငါတို့ခိုလှုံရတော့မည်"

ဟု ဆိုကြ၏။

"ယခု ကာမဏီအား အနိုင်ယူစစ်ထိုးဖို့ ငါတာဝန်ယူသည်မှာ ယဿပတ္တိကို လိုချင်မဟုတ်။ အင်းဝနိုင်ငံကြီး တည်တံ့ခိုင်မြဲ၍ ကိတ္တိယဿ ကျော်စောခြင်းနှင့် ပြည့်စုံစေလိုသည်။ မြို့သူမြို့သား ရဟန်းပုဏ္ဏား များအား ချမ်းသာသုခတို့နှင့် ပြည့်စုံစေလိုသည်"

ဟု ဆို၏။ ထို့နောက် ထောင်မှူးသည် စစ်သေနာပတိထံ သွား၍ သမိန်ဗရမ်း (ဗညာဓရေမ်) ဆိုသည့် စကားများကို တင်လျှောက်သည်။ သေနာပတိလည်း ဝမ်းသာအားရစွာဖြင့် ဘုရင်မင်းခေါင်ထံ ဝင်ရောက် သံတော်ဦးတင်လေ၏။[1] ဘုရင်မင်းခေါင်လည်း ထိတ်လန့်နေရာမှ သတိရလာ၏။

"အင်း- သမိန်ဗရမ်းကို ငါမေ့နေလိုက်တာ။ သမိန်ဗရမ်းသည် ဆင်စီး၊ မြင်းစီး၍ တိုက်ခိုက်ရာမှာ အလွန်လျင်မြန် ဖျတ်လတ်ပေါ့ပါးလှသည်။ ဉာဏ်ပညာ အစွမ်းသတ္တိ ရဲရင့်မှုမှာ ပြိုင်ဘက်ကင်းသူ ဖြစ်သည်။ ကာမဏီနှင့် စစ်ထိုးစေမှ သင့်မည်" ဟု စိတ်တွင် ပေါ်ပေါက်လာ၏။ လွန်စွာ ဝမ်းသာအားရတော်မူ၏။ ထို့နောက် မှူးမတ် သေနာပတိများအား-

"သမိန်ဗရမ်းသည် ဟံသာဝတီတွင် သူရဲကောင်းဖြစ်သည်ကို ငါမေ့နေသည်။ ယခုမှ ငါသတိရလာသည်။ သမိန်ဗရမ်းကို သစ္စာရေတိုက်ပြီး ထောင်တွင်း အကျဉ်းချထားရာမှ ထုတ်ခဲ့ချေ"

ဟု မိန့်တော်မူ၏။ အမိန့်အတိုင်း သမိန်ဗရမ်းအား သစ္စာရေတိုက်ပြီးသော် ထောင်တွင်းမှ ထုတ်၍ ရှေ့တော်သို့ ခေါ်ဆောင်ခဲ့ကြသည်။ သမိန်ဗရမ်းကို မြင်လျှင် ရွှေနန်းသခင် ဘုရင်မင်းခေါင်သည် လွန်စွာ ဝမ်းသာအားရတော်မူ၏။

၁။ မြန်မာပေမူတွင် ထောင်မှူးနှင့် သမိန်ဗရမ်း ပြောဆိုသည့်စကားနှင့် ဘုရင်မင်းခေါင် စဉ်းစားသည့် စကားကိုမတွေ့ရပါ။

www.burmeseclassic.com

www.burmeseclassic.com

"ရတနာပူရ အင်းဝပြည်အနီး၌ တပ်တည်နေသော တရုတ်စစ်တပ်မှ သူရဲကောင်းကာမဏီနှင့် ခံဝံ့သူတစ်ယောက်ကို ငါတို့ ရှာ၍မရသေး။ သည်တာဝန်ကို မင်းယူဝံ့မည်လော"

ဟု မေးတော်မူ၏။

"ရွှေနန်းရှင်၏ ကျေးဇူးတော်ကို ဆပ်သည့်အနေဖြင့် ကာမဏီနှင့် စီးချင်းတိုက်မည့် တာဝန်ကို ကျွန်ုပ်ထမ်းဆောင်ပါမည်။ စိန့်ပြည့်ရှင်ကို ရွှေနန်းသခင် အရှက်မရစေပါ။ သို့သော် အရှင်မင်းကြီး ထံမှ မြင်းကောင်းတစ်စီးကို ကျွန်ုပ်တောင်းခံလိုပါသည်။ ကျွန်ုပ် စိတ်ကြိုက် မြင်းကို ရပါမူ ကာမဏီလောက်ကို မဆိုထားနှင့် နတ်သိကြားမှလွဲ၍ မည်သူ့ကိုမဆို ကျွန်ုပ် ရအောင် တိုက်ဝံ့သည်"[1]

ဟု သမိန်ဗရမ်း လျှောက်ထားလေ၏။ ဘုရင်မင်းခေါင်လည်း ဝမ်းသာအားရတော်မူ၏။

"ငါ့မှာ မြင်းတွေ သောင်းသိန်းမျှရှိသည်။ မင်းဘာမျှမပူနှင့်။ မင်းစိတ်ကြိုက် မြင်းကို ရွေးယူချေ"

ဟု မိန့်တော်မူ၏။

"ရွှေနန်းသခင်ပိုင်သော မြင်းတွေ အမြောက်အမြား ရှိသည်ကား မှန်ပါ၏။ မြင်းကောင်း မရမည်စိုးသည်။ အကောင်းမှန်လျှင် ရှားသည်ချည်း။ ဆင်ကောင်းသည်ကို စီးပြီးမှသိနိုင်သည်။ မြင်းကောင်းသည်ကို သိလိုလျှင် သူ့ကုန်းထက်မှာ လက်တင်ကြည့်မှ သိမည်။ သူရဲကောင်းအစွမ်းကို သိလိုလျှင် တိုက်ခိုက်စေပြီးမှ သိနိုင်သည်။ ကိုးရည်မိသော ရွှေဖြစ်ကြောင်း သိလိုပါက မှတ်ကျောက်တင်ကြည့်မှ သိနိုင်သည်။ မိန်းမကောင်းမည်သည် မယားဝတ်နှင့်ညီပြီး လှပ၍ အကျင့်သိက္ခာ လက္ခဏာများနှင့် ပြည့်စုံမှ မိန်းမကောင်းမည်ပေသည်။ ချီဆိမ့်သည့် အရသာကောင်းကို သိလိုလျှင်လည်း မြည်းကြည့်ပြီးမှ

၁။ မြန်မာပေမူတွင် "အကျွန်ုပ်ကို သံခြေချင်းနှင့် ထားတော်မူသည်။ ဆင်းရဲကျဉ်းမြောင်းသောကြောင့်၊ သို့မဟုတ်သော် သူရဲကောင်းချင်းတွင် ငါးတစ်စင်း။ လွှားတစ်ချပ်၊ ဆင်စီးချင်း၊ မြင်းစီးချင်း တွေ့ရသော် ကျွန်ုပ်ကို ခဲနိုင်မည်လော" ဟု သမိန်ဗရမ်းလျှောက်၏– ဟု တွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com

သိနိုင်ပါသည်။ စိတ်ကောင်းရှိမရှိ သိလိုလျှင်လည်း သံသယကင်းသည့်အထိ စမ်းသပ်ပြီးမှ သိနိုင်ပါသည်။ ယခု ကျွန်ုပ်တင်ပြသည့် ဥပမာတို့သည် ရှာရခက်သည့် ပစ္စည်းကောင်းတွေ ဖြစ်ပါသည်"

ဘုရင်မင်းခေါင်ကြားလျှင် ရယ်တော်မူ၏။ လွန်စွာသဘောကျတော်မူ၏။ ထို့နောက် ရှိသမျှ မြင်းကြီးငယ်ဟူသရွေ့ကို သမိန်ဗရမ်းအား ပြစေ၏။ ဘုရင်မင်းခေါင် ကိုယ်တော်တိုင် ထွက်ကြည့်တော်မူ၏။

မြင်းရှိသရွေ့ သောင်းသိန်းမက ပြသသော်လည်း သမိန်ဗရမ်းစိတ်ကြိုက်မြင်းတစ်ကောင်မျှ မတွေ့ရပေ။ မြန်မာ မျူးမတ်ဩနာပတိများလည်း ရယ်မောလျှက် သရော်ကြ၏။ လှောင်ပြောင် ပြောဆိုကြ၏။

"သည် မွန်သူရဲကောင်းမှာ စကားများများပြောသော နှုတ်ရေးကောင်းသူသာ ဖြစ်သည်။ မြင်းရွေးဟန်ပြုပြီး အခွင့်ကောင်း အခါကောင်းယူမည်။ မြင်းတွေ ထောင်သောင်းသိန်း မကကို ပယ်သည်။ သည်မြင်းတွေအားလုံးမှာ စစ်ပွဲတွင် အမြဲတိုက်ခိုက်ခဲ့ဖူးသည်ချည်း။ အားလုံးပင် မြင်းကောင်းချည်း ဖြစ်ကြသည်။ တစ်စီးမျှ မရွေးချယ်ဘဲ အချိန်နှောင်းအောင်ပြုသည်။ လမ်းရလျှင် ပြေးမည်မချွတ်"*

ဟူ၍ အမျိုးမျိုး တီးတိုးပြောဆိုကြသည်။ သို့သော် ဘုရင်မင်းခေါင်သည် မည်သို့မျှ သံသယမဖြစ်၊ သမိန်ဗရမ်းအား ယုံကြည်တော်မူသည်။ ရဲစွမ်းသတ္တိနှင့် ပြည့်စုံကြောင်းကိုလည်း သိတော်မူသည်။ မြို့တွင်းရှိသမျှ မြင်းများအနက် တစ်စီးမျှ စိတ်ကြိုက် မတွေ့ကြောင်းကို သမိန်ဗရမ်း လျှောက်ထား၏။ ဘုရင်မင်းခေါင်လည်း ဩနာပတိများအား မြို့ပြင်သို့ထွက်၍ ကျေးရွာဧနပုဒ် နိုဂုံးများ၌ မြင်းကောင်းတစ်စီး ရရှိသည်အထိ ရှာစေတော်မူ၏။

ဘုရင်မင်းခေါင်နှင့် စိန့်ပြည့်ရှင်တို့ အချိန်းအချက် ပြုထားသည့် အချိန်မှစ၍ မြို့ပြင်ရှိ ဧနပုဒ်များတွင် ဘေးအန္တရာယ်မရှိ နဂိုမူလပကတိအတိုင်း အေးချမ်းစွာ ဝင်ထွက်သွားလာ နိုင်ပေသည်။ ဩနာပတိများသည် အမိန့်တော်အတိုင်း မြို့ပြင်သို့ ထွက်ကာ မြင်းရှိသောကျေးရွာများသို့ လှည့်လည်ရှာဖွေကြသည်။ များမကြာမီ မြင်းမ

---

* မြန်မာပေမူ၌ မျူးမတ်များက ယင်းသို့ တီးတိုးပြောကြောင်းကို မတွေ့ရပေ။

www.burmeseclassic.com

www.burmeseclassic.com

သားအမိ နှစ်စီးတို့ကို တွေ့မြင်ကြသည်။ မြင်းရှင်မှာ မုဆိုးမဖြစ်သည်။* ရေကန်အနီးတွင် မြင်းမသားအမိတို့သည် မြက်စားလျက်နေကြသည်။ ရေကန်၏အနံ့မှာ ငါးလံမျှ ရှိ၍ ရေနက်သည်။ မြင်းပျိုသည် ရေကန်ကို နေ့စဉ် ခုန်လွှား၍ သွားလာမြဲဖြစ်၏။ မုဆိုးမသည် ဆန်ကိုဖွပ်ပြီး ဖွဲနှကိုပြာထုတ်၏။ ရသမျှဖွဲနှကို မြင်းမသားအမိတို့အား ခေါ်ကျွေးလေ့ရှိ၏။ မြင်းမသည် အားနည်းသဖြင့် ရေကန်ကို မခုန်လွှားနိုင်။ ရေကို ဖြတ်ကူး၍ လာရသည်။ မြင်းပျိုသည် အလွန်အားကောင်း၍ ရေကန်ကို ခုန်လွှားကာ ဖွဲနှကို လာစား၏။

ယင်းသို့ မုဆိုးမသည် နေ့စဉ်ပင် မြင်းမသားအမိတို့အား ဖွဲနှကို ခေါ်ကျွေးသည်။ ထိုမြင်းပျိုကို သေနာပတိတို့မြင်ကြလျှင် "မြင်းကောင်းတို့၏ လက္ခဏာများနှင့် ပြည့်စုံသည်။ အားကောင်းလွန်းသည်" ဟု ဆိုကြပြီး ဝိုင်းဝန်း၍ ဖမ်းဆီးရန်ကြိုးစားကြ၏။ ကြာမြင့်စွာ ကြိုးစားသော်လည်း မြင်းပျိုကို ဖမ်း၍မရပေ။ သို့ဖြစ်ရာ မုဆိုးမအား ခေါ်၍ ဆို၏။

"ယခု နင့်မြင်းပျိုကို ငါတို့ ကြိုက်နှစ်သက်သည်။ မြင်းကောင်းတို့၏ လက္ခဏာများနှင့် ပြည့်စုံသည်။ နင့်မြင်းကို ငါတို့ယူ၍ ရွှေနန်းရှင်အား ဆက်သရမည်။ အမြန် ဖမ်းပေးပါ"

ဟုဆိုလျှင် မုဆိုးမက "မြင်းပျိုကို အလိုရှိပါက သေနာပတိများ ဤအနီးအနားဌာန မနေကြပါနှင့်၊ အဝေးသို့ ခေတ္တရှောင်နေကြပါ" ဟုဆို၏။ သေနာပတိများလည်း ခပ်လှမ်းလှမ်းသို့ ထွက်သွားကြသည်။ သို့စဉ် မုဆိုးမသည် စပါးကိုယူ၍ ထောင်းသည်။ ထိုနောက် ဆန်ကိုဖွပ်ပြီး ရသမျှဖွဲနှကို မြင်းမသားအမိတို့အား ခေါ်ကျွေးလေ၏။ မြင်းပျိုသည် ရေကန်ကို ခုန်ကျော်၍လာ၏။ မုဆိုးမသည် မြင်းပျို၏မျက်နှာကို လက်ဖြင့် ပွတ်သပ်သည်။ ကျောကုန်းကိုလည်း ပွတ်သပ်သည်။ ဖွဲနှကိုစားရန် ချော့မော်၏။ မြင်းမကြီးသည် ရေကန်ကိုကူး၍ လာရသဖြင့် နောက်ကျ၏။ သို့နှင့် မုဆိုးမသည် မြင်းပျို၏လည်တွင် ကြိုးတပ်၍ သစ်ပင်ကြီးနှင့် ချည်နှောင်လိုက်၏။

သေနာပတိများလည်း ဝမ်းသာစွာဖြင့် ရောက်လာကြပြီး မြင်းပျိုကို ယူသွားကြ၏။ မြို့တွင်းသို့ရောက်လျှင် ရွှေနန်းရှင်အား မြင်းပျိုကို တွေ့ရပုံ အလုံးစုံကို တင်လျှောက်ကြ၏။ ဘုရင်မင်းခေါင်သည် မြင်းပျို၏ ကောင်းသော ကြန်အင်လက္ခဏာကို မြင်လျှင် လွန်စွာသဘောကျ၏။ ထိုနောက် သမိန်ဗရမ်းအား ခေါ်ပြီး မြင်းပျိုကို ကြည့်စေ၏။ လုပဝတ်ဖြုံး၍ မြင်းကောင်းတို့၏ လက္ခဏာများနှင့် ပြည့်စုံသည်ကို သမိန်ဗရမ်း မြင်လျှင်

---

* မြန်မာပေမူတွင် မြင်းမသားအမိကို မုဆိုးမထံမှ ရသည်ဟု မဆို။ "နောက် မြင်းမကျည်းစေတစ်စီးကိုမြင်လျှင် သည်မြင်းသည် စီးရမည်ထင်သည်ဆို၍ ဖမ်းယူရာသည် – ဟု ရေးသည်။

www.burmeseclassic.com

ကြိုက်နှစ်သက်၏။ မြင်းပျိုး၏ ကျောထက်တွင် လက်ကို တင်ကြည့်၏။ အနည်းငယ်မျှ နိမ့်မကျ။ မြို့တွင်းမှ မြင်းများနှင့်မတူ။ ခွန်အားဗလကောင်းသော မြင်းကောင်းဖြစ်သည်ကို သိရ၏။ ပြိုင်ဘက်ကင်းသော မြင်းဖြစ်၍ စိတ်ကြိုက်ဖြစ်သဖြင့် ကကြိုးတန်ဆာများကို ချည်စေ၏။

"ကျွန်ုပ်စိတ်ကြိုက် မြင်းကို ရပါပြီ။ မြင်းနှင့် ရင်းနှီးရန်နှင့် စစ်ထိုးတတ်အောင် မြင်းကို လေ့ကျင့်ခွင့် ပြုတော်မူပါ"[၁]

ဟု သမိန်ဗရမ်း လျှောက်ထားလေ၏။ ရွှေနန်းသခင်လည်း ခွင့်ပြုတော်မူသဖြင့် သမိန်ဗရမ်းသည် တုတ်၊ ဓားနှင့် လှံတို့ကိုကိုင်၍ မြင်းထက်သို့တက်ကာ မြို့ပြင်သို့ ဒုန်းစိုင်းနှင်လေသည်။ လမ်းတွင် မြေမှုန်များ ထသဖြင့် မြင်းနှင့်လူကို မမြင်ရတော့ပေ။ မြန်မာ သေနာပတိများသည် သမိန်ဗရမ်းအား သံသယဖြစ်ကြသည်။

"သမိန်ဗရမ်း ပလီသည်။ ရွှေနန်းသခင်ကို လိမ်လည်လှည့်ဖြား၍ ဟံသာဝတီသို့ ထွက်ပြေးပြီ"

ဟု ဆိုကြ၏။ ဘုရင်မင်းခေါင်သည် ယင်းသို့ မှူးမတ်များ ဆိုကြလျှင် ပူပင်တော်မူ၏။ ထောင်မှူးအား ခေါ်၍မေး၏။

"သမိန်ဗရမ်း သစ္စာရှိသည်။ ဖြောင့်မတ်လွန်းသည်။ ရွှေနန်းသခင်အား လိမ်၍ ထွက်ပြေးမည် မဟုတ်ပါ။ မြင်းပျိုသည် အရိုင်းဖြစ်သဖြင့် စီးကျင့်ရရန် လေ့ကျင့်ခြင်း ဖြစ်ပေသည်။ ကျင့်သားရလျှင် မခ ပြန်လာမည်ကို ကျွန်ုပ်ယူဆပါသည်။ ရွှေနန်းရှင် ဆိုင်းငံ့၍ စောင့်တော်မူပါ"

ဟု လျှောက်ထား၏။ သို့သော်လည်း ဘုရင်မင်းခေါင်သည် သံသယစိတ် မကုန်သေးသဖြင့် အတွင်းဆောင်သို့ ဝင်တော်မမူဘဲ စောင့်မျှော်လျက် နေတော်မူ၏။ သေနာပတိများကိုလည်း သမိန်ဗရမ်းအလာကို စောင့်စားနေစေ၏။[၂]

သမိန်ဗရမ်းသည် နံနက်ပိုင်းမှစ၍ မြင်းကို ဒုန်းစိုင်းနှင်ကာ မြို့ပြင်သို့ထွက်ပြီး စိတ်တိုင်းကျအောင် လေ့ကျင့်သည်။ နေစောင်း၍ သုံးချက်တီးအချိန်တွင် မြင်းကို

၁။ မြန်မာပေမူတွင်- အသက်အသံကို သိအောင် ၇-ရက်လည်အောင် စီးရ၏- ဟု ဆို၏။ မွန်မူတွင် ၁-ရက်သာ လေ့ကျင့်သည်။

၂။ ဘုရင်မင်းခေါင် စိတ်ပူသဖြင့် ထောင်မှူးကိုမေး၍ ထောင်မှူးဆိုသည့် စကားများကို မြန်မာပေမူ၌ မတွေ့ရ။

www.burmeseclassic.com

www.burmeseclassic.com

အလှစီးလျက် မြို့တွင်းသို့ ဝင်လာလေ၏။ မြင်းကို အမျိုးမျိုး လေ့ကျင့်ခဲ့သည်။ မြင်းကို အလှစီး၍ သမိန်ဗရမ်း ဝင်လာသည်ကို အဝေးမှမြင်ရလျှင်ပင် သေနာပတိများက အသံကျယ်စွာဖြင့်-

"သမိန်ဗရမ်း ပြန်လာပြီ။ သမိန်ဗရမ်း ပြန်လာပြီ။ ထောင်မှူး ပြောသည့်အတိုင်း မှန်ပေသည်"

ဟု ဟစ်အော်ကြ၏။ ဘုရင်မင်းခေါင်လည်း သမိန်ဗရမ်း ဝင်လာသည်ကို မြင်လျှင် လွန်စွာ ဝမ်းသာအားရတော်မူ၏။

"သမိန်ဗရမ်းသည် ယောကျ်ားကောင်း တစ်ယောက်ဟူ၍ မှတ်ယူနိုင်ပြီ။ သစ္စာတရား ခိုင်မြဲပေသည်။ မြင့်မြတ်သောစိတ် ရှိသည်။ ရဲစွမ်းသတ္တိနှင့် ပြည့်စုံသည်။ ပြိုင်ဘက်ကင်းသည်"

ဟု စိတ်တွင် ချီးမွမ်းတော်မူ၏။ သမိန်ဗရမ်းသည် မြင်းထက်မှသက်၍ ရွှေနန်းသခင်ထံ ဝင်ရောက်ရှိခိုးလျက်-

"ကျွန်ုပ်သည် စိတ်တိုင်းကျမြင်းကို လေ့ကျင့်ပြီးပါပြီ။ ကာမဏီဦးခေါင်းသည် ကျွန်ုပ်လက်က မလွတ်တော့ပြီ။ ရွှေနန်းသခင်ထံ အရဆက်သပါမည်။ သို့ဖြစ်၍ သံခြင်းတစ်ခုကို ကျွန်ုပ် လိုပါသည်။ ကာမဏီခေါင်းကိုဖြတ်ပြီး မြေသို့မကျမီ ချွန်းဖြင့်ချိတ်၍ သံခြင်း၌ ထည့်ကာ ရွှေနန်းသခင်အား ဆက်သပါမည်"

ဟု လျှောက်ထားလေ၏။ ထိုအခါ မှူးမတ်များက-

"ရွှေနန်းရှင်က သူ့ကို ချီးမွမ်းဖန်များလို့ သူ့စကား ကြီးမားလှသည်။ ဘဝင်မြင့်လွန်းသည်။ ကြုံဝါးလွန်းပေသည်"[၁]

ဟု တီးတိုးဆိုကြ၏။

ဘုရင်မင်းခေါင်သည် ပတ္တမြားစိမ်းကြိုးတန်ဆာ၊ ရွှေရောင်ခေါင်းပေါင်း။ နဝရတ်ကိုးသွယ် လက်စွပ်နှင့်တကွ စစ်ထိုးရန် လက်နက်ပစ္စည်း ဟူသမျှကို သမိန်ဗရမ်းအား ပေးတော်မူ၏။ မြင်းကို အလှဆင်မြန်းရန် မင်းနန္ဒမိတ်အား တာဝန်ပေးတော်မူ၏။ သမိန်ဗရမ်းအား စိတ်တိုင်းကျ လိုအပ်သမျှ ပစ္စည်းများကို ပေးလေ၏။

၁။ မြန်မာပေမူတွင် "ယုန်မရုမိ သံပရာရွာ၏" ဟူ၍ဆိုကြောင်း တွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com

ထို့နောက် တရုတ်ပြည့်ရှင်[၁] ထံသို့ ရာဇသံစာနှင့် စစ်ထိုးမည့် အချိန်ကာလကို ချိန်းချက်ပြုတော်မူ၏။ လက်ဆောင်ပဏ္ဏာနှင့် ရာဇသံစာကို မင်းမဟာရာဇာလက် အပ်၍ စေတော်မူ၏။

မင်းမဟာရာဇာသည် အင်းဝမြို့ပြင်သို့ထွက်၍ တရုတ်ပြည့်ရှင်အား လက်ဆောင်များနှင့် ရာဇသံစာကို ဆက်သလေ၏။ စာတွင်-

"ရတနာပူရအင်းဝ ရွှေနန်းသခင် ကြားရောက်အပ်သော၊ စိန့်ပြည့်ရှင်မင်း။ ငါတို့၏ သူရဲကောင်း တစ်ဦးနှင့်တစ်ဦး မြင်းစီးချင်း တိုက်ခိုက်သည်ကို မျက်မှောက်ပြုလျက် ရှုစားလိုသည့်အတိုင်း ယခုအခါ ငါတို့ဘက်က အစစအရာရာ စီစဉ်ထားပြီး ဖြစ်ပါသည်။ လာမည့် ကြာသပတေးနေ့တွင် ၇-ရက် ပြည့်မြောက်ပြီး ဖြစ်သည်။ ၎င်းနေ့တွင် ချိန်းဆိုထားသည် ဖြစ်ပါ၍ စစ်ထိုးမည့် သူရဲကောင်းကို စေလွှတ်လိုသည်။ မြင်းစီးချင်း ထိုးမည့်စစ်ပွဲကို ငါတို့မင်းနှစ်ပါးနှင့် မှူးမတ်သေနာပတိများ ရှုစားကြရပေတော့မည်"

ဘုရင်မင်းခေါင်ထံမှ စာကိုရလျှင် စိန့်ပြည့်ရှင်လည်း လွန်စွာဝမ်းသာ၏။ မကန့်ခြေသည်း ငါးခုပါသော ခြေနင်းတစ်စုံနှင့် ပုလဲစီသော ရွှေကကြို့ တစ်ဆင်စာတို့ကို လက်ဆောင် တုံ့တော်မူ၏။ ဘုရင်မင်းခေါင်လည်း နလုံးမွေ့လျော်တော်မူ၏။ မင်းနှစ်ပါးတို့ ချိန်းချက်ပြုပြီးသော် အင်းဝမြို့မုခ်ဝ အရှေ့ဘက် ကျုံးနားတွင် စစ်ကွင်းကို စီရင်စေ၏။ စစ်ကွင်း တစ်ဖက်စီတွင် သာလာယဇရပ်များ ဆောက်လုပ်စေ၏။ စစ်ပွဲကို ဇရပ်ထက်မှ တစ်ဖက်စီ တစ်ဖက်စီတွင်နေပြီး မင်းနှစ်ပါးတို့ ရှုစားကြရန်ဖြစ်သည်။ စစ်ကွင်း၏ အနံမှာ ဆယ်ဇကမျှ ကျယ်ပြန့်သည်။

နှစ်ဖက်သော မှူးမတ် သေနာပတိများသည် မိမိတို့သက်ဆိုင်ရာ ဇရပ်ဆောင်များကို ဆောက်လုပ်ကြသည်။ ဇရပ်များတွင် လှပတင့်တယ်စွာ တင်းထိမ်ကာခြင်း။ ဗိတာန်မိုးခြင်း။ အလံတံခွန်များဖြင့် မွမ်းမံ၍ ကျက်သရေမင်္ဂလာတို့နှင့် ပြည့်စုံအောင်

၁။ မြန်မာပေမူတွင် တရုတ်ဦးတည်ဘွားဟု ဆို၏။ မွန်ပေမူတွင် တရုတ်ဇကရာဇ်ဟု ဆို၏။ အမည်နာမ တိကျစွာ မပြဆို။ သည်အကြောင်းကို တရုတ်ရာဇဝင်၌လည်း မတွေ့ရသဖြင့် အချို့ ရာဇဝင်ဆရာတို့က တရုတ်မဟုတ်ဟု မှတ်ယူကြသည်။ သို့သော် သိန္နီကို မင်းခံကျစွာ တိုက်ခဲ့သည်ကို ထောက်၍ ကာမဏီသည် ရှမ်းတရုတ် ဖြစ်လေသလားဟု ယူဆ တွေးတော ဖွယ်ရာရှိပါသည်။ တကောင်းဟု ဆိုထားသဖြင့် ယူနန်နယ်စပ်နှင့်လည်း နီးစပ်သည်။

www.burmeseclassic.com

www.burmeseclassic.com

ပြုပြင်ကြသည်။ ချိန်းဆိုထားသည့်နေ့ရက် အချိန်ကာလ ရောက်လတ်သော် ရေမြေ့ရှင်မင်းနှစ်ပါးတို့သည် မိမိတို့၏ ဇရပ်သို့ အသီးသီး ထွက်တော်မူကြ၏။ မျူးမတ်သေနာပတိဗိုလ်ပါ သူရဲသူခက်များလည်း တစ်ဖက်တစ်ချက်စီတွင် အသီးသီး နေရာယူကြသည်။

ဗိုလ်ကာမဏီသည် ရွှေဖြင့်ပြီးသော ချပ်ဝတ်တန်ဆာကို ဝတ်ဆင်သည်။ ရွှေခါးစည်းကိုချည်သည်။ မြင်းစီးချင်း၌ သုံးရသည့် လက်နက်များကို လွယ်လျက် မြင်းထက်သို့တက်ကာ စစ်ပွဲရှုမည့် ပရိသတ်ထု၏ အလယ်ဗဟိုသို့ ထွက်ခဲ့လေသည်။

သမိန်ဗရမ်းသည် အင်္ကျီ[1] ကိုဝတ်ပြီး ရွှေစလွယ်ကို သိုင်းသည်။ ရွှေဖြင့်မွမ်းမံထားသော ခေါင်းပေါင်းအနီကို ပေါင်းသည်။ ရွှေဆွဲကြိုး၊ ရွှေလက်ကြပ်၊ ရွှေလက်ကောက်၊ ရွှေလက်စွပ်များကို ဝတ်ဆင်သည်။ လက်သန်းတွင် နဝရတ်ကိုးပါးလက်စွပ် တစ်ခြည်ကို ဝတ်သည်။ ပြီးလျှင် ဓားရှည်ကိုလွယ်ကာ မြင်းထက်သို့တက်၍ ပရိသတ်တို့၏ အလယ်ဗဟိုသို့ မြင်းကိုကလျက် ထွက်ခဲ့လေသည်။

သမိန်ဗရမ်းသည် ချပ်ဝတ်တန်ဆာဖြင့် အပြည့်အဝ ဝတ်ဆင်ထားသော ကာမဏီအား ကြည့်ပြီး လုံဖြင့်ထိုးရန် နေရာကိုရှာ၏။ ထိုးခုတ်ရန်နေရာကို မမြင်သဖြင့် အကြံထုတ်၏။

"ကာမဏီသည် ချပ်ဝတ်တန်ဆာကို အပြည့်ဝတ်ထားသည်။ လက်နက်လည်းပြည့်စုံသည်။ လျင်မြန်ပေါ့ပါးသည်။ သူ့မြင်းနှင့် ငါ့မြင်းမှာ အင်အား တူမျှကြသည်။ ထိုးခုတ်ဖို့နေရာကို ရှာရန် သူ့အား ပရိယာယ်ပြု၍ ကစေမှတော်မည်။ မြင်းတို့မည်သည် ကခုန်ရသဖြင့် အင်အားပျော့လာချေမည်။ သို့မှသာလျှင် သူ့အား ငါအနိုင်ယူ ထိုးခုတ်ဖို့ လွယ်ကူမည်"

ဟု စဉ်းစားဆင်ခြင်ပြီး သိမ်မွေ့စွာဖြင့် ကာမဏီကို ဆို၏။

"ငါတို့နှစ်ဦးသည် အခြားသော သူရဲကောင်းများထက် [illegible]
ထူး ဝိသေသနှင့် ပြည့်ဝသော သူရဲကောင်းများ ဖြစ်ကြသည်။ [illegible]
ငါတို့ နှစ်ဦးသည် အဝသာန်[2] ကာလအဖြစ် သေရေးရှင်ရေးအတွက်

၁။ သမိန်ဗရမ်းသည် အင်္ကျီဝတ်သည်ဟု ဆို၏။ ချပ်ဝတ်တန်ဆာကို ဝတ်သည်ဟု တိုက်ရိုက်မဆို။ သို့သော် မိန်ညိုတစ်မျိုးကို ဝတ်ဆင်တန်ရာ၏။ ကာမဏီကဲ့သို့ ကိုယ်လုံးကြီးသည့် မဝတ်ဟူဆဖွယ်ရှိသည်။

၂။ ပါဠို- အဝသာန = အဆုံး။

www.burmeseclassic.com

www.burmeseclassic.com

စစ်ထိုးခြင်း ဖြစ်ပေသည်။ ငါတို့၏ ကျော်ကြားသည့်အမည်ကို ရာဇဝင်တွင်ရစ်အောင် အဆုံးကာလ ရောက်သည်အထိ တည်ရှိစေလိုသည်။ ယခု ငါတို့သည် အနိုင်အရှုံးကို တစ်ခါတည်းဆုံးဖြတ်ရန် တိုက်ခိုက်လိုက်ပါက စစ်ထိုးသည့် ပုံပန်းသဏ္ဌာန် ဟန်အမူအရာ အားလုံးကို ပရိသတ်များ မြင်ရမည်မဟုတ်။ ငါတို့သည် တစ်ဦးကိုတစ်ဦး အန္တရာယ်မပြုကြနှင့်ဦး။ အဆွေတော်သည် မြင်းထက်တွင် လက်နက်ကိုင်၍ သီချင်းသီဆိုလျက် ကဟန်ရှိသမျှ ကပြပါ။ အဆွေတော် ကပြသလို တူအောင် ငါလိုက်၍ကမည်။ နောက်တစ်ဖန် ကဟန်အမျိုးမျိုးဖြင့် ငါကပြမည်။ ငါကသလို တစ်ဖန်တူအောင် အဆွေတော် လိုက်ကစေလိုသည်။ မင်းဧကရာဇ်နှစ်ပါးနှင့် မျူးမတ်သေနာပတိ ဗိုလ်ပါများအား ပြသရန်ဖြစ်ပါသည်။ ငါတို့ သူရဲကောင်းနှစ်ဦးသည် ကဟန်ရှိသမျှ ကုန်စင်အောင် ကပြပြီးသော် အနားယူလိုက အနားယူကြမည်။ ထိုအခါကျမှ အနိုင်အရှုံးကိုယူရန် အစွမ်းကုန် တိုက်ခိုက်ထိုးခုတ် ကြစေလိုသည်။ အဆွေတော် သဘောတူလျှင် သည်အကြောင်းကို နှစ်ဦးနှစ်ဖက်သော မင်းဧကရာဇ် နှစ်ပါးတို့ထံ အကြောင်းကြားစေမည်"[၁]

ဟု သမိန်ဗရမ်းဆိုသည်ကို ကာမဏီကြားလျှင်ဝမ်းသာ၏။ "သင့်လျော်ပါသည်။ သို့သော် ငါတို့သည် ဧည့်သည်ဖြစ်၍ အဆွေတော်သည် အိမ်ရှင်ဖြစ်၏။ ငါသည် ဧည့်သည်ဖြစ်၍ အလျင်ကမည်။ ငါကသလို တူအောင် အဆွေတော်လိုက်၍ ကပါ"

ဟု ကာမဏီဆိုပြီး ဓား၊ လုံ၊ ဒိုင်း၊ လွှားစသော လက်နက်များကို ကိုင်လျက် မြင်းကိုနှင်၍ ကပြလေ၏။ စစ်ရေးသဘော ကကြိုးကဟန် အမျိုးမျိုးဖြင့် ကပြသည်။ ဓား၊ လုံ၊ ဒိုင်း၊ လွှားတို့ကို ကိုင်၍ မြင်းကိုနှင်ကာ သီဆိုကခုန်သည်၊ သမိန်ဗရမ်းလည်း ကာမဏီကသလို တူအောင် လိုက်၍ကသည်။ ယင်းသို့ ကာမဏီကသလို သမိန်ဗရမ်းသည် တူအောင် နောက်မှလိုက်၍ ကသည်ကို စိန့်ပြည့်ရှင်နှင့်တကွ အင်းဝပြည့်ရှင် ဘုရင်မင်းခေါင်တို့က စိတ်ဝင်စားစွာ ရှုစားတော်မူကြ၏။ ကြည့်ရှု၍ အလွန်ကောင်းသည်။ ပုံပန်းသဏ္ဌာန် ကောင်းလှသည်။ လျင်မြန်ဖျတ်လတ်၍ သွက်လက်ချက်ချာသည်။

၁။ မြန်မာပေမူတွင် ငါတို့နှစ်ယောက်သည် အမျူးအမတ် သူရဲကောင်း ဖြစ်ကြသည်။ ပဲခြံကာ လက်ကာ ကနောင်ကနင်း မပြုကြနှင့်၊ အများ ကြည့်ကြပါစေ။ မြင်းကစားပြီး အရတိုက်ကြမည်။ ယင်းသို့မှသမိန်ဗရမ်းသည် ကိုယ်ကိုချု၍ မြင်းအလျင်စီးသည်။ ကာမဏီလည်း တု၍လည်းကောင်း စီး၏– ဟုလာသည်။ (ပါဠို – အဝသာန –ကို မြန်မာသာ မူရင်းတွင် ပါဝသာန်ဟု ရေး၏)။

www.burmeseclassic.com

www.burmeseclassic.com

"နတ်မြင်းသည်များ၊ ဧော်ဂျိဝိဇ္ဇာဓိရ်များ လာရောက် ကပြနေသလား"ဟူ၍ ထင်မှတ်လောက်ပေသည်။

ယင်းသောအခါ နှစ်ဖက်သော စစ်သေနင်္ဂဗျူဟာဗလဂ္ဂ စစ်သည် သူရဲတို့သည် လက်နက်များနှင့်တကွ စီးချင်းတိုက်ပွဲကို အားရပါးရ ရွှစားကြသည်။ ကေရာဇ်မင်း နှစ်ပါးတို့နှင့်တကွ မူးမတ်သေနာပတိ ဗိုလ်ပါများသည် ကာမဏီနှင့် သမိန်ဗရမ်းတို့အား လွန်စွာ ချီးကျူးထောမနာ ပြုကြသည်။

ကေရာဇ်မင်းနှစ်ပါးတို့၏ မင်းပရိသတ် ဗိုလ်ပုံအလယ်တွင် နတ်မြင်းသည်တော်များ ဆင်းသက်လာ၍ လက်နက်စုံညီစွာဖြင့် လှပတင့်တယ်စွာ ကပြနေသလို ဖြစ်တော့သည်။ မျက်စိနှစ်လုံးဖြင့် အလျှဉ်မိအောင် မကြည့်နိုင်ကြပေ။ ကာမဏီကို ကြည့်ပြီး သမိန်ဗရမ်းကို ကြည့်ရသည်။ သမိန်ဗရမ်းကိုကြည့်ပြီး ကာမဏီကို ကြည့်ရသည်။ ရွှမငြိုးဖွယ် ရွှကွင်းရွှကွက် ကောင်းလွန်း၍ မျက်စိတဲ့ခွန်ဟု ဆိုလောက်သည်။ မျက်စိပသာဒကျလှသည်။ ကာမဏီ ကဟန်ကုန်လျှင် သမိန်ဗရမ်းသည် ကဟန်အမျိုးမျိုးဖြင့် ကပြပြန်သည်။ ကာမဏီသည် နောက်မှနေ၍ တူအောင်လိုက်၍ကသည်။ မြင်းကုန်းထက်တွင် ရပ်၍စီးသည်။ ကာမဏီလည်း တုန့်စီးသည်၊ လက်နှစ်ဖက်ကို ဆန့်တန်း၍စီးသည်။ ကာမဏီလည်း လက်နှစ်ဖက်ကို ဆန့်တန်း၍ စီးပြသည်။ ကာမဏီ၏ ချုပ်ကြိုးအချိတ်အဆက်ကို မြင်သာအောင် သမိန်ဗရမ်းသည် ပရိယာယ်လုပ်၍ ကသည်။ ဓား၊ လုံ၊ ဒိုင်း၊ လွှားတို့ကို ကိုင်လျက် လက်ဝဲလက်ကို လက်ယာသို့ချ၍ လက်ယာလက်ကို အထက်သို့ မြှောက်တန်းလိုက်သည်။ လည်ကို ကိုင်း၍ချသည်။ ကာမဏီလည်း တုန့်ပြုလုပ်သည်။ ပက်လက်လှန်၍ လည်းကောင်း၊ မှောက်လျက်လည်းကောင်း၊ လက်ယာလက်ကို ဝဲဘက်သို့ချ၍ လက်ဝဲလက်ကို အထက်သို့ ဆန့်တန်း၍လည်းကောင်း၊ လည်ကို ဘယ်ပြန်ညာပြန်လှည့်၍ လည်းကောင်း၊ မော့၍လည်းကောင်း၊ နောက်ကြောသို့ လည်းကောင်း၊ အမျိုးမျိုးအဖုံဖုံ ပြုလုပ်၍စီးပြသည်။

ကာမဏီသည် သမိန်ဗရမ်း၏ ပရိယာယ်ကိုမသိ။ မြန်မာတို့၏ ကဟန်ပင်ဖြစ်သည်ဟုမှတ်သည်။ အနည်းငယ်မျှ သံသယမရှိပေ။ သမိန်ဗရမ်း ကသမျှ တစ်စမကျန် တူအောင်တု၍ ကပြသည်။ လက်ကို အထက်သို့မြှောက်ထားစဉ် ကာမဏီ၏ ချိုင်းကြားနှစ်ဖက်တွင် ချုပ်ကြိုးအဆက်ပြတ်၍ ဟနေသည်ကိုလည်းကောင်း၊ လည်ကို အထက်သို့ မော့စဉ် ချုပ်ကြိုးအထပ်ထပ် ပြုလုပ်ထားသည်ကို လည်းကောင်း၊ လုံဖြင့်ကိုင်၍ ဓားရှည်ဖြင့် ခုတ်နိုင်သည်တို့ကို သမိန်ဗရမ်းသည် အမှတ်တမဲ့ မှတ်သားလိုက်ပြီးသည်နောက် "ကဟန်ကုန်ပြီ"ဟု ရုတ်တရက်ဆို၍ အနားယူလိုက်သည်။

"ငါတို့သည် ကဟန်အမျိုးစုံကို ကပြပြီးပြီ။ ယခုအချိန်မှစ၍ အလှုံးအနှိုင်ကို

www.burmeseclassic.com

ဆုံးဖြတ်ရန် ငါတို့အစွမ်းရှိသလောက် ထိုးခုတ်တိုက်ခိုက် ကြပါစို့" ဟု သမိန်ဗရမ်း ဆိုသည်။

ကာမဏီလည်း "ကောင်းပြီ၊ တိုက်မည်" ဟုဆို၍ မြင်းကိုနှင်ကာ သမိန်ဗရမ်းထံ ဝင်လာသည်။ သမိန်ဗရမ်းလည်း ထွက်၍ခံနှင့်သည်။ အမျိုးမျိုးအဖုံဖုံ ထိုးခုတ်တိုက်ခိုက် ကြသော်လည်း ချက်ကောင်းမရကြပေ။ သို့စဉ် သမိန်ဗရမ်းကြွေ၏။ "သည်လိုသာ ထိုးခုတ်တိုက်ခိုက်နေလျှင် သူ့ကိုနိုင်ဖို့ခက်သည်။ သူ့မြင်းမှာ အင်အားမလျော့သေး။ သူ့မြင်းကို အင်အားလျော့အောင် ပြုပြီးမှ သူ့ကို ထိုးခုတ်ရန် လွယ်တော့မည်"

ယင်းသို့ အကြံရပြီးသည်နှင့် ရှုံးလေဟန် ဆုတ်၍ပြေးသည်။ ကာမဏီလည်း သမိန်ဗရမ်းပြေးလျှင် ဒုန်းစိုင်း၍လိုက်သည်။ တစ်ချီတစ်ချီတွင် သမိန်ဗရမ်းသည် ရုတ်ခြည်းလှည့်၍ တိုက်ခိုက်သည်။ ထို့နောက် ပြေးပြန်သည်။ ထို့နောက် လှည့်၍ တိုက်ခိုက်ပြန်သည်။ ယင်းသို့ ပြေးတစ်ချီတိုက်တစ်လှည့်နှင့် ပြေးရင်းလွှားရင်းပင် ဖြုတ်ခြည်းလှည့်၍ ထိုးခုတ်ပြန်သည်။ ကြာလျှင် သမိန်ဗရမ်း၏ ပရိယာယ်ကြောင့် ကာမဏီ၏ မြင်းအင်အားမှာ ပျော့ညံ့လာတော့၏။ ကာမဏီလည်း မောပန်းလာ၏။ သို့ဖြစ်၍ သမိန်ဗရမ်း၏အလှည့်ကို အလျဉ်မီအောင် ကာမဏီ မလိုက်နိုင်တော့ပေ။

သို့စဉ် ကာမဏီလက် အထက်သို့ မြှောက်ထားသည့် အခွင့်ကောင်းရသည်နှင့် သမိန်ဗရမ်းသည် ကာမဏီ၏ ချိုင်းကြားကို ဖြုန်းခိုင်း လုံဖြင့်ထိုးလိုက်သည်။ တစ်ဖက်သို့ စောင်းကျစဉ် ကာမဏီ၏လည်ကို ဓားရှည်ဖြင့် ခုတ်ဖြတ်လိုက်သည်။ ကာမဏီ၏ ဦးခေါင်းလည်း ထက်ပိုင်းပြတ်ကျလေ၏။ မြေသို့မရောက်မီ သံချွန်းဖြင့် ဖြုန်းခနဲ ချိတ်ယူပြီး သံခြင်း၌ထည့်ကာ သီဆိုကခုန်လျက် ပရိသတ်ဗိုလ်ပုံအလယ်မှ ဖြုန်းခနဲခွာ၍ ဘုရင်မင်းခေါင်ရှိရာ သာလာယံဇရပ်ရှေ့သို့ မြင်းကိုနှင်ခဲ့လေသည်။

စိန့်ပြည့်ရှင်မင်းနှင့်တကွ မှူးမတ်သေနာပတိ ဗိုလ်ပါများသည် မမျှော်လင့်ဘဲ ကာမဏီကျ၍ သမိန်ဗရမ်းနိုင်သည်ကိုမြင်လျှင် ဖျပ်ဖျပ်လန့်မျှ အံ့သြကြသည်။ ထို့နောက် ကာမဏီအလောင်းကို သိမ်းဆည်း၍ သင့်လျော်သောနေရာ၌ မြှုပ်နှံကြပြီးလျှင် မိမိတို့ တပ်စခန်းသို့ အသီးသီး ပြန်ကြသည်။[၁]

သမိန်ဗရမ်းသည် ကာမဏီ၏ဦးခေါင်းကို ခြင်းဖြင့်ယူ၍ လာရောက်ဆက်သလျှင် ဘုရင်မင်းခေါင်သည် လွန်စွာ ပီတိသောမနဿ ဖြစ်တော်မူသည်။ ထို့နောက် မှူးမတ် ဗိုလ်ပါများနှင့်တကွ အင်းဝမြို့တွင်းသို့ ဝင်တော်မူ၏။ အင်းဝသားများသည်

၁။ မြန်မာပေမူတွင် တရုတ်တို့လည်း "လူချင်းတွင် သူ့အဖက် သူရဲကောင်းမရှိ" ဟု အဲ့သြကြကုန်၏–ဟုဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com

သမိန်ဗရမ်းအား ချီးကျူးထောမနာ ပြုကြ၏။ "သမိန်ဗရမ်းသည် နတ်မြင်းသည်တော်အလား စွမ်းပကား ကြီးမားပါပေသည်။ ကာမဏီခေါင်းကို မြေသို့မခစေဘဲ ယင်းသို့ပြုနိုင်ချေသည်" ဟု ဆိုကြ၏။ သမိန်ဗရမ်းအား အမျိုးမျိုး မြှောက်စား၍ ကောင်းချီးသြဘာပေးကြသည်။

တရုတ်ဘက်မှ ဗိုလ်မင်းတပ်မင်းများသည် ကာမဏီကျဆုံးသဖြင့် ဗြုန်းဗြင်းဆန်ပြီး လွန်စွာ မကျေမနပ် ဖြစ်ကြသည်။

"အရှင်မင်းကြီးသည် အင်းဝနိုင်ငံကို လက်အောက်ခံပြုလို၍ စစ်ချီခဲ့သည် မဟုတ်လော။ ကာမဏီလို သူရဲကောင်းတစ်ယောက် ကျဆုံးခဲ့သော်လည်း အင်းဝကို ကျွန်ုပ်တို့ရအောင် တိုက်နိုင်ပါသေးသည်။ အင်းဝမြို့ရိုးကို နင်းပြီးမှ အချည်းနှီး အလဟဿ ပြန်သွားရမည်ဆိုလျှင် ကျွန်ုပ်တို့သည် မြန်မာတို့အား **အလွန်ရှက်လှပါ** သည်။ ကျွန်ုပ်တို့သည် တစ်ယောက်လျှင် မြေကြီးတစ်တုံးစီဖြင့် အင်းဝမြို့တွင်းသို့ ပစ်သွင်းလိုက်ပါကလည်း အင်းဝမြို့ရိုးမှာ တစ်ခဏချင်း မြှုပ်သွားနိုင်ပေသည်"

ဟု စိန့်ပြည့်ရှင်မင်းထံ လျှောက်တင်ကြသည်။

"ငါသည် မြင့်မြတ်ကြီးမားသော ခတ္တိယမင်းတစ်ပါးဖြစ်သည်။ သစ္စာစကား ဆိုထားပြီးလျက်ကို ပြန်လည်ဖျက်ပစ်ရန် လားလားမျှ မတော်ပေ။ မင်းတို့အလိုအတိုင်း ငါလိုက်နာခဲ့သော် နောင်ကို မြန်မာတို့က "တရုတ်တို့သည် သစ္စာမရှိ၊ ကတိမတည်"ဟု ကဲ့ရဲ့ပြောဆိုကြချေမည်။ ငါသည် လူ့စည်းစိမ်သမ္ဗတ္တိ၊ ရွှေငွေဥစ္စာပစ္စည်းကို မဆိုထားနှင့်ဦး။ သိကြားမင်း၊ နတ်မင်း၏ ဒိဗ္ဗသမ္ဗတ္တိ ဥစ္စာပစ္စည်းထက် သစ္စာတရားကို ပို၍ချစ်သည်"[၁]

ဟု မိန့်တော်မူပြီးလျှင် မှူးမတ်ဗိုလ်ပါ သေနာပတိများနှင့် စစ်တပ်ကြီးကို နတ်၍ စိန့်ပြည်သို့ ပြန်တော်မူသည်။

ရတနာပူရ အင်းဝရွှေနန်းထက်တွင် ဘုရင်မင်းခေါင်သည် ညီလာခံသို့ ထွက်တော်မူလျှင် မှူးမတ်သေနာပတိများအား "ငါ၏ ရာဇပုရောဟိတ် ဟူးရားတို့က အင်းဝ၏ ဂြိုဟ်အနေအထား ကောင်းမွန်သည်။ မြတ်သော လာဘ်လာဘတွေ ရမည်ဟု ဟောပြသည့်အတိုင်း မှန်ပေသည်။ သို့ဖြစ်၍ ရာဇပုရောဟိတ်နှင့် မြင်းရှင်မုဆိုးမတို့အား ဥပဘောဂနှင့် ပရိဘောဂများ ချီးမြှင့်စေ"

၁။ မြန်မာပေမူတွင် "တရုတ်တို့လည်း ဆိုသည့်ကတိအတိုင်း သမိန်ဗရမ်းကို ကာမဏီရှုံးလျှင် ပြန်ကြလေ၏" ဟုသာ ဆို့ရသည်။

www.burmeseclassic.com

www.burmeseclassic.com

ဟု မိန့်တော်မူ၏။ ထို့နောက် ဆက်လက်၍-

"သည်တစ်ကြိမ် စိန့်ပြည့်ရှင်မင်းသည် ငါတို့နိုင်ငံသို့ အင်အား ကြီးမားစွာဖြင့် စစ်ချီလာသည်မှာ မြေပြင်ကြီး တုန်လှုပ်သွားသကဲ့သို့ပင် ဖြစ်တော့သည်။ တရုတ်သူရဲကောင်း ကာမဏီကို ခံပဲ့သူမရှိ။ ငါ၏ ထီးဖြူနန်းလျာကို တည်တံ့ခိုင်မြဲအောင် သမိန်ဗရမ်းတစ်ဦးတည်းသာ တာဝန်ယူ၍ တွန်းလှန်ပေးခဲ့သည် မဟုတ်လော။ ငါတို့ဘက်က သမိန်ဗရမ်းနိုင်သဖြင့် တရုတ်တို့သည် ပြောဆိုထားသည့် ကတိအတိုင်း တပ်နုတ်၍ ပြန်သွားကြလေပြီ။ သမိန်ဗရမ်းသည် နှစ်သက်ဖွယ်၊ ပီတိဖြစ်ဖွယ်၊ ကျက်သရေမင်္ဂလာနှင့် ပြည့်စုံသော၊ ကြည်လင်လှပ တင့်တယ်သော ပုဂ္ဂိုလ်ထူးတစ်ဦး ဖြစ်ပေသည်။ ယခု သမိန်ဗရမ်းအား ငါ၏ ရာဇဓိတာ သမီးကညာကို အပ်နှင်း၍ မဟာဥပရာဇာအဖြစ် ထားတော်မူမည်။ မှူးမတ်သေနာပတိများ ပသို့မြင်ကြပါသနည်း"[၁]

ဟု မိန့်တော်မူ၏။ သို့စဉ် မှူးမတ်များက မည်သို့မျှ မတင်လျှောက်မီ သမိန်ဗရမ်းသည် ဦးခိုက်လျက်-

"အရှင်မင်းကြီး၏ ရွှေဖဝါးတော်အောက်တွင် ကျွန်ုပ်ခစား၍ သည်တစ်ကြိမ် အမှုတော်ကို ထမ်းဆောင်ပေးသည်မှာ ဆန္ဒလေးပါး ရှိပါသည်။ (၁) ကျွန်ုပ်သည် သံ့ပန်းအဖြစ် သံခြေချင်းခတ်ထားသည့် ဒုက္ခမှ လွတ်မြောက်လိုသည့် ဆန္ဒတစ်ပါး၊ (၂) အဝသာန်အဆုံး ကာလတိုင်အောင် ကျွန်ုပ်၏ ကိတ္တိယသ ကျော်စောမှုကို တည်တံ့စေလိုသည့် ဆန္ဒတစ်ပါး၊ (၃) ကျွန်ုပ်အား ကွပ်မျက်စေလိုသည့် ဆန္ဒတစ်ပါး၊ (၄) သို့မဟုတ် ကျွန်ုပ်အား ဟံသာဝတီပြည်သို့ ပြန်ခွင့်ပြုစေလိုသည့် ဆန္ဒတစ်ပါး။ ပေါင်း ဆန္ဒလေးပါးဖြစ်ပါသည်။ ယခု အရှင်မင်းကြီးသည် ကျွန်ုပ်အား ရာဇဓိတာ သမီးကညာ[၂] ပေး၍ မဟာဥပရာဇာ အိမ်ရှေ့မင်းအရာဖြင့် ချီးမြှင့်တော်မူမည်ဟု မိန့်တော်

၁။ မွန်ပေမူဠ် ပါရှိသည့်အတိုင်း ပြန်ဆိုခြင်းဖြစ်သည်။ သည်အခန်းမှစ၍ သမိန်ဗရမ်း သေသည့်အထိ ပါရှိသော ပြန်ဆိုချက်မှာ မြန်မာပေမူဠ် မတွေ့ရပါ။

၂။ မြန်မာပေမူတွင် ဘုရင်မင်းခေါင်သည် သမိန်ဗရမ်းအား ဆုလာဘ်များစွာပေး၍ တူမတော်နှင့် ပြုစုတော်မူ၏ ဟုဆို၏။ "တလုတ်ရာဇသူ သမီးအငယ်နှင့် စုံဖက်တော်မူ၍ မင်းညီမင်းသား တို့ အဆောင်အယောင် အကုန်နှင့် လယ်ကိုင်းမြို့ကို ပေးတော်မူ၏။ ပြည်သူပေါင်းတို့လည်း များစွာသော ဆုလာဘ်ကို ပေးကြကုန်၏" ဟူ၍ သုသောမိတ မဟာရာဇဝင်၊ မှန်နန်းနှင့် ဦးကုလားရာဇဝင်များ၌ လာရှိ၏။ ကွဲလွဲချက်များ ဖြစ်ပါသည်။

www.burmeseclassic.com

မူသည်မှာ မနှိုင်းယှဉ်နိုင်သော ဂုဏ်ကျေးဇူးပင် ဖြစ်ပါသည်။ သို့သော် ကျွန်ုပ် လက်မခံပါရစေနှင့် အရှင်မင်းကြီးပေးသည့်ဆုကို အရှင်မင်းကြီးအား ပြန်လည်ဆက်သပါသည်"

ဟု လျှောက်ထားလေ၏။ ဘုရင်မင်းခေါင် ကြားတော်မူသော်-

"သမိန်ဗရမ်းသည် သူရဲကောင်းမျိုးရိုးဇာတိ ပီသသည်။ အသက်ကိုမနှမြော။ သေဘေးကိုမကြောက်။ စည်းစိမ်သမ္ပတ္တိကို မမက်မော။ ရဲရင့်သည်။ မြင့်မြတ်သော သူရဲကောင်းဖြစ်ပေသည်။ သူ့ကျေးဇူးဂုဏ်တွေများသည်။ အင်းဝပြည်ကို ရန်သူအန္တရာယ်မှ လွတ်ကျွတ်အောင် ကူညီကယ်တင်မှု ပြုထားပေသည်။ သူ့အား ကွပ်မျက်ရန်မသင့်။ ဟံသာဝတီသို့ လွှတ်လိုက်ရန်မှာလည်း ရာဇာဓိရာဇ်နှင့် ငါတို့သည် အချင်းချင်း စစ်ခင်း၍ မပြီးဆုံးကြသေး။ သူ့အား အင်းဝမှာထားမှတော်မည်"

ဟု စိတ်တွင်ဆို၍ တိတ်ဆိတ်စွာ နေတော်မူပြီး အတွင်းဆောင်သို့ ဝင်တော်မူသည်။ သို့နှင့် ခစားနေကြသော မှူးမတ်သေနာပတိ များနှင့်တကွ သမိန်ဗရမ်းလည်း မိမိတို့၏ နေရာအသီးသီးသို့ သက်ကြကုန်သည်။ ဘုရင်မင်းခေါင်သည် အတွင်းဆောင်သို့ရောက်လျှင် အဂ္ဂမဟေသီမိဖုရားကြီးနှင့် တိုင်ပင်တော်မူ၏။

"သမိန်ဗရမ်းသည် သူ့သခင်နှင့်သစ္စာမြဲမြံလွန်းသည်၊ ငါ့သမီးတော်နှင့် ထိမ်းမြား၍ အိမ်ရှေ့အရာပေးသည်ကို လက်မခံ။ သူ့ကို ကွပ်မျက်စေလိုသည်။ သို့မဟုတ်လျှင် ဟံသာဝတီသို့ ပြန်ခွင့်ပေးရန် တောင်းဆိုသည်။ သင်းကို ငါနှမြောလှသည်။ သင်းလို သူရဲကောင်းမျိုးကို နောက်ထပ်ရဖို့ခဲယဉ်းသည်။ ငါပေးသည့် စည်းစိမ်သမ္ပတ္တိကို သင်း လက်ခံယူလေအောင် ပသို့ ပြုရပါမည်နည်း"

ဟု မေးတော်မူ၏။ အဂ္ဂမဟေသီမိဖုရားကြီးက-"ရွှေနန်းသခင် ပူပင်သောက ဖြစ်တော်မမူပါနှင့်တော့။ အင်းဝနေပြည်တော်တွင် သမိန်ဗရမ်းနေရလေအောင် နှမတော်အား တာဝန်ပေးအပ်တော်မူပါ"

ဟု တင်လျှောက်လျှင်-"ပသို့ နှမတော် ကြံမည်နည်း။ သမိန်ဗရမ်းကို ချည်နှောင်ထားဖို့ နှမတော်မှာ ဆေးတန်ခိုးနှင့်အင်းကွက်တွေ ရှိသလား။ ဂါထာမန္တန်တွေ မန်းမူတ်တတ်သလား"

www.burmeseclassic.com

www.burmeseclassic.com

ဟု မေးတော်မူ၏။

"နှမတော်မှာဆေးတွေ၊ အင်းကွက်တွေ မရှိပါ။ ဂါထာမန္တန်လည်း မတတ်ပါ။ ချစ်ခြင်းမေတ္တာကြိုးဖြင့် ချည်နှောင်ထားပါမည်။ သံသရာ၌ ကျင်လည်ကြကုန်သော သတ္တဝါတို့သည် တဏှာတည်းဟူသော တပ်မက်ခြင်းတရားမှာ အားလုံး မူးယစ်နစ်မွန်းလျက် နေကြသည်။ စျာန်သမာပတ်ရသော ရသေ့ရဟန်းပင်လျှင် ကောင်းကင်မှာ ပျံသန်းသွားလာနိုင်စေကာမူ 'ကွတ္ထိယ' ဟူသော မိန်းမ၏အသံကို ကြားကာမျှဖြင့် ရရှိထားသော စျာန်သမာပတ်မှာ တစ်ခဏချင်းတွင် လျော့ကျ ပျက်ပြားရပေသည်။ မိန်းမတို့၏ ကောင်းခြင်းလက္ခဏာ အပေါင်းတို့နှင့် ပြည့်ဝပြီး၊ လှပတင့်တယ် ချစ်ချင်ဖွယ် ကျက်သရေ မင်္ဂလာအဖြာဖြာတို့နှင့် ပြည့်စုံသည့် ရွှေနန်းရှင်၏ ရာဇဓိတာ သမီးကညာကို မတွေ့မြင်ရသေးသဖြင့် ပီတိသောမနဿချင်ခြင်း အာရုံတို့နှင့် မငြိတွယ်ရသေး၍သာလျှင် သမိန်ဗရမ်းသည် အရှင်မင်းကြီး ပေးတော်မူသည့် မဟာဥပရာဇာနှင့် သမီးကညာအား လက်မခံလိုခြင်း ဖြစ်ပေသည်။ နှမတော်တို့၏ သမီးကညာကို တွေ့ရသော အကြင်ယောကျ်ားသည် စိတ်ကိုထိန်းချုပ်လို့ ရမည်မဟုတ်။ လေထိသော အလံတံခွန်[၁] လို ဖျပ်ဖျပ်လှုပ်ရှားလိမ့်မည်။ မနက်ဖြန်တွင် နှမတော်သည် ကောင်းသော ဟင်းလျာ သုပဂျွန်း အမျိုးမျိုးကို ချက်ပြုတ်စီမံထားမည်။ နန်းပြာသာဒ်၌ နံနက်စာ သုံးဆောင်ဖို့ သမိန်ဗရမ်းအား အရှင်မင်းကြီး ဖိတ်ကြားတော်မူပါ။ ထိုစားပွဲတွင် သမီးကညာအား ထွက်စေမည်။ သမိန်ဗရမ်းသည် နှမတော်တို့၏ သမီးကညာအနီးသို့ မကပ်ရသည့်တိုင်အောင်၊ အမွေးနုံသာကို မခံစားရသည့်တိုင်အောင်၊ ရာဇဓိတာ သမီးကညာ၏ ရုပ်ရည် အဆင်းအလှာကို တစ်ကြိမ်မျှသာ တွေ့မြင်ရသည်နှင့် ဘဝင်ထဲမှာ စွဲမက်သွားစေရမည်။ သို့ကလို စိတ်နလုံးစွဲလမ်းသွားသည်နှင့် သမိန်ဗရမ်းသည် ဟံသာဝတီပြည်သို့ ပြန်ဖို့ ကြံဆတော့မည် မဟုတ်ပါ။ နှမတော်တို့၏ သမီးကညာမှာ မိန်းမကောင်းတို့၏ ကြန်အင်လက္ခဏာများနှင့် ပြည့်စုံပြီး သည်မျှလှပချောမော ပေပြစ်သည်ဖြစ်သဖြင့် ယောကျ်ားတို့၏စိတ်ကို ယိုဖိတ်စွဲမက် စေနိုင်ခြင်း ဖြစ်သည်။ သမိန်ဗရမ်းအား အင်းဝမှာ နေစေလိုပါမူ နှမတော်၏အမြင်ပြင့် တင်ပြသည့်အတိုင်း ချစ်ခြင်းမေတ္တာ အစေးတို့ဖြင့် ကပ်ငြိထားပါ

၁။ "ညဉ်ရ အလံဇွောဝ်မခုံဒးကျာကို" **ဟူ၍ မွန်ဘာသာ၌ ရေး၏။**

www.burmeseclassic.com

www.burmeseclassic.com

မှသာ ခိုင်မြဲလေမည်။ ဂါထာမန္တန်ဖြင့် သော်လည်းကောင်း၊ သံကြိုးသို့မဟုတ် မည်သည့်ကြိုးဖြင့် သော်လည်းကောင်း၊ ချည်နှောင်ပါသော်လည်း ချစ်ခြင်းမေတ္တာအစေးကဲ့သို့ ခိုင်ခံ့မြဲမြံမည် မဟုတ်ပါ။ အကြင်သူတစ်ယောက်သည် ချစ်ခြင်းမေတ္တာနှင့် တဏှာတည်းဟူသော တပ်မက်ခြင်းတရားတို့နှင့် ကပ်ငြိနေပါက ထိုသူအား ကြိုးဖြင့်ချည်နှောင်၍ ဆွဲထုတ်လျှင်လည်း ရမည်မဟုတ်တော့ပါ။ အရှင်မင်းကြီး၏ အပါးဝယ် သမိန်ဗရမ်းအား ထားလိုပါက နှမတော် တင်ပြသည့် ချစ်ခြင်းမေတ္တာ တဏှာတည်းဟူသော တပ်မက်ခြင်းအစေးနှင့် ကပ်ငြိစေမှသာ အမှန်မှချ ရပေမည်"

ဟု အဂ္ဂမဟေသီ မိဖုရားကြီးက တင်လျှောက်လေ၏။[၁] ယင်းသို့ မိဖုရားကြီး တင်လျှောက်သည်ကို ကြားတော်မူလျှင် ဘုရင်မင်းခေါင်သည် လွန်စွာ အားရဝမ်းသာ၏။ "အတွင်းကိစ္စ ခမ္မတာတရားများကို နှမတော်သိထားသလို ငါတို့၏သမီးတော်ကို သွန်သင်ဆုံးမပြီး ရအောင်နားချ ပြောဆိုလေတော့" ဟု မိန့်တော်မူ၏။ မိဖုရားကြီးလည်း တာဝန်ယူ၍ ညအချိန်ကျသော် သမီးတော်၏ အိပ်ခန်းသို့ ဝင်လေ၏။

"ယခု သမီး၏ ဖခမည်းတော်သည် သမိန်ဗရမ်းအား **အိမ်ရှေ့စံ မဟာဥပရာဇာ၌** ထားတော်မူမည်။ သမီးတော်အား အိမ်ရှေ့စံ သမိန်ဗရမ်းနှင့် **ပေးစားတော်မူမည်။** သို့ဖြစ်၍ ဖခမည်းတော်၏ အမိန့်ကို ငါ့သမီးသည် **ဖီဆန်ခြင်း မပြုပါနှင့်တော့**"

ဟု မိဖုရားကြီးဆိုလျှင် သမီးတော်သည် မျက်နှာညှိုးငယ်နွမ်းလျ၍ ငုံ့ချလျက် ဆို၏။

"သမီးတော်သည် အိမ်ရှင် လင်ယောကျ်ားကို အလိုမရှိပါ။ **သီလရှင်အဖြစ်သာ** နေလိုသည်။ နိဗ္ဗာန်ကို မရောက်မချင်း ကုသိုလ်တရားကိုသာ ပွားများလိုပါသည်။

၁။ မွန်ပေမူဋ္ဌ- အဂ္ဂမဟေသီနှင့် ရာဇဓိတာဟုသာ ဆိုသည်။ တိကျသော အမည်နာမများကို ဖော်ပြခြင်းမရှိပေ။ မှန်နန်းရာဇဝင်အရ ရှင်ဘို့မယ်သည် ဘုရင်မင်းခေါင်၏ မိဖုရားကြီးဖြစ်၏။ ရှင်ဘို့မယ် မိဖုရားကြီးသည် ဘုရင်မင်းခေါင်ကို လွန်စွာခြယ်လှယ်နိုင်သည်။ "တရားမင်းမြတ်ကို မိန်းမအစိုးရလေသလော" ဟု တက်သေးသူမြတ် မိန့်တော်မူကြောင်း ဆို၏။ "ရှင်ဘို့မယ်အား တောင်ညာထား၊ ငါးပါးထီးဘုရင် ဟူ၍လည်းကောင်း၊ မင်းဆက်ငါးသွယ် ရှင်ဘို့မယ်၊ နန်းလယ်တင့်သည်သာ" ဟူ၍လည်းကောင်း၊ ကဝိလက္ခဏာ ကိန်ကျမ်းတွင် ဆိုသည်။ မင်းငါးပါးကား- မင်းခေါင်၊ သီဟသူ၊ မင်းလှငယ်၊ ကလေးကျေးတောင်ညိုနှင့် မိုးညှင်းမင်းတရား။ (သုတေသနရုပ်ပြ အဘိဓာန်- စာမျက်နှာ- ၃၈၅ နှင့် ၄၆၃- ရှ)

www.burmeseclassic.com

www.burmeseclassic.com

သို့သော် ဖခမည်းတော်၏ အမိန့်ကို မလွန်ဆန်ဝံ့သည်ဖြစ်၍ ခမည်းတော်၏ အလိုဆန္ဒအတိုင်း စီမံပါတော့"

ဟုဆို၍ ငိ၏။ ငိလျက်ပင်ဆက်လက်ပြီး ခမည်းတော်အား တိုင်တည်၏။

"အို– ခ ခမည်းတော်ဘုရား၊ အတိတ်ဘဝက ကုသိုလ်ကံကြမ္မာဖန်လာ၍ သမီးတော် ခံရပါပေါ့လား။ မင်းဧကရာဇ်၏ သမီးတော်ဖြစ်ရပေသည့် ဧကရာဇ်မျိုးနှင့် မပေါင်းဖက်ရ။ ယခုတော့ မွန်သူရဲကောင်းဗိုလ်မင်းလောက်နှင့်သာ အိမ်ထောင်ဖက် ပြုရတော့မှာလား။ ဧကရာဇ်မင်းမျိုးဆိုလျှင် မထောင်းတာပါ။ ယခုတော့ ကျိုးကြားမှာ ကျလေသည့် ရွှေဟင်္သာလို၊ ကျားကြားမှာ ကျလေသည့် ခြင်္သေ့လိုဖြစ်လို့* သမီးတော်မှာ ယူကျုံးမရ ဝမ်းနည်းရလေခြင်း"

ဟု ဆို၏။ ထိုအခါ မိဖုရားကြီးသည် သမီးတော်အား ချော့မော့၏။

"ငါ့သမီးကတော့ သီလရှင်အဖြစ် နေလိုလို့ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်လေအောင် တရားဘာဝနာ ပွားများလိုသည်မှာ မြင့်မြတ်သောစိတ်ထား ဖြစ်ပါ၏။ သို့သော် ငါ့သမီးမှာ လွန်စွာနုနယ်သေးသည့် ကညာပျိုအရွယ်မျှသာ ဖြစ်သည်။ သီလသိက္ခာကို ပြီးမြောက်အောင် သမီး မစောင့်ရှောက် မထိန်းသိမ်းနိုင်မည်ကို မယ်တော် စိုးရိမ်သည်။ ငယ်ရွယ်နုနယ်သည့် မိန်းမပျိုတို့မှာ လူ့ဓမ္မတာအရ ရောဂါတစ်ခု ရှိမြဲဖြစ်သည်။ ထိုရောဂါ ဖိစီးလာသော် သီလလည်း ပျက်စီးတတ်ပါသည်။ သို့ဖြစ်သောကြောင့် ငါ့သမီး အသက်အရွယ်ကြီးပြင်းလို့ အိုမင်းသည့် အခါကာလ ရောက်မှ သီလရှင်လုပ်ပါ။ မယ်တော်လည်း လုပ်ပါမည်။ ဇာတိ အမျိုးအနွယ်နှင့် ပတ်သက်လို့ သူ့အား အထင်မသေးသင့်ပါ။ ငြူစူစောင်းမြောင်းခြင်း မပြုသင့်ပါ။ မငြိုငြင်ထိုက်ပါ။ ခမည်းတော်ဘုရားကိုယ်တော်တိုင် နှစ်သက်၍ ပေးစားခြင်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် သမိန်ဗရမ်းသည် အင်းဝနိုင်ငံအတွက် ဂုဏ်ကျေးဇူးကြီးမားပါပေသည်။ ရန်သူဘေးမှ ကင်းဝေးအောင် အင်းဝနိုင်ငံကို ကူညီရိုင်းပင်းခဲ့သည်။ ရဟန်းပုဏ္ဏားတိုင်းသူပြည်သားများအား စိတ်ချမ်းသာ ကိုယ်ချမ်းသာ ဖြစ်အောင် အမှုတော်ကို ထမ်းဆောင်ခဲ့သည်မှာ အင်းဝနိုင်ငံသား မြန်မာတို့အား

---

* မွန်ဘာသာတွင် (ရဖိုပ်ထဝ်ခတုံအကြာခဉာ်၊ ရဇာဒိသိုင်ခတုံအကြာက့)

www.burmeseclassic.com

www.burmeseclassic.com

စောင့်ရှောက်ခြင်း မည်ပေသည်။ သမိန့်ဗရမ်းကိုသာ ငါတို့ ရမထားပါမူ ငါတို့အင်းဝပြည်သည် စိန်တို့၏လက်သို့ ကျရောက်ပျက်စီးခဲ့ရပါပြီ။ သမိန့်ဗရမ်းကြောင့်သာ ငါတို့ ချမ်းသာရာရသည်။ ငါ့သမီးက သူ့အား ကျိုးနှင့်နှိုင်းယှဉ်သည်မှာလည်း သမိန့်ဗရမ်းသည် လက်ရေးလက်စွမ်းတွင် နှစ်ယောက်မရှိ။ ပြိုင်ဘက်ကင်းသော သူရဲကောင်းစစ်ဗိုလ်ကြီး ဖြစ်သဖြင့် ကျိုးမည်းမဟုတ်၊ စင်ကြယ်မြင့်မြတ်သော ကျိုးဖြူသာဖြစ်သည်။ ကျားနှင့် နှိုင်းယှဉ်သည်မှာလည်း သမိန့်ဗရမ်းကို ခမည်းတော်မြှောက်စားလိုက်ပါက ကောသရာခြင်္သေ့ကဲ့သို့ ဖြစ်တော့သည်။ ယောကျ်ားတို့သဘာဝသည် စပါးစေ့နှင့်တူသည်။ ပျိုးချသည့်နေရာတွင် လှပစွာ အပင်ပေါက်တတ်ပေမည်။ သမီးမှာ မိန်းမသားဖြစ်၍ ဆန်စေ့နှင့်တူသည်။ ဘယ်လိုပျိုးလို့မှ အပင်မပေါက်နိုင်ပါ။ သို့ဖြစ်၍ မိစ္ဆာဒိဋ္ဌိ မာနတရားကို ငါ့သမီး လက်ကိုင်မထားပါနှင့်။ ဖခမည်းတော် ကြားတော်မူပါက ဒေါသအမျက် ပြင်းထန်စွာထွက်ချေမည်။ ဇာတိမျိုးနွယ်မှာ ဘယ်လိုပင် နိမ့်ကျစေကာမူ ငါ့သမီး၏ ကြင်ရာမျောက်သားတော် ဖြစ်လာပါက လှပ တင့်တယ်ပြီး ကျက်သရေမင်္ဂလာနှင့် ပြည့်စုံလိမ့်မည် မချွတ်”

ဟူ၍ အမျိုးမျိုး ဖျောင်းဖျပြောဆိုပြီးလျှင် အဂ္ဂမဟေသီလည်း မိမိ၏အဆောင်သို့ ထွက်ခွာသွားလေသည်။

နောက်တစ်နေ့ မိုးသောက်လတ်သော် မိဖုရားကြီးသည် ကျေးကျွန်များကို မွန်မြတ်သော ထမင်းဟင်းလျာ အာဟာရဘောဇဉ် ချိုချဉ်ဖွယ်ရာ အမျိုးမျိုးကို ချက်ပြုတ်ပြုပြင် စီမံထားစေသည်။ ဘုရင်မင်းခေါင်သည် ရွှေနန်းပြာသာဒ်ထက်၌ နံနက်စာသုံးဆောင်ရန် သမိန့်ဗရမ်းအား ခေါ်စေတော်မူသည်။ သမိန့်ဗရမ်းလည်း တက်ရောက်ပြီး သင့်တင့်စွာ နံနက်စာကို သုံးဆောင်၏။ ထို့နောက် ရွှေနန်းသခင်အား ခစားလျက်နေ၏။ ထိုစဉ် ဘုရင်မင်းခေါင်က–

“မြင့်မြတ်သော ခတ္တိယမင်းတစ်ပါးဖြစ်သည့် ငါသည် အသက်ကို မနှမြော။ အသက်ထက် သစ္စာကို အဆတစ်ရာမက ချစ်သည်။ မဟာဥပရာဇာ ရာထူးနှင့် ငါ့သမီးကညာကို ဆုလာဘ်အဖြစ် မင်းကိုပေးမည်ဟု ငါ့နှုတ်ကတိ ရှိခဲ့သည်။[၁] ရာဇာဓိရာဇ်အား မင်းသတိရအောက်မေ

၁။ မြန်မာပေမူတွင် သည် တရုတ်သူရဲကို မင်းနိုင်လျှင် ဗသုဗန်စက်(ရာဇာဓိရာဇ်) ပေးသည့် စည်းစိမ်ချမ်းသာနှင့်မျှအောင် ငါပေးမည်ဟု မိန့်တော်မူ၏ – ဟု လာ၏။ (သမိန့်ဗရမ်းသည် ရာဇာဓိရာဇ်၏ သမက်ဖြစ်သည်။ သို့ဖြစ်လျှင် မွန်ဘုရင်က သမီးပေးသလို မြန်မာဘုရင် မင်းခေါင်ကလည်း သမီးပေးသည်ဟု မွန်မူ၌ လာရှိသည်မှာ အထက်ပါ မြန်မာပေမူအဆိုနှင့် ညီသယောင်ရှိသည်။)

www.burmeseclassic.com

www.burmeseclassic.com

နေ၍ မင်းလက်မခံလိုဟု ဆိုသော်လည်း မရရအောင် ငါပေးရမည်။ ငါ့ကတိကို မပျက်ပါစေနှင့်။ အခြားတစ်ဖက်မှာလည်း နောင်ကို ပြည်သူပြည်သားအများက "သမိန်ဗရမ်းသည် အင်းဝနိုင်ငံ၏ ထီးဖြူနန်းလျာကို တည်တံ့ခိုင်မြဲအောင် တာဝန်ယူ၍ စစ်ထိုးခဲ့သော်လည်း မည်သည့် ဆုလာဘ်ကိုမျှ မခံစားရပါတကား"ဟူ၍ စောဒနာစကား ပြောကြားကြချေမည်။ နောင်ကို သူပုန်သူကန် သူခိုးဓားပြ[၁] ထ၍သော်လည်းကောင်း၊ စစ်ဖြစ်၍သော်လည်းကောင်း ရန်သူကို တာဝန်ယူ နှိမ်နင်းပေးရန် သူရဲကောင်းရဖို့ ခက်ချေတော့မည်"

ဟု မိန့်တော်မူ၏။ သို့စဉ် ရာဇဓိတာ သမီးကညာအား သမိန်ဗရမ်းကို ရွှေကွမ်းခွက် တည်စေရာ မင်းသမီးမှာ ရှက်ကိုးရှက်ကန်း ဖြစ်နေ၏။ မင်းသမီး ဘဝတစ်လျှောက်တွင် တစ်ကြိမ်တစ်ခါမျှ ရွှေကွမ်းခွက်ကို မတည်စဖူး။ မည်သည့်မင်း၊ မည်သည့် သူရဲကောင်းကိုမျှ မျက်နှာမပြစဖူး။ သို့ဖြစ်၍ တင်းထိမ်အတွင်းမှ လွယ်လွယ်နှင့် ထွက်မလာဝံ့ချေ။ "ရွှေကွမ်းခွက်ကို မြန်မြန်ထုတ်ခဲ့" ဟူသော ခမည်းတော်၏ အမိန့်အာဏာကို ကြောက်ရွံ့၍သာ သမီးကညာမှာ ရွှေကွမ်းခွက်ကို ထုတ်ခဲ့ရသည်။ ရှက်အမ်းအမ်းဖြစ်၍ မျက်လွှာကိုချကာ မျက်လုံးကို မပွင့်တပွင့်ဖွင့်လျက် ခပ်ဝေးဝေးမှနေပြီး သမိန်ဗရမ်းအား လှမ်း၍ကြည့်၏။ သမိန်ဗရမ်း၏ ရှေ့မှောက်တွင် ရွှေကွမ်းခွက်ကို လာချပြီးသည်နှင့် ရှက်သွေးဖြန်းလျက် ခပ်သုတ်သုတ်ပင် အတွင်းဆောင်သို့ ဝင်လေ၏။

ရွှေကွမ်းခွက်ကိုင်လျက် ထွက်လာသည့် လှပတင့်တယ် ရှုချင်ဖွယ် ကျက်သရေမင်္ဂလာ၊ ကောင်းခြင်းလက္ခဏာ အဖြာဖြာတို့နှင့် ပြည့်စုံသော ရွှေရုပ်သွင်မင်းသမီး အလှပဂေးကို ငေးမောကြည့်ရင်းပင် သမိန်ဗရမ်းသည် မိမိကိုယ်ကို နဂိုမူလ ပကတိအတိုင်း ကျွန်ဖြစ်ဆည်ထားရန် သတိလစ်သွားသည်မှာ မင်းသမီးထွက်လာသည်မှစ၍ ဝင်သွားသည့်တိုင်အောင် ဖြစ်တော့သည်။ သမိန်ဗရမ်း၏ဖြစ်အင် အမူအရာကို ဘုရင်မင်းခေါင်မြင်လျှင် လွန်စွာသဘောကျ၍ ပြုံးတော်မူသည်။

"ရုပ်ရည်လှပတင့်တယ်သော ငါ့သမီးကညာ ရာဇဓိတာကို သမိန်ဗရမ်းသည် ချစ်ခြင်းမေတ္တာ တဏှာတည်းဟူသော တပ်မက်ခြင်းဖြင့် နှလုံးသားတွင် စွဲလမ်းနေပြီ။ အဂ္ဂမဟေသီ မိဖုရားကြီး တင်လျှောက်သည့်အတိုင်း မှန်ပေသည်"

ဟု စိတ်တွင် ဆိုတော်မူ၏။ ထို့နောက် အချိန်တန်လျှင် အတွင်းဆောင်သို့ ဝင်တော်မူ၏။ သမိန်ဗရမ်းလည်း မိမိအဆောင်သို့ သက်ခဲ့လေသည်။

၁။ မွန်ဘာသာ–ဒမ္မ မှ ဒမြ–ဖြစ်လာသည်ဟု ယူဆသည်။ ဓားပြသည် ဟု မဆိုလို။

www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်နေ့တွင် မျူးမတ် သေနာပတိများ စုံညီစွာ ညီလာခံကျင်းပစဉ် ရွှေနန်းသခင် ဘုရင်မင်းခေါင်သည် သမိန်ဗရမ်းအား မိန့်ကြားသည်မှာ-

"အင်းဝနိုင်ငံကို သမိန်ဗရမ်း ကယ်တင်ခဲ့ကြောင်းကို နိုင်ငံနှင့် အဝန်းပင် ကျော်စောထင်ရှားသည်မှာ အဆုံးကာလတိုင်အောင် ဖြစ်ပေမည်။ သို့သော် ငါချီးမြှင့်သည့် ဆုလာဘ်ကို နှင်မခံယူလိုဟု ဆိုသည်ကို ငါမကျေနပ်။ ငါ၏ကျော်စောမှုကို ပျက်စီးပျောက်ဆုံးအောင် နှင်ပြုသည်နှင့် တူသည်။ တစ်ပါးမင်းများက ငါ့အား စောဒနာစကား ဖြင့် ငြူစူ စောင်းမြောင်း ပြောဆိုကြပေမည်။ သို့ဖြစ်၍ နှင် ကောင်းစွာ ပြန်လည်စဉ်းစားလေ"

သို့စဉ် သမိန်ဗရမ်း စဉ်းစား၏။

"သူ့အမှုတော်ကို ငါထမ်းဆောင်သည်မှာ ငါ့ရပ်ဌာနီသို့ ငါပြန်လိုသော ဆန္ဒကြောင့် ဖြစ်သည်။ ယခုမူကား ဘုရင်မင်းခေါင်သည် ငါ့အား ပြန်ခွင့်မပြု။ သည်ကဲ့သို့ ငါ့အား ဆွေငင်ထားလျက်ကို ငါ ထွက်ပြေးပါကလည်း သစ္စာတရား ပျက်ပြားတော့မည် ပါတကား။ သို့ဖြစ်လျှင် သူ့အလိုဆန္ဒအလျောက် ငါလိုက်ရတော့မည်။ ရွှေနန်း သခင်၏ သမီးကညာကို ငါယူမှတော်တော့မည်။ မြန်မာမင်းသမီးနှင့် ပေါင်းသင်းရသည့် အရသာထူးကိုလည်း ငါသိလိုသည်။ မွန်မင်းသမီးထက် ချို့ဆိမ့်သည့်အရသာ ပို၍ရှိလေသလားမသိ။ ငါ၏ကုသိုလ်ကံရှိပါက ငါ၏ခိုင်မြဲသော သစ္စာတရားအရ နောင်ကို ဟံသာဝတီပြည်သို့ ငါပြန်ခွင့်ရဦးမည်ပင်"

ယင်းသို့ စိတ်တွင် ဆင်ခြင်ပြီးသော် ရွှေနန်းသခင်အား လျှောက်ထားလေ၏။

"အရှင်မင်းကြီးသည် ကျွန်ုပ်အား မဟာဥပရာဇာ အိမ်ရှေ့မင်း ရာထူးဖြင့် ချီးမြှင့်မည်ဟု မိန့်ကြားသည်ကို ကျွန်ုပ်သည် ရုတ်တရက် မခံယူဘဲနေသည်မှာ အရှင်မင်းကြီး၌ သားတော်ရှိသေး၍ ဖြစ်သည်။ တခြား အကြောင်းတစ်ရပ်မှာလည်း ကျွန်ုပ်သည် ဘာသာစကား ကွဲပြားသော အန္တယ်ခြားသူဖြစ်သည်။ ငှက်ဆိုးဒီးဒုတ်နှင့် တူတော့သည်။ ငှက်ဆိုးဒီးဒုတ်တို့မည်သည် အင်အားကြီးသော်လည်း နေ့ခင်းအချိန်တွင် ကျီးတို့အလယ်၌ ကျနေဘိသကဲ့သို့ ဖြစ်တော့သည်။ သို့ဖြစ်၍ ကျွန်ုပ်သည် ရာဇအရေးကိစ္စအဝဝကို ပသို့ဆောင်ရွက် စီရင်နိုင်အံ့နည်း။ အကယ်၍ အရှင်မင်းကြီး ချီးမြှင့်သည့်ဆုလာဘ်ကို ကျွန်ုပ်မခံယူခဲ့သော် အရှင်မင်းကြီး၏ ပဝေဏီအစဉ်အလာ ထုံးတမ်းကို ကျွန်ုပ်ဖျက်ရာ ရောက်တော့မည်။ အရှင်မင်းကြီး၏ သူရဲကောင်းသဖြစ် ကျွန်ုပ်သည်

www.burmeseclassic.com

အမှုတော်ကို ထမ်းဆောင် ပါတော့မည်ဟု စိတ်ကို ယခုဆုံးဖြတ်လိုက်ပါပြီ။ သို့သော် အရှင်မင်းကြီးထံမှ ခြွင်းချက်နှစ်ရပ်ကို တောင်းခံလိုပါသည်။ ပထမအချက်ကား မည်သူတစ်ဦးတစ်ယောက်ကမျှ ကျွန်ုပ်အား 'ကျွန်' ဟု မခေါ်စေရ။ ယင်းသို့ ကျွန်ုပ်အား 'ကျွန်' ဟူ၍ ခေါ်သံကို ကျွန်ုပ် ကြားရပါမူ ကျွန်ုပ်သည် ဟံသာဝတီပြည်သို့ အလိုအလျောက် ပြန်နိုင်ခွင့် ရှိစေရမည်။ ဒုတိယအချက်မှာ မည်သည့်အချိန်ကာလမဆို အင်းဝသို့ ရာဇာဓိရာဇ်သည် စစ်ချီခဲ့ပါမူ။ ကျွန်ုပ်သည် မည်သည့်ဘက်ကိုမှ စစ်မပြုလိုပါ၍ ကြားနေခွင့် ပြုနိုင်စေရမည်။ အကယ်၍ ဟံသာဝတီ ပြည်မှတစ်ပါး အခြားအခြားသော နိုင်ငံမှ အခါမရွေး စစ်ချီခဲ့သည် ရှိသော် ကျွန်ုပ်သည် အသက်ပေး၍ သေသည့်တိုင်အောင် တာဝန်ယူတိုက်ခိုက်တွန်းလှန်ပါမည်။ သည်အချက်နှစ်ရပ်ကို အရှင်မင်းကြီး ခွင့်ပြုတော်မူလျှင် အရှင်မင်းကြီးပေးသည့် ဆုလာဘ်ကို ခံယူ၍ အရှင်မင်းကြီးနှင့်အတူ ကျွန်ုပ်နေပါတော့မည်"

ယင်းသို့ သမိန်ဗရမ်း လျှောက်ထားချက်ကို ကြားလျှင် ဘုရင်မင်းခေါင်သည် လွန်စွာ အားရဝမ်းသာတော်မူ၏။

"သည်မျှလောက်သော တောင်းဆိုချက်ကို မဆိုထားနှင့်ဦး။ သည့်ထက် အဆတစ်ရာ များပြားစေကာမူ ပေးသင့်ပေးထိုက်ပါက ငါခွင့်ပြုမည်သာတည်း။ စိတ်ချ၍သာမင်းနေလေတော့"

ဟု မိန့်တော်မူ၏။ ထို့နောက် မှူးမတ်သေနာပတိများအား ဆက်လက်မိန့်ကြားသည်မှာ–

"သမိန်ဗရမ်းသည် ငါ၏နိုင်ငံအတွက် ကျေးဇူးဂုဏ်ကြီးမားပါပေသည်။ ကတညျတ ကတဝေဒီ ပုဂ္ဂိုလ်တစ်ပါးဖြစ်သည်။ ငါ၏ထီးဖြူနန်းလျာကို ကာကွယ်စောင့်ထိန်း၍ ရာဇအရေးကိစ္စများကို အသက်ပေး၍ ထမ်းဆောင်မည့်သူဖြစ်သည်။ သို့ဖြစ်၍ သူ့အား မဟာဥပရာဇာ အိမ်ရှေ့မင်းအဖြစ် ငါထားတော်မူမည်။ အိမ်ရှေ့စံ ဖြစ်သည်မှစ၍ သူ့အား "မဟာဥပရာဇာမင်း" ဟုသာ ခေါ်ဆိုကြရမည်။ အကယ်၍ အကြင်သူ တစ်ဦးတစ်ယောက်သည် သမိန်ဗရမ်းအား 'ကျွန်' ဟူ၍ ခေါ်ဆိုခဲ့ပါမူ ထိုသူအား တစ်ဆွေလုံးတစ်မျိုးလုံးနှင့်တကွ ကွပ်မျက်မည်။ သည်အမိန့်ကို ရတနာပူရ အင်းဝနေပြည်တော် အနှံ့အပြားတွင် လူသူအပေါင်းတို့ သိရှိမှတ်သားနာယူကြရန် ကြေညာမောင်း လည်းလွှတ်စေ"

ဟု မိန့်တော်မူ၏။

www.burmeseclassic.com

www.burmeseclassic.com

မျူးမတ်ဒေါဗညား သေနာပတိများလည်း ညီလာခံစဲလျှင် အမိန့်တော် အတိုင်း ရတနာပူရ အင်းဝနေပြည်တော် တစ်ဝန်းလုံးသို့ ကျေးရွာဇနပုဒ်များပါမကျန် ကြေညာ မောင်းကို လည်ခတ်စေသည်။ ကြေညာမောင်းသတင်းကို ကြားရသော တိုင်းသူပြည်သား များသည် ရွှေနန်းသခင်၏ အမိန့်ကို လွန်စွာကြောက်ရွံ့ကြ၏။ အချို့က ဘုရင် မင်းခေါင်အား ချီးကျူးကြသည်။

> "ရွှေနန်းရှင်သည် လူသူအပေါင်းတို့အား ချမ်းသာသုခနှင့် ပြည့်ဝအောင်၊ ရန်သူဘေးမှ ကင်းဝေးအောင်၊ တန်ခိုးအာနုဘော် ကြီးလေးအောင်၊ ရန်သတ္တရုများ ရွံ့ကြောက်လေအောင်၊ စသော အကြောင်းများကြောင့် သူရဲကောင်း သမိန်ဗရမ်းအား မဟာဥပရာဇာနှင့် သမီးကညာကို အပ်နှင်းခြင်းဖြစ်ပေသည်။ ရင်သွေးဖြစ်သူ ရာဇဓိတာ သမီးကညာထက် သူရဲကောင်းကို ပို၍ချစ်ပေသည်။ သမိန်ဗရမ်းသည် လည်း ရဲစွမ်းသတ္တိ ဉာဏ်ပညာများနှင့် ပြည့်စုံ၍ ပြိုင်ဘက်ကင်းသည့် ထက်မြက်သော လူစွမ်းကောင်းဖြစ်ပေသည်"

ဟူ၍ ဘုရင်မင်းခေါင်နှင့် သမိန်ဗရမ်းတို့အား အမျိုးမျိုးအဖုံဖုံ သြဘာပြုကြသည်။ သမိန်ဗရမ်းအား မဟာဥပရာဇာ တင်မြှောက်၍ ရာဇဓိတာ သမီးကညာနှင့် ထိမ်းမြား မင်္ဂလာပွဲ ကျင်းပရန်အတွက် ရုံးကနားကြီးတစ်ဆောင်ကို အဆောတလျင် ဆောက်လုပ် စေ၏။ ရွှေနန်းသခင် ဘုရင်မင်းခေါင်သည် ဉာတိဝံသ ဆွေတော်မျိုးတော်များအား စုံညီစွာဖိတ်ခေါ်၏။ ဟူးရားပုရောဟိတ် ဆရာတို့က အချိန်ကောင်း အခါကောင်းကို ပေးလတ်သော် ပဝေဏီအစဉ်အလာ ထုံးတမ်းအလျောက် မင်္ဂလာအခမ်းအနားကို ကျင်းပတော်မူ၏။

သမိန်ဗရမ်းအား အိမ်ရှေ့စံ မဟာဥပရာဇာအဖြစ် တင်မြှောက်တော်မူပြီးလျှင် အထွတ်အထိပ် နေရာအတွက် လိုအပ်သော ထင်ရှားသည့် အဆောင်အယောင် ကိရိယာ တန်ဆာများကိုလည်း ပေးတော်မူ၏။

ရတနာပူရ အင်းဝပြည်တွင် စစ်ပွဲငြိမ်းအေးသည်မှစ၍ သမဏ၊ ရဟန်း၊ ပုဏ္ဏား၊ တိုင်းသူပြည်သားများသည် သုခချမ်းသာမှုကို အပြည့်အဝခံစားရလေသည်။ မင်္ဂလာ ပွဲပြီး၍ သုံးလလွန်လတ်သော် ရွှေနန်းသခင် ဘုရင်မင်းခေါင်၏ သမီးတော်တွင် ဂ္ဗ တည်၍ မပေါ့မပါး ကိုယ်လေးလက်ဝန် ရှိလာလေသည်။ ဆယ်လပြည့်သောအခါ သားယောကျ်ားတစ်ပါး ထွန်းကားလေ၏။

ဘုရင်မင်းခေါင်သည် မြေးတော်ကို အလွန်အမင်း ချစ်ခင်တော်မူ၏။ မြေးတော် အား ကိုယ်တော်တိုင် လက်ဖြင့်ချီတော်မူ၏။ အဝတ်တန်ဆာ အမျိုးမျိုးပေး၍

www.burmeseclassic.com

www.burmeseclassic.com

ဆင်မြန်းစေတော်မူ၏။ ကလေးသည် အသက်တစ်နှစ်မြောက်၍ လမ်းလျှောက်သင်စ အရွယ်တွင် ဘုရင်မင်းခေါင်သည် မြေးတော်ကိုချီလျက် ညီလာခံသို့ ထွက်လေ့ရှိသည်။ မြေးတော်အား ရင်ခွင်ပိုက်၍ မှူးမတ်သေနာပတိ ဒေါဗညားများနှင့် တိုင်ပင်ဆွေးနွေးမြဲဖြစ်သည်။ ညီလာခံတွင် အိမ်ရှေ့စံ သမိန်ဗရမ်းလည်း အမြဲပင်ခစားရသည်။

တစ်နေ့သ၌ ကလေးငယ်သည် ငယ်ရွယ်သူဖြစ်၍ လူကြီးသူမမှန်းမသိ။ စကားလည်း နားမလည်သေး။ အငြိမ်မနေဘဲ ဆော့ကစားလိုသဖြင့် ဘိုးတော်ဘုရား၏ ပေါင်ထက်မှထကာ ဘိုးတော်၏ပခုံးကို လက်တစ်ဖက်ကကိုင်၍ အခြားလက်တစ်ဖက်ဖြင့် ဘိုးတော်၏ ဆံကေသာကို ဆွဲလေ၏။ ဘုရင်မင်းခေါင်လည်း နာကျင်တော်မူသဖြင့် ရုတ်တရက် နှုတ်တော်မှ–

"ဟယ်– စိတ်ကြမ်းခက်ထန်သည့် သည်ကျွန်သားကတော့ ကြာလျှင် မင်းရဲ့ကျော်စွာ၏နေရာကို ယူချေဦးမည်"

ဟူ၍ ဖြုတ်ခြည်း မိန့်တော်မူလျက် မြေးတော်ကို ဆွဲချတော်မူသည်။ သို့စဉ်အပါးတွင်ခစားနေသော သမိန်ဗရမ်းကြားလျှင် လွန်စွာဝမ်းနည်းလေ၏။

"သည်တစ်ကြိမ် အင်းဝမှာငါနေဖို့ အချိန်ကာလ ကုန်ဆုံးခဲ့ပြီ။ သစ္စာတရားအရ ဟံသာဝတီသို့ပြန်ဖို့ ငါ့အတွက် အခွင့်အရေး လမ်းစပေါ်ခဲ့ရပြီ"

ဟူ၍ သမိန်ဗရမ်းစိတ်၌ စဉ်းစားမိ၏။ ညီလာခံစဲသော် သမိန်ဗရမ်းသည် စိတ်ဓာတ်ကျ၍ ဝမ်းနည်းပက်လက်ဖြစ်ကာ ညှိုးငယ်စွာဖြင့် အိမ်ရှေ့စံနန်းဆောင်သို့ ပြန်လေ၏။ မင်းသမီးနှင့်သားငယ်ကို သံယောဇဉ်ကြီးသဖြင့် ခွဲခွာရန်ဝန်လေးနေ၏။ မိမိ၏အကြံအစည်ကို ချစ်မယား ရွှေမင်းသမီးအားလည်း အသိမပေးဘဲ တစ်ဦးတည်း ကျိတ်၍ စဉ်းစားနေ၏။ သိလျှင် တားမည်စိုးသည်။ ဘုရင်မင်းခေါင်ထံ ပေါက်ကြားမည်ကိုလည်း ကြောက်ရွံ့သည်။ သမိန်ဗရမ်းသည်ဘုရင်မင်းခေါင်အတွက်စာတစ်စောင်နှင့် ချစ်မယားအတွက် စာတစ်စောင်တို့ကို တိတ်တဆိတ်ရေးလေ၏။ မင်းသမီးအတွက် စာတစ်စောင်ကို ခေါင်းအုံးအောက်၌ထား၏။ ရွှေနန်းသခင်အားပေးရန်စာကို ပုဆိုးခါးပိုက်တွင် ထည့်ထားလေ၏။

ည လူခြေတိတ်သော် မင်းသမီးနှင့်သားငယ်တို့လည်း အိပ်စက်နေစဉ် သမိန်ဗရမ်းသည် အိမ်ရှေ့စံနန်းထက်မှ ခွာပြီး ကာမဏီနှင့်စစ်ထိုးသည့် မြင်းနီမန်ကျည်းစေ့ကို ရုတ်တရက် ရွေးကတင်လေ၏။ သူရဲကောင်းဝတ်ရုံကို ဆင်မြန်း၍ လုံနှင့်ဓားရှည်စသည်များကိုလွယ်လျက် ဖျတ်ခနဲထွက်ပြေးလေ၏။

အင်းဝရွှေမြို့တော်မှထွက်၍ မြင်းကို အပြင်းနှင်လျှင် မြို့စောင့်သူရဲများသည် သေနာပတိတို့အား ချက်ချင်းအကြောင်းကြားလေ၏။ သေနာပတိများလည်း ချက်ချင်းပင် ဘုရင်မင်းခေါင်ထံ ဝင်ရောက်လျှောက်တင်လေ၏။ ဘုရင်မင်းခေါင်လည်း ထိတ်လန့်တော်မူ၏။ သမိန်ဗရမ်းအား လိုက်လံဖမ်းဆီးရန် ပြင်ဆင်ပစ်ထောင်ကို

www.burmeseclassic.com

www.burmeseclassic.com

ချက်ချင်းစီရင်စေ၏။ မြင်းတပ်တစ်ထောင်လည်း ချက်ချင်းပင် အင်းဝမှထွက်၍ သမိန်ဗရမ်းကို အပြင်းလိုက်လေ၏။ သမိန်ဗရမ်းသည် အင်းဝမြို့မှ အတော်ဝေးသည့်နေရာသို့ ရောက်လျှင် အပန်းဖြေရန် ထန်းပင်သုံးပင်အနီး၌ ရပ်နားလေ၏။

ထန်းပင်တို့၏အမြင့်မှာ ၁၅-လံ၊ ၁၆-လံ ဖြစ်သည်။ တစ်ပင်တစ်ပင်တွင် ထန်းသီး လေးခိုင်ငါးခိုင်မျှ ရှိလေသည်။ အဝေးမှ မြင်းတပ်တစ်ထောင် လိုက်လာသည်ကို မြင်လျှင် သမိန်ဗရမ်းသည် မြင်းထက်တက်၍ လက်နက်ခိုင်းလွှား ဓားလုံမျှားကို ကိုင်ဆောင်လျက် မြင်းကိုကစေ၏။ ထန်းပင်ထက်ရှိ ထန်းသီးအမှည့်ကို လုံဖြင့်ပစ်သည်။ ထန်းပင်ထက်မှ ပြန်ကျလာသောလုံကို ညာလက်ဖြင့်လည်းကောင်း၊ ကျလာသော ထန်းသီးကို ဘယ်လက်ဖြင့် လည်းကောင်း၊ မြေသို့မကျစေဘဲဖမ်းယူ၏။ ထိုထန်းသီးကို အင်းဝမြင်းတပ် ဗိုလ်မင်းထံ ပစ်ပေးသည်။ အင်းဝမြင်းတပ်ဗိုလ်လည်း သမိန်ဗရမ်းအား ကြောက်ရွံ့သဖြင့် အနီးသို့မကပ်ဝံ့ပေ။ ခပ်ခွာခွာရပ်၍ ကြည့်နေကြ၏။

ထို့နောက် သမိန်ဗရမ်းလည်း ထွက်ခွာသွားလေ၏။ အင်းဝမြင်းတပ်သည် ၎င်းနောက်သို့ နယ်ခြားအရောက် လိုက်ကြသည်။ ကျေးစွန်နယ်ဖျားရောက်သော် သမိန်ဗရမ်းသည် ရွှေနန်းသခင် ဘုရင်မင်းခေါင်အတွက် ရေးသားထားသောစာကို ခါးပိုက်မှ ထုတ်ကာ တိုင်ထိပ်တစ်ခုၦ ညှပ်ထားလေ၏။ ထိုစာကို မြင်းတပ်ဗိုလ်အား လက်ဖြင့် ညွှန်ပြကာ မြင်းကို ဒုန်းစိုင်းနှင်၍ ဟံသာဝတီသို့ အပြင်းပြေးလေ၏။

မြင်းတပ်သူရဲများလည်း တိုင်ထိပ်၌ သမိန်ဗရမ်းထားရစ်သော စာကိုယူပြီး ရတနာပူရ အင်းဝမြို့သို့ ပြန်လှည့်လာကြ၏။ ရောက်လျှင် ရွှေနန်းသခင်ထံဝင်၍ စာကိုဆက်သသည်။ ဘုရင်မင်းခေါင်သည် စာကိုရလျှင် ဖတ်တော်မူ၏။ စာကား-

"အကြောင်းယုတ္တိမှန်ကို သိရှိတော်မူရန် ကျွန်တော် သမိန်ဗရမ်း ရှိခိုးနာတော်လျှောက်ပါသည်။ ကျွန်ုပ်အား မည်သူတစ်ဦး တစ်ယောက်ကမျှ 'ကျွန်' ဟူ၍ မခေါ်စေရ။ ခေါ်ခဲ့သော် တစ်ဆွေလုံး တစ်မျိုးလုံးကို ရာဇဒဏ်ပေး၍ ခေါင်းဖြတ်သတ်ပစ်တော်မူမည်ဟု ဆိုပြီး ရွှေနန်းသခင်သည် ကျွန်ုပ်နှင့် ကတိသစ္စာ ပြုထားခဲ့ပေသည်။ ယခုသော် အရှင်မင်းကြီးသည် သတိလစ်ဟင်းလျက် ကျွန်ုပ်အား 'ကျွန်' ဟူ၍ ကိုယ်တော်တိုင် ညီလာခံတွင် နှုတ်တော်မှ ရုတ်ခြည်း ခေါ်ဆိုခဲ့ပါသည်။ အရှင်မင်းကြီးနှင့် ဆက်လက်၍ ကျွန်ုပ်နေခဲ့ပါမူ ပဝေဏီအစဉ်အလာ ပျက်ချေတော့မည်။ ရွှေနန်းရှင်သည် ခြွင်းချက်ထားတော်မူသည့် ကတိသစ္စာကို တည်တံ့ခိုင်ခဲ့အောင် မထားနိုင်သည်ဖြစ်သဖြင့် ဟံသာဝတီသို့ ပြန်သွားရန် ကျွန်ုပ်အား ခွင့်ပြုတော်မူပါမည်အကြောင်း ရှိခိုး ကန်တော့လိုက်ပါသည်။ အရှင်မင်းကြီးသည် ရာဇသမ္မတ္တိမင်းစည်းစိမ်ကို ချမ်းသာသုခနှင့် ပြည့်ဝစွာ စံစားနိုင်ပါစေ။ ရွှေနန်းသခင်

www.burmeseclassic.com

၏ သမီးတော်နှင့် မြေးတော်တို့အား ရွှေဖဝါးတော်အောက်တွင် အပ်နှံထားရစ် ခဲ့ရပါသည်။ မြေးတော်သည် အသက်အရွယ် ကြီးပြင်းလာသောအခါ အရှင်မင်းကြီး၏ ကျေးဇူးသစ္စာတော်ကို ကျွန်ုပ်ကိုယ်စားဆက်လက် ထမ်းဆောင်နိုင်ပါစေသတည်း"

ယင်းစာကိုဖတ်ပြီးသော် ဘုရင်မင်းခေါင်သည် ယူကျုံးမရအောင် ဝမ်းနည်းပက်လက် ဖြစ်တော်မူသည်။ "သတိမေ့လျော့ပြီး နှုတ်ဝါစာဖြင့် ပြောမိသည်ကို သူ့စိတ်မှာ အငြိုးထားသည်တကား။ သူ့အား ငါနမြော်လှပေသည်" ဟု စိတ်တွင်ဆို၍ မှူးမတ်သေနာပတိများအား ပသို့မျှမဆိုမမိန့်ဘဲ နေတော်မူ၏။

"ရွှေနန်းသခင်သည် နှုတ်ဝါစာကို မစောင့်စည်း။ နှုတ်ကျွံခဲ့ကြောင်း မှန်ပေသည်။ ထို့ကြောင့် သမိန်ဗရမ်း ထွက်ပြေးရသည်။ ဆီးပင်ကို စိုက်ပျိုးထားပြီး ကြီးထွားမြင့်မားလာကာမှ အကိုင်းအခက်များကို ခုတ်ဖြတ်လိုက်သည်နှင့် တူတော့သည်"

ဟူ၍ မှူးမတ်များက မိမိအား အပြစ်တင်စကား၊ စောဒနာစကား ပြောကြားကြမည်ကို စိုးရိမ်တော်မူသဖြင့် အဂ္ဂမဟေသီ မိဖုရားကြီးရှိရာ အတွင်းဆောင်သို့ ဝင်တော်မူ၏။ အတွင်းဆောင်သို့ ရောက်သော် မိဖုရားကြီးအား စကို ကမ်းတော်မူ၏။ မိဖုရားကြီးလည်း စာပါ အကြောင်းအရာကို သိရပြီးလျှင် သမိန်ဗရမ်းအား လွန်စွာနှမြော်သည်။ သမီးတော်ကို ကမယ်[၁] ဖြစ်မည်စိုးသည်။ သို့သော် ရွှေနန်းသခင်အား နှစ်သိမ့်စကား ဆိုပြန်သည်။

"လူတို့ ဆိုရိုးစကားရှိပါသည်။ "နှုတ်ကျွံလျှင် အရေးတော် ပျက်ချေသည်။ မားကျွံလျှင် ခြေလက် ရှာချေသည်"* သူ့အား အရှင်မင်းကြီး လက်လွှတ်လိုက်ရသည်မှာ ပညာရှိသတိဖြစ်ခဲ့ဆိုသလို သတိတရား မထား၍ နှုတ်ကျွံသောကြောင့် ဖြစ်ပေသည်။ သို့ဖြစ်သော်လည်း ပူပင်သောက ဖြစ်တော်မမူပါနှင့်တော့။ မြေးတော်တစ်ပါး ရှိပါသေးသည်။ မြေးတော် ကြီးပြင်းလာသော် သူ့အားလွှတ်၍ သမိန်ဗရမ်းသည် မယားအား မချစ်သော်ငြားလည်း သားကိုတော့ ချစ်ပေမည်။ သားတော်၏ ရှိခိုးတောင်းပန်မှုကို ခံနိုင်မည်မဟုတ်။ တစ်နေ့တွင် သမိန်ဗရမ်းသည် အင်းဝသို့ အမှန် ပြန်လာရချေမည်"

ဟု မိဖုရားကြီး တင်လျှောက်လေလျှင် ဘုရင်မင်းခေါင်လည်း သက်သာရာရ၏။

၁။ မုဆိုးမဟု အနက်ဆောင်သည်။ တစ်ခုလပ်ဟုလည်း ဆိုနိုင်သည်။ ရှေးမြန်မာ ကျောက်စာတွင် မုဆိုးမကို "မကယ်"ဟူ၍ မွန်စကားကို သုံးနှုန်းခဲ့ပါသည်။
မွန်ဘာသာ ကမာယ်- ကွဲ။ မွဲ။

* မွန်ဘာသာ – ခလိုင်ပါင်ဒး လိုကောင်ကာ။ ခလိုင်ဝုန်မြဒး လိုဖိုင်ကဲ့။

www.burmeseclassic.com

www.burmeseclassic.com

သမိန်ဗရမ်း ထွက်ပြေးသည့်အချိန်တွင် မင်းသမီးသည် အိပ်ပျော်နေစဉ်ဖြစ်၍ မသိလိုက်ပေ။ အိပ်ရာမှနိုးလာသည်နှင့် မဟာဥပရာဇာ ထွက်ပြေးကြောင်းကို အထိန်းတော်များက တင်လျှောက်ကြသဖြင့် ရာဇမိတာသည် စိတ်တွင် တုန်လှုပ်ထိတ်လန့်၍ သည်းစွာ ငိုယိုလေ၏။ ကြင်ရာမျောက်သားတော် ဥပရာဇာ၏ အိပ်ခန်းသို့ဝင်၍ ကြည့်၏။ ဓားရှည်ကိုလည်း မတွေ့ရ။ သူရဲကောင်းဝတ်ရုံ တန်ဆာပလာများကိုလည်း မမြင်ရ။ စိတ်ထင်ရာကို မွေနှောက်ရာဖွေလတ်သော် ခေါင်းအုံးအောက်၌ စာတစ်စောင်ကို တွေ့၍ ဖတ်ရှုလေ၏။ စာကား-

> "နှမတော်နှင့် မောင်တော်တို့နှစ်ဦးသည် ချမ်းသာသုခ အပြည့်အဝဖြင့် ချစ်ခင်ယုယစွာ ပေါင်းသင်းနေထိုင်ခဲ့ကြပါသည်။ ယခုမူ ရွှေနန်းသခင်နှင့် ကတိသစ္စာတရား ပျက်ပြားခဲ့ရသဖြင့် မောင်တော်အား စိတ်ဆင်းရဲဒုက္ခ မရောက်ပါစေနှင့်တော့။ မောင်တော်သည် ကတိသစ္စာ စကားအရ အင်းဝတွင် ဆက်လက်နေထိုင်၍ မရတော့သဖြင့် ဟံသာဝတီသို့ထွက်ခွာခဲ့ရပေသည်။ သားတော်တစ်ပါးကို နှမတော်ထံ အပ်နှံထားရစ်ခဲ့ပါသည်။ သည်ဘဝမှာသည်မျှ နှမတော်နှင့် မောင်တော်တို့သည် တစ်ဦးကိုတစ်ဦး ချစ်ခြင်းမေတ္တာ ပွားများလျက်နှင့် ခွဲခွာကွေကွင်းခဲ့ရပါပြီ။ နိဗ္ဗာန်သို့ မရောက်မီစပ်ကြား နောင်လာမည့် အနာဂတ်ဘဝဆက်တိုင်းတွင် နှမတော်နှင့် နပူးစာဆုံ၍ ချစ်ခင်စွာ ပေါင်းသင်းရပါစေဟူ၍ မောင်တော်သည် ဘုရားမှာ ထာဝစဉ် ဆုတောင်းလျက် နေပါမည်"

ယင်းစာကို ဖတ်ပြီးသည်နှင့် ရာဇမိတာသည် ရွိုက်ကြီးတငင် ဝမ်းနည်းကြေကွဲ၍ ငိုကြွေးလေ၏။ ခမည်းတော် ရွှေနန်းရှင်ကိုလည်း လွန်စွာစိတ်နာမိလေ၏။

ပဲခူးတွင် သမိန်ဗရမ်း ပြန်လည်ရောက်ရှိကြောင်း သတင်းကို ကြားသိရသော ဟံသာဝတီ တိုင်းသူပြည်သားများသည် သမိန်ဗရမ်းအား လွန်စွာ ချီးကျူးထောမနာ ပြုကြသည်။

"သမိန်ဗရမ်း ပြန်ရောက်ပြီ။ သမိန်ဗရမ်း ပြန်ရောက်ပြီ"

ဟူသော လူသူတို့၏ စကားမှာ တစ်မုဟုတ်ချင်း ကျော်ကြား ပဲ့နဲ့သဖြင့် သေနာပတိတို့ ကြားသိရလျှင် သမိန်ဗရမ်းရှိရာသို့ သူသူငါငါ ချဉ်းကပ်လာကြ၏။ သုခဒုက္ခဟူသမျှကို မေးမြန်းကြသည်။ ထို့နောက် သူ့ရှင် ရာဇာမိလမ်းထံ ဝင်ရောက်ခစားရန် ခေါ်ဆောင်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com

သမိန်ဗရမ်းသည် သေနာပတိများနှင့်အတူ သူ့ရှင်ရာဇာမိရာဇ်ထံ ဝင်ရောက်ဦးခိုက်၍ အစမှအဆုံးတိုင် အရေးအရာ ကိစ္စဟူသရွေ့ကို တစ်လုံးမကျန်လေအောင် တင်လျှောက်လေ၏။ ရာဇာမိရာဇ်လည်း ပီတိသောမနဿ ဖြစ်တော်မူ၏။ သမိန်ဗရမ်းအား ဥပဘောဂ၊ ပရိဘောဂဆိုင်ရာ လာဘ်လာဘပဏ္ဏာကာရ လက်ဆောင်ပစ္စည်းများစွာ ချီးမြှင့်တော်မူ၏။ သမိန်ဗရမ်း ပြန်လာသည့်အတွက် ဝမ်းသာသောအားဖြင့် ပွဲသဘင်ကို ခုနစ်ရက်ကြာမျှ ကျင်းပတော်မူ၏။

ထို့နောက် သမိန်ဗရမ်းအား ဒုန်ဝန်းမြို့ကို စားစေတော်မူ၏။ အင်းဝမှ ဟံသာဝတီသို့ သမိန်ဗရမ်းပြန်ရောက်သည့် သက္ကရာဇ်ကား ၇၇၉– ခုနှစ်ဖြစ်လေသည်။

အင်းဝရွှေနန်းသခင် ဘုရင်မင်းခေါင်နှင့် ဟံသာဝတီပြည့်ရှင် ရာဇာမိရာဇ်တို့သည် အချင်းချင်း စစ်ခင်းကစားသည့်ကိစ္စကို ရပ်ဆိုင်းလိုက်သည်မှစပြီး သာမဏရဟန်း၊ ပုဏ္ဏား၊ တိုင်းသူပြည်သား အပေါင်းတို့သည် သုခချမ်းသာမှုပြည့်စုံစွာဖြင့် နေထိုင်ကြရလေသည်။ စိတ္တသုခ၊ ကာယသုခတို့နှင့် သုံးနှစ်ကြာမျှ နေထိုင်ပြီးနောက် သူ့ရှင် ရာဇာမိရာဇ်သည် မော်ရာခတေတော (ကြုပ်မောဝ်ရာခတေ)[၁] သို့ တောကစား ထွက်တော်မူ၏။

ရာဇာမိရာဇ်သည် သီဟနာရာယနဆင်တော်ကို ရွှေကြိုးတန်ဆာများတင်၍ စီးတော်မူ၏။ အစွယ်ကောင်းသော ဆင်ရံများစွာနှင့် ချီတော်မူ၏။ ဆင်ကြီးဆင်ငယ်များကို အစဉ်အတိုင်းစီး၍ ချီကြရာ တောနက်သို့ရောက်သော် တောဆင်တစ်အုပ်ကို တွေ့ရလေ၏။ ဆင်ဦးစီးကို တောဆင်အုပ်ဘက်သို့ ချိတ်သွင်းစေရန် မိန့်၍ ဆင်ရိုင်းများအား လိုက်ထိုးတော်မူ၏။ တောဆင်အုပ်လည်း ကွဲကုန်သည်။ သို့စဉ် အရပ်ငါးပေခန့်ရှိပြီး အစွယ်ကောက်သည့် ဆင်ပေါက်တစ်စီးသည် သူ့ရှင်စီးသည့် ဆင်ကြီးရှေ့မှောက်သို့ ပြေးဝင်လာသည်။ ရာဇာမိရာဇ်သည် ချွန်းဖွင့်၍ မိအောင်လိုက်၏။ လွန်ကျော့ကို ပစ်တော်မူရာ ဆင်ပေါက်၏ခြေတွင် ကျော့စွပ်မိလေ၏။

ဆင်ပေါက်လည်း ခြေတွင် ကျော့ကွင်းချုပ်စွပ်လျက်နှင့် အားကုန်ပြေးသည်။ သူ့ရှင်လည်း စီးတော်ဆင်ကို ချွန်းပေါက်ရန်မမိ။ လွန်ကြိုးကို လက်ဖြင့်တုံ့ဆွဲလျက် ဆင်ထက်မှ ဖုတ်ခနဲကျလေသည်။ ပေါင်သားထက်တွင် လွန်ခြုတ်မိ၍ ရှုနလေ၏။ ဆင်ရံများလည်း တောဆင်ပေါက်ကို ဝိုင်းဝန်း၍ ဖမ်းယူကြသည်။ ရာဇာမိရာဇ်သည် ဆင်ရံရာ၌ ပေါင်သားထက်မှာ လွန်ခြုတ်မိသဖြင့် ရှုနသောဒဏ်ရာမှာ အရိုးထိရောက်၍ ကြီးမားသည်။ အနာကိုက်ခဲသည့် ဝေဒနာမှာ သည်းလာသဖြင့် ဟံသာဝတီရွှေနန်းသို့

၁။ မြန်မာပေမူတွင်– လပွတ်သလွတ်တောမှာ ဆင်ရံသွားတော်မူ၏ ဟုဆိုသည်။

www.burmeseclassic.com

အဆောတလျင် ပြန်တော်မူ၏။[၁] အနာသည်းလာသည်ကို သမားတော်များလည်း ခုနစ်ရက်တိုင်တိုင် ကြိုးစား၍ကုသကြသည်။ သို့သော် မသက်သာပေ။

ရာဇာဓိရာဇ်၏ နတ်ရွာစံခန်း

သူ့ရှင်လည်း "ငါ့အနာသည်းသည်။ မပျောက်နိုင်တော့ပြီ" ဟုမိန့်၍ မှူးမတ်သေနာပတိ ကြီးငယ်များအား ခေါ်တော်မူ၏။ မှူးမတ်သေနာပတိ ဒေါဗညားတို့ စုံညီကြသော်-

"သည်တစ်ကြိမ် ငါနာသည်မှာ ငါ့ကိုယ်တွင်း၌ လွန်စွာပူလောင်နေသည်။ မီးလောင်သလို ဖြစ်သည်။ သည်နေ့မှာ မင်းတို့အားပစ်၍ ငါသွားရမည့် နေ့ရက်ကာလသို့ တိုင်ပြီဟု ငါမှတ်သည်။ မင်းတို့အားလုံးကို ငါခွင့်တောင်းပါသည်။ အဝေးမှာရှိသော ငါ့သားတော် မင်းညီနောင်နှစ်ပါးအား ငါပူပင်မိသေးသည်။ ယခု ငါ့သားတော်ကြီး ဗညားကျန်း (ဗညာကေန်)လည်း ငါ့အပါးမှာမရှိ။ သားတော်အလတ် ရာဇာမနုလည်းမရှိ။ သူတို့အားခေါ်၍ မီတော့မည်မဟုတ်ပြီ။ အကယ်၍ ငါ ကုသိုလ်ကံကုန်ခဲ့လျှင် ငါ့ကိုလည်း မင်းတို့သတိရ အောက်မေ့ကြပါဦး။ ယခင်အခါများမှာ မင်းတို့အား ငါကူညီရိုင်းပင်း

၁။ မြန်မာပေမူများတွင် လွန်ခြုတ်မိလေ၍ ပေါင်တော်ရှုနချေသည်။ အရိုးသို့ ထိလေ၏။ အနာသည်းလှသောကြောင့် ခရီးတွင်ပင် လွန်တော်မူ၏ - ဟု ရေးသည်။ (၁၁၅၀ ခုနှစ်ကူးပေတွင် ခြုတ်။ ၁၂၁၁ ခုနှစ်ကူး ပေနှင့်ပုံနှိပ်မူများတွင်- ချုပ်-ဟု စာလုံးပေါင်းသည်။ ခြုတ်ခြုတ်ထိသည် ဟူသော မြန်မာမူအရ ခြုတ်-က မှန်မည်လော)
မြန်မာပုံနှိပ်မူတွင် လွန်ချုပ်မိသည်ဟု ဆိုသည်ကို မှီငြမ်းသော ဟာဗိက ...caught in the rope - ဟုရေး၏။
သို့သော် မွန်မူတွင် လဝက်ဒဗတ်ဒးဒီ = ပေါင်သားနှင့် ချိတ်ဆွဲမိ ပွတ်တိုက်မိသည်ဟု ရေး၏။ လဝက် = to hang over as clothes are hung over a rope or pole or as a garment thrown over the shoulder; ဒဗတ်ဒးဒီ = to strike or rub against the thigh - ပေါင်ကို ကျောကွင်းနှင့် စွပ်ချုပ်မိသည်မဟုတ်။ ပေါင်သားကို လွန်ကြိုးနှင့် လွှဖြတ်သကဲ့သို့ ခရူည်လိုက် ချိတ်ဆွဲ၍ ပွတ်တိုက်ခြင်းကို ဆိုလိုသည်။ မှန်နန်း- ဒုတွဲ- ၆၂-တွင် ပေါင်ကို လွန်ရှသည်ဟုရေး၏။

www.burmeseclassic.com

သမ္မ ပြုခဲ့သည်များကို မင်းတို့သတိရပါက နန်းစည်းစိမ် သမ္မတ္တိကို ဆက်လက်စံစားမည့် ငါ့သားတော်ကြီးအား မင်းတို့ ကူညီထောက်ပံ့ထမ္ဘနပြုရစ်ကြပါလော့။ သားတော်အလတ် ရာဇာမနုကိုလည်း ငါမှာခဲ့မည်။ ငါ့အား သတိရအောက်မေ့ပြီး နောင်တော်ကို ကူညီရိုင်းပင်းပါလော့"

ဟု မိန့်တော်မူ၏။ သားတော်အငယ်ကို ဆက်လက်၍ ဩဝါဒပေးသည်မှာ-

"ခမည်းတော် ကဲကုန်ပြီးပါက နောင်တော်ကြီးအား ခမည်းတော်အလား ရှိသေလေးစားရမည်။ မင်းညီနောင်အချင်းချင်း စိတ်တူသဘောတူ ညီညွတ်မှု ရှိကြပါစေ။ စိတ်ဝမ်းမကွဲကြနှင့်။ ရန်သူစစ်ဘေးနှင့် ကြုံလာလျှင် မင်းညီနောင်အချင်းချင်း ညီညီညွတ်ညွတ် စည်းလုံးညီညာစွာဖြင့် ကူညီတိုက်ခိုက်ကြပါ။ မြို့ရွာများကို ခိုင်ခံ့မြဲမြံအောင် စောင့်ထိန်းပါ"

ဟု မှာတော်မူ၏။ မှူးမတ်သေနာပတိများအား ဆက်လက်၍ မှာတော်မူပြန်၏။

"ငါပြုထားသော အရေးအရာ အမှုကိစ္စဟူသမျှ အပြီးတိုင်မရောက်သေးသည်ကို ဆက်လက်၍ ဆောင်ရွက်သွားရန် ငါ့သားတော်များအား ညွှန်ပြကြပါ။ အခြားတစ်ဖက်မှာ မင်းတို့ သေနာပတိမှူးမတ်ဗိုလ်ပါ ကြီးငယ်များသည် ယခင်အခါများတွင် တစ်ခါတစ်ရံမှားယွင်းသော အမှုကို ပြုခဲ့ကြသဖြင့် ငါ၏ ရာဒဏ်ကို ခံခဲ့ရသည်လည်း ရှိလေမည်။ ငါရိုက်ပုတ်ထိုးနှက်ထားသည်လည်း ရှိလေမည်။ ကြမ်းကြမ်းတမ်းတမ်း ငါဆဲဆိုထားသည်လည်း ရှိပေမည်။ သည်အတွက် ငါ့အား အပြစ်လွှတ်ကြဖို့ မင်းတို့အား ငါတောင်းပန်ပါသည်။ ငါ့အပြစ်ကို မင်းတို့ သည်းခံကြပါလော့"

ဟု မှာကြားတော်မူပြီးသည်နှင့် ဝေဒနာဖိစီးပြီး အနာသည်းလွန်းသဖြင့် ဟံသာဝတီပြည့်ရှင် ရာဇာမိရာဇ်သည် ဇီဝိန်ချုပ်ငြိမ်း၍ နတ်ရွာစံလွန်တော်မူသည်။

www.burmeseclassic.com

www.burmeseclassic.com

သူ.ရှင် ရာဇာဓိရာဇ်သည် ဒုန်ဝန်းတွင် သက္ကရာဇ် ၇၂၉- ခုနှစ်၌ ဖွားမြင်ခဲ့သည်။ ဗညားနွဲ့.အဖြစ် သက်တော် ၁၆-နှစ်တွင် ဟံသာဝတီရွှေနန်းစည်းစိမ် သမ္မတ္တိကို စံစားရသည်။ ရာမညတိုင်း မွန်ပိုင်းသုံးရပ်တွင် သူပုန်သူကန်များအား သုံးနှစ်မျှ နှိမ်နင်းရသည်။ ဘုရင်မင်းခေါင်နှင့် ခြောက်နှစ်မျှ စစ်ပြုသည်။ သစ္စာပြုပြီး ၂၂-နှစ်မျှ စစ်ခင်းပြန်သည်။ မင်းရဲကျော်စွာနှင့် သုံးနှစ်ကြာ စစ်ကစားသည်။ လေးနှစ်အကူးတွင် ဘုရင်မင်းခေါင်နှင့် ၂-နှစ်ကြာမျှ စစ်ခင်းပြန်သည်။ စစ်မကစားဘဲ သုံးနှစ်ကြာ နေတော်မူ၏။ သက်တော် ၅၄၊ သက္ကရာဇ်- ၇၈၂- ခုနှစ်တွင် နတ်ရွာစံတော်မူသည်။[၁]

ဗညားကျန်း

သူ.ရှင် ရာဇာဓိရာဇ် နတ်ရွာစံတော်မူလျှင် မှူးမတ်သေနာပတိများသည် ဝမ်းနည်းကြေကွဲ၍ ငိုပွဲဆင်ကြသည်။ ရာဇာဓိရာဇ်၏ ရုပ်အလောင်းကို ပဝေဏီအစဉ်အလာ ရှိသည့်အတိုင်း ရွှေကြုတ်၌ထည့်၍ ပြင်ဆင်ထား၏။ ဆီမီးတန်ဆောင် ပန်းမန်အမွှေး

၁။ မြန်မာပေမူတွင် သက္ကရာဇ်- ၇၂၉-ခု၊ တပို့တွဲလဆန်း ၈-ရက်၊ သောကြာနေ့၊ ကရကလက်-၁-နွေနှင့်တကွ ကန်တွင် ၄-ဟူးမိန်တွင်- ၃-သိန်တွင် စန်းဗြိစ္ဆာတွင်- ၀-တွင် ရာဇာဓိရာဇ် ဖွားမြင်၏။ ၇၄၅-ခု၊ နယုန်လဆန်း ၃-ရက်၊ ၅-နေ့တွင် ဒဂုန်သို့သွား၍ ခြားနား၏။ ယင်း သက္ကရာဇ် တပို့တွဲလဆန်း- ၁၂-ရက်၊ ၂-လာနေ့၊ မင်းဖြစ်တော်မူ၏။ သက္ကရာဇ် ၇၈၃-ခုနှစ်တွင် အနိစ္စရောက်၏။ သီဟရာဇာဘွဲ့နှင့် ဗညားသစ်တသုံဘွဲ့ ခံတော်မူ၏- ဟု လာရှိသည်။ ပတ်လတ်မူ မွန်ရာဇဝင် ပထမတွဲတွင် ပုံနှိပ်ရာ၌ သက္ကရာဇ် အမှားများ ပါသဖြင့် ဒုတိယတွဲတွင်ပါသော ရာဇာဓိရာဇ်၏အသက်နှင့် နတ်ရွာစံသည့်ခုနှစ်တို့ကို ယူပါသည်။ ပတ်လတ်မူ မွန်ရာဇဝင် ဒုတိယတွဲ၊ စာမျက်နှာ- ၃၁-တွင် "ဗညားဦး၏သား ဗညားနွဲ့သည် သီဟရာဇာဘွဲ့ခံ၍ အသက်- ၁၆-နှစ်က မင်းဖြစ်သည်။ သဒ္ဒသီ (သစ်တသုံ) အမည်ခံသည်။ ၃၈-နှစ်မျှ နန်းစံ၍ အသက် ၅၄၊ သက္ကရာဇ်- ၇၈၃- ခုနှစ်တွင် နတ်ရွာစံသည်"ဟု ပြဆိုသည်နှင့် ညီနှိုင်းတိုက်ဆိုင်ခဲ့ပါသည်။ မွေးသက္ကရာဇ်- ၇၂၉- မှာ မွန်နှင့်မြန်မာပေမူများ ကိုက်ညီပါ၏။ သို့သော် ကွယ်လွန်သည့် သက္ကရာဇ်သာ မွန်မူက တစ်နှစ်မျှ စောနေသည်။ ဤသက္ကရာဇ်များကို ကျောက်စာ၌ မတွေ့ရသဖြင့် မည်သည်က မှန်၍ မည်သည်ကမှား သည်ကို တထစ်ချမဆိုနိုင်ပါ။ မှန်နန်းရာဇဝင်- ၃-တွဲ၊ စာမျက်နှာ- ၆၃-တွင် သက္ကရာဇ်- ၇၈၃- ခုနှစ်တွင် ဘုရင်မင်းခေါင်၏သားတော် သီဟသူသည် သီဟသူရမဟာဓမ္မရာဇာဘွဲ့ခံ၍ နန်းတက်သည်ဟုဆိုရာ ယင်းနှစ်တွင် ဘုရင်မင်းခေါင် လွန်သည်မှာ မှားရှာသည်။ မွန်နှင့်မြန်မာပေမူတို့က ၇၂၉-ခုနှစ်တွင် ဗညားနွဲ့ ဖွားမြင်သည်ဟု ပြသော်လည်း မြန်မာပုံနှိပ်မူများတွင် ၇၁၁-ခုနှစ်ဟု မှားယွင်းစွာ ဖော်ပြထားကြသည်။

www.burmeseclassic.com

www.burmeseclassic.com

နဲ့သာများ၊ ကန်တော့ပွဲနှင့် ပူဇော်သက္ကာရ ပြုဖွယ်ပစ္စည်း မျိုးစုံတို့ဖြင့် မွမ်းမံထားကြသည်။ မှူးမတ် သေနာပတိများသည် စိတ်သဘောတူညီ၍ စည်းလုံးညီညွတ်ကြသည်။

အချင်းချင်း ဆွေးနွေး တိုင်ပင်ကြပြီးသော် မုတ္တမစား သားတော်ကြီး ဗညားကျန်း (ဗညာကေန်)အား သွားရောက်ကြိုဆို၍ ရွှေနန်းထက်တင်ရန် ဆုံးဖြတ်ကြသည်။ ဆင်တပ်နှင့်တကွ စစ်သေနင်္ဂဗျူဟာ စီရင်၍ သူရဲသူခက်များနှင့် မုတ္တမ[၁] သို့ ချီလေသည်။ မုတ္တမသို့ ရောက်သော် မှူးမတ် သေနာပတိများသည် ရာဇပုတ္တဖြစ်သူ ဗညားကျန်းထံ ဝင်ရောက်ရှိခိုး၍ သူ့ရှင်ရာဇာဓိရာဇ် နတ်ရွာစံကြောင်းကို လျှောက်တင်ကြသည်။

"သူ့ရှင်သည် သားတော်ကြီးအား ရာဇသမ္မတ္တိ အပ်နှင်းရန် မိန့်တော်မူသဖြင့် ဟံသာဝတီ ရွှေမြို့တော်သို့ ကြွပါရန် ကျွန်ုပ်တို့ လာရောက်ကြိုဆို ပင့်ဆောင်ပါသည်"

ဟု လျှောက်ကြားလေ၏။ ထိုနောက် သားတော်အလတ် ရာဇာမနုအားလည်း ခမည်းတော် ရာဇာဓိရာဇ်၏ မှာထားပုံများကို တစ်လုံးမကျန် လျှောက်တင်ကြ၏။

ဗညားကျန်းသည် ခမည်းတော် နတ်ရွာစံကြောင်းကို ကြားရလျှင် လွန်စွာ ဝမ်းနည်းကြေကွဲ၍ ငိုတော်မူ၏။ ရာဇာမနုလည်း ထိုနည်းလည်းကောင်း ငိုလေ၏။ ခမည်းတော်၏ ဂုဏ်ကျေးဇူးများကို သတိရအောက်မေ့ကြ၏။ ဗညားကျန်းသည် ညီတော် ရာဇာမနုနှင့် ဆွေးနွေး၏။

"သည်လိုဖြစ်လျှင် ငါတို့ အလျင်အမြန်သွားမှ တော်မည်။ ခမည်းတော်၏ ရုပ်အလောင်းကို ကန်တော့ရမည်"

ဟု ဗညားကျန်း မိန့်၏။ ညီတော် ရာဇာမနုလည်း "ကောင်းသည်" ဟု ဆိုသဖြင့် မင်းညီနောင် နှစ်ပါးတို့သည် အဆောတလျင် ရွှေငွေရတနာ ဥစ္စာပစ္စည်းများကို ယူ၍ မှူးမတ်သေနာပတိများနှင့် တကွ ဆင်ထက်သို့ တက်ကြသည်။ မုတ္တမမှ စစ်အင်္ဂါများနှင့် ဟံသာဝတီမှ လာရောက်ကြိုဆိုကြသော စစ်အင်္ဂါများသည် ညီညွတ်စည်းလုံးစွာဖြင့် စုပေါင်း၍ သားတော်နှစ်ပါးတို့အား ပင့်ဆောင်ခဲ့ကြသည်။

၁။ သားတော်ဗညားကျန်းနှင့် ရာဇာမနုတို့ကို မုတ္တမ၌ ထားတော်မူကြောင်း မြန်မာမူများ၌ မတွေ့ရပေ။ ရာဇာမနုကို ဗညားရံဟု ဆိုရန်ရှိပါ၏။ အနရာဇာမှာ ညီအငယ်ဆုံး ဖြစ်သည်။ (ပါဠိ- အန = နောက်မှဖြစ်ခြင်း၊ တတိယ- ဟုလည်း အနက်ရသဖြင့် တတိယမင်းသားကို ဆိုလိုသည်)

www.burmeseclassic.com

www.burmeseclassic.com

ဟံသာဝတီနှင့် နီးလာလျှင် မြို့တွင်းမှ မှူးမတ်သေနာပတိများသည် ရှေးပဝေသဏီ အစဉ်အလာအလျောက် မြို့ပြင်သို့ထွက်၍ ရာဇပုတ္တသြရသကို မြို့တော်တွင်းသို့ ရွှေဝေါတော်ဖြင့် ပင့်ဆောင်ကြသည်။

ရွှေနန်းတော်သို့ ရောက်သော် မှူးမတ်သေနာပတိများအား တိုင်းရေးပြည်ရေး နိုင်ငံရေးရာ ကိစ္စများကို မေးမြန်းစုံစမ်း၏။ ရာဇာမနုသည် ခမည်းတော်၏ ရုပ်အလောင်း ရှိရာ နန်းပြာသာဒ်သို့တက်၍ ရွှေခွက်ဖြင့် ပူဇော်ဖွယ်ပစ္စည်းကိုယူပြီး နောင်တော်အား ပေး၏။ နောင်တော် ဗညားကျန်းသည် ခမည်းတော်၏ အလောင်းကို ကန်တော့ ဝတ်ပြု၍ အပြစ်ရှိလျှင် လွှတ်တော်မူရန် ခွင့်ပန်သည်။

ထို့နောက် ဗညားကျန်းသည် မှူးမတ်သေနာပတိ မဟာရာဇ ပုရောဟိတ်နှင့် တကွ ညီတော် ရာဇာမနုတို့နှင့် ဆွေးနွေးတိုင်ပင်တော်မူ၏။ မြို့ရွာရေး နိုင်ငံရေးကိစ္စများကို ဆွေးနွေးပြီးလျှင် ရာဇပုတ္တသြရသ သားတော်ကြီး[၁] ဗညားကျန်းအား ရာဇာဘိသေက ပြုရန် စီမံကြ၏။ ရှေးမင်းများနည်းတူ ခမည်းတော်ဘုရား နတ်ရွာလားသည်ဖြစ်၍ သားတော်ကြီးအား ရာဇာဘိသေကခံရန် ဝိဓိ အစီအရင်ကိစ္စများကို ပြုလုပ်စီမံကြ၏။ ရေသဖန်းသစ်သားဖြင့် ပြာသာဒ်ကြီးတစ်ဆောင်ကို ဆောက်လုပ်ကြသည်။

သုဒေါဓမ္မရာဇာဓိရာဇ်

အချိန်ကောင်း အခါကောင်းရသော် သားတော်ကြီး ဗညားကျန်းအား ပြာသာဒ်ထက်သို့ တက်ရန် ပင့်ဆောင်ကြသည်။ ဗညားကျန်းသည် ကျားသားရေ၊ ဝက်ဝံသားရေတို့ဖြင့် ခင်းကျင်းထားသည့် ဥဒုမ္ဗရ ပြာသာဒ်ထက်တွင် တက်၍ ထိုင်တော်မူ၏။ သင်္ဃာဇာတို့က မင်္ဂလာပရိတ်တော်ကို ရွတ်ဖတ်သရဇ္ဈာယ်သည်နှင့် ပုဏ္ဏားဟူးရားတို့က ခရသင်းရေဖြင့် သွန်းလောင်းကြသည်။ ရှေးပဝေသဏီ အစဉ်အလာအတိုင်း ဘိသိက်ခံမင်းမြောက်ပွဲကို ကျင်းပလေသည်။ ရာဇာဘိသေကတွင် ကျွမ်းကျင်လိမ္မာကုန်သော မှူးကြီးမတ်ရာများ ပါဝင်ဆောင်ရွက်ကြသည်။ မင်းမြောက်တန်ဆာ ငါးပါးတို့ကို ဗညားကျန်းအား အပ်နှင်းကြသည်။ ဗညားကျန်းသည် သန်လျက်ကို ကိုင်ဆောင်၍ ရာဇာဘိသေက ခံယူပြီးသော် ဗညားကျန်းဟူသော ငယ်မည်ကိုပယ်ကာ "သုဒေါဓမ္မ ရာဇာဓိရာဇ်" ဟူသော ဘွဲ့သစ်ကို ခံယူတော်မူ၏။ ဟံသာဝတီ ရွှေနန်းစည်းစိမ်သမ္ပတ္တိကို စံစားတော်မူသည်။

၁။ မြန်မာရာဇဝင်များတွင် ရာဇာဓိရာဇ်၏ သားတော်ကြီးကို ဗညားဓမ္မရာဇာဟု ပြသည်။ ညီတော် ဗညားရံကို အိမ်ရှေ့ပေးသည်။ ဗညားကျန်းမှာ ဒဂုန်၌နေ၍ နောင်တော်ကို ပုန်စားသည်ဟုဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com

သက္ကရာဇ် ၇၈၂-ခုနှစ်တွင် သုဒေါဓမ္မရာဇာဓိရာဇ်သည် ဟံသာဝတီထီးနန်းကို ရသည်။ နန်းတက်ပြီးသည်နှင့် ခမည်းတော် ရာဇာဓိရာဇ်၏ အလောင်းကို မီးသင်္ဂြိုဟ်ရန် ကိစ္စအဝဝကို ဆောင်ရွက်စီမံစေသည်။ မှူးမတ်သေနာပတိများလည်း ပူဇော်သက္ကာရ ပြုဖွယ် ပစ္စည်းအမျိုးမျိုးတို့ဖြင့် မွမ်းမံပြုပြင်ထားသည့် ရွှေကြုတ်တွင် အလောင်းကို ထည့်၍ ရွှေပြာသာဒ်၌တင်၏။ ရွှေပြာသာဒ်ကို ရွှေအထပ်ထပ်ဖြင့် ငါးကြိမ်မျှကပ်ပြီး နဝရတ်ကိုးပါးတို့ဖြင့် တစ်ဖန်မွမ်းမံ၍ စီခြယ်ထားပြန်သည်။ ကိစ္စအားလုံးကို စီမံပြုပြင်စီရင်၍ပြီးလတ်သော် သူ့ရှင် သုဒေါဓမ္မရာဇာဓိရာဇ်သည် ပွဲသဘင်ကို ခုနစ်နေ့ခုနစ်ညမျှ ကျင်းပစေ၏။

တရားပွဲကိုလည်း ကျင်းပပြီး ဘိက္ခုရဟန်း သံဃာတော်များအား အလှူဒါန ပြုတော်မူသည်။ မှီခိုရာမဲ့သော ခိုကိုးရာမဲ့သော သူတောင်းစားများ၊ သူဆင်းရဲများ၊ ဒုက္ခသည်များအား ပစ္စည်းဥစ္စာများစွာကို စွန့်ကြဲပေးကမ်းတော်မူ၏။ ခုနစ်ရက် ပြည့်မြောက်သောနေ့တွင် သုဒေါဓမ္မရာဇာဓိရာဇ်သည် ဥာတိဝံသ ဆွေတော်မျိုးတော်

---

* ရွှေတိဂုံ မွန်ကျောက်စာ- ခ မျက်နှာ၊ စာကြောင်းရေ ၂၅-တွင် သုတသောမရာဇာဓိရာဇ် (ဗညားသစ်တသုံ)မင်း လွန်ပြီးနောက် သက္ကရာဇ်- ၇၉၈-ခုနှစ်အတွင်း သူ့ရှင်ရာမရာဇာဓိရာဇ် (ဗညားနွဲ့၏ သားတော်အငယ် ဗညားရံခေါ် ဗညားရန်း)သည် ရွှေတိဂုံ ဆံတော် ဓာတ်ဘုရားကြီးကို ပြုပြင်သည်ဟု ဖော်ပြပါသည်။ ဗညားရာမရာဇာဓိရာဇ်သည် သုဒေါဓမ္မရာဇာ (ဗညားကျန်း)၏ ညီတော်ဖြစ်သည်။ ရာဇာဓိရာဇ်၏ သားတော်ကြီး ဓမ္မရာဇာသည် ၃-နှစ်သာ နန်းစံပြီး ညီတော်ရာမရာဇာဓိရာဇ် (ဗညားရာမ)သည် ၇၈၅-မှ ၈၀၈-အထိ နန်းစံသည်။ နန်းတက်ပြီး ၁၃-နှစ်ကြာမှ ရွှေတိဂုံဘုရားကြီးကို ပြုပြင်ခြင်းဖြစ်သည်။ (ရာမ- ရံ - ရံ - ရန် - ရန်း -ဟူ၍ ပြောင်းသည်)။ ဗညားနွဲ့သည် သုတသောမဘွဲ့ ခံကြောင်း ရွှေတိဂုံမွန်ကျောက်စာတွင် ဖော်ပြထားသည်။ မြန်မာစာဗဟုသုတ ပေါင်းကျမ်း- ပထမတွဲ၊ စာမျက်နှာ- ၂၈၃ တွင် ဗညားသုတသုံ၊ မှန်နန်း- ဒုတွဲ၊ စာမျက်နှာ- ၁၂-တွင် သောတ္တသုမ်၊ ပေမူတွင် သစ်တသုံဟူ၍ သုံးမျိုးရေးသည်။ မွန်မူတွင်လည်း သဒ္ဒသီ၊ သုဒ္ဒသို၊ သီဒွိသောမ- ဟူ၍ သုံးမျိုးရေးသည်။ နိပါတ်တော်လာ ဇာတ် -၅၅၀- တွင် ပါရှိသော မဟာသုတသောမဇာတ်အရ မင်းရဲကျော်စွာက လူသားစား ပေါရိုဏာဒ အမည်ခံသဖြင့် ရာဇာဓိရာဇ်က ဘုရားလောင်း ဗောဓိသတ္တဝါစစ် "သုတသောမမင်း" ဟူ၍ အမည်ခံလိုက်ခြင်း ဖြစ်ပါသည်။ ယင်းသို့ အမည်ခံကြောင်း ရွှေတိဂုံကျောက်စာတွင် ပါရှိသဖြင့် နိဒါန်းလုံသည်ဟု ဆိုနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

မျူးမတ်သေနာပတိ ရဟန်းရှင်လူ အပေါင်းတို့နှင့်တကွ ခမည်းတော် ရာဇာမိရာဇ်၏ အလောင်းကို မီးသင်္ဂြိုဟ်တော်မူသည်။ အရိုးကိုကောက်၍ ရတနာကိုးပါးတို့ဖြင့် မွမ်းမံထားသော ပုလဲစီသော ရွှေကြုတ်၌ ထည့်တော်မူသည်။ ရွှေမော်ဓောဘုရား အနီးတွင် ဥဏှတော် ဆယ်လံမြင့်သည့် စေတီတစ်ဆူကိုတည်၍ ခမည်းတော်၏ အရိုးကို ဌာပနာသည်။ ထီးတံခွန်အလံနှင့် ပူဇော်သက္ကာရပြုဖွယ် ပစ္စည်းမျိုးစုံဖြင့် ကပ်လှူတော်မူ၏။ ထိုအခါမှစ၍ ဟံသာဝတီပြည်တွင် လွန်စွာအေးချမ်းသာယာလေ၏။

သူ့ရှင် ရာဇာမိရာဇ်လွန်သည်ကို ကြားရလျှင် ဘုရင်မင်းခေါင်သည် မိမိနှင့်ယခင်က အချင်းချင်း စစ်ခင်းခဲ့ကြပုံ၊ တစ်ဦးနှင့်တစ်ဦး အမျိုးမျိုးအဖုံဖုံ ပြုမူခဲ့ကြပုံများကို အောက်မေ့သဖြင့် ဝမ်းနည်းကြေကွဲ၍ ငိုတော်မူ၏။ ယင်းသို့ငိုသည်ကို အဂ္ဂမဟေသီမိဖုရားကြီးမြင်သော်- "အဘယ်ကြောင့် အရှင်မင်းကြီး ဝမ်းနည်း၍ ငိုရပါသနည်း" ဟု မေး၏။

"ရာဇာမိရာဇ်သည် ငါနှင့် စစ်ကစားဖက်ဖြစ်သည်။ ယခု ရာဇာမိရာဇ်သည် အသက်နှင့်ခန္ဓာကြွေ၍ အနိစ္စရောက်ခဲ့ပြီ ဖြစ်သောကြောင့် ငါဝမ်းနည်းကြေကွဲ၍ ငိုရခြင်းဖြစ်သည်" ဟု မိန့်တော်မူ၏။

မိဖုရားကြီးကလည်း- "သူ့ရှင်ရာဇာမိရာဇ်သည် ရွှေနန်းသခင်နှင့် မပြတ်ပင် စစ်ခင်းခဲ့သည်။ ယခု နတ်ရွာလားပြီးသည်ကို ပသို့ကြောင့် ဝမ်းနည်း၍ ငိုတော်မူရပါသနည်း" ဟု မေးပြန်၏။

> "ငါတို့ ရေမြေရှင် ဧကရာဇ်မင်းတို့၏ ဓမ္မတာတရားအရ ကျော်စောမှုရှိရန်မှာ အချင်းချင်း စစ်ခင်းကစားခြင်း၌ တည်ပါသည်။ စစ်ခင်းခြင်းသည် ငါတို့ဧကရာဇ်မင်းများ၏ ကစားဖွယ် ဒြပ်ပစ္စည်းနှင့် တူသည်။ တစ်ဦးနှင့်တစ်ဦး စစ်ခင်းရသဖြင့် သူရဲကောင်းတစ်ယောက်နှင့် တစ်ယောက် လက်နက်စွဲကိုင်၍ စီးချင်းထိုးသည်ကို မျက်မှောက်ပြုရှုစားရသည်။ ဥပါယ်တို့၏ အတိမ်အနက်ကို ကြံဆ၍ စစ်ကိုအောင်မြင်ရန် ကစားရသည်။ သို့မှသာလျှင် ငါတို့၏ တန်ခိုးတော်အာနုဘော်သည် နိုင်ငံရပ်ခြား တိုင်းတစ်ပါးသို့ ကျော်ကြားပေမည်။ ငါနှင့် စစ်ခင်းကစားဖက်ဖြစ်သော ရာဇာမိရာဇ်သည် ယခုငါ့အား ပစ်၍သွားချေပြီ။ ငါသာကြွင်းတော့သည်။ အနိစ္စတရားဟူသည် မတည်မြဲပါတကား။ သူနှင့်ငါခွဲခွာကွေကွင်းကြရပြီ။ ငါလည်း အသက်အားဖြင့် ဧရာပိုင်းသို့ ရောက်လာပြီ။ သေခြင်းဘည်းဟူသော မစ္စာတရားမှ မလွတ်ကင်းနိုင်ပါတကား ဟု၍ ငါစဉ်းစားမိပြီး လွန်စွာ သံဝေဂတရား ရမိသည်။ သို့ဖြစ်၍ ငါဝမ်းနည်းပြီး ငိုရခြင်းဖြစ်ပေသည်"

ဟု ဘုရင်မင်းခေါင် မိန့်တော်မူ၏။

www.burmeseclassic.com

www.burmeseclassic.com

ထိုနေ့မှစ၍ ဘုရင်မင်းခေါင်*သည် သံဃဂတရား ရတော်မူသဖြင့် စိတ်ဓာတ် ပျော့ပျောင်းလာပြီးလျှင် ဟံသာဝတီပြည်နှင့် ဆက်လက်၍ စစ်မခင်းတော့ပေ။

ဟံသာဝတီပြည်တွင် သားတော်ကြီး သုဒေါဓမ္မရာဇာဓိရာဇ် မင်းဖြစ်လျှင် ညီတော်အငယ်ဖြစ်သူ အနုရာဇာဓိရာဇ်အား မုတ္တမစား၊အဖြစ် စေလွှတ်သည်။ ဥပဘောဂ၊ ပရိဘောဂ၊ ပဏ္ဏာလက်ဆောင် ဆုလာဘ်များစွာ ချီးမြှင့်တော်မူ၏။ ညီတော်အလတ် ရာဇာမနုကို သေနာပတိချုပ်အဖြစ် ခန့်တော်မူ၏။ သမိန်မဟာဒဇ္ဇဟူသော ဘွဲ့ကို ပေးတော်မူ၏။ ဥပဘောဂ၊ ပရိဘောဂ၊ လက်ဆောင်ပဏ္ဏာ ဆုလာဘ်များစွာ ချီးမြှင့် တော်မူ၏။ သမိန်မဟာဒဇ္ဇသည် ခမည်းတော်၏ အမှုတော်ကို ထမ်းဆောင်ခဲ့သည်။ နောင်တော်၏ အမှုကိုလည်း ဆက်လက် ထမ်းဆောင်သည်ဖြစ်၍ ခတ္တိယမင်း နှစ်ပါးတို့၏ ဗိုလ်မင်းဖြစ်သည်။

---

* မြန်မာပေမူတွင် ရာဇာဓိရာဇ်လည်း မင်းခေါင်လွန်သည်ကြားလျှင် "ငါ့ညီတော်မင်းဖြစ်လျှင် ငါနှင့် ရန်တွေ့ဘက်ဖြစ်သည်။ ငါ့ညီတော် ယခုအနိစ္စတရားသို့ လိုက်ရလေပြီ။ ငါသာ ကြွင်းတော့သည်။ သခါရတရားသည် ငါတို့ကိုယ်၌ အတည်မရှိ၊ အနိစ္စတကား" ဟူ၍ နှလုံးမသာ ရှိတော်မူ၏။ ထိုစကားကို မိဖုရားများကြားလျှင် "ဘုရင်မင်းခေါင်သည် အရှင့် ယောကျ်ဖလည်း တော်ပေသည်။ ယောကျ်မလည်း တော်ပေသည်ပင်။ ယခု မင်းခေါင် မရှိပြီးသော် စစ်မက်ဆင်၍ မိဖုရားကတော်စိုးမင်း ကိုယ်လုပ်မောင်းမများကို ယူတော့လော့" ဟု ပြည်သွယ်ကြကုန်၏။ ဘုရင်ရာဇာဓိရာဇ်လည်း "ငါ့ကိုညဉ်တို့ ပြည်သွယ်ကောင်းပလေ၏။ ယခု သူ့ကို စစ်မက်ပြုရမည့်အခါ မဟုတ်ပြီ။ ငါ၏အသက်လည်းကြီးပြီ။ ပခုံးတစ်ဖက်ကား ညဉ်တို့ကို ထမ်း၍မွေးမည်။ ပခုံးတစ်ဖက်ဖြင့်ကား သံသရာအကျိုးစီးပွား များအောင် ကုသိုလ်ကောင်းမှုကို ရှာမည်ဟူ၍သာ ငါကြံတော့သည်" ဟု မိန့်တော်မူ၏– ဟူ၍ ဆိုပါသည်။ (ဤအချက်တွင် မွန်မှုနှင့် မြန်မာမူတို့မှာ ကပြောင်းကပြန် ဖြစ်နေသည်။ မြန်မာမူကို အများက သိထားခဲ့ကြသဖြင့် မွန်မူကဖော်ပြသည်မှာ အသစ်အဆန်းတစ်ရပ် ဖြစ်နေတော့သည်)။

www.burmeseclassic.com

www.burmeseclassic.com

သူ့ရှင် ရာဇာဓိရာဇ်* နတ်ရွာစံပြီး နှစ်နှစ်မျှ ကြာလတ်သော် ရတနာပူရ အင်းဝ ရွှေနန်းသခင် ဘုရင်မင်းခေါင်သည် ရောဂါဝေဒနာ ဖြစ်ပေါ်တော်မူ၏။ သမားတော်များသည် ဘုရင်မင်းခေါင်အား ကြိုးစား၍ ဆေးဝါးတိုက်၏။ အားထုတ်၍ ကုစားကြသော်လည်း ရောဂါမှာ မသက်သာ။ ဆယ့်ငါးရက်အကြာတွင် ဘုရင်မင်းခေါင်သည် အနာသည်း၍ နတ်ရွာစံတော်မူ၏။

ဦးကုလားရာဇဝင်- ၃-တွဲ၊ စာမျက်နှာ ၄၈-တွင် ရာဇာဓိရာဇ်မရှိလျှင် သားတော် ဓမ္မရာဇာ မင်းပြုသည်။ ညီတော် ဗညားရံနှင့် ဗညားကျန်းမူကား နောင်တော်ကို သောင်းကျန်း၍ ဒဂုန်မြို့၌နေသည်- ဟု ပြသဖြင့် မွန်မူနှင့် ကွဲလွဲနေ၏။ သက္ကရာဇ် ၁၂၇၄- ခုနှစ်တွင် ယိုးဒယားပြည်၌ ပုံနှိပ်သည့် ပတ်လတ်မူ၊ မွန်ရာဇဝင်- ဒုတိယတွဲ- စာမျက်နှာ- ၃၁- ၃၂- တွင် "သက္ကရာဇ်- ၇၈၂- ခုနှစ်တွင် ရာဇာဓိရာဇ်လွန်ပြီး သားတော် မုဋရာဇာ (ဓမ္မရာဇာ) ၃-နှစ်မျှ မင်းပြုသည်။ သက္ကရာဇ် ၇၈၅- ခုနှစ်တွင် မုဋရာဇာ အနိစ္စရောက်ပြီး ညီတော် ဗညားရံ (ဗညားရန်း) အမည်ခံ ဗျုဋ္ဌရာဇာ မင်းပြုသည်။ ဗညားရံသည် နှုတ်ရေး အလွန်ကောင်းသည်။ ဥပါဃ် ၄-ပါးဖြင့် ရန်သတ္တရုများအား အစဉ်ပင် အောင်မြင်သည်။ တိုင်းခြားပြည်ခြား တစ်ပါးနိုင်ငံက ပဏ္ဍာလက်ဆောင်နှင့် ပရိစာရိက (အလုပ်အကျွေးမိန်းမ) များစွာ လက်ခံရရှိသည်။ မင်းကျင့်တရားနှင့်ညီ၍ ကုသိုလ်ကောင်းမှုကို အမြဲပင်ပွားများသည်။ ရွှေမော်ဓောနှင့် ရွှေတိဂုံဘုရား စေတီများကို ကြီးမြင့်အောင် တိုးခဲ့သည် တည်တော်မူသည်။ အသက် ၂၉-တွင် မင်းဖြစ်၍ အသက် ၅၄- သက္ကရာဇ် ၇၈၈- ခုနှစ်တွင် နတ်ရွာစံသည်။ ထိုနှစ်တွင် သီဟရာဇာ (ရာဇာဓိရာဇ်)၏ မြေးတော် ဗညားဗရူး အမည်ခံ သုနက္ခရာဇာ (ရှင်စောပု၏သားတော်)က ဟံသာဝတီတွင် နန်းတက်သည်" ဟု ဖော်ပြသည်။

www.burmeseclassic.com

www.burmeseclassic.com

သားတော် မင်းသီရိသူ (မင်ညြီသူရာဇပုတ္တ)* ကို ရာဇဘိသေကခံစေ၍ အင်းဝ ရွှေနန်းထက်သို့ တင်ကြွသည်။ အင်းဝတွင် မင်းသီရိသူ နန်းစံသည်မှစပြီး ရတနာပူရ အင်းဝပြည်တွင် ဘေးဘယာ ဝေးကွာ၍ သုခချမ်းသာမှုနှင့် ပြည့်စုံစွာ နေရသည်။

---

* သက္ကရာဇ် ၇၈၂- ခုနှစ်တွင် ရာဇာဓိရာဇ် နတ်ရွာစံပြီး နှစ်နှစ်အကြာတွင် ဘုရင်မင်းခေါင် လွန်သည်ဟုဆိုလျှင် ၇၈၄- ခုနှစ်ဖြစ်သည်။ ဦးကုလား မဟာရာဇဝင်၊ ပထမအုပ်၊ စာမျက်နှာ- ၃၆၃- တွင် မင်းဆွေသည် ၇၃၅-ခုနှစ်ဖွားဟု ဆိုသည်။ သက္ကရာဇ် ၇၃၄- ခုနှစ်တွင် မင်းကြီးစွာစော်ကဲသည် စစ်ချီသွားစဉ် ကန်စွန်းနိမ့်သူကို ကောက်ယူ၍ မင်းဆွေအား အိမ်နီမ့်တွင် ဖွားမြင်ခဲ့သည်။ သုသောဓိတ မဟာရာဇဝင်၊ ပထမတွဲ- စာမျက်နှာ- ၅၅၈-နှင့် မှန်နန်း- ဒုတွဲ၊ စာမျက်နှာ ၆၂-၆၃- တွင် မင်းခေါင် - အိမ်နီမ့်- ၂၈-နှစ်၊ စည်းစိမ်- ၂၁၊ အသက် ၄၉-တွင် အနိစ္စရောက်ကြောင်း ဆိုသဖြင့် သက္ကရာဇ် ၇၈၄- ခုနှစ်တွင် လွန်သည်ဟုဆို၏။ အနောက်တိုင်း ရာဇဝင်ဆရာများဖြစ်သော ဆာအာသာ ပီဖွယ်ရာ။ ဂျီအီဟာဗီ။ ဒီဂျီအီဟောနှင့် ဒေါက်တာထင်အောင်တို့၏ စာအုပ်များတွင် ဘုရင်မင်းခေါင် လွန်သည့်နှစ်ကို ၁၄၂၂- (၇၈၄-ခုနှစ်) ဟူ၍လည်းကောင်း၊ ရာဇာဓိရာဇ် လွန်သည့်နှစ်ကို ၁၄၂၃ (၇၈၅- ခုနှစ်) ဟူ၍လည်းကောင်း တစ်ညီတည်း ပြထားကြ၏။ မွန်နှင့် မြန်မာမူများက ဗညားန္ဒဲ. နန်းတက်သည့်နှစ်ကို ၇၄၅- ဟု အညီပြသော်လည်း အနောက်တိုင်းဆရာများက ၁၃၈၅ (၇၄၇- ခုနှစ်)ဟု တစ်ပုံစံတည်း ပြထားသည်ကို တွေ့ရ၏။ မှန်နန်းစသော မြန်မာရာဇဝင်များတွင် ဘုရင်မင်းခေါင် လွန်ပြီး သားတော် သီဟသူ(သီဟသူရ မဟာမဓုရာဇာ)သည် ၇၈၃- ခုနှစ်တွင် နန်းတက်သည် ဆိုထားပြန်သည်။ မင်းသီရိသူ (မင်ညြီသူရာဇပုတ္တ) မှာ သီဟသူကို ဆိုလိုခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

သမိန်ဗရမ်း ဇာတ်သိမ်းခန်း

ဒုန်ဝန်းစား သမိန်ဗရမ်းသည် ဟံသာဝတီရွှေနန်းတွင် စံစားသော သုခဒါဓမ္မ ရာဇာမိရာဇ်ထံ နေ့စဉ်မှန်မှန်ပင် အခစားရောက်သည်။ ဒုန်ဝန်းမှ နံနက်မိုးသောက်ယံတွင် ထွက်၍ ဟံသာဝတီသို့ မြင်းဖြင့်လာသည်။ ညချမ်းချိန်တွင် ဟံသာဝတီမှခွာ၍ ဒုန်ဝန်း သို့ မြင်းကိုဒုန်းစိုင်းကာ ပြန်မြဲဖြစ်သည်။ ဤကား သမိန်ဗရမ်း၏ နေ့စဉ်အလုပ်ဖြစ်သည်။*

တစ်နေ့သဋ္ဌ ဣဘယဂါမရွာသို့ ဓားပြဝင်၏။ ရွာသားများသည် ဓားပြဗိုလ်အားဖမ်းမိ၍ နှိပ်စက်ညှဉ်းပန်းကြသည်။ ဓားပြ၏ရင်ကို ခွဲလိုက်ကြသည်။ အလောင်းကောင်ကို တံကျင်ဖြင့်သိပြီး ရွာပြင်ဘက်ရှိ တောလမ်းခရီးတွင် ချိတ်ဆွဲထားကြသည်။ လူသူများအားမြင်စေလိုသဖြင့် ယင်းသို့ ထားခြင်းဖြစ်သည်။

သမိန်ဗရမ်းသည် ဟံသာဝတီတွင် ညီလာခံတက်ပြီး အပြန်ခရီးတွင် ညချမ်းဆည်းဆာ နေဝင်ရိတရောအချိန်၌ ဣဘယဂါမရွာသို့ ဆိုက်ရောက်လေ၏။ ဣဘယဂါမရွာအနီးသို့ရောက်၍ တောလမ်းကိုဖြတ်သန်းသွားစဉ် သမိန်ဗရမ်း၏နားတွင် "ဟယ်– သမိန်ဗရမ်း၊ နင့်မြင်းကို ငါလည်းစီးချင်လို့ ငါ့ကိုလည်း တင်သွားပါ" ဟူသော ထူးဆန်း အံ့သြဖွယ် ဖြစ်သည့် စကားသံကို နားတွင် စူးရှစွာကြားရလျှင် သမိန်ဗရမ်းသည် ကြက်သီးမွေးညင်း ဖြန်းဖြန်းထလေ၏။

"သည်တောထဲမှာ ငါ့နာမည်ကိုတပ်ပြီး ဘယ်သူတစ်ဦးတစ်ယောက်က
မထီလေးစား ခေါ်လိုက်ပါသနည်း"

ဟု စိတ်တွင် ဇဝေဇဝါဖြစ်၍ မြင်းဇက်ကြိုးကို တုံ့လျက် ပတ်ပတ်လည် ကြည့်ရှုလေ၏။ သို့စဉ် တံကျင်ဖြင့်သီထားသော ဓားပြအလောင်းကောင်ကို မြင်သော် မိမိအားတစ္ဆေ (အပိသ်ာတ်)** ခြောက်လှန့်ကြောင်းကို သိရသဖြင့် ပို၍ ဒေါသထွက်၏။

"ဟယ်– ဓားပြဆိုး၊ နင့်ရင်ကို သူတို့ခွဲလိုက်လို့ နင်သေနေပြီ။
ဘာကြောင့် နင်မသွားသေးဘဲ ငါ့ကို ခြောက်လှန့်ရသနည်း"

---

* ထိုခေတ်တွင် ပဲခူးမြို့နှင့် ဒုန်ဝန်းမြို့များသည် စစ်တောင်းမြစ်နှင့် များစွာနီးကပ်ဖွယ်ရာရှိကြောင်း ပထဝီအခြေအနေအရ မှန်းဆရပေသည်။

** မွန်ဘာသာမူရင်းတွင် အပိသ်ာတ်– ဟုရေး၏။ ပါဠို– ပိသာစ – မြေအောက်ဘီလူး၊ တစ္ဆေ၊ မှင်စာဟု အနက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com

ဟု နှုတ်ကလည်း အော်ငေါက်၊ လက်ကလည်း ဓားရှည်ကို ဆွဲထုတ်လျက် ဓားပြခေါင်းကို ထစ်ခနဲ ခုတ်ဖြတ်လိုက်သည်။ မြေသို့မခမီ ဓားပြခေါင်းမှ ဆံရှည်ကိုဆွဲ၍ မြင်းဇက်နံဘေးမှာ ချိတ်ကာ တစ်ဟုန်ထိုးထွက်ခွာသွားလေ၏။ မြင်းကို ဒုန်းစိုင်းနင်သော အခါ ခေါင်းပြတ်သည် ရှေ့နောက်လူးလာခတ်၍ လူပ်ရှားတော့သည်။ သို့လို လူးလိမ့်ရာမှ မကြာမီပင် သမိန်ဗရမ်း၏ ဒူးခေါင်းကို မြိမြိစွာ ကိုက်လျက်သား ဖြစ်သွားလေသည်။

သမိန်ဗရမ်းသည် ဓားပြခေါင်းပြတ်ကို အမျိုးမျိုးဆွဲဖြုတ်သော်လည်း မရပေ။ ဒူးခေါင်းကို ကိုက်မြဲကိုက်ထားသည်။ သမိန်ဗရမ်းလည်း စိတ်လက်မရှည်တော့၍ ဓားနှောင့်ဖြင့် တအားရိုက်ချလိုက်ရာ ခေါင်းပြတ်မှာ မြေသို့ကျသွားလေ၏။ သို့သော် ဒူးခေါင်းတွင် သွားသုံးချောင်း စူးဝင်နေသည်။ သို့ဖြစ်၍ ဒုန်ဝန်းသို့ရောက်လျှင် ရောက်ချင်း ဆရာသမားများအား ချက်ချင်းခေါ်သည်။ သမားတော်များလည်း ကြိုးစားပမ်းစား ကုသကြသော်လည်း အနာမှာ အဆိပ်အတောက်ဖြစ်သဖြင့် မသက်သာတော့ပေ။ သုံးရက်မြောက်သည်တွင် ဝေဒနာပြင်းထန်လာသောကြောင့် သမိန်ဗရမ်း အနိစ္စရောက်ရလေ၏။[၁]

၁။ မြန်မာပေမူနှင့် မြန်မာရာဇဝင်များတွင် သမိန်ဗရမ်းအကြောင်းကို အနည်းအကျဉ်းသာ တွေ့ရ၏။ မွန်မူတွင် အကျယ်တဝင့် ရေးသားထားသည်ကို ပြန်ဆိုထားခြင်းဖြစ်ပါသည်။ သို့သော် အင်းဝမှ ဟံသာဝတီသို့ ပြန်လာကြောင်းကို မှန်နန်းနှင့် ဦးကုလားရာဇဝင်များတွင် ထောက်ခံထားသည်။ မှန်နန်း- ဒုတွဲ၊ စာမျက်နှာ ၆၇- နှင့် ၆၈- တွင် "ဆင်ဖြူရှင် သီဟသူနှင့် သမိန်ဗရမ်းနှစ်စီးသာ တောနက်ရာသို့ ရောက်လျှင် သမိန်ဗရမ်းလည်း ကျွန်တော် အမှုတော်ကို ထမ်းသည် များပါလေပြီ။ ကျွန်တော် သားမယားကို မြင်ချင်ပါသည်။ သွားပါတော့မည် လျှောက်၍ ဆင်ဖြူရှင် မြစ်သော်လည်းမနေ။ ဟံသာဝတီသို့ ဆင်တစ်စီးနှင့်သာ ပြေးလေ၏။ နောက်လိုက်စေသော်လည်း မမိသည်နှင့် နေပြည်တော်သို့ (သီဟသူ) ပြန်တော်မူ၏" ဟုပြ၏။ ထိုနောက် ယင်းစာအုပ် စာမျက်နှာ ၈၃-တွင် မိုးညှင်းမင်းတရားနှင့် ဗညားကံတို့ ပြည်တွင်တိုက်ကြပုံကို ရေးရာ၌ "ယင်းသောအခါ သမိန်ဗရမ်းလည်း အဆက်က အင်းဝတွင်နေသောအခါ ရာဇသင်္ကြန်နှင့် အလေးအမြတ် ပြုကြသူဖြစ်၍ ရာဇသင်္ကြတပ်သို့ မပြတ်သွားလာ၍ သောက်စားကြ၏" ဟု ပြဆိုသဖြင့် အင်းဝမှဟံသာဝတီသို့ သမိန်ဗရမ်း ပြန်ရောက်ကြောင်း ထင်ရှားလေသည်။

www.burmeseclassic.com

www.burmeseclassic.com

ဟံသာဝတီပြည့်ရှင် သုဒေါဓမ္မရာဇာမိရာဇ်သည် မမျော်လင့်ဘဲ ယောက်ဖတော် သမိန်ဗရမ်း ကွယ်လွန်သည်ကို ကြားရလျှင် လွန်စွာ ဝမ်းနည်းကြေကွဲ၏။ ပူပင်သောက ဖြစ်တော်မူ၏။ ကိုယ်တော်တိုင် ဒုန်ဝန်းသို့သွား၍ သမိန်ဗရမ်းအလောင်းကို သင်္ဂြိုဟ် လိုသော်လည်း ကျန်းတော်မမူသဖြင့် မကြွရောက်နိုင်ပေ။ မှူးမတ်သေနာပတိများအား ဒုန်ဝန်းသို့ စေလွှတ်သည်။ သမိန်ဗရမ်းအလောင်းကို ပဓေဏီ အစဉ်အလာအရ ပြုပြင်မွမ်းမံစေသည်။ လှူဖွယ်ဝတ္ထုပစ္စည်းများစွာ ပေးတော်မူ၍ ဘိက္ခုရဟန်း သံဃာတော်များအား အလှူဒါန ပြုစေသည်။

မှူးမတ်သေနာပတိများလည်း အမိန့်တော်အတိုင်း ဒုန်ဝန်းသို့သွား၍ စီရင်ကြ၏။ သမိန်ဗရမ်းအလောင်းကို မီးသင်္ဂြိုဟ်ပြီးလျှင် အရိုးကို ပတ္တမြားစီသော ရွှေကြွတ်၌ထည့်ကာ ဒုန်ဝန်းမြို့တွင် ဂူသွင်း မြှုပ်နှံကြလေသည်။

ရတနာပူရ အင်းဝပြည်တွင် သူ့ရှင် မင်းသီရိသူ(သီဟသူ)သည် ၃-နှစ်မျှ နန်းစံပြီးနောက် သက္ကရာဇ် ၇၈၇- ခုနှစ်တွင် နတ်ရွာစံသည်။ သီဟသူမရှိလျှင် တူတော် ရာမရာဇဝံသမင်း နန်းတက်သည်။ ရာမရာဇဝံသမင်းသည် သမိန်ဗရမ်းနှင့် အင်းဝ မင်းသမီးတို့သင့်၍ မြင်သည့် သားတော်ဖြစ်သည်။ ဘုရင်မင်းခေါင်၏ မြေးတော်လည်း ဖြစ်သည်။

သက္ကရာဇ် ၈၀၂- ခုနှစ်တွင် ရာမရာဇဝံသ၏သားတော် မင်းသီရိသူရေ (မင်းသြီစူရေ)သည် အင်းဝတွင် နန်းတက်သည်။ နန်းတက်ပြီးလျှင် မင်းရဲကျော်စွာဘွဲ့ ခံတော်မူ၏။ အင်းဝတွင် မင်းရဲကျော်စွာသည် သီဟသူမှစ၍ လေးဆက်မြောက်*သော မင်းဖြစ်လေသည်။

---

* မှန်နန်းတွင် သီဟသူ၊ မင်းလှငယ်၊ ကလေးကျေးတောင်ညီ၊ မိုးညှင်းမင်းတရား၊ မင်းရဲကျော်စွာ ဟူ၍ ငါးဆက်ပြသည်။ သမိန်ဗရမ်းနှင့် အင်းဝမင်းသမီးတို့ သင့်၍ မြင်သောသား၊ ရာမရာဇဝံသမင်း ဟူ၍ မြန်မာမူ၌ မတွေ့ရ။ မွန်ဘာသာမှာ တစ်မူထူးခြားနေသည်။ မြန်မာရာဇဝင်များတွင် ဘုရင်မင်းခေါင်၏ မိဖုရားကြီး ၄-ပါးအနက် ရှင်မိနောက်၌သာ သား-မင်းရဲကျော်စွာ၊ သမီး ရွှေပြည်ချမ်းသာ(စောပြည့်ချမ်းသာ)နှင့် သား သီဟသူတို့ကို မွေးသည်။ ရှင်ဘို့မယ်၊ စောခွေး၊ မင်းပျံမိဖုရားများတွင် သားမွေးသည်ဟု မဆို။ ရှင်မိုးတက်ကို ငါးလသာယူပြီး မိုးညှင်းသတိုးအား စုံဖက်စေသည်။ အတွင်းသင်းမင်းသမီးကို မူကား မိဖုရားမကျ မောင်းမ မက ထားတော်မူ၏။ သားသမီးရှိမရှိ မည်သို့မျှမဆိုထား မြန်မာပေမူတွင် သမိန်ဗရမ်းအား တူမတော်နှင့် စုံဖက်တော်မူ၏- ဟူ၍ ဖော်ပြလေသည်။ မွန်မူတွင် ရာဇမိတာ သမီးကညာနှင့် ပေးစားသည်ဟု ဆိုသဖြင့် တစ်မူထူးခြားနေပြန်သည်။

www.burmeseclassic.com

ကျမ်းနိဂုံး

ရာမညတိုင်း မွန်ပိုင်းသုံးရပ်ဟု ဆိုအပ်သော ပုသိမ် ၃၂-မြို့၊ ဟံသာဝတီ (ပဲခူး) ၃၂- မြို့၊ မုတ္တမ ၃၂- မြို့ ဟူ၍ မွန်မြို့ပေါင်း ၉၆- မြို့ ရှိခဲ့လေသည်။ သုဝဏ္ဏဘူမိဟူ၍ လည်းကောင်း၊ သုဓမ္မဝတီ ဟူ၍လည်းကောင်း ထင်ရှားခဲ့သော မြို့သည်ကား သထုံမြို့ ဖြစ်ပါသည်။ (သုဓမ္မ- သုဓမ်- သထုံ)။

သထုံမြို့တွင် အုပ်စိုးသော သီဟရာဇာမှ မနူဟာအထိ ၅၉-ဆက် ရှိပါသည်။ သက္ကရာဇ် ၄၁၉- ခုနှစ်တွင် မနူဟာမင်းကို ပုဂံပြည်သို့ အနော်ရထာမင်း ခေါ်ဆောင် သွားသည်မှစပြီး ရာမညဒေသသည် ပုဂံပြည်လက်အောက်သို့ ကျရောက်ခဲ့လေသည်။

သိကြားမင်း တည်ထောင်ပေးသော ဟံသာဝတီ (ပဲခူး)တွင် သမလ ဝိမလမှ တိသမင်းအထိ မင်း ၁၇-ဆက် အုပ်စိုးခဲ့လေသည်။ ဘဒ္ဒဒေဝီသည် ထင်ရှားသော တိသမင်း၏ မိဖုရားဖြစ်သည်။

သက္ကရာဇ် ၆၄၉- ခုနှစ်တွင် ဝါရီရူးဘွဲ့ခံ မွန်မင်း (မဂဒူး)သည် ပုဂံကို ပုန်စား၍ မုတ္တမထီးနန်းကို တည်ထောင်ခဲ့လေသည်။ ဗညားဦးသည် သက္ကရာဇ် ၇၁၀- ခုနှစ်တွင် မုတ္တမထီးနန်းကို ဆက်ခံသည်။ သက္ကရာဇ် ၇၂၅- ခုနှစ်တွင် ဗြတ္တဗနှင့် လောက်ဖြားတို့၏ ပုန်ကန်မှုကြောင့် ဒုန်ဝန်းသို့ ထွက်ခွာခဲ့ရသည်။ ဒုန်ဝန်းတွင် ၆-နှစ်မျှ နေပြီး သက္ကရာဇ် ၇၃၁- ခုနှစ်တွင် ဟံသာဝတီ ပဲခူးသို့ ပြောင်းရွှေ့ခဲ့ရပြန်သည်။ သက္ကရာဇ် ၇၂၉- ခုနှစ်တွင် ဒုန်ဝန်းမြို့၌ရှိနေစဉ် ဗညားဦးနှင့် မွေ့ဒေါတို့သင့်၍ ဖွားမြင်သော သားကို လျှာမှာ အစက်ပါသဖြင့် အပသုန်ပိုင်စက် (အပသုန်ပါင်စက်)ဟု ခေါ်သည်။ နောင် ဗညားန္ဒ. (ဗညားငယ်)ဟု သမုတ်သည်။ မယ်တော်ဖြစ်သူ မွေ့ဒေါမှာ ဗညားန္ဒ.ငယ်စဉ်ကပင် အနိစ္စရောက်နှင့်၍ အရိုးတော် မဟာဒေဝီက မွေးခဲ့ရသည်။ နို့ထိန်းမှာ မွေ့အဲလောဖြစ်သည်။ အရွယ်ရောက်သော် မအေကွဲနမတော် တလမည်ဒေါနှင့် သင့်၍ ဗောလောကျန်းဒေါဟူသော သားတစ်ယောက် ထွန်းကားခဲ့သည်။

ယောက်ဖတော် သမိန်မရူးသည် အရိုးတော် မဟာဒေဝီနှင့် တစ်စိတ်ကင်းမဲ့ တည်း ညီကြ၍ ဗညားန္ဒ.အား သတ်မည်ကြံကြ၏။ သေဘေးမှ ကင်းဝေးလေအောင် ဗညားန္ဒ.သည် မင်းကန်စီနှင့် လယ်ပြင်သား ရဲဘော်သုံးကျိပ်တို့၏ ကူညီမှုဖြင့် ဒဂုန်သို့ တိတ်တဆိတ် ခွာ၍ ခြားနားပုန်ကန်လေသည်။ သက္ကရာဇ် ၇၄၅- ခုနှစ်တွင် ခမည်းတော်

www.burmeseclassic.com

ဗညားဦး အနာသည်း၍ နတ်ရွာစံပြီးသည်နှင့် ဗညားနွဲ့လည်း အရေးတော်ပုံများကို အောင်မြင်သဖြင့် ရာဇာဓိရာဇ်ဘွဲ့ခံ၍ ဟံသာဝတီထီးနန်းကို သိမ်းမြန်းခဲ့သည်။ ဒဂုန်တွင် ခြားနားစဉ် လင်ရှိမယား ဆီသည်* မွေမနိတ် (မယ်ပတ္တမြား)ကို မြင်လျှင်မြင်ချင်းပင် ကောက်ယူသည်။ နန်းတက်ပွဲတွင် မွေမနိတ်အား "ပီယရာဇာဒေဝီ" ဘွဲ့ပေး၍ မိဖုရားကြီးအရာ ထားသောကြောင့် နှမတော် တလမည်ဒေါမှာ အဆိပ်သောက်ကာ ဘဝကို အဆုံးစီရင်လိုက်သည်။

သက္ကရာဇ် ၇၄၅–ခုနှစ်မှ ၇၈၂– ခုနှစ်အတွင်း ဟံသာဝတီပဲခူးတွင် စိုးစံခဲ့သော မွန်ဘုရင် ရာဇာဓိရာဇ်၏ ထင်ရှားကျော်ကြားသော အမတ်ဒေါဗညားတို့မှာ အမတ်ဒိန်မဏီရွတ်၊ သမိန်ဗြာဇ္ဈ၊ သမိန်ဇီပ်ဗြဲ၊ လဂွန်းအိန်၊ သမိန်ဗရမ်း၊ အဲမွန်ဒယား၊ မသန်း(မဲ့စန်း) စသော မျူးမတ် သူရဲကောင်းများဖြစ်သည်။ ဗညားနွဲ့သည် ဟံသာဝတီ ရွှေနန်းကို စံမြန်းနိုင်ရန် နန်းတွင်းအရေးတော်ပုံ တိုက်ပွဲဥလည်းကောင်း၊ လက်အောက်ခံ မြို့စားများအား နှိမ်နင်းရာ၌လည်းကောင်း၊ အင်းဝမှ မင်းဆွေနှင့် ခင်းကျင်းလေ့ကျင့်ခဲ့သည့် စစ်ရေးစစ်ရာ များ၌လည်းကောင်း၊ စိတ်ဓာတ်စစ်ဆင်ရေး စိတ်အားတက်ကြွ ခိုင်ခံ့ရေးအတွက် သီချင်းလက်ာ စနည်းတဘောင် နိမိတ်များကို အမြဲလိုက်စားခဲ့သည်။ နှုတ်မှု၊ လက်မှု၊ ဥပါယ်မှု၊ ပရိယာယ်မှုများကို ပြုမူရာတွင် ပြိုင်ဘက်ကင်းလောက်ပေသည်။ အရုံးမရှိ အောင်မြင်သောပွဲလမ်းကား များပြားလှပေ၏။ စံနမူနာ ပုံပြုထိုက်သော ရာဇဝင်ဝတ္ထုဇာတ်လမ်း ဖြစ်သောကြောင့် ရှေးမဆွကပင် ပညာရှိများ ပြုစုစီကုံး ထုံးဖွဲ့ခဲ့ကြပေသည်။ ရာဇာဓိရာဇ်သည် သူရသတ္တိ ခွဲလုံလဝိရိယအရာများတွင် စံထားလောက်ပေသည်။

ရွှေတိဂုံဘုရား မွန်ကျောက်စာတွင် ဗညားနွဲ့အား "သုတသောမရာဇာဓိရာတ်" ဟူ၍ ဖော်ပြသည်။ ရွှေတိဂုံဆံတော် ဓာတ်ဘုရားစေတီကြီးကို ငြမ်းဆင်၍ ချဲ့ထွင်မြှင့်တင်

---

* [မွေမနိတ်ကို ဗညားနွဲ့ပြောတ်ရေးသော နောင်းဆရာတို့က "ရွယ်နစဉ်မှားယွင်းခဲ့ရ၊ ဗညားနွဲ့ကုမ္ဘာ ... မွေမနိတ်ပန်းသည်အိုကို၊ နန်းမယ်ပျိုထင်လို့လေး" ဟူ၍ ပန်းသည်ဟု စပ်ဆိုကြသော်လည်း မွန်မူတွင် ဆီသည်ဟု အတိအလင်းဆိုသည်။ ၁၉၁၇ ခုနှစ်တွင် ပညာရှိဦးကျော်ဒွန်း တည်းဖြတ်သော မြန်မာစာဆွန့်ပေါင်းကျမ်း– ပထမတွဲ၊ စာမျက်နှာ ၆–တွင် "ရာဇာဓိရာဇ် ဒဂုန်သို့ချီရာ ဆီသည်၊ ဆေးသည်တို့ကို ယူကြောင်း ကြားသိရ၍ တလမည်ဒေါက "ဆီကိုဆယ်လေး၊ ဆေးကိုဆယ်ငါး၊ ကြာသနင့်ကော်..." စသည်ဖြင့် သုံးထောင့်အိုင်ချင်း ရေးပို့သည်" ဟူ၍ ဖော်ပြသည်မှာ မွန်မူနှင့်ညီသည်။ ဗညားနွဲ့သည် မွေမနိတ်ကိုသာမက မွေ့သင်ကိုလည်း ကောက်ယူသေးသည်။]

www.burmeseclassic.com

www.burmeseclassic.com

မွမ်းမံခဲ့သည်။* ဗညားနွဲ့သည် သီဟရာဇာ၊ ဟံသာမင်း၊ ဗညားသစ်တသုံ ဟူ၍လည်း ထင်ရှားသည်။

ပဲခူးတွင် ရာဇာဓိရာဇ်လွန်ပြီးနောက် သက္ကရာဇ် ၇၈၂- ခုနှစ်တွင် သားတော် သုဒေါဓမ္မရာဇာ (ဗညားကျန်း) နန်းတက်သည်။ ထို့နောက် သုံးနှစ်လွန်မြောက်သော် သက္ကရာဇ် ၇၈၅- ခုနှစ်တွင် သားတော်အငယ် ဗညားရာမ (ဗညားရံခေါ် ဗညားရန်း) နန်းတက်ပြန်သည်။

သက္ကရာဇ် ၈၀၈-ခုနှစ်တွင် ရာဇာဓိရာဇ်၏ မြေးတော် ဗညားဗရူးသည် ဟံသာဝတီထီးနန်းကို ဆက်ခံသည်။ ဗညားဗရူးသည် (ရှင်စောပုခေါ် ဗညားထော)၏ သားတော်ဖြစ်သည်။

သက္ကရာဇ် ၈၁၂-ခုနှစ်တွင် ဗညားကျန်းဒေါ နန်းတက်ပြီး သုံးနှစ်လွန်သော် မောဒေါ (လိတ်မွတ်ထော) နန်းတက်သည်။ မင်းကျင့်တရားနှင့် မညီသဖြင့် ၇-လ မျှသာ နန်းစံ၍ လုပ်ကြံခံရ၏။

---

* ရွှေတိဂုံ မွန်ကျောက်စာ ခ-မျက်နှာတွင် ဆင်ဖြူရှင် ဗညားဦးကို ဓမ္မစေတြလောကျနာထ ရာဇာဓိရာတ် ဟူ၍လည်းကောင်း၊ ရာဇာဓိရာဇ်ခေါ် ဗညားနွဲ့ကို သုတသောမ ရာဇာဓိရာတ် (သစ်တသုံ) ဟူ၍လည်းကောင်း၊ သက္ကရာဇ် ၇၉၈- ခုနှစ်တွင် ဗညားရံကို ရာမရာဇာဓိရာတ် ဟူ၍လည်းကောင်း၊ ဗညားဗရူး (ဗညားဇာလွှော်)အား ဇေယ္ဒိသရာဇာဓိရာတ် ဟူ၍လည်းကောင်း၊ ဗညားဗရူး၏မယ်တော် (ရှင်စောပု)ကို ဝိဟာရဒေဝီမိဖုရားကြီး ဟူ၍လည်းကောင်း၊ ဂြိတ္တိဘုဝနာဓိတျုပ္ပဝရ ဓမ္မစေတြလောကျနာထ မဟာဓမ္မရာဇာဓိရာဇဒေဝီ ဟူ၍လည်းကောင်း၊ ဗညားကျန်းဒေါကို (ဗညာကေန်ဒ) ဓမ္မစေတြလောကျနာထရာဇာဓိရာတ် ဟူ၍လည်းကောင်း။ ဓမ္မစေတီကို ရာမာဓိပတိ ဂြိုပရမမဟာဓမ္မရာဇာဓိရာတ် ဟူ၍လည်းကောင်း အသီးသီး ဘွဲ့အမည်များဖော်ပြ၍ ရွှေတိဂုံဆံတော်ရှင် ဓာတ်ဘုရားစေတီကြီးကို ငြမ်းဆင်၍ တိုးချဲ့မြှင့်တင် ပြုပြင်ခဲ့ပုံများကို ဖော်ပြသည်။ ဘုရားကြီးကို မွမ်းမံတည်ထား ပြုပြင်ရာ၌ မင်းအား "သာမ်မလာမ်"။ မိဖုရား နာရာဒေဝီ (ဗညားရန်း၏မိဖုရား)၊ ဗညားဗရူး၏ မိဖုရား "ရာယ်"နှင့် ဗိုလ်ချုပ်ယောဂရာတ်တို့လည်း အထူးတလည် ပါဝင်ဆောင်ရွက်ခဲ့ကြောင်း ဖော်ပြသည်။ (ကျောက်စာတွင် -ရာဇ်-ကို ရာတ်- ဟူ၍ ရေးသည်)။

www.burmeseclassic.com

www.burmeseclassic.com

ထို့နောက် ဟံသာဝတီပဲခူးတွင် ထီးနန်းဆက်ခံရန် ရာဇာဓိရာဇ်၏သားတော်၊ မြေးတော်၊ တူတော်ဟူ၍ မရှိတော့သဖြင့် မျူးမတ်သေနာပတိများက ရာဇာဓိရာဇ်နှင့် တလသုဒ္ဓမာယာ မိဖုရားတို့သင့်၍ မြင်သော သမီးတော် ဗညားထော (ဗညာထာဝ်) ခေါ် ရှင်စောပုအား ဧကရီဘုရင်မအဖြစ် တည်တည်ကြွတ်တည်း နန်းတင်ကြလေသည်။*

"ဤတွင် ရာဇာဓိရာဇ် အရေးတော်ပုံကျမ်း ပြီးဆုံးပါသည်"

❀❀ ❀❀ ❀❀

ရှင်စောပုသည် ဝမ်းကွဲမောင်တော် သမိန်စည်သူနှင့် စုံဖက်၍ သက္ကရာဇ် ၇၈၂- ခုနှစ်တွင် ဗညားဗရူးကို ဖွားမြင်ပြီး မျောက်သားတော် သမိန်စည်သူလည်း ကံကုန်ခဲ့သည်။ မှန်နန်း မြန်မာရာဇဝင်တွင် ရှင်စောပု အသက် ၂၉-နှစ်၊ သက္ကရာဇ် ၇၈၆- ခုနှစ်တွင် ဒဂုန်ဥ မောင်တော် ဗညားရံနှင့်နေစဉ် ဒဂုန်ကို တစ်လမျှလုပ်ကြံဝိုင်းရံနေသော အင်းဝဘုရင် မဟာသီဟသူရအား အရေးဆို၍ ရှင်စောပုကို ဆက်ခဲ့သည်။ ဆင်ဖြူရှင် သီဟသူလည်း ဖောင်ထက်တွင် ခရီးဦးကြိုလျက် ဆီး၍ လက်လှမ်းတော်မူ၏။ အပြင်အလှာ အရောင်အဆင်း ကောင်းမြတ်လှသောကြောင့် အလွန်လေးမြတ်တော်မူသည်ဟု ဆိုသည်။ မွန်မူတွင်ကား မောင်တော်ဗညားရံက ရှင်စောပုအား အင်းဝသို့ဆက်သည်ဟု မဆို။ ဟံသာဝတီတွင် ဣတ္ထိရာဇာ ဘုရင်မအဖြစ် စိုးစံစဉ် ရှင်စောပုသည် လေးဆူတတ်ပုံ ရွှေတိဂုံဘုရားသို့ မကြာခဏ ဘုရားဖူးကြွရောက်လေ့ရှိသည်။ ယင်းသို့ ဘုရားဖူးကြွစဉ် အင်းဝသို့ ပါတော်မူသည်ဟု ဆိုသည်။ ဤကျမ်းပြုသူ ရေးသားခဲ့သော ရှင်စောပု မွန်ဘုရင်မအကြောင်း ဖော်ပါးကို မြန်မာ့စွယ်စုံကျမ်း အတွဲ- ၁၁၊ စာမျက်နှာ ၃၅၂- ၃၅၈ တွင် အကျယ်တဝင့် ဖတ်ရှုနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

အမည် ဝေါဟာရအညွှန်းနှင့် မှတ်ချက်များ

အမည်ဝေါဟာရ	စာမျက်နှာ	အကြောင်းအရာ
အခမမန်း (အခမမန်)	၂၆	ပဲခူးသူ မွေ့ကြဲစစ်၏သားဖြစ်သည်။ ယောကျ်ားမ ဖြစ်သော မတယော်က်အား လှည့်စားပြီး နောင် ပုဂံကို ပုန်စားသည်။
အချဲမွန် (အချောဟ်မန်)	၂၉	အခမမန်းနှင့် မယားညီအစ်ကို တော်သည်။ မတယော်က်၏ သမက်ဖြစ်သည်။ လက္ခယာဗျူကို သတ်၍ ပဲခူးတွင် မင်းလုပ်သည်။ တရဖျား (တယေဝ်ဗညာ) အမည်ခံသည်။
အဇဝါဆင် (အဇဝါ)	၁၄၇	ဒလစား မညီကကောင်း၏ ဆင်အမည်။ ၎င်း ဆင်နှင့် သူရဲသုံးရာဖြင့် ဗညားနွဲ့ထံ စစ်ကူလွှတ်၏။
အတပုလဲ (အတဗလဲ)	၈၀	အင်းလျားကြီးသို့ ဗညားနွဲ့သွားရာ၌ စီးသော ဆင်အမည်။
အဒေါကုန်း (အဒံကုန်)	၇၇	ဗညားနွဲ့၏ ကျွန်ယုံဖြစ်၏။ ခါးကုန်းနေသူ စိုင်တမော့ဖြစ်သည်။
အဒရောင်၊အဓရောင် (အဓရံင်)	၁၀၂	ဆင်အမည်။ ဗညားနွဲ့ ခြားနားစဉ် စီးသည်။
အနုရာဇာဓိရာဇ်	၄၂၂	ရာဇာဓိရာဇ်၏ သားတော်အငယ်။ မုတ္တမစား ဖြစ်သည်။
အပသုန်ပိုင်စက် အပသုံပိုင်စက် (အပ္ပုန်ပါင်စက်)	၅၁	ဗညားနွဲ့၏ ငယ်မည်။ လျှာတွင် အစက်ပါ၍ ခေါ်ခြင်းဖြစ်သည်။
အဖြာ	၆၈	ဒုန်ဝန်းကိုဖြတ်ထဗလက်မှပြန်တိုက်ရာ၌သံလွှစ် စီးသော ဆင်အမည်။
အမတ်ဒိန် (အမာတ်ဒိန် မိုက်ရတ်)	၁၇၉	သန်လျင်မြို့စား။ နန်းတော်တွင် ဗညားဉီး နတ်ရွာစံစဉ် စောင့်ရှောက်ရသည်။ နောင် အမတ်ဒိန်မဏိရွတ်ဟု တွင်သည်။ ပညာရှိ အမတ်ကြီးဖြစ်သည်။ နေဝဲသို့ ထွန်းလင်းပြီး

www.burmeseclassic.com

www.burmeseclassic.com

အမည်ဝေါဟာရ	စာမျက်နှာ	အကြောင်းအရာ
		ပတ္တမြားရတနာနှင့်တူသော အမတ်ဟု အနက်ရသည်။
အမြူဇဂိုး (အမြူဇဂေါ)	၁၇၃	ဒဂုန်တွင် ဗညားနွဲ့ကိုတိုက်ရန် သမိန်မရူးစီးသည့်ဆင်။
အယုဒ္ဓယ	၃၃	ယိုးဒယားအလယ်ပိုင်းရှိမြို့ကြီးတစ်မြို့။ အိန္ဒိယရှိ အာယောဓပူရကို မှီး၍ခေါ်၏။
အလိမ္ဘာမင်း	၁၉	မုတ္တမစား။ ပုဂံမင်းလက်အောက်။
အလွဲမြို့	၂၂၈	ပြည်အနီး၊ နယ်စပ်မြို့။
အသဂွန်းဒရောင် (အသဂန္ဓရံင်)	၈၀	ဆင်အမည်။ ဗညားနွဲ့ တောကစားရာ၌ စီးသည်။
အသားမင်းသား (သိုင်အသး)	၁၈၀	သမလမင်း၏သားတော်။ ဝိမလမင်း နန်းတက်လျှင်ငင်းတူတော်အား တောင်ပစ်ထားစေသဖြင့် ကျွဲကြား၌ ကြီးပြင်းလာသည်။ နောင် ကုလားလန်ဘားနှင့် စစ်ထိုးပြီး မင်းဖြစ်လာသည်။
အသုတ်ဘုရား (ကျက်အသုက်)	၁၁၄	ဒဂုန်မြို့ရှိ ဘုရားတစ်ဆူ။ မြို့လယ်ဘုရားဟု အနက်ရသည်။ အသုတ်ဘုရားနှင့် ပါရမီဘုရားအကြားတွင် ဗညားနွဲ့က မင်္ဂလာအိမ်တော်ဆောက်သည်ဟု ဆို၏။ အသုတ်ဘုရား မာတ်တော်မှာ သိဂုံတွင်ရကုန်း၌ တည်သည်ဟု ဆိုသဖြင့် အသုတ်ဘုရားသည် ရွှေတိဂုံဘုရားကို ဆိုလိုဟန်တူသည်။
အသူရာ (ပါဠိ–အသုရ)	၂၅၃	အသူရာနတ်။
အသူရိယ	၁၀၂	ဗညားနွဲ့ ဒဂုန်သို့ခြားနားစဉ် သုံးသော ဆင်တစ်စီး၏ အမည်ဖြစ်သည်။
အိဒင်းချောင်း (ကြုင်အိချောန်)	၂၈၂	စစ်တောင်းအနီး၌ ရှိသည်။
အဲပြရဲ (အဲပြရဲ)	၂၈၁	သမိန်ဇိပ်ဇြံ စစ်တောင်းစားစဉ် စီသည့်အမည်။
အဲဖရဲ(အဲဖရဲ)	၂၈၀	ရာဇာဓိရာဇ်၏ ဗိုလ်မင်းတစ်ဦး။

www.burmeseclassic.com

www.burmeseclassic.com

အမည်ဝေါဟာရ	စာမျက်နှာ	အကြောင်းအရာ
အဲမွန်ဒယာ (အာမည်ခြာ။ အာမန္ဒယာ)	၂၅၆	မွန်သူရဲကောင်း။ လူသေဟန်ဆောင်ပြီး ငှက်ပျော ဖောင်ဖြင့် မြန်မာကင်းတပ်ကို ဖြတ်ကျော်ခဲ့ သည်။ ကွမ်းတစ်ရာ ရေတစ်မူတ်ဖြင့်လည်း ထင်ရှားသည်။
အဲဖဒါ (အာဗှာ)	၈၀	အသဂွန်းဒရောင်ဆင်ကို ထိန်းရသော ဆင်ကဲ။
အဲပြဗုန် (အာပြဝုန်)	၅၃	လဂွန်းဗျည်းတွင် အခိုင်နေ၍ ဗညားဦးကို ပုန်စား သော လောက်ဖြားဏ၏ နောင်တော်ဖြစ်သည်။ ဖြတ်ထဗအမည်ခံညီစန်ဏ၏ညီတော်တစ်ယောက် ဖြစ်သည်။
အဲသီဗုန် (အာသီဝုန်)	၄၅	ဒုန်ဝန်းစား။
အဲကောင်ဗိန် (အာကံင်ဗိန်)	၁၈၈	မော်ဗီစား။
အစ်လောင် (အောတ်လောင်)	၁၂၄	ပဲခူးမြို့တံခါးအမည်။
အဲကံကောင်း (အာကာံကံင်)	၄၀	စောအဲကံကောင်းဟုလည်း ခေါ်၏။ စောအော နှင့် ယိုးဒယားမင်းသမီး မေနှင်းထပီတို့၏ သားဖြစ်၏။ သူ၏နှမတစ်ယောက်ကား မေနှင်း အော်ကညာဖြစ်၏။ သမိန်အဲကံကောင်းနှင့် တစ်ဦးစီဖြစ်၏။
အဲနွဲ့[အဲနွယ်] (အာနယ်)	၂၁၄	မြောင်းမြတိုက်ပွဲတွင် ဗညားနွဲ့နှင့်တိုက်စဉ် လောက်ဖြားဏ၏သား မပစ်နွယ် (ဗျည်းနွဲ့) စီးသည့်ဆင်။
အဲလောင် (အာလံင်)	၄၅	ပဲခူးစား အဲလောဏ၏သားတော်။ ဗညားအဲလော သည် အဲလောင်ကိုချီ၍ ပဲခူးမှမုတ္တမသို့ ပြေး ရန် သဘော်ဖြင့်လာဏ၏။ ငယ်စဉ်ကသဏ၏။
အံ့စရာလှေ	၃၃၀	လဂွန်းအိန်နှင့်တိုက်စဉ် စုက္ကလေးစီးသည့်လှေ။
အင်းပဲသူကြီး (အာဗာသုကြီ)	၂၈၆	အင်းဝပညာရှိအမတ်။

www.burmeseclassic.com

www.burmeseclassic.com

အမည်ဝေါဟာရ	စာမျက်နှာ	အကြောင်းအရာ
အင်းဂလိုင် (အင်ဂလိုင်)	၇၉	အင်းလျားကြီး။ ယင်းနေရာသို့ ရေကစားသွားရန်၊ အမဲလိုက်ရန် ဗညားနွဲ့အား သမိန်မရူး ခေါ်သည်။
အင်းဝနိုင်	၃၄၀	အဝနံနိုင်။ အဝမင်းကြီးဟုလည်း ခေါ်သည်။ မွန်သူရဲကောင်းတစ်ဦး ဖြစ်သည်။
အန်နရာ	၅၃	စစ်တောင်းစား။ ဗညားဦး၏အမတ်တစ်ဦး ဖြစ်၏။
ကလေ (ကလစ်)	၁၀၈	ဘောမွန်၏အမိ။
ကတြပသုံမိတ်	၁၀၉	သံဃရာဇာမပိုင် ဆရာ၏တပည့်။ မဟာဒေဝီကျွန်များ၏ အလောင်းကို မီးသင်္ဂြိုဟ်သူဖြစ်၏။
ကဘယဂါမရွာ	၄၂၅	ပဲခူးနှင့်ဒုန်ဝန်းအကြားတွင် ရှိသည်။
ကမဂ္ဂသောက် (ကမဂေါင်ဝ်သိုက်)	၁၀၂	ဗညားနွဲ့ခြားနားစဉ် သုံးသော ဆင်မတစ်စီး၏အမည်။
ကလကွတ် (ကလကိုတ်)	၁၀၂	ဗညားနွဲ့ ဒဂုန်သို့ခွာစဉ် အသုံးပြုသည့်ဆင်မတစ်စီး၏အမည်။
ဥဇနာ	၂၂၅	ပုဂံစား။
ဥဒုမ္ဗရပြာသာဒ်	၄၁၉	ရေသဖန်းသစ်ဖြင့် ဆောက်သော ပြာသာဒ်။ (သက္ကတပါဠိ)
ဥပါကောင်း (ဥပါကံင်)	၂၅၅	ရာဇာဓိရာဇ်၏ သမက်တော်။ ပြည်တိုက်ပွဲတွင် ထင်ရှားကျော်စောသည်။
ဥပါယ်ဂို့ (ဥပါယ်ဂွံ)	၂၉၅	ပဲခူးအမည်ဖြစ်လာပုံကို ပြသောစကား။ သီကြားမင်းက ဥပါယ်ပြု၍ မွန်တို့အား တည်ထောင်ပေးခဲ့သော ပဲခူးမြို့ကို ဆိုလိုသည်။
ဥလို (ဥလို)	၅၃	မော်လမြိုင်တွင် အခိုင်နေ၍ ဗညားဦးကို ပုန်စားသော လောက်ဖြား၏ညီ။
ဥသဂုတ် (ဥုတ်သွုတ်)	၈၁	ဘုရားအမည်။
ဦးပိုက်လံသာအမတ် (ဥဗိုတ်လံင်သာ)	၄၉	မုတ္တမကို လာတိုက်သော ဧင်းမယ်ခင်း၏ တပ်မင်းအမတ်ကြီးဖြစ်၏။
ကမာမတ် (ကုမာတ်)	၁၁၁	ဒဂုန်အနီးရှိ ရွာအမည်။ ယင်းရွာမှ လူငါးယောက် ဗညားနွဲ့ထံ ကျွန်ခံကြသည်။

www.burmeseclassic.com

www.burmeseclassic.com

အမည်ဝေါဟာရ	စာမျက်နှာ	အကြောင်းအရာ
ကမာသင်	၃၉	ကမာ= ရေကန်။ သင်= သခ်ိ= ခရ။ ခရုကန်။
ကမယ် (ကွဲ)	၄၁၂	မွန်စကား။ တစ်ခုလပ်၊ မုဆိုးမဟု အနက်ရသည်။ မြန်မာကျောက်စာများ၌ သုံးနှုန်းခဲ့သည်။
ကလွမ်ဗွန်ကျိုက်ပေါ (ကွဗန်ကျော်ပဝ်)	၁၀၅	တောကစားထွက်ရန် သမိန်မရူးအား ဗညားနွဲ့ ခေါ်သည့် ဘုရားအမည်။ အလံတစ်ရာဘုရားပျံဟု အနက်ရသည်။
ကလွမ်ဗွန်ဘင်ပူ (ကွဗန်ဗင်ပူ)	၄၀	အလံတစ်ရာဘုရားကြီးဟု အနက်ဆောင်၏။
ကာမဏီ(၁)	၂၇၄	ဘုရင်မင်းခေါင်၏ သမက်တော်။ ရခိုင်မြို့စား အဖြစ်ခန့်သည်။ နောင် ရာဇာဓိရာဇ်လက်ရောက်၍ အဆိပ်သောက်သေသည်။ စောပြည့်ချမ်းသာ မင်းသမီး၏ ကြင်ရာမျောက်သားတော်။
ကာမဏီ(၂) (ကမ္မနီ)	၃၈၃	တရုတ်သူရဲကောင်း။ သမိန်ဗရမ်းနှင့် စီးချင်းထိုး၍သေသည်။
ကူထွက်မြို့ (ကူထောက်)	၂၂၁	ပြည်အနီး ဇရာဝတီမြစ်ကြောင်း၌ရှိသည့် နယ်စပ်မြို့။
ကောလိယ	၂၇၀	ရာဇာဓိရာဇ်နှင့် ဘုရင်မင်းခေါင်၏ နှမ မင်းလှမြတ်တို့ မင်္ဂလာပွဲကျင်းပရာဌာန။
ကော့မူတ်ရွာသား	၃၁	မြန်မာပေမူတွင် ကောမူသောက်–ဟု ခေါ်၏။ ဝါရီရူး၏ သူရဲဖြစ်၏။ တရဖျားဆင်ကို မိုန်းဖြင့်ထိုး၍ တရဖျားပြေးရသည်။ နောင် တပစ်ဗိုလ်အမတ်အဖြစ်နှင့် သီဟိုဠ်စည်ဖြင့် သူကောင်းပြုခံရသည်။
ကျေးမက် (ကွေဝ်မက်)	၃၉	မွန်ဘာသာတွင် ငွေကြေး၊ အခွန်အကောက်၊ ရာထူး၊ ဂုဏ်ထူးဟူ၍ အနက်ထွက်သည်။
ကျိုက်ကလွမ်ဗွန်ဇနား (ကျော်ကွဲဗန်ဒုး)	၅၁	ဗညားဦးသည် ဇင်းမယ်မင်းစစ်ကို တွန်းလှန်နိုင်သဖြင့် သီဟိုဠ်မှရသော ဓာတ်တော်များကို ဌာပနာ၍ တည်သည့်ဘုရားဖြစ်၏။ အောင်မြင်သည့် အလံတစ်ရာဘုရားဟု အနက်ဆောင်

www.burmeseclassic.com

အမည်ဝေါဟာရ	စာမျက်နှာ	အကြောင်းအရာ
		သည်။ မြန်မာမူတွင် ကျွန်ပွန်ကျတ်ဇနာ–ဟု ပြ၏။
ကျိုက်ကနက် (ကျာ်ကွာ်)	၂၇၆	တနောဒေါဘုရား၏ အမည်သစ်။ ပုသိမ်အနီး၌ ရှိသည်။
ကျိုက်ပတိုင် (ကျာ်ဗွာင်)	၇၉	ဘုရားဖြူဟု အနက်ဆောင်သည်။ သမိန်မရူးက ဗညားနွဲ့ကို အလည်သွားရန် ခေါ်သောနေရာ ဖြစ်၏။ ပဲခူးအနီးတွင်ရှိသည်။
ကျိုက်ပွန် (ကျာ်ပန်)	၃၁	ဘုရားလေးဆူဟု အနက်ရ၏။ ဗညားဦး လက်ထက်က ပဲခူးအနောက်၌တည်သည်။ ဓမ္မစေတီမင်း လက်ထက်တွင် အသစ်ပြန် တည်သည်။
ကျိုက်မွေ့ခေါင် (ကျာ်မွှေ့ခိုင်)	၂၉	ပဲခူးအနီး၌ရှိသော ဘုရားတစ်ဆူဖြစ်သည်။
ကြုတင စ် (ကြုင်တငေတ်)	၂၈၀	စစ်တောင်းအနီးရှိ ချောင်းအမည်။
ကြုလှာ (ကြုင်လှာ)	၂၆၈	မွန်မြန်မာ မြေခြားမှတ်တိုင်။ ပြည်အနီး၌ရှိသည်။
ခန္ဓရတ္ထအခန်း	၁၂၀	ဒဂုန်ရှိ ဗညားနွဲ့၏ မင်္ဂလာတဲနန်း အတွင်းဆောင်။ သမိန်တိသကုမာကို ဗညားနွဲ့ အတွေ့ခံသည့်အခန်း ဖြစ်သည်။
ခုတ်ဇပိတ်တိုက်	၁၆၀	ဒဂုန်ရှိ တိုက်တစ်တိုက်အမည်။
ခုတ်ရာဇာဘိတ်	၁၀၈	ဒဂုန်မြို့ကို စောင့်ရသော မဟာဒေဝီ၏ ကျွန် ၁၈–ယောက်အနက် အကြီးအကဲဖြစ်သူ။
ခဲပေါင် (ခေဝ်ပဲင်)	၂၁၃	ပုသိမ်အနီးရှိ မြို့တစ်မြို့။
ခေါင်းလောင်းကျ	၂၅၆	ပြည်အနီး မြစ်ကြောင်းစခန်း။ ရာဇာဓိရာဇ်၏ သမက် စောမဟာရာဇ်နှင့် သမီးတော် တလမည်ကျော်တို့ နေရစ်သည့်နေရာ။
ခွန်လော (ခုန်လ)	၃၇	မဂဒူး၏ညီတော်။ မင်းဖြစ်လျှင် စောခုံးပရကွတ် (စရာ်ပြကိုတ်)ဘွဲ့ခံသည်။ မုဗ္ဘမ ဒုတိယ မင်းဆက်။

www.burmeseclassic.com

www.burmeseclassic.com

အမည်ဆေါဟာရ	စာမျက်နှာ	အကြောင်းအရာ
ဂနောဋ္ဌင် (ဂ်ဋ္ဌင်)	၄၉	မွန်စကား။ မြို့ဝန်းဟု အနက်ရသည်။ မြို့မျက်နှာဖုံး လူကြီးများကို ဆိုလိုသည်။
ဂန္ဓာကန်	၁၄၇	သမိန်မရွှေး ကင်းချသည့်စခန်း။
ဂမ္ဘလာနီ	၂၅	မုတ္တမ၏ အရှေ့မြောက်ထောင့် အရပ်၌ရှိသော မြို့အမည်။ ရှမ်းမြို့တစ်မြို့အမည် ဖြစ်ဟန်တူသည်။
ဂူနင်ရွာ (ဂိုဟ်နင်)	၆၉	ပဲခူးအနီးရှိ ရွာတစ်ရွာ။ ဗြတ်လိုင်းသူ သီရိရာဇာ ဒေဝီမိဖုရားက ကျောင်းတစ်ဆောင် ဆောက်လုပ် လှူဒါန်းရာ ရွာဖြစ်သည်။
ငပေါက်ဖြူ	၃၀	ဟင်္သာတစား။ ဝါရိရွှေးနှင့် တရဖျားတို့ လုပ်ကြံ၍ ဟင်္သာတမှ ပြေးရ၏။
ငမြတ်နော်	၃၀	သထုံမြို့(ဝါ) ကျွန်းသတိုးမြို့စား ဖြစ်၏။ ဝါရိရွှေးနှင့် တရဖျားတို့ တိုက်၍သေရ၏။
ငရက်နွဲ့(ငရက်နွယ်) (အရက်နဲ)	၂၁၄	ဗညားနွဲ့စီးသည့်ဆင်။ မြောင်းမြတိုက်ပွဲတွင် ယင်းဆင်ကိုစီး၍ မပစ်နွဲ့(ဗျည်းနွဲ့)နှင့် တိုက်သည်။
ငေါဒေါ (ငဝ်ဒဝ်)	၃၅	မုတ္တမသို့ ရောက်ရှိသော ဆင်ဖြူတော်ကို လာရောက် တိုက်ခိုက်သောမင်း။ ရှမ်းမင်းတစ်ပါး ဖြစ်ဟန်တူ၏။
စကြိုသူမြတ် (ဗင်ယသကြော)	၂၃၆	ပန်းယသူကြို၊ ပင်းယသူကြို၊ ပင်းယစကြို၊ စွယ်ကြိုသူမြတ်ဟူ၍ အမျိုးမျိုးရေး၏။ မြန်မာပညာရှိ ရဟန်း။
စကြိုဘုရား	၂၅၅	စလေ၌ ရှိသည်။
ဇရပ်ကြောင်း (ဇြပ်)	၂၈၁	စစ်တောင်းတိုက်ပွဲတွင် ရာဇာဓိရာဇ်ချီသည်။
စာတလေး (စာတလေဟ်)	၉၉	ပဲခူးမြို့ တံခါးအမည်။
စုက္ကတေး	၂၈၈	အင်းဝပညာရှိအမည်။ မြို့စားလည်းဖြစ်သည်။
စူဒရင်	၁၄၇	သမိန်မရွှေး တပ်မ ချသည့်စခန်း။
စေတသူကြီး	၂၈	ပုဂံမင်း၏သမက်။ အခမမန့် ပဲခူးတွင် ပုန်စားသည်ကို သွားရောက်နှိမ်နင်းစဉ် အဆိပ်သင့်၍

www.burmeseclassic.com

www.burmeseclassic.com

အမည်ဝေါဟာရ	စာမျက်နှာ	အကြောင်းအရာ
		ကျဆုံးရသည်။
စောအဲဒိတ် (စ်အာဒိုတ်)	၄၈	ဗေါကြွယ်နှင့်အတူ ဒုန်ဝန်းတွင် ဗညားဦးအား ပုန်စားသည်။ ဗညားဦးကိုကြောက်၍ ဇင်းမယ်သို့ ပြေးဝင်သည်။
စောအော (စ်အော)	၃၉	စောဇိပ်၏နောင်တော် ဖြစ်၏။ သမိန်မြောင်းမြနှင့် နှင်းဥရိုင်တို့ သင့်၍ရသော သားနှစ်ယောက်အနက် သားကြီးဖြစ်၏။ မုတ္တမတွင် တတိယမင်းဆက်ဖြစ်၏။ မဂဒူးနှင့် မဂဒါတို့၏ တူတော်ဖြစ်၏။ စောသင်မောင် ဘွဲ့ခံသည်။
စောအဲပြသတ် (စ်အာပြသာဒ်)	၄၂	သမိန်အဲကံကောင်း၏သား ဖြစ်၏။ စောဇိပ် (စတုတ္ထမင်း)၏ မရိုးကမွေးသော တူတော်ဖြစ်သည်။ အရွယ်ရောက်သော် ပြည်ကိုလုပ်ကြံစဉ်သေရ၏။ စောအဲပြသတ်တွင် သားလေးယောက်ရှိ၏။ ညိစန်။ အဲပြဗုန်။ လောက်ဖြားနှင့် ဥလိတို့ဖြစ်ကြ၏။ အားလုံးကို စောဇိပ်က သူကောင်းပြု၏။
စောအဲကံကောင်း (စ်အာကံကင်)	၄၂-၄၃	စောဇိပ်၏တူတော်။ စောအောနှင့် မေနင်းထပ်သင့်၍မြင်သည်။ မင်းလက်ံာ။ မိမဆံတို့နှင့် အမေတူအဖေကွဲ တော်စပ်၏။ ဖအေညီအစ်ကိုလည်း ဖြစ်၏။ ဗညားဦးနှင့် ဝမ်းကွဲတော်စပ်၏။ မုတ္တမ ဆဋ္ဌမမြောက်မင်း။ စန္ဒာမင်းလှမိဖုရား အဆိပ်ခတ်သတ်၍ သေရ၏။ ၄၉-ရက်သာ နန်းစံရ၏။ သမိန်အဲကံကောင်းနှင့် တခြားစီ။ အမည်တူဖြစ်၏။
စောအဲဗညား (စ်အာဗညာ)	၅၆ ၂၁၀	လောက်ဖြားသား ဖြစ်၏။ ဗညားဦး၏ တူမတော် တလရှင်စောငိုက်နှင့် ပေးစား၍ တည်းမြို့ (ဘူးကြော်)ကို စားရသည်။ ဗညားဦးအား ပုန်စား၏။ ဒေးဗသွယ်မြို့ကို စောင့်ရသေးသည်။
စောဇိပ် (စ်ဇိပ်)	၄၀	စောအောခေါ် စောသင်မောင်၏ ညီတော်ဖြစ်၏။ နှင်းဥရိုင်နှင့် သမိန်မြောင်းမြတို့၏ သား

www.burmeseclassic.com

www.burmeseclassic.com

အမည်ဆေါ်ဟာရ	စာမျက်နှာ	အကြောင်းအရာ
		ငယ်ဖြစ်၏။ မုတ္တမတွင် စတုတ္ထမင်းဆက် ဖြစ်၏။ ဗညာရံဒယ် ဘွဲ့ခံ၏။
စောဦလောင်စာ (စံဦလံင်စာ)	၁၈	မဂဒူး၏သူငယ်ချင်း သောက္ကတဘြိုသား။
စောဦခုံရည် (စံဦန်ခုံရေဝ်)	၁၇	မဂဒူးကို သောက္ကတဘမင်းပေးသော အမည်။
စောထွတ် (စံထောတ်)	၁၉၀	အင်းဝသို့ ဗညားစေသည့် တမန်။ ဗိုက်ညှဉ်နှင့် စောထွတ်နှစ်ဦး သွားသည်။
စောနသင်	၂၁၅	ဗညားနွဲ့၏ ကျွန်ယုံတော်
စောနသိန် (စံနသိင်)	၂၁၅	– ၎င်း –
စောဗန်ဒွမ်း (စံဝါန်ဒေါမ်)	၁၅	နိမိတ်ဖတ်ဆရာ။ မြန်မာမှုတွင် စောပဏ္ဍိတ်ဟု ပြု၏။
စောမဟာရာဓိ(၁)	၂၃၂	ဧင်းမယ်မင်းဘွဲ့။ (ယင်းအမည်ကို ရာဇာဓိရာဇ်သမက်ခံပြန်သည်)။
စောမဟာရာဓိ(၂)	၂၅၆ ၂၃၁	ရာဇာဓိရာဇ်၏ သမက်။ တလမေကျော်၏ ကြင်ရာမျောက်သားတော်။ ခေါင်းလောင်းကျဉ်တပ်ကိုစွန့်၍ပြေးသဖြင့် နောင် ကွပ်မျက်ခံရသည်။
စောပြလက် (စံပြလက်)	၅၃	ဗညားဦးလက်ထက် သန်လျင်စားဖြစ်၏။
စောပြည့်ချမ်းသာ (ရွှေပြည်ချမ်းသာ)	၂၇၆	ဘုရင်မင်းခေါင်၏ သမီး၊ ကာမဏီကတော်၊ နောင် ရာဇာဓိရာဇ် မိဖုရားမြှောက်သည်။
စောမင်းကန်ကြီး (သြာင်စံမင်)	၁၀၈	ဒဂုန်အနီး ဗညားနွဲ့တို့ရပ်နား၍ ရဲဘော်သုံးကျိပ်နှင့် စကားဝုက်ပြောသည့်နေရာ။
စောရဲဗိန်	၂၃၁ ၂၃၂	ဗညားသေည်နှင့် တလစောလွန်၏သား။ ဗညားနွဲ့၏အမတ်၊ ယောကျ်မလည်း ဖြစ်သည်။ စောရဲဗိန်၏သမီး ၃-ယောက်ကို ဗညားနွဲ့ မိဖုရားမြှောက်သည်။
စောဟန် (စံဟာန်)	၆၈	သံပြတ်ဘွဲ့ခံ မလဂွန်းကို သန်လျင်မြို့စား ခန့်သဖြင့် လစ်လပ်သော လက်လှစ်မြို့ကို စောဟန်အား စားစေသည်။

www.burmeseclassic.com

www.burmeseclassic.com

အမည်ဝေါဟာရ	စာမျက်နှာ	အကြောင်းအရာ
စန္ဒာမင်းလှ	၄၀	နှင်းအံပိုဟုလည်း ခေါ်၏။ ခွန်လောဇ၏ သမီးဖြစ်၏။ စောဇိပ်နှင့် ဝမ်းကွဲတော်၏။ စောဇိပ်မိဖုရားကြီးအရာ မြှောက်သည်။ စန္ဒာမင်းလှဘွဲ့ခံသော မိဖုရားများသည်။
စစ်သကြိ (စေတ်သင်ကြာမ်)	၄၃	ဇိပ်ပွန်ကို လုပ်ကြံသော စန္ဒာမင်းလှ၏ ဗိုလ်မင်း။
စည်သူသမ္ဘဝ	၂၂၄	ငါးရွာမြို့စား။
စိုင်ပေါင် (စာင်ပဲင်)	၂၂၀	ရွှေမောဓောဘုရား အနောက်ဘက်၌ရှိသော အရပ်။
ဆရာကာဝေါင် (ကာဝံင်)	၂၂	မုတ္တမနန်းတည်ရာ၌ နိမိတ်ဖတ်ဆရာတစ်ဦး။
ဆရာဝါကရော	၂၂	မုတ္တမနန်းတည်ရာ၌ နိမိတ်ဖတ်ဆရာတစ်ဦး။
ဆင်ဖြူတော်	၃၃	ဝါရီရူးထံ သောက္ကတဲမင်းဆက်လိုက်သော ဆဒ္ဒန်မျိုး ဖြစ်၏။ အမိကား ဆင်ကွမျိုး၊ အဖကား ဆဒ္ဒန်မျိုးဖြစ်သည်။
ဆင်မခြေလျင်	၁၈	လျင်မြန်စွာသွားနိုင်သော ဆင်မ။
ဆဒ္ဒန္တ ဆင်ဖြူတော်	၃၄၂ ၃၄၈	သမိန်ဗရမ်းစီးသည့်ဆင်၊ မြန်မာမူတွင် ဗကမတ် ဆင်ဟု ဆို၏။
ဆင်မယဉ်သာ	၁၈	ယဉ်ယဉ်သာသာ သွားတတ်သောဆင်မ။
ဇဒိုင် (ဇဒေင်)	၁၀၆	ဗညားနွဲ့ ဒဂုန်သို့ခွာရာ၌ ရပ်နားသည့်နေရာ။
ဇေယျသေဋ္ဌပြည်	၁၃၁	တဖုသနှင့် ဘလ္လိကတို့ ဂေါတမမြတ်စွာဘုရားနှင့် ဖူးတွေ့သည့်ပြည်၊ ၎င်းပြည်ရှိ လင်းလွန်းပင်ရင်း၌ ဖြစ်သည်။
ဇေယျဂါမဏီ	၂၃၀	မင်းကြီးစွာစော်ကဲ၏ ဗိုလ်မင်း၊ အလွဲမြို့စောင့်အဖြစ် ထားသည်။
ဇေယျသူရ (ဇဲယသူရ)	၅၉	မော်ဘီစား၊ မုတ္တမတွင် ဖြတ္ထဗန္ဓနစား၍ မဟာဒေဝီ၏ ကြင်ရာမျောက်သားတော် ဖြထဗိုက်ကို လုပ်ကြံစေရာ ဖြထဗိုက် အဆိပ်သင့်၍ ကျဆုံးပြီးနောက် မုဆိုးမဖြစ်သူ မဟာဒေဝီကို မော်ဘီစား ဇေယျသူရနှင့် ပေးစားပြန်သည်။ ဇေယျသူရကို

www.burmeseclassic.com

အမည်ဆေါ်ဟာရ	စာမျက်နှာ	အကြောင်းအရာ
		မုတ္တမသို့လွှတ်၍ လုပ်ကြံစေရာ ဆင်ထက်တွင် ကျည်သင့်၍ ကျဆုံးရပြန်သည်။
ဇင်းမယ်	၃၃	ယိုးဒယားပြည်မြောက်ပိုင်းရှိ မြို့ကြီးတစ်မြို့။ ၁၂-ရာစုခွဲ ထွန်းကားသော မွန်မြို့တော် လန်ဖွန်းနှင့် ဆယ့်ရှစ်မိုင်ကွာခွဲ ရှိသည်။
ဇပ် (ဇာပ်)	၁၀၈	ထခုတ်ရန် ဗညားနွဲ့၏ စကား၀ှက်- ဇပ်-ဟု ဆိုသည်နှင့် ရန်သူကို ထခုတ်ကြ-ဟု အဓိပ္ပာယ်ရှိ၏။
ဇိပ်ပွန်မင်း	၄၃	စောဇိပ်ကိုသတ်၍ မင်းဖြစ်သည်။ မင်းမျိုးမဟုတ်၊ မုတ္တမတွင် ပဋ္ဌမမြောက်မင်း ဖြစ်၏။ ၇-ရက်မျှသာ နန်းစံရ၏။ မိဖုရား စန္ဒာမင်းလှ အဆိပ်ခတ်၍ လွန်ရ၏။
ဇိပ်ဗြဲ (၁)	၄၅	ဗညားဉီး၏ နန်းရင်း၀န်အမတ်ကြီး။
(ဇိပ်ဗြဲ)	၅၃	ဗညားနွဲ့ဘက် ၀င်စားသူဖြစ်၏။ နောင် ဗညားနွဲ့
	၁၀၅	မင်းဖြစ်လျှင် သမီးဆက်၍ ယောကျ်ားတော် ဖြစ်သည်။ မြို့စားလည်းဖြစ်သည်။
ဇိပ်ဗြဲ (၂)	၆၇	ဒလစား သမိန်ဇိပ်ဗြဲဖြစ်၏။ ဗညားဉီးခေတ် ပထမပိုင်းတွင် ဒလစားဖြစ်၏။ အနိစ္စရောက်ပြီး ဒလမြို့ကို မည်ကဲ့သောင်းအား စားစေ၏။ အမတ်ကြီးဇိပ်ဗြဲနှင့် အမည်တူ၏။
ဇွမ်ငေါလ (ဇမ္ဗော၀်လ)	၁၀၂	ဗညားနွဲ့ ဒဂုန်သို့ခွာရာ၌ ယူသည့် ဆင်မကြီး။
ညီကောင်သိန် (ညီကံ်သိင်)	၄၇	မင်းလက်ံာဟူ၍ ငယ်ကတွင်း၏။ ဗညားဉီး၏ အမေကွဲညီ၊ မြန်မာမူတွင် ညီဂေါင်သိန်ဟု ခေါ်၏။ ဗညားနွဲ့မယ်တော် မွေ့ဒေါ်၏ ပထမလင်၊ ပဲခူးမြို့စားဖြစ်ခဲ့သည်။ ပုန်စား၍ ကွပ်မျက်ခံရသည်။
ညီစန် (ဗြာတ္တ၀) (ညီစာန်)	၄၁	လောက်ဖြား၊ အဲဗြဗုန်နှင့် ဥလိုင်တို့၏ နောင်တော်ကြီးဖြစ်၏။ ဗြတ်ထဗဒမညခံ၍ မုတ္တမတွင် ဗညားဉီးကို ပုန်စားသူဖြစ်၏။ ဗညားဉီး၏ မအေကွဲနှမ မိမဆံ၏ ကြင်ရာမျောက်သားတော်ဖြစ်၏။

www.burmeseclassic.com

အမည်ဧေါ်ဟာရ	စာမျက်နှာ	အကြောင်းအရာ
	၄၁	ဗညားဦး၏ ယောက်ဖတော်ဟုလည်း ဆိုနိုင်၏။ မဟာဒေဝီ၏ ကြင်ရာတော် ဗြထဗိုက်နှင့် မယားညီအစ်ကို တော်သည်။ သားသမီး– ၇– ယောက် ရှိ၏။
ညီလိန် (ညီလိုန်)	၄၂	ပြည်တွင် အဲကံကောင်းကို သံခြေချင်းခတ်၍ ထားရာ၌ စောင့်ရသူဖြစ်၏။
ညိရံမောလမွန် (ညိရံမုဟ်လမန်)	၃၇	စောရမ်းပရကွတ်ဘွဲ့ခံ ခွန်လောမင်းလက်ထက် ဒုန်ဝန်းနှင့် စစ်တောင်းမြို့စားရသူ ဖြစ်၏။
ညောင်ဈေး (ခြဖျာ)	၁၀၈	ဒဂုန်အနီး ဗညားနွဲ့တို့ရပ်နားသည့် နေရာ။
တကော့ဝန်း (တွန်အံဝါန်)	၁၃	ဂဝန်ကျောက်ကုန်းမြေ၊ ဒုန်ဝန်း(ချင်ဝါန်) ဂဝန်ကျောက်မြို့ဟု တွင်ပြန်သည်။ ဂဝံဟုမရေးသင့်။ (ပါဠိ– ဂဝမ္မတိထေရ်မှ ဂဝံပတိထေရ်)
တကောင်းမြို့	၂၃၅	ရာဇာဓိရာဇ်ချီသည့် အညာမြို့။
တဖုဿ (တပူ)	၁၃၁	အရှင်ဂေါတမ မြတ်စွာဘုရားထံမှ ဆံတော်ပင့်ခဲ့သူ။
တဝိုက် (တဂိုက်)	၈၆	ရွာအမည်။
တနောဒေါဘုရား (တွဟ်ဒ)	၂၇၆	ပုသိမ်အနီးရှိ ဘုရားတစ်ဆူ၊ နောင် ကျိုက်နက်ဟု တွင်သည်။
တပစ်ဗိုလ်အမတ် (အဗာတ်ထပေက်ဗို)	၃၂	ဗိုလ်ထုဖျက်အမတ်ဟု အနက်ရသည်။
တလခွါဂေါရောက် (တလခွါင့်ရံက်)	၈၄	ရွာသူကြီးအမည်။
တလခွါဂယန်ထဒေါင် (တလခွါဂယောင်ထိုင်)	၈၃	– ၎င်း –
တလမေသီရိ (တွမေဩိ)	၅၁	မွေ့ကော(နှင်းအံဒေါင်း)မိဖုရားတွင် ဖြစ်သော ဗညားဦး၏ သမီးတော်ဖြစ်၏။ နောင် ဧင်းမယ်မင်းထံ ဆက်ရပြီးမှ ပြန်ခေါ်သည်။ သမိန်မရှူးနှင့် ပေးစားပြန်၏။

www.burmeseclassic.com

www.burmeseclassic.com

အမည်ဝေါဟာရ	စာမျက်နှာ	အကြောင်းအရာ
တလမေဒေါ (တလမည်ဒေါ်)	၂၁၉	ဗညားနွဲ့နှင့် မအေကွဲ ဖအေတူ မောင်နှမ တော်သူ။ ဗညားနွဲ့နှင့်ရည်ငံ၍ ဒဂုန်သို့ ပြေးသည်။ နောင် ဗောလောကျန်းဒေါဟူသော သားတော်တစ်ပါး ထွန်းကား၏။ ဗညားနွဲ့မင်းဖြစ်သောအခါ ဆီသည်ကိုနန်းတင်၍ မိဖုရားကြီးအရာပေးသဖြင့် ဝမ်းနည်းသောကြောင့် အဆိပ်သောက်၍ သေလိုက်သည်။
တလမေကျော် (တလမေဇောင်ကဲ)	၂၅၆	ရာဇာဓိရာဇ်၏ သမီးတော်တစ်ပါး၊ စောမဟာရာဇ်ကတော်၊ ခေါင်းလောင်းကျဉ် နေရစ်သဖြင့် အင်းဝသို့ ဆက်ခံရပြီး သီဟသူနှင့် လက်ဆက်ရသည်။
တလစောလွန်	၂၃၂	ဗညားဦး၏ နှမတော်။ ဇင်းမယ်မှလာသော ဗညာသေည်နှင့် ပေးစားသည်။
တလခွါဒေပသွယ် (တလခွါဒုံပသဲ)	၁၅၇	အကြွေးတင်၍ ဒုက္ခရောက်သူ၊ ဗညားနွဲ့အမှုကို ထမ်းသည်။ မဟာ–ဟုလည်း ခေါ်၏။ မြန်မာမူတွင် – မမတ်– ဟုလည်း ခေါ်၏။
တယော်လင်ကျောင်း (ဘာတယောဝ်လင်)	၁၀၄	လယ်ပြင်သား ရဲဘော် ၃၀–နှင့် ဗညားနွဲ့ ချိန်းတွေ့သည့် ကျောင်း။
တလဲ့ဆီး (ဒလာ်ဆေ)	၂၅၉	ပြည်အနီးတွင်ရှိသည်။
တရဖျား	၂၂၅	ပခန်းကြီးစား။
တရည်း (ဥုင်ကြော်)	၁၉၄	ရေးမြို့ဖြစ်သည်ဟု ယူဆသည်။
တလရှင်ဓောဝိုက်	၅၆	ဖြတ်ထဗနှင့်မိမဆံတို့၏သမီး၊ဗညားဦး၏တူမ၊ လောက်ဖြား၏သား စောအဲဗညားနှင့် ပေးစားသည်။ တရည်းမြို့စားကတော် ဖြစ်၏။
တိသကုမာ (သိုင်တိသကုမာ)	၁၁၉	ပဲခူးနန်းစဉ်တစ်လျှောက် အမတ်တစ်ဦး ဖြစ်၏။ ၎င်းကို ဗညားနွဲ့ရှိရာ ဒဂုန်သို့ မဟာဒေဝီလွှတ်၏။ ဗညားနွဲ့ဘက် ဝင်လာသူဖြစ်၏။
ဘုရင်ပုညာကြီး	၂၂၄	ညောင်ရမ်းစား။
တန္တဝါရိ	၃၃၁	ဘုရင်မင်းခေါင်၏ သမီးတော်။

www.burmeseclassic.com

www.burmeseclassic.com

အမည်ဧေါ်ဟာရ	စာမျက်နှာ	အကြောင်းအရာ
တောင်လွဲသဲသောင်	၂၀	မဂဒူးနှင့် အလိမ္မာမင်းတို့ လုပ်ကြံကြသည့် သဲသောင်၊ မုတ္တမနှင့် ဒုန်ဝန်းအနီး၌ ရှိသည်။
တန်ဆောင်ကိုင် (ထသံင်ကိုင်)	၁၂၅	ပဲခူးမြို့တံခါးအမည်၊ နိမိတ်သိချင်းရသည့် တံခါးဖြစ်သည်။
တွန်ပြတ်ပတီ (ချင်ဖြဝတီ)	၁၅၂	ပဲခူးမြို့ကို ဆိုလိုသည်။
ထိမ်ပင်ကျောင်း (ဘာသြ)	၁၃၂	မဟာဒေဝီကျွန်များ တဘောင်စနည်းနာစဉ် ဖိုးသူတော်တစ်ဦးက မကောင်းသည့်နိမိတ်ကို ပေးသည့်နေရာ။
ဒဂုန် (လွှင်၊ ဒဂုင်)	၉၉	ဗညားနွဲ့ခြားနားစဉ် နေသည့်မြို့၊ ပေါက္ခရဝတီ၊ တြိဂုမ္ဗ၊ ရမ္မနဂိုရ်၊ အသီတဉ္ဇနနဂိုရ် ဟုလည်း ခေါ်သည်။ ဒဂုန်တွင် စမ်းချောင်းလေးသွယ် ရှိသည်။ အရှေ့တောင်တွင် သျှိသျှားချောင်း။ အရှေ့မြောက်တွင် အစွယ်ရှည်ချောင်း။ အနောက်မြောက်တွင် ဥဗျိုင်းချောင်း။ အနောက်တောင်တွင် သဖန်းချောင်းများ ရှိသည်။ ဒဂုန်–အမည်မှ အလောင်းဘုရားမင်းက– ရန်ကုန်မြို့–ဟု သမုတ်ခဲ့သည်။
ဒင်္ဂေါဒုန် (ဒွေါဝ်ချုင်)	၉၉	ပဲခူးမြို့တံခါးအမည်။ မြို့ကြေးမုံဟု အနက်ရသည်။
ဒပိုးအနိုင် (ဒပိုအနဲ)	၈၃	ရွာသူကြီးနှင့် ကြက်တိုက်သူအမည်။
ဒလချစ်သင် (သွိင်ဒလချော်)	၅၉	ဇေယျသူရနှင့်အတူ မုတ္တမတွင် ပုန်စားသော ဖြတ်ထဗဟို တိုက်ရာတွင်ပါဝင်သည့် အမတ်ငါးဦးအနက် အရေးပါသူဖြစ်၏။ ၎င်းတို့ကို ဖြတ်ထဗဖမ်း၍ကုလားပြည်သို့ပို့ရာလောက်တွင်းက ရွေးယူပြီး ကျွန်ပြုသည်။ ဒလချော်သင်သည် ဗညားနွဲ့ဘက် ဝင်စားသို့ ဒဂုန်မှ လောက်ဖြားခွာရန် အကြံပေးခဲ့သည်။ ဗညားနွဲ့မင်းဖြစ်သောအခါ ပုသိမ်ကွင် ဒလချော်သင်ကို ခေါ်၍ သူကောင်းပြုသည်။

www.burmeseclassic.com

အမည်ဝေါဟာရ	စာမျက်နှာ	အကြောင်းအရာ
ဒလသုဒ္ဓမာယာမိဖုရား (တ္ဂသုဒ္ဓမာယာ)	၂၀၄	ရာဇာဓိရာဇ်၏ မိဖုရားငယ်၊ လဝွန်းအိန်ကို ကွမ်းဆက်သူ၊ ဗညားရဲနှင့် ရှင်စောပုတို့၏ မယ်တော်။ (တလသုဒ္ဓမာယာ)
ဒလဝါငွဲ (ဒလဝါငဲ့)	၁၀၂	ဗညားနွဲ့. ဒဂုန်သို့ခွာစဉ်သုံးသည့် ဆင်မကြီး။
ဒေဝဒဟပြည်	၂၆၉	မဖွိုမဒေသ၌ရှိသည်။
ဒေးပတဲ (ဒုံဗတဲ)	၂၇၈	ယုန်တောင်၊ စစ်တောင်းအနီး၌ ရှိသည်။
ဒေးဗသွယ် (ဒုံပသဲ)	၂၁၀	သံတောင်ဟု အနက်ရှိသောမြို့။
ဓဂိုးဆရာမဟာသာမိ	၂၂	မုတ္တမနန်းတည်ရာ၌ နိမိတ်ဖတ်ဆရာ။
ဓမ္မပုတ္တဆေးတိုက်	၁၆၀	ဒဂုန်တွင်ရှိသည်။
ဓလစက်သင် (ဓလစက်သေင်)	၁၆၄	ဒလချစ်သင်ကိုဆိုလို၏။
နဝင်းဆိပ်	၂၅၉	ပြည်အနီးတွင်ရှိသည်။
နရသီဟပတေ့ (တရုတ်ပြေးမင်း)	၃၀	ပုဂံပြည့်ရှင်မင်း ဖြစ်သည်။
နရမိတ်လှ (နရာမိလ္လ)	၂၇၄	ရခိုင်မြို့စား၏သား။
နော်ရထာမင်း (အနိရုဒ္ဓ။ အနုရုဒ္ဓ)	၂၄၀	ပုဂံပြည့်ရှင်။ သထုံမှ မန္တဟာမင်းကို ပုဂံသို့ ခေါ်ဆောင်သည့် မြန်မာဘုရင်။
နော်ရထာ	၂၂၅	စလင်းစား။
နတ်လှေ (ဥုင်နာတ်)	၂၇၆	ရခိုင်ကိုနိုင်သည့် သမိန်ဗိုက်ညတ်နှင့် သမိန်ဒေါ်ခွင်တို့ကို ကြိုစေသည့်လှေ။ ပဲ့ပိုင်းမြင့်သော လှေကြီး။ ပဲ့နင်းလှေ။ နာဲနာတ် = ပဲ့နင်း။ ဥုင် = လှေ။
နိုင်စွဲဗန် (နာဲသေဲဗုန်)	၆၈	ဗြတ်ထဗကျွန်၊ ဗြတ်ထဗပုန်စားစဉ်ဒုန်ဝန်ပဲမြို့ကို စားရသည်။ သံလှစ်တိုက်၍ ပြေးရသည်။
နှင်းဥရိုင် (ဏာင်ဥရိုန်)	၁၉	မုတ္တမစား အလိမ္ဘာမင်းကိုဆက်သည့် မဂဒူး၏ နှမ၊ သမိန်မြောင်းမြကလေး။
နှင်းအံပို (စန္ဒာမင်းလှ)	၄၀	ခွန်လော၏သမီးဖြစ်၏။ စောဇိပ်နှင့် ဝမ်းကွဲ

www.burmeseclassic.com

www.burmeseclassic.com

အမည်ဝေါဟာရ (ဏင်အာ်ပေါအ်)	စာမျက်နှာ	အကြောင်းအရာ
		တော်စပ်သည်။ စောဇိပ်က မိဖုရားမြှောက်သည်။ စန္ဒာမင်းလှဘွဲ့ခံသည်။
နှင်းအံကောင်း	၂၂၀	ဗောလောကျန်းဒေါ၏ အထိန်းတော်။
နှင်းအံမေဟ်	၄၅	ဗညားအဲလော၏ သားတော် အဲလောင်၏ အထိန်းတော်။
နှင်းအံဒေါင်း (ဏင်အာ်ဒံင်)	၅၁	မွေ့ကောမိဖုရား၊ ဗညားဦး၏မိဖုရား။ တလမေသီရိဟူသော သမီးတစ်ပါး ထွန်းကား၏။
မွေ့ကော	၅၁	သံဗုန်အမတ်၏ ဒုတိယသမီး။
ပဒကုသလဇာတ်	၁၅၉	ဓမ္မပဒပေထုပ်ထိုး၍ ပေါက်သောဇာတ်။
ပိယရာဇာဒေဝီမိဖုရား	၂၁၆	ဒဂုန်သူ ဆီသည်မယ်ပတ္တမြား (မွေမနီတ်)၏ ဘွဲ့၊ မိဖုရားကြီး၊ အသံကောင်းရုပ်ချောလွန်းသည်။
ပင်းယသူကြီး	၃၄၆	မင်းရဲကျော်စွာ၏ တပ်မင်းတစ်ဦး၊ မြန်မာပေမူတွင် ပန်းအံထောင်မှူး– ဟုဆို၏။
ပန်းလိုင် (ပါင်လိုင်)	၂၀၉	ပန်းလိုင်မြစ်၊ ပုသိမ်အနီး၊ မြောင်းမြစားနှင့် လဂွန်းအိန်တို့ လှေစီး၍ တိုက်သောမြစ်။
ပန်းကျော် (ပါင်ကွာ်)	၂၈၂	တိုက်ပွဲဖြစ်သော စစ်တောင်းအနီးရှိစခန်း။
ပိုက်ဝါ (ပါက်ဝး)	၁၈	စိမ့်တောလွင်ပြင်စခန်း။
ပိုင်နင်း (ပါဏင်)	၈၀	အင်းလျားကြီးသို့ ဗညားနွဲ့နှင့် ယောက်ဖတော်သမိန်မရူးတို့ သွားရာ၌ ဖြတ်ကျော်ရသည့် နေရာ။ တာဝဟု အနက်ရသည်။
ပြဋိမင်	၄၅	သောက္ကတဲမင်း၊ အဲကံကောင်းမင်း၏ ဘိုးတော်ဖြစ်၏။ စောအောထံဆက်သော မေနှင်းဘပီ၏ ခမည်းတော်။
ပြာတောင်း (ပြာတံင်)	၁၄	နယ်ခြားရှိ တောင်အမည်၊ မြန်မာမူတွင် ဘုရားတောင်ဟု ပြသည်။
ပြာပ်ကမန် (ပြာပ်ကွာင်)	၁၉၉	သမိန်တိသကုမာ၏ဘွဲ့။

www.burmeseclassic.com

www.burmeseclassic.com

အမည်ဝေါဟာရ	စာမျက်နှာ	အကြောင်းအရာ
ပွန်စိုအမတ် (ပန်စို)	၅၃	ဒုန်ဝန်းစားဖြစ်သည်၊ ဗညားဦး၏ ပညာရှိအမတ်တစ်ဦးဖြစ်၏။ မုတ္တမတွင်ပုန်စားသော ဖြတ္ထဗတို့ကိုနှိုင်ရန် ဇင်းမယ်မင်းထံ သမီးဆက်၍ မိတ်ဖွဲ့သင့်ကြောင်း အကြံပေးသောအမတ်၊ မြန်မာမူတွင် ပွန်စည်အမတ်ဟု ဆို၏။
ပွန်စီ(ပန်စီ)	၂၂၅	မွန်အမတ်။ ဗိုလ်မင်းတစ်ဦး။
ဖငါမြို့	၂၇၄	မြန်မာဘာသာတွင်– ကုလားပင်ကာမြို့ဟု ဆို၏။ ဘင်္ဂလားကိုဆိုလို၏။
ဖျာဒုန်(ခေါ်) ဖျာနွန်(ဖျာချုင်)	၁၃၂	ပဲခူးမြို့တံခါး၊ (ဖျာနန်= ဈေးနန်း။ ဖျာချုင် = မြို့ဈေး)။
ဖျာနန်း(ဖျာနန်)	၁၀၀	ပဲခူးမြို့တံခါး၊ ဈေးနန်းတံခါးဟု အနက်ရသည်။
ဗညားဦး	၄၇	စောရမ်းပရကွတ်ဘွဲ့ခံ ခွန်လောခေါ် မဂဒါ၏ သမီး နှင်းအံပိုခေါ် စန္ဒာမင်းလှနှင့် မဂဒါ၏တူ စောဇိပ်မင်းတို့သင့်၍ မြင်သော သားတော်ဖြစ်သည်။ ဗညားဦးတွင် မအေကွဲနှမတော်မိမဆံနှင့် မအေကွဲညီတော် မင်းလက်ံတို့ ရှိ၏။ အဋ္ဌမမြောက် မုတ္တမမင်းဖြစ်၏။ မုတ္တမမှ ဒုန်ဝန်းသို့ ခြောက်နှစ်မျှ ခွာ၍နေရ၏။ ထိုမှ ပဲခူးတွင် မင်းပြုသည်။
ဗညားအဲလော	၄၅	မုတ္တမတွင် သတ္တမမြောက်မင်း ဖြစ်၏။ စောရံပြကွတ် ဘွဲ့ခံ ခွန်လောခေါ် မဂဒါ၏သားတော်ဖြစ်၏။ မအေကွဲမောင်နှမတော်စပ်သူ စန္ဒာမင်းလှကိုပင် မိဖုရားမြောက်၏။ မအေကွဲမောင်နှမဖြစ်သူ တလရှင်စောဗုတ်ကိုလည်း မိဖုရားမြောက်သည်။ မုတ္တမနန်းမစံမီ ပဲခူးစား၊ စစ်တောင်းစားဖြစ်ခဲ့၏။ အဲလောင်ဟူသော သားတစ်ပါးရှိ၏။ သား အဲလောင်ကိုမူ၍ ပဲခူးမှ မုတ္တမသို့ သဘော်ဖြင့် လာစေ၏။
ဗညားရံ (ဗညာရာမ၊ ဗညာရံ)	၂၃၁	ဗညားနွဲ့၏သားတော်၊ ရှင်စောပုတ်၏ မောင်တော်၊ ဗညားရန်းဟုလည်း ခေါ်သည်။
ဗညားဗရူး	၄၃၀	ရှင်စောပုနှင့် သမိန်စည်သူတို့သင့်၍ ရသောသား။

www.burmeseclassic.com

www.burmeseclassic.com

အမည်ဝေါဟာရ (ဗညာဗရောဝ်)	စာမျက်နှာ	အကြောင်းအရာ
		မယ်တော်ထက်စောလျှင် မင်းဖြစ်ရသည်။ ရွှေတိဂုံဘုရားကို ပြုပြင်သည်။
ဗညားထော် (ဗညာထ်။ ဗညာထာဝ်)	၄၃၁	ရှင်စောပု ဘုရင်မအမည်။
ဗညားကျန်း (သုဒေါဓမ္မရာဇာ)	၃၃၆	ရာဇာဓိရာဇ်၏ သားတော်ကြီး။ မြောင်းမြမှ ပြည်သို့ စစ်ကူရောက်လာသည်။
(ဗညာကေန်)	၃၄၉	ဓမ္မရာဇာဘွဲ့ခံသည်။
ဗညားသေည်	၂၃၁	ဧင်းမယ်မှ ပဲခူးသို့လာ၍ ဗညားဦးထံ ကျွန်ခံသူ။ ယိုးဒယားအမတ်။
ဗညားပုသိမ်	၃၂၅	ရာဇာဓိရာဇ်၏ သားတော်အငယ်။ ပြည်တွင်းအင်းဝစစ်၏ ဝိုင်းရံခြင်းခံရစဉ် ရာဇာဓိရာဇ်၊ ဗညားကျန်းနှင့် ရာဇာမနုတို့ စစ်ကူလာကြ၏။
ဗညားဝါရူး–ဝါရီရူးမင်း (ဗညာဝါရောဝ်)	၂၄	မဂဒူးအား သောက္ကတဲမင်း ပေးသောဘွဲ့။
ဗဒင်ရမ္ဘတောင်	၂၆၈	မွန်မြန်မာ မြေခြားနေရာ။ ပြည်အနီးဌ ရှိသည်။
ဗလို့ (ဗလိုအ်)	၃၄	ဆင်ဖြူတော်ကို မုတ္တမသားတို့ ကြိုဆိုသည့် ဆိပ်ကမ်းအမည်။ မြန်မာမူတွင် ပြည်ဆိပ်ဟု ပြဆို၏။
ဗရမ်း (ပရံ၊ ဗရံ)	၃၂၈	မွန်သူရဲကောင်း။ (ဗညာမိရေမ်၊ သမိင်ဗရံ)
ဗလာရမ္မေ့နန်း (ဗလာရမ္မော်နန်)	၈၂	ရွာအမည်။
ဗစွဲလမန် (ဗွဲလမန်)	၁၀၂	ဆင်အမည်။ ဗညားနွဲ့ ဒဂုန်၌ခြားနားစဉ် သုံးသည်။
ဗာရာဏသီ	၂၅၉	ပြည်အနီး ရာဇာဓိရာဇ်၏ တပ်မအမည်။
ဗိတာန် (ဖဒုာန်)	၄၉	ပါဠို – ဝိတာန = မျက်နှာကြက်။
ဗုန်လံ (ဝုန်လာံ)	၄၈	အမတ်ကြီး သံဒေါ၏သား။ ဖြထဗိုက်အမည်ခံ၍ မဟာဒေဝီ၏ ကြင်ရာတော်ဖြစ်၏။ မဟာဒေဝီနှင့်အတူ ဒဂုန်ကိုစားရ၏။ မုတ္တမတိုက်ပွဲတွင် ကျဆုံး၏။
ဗေချစ်တံ (သမိန်ဗေချစ်တ)	၃၂၅	ဒလချစ်သင်၏သား။

www.burmeseclassic.com

www.burmeseclassic.com

အမည်ဝေါဟာရ	စာမျက်နှာ	အကြောင်းအရာ
ဗောအဲလောကျန်းဒေါ (ဗဝ်အာလ်ကောန်ဒ)	၇၃	ဗောလောကျန်းဒေါ၊ ဗညားနွဲ့.နှင့် တလမေဒေါ တို့၏ သားတော်၊ အရွယ်ရောက်မှ ခမည်းတော် ကွပ်မည်ပြုစဉ် အဆိပ်သောက်၍ သေရသည်။ ရွှေမော်ဓောဘုရားတွင် ဆုတောင်းထားသဖြင့် ဘဝပြောင်းသော် မင်းရဲကျော်စွာ ဖြစ်ရသည် ဟုဆိုသည်။
ဗောကြယ် (ဘဝ်ကြဲ)	၄၈	စောအဲဒိတ်နှင့်အတူဒုန်ဝန်းတွင် ဗညားဦးကို ပုန်စားသည်။ ထိုနောက် ဇင်းမယ်သို့ ထွက်ပြေး သည်။
ဗင်ကရိန်	၁၃၅	ပဲခူးမှ ဒဂုန်သို့ မွေ့.အဲလောသွားရာ၌ စီးသော ဆင်အမည်။
ဗုန်ရင် (ဝုန်ရင်)	၄၁	စောဇိပ် (စတုတ္ထမင်း)လက်ထက် ထားဝယ်ကို လုပ်ကြံရန် စေလွှတ်ခံရသော အမတ်ဖြစ်၏။ ထားဝယ်ကိုနိုင်၏။ သို့သော် တနင်္သာရီကို ရှုံး၍ ပြန်ရ၏။
ဗန်းမော်ရှမ်း (သေ်ပါန်မ်)	၂၇၂	ဘုရင်မင်းခေါင်၏ လက်အောက်ခံဖြစ်သည်။
ဗောက်ကုန်ဗရူ	၂၃၂	စောမဟာရာဇ်၏ ငယ်မည်၊ စောရဲဗိန်၏တူ၊ မွေ့.အခင်လေ (ဝါ) တလနင်းသီရိ၏သား၊ ရာဇာဓိရာဇ်၏သမီး တလမေကျော်နှင့် ပေး စားသည်။
ဗိုက်ကမြင် (ဗိုတ်ကမြင်)	၁၄၁	မုတ္တမစား ဖြတ်ထဗကိုယ်စားလှယ်။ ပဲခူးသို့ လွှတ်၏။ နောင် ဒဂုန်သို့ ဗညားနွဲ့.ကိုတိုက်ရန် သွားရ၏။ သို့သော် တပ်နုတ်၍ပြန်သည်။
ဗိုက်ညဲ (ဗိုတ်ညး)	၁၇၅	ဗညားနွဲ့.ဘက်ဝင်သော သမိန်မရူး တပ်မင်း တစ်ဦး။ ဇွဲဘုံမြို့.စား ဖြစ်သည်၊ မရူးကို စီးဖွင့်း တိုက်လိုသည်ဟု ဗညားကို ခွင့်ပန်သည်။
ဗျာဒိတ်	၁၈၀	သက္ကတ – ဗျာဒေ၀ = ရှေး ဖွန်မြန်မာ ကျောက် စာ မင်စာတွင် – ဗျာဒေသ် ။ ခေတ်မွန် – ပျးဒိုဟ်။
ဗြတ်ထဗ(ဗြတ္ထ၀)	၅၃	ညီစန်ရူ။ (ဗြတ်ထဗ)

www.burmeseclassic.com

www.burmeseclassic.com

အမည်ဝေါဟာရ	စာမျက်နှာ	အကြောင်းအရာ
ဗြထဝိုက် (ဗြထဝိုတ်)	၂၅၇	ရာဇာဓိရာဇ်၏ ဗိုလ်မင်းတစ်ဦး၊ သမိန်ဗြထဝိုက်နှင့် အမည်တူ။
ဗြရောင် (ဗြရံင်)	၁၉	သောက္ကတဲမင်း။
ဗြဟ္မဒတ်မင်း	၂၆၉	ဗာရာဏသီပြည် မင်းအမည်။
ဗြာဒ္ဓ (သမိန်ဗြာဒ္ဓ)	၂၀၃	အမတ်ကြီး။ သေနာပတိကြီး။ မြန်မာတွင် ဗြတ်စ၊ ဗြတ်စ– ဟုလည်း ဆိုသည်။
ဗြတ်ဗြီ (ဗြာတ်ဗြီ)	၂၈	ယိုးဒယားပြည်ရှိ မြို့တစ်မြို့၏အမည်။
ဘယနန္ဒမိတ်	၁၈၈	ပန်းကျော်မြို့စား။
ဘုရင်မင်းခေါင်	၂၃၂	အင်းဝပြည့်ရှင်၊ ငယ်မည် မင်းဆွေ၊ ကန်စွန်းနိမ့်သူတွင် မြင်သောသား ဖြစ်သည်။
ဘောကနဲ (ဘဝ်ကဏဲ)	၁၆၉	ဗညားနွဲ့ကျွန်ရင်း။
ဘောကျော် (ဘဝ်ကျဝ်)	၂၀၂	ဒလစား မညိုက်ကောင်း၏သား၊ မညိုက်ကောင်းလွန်ပြီး ဒလစားဖြစ်သည်။
ဘောချို (ဘဝ်ချို)	၂၃၂	အိန်ကမ္ဘာအမည်ခံသည်။ လဝွန်းဗျည်းမြို့စား ဖြစ်သည်။ နောင် ဗြတ်ထဗဘွဲ့ခံသည်။ စောမဟာရာဇ်၏ ညီမ– မွေ့အခင်လေ (တလန်းသိရိ)၏သားငယ်။
ဘောခွန် (ဘဝ်ခွါန်)	၁၄၇	ဗညားဦး၏သားတော်တစ်ပါး။ နာ၍သေ၏။ မထင်ရှား။
ဘောင်မုန် (ဘဝ်ငါမုင်)	၁၈၀	ဗညားဒုတ်အမည်ခံသည်။ ဗညားနွဲ့ညီတော်၊ မအေကွဲ၊ ဖအေတူ။ ဗြတ်လိုင်းသူမိဖုရား ရာဇဒေဝီမှ မြင်သည်။
ဘောမွန်	၁၈၆	သီရိမနဘွဲ့ခံသည်။ ဗညားနွဲ့၏ကျွန်ရင်း။
	၁၀၂	ပဲခူးနှင့် ပုသိမ်နယ်မှ ရဲဘော် (၃) ကိုင်းကို စုဆောင်းပေးသော ဗညားနွဲ့၏ကျွန်ရင်း။
ဘောိယိ (ဘဝ်ယီ)	၁၂၇	ပဲခူးမှ ဒဂုန်သို့ ဗညားနွဲ့ထံ ကြေးနန်းအပွင့်တစ်ရာ ပို့သူ။
ဘောလဝွန်း (ဘဝ်လွန်)	၁၉၅	အဲဗြဗုန်၏သား။

www.burmeseclassic.com

www.burmeseclassic.com

အမည်ဝေါဟာရ	စာမျက်နှာ	အကြောင်းအရာ
ဘောသံကေး (ဘဝ်သံကေ)	၁၁၀	ဒဂုန်သား၊ ဗညားနွဲ့ကို ရွှေခွက် ၂၀– ဆက်၍ မြို့စားခွင့်တောင်းသော လူပေါတစ်ဦး ဖြစ်သည်။
ဘလွိက (တဘဝ်)	၁၃၁	ဂေါတမမြတ်စွာဘုရားထံ ဆဲတော်မောတ် ရခဲ့သူ တစ်ဦး၊ ဒဂုန်မှ မွန်ကုန်သည်။
မအောင်စိပ် (မအံင်စိပ်)	၁၁၇	ဆီသည် မယ်ပတ္တမြား၊ မွေမနိတ်၏ လင်၊ မချုပ်စိပ်(မချပ်စိပ်) ဟုလည်းခေါ်သည်။ မယား ကို ဗညားနွဲ့ကောက်ယူသဖြင့် ကြောက်၍ ပဲခူး သို့ပြေး၏။
မအိုင်လွတ် (မအောင်လတ်)	၁၁၅	ဒဂုန်မြို့တံခါးစောင့်။ မြန်မာမူတွင် ဗောကနဲ ဟု ဆို၏။
မကလွံ (မကံ့)	၃၃၇	ရာဇာဓိရာဇ်၏ ကျွန်တစ်ဦး၊ ညအချိန် ရေ ကြောင်းမှ ရာဇာဓိရာဇ် ဆုတ်ခွာရန် အကြံပေး သူ။
မဂဒါ	၁၄	မဂဒူး၏ညီတော်၊ နောင်ခွန်လော အမည်ခံ၏။ မင်းဖြစ်လျှင် စောရမ်းပရကွတ် ဘွဲ့ခံ၏။ မုတ္တမ တွင် ဒုတိယမင်းဆက်ဖြစ်၏။
မဂဒူး (မဂဒူ)	၁၃	ဂဒူးဟုခေါ်သော ခမောက်ရှည်ကို အစွဲပြု၍ မဂဒူးဟု ခေါ်ခြင်းဖြစ်သည်။ ဒုန်ဝန်းသား။
မဂဒူးခမ္မသတ်	၂၂	မဂဒူးပြုစုသော ခမ္မသတ်၊ နောင်တွင် ဝါရီရူး ခမ္မသတ်ဟု တွင်သည်။
မကြိုင်း (မကြင်)	၁၉၅	သံမောင်မြို့စား၊ သစ္စာဖောက်၍ လဝွန်းအိန် လက်ဖြင့် ခေါင်းဖြတ်ခံရသည်။
မဇပ်။ မုန်ဇုန်။ မပ်ဇပ်	၂၀	မဂဒူး၏ စကားဝှက်သုံးခွန်း။
မဇွဲကြောင်း	၂၈၁	စစ်တောင်းတိုက်ပွဲတွင် ဘုရင်မင်းခေါင်၏ အင်းဝတပ်သားများ ချီသည်။
မညီကံကောင်း (မညီကါကံင်)	၅၁	မင်းလက်ံနှင့် မွေ့ဒေါတို့၏သား ဖြစ်၏။ ရှင်စောဒလနှင့် ရှင်စောဥတို့၏မောင် ဖြစ်တော် သည်။ ဗညားနွဲ့၏ ဖအေကွဲ နောင်တော် ဖြစ်၏။ နောင် ဒလစားဖြစ်သည်။
မတနိုင် (မတနံ)	၁၀၁	ဆင်ကဲအမည်။ ဗညားနွဲ့ခြေးနားစဉ် ကူသူဖြစ် ၏။

www.burmeseclassic.com

www.burmeseclassic.com

အမည်ဝေါဟာရ	စာမျက်နှာ	အကြောင်းအရာ
မတယော်က် (မတယျက်)	၂၆	သမက်ဖြစ်သူ အခမမန်းလှည့်စား၍ ပုဂံသို့ အကြိမ်ကြိမ် အမှုထမ်းသွားရသူ ဖြစ်သည်။
မဒေ့ (မဒေအိ)	၁၀၉	ဒဂုန်တွင် သဘော်ကောက် ဖြစ်၏။ မဟာဒေဝီ၏ ကျွန်တစ်ဦးဖြစ်သည်။ ကလယ်နှင့် မွန်ကပြားဖြစ်၏။ မားပြီးသူဖြစ်၏။ မားနှောင့်ဖြင့် ရှိုက်မှု သေရ၏။
မဒွန် (မဒန်)	၁၈၂	သမိန်မရူးကို ကွပ်မျက်သူ။
မနူဟာမင်း	၂၈၉	သုဝဏ္ဏဘူမိ သထုံဘုရင်၊ ပုဂံသို့ သမီးဆက်သည့် မင်း၊ နောင် ပုဂံသို့ ပါတော်မူသည်။ ပုဂံတွင် မနူဟာမင်း၏ နန်းတော်ရာတွင် တည်သော နန်းဘုရားနှင့် မနူဟာဘုရားဟူ၍ ရှိသည်။
မနွန် (မနန်)	၁၈၆	စောနုသင် အမည်ခံသည်။
မပစ်နွဲ (မပေတ်နောယ်၊ မပေတ်နဲ)	၅၄	လောက်ဖြား၏ မယားကြီးမှမြင်သော သားငါးယောက်အနက် အငယ်ဆုံး။ နောင် မြောင်းမြတွင် ဗညားနွဲ့နှင့် ဆင်စီးချင်းတိုက်သည်။ သတ္တိကောင်းသော သူရဲကောင်းဖြစ်၏။ ဗညားနွဲ့ကိုရှုံး၍ ကျွန်မခံလိုတော့သဖြင့် အသေခံလိုက်သည်။ မြန်မာပုံနှိပ်မှုတွင် ဗျည်းနွဲ့ဟု ခေါ်၏။ မြန်မာပေမှုတွင် – မပစ်နွယ်– ဟု မွန်နှင့်အညီ လာ၏။
မပိုင်ဆရာ (အွာမပေင်)	၁၀၉ ၁၅၃	ဒဂုန်မြို့ရှိ သံဃရာဇာဖြစ်သည်။ ဗညားနွဲ့ကို ကူညီပြီး နောင် လူထွက်၍ အမှုထမ်းသည်။ (စက်လောန်) စက်လွန်းဘွဲ့ခံသည်။
မဗဂိုး (မဗဂေါ)	၁၀၅	သမိန်မရူးကျွန် ဖြစ်သော်လည်း ဗညားနွဲ့အသွားအလာကို ထောက်လှမ်းရာမှ ဗညားနွဲ့ဘက် ပါသွားသူဖြစ်၏။
မမွေးကလော (မမဲက့်)	၁၁၄	ဒဂုန်တွင် ဗညားနွဲ့အတွက် မင်္ဂလာအိမ် ဆောက်ရန် တာဝန်ယူသော ဗိသုကာအမည်။
မမွန်လောက် (မမည်လိုက်)	၁၀၂	ဆင်ကဲအမည်၊ ဗညားနွဲ့ ခြားနားစဉ် ကူသူဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com

အမည်ဝေါဟာရ	စာမျက်နှာ	အကြောင်းအရာ
မရူး (သမိုင်မရူး)	၁၀၃	ဗညားနွဲ့၏ ယောက်ဖတော်၊ တလမေသိရိ၏ ကြင်ရာမျောက်သားတော်၊ နောင် မဟာဒေဝိနှင့် သတင်းကြိုးသူဖြစ်သည်။ ဗညားဦးလက်ထက် တိုက်ပွဲတွင်ကျဆုံးသော ဗိုလ်မင်းတစ်ဦး၏သား။ လူကြမ်းဖြစ်သည်။
မလဂွန်း (မလဂန်)	၆၀	လက်လှစ်မြို့ကို စားရ၍ သမိန်သံပြတ်ဘွဲ့ဖြင့် ဗညားဦး ချီးမြှင့်တော်မူသည်။ လောက်ဖြား၏ ညီဝမ်းကွဲတော်သော်လည်း ဗညားဦးဘက်ဝင်စား၍ အမှုတော်ထမ်းသည်။ နောင် သန်လျင်မှနေ၍ ဗညားဦးကို ပုန်စားမည်ပြုစဉ် မိုးကြိုးပစ်၍ သေရသည်။
မလွယ်တံခါး (မလော်)	၁၀၀	ပဲခူးမြို့၏ တံခါးအမည်။
မသံ (မသာ်)	၆၈	ဓိပ်ဖြူ၏ညီတော်ဖြစ်၏။ သံလှစ်(သာ်လှော်)ဟု အမည်ခံ၍ တိုက်ကုလားကို စားရသည်။
မသံကော	၁၈၆ ၁၈၇ ၁၇၆	သံလှိုက်(သာ်လှော်) အမည်ခံသည်။ သံလှစ်လည်း ခေါ်သည်။ ဒုန်ဝန်းကိုစားရသည်။ ဒဂုန်မြို့ကို စောင့်ခဲ့သည်။
မသံဇီ	၁၄၃	ငှက်ပျောဥယျာဉ်၊ ယင်းနေရာတွင် မရူးတို့ခေါင်းဆောင်မင်္ဂလာပြုကြသည်။
မသံလုံ (မသာ်လုံ)	၁၉၅	တရည်းစား သံဖြတ်ကျွန်၊ နောင် လဂွန်းအိန်ဘွဲ့ခံသည့် သူရဲကောင်း၊ မင်္ဂြိုင်းကို သတ်သည်။
မသင်	၁၈၆	ဘောဂရာဇာ အမည်ခံသည်။ ဗညားနွဲ့၏ စာရေး။
မသန်း (မဲ့စန်း) (မသာန်)	၃၈၂	မွန်သူရဲကောင်း။ သမိန်ဖြတ်ထဗ ဘွဲ့ခံသည်။ ရဟန်းလူထွက် ဘယ်ညာ နှစ်ဖက်သန်သူ ဖြစ်၏။
မသိန်	၁၈၆	စောနုသိန် အမည်ခံသည့် ဗညားနဲ့ကျွန်ရင်း။
မသောက် (မသိုက်)	၈၂	ဗညားနွဲ့၏ အချိုတော်၊ သံလှစ်ဘွဲ့ခံသည်။
မသွတ်တွပ် (မသတ်တပ်)	၁၁၆	ဒဂုန်တွင် ဗညားနွဲ့အား လူငါးရာစုရုံးပေးသူ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

အမည်ဆေါ်ဟာရ	စာမျက်နှာ	အကြောင်းအရာ
မဟာဒေဝီ	၂၉–၄၂ ၅၉–၆၈ ၇၅	စောဇိပ်နှင့် စန္ဒာမင်းလှတို့ သင့်၍မြင်၏။ ငယ်မည်မှာ မွေ့နဖြစ်သည်။ ဗညားဦး၏ အစ်မတော်ဖြစ်၏။ နန်းတွင်းရေးကို စီမံ၍ မရွေးနှင့်ရွှပ်သည်။ ဒဂုန်မြို့စား။
မဟာသမ္မန်	၂၂၆ ၂၂၈	ပညာရှိမွန်အမတ်ကြီး။ "မိဘအကျင့်–သားကျင့်၊ သခင်အကျင့် ကျွန်ကျင့်" ဟူသော စကားကို ဆိုသည်။ (ကောန်ကိုင်္ဂန်း ဖုံဒွေတ်မိမ။ ဦးက်ကိုင်္ဂန်း ပုံဒွေတ်တူ)
မိကျောင်းရုပ်လှေ (ဂျင်ကျာ်)	၃၃၀	လဝွန်းအိန် စီးသည့်လှေ။
မိဆွေ (မိဆုံ)	၁၃၂	မဟာဒေဝီ၏ စစ်ဗိုလ်မတစ်ဦး။ အခြားနှစ်ဦးမှာ မိသလ(မိသွ)နှင့် မိဓု– ဖြစ်သည်။
မိမဆံ (မိမဆာံ)	၄၂	စောဇိပ်နှင့် မေနှင်းထပီတို့သင့်၍ မြင်သော သမီးတော်၊ ဗညားဦးနှင့် ဖအေတူမအေကွဲ နှမတော်၊ ဖြတ်ထဗနှင့် ပေးစား၏။
မိမင်းနွေးလွတ် (မိမင်နုံလတ်)	၁၁၇	မဟာဒေဝီ၏ ကျွန်မ။
မူနိုက်ဘုရား (ကျာ်မုဟ်နာ်)	၁၁၇	ဒဂုန်မြို့ပြင်ရှိ ဘုရားတစ်ဆူ။ နဂါးစွန်းဘုရားဟု အနက်ရသည်။
မုညတ်ရွာ (မုဟ်ညာတ်)	၇၂	ဗညားနွဲ့နှင့် တလမေဒေါတို့ ထွက်ပြေးကြစဉ် ပြန်လည်ဖမ်းမိသော ရွာအမည်။
မုတ္တမ (မုဟ်တမအ်)	၁၃	တောင်စွန်း၊ ကျောက်စွန်းဟု အနက်ရသည်။ အချို့က မျက်စိသုံးလုံးဟူသော ဒဏ္ဍာရီကို ယူသည်။
မုဓရေ (မုဟ်ဓရဲ)	၈၂	ရွာအမည်။
မုသမု (မုဟ်သ္ဂု)	၁၉	ကတိုးအနီး ဘုရားဖြူနေရာ။
မေနှင်းကေသရာ	၂၀၀	ဒုန်ဝန်းတွင် ပုန်စားသော လှလှစ်သမီး။ လဝွန်းအိန်ကို ပေးစားသည်။
မေနှင်းထပီ	၃၉	စောသင်မောင်ဘွဲ့ စောအောမင်း (တတိယ

www.burmeseclassic.com

www.burmeseclassic.com

အမည်ဝေါဟာရ	စာမျက်နှာ	အကြောင်းအရာ
(မေဏ္ဍင်ထပီ)		မင်းဆက်)ကို သောက္ကတဲမင်းက ဆက်လိုက်သော ယိုးဒယားမင်းသမီး။
မေနှင်းသိန်ဒျာ	၃၀	ဝါရီရွာ၏သမီး၊ ပဲခူးမင်း တရဖျားထံဆက်၍ မိတ်ဖွဲ့သည်။
မေနှင်းသွယ်တာ (မေဏ္ဍင်သေဒ္ဓာ)	၁၈	မဂဒူးနှင့် ရည်ငံသော သောက္ကတဲမင်းသမီး။
မောတရုတ် (မုဟ်ကြုက်)	၁၂၄	တဘောင်စနည်းနာ၍ နိမိတ်သီချင်းရသည့် ပဲခူးမြို့တံခါး။
မောသပျော့ (မုဟ်သပျော်)	၁၇၆	ဒဂုန်နှင့် ဝါဂမောအနီးရှိ ရေတပ်စခန်းအမည်။
မောခွင် (သမိန်မောခွင်)	၂၅၇ ၂၇၂	ဗိုလ်မင်းတစ်ဦး၊ သန်လျင်မြို့စားလည်း ဖြစ်သည်။
မောမသံ	၁၄၃	သမိန်မရူးတို့ အောင်နိမိတ်ခံ၍ ခေါင်းဆေးသည့် နေရာ။
မောဒုန် (မုဟ်ဥုင်)	၄၉	မြို့အစွန်းဟု အနက်ရ၏။ (မုဒုံ)
မောလိုင်းသောင်စီဘုရား (ကျာ်မုဟ်လေင်သံင်စီ)	၂၈၈	မွန်မြန်မာ သေနာပတိများ သစ္စာပြုရန် ချိန်းသည့် နေရာ။
မောသဖြု	၁၄၆	သမိန်မရူး တပ်လျင်ချသည့်စခန်း၊ ဒဂုန်အနီး။
မော်ဓေါ (မုဟ်တ)	၉၈	ပဲခူးမြို့တံခါးအမည်။
မော်လမြိုင် (မတ်မွဲလို)	၂၂၁	မျက်စိတစ်လုံးပျက်သည်ကို အစွဲပြု၍ ခေါ်သော မြို့အမည်။ မုတ္တမနှင့် တစ်ဖက်ကမ်း၌ ရှိ၏။
မင်းကန်စိ (မင်ကါန်စိ)	၉၉	ရဟန်းသာမဏေဘဝမှ လူထွက်၍ ဗညားနွဲ့အား အခါပေးဦးပုည လုပ်ခဲ့သည်။ ရာဇမနုဘွဲ့ခံသည်။ ပညာရှိဖြစ်သည်။
မင်းကြီးစွာစော်ကဲ	၁၈၇	အင်းဝဘုရင်၊ ဘုရင်မင်းခေါင် ခံမည်းတော်၊
မင်းချစ်စော	၁၈	ပုဂံမင်း၏ တူတော်၊ ဝါတနောကို လုပ်ကြံရန် စုန်ခဲ့၏။ ဝါတနောကို မရဘဲ ခွာပြေးရ၏။
မင်းဆွေနှစ် (မင်သေဒ္ဓနေတ်)	၁၈၈	မြင်စိုင်းမြို့စား၊ ဘုရင်မင်းခေါင်၏ ငယ်မည် (မင်းဆွေ)

www.burmeseclassic.com

www.burmeseclassic.com

အမည်ဝေါဟာရ	စာမျက်နှာ	အကြောင်းအရာ
မင်းဇွဲတနန် (မာံဇြိတဏ္ဍင်)	၈၁	ရာဇာပုရောဟိတ် ဖြစ်သည်။
မင်းဒကာ	၁၅၅	ဗညားနွဲ့ထံ မဟာဒေဝီလွတ်သည့် တမန်။
မင်းဒေဝ	၁၂၇	ဗညားနွဲ့ကျန်။ ဒဂုန်မှပဲခူးသို့ လွတ်၍ တဘောင် စနည်းနာရာ၌ ဦးဆောင်သူ။
မင်းနတ်တော်	၃၂၉	မင်းရဲကျော်စွာ၏ တမန်တော်၊ ရာဇာဓိရာဇ်ထံ သွားရသူ။
မင်းနေမိ	၂၂၄	တောင်ငူစား။
မင်းနားကျယ်	၁၈၇	မင်းကြီးစွာစော်ကဲ၏ သားတော် အိမ်ရှေ့မင်း၊ ဆင်ဖြူရှင်ဟုလည်း ခေါ်၏။
မင်းပုလဲ	၂၂၄	ပေါက်မြိုင်မြို့စား။
မင်းရာဇာ (မင်မဟာရာဇာ)	၂၆၉၊ ၂၇၀၊ ၂၇၇	ဘုရင်မင်းခေါင်၏ ပညာရှိအမတ်ကြီး။
မင်းရဲကျော်စွာ	၂၂၄	ဘုရင်မင်းခေါင်၏သားတော်။
မင်းရဲသိင်္ဂီသူ (မင်သိင်္ဂီသူ)	၂၃၄	ဘုရင်မင်းခေါင်၏ သားတော်၊ ရာဇာဓိရာဇ်သမီး တလမေကျော်နှင့် လက်ဆက်သည်။ သီဟသူကို ဆိုလို၏။
မင်းရံဒလောစရွာ (မင်ရံဂွစ)	၁၁၂	မင်းရံနွားစားသောရွာ–ဟု အနက်ရသည်။ ၎င်းရွာတွင် မင်းရံနှင့်အဖော်များ နွားသတ်စား၍ သစ္စာပြုကြသည်။ ဒလော = နွား။ ရှေးမွန်တွင်– လော်ဝ် – ဟုရေးရာမှ ၊ ဇလော်ဝ်– ဒလော်ဝ်– ဒလော– ဒလ်– ဂလ်– ဂ္ဂ ။ ဟူ၍ ပြောင်းလာသည်။
မင်းသိဒ္ဓတ် (ရှင်သိဒ္ဓတ်)	၂၃၂	ဘုရင်မင်းခေါင်၏ ညီတော်၊ ရာဇာဓိရာဇ်ထံ ခိုလှုံသည်။
မင်းသိရိသူ (မင်ဩိသူ)	၄၂၄	သီဟသူကို ဆိုလို၏။
မင်းလင်္ကာ	၄၂	စောဓိပ်နှင့် မေနှင်းထပိတို့သည် ဤမြင်သောသား ဖြစ်၏။ မိမဆံ၏မောင်လေးအရင်း ဖြစ်၏။ ဗညားဦးနှင့် ဖအေတူ၊အေကွဲ တော်စပ်သည်။ နောင် ညီကောင်းမိန်အမည်ခံ၍ ပဲခူးကို စားရ၏။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

အမည်ဝေါဟာရ	စာမျက်နှာ	အကြောင်းအရာ
		နောင်တော် ဗညားဦးကို ပုန်စား၍ ကွပ်မျက်ခံရ၏။ ၎င်း၏မယား မွေ့ဒေါကို ခယ်မဖြစ်၍ ဗညားဦး မိဖုရားမြှောက်ပြီး ဗညားနွဲ့ကို မြင်သည်။
မင်းလုမြတ်	၂၇၀	ဘုရင်မင်းခေါင်၏ နှမတော်၊ သုပဘာဒေဝီဟု ဘွဲ့ပေး၍ ရာဇာဓိရာဇ်နှင့် လက်ဆက်သည်။
မည်ဦးစည်	၂၃၁	ရာဇာဓိရာဇ်၏ မိဖုရားအမည်၊ သီရိမာယာဒေဝီဘွဲ့ခံသည်။ အမတ်စောရဲဗိန်၏သမီး။
မိုးဒလ (မုဟ်ဒလ)	၁၁၃	ဒလစွန်းဟု အနက်ရသည်။ ထိုစဉ်က ဒလမြို့သည် ယခု တွံတေးမြို့နေရာဖြစ်သည်။ မိုးဒလတွင် ညောင်ရေသွန်းပွဲလုပ်စဉ် မဟာဒေဝီသည် ကွမ်းသီးစိမ်းတွင် ထုံးထည့်၍ မရူးအား စားစေပြီး ပြုံးသည်။ မင်းညီနောင်များမြင်၍ ရှက်ကြသည်။
မို့ဂစ်	၁၈၁	သမိန်မရူးကို ဖမ်းမိသောစခန်း။
မြသီတင်းဘုရား (မြင်သီတ)	၂၆၇	ပြည် ရွှေဆံတော်ဘုရား၊ ရာဇာဓိရာဇ်နှင့် ဘုရင်မင်းခေါင်တို့ သစ္စာပြုကြသည့် ဘုရား၊ သုသောဓိတ မဟာရာဇဝင်ကြီး ပ-တွဲ၊ ၁၇၄-တွင် ပြည်ဆံတော်ဘုရားကို မြသီတင်း တွင်ကြောင်း ဆိုသည်။
မြေးများဖွားလေ	၃၃၀	စည်သူစီးသည့်လေ။
မြောင်တလွဲ (မြိုင်ထဲ)	၄၁	စောဓိပ်လက်ထက် သမိန်ညီစန်ကို တပ်မင်းခန့်၍ တိုက်စေသည့်မြို့။
မွေ့ခဒွန်မွတ် (မျော်ခဆောင်မတ်)	၁၅၆	သမိန်ဓိပ်ဖြစ်၏ သမီးကြီး၊ နောင် ဗညားနွဲ့ကို ဆက်သည်။ မယ်မျက်လုံးဟု အနက်ဆောင်သည်။
မွေ့.မနိတ်။ မွေမနိတ် (မျော်မွိုက်)	၁၁၇ ၁၄၇	ဒဂုန်မြို့သူ ဆီကုန်သည်၏အမည်၊ ယင်ပဝတ္ထုမြားဟု အနက်ရသည်။ လင်ရှိမယားဖြစ်သော်လည်း ဗညားနွဲ့ကြိုက်၍ ခေကာက်ယူသည်။ မိဖုရားကြီးဖြစ်သော် ပိသရာဇာဘွဲ့ ခံသည်။
မွ.မသင်	၁၈၀	နဂ္ဂဒါရွာသူ၊ ဗညားနွဲ့ကောက်ယူပြီး မိဖုရား

www.burmeseclassic.com

www.burmeseclassic.com

အမည်ဝေါဟာရ	စာမျက်နှာ	အကြောင်းအရာ
(မျော်သင်)		မြှောက်သည်။ ဒလသုဒ္ဓမာယာဘွဲ့ ခံသည်။ ရှင်စောပု၏ မယ်တော်ဖြစ်သည်။
မွေ့.အခင်လေ	၂၃၂	စောရဲဗိန်၏ နှမ၊ တလနှင်းသီရိ ဘွဲ့ခံသည်။
မွေ့.အဲလော (မျော်အဲလော)	၇၈	ဗညားနွဲ့၏နို့ထိန်း၊ ဗညားနွဲ့ ဒဂုန်သို့ခြားနား စဉ် မွေ့.အဲလောကို မဟာဒေဝီလွတ်၍ ခေါ်စေသည်။
မွေ့.အစ် (စန္ဒာမင်းလှ အမည်ခံသည်)	၅၁	ဗညားဉီး၏ မိဖုရားဖြစ်၏။ သားသမီး မထွန်းကား၊ သံဗုန်အမတ်၏ သမီးကြီးဖြစ်၏။
မွေ့.အုန်နောင်	၂၃၁	ရာဇာဓိရာဇ်၏ မိဖုရားအမည်၊ အမတ် စောရဲဗိန်၏သမီး။
မွေ့.အောက်မိဖုရား	၂၃၁	ရာဇာဓိရာဇ်၏ မိဖုရား၊ လောကဒေဝီဘွဲ့ခံသည်။ အမတ် စောရဲဗိန်၏ သမီး။
မွေ့.ဣဂစ်	၂၆	ပဲခူးမြို့သူတစ်ဉီး။ အခမမန်း၏ အမိ။
မွေ့.ခိုင်မွေ့.ခွတ် အင်းလျား (လှာမုဟ်ခိုဟ်မုဟ်ခေါတ်)	၂၈၉	အင်းလျားအမည်။
မွေ့.ဇိပ်	၅၁	စန္ဒာဒေဝီဘွဲ့ခံ ဗညားဉီးမိဖုရား၊ သံဗုန်အမတ်၏ တတိယသမီး ဖြစ်၏။ မွေ့.ဇိပ်တွင် သမီးတစ်ယောက် ထွန်းကား၍ တလမေဒေါ (တလမေဒ) တလမည်ဒေါဟု တွင်၏။
မွေ့.ဒေါ (မျော်ဒ)	၅၁	ညီကောင်သိန် အမည်ခံ မင်းလက်ံာ၏မယား၊ ဗညားဉီး၏ ခယ်မဖြစ်၏။ ညီတော်ပုန်စား၍ ကွပ်မျက်ပြီး မွေ့.ဒေါကို မိဖုရားမြှောက်သည်။ မွေ့.ဒေါတွင် ညီကောင်သိန်နှင့်သင့်၍ သမီးနှစ်ယောက်၊ သားတစ်ယောက်ရှိ၏။ သမီးမှာ ရှင်စောဒလနှင့် ရှင်စောဥဖြစ်၍ သားမှာ မညိုက်ကောင်း ဖြစ်သည်။ နောင် ဗညားဉီးနှင့်သင့်၍ ဗညားနွဲ့ကို မြင်သည်။ ဗညားနွဲ့၏ မယ်တော် ဖြစ်သည်။
မွေ့.ဒေါ (၃) (မျော်ဒ)	၅၃	လောက်ဖြား၏ မယား၊ ၁၆–ယောက်အနက် တစ်ယောက်ဖြစ်၏။ စောအဲဗညား၏ မိခင်

www.burmeseclassic.com

အမည်ဝေါဟာရ	စာမျက်နှာ	အကြောင်းအရာ
		ဖြစ်၏။ ဗညားနွဲ့၏ မယ်တော်နှင့် အမည်တူ ဖြစ်သည်။
မွေ့.နု (မွေ်နု)	၄၂	စောဇိပ်နှင့် စန္ဒာမင်းလှတို့သင့်၍ မြင်သော သမီးတော်၊ နောင် မဟာဒေဝီဟု တွင်သည်။ မောင်တော်အငယ် တစ်ယောက်ရှိရာ ဗညားဦးဟု တွင်၏။
မွေ့.နဲ့ (မွေ်နေအဲ)	၄၂	စောဇိပ်နှင့် နှင်းအံပိုခေါ် စန္ဒာမင်းလှတို့ သင့်၍ မြင်သည်။ ငယ်ရွယ်ကပင်သေ၏။ မဟာဒေဝီနှင့် ဗညားဦးတို့၏အစ်မ။
မွေ့.လှာခေါင် (မွေ်လှာခိုင်)	၃၀ ၃၁	ပဲခူးအနီးရှိ အင်းလျားကြီး၊ ယင်းစခန်းတွင် တရဖျားက ဝါရီရူးကို အကောက်ကြဲသည်။ ဝါရီရူး နိုင်သည်။
မွေးမဂူသောက် (မိမဂေါဝ်သော်)	၄၇	ဖြတ်လိုင်းရွာသူ အလှထိပ်ခေါင်၊ ဗညားဦးမင်းဖြစ်လျှင် ကောက်ယူသည်။ ရာဇာဒေဝီဘွဲ့ခံသည်။
ယောဂရတ် (ယောဂရာတ်)	၇၄ ၂၃၄	သေနာပတိဗိုလ်မင်း၊ ဗညားဦးနှင့် ရာဇာဓိရာဇ်လက်ထက်။
ယင်းယိမ် (ယင်ဒိုန်)	၄၉	သထုံအနီး ရင်းငြိမ်ကို ဆိုလိုသည်။
ရာဇနော်ရထာ	၂၃၀	မင်းကြီးစွာစော်ကဲ၏ တပ်မင်းစစ်ကဲ၊ ကူထွတ်မြို့စောင့်။
ရာဇသူ	၂၂၅	တလုတ်မြို့စား။
ရာဇသင်္ကြံ	၃၀ ၂၂၄	ပုဂံမင်း၏အမတ်၊ ဒလကို လုပ်ကြံသော်လည်း ဒလကိုမရဘဲ ဆုတ်ပြေးရ၏။ စစ်ကိုင်းစား ဖြစ်သည်။
ရာဇာဒေဝီ	၅၁	ဖြတ်လိုင်းရွာသူ မွေးမဂူသောက်၏ဘွဲ့၊ ဗညားဦး မိဖုရား၊ ဘောဓိမုနှ် (ဘဝ်ဓိမုဉ်) ဟူသောသားတစ်ပါး ထွန်းကားသည်။
ရာဇာဓိရာဇ်	၁၈၃	ဗညားနွဲ့ဘွဲ့၊ မင်းတကာ့မင်းဟု အနက်ရသည်။
ရာဇာမနု	၃၃၆	ရာဇာဓိရာဇ်၏ သားတော်အလတ် ဗညားရံ၊ မြောင်းမြမှ ပြည်ရှိ ဗညားကျန်းနှင့်အတူ

www.burmeseclassic.com

www.burmeseclassic.com

အမည်ဝေါဟာရ	စာမျက်နှာ	အကြောင်းအရာ
		စစ်ကူလာသည်။
ရာမရာဇဝံသမင်း	၄၂၇	သမိန်ဗရမ်းနှင့် အင်းဝမင်းသမီးသင့်၍ မြင်သည့် သားတော်၊ အင်းဝတွင် ၂၆-နှစ်မျှ နန်းစံရသည်။ ဘုရင်မင်းခေါင်၏ မြေးတော်၊ မြန်မာမူဋ္ဌ မတွေ့ရ။
ရဲသင်ရဲ (ရတ္တသံင်ရဲ)	၁၇၃ ၁၄၂	မွန်အမတ်၊ ဗိုလ်မင်း။
ရံဇတော	၄၁	မုတ္တမအနီးရှိ ဆင်ရံသည့်တော။
ရန်အောင်မြင်ဘုရား (ကျက်ဇွန်းသတြဲ)	၁၈၁	ဗညားနွဲ့မင်းသား အောင်မြေနင်း၍ ရွှေနန်း တက်ရန် ပဲခူးမြို့အနီးတွင် တည်ထားသည့် စေတီငယ်တစ်ဆူ။
ရှင်မိနောက် (မိယာဏ်ဇင်)	၂၂၂	မင်းရဲကျော်စွာ၏ မယ်တော်။
ရွှေကြက်ယက်ဘုရား	၂၃၅ ၂၅၂	အင်းဝအနီး၊ ဇရာဝတီမြစ်ကမ်းအနီးတွင် ရှိသည့် ဘုရား။
လဝွန်းအိန် (လွန်အိန်)	၁၉၅ ၂၀၀	ငယ်မည်- မသဲလုံ။ ရာဇာဓိရာဇ်၏ သူရဲကောင်း။
လဝွန်းဗိဒျာ	၃၃	ယိုးဒယားမြို့အမည်။
လဝွန်းဗျဉ်း (လွန်ဖေန်)	၄၉ ၁၉၄	ဒုန်ဝန်းအရှေ့ဘက်၌ တည်သည့်မြို့။ မုတ္တမအနီး၌ ရှိဟန်တူသည်။
လဗူတော	၅၂	မုတ္တမအနီးမှ ဆင်ရံသည့်တော ဖြစ်၏။ လဗူတောတွင် ဗညားဉီး ဆင်ရံသွားစဉ် မုတ္တမတွင် ဖြတ်ထဗတို့ ပုန်စားကြသည်။
လဗုန်မြို့	၄၀	ဇင်းမယ်အနီး မွန်မြို့တော်ဟောင်း လန်ဖွန်းကို ဆိုလိုဟန်တူ၏။ ယိုးဒယားမြို့။
လဗေါ (လဗ)	၁၀၆	ဗညားနွဲ့ ဒဂုန်သို့ခွာရာ၌ ရပ်နားသည့်နေရာ။
လဲဇကြော (လဲဇကြော)	၁၀၃	လယ်ပြင်သား ရဲဘော် ၃၀-နှင့် ဗညားနွဲ့ ချိန်းတွေ့သည့် နေရာ။
လောက်ဖြား (လိုက်ဖြာ)	၅၃ ၆၀	မြောင်းမြတွင် အခိုင်နေ၍ ဗညားဉီးကို ပုန်စား၏။ ဖြတ်ထဗ၏ညီဖြစ်၏။ လောက်ဖြားတွင် သားသမီး မွေးသော မယား ၁၆-ယောက်ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com

အမည်ဝေါဟာရ	စာမျက်နှာ	အကြောင်းအရာ
		သားသမီးပေါင်း ၇၀– ရှိသည်။ မယားအမည်နှင့် သားသမီးအမည်များကို စာမျက်နှာ ၅၃၊၅၄ တွင် ဖော်ပြ၏။ သား– ၅၅၊ သမီး– ၁၅ ယောက် ဖြစ်၏။
လောက်နရိန် (လိုက်နရိန်)	၂၁၆	လောက်ဖြား၏သား၊ ပုသိမ်စားရာမှ ရာဇာဓိရာဇ်ကို ကြောက်၍ သံတွဲသို့ပြေးရသည်။
လောက်ရုန် (လိုက်ရုင်)	၂၀၂	လောက်ဖြား၏သား၊ ပုသိမ်တွင် ဗညားနွဲ့ကို ခံသည်။
လောက်သိန် (လိုက်သိင်)	၂၀၂	ပုသိမ်တွင် ရာဇာဓိရာဇ်ကိုခံသည့် လောက်ဖြား၏သား။
လက္ခဏာဗျူ	၂၉	အခမမန်း၏ ယောက်ဖတော်ဖြစ်သည်။ အခမမန်းကိုသတ်၍ ပဲခူးတွင် မင်းလုပ်သည်။ ရှစ်ရက်အကြာတွင် အချဲ့မွန် လက်ချက်ဖြင့် သေရ၏။
လက္ခာကြီး	၂၂၅	ငစဉ့်ကူစား။
လက္ခာပျံချီ	၃၂၄	လောက်ဖြား၏သား၊ အင်းဝကျွန်ခံသဖြင့် ပြည်စားအဖြစ် ဘုရင်မင်းခေါင်က သူကောင်းပြုသည်။
လက်လှစ်မြို့ (လက်လှော်)	၆၀	မြောင်းမြစား လောက်ဖြား ဝင်တိုက်သောမြို့ဖြစ်၏။ နောင် လောက်ဖြား၏ညီဝမ်းကွဲတော်သူ မလဂွန်းကို မြို့စားအဖြစ် ဗညားဦးခန့်သည်။ မြန်မာမူတွင် လက်ခိုက်မြို့ဟုပြ၏။
လင်းလွန်းပင် (တံဖုပိန်)	၁၃၁	ဒဂုန်မှ မွန်ကုန်သည်ညီနောင် တဖုသနှင့် ဘလွိကတို့ ဘုရားထဲ ဆံတော်ဓာတ် ရသည့်နေရာ။
လည်ဂလိ	၁၅၂	ဟံသာဝတီကို ဆိုလိုသည်။
လိုက်ဂီ (လောက်ဂီ)	၂၃	မဂဒူး၏အမတ်။ သောက္ကတဲမင်းထံ ဘွဲ့တော်ခံရန် လွှတ်သည်။ လောကကြီး–ဟု ခေနက် ဆောင်သည်။ ပါဠို = လောက၊ လောက် = လိုက်။ မြန်မာ– ဂီ– ဂြီ– ကြီးသည်။
ဝါတနော (ဝါတ)	၁၀၂	ဘောမွန်၏ မိဘရွာ။

www.burmeseclassic.com

www.burmeseclassic.com

အမည်ဝေါဟာရ	စာမျက်နှာ	အကြောင်းအရာ
ဝါရိရူး	၂၂	မဂဒူးဘွဲ့၊ သုဒေါဒါယ- သောကကွဲတဲမင်း
(ဝါရေဝ်ရောဝ်)	၂၅	ပေးသည့်ဘွဲ့။
ဝါရိရူး ဓမ္မသတ်	၂၂	မဒဂူးမင်း ပြုစုသော ဓမ္မသတ်။
သတိုး	၂၉၂	မိုးညှင်းသတိုး၊ လဂွန်းအိန်နှင့် တွဲသူ။
သထုံ	၃၀	ဟင်္သာတအနီး မြို့တစ်မြို့အမည်။ မြန်မာမူတွင် ကျွန်းသတိုးဟု ပြ၏။
သထုံပြည်	၂၈၉	သုဝဏ္ဏဘူမိ၊ မုတ္တမအနီးရှိ မွန်မြို့တော်ဟောင်း
(ဒျုင်သဓိ)		သုဓမ္မဝတီဟု တွင်ခဲ့သည်။ သုဓမ္မ- သုဓမ်- သထုံ။
သမိန်အဲကံကောင်း	၄၁	သမိန်ညီစန်၏ အချိုတော်ဖြစ်၏။ အဲကံကောင်း
(သိုင်အဲကါကံင်)		၏ မယားမှာ စောဇိပ် (စတုတ္ထမင်း)၏ မရီး
		တော်ဖြစ်၏။ အဲကံကောင်း အနီစွရောက်စဉ်
		မယားမှာ ပဋိသန္ဓေဖြင့်ရှိ၏။ စောအဲပြသတ်ကို
		မြင်၏။ လောက်ဖြားဖ၏ ဘိုးတော်ဖြစ်၏။
သမိန်ငေါ	၄၅	စစ်တောင်းစား။
(သိုင်ငဝ်)		
သမိန်ဇအဲ	၄၁	စောဇိပ်(စတုတ္ထမင်း) လက်ထက်၊ မြောင်းမြစား
(သိုင်ဇအဲ)		ဖြစ်၏။ စောဇိပ်ကို ပုန်စား၍ အဖမ်းခံရ၏။
သမိန်ညီစန်	၄၂	စောအဲပြသတ်၏သား။ စောဇိပ် (စတုတ္ထမင်း)
(သိုင်ညီစာန်)		လက်ထက်တွင် ပုသိမ်စားဖြစ်၏။ စောဇိပ်ကို
		ပုန်စား၍ အဖမ်းခံရသည်။ နောင် စောဇိပ်ထံ
		ကျွန်ခံပြန်၏။
သမိန်ညီရာတ်	၄၀	စောအောလက်ထက် တနင်္သာရီကို လုပ်ကြံ၍
		နိုင်သောအမတ်။
သမိန်မြောင်းမြ	၃၈	မဂဒူးနှင့် မဂဒါတို့၏ ယောက်ဖတော်။ နှင်းဒ
(သိုင်မံင်မလ)		ရိုင်၏ ကြင်ရာတော်ဖြစ်၏။
သမုဒ္ဒာ	၂၆၉	ဗြဟ္မဒတ်မင်း၏သမီး။ နဂါးမင်းနှင့် စုံဖက်သည်။
သရဖေဂျာဏ်	၁၁၁	ဇာတိသရဂျာဏ်ကို ဆိုလိုဟန်တူသည်။
သရေစည်သူ	၂၂၄၊ ၂၉၂	မြင်စိုင်းသား။
သရေသင်ခရာ	၂၂၄	ပင်လယ်မြို့စား။
သာဝတ္ထိ	၂၅၇	ပြည်အနီး ရာဇာဓိရာမ် တပ်စခန်းအမည်။
(သာရဝတ်)		

www.burmeseclassic.com

www.burmeseclassic.com

အမည်ဝေါဟာရ	စာမျက်နှာ	အကြောင်းအရာ
သားများမိလော့	၃၃၀	ဥဇနာစီးသည့်လော့။
သခ်ိဳယာ	၂၂၅	မြေထဲစား။
သိဃ့်တ္တရတောင်	၁၃၁	လေးဆူဓာတ်ပုံ ရွှေတိဂုံဘုရား တည်ရာကုန်းမြင့်။
သိဃ်သူ	၂၂၅	စကုစား။
သိဒ္ဓိသောမ (သဒ္ဒသီ၊ သုဒ္ဒသို)	၃၄၄	ရာဇာဓိရာဇ်ဘွဲ့သစ်၊ မဟာသုတောသောမ မင်းကို ဆိုလိုသ်။ နိပါတ်တော်- ၅၃၇၊ မြန်မာတွင် သစ်တသုံ၊ သုတသုံ။ သောတ္တသုမ်- ဟူ၍ ရေးသ်။
သီလဝ	၂၂၄	ရမည်းသင်းစား။
သီလဝ	၂၁၉	ဗညားနွဲ့လက်အောက် ပုသိမ်စား။
သီဟပတော့	၂၂၄	တောင်တွင်းစား။
သီဟိဠ်မင်း(သိင်ဃိုဠ်)	၅၀	မြန်မာမူတွင် သိန်းခိုမင်းဟု ဆိုသ်။
သုတသောမဇာတ် (ဓဝ်သုဒ္ဒသို)	၂၇၇ ၅၃၇	မဟာသုတသောမဇာတ်- အမှတ် ၅၃၇။ လူသားစား ပေါရိသာဒအား တရားပြသူ။
သုတသောမရာဇာဓိရာဇ် (သဒ္ဒသီ၊ သုဒ္ဒသို၊ သိဒ္ဓိသောမ)	၄၂၀	ရွှေတိဂုံ မွန်ကျောက်စာလာ ရာဇာဓိရာဇ်သ် ဘွဲ့။ မြန်မာတွင်- သစ်တသုံ-ဟု ပြောင်းသည်။
သုဒေါဓမ္မရာဇာဓိရာဇ်	၄၁၉	ရာဇာဓိရာဇ်သ်၏ သားတော်ကြီး ဗညားကျန်း။ ဓမ္မရာဇာဟုလည်း ထင်ရှားသည်။
သံကျင်မြို့ (သာံကျောင်)	၂၁၇	ဒလချစ်သင်ကို စားစေသည့် ပုသိမ်အနီးရှိ မြို့။
သံဒေါ (သာံဒ)	၄၈	အမတ်ကြီး။ မဟာဒေဝီသ်၏ ကြင်ရာမျောက် သားတော်၊ ဗုန်လံခေါ် ဗြထဗိုက်သ်၏ အဖဖြစ်သည်။
သံပုညကျောင်း	၁၄၂	ပဲခူးအနီးဦ်ရှိသည်။ မဟာဒေဝီတို့ အောင်ကြောင်းနိမိတ်ပြုသောနေရာ၊ သံပုညမောမသံကျောင်းဟုလည်းခေါ်သ်။ မြန်မာမူတွင် မော်ပီဘုရင် ဘုရားကျောင်းဟု ဆိုသ်။
သံဗုန် (သာံဝုန်)	၄၈	ဗညားဦးသ်၏အမတ်ကြီး။ သမီးလေးယောက်စလုံးကို ဗညားဦးအား ဆက်သသည်။ မွေ့အစ်၊ မွေ့ကော၊ မွေ့ဓိပ်တို့ကို ဗညားဦးမိဖုရားပြု၍ အငယ်ဆုံးမွေ့ဒေါ်ကို ညီတော်မင်းလက်ံအား

www.burmeseclassic.com

www.burmeseclassic.com

အမည်ဝေါဟာရ	စာမျက်နှာ	အကြောင်းအရာ
		ပေးစား၏။ သံဗုန်အမတ်သည် ဝါရိရူးမင်း လက်ထက် တပစ်ဗိုလ်ခေါ် ဗိုလ်ထုဖျက်အမတ် ၏ သားဖြစ်သည်။
သံပြပ် (မလဂွန်း) (သံပြာပ်)	၆၇	လက်လှစ်မြို့စား မလဂွန်း၏ဘွဲ့၊ လက်လှစ်မြို့ကို စားရာမှ လောက်ဖြားကို တွန်းလှန်နိုင်သဖြင့် သန်လျင်ကိုစားရပြန်သည်။ နောင်တွင် ဗညားဦးကို ပုန်စားမည်ပြုစဉ် မိုးကြိုးပစ်၍ သေရသည်။
သံဖြတ် (သံပြာပ်)	၁၉၅	တရည်းမြို့စား၊ နောင် သမိန်ဖြာဇွဲဘွဲ့ခံသည်။ မသံလုံခေါ် လဂွန်းအိန်၏သခင်။
သံမောင်(ခမိုင်)	၁၉၄	မြို့အမည်။ ဘီလူးကျွန်းကို ဆိုလိုဟန်တူ၏။
သံလှစ်	၆၈	သမိန်ဖိပ်ဖြစ်၏ညီ တိုက်ကုလားမြို့စား မသံ၏
(သံလှောက်)	၁၉၅	ဘွဲ့၊ မြန်မာမူတွင် သံလိုက်ဟု ခေါ်၏။ ဒုန်ဝန်းစားလည်းဖြစ်၏။
သုံဓမိတ်	၁၁၁	မွန်ဘာသာတွင် သုဂမိတ်ဓာတ် ဟူ၍ရှိ၏။ မြန်မာတွင် သုမ္မမိတ္တဓာတ်ဟု ဆို၏။ ၅၅၀-ဓာတ်နိပါတ်တွင် မပါသော်လည်း ထင်ရှားသည်။
သောက္ကတဲ (သုခေါဒါယ)	၁၄	ယိုးဒယားပြည် မြို့တော်၊ စုခေါထိုင်းဟုလည်း ခေါ်သည်။
သျှင်ကြီးသျှင်ငယ် ရှင်ကြီးရှင်ငယ်	၃၂	မဂဒူး၏ မြေးတော်နှစ်ယောက်ဖြစ်၏။ တရဖျားနှင့် မေနှင်းသိန်ချာတို့ သင့်၍ မြင်ကြသည်။ ဘိုးတော် ဝါရိရူး၏ ကွမ်းကိုင်နှင့် ရေကိုင်အဖြစ် အမှုထမ်းရာမှ ဘိုးတော်အား သတ်လိုက်ကြ၏။
သျှင်စောဥ ရှင်စောဥ (သွေ့ခ်စဥ)	၅၁	ညီကောင်သိန်ခေါ် မင်းလက်ံနှင့် မွေ့ဒေါတို့၏ သမီးငယ်၊ ရှင်စောဒလ၏ ညီမ၊ မညိုက်ကောင်း၏ အစ်မတော်ဖြစ်၏။
သျှင်စောဒလ ရှင်စောဒလ (သွေ့ခ်စဒလ)	၅၁	ညီကောင်သိန်နှင့် မွေ့ဒေါတို့၏ သမီးကြီးဖြစ်၏။ ရှင်စောဥနှင့် မညိုက်ကောင်းတို့၏ အစ်မတော်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com

အမည်ဝေါဟာရ	စာမျက်နှာ	အကြောင်းအရာ
သျှင်စောလှ ရှင်စောလှ	၃၀	တရဖျား၏ သမီးဖြစ်သည်။ မုတ္တမင်း ဝါရိရူး ထံ ဆက်သ၍ မိတ်ဖွဲ့သည်။
သျှမ်းမွန်လှေ ရှမ်းမွန်လှေ	၃၃၀	စစ်တုရင်သူ စီးသည့်လှေ။

www.burmeseclassic.com

www.burmeseclassic.com



Dr. Nai Pan Hla, B.Sc.(Hons), Ph.D.,
L.L.D. (PWU, LA, USA)

ပါဠိကျမ်း၊ သင်္ကာရိုက်ကျမ်း၊ ဥရောပဘာသာတွေနဲ့ ရေးတဲ့ကျမ်း၊ တရုတ်၊ ဂျပန်ဘာသာတွေနဲ့ ကျမ်းအတော်များများကို မြန်မာလို ဘာသာပြန်ပြီး ပုံနှိပ်ထုတ်ဝေတာ ခဏခဏ တွေ့ရဖူးပါပြီ။ မွန်ကျမ်းကို မြန်မာလိုပြန်တာ ရှာပါဆိုရင် အလွန်အလွန် ရှားပါတယ်။ မရှိသလောက်ပါဘဲလို့ပြောရမယ်။

ကျမ်းရင်းကလည်း ကောင်းတယ်။ ဘာသာပြန်ပုံလည်း ကောင်းတယ်။ ဒါကြောင့် ကျွန်တော်တို့အတွက် အားကိုးစရာ "ရာဇာဓိရာဇ်အရေးတော်ပုံကျမ်း"တစ်စောင် ပေါ်ထွက်လာပြီလို့ ဆိုနိုင်ပါတယ်။

(ဒေါက်တာသန်းထွန်း)
သမိုင်းပါမောက္ခ၊ ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်၊ မန္တလေး။

* * * * *

ယခု ဆရာနိုင်ပန်းလှ၏ "ရာဇာဓိရာဇ်အရေးတော်ပုံကျမ်း"ကို ပုံနှိပ်နေပြီဟု သိရသောအခါ များစွာဝမ်းမြောက်ရပါသည်။ အဘယ်ကြောင့်ဆိုသော် သတိပြုဖွယ်၊ သုံးသပ်ဖွယ်၊ နည်းယူဖွယ်၊ စစ်ရေး၊ အုပ်ချုပ်ရေး၊ လူမှုရေးဆိုင်ရာ တကယ့်အဖြစ်မှန်၊ လူသဘာဝအဖွဲ့များနှင့် ပြည့်လျှမ်းနေသော တက္ကသိုလ်များတွင် အသုံးပြုသင်ကြားနေသည့် ရာဇာဓိရာဇ်အရေးတော်ပုံကျမ်းတစ်စောင်အတွက် မူကောင်းမူသန့် ရရှိတော့မည်ကြောင့် ဖြစ်ပါသည်။

ဒေါ်သန်းဆွေ
မြန်မာစာပါမောက္ခ၊ ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်၊ မန္တလေး။

* * * * *

"ယခု ကာမဏီအွား အနိုင်ယူစစ်ထိုးဖို့ ငါတာဝန်ယူသည်မှာ ယဿပတ္တိကို လိုချင်မဟုတ်၊ အင်းဇင်းကြီးတည်တံ့ခိုင်မြဲ၍ ကိတ္တိယသ ကျော်စောခြင်းနှင့် ပြည့်စုံစေလိုသည်၊ မြို့သူ၊ မြို့သား၊ ရဟန်း၊ ပုဏ္ဏားများလေး ချမ်းသာသုခနှင့် ပြည့်စုံစေလို၍ ဖြစ်သည်"……

ဆရာနိုင်ပန်းလှ၏ ဘာသာပြန်တွင်မှ သမိန်ဗရမ်း၏ စကားလုံးများကို ဖတ်ရှုရသည်ကိုပင် ပြည်ထောင်စုသားများအတွက် တန်ဖိုးရှိလှပါသည်။

ခင်နှင်းယု